ဟဇရသ် မောင်လာနာ မွဖ်သီ မိုဟမ္မဒ် ရှဖီး(အ်)

၏

ကုရ်အာန် သဖ်စီရ် (အူရ်ဒူ) ကျမ်းမှ

မအာရိဖွလ်ကုရ်အာန်
မြန်မာဘာသာပြန်

အစောင် ၂၉

ပြန်ဆို ရေးသား တည်းဖြတ်သူ

မောင်လာနာ မွဖ်သီ ကာရီ မိုဟမ္မဒ် ယူစွဖ် (အဆ်အဒီ)

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ

ပါရာ [၂၇]

စူရာဟ်ဓာရိယာသ်

လွှင့်ပါးစေသော လေများ ကဏ္ဍ

၅၁ း ၃၁ မှ ၅၁ း ၄၆ အထိ

၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃
၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၅

၅၁ း ၄၇ မှ ၅၁ း ၅၅ အထိ

၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၈
၄။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၀

၅၁ း ၅၆ မှ ၅၁ း ၆၀ အထိ

၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၂
၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၅
၇။ 'ဂျင်န်'နှင့် လူသားတို့အား ဖန်ဆင်းတော်မူရခြင်း၏ ရည်ရွယ်ချက် ၁၅

စူရာဟ်တူရ်

'တူရ်'တောင် ကဏ္ဍ

၅၂ း ၁ မှ ၅၂ း ၂၈ အထိ

၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၃
၉။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၃၀
၁၀။ မိုးကောင်းကင်သားတို့၏ကအ်ဗာဟ်သည် ဗိုင်ရှိသုလ်မအ်မူးရ်ဖြစ်ခြင်းအကြောင်း ၃၁
၁၁။ ဟာဇရသ်ဖာရူကေ့အအ်ဇွားမ် ﷺ သခင်၏ ဖြစ်အင် ၃၃
၁၂။ သူတော်စင်အကြီးအကဲများနှင့် သားချင်းဆက်စပ်မှု ရှိခြင်းသည် အီမာန်၏ စည်းကမ်းချက်ဖြင့် နောင်တမလွန်ဘဝအာခေရသ်၌လည်း အကျိုးပေးမည့်အကြောင်း ၃၄

၅၂ း ၂၉ မှ ၅၂ း ၄၉ အထိ

၁၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၉
၁၄။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၅၀
၁၅။ ထိုင်ဝိုင်း၌ ကျူးလွန်မိခဲ့သော 'ဂိုနာဟ်'များအား ပလပ်စေသော ဒိုအာ ၅၁

စူရာဟ်နဂ်မ်
ကြယ်တာရာ ကဏ္ဍ

၅၃ း ၁ မှ ၅၃ း ၁၈ အထိ

၁၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၅၅
၁၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၆၄
၁၈။ စူရာဟ်နဂျမ်၏ အကျိုးထူးဝိသေသများ ၆၄
၁၉။ တမန်တော်မြတ် ﷺ အား 'အသင်တို့၏အဖော်'ဟူ၍ သုံးနှုန်းမိန့်မြွက်ထားခြင်း၏ အမြော်အမြင်တော် ၆၆
၂၀။ 'စူရာဟ်နဂျမ်း' ၏ အာယသ်တော်များအား အကျယ်ချဲ့ဖွင့်ဆိုရာ၌ သဖ်စီးရ်အေမာမ်ကြီးများ၏ အဆိုကွဲပြားမှု ၆၉
၂၁။ အိဗ်နေကစီးရ် (ရဟ) သခင်ကြီး၏ သုတေသနပြုချက် ၇၂
၂၂။ အရဗီသဒ္ဒါပညာပိုင်းဆိုင်ရာ စောဒကတစ်ရပ်နှင့် ၎င်း၏အဖြေ ၇၆
၂၃။ 'ဂျန္နသ်' (သုခဘုံ) နှင့် 'ဂျဟန္နမ်' (ငရဲဘုံ) ၏ လက်ရှိနေရာ ၈၁
၂၄။ တင်ပြလျက်ရှိနေသောအာယသ်တော်များကို အကျယ်ဖွင့်ဆိုရာ၌ အကျိုးရှိသော သုတေသနတစ်ရပ် ၈၄
၂၅။ အလ္လာဟ်အသျှင်မြတ်အား ဖူးမျှော်မြင်တွေ့နိုင်ခြင်း ရှိ၊ မရှိနှင့် စပ်လျဉ်းသော ဓမ္မသတ် ၈၂

၅၃ း ၁၉ မှ ၅၃ း ၂၈ အထိ

၂၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၉၆
၂၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၉၉
၂၈။ ရမ်းဆထင်မြင်ခြင်း၏ အမျိုးအစားများနှင့် ၎င်းတို့၏ အမိန့် ၁၀၀ ....

၅၃ း ၂၉ မှ ၅၃ း ၃၂ အထိ

၂၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၀၃

၃၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၀၇

၃၁။ အရေးကြီးသော သတိပေးချက် ၁၀၇

၃၂။ 'ဂိုနာဟ်ကဗီရာဟ်' (ပြစ်မှုအကြီး)၊ 'ဂိုနာဟ်စွဂီရာဟ်' (ပြစ်မှုအသေး) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက် ၁၁၀

၅၃ း ၃၃ မှ ၅၃ း ၆၂ အထိ

၃၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၁၆

၃၄။ အာယသ်တော်များ ကျရောက်လာခြင်း၏ ကျောထောက်နောက်ခံသမိုင်း ၁၁၉

၃၅။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၂၀

၃၆။ ဟဇရသ်အီဗ်ရာဟီးမ် عليه السلام ၏ သီးသန့် ဂုဏ်ရည်တစ်ရပ်ဖြစ်သော ကတိသစ္စာတရားကို ပြည့်ပြည့်ဝဝကျေပွန်စွာ ထမ်းဆောင်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ အနည်းငယ်ရှင်းလင်းတင်ပြချက် ၁၂၂

၃၇။ ဟဇရသ်မူစာ عليه السلام နှင့် ဟဇရသ်အီဗ်ရာဟီးမ် عليه السلام တို့၏ ကျမ်းငယ်များ၌ပါရှိထားသော အထူးလမ်းညွှန်ချက်များ ၁၂၄

၃၈။ တစ်ဦးတစ်ယောက် ကျူးလွန်သော ပြစ်မှု၌ အခြား တစ်ဦးတစ်ယောက်အား ဖမ်းဆီးဒဏ်ခတ်မည် မဟုတ်ခြင်းအကြောင်း ၁၂၅

၃၉။ 'အီစွာလေ့စဝါးဗ်' (ကုသိုလ်အကျိုး ပို့သခြင်း) ၏ ဓမ္မသတ် ၁၂၇

စူရာဟ်ကမရ်
စန်းသော်တာလ ကဏ္ဍ

၅၄ း ၁ မှ ၅၄ း ၈ အထိ

၄၀။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၃၇

၄၁။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၃၉

၄၂။ လအား နှစ်ခြမ်းခွဲပြခြင်း၏ 'မုအ်ဂျဇာဟ်' (တန်ခိုးတော်) အကြောင်း ၁၄၀

၄၃။ လနှစ်ခြမ်းကွဲသွားခြင်း၏ ဖြစ်အင်အပေါ် စောဒက သံသယ အချို့နှင့် ၎င်း၏ အဖြေများ ၁၄၃

၅၄ း ၉ မှ ၅၄ း ၁၇ အထိ

၄၄။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၄၈
၄၅။ သိမှတ်ဖွယ်ရာများနှင့် ခမ္မသတ်များ ၁၅၀
၄၆။ အလွတ်ကျက်မှတ်ရန်နှင့် ဆိုဆုံးမမှုတရားရယူရန်အတွက် ကုရ်အာန်ကျမ်းတော်မြတ်ကို လွယ်ကူမှု ပြုထားခြင်းအကြောင်း၊ ထိုးထွင်းကြံဆမှုဉာဏ်ဖြင့် အမိန့်ပညတ်ချက်များကို ကောက်နုတ်ရွေးချယ်တင်ပြရန်အတွက် လွယ်ကူမှု ပြုပေးမထားခြင်းအကြောင်း ၁၅၂

၅၄ း ၁၈ မှ ၅၄ း ၄၂ အထိ

၄၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၅၆
၄၈။ သိမှတ်ဖွယ်ရာများနှင့် ခမ္မသတ်များ ၁၆၁
၄၉။ အချို့သော ခက်ဆစ်စကားလုံးများအား ရှင်းလင်းဖွင့်ဆိုခြင်း ၁၆၁

၅၄ း ၄၃ မှ ၅၄ း ၅၅ အထိ

၅၀။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၆၅
၅၁။ သိမှတ်ဖွယ်ရာများနှင့် ခမ္မသတ်များ ၁၆၈
၅၂။ အချို့သော ခက်ဆစ်စကားလုံးများအား ရှင်းလင်းဖွင့်ဆိုခြင်း ၁၆၈

စူရာဟ်ရဟ်မာန်

အနန္တကရုဏာတော်ရှင် ကဏ္ဍ

၅၅ း ၁ မှ ၅၅ း ၂၅ အထိ

၅၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၇၄
၅၄။ စူရာဟ်တော်များကြား ဆက်စပ်မှုနှင့် فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ဟူသော အာယသ်တော်ကို အကြိမ်ကြိမ်အခါခါတင်ပြရခြင်း၏ အမြော်အမြင်တော် ၁၇၈
၅၅။ သိမှတ်ဖွယ်ရာများနှင့် ခမ္မသတ်များ ၁၈၀

၅၅ း ၂၆ မှ ၅၅ း ၄၅ အထိ

၅၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၈၆
၅၇။ သိမှတ်ဖွယ်ရာများနှင့် ခမ္မသတ်များ ၂၀၃

၅၈။ မျက်မှောက်ခေတ်၏ တီထွင်ဖန်တီးမှု ဖြစ်သော ယာဉ်ပျံ၊ ဂြိုဟ်တု များဖြင့် လိုက်ပါစီးနင်း၍ သွားလာနေကြသော အာကာသခရီးစဉ်များသည် ဤအထက် ဖော်ပြပါအာယသ်တော်ဖြင့် တစ်စုံတစ်ရာမျှပတ်သက်ခြင်းမရှိခြင်းအကြောင်း.... ၂၁၂

၅၅ း ၄၆ မှ ၅၅ း ၇၈ အထိ

၅၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၁၉
၆၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၂၅

စူရာဟ်ဝါကိအာယတ်
အဖြစ်အပျက်ကဏ္ဍ

၅၆ း ၁ မှ ၅၆ း ၅၆ အထိ

၆၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၃၇
၆၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၄၄
၆၃။ 'စူရာဟ်ဝါကေအာ' ၏ ထူးခြားမှုနှင့် ကွယ်လွန်အံ့ဆဲဆဲ အချိန် ဟဇရသ် အဗ်ဒုလ္လာဟ်ဗင်နမတ်စ်အူးဒ် ﷺ သခင်ကြီး၏ သင်ခန်းစာရယူထိုက်ဖွယ် ဆုံးမ လမ်းညွှန်မှုများ.. ၂၄၄
၆၄။ 'ကေယာမသ်' ကွင်းပြင်၌ စုရုံးရောက်ရှိနေသူများတွင် လူတန်းစား (၃) ရပ် ၂၄၆
၆၅။ اولین (ရှေးသူဟောင်းများ) နှင့် اخرين (နောင်လာနောက်သားများ) ၏ အလိုသဘော ၂၄၈

၅၆ း ၅၇ မှ ၅၆ း ၇၄ အထိ

၆၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၆၇
၆၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၇၀

၅၆ း ၇၅ မှ ၅၆ း ၉၆ အထိ

၆၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၇၉
၆၉။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၈၃

စူဠရာဟ်ဟာဒိဒ်

သံ ကဏ္ဍ

၅၇း၁ မှ ၅၇း၆ အထိ

၇၀။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၉၅
၇၁။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ....
၇၂။ စူဠရာဟ်ဟာဒီးစ်၏ အချို့သော အကျိုးထူးဝိသေသများ ၂၉၇

၅၇း၇ မှ ၅၇း၁၁ အထိ

၇၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၀၁
၇၄။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၃၀၄
၇၅။ မက္ကာဟ်မြို့တော်ကို အောင်နိုင်ခြင်းအားစံထား၍ ဆွဟာဗာများအကြား အဆင့် အတန်း ကွာခြားမှုကို ဘောင်သတ်မှတ်ပေးခြင်း၏ အမြော်အမြင် ၃၀၈
၇၆။ ဆွဟာဗာများ အားလုံးအတွက် လွတ်ငြိမ်းချမ်းသာခွင့်နှင့် ကရုဏာတော်၏ သတင်းကောင်းပေးခြင်း၊ ဆွဟာဗာများသည် ကျန်ရှိသောအွမ္မသ်ထုတစ်ရပ်လုံး ထက် ထူးကဲစွာ ရှိခြင်းအကြောင်း ၃၀၉
၇၇။ ဆွဟာဗာသာဝကကြီးများ၏ အဆင့်အတန်းကို ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟာဒီးစ်တော်များမှ သိရှိရန်ဖြစ်ပြီး ရာဇဝင်ဆင့်ပြန်ချက်များမှ ကြည့်ရှုရမည် မဟုတ်ခြင်းအကြောင်း ၃၁၁
၇၈။ ဆွဟာဗာကြီးများနှင့်စပ်လျဉ်း၍ အွမ္မသ်ထုတစ်ရပ်လုံး၏ ယုံကြည်ချက်အချုပ် ၃၁၃

၅၇း၁၂ မှ ၅၇း၁၉ အထိ

၇၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၁၈
၈၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၃၂၃
၈၁။ ဟာရှရ်ကွင်းပြင်၌ လင်းရောင်ခြည်နှင့် အမှောင်ထုဖြစ်စေခြင်း၏ အကြောင်းခံများ ၃၂၇
မုအ်မင်န်တိုင်းသစ္စာရှင်နှင့် အသျှင်မြတ်လမ်းတော်၌ အသက်စွန့်လှူသောသူများ ဖြစ်ကြပါ၏လော ၃၃၃

စဉ်	အကြောင်းအရာ	စာမျက်နှာ

၁၇ ႏ ၂၀ မှ ၁၇ ႏ ၂၁ အထိ

၈၂။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၃၇
၈၃။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၃၃၉

၁၇ ႏ ၂၂ မှ ၁၇ ႏ ၂၄ အထိ

၈၄။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၄၆
၈၅။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၃၄၈

၁၇ ႏ ၂၅

၈၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၅၀
၈၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၃၅၁
၈၈။ အကျိုးထူး ၁ .... ၃၅၄
၈၉။ အကျိုးထူး ၂ .... ၃၅၄

၁၇ ႏ ၂၆ မှ ၁၇ ႏ ၂၉ အထိ

၉၀။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၅၇
၉၁။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၃၆၁
၉၂။ ‘ရဲဟ်ဗာနီယသ်’ ၏ အလိုသဘောနှင့် အရေးကြီးသော ရှင်းလင်းချက် ၃၆၃
၉၃။ လောကီစွန့်ဘာသာရေး၌ နှစ်မြှုပ်မှု ပြုခြင်းသည် လုံးဝမပိုင်၍ ကဲ့ရဲ့ထိုက်ဖွယ် အချက် ဖြစ်ပါ၏လော။ (သို့မဟုတ်) ထိုအချက်၌ အနည်းငယ် ရှင်းလင်းချက် ရှိပါ၏လော။ ၃၆၈

ပါရာ [၂၇]

စူရာဟ်အာရိယာသ်

လွင့်ပါးစေသော လေများ ကဏ္ဍ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

قَالَ فَمَا خَطۡبُكُمۡ اَيُّهَا الۡمُرۡسَلُوۡنَ ﴿۳۱﴾

၅၁ : ၃၁ ။ ။ (ထိုအခါ) ၎င်း (အီဗ်ရာဟီမ်) က သို့ဖြစ်ပါမူ၊ 'အို, စေလွှတ်ခြင်း ခံကြရသော စေတမန်တို့၊ အသင်တို့၌ အရေးတကြီး (ဆောင်ရွက်ရန်) ကိစ္စသည် မည်သည့်ကိစ္စနည်း' ဟု မေးမြန်းခဲ့လေ၏။

قَالُوۡۤا اِنَّاۤ اُرۡسِلۡنَاۤ اِلٰى قَوۡمٍ مُّجۡرِمِيۡنَ ﴿۳۲﴾

၅၁ : ၃၂ ။ ။ ၎င်း (စေတမန်) တို့က ပြောကြားခဲ့လေသည်။ 'ဧကန်အမှန် ကျွန်ုပ်တို့သည် အပြစ်ကျူးလွန်ကြကုန်သော အမျိုးသားတို့ထံ စေလွှတ်ခြင်း ခံခဲ့ကြရကုန်၏။'

لِنُرۡسِلَ عَلَيۡهِمۡ حِجَارَةً مِّنۡ طِيۡنٍ ﴿۳۳﴾

၅၁ : ၃၃ ။ ။ 'ကျွန်ုပ်တို့သည် ၎င်းတို့အပေါ်၌ ရွှံ့စေးဖြင့်ပြီးသော (ကျောက်) ခဲများကို ရွာသွန်းကြစေရန် (စေလွှတ်ခြင်း ခံခဲ့ကြရလေသည်။)'

مُّسَوَّمَةً عِنۡدَ رَبِّكَ لِلۡمُسۡرِفِيۡنَ ﴿۳۴﴾

၅၁ : ၃၄ ။ ။ (ယင်းကျောက်ခဲများသည်) တရားစည်းကမ်း ကျူးလွန်သော သူတို့အဖို့ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်၌ (ပြစ်ဒဏ်ပေးရန်) ချမှတ်ပြီးဖြစ်၏။

فَأَخْرَجْنَا مَن كَانَ فِيهَا مِنَ الْمُؤْمِنِينَ ﴿٣٥﴾

၅၁ : ၃၅ ။ ။ ထိုအခါ ငါအသျှင်မြတ်သည် ယင်းမြို့ရွာ၌ ရှိကြကုန်သော မုအ်မင်န်သက်ဝင် ယုံကြည်သူတို့အား (ထိုမြို့ရွာမှ) ထုတ်ယူ လွတ်မြောက်စေတော်မူခဲ့၏။

فَمَا وَجَدْنَا فِيهَا غَيْرَ بَيْتٍ مِّنَ الْمُسْلِمِينَ ﴿٣٦﴾

၅၁ : ၃၆ ။ ။ သို့ရာတွင် ငါအသျှင်မြတ်သည် ထိုမြို့ရွာ၌ မွတ်စ္စလင်မ်အိမ်တစ်အိမ်ကိုသာလျှင် တွေ့ရှိတော်မူခဲ့၏။

وَتَرَكْنَا فِيهَا آيَةً لِّلَّذِينَ يَخَافُونَ الْعَذَابَ الْأَلِيمَ ﴿٣٧﴾

၅၁ : ၃၇ ။ ။ ထို့နောက် ငါအသျှင်မြတ်သည် ထိုနေရာတွင် နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်ကို ကြောက်ရွံ့စိုးရိမ်သော သူတို့အဖို့ သက်သေလက္ခဏာတစ်ရပ်ကို ကျန်ရစ်စေတော်မူခဲ့ပေသည်။

وَفِي مُوسَىٰ إِذْ أَرْسَلْنَاهُ إِلَىٰ فِرْعَوْنَ بِسُلْطَانٍ مُّبِينٍ ﴿٣٨﴾

၅၁ : ၃၈ ။ ။ ၎င်းပြင် (နဗီတမန်တော်) မူစာ (၏ အကြောင်းအတ္ထုပ္ပတ္တိ) ၌လည်း (သက်သေလက္ခဏာ) ရှိ၏။ အကြင်အခါဝယ် ငါအသျှင်မြတ်သည် ၎င်း (မူစာ) အား ဖိရ်အောင်န်၏ထံသို့ ထင်ရှားစွာသော သက်သေလက္ခဏာနှင့်တကွ စေလွှတ်တော်မူခဲ့၏။

فَتَوَلَّىٰ بِرُكْنِهِ وَقَالَ سَاحِرٌ أَوْ مَجْنُونٌ ﴿٣٩﴾

၅၁ : ၃၉ ။ ။ သို့ရာတွင် ၎င်း (ဖိရ်အောင်န်) သည် မိမိ၏ စွမ်းအင်ကို အားကိုး၍ မျက်နှာလွှဲကျောခိုင်းခဲ့၏။ (မိမိ၏ အခြွေအရံ အသင်းအပင်းများနှင့်အတူ သွေဖည်ကျောခိုင်းသွားခဲ့၏။) ထို့ပြင် ၎င်း (ဖိရ်အောင်န်) က (မူစာအား) ပဉ္စလက် (စုန်း) ဆရာ သို့မဟုတ် ရူးသွပ်သူဖြစ်သည်' ဟူ၍ ပြောဆိုခဲ့လေ၏။

فَأَخَذْنَاهُ وَجُنُودَهُ فَنَبَذْنَاهُمْ فِي الْيَمِّ وَهُوَ مُلِيمٌ ﴿٤٠﴾

၅၁ : ၄၀ ။ ။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် ၎င်း (ဖိရ်အောင်န်) အားလည်းကောင်း၊ ယင်း (ဖိရ်အောင်န်) ၏ စစ်သည်တို့အားလည်းကောင်း ဖမ်းဆီး၍ သမုဒ္ဒရာပင်လယ်ထဲသို့ ပစ်ချတော်မူခဲ့၏။ စင်စစ် ၎င်း (ဖိရ်အောင်န်) မှာ ပြင်းထန်စွာ ပြစ်တင်ရှုံ့ချ ကဲ့ရဲ့ခြင်း ခံထိုက်သူပင် ဖြစ်ပေသည်။

وَفِي عَادٍ إِذْ أَرْسَلْنَا عَلَيْهِمُ الرِّيحَ الْعَقِيمَ ﴿٤١﴾

၅၁ : ၄၁ ။ ။ ၎င်းပြင် အားဒ်အမျိုးသားတို့ (၏ အဖြစ်အပျက်) ၌လည်း (အသင်တို့အဖို့ သင်ခန်းစာ) ရှိပေသည်။ တစ်ရံရောအခါဝယ် ငါအသျှင်မြတ်သည် ၎င်းအမျိုးသားတို့အပေါ်၌ မင်္ဂလာကင်းမဲ့သော လေပြင်းမုန်တိုင်းကို စေလွှတ်တော်မူခဲ့၏။

مَا تَذَرُ مِنْ شَيْءٍ أَتَتْ عَلَيْهِ إِلَّا جَعَلَتْهُ كَالرَّمِيمِ ﴿٤٢﴾

၅၁ : ၄၂ ॥ ॥ ယင်းလေပြင်းမုန်တိုင်းသည် မည်သည့်တစ်စုံတစ်ရာအပေါ်၌မဆို သတ်ရောက်ခဲ့သည်ရှိသော်၊ ထိုအရာဝတ္ထုကို ဆွေးမြေ့စေပြီး အပိုင်းပိုင်းအစစ ဖြစ်ဘိသကဲ့သို့ ပြုလုပ်ခဲ့သည်ချည်းသာ ဖြစ်၏။

وَفِي ثَمُودَ إِذْ قِيلَ لَهُمْ تَمَتَّعُوا حَتَّىٰ حِينٍ ﴿٤٣﴾

၅၁ : ၄၃ ॥ ॥ ထို့ပြင် ဆမူးဒ်အမျိုးသားတို့ (၏ အဖြစ်အပျက်) ၌လည်း (အသင်တို့အဖို့ သင်ခန်းစာ) ရှိ၏။ အခါတစ်ပါး၌ ၎င်းတို့သည် (ဤသို့) ပြောကြားခြင်းကို ခံခဲ့ကြရလေ၏။ 'အသင်တို့သည် အနည်းငယ်မျှသော ကာလတိုင်အောင် အကျိုးကျေးဇူး ခံစားကြလေကုန်။'

فَعَتَوْا عَنْ أَمْرِ رَبِّهِمْ فَأَخَذَتْهُمُ الصَّاعِقَةُ وَهُمْ يَنظُرُونَ ﴿٤٤﴾

၅၁ : ၄၄ ॥ ॥ သို့ရာတွင် ၎င်းတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အမိန့်တော်ကို ပုန်ကန်ခဲ့ကြပေရာ အပြစ်ဒဏ်သည် ၎င်းတို့အား ၎င်းတို့ ရှုမြင်လျက် ရှိနေကြစဉ်မှာပင် ရုတ်တရက် ဖမ်းဆီးကွပ်မျက်ခဲ့လေသည်။

فَمَا اسْتَطَاعُوا مِن قِيَامٍ وَمَا كَانُوا مُنتَصِرِينَ ﴿٤٥﴾

၅၁ : ၄၅ ॥ ॥ ထိုအခါ ၎င်းတို့သည် မတ်တတ်ရပ်နေရန်ပင် မတတ်စွမ်းနိုင်ခဲ့ကြပေ။ ထို့ပြင် ၎င်းတို့သည် လက်စားချေ (ကာကွယ်) နိုင်ခဲ့ကြသည်လည်း မရှိချေ။

وَقَوْمَ نُوحٍ مِّن قَبْلُ ۖ إِنَّهُمْ كَانُوا قَوْمًا فَاسِقِينَ ﴿٤٦﴾

၅၁ : ၄၆ ॥ ॥ ထိုနည်းတူစွာ (ငါအသျှင်မြတ်သည်) ၎င်းတို့ (အားလုံး) ထက် ဦးစွာ (နဗီတမန်တော်) နူးဟ်၏ အမျိုးသားတို့ကိုလည်း (ဖျက်ဆီးတော်မူခဲ့၏။) စင်စစ်မလွဲ ၎င်းတို့သည် အမိန့်တော်ကို ဖောက်ဖျက်ကျူးလွန်ကြကုန်သော အမျိုးသားတို့ပင် ဖြစ်ခဲ့ကြကုန်၏။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ဟဇရသ်အီဗ်ရာဟီမ် ﷺ သည် နဗီတမန်တော်များအား ချီးမြှင့်ခြင်းခံရသော ရိပ်စားသိရှိမှု၊ ပညာဖြင့် ၎င်းကောင်းကင်တမန်တော်တို့သည် သားတော်တစ်ပါး ချီးမြှင့်ခံရမည့်အကြောင်း သတင်းကောင်းပေးရန် လာရောက်ခြင်းအပြင် ၎င်းတို့၌ အခြားသော ရည်ရွယ်ချက်သည်လည်း ရှိနေကြောင်းကို သိရှိကာ ၎င်းတို့အား ထိုအခါ) ၎င်း (အီဗ်ရာဟီမ် ﷺ) က သို့ဖြစ်ပါမူ (အသင်တို့ ပြောပြလေကုန်။) 'အို၊ စေလွှတ်ခြင်းခံရသော စေတမန်တို့၊ အသင်တို့၌ အရေးတကြီး (ဆောင်ရွက်ရန်) ကိစ္စသည် မည်သည့်ကိစ္စနည်း' ဟု မေးမြန်းခဲ့လေ၏။

၎င်း (စေတမန်) တို့က ပြောကြားခဲ့လေသည်။ 'ကျွန်ုပ်အမှန် ကျွန်ုပ်တို့သည် အပြစ်ကျူးလွန်ကြကုန်သော (ဟဇရသ်လူးသ် ﷺ ၏) အမျိုးသားတို့ထံ စေလွှတ်ခြင်း ခံခဲ့ကြရကုန်၏။

ကျွန်ုပ်တို့သည် ၎င်းတို့အပေါ်၌ ရွှံ့စေးဖြင့် ပြီးသော (ကျောက်ခဲ) များကို ရွာသွန်းကြစေရန် (စေလွှတ်ခြင်း ခံခဲ့ကြရလေသည်။) (ယင်းကျောက်ခဲများအပေါ်၌) တရားစည်းကမ်း (စည်းဘောင်ကို) ကျူးလွန်သောသူတို့အဖို့ အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ထံတော်မှ (عالم غيب အကွယ်လောက၌မှပင် ပြစ်ဒဏ်ပေးရန်) သီးသန့် အမှတ်အသား ပါရှိပြီးဖြစ်၏။ (ယင်းအကြောင်းအရာကို သူရာဟ် 'ဟူးဒ်' ၌ ဘင်ပြခဲ့ပြီး ဖြစ်ပေသည်။) (ရှေ့၌ ဆက်လက်၍ အလ္လာဟ်အသျှင်မြတ်သည် မိန့်တော်မူထားသည်မှာ ၎င်းရပ်ရွာများအပေါ် ပြစ်ဒဏ်ကျရောက်ရန် နီးကပ်လာချိန်ဝယ်) ငါအသျှင်မြတ်သည် ယင်းမြို့ရွာ၌ ရှိကြကုန်သော မုအ်မင်န်သက်ဝင်ယုံကြည်သူတို့အား (ထိုမြို့ရွာမှ) ထုတ်ယူလွှတ်မြောက်စေတော်မူခဲ့၏။ သို့ရာတွင် ငါအသျှင်မြတ်သည် ထိုမြို့ရွာ၌ (မွတ်စလင်မ်များ နေထိုင်သော) မွတ်စလင်မ်အိမ် တစ်အိမ်ကိုသာလျှင် တွေ့ရှိတော်မူခဲ့၏။ ('ထိုနေရာ၌ မည်သည့်မွတ်စလင်မ် အိမ်တစ်အိမ်မျှ မရှိကြောင်း' ကို သွယ်ဝိုက်ကာ မိန့်တော်မူထားခြင်း ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် အရာတစ်ခု၏ ဘည်ရှိခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ အသိတော်အတွင်း၌မရှိပါက ထိုအရာသည် မည်သို့မျှ မတည်ရှိနိုင်ပေ။)

ထို့နောက် ငါအသျှင်မြတ်သည် ထိုမြို့ရွာတွင် နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်ကို ကြောက်ရွံ့စိုးရိမ်သော သူတို့အဖို့ သက်သေလက္ခဏာတစ်ရပ်ကို (အမြဲတစေအဖို့) ကျန်ရစ်စေတော်မူခဲ့ပေသည်။

၎င်းပြင် (ရှေ့၌ ဟဇရသ်မူစာ (عليه السلام) နှင့် ဖိရ်အောင်န်တို့၏ ဖြစ်အင်ကို နားထောင်ကြကုန်။ နဗီတမန်တော်) မူစာ (عليه السلام) (၏ အကြောင်းအတ္ထုပ္ပတ္တိ) ၌လည်း (သက်သေလက္ခဏာ) ရှိ၏။ အကြင်အခါဝယ် ငါအသျှင်မြတ်သည် ၎င်း (မူစာ (عليه السلام)) အား ဖိရ်အောင်န်ထံသို့ ထင်ရှားစွာသော သက်သေလက္ခဏာ ('မုအ်ဂျိဇာဟ်' အံ့ဖွယ်တန်ခိုးတော်) နှင့်တကွ စေလွှတ်တော်မူခဲ့၏။ သို့ရာတွင် ၎င်း (ဖိရ်အောင်န်) သည် မိမိ၏ စွမ်းအင်ကို အားကိုး၍ မျက်နှာလွှဲ ကျောခိုင်းခဲ့၏။ (မိမိ၏ အခြွေအရံအသင်းအပင်းများနှင့်အတူ သွေဖည်ကျောခိုင်းသွားခဲ့၏) ထို့ပြင် ၎င်း (ဖိရ်အောင်န်) က (မူစာက (عليه السلام) အား) ပဉ္စလက် (စုန်း) ဆရာ၊ သို့မဟုတ် ရူးသွပ်သူဖြစ်သည်'ဟူ၍ ပြောဆိုခဲ့လေ၏။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် ၎င်း (ဖိရ်အောင်န်) အားလည်းကောင်း၊ ယင်း (ဖိရ်အောင်န်) ၏ စစ်သည်တို့အားလည်းကောင်း ဖမ်းဆီး၍ သမုဒ္ဒရာပင်လယ်ထဲသို့ ပစ်ချ (နစ်မြုပ်) စေတော်မူခဲ့၏။ စင်စစ် ၎င်း (ဖိရ်အောင်န်) မှာ ပြင်းထန်စွာ ပြစ်တင်ရှုံ့ချကဲ့ရဲ့ခြင်း ခံထိုက်သူပင် ဖြစ်ပေသည်။ (ရှေ့၌ ဆက်လက်၍ အားဒ်အမျိုးသားတို့၏ အကြောင်းကို နားထောင်ကြကုန်။)

၎င်းပြင် အားဒ် အမျိုးသားတို့ (၏ အဖြစ်အပျက်) ၌လည်း (အသင်တို့အဖို့ သင်ခန်းစာ) ရှိပေသည်။ တစ်ရံရောအခါဝယ် ငါအသျှင်မြတ်သည် ၎င်းအမျိုးသားတို့အပေါ်၌ မင်္ဂလာကင်းမဲ့သော လေပြင်းမုန်တိုင်းကို စေလွှတ်တော်မူခဲ့၏။ ယင်းလေပြင်းမုန်တိုင်းသည် မည်သည့်တစ်စုံတစ်ရာ အပေါ်၌မဆို သက်ရောက်ခဲ့သည်ရှိသော် (ပျက်စီးသွားစေရန် အမိန့်ချမှတ်ထားပြီးဖြစ်သော အရာများအပေါ် သက်ရောက်ခဲ့သည်ရှိသော်) ထိုအရာဝတ္ထုကို ဆွေးမြေ့စေပြီး အပိုင်းပိုင်းအစစ ဖြစ်ဘိသကဲ့သို့ ပြုလုပ်ခဲ့သည်ချည်းသာဖြစ်၏။

(ရှေ့၌ ဆက်လက်၍ စမူးဒ်အမျိုးသားတို့၏ အကြောင်းကို နားထောင်ကြကုန်။) ထို့ပြင် စမူးဒ် အမျိုးသားတို့ (၏ အဖြစ်အပျက်) ၌လည်း (အသင်တို့အဖို့ သင်ခန်းစာ) ရှိ၏။ အခါတစ်ပါး၌ ၄င်းတို့သည် (ဤသို့) ပြောကြားခြင်းကို ခံခဲ့ကြရလေ၏။ (ဟဇရတ်စွာလေဟ် عليه السلام က ၄င်းတို့အား ပြောကြားသည်မှာ) 'အသင်တို့သည် အနည်းငယ်မျှသော ကာလတိုင်အောင် အကျိုးကျေးဇူးခံစားကြလေကုန်။ (ဆိုလိုသည်မှာ 'ကုဖ္ဖရ်' ငြင်းဆိုမှု ပြုခြင်းမှ ရပ်တန့်က မရပ်ခဲ့ပါက ရက်အနည်းငယ်နောက် ပျက်စီးခြင်း၌ ရင်ဆိုင်ရမည်မှာ ဖြစ်တန်ကောင်းရာ၏။)

သို့ရာတွင် (ဤသို့ ခြိမ်းခြောက်ထားပါလျက်လည်း) ၄င်းတို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ အမိန့်တော်ကို ပုန်ကန်ခဲ့ကြပေရာ ပြစ်ဒဏ်သည် ၄င်းတို့အား ၄င်းတို့ (ထိုပြစ်ဒဏ်၏ အကျိုးဆက် သက်ရောက်မှုကို) ရှုမြင်လျက် ရှိနေကြစဉ်မှာပင် ရုတ်တရက် ဖမ်းဆီးကွပ်မျက်ခဲ့လေသည်။ (အလိုသဘောမှာ မျက်ဝါးထင်ထင် တွေ့မြင်နေရသော 'အဇာဗ်' အပြစ်ဒဏ် ကျရောက်ခဲ့သည်ဟူ၏။)

ထိုအခါ ၄င်းတို့သည် မတ်တတ် ရပ်နေရန်ပင် မတတ်စွမ်းနိုင်ခဲ့ကြပေ။ (သို့သာမက ၄င်းတို့သည် မျက်နှာဖြင့် မှောက်လျက် လဲကျသွားကြကုန်၏။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် အခြား အာယသ်တော်တစ်ပါး၌ **جاثمين** (မှောက်လျက်သား) ဟူ၍ မိန့်တော်မူထား၍ ဖြစ်ပေသည်။ ထို့ပြင် ၄င်းတို့သည် (ငါအသျှင်မြတ်အား) လက်စားချေ (ကာကွယ်) နိုင်ခဲ့ကြသည်လည်း မရှိချေ။

ထို့နည်းတူစွာ (ငါအသျှင်မြတ်သည်) ၄င်းတို့ (အားလုံး) ထက် ဦးစွာ နဗီတမန်တော် နူးဟ် عليه السلام ၏ အမျိုးသားတို့ကိုလည်း (ဤမည်သော အကြောင်းခံကြောင့် ၄င်းမှာ) ဧကန်မလွဲ ၄င်းတို့သည် အမိန့်တော်ကို ဖောက်ဖျက်ကျူးလွန်ကြကုန်သော အမျိုးသားတို့ပင် ဖြစ်ခဲ့ကြကုန်၏။ (၄င်းတို့ကိုလည်း ဖျက်ဆီးတော်မူခဲ့၏။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤသို့ အပြန်အလှန် စကားပြောဆိုမှုဖြင့် ဟဇရတ်အိဗ်ရာဟီမ် عليه السلام သည် 'ဤဧည့်သည်များသည် အလ္လာဟ်အသျှင်မြတ်၏ စေတမန်ဖရစ်ရှ်သာဟ်များ' ဖြစ်ကြောင်းကို သိရှိသွားသောအခါ 'အသင်သည် မည်သည့်အရေးပေါ် ကိစ္စမျိုးဖြင့် ကြွမြန်းလာပေသနည်း' ဟု မေးမြန်းခဲ့သည်။ ၄င်းစေတမန်တို့က 'ဟဇရတ်လူးသ် عليه السلام ၏ မျိုးနွယ်အုပ်စုအပေါ် ကျောက်ခဲမိုး ရွာသွန်းစေမည့် ပြစ်ဒဏ်ချပေးမည့် စေတမန်တော်များဖြစ်သည့်အကြောင်း၊ ကျောက်ခဲမိုး ရွာသွန်းစေမည်ဟု ဆိုရာ၌ အလွန် ကြီးမားသော ကျောက်ခဲများဖြင့်မဟုတ်ဘဲ ရွှံ့စေးဖြင့် ပြုလုပ်ထားသော ကျောက်ခဲများဖြင့်သာ ဖြစ်မည့်အကြောင်းကို တင်ပြလိုက်ပေသည်။

مُسَوَّمَةً عِندَ رَبِّكَ لِلْمُسْرِفِينَ ﴿٣٤﴾

(ယင်းကျောက်ခဲများသည် တရားစည်းကမ်း ကျူးလွန်သောသူတို့အဖို့ အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ထံတော်၌ ပြစ်ဒဏ်ပေးရန် ချမှတ်ပြီးဖြစ်၏။) *[၅၁ : ၃၄]*

အလိုသဘောမှာ ၄င်းကျောက်ခဲများအပေါ် အလ္လာဟ်အသျှင်မြတ်ထံတော်မှ သီးသန့် အမှတ်အသား ပါရှိနေမည် ဖြစ်သည်ဟူ၏။ အချို့သော အဖွင့်ရှင်များက 'ကျောက်ခဲတိုင်းအပေါ်၌ ၄င်းကျောက်ခဲဖြင့် ပျက်စီးစေခြင်းခံရရန် သတ်မှတ်ခြင်းခံရသော သူ၏ အမည်ကို ရေးသားထားသည်။ ၄င်းသူ ပြေးသွားသော ဘက်သို့ ထိုကျောက်ခဲသည်လည်း အနောက်မှ ထပ်ချပ်မကွာ အပြေးလိုက်ပေသည်' ဟူ၍ ဖွင့်ဆို မိန့်မြွက်ထားကြပေသည်။ အခြားသော အာယသ်တော်များအတွင်း၌ ထိုမျိုးနွယ်အုပ်စုအပေါ် ချမှတ်ခဲ့သော ပြစ်ဒဏ် အကြောင်းကို 'ဟဇရသ်ဂျိဗ်ရာအီးလ် ﷺ သည် ထိုမြို့ရွာတစ်ခု လုံးကို မ,ယူကာ မှောက်ပစ်လိုက်သည်' ဟူ၍ လာရှိထားပါသော်လည်း ဤတင်ပြပါပုံစံသည် အထက်တင်ပြပါ ပုံစံဖြင့် ဆန့်ကျင်ဘက် ဖြစ်မနေပေ။ ဦးစွာပထမ ကျောက်ခဲမိုးကို ရွာသွန်းစေကာ၊ ထို့နောက် ထိုမြို့ရွာတစ်ခုလုံးကို အထက်၊ အောက် ပြောင်းပြန်ဖြစ်အောင် ပြုလုပ်ခဲ့ခြင်း ဖြစ်နိုင်သောကြောင့်ပင်တည်း။

ဟဇရသ်လူးသ္ ﷺ ၏ နောက် ဟဇရသ်မူစာ ﷺ ၏ မျိုးနွယ်အုပ်စုနှင့် ဖိရ်အောင်န် အစရှိသော သူတို့၏ အကြောင်းကို တင်ပြထားသည်။ ထိုတင်ပြချက်အတွင်း၌ ဖိရ်အောင်န်အား ဟဇရသ်မူစာ ﷺ သည် မှန်ကန်သော တရားဒေသနာတော်ကို တင်ပြလိုက်သော အခါဝယ် ဖိရ်အောင်န်၏ လုပ်ရပ်ကို ဤသို့ တင်ပြထားပေသည်။ ၄င်းမှာ-

فَتَوَلّٰى بِرُكْنِهٖ وَقَالَ سٰحِرٌ اَوْ مَجْنُوْنٌ ۝

(သို့ရာတွင် ၄င်းဖိရ်အောင်န်သည် မိမိ၏ စွမ်းအင်ကို အားကိုး၍ မျက်နှာလွှဲ ကျောခိုင်းခဲ့၏။)

[၅၁ : ၃၉]

မိမိ၏ စစ်တပ်အင်အားနှင့် ချမ်းသာကြွယ်ဝသော ခေါင်းဆောင်တို့၏ ခေါင်းစည်းစိမ် အင်အား၏ ဘက်သို့ မျက်နှာပြုခဲ့သည်။ အားကိုးခဲ့သည်ဟူ၏။ رکن ၏ လုံးချင်းကောက် အဓိပ္ပာယ်သည် 'အင်အား' ဟူ၍ ဖြစ်ပေသည်။ ဟဇရသ်လူးသ္ကက ﷺ ၏ ပြောကြားချက်ဖြစ်သော

اَوْ اٰوِيْۤ اِلٰى رُكْنٍ شَدِيْدٍ ۝

(သို့တည်းမဟုတ် ငါသည် ခိုင်ခန့်သော အမှီသဟဲ တစ်ခုခုကို အမှီသဟဲပြုနိုင်ပါမူ ကောင်းစွ။)

[၁၁ : ၈၀]

ဟူသော အာယသ်တော်အတွင်း၌ ပါရှိသော رکن ၏ အဓိပ္ပာယ်သည်လည်း အထက်တင်ပြပါ လုံးချင်းကောက်အဓိပ္ပာယ်၌ပင် လာရှိထားသည်။

ထို့နောက် အားဒ်မျိုးနွယ်အုပ်စု၊ စမူးဒ်မျိုးနွယ်အုပ်စုနှင့် နောက်ဆုံး၌ ဟဇရသ်နူးဟ် ﷺ ၏ မျိုးနွယ်အုပ်စုတို့၏ ဖြစ်အင်များကို တင်ပြထားပေသည်။ ဤဖြစ်အင်များသည် ဤသည့်အလျောက် အကြိမ်ကြိမ် အခါအခါ လာရှိထားပြီး ဖြစ်ပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَالسَّمَاءَ بَنَيْنَاهَا بِأَيْدٍ وَإِنَّا لَمُوسِعُونَ ﴿٤٧﴾

၅၁ : ၄၇ ။ ။ စင်စစ် ငါအသျှင်မြတ်သည် မိုးကောင်းကင်ကို (မိမိ၏) တန်ခိုးတော်ဖြင့် ပြုလုပ်တော်မူခဲ့၏။ ကေန်စင်စစ် ငါအသျှင်မြတ်သည် (အတိုင်းအဆမရှိ) လွန်စွာ ကျယ်ဝန်းလှသည့် တန်ခိုးတော်ကို ပိုင်ဆိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

وَالْأَرْضَ فَرَشْنَاهَا فَنِعْمَ الْمَاهِدُونَ ﴿٤٨﴾

၅၁ : ၄၈ ။ ။ ထိုနည်းတူစွာ ငါအသျှင်မြတ်သည် ပထဝီမြေကို ခင်းကျင်းတော်မူခဲ့၏။ စင်စစ် (ငါအသျှင်မြတ်သည်) အလွန်တရာ ကောင်းမွန်စွာ ခင်းကျင်းတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

وَمِن كُلِّ شَيْءٍ خَلَقْنَا زَوْجَيْنِ لَعَلَّكُمْ تَذَكَّرُونَ ﴿٤٩﴾

၅၁ : ၄၉ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် အသင်တို့ တရားရယူကြရန်အလို့ငှာ၊ အရာဝတ္ထုတိုင်းကို နှစ်မျိုးနှစ်စား ဖန်ဆင်းတော်မူခဲ့၏။

فَفِرُّوا إِلَى اللَّهِ إِنِّي لَكُم مِّنْهُ نَذِيرٌ مُّبِينٌ ﴿٥٠﴾

၅၁ : ၅၀ ။ ။ သို့ဖြစ်ပေရာ အသင်သည် အလ္လာဟ်အသျှင်မြတ်ထံတော်သို့ပင် ပြေးလွှားကြလေကုန်။ ကေန်စင်စစ် ငါ (မိုဟမ္မဒ်) သည် အသင်တို့အဖို့ ထိုအသျှင်မြတ်ထံတော်မှ ထင်ရှားစွာ သတိပေးနှိုးဆော်သူ ဖြစ်၏။

وَلَا تَجْعَلُوا مَعَ اللَّهِ إِلَٰهًا آخَرَ إِنِّي لَكُم مِّنْهُ نَذِيرٌ مُّبِينٌ ﴿٥١﴾

၅၁ : ၅၁ ။ ။ ၎င်းပြင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်နှင့်အတူ အခြားတစ်စုံတစ်ရာကို ကိုးကွယ်ရာ (အဖြစ်) ဖက်စပ်သတ်မှတ်ခြင်း မပြုကြကုန်လင့်။ ကေန်အမှန် ငါသည် အသင်တို့အဖို့ ထိုအသျှင်မြတ်ထံတော်မှ ထင်ရှားစွာ သတိပေးနှိုးဆော်သူပင် ဖြစ်ချေသည်။

كَذَٰلِكَ مَا أَتَى الَّذِينَ مِن قَبْلِهِم مِّن رَّسُولٍ إِلَّا قَالُوا سَاحِرٌ أَوْ مَجْنُونٌ ﴿٥٢﴾

၅၁ : ၅၂ ။ ။ ထိုနည်းတူစွာ ၎င်းတို့အလျင် ရှိခဲ့ကြသော သူတို့ထံသို့ ရစူလ်တမန်တော်တစ်ပါးပါး ရောက်လာခဲ့တိုင်း၊ ထိုသူတို့သည် (ထိုရစူလ်တမန်တော်အား) ပဉ္စလက် (စုန်း) ဆရာ ဖြစ်သည်ဟူ၍သော်လည်းကောင်း၊ ရူးသွပ်သောသူ ဖြစ်သည်ဟူ၍သော်လည်းကောင်း ပြောဆိုခဲ့ကြသည်ချည်းသာ ဖြစ်၏။

أَتَوَاصَوْا بِهِ ۚ بَلْ هُمْ قَوْمٌ طَاغُونَ ﴿٥٣﴾

၅၁ : ၅၃ ။ ။ ၎င်းတို့သည် အချင်းချင်း တစ်ဦးကိုတစ်ဦး ဤအတိုင်း ပြောဆိုကြရန် မှာကြားခဲ့လေသလော။ ထိုသို့ အလျဉ်းမဟုတ်။ စင်စစ် ၎င်းတို့ (အားလုံး) သည် ဆိုးသွမ်းသော သူတို့ပင် ဖြစ်ခဲ့ကြကုန်၏။

فَتَوَلَّ عَنْهُمْ فَمَآ أَنتَ بِمَلُومٍ ﴿٥٤﴾

၅၁ : ၅၄ ။ ။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် ၎င်းတို့အား လစ်လျူရှု၍ နေပါလေ။ အကြောင်းမှာ အသင်သည် အပြစ်တင်ခြင်းခံရမည် မဟုတ်သောကြောင့်ပင် ဖြစ်၏။

وَذَكِّرْ فَإِنَّ الذِّكْرَىٰ تَنفَعُ الْمُؤْمِنِينَ ﴿٥٥﴾

၅၁ : ၅၅ ။ ။ ထို့ပြင် အသင်သည် အဆုံးအမ တရားတော်ပေးလျက် ရှိပါလေ။ အဘယ်ကြောင့်ဆိုသော် အဆုံးအမ တရားတော်သည် မုအ်မင်န်သက်ဝင် ယုံကြည်သူတို့အား အကျိုးရှိစေသောကြောင့်ပင် (ဖြစ်၏။)

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

စင်စစ် (ငါအသျှင်မြတ်သည် မိုးကောင်းကင်ကို (မိမိ၏) တန်ခိုးတော်ဖြင့် ပြုလုပ်တော်မူခဲ့၏။ ဧကန်စင်စစ် ငါအသျှင်မြတ်သည် (အတိုင်းအဆမရှိ) လွန်စွာ ကျယ်ဝန်းလှသည့် တန်ခိုးတော်ကို ပိုင်ဆိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

ထိုနည်းတူစွာ ငါအသျှင်မြတ်သည် ပထဝီမြေကို (အခင်းအသွင်ဖြင့်) ခင်းကျင်းတော်မူခဲ့၏။ စင်စစ် (ငါအသျှင်မြတ်သည် မည်ကဲ့သို့) အလွန်တရာ ကောင်းမွန်စွာ ခင်းကျင်းတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသနည်း။ (ထိုပထဝီမြေကြီးအတွင်းဝယ် မည်မျှ အကျိုးပြုသည့် အရာများကို ထားရှိထားပေသနည်း။)

ထို့ပြင် ငါအသျှင်မြတ်သည် အသင်တို့ (ထိုလက်ရာတော် ပြယုဂ်များမှ 'သောင်ဟီးဒ်' (အလ္လာဟ် အသျှင်မြတ် တစ်ပါးတည်းသာ ကိုးကွယ်ခံထိုက်တော်မူသော အသျှင်ဖြစ်သည်) ဟူသော တစ်ပါးတည်း တည်ရှိခြင်း) တရားကို ရယူကြရန်အလို့ငှာ အရာဝတ္ထုတိုင်းကို နှစ်မျိုးနှစ်စား ဖန်ဆင်းတော်မူခဲ့၏။ (နှစ်မျိုးနှစ်စား ဖန်ဆင်းတော်မူခဲ့သည်) ၏ အလိုသဘောမှာ ဆန့်ကျင်ဘက် သဘောတရားရှိသော အရာများကို ဆိုလိုခြင်း ဖြစ်ပေသည်။ သို့ရှိရာ 'အရာဝတ္ထုတိုင်း၌ အခြားသော အရာဝတ္ထုများတွင် မပါဝင်သော (သို့မဟုတ်) ဆန့်ကျင်ဘက်သဘောတရားကို ဖော်ဆောင်ပြနေသောကြောင့် ယင်းအရာဝတ္ထုနှင့် ဆန့်ကျင်ဘက် ဖြစ်နေသည်ဟု ဆို၍ရသော' ပင်ကိုယ်အစွမ်း သတ္တိသော်လည်းကောင်း၊ သို့မဟုတ် ယာယီအစွမ်းသတ္တိသော်လည်းကောင်း အနည်းနှင့်အများမဆို တည်ရှိနေပေသည်။ ဥပမာ- မိုးကောင်းကင်နှင့် မြေပထဝီ၊ ကိုယ်ခန္ဓာထုထည်ရှိသော အရာနှင့် မရှိသော အရာ၊ အပူနှင့် အအေး၊ အချိုနှင့် အခါး၊ ကြီးခြင်းနှင့် သေးခြင်း၊ ရှုချင်စဖွယ်ကောင်းခြင်းနှင့် အကျည်းတန်ခြင်း၊ အဖြူနှင့် အနက်၊ အလင်းရောင်နှင့် အမှောင် အစရှိသည်များ ရှိနေပေသည်။

(အို၊ မိုဟမ္မဒ် ﷺ ၎င်းတို့အား အသင် ပြောပြလေကုန်။ ဤသို့ ဖန်ဆင်းတော်မူခြင်း ခံထားရသော အရာများသည် တစ်ဆူတည်း တည်ရှိသော လက်ရာရှင်တော်အပေါ် မှီခိုနေလျက်ရှိနေပေရာ) အသင်တို့သည်

(၎င်းအကြောင်းအရာများမှ အထောက်အထားရယူကာ ဖြစ်သင့်သော အချက်မှာ) အလ္လာဟ်အသျှင်မြတ် (တစ်ပါးတည်း တည်ရှိခြင်း တရား) ထံသို့ပင် ပြေးလွှားကြလေကုန်။ (ပထမအချက်အနေဖြင့်မူ အထက် တင်ပြပါ အထောက်အထားများကြောင့် ဦးနှောက်အသိဉာဏ်သည်ပင် တစ်ပါးတည်း တည်ရှိခြင်းတရား မှန်ကန်ကြောင်းကို ပြဆိုလျက် ရှိနေပေသည်။ တစ်ဖန် မြင့်မြတ်တော်မူသော အသျှင်မြတ်၏ဘက်တော် မှ) ဧကန်စင်စစ် ငါ (မိုဟမ္မဒ်) သည်လည်း အသင်တို့ (အား ရှင်းလင်းတင်ပြရန်) အဖို့ ထိုအသျှင်မြတ် ထံတော်ပါးမှ ('သောင်ဟီးဒ်'တရားကို ငြင်းပယ်လက်မခံသူများကို 'အဇားဗ်' အပြစ်ဒဏ်ပေးတော်မူ မည်ဟူ၍) ထင်ရှားစွာ သတိပေးနှိုးဆော်သူအဖြစ် ကြွရောက်လာတော်မူခြင်း (ဖြစ်၏။ အသျှင်မြတ်၏ 'အဇားဗ်'ပေး အပြစ်ဒဏ်ခတ်ခြင်း ခံရမည်ကို စိုးရိမ်ရသောကြောင့် 'သောင်ဟီးဒ်'တရားကို လက်ခံရန် မှာ ပို၍ပင် လိုအပ်သွားရ၏။) ၎င်းနောက် (တစ်ဖန် ထပ်မံ၍ ရှင်းရှင်းလင်းလင်း ပြောကြားလိုသည်မှာ) အသင်တို့သည် အလ္လာဟ်အသျှင်မြတ်နှင့်အတူ အခြားတစ်စုံတစ်ရာကို ကိုးကွယ်ရာအဖြစ် ဖက်စပ်သတ်မှတ် ခြင်း မပြုကြကုန်လင့်။ (တစ်ဖန် စာစဉ်အကြောင်းအရာ ပြောင်းလွဲတင်ပြထားခြင်းနှင့်အတူ 'သောင်ဟီးဒ်' တရားအကြောင်းအရာနှင့် ပတ်သက်၍ သတိပေးနှိုးဆော်သူဖြစ်ကြောင်းကို ထပ်မံအလေးအနက်ပြု တင်ပြ သည်မှာ) ဧကန်အမှန် ငါသည် အသင်တို့ (အား ရှင်းလင်းတင်ပြရန်) ထိုအသျှင်မြတ်ထံတော်မှ ထင်ရှား စွာ သတိပေးနှိုးဆော်သူအဖြစ် ကြွမြန်းလာသည်ဖြစ်၏။

(ရှေ့၌ ဆက်လက်၍ အလ္လာဟ်အသျှင်မြတ်သည် မိန့်တော်မူထားသည်မှာ 'အသင်သည် ဧကန်မုချ အမှန်တကယ်ပင် ရှင်းလင်းလှစွာသော သတိပေး နှိုးဆော်သူတစ်ဦး ဖြစ်ပေသည်။ ပမာဆိုရသော် ယခုပင် တင်ပြခဲ့ပေပြီ။ သို့ရာတွင် အသင့်အား ဆန့်ကျင်ဘက်ပြုသော သူများသည် (မပြောကောင်းမဆိုအပ်) အသင့်ကို တစ်ခါတစ်ရံ ပယောဂဆရာ၊ တစ်ခါတစ်ရံ အရူးဟူ၍ စွပ်စွဲ ပြောဆိုခဲ့ကြပေသည်။ သို့ရှိရာ အသင့်အနေနှင့် ခန္တီတရား ပြည့်စုံစွာဖြင့် သည်းခံပါ။ အဘယ်ကြောင့်ဆိုသော် အသင့်အား ၎င်းတို့ ပြောဆိုနေ ကြသကဲ့သို့ပင်) ထိုနည်းတူစွာ ၎င်းသူတို့အလျှင် ရှိခဲ့ကြသော သူတို့ထံသို့ ရစူလ်တမန်တော် တစ်ပါးပါး ရောက်ရှိလာခဲ့တိုင်း ထိုသူတို့ (အားလုံးသည်လည်းကောင်း၊ (သို့မဟုတ်) အချို့ တစ်ဝက်သည် လည်းကောင်း) သည် (ထိုရစူလ်တမန်တော်အား) ပဥ္စလက် (စုန်း) ဆရာ ဖြစ်သည်ဟူ၍သော်လည်းကောင်း၊ ရူးသွပ်သောသူ ဖြစ်သည်ဟူ၍သော်လည်းကောင်း ပြောဆိုခဲ့ကြသည်ချည်းသာ ဖြစ်၏။

(ရှေ့၌ ပယောဂဆရာဖြစ်သည် (သို့မဟုတ်) အရူးဖြစ်သည်' ဟူသော ကာဖိရ်များ၏ ပြောဆိုမှု တစ်မျိုးတည်း တစ်သံတည်း ဖြစ်နေခြင်းအား အံ့ဩသည့်အသွင်ဖြင့် မိန့်ကြားထားသည်မှာ) ၎င်းတို့သည် အချင်းချင်း တစ်ဦးကိုတစ်ဦး ဤအတိုင်း ပြောဆိုကြရန် မှာကြားခဲ့ကြလေသလော။ (ဆိုလိုသည်မှာ ဤ သည့်အချက်ကို ဤသို့ တစ်မျိုးတစ်သံတည်း ပြောဆိုခဲ့ခြင်းမှာ ပမာဆိုရသော် တစ်ဦးသည် အခြားသူ တစ်ဦးတစ်ယောက်အား 'ကြည့်ပါလေ။ အသင်တို့ထံ မည်သည့်ရစူလ်တမန်တော် တစ်ပါးပါးပင်ဖြစ်စေ ကြွရောက်လာပါမူ အသင်တို့သည်လည်း ကျွန်ုပ်တို့ ပြောဆိုခဲ့ဘိသကဲ့သို့ ပြောဆိုပါလေ' ဟူ၍ ဆင့်ကဲ ဆင့်ကဲ မှာတမ်းသမှုကို ပြုထားသည့်အတိုင်း ဖြစ်နေပေသည်။ ရှေ့၌ အခြေအနေစစ်၊ အခြေအနေမှန်အား

ဆက်လက် တင်ပြထားသည်မှာ ဖြစ်ရပ်အမှန်တွင်မူ ဆင့်ကဲဆင့်ကဲ ပြောဆိုမှုကို မပြုခဲ့ကြပေ။ အဘယ်ကြောင့်ဆိုသော် အချို့သော မျိုးနွယ်အုပ်စုတို့သည် အချို့သော မျိုးနွယ်အုပ်စုတို့နှင့် မကြုံဆုံခဲ့ကြပေ။) ထိုသို့ အလျဉ်းမဟုတ်။ (ထိုသို့ ၎င်းတို့ တစ်ကြိတ်တည်း၊ တစ်ဉာဏ်တည်း စည်းလုံးညီညွတ်သွားကြခြင်း၏ အကြောင်းမှာ) စင်စစ် (၎င်းတို့အားလုံး) သည် ဆိုးသွမ်းသော သူတို့ပင် ဖြစ်ခဲ့ကြကုန်၏။ (ဆိုလိုသည်မှာ ၎င်းတို့ ဤသို့ ပြောဆိုရခြင်းအကြောင်းမှာ ဆိုးသွမ်းမှုကြောင့်ပင် ဖြစ်ပေသည်။ သို့ရှိရာ ၎င်းတို့သည် ဤဆိုးသွမ်းမှုအတွင်း၌ အတူတကွ ဖက်စပ်ကာ ပါဝင်နေကြခြင်းကြောင့် ပြောဆိုမှုတို့၌ အတူတကွ သံပြိုင်ပုံစံမျိုး ဖြစ်နေကြခြင်းပင် ဖြစ်သည်။)

သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်၊ အတိတ်ခေတ်မျိုးနွယ်အုပ်စုတို့သည်လည်း ဤကဲ့သို့ ရှိခဲ့ရာ၊ ဆိုးသွမ်းမှုသည် ယင်းစွပ်စွဲပြောဆိုမှု၏ အကြောင်းခံ အကြောင်းတရားဖြစ်ကြောင့်လည်း သိရှိပြီးဖြစ်ရာ) အသင်သည် ၎င်းတို့အား လစ်လျူရှု၍ နေပါလေ။ (၎င်းတို့ စွပ်စွဲငြင်းဆိုခြင်းကို အလေးအနက်ထားကာ သောကဗျာပါဒ မပွားများလေနှင့်။) အကြောင်းမှာ အသင်သည် အပြစ်တင်ခြင်းခံရမည် မဟုတ်သော ကြောင့်ပင် ဖြစ်သည်။ (အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည်

وَلَا تُسْـَٔلُ عَنْ أَصْحٰبِ الْجَحِيْمِ

(မိမိတို့၏ ကံကြမ္မာအားဖြင့် ငရဲလားကြကုန်သော ငရဲသားများနှင့် ပတ်သက်၍မူကား အသင်သည် မေးမြန်းခြင်းကို ခံရမည်မဟုတ်ပေ။) *[၂ : ၁၁၉]*

ဟူ၍ မိန့်တော်မူထားသည့် အတွက်ကြောင့် ဖြစ်ပေသည်။) ထို့ပြင် အသင်သည် (တည်ငြိမ်အေးချမ်းစွာဖြင့် မိမိ၏ တာဝန်ကိုသာလျှင် ထမ်းဆောင်လျက်သာ ရှိနေပါ။) အဆုံးအမတရားတော် ပေးလျက် ရှိပါလေ။ အဘယ်ကြောင့်ဆိုသော် အဆုံးအမတရားတော်သည် (နဖူးစာကံ၌ အီမာန်ရယူရန် မရှိသော သူတို့အဖို့ အထောက်အထားအဖြစ် ပြီးပြည့်စုံသွားပေမည်။ အီမာန်ရယူရန် ရှိသော) မုအ်မင်န်သက်ဝင်ယုံကြည်သော သူတို့ (နှင့် အစကတည်းက အီမာန်ရယူထားသော သူတို့အဖို့လည်း) အကျိုးရှိစေသောကြောင့်ပင် (ဖြစ်၏။ မည်သည့်အခြေအနေ၌ပင် ဖြစ်စေကာမူ သတိပေးနှိုးဆော်ခြင်းနှင့် စပ်လျဉ်း၍ ခြုံငုံလှစွာသော အကျိုးတရားများနှင့် အမြော်အမြင်တော်များသည် အားလုံးသော သူတို့အတွက် ရှိနေလေရာ တင်ပြဆုံးမသမှုကို ပြုနေပါလေ။ အသင်သည် မိမိ၏ တာဝန်ကို ဆက်လက် ဆောင်ရွက်လျက် ရှိနေပါ။ တစ်ဦးတစ်ယောက်၊ မည်သူမဆို အီမာန်မရယူခြင်းနှင့် စပ်လျဉ်း၍ ပူဆွေးဝမ်းနည်းမှု ဖြစ်ရှိမနေလေနှင့်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

လွန်လေပြီးသော အာယသ်တော်များအတွင်း၌ 'ကေယာမသ်' နေ့နှင့် နောင်တမလွန် လောက 'အာခိရသ်'၏ အကြောင်းနှင့် ထိုနေ့နှင့် ထိုလောကကို မယုံကြည်သောသူများအပေါ် ပြစ်ဒဏ်သက်ရောက်

ခဲ့သည့်အကြောင်းများကို တင်ပြထားပေသည်။ ဤအာယသ်တော်များအတွင်း၌လည်း အလ္လာဟ်အသျှင်မြတ်၏ ပြည့်ဝစုံလင်လှစွာသော တန်ခိုးတော်အကြောင်းကို တင်ပြထားပေသည်။ အကြင်ကဲ့သို့ ပြည့်ဝစုံလင်လှစွာသော တန်ခိုးတော်ဖြင့် 'ကေယာမသ်'နေ့ကို ဖြစ်ပေါ်စေမှုနှင့် ထိုနေ့တွင် သေသူများအား တစ်ဖန် ရှင်ပြန်ထစေခြင်းနှင့် စပ်လျဉ်း၍ အံ့သြစွာဖြင့် ငြင်းဆိုသောသူများ၏ဘက်မှ ပြောကြားလာသော အချက်တို့အား တုန့်ပြန်ဖြေကြားထားပေသည်။ ထို့ပြင် 'သောင်ဟီး'ဒ်'တစ်ပါးတည်း တည်ရှိခြင်း တရားအား အတည်ပြုပေးမှုနှင့် ရစူလ်တမန်တော်၏ ရစူလ်တမန်တော်ဖြစ်ခြင်း (ရေစာလသ်) အပေါ် အီမာန်ရယူရန်ကို လေးနက်စွာ မိန့်တော်မူထားပေသည်။

بَنَيْنٰهَا بِاَيْىدٍ وَّاِنَّا لَمُوْسِعُوْنَ

(စင်စစ် ငါအသျှင်မြတ်သည် မိုးကောင်းကင်ကို မိမိ၏ တန်ခိုးတော်ဖြင့် ပြုလုပ်တော်မူခဲ့၏။ ကေန်စင်စစ် ငါအသျှင်မြတ်သည် (အတိုင်းအဆမရှိ လွန်စွာ ကျယ်ဝန်းလှသည့် တန်ခိုးတော်ကို ပိုင်ဆိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။) *[၅၁ : ၄၇]*

اَيْد ဟူသော စကားလုံးသည် စွမ်းအား၊ အင်အား၏ အဓိပ္ပာယ်တို့၌ အသုံးပြုပေသည်။ ဤနေရာ၌ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးသည် اَيْد ဟူသော စကားလုံးကို အထက်ဖော်ပြပါအတိုင်းပင် အကျယ်ချဲ့ ဖွင့်ဆိုပေးထားပေသည်။

فَفِرُّوْٓا اِلَى اللّٰهِ

(သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်ထံတော်သို့ပင် ပြေးလွှားကြလေကုန်။)

[၅၁ : ၅၀]

ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န်အဗ္ဗားစ် ﷺ သခင်ကြီးက အမိန့်ရှိခဲ့သည်။ ထိုဝါကျတော်၏ အလိုသဘောမှာ 'မိမိ၏ ပြစ်မှုဒုစရိုက်များမှ ပြေးလွှားရှောင်ရှားကာ 'သောင်ဗာဟ်' (အမှားဝန်ခံခြင်း) ၏ အကြောင်းခံဖြင့် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်သို့ လှည့်ပြန်ကြကုန်' ဟူ၍ ဖြစ်သည်။ အဗူဗကရ်ဝရ်ရားက် (ရဟ) သခင်ကြီးနှင့် ဂျုနိုက်ဒ်ဗဂ်ဒါဒီး (ရဟ) သခင်ကြီးတို့က မိန့်ဆိုထားသည်မှာ 'နဖ်စ်' (စိတ်ရိုင်း) နှင့် ရှိုက်သွာန်တို့သည် ပြစ်မှုဒုစရိုက်များ၏ဘက်သို့ ဖိတ်ခေါ်ကာ သွေးဆောင်လှည့်ဖြားလျက် ရှိကြပေသည်။ အသင်တို့သည် ထိုအရာနှစ်ခုမှ ပြေးလွှားကာ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ ခိုလှုံမှုကို ရယူကြကုန်။ သို့ဆိုလျှင် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား ထိုအရာနှစ်ခု၏ ဆိုးသွမ်းနှောင့်ယှက်မှုမှ ကယ်တင် စောင့်ရှောက်ပေလိမ့်မည်ဟူ၍တည်း။ *[ကုရ်သုဗီး]*

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَمَا خَلَقْتُ الْجِنَّ وَالْإِنسَ إِلَّا لِيَعْبُدُونِ ﴿٥٦﴾

၅၁ : ၅၆ ။ ။ စင်စစ် ငါအသျှင်မြတ်သည် 'ဂျင်န်'သတ္တဝါတို့အားလည်းကောင်း၊ လူသားတို့အားလည်းကောင်း၊ ငါအသျှင်မြတ်အား ခဝပ်ကိုးကွယ် ဆည်းကပ်ကြရန်သာလျှင် ဖန်ဆင်းတော်မူခဲ့၏။

مَا أُرِيدُ مِنْهُم مِّن رِّزْقٍ وَمَا أُرِيدُ أَن يُطْعِمُونِ ﴿٥٧﴾

၅၁ : ၅၇ ။ ။ ငါအသျှင်မြတ်သည် ၎င်းတို့ထံမှ (တစ်စုံတစ်ရာ) စားနပ်ရိက္ခာကိုလည်း အလိုရှိတော်မူသည် မဟုတ်ပေ။ ငါအသျှင်မြတ်အား ၎င်းတို့ ကျွေးမွေးကြရန်ကိုလည်း ငါအသျှင်မြတ်သည် အလိုရှိတော်မူသည် မဟုတ်ပေ။

إِنَّ اللَّهَ هُوَ الرَّزَّاقُ ذُو الْقُوَّةِ الْمَتِينُ ﴿٥٨﴾

၅၁ : ၅၈ ။ ။ ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင်ပင် စားနပ်ရိက္ခာ ချီးမြှင့်ပေးသနားတော်မူသော အသျှင်၊ စွမ်းအားကို ပိုင်ဆိုင်တော်မူသော အသျှင်၊ ကြံ့ခိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

فَإِنَّ لِلَّذِينَ ظَلَمُوا ذَنُوبًا مِّثْلَ ذَنُوبِ أَصْحَابِهِمْ فَلَا يَسْتَعْجِلُونِ ﴿٥٩﴾

၅၁ : ၅၉ ။ ။ သို့ဖြစ်ပေရာ မတရားမှုကို ကျူးလွန်ကြကုန်သော သူတို့၌ (ထို့ပြင်) ၎င်းတို့နှင့် ဝါဒတူ ဖြစ်ခဲ့ကြသော သူတို့၌ ရှိခဲ့သော ပြစ်ဒဏ်၏ ဝေစုဝေပုံကဲ့သို့၊ ၎င်းတို့၌လည်း ပြစ်ဒဏ်၏ ဝေစုဝေပုံ ရှိချေမည်။ သို့ဖြစ်ပေရာ ၎င်းတို့သည် ငါအသျှင်မြတ်ထံတော်တွင် (ပြစ်ဒဏ်ကို) အဆောတလျင် တောင်းဆိုခြင်း မပြုကြရ။

فَوَيْلٌ لِّلَّذِينَ كَفَرُوا مِن يَوْمِهِمُ الَّذِي يُوعَدُونَ ﴿٦٠﴾

၅၁ : ၆၀ ။ ။ နောက်ဆုံးတွင် ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့၌ ၎င်းတို့ ချိန်းဆိုခြင်း ခံကြရသော နေ့တွင် ပျက်စီးခြင်းသည် ရှိချေလိမ့်မည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(စင်စစ်) ငါအသျှင်မြတ်သည် ဂျင်န်သတ္တဝါတို့အားလည်းကောင်း၊ လူသားတို့အားလည်းကောင်း ငါအသျှင်မြတ်အား ခဝပ်ကိုးကွယ် ဆည်းကပ်ကြရန်အတွက်သာလျှင် ဖန်ဆင်းတော်မူခဲ့၏။ (ခဝပ်ကိုးကွယ်မှုပြုရန်အတွက်သာ ဖန်ဆင်းခြင်းခံရသော ဂျင်န်နှင့် လူသားတို့အား ဖန်ဆင်းလိုက်ခြင်း၌ အခြားသော အကျိုးဆက်တရားများ နောက်လိုက်အဖြည့်ခံသဘောမျိုးဖြင့် တည်ရှိနေခြင်းသည် ၎င်းတို့အား ဖန်ဆင်းတော်မူခြင်း၏ အဓိကရည်ရွယ်ချက်နှင့် ဆန့်ကျင်ဘက် ဖြစ်ရှိ၍ မနေပေ။ ဤကဲ့သို့ပင် အချို့သော ဂျင်န်များနှင့်

လူသားတို့မှ ခဝပ်ကိုးကွယ်မှု မပြုနေကြခြင်းသည်လည်း အထက်ဖော်ပြပါအာယသ်တော်၏ စာစဉ်အကြောင်းအရာနှင့် ဆန့်ကျင်ဘက်ဖြစ်ရှိ၍ မနေပေ။ အဘယ်ကြောင့်ဆိုသော် အာယသ်တော်ပါ لِيَعْبُدُوْنِ (ခဝပ်ကိုးကွယ်ဆည်းကပ်ကြရန်အတွက်သာလျှင်) ဟူသော စာသား၏ အနှစ်ချုပ်ရလဒ်မှာ သာသနာရေးရာ အမိန့်တစ်ခုအဖြစ် ချမှတ်ပြဋ္ဌာန်းရန် ရည်ရွယ်သည်ဟူ၍ ဖြစ်ပေသည်။ ဆိုလိုသည်မှာ ၎င်းတို့အား ခဝပ်ကိုးကွယ်မှုပြုရန် အမိန့်ပေးခြင်း ဖြစ်ပေသည်။ ဖန်ဆင်းခံရသော အဖန်ဆင်းခံဖြစ်၍ ကနဦးဖန်ဆင်းစဉ်ကပင် ၎င်းအား ၎င်း၏ သဘောဆန္ဒမပါဘဲလျက် အဓမ္မပြုကျင့်ဆောက်တည်စေခြင်းကို ရည်ရွယ်ချမှတ် ပြဋ္ဌာန်းခြင်းမျိုး မဟုတ်ပေ။ ဆိုလိုသည်မှာ သဘောဆန္ဒမပါဘဲလျက် အဓမ္မပုံစံဖြင့် ခဝပ်ကိုးကွယ်စေခြင်းမျိုး မဟုတ်ပေ။ 'ဂျင်န်'နှင့် လူသားတို့အား ၎င်းအမိန့်အတွက် အထူးပြုထားခြင်းမှာ ရှရီအသ်သာသနာတော်မှ တောင်းဆိုထားသော 'အေဇဒသ်' ခဝပ်ကိုးကွယ်ခြင်းဟူသည် မိမိ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက် ရွေးချယ်မှုဖြင့် ကျင့်မှုဆောက်တည်သော အစမ်းသပ်ခံ ဖြစ်နိုင်လောက်သော 'အေဇာဒသ်'ခဝပ်ကိုးကွယ်မှု အဆင့်ရှိ 'အေဇာဒသ်' ခဝပ်ကိုးကွယ်မှုဖြစ်၏။ ကောင်းကင်တမန်တော်များ၌ စိတ်ရောကိုယ်ပါ မိမိစိတ်ဆန္ဒဖြင့် 'အေဇာဒသ်'ပြု ခဝပ်ကိုးကွယ်မှု ရှိသော် ငြားလည်း အစမ်းသပ်ခံအဆင့်ရှိ 'အေဇာဒသ်'ခဝပ်ကိုးကွယ်မှု မရှိ။ အခြားသော အဖန်ဆင်းခံများဖြစ်သော သက်ရှိသတ္တဝါများနှင့် သစ်ပင်၊ ပေါက်ပင်များ အစရှိသော အဖန်ဆင်းခံများ၌ မိမိစိတ်ဆန္ဒဖြင့် ပြုကျင့်သော 'အေဇာဒသ်'ခဝပ်ကိုးကွယ်မှုအဆင့် မရှိ။

တင်ပြပါ မိန့်မြွက်ချက်၏ အချုပ်သဘောတရားမှာ 'ငါအသျှင်မြတ်သည် ၎င်းတို့ထံမှ သာသနာအမိန့်ပညတ်ချက်တစ်ရပ်အဖြစ် ခဝပ်ကိုးကွယ်မှုကို ပြုခိုင်းရန်ဖြစ်သည်' ဟူသော အချက်ပင် ဖြစ်သည်။ ထပ်မံ၍ ကျန်ရှိနေသော အချက်မှာ) ငါအသျှင်မြတ်သည် ၎င်း (အဖန်ဆင်းခံ) တို့ထံမှ (တစ်စုံတစ်ရာ) စားနပ်ရိက္ခာလည်း အလိုရှိတော်မူသည် မဟုတ်ပေ။ ငါအသျှင်မြတ်အား ၎င်းတို့ ကျွေးမွေးကြရန်ကိုလည်း ငါအသျှင်မြတ်သည် အလိုရှိတော်မူသည် မဟုတ်ပေ။

ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင်ပင် စားနပ်ရိက္ခာ ချီးမြှင့်ပေးသနားတော်မူသော အသျှင် (သို့ရှိရာ ငါအသျှင်မြတ်အဖို့ အဖန်ဆင်းခံများ၏ထံမှ စားနပ်ရိက္ခာ ဆက်သစေခြင်းနှင့် ပတ်သက်၍ မည်သည့်လိုအပ်ချက်သည် တည်ရှိနိုင်အံ့နည်း။ ထို့ပြင် ထိုအသျှင်မြတ်သည်) စွမ်းအားကို ပိုင်ဆိုင်တော်မူသော အသျှင်၊ ကြံ့ခိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ (အကြောင်းမှာ ထိုအသျှင်မြတ်ထံတော်၌ ချည့်နဲ့ခြင်းနှင့် မစွမ်းဆောင်နိုင်ခြင်း၊ မည်သည့်တပ်မက်မှု တစ်စုံတစ်ရာမဆို ရှိနေနိုင်ခြင်းသည် ဦးနှောက်၊ အသိဉာဏ်ဖြင့် စဉ်းစားတွေးဆကြည့်လျှင်ပင် မဖြစ်နိုင်သည့်ကိစ္စ ဖြစ်နေရာ ထိုအသျှင်မြတ်၏ ဘက်တော်မှ အစားအစာ တောင်းခံခြင်းမှာ လုံးဝ မဖြစ်နိုင်သော အရာသည်သာလျှင် ဖြစ်ပေသည်။ ဤသည်အထိ တိုက်တွန်းနှိုးဆော်ခြင်းသည်သာလျှင် ဖြစ်သည်။)

(ရှေ့၌ ခြိမ်းခြောက်မှု ပြုထားပေသည်။ ၎င်းမှာ ခဝပ်ကိုးကွယ်မှုကို ပြုကျင့်ဆောက်တည်ရန် အရေးကြီးကြောင်း အတည်ဖြစ်ပြီး ဖြစ်၍ ခဝပ်ကိုးကွယ်ခြင်း လက်ခံသမှု ခံရရန်အတွက် အရေးအကြီး

ဆုံးသော အချက်သည် အီမာန်ရယူခြင်း ဖြစ်သည်။ သို့ရှိရာ အကယ်၍ ဤသူတို့သည် ယခုအချိန်အထိ လည်း 'ရှရစ်က်' (တုဖက်နှိုင်းယှဉ်ခြင်း) နှင့် 'ကုဖ္ဖရ်' (သွေဖည်ငြင်းဆိုမှု) အပေါ်၌ မျက်စိစုံမှိတ် မြဲမြဲ စွာ တည်ရှိနေကြပါမူ နားထောင်ကြကုန်။) သို့ဖြစ်ပေရာ မတရားမှုကို ကျူးလွန်ကြကုန်သော သူတို့ထံ၌ (ကျရောက်လာမည်ဖြစ်သော ပြစ်ဒဏ်သည် ၄င်းတို့နှင့် ဝါဒတူဖြစ်ခဲ့ကြသော (အတိတ်ခေတ်ရှိ) သူတို့၌ ရှိခဲ့သော (အလ္လာဟ်အသျှင်မြတ်၏ 'အိလ်မ်' (အသိပညာတော်အတွင်း၌ဝယ် သတ်မှတ်ထားပြီးဖြစ်သော) ဝေစုဝေပုံကဲ့သို့ ၄င်းတို့၌လည်း ပြစ်ဒဏ်၏ ဝေစုဝေပုံ ရှိချေမည်။ (ဆိုလိုသည်မှာ မတရားသမှုပြုသော အပြစ်ကျူးလွန် စည်းကမ်းဖောက်ဖျက်သူတိုင်းအတွက် အလ္လာဟ်အသျှင်မြတ်၏ အိလ်မ် (အသိပညာတော်) အတွင်း၌ သီးခြားသော အချိန်များ သတ်မှတ်ထားပြီး ဖြစ်သည်။ ဤသို့ တစ်လှည့်ပြီးတစ်လှည့်နှင့် အလှည့် ကျသည့် အပြစ်ကျူးလွန် စည်းကမ်းဖောက်ဖျက်သူတို့သည် ပြစ်ဒဏ်အတွင်း၌ ဖမ်းဆီးကွပ်မျက်ခြင်းကို ခံခဲ့ရပေသည်။ တစ်ခါတစ်ရံ နှစ်လောကနှစ်ဌာနစလုံး၌ ကွပ်မျက်ခြင်းခံရပြီး တစ်ခါတစ်ရံ နောင်တမလွန် 'အာခိရသ်'၌သာလျှင် ဖမ်းဆီးကွပ်မျက်ခြင်းကို ခံရပေမည်။)

သို့ဖြစ်ပေရာ ၄င်းတို့သည် ငါအသျှင်မြတ်ထံတော် တွင် (ပြစ်ဒဏ်ကို) အစောတလျှင် တောင်းဆို ခြင်း မပြုကြရပေ။ (ဤသည်မှာ ၄င်းတို့၏ ဓလေ့အကျင့်တစ်ခုကဲ့သို့ ဖြစ်နေသည်။ ၄င်းတို့သည် ခြိမ်း ခြောက်မှုများကို ကြားနာကာ ၄င်းခြိမ်းခြောက်မှုများသည် မဟုတ်မမှန် လုပ်ကြံဖန်တီး တင်ပြခြင်းများ သာ ဖြစ်သည်ဟူသော အသွင်ဆောင်ရန်၊ သို့ဆိုလျှင် ယခုပင် ကျရောက်စေပါလေဟု အလျင်စလို တောင်း ဆိုမှုပြုလေ့ ရှိကြပေသည်။)

(အချုပ်ဆိုရသော် ၄င်းတို့အတွက် အလှည့်ကျသည့်နေ့ ရောက်ရှိလာပေလိမ့်မည်။ အကြင်ကဲ့သို့ အလှည့်ကျသည့် နေ့များအတွင်း၌ အပြင်းထန်ဆုံးသော နေ့သည် 'ကေယာမသ်' နေ့ပင် ဖြစ်ပေရာ) နောက်ဆုံးတွင် ကာဖိရ်သွေဖည်ငြင်းပယ်သောသူတို့၌ ၄င်းတို့ ချိန်းဆိုခြင်း ခံကြရသောနေ့တွင် ပျက်စီး ခြင်းသည် ရှိချေလိမ့်မည်။ (ဧကန်စင်စစ် ဤစူရာဟ်သည်လည်း ထိုကတိတော်ဖြင့် အစပြုထားပေသည်။ စူရာဟ်၏အစ၌ အမိန့်ရှိထားသည်မှာ-

اِنَّمَا تُوْعَدُوْنَ لَصَادِقٌ وَّاِنَّ الدِّيْنَ لَوَاقِعٌ

(ဧကန်မလွဲ အသင်တို့ ချိန်းဆိုခြင်းခံကြရလေသော ချိန်းဆိုချက်သည် အမှန်ပင် မှန်ကန်သော ချိန်းဆိုချက်ဖြစ်၏။ ၄င်းအပြင် ဧကန်စင်စစ် အစားပေးမည့်နေ့သည် အမှန်ပင် ဆိုက်ရောက်လာလိမ့်မည် ဖြစ်သော နေ့ဖြစ်သည်။) *[၅၁ း ၅-၆]*

ဤသည်ဖြင့် စူရာဟ်တော်၏ အဖွင့်အဝိတ် ပြည့်စုံလုပမှုမှာ ပေါ်လွင်ပြီး ဖြစ်ပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ခမ္မသတ်များ

'ဂျင်န်'နှင့် လူသားတို့အား ဖန်ဆင်းတော်မူရခြင်း၏ ရည်ရွယ်ချက်

وَمَا خَلَقْتُ الْجِنَّ وَالْاِنْسَ لِيَعْبُدُوْنَ

(စင်စစ် ငါအသျှင်မြတ်သည် 'ဂျင်န်'သတ္တဝါတို့အားလည်းကောင်း၊ လူသားတို့အားလည်းကောင်း ငါအသျှင်မြတ်အား ခဝပ်ကိုးကွယ် ဆည်းကပ်ကြရန်သာလျှင် ဖန်ဆင်းတော်မူခဲ့၏။) *[၅၁ : ၅၆]*

ဤတင်ပြပါအာယသ်တော်နှင့် စပ်လျဉ်း၍ စာဒကနှစ်ရပ် ထွက်ပေါ်လာပေသည်။ ပထမစာဒက မှာ အချို့အဖန်ဆင်းခံတို့ကို အလ္လာဟ်အသျှင်မြတ်သည် သီးသန့်လုပ်ငန်းဆောင်တာအတွက် ဖန်ဆင်းတော်မူထားပေသည်။ အလ္လာဟ်အသျှင်မြတ်၏ အလိုဆန္ဒသဘောတော်မှာ 'ဤအဖန်ဆင်းခံများသည် ထိုလုပ်ငန်းဆောင်တာများအတွင်း၌သာ နစ်မွန်းလုပ်ဆောင်လျက်ရှိနေရန်' ဟူ၍ ဖြစ်လျှင် ဦးနှောက်အသိဉာဏ်ဖြင့် စဉ်းစားတွေးခေါ်ကြည့်ပါက ထိုအဖန်ဆင်းခံများသည် ထိုလုပ်ငန်းမှ မျက်နှာလွှဲ ဖီလာဆန့်ကျင်ပြုရန်မှာ လုံးဝ မဖြစ်နိုင်သော အချက်သည်သာလျှင် ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်၏ အလိုဆန္ဒသဘောတော်နှင့် ဆန့်ကျင်၍ မည်သည့်အလုပ်တစ်စုံတစ်ရာမျှ မဖြစ်ပေါ်နိုင်၍ ဖြစ်ပေသည်။

ဒုတိယစာဒကမှာ ဤအာယသ်တော်အတွင်း၌ လူသားနှင့် 'ဂျင်န်'တို့အား ဖန်ဆင်းခြင်းကို ခဝပ်ကိုးကွယ်မှုပြုရန်အတွက်သာဟု တင်ပြထားပေသည်။ စေန်အမှန် ၄င်းတို့အား ဖန်ဆင်းထားရာ၌ ခဝပ်ကိုးကွယ်မှုပြုရန် အချက်အပြင် အခြားသော အကျိုးထူးများနှင့် အမြော်အမြင်တော်များသည် ရှိနေပေသည်။ အချို့သော အဖွင့်ရှင်များသည် ပထမစာဒကအား ဖြေကြားရာ၌ 'ဤစာစဉ်အကြောင်းအရာကို မုအ်မင်န်များအဖို့ အထူးပြု အမိန့်ရှိထားခြင်းသာ ဖြစ်သည်'ဟူ၍ တင်ပြထားပေသည်။ ဆိုလိုသည်မှာ ငါအသျှင်မြတ်သည် မုအ်မင်န်လူသားနှင့် မုအ်မင်န် 'ဂျင်န်'များကို ခဝပ်ကိုးကွယ်ရန်မှအပ အခြားမည်သည့် လုပ်ငန်းတစ်ရပ်ရပ်အတွက် ဖန်ဆင်းထားတော်မူခြင်း မဟုတ်ပေ။ မုအ်မင်န်တို့သည် ခဝပ်ကိုးကွယ်မှုကို အနည်းနှင့်အများမဆို ပြုမူနေကြကြောင်းမှာ ထင်ရှားလှပေသည်။ ဤအဆိုသည် ဒွဟ်ဟားက် (ရဟ) နှင့် စုဖ်ယာန်း (ရဟ) သခင်ကြီးစသော ပညာရှင်ကြီးများ၏ အဆိုပင် ဖြစ်ပေသည်။ ဟဇရသ်အိဗ်နေ အဗ္ဗားစ် ﷺ သခင်ကြီး ဆင့်ပြန်ထားသည့် တင်ပြလျက်ရှိသော အာယသ်တော်၏ 'ကေရာအသ်' ဖတ်ရွတ်မှုတွင် مؤمنين 'မုအ်မိနီးန်'ဟူသော စကားလုံး လာရှိထားသည်။ ၄င်း၏ 'ကေရာအသ်'ဖတ်ရွတ်မှုမှာ-

وَمَا خَلَقْتُ الْجِنَّ وَ الْاِنْسَ مِنَ الْمُؤْ مِنِيْنَ اِلَّا لِيَعْبُدُوْنَ

ဟူ၍ ဖြစ်သည်။ ဤ 'ကေရာအသ်'ရွတ်ဖတ်မှုပုံစံဖြင့် 'ဤစာစဉ် အကြောင်းအရာသည် မုအ်မင်န်များအတွက်သာ လာရှိထားသည်'ဟူသော ဖွင့်ဆိုချက်အပေါ် ထောက်ခံသမှု ရရှိနေပေသည်။ စကားပြေ

အကျဉ်းချုပ်၌ ထိုစေတနကအား ပျောက်ကွယ် သွားစေရန်အတွက် ဤအာယသ်တော်အတွင်း၌ ပါရှိထားသော အလ္လာဟ်အသျှင်မြတ်၏ ရည်ရွယ်ချက် ဆန္ဒသဘောတော်သည် ဆန့်ကျင်ဘက် မဖြစ်ရှိနိုင်သောကနဦး ဖန်ဆင်းခံရချိန်၌မှာပင် ထည့်သွင်းတည်ရှိစေခြင်းမျိုးမဟုတ်ဘဲ သာသနာ့အမိန့်ပညတ်ချက်တစ်ရပ်အဖြစ် သတ်မှတ်ပြဌာန်းရန် သဘောဆန္ဒထား ရည်ရွယ်ခြင်းပင် ဖြစ်ပေသည်' ဟူ၍ တင်ပြထားသည်။ ဆိုလိုသည်မှာ 'ငါအသျှင်မြတ်သည် ၄င်းတို့အား ၄င်းတို့အနေဖြင့် ငါအသျှင်မြတ်ကိုသာ ခဝပ်ကိုးကွယ်မှုပြုရန်အတွက် အမိန့်ပေးရန်အဖို့သာလျှင် ဖန်ဆင်းထားတော်မူခြင်း ဖြစ်ပေသည်' ဟူ၏။

သို့ရှိရာ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ အမိန့်တော် ဆန္ဒသဘောတော်အား လူသားတို့၏ ပင်ကိုယ်ရွေးချယ်ချက်နှင့်အတူ ဒွန်တွဲသတ်မှတ်ထားရှိခဲ့သည်။ ယင်းအချက်အား ဆန့်ကျင်ပြုဆောင်ခြင်း မပြုနိုင်ဟူသည်လည်း မဖြစ်နိုင်စရာအချက် မဟုတ်တော့ချေ။ ဆိုလိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် ခဝပ်ကိုးကွယ်မှုပြုရန် အမိန့်ကို အားလုံးသော သူတို့အား ပြုမူရန် အမိန့်ပေးထားတော်မူလေသည်။ တစ်ဆက်တည်းမှာပင် ရွေးချယ်ခွင့်ကိုလည်း ပေးထားသည့်အတွက်ကြောင့် အချို့သည် အလ္လာဟ်အသျှင်မြတ် ချီးမြှင့်ပေးသနားထားတော်မူသော ရွေးချယ်ခွင့်ကို မှန်ကန်စွာ အသုံးချကာ ခဝပ်ကိုးကွယ်မှုအတွင်း၌ နစ်မွန်းသွားပေသည်။ အချို့သောသူတို့သည် မှားယွင်းစွာ အသုံးချ၍ 'အေဗာဒသ်'ခဝပ်ကိုးကွယ်ခြင်းမှ မျက်နှာလွှဲဖီလာဆန့်ကျင်ခဲ့ကြသည်' ဟူ၏။

အကောင်းဆုံးသော စေတနနှင့် ကင်းလွတ်သည့် ဖွင့်ဆိုတင်ပြချက်မှာ သဖ်စီးရ်မဇ္ဖဟရီကျမ်း၌ ရွေးချယ်ကောက်နုတ် ပြသထားသော အဆိုပင် ဖြစ်ပေသည်။ အာယသ်တော်၏ အလိုသဘောမှာ ဤသို့တည်း။ ငါအသျှင်မြတ်သည် ၄င်းတို့အား ခဝပ်ကိုးကွယ်နိုင်ခြင်းရှိသည့် အရည်အချင်းအပေါ် အခြေခံမူတည်၍ ဖန်ဆင်းပေးသနားတော်မူခဲ့ပေသည်။ သို့ရှိရာ 'ဂျင်န်'တိုင်းနှင့် လူသားတိုင်း၏ ဗီဇ ဓလေ့အတွင်း၌ ဤသဘာဝအဖန်ဆင်းခံ အရည်အချင်းသည် တည်ရှိနေပေသည်။ တစ်ဖန် အချို့သည် ထိုအရည်အချင်းအား မှန်ကန်သောနေရာ၌ သုံးစွဲကာ အောင်မြင်မှုကို ရရှိသွားပေသည်။ အချို့သည် ယင်းအရည်အချင်းကို မိမိ၏ ပြစ်မှုဒုစရိုက်များနှင့် စိတ်ဆင်ရိုင်း၏ အလိုကို လိုက်၍ သုံးဖြုန်းပစ်လိုက်ပေသည်။ ထိုစာစဉ်အကြောင်းအရာ၏ ဥပမာသည် တမန်တော်မြတ် ﷺ မိန့်ခြွေခဲ့သော ဟဒီးစ်တစ်ပါးဖြစ်သည့်

كلّ مولود يّولدعلى الّفطرة فابواه يهوّدا نه اويمجّسانه

၏ စာစဉ်အကြောင်းအရာအတိုင်းပင် ဖြစ်ပေသည်။ ဟဒီးစ်တော်၏ အဓိပ္ပာယ်မှာ 'မွေးဖွားလာသောကလေးငယ်တိုင်းသည် အစ္စလာမ်သာသနာကို လက်ခံကျင့်သုံးနိုင်သည့် ဗီဇသဘာဝတရားအပေါ်၌ မွေးဖွားလာပေသည်။ တစ်ဖန် ၄င်း၏ မိဘနှစ်ပါးသည် ၄င်းအား (ထိုဗီဇသဘာဝတရား) မှ ဖယ်ထုတ်ကာယဟူဒီအဖြစ် ပြုလုပ်လိုက်ကြသည်။ အချို့သည် 'မဂျူစီ' (မီးကိုးကွယ်) သူအဖြစ် ပြုလုပ်ပေးခြင်း ခံခဲ့ရသည်' ဟူ၏။ ဗီဇသဘာဝတရားအပေါ် မွေးဖွားလာခြင်း၏ အလိုသဘောကို များစွာသော အာလင်မ်သာသနာ့ပညာရှင်ကြီးများသည် 'အစ္စလာမ်သာသနာကို လက်ခံနိုင်သော သဘာဝဗီဇအပေါ် မွေးဖွားလာ

ခြင်းဖြစ်သည်' ဟူ၍ အမိန့်ရှိထားကြပေသည်။ သို့ရှိရာ ထိုအထက်တင်ပြပါ ဟဒီးစ်တော်အတွင်း၌ လူတိုင်းတွင် မွေးရာပါဖန်ဆင်းခြင်းခံရသော အသွင်မျိုးဖြင့် အစ္စလာမ်နှင့် အီမာန်၏ အခြေခံအရည်အချင်းများ ထားရှိထားတော်မူကြောင်း' ကို ပြဆိုထားပေသည်။ တစ်ဖန် တစ်ခါတစ်ရံ ၎င်းကလေး၏ မိဘနှစ်ပါးသည် ထိုအရည်အချင်းကို ဖျက်ဆီးလိုက်၍ ကုဖ္ဖရ် (သွေဖည်ငြင်းဆိုခြင်း) ၏ အတွင်းသို့ သွတ်သွင်းပေးလိုက်ပေသည်။ ဤကဲ့သို့ပင် ယင်းအထက်တင်ပြပါ အာယသ်တော်အတွင်း၌

اِلَّا لِيَعْبُدُوْنِ

(ငါအသျှင်မြတ်အား ခဝပ်ကိုးကွယ် ဆည်းကပ်ကြရန်သာလျှင် ဖန်ဆင်းတော်မူခဲ့၏။) *[၅၁ : ၅၆]*

၏ အလိုသဘောသည် 'ဂျင်န်နှင့် လူသားတို့ တစ်ဦးချင်းစီ၌ အလ္လာဟ်အသျှင်မြတ်သည် ခဝပ်ကိုးကွယ်နိုင်စွမ်း အရည်အချင်းကို ထားရှိပေးထားပေသည်' ဟူ၍လည်း ဖြစ်နိုင်ပေသည်။ (အလ္လာဟ်အသျှင်မြတ်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေသည်။)

ဒုတိယစာဒက၏ အဖြေကို စကားပြေအကျဉ်းချုပ်အတွင်း၌ 'အဖန်ဆင်းခံ အမျိုးအစားတစ်ရပ်ကို ခဝပ်ကိုးကွယ်မှုပြုရန်အတွက် ဖန်ဆင်းတော်မူထားခြင်းကြောင့် အခြားအကျိုးရှိသော အရာများမရှိတော့ပြီ ဟူသော အဓိပ္ပာယ်မသက်ရောက်ပေ' ဟူ၍ တင်ပြခဲ့ပြီးဖြစ်သည်။

مَآ اُرِيْدُ مِنْهُمْ مِّنْ رِّزْقٍ

(ငါအသျှင်မြတ်သည် ၎င်းတို့ထံမှ စားနပ်ရိက္ခာတစ်စုံတစ်ရာကိုလည်း အလိုရှိတော်မူသည် မဟုတ်ပေ) *[၅၁ : ၅၇]*

ဆိုလိုသည်မှာ ငါအသျှင်မြတ်သည် 'ဂျင်န်'နှင့် လူသားတို့ကို ဖန်ဆင်းတော်မူ၍ ၎င်းတို့ထံမှ အများလူသားထုတို့၏ အမူအကျင့်အတိုင်း '၎င်းတို့သည် ငါအသျှင်မြတ်အဖို့သော်လည်းကောင်း၊ (သို့မဟုတ်) အသင်တို့သည် မိမိတို့ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ (သို့) ငါအသျှင်မြတ်၏ အခြားသော အဖန်ဆင်းခံများအတွက်သော်လည်းကောင်း စားနပ်ရိက္ခာ ဖန်တီးယူဆောင်လာရန်ဟူ၍ ငါအသျှင်မြတ်အဖို့ အကျိုးပြုမှု တစ်စုံတစ်ရာကိုမျှ လိုလားတောင်းဆိုတော်မူထားခြင်း မရှိပေဟူ၍ ဖြစ်သည်။ ဤအထက်တင်ပြပါ မိန့်ကြားချက်ကို လူသားတို့၏ အများဓလေ့ထုံးအပေါ် ထောက်ရှု၍ မိန့်ကြားထားခြင်း ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် အလွန်ချမ်းသာ ကြွယ်ဝသော လူကုံထံတို့သည် ကျွန်များကို ဝယ်ယူ၍ ၎င်းတို့အပေါ် သုံးစွဲမှုပြုကြသည်။ ၎င်းတို့ သုံးစွဲကျွေးမွေးရခြင်း၏ ရည်ရွယ်ချက်သည် ထိုကျွန်များအား မိမိတို့၏ အလုပ်များ၌ အသုံးချရန်၊ မိမိ၏ လိုအပ်ချက်များနှင့် လုပ်ငန်းဆောင်တာများ၌ ၎င်းတို့၏ အကူအညီကို ရယူရန်နှင့် ၎င်းတို့သည် ရှာဖွေကာ မိမိ၏ သခင်အား အကျိုးအမြတ်ကို ပြန်အပ်ရန် ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ထိုအထက်တင်ပြပါ အချက်များအားလုံးမှ ကင်းရှင်း မြင့်မြတ်တော်မူပေသည်။ ထို့ကြောင့် ၎င်းတို့အား ဖန်ဆင်းတော်မူခြင်းဖြင့် မိမိအဖို့ အကျိုးတစ်စုံတစ်ရာကိုမျှ ရည်ရွယ်ထားတော်မူသည်မဟုတ်ကြောင်း' ကို မိန့်တော်မူလိုက်ပေသည်။

ذَنُوبًا (ဇနူးဗာန်) 'ဓားလ်'အပေါ်၌ 'ဖဗရ်' ဖြင့် ၎င်း၏ လုံးချင်းကောက် အဓိပ္ပာယ်မှာ 'ရေပုံးကြီး' ကို ခေါ်ဆိုပေသည်။ အများအားဖြင့် ရွာရှိ ရေတွင်းများ၌ ရေငင်၊ ရေခတ်ရာ၌ အားလုံးအတွက် လွယ်ကူစေရန် ရည်ရွယ်ချက်မျိုးဖြင့် ရေငင်သူအပေါင်းတို့အား စီနေရာအလိုက် အလှည့်သတ်မှတ်ကြပေသည်။ လူတိုင်းသည် မိမိတို့ အလှည့်ကျသည့်အချိန်၌ ရေကို ငင်ကာ ခတ်ကြပေသည်။ ထို့ကြောင့် ဤနေရာ၌ **ذَنُوب** 'ဇနူးဗူးန်'ဟူသော စကားလုံးကို 'အလှည့်၊ ဝေစု'ဟူ၍ အဓိပ္ပာယ်ကို ကောက်ယူထားပေသည်။ အာယသ်တော်၏ အလိုသဘောမှာ ဤသို့တည်း။ "အကြွင်ကဲ့သို့ အတိတ်ခေတ်မျိုးနွယ်အုပ်စုများကို မိမိတို့၏ သက်ဆိုင်ရာ အချိန်ကာလအတွင်း၌ ကျင့်ကြံပြုမူဆောင်ရွက်ရန် အခြေအနေနှင့် အချိန်အခါအလှည့်ကို ပေးထားတော်မူပေသည်။ အကြွင်သူတို့သည် မိမိတို့၏ အချိန်အခါအလှည့်၌ ကျင့်ကြံပြုမူဆောင်ရွက်ချက်ကို မပြုကျင့်ခဲ့ကြရာ ပျက်စီးဆုံးရှုံး၍ ပြစ်ဒဏ်တော်အတွင်း ဖမ်းဆီးကွပ်မျက်ခြင်းကို ခံလိုက်ရပေသည်။ ဤနည်းနှင်နှင် လက်ရှိ မုရှ်ရစ်က်တို့အဖို့လည်း အချိန်အခါနှင့် အလှည့်ကို သတ်မှတ်ပေးထားတော်မူပေသည်။ အကယ်၍ သတ်မှတ်ပေးထားသည့် အချိန်ကာလထိတိုင် ဤသူတို့သည် မိမိတို့၏ 'ကုဖ္ဖရ်' (သွေဖည်ငြင်းဆိုမှု) မှ ရပ်တန်းက မရပ်တန့်ကြပါမူ အလ္လာဟ်အသျှင်မြတ်၏ ပြစ်ဒဏ်သည် ၎င်းတို့အား တစ်ခါတစ်ရံ ဤကမ္ဘာလောက အတွင်း၌မှာပင်သော်လည်းကောင်း၊ သို့တည်းမဟုတ်က နောင်တမလွန် 'အာခေရသ်'တွင်မူ မုချ ဖမ်းဆီး ကွပ်မျက်တော်မူပေလိမ့်မည်။ ထို့ကြောင့် ၎င်းတို့အား 'မိမိတို့အနေဖြင့် အလျင်စလို ပြုလုပ်ခြင်းမှ ရပ်တန်းက ရပ်ကြကုန်'ဟူ၍ တင်ပြပါလေ" ဟု မိန့်မြွက်တော်မူထားပေသည်။ ဆိုလိုသည်မှာ "ဤကာဖိရ်တို့သည် ငြင်းဆိုသော အသွင်မျိုးဖြင့် 'အကယ်၍ ကျွန်ုပ်တို့သည် တရားခံများဖြစ်ကာ တရားခံများအပေါ် ပြစ်ဒဏ်ကျရောက်ခြင်းသည် အသင့်ပြောကြားချက်အရ အတည်ဖြစ်ပြီး ဖြစ်ရာ ကျွန်ုပ်တို့အပေါ် ပြစ်ဒဏ်သည် အဘယ်ကြောင့် မကျရောက်လာပေသနည်း' ဟူ၍ ပြောဆိုနေကြပေသည်။ ယင်းအထက်ပါ ပြောကြားချက်၏ တုန့်ပြန်ဖြေကြားချက်မှာ ဤသို့တည်း။ ပြစ်ဒဏ်သည် မိမိသတ်မှတ်ထားပြီးဖြစ်သော အချိန်နှင့် အလှည့်ကျရောက်လာသော အချိန်၌ ကျရောက်လာပေမည်။ အသင်တို့၏ အလှည့်သည်လည်း ဆိုက်ရောက်လာမည်ဖြစ်ရာ အလျင်စလို မပြုလုပ်လေနှင့်" ဟူ၍ပင်ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်တူရ်

'တူရ်' တောင် ကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

وَالطُّوْرِ ﴿١﴾

၅၂ : ၁ ။ ။ (ငါအသျှင်မြတ်သည်) 'တူရ်' တောင်ကို သက်သေထူတော်မူ၏။

وَكِتٰبٍ مَّسْطُوْرٍ ﴿٢﴾

၅၂ : ၂ ။ ။ ၄င်းပြင် (ငါအသျှင်မြတ်သည်) ရေးသားပြီးဖြစ်သော (ဤ) ကျမ်းဂန် (မှတ်တမ်းတော်) ကို သက်သေထူ
တော်မူ၏။

فِيْ رَقٍّ مَّنْشُوْرٍ ﴿٣﴾

၅၂ : ၃ ။ ။ ဖြန့်ထားသော စာရွက်ပေါ်၌။

وَّالْبَيْتِ الْمَعْمُوْرِ ﴿٤﴾

၅၂ : ၄ ။ ။ ၄င်းပြင် စည်ပင်သာယာသော 'ဗိုင်ရ်သေ့မအ်မူးရ်' အိမ်တော်ကို သက်သေထူတော်မူ၏။

وَالسَّقْفِ الْمَرْفُوْعِ ﴿٥﴾

၅၂ : ၅ ။ ။ ထို့ပြင် (ငါအသျှင်မြတ်သည်) မြင့်စွင့်သော အမိုးကို သက်သေထူတော်မူ၏။

وَالْبَحْرِ الْمَسْجُوْرِ ﴿٦﴾

၅၂ : ၆ ။ ။ ထို့ပြင် (ငါအသျှင်မြတ်သည် လှိုင်းထ) လှုံ့တက်လျက်ရှိသော သမုဒ္ဒရာပင်လယ်ကို သက်သေထူတော်မူ၏။

إِنَّ عَذَابَ رَبِّكَ لَوَاقِعٌ ۝٧

၅၂ : ၇ ။ ။ ကေန်မလွဲ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ပြစ်ဒဏ်သည် အမှန်ပင် ကျရောက်မည်သာ ဖြစ်၏။

مَا لَهُ مِنْ دَافِعٍ ۝٨

၅၂ : ၈ ။ ။ ယင်းပြစ်ဒဏ်ကို ဖယ်ရှားနိုင်သောသူဟူ၍ (မည်သူမျှ) အလျှဉ်းမရှိပြီ။

يَوْمَ تَمُورُ السَّمَاءُ مَوْرًا ۝٩

၅၂ : ၉ ။ ။ (ထိုပြစ်ဒဏ်သည်) အကြင်နေ့တွင် (ကျရောက်ပေမည်။) ထိုနေ့တွင် မိုးကောင်းကင်မှာ တုန်လှုပ်၊ အက်ကွဲ၍ သွားပေမည်။

وَتَسِيرُ الْجِبَالُ سَيْرًا ۝١٠

၅၂ : ၁၀ ။ ။ ၄င်းပြင် (အကြင်နေ့တွင်) တောင်များသည် ရွေ့လျား (လွင့်ပါး) ၍ သွားကြပေမည်။

فَوَيْلٌ يَوْمَئِذٍ لِلْمُكَذِّبِينَ ۝١١

၅၂ : ၁၁ ။ ။ သို့ဖြစ်ပေရာ ထိုနေ့တွင် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြကုန်သော သူတို့၌ ပျက်စီးခြင်းသည် ရှိချေမည်။

الَّذِينَ هُمْ فِي خَوْضٍ يَلْعَبُونَ ۝١٢

၅၂ : ၁၂ ။ ။ အကြင် (စွပ်စွဲငြင်းပယ်သော) သူတို့သည် (ယနေ့) အချည်းနှီးသော (စကား) ပြောဆိုမှု၌ မွေ့လျော်လျက်ပင် ရှိနေကြကုန်၏။

يَوْمَ يُدَعُّونَ إِلَىٰ نَارِ جَهَنَّمَ دَعًّا ۝١٣

၅၂ : ၁၃ ။ ။ ထိုနေ့တွင် ၄င်းတို့သည် 'ဂျဟန္နမ်' ငရဲဘုံ၏ မီးရှိရာသို့ တွန်းပို့ခြင်းကို ခံကြရပေမည်။

هَٰذِهِ النَّارُ الَّتِي كُنْتُمْ بِهَا تُكَذِّبُونَ ۝١٤

၅၂ : ၁၄ ။ ။ (ထိုနေ့တွင် ၄င်းတို့သည် ဤသို့ ပြောဆိုခြင်းကို ခံကြရပေမည်။) 'ဤသည်ပင် မဟုတ်မမှန်ဟူ၍ အသင်တို့ စွပ်စွဲငြင်းပယ်လျက်ရှိခဲ့ကြသော ငရဲမီးပင် ဖြစ်လေသည်။'

أَفَسِحْرٌ هَٰذَا أَمْ أَنْتُمْ لَا تُبْصِرُونَ ۝١٥

၅၂ : ၁၅ ။ ။ သို့ဖြစ်ပေရာ ဤသည် စုန်းပယောဂ ဖြစ်လေသလော။ သို့တည်းမဟုတ် အသင်တို့သည် (ယခုတိုင်) မမြင်ကြလေသလော။

اِصْلَوْهَا فَاصْبِرُوْٓا اَوْ لَا تَصْبِرُوْا ۚ سَوَآءٌ عَلَيْكُمْ ۗ اِنَّمَا تُجْزَوْنَ مَا كُنْتُمْ تَعْمَلُوْنَ ⑯

၅၂ ː ၁၆ ။ ။ အသင်တို့သည် ယင်းငရဲမီးထဲသို့ ဝင်ရောက်ကြလေကုန်။ ထို့နောက် အသင်တို့သည် သည်းခံကြသည်ဖြစ်စေ၊ သည်းမခံကြသည်ဖြစ်စေ၊ အသင်တို့အဖို့ အကြောင်းမထူးပေ။ စင်စစ် အသင်တို့သည် မိမိ ကျင့်မှုခဲ့ကြကုန်သော အမှုကိစ္စများနှင့် စပ်လျဉ်း၍ အစားပေးခြင်းကို ခံကြရမည်သာဖြစ်သည်။

اِنَّ الْمُتَّقِيْنَ فِيْ جَنّٰتٍ وَّنَعِيْمٍ ⑰

၅၂ ː ၁၇ ။ ။ ကေန်မလွဲ 'မွတ်သကီ' သူတော်ကောင်းတို့သည် ဥယျာဉ်များ၌လည်းကောင်း၊ ပြည့်ဝသော 'ဂျန္နသ်' သုခဘုံ၏ စည်းစိမ်သုခများ၌လည်းကောင်း ရှိကြပေမည်။

فٰكِهِيْنَ بِمَآ اٰتٰىهُمْ رَبُّهُمْ ۚ وَوَقٰىهُمْ رَبُّهُمْ عَذَابَ الْجَحِيْمِ ⑱

၅၂ ː ၁၈ ။ ။ ၎င်းတို့သည် ၎င်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်က ၎င်းတို့အား ချီးမြှင့်ပေးသနားတော်မူခဲ့သော သစ်သီးဝလံများကို စားသုံးလျက် ရှိကြပေမည်။ (တစ်နည်း) ချီးမြှင့်ပေးသနားတော်မူခဲ့သော စည်းစိမ်များကြောင့် ဝမ်းမြောက်ပျော်ရွှင်လျက် ရှိကြပေမည်။ ထို့ပြင် ၎င်းတို့ကို ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အလျှံပြောင်ပြောင် တောက်လောင်လျက်ရှိသော ငရဲမီး၏ အပြစ်ဒဏ်မှလည်း လွတ်ကင်းစေတော်မူပေမည်။

كُلُوْا وَاشْرَبُوْا هَنِيْٓـًٔا بِمَا كُنْتُمْ تَعْمَلُوْنَ ⑲

၅၂ ː ၁၉ ။ ။ ထို့ပြင် (၎င်းတို့သည် ဤသို့ မိန့်ကြားတော်မူခြင်းကို ခံကြရပေမည်။) အသင်တို့သည် မိမိတို့ ကျင့်မှုလျက် ရှိခဲ့ကြကုန်သော ကောင်းမှုတို့၏ အစား၊ အရသာ ခံစားကြလျက် (မြိန်ယှက်စွာ) စားသောက်ကြလေကုန်။

مُتَّكِـِٕيْنَ عَلٰى سُرُرٍ مَّصْفُوْفَةٍ ۚ وَزَوَّجْنٰهُمْ بِحُوْرٍ عِيْنٍ ⑳

၅၂ ː ၂၀ ။ ။ (၎င်းတို့သည်) စနစ်တကျ စီတန်းခင်းကျင်း၍ ထားရှိသော သလွန်များထက်ဝယ် မှီအုံးများကို မှီ၍ ထိုင်လျက် ရှိနေကြပေမည်။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့အား လွန်စွာ ဖြူပြီး လှပတင့်တယ်၍ မျက်စိပြူးကား လှပသော (ဟူရ်) မိန်းမပျိုများနှင့် ထိမ်းမြား၍ ပေးတော်မူမည်။

وَالَّذِيْنَ اٰمَنُوْا وَاتَّبَعَتْهُمْ ذُرِّيَّتُهُمْ بِاِيْمَانٍ اَلْحَقْنَا بِهِمْ ذُرِّيَّتَهُمْ وَمَآ
اَلَتْنٰهُمْ مِّنْ عَمَلِهِمْ مِّنْ شَيْءٍ ۗ كُلُّ امْرِئٍ ۢ بِمَا كَسَبَ رَهِيْنٌ ㉑

၅၂ ː ၂၁ ။ ။ ထို့ပြင် အကြင်သူတို့သည် အီမာန်သက်ဝင်ယုံကြည်ခဲ့ကြကုန်၏။ ထို့ပြင် ၎င်းတို့၏ သားမြေးတို့သည်လည်း အီမာန်သက်ဝင် ယုံကြည်မှုနှင့်တကွ ၎င်းတို့၏ (ခြေရာ) နောက်သို့ လိုက်ခဲ့ကြကုန်၏။ ငါအသျှင်မြတ်သည် ၎င်းတို့၏

သားမြေးတို့အား ('ဂျန္နသ်'သုခဘုံ၌) ၎င်းတို့နှင့် အတူတကွ ပူးပေါင်း၍ ထားတော်မူပေမည်။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့၏ ကျင့်မှုဆောင်ရွက်ချက်တို့အနက်မှလည်း မည်သည့်တစ်စုံတစ်ရာကိုမျှ လျော့နည်းစေတော်မူမည် မဟုတ်ပေ။ လူတိုင်း လူတိုင်းသည် မိမိရှာဖွေဆည်းပူးခဲ့သော အမှုကိစ္စ၌ အပေါင်ပစ္စည်းအဖြစ် ချုပ်နှောင်ထားပြီးဖြစ်၏။

وَأَمْدَدْنَاهُم بِفَاكِهَةٍ وَلَحْمٍ مِّمَّا يَشْتَهُونَ ﴿٢٢﴾

၅၂ : ၂၂။ ။ ထို့ပြင် ငါအသျှင်မြတ်သည် ထိုသူတို့အား၊ ထိုသူတို့ အလိုဆန္ဒရှိကြလေသော အမျိုးအစားမှ သစ်သီးဝလံများနှင့် အသား (မျိုးစုံ) များကို အစဉ်မပြတ် တိုး၍ (ချီးမြှင့်) ပေးသနားတော်မူပေမည်။

يَتَنَازَعُونَ فِيهَا كَأْسًا لَّا لَغْوٌ فِيهَا وَلَا تَأْثِيمٌ ﴿٢٣﴾

၅၂ : ၂၃။ ။ ၎င်းတို့သည် ယင်း 'ဂျန္နသ်'သုခဘုံ၌ အရက် (အပြည့်ပါရှိသော) ခွက်များကို တစ်ဦးနှင့်တစ်ဦး (ပျော်ရွှင်လိုသောသဘောနှင့်) အလုအယက် ယူငင်ကြပေမည်။ ယင်းအရက် (ကို သောက်သုံးခြင်း) ၌ အချည်းနှီးသော စကား ပြောဆိုမှုလည်း ရှိလိမ့်မည်မဟုတ်ပေ။ အပြစ်ဖြစ်ရန် အကြောင်းလည်း ရှိလိမ့်မည်မဟုတ်ပေ။

وَيَطُوفُ عَلَيْهِمْ غِلْمَانٌ لَّهُمْ كَأَنَّهُمْ لُؤْلُؤٌ مَّكْنُونٌ ﴿٢٤﴾

၅၂ : ၂၄။ ။ ထို့ပြင် ၎င်းတို့ထံ ၎င်းတို့အဖို့ (သီးသန့် ခန့်အပ်ထားသော) လုလင်တို့သည် (ထိုမှ၊ ဤမှ) လှည့်ပတ်သွားလာ (ခစား) လျက် ရှိကြပေမည်။ ထို (ကံကျေး) လုလင်တို့သည် လုံခြုံစွာ ဖုံးအုပ်ထားရှိသော ပုလဲများကဲ့သို့ပင် (လှပသော လုလင်များ ဖြစ်ကြပေမည်။)

وَأَقْبَلَ بَعْضُهُمْ عَلَىٰ بَعْضٍ يَتَسَاءَلُونَ ﴿٢٥﴾

၅၂ : ၂၅။ ။ ထို့ပြင် ၎င်းတို့အနက် တစ်ဦးသည် တစ်ဦး၏ ဘက်သို့ လှည့်၍ (လောကီဘဝ၌ ဖြစ်ပျက်ခဲ့ကြသော အကြောင်းကို) အချင်းချင်း မေးမြန်းစုံစမ်းကြပေမည်။

قَالُوا إِنَّا كُنَّا قَبْلُ فِي أَهْلِنَا مُشْفِقِينَ ﴿٢٦﴾

၅၂ : ၂၆။ ။ ၎င်းတို့သည် (ဤသို့) ပြောဆိုကြပေမည်။ 'စေ့နစင်စစ် ကျွန်ုပ်တို့သည် ယခင်က မိမိတို့ အိမ်သူအိမ်သားတို့နှင့်အတူ ရှိနေကြစဉ် ကြောက်ရွံ့စိုးရိမ်လျက် ရှိခဲ့ကြကုန်၏။

فَمَنَّ اللَّهُ عَلَيْنَا وَوَقَانَا عَذَابَ السَّمُومِ ﴿٢٧﴾

၅၂ : ၂၇။ ။ 'သို့ရာတွင် (နောက်ဆုံးတွင်) အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့အပေါ်၌ ကျေးဇူးပြုတော်မူ၍၊ အပူရှိန်ပြင်းလှစွာသော 'ဂျဟန္နမ်'ငရဲဘုံ၏ ပြစ်ဒဏ်မှလည်း ကျွန်ုပ်တို့အား ကင်းလွတ်စေတော်မူခဲ့၏။

إِنَّا كُنَّا مِن قَبْلُ نَدْعُوهُ ۖ إِنَّهُ هُوَ الْبَرُّ الرَّحِيمُ ﴿٢٨﴾

၅၂ : ၂၈ ။ ။ 'ကေန်အမှန် ကျွန်ုပ်တို့သည် ရှေးအတိတ်ကျော်ကာလ၌ ထိုအသျှင်မြတ်ထံတော်တွင် ဆုမွန်ဒိုအာပြုလျက် ရှိခဲ့ကြကုန်၏။ ကေန်မလွဲ ထိုအသျှင်မြတ်သည် လွန်စွာ ကျေးဇူးပြုတော်မူသော အသျှင်၊ လွန်စွာ သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။'

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ငါအသျှင်မြတ်) သည် 'တူရ်'တောင်ကို သက်သေထူတော်မူ၏။ ၄င်းပြင် (ငါအသျှင်မြတ်သည်) ဖြန့်ထားသော စာရွက်ပေါ်တွင် ရေးသားပြီးဖြစ်သော (ဤ) ကျမ်းဂန် (မှတ်တမ်းတော်) ကို သက်သေထူတော်မူ၏။ (အလိုသဘောမှာ ကောင်းမှု၊ မကောင်းမှု ကိုယ်ရေးရာဇဝင်မှတ်တမ်း ဖြစ်ပေသည်။ ယင်းမှတ်တမ်းနှင့် စပ်လျဉ်း၍ အခြားသော အာယသ်တော်တစ်ပါးတွင်

كِتَابًا يَلْقَاهُ مَنشُورًا

(၄င်းသည် ထိုမှတ်တမ်းကို ဖွင့်လျက် (ရှိသည်ကို) တွေ့ရှိရပေလိမ့်မည်။) [၁၇ : ၁၃]

ဟူ၍ လာရှိထားသည်။ ထိုမှတ်တမ်းတင်ထားသော အရာကို နိုင်းနိုင်းတင်ပြသော အသွင်ဖြင့် စာရွက်ဟူ၍ မိန့်ဆိုတော်မူထားခြင်း ဖြစ်သည်။)

၄င်းပြင် စည်ပင်သာယာသော 'ဗိုင်ရ်သေမအ်မူးရ်' အိမ်တော်ကို သက်သေထူတော်မူ၏။ မိုးခုနှစ်ထပ်မြောက်ရှိ ကောင်းကင်တမန်တော်များ၏ ခဝပ်ကိုးကွယ်မှုပြုသော နေရာဌာန ဖြစ်ပေသည်။ ဒုရ်ရေမန်စူးရ်ကျမ်း၌ တမန်တော်မြတ် ﷺ ထံတော်မှ တိုက်ရိုက်ဆင့်ပြန်ထားသော ဆင့်ပြန်ချက်ဖြင့် တင်ပြထားသည်။)

ထို့ပြင် (ငါအသျှင်မြတ်သည်) မြင့်စွင့်သော အမိုးကို သက်သေထူတော်မူ၏။ (အလိုသဘောမှာ 'မိုးကောင်းကင်' ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည်

وَجَعَلْنَا السَّمَاءَ سَقْفًا مَّحْفُوظًا

(၄င်းပြင် ငါအသျှင်မြတ်သည် မိုးကောင်းကင်ကို ထိန်းသိမ်းပြီးဖြစ်သော အမိုးအကာအဖြစ် ပြုလုပ်တော်မူခဲ့သည်) ဟူ၍လည်းကောင်း။ [၂၁ : ၃၂]

اللَّهُ الَّذِي رَفَعَ السَّمَاوَاتِ

(အလ္လာဟ်အသျှင်မြတ်သည် အကြင်အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်သည်သာလျှင် မိုးကောင်းကင်များကို မြင့်စွင့် တည်စေတော်မူခဲ့သော အသျှင်မြတ် ဖြစ်တော်မူ၏။) [၁၃ : ၂]

ဟူ၍လည်းကောင်း မိန့်တော်မူထားပေသည်။ ဤအထက်တင်ပြပါ အကျယ်ချဲ့ဖွင့်ဆိုချက်ကို အလီ ﷺ သခင်ကြီးထံမှ မှန်ကန်သော ဆင့်ကဲဆင့်ကဲဆင့်ပြန်မှု ကွင်းဆက်ဇယားဖြင့် 'ကန်ဇုလ်အုမ်မာလ်' ကျမ်းတွင် 'မွစ်သဒရပ်က်ဟာကင်မ်' ကျမ်း၏ အညွှန်းဖြင့် ဆင့်ပြန်တင်ပြထားပေသည်။

ထို့ပြင် (ငါအသျှင်မြတ်သည် လှိုင်းထ) လျှံတက်လျက်ရှိသော သမုဒ္ဒရာပင်လယ်ကို သက်သေထူတော်မူ၏။

(ရှေ့၌ 'ကစမ်' သက်သေထူကျိန်ဆိုတင်ပြရသည့် အကြောင်းအရာကို မိန့်ကြားထားပေသည်။) ဧကန် မလွဲ အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ပြစ်ဒဏ်သည် အမှန်ပင် ကျရောက်မည်သာ ဖြစ်၏။

ယင်းပြစ်ဒဏ်ကို ဖယ်ရှားနိုင်သောသူ ဟူ၍ (မည်သူမျှ) အလျဉ်းမရှိပြီ။ (ဤသည် ထိုနေ့၌ ဖြစ်ပေါ်လာပေလိမ့်မည်။ အကြင်နေ့တွင် မိုးကောင်းကင်မှာ တုန်လှုပ်အက်ကွဲ၍ သွားပေမည်။

၎င်းပြင် (အကြင်နေ့တွင်) တောင်များသည် (မိမိတို့၏ နေရာများမှ) ရွေ့လျား (လွင့်ပါး၍) သွားကြပေမည်။ (အလိုသဘောမှာ 'ကေယာမသ်'နေ့ ဖြစ်သည်။ တုန်လှုပ်ခြင်းသည် သမားရိုးကျ နားလည်သိရှိနိုင်သော တုန်လှုပ်ခြင်း၏ အဓိပ္ပာယ်၌လည်း ဖြစ်နိုင်၏။ သို့မဟုတ် فَاِذَا انْشَقَّتِ السَّمَآءُ (အကြင်အခါဝယ် မိုးကောင်းကင်သည် အက်ကွဲ၍) ဟူသော အာယသ်တော်ရှိ انشقاق (ကွဲအက်ခြင်း) ၏ အဓိပ္ပာယ်၌လည်း ဖြစ်နိုင်ပေသည်။ ရူဟုလ်မအာနီကျမ်းတွင် အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်လာရှိထားသော အထက်ပါ အကျယ်ချဲ့ဖွင့်ဆိုချက် (၂) ရပ်စလုံးအား တင်ပြထားပေသည်။ နှစ်ချက်စလုံး၌လည်း ဆန့်ကျင် ဘက်တစ်စုံတစ်ရာမျှ မရှိပေ။ တစ်မျိုးမှာ အလျင်ဖြစ်ပြီး နောက်တစ်မျိုးမှာ နောက်မှဖြစ်၍ နှစ်မျိုးစလုံး ဖြစ်ပေါ်နိုင်သောကြောင့် ဖြစ်ပေသည်။ ဤနေရာ၌ တောင်များ ရွေ့လျားသွားကြောင်းကို တင်ပြထားပေသည်။ ဒုတိယအခြားသော အာယသ်တော်များအတွင်းတွင် အစိတ်စိတ်အမွှာမွှာ ဖြစ်သွားပြီး လွင့်ပျံသွားကြောင်းကို တင်ပြထားပေသည်။ အလ္လာဟ်အသျှင်မြတ်၏ အောက်ဖော်ပြပါအတိုင်း မိန့်မြွက်ချက်များ လာရှိထား၍ ဖြစ်သည်။

يَنْسِفُهَا رَبِّىْ

(ငါ့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် ယင်းတောင်များကို (အစိတ်စိတ်အပိုင်းပိုင်းဖြစ်စေ၍) လွင့်ပါးစေတော်မူမည် ဖြစ်ပေသည်။) [၂၀ : ၁၀၅]

(ထို့အပြင် အလ္လာဟ်အသျှင်မြတ်၏ မိန့်မြွက်ချက်ပင် ဖြစ်သည်။

بُسَّتِ الْجِبَالُ بَسًّا فَكَانَتْ هَبَآءً مُّنْبَثًّا

(ထို့ပြင် တောင်များသည် ညက်ညက်ကြေအောင် ကြေမွစေခြင်းကို ခံကြရပေမည်။ ထို့နောက် ယင်းတောင်များသည် ဖြန့်ကြဲထားသော (လေ၌ လွင့်ပါးသည့်) မြူမှုန်ဖြစ်သွားကြပေမည်။) [၅၆ : ၅-၆]

ၩင်းအရာများအပေါ် 'ကစမ်'ကျိန်ဆို တင်ပြရာ၌ သက်သေထူ ကျိန်ဆို၍ တင်ပြမည့် အဓိကရည်ရွယ်ချက်အား မှတ်သားမှု ဦးနှောက်အသိဉာဏ်အတွင်း ကိန်းဝပ်ရောက်ရှိသွားစေရန်အတွက် နီးကပ်ဆက်စပ်မှုရှိသော အရာများဖြင့် သက်သေထူ၊ 'ကစမ်'ကျိန်ဆိုထားခြင်း ဖြစ်ပေသည်။ ထိုအချက်မှာ 'ကေယာမသ်'ကို ဆိုက်ရောက်စေခြင်း၏ အဓိက အကြောင်းအရင်းမှာ ကြောင်းကျိုး၊ ကောင်းဆိုး၏ အစားပေးတော်မူရန်ပင် ဖြစ်သည်။ ကြောင်းကျိုး၊ ကောင်းဆိုး၏ အစားပေးတော်မူရာ၌ အဓိက အခြေခံကျမည့် အရာမှာ သာသနာရေးဆိုင်ရာ ပညတ်ချက်များအပေါ်၌ ဖြစ်ပေမည်။ သို့ရှိရာ 'သူရ်'တောင်တော်အား 'ကစမ်'ကျိန်ဆိုရာ၌ 'အလ္လာဟ်အသျှင်မြတ်သည် မုက္ခပါဠ်တော်ရှင်နှင့် အမိန့်ပညတ်ချက်ကို ချမှတ်ပေးသနားတော်မူသော အသျှင်မြတ် ဖြစ်တော်မူကြောင်း၊ တစ်ဖန် ထိုပညတ်ချက်များအား ဆန့်ကျင်ဘက်ပြုခြင်း၊ (သို့မဟုတ်) ကိုက်ညီစွာ ဆောင်ရွက်ခြင်းသည် ကြောင်းကျိုး၊ ကောင်း၊ ဆိုး၏ အစားကို ရရှိခံစားရမည့် အဓိက အခြေခံအချက်ဖြစ်ကြောင်းဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားဟန် တူပေသည်။ ကုသိုလ်၊ အကုသိုလ် မှတ်တမ်းအား 'ကစမ်' ကျိန်ဆိုခြင်း၌ 'ထိုသို့ တူညီစွာ (သို့မဟုတ်) ဆန့်ကျင်စွာ ပြုခြင်းတို့အား ထိန်းသိမ်းစောင့်ရှောက်၍ ထားရှိကြောင်း၊ အဘယ်ကြောင့်ဆိုသော် အသျှင်မြတ် ထုတ်ပြန် ချမှတ်ပေးထားသော တရားဒေသနာတော်များအား လိုက်နာခြင်းသည် အရေးကြီး၍ ကြောင်းကျိုး၊ ကောင်းဆိုး၏ အစား ရရှိခံစားရရန်မှာ ၎င်းအပေါ်၌ မူတည်လျက်ရှိနေခြင်း' ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားဟန် တူပေသည်။ 'စည်ပင်သာယာသော အိမ်၊ 'ဗိုင်ရ်သုလ်မအ်မူးရ်'ကို 'ကစမ်'ကျိန်ဆိုရာ၌ 'ခဝပ်ကိုးကွယ်မှုသည် ဤမျှ အရေးကြီးတာဝန်တစ်ရပ်ဖြစ်ကြောင်း ကောင်းကင်တမန်တော်များအဖို့ပင် ၎င်းတို့အတွက် ကြောင်းကျိုးပြဒဏ် မရှိသည့်ကြားကပင် ကင်းလွတ်ခွင့်မရှိသော အရေးကြီးသည့် တာဝန်တစ်ရပ်ဖြစ်ကြောင်းဘက်သို့ ရည်ညွှန်းဖော်ထုတ် ထားဟန်တူပေသည်။ တစ်ဖန် ကြောင်းကျိုး၊ ကောင်းဆိုး၏ အစားပေးရာ၌ ၎င်း၏ အဆုံးရလာဒ်သည် 'ဂျန္နသ်' (သို့မဟုတ်) 'ဂျဟန္နမ်'သာဖြစ်မည်ဖြစ်၍ كأسا အမိုးကို သက်သေထူ 'ကစမ်'ကျိန်ဆိုရာ၌ 'ဂျန္နသ်'သည် မိုးကောင်းကင်ကဲ့သို့ မြင့်စွင့်လှစွာသော နေရာဌာနဖြစ်ခြင်း အကြောင်းဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားဟန် တူပေသည်။ လျှံတက်လျက်ရှိသော ပင်လယ်သမုဒ္ဒရာကို 'ကစမ်'ကျိန်ဆို သက်သေထူတော်မူရာ၌ 'ဂျဟန္နမ်'သည်လည်း ပင်လယ်သမုဒ္ဒရာကဲ့သို့ ကြောက်မက်ဖွယ်ရာကောင်းသော အရာဖြစ်ကြောင်းဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားဟန် တူပေသည်။ ဤသည် အထက်ပါစာသားများဖြင့် 'ကစမ်'ကို ရွေးချယ်ကာ သက်သေထူ၊ ကျိန်ဆိုထားခြင်း၏ တင်ပြချက်ပင် ဖြစ်သည်။ 'ကစမ်'ကျိန်ဆိုရသည့် အကြောင်းအရင်းကို စူရာဟ် 'ဟစ်ဂျ်ရ်'၏ အာယသ်တော် لَعَمْرُكَ ၏ ရှင်းလင်းချက်အောက်၌လည်းကောင်း၊ ရည်ရွယ်ချက်ကို စူရာဟ် 'စွာဖ်ဖာသ်'၏ အစ၌သော်လည်းကောင်း တင်ပြခဲ့ပြီး ဖြစ်ပေသည်။

(ရှေ့၌ ထို 'ကေယာမသ်'နေ့နှင့် စပ်လျဉ်းသော အချို့ဖြစ်အင်များအား တင်ပြမိန့်မြွက်ထားသည်မှာ 'ပြစ်ဒဏ်ထိုက်သော သူတို့အဖို့ ပြစ်ဒဏ်သည် မုချ သက်ရောက်လာမည်ဖြစ်ရာ) ထိုနေ့တွင် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြကုန်သော သူတို့၌ ပျက်စီးခြင်းသည် ရှိချေမည်။ ('ကေယာမသ်'နေ့နှင့်

အခြားသက်ဝင် ယုံကြည်လက်ခံရန် အရေးကြီးသော အမှုကိစ္စများဖြစ်သည့် 'သောင်ဟီးဒ်' တစ်ပါးတည်း တည်ရှိခြင်း) နှင့် 'ရေစာလသ်' (ရစူလ်တမန်တော်၏ ရစူလ်တမန်တော်ဖြစ်ခြင်း) တို့အား စွပ်စွဲငြင်းဆိုသော သူတို့ကို ဆိုလိုသည်။)

အကြင် (စွပ်စွဲငြင်းပယ်သော) သူတို့သည် (ယနေ့) အချည်းနှီးသော (စကား) ပြောဆိုမှု၌ မွေ့လျော် လျက်ပင် ရှိနေကြကုန်၏။ (အကြင်အချက်ကြောင့် ၎င်းတို့သည် ပြစ်ဒဏ်ထိုက်သောသူများ ဖြစ်သွား ကြကုန်၏။)

ထိုနေ့တွင် ၎င်းတို့သည် 'ဂျဟန္နမ်'ငရဲဘုံ၏ မီးရှိရာသို့ တွန်းပို့ခြင်းကို ခံကြရပေမည်။ (ယင်းနေ့ တွင် ၎င်းတို့အပေါ် လွန်စွာ ကြမ္မာငင်မှုသည် ရောက်ရှိလာပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ပျော်ရွှင် ဝမ်းမြောက်စွာဖြင့် ဤသို့ ဆိုးရွားလှစွာသော နေရာသို့ မည်သူ သွားရောက်လိုပေမည်နည်း။ ၎င်းတို့အား 'ဂျဟန္နမ်'ငရဲဘုံအတွင်းသို့ ပစ်ချ အပြစ်ဒဏ်ခတ်ရန် အချိန် ရောက်ရှိလာသောအခါဝယ်

فَيُؤْخَذُ بِالنَّوَاصِي وَالْأَقْدَامِ

(ထိုအခါ ၎င်းတို့သည် (နဖူးများ) ဦးထိတ်များနှင့် ခြေများကို (တရွတ်တိုက်) ဆွဲကိုင်၍ ဖမ်းဆီး ခြင်းကို ခံကြရပေမည်။) [၅၅ : ၄၁]

ဟူသော အာယသ်တော်၌ တင်ပြထားသည့် အနေအထားပုံစံဖြင့် ဖမ်းဆီးကာ ငရဲဘုံအတွင်း ပစ်ချခြင်း ခံရပေမည်။ ထို့နောက် ၎င်းတို့အား 'ဂျဟန္နမ်'ကို ပြသကာ အော်ငေါက်သော ပုံစံဖြင့် အမိန့် ရှိမည်မှာ) ဤသည်ပင် မဟုတ်မမှန်ဟူ၍ အသင်တို့ စွပ်စွဲငြင်းပယ်လျက် ရှိခဲ့ကြသော ငရဲမီးပင် ဖြစ်လေ သည်။ (ဆိုလိုသည်မှာ ငရဲမီးပြစ်ဒဏ်ရှိကြောင်း သတင်းပေးထားသော အာယသ်တော်များကို ငြင်းဆိုလေ့ ရှိခဲ့ကြသည်။ ထို့ပြင် ယင်းအာယသ်တော်များကို 'ဂျာဒူ'ပယောဂဟူ၍လည်း ပြောဆိုလေ့ ရှိကြပေသည်။ ထိုအချက်သည်မူ အသင်တို့ထံ၌ 'ဂျာဒူ' မှော်ပညာ၊ စုန်းပညာသာ ဖြစ်သည်ဟူမှု။)

သို့ဖြစ်ပေရာ ဤသည် (လည်း) စုန်း၊ ပယောဂဖြစ်လေသလော။ (သေချာကြည့်ရှု၍ ပြောပြ လေကုန်။) သို့တည်းမဟုတ် အသင်တို့သည် (ကမ္ဘာလောကတွင် မမြင်တွေ့ရသည့်အတွက်ကြောင့် ငြင်းဆို ခဲ့ကြသကဲ့သို့ ယခုတိုင်လည်း) မမြင်ကြလေသလော။ (သို့ရှိရာ ယခု) အသင်တို့သည် ယင်းငရဲမီးထဲသို့ ဝင်ရောက်ကြလေကုန်။ ထို့နောက် အသင်တို့သည် သည်းခံကြသည်ဖြစ်စေ၊ သည်းမခံကြသည် ဖြစ်စေ၊ အသင်တို့အဖို့ အကြောင်းမထူးပေ။ (အသင်တို့ ညည်းညူတမ်းတနေခြင်းကြောင့်လည်း လွတ်မြောက်မှုကို ရရှိလိမ့်မည်မဟုတ်။ အသင်တို့ ဝန်ခံလိုက်နာကာ ငြိမ်သက်မှုအပေါ် ကရုဏာသက်၍ ထုတ်ပယ်ပေးခြင်း ကိုလည်း ခံရလိမ့်မည်မဟုတ်။ သို့သာမက ထာဝစဉ် ထိုနေရာ၌ နေထိုင်ရပေလိမ့်မည်။) စင်စစ် အသင်တို့ သည် မိမိတို့ကျင့်မူခဲ့ကြသော အမှုကိစ္စများနှင့် စပ်လျဉ်း၍ အစားပေးခြင်းကို ခံကြရမည်သာ ဖြစ်သည်။ (အသင်တို့သည် အကြီးမားဆုံးသော ဖီဆန်မှုဖြစ်သည့် 'ကုဖွရ်'သွေဖည်ငြင်းဆိုမှုကို ပြုခဲ့ကြသည်။ အလ္လာဟ် အသျှင်မြတ်၏ ဝတ္တရားများနှင့် အဆုံးအမရှိသည့် ပြည့်ဝစုံလင်လှစွာသော ဂုဏ်တော်များအား ဖီဆန်ကာ

ကျေးဇူးကန်းခဲ့ကြသည်။ သို့ရှိရာ ၎င်းအပြစ်၏ အစား၌ အဆုံးမရှိ လွန်စွာ ပြင်းပြနာကျင်ဖွယ်ကောင်းသော 'ဂျဟန္နမ်'၌ ထာဝရ သက်ရောက်ရမည့် ပြစ်ဒဏ်၌ သက်ရောက်လာပေလိမ့်မည်။)

(ရှေ့၌ ၎င်းတို့နှင့် ဆန့်ကျင်ဘက် သဘောတရားရှိသူတို့၏ အကြောင်းကို တင်ပြထားပေသည်) ကေန်မလွဲ သူတော်ကောင်းတို့သည် (ဂျန္နသ်) ၏ ဥယျာဉ်များ၌လည်းကောင်း၊ ပြည့်ဝသော 'ဂျန္နသ်' သုခဘုံ၏ စည်းစိမ်သုခများ၌လည်းကောင်း ရှိကြပေမည်။

၎င်းတို့သည် ၎င်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်က ၎င်းတို့အား ချီးမြှင့်ပေးသနားတော်မူခဲ့သော (ဇိမ်ခံ) စည်းစိမ်များကြောင့် ဝမ်းမြောက်ပျော်ရွှင်လျက် ရှိကြပေမည်။ ထို့ပြင် ၎င်းတို့ကို ၎င်းတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် အလျှံပြောင်ပြောင် တောက်လောင်လျက်ရှိသော ငရဲ မီး၏ အပြစ်ဒဏ်မှလည်း လွတ်ကင်းစေတော်မူပေမည်။

('ဂျန္နသ်'သုခဘုံသို့ ဝင်ရောက်စေ၍ ၎င်းတို့သည် ဤသို့ မိန့်ကြားတော်မူခြင်းကို ခံကြရပေသည်။) အသင်တို့သည် မိမိတို့ (ကမ္ဘာလောက၌) ကျင့်မူလျက် ရှိခဲ့ကြကုန်သော ကောင်းမှုတို့၏ အစား၊ အရသာခံစားကြလျက် (မြိန်ယှက်စွာ) စား၊ သောက်ကြလေကုန်။

(၎င်းတို့သည်) စနစ်တကျ စီတန်းခင်းကျင်း၍ ထားရှိသော သလွန်များထက်ဝယ် မှီအုံးများကို မှီ၍ ထိုင်လျက် ရှိနေကြပေမည်။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့အား လွန်စွာ ဖြူပြီး လှပတင့်တယ်၍ မျက်စိပြူးကား လှပသော (ဟူရ်) မိန်းမပျိုများနှင့် ထိမ်းမြား၍ ပေးတော်မူမည်။ (ဤအထက်တင်ပြပါ အခြေအနေများသည် အများမွတ်စ္စလင်မ်အားလုံးတို့၏ အခြေအနေပင် ဖြစ်ပေသည်။) ထို့ပြင် (ရှေ့၌ ထိုသီးခြားသော မုအ်မင်န်တို့၏ အကြောင်းကို တင်ပြထားပေသည်။ အကြင်သူတို့၏ သားသမီးများသည်လည်း အီမာန်ကို ရယူထားကြပေသည်။ သို့ရှိရာ မိန့်တော်မူထားသည်မှာ) ထို့ပြင် အကြင်သူတို့သည် အီမာန် သက်ဝင် ယုံကြည်ခဲ့ကြကုန်၏။ ထို့ပြင် ၎င်းတို့၏ သားမြေးတို့သည်လည်း အီမာန်သက်ဝင် ယုံကြည်မှုနှင့်တကွ ၎င်းတို့၏ (ခြေရာ) နောက်သို့ လိုက်ခဲ့ကြကုန်၏။ (ကျင့်ကြံပြုမူ ဆောင်ရွက်ချက်များတွင် မိမိတို့ ဘိုးဘွားဘီဘင်များ၏ အဆင့်သို့ မရောက်ရှိနေလင့်ကစား။ ၎င်းအချက်ကို ထိုသူတို့၏ ပြုမူဆောင်ရွက်ချက်အကြောင်းကို မတင်ပြထားခြင်းက သက်သေပြလျက် ရှိသည်။ ထို့ပြင် ဟဒီးစ်တော်များအတွင်း၌ ရှင်းရှင်းလင်းလင်း လာရှိထားသည်မှာ-

كَانوادو نه فى العمل وكا نت منازل ابائهم ارفع ولم يبلغواد رجتك وعملك

(၎င်းတို့၏ ကျင့်ကြံဆောင်ရွက်ချက်များသည် လျော့နည်းသည့်အတွက်ကြောင့် အဆင့်အတန်းသည်လည်း လျော့နည်းနေလင့်ကစား သို့ရာတွင် ၎င်းတို့၏ မုအ်မင်န်ဖခင်တို့အား ဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ ပျော်ရွှင်စေရန်အတွက်လည်းကောင်း) ငါအသျှင်မြတ်သည် ၎င်းတို့၏ သားမြေးတို့အား ('ဂျန္နသ်'သုခဘုံ၌) ၎င်းတို့နှင့် အတူတကွ ပူးပေါင်း၍ ထားတော်မူပေမည်။ (ထို့ပြင် ထိုကဲ့သို့ ပူးပေါင်း၍ ထားစေခြင်းအတွက်) ငါအသျှင်မြတ်သည် ၎င်း ('ဂျန္နသီ'မိဘတို့၏ ကျင့်မှု ဆောင်ရွက်ချက်တို့အနက်

မှလည်း မည်သည့်တစ်စုံတစ်ရာကိုမျှလည်း လျော့နည်းစေတော်မူမည် မဟုတ်ပေ။ (အလိုသဘောမှာ ထို 'ဂျန္နသီ' မိဘတို့၏ အချို့သော ပြုမူဆောင်ရွက်ချက်များကို ရယူကာ သားသမီးများကို ပေး၍ ယင်း 'ဂျန္နသီ' မိဘ၊ ဘိုးဘေးတို့နှင့် ၎င်းတို့၏ သားသမီး၊ မြေးမြစ် နှစ်မျိုးစလုံးအား တန်းတူ အဆင့်အတန်း ပြုပေးတော်မူမည်ဟူသော အဓိပ္ပာယ်မျိုး မဟုတ်ပေ။) ပမာဆိုရသော် ဥပမာ- လူတစ်ဦးထံ၌ ငွေ (၆၀၀) ကျပ်ရှိပြီး အခြားတစ်ဦးထံ၌ ငွေ (၄၀၀) ကျပ်ရှိရာ နှစ်ဦးစလုံးအား တန်းတူဖြစ်စေရန် ရည်ရွယ်ချက်ရှိမူ (၆၀၀) ကျပ်ရှိသောသူထံမှ (၁၀၀) ယူကာ (၄၀၀) ရှိသောသူအား ပေးအပ်လိုက်မည်ဆိုပါက နှစ်ဦးစလုံး၌ (၅၀၀) စီ ဖြစ်သွားပေလိမ့်မည်ဟူသော ပုံစံတစ်မျိုးလည်း ရှိပေသည်။

အခြားပုံစံတစ်ရပ်မှာ ရက်ရောသောသူတို့၏ ဂုဏ်ရှိန်၊ ဂုဏ်ဝါတော်နှင့် ကိုက်ညီသော အချက်ပင် ဖြစ်၏။ ၎င်းမှာ (၆၀၀) ရှိသောသူထံမှ တစ်စုံတစ်ရာကိုမျှ မရယူဘဲ (၄၀၀) ရှိသူအား မိမိထံပါးမှ (၂၀၀) ကို ပေးအပ်ကာ နှစ်ဦးစလုံးရှိ ငွေကို ညှိပေးလိုက်ခြင်း ဖြစ်ပေသည်။ သို့ရှိရာ အလိုသဘောသည် ဤသို့ ဖြစ်သွားပေမည်။ 'ထိုလောက၌ ပထမပုံစံသည် ဖြစ်ပေါ်တည်ရှိလာလိမ့်မည် မဟုတ်။ အကြင် ပုံစံ၏ စူးရှသက်ရောက်မှုမှာ မူရင်းအထက်၌ရှိသူ၊ နောက်လိုက်သမှုပြုခြင်း ခံရသူ မိဘ၊ ဘိုးဘေးတို့၏ ကျင့်ကြံပြုမူ ဆောင်ရွက်ချက် နည်းပါးသွားသည့်အတွက်ကြောင့် ၎င်း၏ အဆင့်မှာ အနည်းငယ် အောက်သို့ နှိမ့်ချပေး၍ နောက်လိုက်သမှု ပြုသူကို အနည်းငယ်အပေါ်သို့ မြှင့်တင် ပေးလိုက်မည်ဆိုပါက နှစ်ဦးစလုံး၌ အလယ်အလတ်အဆင့်ဖြင့် တည်ရှိနေမည်ဖြစ်သည်'ဟူသော ပုံစံမှာ ဖြစ်ပေါ်လာနိုင်လိမ့်မည် မဟုတ်ပေ။ ဒုတိယပုံစံသည်သာ ဖြစ်ပေါ်ပေမည်။

၎င်းမှာမူ ယင်းအထက်၌ ရှိသူ၊ နောက်လိုက်သမှုပြုခြင်း ခံရသူတို့သည် မိမိ၏ မြင့်မားသော အဆင့်အတန်း၌သာ ဆက်လက်တည်ရှိနေကာ နောက်လိုက်သမှု ပြုသော သူတို့ကို ထိုနေရာအဆင့်ထိတိုင် ရောက်ရှိအောင် ပို့ပေးပေလိမ့်မည်ဟူ၍ ဖြစ်သည်။ ဦးဆောင်ဦးစီးနှင့် သားသမီးများကြားဝယ် အီမာန်၏ စည်းကမ်းချက် တည်ရှိရသည့်အကြောင်းမှာ 'ထို သား၊ သမီးများသည် မုအ်မင်န်မဟုတ်ပါက မုအ်မင်န် ဖခင်၊ ဘိုး၊ ဘွားတို့နှင့်အတူ အတူတကွ ပူးပေါင်းရောယှက် နေထိုင်ခွင့် ရရှိကြမည်မဟုတ်သောကြောင့် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကာဖိရ်များထဲမှ) လူတိုင်းလူတိုင်းသည် မိမိရှာဖွေ ဆည်းပူးခဲ့သော ('ကုဖွရ်' သွေဖည်ငြင်းဆိုခြင်း၏) အမှုကိစ္စ၌ အပေါင်ပစ္စည်းအဖြစ် (ငရဲဘုံအတွင်းဝယ် ချုပ်နှောင်ထားပြီး ဖြစ်၏။ (အလ္လာဟ်အသျှင်မြတ်သည်

كُلُّ نَفْسٍ بِمَا كَسَبَتْ رَهِينَةٌ إِلَّا أَصْحَابَ الْيَمِينِ

(လူတိုင်းလူတိုင်းမှ မိမိတို့မှာ ရှာဖွေဆည်းပူးခဲ့ကြသော အပြုအမူများနှင့် စပ်လျဉ်း၍ ချုပ်နှောင်ထားပြီး ဖြစ်ကြပေမည်။ သို့ရာတွင် လက်ယာဘက်သားများမူ) ဟူ၍ မိန့်ကြားထားသောကြောင့် ဖြစ်သည်။

[၇၄ :၄၈]

ထိုအာယသ်တော်အား ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးသည် လွှတ်မြောက်ရာ၊ လွှတ်မြောက်ကြောင်း၏ ပုံစံတစ်စုံတစ်ရာမျှ မရှိ'ဟူ၍ အကျယ်ချဲ့ဖွင့်ဆိုထားကြောင်း ဒုရ်ရေမန်စူရ်ကျမ်းတွင် ဆင့်ပြန်ချက် လာရှိထားပေသည်။ ဤအတွက်ကြောင့် ၎င်းတို့သည် မိမိတို့၏ ဘိုး၊ ဘေး၊ ဘီ၊ ဘင် မှအ်မင်န်တို့နှင့် အတူတကွ နေထိုင်ရန်ကို တွေး၍ပင် မရရှိနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် အတူတကွ နေထိုင်ရန်အတွက် သားသမီးမြေး၊ မြစ်တို့အနေဖြင့် အီမာန်ကို လက်ခံယုံကြည်ရန်မှာ စည်းကမ်းချက် ဖြစ်ပေသည်။

(ရှေ့၌ တစ်ဖန် အများအီမာန်ရှင်များနှင့် 'ဂျန္နသ်'သူ၊ 'ဂျန္နသ်'သားတို့၏ အကြောင်းကို တင်ပြထားပေသည်။) ထို့ပြင် ငါအသျှင်မြတ်သည် ထိုသူတို့အား ထိုသူတို့ အလိုဆန္ဒရှိကြလေသော အမျိုးအစားမှ သစ်သီးဝလံများနှင့် အသား (မျိုးစုံ) များကို အစဉ်မပြတ် တိုး၍ (ချီးမြှင့်) ပေးသနားတော်မူပေမည်။

၎င်းတို့သည် ယင်း 'ဂျန္နသ်'သုခဘုံ၌ အရက် (အပြည့်ပါရှိသော) ခွက်များကို တစ်ဦးနှင့်တစ်ဦး (ပျော်ရွှင်လိုသော သဘောနှင့်) အလုအယက် ယူငင်ကြပေမည်။ ယင်းအရက် (ကို သောက်သုံးခြင်း) ၌ အချည်းနှီးသော စကားပြောဆိုမှုလည်း ရှိလိမ့်မည်မဟုတ်ပေ။ (အဘယ်ကြောင့်ဆိုသော် ထိုအရက်သည် မမူးပေ။ ဦးနှောက်အသိဉာဏ် တည်ငြိမ်အေးချမ်းမှုနှင့် ဆန့်ကျင်ဘက်ဖြစ်သော) အပြစ်ဖြစ်ရန် အကြောင်းလည်း ရှိလိမ့်မည်မဟုတ်ပေ။

ထို့ပြင် ၎င်းတို့ထံ ၎င်းတို့အဖို့ (သစ်သီးဝလံများ သယ်ဆောင်ပေးရန် သီးသန့် ခန့်အပ်ပေးထားသော) လုလင်တို့သည် (ထိုမှ၊ ဤမှ) လှည့်ပတ်သွားလာ (ခစား) လျက် ရှိကြပေမည်။ (ဤလုလင်ငယ်များသည် မည်သူများနည်း။ ၎င်းနှင့် စပ်လျဉ်းသော စီစစ်သုတေသနပြုချက်သည် 'စူရာဟ်ဝါကေအဟ်' ၌ လာရှိပေလိမ့်မည်။ အဆုံးစွန်သော အဆင့်ထိတိုင် ချောမောလှသည့်အတွက်ကြောင့်) ထို (ကံကျေး) လုလင်တို့သည် လုံခြုံစွာ ဖုံးအုပ်ထားရှိသော ပုလဲများကဲ့သို့ပင် (လှပသော လုလင်များ) ဖြစ်ကြပေမည်။ (၎င်းတို့အပေါ် မြူမှုန့်၊ ဖုံမှုန့်တို့ တစ်စုံတစ်ရာမျှ မရှိဘဲ ချောမောလန်းဆန်းမှုသည် အမြင့်ဆုံးသော အဆင့်ထိတိုင် ရောက်ရှိနေပေသည်။)

ထို့ပြင် (၎င်းတို့အဖို့ နာမ်ပိုင်းဆိုင်ရာ ပျော်ရွှင်မှုသည်လည်း ရှိနေပေမည်။ ထိုပျော်ရွှင်မှုများထဲမှ တစ်ရပ်မှာ) ၎င်းတို့အနက် တစ်ဦးသည် တစ်ဦးဘက်သို့ လှည့်၍ (လောကီဘဝ၌ ဖြစ်ပျက်ခဲ့ကြသော အကြောင်းကို) အချင်းချင်း မေးမြန်းစုံစမ်းကြပေမည်။

(ဤသို့ ပြောဆိုနေခိုက်) ၎င်းတို့သည် (ဤသို့) ပြောဆိုကြပေမည်။ (မိတ်ဆွေညီနောင်အပေါင်းတို့) ဧကန်စင်စစ် ကျွန်ုပ်တို့သည် ယခင်က မိမိတို့၏ အိမ်များ၌ ရှိနေကြစဉ်က (အလိုသဘောမှာ ဒုန္နယာလောက၌ ရှိနေကြစဉ်က နောက်ဆုံး အချုပ်ရလဒ်နှင့် စပ်လျဉ်း၍) ကြောက်ရွံ့စိုးရိမ်လျက် ရှိခဲ့ကြကုန်၏။

သို့ရာတွင် (နောက်ဆုံးတွင်) အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့အပေါ်၌ ကျေးဇူးပြုတော်မူ၍ အပူရှိန်ပြင်းလှစွာသော 'ဂျဟန္နမ်' ငရဲဘုံ၏ ပြစ်ဒဏ်မှလည်း ကျွန်ုပ်တို့အား ကင်းလွတ်စေတော်မူခဲ့၏။

ကေန်အမှန် ကျွန်ုပ်တို့သည် ရှေးအတိတ်ကျော် (လောကီ) ကာလ၌ ထိုအသျှင်မြတ်ထံတော်တွင် ဆုမွန်ဒိုအာပြုလျက် ရှိခဲ့ကြကုန်၏။ (တောင်းဆုဒိုအာတော်မှာ 'ကျွန်တော်မျိုးတို့ကို 'ဂျဟန္နမ်' (ငရဲမီးဘေး) မှ ဖယ်ရှားကယ်တင်တော်မူကာ 'ဂျန္နသ်'သို့ ပို့ဆောင်ပေးတော်မူပါ'ဟူသော တောင်းဆုဒိုအာပင်ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့၏ ဒိုအာကို လက်ခံ 'ကဗူလ်'ပြုခဲ့သည်။) အလ္လာဟ်အသျှင်မြတ်သည် လွန်စွာ ကျေးဇူးပြုတော်မူသော အသျှင်၊ လွန်စွာ သနားကြင်နာတော်မူသော အသျှင်မြတ်ပင်ဖြစ်တော်မူပေသည်။ (အထက်တင်ပြပါ စာစဉ်အကြောင်းအရာ၌ ပျော်ရွှင်ဝမ်းမြောက်ဖွယ် အချက်ရှိခြင်းမှာ ထင်ရှားလှပေသည်။ သို့ရာတွင် ဤအမှုကိစ္စမှာ ရှုထောင့်နှစ်ရပ်ဖြင့် 'နေ့အ်မသ်' (စည်းစိမ်တော်) ဖြစ်ပေသည်။ တစ်ရပ်မှာ မိမိကိုယ်တိုင် 'ဂျဟန္နမ်'အပယ်ငရဲမီးဘေးမှ လွတ်ကင်းမှုရရှိပြီး ဒုတိယ'နေ့အ်မသ်' စည်းစိမ်တော်မှာ ကျွန်ုပ်တို့လို အသုံးမကျသောသူတို့၏ မပြောပလောက်သော လျှောက်ထားချက်ကို လက်ခံလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် အသွင်ခေါင်းစဉ်နှစ်မျိုးဖြင့် သုံးနှုန်းမိန့်ဆိုတော်မူလိုက်ခြင်း ဖြစ်သည်)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

وَالطُّوْرِ

(ငါအသျှင်မြတ်သည် 'သူရ်'တောင်တော်ကို သက်သေထူတော်မူ၏။) *[၅၂ း ၁]*

'သူရ်'၏ အဓိပ္ပာယ်မှာ အာရဗီစာပေဘာသာစကား၌ 'အပင်ပေါက်လေ့ရှိသော တောင်ကို' ခေါ်ဆိုပေသည်။ ဤနေရာ၌ 'သူရ်' ၏ အလိုသဘောမှာ 'မဒ်ယာန်'အရပ်ဒေသ၌ တည်ရှိသော သူရေစီနာ' တောင်တော်ပင် ဖြစ်ပေသည်။ အကြင်တောင်တော်ပေါ်၌ ဟဇရသ်မူစာ عليه السلام သည် အလ္လာဟ်အသျှင်မြတ်နှင့် စကားပြောဆိုခွင့် အခွင့်အရေး ရရှိခဲ့လေသည်။ အချို့သော ဟဒီးစ်ဆင့်ပြန်ချက်များ၌ လာရှိထားသည်မှာ 'ကမ္ဘာလောက ၌ 'ဂျန္နသ်'၏ တောင် (၄) တောင် ရှိပေသည်။ ၄င်းတို့ထဲမှ တောင်တစ်တောင်သည် 'သူရ်'တောင်လည်း ဖြစ်ပေသည်' ဟူ၍တည်း။ *[ကုရ်သုဗီး]*

'သူရ်'တောင်တော်အား 'ကစမ်'ကျိန်ဆိုတော်မူရာ၌ 'ဤတောင်တော်၏ သီးသန့်ဂုဏ်ရည်နှင့် မွန်မြတ်ခြင်း'ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားသလို 'အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ကျေးကျွန်များအဖို့ မုကွပါဠ်ပညတ်ချက်တော်များအချို့ ပို့ချပေးခဲ့လေရာ ထိုရှောင်ရန်၊ ဆောင်ရန် အချက်လက်များအပေါ် လိုက်နာရန်သည် ၄င်းကျေးကျွန်တို့အပေါ်၌ 'ဖွရဒ်'ဖြစ်ခြင်း'ဘက်သို့လည်း ရည်ညွှန်းဖော်ထုတ်ထားပေသည်။

وَكِتٰبٍ مَّسْطُوْرٍ فِىْ رَقٍّ مَّنْشُوْرٍ

(၄င်းပြင် ငါအသျှင်မြတ်သည် ဖြန့်ထားသော စာရွက်ပေါ်၌ ရေးသားပြီးဖြစ်သော ဤကျမ်းဂန်မှတ်တမ်းတော်ကို သက်သေထူတော်မူ၏။) *[၅၂ း ၂-၃]*

رَقٍّ 'ရပ်က်'ဟူသော စာလုံးသည် စင်စစ်၌ 'ပါးလွှာသောသားရေ' ကို ခေါ်ဆိုပေသည်။ ၎င်းသားရေချပ်ကို ရေးသားရန်အတွက် စာရွက်အစား အသုံးပြုပေသည်။ ၎င်း၏ အလိုသဘောမှာ 'ရေးသားထားပြီးဖြစ်သော အရာ' ဟူ၍ ဖြစ်၏။ ထို့ကြောင့် ၎င်းအရာအား 'စာရွက်' ဟူ၍ ဘာသာပြန်ဆိုလိုက်ခြင်းဖြစ်၏။ كِتَٰبٍ مَّسْطُورٍ (ရေးသားပြီးဖြစ်သော ကျမ်းဂန်မှတ်တမ်း) ဟူသော စကားလုံးတော်များ၏ အလိုသဘောမှာ လူသားတို့၏ ကုသိုလ်၊ အကုသိုလ်မှတ်တမ်းပင် ဖြစ်ပေသည်။ ၎င်းကို စကားပြေအကျဉ်းချုပ်၌ ရေးသားခဲ့ပြီးဖြစ်ပေသည်။ အချို့သော အဖွင့်ရှင်ကြီးများသည် အလိုသဘောမှာ 'ကုရ်အာန်ကျမ်းတော်မြတ်' ဖြစ်သည်ဟု မိန့်ဆိုထားကြပေသည်။ *[ကုရ်သုဗီး]*

မိုးကောင်းကင်သားတို့၏ 'ကအ်ဗာဟ်' သည် 'ဗိုင်ရ်ုလ်မအ်မူးရ်' ဖြစ်ခြင်းအကြောင်း

وَالْبَيْتِ الْمَعْمُورِ

(၎င်းပြင် စည်ပင်သာယာသော အိမ်တော်ကို သက်သေထူတော်မူ၏။) *[၅၂ : ၄]*

'ဗိုင်ရ်ုလ်မအ်မူးရ်'သည် မိုးကောင်းကင်ရှိ ကောင်းကင်တမန်တော်များ၏ 'ကအ်ဗာဟ်'ကျောင်းတော် ဖြစ်ပေသည်။ ကမ္ဘာလောကရှိ 'ကအ်ဗာဟ်'ကျောင်းတော်၏ အပေါ်ယံ အလယ်တည့်တည့်၌ ရှိပေသည်။ ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်း၏ ဟဒီးစ်တော်များ၌ လာရှိထားသည်မှာ 'တမန်တော်မြတ် ﷺ ၏ 'မေအ်ရာဂျ်'ကောင်းကင်ဘုံနန်းခရီးကို ကြွမြန်းသွားသော ညဉ့်၌ တမန်တော်မြတ် ﷺ အား မိုးကောင်းကင် (၇) ထပ်သို့ ရောက်ရှိသွားသောအခါ 'ဗိုင်ရ်ုလ်မအ်မူးရ်' ရှိရာဆီသို့ ခေါ်ဆောင်သွားပေသည်။ အကြင်ဗလီဝတ်ကျောင်းတော်အတွင်းသို့ နေ့စဉ်နေ့တိုင်း ကောင်းကင်တမန်တော်ပေါင်း (၇၀၀၀၀) သည် 'အေဗာဒသ်' (ခဝပ်ကိုးကွယ်မှု) ပြုရန်အတွက် ဝင်ရောက်လျက် ရှိနေပေသည်။ သို့တစေငြားလည်း ထိုကောင်းကင်တမန်တော်များသည် ဒုတိယအကြိမ် ဤဝတ်ကျောင်းတော်သို့ ပြန်လည်ရောက်ရှိရန် အလှည့်ကျတော့မည်မဟုတ်ပေ။ (အဘယ်ကြောင့်ဆိုသော် နေ့စဉ်နေ့တိုင်း၊ အခြားကောင်းကင်တမန်တော် အသစ်များ၏ အလှည့်သည် ကျရောက်နေသောကြောင့် ဖြစ်ပေသည်။ *[အိဗ်နေကစီးရ်]*

'ဗိုင်ရ်ုလ်မအ်မူးရ်' သည် သတ္တမမြောက် မိုးကောင်းကင်၌ နေထိုင်သော ကောင်းကင်တမန်တော်များ၏ 'ကအ်ဗာဟ်'ဖြစ်ပေသည်။ ထို့ကြောင့် ကောင်းကင်ဘုံနန်းခရီး ကြွမြန်းသွားသော ည၌ တမန်တော်မြတ် ﷺ သည် 'ဗိုင်သုလ်မအ်မူးရ်' သို့ ရောက်ရှိသောအခါ ဟဇရသ်အိဗ်ရာဟီမ် عليه السلام ကို တံတိုင်းနံရံအား မှီ၍ ထိုင်နေတော်မူသည်ကို တွေ့မြင်ခဲ့ရသည်။ အကြောင်းမှာ ထိုနဗီကြီးသည် ကမ္ဘာလောကရှိ 'ကအ်ဗာဟ်' ကျောင်းတော်အား စတင် တည်ဆောက်ခဲ့သူ ဖြစ်သောကြောင့် အလ္လာဟ်အသျှင်မြတ်သည် ထိုတည်ဆောက်မှု၏ အစား၌ ကောင်းကင် 'ကအ်ဗာဟ်'တော်ဖြင့်လည်း ၎င်းအား သီးသန့်ဆက်နွယ်မှုကို ပြုလုပ်ပေးတော်မူထားပေသည်။ *[အိဗ်နေကစီးရ်]*

وَالْبَحْرِ الْمَسْجُوْرِ

(ထိုပြင် လျှံတက်လျက်ရှိသော သမုဒ္ဒရာပင်လယ်ကို သက်သေထူတော်မူ၏။) *[၅၂ : ၆]*

بحر ၏ အလိုသဘောမှာ 'ပင်လယ်သမုဒ္ဒရာ' ဖြစ်ပေသည်။ **مسجور** သည် **سجر** ဟူသော ပုဒ်မှ ဆင်းသက်လာ၍ အဓိပ္ပာယ်အမျိုးမျိုးအတွက် အသုံးပြုသည်။ အဓိပ္ပာယ်တစ်ရပ်မှာ 'မီးတောက်လောင်စေခြင်း' ဟူ၍ ဖြစ်သည်။ အချို့ အဖွင့်ပညာရှင်ကြီးများသည် ဤနေရာ၌ 'မီးအဖြစ် ပြုခြင်းခံရသော ပင်လယ်သမုဒ္ဒရာ၏ ကစမ်' ဟူသော အဓိပ္ပာယ်ကို ကောက်ယူထားကြပေသည်။ ယင်းသို့ ကောက်ယူခြင်း၌ 'ကေယာမသ်နေ့တွင် မြစ်၊ ပင်လယ်၊ သမုဒ္ဒရာများအားလုံးသည် မီးဖြစ်သွားပေလိမ့်မည်'ဟူသော အချက်ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားဟန် တူပေသည်။ ဤသည်ကို အခြားသော အာယသ်တော်တစ်ပါး၌

وَ اِذَا الْبِحَا رُسُجِّرَتْ

(ထို့ပြင် ပင်လယ်သမုဒ္ဒရာများသည် ခြောက်ခန်းဆူပွက်စေခြင်းကို ခံကြရလေသောအခါ။) *[၈၁ : ၆]*

ဟူ၍ မိန့်ကြားထားပေသည်။ ဆိုလိုသည်မှာ 'လေးဘက်လေးရံ၌ ရှိသော ပင်လယ်သမုဒ္ဒရာများသည် မီးဖြစ်ကာ 'ဟရှရ်' ကွင်းပြင်၌ စုရုံးလျက်ရှိနေသော လူသားတို့ကို ဝိုင်းရံထားပေလိမ့်မည်'ဟူ၍ ဖြစ်သည်။ ဤအဓိပ္ပာယ်ကိုသာလျှင် ဟဇရသ်စအီးဒ် အိဗ်နေ့မုစိုက်ယိဗ် (ရဟ) သခင်ကြီးသည် ဟဇရသ် အလီ ﷺ သခင်ကြီးထံမှ ဆင့်ပြန်ခဲ့သည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ ၊ စအီးဒ်ဗင်နိမုစိုက်ယိဗ် (ရဟ)၊ မုဂျဟီဒ် (ရဟ)၊ အုဗိုင်ဒုလ္လာဟ်ဗင်နိအုမိုင်ရ် (ရဟ) တို့သည်လည်း ဤအကျယ်ဖွင့်ဆိုချက်ကိုသာလျှင် ဖွင့်ဆိုထားကြပေသည်။ *[အိဗ်နေကဇီးရ်]*

ဟဇရသ်အလီ ﷺ သခင်ကြီးအား ယဟူဒီတစ်ဦးသည် 'ဂျဟန္နမ်'သည် မည်သည့်နေရာ၌နည်း' ဟူ၍ မေးမြန်းရာ 'ပင်လယ်သမုဒ္ဒရာ'ဖြစ်ကြောင်း ပြန်လည်၍ ဖြေကြားလိုက်ပေသည်။ ယဟူဒီသည်လည်း အတိတ်ခေတ်ကျ ကျမ်းဂန်များအား တတ်ကျွမ်းနားလည်သော အာလင်မ်တစ်ပါးဖြစ်သည့်အတွက်ကြောင့် ထိုဖြေကြားချက်ကို ထောက်ခံခဲ့ပေသည်။ *[ကုရ်သုဗီး]*

ဟဇရသ်ကသာဒဟ် (ရဟ) အစရှိသော သခင်ကြီးများသည် **مسجور** 'မတ်စ်ဂျူးရ်'၏ အဓိပ္ပာယ်ကို **مملو** (ရေများဖြင့် ပြည့်လျှံခြင်း) ဟူသော အဓိပ္ပာယ်ကို ကောက်ယူထားပေသည်။ အိဗ်နေဂျရီးရ် (ရဟ) သခင်ကြီးသည်လည်း ဤအထက်ဖော်ပြပါ အဓိပ္ပာယ်ကိုပင် ရွေးချယ်ကောက်နုတ်ထားပေသည်။ *[အိဗ်နေကဇီးရ်]*

ဤအဓိပ္ပာယ်ကိုသာလျှင် အထက်၌ စကားပြေအကျဉ်းချုပ်တွင် တင်ပြခဲ့ပေသည်။

اِنَّ عَذَابَ رَبِّكَ لَوَا قِعٌ مَّا لَهٗ مِنْ دَافِعٍ

(ဧကန်မလွဲ အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ပြစ်ဒဏ်သည် အမှန်ပင် ကျရောက်မည်သာ ဖြစ်ပေ၏။ ယင်းပြစ်ဒဏ်ကို ဖယ်ရှားနိုင်သောသူဟူ၍ မည်သူမျှ အလျှဉ်းမရှိပြီ။) *[၅၂ : ၇-၈]*

ဤသည် 'ကစမ်' ကျိန်ဆိုသက်သေထူ တင်ပြရသော အကြောင်းအရာဖြစ်သည်။ အထက်၌ 'သူရ်'တောင်၊ ကုသိုလ်၊ အကုသိုလ် မှတ်တမ်းများ၊ 'ဗိုင်ရ်သုလ်မအ်မူးရ်'၊ မိုးကောင်းကင်နှင့် ပင်လယ်သမုဒ္ဒရာတို့ကို ထိုစာစဉ်အကြောင်းအရာများအတွက် ကျိန်ဆိုထားခြင်းဖြစ်သည်။ ၄င်းစာစဉ်အကြောင်းအရာမှာ ကာဖိရ်များ၏အပေါ်၌ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ပြစ်ဒဏ်တော်သည် မုချ သက်ရောက်လာမည့်အရာ ဖြစ်ပေသည်' ဟူ၍ ဖြစ်၏။

ဟဇရသ်ဖာရူကေ့အအ်ဇွားမ် ﷺ သခင်၏ ဖြစ်အင်

ဟဇရသ်ဖာရူကေ့အအ်ဇွားမ်အုမရ် ﷺ သခင်ကြီးသည် တစ်နေ့ 'စူရာဟ်သူရ်' ကို ဖတ်ရွတ်တော်မူရာ ဤအထက်ဖော်ပြပါ အာယသ်တော်မြတ်သို့ ရောက်ရှိသောအခါ သက်ပြင်းတစ်ချက်ကို ချလိုက်ပေသည်။ ထို့နောက် ရက်ပေါင်း (၂၀) ထိတိုင် နာမကျန်းဖြစ်နေပေသည်။ လူတို့သည် လူမမာအား မေးမြန်းရန်အတွက်၊ ဖြေသိမ့်မှုပေးရန်အတွက်ကိုမူ လာရောက်ကြသည်။ သို့သော် 'မည်သည့်ရောဂါ ဖြစ်နေသည်'ကိုမူ မသိရှိကြပေ။ *[အိဗ်နေကဆီးရ်]*

ဟဇရသ်ဂျိုဗိုက်ဗင်နု မသွံအမ် ﷺ သခင်ကြီး အမိန့်ရှိသည်မှာ ကျွန်ုပ် မွတ်စလင်မ်မဖြစ်သေးမီ တစ်ကြိမ်တစ်ခါ မဒီနာရွှေမြို့တော်သို့ 'ဗဒရ်'၏ အကျဉ်းသားများနှင့် စပ်လျဉ်း၍ တမန်တော်မြတ် ﷺ နှင့် စကားပြောဆိုရန် ရောက်ရှိလာခဲ့ပေသည်။ ကျွန်ုပ် ရောက်ရှိလာသော အချိန်တွင် တမန်တော်မြတ် ﷺ သခင်ကြီးသည် 'မဂ်ရိဗ်'နမာဇ်၌ 'စူရာဟ်သူးရ်'ကို ရွတ်ဖတ်နေတော်မူရာ ဗလီအပြင်ထိတိုင် အသံသည် ရောက်ရှိနေပေသည်။

اِنَّ عَذَابَ رَبِّكَ لَوَاقِعٌ مَا لَهُ مِنْ دَافِعٍ

(ကေန်မလွဲ အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ပြစ်ဒဏ်သည် အမှန်ပင် ကျရောက်မည်သာ ဖြစ်၏။ ယင်းပြစ်ဒဏ်ကို ဖယ်ရှားနိုင်သောသူဟူ၍ မည်သူမျှ အလျဉ်းမရှိပြီ။)

[၅၂ : ၇-၈]

ဟူသော အာယသ်တော်သို့ ရောက်ရှိလာသောအခါ ကျွန်ုပ်၏ အခြေအနေသည် ရုတ်ချည်း ကြောက်ရွံ့မှုကြောင့် နှလုံးသားသည် ပေါက်ကွဲလုမတတ် ဖြစ်သွားပေသည်။ ကျွန်ုပ်သည် ချက်ချင်း အစ္စလာမ်သာသနာကို လက်ခံလိုက်ပေသည်။ ကျွန်ုပ်သည် ထိုအချိန်၌ 'ကျွန်ုပ်သည် ဤနေရာမှ ရွေ့လျားချိန် မရမီမှာပင် ပြစ်ဒဏ်သည် ကျွန်ုပ်အပေါ် ကျရောက်လာပေမည်'ဟူသော အချက်ကို ခံစား၍ နေရပေသည်။

[ကုရ်သုဗီး]

يَوْمَ تَمُوْرُ السَّمَآءُ مَوْرًا

(ထိုနေ့တွင် မိုးကောင်းကင်မှာ တုန်လှုပ်အက်ကွဲ၍ သွားပေမည်။) *[၅၂ : ၉]*

အာဗိဓါန်၌ 'ငြိမ်သက်မှုမရှိသော၊ နေမထိထိုင်မသာ' ဖြစ်သော အခြေအနေကို مَوْر ဟု ခေါ်ဆိုပေသည်။ 'ကေယာမသ်'နေ့၌ ဖြစ်ပေါ်လာမည်ဖြစ်သော မိုးကောင်းကင်၏ ငြိမ်သက်မှုမရှိသော၊ နေမထိထိုင်မသာဖြစ်သော အခြေအနေကို တင်ပြထားခြင်း ဖြစ်ပေသည်။

သူတော်စင်အကြီးအကဲများနှင့် သားချင်း ဆက်စပ်မှုရှိခြင်းသည် အီမာန်၏ စည်းကမ်းချက်ဖြင့် နောင်တမလွန်ဘဝ 'အာခေရသ်' ၌လည်း အကျိုးပေးမည့်အကြောင်း

وَالَّذِيْنَ اٰمَنُوْا وَاتَّبَعَتْهُمْ ذُرِّيَّتُهُمْ بِاِيْمَانٍ اَلْحَقْنَا بِهِمْ ذُرِّيَّتَهُمْ

(ထို့ပြင် အကြင်သူတို့သည် အီမာန်သက်ဝင် ယုံကြည်ခဲ့ကြကုန်၏။ ထို့ပြင် ၎င်းတို့၏ သားမြေးတို့သည်လည်း အီမာန်သက်ဝင် ယုံကြည်မှုနှင့်တကွ ၎င်းတို့၏ ခြေရာနောက်သို့ လိုက်ခဲ့ကြကုန်၏။ ငါအသျှင်မြတ်သည် ၎င်းတို့၏ သားမြေးတို့အား 'ဂျန္နသ်'သုခဘုံ၌ ၎င်းတို့နှင့် အတူတကွ ပူးပေါင်းထားတော်မူပေမည်။) *[၅၂ : ၂၁]*

ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားပေသည်။ တမန်တော်မြတ် ﷺ သည် ဤသို့ မိန့်မြွက်ထားတော်မူပေသည်။ အလ္လာဟ်အသျှင်မြတ်သည် မွန်မြတ်သော မုအ်မင်န်တို့၏ သားစဉ်မြေးဆက်တို့ကိုလည်း ၎င်းတို့၏ အကြီးအကဲ ဘိုး၊ ဘွား၊ ဘီ၊ ဘင်တို့၏ အဆင့်ထိတိုင် ပို့ဆောင်ပေးတော်မူပေလိမ့်မည်။ ၎င်းတို့၏ ကျင့်ကြံပြုမူ ဆောင်ရွက်ချက်ကို ထောက်ရှု၍ ယင်းအဆင့်နှင့် မထိုက်တန်နေလင့်ကစား ထိုအကြီးအကဲ သူတော်စင်တို့၏ စက္ခုအစုံ အေးမြသွားစေရန်အလို့ငှာ ဖြစ်ပေသည်။

[မဇ္ဇဟရီကျမ်း]

သွာဗ်ရာနီးကျမ်း၌ ဟဇရသ်စအီးဒ်အိဗ်နေဂျုဗိုက်ရ် (ရဟ) သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားပေသည်။ ၎င်းက တင်ပြသည်မှာ "အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးသည် ဤသို့ အမိန့်ရှိထားပေသည်။ (ကျွန်ုပ် မိုဟမ္မဒ်စအီးဒ် ထင်မြင်မိသော အချက်မှာ အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးသည် ထိုဆင့်ပြန်ချက်ကို တမန်တော်မြတ် ﷺ ၏ ထံတော်ပါးမှ ဆင့်ပြန်ထားပေသည်။) ၎င်းမှာ 'တစ်ဦးတစ်ယောက်သည် 'ဂျန္နသ်' သုခဘုံသို့ ဝင်ရောက်သွားသောအခါ မိမိ၏ မိဘနှစ်ပါး၊ ဇနီးနှင့် သားသမီးတို့နှင့် စပ်လျဉ်း၍ '၎င်းတို့သည် မည်သည့် အရပ်ဒေသ၌နည်း' ဟူ၍ မေးမြန်းရာ 'အသင်၏ အဆင့်အတန်းကို မရောက်ရှိသည့်အတွက်ကြောင့် ('ဂျန္နသ်'၏ အခြားသီးခြားသော နေရာ၌ ရှိပေသည်)' ဟူ၍ ပြန်လည် မိန့်မြွက်ခြင်းကို ခံရပေမည်။ ဤသူက ဆက်လက်၍ 'အို၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ ကျွန်တော်မျိုး ကျင့်ကြံပြုမူ ဆောင်ရွက်ခဲ့သော အမှုကိစ္စများသည် မိမိနှင့် ၎င်းတို့အားလုံးအတွက် ပြုကျင့်ခဲ့ခြင်း ဖြစ်ပေသည်' ဟု လျှောက်ထားပေမည်။ သို့ရှိရာ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ 'ထိုသားသမီး၊ မိဘနှစ်ပါးနှင့် ဇနီးကြင်ယာတို့ကိုလည်း ၎င်းတည်ရှိသော 'ဂျန္နသ်'၏ အဆင့်အတန်း၌ အတူတကွ ထားရှိကုန်' ဟူ၍ မိန့်မြွက်ချက် ထုတ်ပြန်လိုက်ပေမည်" ဟူ၍တည်း။ *[အိဗ်နေကဆီးရ်]*

ဟာဖိဇ်အိမ်နေကစီးရ် (ရဟ) သခင်ကြီးသည် တင်ပြပါ ဆင့်ပြန်ချက်များကို ဆင့်ကဲ တင်ပြပြီး နောက် မိန့်တော်မူသည်မှာ "ယင်းဆင့်ပြန်ချက်များဖြင့် နောင်တမလွန် 'အာခေရသ်'၌ မွန်ရည်သော အဘ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင်တို့၏ 'ဗရ်ကသ်တော်ကြောင့် ၎င်းတို့၏ သားသမီးများအဖို့ အကျိုးရှိနေ မည်ဖြစ်ခြင်းအကြောင်း၊ ထိုသားသမီး၊ မြေးမြစ်တို့သည် ကျင့်ကြံပြုမူ ဆောင်ရွက်ခြင်းကဏ္ဍတို့၌ အဆင့် နိမ့်နေလင့်ကစား မိမိတို့၏ မွန်မြတ်သော ဘိုး၊ ဘွား၊ ဘီ၊ ဘင်တို့၏ အဆင့်အတန်းများထိတိုင် ပို့ ဆောင်ခြင်းခံရမည်ဖြစ်ခြင်း အကြောင်းဟူသော အချက်ကို အတည်ပြု၍ရသည်။" ယင်းအချက်၏ ဒုတိယ ရှုထောင့်တစ်ရပ်ဖြစ်သော မွန်ရည်သည့် သားသမီးများကြောင့်လည်း မိဘနှစ်ပါးအဖို့ အကျိုးတရား ခံစားရခြင်းအကြောင်း' ကိုလည်း ဟဒီးစ်တော်ဖြင့် အတည်ပြု၍ ရရှိပေသည်။ မွတ်စ်နဒ်အဟ်မဒ်ကျမ်း၌ ဟဇရသ်အဗူဟူရိုင်ရာဟ် ﷺ သခင်သည် ဤသည် အောက်ဖော်ပြပါအတိုင်း မိန့်တော်မူထားပေသည်။ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ အချို့မွန်မြတ်သော ကျေးကျွန်များ၏ အဆင့်အတန်းကို 'ဂျန္နသ်'၌ ၎င်း တို့၏ ကျင့်ကြံမှုထက် လျော်ညီစွာ နောက်ထပ် သာပို၍ မြင့်မားစေတော်မူလိုက်ပေသည်။ သို့ရှိရာ ဤသူ သည် ဤသို့ လျှောက်ထားတော်မူပေလိမ့်မည်။ 'အို၊ ကျွန်တော်မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်' ဤအဆင့်အတန်းနှင့် နေရာသည် ကျွန်ုပ်အဖို့ မည်သည့်နေရာမှ ရရှိခဲ့ပေသနည်း။ (ကျွန်ုပ် ကျင့်ကြံ ပြုမူဆောင်ရွက်ခဲ့ခြင်းသည် ဤအဆင့်အတန်းနေရာမျိုးနှင့် ထိုက်တန်မှု မရှိပေ။) ထိုအခါ အသင် ၏ သားသမီးများသည် အသင့်အတွက် ပြုကျင့်ပေးခဲ့ကြသော 'အစ်သိဂ်ဖားရ်'နှင့် ဒိုအာတို့၏ အကျိုး ဆက်တရားကြောင့်သာ ဖြစ်ပေသည်' ဟူ၍ ပြန်လည် ဖြေကြား မိန့်မြွက်ခြင်းကို ခံရပေမည်။

[အေမာစ်အဟ်မဒ်]

وَمَآ أَلَتْنَاهُم مِّنْ عَمَلِهِم مِّن شَىْءٍ

(ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့၏ ကျင့်မူဆောင်ရွက်ချက်တို့အနက်မှလည်း မည်သည့်တစ်စုံ တစ်ရာကိုမျှ လျှော့နည်းစေတော်မူမည်မဟုတ်ပေ။) *[၅၂ : ၂၁]*

اَلَتْ ، اَلَاتَ ၊ တို့၏ လုံးချင်းကောက်အဓိပ္ပာယ်မှာ 'လျှော့နည်းစေခြင်း'ဟူ၍ ဖြစ်၏။

[ကုရ်သုဗီး]

အာယသ်တော်၏ အဓိပ္ပာယ်မှာ ဤသို့တည်း။ မွန်မြတ်သော သူတို့၏ သားသမီးများကို ၎င်းတို့ ပြုကျင့်ခဲ့ကြသော အဆင့်အတန်းထက် သာပိုကာ မွန်မြတ်သော မိဘ၊ ဘိုး၊ ဘွားတို့နှင့် အတူတကွ ထားရှိစေခြင်းအတွက် 'မွန်မြတ်သော ဘိုးဘွားမိဘတို့၏ ဆောင်ရွက်ချက်များထဲမှ အချို့ကို လျှော့ချ ကာ သားသမီးများ၏ ကျင့်ကြံချက်များအတွင်းဝယ် ဖြည့်တင်း ဖြည့်ဆည်းပေးလိုက်ခြင်း သဘောမျိုး မဟုတ်ရုံသာမက အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ကျေးဇူးအသနားတော်ဖြင့် ၎င်းတို့၏ အဆင့်အတန်း ကို တူညီစေလိုက်ခြင်း ဖြစ်ပေမည်ဟူ၍တည်း။

كُلُّ امْرِئٍ بِمَا كَسَبَ رَهِينٌ

လူတိုင်းသည် မိမိရှာဖွေဆည်းပူးခဲ့သော အမှုကိစ္စအပေါ် ချုပ်နှောင်ခြင်း ခံရမည် ဖြစ်၏။

[၅၂ : ၂၁]

အခြားသောသူတစ်ဦးတစ်ယောက်၏ ပြစ်မှုဒုစရိုက်ကို ၎င်း၏ ဦးခေါင်းထက်ဝယ် ချပေးခြင်း ခံရလိမ့်မည်မဟုတ်။ ဆိုလိုသည်မှာ လွန်လေပြီးသော အာယသ်တော်အတွင်း၌ မွန်မြတ်သော သူတို့၏ သားသမီးများကို မွန်မြတ်သော အကြီးအကဲတို့အား ထောက်ရှု၍ အဆင့်အတန်းကို မြင့်မားစွာ ချီးမြှင့်ပေးသနားတော်မူခြင်းကို ခံရပေသည်။ ဤပြုမူဆောင်ရွက်ချက်တို့သည် ကုသိုလ်အကျိုး ကောင်းမှုများ၌သာ ဖြစ်မည်။ မကောင်းမှု အကုသိုလ်တို့နှင့် စပ်လျဉ်း၍မူ တစ်ဦးတစ်ယောက်၏ ပြစ်မှုဒုစရိုက်တစ်ခုကို အခြားသော တစ်ဦးတစ်ယောက်အပေါ် တစ်စုံတစ်ရာ သက်ရောက်ပုံချ၍ ရမည်မဟုတ်ချေ။ *[အိဗ်နေကစီးရ်]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

فَذَكِّرْ فَمَا أَنْتَ بِنِعْمَتِ رَبِّكَ بِكَاهِنٍ وَّلَا مَجْنُوْنٍ ﴿٢٩﴾

၅၂ : ၂၉ ။ ။ သို့ဖြစ်ပေရာ (အို, နဗီတမန်တော်) အသင်သည် သတိပေးဆုံးမလျက်ပင် ရှိပါလေ။ စင်စစ် အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ကျေးဇူးတော်အားဖြင့် အနာဂတ်ဟောဆရာလည်း မဟုတ်ပေ။ ရူးသွပ်သူလည်း မဟုတ်ပေ။

أَمْ يَقُوْلُوْنَ شَاعِرٌ نَّتَرَبَّصُ بِهٖ رَيْبَ الْمَنُوْنِ ﴿٣٠﴾

၅၂ : ၃၀ ။ ။ သို့တည်းမဟုတ် ၎င်းတို့က 'ဤသူ (မိုဟမ္မဒ်) သည် ကဗျာဆရာတစ်ဦးဖြစ်သည်။ ကျွန်ုပ်တို့သည် ၎င်းနှင့် ပတ်သက်၍ ကံအားလျော်စွာ ဆိုက်ရောက်လာမည်ဖြစ်သော ခေတ်ကာလ၏ ဘေးအန္တရာယ်၊ သေဘေးကို စောင့်ဆိုင်း၍ နေကြသည်'ဟု ပြောဆိုကြလေသလော။

قُلْ تَرَبَّصُوْا فَإِنِّيْ مَعَكُمْ مِّنَ الْمُتَرَبِّصِيْنَ ﴿٣١﴾

၅၂ : ၃၁ ။ ။ (အို, နဗီတမန်တော်) အသင်သည် (၎င်းတို့အား) ပြောကြားပါလေ။ (အချင်းတို့) 'အသင်တို့သည် စောင့်ဆိုင်း၍ နေကြလေကုန်။ သို့ဖြစ်လျှင် ဧကန်မလွဲ ငါသည်လည်း အသင်တို့နှင့်အတူ စောင့်ဆိုင်းသူတို့တွင် အပါအဝင် ဖြစ်၏။'

أَمْ تَأْمُرُهُمْ أَحْلَامُهُمْ بِهٰذَا أَمْ هُمْ قَوْمٌ طَاغُوْنَ ﴿٣٢﴾

၅၂ : ၃၂ ။ ။ သို့တည်းမဟုတ် ၎င်းတို့၏ အသိဉာဏ်များက ဤသည်နှင့် စပ်လျဉ်း၍ ၎င်းတို့အား အမိန့်ပေးလေသလော။ သို့တည်းမဟုတ် ၎င်းတို့ကိုယ်တိုင်ပင် ဆိုးသွမ်းသူများ ဖြစ်ကြလေသလော။

أَمْ يَقُولُونَ تَقَوَّلَهُۥ ۚ بَل لَّا يُؤْمِنُونَ ﴿٣٣﴾

၅၂ : ၃၃ ။ ။ သို့တည်းမဟုတ် ၎င်းတို့က ထိုသူ (မိုဟမ္မဒ်) သည် 'ဤ (ကုရ်အာန်) ကျမ်းတော်မြတ်ကို ကြံစည်ဖန်တီးခဲ့သည်' ဟု ပြောဆိုကြလေသလော။ ထိုသို့ အလျှဉ်းမဟုတ်။ စင်စစ်မှာမူ ၎င်းတို့ကိုယ်တိုင် သက်ဝင်ယုံကြည်လိုကြသည်မဟုတ်ပေ။

فَلْيَأْتُوا۟ بِحَدِيثٍ مِّثْلِهِۦٓ إِن كَانُوا۟ صَٰدِقِينَ ﴿٣٤﴾

၅၂ : ၃၄ ။ ။ သို့ဖြစ်လျှင် အကယ်၍ ၎င်းတို့သည် (ဤသို့ စွပ်စွဲရာ၌) မှန်ကန်စွာ ပြောဆိုသူ သစ္စာဝါဒီများ ဖြစ်ကြပါလျှင်၊ ယင်း (ကုရ်အာန်) ကျမ်းမြတ်ကဲ့သို့သော အာယသ်တော်တစ်ပါးကိုပင် (ပြုစု၍) ၎င်းတို့ ယူဆောင်၍ လာကြရပေမည်။

أَمْ خُلِقُوا۟ مِنْ غَيْرِ شَىْءٍ أَمْ هُمُ ٱلْخَٰلِقُونَ ﴿٣٥﴾

၅၂ : ၃၅ ။ ။ သို့တည်းမဟုတ် ၎င်းတို့သည် (ဖန်ဆင်းသူ) တစ်ဦးတစ်ယောက်မျှ မရှိဘဲလျက်၊ ဖန်ဆင်းခြင်း ခံခဲ့ကြရလေသလော။ သို့တည်းမဟုတ် ၎င်းတို့ကိုယ်တိုင် (မိမိတို့ကိုယ်ကို) ဖန်ဆင်းသူများ ဖြစ်ကြလေသလော။

أَمْ خَلَقُوا۟ ٱلسَّمَٰوَٰتِ وَٱلْأَرْضَ ۚ بَل لَّا يُوقِنُونَ ﴿٣٦﴾

၅၂ : ၃၆ ။ ။ သို့တည်းမဟုတ် ထိုသူတို့သည် မိုးကောင်းကင်များနှင့် ပထဝီမြေကို ဖန်ဆင်းခဲ့ကြလေသလော။ ထိုသို့ အလျှဉ်းမဟုတ်။ စင်စစ်မှာ ၎င်းတို့သည် ယုံကြည်ကြသည်မဟုတ်ပေ။

أَمْ عِندَهُمْ خَزَآئِنُ رَبِّكَ أَمْ هُمُ ٱلْمُصَۣيْطِرُونَ ﴿٣٧﴾

၅၂ : ၃၇ ။ ။ သို့တည်းမဟုတ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ဘဏ္ဍာတော်များသည် ၎င်းတို့ (၏ လက်ဝယ်) ၌ ရှိကြလေသလော။ သို့တည်းမဟုတ် ၎င်းတို့သည် ယင်းဘဏ္ဍာတော်များကို စီမံကွပ်ကဲ အုပ်ချုပ်သူများပင် ဖြစ်ကြလေသလော။

أَمْ لَهُمْ سُلَّمٌ يَسْتَمِعُونَ فِيهِ ۖ فَلْيَأْتِ مُسْتَمِعُهُم بِسُلْطَٰنٍ مُّبِينٍ ﴿٣٨﴾

၅၂ : ၃၈ ။ ။ သို့တည်းမဟုတ် ၎င်းတို့၌ လှေကားတစ်စုံတစ်ခု ရှိနေ၍ ၎င်းတို့သည် ထိုလှေကားဖြင့် (မိုးကောင်းကင်မှ စကားများကို) နားထောင်ကြလေသလော။ သို့ဖြစ်လျှင် ၎င်းတို့အနက် နားထောင်ခဲ့သော သူသည် ထင်ရှားစွာသော သက်သေအထောက်အထား တစ်စုံတစ်ရာကို ယူဆောင်ခဲ့ရပေမည်။

أَمْ لَهُ ٱلْبَنَٰتُ وَلَكُمُ ٱلْبَنُونَ ﴿٣٩﴾

၅၂ : ၃၉ ။ ။ သို့တည်းမဟုတ် ထိုအသျှင်မြတ်၌ သမီးမိန်းကလေးများ ရှိနေကြပြီး၊ ၎င်းတို့၌မူ သားယောက်ျားကလေးများ ရှိကြလေသလော။

أَمْ تَسْأَلُهُمْ أَجْرًا فَهُم مِّن مَّغْرَمٍ مُّثْقَلُونَ ﴿٤٠﴾

၅၂ : ၄၀ ။ ။ သို့တည်းမဟုတ် (အို၊ နဗီတမန်တော်) အသင်သည် ၎င်းတို့ထံမှ အခကြေးငွေ တစ်စုံတစ်ရာကို တောင်းဆိုသောကြောင့် ၎င်းတို့သည် ကြွေးမြီပေးဆပ်ရန် တာဝန်၌ ဝိလျက် ရှိနေကြလေသလော။

أَمْ عِندَهُمُ الْغَيْبُ فَهُمْ يَكْتُبُونَ ﴿٤١﴾

၅၂ : ၄၁ ။ ။ သို့တည်းမဟုတ် ၎င်းတို့ထံတွင် အကွယ်၌ ရှိသည့် (အကြောင်းအရာ) များကို (သိစွမ်းနိုင်သော အသိပညာရှိသောကြောင့်) ၎င်းတို့သည် ရေးမှတ်ထားကြလေသလော။

أَمْ يُرِيدُونَ كَيْدًا ۖ فَالَّذِينَ كَفَرُوا هُمُ الْمَكِيدُونَ ﴿٤٢﴾

၅၂ : ၄၂ ။ ။ သို့တည်းမဟုတ် ၎င်းတို့သည် (တမန်တော်မြတ်အား အန္တရာယ်ရောက်စေရန်) တစ်စုံတစ်ရာ မကောင်းသော အကြံအစည်ကို ကြံစည်ရန် ရည်ရွယ်ကြလေသလော။ သို့ဖြစ်လျှင် ကာဖိရ်သွေဖည်ငြင်းပယ်ကြကုန်သော သူတို့သည်ပင်လျှင် မကောင်းသော အကြံအစည်၌ မိနေကြကုန်၏။

أَمْ لَهُمْ إِلَٰهٌ غَيْرُ اللَّهِ ۚ سُبْحَانَ اللَّهِ عَمَّا يُشْرِكُونَ ﴿٤٣﴾

၅၂ : ၄၃ ။ ။ သို့တည်းမဟုတ် ၎င်းတို့၌ အလ္လာဟ်အသျှင်မြတ်အပြင် အခြားဆည်းကပ်ကိုးကွယ်ရာ အသျှင်တစ်ပါးပါး ရှိလေသလော။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ တွဲဖက်ကိုးကွယ်ကြသည်တို့မှ လုံးဝ သန့်ရှင်းစင်ကြယ်တော်မူပေသည်။

وَإِن يَرَوْا كِسْفًا مِّنَ السَّمَاءِ سَاقِطًا يَقُولُوا سَحَابٌ مَّرْكُومٌ ﴿٤٤﴾

၅၂ : ၄၄ ။ ။ စင်စစ် အကယ်၍သာ ၎င်းတို့သည် မိုးကောင်းကင်၏ အစိတ်အပိုင်းတစ်ခုခု (ပြုံ) ကျလာသည်ကို တွေ့မြင်ကြသည်ရှိသော်ငြားလည်း (ဤသည်) 'အထပ်ထပ် ဖုံးအုပ်ထပ်ဆင့်ထားသော မိုးတိမ်သာလျှင် ဖြစ်သည်' ဟု ပြောဆိုကြမည်သာ ဖြစ်၏။

فَذَرْهُمْ حَتَّىٰ يُلَاقُوا يَوْمَهُمُ الَّذِي فِيهِ يُصْعَقُونَ ﴿٤٥﴾

၅၂ : ၄၅ ။ ။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် ၎င်းတို့အား (၎င်းတို့၏ အခြေအနေအတိုင်း) အကြင်နေ့နှင့် တွေ့ကြုံကြရသည့်အထိ စွန့်လွှတ်၍ ထားရှိပါလေ။ ထိုနေ့တွင် ၎င်းတို့သည် သေဆုံးကြရပေမည်။

يَوْمَ لَا يُغْنِي عَنْهُمْ كَيْدُهُمْ شَيْئًا وَلَا هُمْ يُنصَرُونَ ﴿٤٦﴾

၅၂ : ၄၆ ။ ။ အကြင်နေ့တွင် ၎င်းတို့အဖို့ ၎င်းတို့၏ အကြံအစည်သည် လုံးဝ အသုံးမဝင်မည့်အပြင် ၎င်းတို့သည် ကူညီစောင်မခြင်းကိုလည်း ခံကြရမည်မဟုတ်ပေ။

وَإِنَّ لِلَّذِينَ ظَلَمُوا عَذَابًا دُونَ ذَٰلِكَ وَلَٰكِنَّ أَكْثَرَهُمْ لَا يَعْلَمُونَ ﴿٤٧﴾

၅၂ ： ၄၇ ။ ။ ထို့ပြင် မတရားမှုကို ကျူးလွန်ခဲ့ကြသော သူတို့၌ ထိုနေ့ မဆိုက်ရောက်မီအလျင်လည်း ပြစ်ဒဏ် (ကျရောက်မည် ဖြစ်၏။) သို့ရာတွင် ၎င်းတို့အနက် မြောက်မြားစွာသော သူတို့သည် သိရှိကြသည် မဟုတ်ပေ။

وَاصْبِرْ لِحُكْمِ رَبِّكَ فَإِنَّكَ بِأَعْيُنِنَا وَسَبِّحْ بِحَمْدِ رَبِّكَ حِينَ تَقُومُ ﴿٤٨﴾

၅၂ ： ၄၈ ။ ။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အမိန့်တော် (ဆိုက်ရောက်လာသည့်အထိ) ကို သည်းခံ၍ စောင့်ဆိုင်းပါလေ။ အကြောင်းမှာ အသင်သည် ငါအသျှင်မြတ်၏ ကြည့်ရှုစောင့်ရှောက်မှုအောက်တွင် ရှိနေသောကြောင့်ပင် (ဖြစ်၏။) ထို့ပြင် အသင်သည် (ထိုင်ရာမှ ပြန်) ထခဲ့သောအခါ၊ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား ချီးမွမ်းထောပနာပြုခြင်းနှင့်တကွ (ထိုအသျှင်မြတ်) သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မြွက်ဆိုပါလေ။

وَمِنَ اللَّيْلِ فَسَبِّحْهُ وَإِدْبَارَ النُّجُومِ ﴿٤٩﴾

၅၂ ： ၄၉ ။ ။ ထို့ပြင် အသင်သည် ညဉ့်၌လည်းကောင်း၊ ကြယ်၊ နက္ခတ်တာရာများ (ကွယ်ပျောက်သွားသည့်) နောက်ပိုင်းတွင်လည်းကောင်း ထိုအသျှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မြွက်ဆိုပါလေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(တမန်တော်မြတ် ﷺ အပေါ်၌ ဖြန့်ဖြူးပို့ချရန် အရေးကြီးသော အကြောင်းအရာများကို 'ဝဟီ'အားဖြင့် အမိန့်ထုတ်ပြန်ခြင်း ခံခဲ့ရပေသည်။ ဥပမာ- အထက်၌မှာပင် 'ဂျန္နသ်'သို့ ရောက်ထိုက်သူနှင့် 'ဂျဟန္နမ်' သို့ ရောက်ထိုက်သူများအကြောင်းကို အကျယ်တဝင့် ရှင်းလင်းဖော်ထုတ် ပြဆိုထားပေသည်) သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် (ထိုအကြောင်းအရာများအား လူတို့ကို) သတိပေး ဆုံးမလျက်ပင် ရှိပါလေ။ (အဘယ်ကြောင့်ဆိုသော်) စင်စစ် အသင်သည် မိမိအား မွေးမြူဖန်ဆင်းတော် မူသော အသျှင်မြတ်၏ ကျေးဇူးတော်အားဖြင့် အနာဂတ်ဟောဆရာလည်း မဟုတ်ပေ။ ရူးသွပ်သူလည်းမဟုတ်ပေ။ سورہ ضحی ကျရောက်လာခြင်း၏ ကျောထောက်နောက်ခံသမိုင်း အကြောင်းအရာဖြစ်သော မုရှိရစ်က်တို့ ပြောဆိုသည့် ပြောကြားချက်ဖြစ်သော

قد تركك شيطانك

(အသင်၏ ရိုက်သွာန်သည် အသင့်အား စွန့်ပယ်ခဲ့လေပြီး) ဟူသည် ဆင့်ပြန်ချက်အဖြစ် လာရှိထား ပေသည်။ *[ဘုခါရီကျမ်း]*

အချုပ်သဘောတရားကို တင်ပြရမည်ဆိုလျှင် တမန်တော်မြတ် ﷺ သည် အနာဂတ်ဟောဆရာ တစ်ဦးလည်း မဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် အနာဂတ်ဟောဆရာသည် ရိုက်သွာန်များထံမှ သတင်း

များကို ရယူလျက် ရှိနေပေသည်။ တမန်တော်မြတ် ﷺ သည် ရှိုက်သွာန်နှင့် တစ်စုံတစ်ရာမျှ ပတ်သက်မှု မရှိပေ။ ထို့နောက် အခြားသော အာယသ်တော်တစ်ပါးတွင်

وَيَقُوْلُوْنَ اِنَّهٗ لَمَجْنُوْنٌ

(ထို့ပြင် ၄င်းတို့က 'ဧကန်အမှန် ဤသူသည် ရူးသွပ်နေသည်' ဟူ၍ ပြောဆိုကြကုန်၏။)

[၆၈ : ၅၁]

ဟူ၍ လာရှိထား၏။ ထိုအာယသ်တော်အတွင်းတွင် တမန်တော်မြတ် ﷺ ၌ ရူးသွပ်ခြင်း မရှိကြောင်း ကိုလည်း တင်ပြထား၏။ အလိုသဘောမှာ အသင်သည် နဗီတမန်တော်ဖြစ်လေရာ မည်သူများ၊ မည်ကဲ့သို့ပင် ပြောဆိုသည်ဖြစ်စေ၊ နဗီတမန်တော်၏ တာဝန်အလုပ်မှာ သတိပေးဆုံးမလျက် ရှိနေခြင်းပင် ဖြစ်၏။) သို့တည်းမဟုတ် ၄င်းတို့က (အနာဂတ်ဟောဆရာ၊ ရူးသွပ်နေသူဟူ၍ ပြောဆိုခြင်းသာမက 'ဤသူ (မိုဟမ္မဒ်) သည် ကဗျာဆရာတစ်ဦး ဖြစ်သည်။ (ထို့ပြင်) ကျွန်ုပ်တို့သည် ၄င်းနှင့် ပတ်သက်၍ ကံအားလျော်စွာ ဆိုက်ရောက်လာမည်ဖြစ်သော ခေတ်ကာလ၏ ဘေးအန္တရာယ်၊ သေဘေးကို စောင့်ဆိုင်း၍ နေကြသည်' ဟု ပြောဆိုကြလေသလော။ (ပမာဆိုရသော် ဒုရ်ရေမန်စူးရ်ကျမ်း၌ လာရှိထားသည်မှာ ကုရိုက်ရှ်တို့သည် دار الندوة 'ဒါရုန်နဒ်ဝါ' ၌ စုရုံးကာ တမန်တော်မြတ် ﷺ နှင့် စပ်လျဉ်း၍ အခြားသော ကဗျာဆရာများ သည်လည်း ကွယ်လွန်သေဆုံးသွားသကဲ့သို့ ၄င်းသည်လည်း ထိုကဗျာဆရာများထဲမှ တစ်ဦးအပါအဝင် ဖြစ်ကာ တစ်နေ့ ပျက်သုဉ်းသွားပေလိမ့်မည်။ သို့ဆိုလျှင် အစ္စလာမ်သာသနာ၏ အမှုကိစ္စသည်ပင်လျှင် ပပျောက်သွားပေလိမ့်မည်ဟု ဝိုင်းဝန်းအကြံပေးခဲ့ကြ၏။)

(အို၊ နဗီတမန်တော်) အသင်သည် (၄င်းတို့အား) ပြောကြားပါလေ။ (အချင်းတို့၊ သာပို၍ ကောင်း မွန်သော အချက်မှာ) အသင်တို့သည် စောင့်ဆိုင်း၍ နေကြလေကုန်။ သို့ဖြစ်လျှင် ဧကန်အမှန် ငါသည်လည်း အသင်တို့နှင့်အတူ စောင့်ဆိုင်းသူတို့တွင် အပါအဝင်ဖြစ်၏။ (ဆိုလိုသည်မှာ အသင်တို့သည် ကျွန်ုပ်၏ ဇာတ်သိမ်းကို ကြည့်ရှု၍ ကျွန်ုပ်သည်လည်း အသင်တို့၏ ဇာတ်သိမ်းကို ကြည့်ရှုမည်ဖြစ်သည်။ ထိုအာယသ် တော်အတွင်း၌ အရိပ်အမြွက်သဘောမျိုးဖြင့် ကျွန်ုပ်၏ နိဂုံးချုပ်သည် အောင်မြင်မည်ဖြစ်ပြီး အသင်တို့၏ နိဂုံးချုပ်သည် အောင်မြင်မှုမရရှိဘဲ ဆုံးရှုံးပျက်စီးမှု၌သာ ရှိမည်'ဟူ၍ ကြိုတင်ဟောကိန်းပါ ပါဝင်နေပေ သည်။ 'အသင်တို့သည် သေဆုံးမည့်သူများဖြစ်ပြီး ကျွန်ုပ်သည် သေဆုံးမည့်သူမဟုတ်' ဟူသော ရည်ရွယ် ချက်မျိုး မဟုတ်ပေ။ သို့သာမက ၄င်းကာဖိရ်တို့သည် ၄င်း (မိုဟမ္မဒ် ﷺ) ယူဆောင်လာသော သာသနာ သည် ရှင်သန်နိုင်မည်မဟုတ်။ ဤသူ ကွယ်လွန်သေဆုံးသွားပါမူ ၄င်းယူဆောင်လာသော သာသနာ သည်လည်း မေးမှိန်ပပျောက်သွားပေလိမ့်မည်' ဟု ထင်မြင်ရည်ရွယ်ခဲ့ကြသည်။ အဖြေ၌ ထိုအချက်အား တုန့်ပြန်ဖြေကြားထားပေသည်။ သို့ရှိရာ ထိုကဲ့သို့ပင် ဖြစ်ပေါ်ခဲ့ပေသည်။)

(ဤသူတို့သည် ဤကဲ့သို့သော စကားရပ် အကြောင်းအရာတို့ကို ပြောဆိုလျက် ရှိနေကြပေရာ) သို့တည်းမဟုတ် ၄င်းတို့၏ အသိဉာဏ်များက (၄င်းတို့သည် မိမိတို့၌ ဦးနှောက်အသိဉာဏ်ရှိကြောင်း၊

မိမိတို့သည် ဉာဏ်ကြီး ရှင်များဖြစ်ကြောင်းကိုလည်း လွန်စွာ ကြွေးကြော်နေသည်။) ဤသည်နှင့် စပ်လျဉ်း၍ ၎င်းတို့အား အမိန့်ပေးလေသလော။ သို့တည်းမဟုတ် ၎င်းတို့ကိုယ်တိုင်ပင် ဆိုးသွမ်းသူများ ဖြစ်ကြလေသလော။ (၎င်းတို့သည် မိမိတို့ကိုယ်ကို မိမိ ဉာဏ်ကြီးရှင်များဖြစ်ကြောင်း ကြွေးကြော်လျက်ရှိခြင်းကို ၎င်းတို့ကိုယ်တိုင်၏ ပြောဆိုမှုဖြစ်သော

لَوْكَانَ خَيْرًا مَّا سَبَقُوْنَا اِلَيْهِ

(အကယ်၍ ယင်းကုရ်အာန်ကျမ်းတော်မြတ်သည် ကောင်းမြတ်သော အရာတစ်စုံတစ်ခု ဖြစ်ခဲ့ပါမူ ထိုမုအ်မင်န်သက်ဝင် ယုံကြည်သောသူတို့သည် ငါတို့ထက် ဦးစွာ ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို သက်ဝင်ယုံကြည်နိုင်ကြမည် မဟုတ်ပေ။) *[၄၆ း ၁၁]*

ဟူသော ပြောဆိုမှုဖြင့် အတည်ပြု သိရှိရပေသည်။ မအာလင်မ်ကျမ်းရှင်၏ တင်ပြမှုဖြင့် ထိုအချက်အား သာပို၍ အသာပေးမှု ရရှိသွားပေသည်။ ထိုအချက်မှာ 'လူတို့၏ ကြားဝယ် ကုရိုက်ရှ်တို့၏ အကြီးအကဲ ခေါင်းဆောင်များသည် အလွန်ဦးနှောက်၊ အသိဉာဏ် ကြီးရင့်သောသူများအဖြစ်' ကျော်ကြားကြသည်။ သို့ရှိရာ ဤအာယသ်တော်အတွင်း၌ ၎င်းတို့၏ ဦးနှောက်ပိုင်းဆိုင်ရာ အခြေအနေကို 'မည်သို့နည်း။ ဤကဲ့သို့သော အချက်များကို ညွှန်ကြားသင်ပြမှုသည် ဦးနှောက်အသိဉာဏ်ရှိခြင်းလော။ အကယ်၍ ဤကဲ့သို့သော အချက်များကို ဦးနှောက်အသိဉာဏ်က ညွှန်ကြားသင်ပြခြင်းမဟုတ်ပါက ဤသည် ဆိုးသွမ်းမှုသက်သက်နှင့် မျက်စိစုံမှိတ် ဖွတ်အတင်း အတိုက်အခံပြုနေခြင်းသာ ဖြစ်ပေမည်'ဟူ၍ တင်ပြထားသည်)

သို့တည်းမဟုတ် ၎င်းတို့က ထိုသူ (မိုဟမ္မဒ်) သည် 'ဤ (ကုရ်အာန်) ကျမ်းတော်မြတ်ကို ကြံစည်ဖန်တီးခဲ့သည်' ဟု ပြောဆိုကြလေသလော။ (သို့ရှိရာ ယင်းအချက်နှင့် စပ်လျဉ်း၍ အခြေအမြစ်ကျကျ အဖြေမှာ 'ဤသို့ မဟုတ်တန်ရာ' ဟူ၍ ဖြစ်သည်။) ထိုသို့ အလျဉ်းမဟုတ်။ စင်စစ်မှာမူ ၎င်းတို့ကိုယ်တိုင် (ပင် ရန်ငြိုးရန်ဖွဲ့ထား၍သာလျှင်) သက်ဝင်ယုံကြည်လိုကြသည် မဟုတ်ပေ။ (အချက်အလက်တစ်ခုခုအား လူသားသည် လက်ခံမှု မပြုဟုဆိုပါက ထိုအရာသည် အဆပေါင်း (၁၀၀၀) မက မှန်ကန်နေလင့်ကစား သို့ရာတွင် ထိုအရာကို အမြဲတစေ ငြင်းဆိုလျက် ရှိနေမည်မှာ ဓလေ့ထုံးစံပင် ဖြစ်ပေသည်။)

(ဒုတိယနှုတ်ပိတ်အဖြေမှာ အကယ်၍ ဤကုရ်အာန်ကျမ်းတော်မြတ်သည် ၎င်းကြံစည်ဖန်တီးခဲ့သော အရာဖြစ်ပါမူ) သို့ဖြစ်လျှင် အကယ်၍ ၎င်းတို့သည် (ဤသို့ စွပ်စွဲရာ၌) မှန်ကန်စွာ ပြောဆိုသူ သစ္စာဝါဒီများ ဖြစ်ကြပါလျှင် ၎င်းတို့ (သည် ကိုယ်တိုင် အာရဗ်လူမျိုးများဖြစ်၍ စကားအရာ၌ အလွန်ကာရံနဘေကျကာ ပြောင်မြောက်စွာ ပြောဆိုတတ်၍ စကားအရာကို နိုင်နင်းသောသူများ ဖြစ်ကြပေရာ) ယင်း (ကုရ်အာန်) ကျမ်းတော်မြတ်ကဲ့သို့သော အာယသ်တော်တစ်ပါးပါးကိုပင် (ပြုစု) ယူဆောင်၍ လာကြရပေမည်။ (ဤအထက်ဖော်ပြပါ အချက်များအားလုံးသည် ရစူလ်တမန်တော်မြတ် ﷺ ၏ ရစူလ်ဖြစ်ခြင်းနှင့် စပ်လျဉ်းသော အချက်များဖြစ်ပေသည်။)

(ရှေ့၌ 'သောင်ဟီးဒ်' ကိုးကွယ်ခံထိုက်တော်မူသော အသျှင် တစ်ပါးတည်း တည်ရှိခြင်းတရား နှင့် စပ်လျဉ်း၍ တင်ပြနေပေသည်။ ဤသူတို့သည် 'သောင်ဟီးဒ်' ကိုးကွယ်ခံထိုက်တော်မူသော အသျှင် တစ်ပါးတည်း တည်ရှိခြင်း' တရားကို ငြင်းဆိုသောသူများ ဖြစ်လေရာ) သို့တည်းမဟုတ် ၎င်းတို့သည် (ဖန်ဆင်းသူ) တစ်ဦးတစ်ယောက်မျှ မရှိဘဲလျက် ဖန်ဆင်းခြင်းခံထားရလေသလော။ သို့တည်းမဟုတ် ၎င်းတို့ကိုယ်တိုင် (မိမိတို့ကိုယ်ကို) ဖန်ဆင်းသူများ ဖြစ်ကြလေသလော။ (မိမိတို့ကိုယ်တိုင်ကိုယ်ကျလည်း ဖန်ဆင်းရှင် မဟုတ်သကဲ့သို့ ဖန်ဆင်းရှင်မပါဘဲ ဖြစ်ပေါ်တည်ရှိလာသော အဖန်ဆင်းခံမျိုးများလည်း မဟုတ်ကြပေ။)

(သို့ရာတွင်) သို့တည်းမဟုတ် ထိုသူတို့သည် မိုးကောင်းကင်များနှင့် ပထဝီမြေကို ဖန်ဆင်းခဲ့ကြလေသလော။ (အလ္လာဟ်အသျှင်မြတ်၏ ဖန်ဆင်းတော်မူခြင်း၏ ဂုဏ်တော်၌ ဖက်စပ် အတူတကွ ပါဝင်ခြင်း ဖြစ်ပါ၏လော။ အချုပ်ရလဒ်မှာ အကြင်သူတစ်ဦးတစ်ယောက်သည် 'ဖန်ဆင်းတော်မူခြင်း၏ ဂုဏ်တော်သည် အလ္လာဟ်အသျှင်မြတ်အဖို့သာလျှင် သီးသန့်ဖြစ်ခြင်းနှင့် မိမိတို့သည် ဖန်ဆင်းရှင်အား တပ်မက်လိုလားရသည်ဟူသော ခံယူချက် ထားရှိသည်ဆိုလျှင် 'သောင်ဟီးဒ်'တစ်ပါးတည်း တည်ရှိခြင်းတရားကိုလည်း ယုံကြည်လက်ခံရန်မှာ ဦးနှောက်အသိဉာဏ်ဖြင့် စဉ်းစားကြည့်လျှင်ပင် အရေးကြီးသော အချက်ဖြစ်သွားပေသည်။ အလ္လာဟ်အသျှင်မြတ်နှင့်အတူ အခြားမည်သည့်အရာ တစ်စုံတစ်ရာကိုမျှ ဖက်စပ် ခဝပ်ကိုးကွယ်မည် မဟုတ်ပေ။ 'သောင်ဟီးဒ်'ဟူသော ကိုးကွယ်ခံထိုက်တော်မူသောအသျှင် တစ်ပါးတည်း တည်ရှိခြင်းတရားအား ငြင်းဆိုသောသူသည် ဖန်ဆင်းတော်မူနိုင်ခြင်း၏ ဂုဏ်တော်ကို အလ္လာဟ်အသျှင်မြတ်အဖို့သာလျှင် အထူးမဟုတ်ကြောင်းနှင့် သို့မဟုတ် မိမိတို့သည် အခြားတစ်ပါး၏ အဖန်ဆင်းခံမဟုတ်ကြောင်းကို ငြင်းဆိုသောသူသာလျှင် ဖြစ်ပေမည်။ သို့သော် ဤသူတို့သည် မိမိတို့၏ မစဉ်းစား မတွေးခေါ်မှုကြောင့် ဖန်ဆင်းရှင်သည် တစ်ပါးတည်းဖြစ်ပါမှ ခဝပ်ကိုးကွယ်ခြင်း ခံထိုက်သော သူသည်လည်း တစ်ပါးတည်း အသျှင်မြတ်ဖြစ်ကြောင်းကို မသိရှိနိုင်ခဲ့ခြင်း ဖြစ်သည်။)

(ထို့ကြောင့် ရှေ့၌) ၎င်းတို့၏ ထိုအသိဉာဏ်အလိမ္မာ ခေါင်းပါး ကင်းမဲ့ခြင်းဘက်သို့ ညွှန်ပြကာ 'အမှန်တကယ်၌ ဤသို့ မဟုတ်ပေ။) ထိုသို့ အလျဉ်းမဟုတ်။ စင်စစ်မှာ ၎င်းတို့သည် ယုံကြည်ကြသည် မဟုတ်ပေ။ (အသိဉာဏ်အလိမ္မာ ကင်းမဲ့ခေါင်းပါးသည့်အတွက်ကြောင့် ကိုးကွယ်ခံထိုက်တော်မူသာ အသျှင် တစ်ပါးတည်း တည်ရှိခြင်းတရား 'သောင်ဟီးဒ်'၏ တရားတော်ကို မယုံကြည်ခဲ့ကြခြင်း ဖြစ်သည်။ ထိုသူတို့၏ အသိဉာဏ်အလိမ္မာခေါင်းပါးမှုမှာ 'ဖန်ဆင်းခြင်းနှင့် ခဝပ်ကိုးကွယ်မှုခံထိုက်ခြင်း' တို့၌ အပြန်အလှန် အညမညအဖြစ် တည်ရှိနေကြောင်း' ကို မစဉ်းစား မတွေးခေါ်ခဲ့ခြင်းပင် ဖြစ်ပေသည်။ ဤအထက် တင်ပြပါ အချက်တို့သည် 'သောင်ဟီးဒ်'တစ်ပါးတည်း တည်ရှိခြင်းတရားနှင့် ပတ်သက်သော အချက်အလက်တို့ ဖြစ်ပေသည်။)

(ရှေ့၌ ရစူလ်တမန်တော်၏ ရစူလ်တမန်တော်ဖြစ်ကြောင်းနှင့် စပ်လျဉ်း၍ ၎င်းတို့ဘက်မှ ထင်မြင်ယူဆ တွေးခေါ်ထားသော အချက်အလက်တို့အား တုန့်ပြန်ဖြေကြားထားပေသည်။ သို့ရှိရာ ၎င်းတို့သည်

'နဗီ ဖြစ်ထိုက်ဖွယ်ရှိမူ မက္ကာဟ်မြို့နှင့် သွာအိဖ်မြို့၌ ရှိသော မည်သူမည်ဝါ လူကုံထံပိုင်းရှိသော သူတို့သည် သာလျှင် ရထိုက်ပေသည်' ဟူ၍လည်း ပြောဆိုလေ့ ရှိကြပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ထိုအချက် အား တုန့်ပြန်ဖြေကြားထားသည်မှာ) သို့တည်းမဟုတ် အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင် မြတ်၏ စည်းစိမ် ကရုဏာ ဘဏ္ဍာတော်များသည် (ယင်းတွင် နဗီတမန်တော်အဖြစ် ရွေးချယ်စေလွှတ် ခြင်းလည်း ပါဝင်ပေသည်။)၎င်းတို့ (၏ လက်ဝယ်) ၌ ရှိကြလေသလော။ (ချီးမြှင့်လိုသည့်သူကို ချီးမြှင့် ပေးနိုင်ရန်အတွက်၊ ဤသည်ကို အလ္လာဟ်အသျှင်မြတ်သည်

اَهُمْ يَقْسِمُوْنَ رَحْمَةَ رَبِّكَ

(အသင့်အား ဖန်ဆင်းသော အသျှင်မြတ်၏ ကရုဏာတော်ကို ၎င်းတို့သည်ပင် ခွဲဝေပေးကြသလော)

[၄၃ : ၃၂]

ဟူသော အာယသ်တော်၌ တင်ပြထားသည်။ သို့တည်းမဟုတ် ၎င်းတို့သည် ယင်းဘဏ္ဍာတော် များ (နဗီဖြစ်ခြင်း၏ ရာထူး) ကို စီမံကွပ်ကဲ အုပ်ချုပ်သူများပင် ဖြစ်ကြလေသလော။ (မိမိပေးလိုသည့် သူကို နဗီအဖြစ် ချီးမြှောက်နိုင်ရန် ဖြစ်ပေသည်။ ဆိုလိုသည်မှာ ပေးခြင်း၊ ပေးနိုင်းခြင်းတွင် ပုံစံနှစ်မျိုး ရှိပေသည်။ ပထမပုံစံမှာ ဘဏ်ဘိုက်သည် မိမိလက်ဝယ်အတွင်း ရှိ၍ ပိုင်ဆိုင်သူဖြစ်သည့်အတွက်ကြောင့် ဖြစ်မည်။ (သို့မဟုတ်) ဒုတိယပုံစံမှာ မိမိ၏ လက်ဝယ်အတွင်း၌မူ မရှိ။ သို့သော် ဘဏ္ဍာတော်ကို စီမံ အုပ်ချုပ်မှုပြုသော သူတို့သည် ၎င်း၏ အာဏာခံ အမှုထမ်းများ ဖြစ်ကြပြီး ထိုဘဏ္ဍာတော်တိုက် ပိုင်ရှင် ၏ လက်မှတ်ကို တွေ့မြင်ကာ ပေးတော်မူလိုက်ခြင်း ဖြစ်ပေမည်။ ဤနေရာ၌ ယင်းအချက်နှစ်ချက်စလုံး အား ငြင်းချက်ထုတ်ထားပေသည်။ အကြင်အထက်ပါ တင်ပြချက်တို့၏ အချုပ်သဘောတရားမှာ ဤ သူတို့သည် တမန်တော်မြတ် ﷺ ၏ ရစူလ်ဖြစ်ကြောင်းကို ငြင်းဆိုသောသူများ ဖြစ်ကြသည်။ မက္ကာဟ် မြို့နှင့် သွာအိဖ်မြို့ရှိ လူကုံထံ ခေါင်းဆောင်ပိုင်းတို့အား ရစူလ်ဖြစ်ထိုက်ဖွယ်ပုဂ္ဂိုလ်များ ဟူ၍ သတ်မှတ် ခဲ့ကြသည်။ ယင်းသို့ သတ်မှတ်လျာထားခြင်းနှင့် စပ်လျဉ်း၍ ၎င်းတို့ထံ၀ယ် ဦးနှောက်အသိဉာဏ်ပိုင်း ဆိုင်ရာ အထောက်အထားတစ်စုံတစ်ရာမျှပင် မရှိရုံသာမက ယင်းအချက်နှင့် ဆန့်ကျင်သော အရာများကို အတည်ပြုပေးသော ဦးနှောက်ပိုင်းဆိုင်ရာ အထောက်အထားများ တည်ရှိနေပေသည်။ ထို့ကြောင့် ငြင်းချက် မေးခွန်းအသွင်ဖြင့် တင်ပြ မိန့်မြွက်ထားခြင်းအပေါ် လုံလောက်ပေပြီ' ဟူ၍ သတ်မှတ်ကာ အမိန့်ရှိထား ခြင်း ဖြစ်ပေသည်။)

(ရှေ့၌ ဆင့်ကဲဆင့်ကဲ ဆင့်ပြန်မှုဆိုင်ရာ အထောက်အထား တစ်စုံတစ်ရာ မရှိကြောင်းကို ငြင်း ချက်ထုတ်ထားတော်မူသည်မှာ) သို့တည်းမဟုတ် ၎င်းတို့၌ လှေကားတစ်စုံတစ်ရာ ရှိနေ၍ ၎င်းတို့သည် ထိုလှေကားဖြင့် (တက်ကာ မိုးကောင်းကင်မှ စကားများကို) နားထောင်ကြလေသလော။ (ဆိုလိုသည် မှာ دليل نقلي ဟု ခေါ်တွင်သော ဆင့်ကဲဆင့်ကဲ ဆင့်ပြန်မှုဆိုင်ရာ အထောက်အထားမှာ မိုးကောင်းကင် ကျ 'ဝဟီ'ဗျာဒိတ်တော်ပင် ဖြစ်ရှိနိုင်ပေသည်။ ထိုဗျာဒိတ်တော်၏ ပညာကို ရယူရန် နည်းလမ်းနှစ်သွယ်

ရှိပေသည်။ 'ဝဟီ'ဗျာဒိတ်တော်သည် တစ်ဦးတစ်ယောက်အပေါ် မိုးကောင်းကင်မှ ကျရောက်လာ၍ ဖြစ်စေ၊ (သို့မဟုတ်) 'ဝဟီ'ဗျာဒိတ်တော် ထုတ်ပြန်ပို့ချခြင်း ခံရသောသူသည် မိုးကောင်းကင်ပေါ်သို့ တက်သွား၍ ဖြစ်ပေမည်။ ၄င်းတို့ထံပါးမှ 'ယင်းအချက်နှစ်ချက်စလုံး မဖြစ်နိုင်ခြင်း' မှာ ထင်ရှားလှပေသည်။)

(ရှေ့၌ ထိုအမှုကိစ္စနှင့် စပ်လျဉ်း၍ ဦးနှောက်တွေးခေါ်မှုဆိုင်ရာအရ ဖြစ်နိုင်ချေရှိသည့် အချက်တစ်ရပ်အား ၄င်းအချက်သည်လည်း မဖြစ်နိုင်ကြောင်းကို ငြင်းချက်ထုတ် မိန့်ထားတော်မူသည်မှာ အကယ်၍ (ဆိုကြပါစို့။) ဤသူတို့က 'ကျွန်ုပ်တို့သည် မိုးကောင်းကင်ပေါ်သို့ တက်၍ ထိုမိုးကောင်းကင်ရှိ စကားများကို နားထောင်လျက်ရှိနေသည်' ဟူ၍ ၄င်းတို့သည် ကြွေးကြော်လျက်ရှိလျှင်မူ) သို့ဖြစ်လျှင် ၄င်းတို့အနက်မှ (ထိုလောကရှိ စကားများကို) နားထောင်ခဲ့သောသူသည် (မိမိကြွေးကြော်မှုအပေါ်) ထင်ရှားလှစွာသော သက်သေအထောက်အထား တစ်စုံတစ်ရာကို ယူဆောင်ခဲ့ရပေမည်။ (ယင်းအထောက်အထားဖြင့် ဤသူသည် 'ဝဟီ' ဗျာဒိတ်တော် ချီးမြှင့်ခြင်းခံရသော သူမွန်၊ သူမြတ်ဖြစ်ကြောင်းကို အတည်ပြု၍ ရရှိနိုင်လောက်သော အထောက်အထား ဖြစ်ရပေသည်။ ပမာဆိုရသော် ကျွန်ုပ်တို့၏ နဗီတမန်တော်မြတ် ﷺ သည် မိမိ၏ 'ဝဟီ'ဗျာဒိတ်တော်အပေါ် သဘာဝလွန် အထောက်အထားများနှင့် ယုံကြည်ထိုက်ဖွယ်ဖြစ်သော အထောက်အထားများကို ထားရှိတော်မူပေသည်။)

(ရှေ့၌ ဆက်လက်၍ 'သောင်ဟီးဒ်'ကိုးကွယ်ခံထိုက်တော်မူသော အသျှင် တစ်ပါးတည်း တည်ရှိခြင်းတရားနှင့် စပ်လျဉ်း၍ သီးသန့် စာစဉ်အကြောင်းအရာတစ်ခုနှင့် ပတ်သက်၍ တင်ပြပေသည်။ ဆိုလိုသည်မှာ ကိုးကွယ်ရာအသျှင် တစ်ပါးတည်း တည်ရှိခြင်းတရားကို ငြင်းဆိုကြသော သူတို့သည် ကောင်းကင်တမန်တော်များကို အလ္လာဟ်အသျှင်မြတ်၏ သမီးတော်များဟူ၍ သတ်မှတ်ကာ ဖက်စပ်ခဝပ်ကိုးကွယ်မှုကို ပြုနေကြပေသည်။ သို့ဆိုလျှင် ငါအသျှင်မြတ်သည် ၄င်းတို့အား မေးမြန်းလိုသည်မှာ) သို့တည်းမဟုတ် ထိုအသျှင်မြတ်အတွက်မူ သမီးမိန်းကလေးများ ရှိနေကြသည်ဟု (ရွေးချယ်သတ်မှတ်ခဲ့ကြပြီး) ၄င်းတို့၌မူ သားယောကျ်ားလေးများ (ကို ရွေးချယ်သတ်မှတ်ခဲ့ကြလေသလော။ အလိုသဘောမှာ မိမိတို့အဖို့ကိုမူ အဆင့်အတန်းမြင့်မားသော အရာဟူ၍ မှတ်ယူထားသော အရာများကို ရွေးချယ်နှစ်ခြိုက်ခဲ့ကြပြီး အလ္လာဟ်အသျှင်မြတ်အတွက်မူ အဆင့်အတန်းနိမ့်သည်ဟူ၍ မှတ်ယူထားသော အရာများ ရွေးချယ် သတ်မှတ်ပေးခဲ့ကြလေသလော'ဟူ၍ ဖြစ်သည်။ ယင်းအကြောင်းကို စူရာဟ် 'စွားဖ်ဖားသ်'၏ နောက်ဆုံးပိုင်း၌ အကျယ်တဝင့် အထောက်အထားနှင့်တကွ တင်ပြခဲ့ပြီး ဖြစ်ပေသည်။)

(ရှေ့၌ ဆက်လက်၍ ရစူလ်တမန်တော်၏ ရစူလ်ဖြစ်ခြင်းနှင့် စပ်လျဉ်း၍ တင်ပြ မိန့်မြွက်ထားပေသည်။ ၄င်းတို့သည် တမန်တော်မြတ် ﷺ မှန်ကန်ကြောင်းကို အတည်ပြု၍ ရရှိနေသည့် ကြားကပင် တမန် တော်မြတ် ﷺ ၏ လမ်းစဉ်အား နောက်လိုက်သမှုပြုရန်ကို ဤမျှခန့် မနှစ်မြို့လျက် ရှိကြသည်ဆိုလျှင်) သို့တည်းမဟုတ် (အို၊ နဗီတမန်တော်) အသင်သည် ၄င်းတို့ထံမှ (သာသနာဖြန့်ချီရေးဆိုင်ရာကဏ္ဍများကို ဆောင်ရွက်ပေးခြင်းကြောင့်) အခကြေးငွေ တစ်စုံတစ်ရာကို တောင်းဆိုသောကြောင့် ၄င်းတို့

သည် ကြွေးမြီပေးဆပ်ရန် တာဝန်၌ ဝိလျက်ရှိနေကြလေသလော။ (ဤသည် အလ္လာဟ်အသျှင်မြတ်၏ မိန့်မြွက်ချက်ဖြစ်သော

أَمْ تَسْئَلُهُمْ خَرْجًا

(သို့တည်းမဟုတ် အသင်သည် ၎င်းတို့ထံမှ တစ်စုံတစ်ရာ အခကြေးငွေကို တောင်းဆိုလေသလော)

[၂၃ : ၇၂]

ဟူသော အာယသ်တော်ပါ အလိုသဘောအတိုင်းပင် ဖြစ်သည်။ (ရှေ့၌ 'ကေယာမသ်' နေ့နှင့် ကြောင်းကျိုး၊ ကောင်းဆိုး၏ အစားပေးမည်ဖြစ်ခြင်းနှင့် စပ်လျဉ်း၍ တင်ပြထားသည်။ ၎င်းတို့က ဆိုစမှတ်ပြုကြသည်မှာ 'ပထမအချက်အနေဖြင့်မူ 'ကေယာမသ်'သည် ဖြစ်ပေါ်တည်ရှိလာလိမ့်မည် မဟုတ်။' ထို့ပြင် အကယ်၍ ဖြစ်ပေါ် တည်ရှိလာလိမ့်မည်ဟု ဆိုပါကလည်း ကျွန်ုပ်တို့သည် ထိုနေ့၌လည်း ကောင်းမွန်စွာဖြင့် နေထိုင်ရပေလိမ့်မည်။ ဤသည်ကို အလ္လာဟ်အသျှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌

وَمَآ اَظُنُّ السَّاعَةَ قَآئِمَةً وَّلَئِنْ رُّجِعْتُ اِلٰى رَبِّىْٓ اِنَّ لِىْ عِنْدَهٗ لَلْحُسْنٰى

(၎င်းအပြင် 'ကေယာမသ်' ရှင်ပြန်ထရမည့်အချိန်ကာလ ဆိုက်ရောက်မည်ဟု ကျွန်ုပ် မယူဆပေ။ သို့တစေလည်း ကျွန်ုပ်သည် အကယ်၍ ကျွန်ုပ်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ထံတော်သို့ ပြန်သွားခဲ့ရသည့်တိုင် ဧကန်မလွဲ ကျွန်ုပ်တို့အဖို့ ထိုအသျှင်မြတ်ထံတော်တွင် သာ၍ ကောင်းသော အကျိုးကျေးဇူးသည် အမှန်ပင် ရှိချေလိမ့်မည်။)

[၄၁ : ၅၀]

ဟူ၍ မိန့်တော်မူထား၏။) သို့တည်းမဟုတ် ၎င်းတို့ထံတွင် အကွယ်၌ရှိသည့် (အကြောင်းအရာ) များကို (သိစွမ်းနိုင်သည့် အသိပညာရှိသောကြောင့်) ၎င်းတို့သည် (၎င်းအကြောင်းအရာအား မှတ်သားထားရန်အတွက်) ရေးမှတ်ထားကြလေသလော။ (ဤသည် ကျွန်ုပ် (စာရေးသူ) ၏ ထံ၌ يَحْفَظُوْنَ (မှတ်သားထားရန်အလို့ငှာ) ဟူသော စကားလုံးဘက်သို့ သွယ်ဝိုက်ကာ မိန့်တော်မူထားခြင်း ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ရေးသားခြင်းသည် မှတ်သားထားရှိရန်အတွက် နည်းလမ်းတစ်ရပ် ဖြစ်ပေသည်။

သို့ရှိရာ အချုပ်ရလဒ် သဘောတရားမှာ 'အကြင်အမှု ကိစ္စတစ်ရပ်ရပ်အား အတည်ပြုနိုင်ခြင်း၊ (သို့မဟုတ်) ငြင်းချက်ထုတ်နိုင်ခြင်းနှင့် စပ်လျဉ်း၍ ဦးနှောက် အသိဉာဏ်အရ အထောက်အထား တစ်စုံတစ်ရာ အတည်ပြု၍ မရရှိသည်ဆိုပါက ထိုအရာအား အကွယ်ကိစ္စသက်သက်အဖြစ် သတ်မှတ်ရပေမည်။ သို့ရှိရာ အရာတစ်ခုအား အတည်ပြု၍သော်လည်းကောင်း၊ ငြင်းချက်ထုတ်၍သော်လည်းကောင်း ကြွေးကြော်ရန်အတွက်မူ တစ်ဦးတစ်ယောက်၏ ကြားခံ ဆက်သွယ်မှုတစ်ရပ်ဖြင့် ထိုအကွယ်အချက်အပေါ် သိရှိကာ၊ တစ်ဖန် သိရှိပြီးနောက် ၎င်းသည် ထိုအချက်ကို ထိန်းသိမ်းမှုကိုလည်း ပြုထားရပေမည်။ အဘယ်ကြောင့်ဆိုသော် သိရှိပြီးနောက် ထိန်းသိမ်းထားခြင်းမရှိသော် ၎င်းကိစ္စရပ်အပေါ် တစ်စုံတစ်ရာ အမိန့်ချမှတ် ဆုံးဖြတ်ခြင်း၊ ၎င်းနှင့်ပတ်သက်၍ ကြွေးကြော်နေခြင်းတို့မှ အသိပညာမဲ့မှုသာ ဖြစ်ပေမည်။ သို့ရှိရာ အသင်တို့သည်

'ကေယာမသ်'နေ့ကို ငြင်း၍ မိမိတို့အဖို့ ကောင်းရာကောင်းကျိုး ရှိနေသည်ဟု ကြွေးကြော်နေခြင်းမှာ အသင်တို့ထံ အကွယ်အမှုကိစ္စနှင့် စပ်လျဉ်း၍ ကြားခံဆက်သွယ်ပေးမှု တစ်စုံတစ်ရာဖြင့် အသိပေးခြင်း ခံခဲ့ရ၍လော။ ပမာဆိုရသော် ကျွန်ုပ်တို့၏ နဗီတမန်တော်မြတ် ﷺ သည် 'ကေယာမသ်'နေ့ မုချ ဆိုက်ရောက်မည့်အကြောင်းနှင့် အသင်တို့အဖို့ ကောင်းမွန်သော အခြေအနေ၌ ရှိနေခြင်းကို ငြင်းချက်ထုတ်ခဲ့သော သတင်းအား အကွယ်လောကမှ 'ဝဟီ'ဗျာဒိတ်တော်၏ အကြောင်းခံဖြင့် ပေးအပ်ခြင်း ခံရပေသည်။ ၎င်းနောက် တမန်တော်မြတ် ﷺ သည် ၎င်းအကွယ်သတင်းအား ထိန်းသိမ်းစောင့်ရှောက်၍ အခြားသော သူများထံ ပို့ဆောင်လျက် ရှိနေပေသည်။

(ရှေ့၌ ရစူလ်တမန်တော်မြတ် ﷺ ၏ ရစူလ်တမန်တော်ဖြစ်ခြင်းနှင့် စပ်လျဉ်း၍ နောက်အကြောင်း အရာတစ်ခုအား တင်ပြထားသည်။ ၎င်းမှာ ဤသို့တည်း) သို့တည်းမဟုတ် ၎င်းတို့သည် (တမန်တော်မြတ် ﷺ အား အန္တရာယ်ရောက်စေရန်) တစ်စုံတစ်ရာ မကောင်းသော အကြံအစည်ကို ကြံစည်ရန် ရည်ရွယ်ကြလေသလော။ (၎င်းအကြံအစည်အား အခြားအာယသ်တော်တစ်ပါးဖြစ်သော

وَاِذْ يَمْكُرُ بِكَ الَّذِيْنَ كَفَرُوْا لِيُثْبِتُوْكَ اَوْيَقْتُلُوْكَ اَوْ يُخْرِجُوْكَ

(၎င်းပြင် (အို၊ နဗီတမန်တော်၊ အသင်သည် ပြန်လည်၍ သတိရပါလေ။) တစ်ရံရောအခါဝယ် ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့သည် အသင်နှင့် ပတ်သက်၍ အသင့်အား ဖမ်းဆီးချုပ်နှောင်ကြရန် သော်လည်းကောင်း၊ အသင့်အား သတ်ဖြတ်ကြရန်သော်လည်းကောင်း၊ အသင့်အား (မက္ကာဟ်မြို့မှ) နှင်ထုတ်ကြရန်သော်လည်းကောင်း လျှို့ဝှက်စွာ ကြံစည်လျက် ရှိခဲ့ကြကုန်၏။) /၈ : ၃၀/

၌ တင်ပြ မိန့်တော်မူထားလေသည်။ သို့ဖြစ်လျှင် ကာဖိရ်သွေဖည်ငြင်းပယ်ကြကုန်သော သူတို့ သည်ပင်လျှင် မကောင်းသော အကြံအစည်၌ မိနေကြကုန်၏။ (သို့ဖြစ်ပေရာ ၎င်းတို့သည် မိမိတို့၏ ရည်ရွယ်ချက်တွင် မအောင်မြင်ခဲ့ကြပေ။ ၎င်းနောက် 'ဗဒရ်'စစ်ပွဲ၌ သတ်ဖြတ်ခြင်းကိုပင် ခံခဲ့ရလေသည်။ ရှေ့၌ တစ်ဖန် 'သောင်ဟီးဒ်' (ကိုးကွယ်ခံထိုက်သော အသျှင် အလ္လာဟ်အသျှင်မြတ် တစ်ပါးတည်း တည်ရှိခြင်း) တရားနှင့် ပတ်သက်၍ တင်ပြထားသည်။ ၎င်းမှာ) သို့တည်းမဟုတ် ၎င်းတို့၌ အလ္လာဟ်အသျှင် မြတ်အပြင် အခြားဆည်းကပ်ကိုးကွယ်ရာ အသျှင်တစ်ပါးပါး ရှိလေသလော။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ တွဲဖက်ကိုးကွယ်ကြသည်တို့မှ လုံးဝ သန့်ရှင်းစင်ကြယ်တော်မူပေသည်။

(ရှေ့၌ ရစူလ်တမန်တော်ဖြစ်ခြင်းနှင့် စပ်လျဉ်းသော အခြားသော သီးသန့် အကြောင်းအရာတစ်ခု ကို တင်ပြထားပေသည်။ ၎င်းမှာ ဤသို့တည်း။ ၎င်းကာဖိရ်တို့သည် ရစူလ်တမန်တော်မြတ် ﷺ ၏ ရစူလ် ဖြစ်ခြင်းကို ငြင်းဆိုရန်အတွက် 'ကျွန်ုပ်တို့သည် အသင့်အား ကျွန်ုပ်တို့အပေါ် မိုးကောင်းကင်၏ အစိတ် အပိုင်းတစ်ခုကို ကျရောက်လာလေအောင် မပြုပေးသရွေ့ ကာလပတ်လုံး ရစူလ်တမန်တော်အဖြစ် လက်ခံ လိမ့်မည်မဟုတ်'ဟူ၍ စကားတစ်ရပ်ကိုလည်း ပြောဆိုခဲ့ကြလေသည်။ ၎င်းကို အလ္လာဟ်အသျှင်မြတ်သည်

وَقَالُوْا لَنْ نُّؤْمِنَ (الى قوله) اَوْتُسْقِطَ السَّمَآءَ كَمَا زَعَمْتَ عَلَيْنَا كِسَفًا

(ထို့ပြင် ၎င်းတို့က 'အို၊ မိုဟမ္မဒ်၊ အသင်သည် ကျွန်ုပ်တို့အဖို့ ပထဝီမြေမှ စမ်းရေချောင်းတစ်ခုကို တသွင်သွင် စီးထွက်လာအောင် မပြုလုပ်သမျှ ကာလပတ်လုံး ကျွန်ုပ်တို့သည် အသင်၏စကားကို အလျဉ်း ယုံကြည်လက်ခံကြမည် မဟုတ်ပါ'ဟု ပြောဆိုခဲ့ကြကုန်၏။ (သို့တည်းမဟုတ် အသင့်၌ စွန်ပလွံပင်များနှင့် စပျစ်ပင်များ (ပြည့်စုံစွာ ရှိကုန်သော) ခြံတစ်ခြံ ရှိရမည်။ ထို့နောက် အသင်သည် ထိုခြံ၏ အလယ်ဗဟို၌ စမ်းရေချောင်းများကို သွင်သွင်စီးထွက်လာအောင် ပြုလုပ်ရမည်။ သို့တည်းမဟုတ် အသင်သည် မိမိ ထင်မြင်ယူဆ (ပြောကြားလေ့ရှိ) ခဲ့ကြသည့်အတိုင်း ကျွန်ုပ်တို့အပေါ်၌ မိုးကို အပိုင်းပိုင်းအစစ ဖြစ်၍ ပြိုကျလာအောင် ပြုလုပ်ရမည်။) [၁၇ ; ၉၀-၉၁-၉၂]

ဟူသော အာယသ်တော်တွင် တင်ပြထားသည်။ ယင်းအချက်၏ တုန့်ပြန်ဖြေကြားချက်မှာ ဤသို့တည်း။ ပထမအချက်သည်မှု ကြွေးကြော်မှုတစ်ခုအတွက်၊ ၎င်းမှာ ရစူလ်ဖြစ်ကြောင်း ကြွေးကြော်သည် ဖြစ်စေ၊ (သို့မဟုတ်) အခြားသော အကြောင်းအရာ အချက်အလက်တစ်စုံတစ်ရာကို ကြွေးကြော်သည် ဖြစ်စေ၊ ခိုင်လုံမှန်ကန်သည့် အထောက်အထားတစ်ရပ် တည်ရှိနေခြင်းသည် လုံလောက်ပေသည်။ ၎င်း အထောက်အထားသည်မှု ရစူလ်ဖြစ်ကြောင်းကို ကြွေးကြော်သည့် အချိန်မှစ၍ ငြင်းဆိုကာ ကန့်ကွက်ရှုပ်ထွေးမှု တစ်စုံတစ်ရာမရှိဘဲနှင့် တည်ရှိနေပေရာ အခြားမည်သည့် သီးသန့် အထောက်အထား တစ်စုံတစ်ရာကိုမျှ မလိုအပ်ပေ။ ၎င်းမှ နဗီဖြစ်ကြောင်း ကြွေးကြော်မှုအပေါ် မည်သည့်စောဒက ကန့်ကွက်မှု တစ်စုံတစ်ရာမှ မပြုနိုင်ပေ။ ထို့နောက် မိမိ၏ စေတနာအလျောက် နားလည်လက်ခံနိုင်လောက်သော အထောက်အထားတစ်စုံတစ်ရာကို တင်ပြရန်မှာလည်း ကောင်းကျိုးမျှော်လင့်ချက် ရှိနေမှသာ ဖြစ်နိုင်၏။ ဥပမာ- အကယ်၍ အရှေ့လူသည် အမှန်တရားကို အမှန်တကယ် ချစ်မြတ်နိုးသူ၊ ရှာဖွေနေသူဖြစ်ပါမူ ၎င်း၏ တောင်းဆိုချက်ကို ကျွန်ုပ်၏ အထောက်အထားပြ ပြောဆိုချက်ဖြင့် ၎င်းသည် 'ဟေဒါယသ်' လမ်းမှန် ရသွားနိုင်သည်။ (သို့) အထိုက်အလျောက် စူးရှ အကျိုးသက်ရောက်နိုင်သည်ဟု သတ်မှတ်မျှော်လင့်နိုင်သည်။ ဤနေရာတွင် ယင်းကဲ့သို့သော ကြောင်းကျိုးတရားသည်လည်း မရှိပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ ဤသို့ လျှောက်ထားပန်ကြားခြင်းသည် အမှန်တရားအတွက် မဟုတ်ရုံသာမက ရန်ငြိုး၊ ရန်စွယ်ထားရှိ၍သာ ဖြစ်ပေသည်။ ၎င်းတို့သည် ဤမျှခန့် အတိုင်းအတာထိတိုင် ဖွတ်တရွတ်ဆန်သူများ ဖြစ်ကြသည်) စင်စစ် အကယ်၍သာ (၎င်းတို့၏ ဤတောင်းခံမှုသည် 'မုအ်ဂျေဇာဟ်' ပုံစံမျိုးဖြင့် အမှန်တကယ် ဖြစ်ပေါ်သွားမည်ဆိုပါကလည်း) ၎င်းတို့သည် မိုးကောင်းကင်၏ အစိတ်အပိုင်းတစ်ခုခု (ပဲ့) ကျလာသည်ကို တွေ့မြင်ကြသည် ရှိသော်ငြားလည်း (ဤသည်) အထပ်ထပ် ဖုံးအုပ်တပ်ဆင်ထားသော မိုးတိမ်သာလျှင်ဖြစ်သည်' ဟု ပြောဆိုကြမည်သာ (ဖြစ်၏။) ၎င်းကို အလ္လာဟ်အသျှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌

وَلَوْ فَتَحْنَا عَلَيْهِمْ بَابًا مِّنَ السَّمَآءِ فَظَلُّوْا فِيْهِ يَعْرُجُوْنَ

(အကယ်၍ ငါအသျှင်မြတ်သည် ၎င်းတို့အဖို့ မိုးကောင်းကင်၌ တံခါးပေါက်တစ်ခုကို ဖွင့်ပေးတော်မူခဲ့ပါလျှင် ထို့နောက် ၎င်းတို့သည် နေ့ကြောင်တောင်ပင် ထိုတံခါးပေါက်မှ ဆင်းသက်သွားလာခဲ့ကြကုန်ပေမည်။) [၁၅ ; ၁၄]

ဟူ၍ မိန့်မြွက်တင်ပြထားသည်။ သို့ရှိရာ ဤကိစ္စတွင် ကြောင်းကျိုးတရား တစ်စုံတစ်ရာလည်း မရှိ။ တစ်ဖန် အခြားကြောင်းကျိုးတရားများလည်း မရှိခြင်းကို ငါအသျှင်မြတ်သည် သိရှိတော်မူသည် ဖြစ်ရာ ထို့နောက်တစ်ဖန် ၎င်းတို့ဘက်မှ တောင်းဆိုလာသော 'မုအ်ဂျေဇာဟ်' များကို ဖြစ်ပေါ်စေခြင်းမှာ အမြော်အမြင်တော်နှင့် ဆန့်ကျင်ဘက်ဖြစ်နေပေသည်။ သို့ရှိရာ လိုအပ်ချက်လည်း မရှိ၊ ကြောင်းကျိုးတရားနှင့်လည်း မကိုက်ညီရုံသာမက ကြောင်းကျိုးတရားနှင့် ဆန့်ကျင်ဘက်ဖြစ်ရှိပေရာ အဘယ်အတွက်ကြောင့် ဖြစ်ပေါ်စေရမည်နည်း။ ထိုအချက်တို့ မဖြစ်ပေါ်လာခြင်းကြောင့် နဗီဖြစ်ခြင်းကို အငြင်းဝင်၍ ရရှိမည်၏လော။

(ရှေ့၌ ၎င်းတို့၏ 'ကုဖ္ဖရ်' သွေဖည်ငြင်းဆိုမှုအပေါ် အတိုင်းထက်အလွန် ရပ်တည်လျက် ရှိနေခြင်း (၎င်းအချက်ကို အထက်ပါအာယသ်တော်များဖြင့် သိရှိခဲ့ပြီး ဖြစ်သည်။) ၎င်းနောက် ဖွတ်တရွတ် ဆန့်ကျင်မှုပြုခြင်း (၎င်းအချက်ကို တင်ပြလျက်ရှိသော အာယသ်တော်များရှိ နောက်ဆုံးအာယသ်တော်ဖြင့် သိရှိခဲ့ပြီး ဖြစ်သည်။) များအပေါ် ဆင့်ပွားအတည်ပြု၍ ရရှိသည့်အချက်အဖြစ် တမန်တော်မြတ် ﷺ အား ဖြေသိမ့်မှုတရား ပေးသနားထားတော်မူပေသည်။ မိန့်တော်မူထားသည်မှာ ဤသူတို့သည် ဤမျှခန့် အတိုင်းအတာထိတိုင်အောင် ပုန်ကန်ဆိုးသွမ်းသောသူများ ဖြစ်ရာ၊ အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့ထံမှ အီမာန်ရယူလာကြလိမ့်မည်ဟူသော မျှော်လင့်ချက်ထားရှိ၍ သောကပွားများလျက် မနေလေနှင့်။ သို့သာမက) ၎င်းတို့အား (၎င်းတို့၏ အခြေအနေအတိုင်း) အကြင်နေ့နှင့် တွေ့ကြုံကြရသည့်အထိ စွန့်လွှတ်၍ ထားရှိပါလေ။ ထိုနေ့တွင် ၎င်းတို့၏ ဦးနှောက်အသိအာရုံ လွင့်ပျံ့သွားပေမည်။ (အလိုသဘောမှာ 'ကေယာမသ်' နေ့ဖြစ်ပေသည်။ ထို صَعِقَ 'စွအိကူးန်' (ဦးနှောက်အသိအာရုံ လွင့်ပျံ့သွားခြင်း) ၏ အကျယ်ချဲ့အချက်ကို 'စူရာဟ်ဇုမရ်' ၏ နောက်ဆုံးပိုင်းရှိ အာယသ်တော်တစ်ပါးဖြစ်သော نُفِخَ فِى الصُّوَرِ (၃၉:၆၈) ၏ အကျယ်ချဲ့ဖွင့်ဆိုချက်၌ တင်ပြခဲ့ပေပြီ။ حَتّٰى 'ဟတ်သား'၏ အဓိပ္ပာယ်နှင့် စပ်လျဉ်းသော သုတေသနပြုချက်ကို 'စူရာဟ်ဇုခ်ရူးဖ်'၏ နောက်ဆုံးပိုင်းတွင် حَتّٰى يُلٰقُوْا ပါရှိသော နေရာ (၄၃:၈၃) ၌ တင်ပြခဲ့ပေပြီ။)

(ရှေ့၌ ထိုနေ့၏ အကြောင်းကို တင်ပြထားပေသည်။ ဆိုလိုသည်မှာ) အကြင်နေ့တွင် ၎င်းတို့အဖို့ ၎င်းတို့၏ အကြံအစည် (အကြင်အကြံအစည်ကို လောက၌ အစ္စလာမ်သာသနာနှင့် ဆန့်ကျင်ဘက်ပြုရန်နှင့် မိမိတို့ အောင်မြင်မှု ရရှိရေးနှင့် စပ်လျဉ်း၍ ကြံစည်လေ့ ရှိခဲ့ကြပေသည်။) သည် လုံးဝ အသုံးမဝင်မည့်အပြင် ၎င်းတို့သည် (မည်သည့်နေရာ တစ်နေရာမှ) ကူညီစောင်မခြင်းကိုလည်း ခံကြရမည်မဟုတ်။ (အဖန်ဆင်းခံများ၏ ဘက်မှလည်း ကူညီစောင်မခြင်းကို မရရှိနိုင်သကဲ့သို့ ဖန်ဆင်းရှင်ဘက်မှလည်း ကူညီမှု တစ်စုံတစ်ရာသည်လည်း ဖြစ်ပေါ်လာလိမ့်မည်မဟုတ်။ ဆိုလိုသည်မှာ ထိုနေ့တွင် ၎င်းတို့သည် အချက်အလက်အလုံးစုံကို ကွက်ကွက်ကွင်းကွင်း သိမြင်သွားပေလိမ့်မည်။ သို့တစေ ဤသူတို့သည် အီမာန်ယူလာကြမည့်သူများ မဟုတ်ကြပေ။)

ထို့ပြင် (တမလွန် 'အာခေရသ်' ၌မူ ဤဒုက္ခသည် ၎င်းတို့အပေါ် ဆိုက်ရောက်လာပေလိမ့်မည်။ သို့ရာတွင်) မတရားမှုကို ကျူးလွန်ခဲ့ကြသော သူတို့၌ ထိုနေ့ မဆိုက်ရောက်မီအလျင်လည်း ပြစ်ဒဏ်ကျရောက်မည်ဖြစ်၏။ (ဆိုလိုသည်မှာ ကမ္ဘာလောက၌ ရှိနေစဉ်မှာပင် မိုးခေါင်ရေရှား ကပ်ဆိုက်ခြင်းနှင့် 'ဗဒရ်' စစ်ပွဲ၌ သတ်ဖြတ်ခြင်းခံရခြင်းတို့ ဖြစ်ပေသည်။) သို့ရာတွင် ၎င်းတို့အနက် မြောက်မြားစွာသော သူတို့သည် သိရှိကြသည် မဟုတ်ပေ။ (မြောက်မြားစွာသော သူတို့) ဟူ၍ မိန့်တော်မူရခြင်း အကြောင်းမှာ အချို့သော သူတို့အဖို့ အီမာန်ရရှိမည့်အကြောင်း 'သတ်က်ပ်ဒီးရ်' ၌ ရှိနေ၍ ၎င်းတို့၏ မသိရှိခြင်းမှာ သိရှိသွားခြင်းဖြင့် ပြောင်းလဲသွားနိုင်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့အား 'မသိရှိသူများ၌ သတ်မှတ်၍ မထားပေ။

သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်၊ ၎င်းတို့အား အပြစ်ဒဏ်ပေးရန် အချိန်တစ်ချိန်ချိန်ကို သတ်မှတ်ထားပြီးဖြစ်ကြောင်းကို အသင် သိရှိပြီးဖြစ်ရာ) အသင်သည် မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ အမိန့်တော် (ဆိုက်ရောက်လာသည်အထိ) ကို သည်းခံ၍ စောင့်ဆိုင်းပါလေ။ (၎င်းတို့အား အလ္လာဟ်အသျှင်မြတ်၏ အစားယူတော်မူမည့် အရေးကို အလျင်စလို တောင်းဆိုတော်မမူပါနှင့်။ ၎င်းတို့အား အစားယူတော်မူရန်ကို တမန်တော်မြတ် ﷺ သည် မွတ်စ္စလင်မ်တို့၏ ဆန္ဒအာသီသနှင့် ၎င်းတို့အား ကူညီစောင်မတော်မူသည့်အနေဖြင့် လိုလားတောင်းဆိုခဲ့ခြင်း ဖြစ်ပေသည်။ ဤသူတို့သည် ၎င်းတို့အား နှောင့်ဆိုင်းခွင့်ပေးထားသည့် ဤကြားကာလအတွင်း၌ အသင့်ကို ဥပါဒ်တစ်စုံတစ်ရာ သက်ရောက်စေနိုင်ခြင်းဟူသော စိုးရိမ်မကင်း ရှိနေမှုဖြင့်လည်း အစားယူတော်မူရန်ကို အလျင်စလို မတောင်းဆိုလေနှင့်။ ၎င်းတို့ဘက်မှ ရန်ပြုအန္တရာယ်ပေးလာမည့် အချက်ကိုလည်း စိုးရိမ်ကြောင့်ကြမှု မဖြစ်ရှိလေနှင့်။ အဘယ်ကြောင့်ဆိုသော်) အသင်သည် ငါအသျှင်မြတ်၏ ကြည့်ရှုစောင့်ရှောက်မှုအောက်တွင် ရှိနေသောကြောင့်ပင် ဖြစ်၏။ (သို့ရှိရာ မည်သည့်အချက်ကို ကြောက်ရွံ့၍ နေပေသနည်း။ သို့ရှိရာ ဤသို့ပင် ဖြစ်ပေါ်ခဲ့သည်။) ထို့ပြင် (အကယ်၍ ၎င်းတို့ 'ကုဖ္ဖရ်'သွေဖည်ငြင်းဆိုမှုပြုခြင်းအတွင်း၌ ရှိနေသောကြောင့် သောကဗျာပါဒသည် နှလုံးသားအပေါ်ဝယ် ထိခိုက်လျက်ရှိနေလျှင်မူ ၎င်းအား ကုသရန်အချက်မှာ ငါအသျှင်မြတ်၏ ဘက်တော်သို့ အာရုံစူးစိုက်မှုကို ပြုပါ။ သို့ဖြစ်ပေရာ) အသင်သည် (ထိုင်ရာမှ ပြန်) ထခဲ့သောအခါ (ထိုင်ဝိုင်းမှဖြစ်စေ၊ အိပ်စက်ခြင်းမှ နိုးထလာသောအခါ၌ဖြစ်စေ၊ 'သဟဂျ်ဂျုဒ်' နမာဇ်ဝတ်ပြုရန်အတွက် ထသောအခါ၌ဖြစ်စေ) အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်အား ချီးမွမ်းထောပနာပြုခြင်းနှင့် အတူတကွ ထိုအသျှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မြွက်ဆိုပါလေ။

ထို့ပြင် အသင်သည် ညဥ့် (၏ တစ်ယံယံ၌သော်လည်းကောင်း။ ဥပမာ- 'အေရှာ'အချိန်၌သော်လည်းကောင်း) ကြယ်၊ နက္ခတ်တာရာများ (ကွယ်ပျောက်သွားသည့်) နောက်ပိုင်းတွင်လည်းကောင်း၊ ထိုအသျှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မြွက်ဆိုပါလေ။ ဥပမာ- နံနက် 'ဖဂျရ်'နမာဇ်အချိန်၌သော်လည်းကောင်း၊ နမာဇ်ဝတ်ပြုခြင်းအပြင် အခြားအခြားသော 'ဇိကိရ်' များပြုကာ အလ္လာဟ်အသျှင်

မြတ်အား သတိရရှိခြင်းသည်လည်း ထိုမိန့်မြွက်ချက်အတွင်း၌ ပါဝင်ပေသည်။ ထိုအထက်တင်ပြပါ အချိန်များအား အထူးပြုကာ မိန့်တော်မူထားရခြင်းမှာ သီးသန့်အလေးထားကာ ဂရုစိုက်စွာဖြင့် ထိုအချိန်များကို တန်ဖိုးရှိစွာဖြင့် အသုံးချရန်အတွက် ဖြစ်ပေသည်။ အချုပ်သဘောတရားမှာ မိမိ၏ နှလုံးသားကို အလ္လာဟ်အသျှင်မြတ်အား တသ သတိရခြင်း၌ နစ်မွန်းထားစေသည်ဆိုပါက သောကဗျာပါဒတို့သည် လွှမ်းမိုးလာနိုင်မည် မဟုတ်ပေဟူ၍တည်း။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

فَإِنَّكَ بِأَعْيُنِنَا

(အကြောင်းမှာ အသင်သည် ငါအသျှင်မြတ်၏ ကြည့်ရှု စောင့်ရှောက်မှုအောက်တွင် ရှိနေသောကြောင့်ပင် ဖြစ်၏။) *[၅၂ : ၄၈]*

ရန်သူများ၏ ရန်ငြိုးမှု၊ ဆန့်ကျင်ဘက်ပြုမှုနှင့် လီဆယ်မှုတို့ကြောင့် တမန်တော်မြတ် ﷺ အား ဖြေသိမ့်မှုပေးရန်အတွက် စူရာဟ်တော်၏ နောက်ဆုံးပိုင်း၌ ဦးစွာပထမ 'အသင်သည် ငါအသျှင်မြတ်၏ ထိန်းသိမ်းစောင့်ကြပ်မှုအောက်၌ ရှိပေသည်။ ငါအသျှင်မြတ်သည် အသင့်အား ၎င်းတို့၏ ဆိုးသွမ်းမှု အလုံးစုံတို့မှ ဖယ်ရှားကယ်တင်ထားပေမည်။ အသင်သည် ၎င်းတို့ပြောဆိုသော မည်သည့်စကားရပ်၊ အချက်အလက်တစ်စုံတစ်ရာကိုမျှ ဂရုမမူလေနှင့်' ဟူ၍ မိန့်တော်မူထားပေသည်။ ဤသည်ကို အခြားသော အာယသ်တော်တစ်ပါး၌

وَاللَّهُ يَعْصِمُكَ مِنَ النَّاسِ

(အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အသင့်အား လူတို့၏ ဘေးရန်ခပ်သိမ်းမှ ထိန်းသိမ်းတော်မူမည် ဖြစ်သည်။) *[၅ : ၆၇]*

ဟူ၍ မိန့်တော်မူထားပေသည်။ ထို့နောက် ကျွန်ုပ်တို့ ရင်သန်နေရသည့် အဓိကရည်ရွယ်ချက်လည်းဖြစ်သော ၎င်းနောက် ဘေးဒုက္ခအန္တရာယ်အပေါင်းမှ ကင်းလွတ်ချမ်းသာ ရရှိစေမည့်အချက်လည်းဖြစ်သော 'အလ္လာဟ်အသျှင်မြတ်အား သန့်ရှင်းစင်ကြယ်တော်မူကြောင်းနှင့် ချီးမွမ်းထောပနာပြုလျက် ရှိနေရန်' အကြောင်းကို မိန့်တော်မူထားသည်မှာ-

وَسَبِّحْ بِحَمْدِ رَبِّكَ حِينَ تَقُومُ

(ထို့ပြင် အသင်သည် ထိုင်ရာမှ ပြန်ထခဲ့သောအခါ အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်အား ချီးမွမ်းထောပနာပြုခြင်းနှင့် အတူတကွ ထိုအသျှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မြွက်ဆိုပါလေ။) *[၅၂ : ၄၈]*

ဆိုလိုသည်မှာ အသင့်အနေနှင့် ထရပ်တော်မူသောအခါ အလ္လာဟ်အသျှင်မြတ်အား ချီးမွမ်းထောပနာ ပြုခြင်းနှင့် အတူတကွ ထိုအသျှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မြွက်ဆိုပါလေ'ဟူ၍ ဖြစ်သည်။ 'ရပ်ခြင်း၊ ထလာခြင်း' ၏ အလိုသဘောမှာ အိပ်စက်ခြင်းမှ နိုးထလာခြင်းလည်း ဖြစ်နိုင်ပေသည်။ အိမ်နေဂျရီး၏ (ရဟ) သခင်ကြီးသည် ထိုအချက်ကို ကောက်နုတ်ရွေးချယ်ထားပေသည်။ ထိုအချက်အား ယခု တင်ပြမည့် ဟဒီးစ်တော်ဖြင့်လည်း အထောက်အကူ အသာပေးမှု ရရှိနေပေသည်။ ၎င်းဟဒီးစ်တော်ကို အေမာမ်အဟ်မဒ် (ရဟ) သခင်ကြီးသည် ဟဇရသ်အိုဗာဒါးဗင်နစ္စာမစ်သ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ထားပေသည်။ တမန်တော်မြတ် ﷺ မိန့်မြွက်ထားသည်။ 'အကြင်သူတစ်ဦးတစ်ယောက်သည် ညဉ့်၏ အိပ်စက်ခြင်းမှ နိုးထလာကာ ဤအောက်ဖော်ပြပါ စကားလုံးတော်များကို ရွတ်ဖတ်၍ ဆုမွန်ဒိုအာပြုမည်ဆိုပါက လက်ခံတော်မူခြင်းကို ခံရပေမည်။ ထိုစကားလုံးတော်များမှာ ဤသို့တည်း။

لَآ اِلٰهَ اِلَّا اللّٰهُ وَحْدَهٗ لَا شَرِيْكَ لَهٗ لَهُ الْمُلْكُ وَلَهُ الْحَمْدُ وَهُوَ عَلٰى كُلِّ شَىْءٍ قَدِيْر

سُبْحَانَ اللّٰهِ وَالْحَمْدُ لِلّٰهِ وَ لَآ اِلٰهَ اِلَّا اللّٰهُ وَاللّٰهُ اَكْبَرُ وَلَا حَوْلَ وَلَا قُوَّةَ اِلَّا بِاللّٰهِ

တစ်ဖန် ၎င်းသည် နမာဇ်ဝတ်ပြုရန် ရည်ရွယ်လိုက်၍ 'ဝူဇူ'ပြုကာ နမာဇ်ဖတ်လိုက်သည်ဆိုလျှင် ၎င်း၏ နမာဇ်သည် လက်ခံတော်မူခြင်းကို ခံရပေလိမ့်မည်ဟူ၍ ဖြစ်သည်။ *[အိမ်နေကစီး၏]*

ထိုင်ဝိုင်း၌ ကျူးလွန်မိခဲ့သော 'ဂိုနာဟ်'များအား ပလပ်စေသော ဒိုအာ

ဟဇရသ်မူဂျာဟိဒ် (ရဟ) နှင့် အဗူလ်အဟ်ဝဆ် (ရဟ) အစရှိသော အကျယ်ချဲ့ဖွင့်ဆိုသော အေမာမ်ကြီးများသည် ဤသို့ အဓိပ္ပါယ်ရှိထားကြပေသည်။ حِيْنَ تَقُوْمُ (ထိုင်နေရာမှ ပြန်ထလာသောအခါ) ဟူသော အာယသ်တော်၏ အလိုသဘောမှာ လူတစ်ဦးတစ်ယောက်သည် ထိုင်ဝိုင်းတစ်ခုခုမှ ထပြန်လာသောအခါ

سُبْحٰنَكَ اللّٰهُمَّ وَبِحَمْدِكَ

ကို ရွတ်ဆိုရပေမည်ဟူ၍တည်း။) ဟဇရသ်အသွားအ် အိမ်နေအဗီရဗားဟ် (ရဟ) သခင်ကြီးသည် ဤအာယသ် တော်အား အကျယ်ဖွင့်ဆိုရာ၌ ဤသို့ အောက်ဖော်ပြပါအတိုင်း မိန့်ဆိုတော်မူလိုက်ပေသည်။ (အသင်တို့သည် မိမိတို့၏ ထိုင်ဝိုင်းမှ ပြန်ထလာသောအခါ အလ္လာဟ်အသျှင်မြတ်အား သန့်ရှင်းစင်ကြယ်တော်မူကြောင်းနှင့် ချီးမွမ်းထောပနာပြုခြင်းကို ရွတ်ဆိုကုန်။ အကယ်၍ အသင်သည် ယင်းထိုင်ဝိုင်း၌ မွန်မြတ်သော ကုသိုလ်လုပ်ငန်းရပ် တစ်စုံတစ်ရာကို လုပ်ကိုင်သည်ဆိုလျှင် ထိုသူ၏ ကုသိုလ်အကျိုး၌ သာပို များပြား၍ 'ဗရ်ကသ်'မင်္ဂလာတော်များ ရရှိပေလိမ့်မည်။ အကယ်၍ မှားယွင်းသော လုပ်ရပ်တစ်စုံတစ်ရာ

ကို ပြုလုပ်လိုက်သည်ဆိုလျှင် ဤအထက်တင်ပြပါ စကားလုံးတော်များသည် ထိုအချက်အား လျော်ကြေး၊ ဖြေဆေးအဖြစ် ပလပ်စေပေလိမ့်မည်ဟူ၍တည်း။

ဟဇရတ်အဗူဟူရိုင်ရာဟ် ﷺ သခင်ကြီး၏ ဆင့်ပြန်ချက်၌ တမန်တော်မြတ် ﷺ သည် ဤသို့ မိန့်တော်မူထားပေသည်။ 'အကြင်သူတစ်ဦးတစ်ယောက်သည် ထိုင်ဝိုင်းတစ်ခုခု၌ ထိုင်လိုက်မည်။ ယင်းထိုင်ဝိုင်း၌ ကောင်းမှုနှင့် မကောင်းမှုတို့ကို ရောယှက်ပြောဆို ပြုကျင့်မိပါမူ ထိုထိုင်ဝိုင်းမှ မထမီအလျင် အကယ်၍ ၄င်းသည် ဤအောက်ဖော်ပြပါ စကားလုံးတော်များကို ဖတ်ရွတ်လိုက်မည်ဆိုပါက အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့ ထိုင်ဝိုင်းအတွင်း၌ ပြုကျင့်မိသွားသော ပြစ်မှုဒုစရိုက်များအားလုံးကို လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူလိုက်ပေမည်။ ထိုစကားလုံးတော်များမှာ

سُبْحَانَكَ اللّٰهُمَّ وَبِحَمْدِكَ اَشْهَدُ اَنْ لَّا اِلَهَ اِلَّا اَنْتَ اَسْتَغْفِرُكَ وَاَتُوْبُ اِلَيْكَ

ဟူ၍ ဖြစ်သည်။ *[သိရ်မေဇီကျမ်း]*

وَمِنَ الَّيْلِ فَسَبِّحْهُ

(ထို့ပြင် အသင်သည် ညဉ့်၌လည်းကောင်း၊ ထိုအသျှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မြွက်ဆိုပါလေ။) *[၅၂ ႏ ၄၉]*

ဆိုလိုသည်မှာ ညဉ့်အချိန်၌ အလ္လာဟ်အသျှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို ဖွင့်ဟမြွက်ဆိုပါလေ။ ထိုအချိန်အတွင်း၌ 'မဂ်ရိဗ်'နှင့် 'အေရှာ'နမာဇ်တို့ ပါဝင်သွားပေသည်။ အခြားသော အလ္လာဟ်အသျှင်မြတ်အား သန့်ရှင်းစင်ကြယ်တော်မူကြောင်း ပါဝင်သည့် 'ဇိကိရ်'တော်များအားလုံးလည်း အကျုံးဝင်ပေသည်။

وَاِدْبَارَ النُّجُوْمِ

(ကြယ်၊ နက္ခတ်များ ကွယ်ပျောက်သွားသည့် နောက်ပိုင်းတွင်လည်း ထိုအသျှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို ဖွင့်ဟမြွက်ဆိုပါ။) *[၅၂ ႏ ၄၉]*

အလိုသဘော၌ 'ဖဂျရ်'နမာဇ်နှင့် ထိုအချိန်၌ ရွတ်ဖတ်ရသော 'သတ်စ်ဗီးဟ်' တော်များအားလုံး အကျုံးဝင်သွားပေသည်။ *[အိဗ်နေကစီးရ်]*

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

စူရာဟ်နဂ်မိ

ကြယ်တာရာ ကဏ္ဍ

بِسۡمِ ٱللَّهِ ٱلرَّحۡمَٰنِ ٱلرَّحِيمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

وَٱلنَّجۡمِ إِذَا هَوَىٰ ١

၅၃ : ၁ ။ ။ (ငါအသျှင်မြတ်သည်) ကြယ်တာရာကို သက်သေထူတော်မူ၏။ အကြင်အခါဝယ် ထိုကြယ်တာရာသည် ကွယ်ပျောက်၍ ဝင်သွားလေ၏။

مَا ضَلَّ صَاحِبُكُمۡ وَمَا غَوَىٰ ٢

၅၃ : ၂ ။ ။ အသင်တို့၏ အဖော် (တမန်တော်မြတ်မိုဟမ္မဒ်) သည် လမ်းလွဲနေသည်လည်း မဟုတ်ပေ။ လမ်းမှားကို လိုက်နာခဲ့သည်လည်း မဟုတ်ပေ။

وَمَا يَنطِقُ عَنِ ٱلۡهَوَىٰٓ ٣

၅၃ : ၃ ။ ။ ၎င်းပြင် အသင်တို့၏ အဖော် (တမန်တော်မြတ်မိုဟမ္မဒ်) သည် (မိမိ၏) စိတ်အလိုဆန္ဒအရ စကား ပြောဆိုလေ့ ရှိသည်လည်း မဟုတ်ပေ။

إِنۡ هُوَ إِلَّا وَحۡيٞ يُوحَىٰ ٤

၅၃ : ၄ ။ ။ ယင်းပြောဆိုချက်သည် (အလ္လာဟ်အသျှင်မြတ်ထံတော်မှ) ထုတ်ပြန်ခြင်း ခံရလေသော (ဝဟီ) ထုတ်ပြန် ချက်သာလျှင် ဖြစ်ပေသည်။

عَلَّمَهُۥ شَدِيدُ ٱلۡقُوَىٰ ٥

၅၃ : ၅ ။ ။ (အသင်တို့၏) ထိုအဖော်အား၊ အလွန်အင်အားကြီးမားသူ၊ (ကောင်းကင်တမန်) သည် သင်ကြားပို့ချ၍ ပေးခဲ့လေ၏။

ذُو مِرَّةٖ فَٱسۡتَوَىٰ ٦

၅၃ : ၆ ။ ။ စွမ်းအင်နှင့် ပြည့်စုံသူ ဖြစ်သော၊ လွန်စွာ လှပတင့်တယ်သူဖြစ်သော၊ ထို့နောက် ၎င်း (ကောင်းကင် တမန်) သည် နဂိုမူလ ရုပ်သဏ္ဍာန်နှင့်တကွ (၎င်း၏ ရှေ့ဝယ်) အထင်အရှား ပေါ်လာခဲ့၏။

وَهُوَ بِالْأُفُقِ الْأَعْلَىٰ ﴿٧﴾

၅၃ : ၇ ။ ။ ထိုစဉ်အခါဝယ် ၎င်း (ကောင်းကင်တမန်) သည် မြင့်စွင့်လှစွာသော မိုးကုတ်စက်ဝိုင်း၌ ရှိနေခဲ့၏။

ثُمَّ دَنَا فَتَدَلَّىٰ ﴿٨﴾

၅၃ : ၈ ။ ။ ထို့နောက် ၎င်း (ကောင်းကင်တမန်) သည် ချဉ်းကပ်၍ လာခဲ့၏။ ထို့နောက်တစ်ဖန် ထပ်မံ၍ ချဉ်းကပ်ခဲ့ပေရာ။

فَكَانَ قَابَ قَوْسَيْنِ أَوْ أَدْنَىٰ ﴿٩﴾

၅၃ : ၉ ။ ။ လေးနှစ်ပြန်မျှသော ဝေးကွာလေတော့၏။ စင်စစ် ထို့ထက်ပင် ပို၍ နီးကပ်စွာ ရှိခဲ့လေ၏။

فَأَوْحَىٰ إِلَىٰ عَبْدِهِ مَا أَوْحَىٰ ﴿١٠﴾

၅၃ : ၁၀ ။ ။ ထိုအခါ ထိုအသျှင်မြတ်သည် မိမိ ကျွန် (မိုဟမ္မဒ်) ၏ ထံသို့ မိမိ ထုတ်ပြန် (လိုသော) 'ဝဟီ' ထုတ်ပြန်ချက်များကို ထုတ်ပြန်တော်မူခဲ့လေ၏။

مَا كَذَبَ الْفُؤَادُ مَا رَأَىٰ ﴿١١﴾

၅၃ : ၁၁ ။ ။ (ထိုအသင်တို့အဖော် တမန်တော်မြတ်၏) စိတ်နှလုံးသည် တွေ့မြင်ခဲ့သော အရာများနှင့် စပ်လျဉ်း၍ မှားယွင်းခြင်း မရှိခဲ့ချေ။

أَفَتُمَارُونَهُ عَلَىٰ مَا يَرَىٰ ﴿١٢﴾

၅၃ : ၁၂ ။ ။ သို့ပါလျက် အသင်တို့သည် ထိုအဖော် (မိုဟမ္မဒ်) နှင့် ၎င်းတွေ့မြင်ခဲ့သော အရာများနှင့် စပ်လျဉ်း၍ အငြင်းအခုံ ပြုနေကြလေသလော။

وَلَقَدْ رَآهُ نَزْلَةً أُخْرَىٰ ﴿١٣﴾

၅၃ : ၁၃ ။ ။ ထို့ပြင် ၎င်းအဖော် (မိုဟမ္မဒ်) သည် ယင်း (ကောင်းကင်တမန်) အား ဒုတိယအကြိမ် ဆင်းသက်ရာ၌ မုချကေန် တွေ့မြင်ခဲ့၏။

عِندَ سِدْرَةِ الْمُنتَهَىٰ ﴿١٤﴾

၅၃ : ၁၄ ။ ။ နယ်စွန်နယ်ဖျား၌ ရှိသော ဆီးပင်၊ 'စစ်ဒ်ရသွလ်မွန်သဟာ' ဆီးပင်၏ အနီးတွင် (တွေ့မြင်ခဲ့၏။)

عِندَهَا جَنَّةُ الْمَأْوَىٰ ﴿١٥﴾

၅၃ : ၁၅ ။ ။ ယင်း 'စစ်ဒ်ရသွလ်မွန်သဟာ' ဆီးပင်၏ အနီး၌ပင် 'ဂျန္နသ်သွလ်မအ်ဝ' သုခဘုံရှိ၏။

إِذْ يَغْشَى السِّدْرَةَ مَا يَغْشَىٰ ﴿١٦﴾

၅၃ : ၁၆ ။ ။ အကြင်အခါဝယ် ဆီးပင်ကို ဖုံးလွှမ်းလျက်ရှိသော အရာများသည် ဖုံးလွှမ်းလျက် ရှိ၏။

مَازَاغَ الْبَصَرُ وَمَا طَغٰى ⑰

၅၃ : ၁၇ ॥ ॥ ထိုအဖော် (မိုဟမ္မဒ်) ၏ မျက်စိသည် လွဲချော်ခဲ့သည်လည်း မရှိချေ။ ကျော်လွန်သွားခဲ့သည်လည်း မရှိချေ။

لَقَدْ رَاٰى مِنْ اٰيٰتِ رَبِّهِ الْكُبْرٰى ⑱

၅၃ : ၁၈ ॥ ॥ စကန်စင်စစ် ၎င်းအဖော် (မိုဟမ္မဒ်) သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ကြီးကျယ်လှစွာသော သက်သေလက္ခဏာတော်များကို တွေ့မြင်ခဲ့သည်မှာ အမှန်ပင် (ဖြစ်၏။)

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(၁)အသျှင်မြတ်သည် ကြယ်တာရာကို သက်သေထူတော်မူ၏။ အကြင်အခါဝယ် ထိုကြယ်တာရာသည် ကွယ်ပျောက်၍ ဝင်သွားလေ၏။ (မည်သည့်ကြယ်တာရာကိုမဆို ဆိုလိုခြင်း ဖြစ်နိုင်သည်။ ထိုသို့ 'ကစမ်'ကျိန်ဆိုခဲ့သော စာသားနှင့် 'ကစမ်'ကျိန်ဆိုတင်ပြထားသော စာစဉ်အကြောင်းအရာဖြစ်သည့်

مَا ضَلَّ صَاحِبُكُمْ وَمَا غَوٰى

(အသင်တို့၏ အဖော် တမန်တော်မြတ် ﷺ လမ်းလွဲနေသည်လည်း မဟုတ်ပေ။ လမ်းမှားကို လိုက်နာခဲ့သည်လည်း မဟုတ်ပေ။) [၅၃ : ၂]

ဟူသော အာယသ်တော်မြတ် အကြား၌ အထူးဆက်စပ်မှုတစ်ရပ် ရှိနေပေသည်။ ၎င်းမှာ ကြယ်တာရာသည် ထွက်သည့် အချိန်မှစ၍ ဝင်ရောက် ပျောက်ကွယ်သွားသည့် အချိန်ထိတိုင် ခရီးအကွာအဝေးအားလုံးတို့၌ မိမိ၏ လှည့်ပတ်မှုလမ်းကြောင်းအတွင်းမှ ပုံမှန်လည်ပတ်နှုန်းဖြင့် ဤဘက်၊ ထိုဘက်သို့ မရောက်ရှိသွားဘဲ လည်ပတ်ဝင်ရောက် ပျောက်ကွယ်သွားလေ့ ရှိသလို ကိုယ်တော်မြတ် ﷺ လည်း မိမိ၏ သက်တမ်းတစ်လျှောက်လုံးအတွက် လမ်းလွဲ၊ လမ်းမှားခြင်းမှ ထိန်းသိမ်းထားခြင်း ခံရသူဖြစ်သည် ဟူသော ဆက်စပ်မှုပင် ဖြစ်သည်။ ထို့ပြင် ကြယ်တာရာများမှ လမ်းညွှန်မှုရရှိသလို ကိုယ်တော်မြတ် ﷺ ဘက်မှလည်း လမ်းလွဲ၊ လမ်းမှားစေခြင်း မရှိ၍ ကိုယ်တော်မြတ် ﷺ မှ လမ်းမှန်တရား ရရှိစေသည် ဟူသော အချက်ဘက်သို့လည်း ရည်ညွှန်းဖော်ကျူးထား၏။ ၎င်းနောက် ကြယ်တာရာများ၏ အာကာသကောင်းကင်၏ အလယ်ယံတွင် တည်ရှိနေသော အချိန်၌ မည်သည့်အရပ်မျက်နှာကိုမျှ ခန့်မှန်း၍ မရနိုင်ပေ။ ထို့ကြောင့် ယင်းကဲ့သို့သော အချိန်မျိုးတွင် ကြယ်တာရာများမှ သွားလိုရာ လမ်းကြောင်းကို မသိရှိနိုင်ပေ။ ထို့ကြောင့် အာယသ်တော်အတွင်း၌ 'ကွယ်ပျောက်၍ သွားချိန်' ဟူသော စည်းကမ်းချက်ကို ထည့်သွင်းအမိန့်ရှိလိုက်ခြင်း ဖြစ်ပေသည်။ ထွက်ချိန်၌လည်း မိုးကုတ်စက်ဝိုင်းအနီးတွင် ကြယ်တာရာများ ရှိနေပါ၏။ သို့သော် လမ်းကို သိလိုသော သူသည် ကြယ်တာရာများ ဝင်ရောက်ပျောက်ကွယ်သွားမည့် အချိန်ကို 'အကယ်၍ ကြယ်တာရာများ မည်သည့်ဘက်၌ ရှိနေ၍ မည်သည့်ဘက်သို့ ခရီးဆန့်ရမည်ဟူသော အချက်ကို

ခန့်မှန်းရာ၌ အနည်းငယ်မျှပင် နှောင့်နှေးကြန့်ကြာတုန့်ဆိုင်းလျက် ရှိခဲ့ပါမူ ဤကြယ်တာရာများ ပျောက်ကွယ်သွား၍ လမ်းကိုလည်း ခန့်မှန်းသိရှိနိုင်တော့မည်မဟုတ်' ဟူ၍ တွေးဆကာ တန်ဖိုးထား အသုံးချမည်ဖြစ်သောကြောင့် ဖြစ်၏။ ၎င်းကြယ်တာရာများ ထွက်ချိန်တွင်မူ ဤသည်နှင့် ခြားနားမှုရှိ၏။ ထိုအချိန်တွင် ဂရုမမူမိလိုက်မူ ဖြစ်တတ်၍ ဖြစ်ပေသည်။ သို့ရှိရာ ယခု တင်ပြလျက်ရှိနေသော အာယသ်တော်မြတ်၌ 'တမန်တော်မြတ် ﷺ ၏ ထံတော်ပါးမှ လမ်းမှန်တရား ရယူရန် အချက်ကို အဖိုးမဖြတ်နိုင်သော ရတနာဟူ၍ သဘောပေါက် မှတ်ယူကာ မက်ဆန္ဒဖြင့် စွမ်းစွမ်းတမံ ပြေးလွှား သွားယူသင့်ပေသည် ဟူသော အချက်' ဘက်သို့လည်း ရည်ညွှန်းချက် ပါရှိပေသည်။)

(ရှေ့၌ 'ကစမ်'ကျိန်ဆို သက်သေထူ တင်ပြရသည့် အကြောင်းအရာအား မိန့်တော်မူထားပေသည်။ အချိန်တိုင်း၌ အသင်တို့၏ ရှေ့တွင် ရှိတော်မူသော) အသင်တို့၏ အဖော် (တမန်တော်မြတ် ﷺ) သည် (၎င်းနဗီတမန်တော်မြတ်ကြီး၏ အခြေအနေအရပ်ရပ်နှင့် အပြုအမူများအားလုံးတို့ကို အသင်တို့သည် သိရှိထားပြီးဖြစ်သည်။ ယင်းအချက်အလက်တို့ဖြင့် တရားမျှတသော ရှုထောင့်ဖြင့် ကြည့်ရှုမည်ဆိုပါက ထိုနဗီ၏ မှန်ကန်မှုရှိကြောင်းအပေါ် အထောက်အထား ရယူနိုင်ပေသည်။ ဤနဗီတမန်တော်မြတ်ကြီးသည် မှန်ကန်သော လမ်းစဉ်မှ) လမ်းလွဲနေသည်လည်း မဟုတ်ပေ။ လမ်းမှားကို လိုက်နာခဲ့သည်လည်း မဟုတ်ပေ။ (ضلال (လမ်းလွဲခြင်း) ဟူသည် လမ်းမှန်ကို လုံးဝ မေ့သွားကာ ရပ်တည်နေထိုင်ခြင်းဖြစ်သည်။ غوايت (လမ်းမှားကို လိုက်နာခြင်း) ဟူသည် လမ်းမဟုတ်သည်ကို လမ်းဟု ထင်မှတ်ကာ မှားယွင်းသောဘက်သို့ လျှောက်လှမ်းလျက် ရှိနေခြင်းဖြစ်ပေသည်။) *[ခါဇင်ကျမ်း]*

(ဆိုလိုသည်မှာ အသင်တို့သည် ၎င်းနဗီတမန်တော်အား ၎င်း၏ နဗီဖြစ်ခြင်း ကြွေးကြော်မှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အစ္စလာမ်သာသနာဘက်သို့ ဖိတ်ခေါ်ခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း လမ်းမှား၌ ရှိနေသူဟူ၍ မှတ်ယူထားကြပေသည်။ ဤသို့မဟုတ်ပေ။ သို့သာမက တမန်တော်မြတ် ﷺ သည် မှန်ကန်သော နဗီတမန်တော်တစ်ပါး ဖြစ်ပေသည်။)

၎င်းပြင် အသင်တို့၏ အဖော် (တမန်တော်မြတ် ﷺ) သည် (မိမိ၏) စိတ်အလိုဆန္ဒအရ စကားပြောဆိုလေ့ရှိသည်လည်း မဟုတ်ပေ။ (အသင်တို့၏ '၎င်းသည် ကြံဖန်လီဆည်ကာ ပြောဆိုနေခြင်းသာဖြစ်သည်' ဟူ၍ စွပ်စွဲပြောဆိုခဲ့ကြသကဲ့သို့ မဟုတ်ပေ။ သို့သာမက) ယင်း (နဗီတမန်တော်) ၏ ပြောဆိုချက်သည် (အလ္လာဟ်အသျှင်မြတ်၏ ထံတော်မှ) ထုတ်ပြန်ခြင်း ခံရလေသော (ဝဟီ) ထုတ်ပြန်ချက်သာလျှင် ဖြစ်ပေသည်။ (ကုရ်အာန်ကျမ်းမြတ်ဟူ၍ ခေါ်ဆိုသော စကားလုံးတော်များနှင့်တကွ ပို့ချပေးခြင်းခံရသော 'ဝဟီ'ဗျာဒိတ်တော်ဖြစ်စေ၊ 'စွန္နသ်'ဟု ခေါ်ဆိုသော အလိုသဘောကိုသာ ပို့ချခြင်းခံရသော 'ဝဟီ' ဗျာဒိတ်တော်ဖြစ်စေ၊ ဖြစ်ရပ်တစ်ခုနှင့်သာ စပ်လျဉ်း၍ ထုတ်ပြန်ပို့ချခြင်း ခံရသော 'ဝဟီ'ဗျာဒိတ်တော် ဖြစ်စေ၊ ခြုံငုံလွှမ်းခြုံသော ပုံသေဥပဒေသတစ်ရပ်အဖြစ် ထုတ်ပြန်ပို့ချခြင်းခံရသော 'ဝဟီ'ဗျာဒိတ်တော်ဖြစ်စေ၊ အကြင် 'ဝဟီ'ဗျာဒိတ်တော်များမှ ထိုးထွင်းကြံဆမှု ဉာဏ်တော်ဖြင့် တင်ပြမိန့်မြွက်ထား

သည့် အရာ၊ မိန့်မြွက်တင်ပြမှု အားလုံး ပါဝင်ပေသည်။ သို့ရှိရာ ယင်းအာယသ်တော်ဖြင့် တမန်တော်မြတ် ﷺ ၏ မိမိဘက်မှ ကြံဆမှုဉာဏ်တော်နှင့် ကြံဆတင်ပြခဲ့သော တင်ပြချက်များ (အစ်ဂျ်သေဟားဒ်) ကို ပယ်ချ၍ မရနိုင်ပေ။ ဤနေရာမှ အဓိကရည်ရွယ်ချက်မှာ 'တမန်တော်မြတ် ﷺ သည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်သို့ မှားယွင်းသော အချက်အလက်များကို ဆက်နွယ်ကာ မိန့်မြွက်နေခြင်းဖြစ်သည်' ဟူသော ကာဖိရ်တို့၏ တွေးခေါ်စွပ်စွဲမှုများကို ငြင်းချက်ထုတ်ရန် ဖြစ်ပေသည်။)

(ရှေ့၌ ဆက်လက်၍ 'ဝဟီ'ဗျာဒိတ်တော် ကျရောက်လာရာ၌ ကြားခံ၊ သံတမန်အဖြစ် ပို့ဆောင်ပေးသူကို တင်ပြထားပေသည်။ အသင်တို့၏) ထိုအဖော်အား အလွန်အင်အားကြီးမားသူ (ကောင်းကင်တမန်) သည် (ထို 'ဝဟီ'ဗျာဒိတ်တော်ကို အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ) သင်ကြားပို့ချ၍ ပေးခဲ့လေ၏။ (ထိုကောင်းကင်တမန်တော်သည် မိမိ၏ ကြိုးပမ်းကြိုးစားမှုကြောင့် အင်အားပြည့်ဖြိုးနေခြင်း မဟုတ်ပေ။ သို့သာမက) စတင် အဖန်ဆင်းခံထားရသည့် အချိန်ကတည်းကပင် အင်အား တောင့်တင်းခိုင်မာနေသူ ဖြစ်ပေသည်။ (ပမာတင်ပြရမည်ဆိုသော် ဆင့်ပြန်ချက်တစ်ရပ်အတွင်း၌ ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام ကိုယ်တော်တိုင် မိမိ၏ အင်အားကို တင်ပြ အမိန့်ရှိတော်မူထားသည်မှာ ကျွန်ုပ်သည် ဟဇရသ်လူးသ် عليه السلام ၏ မျိုးနွယ်အုပ်စုများ နေထိုင်ရာ ရပ်ရွာဒေသများကို အမြစ်မှ နှုတ်လှန်ကာ မိုးကောင်းကင်အနီးသို့ မ,ယူသယ်ဆောင်သွားကာ ပစ်ချလိုက်ပေသည်' ဟူ၍ ဖြစ်သည်။) *[ဒုရ်မေမန်စူးရ်ကျမ်း]*

(အလိုသဘောမှာ 'ဤမုကွ္ဂပါဌ်တော်များသည် တမန်တော်မြတ် ﷺ ကို အနာဂတ်ဟောဆရာတစ်ဦးဖြစ်သည်ဟု ပြောဆိုရလောက်အောင် ရှိုင်သွာန်တစ်ဦးဦး၏ အကြောင်းခံဖြင့် ကိုယ်တော်မြတ် ﷺ ထံသို့ ရောက်ရှိလာခြင်းမျိုး မဟုတ်ပေ။ သို့သာမက ကောင်းကင်တမန်တော်ကြီး၏ ကြားခံဖြင့် ကိုယ်တော်မြတ် ﷺ ထံသို့ ရောက်ရှိလာခြင်း ဖြစ်ပေသည်'ဟူ၏။ 'အလွန်အင်အားကြီးမားသူ' ဟူ၍ မိန့်ဆိုတော်မူခြင်း၌ စင်စစ် စတင် ယူဆောင်လာသော အချိန်၌ ကောင်းကင်တမန်တော်ကြီးသည်သာလျှင် ယူဆောင်တော်မူလာသည်။ သို့သော် ကြား၌ ရှိုင်သွာန်များ၏ တစ်စုံတစ်ရာ ဝင်ရောက်စွက်ဖက်မှုများလည်း ရှိနိုင်သည်' ဟူသော ယူဆချက်ထား၍ မရနိုင်ရန် ရည်ရွယ်ပေသည်။ 'အလွန်အင်အားကြီးမားသူ' ဟူ၍ မိန့်မြွက်ရာ၌ ရှိုင်သွာန်သည် ထိုကောင်းကင်တမန်တော်ကြီး၏ အပါးတော်သို့ ချဉ်းကပ်နိုင်ရန်ပင် မစွမ်းနိုင်ပေ'ဟူသော အဖြေဘက်သို့ ရည်ညွှန်းဖော်ထုတ်လိုက်ပေသည်။ တစ်ဖန် 'ဝဟီ'ဗျာဒိတ်တော်ကို ပို့ဆောင်ကြားနာစေပြီးနောက် ၎င်းအား တစ်လုံးတစ်ပါဒမျှ မကျန် ပြန်လည် ဖတ်ကြားပို့ချနိုင်ရန်အတွက် အလ္လာဟ်အသျှင်မြတ် ကိုယ်တော်တိုင်က ကတိပြုထားတော်မူပေသည်။

إِنَّ عَلَيْنَا جَمْعَهُ وَقُرْآنَهُ

(ဧကန်မလွဲ ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို စုပေါင်း၍ ပေးခြင်းသည်လည်းကောင်း၊ ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို ဖတ်စေခြင်းသည်လည်းကောင်း ငါအသျှင်မြတ်၏ တာဝန်ဖြစ်၏။)

[၇၅ : ၁၇]

ဟူ၍ လာရှိထားသည်။ ရှေ့၌ 'ဝဟီ' ဗျာဒိတ်တော်ကို ယူဆောင်လာသော သူမှာ ကောင်းကင်တမန်တော် ဟဇရတ်ဂျိဗ်ရာအီးလ် ﷺ ဖြစ်ကြောင်း မြင်တွေ့ဘူးကာ မှတ်မိသိရှိနိုင်သည့် အချိန်၌မှာသာ ဖြစ်နိုင်ပေသည်။ တစ်ဖန် သေသေချာချာ မှတ်မိခြင်းသည် မူရင်းပုံစံကို ပီပြင်စွာ မြင်တွေ့ဖူးချိန်၌မှာသာ ဖြစ်နိုင်ပေသည်။ သို့ဆိုလျှင် 'တမန်တော်မြတ် ﷺ သည် ဟဇရတ်ဂျိဗ်ရာအီးလ် ﷺ ကို မူရင်းပုံစံဖြင့် မြင်တွေ့ခဲ့ဖူးပါ၏လော' ဟူသော စောဒက၏ ဖြေကြားချက်ကို တင်ပြထားသည်။ ထိုအချက်နှင့် စပ်လျဉ်း၍ မိန့်တော်မူထားသည်မှာ 'ဟုတ်ပါ၏။ မြင်တွေ့ခဲ့ဖူးပါသည်။ တွေ့ရှိချိန်၌ ၎င်း၏ ရုပ်ပုံသဏ္ဌာန်ကို အကြိမ်အရေအတွက်အချို့တွင်မူ အခြားသော ရုပ်ပုံသဏ္ဌာန်များဖြင့် မြင်တွေ့တော်မူ၍) တစ်ဖန် (တစ်ကြိမ်တစ်ခါ၌ ဤသို့လည်း ကြုံကြိုက်ခဲ့ဖူးပေသည်။) ၎င်း (ကောင်းကင်တမန်) သည် နဂိုမူလ ရုပ်သဏ္ဌာန်နှင့်တကွ (၎င်း၏ ရှေ့ဝယ်) အထင်အရှား ပေါ်လာခဲ့၏။

ထိုစဉ်အခါဝယ် ၎င်း (ကောင်းကင်တမန်) သည် မြင့်စွင့်လှစွာသော မိုးကုတ်စက်ဝိုင်း၌ ရှိနေခဲ့၏။ (ဒုရ်ရေမန်စူးရ်ကျမ်း၌ ပါရှိသော ဆင့်ပြန်ချက်တစ်ရပ်၌မူ ၎င်းအား 'အရှေ့ဘက် မိုးကုတ်စက်ဝိုင်းဖြစ်သည်'ဟူ၍ အကျယ်ဖွင့်ဆို တင်ပြထားပေသည်။ မိုးကုတ်စက်ဝိုင်း၌ တွေ့မြင်စေတော်မူခြင်း၏ အလွန်ဖြစ်နိုင်ချေရှိသော အမြော်အမြင်တော်မှာ 'ကောင်းကင်၏ အလယ်ဗဟိုတည့်တည့်၌ဖြစ်မူ ကြည့်ရှုတွေ့မြင်နိုင်ရန်မှာ ဒုက္ခ၊ အခက်အခဲ ရှိနေနိုင်၍ ဖြစ်သည်။ အထက်အာကာသ ဝေယံ၌ တွေ့စေခြင်း၏ အလွန်ဖြစ်နိုင်ချေရှိသော အချက်မှာ မိုးကုတ်စက်ဝိုင်း၏ လုံးဝ အောက်ခြေ၌ အရာတစ်ခုအဖြစ် လုံးဝ ပြည့်ဝစွာ မတွေ့မြင်နိုင်၍ ဖြစ်ပေသည်။ ထို့ကြောင့် အနည်းငယ် အပေါ်ဘက်၌ မြင်တွေ့ရပေမည်။ ယင်းသို့ မူရင်းရုပ်သဏ္ဌာန်ကို မြင်တွေ့ခဲ့သည့် ဖြစ်အင်မှာ ဤသို့တည်း။ တစ်ကြိမ်တစ်ခါက တမန်တော်မြတ် ﷺ သည် ဟဇရတ်ဂျိဗ်ရာအီးလ် ﷺ အား 'ငါကိုယ်တော်အား အသင်၏ မူရင်းအသွင်ကို ပြသတော်မူပါ'ဟူ၍ တောင်းဆိုလိုက်ပေသည်။ ၎င်းဂျိဗ်ရာအီးလ် ﷺ သည် 'ဟေရာ'လိုဏ်ဂူအနီး (သိရ်မေဇီကျမ်း၏ ဆင့်ပြန်ချက်အရ 'ဂျေယာဒ်'ရပ်ကွက်၌) ပြသတော်မူမည့် အကြောင်း ကတိပေး ချိန်းချက်တော်မူလိုက်ပေသည်။ တမန်တော်မြတ် ﷺ သည် ထိုနေရာသို့ ကြွမြန်းသွားတော်မူသောအခါ ၎င်းကို အရှေ့ဘက် မိုးကုတ်စက်ဝိုင်း၌ မြင်တွေ့ခဲ့ရပေသည်။ ၎င်း၌ အတောင်ပံပေါင်း (၆၀၀) ရှိရာ အနောက်ဘက် မိုးကုတ်စက်ဝိုင်းထိတိုင် ဝိုင်းရံ လွှမ်းခြုံထားသည်ထိတိုင် ပြန့်နှံ့ ပြည့်နှက် လျက်ရှိနေပေသည်။ တမန်တော်မြတ် ﷺ သည် သတိမေ့ကာ လဲကျသွားပေသည်။ ထိုအချိန်၌ ဟဇရတ်ဂျိဗ်ရာအီးလ် ﷺ သည် လူသားတစ်ဦး၏ အသွင်ဖြင့် တမန်တော်မြတ် ﷺ ၏ ထံတော်ပါးသို့ ဖြေသိမ့်မှု၊ တည်ငြိမ်မှုပေးရန်အတွက် ကြွမြန်းလာတော်မူပေသည်။ ယင်းအချက်သည် ရှေ့၌ လာနေပေသည်။ *[ဂျလာလိုင်းကျမ်း]*

အချုပ်သဘောမှာ 'ထိုကောင်းကင်တမန်တော်ကြီးသည် မိမိ၏ မူရင်းအသွင်ဖြင့် မြင့်စွင့်လှစွာသော မိုးကုတ်စက်ဝိုင်း၌ ကိုယ်ရောင် ထင်ဟပ်ပြသခဲ့ပေသည်။)

ထို့နောက် (တမန်တော်မြတ် ﷺ သည် သတိလစ်သွားတော်မူသောအခါ) ၎င်း (ကောင်းကင်တမန်) သည် တမန်တော်မြတ် ﷺ ၏ ထံတော်ပါးသို့ ချဉ်းကပ်လာခဲ့၏။ ထို့နောက်တစ်ဖန် ထပ်မံ၍ ချဉ်းကပ်

ခဲ့ပေရာ (သို့ရှိရာ နီးကပ်လာသည့်အတွက်ကြောင့်) လေးနှစ်ပြန်မျှသာ ဝေးကွာလေတော့၏။ စင်စစ် (အလွန်နီးကပ်နေပြီး ဖြစ်သည့်အတွက်ကြောင့်) ထို့ထက်ပင် ပို၍ နီးကပ်စွာ ရှိခဲ့လေ၏။ (လေးနှစ်ပြန်၏ အလိုသဘောမှာ အာရပ်နိုင်ငံ၌ လူနှစ်ဦးသည် မိမိတို့အချင်းချင်းကြား အလွန်ရင်းနှီးကာ နှစ်ကိုယ့်တစ်စိတ် ပုံစံမျိုး ဖြစ်လိုလာလျှင် ဓလေ့ရှိသည်မှာ နှစ်ဦးစလုံးသည် မိမိတို့၏ လေးကိုင်းများကို ယူ၍ လေးကြိုးများကို ယှဉ်တွဲကာ ထိတွေ့ထားလိုက်ပေသည်။ ယင်းတွင်လည်း အချို့သော အစိတ်အပိုင်းများ အနည်းအများမဆို နေရာလပ်မှု မုချ ရှိပေသည်။ သို့ရှိရာ ထိုတုံးတမ်းစဉ်လာအရ 'နီးကပ်မှု၊ စည်းလုံးမှုအပေါ်' သွယ်ဝိုက်ကာ သုံးနှုန်းထားခြင်း ဖြစ်ပေသည်။ သို့ရှိရာ ဤသို့ နှစ်ကိုယ်တစ်စိတ် ဖြစ်ခြင်းသည် အပေါ်ယံ ရုပ်ပိုင်းဆိုင်ရာအရ နီးကပ်စည်းလုံးမှုရှိခြင်း၏ လက္ခဏာဖြစ်ပြီး အကယ်၍ နာမ်ပိုင်းဆိုင်ရာနှင့် နှလုံးသားပိုင်းဆိုင်ရာ စည်းလုံးမှု ရှိနေသည်ဆိုပါက ထိုကဲ့သို့သော နေရာမျိုးတွင် اَوْ اَدْنٰى (စင်စစ် ထို့ထက်ပင် ပို၍ နီးကပ်စွာ ရှိခဲ့လေ၏) ဟူသော အချက်သည် မှန်ကန်ပီပြင်စွာ သက်ရောက်နေပေလိမ့်မည်။ သို့ရှိရာ اَوْ اَدْنٰى ဟူသော စကားလုံးတော်များကို သာပို ထည့်ပေးလိုက်ခြင်းဖြင့် 'ရုပ်ခန္ဓာအရ နီးကပ်မှုရှိခြင်းနှင့်အတူ တမန်တော်မြတ် ﷺ နှင့် ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام ၏ ကြား၌ နာမ်ပိုင်းဆိုင်ရာ၊ ဝိညာဉ်ပိုင်းဆိုင်ရာအရလည်း နီးကပ်မှု ရှိနေခြင်းဘက်သို့လည်း ညွှန်းဆိုနေပေသည်။ ဤသည် 'မအ်ရေဖသ်သေ့သားမ်မား' တစ်ဦးတစ်ယောက်အား အသေအချာ တပ်အပ်သိရှိမှုနှင့် ပုံပန်းသဏ္ဍာန်ကို ကောင်းစွာ မှတ်မိနိုင်မှုတို့၏ ကြီးကျယ်လှစွာသော အခြေခံမှတ်ချက်ဖြစ်သည်။ အချုပ်သဘောတရားမှာ ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام ၏ နှစ်သိမ့်မှုပေးခြင်းကြောင့် တမန်တော်မြတ် ﷺ သည် ဖြေသိမ့်မှုရရှိသွားသည်။ တစ်ဖန် သတိပြန်လည်၍ရရှိလာပေသည်။)

ထိုအခါ (သတိပြန်လည် ရရှိပြီးနောက်) ထိုအသျှင်မြတ်သည် (ထိုကောင်းကင်တမန်တော်ကြီး၏ အကြောင်းခံဖြင့်) မိမိကျွန် (မိုဟမ္မဒ်) ﷺ ထံသို့ မိမိ ထုတ်ပြန် (လိုသော) 'ဝဟီ' ထုတ်ပြန်ချက်များကို ထုတ်ပြန်တော်မူခဲ့လေသည်။ (မည်သည့်အကြောင်းအရာများ ထုတ်ပြန်ပို့ချပေးခဲ့ကြောင်း သတ်သတ်မှတ်မှတ်ဖြင့် မသိရှိရပေ။ သိရှိရန်အတွက်လည်း မလိုအပ်ပေ။ ထိုအချိန်၌ အဓိကရည်ရွယ်ချက်သည် 'ဝဟီ' ဗျာဒိတ်တော် ထုတ်ပြန်ပို့ချပေးရန် မဟုတ်သော်ငြားလည်း ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام ကို ၎င်း၏ မူရင်းအသွင်ကို ပြသပေးကာ ၎င်းအား လုံးဝ ပြီးပြည့်စုံစွာ မှတ်မိသွားစေခြင်း၏ အချက်ကို တမန်တော်မြတ် ﷺ အား ချီးမြှင့်ပေးသနားတော်မူရန်သာ အဓိကရည်ရွယ်ချက် ဖြစ်ပေသည်။ သို့ရာတွင် ထိုအချိန်၌ ကနဦးဆုံးသော 'ဝဟီ' ဗျာဒိတ်တော် ထုတ်ပြန် ပို့ချပေးလိုက်ခြင်းမှာလည်း ဤသို့ ထုတ်ပြန်ပို့ချပေးခြင်းသည် အသိအမြင်အရာ၌ သာပို၍ အကူရရှိနိုင်သည့် အကြောင်းခံဖြစ်၍ ဖြစ်တန်ကောင်းရာပေသည်။ အဘယ်ကြောင့်ဆိုသော် ယင်းအချိန်၌ ကျရောက်လာသော 'ဝဟီ'ဗျာဒိတ်တော်သည် အလ္လာဟ်အသျှင်မြတ်၏ဘက်တော်မှဖြစ်ကြောင်း ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام ၏ မူရင်းပုံစံဖြင့် ထုတ်ပြန်ပို့ချမှုကြောင့် လုံးဝ မှန်ကန်ယုံကြည်ရမည့်အချက်ပင် ဖြစ်သည်။ အခြားသော အချိန်အခါမျိုး၌ လူသားတစ်ဦး၏ အသွင်အကြောင်းခံဖြင့် 'ဝဟီ' ဗျာဒိတ်တော်ကို တမန်တော်မြတ် ﷺ ၏ ထံတော်ပါးသို့ ထုတ်ပြန်ပို့ချပေးတော်မူရာ ထိုပုံစံနှစ်ရပ်

စလုံးကို ဂုဏ်ရှိန်၊ ဂုဏ်ဝါ တစ်သွေးတစ်သားတည်းအဖြစ် တွေ့မြင်ရသည့်အတွက်ကြောင့် မိမိယုံကြည်ချက်၌ အခြေအနေနှစ်ရပ်စလုံးတွင် 'ဝဟီ'ဗျာဒိတ်တော်ကို ယူဆောင်လာတော်မူသော ကြားခံဖြစ်သူ (ဝါ) ကောင်းကင်တမန်တော်ကြီးသည် တစ်ပါးတည်းသာလျှင်ဖြစ်ကြောင်း 'အပေါ် ပိုမိုယုံကြည်မှု ပေါ်ပေါက်စေရန် ဖြစ်ပေသည်။ ပမာဆိုရသော် တစ်ဦးတစ်ယောက်၏ အသံနေအသံထားနှင့် စကားပြောဆိုပုံ ပြောဆိုနည်းဟန်ကို ကောင်းစွာ သိရှိသွားသည်ဆိုပါက အကယ်၍ တစ်ခါတစ်ရံ ၎င်းသည် ပုံသဏ္ဍာန်ပြောင်းကာ ပြောဆိုသည်ဆိုလျှင်လည်း ၎င်းအား အသေအချာ တပ်အပ် သိရှိနိုင်ပေသည်။)

(ရှေ့၌ ထိုသို့ ကောင်းကင်တမန်တော် ဂျိဗ်ရာအီးလ် ﷺ ကို မူလရုပ်သဏ္ဍာန်နှင့် တွေ့မြင်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ စောဒကတစ်ရပ်၏ အဖြေကို ပေးထားပေသည်။ ထိုစောဒကမှာ 'မူရင်းပုံပန်းသဏ္ဍာန်ကို တွေ့မြင်ခဲ့သည့်ကြားကပင် နှလုံးသား၏ သိမြင်ခံစားမှု၌ မှားယွင်းခြင်းသည် ဖြစ်ကောင်းဖြစ်နိုင်ပေသည်။ ပမာဆိုရသော် အမြင်အာရုံနှင့် စပ်လျဉ်း၍ မှားယွင်းမှုများ ဖြစ်ပေါ်တတ်ကြောင်းကို များသောအားဖြင့် တွေ့မြင်နေရပေသည်။ အရူးသည် အမြင်အာရုံ မှန်ကန်သည့်ကြားကပင် အချို့သော အချိန်အခါမျိုးတွင် မိမိတွေ့မြင် သိရှိနေသူကိုပင် အခြားသောသူဟူ၍ ပြောဆိုတတ်ပေသည်။ သို့ရှိရာ ဤသို့ တွေ့မြင်ခြင်းသည် မှန်ကန်သည့် အမြင်အာရုံဖြင့် တွေ့မြင်ခြင်း ဖြစ်ပါ၏လော။ (သို့မဟုတ်) မမှန်ကန်သည့် အမြင်အာရုံဖြင့် တွေ့မြင်ခြင်း ဖြစ်ပါ၏လော' ဟူ၍ ဖြစ်သည်။ ရှေ့၌ ယင်းစောဒကအား ဖြေကြားထားပေသည်။ ဆိုလိုသည်မှာ ထိုသို့ တွေ့မြင်ခြင်းသည် မှန်ကန်စွာ တွေ့မြင်ခဲ့ခြင်းဖြစ်ပေသည်။ အကြောင်းမှာ ၎င်းအား တွေ့မြင်နေရသော အချိန်၌ ထိုအသင်တို့၏အဖော် တမန်တော်မြတ် ﷺ ၏) စိတ်နှလုံးသည် တွေ့မြင်ခဲ့သော အရာများနှင့် စပ်လျဉ်း၍ မှားယွင်းခြင်း မရှိခဲ့ချေ။ (စိတ်နှလုံးသည် မှားယွင်းခြင်းမရှိကြောင်းနှင့် စပ်လျဉ်းသော အထောက်အထားသည် မည်သို့နည်းဟူသော အချက်သည် ကျန်ရှိနေပေသည်။ သို့ရှိရာ ဖြေကြားချက်မှာ ဤသို့တည်း။ အကယ်၍ ခြုံငုံလုစွာသော သဘောမျိုးဖြင့် ဤသို့ ဖြစ်နိုင်ချေရှိသော အချက်များကို ထောက်ထား အတည်ပြုမည်ဆိုသော် အာရုံငါးပါးဖြင့်သာ ခံစားသိရှိနိုင်သော အချက်များသည် မည်သည့်အခါမျှ အတည်ပြုခြင်းခံရမည် မဟုတ်ပေ။ ဤတွင် တစ်လောကလုံး၌ ဖြစ်ပျက်နေသော အမှုကိစ္စများသည်ပင်လျှင် ယိမ်းယိုင်ချုပ်ငြိမ်း အပြတ်ပြတ် အယွင်းယွင်းများ ဖြစ်ပေါ်သွားပေလိမ့်မည်။ တစ်ဦးတစ်ယောက်၏ထံ၌ စောဒကတစ်ရပ် ဖြစ်ပေါ်စေနိုင်လောက်သည့် တစ်စုံတစ်ရာစောဒကကို ပေါ်ပေါက်စေသောအရာ တည်ရှိလာလျှင်မှ ထိုအချက် ပေါ် စဉ်းစားရပေလိမ့်မည်။ နှလုံးသားမှ မှားယွင်းသွားနိုင်ခြင်း၏ အခြေခံမူတည်ချက်မှာ ခံစားသိမြင်သောသူသည် ဦးနှောက်ပိုင်းဆိုင်ရာ ယို့ယွင်းပျက်စီးနေသောသူဖြစ်ခြင်း ဖြစ်ပေသည်။ တမန်တော်မြတ် ﷺ သည် မှန်ကန်သော ဦးနှောက်အသိဉာဏ် ပိုင်ရှင်၊ ဉာဏ်ထက်မြက်သူ၊ မှတ်သားမှုအင်အား ကောင်းမွန်သူနှင့် အရိပ်အကဲ ဖမ်းတတ်သူဖြစ်ကြောင်းမှာ ကိုယ်တွေ့မျက်မြင်နှင့် ထင်ရှားလှသော အကြောင်းအရာများ ဖြစ်ပေသည်။ သို့ရှိရာ ထိုသို့ စကားအရာ လိမ္မာတတ်ကျွမ်း ပြောင်မြောက်နေသည့် ကြားကပင်လည်း ရန်ငြိုးရန်စွယ် ပွားများသော သူတို့သည် ပြဿနာပြုခြင်းနှင့် ဆန့်ကျင်ဘက်ပြုခြင်းတို့မှ နောက်သို့ တွန့်ဆုတ်မနေပေ။)

(ထို့ကြောင့် ရှေ့၌ အံ့သြကာ ခြိမ်းခြောက်သော အသွင်မျိုးဖြင့် မိန့်တော်မူထားသည်မှာ 'အသင်တို့သည် ဤသို့ ပြည့်စုံလုံလောက်စွာသော တင်ပြမှုမှ ဂျီဗ်ရာအီးလ် ﷺ ၏ 'မအ်ရေဖသ်' (မှတ်မိသိရှိခြင်း) နှင့် ဂျီဗ်ရာအီးလ် ﷺ အား တွေ့မြင်ရခြင်းကို ကြားသိခဲ့ပြီးဖြစ်ရာ) သို့ပါလျက် အသင်တို့သည် ထိုအဖော် (မိုဟမ္မဒ်) နှင့် ၎င်းတွေ့မြင်ခဲ့သော အရာများနှင့် စပ်လျဉ်း၍ အငြင်းအခုံပြုနေကြသလော။ (ဆိုလိုသည်မှာ လူသားများ နားလည်ခံစား သိရှိရသော အရာဝတ္ထုများတွင် အာရုံငါးပါးဖြင့် ခံစားသိရှိရသော သိရှိမှုနှင့် ခံစားမှုများသည် ဒွိဟ၊ စောဒက၊ သံသယပွားဖွယ်ရာ အရာများမဟုတ်။ ဒေါသထွက်စေသည့်အချက်မှာ 'အသင်တို့သည် အပေါ်ယံ အာရုံငါးပါးဖြင့်ပင် ခံစားသိမြင်နိုင်သော အရာများနှင့် စပ်လျဉ်း၍လည်း အကွဲအပြား အကွဲကွဲအလွဲလွဲ ပြုနေကြပေသည်။' သို့ဆိုလျှင်မူ အသင်တို့၏ ခံစားသိမြင်နိုင်ခြင်းများအတွင်း၌လည်း ထောင်ပေါင်းများစွာသော ချို့ယွင်းချက်များ ရှိနေပေပြီ။)

ထို့ပြင် (အကယ်၍ 'တစ်ကြိမ်တစ်ခါတည်း တွေ့မြင်ဖူးသည့် အရာကို မည်ကဲ့သို့ မှတ်မိနိုင်အံ့နည်း' ဟူသော အဓိပ္ပာယ်မရှိသော စောဒကတစ်ရပ် ပေါ်ပေါက်လာလေရာ ယင်းစောဒက၏ ဖြေကြားချက်မှာ ဤသို့တည်း။ ပထမအချက်အနေဖြင့်မူ 'တစ်ကြိမ်တစ်ခါတည်း တွေ့မြင်မှုကြောင့် မမှတ်မိနိုင်'ဟူသော အချက်သည် မှချ ဖြစ်ထိုက်ဖွယ် အချက်မဟုတ်။ အကယ်၍ မိမိ၏ ယုံကြည်ချက်၊ ကြွေးကြော်ချက်မှ တစ်ဆင့် အောက်သို့ လျှော့ချ၍ 'မှတ်မိသိရှိရန်အတွက် ထပ်ဖန်တလဲလဲ တွေ့မြင်ခဲ့ရမည်ဖြစ်ကြောင်း သည်သာလျှင် အရေးကြီးသည်ဆိုပါက) ၎င်းအဖော် (မိုဟမ္မဒ် ﷺ) သည် ယင်း (ကောင်းကင်တမန်) အား ဒုတိယအကြိမ် ဆင်းသက်ရာ၌ (မူလရုပ်သဏ္ဌာန်ဖြင့်) မုချ တွေ့မြင်ခဲ့၏။ (သို့ရှိရာ ယခုမူ ထိုအထက်၌ တင်ပြထားသော စောဒကသံသယသည်လည်း ဝေးကွာပပျောက်သွားပေသည်။ အဘယ်ကြောင့်ဆိုသော် ရုပ်အသွင်သဏ္ဌာန်နှစ်ရပ် ကိုက်ညီမှုရှိခြင်းမှ 'ဤသည် ဟဇရသ်ဂျီဗ်ရာအီးလ် ﷺ သည်သာလျှင် ဖြစ်ကြောင်း' ပြည့်ဝစွာ သတ်မှတ်၍ ရရှိနိုင်ပြီးဖြစ်သည်။)

(ရှေ့၌ ဒုတိယအကြိမ် တွေ့မြင်ခဲ့ရချိန်၌ မည်သည့်နေရာတွင် တွေ့မြင်ခဲ့ပေသနည်းဟူသော အကြောင်းအရာကို တင်ပြနေပေသည်။ ဆိုလိုသည်မှာ 'မေအ်ရားဂျ်' (ကောင်းကင်ဘုံနန်းခရီး ကြွမြန်းသွားသော) ညဉ့်၌ တွေ့မြင်ခဲ့ပေသည်။) နယ်စွန်နယ်ဖျား၌ ရှိသော ဆီးပင်၊ 'စိဒ်ရသုလ်မွန်သဟာ' ဆီးပင်၏ အနီးတွင် (တွေ့မြင်ခဲ့၏။ 'စိဒ်ရား'သည် ဆီးပင်ကို ခေါ်ဆို၍ 'မွန်သဟာ'၏ အဓိပ္ပာယ်မှာ အစွန်ဆုံးဖြစ်ပေသည်။ 'ဤသည် ဆီးပင်တစ်ပင်ဖြစ်ကြောင်း၊ မိုးကောင်းကင်သတ္တမထပ်၌ ရှိကြောင်း အလ္လာဟ်အသျှင်မြတ်ထံတော်မှ ချပေးသော အမိန့်ပညတ်ချက်များနှင့် စားနပ်ရိက္ခာများ အစရှိသော အရာများ ဦးစွာ ၎င်းနေရာသို့ ပို့ချပေးခြင်းခံရကြောင်း၊ တစ်ဖန် ထိုနေရာမှတစ်ဆင့် ကောင်းကင်တမန်များသည် မြေပထဝီလောကသို့ ယူဆောင်လာကြောင်း၊ ဤကဲ့သို့ပင် ဤကမ္ဘာမြေလောကမှ ပြုကျင့်သော ကုသိုလ်ကောင်းမှု 'အမလ်'များသည်လည်း တက်သွားကာ 'စိဒ်ရသုလ်မွန်သဟာ' ထိတိုင် ရောက်ရှိသွားပေသည်။ တစ်ဖန် ထိုနေရာမှတစ်ဆင့် အပေါ်သို့ ထပ်မံယူဆောင်ခြင်း ခံရပေသည်'ဟူ၍ ဟဒီးစ်တော်၌ လာရှိထားပေသည်။ ကမ္ဘာလောက၌ 'စိဒ်ရသုလ်မွန်သဟာ' ၏ ဥပမာသည် စာတိုက်ရုံးကဲ့သို့ ဖြစ်ပေသည်။ စာများ အသွား၊

အလာသည် ထိုဌာနမှ ဖြစ်ပေါ်လျက်ရှိနေပေသည်။ عندسدرة المنتهى ဖြင့် မြင်တွေ့ခဲ့ရသည့် နေရာကို တင်ပြထားပေသည်။)

(ရှေ့၌ ဆက်လက်၍ ထိုနေရာ၏ မှန်မြတ်မှုအား တင်ပြထားပေသည်။) ယင်း 'စိဒ်ရသုလ်မွန်သဟာ' ဆီးပင်၏ အနီး၌ပင် 'ဂျန္နသုလ်မအ်ဝါး' သုခဘုံရှိ၏။ ('မအ်ဝါး' ၏ အဓိပ္ပာယ်မှာ 'နေထိုင်ရာဌာန'ဟု ဖြစ်သည်။ 'ဂျန္နသ်'သည် မှန်မြတ်သောသူတို့ စံစားရာနေရာ ဖြစ်သည့်အတွက်ကြောင့် 'ဂျန္နသုလ်မအ်ဝါး'ဟူ၍ မှည့်ခေါ်ခြင်းဖြစ်ပေသည်။ အချုပ်သဘောတရားမှာ 'စိဒ်ရသုလ်မွန်သဟာ'သည် သီးခြားသော နေရာတစ်ခု၌ တည်ရှိနေပေသည်။ ယခု တွေ့မြင်ခဲ့ရသည့် နေရာကို တင်ပြပြီးနောက် 'မည်သည့် အချိန်၌ တွေ့မြင်ခဲ့ပေသနည်း' ဟူ၍ တွေ့မြင်ခဲ့သည့် အချိန်ကာလကို တင်ပြနေပေသည်။)

(သို့ရှိရာ မိန့်တော်မူထားသည်မှာ) အကြင်အခါဝယ် ဆီးပင်ကို ဖုံးလွှမ်းလျက်ရှိသော အရာများသည် ဖုံးလွှမ်းလျက်ရှိ၏။ (ဆင့်ပြန်ချက်တစ်ရပ်၌ 'ရွှေပလူကောင်များ' ဖြစ်သည်'ဟူ၍ လာရှိထားပေသည်။ ဆိုလိုသည်မှာ အသွင်သဏ္ဌာန်သည် ပလူကောင်များကဲ့သို့ ဖြစ်သည်။ ထို့ပြင် အခြားသော ဆင့်ပြန်ချက်တစ်ရပ်၌ ထိုအရာများသည် ကောင်းကင်တမန်တော်များဖြစ်ကြောင်း လာရှိထားသည်။ ဆိုလိုသည်မှာ ထိုဖုံးလွှမ်းလျက်ရှိနေသော အရာများသည် ကောင်းကင်တမန်တော်များသာလျှင် ဖြစ်ပေသည်။ ထို့ပြင် အခြားသော ဆင့်ပြန်ချက်တစ်ရပ်အတွင်း၌ ဤသို့ လာရှိထားပေသည်။ ကောင်းကင်တမန်တော်များသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ 'ကျွန်တော်မျိုးတို့ တမန်တော်မြတ် ﷺ အား ဖူးတွေ့ချင်ပါ၏' ဟူ၍ ခွင့်တောင်းခံရာ အလ္လာဟ်အသျှင်မြတ်သည် ဖူးမျှော်ခွင့်ကို ပေးသနားတော်မူလိုက်ပေသည်။ ဤ 'စိဒ်ရသုလ်မွန်သဟာ' ၌ လာရောက်ကာ စုရုံးနေခဲ့ကြပေသည်။ (အထက်ပါ ဆင့်ပြန်ချက်များအားလုံးသည် ဒုရ်ရေမန်စူးရ်ကျမ်း၌ ရှိပေသည်။) ယင်းသို့ မိန့်မြွက်ခြင်းအတွင်း၌လည်း တမန်တော်မြတ် ﷺ ၏ မြင့်မြတ်ဂုဏ်အသရေ ချီးမြှင့်ခံရသူဖြစ်ခြင်းဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားခြင်းလည်း ဖြစ်နိုင်ပေသည်။ ၎င်း၏နောက်ဆက်တွဲ တင်ပြရမည့် အချက်များသည် လွန်လေခဲ့ပြီးသော တင်ပြချက်ရှိ အကြောင်းအရာများသည်သာလျှင် ဖြစ်ပေသည်။ ယခု 'ဤသို့ အံ့ဖွယ်ကောင်းသော အရာများကို ကြည့်ရှုကာ အရှုအမြင်သည် ပြာဝေသွားကာ ပြည့်ဝစွာ ခံစားသိရှိနိုင်စွမ်း မရှိနိုင်ပေ။ သို့ဆိုလျှင် ဤကဲ့သို့သော ပုံစံ၌ ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام ၏ ပုံပန်းသဏ္ဌာန်ကို မည်သို့ မှတ်မိသိရှိနိုင်ပေမည်နည်း။ ဤသို့ ဒုတိယအကြိမ် တွေ့မြင်ချိန်၌ မှတ်မိသိရှိနိုင်ခြင်း၊ အတည်ပြုခြင်း မခံရပါမူ၊ တစ်ဖန် တင်ပြပါစောဒကအတွက် ပေးထားသော အဖြေဖြစ်သည့်

لَقَدْ رَاٰهُ نَزْلَةً اُخْرٰى

(ထို့ပြင် ၎င်းအဖော် မိုဟမ္မဒ် ﷺ သည် ယင်းကောင်း ကင်တမန်အား ဒုတိယအကြိမ် ဆင်းသက်ရာ၌ မုချကေန် တွေ့မြင်ခဲ့၏။) *[၅၃ : ၁၃]*

သည် လုံလောက်မည် မဟုတ်တော့ပေ'ဟူသော စောဒကတစ်ရပ် ဖြစ်နိုင်ဖွယ် ရှိနေပေသည်။ ထိုစောဒကကို ဝေးကွာပပျောက်စေရန်အတွက် မိန့်တော်မူထားသည်မှာ 'တမန်တော်မြတ် ﷺ သည် ထို

အံ့သြဖွယ်ရာ အရာများကို တွေ့မြင်ကာ အနည်းငယ်မျှ မူးပြာဝေသွားခြင်းနှင့် လုံး၀ မှင်သက်မှု မဖြစ်ရှိခဲ့ပေ။ သို့ရှိရာ ကြည့်ရှုရန် အမိန့်ပေးထားသော အရာများအား ကြည့်ရှုရာ၌) ထိုအဖော် (မိုဟမ္မဒ် ﷺ) ၏ မျက်စိသည် (ဖယ်ခွာ) လွဲချော်ခဲ့သည်လည်း မရှိချေ။ (သို့သာမက ထိုအရာများကို ကောင်းစွာကြည့်ရှုခဲ့ပေသည်။ (ကြည့်ရှုရန် ခွင့်ပြုချက်အမိန့် မရသေးသော အရာများကို ကြည့်ရှုရန်အတွက် ကိုယ်တော်မြတ် ﷺ ၏ အရှုသည်) ကျော်လွန် (ရောက်ရှိ) သွားခဲ့သည်လည်း မရှိချေ။ (ဆိုလိုသည်မှာ ခွင့်ပြုချက်မရမီအလျင် ကြည့်ရှုလိမ့်မည်မဟုတ်။) *[မဒါရိက်ကျမ်း]*

(ဤသည် တမန်တော်မြတ် ﷺ ၏ အဆုံးမဲ့ ကြံ့ကြံ့ခိုင် ရပ်တည်နေနိုင်မှုရှိကြောင်းအပေါ် အထောက်အထားတစ်ရပ် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် အံ့သြဖွယ်ရာများကို ထိတွေ့ သိရှိပြီးနောက် လူသားသည် ကြည့်ရှုရန် အမိန့်ပေးထားသော အရာများကို မကြည့်ဘဲနေခြင်း၊ မကြည့်ရှုရန် အမိန့်ပေးထားသော အရာများကို ကြည့်ရှု၍နေခြင်း၊ ဤမည်သော လှုပ်ရှားမှုနှစ်ရပ်ကို ပြုမိလေ့ရှိ၏။ အချုပ်ဆိုရသော် ယင်းသို့သော အချိန်မျိုးတွင် သိုသိပ်စွာဖြင့် ချုပ်တည်း ကြံ့ကြံ့ခံနိုင်စွမ်း မရှိနိုင်တော့ပေ။)

(ရှေ့၌ တမန်တော်မြတ် ﷺ ၏ မြင့်မားသော ကြံ့ကြံ့ခိုင် ရပ်တည်နေနိုင်မှုကို တင်ပြရန်အတွက် မိန့်တော်မူထားသည်မှာ) ဧကန်စင်စစ် ၎င်းအဖော် (မိုဟမ္မဒ် ﷺ) သည် မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ကြီးကျယ်လှစွာသော (တန်ခိုး) သက်သေလက္ခဏာတော်များကို တွေ့မြင်ခဲ့သည်မှာ အမှန်ပင် (ဖြစ်၏။ သို့ရာတွင် အရာတိုင်းကို ကြည့်ရှုရာ၌ တမန်တော်မြတ် ﷺ ၏ တွေ့မြင်မှုသည်

مَازَاغَ الْبَصَرُ وَمَا طَغٰى

(ထိုအဖော် (မိုဟမ္မဒ် ﷺ) ၏ မျက်စိသည် လွဲချော်ခဲ့သည်လည်း မရှိချေ။ ကျော်လွန်သွားခဲ့သည်လည်း မရှိချေ။) *[၅၃ : ၁၇]*

ဟူသော ဂုဏ်ရှိန်ဂုဏ်ဝါဖြင့်သာ တည်ရှိနေပေသည်။ ထိုအံ့သြဖွယ်ရာကောင်းသော အရာများသည် 'မေ့အ်ရားဂျ်' (ကောင်းကင်ဘုံနန်းခရီး ကြွမြန်းခြင်း) ၏ ဟဒီးစ်တော်များအတွင်း၌ လာရှိထားပေသည်။ နဗီတမန်တော်များကို တွေ့မြင်ခြင်း၊ ဝိညာဉ်များကို တွေ့မြင်ခြင်းနှင့် 'ဂျန္နသ်' အစရှိသော အရာများကို တွေ့မြင်ခြင်းများ ဖြစ်ပေသည်။ သို့ရှိရာ 'တမန်တော်မြတ် ﷺ ၏ ထံတော်၌ ကြံ့ကြံ့ခံ ရပ်တည်နေနိုင်မှု ရှိကြောင်း' ကို အတည်ပြု၍ ရရှိပေသည်။ သို့ဆိုလျှင် အံ့သြမှင်သက်မိသွားခြင်း အချက်သည် မရှိနိုင်တော့ပေ။ သို့ရှိရာ

لَقَدْ رَاٰهُ نَزْلَةً اُخْرٰى

(ထို့ပြင် ၎င်းအဖော် (မိုဟမ္မဒ်) သည် ယင်း (ကောင်းကင်တမန်) အား ဒုတိယအကြိမ် ဆင်းသက်ရာ၌ မုချဧကန် တွေ့မြင်ခဲ့၏။) *[၅၃ : ၁၃]*

ဟူသော အာယသ်တော်အတွင်း၌ တင်ပြထားသော စာဒကာ၏ ဖြေကြားချက်သည် သူ့နေရာနှင့်သူ တည်ရှိနေပေမည်။ အချုပ်ဆိုရသော် တင်ပြပါအချက်များအားလုံးမှ ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام အား

သိရှိမှုနှင့် တွေ့မြင်မှုနှင့် စပ်လျဉ်းသော ဒွိဟသံသယများအားလုံးသည် ဝေးကွာပပျောက်ကာ ရစူလ်တမန်တော်မြတ် ﷺ ၏ ရစူလ်ဖြစ်ခြင်း အကြောင်းအရာကို အတည်ပြု၍ ရရှိပြီး ဤနေရာ၌ အဓိက တင်ပြလိုသော အချက်သည်လည်း သုတေသနပြုပြီးသား ဖြစ်သွားပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

စူရာဟ်နရ်ဂျမ်၏ အကျိုးထူးဝိသေသများ

စူရာဟ်နရ်ဂျမ်သည် တမန်တော်မြတ် ﷺ အနေဖြင့် မက္ကာဟ်ရွှေမြို့တော်၌ ကြေညာမိန့်မြွက်တော်မူခဲ့သည့် ပထမဦးဆုံးသော စူရာဟ်တော်ဖြစ်ပေသည်။ ယင်းဆင့်ပြန်ချက်ကို ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်မတ်စ်အူးဒ် ؓ သခင်ကြီးသည် ဆင့်ပြန်ထားတော်မူပေသည်။ *[ကုရ်သုဗီး]*

'စဂ်ျဒဟ်' အာယသ်တော်ပါရှိသော စူရာဟ်တော်များတွင် ပထမဦးဆုံး ကျရောက်သည့် စူရာဟ်တော်သည်လည်း ဤစူရာဟ်တော်ပင် ဖြစ်ပေသည်။ တမန်တော်မြတ် ﷺ သည် 'စဂ်ျဒဟ်' ၏ အာယသ်တော်ကို 'သေလာဝသ်' ပြုတော်မူ၍ ၎င်းအာယသ်တော်၏ 'စဂ်ျဒဟ်' ကို ပြုလုပ်တော်မူသော အခါဝယ်ထို 'စဂ်ျဒဟ်' တော်၌ ဤသို့ အံ့ဖွယ်ကောင်းသော အဖြစ်အပျက်တစ်ရပ် ပေါ်ပေါက်ခဲ့ပေသည်။ တမန်တော်မြတ် ﷺ သည် ဤ စူရာဟ်တော်ကို များပြားလှစွာသော လူပရိသတ်တို့၏ ရှေ့မှောက်ဝယ် ရွတ်ဖတ်တော်မူခဲ့သည်။ အကြင် လူပရိသတ်တို့အတွင်း၌ မွတ်စ္စလင်မ်များနှင့် ကာဖိရ်များအားလုံး ပါဝင်ပေသည်။ တမန်တော်မြတ် ﷺ သည် 'စဂ်ျဒဟ်' ၏ အာယသ်တော်ကို ဖတ်ရွတ်တော်မူ၍ 'စဂ်ျဒဟ်' ကို ပြုတော်မူသောအခါမွတ်စ္စလင်မ်တို့သည်မူ တမန်တော်မြတ် ﷺ ၏ နောက်လိုက်သမှုပြု၍ 'စဂ်ျဒဟ်' ပြုခဲ့ကြသည်။ အားလုံးသောမွတ်စ္စလင်မ်တို့သည် တမန်တော်မြတ် ﷺ နှင့်အတူ 'စဂ်ျဒဟ်' ပြုခဲ့ကြပေသည်။ အံ့ဖွယ်ကောင်းလှသောအချက်နှင့် ကြုံကြိုက်လာရသည်မှာ ရှိရှိသမျှသော အားလုံးသော ကာဖိရ်များနှင့် မုရှ်ရစ်က်တို့သည်လည်း 'စဂ်ျဒဟ်' ကို ပြုခဲ့ကြလေသည်။ မောက်မာသောသူတစ်ဦးမှအပ (၎င်း၏အမည်၌ အကွဲအလွဲရှိသည်။) ၎င်းသည် စဂ်ျဒဟ်' မပြုလုပ်ခဲ့ပေ။ သို့ရာတွင် မြေပထဝီထက်မှ မြေလက်တစ်ဆုပ်ကို မ,ယူကာ မိမိနဖူးဖြင့် သုတ်လိမ်းထိတွေ့လိုက်ပြီးနောက် 'ဤသည် လုံလောက်သည်' ဟူ၍ ပြောဆိုခဲ့ပေသည်။ ဟဒီးစ်တော်ကို ဆင့်ပြန်သော ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်မတ်စ်အူးဒ် ؓ သခင်ကြီးက 'ကျွန်ုပ်သည် ၎င်းအားကုဖွ်ရ် (သွေဖည်ငြင်းဆိုသော) အဖြစ်နှင့်သာ ကွယ်လွန်သေဆုံးခဲ့သည်ကို တွေ့မြင်ခဲ့ရသည်' ဟု မိန့်ဆိုခဲ့သည်။

[ဘုခါရီကျမ်း၊ မွတ်စ္စလင်မ်ကျမ်း။]

ဤစူရာဟ်တော်၏ အစပိုင်း၌ တမန်တော်မြတ် ﷺ သည် မှန်ကန်သော ရစူလ်တစ်ပါးဖြစ်ခြင်းအကြောင်းနှင့် တမန်တော်မြတ် ﷺ အပေါ်သို့ ထုတ်ပြန်ပို့ချခြင်း ခံရသော 'ဝဟီ' ဗျာဒိတ်တော်သည် ဒွိဟသံသယ တစ်စုံတစ်ရာမရှိအပ်သော အရာဖြစ်ကြောင်းကို တင်ပြထားပေသည်။

وَالنَّجْمِ اِذَا هَوٰى

(ငါအသျှင်မြတ်သည် ကြယ်တာရာကို သက်သေထူတော်မူ၏။ အကြင်အခါဝယ် ထိုကြယ်တာရာသည် ကွယ်ပျောက်၍ ဝင်သွားလေ၏။) *[၅၃ : ၁]*

نجم 'နဂျမ်' ၏ အဓိပ္ပာယ်မှာ ကြယ်တာရာဖြစ်၏။ ကြယ်တာရာတိုင်းကို **نجم** 'နဂျမ်'ဟု ခေါ်ဆို၍ အများကိန်းမှာ **نجوم** 'နဂျူမုန်း' ဖြစ်ပေသည်။ တစ်ခါတစ်ရံ ဤစကားလုံးသည် 'စုရိုက်ယာ' ကြယ်အတွက်လည်း သီးသန့်အသုံးပြုလေ့ ရှိပေသည်။ အကြင်ကြယ်တာရာ၌ ကြယ်တာရာအချို့ စုစည်းကာ တည်ရှိနေပေသည်။ ဤအာယသ်တော်အတွင်း၌လည်း အချို့သော အာလင်မ်သာသနာ့ပညာရှင်ကြီးများသည် 'နဂျမ်း'၏ အကျယ်ချဲ့ဖွင့်ဆိုချက်ကို 'စုရိုက်ယာ' (ကြယ်) ဟူ၍ ဖွင့်ဆိုထားကြပေသည်။ ဖရ်ရာအ် (ရဟ) နှင့် ဟဇရသ်ဟစန်း (ဗစ္စရီး) (ရဟ) သခင်ကြီးတို့သည် ပထမဖွင့်ဆိုချက်နှင့်အညီ အားလုံးသော ကြယ်တာရာများဟူသော ဖွင့်ဆိုချက်ကို ဦးစားပေးထားပေသည်။ *[ကုရ်သုဗီး]*

ထိုအဆိုကိုပင် အထက်အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်၌ ကောက်နုတ်ရွေးချယ်ကာ တင်ပြပေးထားပေသည်။

اِذَا هَوٰى (အကြင်အခါဝယ် ထိုကြယ်တာရာသည် ကွယ်ပျောက်၍ ဝင်သွားလေ၏။) *[၅၃ : ၁]*

هَوٰى (ဟဝါး) ၏ အနက်အဓိပ္ပာယ်မှာ 'ကျခြင်း၊ ကြွေခြင်း' ဖြစ်၏။ ကြယ်တာရာ ကြွေကျခြင်းသည် ၎င်းကြယ်တာရာများ ဝင်ရောက် ပျောက်ကွယ်သွားခြင်း ဖြစ်သည်။ ဤအာယသ်တော်အတွင်း၌ အလ္လာဟ်အသျှင်မြတ်သည် ကြယ်တာရာများကို သက်သေထူ (ကစမ်) ကျိန်ဆိုကာ တမန်တော်မြတ် ﷺ အပေါ်ဝယ် ထုတ်ပြန်ပို့ချခြင်းခံရသော 'ဝဟီ'ဗျာဒိတ်တော်သည် မှန်ကန်ကာ ဒွိဟသံသယရှိခြင်းမှ ကင်းရှင်းကြောင်းကို မိန့်တော်မူထားပေသည်။ 'စူရာဟ်စွားဖ်ဖားသ်'၌ သီးသန့်အကျိုးထူးများနှင့် အမြော်အမြင်တော်များကို ရေးရှု၍ သီးသန့်အဖန်ဆင်းခံများအား သက်သေထူ (ကစမ်) ကျိန်ဆိုခွင့်သည် အလ္လာဟ်အသျှင်မြတ်အဖို့သာ ပိုင်ဆိုင်ကြောင်း' အကျယ်ချဲ့ တင်ပြခဲ့ပြီးဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်မှအပ အခြားသော အရာများဖြင့် 'ကစမ်' ကျိန်ဆိုခွင့်ကို အခြားသော အဖန်ဆင်းခံများအား မပေးထားပေ။ ယင်းကဲ့သို့ ကျိန်ဆိုရာ၌ 'ကြယ်တာရာများကို ညဥ့်အမှောင်ထု၌ အရပ်မျက်နှာများနှင့် လမ်းကိုပြသရန် အတွက် အသုံးပြု အားကိုးကြရပေသည်။ ထိုကြယ်တာရာများမှ မိမိသွားလိုသည့် အရပ်မျက်နှာဘက်သို့ လမ်းညွှန်မှုကို ရရှိပေသည်။ ဤကဲ့သို့ပင် တမန်တော်မြတ် ﷺ ၏ ထံတော်ပါးမှ အလ္လာဟ်အသျှင်မြတ်၏ လမ်းစဉ်ဘက်သို့ လမ်းညွှန်မှုတရားကို ရရှိပေသည်'ဟူသော အမြော်အမြင်တော်တို့သည် တည်ရှိနေပေသည်။

مَا ضَلَّ صَاحِبُكُمْ وَمَا غَوٰى (အသင်တို့၏ အဖော် တမန်တော်မြတ် (မိုဟမ္မဒ် ﷺ) သည် လမ်းလွဲနေသည်လည်း မဟုတ်ပေ။ လမ်းမှားကို လိုက်နာခဲ့သည်လည်း မဟုတ်ပေ။) *[၅၃ : ၂]*

ဤသည်မှာ 'ကစမ်' ကျိန်ဆို၊ သက်သေထူတင်ပြတော်မူရသည့် အကြောင်းအရာ ဖြစ်ပေသည်။ ဆိုလိုသည်မှာ 'ကစမ်' ကျိန်ဆိုကာ တင်ပြထားသော စာစဉ်အကြောင်းအရာ ဖြစ်ပေသည်။ ၎င်း၏ အဓိပ္ပာယ်မှာ တမန်တော်မြတ် ﷺ ၏ လူသားတို့အား ဖိတ်ခေါ်လျက်ရှိနေသည့် လမ်းစဉ်မှာ ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်နှင့် ကျွန်ုပ်တို့၏ အဓိကပန်းတိုင်ဖြစ်သော အလ္လာဟ်အသျှင်မြတ်၏ သဘောတူနှစ်မြို့မှုကို ရရှိစေမည့် မှန်ကန်သော လမ်းစဉ် ဖြစ်ပေသည်။ တမန်တော်မြတ် ﷺ သည် လမ်းလွဲနေသည်လည်း မဟုတ် သလို လမ်းမှားကို လိုက်နာခဲ့သည်လည်း မဟုတ်ပေဟူ၍ ဖြစ်၏။

တမန်တော်မြတ် ﷺ အား 'အသင်တို့၏ အဖော်' ဟူ၍ သုံးနှုန်း မိန့်မြွက်ထားခြင်း၏ အမြော်အမြင်တော်

ဤနေရာ၌ တမန်တော်မြတ် ﷺ ၏ မင်္ဂလာနာမတော် (သို့မဟုတ်) ရစူလ် (သို့မဟုတ်) နဗီဟူသော စကားလုံးတို့ကို မတင်ပြဘဲ ၎င်းတို့၏အစား တမန်တော်မြတ် ﷺ ကို **صَاحِبُكُمْ** 'အသင်တို့၏အဖော်' ဟူ၍ သုံးနှုန်းတင်ပြခြင်း၌ 'မိုဟမ္မဒ် ﷺ သည် အခြားအရပ်ဒေသတစ်ခုခုမှ ကြွမြန်းရောက်ရှိလာသူ မဟုတ်ကြောင်း၊ ၎င်းနှင့် စပ်လျဉ်း၍ လူလိမ်၊ လူမှန်ဖြစ်ခြင်းကို သံသယဖြစ်ရလောက်အောင် ၎င်းသည် သူစိမ်းတစ်ဦးမဟုတ်ကြောင်း၊ သို့သာမက ၎င်းသည် အသင်တို့နှင့်အတူ အချိန်တိုင်း၌ အတူတကွ ရှိနေသောသူဖြစ်ကြောင်း၊ အသင်တို့၏ မွေးရပ်ဌာနေ၌မှာပင် မွေးဖွားလာသူဖြစ်ကြောင်း၊ ဤအရပ်ဒေသ၌ပင် ငယ်စဉ်ဘဝမှ ကြီးပြင်းလာကာ လူပျိုအရွယ်သို့ ရောက်ရှိလာသူဖြစ်ကြောင်း ၎င်း၏ ဘဝရပ်တည် နေထိုင်ခဲ့မှုနှင့် ပတ်သက်၍ ရှုထောင့်ပေါင်းစုံသည် အသင်တို့ထံမှ တိမ်မြုပ်ပျောက်ကွယ်၍ မနေကြောင်း၊ ၎င်းသည် မည်သည့်အခါမျှပင် လိမ်လည်မုသား မပြောဆိုခဲ့ကြောင်းကို အသင်တို့သည် အတွေ့အကြုံရရှိပြီးဖြစ်ကြောင်း၊ ငယ်စဉ်ကလေးဘဝကတည်းကပင် မှားယွင်းကာ မကောင်းသော အလုပ်အတွင်း၌ နစ်မွန်းနေသည်ကို အသင်တို့အနေဖြင့် မတွေ့မမြင်ခဲ့ရကြောင်း၊ ၎င်း၏ အကျင့်၊ ဓလေ့၊ သစ္စာသမာဓိ ရှိမှု၊ အလွဲသုံးစား မပြုလုပ်မှုအပေါ် ဤမျှခန့် ယုံကြည်ချက်ထားရှိကြသည်မှာ မက္ကာဟ်တစ်မြို့လုံးရှိ သူတို့သည် ၎င်းအား 'အမီးန်' (သစ္စာဝါဒီရှင်) ဟူ၍ ခေါ်ဆိုလေ့ရှိကြောင်း ယခု ၎င်းသည် နဗီဖြစ်ကြောင်း ကြွေးကြော်သော အချိန်၌ အသင်တို့သည် လူသားတို့၏ အမှုကိစ္စများ၌ မည်သည့်အခါမျှ လိမ်လည်မုသားစကားကို မပြောဆိုခဲ့သော သူနှင့်စပ်လျဉ်း၍ လိမ်လည်မုသား ပြောဆိုသည်ဟူ၍ ပြောဆိုကြလေသလော' ဟူသော အချက်များဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားဟန်တူပေသည်။ '၎င်းသည် အလ္လာဟ်အသျှင်မြတ်၏ အမှုကိစ္စ အတွင်း၌ လိမ်လည်မုသား ပြောဆိုနေခြင်း ဖြစ်သည်' ဟူ၍ စွပ်စွဲပြောဆိုခြင်းသည် ဒေါသအမျက်ချောင်းချောင်း ထွက်စရာအချက်ပင် ဖြစ်ပေသည်။ ထို့ကြောင့် ရှေ့၌ ဆက်လက်မိန့်တော်မူထားသည်မှာ-

مَا يَنْطِقُ عَنِ الْهَوٰى اِنْ هُوَ اِلَّا وَحْيٌ يُّوْحٰى

(၎င်းပြင် အသင်တို့၏အဖော် တမန်တော်မြတ် (မိုဟမ္မဒ် ﷺ) သည် မိမိ၏ စိတ်အလိုဆန္ဒအရ စကားပြောဆိုလေ့ ရှိသည်လည်း မဟုတ်ပေ။) [၅၃ း ၃]

ဆိုလိုသည်မှာ တမန်တော်မြတ် ﷺ သည် မိမိဘက်မှ စကားများကို တီထွင်ဖန်တီးကာ အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ ဆက်နွယ်ကာ ပြောဆိုရန်သည် လုံးဝ မဖြစ်နိုင်သော အချက်ဖြစ်ပေသည်။ သို့သာမက တမန်တော်မြတ် ﷺ မိန့်မြွက်တော်မူသော အချက်များအားလုံးသည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်ချည်းမှသာလျှင် ဖြစ်ပေသည်။ 'ဝဟီ' ဗျာဒိတ်တော်၏ များစွာသော အမျိုးအစားများရှိကြောင်း ဘိုခါရီကျမ်း၏ ဟဒီးစ်တော်များဖြင့် အတည်ပြု သိရှိရပေသည်။ ထိုအမျိုးအစားများထဲမှ

(၁) အဓိပ္ပာယ်နှင့် စကားလုံးအားလုံးတို့သည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ကျရောက်လာသည်ဆိုလျှင် ထိုဗျာဒိတ်တော်ကို ကုရ်အာန်ကျမ်းတော်မြတ်ဟူ၍ ခေါ်ဆိုပေသည်။

(၂) အဓိပ္ပာယ်သည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ကျရောက်၏။ ၎င်းကို တမန်တော်မြတ် ﷺ သည် မိမိဘက်မှ စာသားဖြင့် မိန့်မြွက်ထားပေးသော 'ဝဟီ'ဗျာဒိတ်တော်ကို စွန္နသ် (သို့မဟုတ်) ဟဒီးစ်တော်ဟူ၍ ခေါ်ဆိုပေသည်။

တစ်ဖန် ဟဒီးစ်တော်အတွင်း၌ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ချပေးထားတော်မူသော စာစဉ်အကြောင်းအရာသည် တစ်ခါတစ်ရံ အမှုကိစ္စတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြတ်သားလှစွာသော အမိန့်ပညတ်ချက်တို့ကို ထုတ်ဖော်ပြဆိုထားပေသည်။တစ်ခါတစ်ရံ ပုံသေနည်းဥပဒေသကို ပြဆိုသည့် အချိန်အခါမျိုးလည်း ရှိပေသည်။ ယင်းပုံသေနည်းဥပဒေမှ တမန်တော်မြတ် ﷺ သည် အမိန့်တော်များကို မိမိ၏ ထိုးထွင်းကြံဆမှုဉာဏ်ဖြင့် ကြံဆထုတ်နှုတ်ကာ တင်ပြပေသည်။ ဤသို့ ထိုးထွင်းကြံဆမှုဉာဏ် (အစ်ဂ်ျသေဟား:ဒ်) ဖြင့် ကောက်နှုတ်တင်ပြရာ၌ 'မှားယွင်းခြင်း တစ်စုံတစ်ရာ ပေါ်ပေါက်လာနိုင်ကြောင်းသည် ရှိတတ်ပေသည်။ သို့ရာတွင် တမန်တော်မြတ် ﷺ နှင့် အခြားသော နဗီတမန်တော်များအားလုံး၏ ဂုဏ်ထူးဝိသေသအချက်မှာ '၎င်းတို့၏ မိမိတို့ ထိုးထွင်းကြံဆမှုဉာဏ်ဖြင့် တင်ပြထားသော ပညတ်ချက် များ၌ အကယ်၍ မှားယွင်းမှုတစ်စုံတစ်ရာ ပါရှိလာပါကလည်း အလ္လာဟ်အသျှင်မြတ်၏ဘက်တော်မှ 'ဝဟီ' ၏ အကြောင်းခံဖြင့် ၎င်းမှားယွင်းချက်အား ပြုပြင်ပေးတော်မူသည်သာ ဖြစ်၏။ ထိုအခါ နဗီတမန်တော်တို့သည် မိမိတို့၏ မှားယွင်းသော ထိုးထွင်းကြံဆမှုအပေါ်၌ ရပ်တည်၍ နေခြင်းမှာ မဖြစ်နိုင်တော့ချေ' ဟူသော အချက်ပင် ဖြစ်သည်။ ၎င်းအထက်ဖော်ပြပါ နဗီတမန်တော်များနှင့် ဆန့်ကျင်စွာ ထိုးထွင်းကြံဆမှုဉာဏ်ဖြင့် ကောက်နှုတ်တင်ပြလေ့ရှိသော အာလင်မ်သာသနာ့ပညာရှင်များ၏ ကြံဆတင်ပြမှုများမှာ ထိုကဲ့သို့ မဖြစ်နိုင်ချေ။ အကြောင်းမှာ အကယ်၍ ၎င်းတို့ထံမှ ထိုးထွင်းကြံဆမှုဉာဏ်ဖြင့် ကောက်နှုတ်တင်ပြရာ၌ မှားယွင်းခြင်း ဖြစ်ပေါ်သွားသည်ဆိုပါကလည်း ၎င်းတို့သည် ထိုမှားယွင်းချက်အပေါ် ရပ်တည်၍ နေခြင်းမှာ ဖြစ်နိုင်ပေသည်။ ၎င်းတို့၏ ဤမှားယွင်းမှုသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ ချမ်းသာပလပ်ခွင့်ပေးခြင်းကို ခံရရုံသာမက ဒီန်သာသနာရေး သိနားလည်ရေးအတွက် ၎င်းတို့အနေဖြင့် စွမ်းစွမ်းတမံ ကြိုးပမ်းခဲ့မှုကြောင့် ထိုအချက်အပေါ် အကျိုးစဝါးဗ်တစ်ခုကို ရရှိပေမည်။ (ကျော်ကြားသော ဆွဟီးဟ်ဟဒီးစ်တော်များ၌ လာရှိထားပေသည်။)

အထက်ပါရှင်းလင်းတင်ပြချက်မှ တင်ပြလျက်ရှိနေသော အာယသ်တော်အပေါ် စောဒကသံသယ ဖြစ်ပေါ်စေသည့် 'တမန်တော်မြတ် ﷺ မိန့်မြွက်သည့် အရာများအားလုံးသည် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ဖြစ်ပေရာ မိမိ၏ ယူဆချက်နှင့် ထိုးထွင်းကြံဆမှုဉာဏ်တို့ဖြင့် တစ်စုံတစ်ရာ မိန့်တော်မူထားခြင်း မရှိနိုင်ပေ။' စင်စစ် စစ်မှန်သော ဟဒီးစ်တော်များအတွင်း၌ 'အစဥ်မှု တမန်တော်မြတ် ﷺ သည် ပညတ်ချက် တစ်စုံတစ်ရာကို မိန့်ကြားတင်ပြတော်မူခဲ့သည်။ တစ်ဖန် 'ဝဟီ'၏ အကြောင်းခံဖြင့် ထိုမိန့်ကြား တင်ပြခဲ့သော အမိန့်ကို ပြန်လည်ပြောင်းလဲစေခဲ့သည့် ဖြစ်အင်များကို တင်ပြထားပေသည်။ ၎င်းမှ ဤအမိန့်သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်မဟုတ်ဘဲ တမန်တော်မြတ် ﷺ ၏ ထိုးထွင်းကြံဆမှုဉာဏ်ဖြင့် မိန့်တော်မူထားသည့် မိန့်ကြားချက်သာ ဖြစ်ပေသည်ဟူသော စောဒက၏ အဖြေပါ ပါရှိသွားပေသည်။ အဖြေကို အထက်၌ တင်ပြခဲ့ပြီး ဖြစ်သည်။ အချို့သော အချိန်အခါမျိုး၌ 'ဝဟီ'ဗျာဒိတ်တော်သည် ပုံသေနည်းဥပဒေသ တစ်ရပ်အသွင်ဖြင့် ကျရောက်လာတတ်သည်မျိုးလည်း ရှိပေသည်။ ယင်းပုံသေနည်းမှ ပညတ်ချက်တော်များကို ထုတ်နှုတ်ရာ၌ နဗီတမန်တော်မြတ် ﷺ သည် မိမိ၏ ထိုးထွင်းကြံဆမှုဉာဏ်ဖြင့် အသုံးပြု ကောက်နှုတ်ရပေသည်။ သို့ရှိရာ ယင်းပုံသေဥပဒေသသည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ချပေးသနားထားတော်မူခြင်း ဖြစ်သည့်အတွက်ကြောင့် ထိုပုံသေဥပဒေသများမှ ထုတ်နှုတ်တင်ပြခဲ့သော ပညတ်ချက် အားလုံးကိုလည်း အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ကျရောက်လာသော အမိန့်များဟူ၍ ခေါ်ဆိုရပေမည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူ၏။)

عَلَّمَهٗ شَدِيْدُ الْقُوٰى

(အသင်တို့၏ ထိုအဖော်အား အလွန်အင်အားကြီးမားသူ ကောင်းကင်တမန်တော်သည် သင်ကြားပို့ချ၍ ပေးခဲ့လေ၏။) [၅၃ : ၅]

ဟူသော အာယသ်တော်မှစ၍ အာယသ်တော် (၁၇)

وَلَقَدْرَاٰى مِنْ اٰيٰتِ رَبِّهِ الْكُبْرٰى

(ကေန်စင်စစ် ၎င်းဖော် (မိုဟမ္မဒ်) သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ကြီးကျယ်လှစွာသော သက်သေလက္ခဏာတော်များကို တွေ့မြင်ခဲ့သည်မှာ အမှန်ပင် ဖြစ်၏။)

[၅၃ : ၁၈]

ထိတိုင် ရှိသော အာယသ်တော်များအားလုံးတွင် တမန်တော်မြတ် ﷺ အပေါ် ထုတ်ပြန်ပို့ချခြင်း ခံခဲ့ရသော 'ဝဟီ'ဗျာဒိတ်တော်နှင့် စပ်လျဥ်း၍ ဒွိဟနှင့် သံသယတစ်စုံတစ်ရာ မရှိအပ်ပေ။ ဤသည် အလ္လာဟ်အသျှင်မြတ်၏ မုက္ခပါဠ်တော်ဖြစ်ပေသည်။ အကြင်မုက္ခပါဠ်တော်များအား တမန်တော်မြတ် ﷺ ကို တစ်ခုနှင့်တစ်ခု ရှုတ်ထွေးရာနှောသွားခြင်း၊ တစ်ခုနှင့် တစ်ခုအကြား မှားယွင်းတင်ပြခြင်း အလျဥ်းမဖြစ်နိုင်သော ပုံစံမျိုးဖြင့် ချီးမြှင့်ပေးသနားတော်မူထားကြောင်းကို တင်ပြထားပေသည်။

'စူရာဟ်နဂျ်မ်း' ၏ အာယသ်တော်များအား အကျယ်ချဲ့ဖွင့်ဆိုရာ၌ သဗ်စီးရ်အေမာမ်ကြီးများ၏ အဆိုကွဲပြားမှု

ထိုအာယသ်တော်များနှင့် စပ်လျဉ်း၍ အကျယ်ဖွင့်ဆိုသော အေမာမ်ကြီးများထံမှ အကျယ်ဖွင့်ဆိုချက် (၂) ရပ် ဆင့်ပြန် လာရှိထားပေသည်။ ဆင့်ပြန်ဖွင့်ဆိုချက် တစ်ရပ်၏ အချုပ်သဘောတရားမှာ ဤသို့တည်း။ ထိုအာယသ်တော်များအားလုံးကို 'မေ့အ်ရားဂျ်' (ကောင်းကင်ဘုံနန်း) ခရီး ကြွမြန်းသွားခြင်း၏ ဖြစ်အင်အဖြစ် တင်ပြသတ်မှတ်ကာ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ တိုက်ရိုက် သင်ယူခဲ့မှု၊ အလ္လာဟ်အသျှင်မြတ်အား ဖူးမျှော်တွေ့မြင်ခဲ့ရမှုနှင့် နီးစပ်မှု ရရှိခဲ့ကြောင်းကို တင်ပြသည့် အာယသ်တော်များဖြစ်သည်ဟူ၍ ကောက်ချက်ချ သတ်မှတ်ခဲ့ကြပေသည်။

شَدِيدُ الْقُوَى (အလွန်အင်အားကြီးမားသူ)၊ **ذُو مِرَّةٍ** (စွမ်းအင်နှင့် ပြည့်စုံသူ)၊ **فَاسْتَوَى** (အထင်အရှား ပေါ်လာခဲ့၏)၊ **دَنَى فَتَدَلَّى** (၎င်းသည် ချဉ်းကပ်၍ လာခဲ့၏။ ထို့နောက်တစ်ဖန် ထပ်မံ၍ ချဉ်းကပ်ခဲ့ပေရာ) ဟူ၍ စသော အချက်များအားလုံးကို အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်တော်များနှင့် ပြုမူဆောင်ရွက်ချက်များအဖြစ် သတ်မှတ်အတည်ပြုထားကြပေသည်။ ရှေ့၌ ဆက်လက်၍ တွေ့မြင်တော်မူခဲ့ခြင်း အကြောင်းကို တင်ပြထားရာ ၎င်း၏ အလိုသဘောကိုလည်း 'အလ္လာဟ်အသျှင်မြတ်အား ဖူးတွေ့တော်မူခြင်းပင် ဖြစ်ပေသည်' ဟု သတ်မှတ်တင်ပြခဲ့ကြသည်။ ဆွဟာဗာသာဝကကြီးများထဲမှ ဟဇရသ်အနတ်စ် رضي الله عنه သခင်နှင့် အိဗ်နေအဗ္ဗားစ် رضي الله عنه သခင် ကြီးတို့ထံမှ ဤအကျယ်ချဲ့ဖွင့်ဆိုချက် ဆင့်ပြန်လာရှိထားပေသည်။ သဖ်စီးရေမဇွ်ဟရီကျမ်း၌ ထိုအချက်ကိုပင် ကောက်နှုတ်ရွေးချယ် တင်ပြထားပေသည်။ များစွာသော ဆွဟာဗာကြီးများ၊ သာဗေအီးန်သခင်ကြီးများနှင့် အကျယ်ဖွင့်ဆိုသော အဖွင့်ရှင်များသည် ထိုအာယသ်တော်များကို ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام အား ၎င်း၏ နဂိုမူလရုပ်အသွင်သဏ္ဍာန်ဖြင့် မြင်တွေ့ခြင်းကို တင်ပြထားသည့် အာယသ်တော်များဖြစ်သည်ဟု သတ်မှတ်တင်ပြကြသည်။

شَدِيدُ الْقُوَى (အလွန်အင်အားကြီးမားသူ) စသော အချက်များကို သစ္စာဝါဒီရှင် ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام ၏ ဂုဏ်ထူးဝိသေသ အချက်များအဖြစ် တင်ပြထားပေသည်။ ယင်းသို့ ကောက်နှုတ်တင်ပြရခြင်း၏ အကျိုးအကြောင်း အကြောင်းအရင်းသည် များစွာ ရှိပေသည်။ ရာဇဝင်သမိုင်းကို ထောက်ရှု၍ ကြည့်မည်ဆိုလျှင်လည်း စူရာဟ် 'နဂျ်မ်' သည် လုံးဝ အစွလာမ့်ခေတ်ဦးပိုင်းကာလ၌ ကျရောက်လာသော စူရာဟ်တော်ဖြစ်ပေသည်။ ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န်မတ်စ်အူးဒ် رضي الله عنه သခင်ကြီး၏ ရှင်းလင်းတင်ပြချက်နှင့်အညီ 'တမန်တော်မြတ် ﷺ မက္ကာဟ်ရွှေမြို့တော်၌ ဦးစွာပထမ အတိအလင်း ကြွေးကြော်၍ ရွတ်ဖတ်တော်မူသော စူရာဟ်တော်သည် ဤစူရာဟ်တော်သည်သာလျှင် ဖြစ်ပေသည်။ 'မေ့အ်ရားဂျ်' (ကောင်းကင်ဘုံနန်းခရီး ကြွမြန်းသွားခြင်း) ၏ ဖြစ်အင်သည် ထို့ထက် နောက်ကျကြောင်းမှာ ထင်ရှားလှပေသည်။ သို့သော် ၎င်းနှင့် စပ်လျဉ်း၍မူ စာဒကများ ရှိနိုင်ပေသည်။ ထိုအချက်နှင့် စပ်လျဉ်း၍ အဓိကကျသော

အကြောင်းအရင်းမှာ 'ဟဒီစေ့မရ်ဖူးအ်' (ဆင့်ပြန်သူများ၏ စဉ်ဆက်မပြတ်ဖြင့် ဆင့်ကဲဆင့်ကဲ တမန်တော်မြတ် ﷺ ထံမှ ဆင့်ပြန်ခဲ့သော ရိဝါယသ်ဆင့်ပြန်ချက်) ၌ တမန်တော်မြတ် ﷺ ကိုယ်တော်တိုင်မှ ထိုအာယသ်တော်များကို အကျယ်ဖွင့်ဆိုရာ၌ ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام အား မြင်တွေ့ခဲ့သည်ဟူသော ဆင့်ပြန်ချက်လာရှိထားခြင်း ဖြစ်ပေသည်။ ယင်းဟဒီးစ်တော်၏ စကားလုံးများမှာ မွစ်နဒ်အဟ်မဒ်ကျမ်း၌ ဤသို့ လာရှိထားပေသည်။

عن الشعبى عن مسروق قال كنت عند عائشة فقلت اليس الله يقول (وَلَقَدْ رَاٰهُ بِالْاُفُقِ الْمُبِيْنِ وَلَقَدْ رَاٰهُ نَزْلَةً اُخْرٰى) فقالت انا اوّل هذه الامّة سئألت رسول الله ﷺ عنها فقال انّما ذاك جبرئيل لم يره فى صورته الّتى خلق عليها الاّمرّتين راٰه منهبطامن السّمآء الى الارض سادّ اعظم خلقه مابين السّمآء والارض اخرجاه فى الصّحيحين من حديث الشعبى ــ (ابن كثير)

ဟဇရသ်ရှအ်ဗီး (ရဟ) သခင်ကြီးသည် ဟဇရသ်မတ်စ်ရူးက် (ရဟ) သခင်ကြီးထံမှ ဆင့်ပြန်ထားသည်မှာ ၄င်းသည် တစ်နေ့ ဟဇရသ်အာအေရှာဟ် رضي الله عنها သခင်မ၏ ထံပါး၌ ရှိနေခဲ့သည်။ (အလ္လာဟ်အသျှင်မြတ်အား ဖူးမျှော်ရခြင်းနှင့် စပ်လျဉ်းသော ဓမ္မသတ်ကို ပြောဆိုလျက်ရှိသည်။) မတ်စ်ရူးက် (ရဟ) သခင်ကြီးက ပြောဆိုသည်မှာ 'ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်၏

وَلَقَدْ رَاٰهُ بِالْاُفُقِ الْمُبِيْنِ

(၄င်းပြင် စင်စစ်မလွဲ ၄င်း (အသင်တို့၏) အဖော်သည် ရှင်းလင်းသော မိုးကုတ်စက်ဝိုင်း၌ ၄င်းစေတမန်အား တွေ့မြင်ခဲ့ဖူးပေသည်။) [၈၁ : ၂၃]

وَلَقَدْ رَاٰهُ نَزْلَةً اُخْرٰى

(ထို့ပြင် ၄င်းအဖော် (မိုဟမ္မဒ် ﷺ) သည် ယင်းကောင်းကင်တမန်အား ဒုတိယအကြိမ် ဆင်းသက်ရာ၌ မုချဧကန် တွေ့မြင်ခဲ့၏။) [၅၃ : ၁၃]

ဟူ၍ မိန့်တော်မူထားကြောင်းကို တင်ပြလေသည်။ ထိုအခါ ဟဇရသ်အာအေရှာဟ် رضي الله عنها သခင်မကြီးက 'အုမ္မသ် (နောက်လိုက်ထု) တစ်ရပ်လုံးအတွင်း၌ အားလုံးထက်အလျင် ဦးစွာပထမ ကျွန်တော်မျိုးမသည် တမန်တော်မြတ် ﷺ အား ထိုအာယသ်တော်၏ အလိုသဘောကို မေးမြန်းလျှောက်ထားခဲ့သည်။' တမန်တော်မြတ် ﷺ သည် 'အာယသ်တော်အတွင်း၌ တင်ပြထားသည့် မြင်တွေ့ခဲ့ရသည်ဟူ၍ ဖော်ပြထားသော အရာသည် ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام ဖြစ်ကြောင်း၊ ယင်းကောင်းကင်တမန်ကို တမန်တော်မြတ် ﷺ သည် ၄င်း၏ နဂိုမူလ မူရင်းအသွင်ဖြင့် နှစ်ကြိမ်သာ မြင်တွေ့ခဲ့ရကြောင်း မိန့်မြွက်ခဲ့ပေသည်။ (အာယသ်

တော်အတွင်း၌ တင်ပြထားသော မြင်တွေ့ခဲ့ရသည့် အရာဆိုသည်မှာ တမန်တော်မြတ် ﷺ သည် သစ္စာရှင် ဟဇရတ်ဂျီဗ်ရာအီးလ် عليه السلام ကို မိုးကောင်းကင်မှ ကမ္ဘာမြေပထဝီဘက်သို့ ဆင်းသက်လာသည်ကို မြင်တွေ့တော်မူခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်း၏ ကိုယ်ခန္ဓာသည် မိုးကောင်းကင်နှင့် မြေပထဝီကြားရှိ 'အာကာသ ဟင်းလင်းပြင် လေထုကို ပြည့်နှက်ကာ နေရာယူထားလျက် ရှိသည်' ဟူ၍ အမိန့်ရှိခဲ့ပေသည်။

ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်း၌ ဤဆင့်ပြန်ချက်သည် အနီးစပ်ဆုံးအားဖြင့် ဤစကားလုံးတော်မျိုးတို့ဖြင့်သာ ဆင့်ပြန်လာရှိထားပေသည်။ ဖသ်ဟုလ်ဗာရီကျမ်း၏ ကေသာဗုသ်သဖ်စီးရ်ကဏ္ဍ၌ ဟာဖိဇ် အိဗ်နေဟဂျရ် (ရဟ) သည် အိဗ်နေမရ်ဒဝီယားဟ် (ရဟ) ထံမှ ဤဆင့်ပြန်ချက်ကိုပင် မွတ်စ္စလင်မ်ကျမ်းရှိ ဆင့်ပြန်ချက် ကွင်းဆက်ဇယားနှင့် ဆင့်ပြန် တင်ပြထားပေသည်။ ၎င်းဆင့်ပြန်ချက်အတွင်း၌ ဟဇရတ် အာအေရှာဟ်စွိဒ်ဒီကာဟ် رضي الله عنها သခင်မကြီး၏ စကားလုံးတော်များမှာ ဤသို့ ဖြစ်သည်။

انااوّل من سأل رسول الله ﷺ عن هذا فقلت يارسول الله هل رأ يت ربّك فقال لا انّما رأيت جبريل منهبطا (فتح البارى ص ٤٩٣ ج٨)

(ဟဇရတ် အာအေရှာဟ်စွိဒ်ဒီကားဟ် رضي الله عنها သခင်မကြီးက အမိန့်ရှိသည်မှာ ထိုအာယသ်တော်နှင့် စပ်လျဉ်း၍ ပထမဦးဆုံး ကျွန်တော်မျိုးမသည် ကိုယ်တိုင်ကိုယ်ကျ တမန်တော်မြတ် ﷺ အား 'ကိုယ်တော်မြတ်သည် မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်အား ဖူးတွေ့ခဲ့ရပါ၏လော' ဟူ၍ လျှောက်ထားမေးမြန်းတော်မူရာ ကိုယ်တော်မြတ် ﷺ က 'မဖူးတွေ့ခဲ့ရကြောင်း၊ သို့သာမက ငါကိုယ်တော်သည် ဟဇရတ် ဂျီဗ်ရာအီးလ် عليه السلام ကို ဆင်းသက်တော်မူလာလျက် တွေ့မြင်ခဲ့ရကြောင်း' ကို မိန့်ကြားတော်မူခဲ့ပေသည်ဟူ၏။) *[ဖသ်ဟုလ်ဗာရီကျမ်း၊ တွဲ-၈၊ စာ-၄၉၃။]*

စွဟီးဟ်ဘိုခါရီကျမ်း၌ ရှိုယ်ဗာနီး (ရဟ) သခင်ကြီးထံမှ ဆင့်ပြန်ချက်လာရှိထားပေသည်။ ၎င်းသည် ဟဇရတ်ဇိရ် (ရဟ) အား

فَكَانَ قَابَ قَوْسَيْنِ اَوْاَدْنٰى فَاَوْحٰى اِلٰى عَبْدِهٖ مَآ اَوْحٰى

(လေးနှစ်ပြန်မျှသော ဝေးကွာလေတော့၏။ စင်စစ် ထို့ထက်ပင် ပို၍ နီးကပ်စွာ ရှိခဲ့လေ၏။ ထိုအခါ ထိုအသျှင်မြတ်သည် မိမိ၏ ကျွန် မိုဟမ္မဒ် ﷺ ထံသို့ မိမိထုတ်ပြန်လိုသော 'ဝဟီ' ထုတ်ပြန်ချက်များကို ထုတ်ပြန်တော်မူခဲ့လေ၏။) *[၅၃ : ၉-၁၀]*

ဟူသော အာယသ်တော်၏ အလိုသဘောကို မေးမြန်းရာ ၎င်းက ဤသို့ ဖြေကြားတော်မူလိုက်ပေသည်။ ကျွန်ုပ်အား ဟဇရတ်အဗ်ဒွလ္လာဟ်ဗင်နိမတ်စ်အူးဒ် رضي الله عنه သခင်ကြီးသည် ဟဒီးစ်တော်ကို တင်ပြခဲ့ပေသည်။ မိုဟမ္မဒ် ﷺ သည် သစ္စာဝါဒီရှင်၊ ဟဇရတ်ဂျီဗ်ရာအီးလ် عليه السلام ကို ၎င်းကောင်းကင်တမန်၌ အတောင်ပံပေါင်း (၆၀၀) ခြောက်ရာရှိလျက် အခြေအနေမျိုးဖြင့် မြင်တွေ့ခဲ့ရပေသည်။

၎င်းနောက် အိဗ်နေဂျရီးရ် (ရဟ) သခင်ကြီးသည် မိမိ၏ ဆင့်ကဲဆင့်ကဲ ဆင့်ပြန်မှု ကွင်းဆက်ဇယားနှင့်အတူ ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န်မတ်စ်အူးဒ် ؓ သခင်ကြီးထံမှ

مَاكَذَبَ الْفُؤَادُ مَا رَاٰى

(ထိုအသင်တို့အဖော် တမန်တော်မြတ် ﷺ ၏ စိတ်နှလုံးသားသည် တွေ့မြင်ခဲ့သော အရာများနှင့် စပ်လျဉ်း၍ မှားယွင်းခြင်း မရှိခဲ့ချေ) ဟူသော အာယသ်တော်၏ အကျယ်ဖွင့်ဆိုမှု၌ ဤသို့ ဆင့်ပြန်ထားပေသည်။ တမန်တော်မြတ် ﷺ သည် သစ္စာရှင် ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام ကို 'ရဖ်ရဖ်' အဝတ်အစားကို ဝတ်ဆင်ထားကာ မိုးကောင်းကင်နှင့် မြေပထဝီကြား နေရာလပ်ကို ၎င်း၏ တည်ရှိမှုသည် ဖြည့်စွက်ပေးထားသော အခြေအနေ၌ တွေ့မြင်ခဲ့ရသည်။

အိဗ်နေကစီးရ် (ရဟ) သခင်ကြီး၏ သုတေသနပြုချက်

ဤဟဒီးစ်တော် ဆင့်ပြန်ချက်များအားလုံးကို အိဗ်နေကစီးရ် (ရဟ) သခင်ကြီးသည် မိမိ၏ အကျယ်ဖွင့်ကျမ်း၌ ဆင့်ပြန်တင်ပြကာ ဤသို့ ကောက်ချက်ချခဲ့ပေသည်။ စူရာဟ် 'နဂျမ်'၏ အတွင်းရှိ တင်ပြပါ အာယသ်တော်များ၌ ရှုမြင်ခြင်းနှင့် နီးကပ်၊ နီးစပ်ခြင်း၏ အလိုသဘောသည် ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام အား ရှုမြင်ခြင်းနှင့် နီးစပ်၊ နီးကပ်ခွင့် ရရှိခြင်းပင် ဖြစ်ပေသည်။ ဤအဆိုသည် ဆွဟာဗာသာဝကကြီးများ၌ မုအ်မင်န်တို့၏ မိခင်ကြီးဖြစ်သော ဟဇရသ်အာအေရှာဟ် ؓ သခင်မ၊ ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န်မတ်စ်အူးဒ် ؓ သခင်၊ အဗူဇရ်ဂေဖါရီ ؓ သခင်နှင့် အဗူဟူရိုင်ရားဟ် ؓ သခင်ကြီးတို့၏ အဆိုပင်ဖြစ်ပေသည်။ ထို့ကြောင့် အိဗ်နေ့ကစီးရ် (ရဟ) သခင်ကြီးသည် တင်ပြလျက်ရှိနေသော အာယသ်တော်များကို အကျယ်ဖွင့်ဆိုရင်းမိန့်တော်မူသည်မှာ-

ဤအာယသ်တော်များအတွင်း တင်ပြထားသော ရှုမြင်ခြင်း၊ နီးကပ်၊ နီးစပ်ခွင့် ရရှိကြောင်းများ၏ အလိုသဘောမှာ ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام အား တွေ့မြင်ခြင်း၊ နီးစပ်၊ နီးကပ်ခဲ့ခြင်းပင် ဖြစ်သည်။ ၎င်းအား တမန်တော်မြတ် ﷺ သည် ပထမအကြိမ် အနေဖြင့် ၎င်း၏ ပင်ကိုယ်မူလသဏ္ဌာန်ဖြင့် တွေ့မြင်ခဲ့ရပေသည်။ တစ်ဖန် ဒုတိယအကြိမ် 'မေ့အ်ရာဂျ်း' (ကောင်းကင်ဘုံနန်းခရီး ကြွမြန်းသွားသော) ညဉ့်၌ 'စစ်ဒ်ရသုလ်မွန်သဟာ'၏အနီး တွေ့မြင်ခဲ့ရပေသည်။ ဤသို့ ပထမအကြိမ် မြင်တွေ့ခဲ့သည့် အချိန်မှာ နဗီဖြစ်ဖြစ်ခြင်း လုံးဝ အစောဆုံးကာလ၌ ဖြစ်ပေသည်။ ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام သည် ပထမဦးဆုံး အနေဖြင့် 'စူရာဟ်အစ်က်ရားအ်'၏ ကနဦးပိုင်းအာယသ်တော်များကို 'ဝဟီ'ဗျာဒိတ်တော်အဖြစ် ယူဆောင်လာတော်မူပေသည်။ ထို့နောက် 'ဝဟီ'ဗျာဒိတ်တော် ကျရောက်လာခြင်း ရပ်တန့်ခဲ့လေသည်။ အကြင်ကဲ့သို့ 'ဝဟီ'ဗျာဒိတ်တော် ကျရောက်လာခြင်း ရပ်တန့်သွားသည့်အတွက်ကြောင့် တမန်တော်မြတ် ﷺ သည် လွန်စွာ စိတ်ထိခိုက်ခဲ့ပေသည်။ 'တောင်ပေါ်မှ ခုန်ချ၍ မိမိ၏ အသက်တော်ကို အဆုံးစီရင်ရန်ကိုပင် အကြိမ်ကြိမ် အခါခါ နှလုံးသားအပေါ်၌ အတွေးများ ဝင်ရောက်ခဲ့ပေသည်။ သို့ရာတွင် မည်သည့်အခါ

ဤကဲ့သို့အဖြစ်မျိုး ကြုံကြိုက်လာရသည်ဆိုလျှင် ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام သည် တမန်တော်မြတ် ﷺ အား 'အို့, မိုဟမ္မဒ်၊ အသင်သည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ စေလွှတ်ခြင်း ခံရတော်မူသော မှန်ကန်သည့် ရစူလ်တမန်တော်တစ်ပါး ဖြစ်ပေသည်။ ကျွန်ုပ်သည် ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام ဖြစ်ပေသည်' ဟူ၍ အကွယ်မှ အသံပြုလိုက်ပေသည်။ ယင်းသို့ အသံပြုလိုက်သည်ဆိုလျှင် တမန်တော်မြတ် ﷺ ၏ ရွှေနှလုံးသားတော်သည် တည်ငြိမ်မှု ရရှိသွားပေသည်။ အကြင်မည်သည့်အချိန်၌မဆို ယင်းကဲ့သို့သော အတွေးဝင်ရောက်လာသည်ဆိုပါက ထိုအချိန်၌ ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام သည် ထိုအသံမျိုးဖြင့် ဖြေသိမ့်မှု ပေးခဲ့ပေသည်။ သို့ရာတွင် ဤသို့ ဖြေသိမ့်မှုများ ပေးခြင်းသည် အကွယ်မှ ဖြစ်ပေသည်။ နောက်ဆုံးအနေဖြင့် တစ်နေ့ ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام သည် 'ဗုသွ်ဟား'၏ ကျယ်ပြန့်သော ကွင်းပြင်၌ မိမိ၏ နဂိုမူလ အသွင်သဏ္ဌာန်တော်ကို 'ငှင်း၏ အတောင်ပံတော် (၆၀၀) နှင့်အတူ မိုးကုတ်စက်ဝိုင်းတစ်ခုလုံးအား လွှမ်းခြုံလျက်ရှိသည့် ပုံစံမျိုးဖြင့် ပြသတော်မူပေသည်။ တစ်ဖန် ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام သည် တမန်တော်မြတ် ﷺ ၏ အနီးအပါးသို့ ချဉ်းကပ်ကာ အလ္လာဟ်အသျှင်မြတ်၏ 'ဝဟီ'ဗျာဒိတ်တော်ကို ပို့ချပေးတော်မူလိုက်ပေသည်။ ထိုအချိန်၌ တမန်တော်မြတ် ﷺ သည် သစ္စာဝါဒီရှင် ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام ၏ ကြီးကျယ်မှုနှင့် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ အလွန်တရာ ဂုဏ်အဆင့်ရှိခြင်းကို အခြေအမြစ်ကျကျ သိရှိသွားတော်မူပေသည်) ဟူ၍တည်း။ *[အိဗ်နေကစီးရ်ကျမ်း]*

အချုပ်သဘောတရားမှာ အေမာမ်အိဗ်နေကစီးရ် (ရဟ) သခင်ကြီးသည် ကိုယ်တိုင် 'မရ်ဖူးအ်' (တမန်တော်မြတ် ﷺ ထံတော် ရောက်ရှိသော ဆင့်ကဲဆင့်ကဲ စဉ်ဆက်ဇယားဖြင့် ဆင့်ပြန်လာရှိထားသော ဆင့်ပြန်ချက်) နှင့် ဆွဟာဗာသာဝကကြီးများ၏ အဆိုအမိန့်များကို အခြေခံ မှတည်၍ 'စူရာဟ်နဂျမ်း၏ တင်ပြပါ အာယသ်တော်များအား ထိုအာယသ်တော်များအတွင်းပါ မြင်တွေ့ရခြင်းနှင့် နီးစပ်မှုရှိခြင်းသည် ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام နှင့် စပ်လျဉ်း၍သာဟူ၍ အလိုသဘော ကောက်ယူရမည်ဖြစ်သည်' ဟူသော အကျယ်ချဲ့ဖွင့်ဆိုချက်ကိုသာလျှင် သတ်မှတ်အတည်ပြု ပေးထားပေသည်။ ဤသည် ဤစကြဝဠာ ကမ္ဘာလောကကြီး၌ မက္ကာဟ်ရွှေမြို့တော်၏ မိုးကုတ်စက်ဝိုင်း၌ မြင်တွေ့ခဲ့ရသော ပထမအကြိမ်အဖြစ် မြင်တွေ့ခဲ့ရခြင်း ဖြစ်ပေသည်။ အချို့သော ဆင့်ပြန်ချက်များအတွင်း၌ ထိုသို့ မြင်တွေ့ရခြင်းသည် 'ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام အား ပထမအကြိမ် ငှင်း၏ နဂိုမူလ ရုပ်အသွင်သဏ္ဌာန်ဖြင့် တွေ့မြင်ကာ တမန်တော်မြတ် ﷺ သည် မူးဝေလဲကျသွားခဲ့သည်။ ထိုအခါ တစ်ဖန် လူသားတစ်ဦး၏ အသွင်ဖြင့် တမန်တော်မြတ် ﷺ ၏ အနီးအပါးသို့ ချဉ်းကပ်ခဲ့ပေသည်။ ထို့နောက် သာပို၍ ချဉ်းကပ်တော်မူခဲ့ပေသည်' ဟူသော အကျယ်ရှင်းလင်းချက်များ လာရှိထားပြန်ပေသည်။

ဒုတိယအကြိမ် မြင်တွေ့ရခြင်းအကြောင်း စူရာဟ် 'နဂျမ်း'၌ပင် ရှေ့တွင် လာရှိမည့်

وَلَقَدْ رَاٰهُ نَزْلَةً اُخْرٰى

(ထို့ပြင် ငှင်းအဖော် မိုဟမ္မဒ် ﷺ သည် ယင်းကောင်းကင်တမန်အား ဒုတိယအကြိမ် ဆင်းသက်ရာ၌ မုချဧကန် တွေ့မြင်ခဲ့၏။) *[၅၃ : ၁၃]*

ဟူသော အာယသ်တော်၌ လာရှိနေပေသည်။ အကြင်အဖြစ်အပျက်သည် ကောင်းကင်ဘုံနန်းခရီးသို့ ကြွမြန်းသွားသော ညဥ့်၌ ဖြစ်ပေါ်ခဲ့ပေသည်။ အထက်တင်ပြပါ အကြောင်းကြောင်းများကို အခြေခံမှုတည်၍ များစွာသော အဖွင့်ရှင်များသည် တင်ပြလျက်ရှိနေသော အကျယ်ဖွင့်ဆိုချက်ကို ရွေးချယ်ကောက်နုတ်ခဲ့ခြင်း ဖြစ်ပေသည်။ အိဗ်နေကစီးရ် (ရဟ) သခင်ကြီး တင်ပြခဲ့သော အကြောင်းအရာကို ယခုပင် အထက်၌ တင်ပြခဲ့ပြီးဖြစ်ပေသည်။ ကုရ်သုဗီး (ရဟ)၊ အဗူဟိုက်ယာန် (ရဟ)၊ အေမာမ်ရာဇီး (ရဟ) အစရှိသော ပညာရှင်များသည်လည်း ထိုအကျယ်ဖွင့်ဆိုချက်ကိုပင် အသာပေးထားကြပေသည်။ မော်လာနာ ထာနဝီ (ရဟ) သခင်ကြီးကလည်း အထက်ပါ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်၌ တင်ပြခဲ့ပြီးဖြစ်သော အချက်ကိုပင် ကောက်နုတ်ရွေးချယ် တင်ပြထားပေသည်။ ၎င်းကောက်နုတ်ရွေးချယ် တင်ပြပေးထားသော အဆို၏ အချုပ်သဘောတရားမှာ 'စူရာဟ်နဂျမ်း၏ အစပိုင်း အာယသ်တော်များအတွင်း၌ အလ္လာဟ်အသျှင်မြတ်အား မြင်တွေ့တော်မူကြောင်း မတင်ပြထားပေ။ သို့သာမက ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام သာ ဖြစ်ကြောင်း တင်ပြထားပေသည်' ဟူ၍ ဖြစ်၏။ အေမာမ်နဝဝီ (ရဟ) သခင်ကြီးသည် ရှရ်ဟေ့မွတ်စ္စလင်မ်ကျမ်း၌ ဟာဖိဇ်အိဗ်နေဟဂျရ် (ရဟ) သည် ဖသ်ဟုလ်ဗာရီးကျမ်း၌လည်း ဤအထက်ဖော်ပြပါ အဆိုကိုပင် ရွေးချယ် မိန့်မြွက်ထားပေသည်။

ذُوْمِرَّةٍ فَاسْتَوٰى وَهُوَ بِالْاُفُقِ الْاَعْلٰى

(စွမ်းအင်နှင့် ပြည့်စုံသူဖြစ်သော၊ လွန်စွာ လှပတင့်တယ်သူဖြစ်သော၊ ထို့နောက် ၎င်းကောင်းကင်တမန်သည် နဂိုမူလ ရုပ်သဏ္ဍာန်နှင့်တကွ ၎င်း၏ ရှေ့ဝယ် အထင်အရှား ပေါ်လာခဲ့ပေ၏။ ထိုစဉ်အခါဝယ် ၎င်းကောင်းကင်တမန်သည် မြင့်စွင့်လှစွာ မိုးကုတ်စက်ဝိုင်း၌ ရှိနေခဲ့၏။) *[၅၃ : ၆၇]*

مِرَّةٌ ၏အဓိပ္ပာယ်မှာ 'စွမ်းအား၊ အင်အား' ဟူ၍ ဖြစ်ပေသည်။ ဤသည်မှ ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام ၏ 'အလွန် စွမ်းအား၊ အင်အားရှိခြင်း' ဟူသော ဂုဏ်ထူးဝိသေသအချက်ကို တင်ပြရန် ယူဆောင်လာခြင်းပင် ဖြစ်ပေသည်။ သို့မှသာ တစ်ဦးတစ်ယောက်သောသူအဖို့ 'ဝဟီဗျာဒိတ်တော်ကို ယူဆောင်လာသော ကောင်းကင်တမန်တော်ကြီး၏ အမှုကိစ္စ၌ ရှိုက်သွာန်တစ်ကောင်ကောင်သည် ဝင်ရောက်စွက်ဖက်ခဲ့ခြင်း ရှိနေနိုင်၏' ဟူသော သို့လော၊ သို့လော သံသယအတွေးများ မတွေးမိလေအောင် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် သစ္စာဝါဒီရှင် ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام သည် 'ရှိုက်သွာန်သည် ၎င်း၏ အနီးအပါးသို့ပင် ကပ်၍ မရနိုင်လောက်အောင် အားအင် တောင့်တင်းခိုင်မာပေသည်။

فَاسْتَوٰى (အထင်အရှား ပေါ်လာခဲ့၏။) ဟူသော စကားလုံး၏ လုံးချင်းကောက် အဓိပ္ပာယ်သည် တစ်တန်းတည်း ဖြစ်သွားခဲ့ပေသည်' ဟူ၍ ရရှိ၏။ အလိုသဘောမှာ 'ဦးစွာပထမ ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام ကို တွေ့မြင်လိုက်ရသောအခါဝယ် ၎င်းသည် မိုးကောင်းကင်မှ ဆင်းသက်တော်မူလျက် ရှိနေပေသည်။ ဆင်းသက်ပြီးနောက် အထက်မိုးကုတ်စက်ဝိုင်းပေါ်၌ တည့်မတ်စွာ ထိုင်တော်မူခဲ့သည်။ 'အုဖုက်' (မိုးကုတ်

စက်ဝိုင်း) ဟူသော စာလုံးနှင့်အတူ اَعْلٰى (မြင့်စွင်လှစွာသော) ဟူသော နာမဝိသေသနဖြင့် ဘောင်ခတ်ထားရခြင်း၏ အမြော်အမြင်တော်မှာ 'စက်ဝိုင်း၏ မြေပြင်နှင့် ထိတွေ့လျက်ရှိနေသော အစိတ်အပိုင်းသည် များသောအားဖြင့် အရှေ့များမှ တိမ်မြုပ်ကာ ပျောက်ကွယ်နေလေ့ ရှိသောကြောင့် ဖြစ်ပေသည်။ ထို့ကြောင့် အထက်အာကာသ မိုးကုတ်စက်ဝိုင်း၌ ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام ကို ကိုယ်ရောင်ပြသစေတော်မူခဲ့ခြင်း' ဖြစ်သည်။

ثُمَّ دَنٰى فَتَدَلّٰى

(ထို့နောက် ၎င်းကောင်းကင်တမန်တော်သည် ချဉ်းကပ်၍ လာခဲ့၏။ ထို့နောက်တစ်ဖန် ထပ်မံ၍ ချဉ်းကပ်လာခဲ့ပေရာ) [၅၃ : ၈]

ဟူသော အာယသ်တော်တွင် دَنٰى ၏ အဓိပ္ပာယ်မှာ 'နီးကပ်ခဲ့သည်' ဟူ၍ ရရှိပြီး تَدَلّٰى ၏ လုံးချင်းကောက် အဓိပ္ပာယ်သည် 'တွဲလောင်းကျ ငိုက်ကျလျက် ရှိခြင်း' ဟူ၍ ရရှိ၏။ အလိုသဘောမှာ တိမ်းညွတ်ကာ နီးကပ်သွားခဲ့သည်' ဟူ၍ ဖြစ်ပေသည်။

فَكَانَ قَابَ قَوْسَيْنِ اَوْ اَدْنٰى

(လေးနှစ်ပြန်မျှသော ဝေးကွာလေတော့၏။ စင်စစ် ထို့ထက်ပင် ပို၍ နီးကပ်စွာ ရှိခဲ့လေ၏။) [၅၃ : ၉]

قَابَ သည် 'လေးကိုင်းကို ကိုင်သော နေရာ ရှိပေသည်။ ၎င်းနှစ်ဖက်နှစ်လံ၌ လေးကြိုး ရှိပေသည်။ ထိုနှစ်ခုကြားအရာကို قَابَ ဟူ၍ ခေါ်ဆိုပေသည်။ အကြင်အကွာအဝေး၏ ခန်းမှန်းခြေ အတိုင်းအတာကို လက်တစ်တောင်ဟူ၍ ခန့်မှန်းကာ ပြောဆိုကြပေသည်။

قَابَ قَوْسَيْنِ

(လေး နှစ်ပြန်မျှ) ဟူ၍ ပြောဆိုရခြင်း၏ အကြောင်းအရင်းမှာ 'အာရဗ်နိုင်ငံ၌ သီးသန့်စကားတစ်ရပ် ရှိပေသည်။ လူနှစ်ဦးသည် အကယ်၍ မိမိတို့ကြား၌ ပြေငြိမ်းကာ ပဋိညာဉ်ကို ခံယူ၍ အဆွေခင်ပွန်းဖွဲ့လိုသည်ရှိသော် ထိုအချက်နှင့်စပ်လျဉ်းသော လက္ခဏာတစ်ရပ်မှာ လက်ပေါ် လက်ရိုက်ခြင်းသည် ထင်ရှားကျော်ကြား နေသကဲ့သို့ 'လူနှစ်ဦးစလုံးသည် မိမိတို့၏ သက်ဆိုင်ရာ လေးကိုင်းများ၏ တုတ်ချောင်းကိုမူ မိမိ၏ဘက်၌ ထားရှိ၍ လေးကိုင်းကြိုးကို အခြားသော သူ၏ဘက်၌ ထားရှိလိုက်ပေသည်။ နှစ်ခုကြား၌ ထိုအရာသည် ထိတွေ့သွားလျှင်မူ အချင်းချင်း ကြား၌ ထားရှိသော နီးကပ်ကာ ချစ်ခင်မှုကို ကြေညာခြင်းဟူ၍ မှတ်ယူ သဘောပေါက်ကြပေသည်။ ထိုနီးကပ်သောအချိန်၌ ထိုသူနှစ်ဦးကြားဝယ် လေးကိုင်းနှစ်ကိုင်း၏ ကြား၌ 'ကားဗ' (လက်ကိုင်နေရာ) ခန့်မျှသာ ကျန်ရစ်၍နေကာ အနီးစပ်ဆုံးအားဖြင့် နှစ်တောင် (တစ်ကိုက်) သာ ဖြစ်ပေသည်။ ထို့နောက် اَوْ اَدْنٰى (စင်စစ် ထို့ထက်ပင် ပို၍ နီးကပ်စွာ ရှိခဲ့လေ၏။) ဟူ၍ မိန့်တော်

မှုကာ 'ဤသို့ နီးကပ်ကာ နီးစပ်မှုသည် အများသဘောပေါက်သော ဓလေ့ထုံးသဘောမျိုး နီးကပ်စွာ တည်ရှိနေသည်'ကဲ့သို့ မဟုတ်ကြောင်း၊ သို့သာမက ထို့ထက် သာပို၍ နီးကပ်စွာ တည်ရှိကြောင်းကို မိန့်ဆိုထားပေသည်။

တင်ပြလျက်ရှိနေသော အာယသ်တော်အတွင်း၌ ဟဇရသ်ဂျီဗ်ရာအီးလ် ﷵ အနေဖြင့် အဆုံးစွန်သော အတိုင်းအတာထိတိုင် နီးကပ်စွာ ရှိနေခဲ့ခြင်းကို 'ငှင်းဘက်မှ ထုတ်ပြန်ပို့ချပေးသော 'ဝဟီ' ဗျာဒိတ်တော်နှင့် စပ်လျဉ်း၍ ကြားနာရာ၌ 'ဒွိဟသံသယ တစ်စုံတစ်ရာမျှ မရှိနေစေရ' ဟူသော ရည်ရွယ်ချက်ရှိနေပေသည်။ ထို့ပြင် ယင်းသို့ နီးကပ်ကာ နီးစပ် ဆက်နွယ်မှုရှိနေခြင်းကြောင့် တမန်တော်မြတ် ﷺ သည် ဟဇရသ်ဂျီဗ်ရာအီးလ် ﷵ ကို မမှတ်မိခြင်းနှင့် ရှိုက်သွာန်သည် ဝင်ရောက်ကာ စွက်ဖက်မှုပြုနိုင်ခြင်း' ဟူသော ဖြစ်နိုင်ချေရှိသော အချက်များ မပေါ်ပေါက်လာစေရန် ဖြစ်ပေသည်။

فَاَوْحٰى اِلٰى عَبْدِهٖ مَا اَوْحٰى

(ထိုအခါ ထိုအသျှင်မြတ်သည် မိမိ မိုဟမ္မဒ်၏ ထံသို့၊ မိမိထုတ်ပြန်လိုသော 'ဝဟီ' ထုတ်ပြန်ချက်များကို ထုတ်ပြန်တော်မူခဲ့လေ၏။) /၅၃ : ၁၀ /

اَوْحٰى ရှိ ကတ္တားပြ နာမ်စားသည်လည်း အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ အညွှန်းပြု၏။ ငှင်းနောက်

عَبْدِهٖ (မိမိကျွန်) ရှိ နာမ်စားသည်လည်း အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ အညွှန်းပြု၏။ အဓိပ္ပာယ်မှာ ဤသို့ ဖြစ်မည်။ အလ္လာဟ်အသျှင်မြတ်သည် သစ္စာဝါဒီရှင် ဂျီဗ်ရာအီးလ် ﷵ ကို ပို့ချပေးသူအဖြစ်နှင့် တမန်တော် မြတ် ﷺ ၏ အနီးသို့ စေလွှတ်ကာ တမန်တော်မြတ် ﷺ ထံသို့ 'ဝဟီ' ဗျာဒိတ်တော်များ ပို့ချပေးခဲ့သည်။

အရဗီသဒ္ဒါပညာ ပိုင်းဆိုင်ရာ စာဒကတစ်ရပ်နှင့် ငှင်း၏အဖြေ

ဤနေရာတွင် အပေါ်ယံဝါဒီမျိုးဖြင့် ရှုမြင်ခြင်းအားဖြင့် အရဗီသဒ္ဒါပညာပိုင်းဆိုင်ရာ စာဒကတစ်ရပ်ကို သိမြင်ခံစား၍ ရရှိနိုင်ပေသည်။ အထက်၌ လာရှိထားသော အာယသ်တော်များတွင် အညွှန်းနာမ်စားများအားလုံးကို အများအကျယ်ဖွင့်ဆိုသော ပညာရှင်များနှင့် ဟဒီးစ်ပါမောက္ခများအားလုံးသည် ဟဇရသ်ဂျီဗ်ရာအီးလ် ﷵ ၏ဘက်သို့ ရည်ညွှန်းသည်ဟု အမိန့်ရှိထားကြပေသည်။

فَاسْتَوٰى မှစ၍ قَابَ قَوْسَيْنِ ထိတိုင် အညွှန်းနာမ်စားများအားလုံးသည် ဟဇရသ်ဂျီဗ်ရာအီးလ် ﷵ ၏ ဘက်သို့သာလျှင် ရည်ညွှန်း၍ နေပေသည်။ အရှေ့၌ လာရှိမည့် အာယသ်တော်များအတွင်း၌လည်း အများအကျယ်ဖွင့်ဆိုသော ပညာရှင်များအားလုံးက ဟဇရသ်ဂျီဗ်ရာအီးလ် ﷵ ဘက်သို့သာ ရည်ညွှန်းကြောင်းကို မိန့်ဆိုထားပေသည်။ သို့ရာတွင် (၅၃း၁၀) တွင် ရှိသော အာယသ်တော်၌ اَوْحٰى

နှင့် **عبد** အတွင်း၌ ရှိသော အညွှန်းနာမ်စားများသည် အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ ရည်ညွှန်းသည်ဟု ဆိုခြင်းသည် စာစဉ်စာသား ဝါကျဖွဲ့စည်းမှု၌ နေရာအထားအသို ကျနခြင်းနှင့် ဆန့်ကျင်ကာ အညွှန်းနာမ်စားများ ဟိုဟိုဒီဒီ ပြန့်နှံ့လျက်ရှိသည်ဟု သိရှိရပေသည်။ (၎င်းမှာ အရဗီသဒ္ဒါအရ မဖြစ်အပ်သော အရာပင်တည်း။)

ထိုစာဒကာ၏ အဖြေကို မောင်လာနာအန်ဝရ်ရှားဟ်ကရှ်မီရီး (ရဟ) သခင်ကြီးသည် ဤသို့ တင်ပြ ဖြေကြားထားပေသည်။ ဤနေရာ၌ မုက္ခပါဠ်တော်၏ စာသားများ၌ အထားအသို တစ်စုံတစ်ရာ အစီအစဉ် မကျနခြင်း မရှိသလို အညွှန်းနာမ်စားများ ပြန့်နှံ့ကွဲပြားနေခြင်းမျိုးလည်း မရှိပေ။ သို့သာမက အခြေခံဇစ်မြစ် အချက်မှာ ဤသို့ပင် ဖြစ်သည်။ စူရာဟ်နဂျမ်း၏ အစပိုင်းအာယသ်တော်အတွင်း၌

اِنْ هُوَا لَّا وَحْیٌ یُّوْحٰی

(ယင်းပြောဆိုချက်သည် အလ္လာဟ်အသျှင်မြတ်ထံတော်ပါးမှ ထုတ်ပြန်ခြင်း ခံရလေသော 'ဝဟီ' ထုတ်ပြန်ချက်သာလျှင် ဖြစ်ပေသည်။) *[၅၃ : ၄]*

ဟူသော အာယသ်တော်ကို မိန့်တော်မူကာ အစပျိုး တင်ပြတော်မူခဲ့သော အကြောင်းအရာသည် အလွန် သေသပ်ကျနမှု ရှိကြောင်းကို ဤသို့ တွေ့မြင်နိုင်ပေသည်။ 'ဝဟီ' ကို ထုတ်ပြန်ပေးတော်မူသောသူသည် အလ္လာဟ်အသျှင်မြတ်သာလျှင် ဖြစ်ကြောင်းမှာ ထင်ရှားလှပါ၏။ အလ္လာဟ်အသျှင်မြတ်မှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မျှ ထုတ်ပြန်ပေး တော်မူခြင်း မဟုတ်။ သို့ရာတွင် ထို 'ဝဟီ' ဗျာဒိတ်တော်ကို ပို့ချရာ၌ ကြားခံ စေတမန်သည် ဟဇရသ် ဂျိဗ်ရာအီးလ် ﷺ ဖြစ်ရာ အာယသ်တော်များအချို့တွင် ထိုကြားခံ အဆင့်အား အတည်ပြု ထောက်ခံပေးမှုကို ပြည့်ဝစွာ တင်ပြပြီးနောက် တစ်ဖန်

اَوْحٰۤى اِلٰى عَبْدِهٖ مَاۤ اَوْحٰى

(ထိုအခါ ထိုအသျှင်မြတ်သည် မိမိကျွန် မိုဟမ္မဒ် ﷺ ထံသို့ မိမိထုတ်ပြန်လိုသော 'ဝဟီ' ထုတ်ပြန်ချက်များကို ထုတ်ပြန်တော်မူခဲ့လေ၏။) *[၅၃ : ၁၀]*

ဟူ၍ မိန့်တော်မူလိုက်သည်။ သို့ရှိရာ ဤသည် အစပိုင်း မုက္ခပါဠ်တော်များအား ပြည့်ဝစွာ အဆုံးသတ်ပေးတော်မူလိုက်ခြင်းဖြစ်သည်။ ထိုအာယသ်တော်များအတွင်းဝယ် အညွှန်းနာမ်စားများ ပြန့်နှံ့လျက် ရှိနေသည်ဟု မဆိုနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် **اَوْحٰی** နှင့် **عَبْدِهٖ** ဟူသော စကားလုံးတော်များ၌ ပါရှိသည့် အညွှန်းနာမ်စာ များသည် 'အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ ရည်ညွှန်းခြင်းမှအပ အခြားမည်သူ၏ ဘက်သို့မှ မရည်ညွှန်းနိုင်သည့်အတွက်ကြောင့် ကနဦးမှပင် ၎င်း၏ ရည်ညွှန်းအရာမှာ သတ်သတ်မှတ်မှတ် ရှိထားပြီးဖြစ်၏။

مَاۤ اَوْحٰی (မိမိထုတ်ပြန်လိုသော 'ဝဟီ' ထုတ်ပြန်ချက်များကို) ဟူသော အာယသ်တော်အတွင်း၌ 'ဝဟီ' ထုတ်ပြန်ချက်များကို ပေါ်ပေါ်လွင်လွင် မတင်ပြထားဘဲ ခြုံငုံသည့်သဘော ဆောင်သည့် အကျဉ်းချုပ်

သဘောတရားအသွင်ဖြင့် ထားရှိကာ ယင်းသို့ ထုတ်ပြန် ပို့ချပေးခြင်းခံရသော အရာ၏ ကြီးကျယ်မြတ်ထွတ်ခြင်းဘက်သို့ ရည်ညွှန်းမိန့်ဆိုထားခြင်း ဖြစ်နိုင်ပေသည်။ ဆွဟီးဟ်ဘိုခါရီကျမ်း၏ **باب بدأ الوحى** ('ဝဟီ'ဗျာဒိတ်တော် စတင်ကျရောက်ခြင်းအခန်း) ၏ ဟဒီးစ်တော်မှ 'ထိုအချိန်၌ ထုတ်ပြန်ပို့ချခြင်း ခံရသော 'ဝဟီ'ဗျာဒိတ်တော်မှာ **سوره مدّثر** ၏ ကနဦးပိုင်း အာယသ်တော်များ' ဖြစ်ကြောင်းကို သိရှိရပေသည်။ (အလ္လာဟ်အသျှင်မြတ်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေသည်။)

ဤမျှ သေသပ်ကျန ကောင်းမွန်လှသော မုကဒ္ဒမာ ကုရ်အာန်ကျမ်းတော်မြတ်၏ မှန်ကန်ကြောင်းနှင့် အလ္လာဟ်အသျှင်မြတ်၏ တိကျမှန်ကန်သော မုကဒ္ဒမာဖြစ်ကြောင်းကို အတည်ပြု၍ ရရှိပေသည်။ 'ဟဒီးစ်ပါမောက္ခများသည် တမန်တော်မြတ် ﷺ ၏ ဟဒီးစ်တော်များ၏ ဆင့်ကဲဆင့်ပြန်မှု ကွင်းဆက်ဇယားကို မိမိမှသည် တမန်တော်မြတ် ﷺ ထိတိုင် ပြည့်ဝစွာ တင်ပြပေးထားကြသလို' ဤအာယသ်တော်များအတွင်း၌ အလ္လာဟ်အသျှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်၏ ဆင့်ကဲဆင့်ပြန်မှု ကွင်းဆက်ဇယားကို 'ဝဟီ'ဗျာဒိတ်တော် ထုတ်ပြန်ပို့ချ ပေးသနားတော်မူသော သူသည် အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် ဖြစ်ကြောင်း၊ သင်ကြားပို့ချစေခြင်း ခံရသူသည်၊ အလ္လာဟ်အသျှင်မြတ်နှင့် တမန်တော်မြတ် ﷺ ၏ကြား၌ စေတမန်အဖြစ် ဆက်သွယ်ပေးသည့် သူသည် ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام ဖြစ်ကြောင်း' ဟူသော အသွင်မျိုးဖြင့် တင်ပြထားပေသည်။ တင်ပြလျက်ရှိနေသော အာယသ်တော်များအတွင်း၌ ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام ၏ ကြီးကျယ်လှစွာ သော ဂုဏ်ရှိန်၊ ဂုဏ်ဝါရှိမှု၊ ခိုင်မာတောင့်တင်းသော အင်အားပိုင်ရှင်ဖြစ်ကြောင်းကို တင်ပြထားခြင်းသည် ပြောဆိုရမည်ဆိုသော် ထိုကြားခံဆင့်ကဲဆင့်ပြန်မှု၏ အခြေခံကွင်းဆက်ဇယား ခိုင်လုံတိကျမှု ရှိခြင်းကို တင်ပြနေခြင်းပင် ဖြစ်ပေသည်။

مَاكَذَبَ الْفُؤَادُمَارَاٰى

(ထိုအသင်တို့အဖော် တမန်တော်မြတ် ﷺ ၏ စိတ်နှလုံး သည် တွေ့မြင်ခဲ့သော အရာများနှင့် စပ်လျဉ်း၍ မှားယွင်းခြင်း မရှိခဲ့ချေ။) *[၅၃ : ၁၁]*

فُؤَاد ၏ အဓိပ္ပာယ်မှာ နှလုံးသားဖြစ်ပေသည်။ အာယသ်တော်၏ အလိုသဘောမှာ 'မျက်လုံးတော်မှ မြင်တွေ့ခဲ့ရသော အရာများကို နှလုံးသားမှ ခံစားသိမြင်ရာ၌ တစ်စုံတစ်ရာ မှားယွင်းမှုမရှိခဲ့ပေ' ဟူ၍ ဖြစ်သည်။ ထိုမှားယွင်းမှုကိုပင် အာယသ်တော်အတွင်း၌ **كذب** (လိမ်လည်မှုသား ပြောခြင်း) ဟူသော စကားလုံးဖြင့် သုံးနှုန်း တင်ပြပေးထားပေသည်။ 'မြင်တွေ့ခဲ့ရသော အရာများကို ခံစားသိမြင်ရာ၌ နှလုံးသားသည် မှားယွင်းမှုကို မပြောဆိုခဲ့ပေ။ (ဝါ) မှားယွင်းမှု မဖြစ်ရှိခဲ့ပေ'ဟူ၍ ဖြစ်၏။ **مَارَاٰى** ဟူသော စကားလုံးတော်များ၏ အဓိပ္ပာယ်မှာ 'တွေ့မြင်ခဲ့သော အရာများ'ဟူ၏။ ကုရ်အာန်ကျမ်းတော်မြတ်၏ စကားလုံးတော်များသည် အဘယ်အရာများကို တွေ့မြင်ကြောင်းဟူသော အချက်ကိုမူ မဖော်ပြ

ထားပေ။ ထိုအချက်အား အကျယ်ဖွင့်ဆိုရာ၌ ဆွဟာဗာသာဝကကြီးများ၊ သာဗေ့အီန်းများနှင့် အကျယ်ဖွင့်ဆိုသော အေမာမ်ကြီးများ၏ အဆိုနှစ်ရပ်သာလျှင် ရှိပေသည်။ အကြင်အဆိုနှစ်ရပ်ကို အထက်၌ ရှင်းလင်းစွာဖြင့် တင်ပြခဲ့ပေပြီ။ အချို့သော ပညာရှင်ကြီးများထံတွင် 'အလ္လာဟ်အသျှင်မြတ် ကိုယ်တော်တိုင်ကို မြင်တွေ့ရခြင်း' ဟူသော အလိုသဘောကို ကောက်ယူကြပေသည်။ (ထိုအဆိုသည် အိဗ်နေအဗ္ဗားစ် ﵁ သခင်ကြီး၏ အဆိုဖြစ်ပေသည်။) အချို့သော ပညာရှင်ကြီးများထံတွင် သစ္စာရှင် ဟဇရသ်ဂျိဗ်ရာအီးလ် ﵇ အား ၎င်း၏ မူလရုပ်အသွင်ဖြင့် တွေ့မြင်ခြင်းဟူသော အလိုသဘောကို ကောက်ယူထားပေသည်။ (ထိုအဆိုသည် ဟဇရသ်အာအေရှာဟ် ﵁ သခင်မ၊ အိဗ်နေမတ်စ်အူဒ် ﵁ သခင်၊ အဗူဟုရိုင်ရာဟ် ﵁ သခင်၊ အဗူဇရ်ဂေဖာရီ ﵁ သခင် စသော သူတို့၏ အဆို ဖြစ်ပေသည်။) ယင်းအကျယ်ဖွင့်ဆိုချက်နှင့်အညီ رَاٰی (မြင်တွေ့ခဲ့သည်) ဟူသော စကားလုံးသည် မိမိ၏ မူရင်းအဓိပ္ပာယ်နှင့်အညီ မျက်လုံးဖြင့် မြင်တွေ့ခြင်းအတွက် ခေါ်ဝေါ်သုံးနှုန်းထားခြင်း ဖြစ်ပေသည်။ မြင်တွေ့ပြီးနောက် ခံစားသိမြင်ခြင်း၏ အလုပ်သည် နှလုံးသား၏ အလုပ်ဖြစ်သောကြောင့် ထိုအလုပ်ကို နှလုံးသားဘက်သို့သာ ဆက်နွယ်ပြောဆိုရပေမည်။ တွေ့မြင်ခြင်းကို သွယ်ဝိုက်သောနည်းဖြင့် 'နှလုံးသားဖြင့် တွေ့မြင်ခြင်း' ဟူ၍ သတ်မှတ်ရန်အတွက် မလိုအပ်တော့ပေ။ (ဤအတိုင်း အေမာမ်ကုရ်သုဗီ (ရဟ) သခင်ကြီးသည် တင်ပြရေးသားခဲ့ပေသည်။)

အာယသ်တော်အတွင်း၌ ခံစားသိမြင်ခြင်းကို နှလုံးသားဘက်သို့ ဆက်နွယ်ကာ အမိန့်ရှိထားပေသည်။ သို့သော် ထင်ရှားသော နက်နက်နဲနဲ စူးစမ်းလေ့လာ သုတေသန ပညာရှင်များက 'ခံစားသိမြင်ခြင်း၏ ပတ်သက်မှုသည် ဦးနှောက်အသိ၊ (သို့မဟုတ်) **نفس ناطقه** (သို့မဟုတ်) နားလည်သိရှိနိုင်သော သန္တေတစ်ခုနှင့်သာ သက်ဆိုင်ပေသည်' ဟူသော စာဒကတစ်ရပ်သည် ကျန်နေပြန်ပေသည်။ ယင်းအချက်နှင့် စပ်လျဉ်းသော အဖြေမှာ ဤသို့တည်း။ ကုရ်အာန်ကျမ်းတော်မြတ်၏ များစွာသော အာယသ်တော်များမှ 'ခံစားသိမြင်နိုင်ခြင်း၏ အဓိကကျသော မူရင်းဌာနချုပ်မှာ နှလုံးသား' ဖြစ်ကြောင်းကို သိရှိရပေသည်။ ထို့ကြောင့် တစ်ခါတစ်ရံ ဦးနှောက်အသိဉာဏ်ကိုလည်း **قلب** နှလုံးသားဟူသော စကားလုံးတို့ဖြင့် သုံးနှုန်းထားတတ်လေ့ ရှိကြပေသည်။ ဥပမာ-

لِمَنْ كَانَ لَهٗ قَلْبٌ (နားလည်တတ်သည့် စိတ်နှလုံးသားရှိသော သူတို့အဖို့) [၅၀ : ၃၇]

ဟူသော အာယသ်တော်၌ **قلب** ၏ အလိုသဘောကို 'ဦးနှောက်အသိဉာဏ်' ဟူ၍ ကောက်ယူထားကြပေသည်။ အဘယ်ကြောင့်ဆိုသော် နှလုံးသားသည် ဦးနှောက်အသိဉာဏ်၏ တည်ရာဌာနဖြစ်၍တည်း။ ကုရ်အာန်ကျမ်းလာ အာယသ်တော်များဖြစ်သည့်

لَهُمْ قُلُوْبٌ لَّا يَفْقَهُوْنَ

(သို့ရာတွင် ယင်းစိတ်နှလုံးသားများဖြင့် ထိုသူတို့သည် စဉ်းစားဆင်ခြင် နားလည်ကြခြင်း မရှိကြပေ။) [၇ : ၁၇၉]

အစရှိသော အာယသ်တော်များသည် ယင်းအချက်အပေါ် သက်သေသာဓကပြလျက် ရှိနေပေသည်။

وَلَقَدْرَاٰهُ نَزْ لَةً اُخْرٰى عِنْدَ سِدْرَةِ الْمُنْتَهٰى

(ထို့ပြင် ၄င်းအဖော် မိုဟမ္မဒ် ﷺ သည် ယင်းကောင်းကင်တမန်အား ဒုတိယအကြိမ် ဆင်းသက်ရာ၌ မုချဧကန် တွေ့မြင်ခဲ့၏။) နယ်စွန်နယ်ဖျား၌ ရှိသော ဆီးပင် 'စစ်ဒ်ရသုလ်မွန်သဟာ' ၏ အနီးတွင် တွေ့မြင်ခဲ့၏။) *[၅၃ : ၁၂-၁၃]*

ဤနေရာ၌လည်း **رَاٰهُ** ၌ ပါရှိသော အညွှန်းနာမ်စား၏ အညွှန်းသည် 'အလ္လာဟ်အသျှင်မြတ်' ဖြစ်ပါ၏။ (သို့မဟုတ်) 'ဟဇရသ်ဂျီဗ်ရာအီးလ် ﷺ ဖြစ်ပါ၏' ဟူ၍ အဆိုနှစ်ရပ် ရှိပေသည်။

نَزْ لَةً اُخْرٰى ၏ အဓိပ္ပာယ်သည် 'ဒုတိယအကြိမ် ဆင်းသက်ခြင်း' ဖြစ်ပေသည်။ အသာပေးခြင်းခံရသော အကျယ်ဖွင့်ဆိုချက်နှင့်အညီ ဤသို့ ဆင်းသက်ခြင်းတွင်လည်း ဟဇရသ်ဂျီဗ်ရာအီးလ် ﷺ သည်သာလျှင် ဖြစ်ပေသည်။ ပမာဆိုရသော် ပထမအကြိမ် တွေ့မြင်ခဲ့ခြင်း၏ နေရာကို ကုရ်အာန်ကျမ်းတော်မြတ်သည် ဤကမ္ဘာလောကအတွင်းရှိ မက္ကာဟ်ရွှေမြို့တော်၏ အထက်မိုးကုတ်စက်ဝိုင်းဟု ပြဆိုထားပေသည်။ ဤကဲ့သို့ပင် ဤဒုတိယအကြိမ် တွေ့မြင်ခြင်း၏ နေရာကို သတ္တမမြောက် မိုးကောင်းကင်ရှိ 'စစ်ဒ်ရသုလ်မွန်သဟာ' ဆီးပင်ဟူသော နေရာဟု ပြဆိုထားပေသည်။ သတ္တမမြောက် မိုးကောင်းကင်အပေါ် တမန်တော်မြတ် ﷺ သည် ကောင်းကင်ခရီးသို့ ကြွမြန်းသွားသော ညဉ့်၌ ကြွမြန်းတော်မူခဲ့ကြောင်းမှာ ထင်ရှားလှပေသည်။ ထိုအချက်မှ ဒုတိယမြင်တွေ့ရသည့် အချိန်ကိုလည်း ကွင်းဆက်တစ်ဆက်တည်းအဖြစ် အတည်ပြုပြီးသား ဖြစ်သွားပေသည်။

سِدْرَةٌ သည် အဘိဓါန်၌ 'ဆီးပင်' ကို ခေါ်ဆိုပေသည်။

مُنْتَهٰى ၏ အဓိပ္ပာယ်မှာ 'အဆုံးစွန်သော နေရာ' ကို ခေါ်ဆိုပေသည်။ သတ္တမမြောက် မိုးကောင်းကင်အပေါ် အနန္တကရုဏာတော်ရှင်၏ 'အရ်ရှ်' ပလ္လင်တော်၏ အောက်၌ ဤဆီးပင်သည် တည်ရှိပေသည်။ မွတ်စ္စလင်မ်ကျမ်း၏ ဆင့်ပြန်ချက်၌ ထိုအပင်ကို ဆဋ္ဌမမြောက် မိုးကောင်းကင်၌ တည်ရှိကြောင်းကို ပြဆိုထားပေသည်။ ထိုဆင့်ပြန်ချက်နှစ်ရပ်စလုံးအား ညှိနှိုင်းစိတ်ဖြာပေးမှုကို ဤသို့ အောက်ဖော်ပြပါအတိုင်း ကောက်ချက်ချ၍ ရရှိနိုင်ပေသည်။ ထိုအပင်၏ အမြစ်သည် ဆဋ္ဌမမြောက်မိုးကောင်းကင်ပေါ်၌ ရှိ၍ အခက်အလက်များသည် သတ္တမမြောက် မိုးကောင်းကင်၌ ဖြာထွက်လျက် ရှိနေပေသည်။ *[ကုရ်သုဗီး]*

ဤသည် ကောင်းကင်တမန်တော်များ၏ ရောက်ရှိနိုင်မှု နောက်ဆုံးနေရာပင် ဖြစ်ပေသည်။ ထို့ကြောင့် ၄င်းနေရာကို **مُنْتَهٰى** (အဆုံးစွန်ဆုံးသော နေရာ) ဟူ၍ ခေါ်ဆိုထားခြင်း ဖြစ်ပေသည်။ အချို့သော ဆင့်ပြန်ချက်များအတွင်း၌ လာရှိထားပေသည်။ အလ္လာဟ်အသျှင်မြတ်၏ ပညတ်ချက်တော်များသည် ဦးစွာ

ပထမ အနန္တကရုဏာတော်ရှင်၏ 'အရ်ရှ်'ပလ္လင်တော်မှ 'စိဒ်ရသုလ်မွန်သဟာ'အပေါ်သို့ ကျရောက်လာပေသည်။ ဤနေရာမှ သက်ဆိုင်ရာ ကောင်းကင်တမန်တော်များထံ အပ်နှင်းပေးလိုက်ပေသည်။ မြေပထဝီမှ မိုးကောင်းကင်အပေါ်သို့ တက်သွားသော ကောင်းမှုမှတ်တမ်းများ အစရှိသော အရာများ သယ်ဆောင်ပေးသည့် ကောင်းကင်တမန်တော်များသည်လည်း ဤနေရာထိတိုင်သာ ဝင်ရောက်ခစားနိုင်ကြပေသည်။ ထိုနေရာမှ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးသို့ ရောက်ရှိရန်သည် အခြားသော ပုံစံတစ်မျိုးဖြင့် ဖြစ်ရှိပေမည်။ မွတ်စ်နဒ်အဟ်မဒ်ကျမ်း၌ ဤအကြောင်းအရာသည် ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န် မတ်စ်အူးဒ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက်အဖြစ် လာရှိထားပေသည်။ *[အိဗ်နေကစီးရ်]*

عِنْدَ هَا جَنَّةُ الْمَأْوٰى

(ယင်း'စိဒ်ရသုလ်မွန်သဟာ'ဆီးပင်၏ အနီး၌ပင် 'ဂျန္နသ်သုလ်မအ်ဝါး'သုခဘုံရှိ၏။) *[၅၃ : ၁၅]*

مَأْوٰى 'မအ်ဝါး'၏ အဓိပ္ပာယ်သည် နေရာထိုင်ခင်း၊ အနားယူရမည့်နေရာ ဖြစ်ပေသည်။ 'ဂျန္နသ်'ကို **مَأْوٰى** 'မအ်ဝါး'ဟူ၍ ခေါ်ဆိုရကြောင်းမှာ လူသားတို့၏ မူရင်းဌာနေသည် ဤ 'ဂျန္နသ်'သည်သာလျှင် ဖြစ်ပေသည်။ ဤနေရာဌာနေလောက၌မှာပင် ဟဇရသ်အာဒမ် ﷺ နှင့် ဟောင်ဝါသခင်မကြီးတို့အား ဖန်ဆင်းတော်မူခဲ့ပေသည်။ ဤနေရာလောကမှပင် ၎င်းတို့အား မြေပထဝီပေါ်သို့ ဆင်းသက်စေတော်မူ၍ တစ်ဖန် ဤလောကသည်သာလျှင် 'ဂျန္နသ်'သူ၊ 'ဂျန္နသ်'သားတို့၏ နေရာဌာနပင် ဖြစ်ပေမည်။

'ဂျန္နသ်' (သုခဘုံ) နှင့် 'ဂျဟန္နမ်' (ငရဲဘုံ) ၏ လက်ရှိနေရာ

ဤအာယသ်တော်သည် 'ဂျန္နသ်' သည် လက်ရှိအချိန်၌ တည်ရှိနေကြောင်း' ကိုလည်း ညွှန်ပြထားပေသည်။ အများ အာလင်မ်သာသနာ့ပညာရှင်ကြီးများ တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ချက်ချထားသော ယုံကြည်ချက်မူဝါဒသည်လည်း ဤသည်သာလျှင် ဖြစ်ပေသည်။ ထိုခံယူချက်ပိုင်းဆိုင်ရာ မူဝါဒမှာ 'ဂျန္နသ်' (သုခဘုံ) နှင့် 'ဂျဟန္နမ်' (ငရဲဘုံ) မှာ 'ကေယာမသ်'နေ့၏ နောက်၌ ဖန်ဆင်းတော်မူမည် မဟုတ်ပေ။ ဤနေရာနှစ်ခုစလုံးသည် လက်ရှိအချိန့်၌လည်း တည်ရှိနေပေသည်ဟူ၍ ဖြစ်သည်။ ဤအာယသ်တော်မြတ်သည် 'ဂျန္နသ်'၏ နေရာဌာနကို 'သတ္တမမြောက် မိုးကောင်းကင်အပေါ် အနန္တကရုဏာတော်ရှင်၏ 'အရ်ရှ်'တော်၏ အောက်၌ တည်ရှိကြောင်း' ကို ညွှန်ပြထားပေသည်။ ပြောဆိုရမည်ဆိုသော် သတ္တမမြောက် မိုးကောင်းကင်သည် 'ဂျန္နသ်' ၏ မြေမျက်နှာပြင်ဖြစ်ပြီး အနန္တကရုဏာတော်ရှင်၏ 'အရ်ရှ်'တော်သည် ထို 'ဂျန္နသ်'၏ အမိုးဖြစ်ပေသည်။ 'ဂျဟန္နမ်' ၏ တည်နေရာဌာနကို ကုရ်အာန်ကျမ်းတော်မြတ်၏ မည်သည့်အာယသ်တော် တစ်ပါးပါးမျှ၌သော်လည်းကောင်း၊ (သို့မဟုတ်) ဟဒီးစ်တော်၏ မည်သည့်ဆင့်ပြန်ချက် တစ်ရပ်ရပ်၌မှာသော်လည်းကောင်း ရှင်းလင်းစွာဖြင့် မတင်ပြထားပေ။ 'စူရာဟ်သူးရ်'၏ အာယသ်တော်ဖြစ်သော

وَالْبَحْرِ الْمَسْجُوْرِ

(ထို့ပြင် ငါအသျှင်မြတ်သည် လှိုင်းထ၊ လျှံတက်လျက်ရှိသော သမုဒ္ဒရာ၊ ပင်လယ်ကို သက်သေထူတော်မူ၏။) [၅၂ : ၆]

နက်ရှိုင်းသော မြေကြီးအတွင်း၌ရှိကြောင်း၊ လက်ရှိအချိန်၌ ၎င်းအပေါ် အလွန်အမင်း မာကျောလေးလံသော အဖုံးဖြင့် ဖုံးအုပ်၊ ဖုံးဖိထားခြင်းဖြစ်ခြင်းအကြောင်း၊ ယင်းအဖုံးသည် 'ကေယာမသ်'နေ့၌ ပေါက်ကွဲသွားမည်။ ထို့နောက် ၎င်း 'ဂျဟန္နမ်'၏ မီးသည် ပြန့်နှံ့ကာ ပင်လယ်သမုဒ္ဒရာ တစ်ခုလုံးကို မီးအဖြစ် ပြောင်းလွဲပေးလိုက်မည် ဖြစ်ကြောင်း' ဟူသော အလိုသဘောကို ကောက်နုတ်တင်ပြခဲ့ကြပေသည်။

မျက်မှောက်ခေတ်ရှိ များစွာသော ဥရောပတိုက်သား သိပ္ပံပညာရှင်တို့သည် ကမ္ဘာမြေကြီးကို ထိုးဖောက်ကာ တစ်ဘက်မှ နောက်တစ်ဘက်သို့ ဖောက်ထွက်နိုင်မည့်လမ်းကို ဖောက်လုပ်ရန် နှစ်အတန်ကြာကပင် စွမ်းစွမ်းတမံ ကြိုးပမ်းလျက် ရှိနေပေသည်။ ထိုကိစ္စရပ်ကို အကောင်အထည်ဖော်ရန်အတွက် အလွန်ကြီးမားသော စက်ယန္တရားများကို တီထွင်ခဲ့ကြပေသည်။ အဖွဲ့အစည်းအမျိုးမျိုးမှ ထိုကိစ္စရပ် အောင်မြင်ရန်အတွက် ကြိုးပမ်းအားထုတ်မှုကို အစွမ်းကုန် မြှင့်တင်ကြိုးပမ်းခဲ့ကြပေသည်။ သို့ရာတွင် (၆) မိုင်လောက်အထိသာ ဖောက်လုပ်ရောက်ရှိနိုင်ခဲ့ကြပေသည်။ ၎င်း (၆) မိုင်အနက်ကို ကျော်လွန်သည့်အခါ အလွန်အမင်း မာကျောလှသော ကျောက်သားပြင်သည် ၎င်းတို့အား လက်နက်ချစေခဲ့သည်။ တစ်ဖန်နောက်တစ်နေရာမှ တူးဖော်ခဲ့ကြ ပြန်သည်။ သို့သော် ထိုနေရာ၌လည်း (၆) မိုင် အတိုင်းအတာမျှ အနက်ကို ကျော်လွန်သည့်အခါ အလွန်အမင်း မာကျောသော ကျောက်သားပြင်ကို ထပ်မံ တွေ့ရှိခဲ့ရပြန်သည်။ နေရာများစွာတို့၌ ကြိုးစားစမ်းသပ် ခဲ့ပြီးနောက် ၎င်းတို့သည် (၆) မိုင်အနက်ထက် ကျော်လွန်ပြီးနောက် ကျောက်သားပြင်တစ်ခုသည် ကမ္ဘာမြေ မျက်နှာပြင်တစ်ခုလုံးအပေါ်၌ ဖုံးအုပ်လျက်ရှိနေသည်။ ၎င်းကျောက်သားပြင်အား မည်သည့်စက်ကိရိယာ များဖြင့်လည်း ဖောက်ခွဲနိုင်အောင် စွမ်းဆောင်နိုင်ချေမရှိဟူ၍ မိမိတို့၏ သုတေသနပြုချက်ကို အဆုံးသတ် တင်ပြခဲ့ကြသည်။

မြေကြောသည် မိုင်ပေါင်းထောင်ပေါင်းများစွာအထက် ရှိပေသည်။ ထိုထောင်ပေါင်းများစွာသော မိုင်များထဲမှ ယခုလို တိုးတက်နေသော သိပ္ပံခေတ်၏ သိပ္ပံပညာရပ်သည် (၆) မိုင်ထိမျှအတွက်သာလျှင် အောင်မြင်နိုင်ခဲ့သည်။ ၎င်းကို ကျော်လွန်လျှင် ကျောက်ဖုံး၊ ကျောက်သားပြင် ရှိသည်' ဟူ၍ ဝန်ခံသွားကြကာ မိမိတို့၏ ကြိုးပမ်းမှုကို စွန့်လွှတ်လိုက်ကြပေသည်။ ဤအထက်တင်ပြပါ အမှုကိစ္စဖြစ်အင်မှ 'ကမ္ဘာမြေပထဝီဝင် တစ်ခုလုံးသည် ကျောက်ဖုံးအကာကြီးဖြင့် ပိတ်ထားသည်' ဟူသော အချက်အပေါ် အထောက်အကူဖြစ်စေသည့် အချက်တစ်ရပ်ကို ရရှိလိုက်ပေသည်။ အကယ်၍ မှန်ကန်သော ဆင့်ပြန်ချက်တစ်ရပ်ကြောင့် 'ဂျဟန္နမ်'၏ တည်နေရာဌာနကို ကျောက်သားဖုံးကြီး၏ အတွင်း၌ တည်ရှိကြောင်း အတည်ပြု၍ ရရှိသည်ဆိုလျှင်လည်း ဤသည် တစ်စုံတစ်ရာ ခဲယဉ်းဝေးလံလှစွာသော အချက်မဟုတ်ပေ။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူ၏။)

اِذْ يَغْشَى السِّدْرَةَ مَا يَغْشَى

(အကြင်အခါဝယ် ဆီးပင်ကို ဖုံးလွှမ်းလျက်ရှိသော အရာများသည် ဖုံးလွှမ်းလျက် ရှိ၏။)

[၅၃ : ၁၆]

ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်း၌ ဟဇရတ်အဗ်ဒုလ္လာဟ်ဗင်နမတ်စ်အူးဒ် ﷺ သခင်ကြီးထံမှ ဤဆင့် ပြန်ချက် လာရှိထားသည်။ 'ထိုအချိန် 'စစ်ဒ်ရသုလ်မွန်သဟာ' (အဆုံးစွန် ဆီးပင်) အပေါ်၌ ရွှေပိုးဖလံ ကောင်များသည် အဘက်ဘက်မှ ကျရောက်လျက်ရှိ၍ နေပေသည်။ ထိုနေ့တွင် 'စစ်ဒ်ရသုလ်မွန်သဟာ' ကို သီးသန့်အသွင်မျိုးဖြင့် ပြင်ဆင်ခြယ်သထားခြင်း ဖြစ်သည်ဟူ၍ မှတ်ယူနိုင်ပေသည်။ အကြင်ကဲ့သို့ ခြယ်လှယ်မွမ်းမံပေးခြင်းသည် လာရောက်မည့် ဧည့်သည်တော်ဖြစ်သော တမန်တော်မြတ် ﷺ အား ဂုဏ် ပေးလေးစားခြင်းပင် ဖြစ်ပေသည်။

مَازَاغَ الْبَصَرُ وَمَاطَغَى

(ထိုအဖော်မိုဟမ္မဒ် ﷺ ၏ မျက်စိသည် လွဲချော်ခဲ့သည်လည်း မရှိချေ။ ကျော်လွန်သွားခဲ့သည်လည်း မရှိချေ။)

[၅၃ : ၁၇]

زَاغَ သည် زَيْغٌ ဟူသော စကားလုံးမှ ဆင်းသက်လာခြင်း ဖြစ်ပေသည်။ 'ကောက်ခြင်း၊ လမ်းမှဲခြင်း'ဟူ၍ အဓိပ္ပာယ်ရရှိ၏။ طَغٰى ဟူသော စကားလုံးသည် طُغْيَانٌ ဟူသော စကားလုံးမှ ဆင်းသက်လာခြင်း ဖြစ်ပေသည်။ အဓိပ္ပာယ်မှာ 'အတိုင်းထက်အလွန် ဖြစ်ခြင်း'ဟူ၍ ရ၏။ ထိုစကားလုံး နှစ်လုံးအား တင်ပြထားရခြင်း၏ အလိုသဘောမှာ 'တမန်တော်မြတ် ﷺ သည် မိမိမြင်တွေ့ရသော အရာ များကို မြင်တွေ့ခဲ့ရခြင်းနှင့် စပ်လျဉ်း၍ မှားယွင်းမှုတစ်စုံတစ်ရာမျှ မရှိခဲ့ပေ။ ဤသည် ယခု အောက်၌ ဖော်ပြမည့် ဓာဒကာ၏ အဖြေလည်း ဖြစ်ပေသည်။ ဓာဒကမှာ အချို့သော အချိန်အခါမျိုး၌ လူသားတို့၏ ရှုမြင်မှုသည် မှားယွင်းသွားတတ်ပေသည်။ အထူးသဖြင့် သာမန်မဟုတ်သော ထူးဆန်းအံ့ဖွယ်အရာများကို မြင်တွေ့ရချိန်၌ ဖြစ်တတ်ပေသည်ဟူ၏။ ထိုဓာဒကအား တုန့်ပြန် ဖြေကြားရာ၌ ကုရ်အာန်ကျမ်းတော် မြတ်သည် စကားလုံးနှစ်လုံးကို အသုံးပြုထားပေသည်။ အဘယ်ကြောင့်ဆိုသော် ရှုမြင်မှု မှားယွင်းခြင်း သည် အချက်နှစ်ရပ်ကြောင့် ဖြစ်တတ်ပေသည်။ အချက်တစ်ရပ်မှာ 'မိမိကြည့်ရှုလိုသော အရာကို မကြည့်ရှု မိဘဲ အခြားအရာတစ်ခုဘက်သို့ အရှုသည် ကျရောက်သွားခြင်းကြောင့် ဖြစ်မည်။

زَاغَ ဟူသော စကားလုံးသည် ထိုအမျိုးအစား မှားယွင်းခြင်းမျိုးကို ငြင်းဆိုထားပေသည်။ အကြောင်း မှာ တမန်တော်မြတ် ﷺ ၏ အရှုတော်သည် အခြားတစ်ခုခုအပေါ်သို့ ကျရောက်ခဲ့ခြင်းမရှိ။ မိမိကြည့်ရှု လိုသည့်အရာအပေါ် တိကျမှန်ကန်စွာ တိုက်ရိုက်ကျရောက်ခဲ့၍ ဖြစ်ပေသည်။' အရှုမှားယွင်းရခြင်း၏ ဒုတိယ အကြောင်းမှာ ဤသို့လည်း ဖြစ်နိုင်ပေသည်။ မိမိအဓိက ကြည့်ရှုလိုသော အရာနှင့်အတူ ဤဘက်၊ ထိုဘက်ရှိ အရာများကိုပါ ကြည့်ရှုမိသွား၍ ဖြစ်ပေမည်။ ယင်းသို့ ကြည့်ရှုလိုက်မိခြင်းသည်လည်း အချို့သော အချိန်

အခါမျိုးတွင် ရောထွေး၊ ယိုမှားဖြစ်သွားနိုင်ခြင်းကို စိုးရိမ်ရ၏။ ထိုကဲ့သို့သော အမျိုးအစား မှားယွင်းမှုမျိုးကို ဝေးကွာ ပပျောက်စေရန်အတွက် وَمَا طَغٰى ဟူ၍ မိန့်တော်မူထားပေသည်။

လွန်လေပြီးသော အာယသ်တော်များ၏ အဖွင့်သဘောကို အကျယ်ဖွင့်တင်ပြရာ၌ ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام နှင့် စပ်လျဉ်း၍ ဖြစ်သည်ဟု မိန့်ကြားတင်ပြခဲ့သော အဖွင့်ပညာရှင် အာလင်မ်ပညာရှင်ကြီးများသည် ဤအာယသ်တော်၌လည်း 'ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام ကို ကြည့်ရှုရာ၌ မျက်စိသည် တစ်စုံတစ်ရာ မှားယွင်းခဲ့ခြင်း မရှိ' ဟူသော အလိုသဘောမျိုးကိုသာလျှင် ထုတ်နုတ် တင်ပြပေးခဲ့ပေသည်။ ထိုအချက်အား အလေးထား တင်ပြခြင်းသည် 'ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام သည် 'ဝဟီ'ဗျာဒိတ်တော် ထုတ်ပြန်ပို့ချပေးရာ၌ ကြားခံဖြစ်ပေသည်။ အကယ်၍ တမန်တော်မြတ် ﷺ သည် ၎င်းအား ကောင်းစွာ မရှုမြင်၊ မမှတ်မိပါက 'ဝဟီ'ဗျာဒိတ်တော်သည် သံသယ၊ ဒွိဟ ရှိနေနိုင်ခြင်းမှ ကင်းလွတ်နေမည်မဟုတ်ကြောင်း' ဟူသော စောဒကသံသယ ရှိနေခြင်းကြောင့် ဖြစ်ပေသည်။

လွန်လေပြီးသော အာယသ်တော်များ၏ အကျယ်ဖွင့်တင်ပြရာ၌ အလ္လာဟ်အသျှင်မြတ်အား ဖူးမျှော်တွေ့မြင်ခြင်းပင် ဖြစ်သည်' ဟူ၍ အလိုသဘောကို ကောက်ယူခဲ့ကြသော ပညာရှင်ကြီးများက ဤနေရာ၌ 'အလ္လာဟ်အသျှင်မြတ်အား ဖူးတွေ့ရာ၌ တမန်တော်မြတ် ﷺ ၏ အရှုတော်သည် တစ်စုံတစ်ရာ မှားယွင်းခြင်းမရှိဘဲ သို့သာမက မှန်ကန်စွာ မြင်တွေ့ခဲ့ပေသည်' ဟူ၍ တင်ပြမိန့်ကြားခဲ့ပေသည်။ သို့သာမက ဤအာယသ်တော်သည် ယင်းအချက်ကို 'ဤသို့ ဖူးမျှော်လိုက်ရခြင်းသည် မျက်စိတို့နှင့် ဖြစ်ပြီး နှလုံးသားအမြင်မျိုး မဟုတ်ကြောင်း' ကို ပိုမို ပေါ်လွင် ထင်ရှားစေခဲ့ပေသည်။

တင်ပြလျက်ရှိနေသော အာယသ်တော်များကို အကျယ်ဖွင့်ဆိုရာ၌ အကျိုးရှိသော သုတေသနတစ်ရပ်

နှောင်းပိုင်းခေတ်ရှိ ဟဒီးစ်ပါမောက္ခတစ်ဦးဖြစ်သော မောင်လာနာအန်ဝရ်ရှားဟ်ကရှ်မီးရီး (ရဟ) သခင်ကြီးသည် ဤခေတ်အခါ၌ 'အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော် သက်သေလက္ခဏာတစ်ရပ်နှင့် ကမ္ဘာမြေပထဝီပေါ်ရှိ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ အထောက်အထားဖြစ်ပေသည်။ ၎င်း၏ 'အိလ်မ်' (အသိပညာရပ်) များသည် ဟဒးစ်ပညာရပ်တွင် မုချ ဟာဖိဇ်အိဗ်နေဟာဂျရ် (ရဟ) နှင့် အလ္လာဟ်မဟ်ဇဟ်ဗီး (ရဟ) တို့၏ ဟဒီးစ်တော်ပညာ ရပ်များတွင် နမူနာအဖြစ် ပြရပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ ခက်ခဲနက်နဲချက်များအပေါ် ၎င်း၏ သီးသန့်စာအုပ်တစ်အုပ်သည် အလွန်လေးနက်သော 'အိလ်မ်' (အသိပညာများ) ဘဏ္ဍာတော်တိုက်ပင် ဖြစ်သည်။ စူရာဟ်နဂျမ်း၏ အာယသ်တော်များနှင့် စပ်လျဉ်း၍ ဆွဟာဗာကြီးများနှင့် သာဗေအီးန်သခင်ကြီးများမှ စ၍ ထိုးထွင်းကြံဆမှုဉာဏ်ဖြင့် ကောက်နုတ်ချက် တင်ပြပေးထားသော အေမာမ်ကြီးများ၊ ဟဒီးစ်ပါမောက္ခများနှင့် အကျယ်ဖွင့်ဆိုသော ပညာရှင်ကြီးများ၏ အဆိုအမျိုးမျိုး ရှိပေသည်။ ထိုသို့ ကောက်နုတ်တင်ပြထားရာ၌လည်း 'အိလ်မ်' (အသိပညာ) ရေးရာဆိုင်ရာ

စာဒကတက်လာသည့် အချက်များသည်လည်း ထင်ရှားကျော်ကြားလှပေသည်။ မုရှ်ကေလာသုလ်ကုရ်အာန်' အမည်ရှိသော စာအုပ်၌ သခင်ကြီးသည် ထိုအာယသ်တော်များ၏ အကျယ်ဖွင့်ဆိုချက်ကို 'များစွာသော ဆင့်ပြန်ချက်များအား ညှိယူ၍ ရနိုင်လောက်သည့်' ပုံစံမျိုးဖြင့် ရေးသားတင်ပြပေးထားပေသည်။

တစ်ဖန် ကျွန်ုပ်၏ ဆရာတစ်ပါးဖြစ်သော ဟဇရသ်မောင်လာနာရှဗ်ဗီးရ်အဟ်မဒ်အွတ်စ်မာနီး (ရဟ) သခင်ကြီးသည် မွတ်စ္စလင်မ်ကျမ်း၏ အကျယ်ဖွင့်ကျမ်းဖြစ်သည့် 'ဖသ်ဟုလ်မုလ်ဟင်မ်' ကျမ်းကို ရေးသားထားပေသည်။ 'ကအ်ဗာဟ်' ကျောင်းတော်မှ 'ဗိုင်ရ်သုလ်မုကဒ်ဒစ်' ကျောင်းတော်အထိ ခရီးနှင့် ၄င်းမှ တစ်ဆင့် ကောင်းကင်ဘုံနန်းခရီးကို ကြွမြန်းသွားခြင်း ကဏ္ဍာရပ်ကို တင်ပြရာ၌ စူရာဟ်နဂျမ်း၏ ဤအထက် တင်ပြပါ အာယသ်တော်များအား အကိုးအကားဖြင့် တင်ပြထားပေသည်။ ဤမြွသတ်အရေးကြီးမှု၊ နက်နဲမှုကို ထောက်ရှု၍၊ ထိုအာယသ်တော်များ၏ အကျယ်ဖွင့်ဆိုချက်ကို ကိုယ်တိုင်ကိုယ်ကျ ဟဇရသ်မောင်လာနာ အန်ဝရ်ရှားဟ် (ရဟ) ဆွာဟိဗ်မှ မိမိလက်ရေးကလောင်ဖြင့် ရေးသားပေးပါရန် ပန်ကြားခဲ့ပြီး ယင်းရေးသားချက်များကို မိမိ၏ စာအုပ်ဖြစ်သော ဖသ်ဟုလ်မုလ်ဟင်မ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပြုလုပ်ထုတ်ဝေခဲ့သည်။ ၄င်းနောက် ကိုယ်တိုင် ရေးသားထားသော စာအုပ်တစ်အုပ်ဖြစ်သည့် ဖဝါအိဒုလ်ကုရ်အာန်ကျမ်း၌လည်း ထိုအချက်ကိုပင် ကောက်နုတ်ရွေးချယ် တင်ပြပေးထားပေသည်။

ဤသို့ဖြင့် ဤသုတေသနပြု ချက်သည် ကျွန်ုပ်၏ ဆရာသခင်နှစ်ပါး၏ နှစ်ဦးသဘောတူ ညီညွတ်စွာဖြင့် သုတေသနပြုထားပြီးဖြစ်သော အချက်ဖြစ်သွားပေသည်။ ထိုလေ့လာတွေ့ရှိချက်များအား မကြည့်ရှုမီအလျှင် (အာလင်မ်) သာသနာ့ပညာရှင်များနှင့် အေမာမ်ကြီးများထံ၌ အနီးစပ်ဆုံးအားဖြင့် လက်ခံထားပြီးဖြစ်သော အချို့သော အချက်များကို တင်ပြသင့်သည်ဟူ၍ မှတ်ယူမိပေသည်။ ပထမအချက်မှာ 'တမန်တော်မြတ် ﷺ သည် ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام ကို ၄င်း၏ နဂိုမူလ မူရင်းအသွင်ဖြင့် နှစ်ကြိမ် တွေ့မြင်ခဲ့ဖူးပေသည်။ ထိုနှစ်ကြိမ်နှစ်ခါ တွေ့မြင်ခြင်းအကြောင်း တင်ပြလျက်ရှိနေသော စူရာဟ်နဂျမ်း၏ အာယသ်တော်များအတွင်း၌ ပါရှိပေသည်။ ဒုတိယအကြိမ် မြင်တွေ့ခြင်း၏ အချိန်အခါနှင့် နေရာကိုမူ ဤအာယသ်တော်များအတွင်း၌မှာပင် သတ်မှတ်ကာ 'ဤသို့ တွေ့မြင်ခြင်းသည် သတ္တမမြောက် မိုးကောင်းကင်အပေါ် 'စစ်ဒ်ရသုလ်မွန်သဟာ' ၏ အနီး၌ ဖြစ်ကြောင်း' ကို ပြဆိုထားပေသည်။ 'သတ္တမမြောက် မိုးကောင်းကင်ပေါ်ဝယ် တမန်တော်မြတ် ﷺ သည် 'မေ့အ်ရားဂျ်' (ကောင်းကင်ဘုံနန်းခရီး ကြွမြန်းခြင်း ညဉ့်) ၌ ကြွမြန်းသွားတော်မူကြောင်းမှာ ထင်ရှားလှပေသည်။ ယင်းအချက်မှ 'တွေ့မြင်ခြင်း၏ နေရာနှင့် 'မေ့အ်ရားဂျ်'ညဉ့်ဖြစ်သော အချိန်' ကိုပါ သိရှိရပေသည်။ ပထမအကြိမ် တွေ့မြင်ခြင်း၏ နေရာနှင့် အချိန်ကို ဤအာယသ်တော်များအတွင်း၌ သတ်မှတ်ပေးထားခြင်းမျိုး မရှိပေ။

သို့ရာတွင် ဆွဟီးဟ်ဘိုခါရီကျမ်း၏ **باب بدأ الوحى** 'ဝဟီ စတင်ကျရောက်ခြင်းနှင့် စပ်လျဉ်းသောအခန်း' ၌ ဟဇရသ်ဂျာဗိရ် ဗင်န်အဗ်ဒွလ္လာဟ် رضي الله عنه သခင်ကြီး၏ အောက်ဖော်ပြပါ ဟဒီးစ်တော်မှ ဤအချက်နှစ်ချက်စလုံးသည် အတည်ပြုပြီးသား ဖြစ်သွားပေသည်။

قَالَ وَهُوَ يُحَدِّثُ عن فترة الوحى فقال فى حديثه بينا انا امشى اذسمعت صوتا
من السّمآء فرفعت بصرى فاذ الملك الذى جاء نى بحراء جالس على كرسىّ
بين السّمآء والارض فرعبت منه فرجعت فقلت زمّلونى فانزل الله تعالى
يَآ اَيُّهَا الْمُدَّثِّرُ قُمْ فَاَنْذِرْ (الى قوله) وَالرُّجْزَ فَاهْجُرْ فحمى الوحى وتتابع

(တမန်တော်မြတ် ﷺ သည် فترة الوحى ဟု ခေါ်ဆိုသော 'ဝဟီ'အခိုက်အတန့် ပြတ်တောက်သွားခြင်းအကြောင်းကို တင်ပြရင်း 'ဤသို့ မိန့်ခြွေတော်မူခဲ့ပေသည်။ တစ်နေ့ ငါကိုယ်တော် လျှောက်လှမ်းသွားနေတော်မူလျက် ရှိနေစဉ် ရုတ်တရက် မိုးကောင်းကင်ဘက်မှ အသံတစ်သံကို ကြားတော်မူလိုက်ရပေသည်။ ငါကိုယ်တော်မော့၍ ကြည့်တော်မူလိုက်ရာ 'ဟေရာ'လှိုဏ်ဂူ၌ 'ငါကိုယ်တော်ထံသို့ လာရောက်ခဲ့သော ကောင်းကင်တမန်ကို တွေ့ရှိခဲ့ပေသည်။ မိုးကောင်းကင်နှင့် မြေပထဝီကြား ထိုင်ခုံတစ်ခုအပေါ်၌ ထိုင်နေလျက် ရှိနေပေသည်။ ငါကိုယ်တော်သည် ထိုမြင်ကွင်းအား ကြည့်ရှုလိုက်ရသည့်အတွက်ကြောင့် ကြောက်ရွံ့စိုးရိမ်ကာ အိမ်သို့ ပြန်လည်ကြွမြန်းလာတော်မူပြီး 'ကျွန်ုပ်အား စောင်ခြုံပေးပါ'ဟူ၍ ပြောကြားခဲ့ပေသည်။ ထိုအချိန်၌ အလ္လာဟ်အသျှင်မြတ်သည် စူရာဟ်'မုဒ်ဒပ်ဆိရ်'၏ အာယသ်တော်များ

وَالرُّجْزَ فَاهْجُرْ

ထိတိုင် ပို့ချပေးတော်မူခဲ့ပေသည်။ ထို့နောက်ပိုင်းမှစ၍ မိုးကောင်းကင်ကျ 'ဝဟီ'ဗျာဒိတ်တော်သည် ဆက်တိုက် ကျရောက်လျက် ရှိနေခဲ့ပေသည်။

အထက်တင်ပြပါ ဟဒီးစ်တော်မှ 'သစ္စာဝါဒီရှင် ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام ကို ၎င်း၏ ပင်ကိုယ်အသွင်ဖြင့် တွေ့မြင်ခဲ့ရခြင်း၏ ပထမဖြစ်အင်သည် 'ဝဟီ'အခိုက်အတန့် ပြတ်တောက်သွားသည့် ကာလတွင် မက္ကာဟ်ရွှေမြို့တော်အတွင်း 'ကိုယ်တော်မြတ် ﷺ သည် တစ်နေရာရာသို့ ကြွမြန်းတော်မူလျက် ရှိနေချိန် ဖြစ်ပေသည်'ဟူသော အချက်ကို သိရှိရပေသည်။ထိုအချက်မှ 'ပထမဖြစ်အင်သည် 'မေ့အ်ရားဂျ်' ခရီး၏အလျင် မက္ကာဟ်ရွှေမြို့တော်၏ မြေပထဝီပေါ်၌ ဖြစ်ခဲ့ခြင်းကိုလည်းကောင်း၊ ဒုတိယဖြစ်အင်သည် 'မေ့အ်ရားဂျ်' ကောင်းကင်ဘုံခရီး ကြွမြန်းသွားသော ညဉ့်၌ ကြုံကြိုက်ခဲ့ရခြင်း ဖြစ်သည်ကိုလည်းကောင်း သိရှိရပေသည်။

အားလုံးသော ပညာရှင်များ လက်ခံထားသော ဒုတိယအချက်မှာ 'စူရာဟ်နဂျမ်း၏ ကနဦးပိုင်း အာယသ်တော်များ၌ အနည်းဆုံး အဆင့်အနေဖြင့်

وَلَقَدْ رَاٰهُ نَزْلَةً اُخْرٰى

(ထို့ပြင် ၎င်းအဖော် မိုဟမ္မဒ် ﷺ သည် ယင်းကောင်းကင်တမန်အား ဒုတိယအကြိမ် ဆင်းသက်ရာ၌ မုချကေန် တွေ့မြင်ခဲ့၏။) [၅၃ : ၁၃]

ဟူသော အာယသ်တော်မှ

وَلَقَدْ رَاٰى مِنْ اٰيٰتِ رَبِّهِ الْكُبْرٰى

(ဧကန်စင်စစ် ၎င်းအဖော် မိုဟမ္မဒ်သည် မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ကြီးကျယ်လှစွာသော သက်သေလက္ခဏာတော်များကို တွေ့မြင်ခဲ့သည်မှာ အမှန်ပင် ဖြစ်၏။)

[၅၃ : ၁၈]

ထိတိုင် အားလုံးသော အာယသ်တော်များသည် ကောင်းကင်ဘုံနန်းခရီး ကြွမြန်းသွားခြင်းနှင့် ပတ်သက်နေပေသည်ဟူသော အချက်ပင် ဖြစ်သည်။

အထက်တင်ပြပါ အမှုကိစ္စများကို ထောက်ရှု၍ မောင်လာနာအန်ဝရ်ရှားဟ်ကပ်ရှ်မီရီး (ရဟ) သခင်ကြီးသည် စူရာဟ်နဂျမ်း၏ ကနဦးပိုင်း အာယသ်တော်များအား အကျယ်ဖွင့်ဆိုမှုကို ဤသို့ အမိန့်ရှိ တင်ပြ ဖွင့်ဆိုထားပေသည်။

ကုရ်အာန်ကျမ်းတော်မြတ်သည် မိမိ၏ တင်ပြနေကျ တင်ပြပုံ တင်ပြနည်းနှင့် အတိုင်းပင် စူရာဟ် နဂျမ်း၏ အစပိုင်း အာယသ်တော်များအတွင်း၌ ဖြစ်အင်နှစ်ရပ်ကို တင်ပြထားပေသည်။ ဖြစ်အင်တစ်ခု မှာ 'ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام ကို ၎င်း၏ မူရင်းအသွင်ပုံစံဖြင့် 'ဝဟီ' ဗျာဒိတ်တော် ကျရောက်ခြင်း ပြတ်တောက် ရပ်တန့်သွားစဉ်ကာလ၌ တမန်တော်မြတ် ﷺ သည် မက္ကာဟ်ရွှေမြို့တော်အတွင်း တစ်နေရာ သို့ ကြွမြန်းတော်မူလျက် ရှိနေချိန်တွင် တွေ့မြင်ခဲ့ခြင်းဖြစ်ပေသည်။ ဤဖြစ်အင်သည် **اسراء** နှင့် **معراج** 'ဗိုင်သုလ္လာဟ်ကအ်ဗာဟ်' ကျောင်းတော်မှ 'ဗိုင်ရ်သုလ်ကုကဒ်ဒတ်စ်' ဝတ်ကျောင်းတော်သို့ ၎င်းမှ ကောင်းကင် ဘုံနန်းခရီးသို့ မကြွမြန်းမီအလျင်က ဖြစ်ပေသည်။

ဒုတိယဖြစ်အင်မှာ ကောင်းကင်ဘုံနန်းခရီး ကြွမြန်းခဲ့သော အချိန်၌ ဖြစ်ပေသည်။ ယင်းညဥ့်၌ ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام ကို ၎င်း၏ မူရင်းအသွင်ဖြင့် တွေ့မြင်ရခြင်းအပြင် အခြားသော အံ့သြဖွယ် အချက်များနှင့် အလ္လာဟ်အသျှင်မြတ်၏ ကြီးကျယ်လှစွာသော သက်သေလက္ခဏာတော်များကို တွေ့မြင်ခဲ့ ခြင်းကို တင်ပြထားပေသည်။ ထိုကြီးကျယ်လှစွာသော သက်သေလက္ခဏာတော်များ၌ အလ္လာဟ်အသျှင် မြတ်ကိုယ်တော်တိုင်အား ဖူးမျှော်တွေ့မြင်ခဲ့ရခြင်းသည်လည်း ပါဝင်နိုင်ချေ၊ ဖြစ်နိုင်ဖွယ်ရှိသော အချက်ပင် ဖြစ်ပေသည်။

စူရာဟ်နဂျမ်း၏ ကနဦးပိုင်းအာယသ်တော်များ၏ မူရင်းအကြောင်းအရာသည် တမန်တော်မြတ် ﷺ ၏ ရစူလ်ဖြစ်ခြင်းနှင့် တမန်တော်မြတ် ﷺ အပေါ် ထုတ်ပြန်ပို့ချခြင်းခံရသော 'ဝဟီ' ဗျာဒိတ်တော်အတွင်း ၌ ဓောဒကသံသယ ရှာဖွေနေသော သူတို့အား အဖြေပေးရန် ဖြစ်ပေသည်။ အကြောင်းမှာ ကြယ်တာရာ များကို ကစမ်ကျိန်ဆိုကာ အလ္လာဟ်အသျှင်မြတ်သည် တမန်တော်မြတ် ﷺ ၏ အွမ္မသ်ကို မိန့်မြွက်သော အရာများအတွင်း၌ အမှုမဲ့၊ အမှတ်မဲ့ မှားယွင်းခြင်းမျိုးလည်း မရှိနိုင်သကဲ့သို့ သိလျက်နှင့် တမင် အမှား ပြုလုပ်ခြင်းလည်း မဖြစ်နိုင်ပေ။ ၎င်းနဗီတမန်တော်မြတ် ﷺ တင်ပြ မိန့်မြွက်လျက်ရှိနေသော အရာများ

သည် မိမိ၏ စိတ်အလိုကျ သဘောဆန္ဒမျိုးဖြင့် မဟုတ်ဘဲ၊ သို့သာမက ထိုအရာများအားလုံးသည် အလ္လာဟ် အသျှင်မြတ်၏ ဘက်တော်မှ ထုတ်ပြန်ပို့ချခြင်းခံရသော 'ဝဟီ' ဗျာဒိတ်တော်များသည်သာဖြစ်ကြောင်း တင်ပြထားသည်။ တစ်ဖန် ၎င်း 'ဝဟီ' ဗျာဒိတ်တော်များသည် ဟဇရတ်ဂျီဗ်ရာအီးလ် عليه السلام ၏ တစ်ဆင့်ခံဖြင့် ပို့ချပေးခဲ့သည်ဖြစ်ရာ ဟဇရတ်ဂျီဗ်ရာအီးလ် عليه السلام သည် သင်ကြားပို့ဆောင်သူ အသွင်အဖြစ် ပို့ဆောင်ပေးလေသည်။ ထို့ကြောင့် ဟဇရတ်ဂျီဗ်ရာအီးလ် عليه السلام ၏ သီးသန့်ဂုဏ်ရည်များနှင့် ကြီးကျယ်လှစွာသော ဂုဏ်ရှိန်၊ ဂုဏ်ဝါအကြောင်းကို များစွာသော အာယသ်တော်များအတွင်း၌ တင်ပြထားပေသည်။ ထိုသို့ တင်ပြရာ၌ အကျယ်တဝင့် ရှည်လျားစွာ တင်ပြထားခြင်းမှာ 'မက္ကာဟ်မြို့ရှိ မုရှ်ရစ်ကတို့သည် ဟဇရတ်အီစ်ရာဖီးလ် عليه السلام ၊ ဟဇရတ်မီကာအီးလ် عليه السلام စသော ကောင်းကင်တမန်များအား သိနားလည်ကြပေသည်။ ဟဇရတ်ဂျီဗ်ရာအီးလ် عليه السلام ကိုမူ မသိရှိကြသောကြောင့် ဖြစ်ပေသည်။ မည်သို့သော အခြေအနေ၌ပင် ဖြစ်စေပါမူ၊ ဟဇရတ်ဂျီဗ်ရာအီးလ် عليه السلام ၏ ဂုဏ်အရည်အချင်းများကို တင်ပြပြီးနောက် တစ်ဖန် မူရင်းအကြောင်းအရာဖြစ်သော 'ဝဟီ'(ဗျာဒိတ်တော်) အကြောင်းကို မိန့်တော်မူထားပြန်ပေသည်။

فَاَوۡحٰۤى اِلٰى عَبۡدِهٖ مَاۤ اَوۡحٰى

(ထိုအခါ ထိုအသျှင်မြတ်သည် မိမိ၏ ကျွန် မိုဟမ္မဒ် ﷺ ထံသို့ မိမိထုတ်ပြန်လိုသော 'ဝဟီ' ထုတ်ပြန်ချက်များကို ထုတ်ပြန်တော်မူခဲ့လေ၏။) *[၅၃ : ၁၀]*

ဤနေရာအထိ အာယသ်တော် (၁၁) ပါးမြောက် ဖြစ်ပေသည်။ ယင်းအာယသ်တော်များအတွင်း၌ 'ဝဟီ' (ဗျာဒိတ်တော်) နှင့် 'ရိစာလသ်' (ရစူလ်တမန်တော်မြတ်၏ ရစူလ်ဖြစ်ခြင်း) ၏ အကြောင်း ခိုင်မာကျစ်လစ်သိပ်သည်းစွာ တင်ပြနေခြင်း၏ ကွင်းဆက်တစ်ဆက်တည်းမှာပင် ဟဇရတ်ဂျီဗ်ရာအီးလ် عليه السلام ၏ ဂုဏ်ထူးဝိသေသအချက်များကိုလည်း တင်ပြထားပေသည်။ သေချာကျနစွာ စဉ်းစားတွေးခေါ် ကြည့်ရှုမည်ဆိုလျှင် ဤဂုဏ်ရည်အချင်းများအားလုံးသည် ဟဇရတ်ဂျီဗ်ရာအီးလ် عليه السلام အပေါ် ရိုးရိုးရှင်းရှင်း ဆွဲယူကောက်ချက်ချခြင်းများပြုရန် မလိုအပ်ဘဲ မှန်ကန်စွာ သက်ရောက်နေပေသည်။ ထိုဂုဏ်တော်များကို အကယ်၍ အလ္လာဟ်အသျှင်မြတ်အတွက် အချို့သော အဖွင့်ရှင်များ ဆိုထားဘိသကဲ့သို့ သတ်မှတ်အတည်ပြုပေးလိုက်မည်ဆိုလျှင် ဆွဲယူကောက်ချက်ချခြင်းနှင့် သွယ်ဝိုက်သော အလိုသဘောများကို ကောက်ယူရခြင်းမှ ကင်းလွတ်နိုင်မည် မဟုတ်ပေ။ ဥပမာ-

شَدِيۡدُ الۡقُوٰى (အင်အားကြီးမားသူ)၊ ذُوۡ مِرَّةٍ (စွမ်းအင်နှင့် ပြည့်စုံသူ) دَنٰى فَتَدَلّٰى (ချဉ်းကပ်၍ လာခဲ့၏။ ထို့နောက်တစ်ဖန် ထပ်မံ၍ ချဉ်းကပ်ခဲ့ပေရာ)၊ فَكَانَ قَابَ قَوۡسَيۡنِ (လေးနှစ်ပြန်မျှသော ဝေးကွာလေတော့၏။ စင်စစ် ထို့ထက်ပင် ပို၍ နီးကပ်စွာ ရှိခဲ့လေ၏) စသော စကားလုံးတော်များကို သွယ်ဝိုက်သောနည်းဖြင့် အလ္လာဟ်အသျှင်မြတ်နှင့် ဆက်စပ်၍ ပြောဆိုနိုင်ပေသည်။ သို့ရာတွင် သွယ်ဝိုက်သောနည်းနှင့်သော်လည်းကောင်း၊ ဆွဲယူကောက်ချက်ချခြင်း ကင်းမဲ့စွာဖြင့်လည်းကောင်း ၎င်း၏ အခြေခံမူ

သဘောတရားသည် ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام သည်သာလျှင် ဖြစ်နိုင်ပေသည်။ ထို့ကြောင့် ကနဦးပိုင်း အာယသ်တော်များအတွင်း၌ ရှုမြင်၊ နီးကပ်၊ နီးစပ်မှုတို့အားလုံးတို့သည် ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام အား ရှုမြင်လိုက်ရခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ချက် ပေးလိုက်ခြင်းသည်သာလျှင် အနီးစပ်ဆုံး၊ အငြိမ်းချမ်းဆုံး ဟူ၍ သိရှိရပေသည်။

သို့သာမက ထို့နောက်ပိုင်း၏ (၁၂) အာယသ်တော်မြောက်၌

مَا كَذَبَ الْفُؤَادُ مَا رَاٰى

(ထိုအသင်တို့အဖော် တမန်တော်မြတ် ﷺ ၏ စိတ်နှလုံးသည် တွေ့မြင်ခဲ့သော အရာများနှင့် စပ်လျဉ်း၍ မှားယွင်းခြင်း မရှိခဲ့ချေ။) *[၅၃ : ၁၁]*

لَقَدْ رَاٰى مِنْ اٰيٰتِ رَبِّهِ الْكُبْرٰى မှ

(ကေန်စင်စစ် ၎င်းအဖော် မိုဟမ္မဒ် ﷺ သည် မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင် မြတ်၏ ကြီးကျယ်လှစွာသော သက်သေလက္ခဏာတော်များကို တွေ့မြင်ခဲ့သည်မှာ အမှန်ပင် ဖြစ်၏။) *[၅၃ : ၁၈]*

ဟူသော အာယသ်တော်များထိတိုင်၌လည်း سراء နှင့် معراج 'ဗိုင်ရ်သုလ္လာဟ်ကအ်ဗာဟ်' ကျောင်းတော်မှ 'ဗိုင်ရ်သုလ်မုကဒ်ဒတ်စ်' ကျောင်းတော်သို့လည်းကောင်း၊ တစ်ဖန် ၎င်းမှ မိုးကောင်းကင် ဘုံနန်း ခရီးသို့လည်းကောင်း ကြွမြန်းသွားချိန် မြေပြင်ခရီးစဉ်နှင့် မိုးကောင်းကင်ခရီးစဉ် အကြောင်းကိုသာ တင်ပြ မိန့်မြွက်ထားပေသည်။ ထိုအကြောင်းများ၌ ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام အား ဒုတိယအကြိမ် မူလ ပုံစံဖြင့် မြင်တွေ့ရခြင်းကို တင်ပြထားနေလင့်ကစား သို့ရာတွင် အခြားသော ကြီးကျယ်လှစွာသော သက်သေ လက္ခဏာတော်များကို တွေ့မြင်ခဲ့ခြင်းအောက်၌ တွေ့ခြင်ခဲ့ရသော တွေ့မြင်ခြင်း ဖြစ်ပေသည်။ ယင်းကြီး ကျယ်လှစွာသော သက်သေလက္ခဏာတော်များတွင် အလ္လာဟ်အသျှင်မြတ်အား ဖူးမျှော်တွေ့မြင်ရခြင်း၏ အချက်သည်လည်း (ခိုင်လုံသော ဟဒီးစ်တော်များ၊ ဆွဟာဗာများနှင့် သာဗေအီးန်သခင်ကြီးများ၏ အဆို အမိန့်အရ) ပါဝင်နိုင်ပေရာ ထိုအချက်ကို လစ်လျူရှု၍ မရရှိနိုင်ပေ။ ထို့ကြောင့်

مَا كَذَبَ الْفُؤَادُ مَا رَاٰى

(ထိုအသင်တို့အဖော် တမန်တော်မြတ် ﷺ ၏ စိတ်နှလုံးသားသည် တွေ့မြင်ခဲ့သော အရာများနှင့် စပ်လျဉ်း၍ မှားယွင်းခြင်း မရှိခဲ့ချေ။) *[၅၃ : ၁၁]*

ဟူသော အာယသ်တော်၏ အကျယ်ဖွင့်ဆိုချက်မှာ ဤသို့တည်း။ တမန်တော်မြတ် ﷺ သည် မိမိမျက်လုံးတော်ဖြင့် မြင်တွေ့ခဲ့ရသော အရာများကို 'မှန်ကန်စွာ တွေ့မြင်ခဲ့ခြင်းဖြစ်ကြောင်း' နှလုံးသားမှ ထောက်ခံတော်မူခဲ့ပေသည်။ ယင်းသို့ ထောက်ခံရာ၌လည်း စိတ်နှလုံးသားတော်သည် တစ်စုံတစ်ရာကို

မျှပင် မှားယွင်းခြင်းမရှိခဲ့ပေ။ ထိုအချက်ကိုပင် مَاكَذَبَ (မှားယွင်းခြင်းမရှိခဲ့ချေ) ဟူသော စကားလုံးတော်များဖြင့် သုံးနှုန်းမိန့်ဆိုထားပေသည်။ ထိုအာယသ်တော်အတွင်း၌ 'တွေ့မြင်ခဲ့သော အရာများ' ဟူသည် ခြုံငုံလှစွာသော သဘောကို ဆောင်ပေသည်။ ထိုတွေ့မြင်ခြင်း၌ ဟဇရသ်ဂျီဗ်ရာအီးလ် عليه السلام အား တွေ့မြင်ခြင်းလည်း ပါဝင်သလို ကောင်းကင်ဘုံနန်းခရီး ကြွမြန်းသွားသောညဥ့်၌ တမန်တော်မြတ် ﷺ မြင်တွေ့ခဲ့သော အရာများအားလုံး ပါဝင်ပေသည်။ ထိုမြင်တွေ့သော အရာများအတွင်း၌ အခမ်းနားဆုံးသော အချက်မှာ အလ္လာဟ်အသျှင်မြတ် ကိုယ်တော်တိုင်အား မြင်တွေ့၊ ဖူးမျှော်ရခြင်း၏ အချက်ပင် ဖြစ်ပေသည်။ ထိုအချက်အား ရှေ့၌ တင်ပြလျက်ရှိသော အာယသ်တော်ဖြစ်သည့်

اَفَتُمٰرُوْنَهٗ عَلٰى مَا يَرٰى

(သို့ပါလျက် အသင်တို့သည် ထိုအဖော် မိုဟမ္မဒ် ﷺ နှင့် ၎င်းတွေ့မြင်ခဲ့သော အရာများနှင့် စပ်လျဉ်း၍ အငြင်းအခုံပြုနေကြသလော။) [၅၃ : ၁၂]

ဟူသော အာယသ်တော်က ပိုမို လေးနက် ခိုင်မာစေလေသည်။ ယင်းအာယသ်တော်အတွင်း၌ မက္ကာဟ်ရွှေမြို့တော်ရှိ မုရှ်ရစ်က်တို့အား 'တမန်တော်မြတ် ﷺ တွေ့မြင်ခဲ့သော အရာများ၊ သို့မဟုတ် နောင်ကာလတွင် တွေ့မြင်မည့် အရာဟူသမျှ အားလုံးနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ အကွဲအလွဲဖြစ်၊ ငြင်းခုံမှုပြုကာ သံသယစောဒက ဖြစ်ပေါ်သင့်သော အချက် မဟုတ်ကြောင်း၊ ထိုတွေ့မြင်ခဲ့ရသော အရာများသည် စင်စစ်၌ အမှန်တကယ် တွေ့မြင်ခဲ့ရသော အရာများ ဖြစ်ကြောင်းကို မိန့်ခြွေတော်မူလိုက်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည်

اَفَتُمَارُوْنَهٗ عَلٰى مَاقَدْ رَاٰى

ဟူ၍ မိန့်တော်မူထားခြင်းမရှိဘဲ عَلٰى مَا يَرٰى (အနာဂတ်ကို ရည်ညွှန်းဝါကျ) ဖြင့် သုံးနှုန်းမိန့်ခြွေထားပေသည်။ ဤအာယသ်တော်တွင် ကောင်းကင်ဘုံနန်းခရီး ကြွမြန်းသွားသည့် ညဥ့်၌ မြင်တွေ့ခဲ့ရသော တွေ့မြင်ခြင်းများ၏ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထား၍ ထိုအာယသ်တော်၏ နောက်၌ လာသော အာယသ်တော်ဖြစ်သည့်

وَلَقَدْ رَاٰهُ نَزْلَةً اُخْرٰى

(ထို့ပြင် ၎င်းအဖော် မိုဟမ္မဒ် ﷺ သည် ယင်းကောင်းကင်တမန်တော်အား ဒုတိယအကြိမ် ဆင်းသက်ရာ၌ မုချကေန် တွေ့မြင်ခဲ့၏။) [၅၃ : ၁၃]

တွင် အထင်အရှား တင်ပြမှု ပါရှိနေ၏။ ဤအထက်တင်ပြခဲ့သော အာယသ်တော်အတွင်း၌လည်း နှစ်မျိုးစလုံးသော မြင်တွေ့ခဲ့ခြင်းကို ကောက်ယူနိုင်ပေသည်။ ဆိုလိုသည်မှာ ဟဇရသ်ဂျီဗ်ရာအီးလ် عليه السلام အား မြင်တွေ့ခဲ့ခြင်းနှင့် အလ္လာဟ်အသျှင်မြတ်အား ဖူးမျှော်ရှုမြင်ခဲ့ရခြင်း ဖြစ်ပေသည်။ ဟဇရသ်ဂျီဗ်ရာအီးလ် عليه السلام အား ရှုမြင်ခဲ့ခြင်းဟု အလိုသဘော ကောက်ယူနိုင်ခြင်းသည် ပေါ်လွင်လှပေသည်။ အလ္လာဟ်အသျှင်

မြတ်အား ဖူးမျှော်ခဲ့ရခြင်းဟူသော အလိုသဘောဘက်သို့ ညွှန်းဆိုမှု ပါရှိနေပေသည်။ ၎င်းမှာ ရှုမြင်ရန်အတွက် ခလေ့သဘော သဘာဝအရ နီးစပ်၊ နီးကပ်မှုရှိရန်သည် အရေးကြီးပေသည်။ ပမာတင်ပြရမည်ဆိုသော် ဟဒီးစ်တော်အတွင်း အလ္လာဟ်အသျှင်မြတ်သည် ညဥ့်၏ နောက်ဆုံးယံ၌ မိုးကောင်းကင်ပထမထပ်ပေါ်သို့ ဆင်းသက် ကြွရောက်လာတော်မူကြောင်း တင်ပြထားပေသည်။ သို့ရှိရာ

عِنْدَ سِدْرَةِ الْمُنْتَهٰى

(နယ်စွန် နယ်ဖျား၌ရှိသော ဆီးပင် (စစ်ဒ်ရသုလ်မွန်သဟာ) ၏ အနီးတွင် တွေ့မြင်ခဲ့၏။)

[၅၃ : ၁၄]

ဟူသော အာယသ်တော်မြတ်၏ အလိုသဘောမှာ 'တမန်တော်မြတ် ﷺ သည် နီးစပ်သော နေရာဖြစ်သည့် 'စစ်ဒ်ရသုလ်မွန်သဟာ' အနီးသို့ ရောက်ရှိချိန်၌ အလ္လာဟ်အသျှင်မြတ်အား တွေ့မြင်ခဲ့ပေသည်' ဟူ၍ ဖြစ်သည်။ ထိုသို့ တွေ့မြင်ရာ၌ အလ္လာဟ်အသျှင်မြတ်အား ဖူးမျှော်လိုက်ရသည်ဟူသော အလိုသဘောကောက်ယူခြင်းအပေါ် ဤအောက်ဖော်ပြပါ ဟဒီးစ်တော်သည် သက်သေအထောက်အထားအဖြစ် တည်ရှိနေပေသည်။ တမန်တော်မြတ် ﷺ မိန့်မြွက်ထားတော်မူသည်မှာ-

واتيت سدرة المنتهى فغشيتنى ضبابة خررت لهاساجدًا

وهذه الضّبا بة هى الظّلل من الْغمام الّتى يأتى فيها الله ويتجلّى

ငါကိုယ်တော်သည် 'စစ်ဒ်ရသုလ်မွန်သဟာ' ၏ အနီးသို့ ရောက်ရှိသောအခါ တိမ်တိုက်ကဲ့သို့သော အရာတစ်ခုသည် ငါကိုယ်တော်အား ဝိုင်းရံလွှမ်းခြုံလိုက်ပေသည်။ (ငါကိုယ်တော်သည် ထိုအရာအတွက် ပျပ်ဝပ် 'စဂ်ျဒဟ်' ချတော်မူလိုက်ပေသည်။ 'ကေယာမသ်' နေ့၏ 'ဟရှရ်' ကွင်းပြင်တွင် အလ္လာဟ်အသျှင်မြတ်၏ ထွက်ပေါ်လာတော်မူခြင်းသည် ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်အတွင်း၌ 'တိမ်တိုက်များ၏ အရိပ်ကဲ့သို့ အရာတစ်ခုဖြစ်မည့်အကြောင်း ထိုအရာအတွင်း၌ အလ္လာဟ်အသျှင်မြတ်၏ ဘုန်းသမ္ဘာရောင်ခြည်တော်သည် ဆင်းသက်ကြွရောက်လာတော်မူမည်ဖြစ်ခြင်း အကြောင်း' ကို တင်ပြထားပေသည်။

ဤကဲ့သို့ပင် ရှေ့အာယသ်တော်

مَازَاغَ الْبَصَرُ وَمَا طَغٰى

(ထိုအဖော် မိုဟမ္မဒ် ﷺ ၏ မျက်စိသည် လွဲချော်ခဲ့သည်လည်း မရှိချေ။ ကျော်လွန်သွားခဲ့သည်လည်း မရှိချေ။)

[၅၃ : ၁၇]

ဟူသော အာယသ်တော်၏ အလိုသဘောတွင်လည်း နှစ်မျိုးစလုံးသော တွေ့မြင် အကျုံးဝင်လျက်ရှိပေသည်။ ထိုအချက်မှ ဤသို့ တွေ့မြင်ခြင်းသည် နိုးကြားလျက်ရှိနေသော အခြေအနေ၌ မျက်လုံးတော်ဖြင့်မြင်တွေ့ခြင်း' ဟူသော အချက်ကို သာပိုစွာဖြင့် အတည်ပြုပေးလိုက်ပေသည်။

အချုပ်သဘောတရားမှာ ဤသို့ပင် ဖြစ်သည်။ ကောင်းကင်ဘုံနန်းခရီးကို ကြွမြန်းခြင်း၏ အကြောင်းကို တင်ပြထားသော အာယသ်တော်များ၌ မြင်တွေ့ခြင်းနှင့် စပ်လျဉ်းသော လာရှိထားသော စကားလုံးတော်များအားလုံး၌ ဟဇရသ်ဂျီဗ်ရာအီးလ် ﷺ အား တွေ့မြင်ခဲ့ခြင်းနှင့် အလ္လာဟ်အသျှင်မြတ်အား မြင်တွေ့ဖူးမျှော်ခဲ့ရခြင်း အချက်နှစ်ရပ်စလုံး ဖြစ်နိုင်ပေသည်။ အခြားသော အာလင်မ်သာသနာ့ ပညာရှင်များသည်လည်း ထိုအာယသ်တော်များ၏ အကျယ်ဖွင့်ဆိုချက်ကို အလ္လာဟ်အသျှင်မြတ်အား ဖူးမျှော်တော်မူလိုက်ရကြောင်းဟူ၍ ဖွင့်ဆိုခဲ့ကြသည်လည်း ရှိပေသည်။ ၎င်းအချက်မှာ ဖြစ်နိုင်ချေရှိသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ စကားလုံးတော်များအတွင်း၌ ရှိပေသည်။

အလ္လာဟ်အသျှင်မြတ်အား ဖူးမျှော်မြင်တွေ့နိုင်ခြင်း ရှိ၊ မရှိနှင့် စပ်လျဉ်းသော ဓမ္မသတ်

ဆွဟာဗာကြီးများ၊ သာဗေအီးန်များနှင့် အွမ္မသ်နောက်လိုက်ထုအတွင်းရှိ အာလင်မ်သာသနာ့ပညာရှင်ကြီးများအားလုံးသည် 'နောင်တမလွန် 'အာခေရသ်'၌ မုအ်မင်န် ဂျန္နသ်သူဂျန္နသ်သားများ အားလုံးသည် အလ္လာဟ်အသျှင်မြတ်အား ဖူးမျှော်နိုင်မည်ဖြစ်၏' ဟူသော အချက်အပေါ် တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ချက် ချထားကြပေသည်။ ပမာတင်ပြရမည်ဆိုသော် စစ်မှန်၊ မှန်ကန်သော ဟဒီးစ်တော်များသည် ထိုအချက်အပေါ် သက်သေအထောက်အထားပြု၍ နေပေသည်။ ထိုဟဒီးစ်တော်များမှ 'အလ္လာဟ်အသျှင်မြတ်အား မြင်တွေ့၊ ဖူးမျှော်ရခြင်းသည် မဖြစ်နိုင်သောအရာ မဟုတ်' ဟူသော အချက်ကို သိရှိရပေသည်။ သို့ရာတွင် ကမ္ဘာလောက၌ ဖူးမျှော်မြင်တွေ့နိုင်ရလောက်အောင် အင်အားနှင့် စွမ်းအား မရှိပေ။ ထို့ကြောင့် ကမ္ဘာလောက၌ မည်သူတစ်ဦးတစ်ယောက်မျှ အလ္လာဟ်အသျှင်မြတ်အား ဖူးမျှော်တွေ့မြင်နိုင်ခြင်း မဖြစ်နိုင်ပေ။ နောင်တမလွန်၏ အမှုကိစ္စနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်တွင်

فَكَشَفْنَا عَنْكَ غِطَا ئَكَ فَبَصَرُكَ الْيَوْمَ حَدِيْدٌ

(သို့ဖြစ်ပေရာ ယခုမူ ငါအသျှင်မြတ်သည် အသင့်မျက်စိအပေါ်မှ အကာအကွယ်ကို ဖယ်ရှား၍ ပေးတော်မူလိုက်ပြီ။ ထို့ကြောင့် ယနေ့ အသင့်၏ မြင်နိုင်သော သတ္တိမှာ ထိုးဖောက်နိုင်စွမ်း ရှိပြီး မြင်နိုင်လောက်အောင် စူးရှနေပေသည်။) *[၅၀ : ၂၂]*

ဟူ၍ မိန့်မြွက်ထားပေသည်။ ဆိုလိုသည်မှာ နောင်တမလွန် 'အာခေရသ်'၌ လူသားတို့၏ မြင်တွေ့နိုင်စွမ်း၊ စွမ်းအားကို အားအင်များ ဖြည့်ဆည်းပေးသနားတော်မူမည် ဖြစ်ပြီး 'ပရ်ဒါ' အတားအဆီးများကိုလည်း ရုတ်သိမ်းဖယ်ရှားစေတော်မူခြင်းကို ခံရပေလိမ့်မည်။

အေမာမ်မာလစ်က် (ရဟ) သခင်ကြီးက ဤသို့ အမိန့်ရှိထားတော်မူပေသည်။ ကမ္ဘာလောက၌ မည်သူတစ်ဦးတစ်ယောက်မျှ အလ္လာဟ်အသျှင်မြတ်အား မြင်တွေ့နိုင်စွမ်း မရှိပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ ရှုမြင်နိုင်စွမ်းသည် ပျက်သုဉ်းသွားမည့်အရာများ ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ထာဝစဉ်

တည်ရှိနေတော်မူမည့် အသျှင်မြတ် ဖြစ်တော်မူပေသည်။ နောင်တမလွန် 'အာခိရတ်'၌ လူသားတို့အား မပျက်သုဉ်းမည့် အရှုစွမ်းအားကို ချီးမြှင့်တော်မူလိုက်ပေမည်ဖြစ်ရာ အလ္လာဟ်အသျှင်မြတ်အား မြင်တွေ့ရာ၌ အဟန့်အတားတစ်စုံတစ်ရာမျှ တည်ရှိနေမည်မဟုတ်ပေ။ အနီးစပ်ဆုံး အလိုသဘောဖြင့် ဤအကြောင်းအရာသည် ကာဇ္ဇီအိယားဒ် (ရဟ) သခင်ကြီးထံမှလည်း ဆင့်ပြန်လာရှိထားပေသည်။ ဆွဟီးဟ်မွတ်စ္စလင်မ် ကျမ်းကြီး၏ ဟဒီးစ်တော်တစ်ရပ်ဝယ် ထိုအချက်၏ အနီးစပ်ဆုံးအချက်အား ရှင်းလင်း တင်ပြထားပေသည်။ ယင်းဟဒီးစ်တော်၏ စကားလုံးတော်များမှာ ဤသို့ပင် ဖြစ်သည်။

واعلموا انّكم لن ترَوا ربّكم حتّى تموتوا

(အသင်တို့ မှတ်ထားကြကုန်လော့။ စင်စစ်အမှန် အသင်တို့သည် မိမိတို့၏ ဖန်ဆင်းရှင်အား မသေသေးသမျှ ကာလပတ်လုံး ဖူးမျှော်တွေ့မြင်နိုင်မည် မဟုတ်ပေ။) */ ဖသ်ဟုလ်ဗာရီ၊ အတွဲ-၈၊ စာ-၄၉၃။ /*

ထိုဟဒီးစ်တော်မှ 'ကမ္ဘာလောက၌လည်း မည်သည့်အချိန် တစ်ချိန်ချိန်၌ သီးသန့်သဘောမျိုးဖြင့် တမန်တော်မြတ် ﷺ ၏ အရှုအမြင်တော်၌ အလ္လာဟ်အသျှင်မြတ်အား ဖူးမျှော်၍ ရနိုင်လောက်အောင် အင်အား ချီးမြှင့်ခြင်း ခံရခြင်း'မှာ ဖြစ်နိုင်ချေရှိသော အချက်ဖြစ်ကြောင်း၊ သို့ရာတွင် ဤကမ္ဘာလောက၏ ပြင်ပသို့ ထွက်ကာ ကောင်းကင်ဘုံနန်းခရီးကို ကြွမြန်းသွားသော ညဉ့်၌ တမန်တော်မြတ် ﷺ ကို မိုးကောင်းကင်များ၊ 'ဂျန္နသ်' (သုခဘုံ)၊ 'ဂျဟန္နမ်' (ငရဲဘုံ) နှင့် အလ္လာဟ်အသျှင်မြတ်၏ သီးသန့် တန်ခိုးသက်သေလက္ခဏာတော်များကို ပြသတွေ့မြင်စေရန်အတွက် သီးသန့်အသွင်မျိုးဖြင့် ခေါ်ယူတော်မူခဲ့ပေသည်။ ထိုအချိန်၌ အလ္လာဟ်အသျှင်မြတ်အား ဖူးမျှော်ရခြင်းသည် အထက်၌ တင်ပြခဲ့သော ဥပဒေသမှ ချွင်းချက်အဖြစ် တည်ရှိနေပေသည်။ အကြောင်းမှာ ထိုအချိန်၌ တမန်တော်မြတ် ﷺ သည် ဤကမ္ဘာလောက၌ မရှိပေ။

တွေ့မြင်နိုင်ချေ ရှိခြင်းကို အတည်ပြု သိရှိရပြီးနောက် 'အမှန်တကယ် ဖူးမျှော် တွေ့မြင်ခဲ့ရပါ၏လော။ မတွေ့မြင်ခဲ့ရပါ၏လော'ဟူသော အချက်သည် ကျန်ရှိနေပေသည်။ ထိုအမှုကိစ္စနှင့် စပ်လျဉ်း၍ ဟဒီးစ်တော်၏ ဆင့်ပြန်ချက်များသည် အမျိုးမျိုးလာရှိထား၍ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များသည် ဖြစ်နိုင်ချေရှိခြင်း၏ သဘောကိုသာ မိန့်မြွက်ထားပေသည်။ ထို့ကြောင့် ဆွဟာဗာသာဝကကြီးများ၊ သာဗေအီးန်များနှင့် ဒီးန်သာသနာရေးဆိုင်ရာ အေမာမ်ကြီးများကြားဝယ် ဤခမ္မသတ်သည် အမြဲတစေ အကွဲအလွဲဖြစ်နေပေသည်။ အိဗ်နေကစီးရ် (ရဟ) သခင်ကြီးသည် ထိုအာယသ်တော်များကို အကျယ်ဖွင့်ဆိုရင်း မိန့်တော်မူထားသည်မှာ 'ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်အဗ္ဗားစ် ؓ သခင်ကြီးသည် တမန်တော်မြတ် ﷺ အဖို့ အလ္လာဟ်အသျှင်မြတ်အား တွေ့မြင်တော်မူခဲ့ကြောင်းကို အတည်ပြု တင်ပြ မိန့်ကြားထားပေသည်။ အတိတ်ခေတ် ပညာရှင်များ၏ အဖွဲ့တစ်ဖွဲ့သည် ထိုအချက်အား နောက်လိုက်သမှု ပြုထားကြပေသည်။ ဆွဟာဗာကြီးများနှင့် သာဗေအီးန်သခင်ကြီးများ မြောက်မြားစွာတို့သည်လည်း ထိုအချက်အား 'အကွဲအလွဲ' ပြုထားပေသည်။ ရှေ့၌ အဖွဲ့အစည်းနှစ်ရပ်စလုံး၏ အထောက်အထားများ စသော အချက်များကို တင်ပြထားပေသည်။

ဤနည်းတူစွာ ဟာဖိဇ်အိဗ်နေဟာဂျရ် (ရဟ) ၏ ဖသ်ဟုလ်ဗာရီကျမ်း၌ စူရာဟ်နဂျမ်းကို အကျယ်ဖွင့်ဆိုရာတွင် ထိုသို့ ဆွဟာဗာများနှင့် သာဗေအီးန်သခင်ကြီးများ၏ အကွဲအလွဲဖြစ်ခြင်းကို တင်ပြပြီးနောက် ထိုကွဲပြားလျက်ရှိနေသော အဆိုနှစ်ရပ်စလုံးအား ညှိနှိုင်း၍ရသော ပုံစံမျိုးကိုလည်း ဆင့်ပြန်ချက်များကိုလည်း ဆင့်ပြန်ပေးထားပေသည်။ ဆက်လက်၍ အမိန့်ရှိထားသည်မှာ အေမာမ်ကုရ်သုဗီး (ရဟ) သခင်ကြီးသည် မုဖ်ဟင်းမ်ကျမ်း၌ 'ကျွန်ုပ်တို့သည် ထိုအမှုကိစ္စ၌ ဆုံးဖြတ်ချက်တစ်စုံတစ်ရာ မချမှတ်ဘဲ၊ သို့သာမက ရေငုံနှုတ်ပိတ်နေရန် အချက်ကိုသာ လက်ကိုင်ထားသင့်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ထိုဓမ္မသတ်သည် ရှုထောင့်တစ်ရပ်အပေါ် လက်တွေ့ကျကျ ကျင့်ကြံပြုမှုရန် အရေးကြီးသော ကျင့်ဆောင်မှုဆိုင်ရာ ကဏ္ဍထဲ၌ မရှိ။ ဤသည် ခံယူချက် မူဝါဒပိုင်းဆိုင်ရာနှင့် စပ်လျဉ်း၍ နေပေသည်။ ငြင်းမရလောက်အောင်သော အတည်ပြုပေးသည့် အထောက်အထားများမရှိသရွေ့ ကာလပတ်လုံး မည်သည့်ဆုံးဖြတ်ချက်တစ်စုံတစ်ရာကိုမျှ ချမှတ်၍ မရနိုင်ပေ။ မည်သည့်အမှုကိစ္စ တစ်ရပ်ရပ်အတွင်း၌ ခိုင်မာပြတ်သားသော အချက်တစ်ချက်ချက်ကို မသိရှိသရွေ့ ကာလပတ်လုံး အမိန့်တစ်ရပ်ရပ်ကို သတ်မှတ်ခြင်းမပြုဘဲ ဤအတိုင်းထား၍ ငြိမ်သက်ကာ နှုတ်ပိတ်နေရပေမည်' ဟူ၍ မိန့်တော်မူထားပေသည်။ ကျွန်ုပ် [စာရေးသူ ဟဇရသ်မောင်လာနာမွဖ်သီရှဖီးအ်ဆွာဟိဗ် (ရဟ)] ၏ ထံ၌လည်း ဤအချက်သာလျှင် အငြိမ်းချမ်းဆုံးနှင့် အသင့်တော်ဆုံးအချက်ပင် ဖြစ်သည်။ ထို့ကြောင့် ယင်းဓမ္မသတ်နှင့် စပ်လျဉ်းသော နှစ်ဖွဲ့၊ နှစ်ဘက်၏ ဖြစ်နိုင်ချေရှိခြင်း၏ အထောက်အထားများကို မတင်ပြထားခြင်း ဖြစ်၏။ (အလ္လာဟ်အသျှင်မြတ်သည် သာလျှင် အသိရှိဆုံး ဖြစ်တော်မူ၏။)

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

أَفَرَءَيْتُمُ ٱللَّٰتَ وَٱلْعُزَّىٰ ﴿١٩﴾

၅၃ : ၁၉ ။ ။ သို့ဖြစ်ပေရာ အသင်တို့သည် 'လားသ်' (အမည်ရှိ ရုပ်တု) နှင့် စပ်လျဉ်း၍လည်းကောင်း၊ 'အွဇ္ဇာ' (အမည်ရှိရုပ်တု) နှင့် စပ်လျဉ်း၍လည်းကောင်း။

وَمَنَوٰةَ ٱلثَّالِثَةَ ٱلْأُخْرَىٰٓ ﴿٢٠﴾

၅၃ : ၂၀ ။ ။ အခြား တတိယမြောက်ဖြစ်သော 'မနားတ်' (အမည်ရှိ ရုပ်တု) နှင့် စပ်လျဉ်း၍လည်းကောင်း၊ ဆင်ခြင်သုံးသပ်ခြင်း ပြုခဲ့ကြလေသလော။

أَلَكُمُ ٱلذَّكَرُ وَلَهُ ٱلْأُنثَىٰ ﴿٢١﴾

၅၃ : ၂၁ ။ ။ အသင်တို့၌ သားယောကျ်ားကလေးများ ရှိကြ၍ ထိုအသျှင်မြတ်၌ သမီးမိန်းကလေးများ ရှိကြလေသလော။

تِلْكَ إِذًا قِسْمَةٌ ضِيزَىٰ ﴿٢٢﴾

၅၃ : ၂၂ ။ ။ ဤသည် လွန်စွာ မမျှတသော ခွဲဝေမှုပင် (ဖြစ်၏။)

إِنْ هِيَ إِلَّا أَسْمَاءٌ سَمَّيْتُمُوهَا أَنْتُمْ
وَآبَاؤُكُمْ مَا أَنْزَلَ اللَّهُ بِهَا مِنْ سُلْطَانٍ ۚ إِنْ يَتَّبِعُونَ
إِلَّا الظَّنَّ وَمَا تَهْوَى الْأَنْفُسُ ۖ وَلَقَدْ جَاءَهُمْ مِنْ رَبِّهِمُ الْهُدَىٰ ﴿٢٣﴾

၅၃ : ၂၃ ။ ။ စင်စစ် ၎င်း (အထက်ဖော်ပြပါ အဆိုပါဆင်းတု) တို့သည် အသင်တို့ကိုယ်တိုင်လည်းကောင်း၊ အသင်တို့၏ အဘ၊ ဘိုး၊ ဘေးတို့သည်လည်းကောင်း မှည့်ခေါ်ထားသော အမည်နာမများသာလျှင် ဖြစ်ကြကုန်၏။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ (ကို ဆည်းကပ်ကိုးကွယ်ရန်) နှင့် စပ်လျဉ်း၍ မည်သည့်သက်သေသာဓက တစ်စုံတစ်ရာကိုမျှပင် ချပေးတော်မူခဲ့သည်မဟုတ်ပေ။ ထိုသူတို့သည် ရမ်းဆထင်မြင်ချက်နှင့် စိတ်အလိုဆန္ဒများကိုသာလျှင် လိုက်နာလျက် ရှိကြကုန်၏။ အမှန်စင်စစ် ၎င်းတို့ထံသို့ ၎င်းတို့၏ အသျှင်မြတ်ထံတော်မှ အမှန်တရားသည် ရောက်ရှိလာခဲ့ချေပြီ။

أَمْ لِلْإِنْسَانِ مَا تَمَنَّىٰ ﴿٢٤﴾

၅၃ : ၂၄ ။ ။ လူသား၌ ၎င်းတို့ မိမိအာသာဆန္ဒ ရှိသမျှ ရရှိကြလေသလော။

فَلِلَّهِ الْآخِرَةُ وَالْأُولَىٰ ﴿٢٥﴾

၅၃ : ၂၅ ။ ။ စင်စစ် နောင်တမလွန်ဘဝ (၏ ကောင်းကျိုးချမ်းသာ) ကိုလည်းကောင်း၊ လောကီဘဝ (၏ ကောင်းကျိုးချမ်းသာ) ကိုလည်းကောင်း အလ္လာဟ်အသျှင်မြတ် (၏ လက်တော်တွင်း) ၌သာ ရှိကုန်၏။

وَكَمْ مِنْ مَلَكٍ فِي السَّمَاوَاتِ لَا تُغْنِي شَفَاعَتُهُمْ شَيْئًا إِلَّا مِنْ
بَعْدِ أَنْ يَأْذَنَ اللَّهُ لِمَنْ يَشَاءُ وَيَرْضَىٰ ﴿٢٦﴾

၅၃ : ၂၆ ။ ။ စင်စစ် မိုးကောင်းကင်များ၌ မြောက်မြားစွာသော 'မလာအေကာဟ်' ကောင်းကင်တမန်တော်တို့သည် ရှိကြကုန်၏။ (သို့ရာတွင်) ၎င်းတို့၏ ကြားဝင်အသနားခံပေးမှုသည်ပင် အလ္လာဟ်အသျှင်မြတ်က မိမိအလိုရှိတော်မူ၍ ကျေနပ်တော်မူသောသူနှင့် ပတ်သက်၍ ခွင့်ပြုတော်မူပြီးနောက်မှသာလျှင် အသုံးဝင်နိုင်မည် ဖြစ်သည်။

إِنَّ الَّذِينَ لَا يُؤْمِنُونَ بِالْآخِرَةِ لَيُسَمُّونَ الْمَلَائِكَةَ تَسْمِيَةَ الْأُنْثَىٰ ﴿٢٧﴾

၅၃ : ၂၇ ။ ။ ကေန်စင်စစ် 'အာခိရတ်' တမလွန်ဘဝကို မယုံကြည်သော သူတို့သည် 'မလာအေကာဟ်' ကောင်းကင်တမန်တို့အား မိန်းမများ၏ အမည်နာမများဖြင့် မှည့်ခေါ်ကြကုန်၏။

وَمَا لَهُم بِهِۦ مِنْ عِلْمٍ ۖ إِن يَتَّبِعُونَ إِلَّا ٱلظَّنَّ ۖ وَإِنَّ ٱلظَّنَّ لَا يُغْنِى مِنَ ٱلْحَقِّ شَيْـًٔا ۝٢٨

၅၃ : ၂၈ ။ ။ အမှန်စင်စစ် ၎င်းတို့၌ ဤသည်နှင့် စပ်လျဉ်း၍ မည်သည့်သက်သေ အထောက်အထား အသိပညာမျှ မရှိပေ။ ၎င်းတို့သည် ရမ်းဆထင်မြင်ယူချက်ကိုသာလျှင် လိုက်နာကြကုန်၏။ သို့ရာတွင် ရမ်းဆထင်မြင်ယူချက်သည် အမှန်တရားနှင့် ယှဉ်ပြိုင်၍ လုံးဝ အသုံးဝင်နိုင်မည် မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အို၊ မုရှ်ရစ်ကအပေါင်းတို့၊ တမန်တော်မြတ် ﷺ သည် မှန်ကန်စွာ ပြောဆိုသူနှင့် 'ဝဟီ' ဗျာဒိတ်တော်၏ နောက်လိုက်သမှု ပြုသောသူဖြစ်ကြောင်း အတည်ပြု သိရှိရပြီးနောက်၊ တမန်တော်မြတ် ﷺ သည် ထို 'ဝဟီ'ဗျာဒိတ်တော်မှ 'သောင်ဝ်ဟီးဒ်' (ကိုးကွယ်မှုခံထိုက်တော်မူသော အသျှင်သည် အလ္လာဟ် အသျှင်မြတ်) တစ်ပါးတည်းသာ တည်ရှိခြင်းအမိန့်ကို မိန့်မြွက်တော်မူခဲ့ပေသည်။ ယင်း 'သောင်ဝ်ဟီးဒ်' (ကိုးကွယ်မှု ခံထိုက်တော်မူသော အသျှင်သည် အလ္လာဟ်အသျှင်မြတ်) တစ်ပါးတည်း တည်ရှိခြင်းတရားသည် ဦးနှောက်အသိဉာဏ်ပိုင်းဆိုင်ရာတို့ဖြင့်လည်း စဉ်းစားတွေးခေါ်၍ ရရှိသော အထောက်အထားများဖြင့်လည်း အတည်ပြု သိရှိရပြီး ဖြစ်ပေသည်။ သို့တစေငြားလည်း အသင်တို့သည် ရုပ်တု၊ ဆင်းတုများကို ခဝပ်ကိုးကွယ်လျက် ရှိကြပေရာ) သို့ဖြစ်ပေရာ အသင်တို့သည် (တစ်ခါတစ်ရံ ထိုရုပ်တု၊ ဆင်းတုများ၊ ဥပမာ) 'လားသ်' (အမည်ရှိ ရုပ်တု) နှင့် စပ်လျဉ်း၍လည်းကောင်း၊ 'အွဇ်ဇား' (အမည်ရှိ ရုပ်တု) နှင့် စပ်လျဉ်း၍လည်းကောင်း၊ အခြားတတိယမြောက်ဖြစ်သော 'မနားသ်' (အမည်ရှိ ရုပ်တု) နှင့် စပ်လျဉ်း၍လည်းကောင်း ဆင်ခြင်သုံးသပ်ခြင်း ပြုခဲ့ကြလေသလော။ (သို့မှသာ အသင်တို့သည် ထိုအရာများသည် ခဝပ်ကိုးကွယ်ခြင်း ခံထိုက်၏လော။ (သို့မဟုတ်) မခံထိုက်၏လောဟူသည်ကို စဉ်းစားသုံးသပ်နိုင်မည် ဖြစ်သည်။ ဤနေရာ၌ ف 'ဖါ'အက္ခရာကြောင့် 'တမန်တော်မြတ် ﷺ အနေဖြင့် သတိပေးပြီးနောက် သတိမူမိရန် သင့်ပေသည်' ဟူသော အကျိုးကို ရရှိပေသည်။ 'သောင်ဝ်ဟီးဒ်'ဟူသော ကိုးကွယ်ခံထိုက်တော်မူသည့် အသျှင်သည် အလ္လာဟ်အသျှင်မြတ် တစ်ပါးတည်းသာ တည်ရှိခြင်းတရားနှင့် စပ်လျဉ်း၍ အခြား နောက်ထပ် စဉ်းစားထိုက်ဖွယ်ကောင်းသော အချက်တစ်ရပ်မှာ 'အသင်တို့သည် ကောင်းကင်တမန်တော်များအား အလ္လာဟ်အသျှင်မြတ်၏ သမီးတော်များ'ဟူ၍ သတ်မှတ်ပေးကာ ခဝပ်ကိုးကွယ်မှု ခံထိုက်သူဟူ၍ ပြောဆိုကြလေရာ) အသင်တို့၌ သားယောကျ်ားလေးများ ရှိကြ (သည်ဟု သတ်မှတ်မှု ပြုထား) ၍ ထိုအသျှင်မြတ်၌ သမီး မိန်းကလေးများ ရှိကြလေသလော။ (ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်အတွက်မူ သမီးမိန်းကလေးများကို သတ်မှတ်ခဲ့ကြပါ၏လော။ ၎င်းမိန်းကလေးများကို အသင်တို့သည် ရှက်ဖွယ်တရားနှင့် စက်ဆုပ်ရွံရှာဖွယ်ထိုက်သော သူမများဟူ၍ မှတ်ယူထားကြပေသည်။ ထိုမိန်းကလေးများကို အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်သို့ ဆက်နွယ်ကာ ပြောဆိုနေပါသလော။)

ဤသည် လွန်စွာ မမျှတသော ခွဲဝေမှုပင် (ဖြစ်၏။) အကြောင်းမှာ ကောင်းသော အရာကို အသင်တို့သည် မိမိတို့အတွက် သတ်မှတ်၍ မကောင်းသော အရာကို အလ္လာဟ်အသျှင်မြတ်အတွက် သတ်မှတ်ထားရှိထားပေသလော။ (ဤမည်သော စွပ်စွဲချက်မှ အလ္လာဟ်အသျှင်မြတ်ထံ ခိုလှုံမှု တောင်းခံအပ်ပါ၏။) ဤသည် ပတ်ဝန်းကျင်သုံး ထုံးဓလေ့ကို အခြေခံမူတည်၍ မိန့်တော်မူထားခြင်း ဖြစ်ပေသည်။ အမှန်စင်စစ်တွင်မူ အလ္လာဟ်အသျှင်မြတ်အတွက် သားယောက်ျားလေးများ ရှိသည်ဟူ၍ သတ်မှတ်ပြောဆိုမှု ပြုခြင်းသည်လည်း မပြုအပ်သော အချက်ပင် ဖြစ်ပေသည်။။)

စင်စစ် ၎င်း (အထက်ဖော်ပြပါ ကိုးကွယ်ခံထိုက်သူများဟု သတ်မှတ်ပြောဆိုခဲ့သော ဆင်းတုများနှင့် အထက်ဖော်ပြပါ ခံယူချက်နှင့်တကွ ကောင်းကင်တမန်တော်များ) သည် အသင်တို့ကိုယ်တိုင်သည်လည်းကောင်း၊ အသင်တို့၏ ဘိုးဘေးတို့သည်လည်းကောင်း မှည့်ခေါ်ထားသော အမည်နာမများသာ ဖြစ်ကြကုန်၏။ (ဆိုလိုသည်မှာ ဤသို့ အမည်တပ်ခြင်းခံထားရသော အရာများ၌ ကိုးကွယ်ရာအသျှင် ဖြစ်ထိုက်ဖွယ်ရှိသော အရာတစ်စုံတစ်ရာမျှ မရှိပေ။ သို့သာမက အခြေခံရည်ညွှန်းချက် မည်သည့်နေရာ တစ်နေရာ၌မှာပင် မရှိကြသော အမည်နာမများသာလျှင် ဖြစ်ပေသည်။) အလ္လာဟ်အသျှင်မြတ်သည် ၎င်း (တို့ကိုခဝပ်ကိုးကွယ်ရန်) နှင့် စပ်လျဉ်း၍ (ဦးနှောက်အသိဉာဏ်အရ စဉ်းစားတွေးခေါ်၍ ရရှိသော အထောက်အထား၊ ဆင့်ကဲဆင့်ကဲ ဆင့်ဆိုချက်များဖြင့် အတည်ပြု၍ ရရှိသော အထောက်အထားဆိုင်ရာ) မည်သည့်သက်သေသာဓက တစ်စုံတစ်ရာကိုမျှပင် ချပေးတော်မူခဲ့သည် မဟုတ်ပေ။ ထိုသူတို့သည် (ဤအလ္လာဟ်အသျှင်မြတ်မှတစ်ပါး အခြားအရာများကို ကိုးကွယ်ခံထိုက်သူများဟူ၍ ယုံကြည်ချက်ထားရှိမှု၌) ရမ်းဆထင်မြင်ချက်နှင့် စိတ်အလိုဆန္ဒများကိုသာလျှင် လိုက်နာလျက် ရှိကြကုန်၏။ (၎င်းမှာ အခြေအမြစ်မရှိသော အရာများကို တွေးခေါ်မှုကြောင့် ပေါ်ပေါက်လာခြင်း ဖြစ်ပေသည်။ ယင်းအချက်နှစ်ရပ်၌ ကွဲပြားခြားနားချက်မှာ ကျင့်ကြံဆောင်ရွက်မှုများတိုင်းအတွက် ဦးစွာပထမ ခံယူချက်ပိုင်းဆိုင်ရာ မူဝါဒတစ်ရပ်တည်ရှိနေပေသသည်။ ယင်း၏ နောက်မှ ပြုမူ ဆောင်ရွက်ချက်ကို နှိုးဆော်မှုပြုသော စိတ်အလိုဆန္ဒတို့ဖြစ်ပေသည်။ သို့ရှိရာ ယင်းအချက်နှစ်ရပ်စလုံးဘက်သို့ ရည်ညွှန်းမိန့်ဆိုထားပေသည်။) အမှန်စင်စစ် ၎င်းတို့ထံသို့ ၎င်းတို့၏ အသျှင်မြတ်ထံတော်မှ 'အမှန်တရားကို ပြောဆိုသူ၊ အလ္လာဟ်အသျှင်မြတ်၏ 'ဝဟီ' ဗျာဒိတ်တော်အား နောက်လိုက်သမှုပြုသူ တမန်တော်မြတ် ﷺ ၏ ကြားခံ၊ အကြောင်းခံဖြင့် အမှန်တရား (ဟေဒါယသ်) သည် ရောက်ရှိလာခဲ့ချေပြီ။ (ဆိုလိုသည်မှာ မိမိတို့၏ ကြွေးကြော်နေသော ကြွေးကြော်မှုအပေါ် အထောက်အထားတစ်စုံတစ်ရာ မတင်ပြနိုင်။ တစ်ဖန် ထိုကြွေးကြော်မှု၏ အကျယ်တဝင့် ရှင်းလင်းချက် အထောက်အထားများအား တမန်တော်မြတ် ﷺ အား အကြောင်းခံ၍ ကြားနာခဲ့ပြီး ဖြစ်ပေသည်။ တစ်ဖန် မယုံကြည်ကြပေ။ ဤအထိမှု အလ္လာဟ်အသျှင်မြတ်မှအပ အခြားသော အရာတစ်ခုခုကို ခဝပ်ကိုးကွယ်ခြင်း ခံထိုက်သော အရာဖြစ်ကြောင်း သတ်မှတ်ခြင်း မှားယွင်းကြောင်းကို တင်ပြမိန့်မြွက်ခဲ့ခြင်း ဖြစ်ပေသည်။)

(ရှေ့၌ အသင်တို့သည် ရုပ်တု၊ ဆင်းတုများကို 'ဤအရာများသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ အသင်တို့အား ကြားဝင်အသနားခံပေးလိမ့်မည်' ဟူသော ရည်ရွယ်ချက်ဆန္ဒတို့ဖြင့် ခဝပ်ကိုးကွယ်ခြင်း ခံထိုက်သော အရာများဖြစ်ကြောင်းဟူ၍ ယုံကြည်လျက် ရှိနေကြသည်။ ဤသည်လည်း လှည့်ဖြားခံရမှုနှင့် မှားယွင်းခြင်းသက်သက်သာလျှင် ဖြစ်ကြောင်းကို တင်ပြထားပေသည်။ စဉ်းစားတွေးခေါ်ကြကုန်။) လူသား၌ ၎င်းတို့ မိမိ အာသာဆန္ဒရှိသမျှ ရရှိကြလေသလော။

စင်စစ် နောင်တမလွန်ဘဝ (၏ ကောင်းကျိုးချမ်းသာ) ကိုလည်းကောင်း၊ လောကီ (ဘဝ၏ ကောင်းကျိုးချမ်းသာ) ကိုလည်းကောင်း အလ္လာဟ်အသျှင်မြတ် (၏ လက်တော်တွင်း) ၌သာ ရှိကုန်၏။ (သို့ရှိရာ ထိုအသျှင်မြတ်သည် မိမိ လိုလားနှစ်သက်တော်မူသော သူအား ပြည့်ဝစွာ ချီးမြှင့်ပေးသနားတော်မူပေသည်။ ငြင်း၍မရသော 'နစ္စ်' (လိုရင်းသဘောကို တင်ပြရန် ယူဆောင်လာသော ဝါကျ) ၌ 'အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ မှားယွင်းသော မက်ဆန္ဒထားရှိခြင်းမျိုးများကို ပြည့်ဝစွာ ဖြည့်စွက် ပေးတော်မူမည် မဟုတ်ပေ။ ကမ္ဘာလောက၌လည်း ၎င်းတို့၏ လောကီရေးရာ လိုအပ်ချက်များ၌ ကြားဝင်အသနားခံပေးခွင့် ပေးမည်မဟုတ်သကဲ့သို့ နောင်တမလွန် 'အာခေရသ်'၌လည်း ပြစ်ဒဏ်မှ လွတ်မြောက်မှု ရရှိရန် ကြားဝင်အသနားခံပေးမည် မဟုတ်ခြင်းကြောင့် မုချ ထိုမက်ဆန္ဒတို့သည် ပြည့်ဝနေမည်မဟုတ်ပေ' ဟူသော အချက်ကို ပြဆိုထားပေသည်။)

စင်စစ် (ရုပ်တု၊ ဆင်းတုများမှာ မည်ကဲ့သို့ ကြားဝင်အသနားခံပေးနိုင်အံ့နည်း။ အကြောင်းမှာ ၎င်းတို့အတွင်းဝယ် ကြားဝင်အသနားခံ ပေးနိုင်စွမ်းပင် မရှိကြချေ။ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ ကြားဝင်အသနားခံပေးနိုင်စွမ်း ရှိကြသူတို့သည်လည်း အလ္လာဟ်အသျှင်မြတ်၏ ခွင့်ပြုချက်မရှိဘဲနှင့် ကြားဝင်အသနားခံပေးခွင့် မရရှိနိုင်ပေ။ သို့ရှိရာ) မိုးကောင်းကင်များ၌ မြောက်မြားစွာသော ကောင်းကင်တမန်တော်တို့သည် ရှိကြကုန်၏။ (ထိုသို့ တင်ပြရာ၌ ဂုဏ်ရှိန်၊ ဂုဏ်ဝါ မြင့်မားခြင်းဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားဟန် တူပေသည်။ သို့ရာတွင် ထိုသို့ ဂုဏ်ရှိန်၊ ဂုဏ်ဝါ မြင့်မားစွာ တည်ရှိနေသည့် ကြားကပင် ၎င်းတို့၏ ကြားဝင်အသနားခံပေးမှုသည် အနည်းငယ်မျှ အသုံးဝင်မည် မဟုတ်ပေ။ သို့သာမက ၎င်းတို့ဘက်မှ ကြားဝင်အသနားခံပေးခြင်း ရှိမည်ပင် မဟုတ်ပေ။ သို့ရာတွင်) ၎င်းတို့၏ ကြားဝင်အသနားခံပေးမှုသည်ပင် အလ္လာဟ်အသျှင်မြတ်က မိမိအလိုရှိတော်မူ၍ ကျေနပ်တော်မူသောသူနှင့် ပတ်သက်၍ ခွင့်ပြုတော်မူပြီး နောက်မှသာလျှင် အသုံးဝင်နိုင်မည်ဖြစ်သည်။ يَرْضَىٰ (ကျေနပ်တော်မူသောသူ၏ ကြားဝင်အသနားခံပေးခြင်း) ဟူသည့် စကားလုံးကို သာပို၍ ထည့်ကာ တင်ပြထားခြင်းမှာ တစ်ခါတစ်ရံ အဖန်ဆင်းခံများ၏ ခွင့်ပြုမှုသည် မကျေနပ်နေလင့်ကစား ဖိနှိပ်ချုပ်ချယ်မှု တစ်စုံတစ်ရာကြောင့်သော်လည်းကောင်း၊ (သို့မဟုတ်) အကျိုးတစ်စုံတစ်ရာအတွက်သော်လည်းကောင်း ပေးခြင်းမျိုးများလည်း ရှိပေသည်။ အလ္လာဟ်အသျှင်မြတ်နှင့် စပ်လျဉ်းသော အမှုကိစ္စများ၌မူ 'ထိုအသျှင်မြတ်အား တစ်စုံတစ်ရာက ဖိနှိပ်ချုပ်ချယ်မှု ပြုနေသည့်အတွက်ကြောင့် မတတ်သာ၍ ကျေနပ်လိုက်ရခြင်း' ဟူသော အချက်သည် ဝေးလံ၊ ခဲယဉ်းကာ တစ်စုံတစ်ရာ မဖြစ်နိုင်သည့်အချက်ကြောင့်ပင် ဖြစ်ပေသည်။)

(ရှေ့၌ ကောင်းကင်တမန်တော်များကို အလ္လာဟ်အသျှင်မြတ်၏ သားသမီးများအဖြစ် သတ်မှတ် အတည်ပြုပေးခြင်းသည် 'ကုဖ္ဖရ်' (သွေဖည်ငြင်းဆိုမှု) ဖြစ်ခြင်းအကြောင်းကို တင်ပြထားပေသည်။) စကန်စင်စစ် 'အာခိရသ်' တမလွန်ဘဝကို မယုံကြည်သောသူတို့သည် (မယုံကြည်ရုံသာမက ငြင်းဆိုသည့် အတွက်ကြောင့် ကာဖိရ်များ ဖြစ်ကြပေသည်။) ကောင်းကင်တမန်တော်များအား (အလ္လာဟ်အသျှင်မြတ်၏) သမီးမိန်းကလေးများဟူသော အမည်နာမများဖြင့် မှည့်ခေါ်ကြကုန်၏။ (နောင်တမလွန် 'အာခိရသ်'ကို မယုံကြည်ကြခြင်းကို အထူးပြု၍ သုံးနှုန်းထားတော်မူရခြင်းအကြောင်းမှာ 'ဤလမ်းလွဲမှားခြင်းအချက် များ အားလုံးသည် နောင်တမလွန် 'အာခိရသ်'နှင့် စပ်လျဉ်း၍ သောကကင်းမဲ့စွာ နေထိုင်နေသည့်အတွက် ကြောင့် ပေါ်ပေါက်လာခြင်းဖြစ်ပေသည်။ သို့တည်းမဟုတ်က 'အာခိရသ်' နောင်တမလွန်ကို ယုံကြည်သော သူတို့သည် မိမိလွတ်မြောက်ရာ လွတ်မြောက်ကြောင်းကို မုချ သောကထားရှိနေပေမည်' ဟူသော အချက် ဘက်သို့ ရည်ညွှန်း ဖော်ထုတ်ထားဟန်တူပေသည်။ ဤနေရာ၌ أُنْثَى 'အွန်းဇာ' ဟူသော စကားလုံး၏ အဓိပ္ပာယ်ကို 'သမီးမိန်းကလေး'ဟူ၍ အဓိပ္ပာယ်ကောက်ထားပေသည်။ ပမာတင်ပြရမည်ဆိုသော် ကုရ်အာန် ကျမ်းတော်မြတ်အတွင်း အလ္လာဟ်အသျှင်မြတ် မိန့်မြွက်တော်မူခဲ့သည့်

وَإِذَا بُشِّرَ أَحَدُهُمْ بِالْأُنْثَى

(စင်စစ် ၄င်းတို့အနက် တစ်ဦးတစ်ယောက်သည် သမီးမိန်းကလေး မွေးဖွားလာသည်နှင့် ပတ်သက်၍ သတင်းကောင်းပေးခြင်းကို ခံရသောအခါ) *[၁၆ : ၅၈]*

ဟူသော အာယသ်တော်၌ ကောက်ယူသော အဓိပ္ပာယ်အတိုင်း ဖြစ်၏။ ကောင်းကင်တမန်တော် များကို အလ္လာဟ်အသျှင်မြတ်နှင့်အတူ တုဖက်နှိုင်းယှဉ်မှုပြုခြင်း 'ကုဖ္ဖရ်' ဖြစ်ခြင်းအကြောင်း ရှင်းလင်း စွာဖြင့် မိန့်တော်မူထားပေရာ ရုပ်တု၊ ဆင်းတုများကို ဖက်စပ်နှိုင်းယှဉ်ကာ ထားရှိခြင်းသည် 'ကုဖ္ဖရ်' ဖြစ်ခြင်း သာ၍ပင် ဖြစ်ကြောင်း အတည်ပြု၍ ရရှိသွားပေသည်။ ထို့ကြောင့် ယင်းအချက်ကိုသာလျှင် တင်ပြလိုက်ခြင်း ဖြစ်ပေသည်။

(ရှေ့၌ ကောင်းကင်တမန်တော်များကို အလ္လာဟ်အသျှင်မြတ်၏ သမီးမိန်းကလေးများအဖြစ် သတ်မှတ်ပေးလိုက်ခြင်း၏ ခံယူချက်ပိုင်းဆိုင်ရာ မူဝါဒသည် မှားယွင်းကြောင်းကို တင်ပြထားပေသည်) အမှန်စင်စစ် ၄င်းတို့၌ ဤသည်နှင့်စပ်လျဉ်း၍ မည်သည့်သက်သေ အထောက်အထား အသိပညာမျှ မရှိပေ။ ၄င်းတို့သည် ရမ်းဆထင်မြင်ယူဆချက်ကိုသာလျှင် လိုက်နာကြကုန်၏။ သို့ရာတွင် ရမ်းဆ ထင်မြင် ယူဆချက် သည် အမှန်တရား (အား အတည်ပြုပေးလိုက်ခြင်း) နှင့် ယှဉ်ပြိုင်၍ လုံးဝ အသုံးဝင်နိုင်မည် မဟုတ်ပေ။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

တင်ပြခဲ့ပြီးသော အာယသ်တော်များအတွင်း၌ တမန်တော်မြတ် ﷺ နဗီဖြစ်ခြင်း၊ ရစူလ်ဖြစ်ခြင်း အကြောင်းနှင့် တမန်တော်မြတ် ﷺ အပေါ် ထုတ်ပြန်ပို့ချခြင်း ခံထားရသော 'ဝဟီ'ဗျာဒိတ်တော်များသည်

ထိန်းသိမ်းစောင့်ရှောက်ခြင်း ခံထားရသည့် အကြောင်းကို အကျယ်တဝင့် အထောက်အထားများဖြင့် တင်ပြထားပေသည်။ ဤအာယသ်တော်များအတွင်း၌ အထက်ပါအချက်နှင့် ဆန့်ကျင်၍ အာရဗ်ရှိ မုရှ်ရစ်က်တို့၏ 'ငင်းတို့သည် အထောက်အထား တစ်စုံတစ်ရာမျှ မရှိဘဲ အမျိုးမျိုးသော ရုပ်တု၊ ဆင်းတုများကို မိမိတို့၏ ခဝပ်ကိုးကွယ်ခြင်း ခံထိုက်သော အရာများ၊ ယုံကြည်အားကိုးထိုက်သော အရာအဖြစ် ပြုလုပ်ဖန်တီးထားကြပေသည်။ ကောင်းကင်တမန်တော်များကို အလ္လာဟ်အသျှင်မြတ်၏ သမီးဟူ၍ ဆိုကြပေသည်။ အခြားသော ဆင့်ပြန်ချက်များအတွင်း၌ ထိုရုပ်တု၊ ဆင်းတုများကိုလည်း အလ္လာဟ်အသျှင်မြတ်၏ သမီးများဖြစ်ကြောင်း ပြောဆိုလေ့ရှိကြကြောင်း'ဟူ၍ စက်ဆုပ်ဖွယ်ကောင်းသော အပြုအမူ၊ အပြောအဆိုတို့ကို ရှုတ်ချ တင်ပြထားပေသည်။

အာရဗ်ရှိ မုရှ်ရစ်က်တို့ ခဝပ်ကိုးကွယ်ခဲ့ကြသော ရုပ်တုဆင်းတုများသည် မရေမတွက်နိုင်လောက်အောင် များပြားလှပေသည်။ သို့ရာတွင် ထိုရုပ်တု၊ ဆင်းတုများအတွင်းမှ ရုပ်တု (၃) ခုသည် သာပို၍ကျော်ကြားပေသည်။ ထိုရုပ်တုအား ခဝပ်ကိုးကွယ်မှု ပြုခြင်းအပေါ် အာရဗ်၏ ကြီးမားလှစွာသော မျိုးနွယ်အုပ်စုများသည် ပါဝင်နေပေသည်။ 'လားသ်'၊ 'အုဇ္ဇား' နှင့် 'မနာသ်' တို့ ဖြစ်ပေသည်။ စကီးဖ်မျိုးနွယ်အုပ်စု (သွာအိဖ်မြို့သား) တို့သည် 'လားသ်'ရုပ်တုအားလည်းကောင်း ကုရိုက်ရှ်အမျိုးသားတို့သည် 'အုဇ္ဇား' ရုပ်တုအားလည်းကောင်း၊ ဗနူဟေလားလ်မျိုးနွယ် အုပ်စုတို့သည် 'မနားသ်' ရုပ်တုကိုသော်လည်းကောင်း အသီးသီး ခဝပ်ကိုးကွယ်လာခဲ့ကြကုန်၏။ ထိုရုပ်တုများ တည်ရှိနေသော နေရာ၌ မုရှ်ရစ်က်တို့သည် အလွန်ခန့်ညားထည်ဝါလှစွာသော အဆောက်အဦးများကို တည်ဆောက်ထားကြပေသည်။ အကြင်အဆောက်အဦးများကို 'ကအ်ဗာဟ်'ကျောင်းတော်၏ အဆင့်ထိတိုင် ထားရှိပေးကြပေသည်။ မက္ကာဟ်ရွှေမြို့တော်ကို အောင်နိုင်ပြီးနောက် တမန်တော်မြတ် ﷺ သည် ထိုရုပ်တု၊ ဆင်းတုများအားလုံးကို ဖြိုချဖျက်ဆီးနိုင်းလိုက်ပေသည်။ *[ကုရ်သုဗီးကျမ်းမှ ကောက်နုတ်ချက်။]*

قِسْمَةٌ ضِيزَىٰ (လွန်စွာ မမျှတသော ခွဲဝေမှု) ضِيزَىٰ သည် ضوز ဟူသော စကားလုံးမှ ဆင်းသက်လာ၍ 'မတရားသမှုပြုခြင်း၊ အခွင့်အရေးကို ချိုးဖောက်ခြင်း'ဟူ၍ အဓိပ္ပာယ်ရ၏။ ထို့ကြောင့် အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးသည် ထိုစကားလုံးတော်များ၏ အဓိပ္ပာယ်ကို 'မတရားသဖြင့် ခွဲဝေခြင်း' ဟူ၍ ပြန်ဆိုထားပေသည်။

ရမ်းဆထင်မြင်ခြင်း၏ အမျိုးအစားများနှင့် ၎င်းတို့၏ အမိန့်

إِنَّ الظَّنَّ لَا يُغْنِي مِنَ الْحَقِّ شَيْئًا

(သို့ရာတွင် ရမ်းဆထင်မြင် ယူဆချက်သည် အမှန်တရားနှင့် ယှဉ်ပြိုင်၍ လုံးဝ အသုံးဝင်နိုင်မည် မဟုတ်ပေ။) *[၅၃ : ၂၈]*

ظن 'ဇွာန်'ဟူသော စကားလုံးသည် အာရဗီစာပေဘာသာစကား၌ အဓိပ္ပာယ်အမျိုးမျိုးအတွက် အသုံးပြုလေ့ရှိပေသည်။ 'အခြေအမြစ်မရှိသော တွေးခေါ် မျှော်မှန်းမှုများ' ကိုလည်း ခေါ်ဆိုကြောင်း ဟူ၍ အဓိပ္ပာယ်တစ်ရပ်အဖြစ်လည်း လာရှိထားပေသည်။ အာယသ်တော်အတွင်း၌ ယခု အထက်တင်ပြပါ အဓိပ္ပာယ်ကိုသာလျှင် လိုရင်းသဘောအဖြစ် ကောက်ယူထားပေသည်။ ဤသည်သာလျှင် မက္ကာဟ်မြို့နေ မုရှ်ရစ်ကိတို့၏ ရုပ်တု၊ ဆင်းတုများကို ခဝပ်ကိုးကွယ်ရခြင်း၏ အကြောင်းခံ ဖြစ်ပေသည်။ ထိုအချက်အား ဝေးကွာပပျောက် ရှင်းလင်းစေရန်အတွက် ဤသို့ မိန့်တော်မူခဲ့ရခြင်း ဖြစ်ပေသည်။

ظن ၏ ဒုတိယအဓိပ္ပာယ်မှာ يقين နှင့် ဆန့်ကျင်ဘက်ဖြစ်သော အဓိပ္ပာယ်ကို ခေါ်ဆိုပေသည်။

يقين ၏ အဓိပ္ပာယ်မှာ 'ဒွိဟသံသယ တစ်စုံတစ်ရာ ဖြစ်ပေါ်စေနိုင်သော လမ်းကြောင်းမရှိဘဲ ငြင်းမရသော 'အိလ်မ်' (အသိပညာ) နှင့်အညီ အမှန်တကယ် ဖြစ်ပေါ်တည်ရှိနေခြင်းကို ခေါ်ဆိုကြပေသည်။ ဥပမာ- ကုရ်အာန်ကျမ်းတော်မြတ် (သို့မဟုတ်) စဉ်တိုက်ဆက်တိုက် ခေတ်အဆက်ဆက်၌ ဆင့်ကဲဆင့်ပြန်သူ များပြားစွာဖြင့် ဆင့်ပြန်လာရှိထားသော **حاديث متواتره** တို့မှ ရရှိသော 'အိလ်မ်' (အသိပညာ) တို့ ဖြစ်ပေသည်။ ၎င်းနှင့် ဆန့်ကျင်ဘက် အဓိပ္ပာယ်ရှိသော ظن သည် 'အခြေအမြစ်မရှိသော တွေးခေါ်မှုများ မဟုတ်လင့်ကစား ၎င်း၏ အထောက်အထားသည် 'အခြားသော ဖြစ်နိုင်ချေရှိသည့် အခြေအနေများ မတည်ရှိရလောက်အောင် ခိုင်မာပြတ်သားလှစွာသော အဆင့်အဖြစ် မတည်ရှိပေ' ဟူသော အဆင့်မျိုး၌သာ ရှိပေသည်။ ဥပမာ- များသောအားဖြင့် ဟဒီးစ်တော်၏ ဆင့်ပြန်ချက်များဖြင့် အတည်ပြုထားသော အမိန့်ပညတ်ချက်များ ဖြစ်ပေသည်။ ထို့ကြောင့် ပထမအမျိုးအစား၏ မွေသတ်များကို **قطعيات** နှင့် **يقينيات** ဟု ခေါ်ဆိုပေသည်။

ဒုတိယအမျိုးအစားကို **ظنيات** ဟူ၍ ခေါ်ဆိုပေသည်။ ဤ ظن သည် ရှရီအသ်သာသနာတော်၌ အထောက်အထားအဖြစ် အတည်ပြုခြင်း ခံထားရပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်၌ ၎င်းအထောက်အထား ဖြစ်နိုင်ခြင်းအပေါ် သာဓကသက်သေများ တည်ရှိနေပေသည်။ 'အွမ္မသ်'နောက်လိုက် ထု တစ်ရပ်လုံးထံ၌ ၎င်းမှ ကောက်နှုတ် တင်ပြထားသော အမိန့်ပညတ်ချက်များအပေါ် 'အမလ်'ပြုရန် 'ဝါဂျိဗ်' ဖြစ်ပေသည်။ တင်ပြလျက်ရှိနေသော အာယသ်တော်အတွင်း၌ ظن ကို အတည်ပြုခြင်း မခံထားရသော အချက်အဖြစ် သတ်မှတ်ပေးထားပေသည်။ ထို ظن ၏ အလိုသဘောမှာ အခြေအမြစ်မရှိ၊ အထောက်အထား ကင်းမဲ့သော ရမ်းရော်မှန်းဆချက်များ ဖြစ်ပေသည်။ ထို့ကြောင့် စောဒကတစ်စုံတစ်ရာမျှ မပြုနိုင်တော့ပေ။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

فَأَعْرِضْ عَن مَّن تَوَلَّىٰ عَن ذِكْرِنَا وَلَمْ يُرِدْ إِلَّا الْحَيَاةَ الدُّنْيَا ﴿٢٩﴾

၅၃ : ၂၉ ။ ။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် အကြင်သူတို့အား လစ်လျူရှု၍ နေပါလေ။ ထိုသူတို့သည် ငါအသျှင်မြတ်၏ အဆုံးအမတရားတော်မှ မျက်နှာလွှဲ၍ နေခဲ့ကြကုန်၏။ ထို့ပြင် ၄င်းတို့သည် လောကီဘဝမှအပ အခြားတစ်စုံတစ်ရာကို ရည်ရွယ်ကြသည်မဟုတ်ပေ။

ذَٰلِكَ مَبْلَغُهُم مِّنَ الْعِلْمِ ۚ إِنَّ رَبَّكَ هُوَ أَعْلَمُ بِمَن
ضَلَّ عَن سَبِيلِهِ وَهُوَ أَعْلَمُ بِمَنِ اهْتَدَىٰ ﴿٣٠﴾

၅၃ : ၃၀ ။ ။ ဤသည် ၄င်းတို့၏ အမြင့်ဆုံးသော အသိပညာပင် (ဖြစ်၏။ အို၊ နဗီတမန်တော်) ဧကန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည်ပင်လျှင် ထိုအသျှင်မြတ်၏ လမ်းတော်မှ လွဲချော်သူအား အသိတော်မူဆုံး ဖြစ်တော်မူ၏။ ၄င်းပြင် ထိုအသျှင်မြတ်သည်သာလျှင် တရားလမ်းမှန်ကို ရရှိသော သူအား အသိတော်မူဆုံး ဖြစ်တော်မူပေသည်။

وَلِلَّهِ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ لِيَجْزِيَ الَّذِينَ أَسَاءُوا بِمَا عَمِلُوا
وَيَجْزِيَ الَّذِينَ أَحْسَنُوا بِالْحُسْنَى ﴿٣١﴾

၅၃ : ၃၁ ။ ။ ထို့ပြင် မိုးကောင်းကင်များ၌ ရှိရှိသမျှတို့နှင့် ပထဝီမြေ၌ ရှိရှိသမျှတို့ကို အလ္လာဟ်အသျှင်မြတ်သည်သာလျှင် ပိုင်ဆိုင်တော်မူသော အရာများသည်သာလျှင် ဖြစ်ကြကုန်၏။ နောက်ဆုံးတွင် ထိုအသျှင်မြတ်သည် ဒုစရိုက်မှုကို ကျူးလွန်ခဲ့ကြသော သူတို့အား ၄င်းတို့ ကျူးလွန်ခဲ့ကြသော အကျိုး (အစား) ကို ပေးတော်မူမည်။ ထိုနည်းတူစွာ ထိုအသျှင်မြတ်သည် ကောင်းမှုပြုလုပ်ခဲ့ကြသော သူတို့အား ကောင်းမြတ်သော အကျိုး (အစား) ကို ပေးတော်မူမည်။

الَّذِينَ يَجْتَنِبُونَ كَبَائِرَ الْإِثْمِ
وَالْفَوَاحِشَ إِلَّا اللَّمَمَ ۚ إِنَّ رَبَّكَ وَاسِعُ الْمَغْفِرَةِ ۚ هُوَ أَعْلَمُ بِكُمْ إِذْ
أَنشَأَكُم مِّنَ الْأَرْضِ وَإِذْ أَنتُمْ أَجِنَّةٌ فِي بُطُونِ أُمَّهَاتِكُمْ ۖ فَلَا تُزَكُّوا
أَنفُسَكُمْ ۖ هُوَ أَعْلَمُ بِمَنِ اتَّقَىٰ ﴿٣٢﴾

၅၃ : ၃၂ ။ ။ အကြင် (ကောင်းမှုပြု) သူတို့သည် ပြစ်မှုအသေးအဖွဲ့များကို (မတော်တဆ) ပြုမိကြသော်လည်း ကြီးလေးသော ပြစ်မှုတို့မှလည်းကောင်း၊ ညစ်ညမ်းသော အမှုကိစ္စတို့မှလည်းကောင်း (အထူး) ရှောင်ကြဉ်ကြကုန်၏။ ဧကန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် လွန်စွာ ကျယ်ဝန်းလှစွာသော လွတ်ငြိမ်းချမ်းသာခွင့်ကို ပိုင်ဆိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်သည် အသင်တို့အား မြေဖြင့် ဖန်ဆင်းတော်မူခဲ့စဉ်အခါ၌ အသင်တို့အား

ကောင်းစွာ သိရှိတော်မူ၏။ ထိုနည်းတူစွာ အသင်တို့သည် မိမိတို့ မိခင်များ၏ ဝမ်းဗိုက်များ၌ သန္ဓေတည်စ ကလေးဘဝ၌ ရှိခဲ့ကြစဉ်အခါ၌လည်း (အသင်တို့အား ကောင်းစွာ သိရှိတော်မူ၏။) သို့ဖြစ်ပေရာ မိမိတို့ကိုယ်ကို မိမိတို့ မြင့်မြတ်သည်၊ သန့်ရှင်းစင်ကြယ်သည်ဟု မထင်မှတ်ကြကုန်လင့်။ ထိုအသျှင်မြတ်သည်သာလျှင် ပြစ်မှုဒုစရိုက်တို့မှ ရှောင်ကြဉ်ကြကုန်သော သူတို့အား အသိတော်မူဆုံး ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

اِنْ يَّتَّبِعُوْنَ اِلَّا الظَّنَّ

(၄င်းတို့သည် ရမ်းဆထင်မြင်ယူဆချက်ကိုသာလျှင် လိုက်နာကြကုန်၏။) *[၅၃ : ၂၃]*

နှင့် جَآ ئَهُمْ مِّنْ رَّبِّهِمُ الْهُدٰى

(အမှန်စင်စစ် ၄င်းတို့ထံသို့ ၄င်းတို့၏ အသျှင်မြတ်ထံတော်မှ အမှန်တရားသည် ရောက်ရှိလာခဲ့ချေပြီ။) *[၅၃ : ၂၃]*

ဟူသော အာယသ်တော်တို့မှ အာရဗ်ရှိ မုရှ်ရစ်က်တို့၏ မလိုမုန်းတီး ဆန့်ကျင်ခြားနားမှုတရား ထားရှိခြင်းကို သိရှိခဲ့ရပေပြီ။ ကုရ်အာန်ကျမ်းတော်မြတ်နှင့် 'ဟေဒါယသ်'လမ်းမှန်တရား ကျရောက်နေသည့်ကြားကပင် ဤသူတို့သည် မိမိတို့၏ ရမ်းရော်မှန်းဆမှုနှင့် စိတ်ရိုင်း၏ အလိုကို လိုက်ကာ လျှောက်လှမ်းလျက် ရှိကြကုန်၏။ မလိုမုန်းတီး ဆန့်ကျင်ခြားနားမှုတရား ထားရှိသူတို့ထံမှ အမှန်တရားကို လက်ခံရန် မျှော်လင့်ချက်သည် မရှိတော့ပေ။) သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် အကြင်သူတို့အား လစ်လျူရှု၍ နေပါလေ။ ထိုသူတို့သည် ငါအသျှင်မြတ်၏ အဆုံးအမတရားတော်မှ မျက်နှာလွှဲ၍ နေခဲ့ကြကုန်၏။ ထို့ပြင် ၄င်းတို့သည် လောကီဘဝမှအပ (နောင်တမလွန် 'အာခေရသ်) ရည်ရွယ်ချက် ထားရှိကြသည်မဟုတ်ပေ။ (ယင်းကဲ့သို့ ဖြစ်ရခြင်းမှာ 'အာခေရသ်' နောင်တမလွန်ဘဝအပေါ် အီမာန်ယုံကြည်မှု မထားကြ၍ ဖြစ်သည်။ ၄င်းကို

لَا يُؤْمِنُوْنَ بِالْاٰخِرَةِ

(နောင်တမလွန် 'အာခေရသ်' ကို မယုံကြည်ကြသူတို့။) *[၅၃ : ၂၇]*

ဟူသော အာယသ်တော်၌ အထက်တွင် သိရှိခဲ့ပြီး ဖြစ်သည်။ ဤသည် (လောကီရေးရာသည်ပင်လျှင်) ၄င်းတို့၏ အမြင့်ဆုံးသော အသိပညာပင် ဖြစ်၏။ (၄င်းတို့၏ ဤသို့ လွဲမှားသော သဘောပေါက်မှုနှင့် သောကကင်းမဲ့မှု၏ အခြေအနေသည် ဤမျှခန့် အတိုင်းအတာထိတိုင်အောင် ရောက်ရှိနေပေရာ ၄င်းတို့နှင့် စပ်လျဉ်း၍ သောကမထားလေနှင့်။ ၄င်းတို့နှင့် စပ်လျဉ်းသော အမှုကိစ္စကို အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးသို့ အပ်နှင်းလိုက်ပါ။ သို့ရှိရာ အို၊ နဗီတမန်တော်) အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်

သည်ပင်လျှင် ထိုအသျှင်မြတ်၏ လမ်းတော်မှ လွဲချော်သူအား အသိတော်မူဆုံး ဖြစ်တော်မူ၏။ ၎င်းပြင် ထိုအသျှင်မြတ်သည်သာလျှင် တရားလမ်းမှန်ကို ရရှိသောသူအား အသိတော်မူဆုံး ဖြစ်တော်မူပေသည်။ (ဤအာယသ်တော်မှ အလ္လာဟ်အသျှင်မြတ်၏ သိရှိတော်မူခြင်း ဂုဏ်တော်ကို အတည်ပြု သိရှိရပြီး ဖြစ်ပေသည်။)

(ယခု အောက်ဖော်ပြမည့် အချက်မှ အလ္လာဟ်အသျှင်မြတ် စွမ်းဆောင်နိုင်တော်မူခြင်း ဂုဏ်တော်ကို အတည်ပြု သိရှိရပေမည်။) ထို့ပြင် မိုးကောင်းကင်များ၌ ရှိရှိသမျှတို့နှင့် ပထဝီမြေ၌ ရှိရှိသမျှတို့သည် အလ္လာဟ်အသျှင်မြတ်သာလျှင် ပိုင်ဆိုင်တော်မူသော အရာများသာလျှင် ဖြစ်ကြကုန်၏။ (ထိုအသျှင်မြတ်သည် အသိပညာအရာ ဂုဏ်တော်နှင့် စွမ်းဆောင်နိုင်ခြင်းဂုဏ်တော် နှစ်ရပ်စလုံးကို ပြီးပြည့်စုံမှုပိုင်ဆိုင်သူ အသျှင်မြတ် ဖြစ်၏။ ထိုအသျှင်မြတ် ထုတ်ပြန်ချမှတ်ပေးတော်မူသော အမိန့်ပညတ်ချက်များအပေါ် လိုက်နာကြသည်ကို ထောက်ရှု၍ လူတန်းစား (၂) ရပ် ကွဲသွားပေသည်။ လမ်းမှားသော သူများနှင့် တရားလမ်းမှန်အပေါ် လျှောက်လှမ်းသောသူတို့ ဖြစ်ပေသည်။ သို့ဖြစ်ပေရာ) နောက်ဆုံးတွင် ထိုအသျှင်မြတ်သည် ဒုစရိုက်မှုကို ကျူးလွန်ခဲ့ကြသော သူတို့အား ၎င်းတို့ ကျူးလွန်ခဲ့ကြသော ဒုစရိုက်မှု၏ (အကျိုးအစား) ကို (သီးသန့်) ပေးတော်မူမည်။ ထိုနည်းတူစွာ ထိုအသျှင်မြတ်သည် ကောင်းမှုပြုလုပ်ခဲ့ကြသော သူတို့အား ကောင်းမြတ်သော အကျိုး (အစား) ကို (သီးသန့်) ပေးတော်မူပေမည်။ (ထိုအချက်၏ လိုလားချက်မှာ ၎င်းကာဖိရ်၊ မုရှ်ရစ်က်တို့နှင့် စပ်လျဉ်း၍ အလ္လာဟ်သျှင်မြတ်၏ ထံတော်ပါးသို့သာလျှင် အပ်နှင်းလိုက်ရန် ဖြစ်ပေသည်။)

(ရှေ့၌ မွန်မြတ်သော အမူကိစ္စများကို ဆောင်ရွက်ကာ ကျေးဇူးတရား သိရှိ၊ ထားရှိကြကုန်သော သူတို့၏ အကြောင်း တင်ပြနေပေသည်။) အကြင် (ကောင်းမှုပြု) သူတို့သည် ပြစ်မှုအသေးအဖွဲ့များကို (မတော်တဆ) ပြုမိကြသော်လည်း၊ ကြီးလေးသော ပြစ်မှုတို့မှလည်းကောင်း၊ ညစ်ညမ်းသော အမူကိစ္စတို့မှလည်းကောင်း (အထူး အလွန်သတိထား၍) ရှောင်ကြဉ်ကြကုန်၏။ (ယင်းကဲ့သို့ အသေးအဖွဲ့ကိစ္စများကို ပြုမိသွားခြင်းသည် ၎င်းတို့၏ သူမွန်သူမြတ်ဖြစ်ခြင်းအပေါ် တစ်စုံတစ်ရာမျှ အဟန့်အတား မဖြစ်နိုင်ပေ။ အသေးအဖွဲ့ကိစ္စများကို ချွင်းချက်ပြု တင်ပြထားခြင်း၏ အလိုသဘောမှာ 'အာယသ်တော်အတွင်း၌ ချီးမွမ်းထားသော ကောင်းမှုပြုသူတို့၏ ကောင်းမှုများသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ နှစ်မြို့ခြင်း ခံရကြောင်းကို ထုတ်ဖော်ပြဆိုထားပေသည်။ ယင်းအချက် ပီပြင်စွာ အကောင်အထည်ဖော် သက်ရောက်ရန်အတွက်မှု ကြီးလေးသော ပြစ်မှုများမှ ရှောင်ရှားရန်သည် စည်းကမ်းချက်ဖြစ်သည်။ သို့ရာတွင် သေးငယ်သော ပြစ်မှုများ တစ်ခါတစ်ရံ ဖြစ်သွားခြင်းသည် ယင်းသို့ နှစ်မြို့ခံရခြင်းအချက်နှင့် ဆန့်ကျင်ဘက် ဖြစ်ရှိ၍ မနေပေ' ဟူ၍ ဖြစ်သည်။ သေးငယ်သော ပြစ်မှုဒုစရိုက်များနှင့် စပ်လျဉ်း၍လည်း အကျင့်ဓလေ့ပြုကာ တစ်စိုက်မတ်မတ်ဖြင့် မပြုကျင့်ရပေ။ တစ်ခါတစ်ရံ ရုတ်တရက် တိုက်တိုက်ဆိုင်ဆိုင် အနေအထားပုံစံဖြင့် ဖြစ်ရှိ၊ ပြုလုပ်မိခဲ့သော ပုံစံကို ဆိုလိုသည်။ သို့တည်းမဟုတ်ပါက အကျင့်ဓလေ့ပြုကာ တစိုက်မတ်မတ်လုပ်သော် သေးငယ်သော ပြစ်မှုများသည်လည်း ကြီးလေးသော ပြစ်မှု ဖြစ်သွားပေသည်။ အသေး

အဖွဲ့ကိစ္စများမှ ချွင်းချက်ထားရှိပေးခြင်း၏ အလိုသဘောမှာ 'သေးငယ်သော ဒုစရိုက်များ' ကို လုပ်ပိုင်ခွင့် ပေးလိုက်ခြင်းဟူသော အလိုသဘောမျိုး မဟုတ်ပေ။ ဒုစရိုက်မှုကြီးများမှ ရှောင်ရှားရန် စည်းကမ်းချက် ဖြစ်ခြင်း၏ အလိုသဘောသည် 'ကောင်းမှုပြုသော သူ့အတွက် မိမိပြုသော ကုသိုလ်ကောင်းမှု၏ ကောင်းသော အကျိုးအစား ရရှိရန်သည် ပြစ်မှုဒုစရိုက်မှုကြီးတို့မှ ရှောင်ကြဉ်ခြင်းအပေါ် မူတည်နေပေသည်။ သို့တစေ ပြစ်မှုဒုစရိုက်ကြီးများကို ကျူးလွန်သော သူသည် ကုသိုလ်ကောင်းမှုတစ်ခုကို ပြုသည်ဆိုပါက လည်း ၎င်းကောင်းမှု၏ ကုသိုလ်အကျိုးစဝါးဇ်ကိုမူ ရရှိပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ် အသျှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌

فَمَنْ يَّعْمَلْ مِثْقَالَ ذَرَّةٍ خَيْرًا يَّرَهٗ

(သို့ဖြစ်ပေရာ မည်သူမဆို တစ်စုံတစ်ရာ ကောင်းမှုကို အဏုမြူခန့်မျှပင် ပြုမူခဲ့သည်ရှိသော် ထိုသူ သည် မိမိကျင့်မူခဲ့သော ထိုကောင်းမှုကို မြင်တွေ့ရပေမည်။) *[၉၉ : ၇]*

ဟူ၍ မိန့်မြွက်ထားတော်မူသောကြောင့် ဖြစ်ပေသည်။ သို့ရှိရာ ဤစည်းကမ်းချက်သည် အကျိုး အစား ပေးရန်ကို ထောက်ရှု၍ မဟုတ်ရုံသာမက ထိုစည်းကမ်းချက်သည် **محسن** (ကုသိုလ်ပြုသူ) နှင့် **محبوب عند الله** (အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ နှစ်မြို့ခြင်းခံရသူ) ဟူသော ဂုဏ်ထူး၊ ဘွဲ့ထူး ပေးရန်ကို ထောက်ရှု၍ ဖြစ်ပေသည်။ ယခုတင်ပြပါ အချက်အပေါ် **اَحْسَنُوْا** (ကောင်းမှုကုသိုလ် ပြုလုပ်ခဲ့ ကြသော သူတို့အား) ဟူသော စာစဉ်တင်ပြမှုသည် ညွှန်ပြလျက် ရှိနေပေသည်။ ကောင်းစွာ နားလည်ထား ကြပါလေ။ အထက်၌ မကောင်းသောသူတို့အား ပြစ်ဒဏ်ပေးမည့်အကြောင်း လာရှိထားပေသည်။ ထိုသို့ ပြစ်ဒဏ်ပေးခြင်း ခံရမည်ဟူသော အကြောင်းအရာကြောင့် ပြစ်မှုဒုစရိုက်ကျူးလွန်သော သူတို့အား မျှော်လင့် ချက် ကင်းမဲ့သွားစေနိုင်သည်ဟူသော အတွေး ပေါ်ပေါက်ဝင်ရောက်လာနိုင်ပေသည်။ ယင်းကဲ့သို့သော အတွေး ဝင်ရောက်လာခြင်း၏ အကျိုးဆက်တရားမှာ 'အီမာန်တရား ကို ရယူခြင်း' နှင့် 'သောင်ဗာဟ်' (အမှားဝန်ခံခြင်း) တို့မှ ဖွဲ၊ စိတ်ဓါတ်ကို လျှော့ချလိုက်ခြင်းပင် ဖြစ်ပေသည်။ ကုသိုလ်အကျိုး ကောင်းမှု ပြုလုပ်သော သူများကို ကောင်းသော အစားပေးရန် ကတိပြုထားတော်မူသောကြောင့် ၎င်းတို့သည် မိမိ ကိုယ်ကို မိမိ အထင်ကြီးမှုနှင့် မာန်မာန တက်ကြွမှုအတွင်း၌ နစ်မွန်းသွားမည်ကို စိုးရိမ်ရဖွယ် ရှိသည်။ ရှေ့၌ ထိုနှစ်မျိုးစလုံးသော စိုးရိမ်ဖွယ်အချက်များကို ပယ်ဖျက် မိန့်မြွက်ထားတော်မူပေသည်။) ဧကန်စင်စစ် အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် လွန်စွာ ကျယ်ဝန်းလှစွာသော လွတ်ငြိမ်းချမ်းသာ ခွင့်ကို ပိုင်ဆိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

(ပြစ်မှုဒုစရိုက်ကျူးလွန်သော သူတို့အဖို့ ထိုပြစ်မှုဒုစရိုက်ကို အစားထိုး ချေဖျက်နိုင်မည့် ကောင်းမှု ပြုကျင့်ရန်အတွက် စိတ်ဓါတ်မကျ လက်မှိုင် မချသင့်ပေ။ အကယ်၍ ထိုအသျှင်မြတ်အနေနှင့် လိုလား တော်မူသည်ဆိုလျှင် 'ကုဖ္ဖရ်' (သွေဖည်ငြင်းဆိုခြင်းနှင့် 'ရှရစ်က်' (တုဖက်နှိုင်းယှဉ်ခြင်း) ဟူသော ပြစ်မှု

ဒုစရိုက်တို့မှအပ အခြားသော ပြစ်မှုဒုစရိုက်များကို ကရုဏာ ကျေးဇူးတရားတော် သက်သက်ဖြင့်သာ ချမ်းသာပလပ်ခွင့် ပေးသနားတော်မူပေမည်။ သို့ရှိရာ ပြစ်မှုဒုစရိုက်တို့ကို ကောင်းသော ပြုကျင့်မှုများဖြင့် အစားထိုး လုပ်ဆောင်မည်ဆိုက အဘယ်ကြောင့် ခွင့်မလွှတ်ဘဲ နေပေမည်နည်း။ ဤသို့ဖြင့် ကုသိုလ်ကောင်းမှု ပြုလုပ်သော သူတို့သည် မိမိကိုယ်ကို မိမိ အထင်ကြီးခြင်းနှင့် ကြွားဝါဂုဏ်မောက်မှု မပြုသင့်ပေ။ အဘယ်ကြောင့်ဆိုသော် အချို့သော အချိန်အခါမျိုးတွင် ကုသိုလ်ကောင်းမှုများ၌ လျှို့ဝှက်တိမ်မြုပ်စွာဖြင့် တည်ရှိနေသော ပြစ်ချက်များ၊ အားနည်းချက်များ ပါဝင်လာတတ်ပေသည်။ လျော့နည်းချက်များ ပါဝင်လာတတ်သည့်အတွက်ကြောင့် ထိုကုသိုလ်ကောင်းမှုတို့သည် လက်ခံခြင်းခံရသော အဆင့်သို့ မရောက်ရှိတော့ပေ။ သို့သော်လည်း ပြုမူကျင့်ကြံခဲ့သူသည် ထိုအချက်ဘက်သို့ အာရုံစူးစိုက်မှု မရှိ၍ ထိုအချက်အား သိပင် မသိရှိပေ။ အလ္လာဟ်အသျှင်မြတ်သည်မူ သိရှိတော်မူပေသည်။ ထိုကုသိုလ်ကောင်းမှု လက်ခံခြင်း မခံရသောအခါ ထိုသို့ ကုသိုလ်ကောင်းမှု ပြုကျင့်သောသူသည် ကောင်းမှုပြုသူနှင့် နှစ်မြို့ဖွယ်ကောင်းသောသူ မဟုတ်တော့ပေ။ တစ်ဖန် မိမိကိုယ်ကို မိမိ အထင်ကြီးမှုနှင့် ဂုဏ်မောက်ကြွားဝါမှုကို အဘယ်သို့ ပြုနိုင်အံ့နည်း။ 'အသင်၏ အခြေအနေတစ်ရပ်ကို အသင်ကိုယ်တိုင် မသိရှိသော်လည်း ထိုအချက်ကို အလ္လာဟ်အသျှင်မြတ် သိရှိနေတော်မူခြင်းသည် အံ့သြဖွယ်ရာအချက် မဟုတ်ရုံသာမက အစပထမကတည်းကပင် အလ္လာဟ်အသျှင်မြတ်၏ သိရှိနေတော်မူခြင်းသည် ဖြစ်ပေါ်တည်ရှိနေပေသည်။' ထို့အတွက်ကြောင့်ပင် ထိုအသျှင်မြတ်သည် အသင်တို့အား (အသင်တို့၏ ဖခင်ကြီး ဟဇရတ်အာဒမ် عليه السلام ကို မြေဖြင့် ဖန်ဆင်းတော်မူခဲ့စဉ် အခါ၌ အသင်တို့၏ (အခြေအနေအလုံးစုံ) အား ကောင်းစွာ သိရှိတော်မူ၏။ (၎င်းဖခင်ကြီး၏ ကွင်းဆက်ကြားခံဖြင့် အသင်တို့သည်လည်း မြေကြီးဖြင့် ဖန်ဆင်းတော်မူခြင်း ခံထားရပေသည်။)

ထိုနည်းတူစွာ အသင်တို့သည် မိမိတို့မိခင်များ၏ ဝမ်းဗိုက်များ၌ သန္ဓေတည်စ ကလေးဘဝ၌ ရှိခဲ့ကြစဉ်အခါ၌လည်း (အသင်တို့အား ကောင်းစွာ သိရှိတော်မူ၏။ ထိုအခြေအနေနှစ်မျိုးစလုံး၌ အသင်တို့ကိုယ်တိုင်သည်ပင်လျှင် မိမိတို့၏ အခြေအနေကို မသိရှိကြချေ။ သို့သော် ငါအသျှင်မြတ်သည် သိရှိတော်မူပေသည်။ ဤနည်းနှင်နှင် ယခုအချိန်၌လည်း အသင်တို့ကိုယ်တိုင်သည် မိမိတို့၏ အခြေအနေကို မသိရှိနားမလည်သော်လည်း ငါအသျှင်မြတ်၏ သိရှိခြင်းသည် တစ်စုံတစ်ရာ အံ့ဖွယ်ရာ အချက် ဖြစ်ရှိပါ၏လော။) သို့ဖြစ်ပေရာ (ဤသို့ဆိုလျှင်) အသင်တို့သည် မိမိတို့ကိုယ်ကို မိမိတို့ မြင့်မြတ်သည်၊ သန့်ရှင်းစင်ကြယ်သည်ဟု မထင်မှတ်ကြကုန်လင့်။ (အဘယ်ကြောင့်ဆိုသော်) ထိုအသျှင်မြတ်သည်သာလျှင် ပြစ်မှုဒုစရိုက်တို့မှ ရှောင်ကြဉ်ကြကုန်သော သူတို့အား အသိတော်မူဆုံး ဖြစ်တော်မူပေသည်။ (ပြင်ပအသွင်သဏ္ဌာန်အရ နှစ်ဦးစလုံးသည် အပြစ်ရှောင်ကြဉ်နေကြသည်ဟူ၍ ထင်မှတ်နေရလင့်ကစား) မည်သူ၊ မည်ဝါသည် ပြစ်မှုဒုစရိုက်များကို ရှောင်ကြဉ်၍ မည်သူ၊ မည်ဝါသည် မရှောင်ကြဉ်သည်ကို သိရှိတော်မူပေ၏။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

فَاَعۡرِضۡ عَنۡ مَّنۡ تَوَلّٰی عَنۡ ذِکۡرِنَا وَلَمۡ یُرِدۡ اِلَّا الۡحَیٰوۃَ الدُّنۡیَا ذٰلِکَ مَبۡلَغُہُمۡ مِّنَ الۡعِلۡمِ

(သို့ဖြစ်ပေရာ အို, နဗီတမန်တော်၊ အသင်သည် အကြင်သူတို့အား လစ်လျူရှု၍ နေပါလေ။ ထိုသူတို့သည် ငါအသျှင်မြတ်၏ အဆုံးအမတရားတော်မှ မျက်နှာလွှဲ၍ နေခဲ့ကြကုန်၏။ ထို့ပြင် ၄င်းတို့သည် လောကီဘဝမှအပ အခြားတစ်စုံတစ်ရာကို ရည်ရွယ်ကြသည် မဟုတ်ပေ။ ဤသည် ၄င်းတို့၏ အမြင့်ဆုံးသော အသိပညာပင် ဖြစ်၏။) *[၅၃ း ၂၉-၃၀]*

အရေးကြီးသော သတိပေးချက်

ကုရ်အာန်ကျမ်းတော်မြတ်သည် ဤမိန့်မြွက်ချက်ကို နောင်တမလွန် 'အာခေရသ်'နှင့် 'ကေယာမသ်' နေ့ကို ငြင်းဆိုသော ကာဖိရ်များ၏ အခြေအနေ၊ ခံယူချက်ကို တင်ပြရာ၌ ဖော်ပြထားပေသည်။ ဝမ်းနည်းဖွယ်ရာ တွေ့မြင်ရသည်မှာ အနောက်တိုင်းသာ လူဖြူတို့၏ ယဉ်ကျေးမှု၊ နည်းပညာများကို အထင်ကြီးခြင်းနှင့် လောကီရေးရာ၏ လောဘရမ္မက်သည် မျက်မှောက်ခေတ်၌ ကျွန်ုပ်တို့မွတ်စ္စလင်မ်များအား ဤအထက် ဖော်ပြပါ အခြေအနေမျိုးကိုသာ ဖန်တီးပေးထားပေသည်။ အကြောင်းမှာ ကျွန်ုပ်တို့၏ အသိပညာ၊ အတတ်ပညာအားလုံးနှင့် အသိပညာရေးရာဆိုင်ရာ တိုးတက်ရေးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းမှုအလုံးစုံသည် စီးပွားရှာဖွေရေးဆိုင်ရာအတွက်သာ ဖြစ်ရှိနေပေသည်။ နောက်ဆုံး လှည့်ပြန်ရမည့် နေရာနှင့် စပ်လျဉ်းသော အမှုကိစ္စများ (နောင်တမလွန် 'အာခေရသ်'နှင့် စပ်လျဉ်းသော အမှုကိစ္စများ) ဘက်သို့ မေ့လျော့၍ပင် ဖြစ်ပါစေ အတွေးအာရုံထဲ၌ပင် မရောက်သည့် အခြေအနေသို့ ဆိုက်ရောက်နေသည်။ ကျွန်ုပ်တို့သည် တမန်တော်မြတ် ﷺ အပေါ် အီမာန်ယူသည်ဟုလည်း ဆိုကြသည်။ ကိုယ်တော်မြတ်ကြီး ﷺ ၏ 'ရှဖာအသ်'ကြားဝင် အသနားခံပေးမည်ကို မျှော်လင့်လျက် ရှိနေပေသည်။ သို့ရာတွင် ကျွန်ုပ်တို့၏ အခြေအနေမှာ 'အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ရစူလ်တမန်တော်မြတ် ﷺ ကို ၄င်းတို့မှ မျက်နှာလွှဲဖယ်ရန် ညွှန်ကြားမှုပြုခဲ့သော သူတို့၏ အခြေအနေ၌ ရှိနေကြပေသည်။' (ထိုအမှုကိစ္စမှ ဖယ်ရှားကယ်တင်ပါရန် အလ္လာဟ်အသျှင်မြတ်ထံ ဆုပန်ပါ၏။)

اَلَّذِیۡنَ یَجۡتَنِبُوۡنَ کَبٰٓئِرَ الۡاِثۡمِ وَ الۡفَوَاحِشَ اِلَّا اللَّمَمَ

(အကြင်ကောင်းမှု ပြုသူတို့သည် ပြစ်မှုအသေးအဖွဲ့များကို မတော်တဆ ပြုမိကြသော်လည်း ကြီးလေးသော ပြစ်မှုတို့မှလည်းကောင်း၊ ညစ်ညမ်းသော အမှုကိစ္စတို့မှလည်းကောင်း အထူးရှောင်ကြဉ်ကြကုန်၏) *[၅၃ း ၃၂]*

ဤအာယသ်တော်အတွင်း၌ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ လမ်းညွှန်ပြသထားသည့်အတိုင်း နောက်လိုက်သမှု ပြုသော၊ ကုသိုလ်ကောင်းမှု ပြုလုပ်သော သူတို့၏ အကြောင်းကို ချီးမွမ်းတင်ပြလျက် မိန့်တော်မူထားကာ ၄င်းတို့အား ခွဲခြားသိရှိနိုင်မည့် အချက်ကို "၄င်းတို့သည် ကြီးလေးသော ပြစ်မှုများမှ သော်လည်းကောင်း၊ ညစ်ညမ်းသော အမှုကိစ္စများနှင့် ရှက်ဖွယ်လိလိဖြစ်သော အမှုကိစ္စတို့မှ အထူးသဖြင့် ဝေးစွာ နေထိုင်၊ ရှောင်ကြဉ်ကြကုန်၏" ဟူ၍ တင်ပြထားပေသည်။

ထိုအာယသ်တော်အတွင်း၌ **لمم** 'လမမ်း' (ပြစ်မှုအသေးအဖွဲ့များ) ကို ချွင်းချက်အဖြစ် မိန့်ဆို ထားပေသည်။ (ယင်းစကားလုံး၏ အကျယ်ဖွင့်ဆိုချက်ကို ရှေ့၌ တင်ပြပါမည်။ ချွင်းချက်အဖြစ် သတ်မှတ် ရခြင်း၏ ရလဒ်သဘောတရားမှာ အထက်၌ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်တွင် တင်ပြထားသော **محسن** 'ကုသိုလ်အကျိုးပြုသူ' ဟူ၍ ဂုဏ်ပြု ဂုဏ်ပုဒ် ချီးမြှင့်ခြင်း ခံထားရသော သူတို့သည် ပြစ်မှု အသေးအဖွဲ့ ကိစ္စရပ်များအတွင်း နစ်မွန်းသွားမိက ၄င်းတို့အား အထက်တင်ပြပါ ဂုဏ်ပြုဂုဏ်ပုဒ်မှ လက်မဲ့ဖြစ်စေမည် မဟုတ်ဟူသော အကြောင်းအချက်သာလျှင် ဖြစ်ပေသည်။

لمم (ပြစ်မှုအသေးအဖွဲ့များ) ဟူသော စကားလုံးကို အကျယ်ဖွင့်ဆိုရာ၌ ဆွဟာဗာသခင်ကြီးများ နှင့် သာဗေအီးန်သခင်ကြီးများထံမှ အဆိုနှစ်ရပ် ဆင့်ပြန်ချက်အဖြစ် လာရှိထားပေသည်။

ဆင့်ဆိုချက်တစ်ရပ်မှာ 'ပြစ်မှုဒုစရိုက် အသေးအဖွဲ့များ' ဖြစ်ကြောင်း ဆိုလိုထားခြင်း ဖြစ်ပေသည် ဟူ၏။ ၄င်းကို 'စူရာဟ်နေဆားအ်'၏ အာယသ်တော်ဖြစ်သော

اِنْ تَجْتَنِبُوْا كَبَا ئِرَ مَاتُنْهَوْنَ عَنْهُ نُكَفِّرْ عَنْكُمْ سَيِّاٰ تِكُمْ

(အို၊ မုအ်မင်န်အပေါင်းတို့၊ အကယ်၍ အသင်တို့သည် မိမိတို့အား ပိတ်ပင်ထားသည့် ကြီးလေး သော ပြစ်မှုတို့မှ ရှောင်ကြဉ်လျက် ရှိကြပါမူ ငါအသျှင်မြတ်သည် အသင်တို့၏ သေးငယ်သော ပြစ်မှုများ ကို အသင်တို့မှ ဖယ်ရှားတော်မူပြီး အသင်တို့အား ဂုဏ်သရေရှိသော နေရာသို့ ပို့ဆောင်တော်မူပေမည်။) [၄ : ၃၁]

တွင် **سَيِّاٰتْ** 'စိုက်ယေအားသ်' (ဒုစရိုက်ငယ်များ) ဟူသော စကားလုံးဖြင့် သုံးနှုန်းတင်ပြထား ပေသည်။

ဤအဆိုကို ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်နှင့် အဗူဟူရိုင်ရာဟ် ﷺ သခင်ကြီးတို့ထံမှ အိဗ်နေ ကစီးရ် (ရဟ) သခင်ကြီးသည် ဆင့်ပြန် တင်ပြခဲ့ပေသည်။

ဒုတိယအဆိုမှာ လူသား၏ တစ်ခါတစ်ရံ ရုတ်တရက် သဘောမျိုးဖြင့် ကျူးလွန်မိခဲ့သော ဤကဲ့သို့ 'ဂိုနာဟ်' ပြစ်မှုကို ဆိုလိုပေသည်။ ထိုပြစ်မှုမှ 'သောင်ဗာဟ်' (အမှားဝန်ခံမှု) ကို ပြုခဲ့၏။ အမှားဝန်ခံ ပြီးနောက် ထိုပြစ်မှု၏ အပါးသို့ပင် မသွားတော့ချေ။ ဤအဆိုကိုလည်း အိဗ်နေကစီးရ် (ရဟ) သခင်ကြီး သည် အိဗ်နေဂျရီးရ် (ရဟ) သခင်ကြီး၏ ဆင့်ပြန်ချက်ဖြင့် ဦးစွာပထမ ဟဇရသ်မူဂျာဟိဒ် (ရဟ) သခင်

ကြီးထံမှ ဆင့်ပြန်ထားပေသည်။ တစ်ဖန် အိဗ်နေဂျရီးရ် (ရဟ) သခင်ကြီး၏ ဒုတိယဆင့်ပြန်ချက်များ၌ ဤအဆိုကို ဟဇရသ်အသွားအ်ဒ် (ရဟ) သခင်ကြီး၏ ကြားခံဆင့်ပြန်ချက်နှင့် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးထံမှလည်းကောင်း၊ ဟဇရသ်ဟစန်း (ဗစ္စရီး) သခင်ကြီး၏ ဆင့်ပြန်ချက်ဖြင့် ဟဇရသ်အဗူ ဟူရိုင်ရာဟ် ﷺ သခင်ကြီးထံမှလည်းကောင်း ဆင့်ပြန်ထားပေသည်။

ထိုအထက်ပါ ဆင့်ပြန်ချက်များ၏ အချုပ်သဘောရလဒ်မှာ 'မွန်မြတ်သော သူတစ်ဦးတစ်ယောက် ထံမှ တစ်ခါတစ်ရံ ရုတ်တရက် သဘောမျိုးဖြင့် ကြီးလေးသော ပြစ်မှုများ ပြုမိသွားတတ်ပေသည်။ ၎င်းသည် 'သောင်ဗာဟ်' (အမှား) ကို ဝန်ခံလိုက်ခဲ့သော် ၎င်းသည် သူမွန်သူမြတ်တို့၏ အမည်စာရင်းမှ ထွက်၍ မသွားပေ' ဟူ၍ ဖြစ်၏။ စူရာဟ် 'အာလေ့အင်မ်ရားန်' ၏ အာယသ်တော်တစ်ပုဒ်တွင် ဤအကြောင်း အရာ အလိုသဘောသည် လုံးဝ ရှင်းလင်းစွာဖြင့် လာရှိထားပေသည်။ ယင်းကို ပြစ်မှုဒုစရိုက်များမှ ရှောင်ကြဉ်ကြကုန်သော သူတို့၏ ဂုဏ်ထူးဝိသေသအချက်ကို တင်ပြရာ၌ မိန့်တော်မူထားသည်မှာ-

وَالَّذِينَ إِذَا فَعَلُوا فَاحِشَةً أَوْ ظَلَمُوا أَنْفُسَهُمْ ذَكَرُوا اللَّهَ
فَاسْتَغْفَرُوا لِذُنُوبِهِمْ وَمَنْ يَغْفِرُ الذُّنُوبَ إِلَّا اللَّهُ
وَلَمْ يُصِرُّوا عَلَىٰ مَا فَعَلُوا وَهُمْ يَعْلَمُونَ ﴿١٣٥﴾

(ထို့ပြင် ယင်းသူတော်ကောင်းများသည် ညစ်ညမ်းသော ကိစ္စတစ်ရပ်ရပ်ကို ပြုလုပ်မိကြသည် ဖြစ်စေ၊ မိမိတို့ကိုယ်တိုင် နှိပ်စက်ညှဉ်းပန်းမိကြသည်ဖြစ်စေ၊ ပြုမိလျှင်ပြုမိချင်း၊ အလ္လာဟ်အသျှင်မြတ် အား အောက်မေ့တသ သတိရကြကုန်၏။ ထို့နောက် မိမိတို့၏ အပြစ်များမှ ချမ်းသာရရန်အလို့ငှာ အလ္လာဟ် အသျှင်မြတ်ထံတော်၌ အသနားခံ တောင်းပန်ကြကုန်၏။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်မှတစ်ပါး အပြစ် များမှ ချမ်းသာခွင့်ပေးနိုင်သော သူသည် မည်သူနည်း။ တစ်ဖန် ယင်းသူတို့သည် မိမိတို့ ပြုလုပ်မိကြ သော ပြစ်မှုဒုစရိုက်များကို ဇွတ်တိုး၍ မိမိတို့ကိုယ်တိုင် သိနားလည်ကြပါလျက်နှင့် လက်မလျှော့ဘဲ ပြုမြဲ ပြုနေခဲ့ကြသည်လည်း မဟုတ်ချေ။) *[၃ : ၁၃၅]*

ဆိုလိုသည်မှာ "ထိုသူတို့သည်လည်း ပြစ်မှုဒုစရိုက်များမှ ရှောင်ကြဉ်ကြကုန်သော သူတို့သည် သာလျှင် ဖြစ်ပေသည်။ အကြင်သူတို့သည် ရှက်ဖွယ်ကောင်းသော ပြစ်မှုကြီး တစ်စုံတစ်ရာ ပြုလုပ်မိ ကြသည်ဖြစ်စေ၊ သို့မဟုတ် ပြစ်မှုဒုစရိုက်ကို ကျူးလွန်ကာ မိမိတို့ကိုယ်ကို မိမိတို့ ညှဉ်းပန်းမှုကို ပြုခဲ့ မိသည်ဆိုလျှင် ချက်ချင်း အလ္လာဟ်အသျှင်မြတ်ကို သတိရကာ မိမိတို့၏ ပြုကျင့်မိခဲ့သော ပြစ်မှုဒုစရိုက် များမှ လွတ်ငြိမ်းချမ်းသာခွင့်ကို တောင်းခံပေသည်။ အလ္လာဟ်အသျှင်မြတ်မှအပ ပြစ်မှုဒုစရိုက်များကို မည်သူ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူနိုင်ပေသနည်း။ ထို့ပြင် ၎င်းတို့သည် ပြစ်မှုဒုစရိုက်များအပေါ် တစ်စိုက်မတ်မတ် ပြုကျင့်သူလည်း မဟုတ်ပေ" ဟူ၍တည်း။

'ပြစ်မှုဒုစရိုက် အသေးအဖွဲ့ကို တစ်စိုက်မတ်မတ် ပြုကျင့်ခဲ့သော် (သို့မဟုတ်) အကျင့်ဓလေ့သဖွယ် ပြုကျင့်နေသော် ထိုပြစ်မှုငယ်များသည်လည်း ပြစ်မှုကြီး ဖြစ်သွားပေသည်' ဟူသော အချက်ကို နှောင်းပိုင်းခေတ် အာလင်မ်သာသနာ့ပညာရှင်ကြီးများ အားလုံးသည် တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ချက်ချထားကြပေသည်။ ထို့ကြောင့် အထက်၌ တင်ပြခဲ့ပြီးဖြစ်သော အကျယ်ဖွင့်ဆိုချက် အနှစ်ချုပ်၌ لمم ဟူသော စကားလုံး၏ အကျယ်ဖွင့်ဆိုချက်ကို 'တစ်စိုက်မတ်မတ်ဖြင့် မပြုကျင့်သော ဒုစရိုက်ငယ်များ' ဟူ၍ တင်ပြခဲ့ခြင်း ဖြစ်ပေသည်။

'ကိုနာဟ်ကဗီရာဟ်' (ပြစ်မှုအကြီး)၊ 'ကိုနာဟ်စွဂီရာဟ်' (ပြစ်မှုအသေး) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

ဤအထက်ဖော်ပြပါ အကြောင်းအရာကို ပြည့်ဝသော ရှင်းလင်းချက်နှင့်အတူ စူရာဟ်နေဆားအ်၏

اِنْ تَجْتَنِبُوْا كَبَآئِرَ مَا تُنْهَوْنَ عَنْهُ

ဟူသော အာယသ်တော်မြတ်၏ အကျယ်ဖွင့်ဆိုချက်၌ မအာရိဖုလ်ကုရ်အာန်ကျမ်း၊ အတွဲ (၅)၊ စာမျက်နှာ (၂၉) မှ (၃၆) ထိတွင် ရေးသားတင်ပြထားပေသည်။ ထိုနေရာ၌ ကြည့်ရှုကြကုန်။

هُوَ اَعْلَمُ بِكُمْ اِذْ اَنْشَاَكُمْ مِّنَ الْاَرْضِ وَاِذْ اَنْتُمْ اَجِنَّةٌ فِیْ بُطُوْنِ اُمَّهٰتِكُمْ

(ထိုအသျှင်မြတ်သည် အသင်တို့အား မြေဖြင့် ဖန်ဆင်းတော်မူခဲ့စဉ်အခါ၌ အသင်တို့အား ကောင်းစွာ သိရှိတော်မူ၏။ ထိုနည်းတူစွာ အသင်တို့သည် မိမိတို့၏ မိခင်များ၏ ဝမ်းဗိုက်များ၌ သန္ဓေတည်စ ကလေးဘဝ၌ ရှိခဲ့ကြစဉ်အခါ၌လည်း အသင်တို့အား ကောင်းစွာ သိရှိတော်မူ၏။) ·[၅၃ : ၃၂]

اَجِنَّةٌ သည် جَنِيْنٌ ၏ အများကိန်းဖြစ်ပြီး 'မိခင်ဝမ်းဗိုက်အတွင်း၌ ရှိနေသော ကလေး'ကို ခေါ်ဆို၏။ ဤအာယသ်တော်အတွင်း၌ အလ္လာဟ်အသျှင်မြတ်သည် လူသားတို့အား "ထိုလူသားကိုယ်တိုင်သည် ၎င်းအား ဖန်ဆင်းတော်မူသော အလ္လာဟ်အသျှင်မြတ် သိရှိတော်မူသည့် အတိုင်းအတာခန့် မိမိ၏ အသက်ဇီဝိန်နှင့် စပ်လျဉ်း၍ လုံးဝ မသိနားမလည်နိုင်ချေ" ဟူသော အချက်အား သတိပေးထားတော်မူပေသည်။ အဘယ်ကြောင့်ဆိုသော် မိခင်၏ ဝမ်းဗိုက်အတွင်း၌ ဖန်ဆင်းခြင်းဆိုင်ရာ အခြေအနေအမျိုးမျိုးကို ဖြတ်သန်းလာခဲ့ရ၏။ ထိုအချိန်၌ ၎င်းသည် မည်သည့်အရာ တစ်စုံတစ်ရာကိုမျှ သိနားလည်နိုင်စွမ်း မရှိခဲ့ပေ။

သို့ရာတွင် ၎င်းအား ဖန်ဆင်းတော်မူသော အသျှင်မြတ်သည် ကောင်းစွာ သိရှိတော်မူပေသည်။ အကြင်အသျှင်မြတ်၏ အမြော်အမြင်တော်နှင့် ပြည့်စုံလှသော ဖန်ဆင်းတော်မူခြင်းသည် ၎င်းအား ပြုလုပ်ဖန်ဆင်းတော်မူခဲ့ပေသည်။ ထိုသို့ ဖန်ဆင်းတော်မူရာ၌ လူသားတို့ကို ၎င်းတို့ အားအင်ချည့်နဲ့ခြင်း၊

မစွမ်းဆောင်နိုင်ခြင်းနှင့် သိရှိမှုနည်းပါးခြင်းတို့အပေါ် သတိပေးတော်မူကာ ဤသို့ 'ငှင်းလူသားတို့သည် အကြင်မည်သည့် ကောင်းမွန်သော လုပ်ငန်းဆောင်တာတစ်ရပ်ကိုပင် ပြုလုပ်ခဲ့သည်ရှိသော် ထိုလုပ်ဆောင်နိုင်စွမ်းသည် ၎င်း၏ ပင်ကိုယ်ရှိ အရည်အချင်းမဟုတ်ကြောင်း၊ ယင်းကောင်းမှုကိစ္စကို ပြုမူဆောင်ရွက်ရန် အတွက် ခန္ဓာကိုယ်အစိတ်အပိုင်းများကို ထိုအသျှင်မြတ်က ဖန်ဆင်းပေးတော်မူထားခြင်းသာ ဖြစ်ကြောင်း၊ ထိုအစိတ်အပိုင်းများအတွင်း၌ လှုပ်ရှားမှုပြုရန် စွမ်းအားများကို ထိုအသျှင်မြတ်ကပင် ချီးမြှင့်ပေးသနားထားတော်မူကြောင်း၊ တစ်ဖန် နှလုံးသားအတွင်း၌ မွန်မြတ်သော အလုပ်ကို ပြုမူရန် ဆန္ဒများ ပေါ်ပေါက်လာကာ တစ်ဖန် ယင်းပြုချင်စိတ်အပေါ် ယတိပြတ်ဆုံးဖြတ်ချက်နှင့် လက်တွေ့ကျကျ ပြုမူရန် စွမ်းအားရရှိခြင်းသည် ထိုအသျှင်မြတ်၏ ထံတော်ပါးမှသာလျှင်ဖြစ်ကြောင်း အစရှိသော အချက်များအား လမ်းညွှန်မှာကြားထား တော်မူပေသည်။ သို့ရှိရာ အလွန်တရာမှ ကြီးကျယ်လှစွာသော သူတော်စင်များအဖို့ပင်လျှင် 'မိမိတို့ ပြုကျင့်သော 'အမလ်'အပေါ် ဂုဏ်မောက်ခြင်းနှင့် ထို 'အမလ်'ကို မိမိ၏ ပင်ကိုယ်စွမ်းဆောင်နိုင်ချက် အရည်အချင်းဟူ၍ သတ်မှတ်ကာ ဂုဏ်မောက်မှုအတွင်း၌ နစ်မွန်းသွားခွင့်သည် မရှိပေ။ ထို့ပြင် အရာအားလုံး၏ အဆုံးအဖြတ် သတ်မှတ်ချက်သည် နိဂုံးအပေါ်၌ မူတည်နေပေသည်။ လက်ရှိကာလ၌ ဘဝနိဂုံး ထွက်သက်အခြေအနေသည် မည်သည့်အခြေအနေ၌ ဖြစ်မည်ကို မသိရှိရပါသောကြောင့် ဂုဏ်မောက်ကာ မာနထောင်လွှားခြင်းသည် မည်သည့်အချက်အပေါ်၌နည်း။ (အဓိပ္ပာယ်မရှိသော လုပ်ရပ်ပင်တည်းဟူ၍ ဖြစ်သည်။) ဤလမ်းညွှန်ချက်ကို တင်ပြလျက်ရှိသော အာယသ်တော်၏ အရှေ့၌ လာရှိသော အာယသ်တော်တွင် ဤသို့ တင်ပြ အမိန့်ရှိထားတော်မူပေသည်။ ၎င်းမှာ-

فَلَا تُزَكُّوا اَنفُسَكُمْ هُوَاَعْلَمُ بِمَنِ اتَّقٰى

(သို့ဖြစ်ပေရာ အသင်တို့သည် မိမိတို့ကိုယ်ကို မိမိ မြင့်မြတ်သည်၊ သန့်ရှင်း စင်ကြယ်သည်ဟု မထင်မှတ်ကြကုန်လင့်။ ထိုအသျှင်မြတ်သည်သာလျှင် ပြစ်မှုဒုစရိုက်တို့မှ ရှောင်ကြဉ်ကြကုန်သော သူတို့အား အသိတော်မူဆုံး ဖြစ်တော်မူပေသည်။) ဟူ၍ ဖြစ်သည်။ *[၅၃ : ၃၂]*

ဆိုလိုသည်မှာ အသင်တို့သည် မိမိကိုယ်ကို မိမိ သန့်ရှင်းကင်စင်ကြောင်း ကြွေးကြော်မှုကို မပြုကြကုန်နှင့်။ အဘယ်ကြောင့်ဆိုသော် 'မည်သူသည် မည်သို့နည်း။ မည်သည့်အဆင့်၌နည်း' ဟူသော အချက်ကို ထိုအသျှင်မြတ်သည်သာလျှင် သိရှိနားလည်တော်မူပေသည်။ အဘယ်ကြောင့်ဆိုသော် အကျိုးထူးရရှိခြင်း၏ အခြေခံမူတည်ခြင်းသည် ရှောင်ကြဉ်ခြင်းတရားအပေါ် အဓိကတည်ရှိနေပေသည်။ အပေါ်ယံ ကျင့်ကြံဆောင်ရွက်ချက်များအပေါ်၌ မဟုတ်ပေ။ 'သက္ကဝါ'ဟူသော ရှောင်ကြဉ်ခြင်းတရားတွင်လည်း သေခြင်းတရားထိတိုင် တည်ရှိနေမည့် ရှောင်ကြဉ်ခြင်းတရားသည်သာ လက်ခံအတည်ပြုခြင်း ခံရပေမည်။

ဟဇရသ်ဇိုင်နဗ်ဗင်န်သေအဗီစလ်မာဟ် ﷺ သခင်မ၏ အမည်ကို ၎င်း၏ မိဘနှစ်ပါးသည် 'ဗရ်ရားဟ်' ဟူ၍ ထားရှိထားပေသည်။ 'မွန်မြတ်သောသူမ'ဟူ၍ အဓိပ္ပာယ်ရရှိ၏။ တမန်တော်မြတ် ﷺ သည် ယခု

တင်ပြလျက်ရှိနေသော အာယသ်တော်ကို ရွတ်ဖတ်တော်မူကာ ထိုသို့သော အမည်ကို ထားရှိခြင်းမှ တားမြစ်တော်မူလိုက်ပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုအမည်အတွင်း၌ မိမိမွန်မြတ်တော်မူကြောင်းကို ကြွေးကြော်ထားသကဲ့သို့ ဖြစ်နေပေသည်။ အမည်ပြောင်းကာ 'ဇိုင်နဗ်'ဟူ၍ ပေးရှိလိုက်ပေသည်။

[မွတ်စ္စလင်မ်ကျမ်း၊ အိဗ်နေကာစီးရ်။]

အေမာမ်အဟ်မဒ် (ရဟ) သခင်ကြီးသည် အဗ်ဒွရ်ရဟ်မာန်း ဗင်န် အဗူဗက္ကရ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ထားသည်။ "လူတစ်ဦးသည် တမန်တော်မြတ် ﷺ ၏ ရှေ့တော်မှောက်၌ အခြားသော သူတစ်ဦးတစ်ယောက်အား ချီးမွမ်းရာ တမန်တော်မြတ် ﷺ သည် တားမြစ်တော်မူလိုက်ပေသည်။ ၎င်းနောက် အသင်သည် တစ်ဦးတစ်ယောက်အား ချီးမွမ်းရန် ရှိသည်ဆိုလျှင် 'ကျွန်ုပ်၏ အသိအမြင်၌ ဤသူသည် မွန်မြတ်သောသူ ဖြစ်ပေသည်။"

ولا ازكّى على الله احدا

(အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်ထံပါး၌လည်း ကျွန်ုပ် ထင်မြင်ထားသကဲ့သို့ သန့်ရှင်းစင်ကြယ်ကြောင်းကိုမူ ကျွန်ုပ် မဆိုနိုင်ပေ) ဟူသော စကားလုံးမျိုးများဖြင့် ချီးမွမ်းနိုင်ပေသည်) ဟု အမိန့်ရှိခဲ့လေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

أَفَرَءَيْتَ ٱلَّذِى تَوَلَّىٰ ٣٣

၅၃ : ၃၃ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် အကြင်သူအား မမြင်ခဲ့လေသလော။ ထိုသူသည် (အသျှင်မြတ်၏ လမ်းတော်မှ) မျက်နှာလွှဲသွားခဲ့၏။

وَأَعْطَىٰ قَلِيلًا وَأَكْدَىٰ ٣٤

၅၃ : ၃၄ ။ ။ ၎င်းပြင် ထိုသူသည် အနည်းငယ်မျှ (ပစ္စည်း) ကို ပေး၍ (ယခု) ပိတ်ပင်ခဲ့၏။

أَعِندَهُۥ عِلْمُ ٱلْغَيْبِ فَهُوَ يَرَىٰ ٣٥

၅၃ : ၃၅ ။ ။ ၎င်းထံတွင် အကွယ်၌ ရှိသည်တို့ကို သိစွမ်းနိုင်သော အသိပညာ ရှိနေသောကြောင့်၊ ၎င်းသည် (အဖြစ်မှန်ကို) တွေ့မြင်လေသလော။

أَمْ لَمْ يُنَبَّأْ بِمَا فِى صُحُفِ مُوسَىٰ ٣٦

၅၃ : ၃၆ ။ ။ ၎င်းသည် (တမန်တော်) မူစာ၏ ကျမ်းများ၌ လာရှိသည့်အချက်ကိုလည်းကောင်း။

وَاِبْرٰهِيْمَ الَّذِيْ وَفّٰٓى ۝٣٧

၅၃ : ၃၇ ။ ။ (အသျှင်မြတ်၏ အမိန့်တော်များကို) ကျေပွန်စွာ ဆောင်ရွက်ခဲ့သော (တမန်တော်) အီဗ်ရာဟီမ်၏ ကျမ်းတော်များ၌ လာရှိသည့် အချက်များကိုလည်းကောင်း သတင်းပေးခြင်း မခံခဲ့ရလေသလော။

اَلَّا تَزِرُ وَازِرَةٌ وِّزْرَ اُخْرٰى ۝٣٨

၅၃ : ၃၈ ။ ။ ဧကန်စင်စစ် မည်သည့်သယ်ပိုးသူ တစ်ဦးတစ်ယောက်မျှပင် သူတစ်ပါး၏ ဝန်ထုပ်ကို သယ်ပိုးဆောင်ရွက်မည်မဟုတ်ဟူ၍လည်းကောင်း။

وَاَنْ لَّيْسَ لِلْاِنْسَانِ اِلَّا مَا سَعٰى ۝٣٩

၅၃ : ၃၉ ။ ။ ဧကန်မလွဲ လူသား၌ ၎င်း၏ ကြိုးပမ်းဆောင်ရွက်ချက်သည်သာလျှင် ရှိမည်ဟူ၍လည်းကောင်း။

وَاَنَّ سَعْيَهٗ سَوْفَ يُرٰى ۝٤٠

၅၃ : ၄၀ ။ ။ ဧကန်မုချ ထိုလူသား၏ ကြိုးပမ်းဆောင်ရွက်ချက်သည် မကြာမီပင် တွေ့မြင်ရမည်ဟူ၍လည်းကောင်း။

ثُمَّ يُجْزٰىهُ الْجَزَآءَ الْاَوْفٰى ۝٤١

၅၃ : ၄၁ ။ ။ ထို့နောက် ၎င်းလူသားသည် ယင်းကြိုးပမ်းမှုနှင့် စပ်လျဉ်း၍ လွန်စွာ ပြည့်စုံသော အစားပေးခြင်းကို ခံရမည်ဟူ၍လည်းကောင်း။ (သတင်းပေးခြင်းကို မခံခဲ့ရလေသလော။)

وَاَنَّ اِلٰى رَبِّكَ الْمُنْتَهٰى ۝٤٢

၅၃ : ၄၂ ။ ။ ၎င်းပြင် (အိုး, နဗီတမန်တော်) ဧကန်အမှန် လမ်းဆုံးသည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်၌ ဖြစ်သည်ဟူ၍လည်းကောင်း။

وَاَنَّهٗ هُوَ اَضْحَكَ وَاَبْكٰى ۝٤٣

၅၃ : ၄၃ ။ ။ ဧကန်စင်စစ် ထိုအသျှင်မြတ်သည်ပင် ရယ်စေတော်မူသည်။ ငိုကြွေးစေတော်မူသည်ဟူ၍လည်းကောင်း။

وَاَنَّهٗ هُوَ اَمَاتَ وَاَحْيَا ۝٤٤

၅၃ : ၄၄ ။ ။ ထိုအသျှင်မြတ်သည် ဧကန်မလွဲ သေစေတော်မူသည်၊ ရှင်စေတော်မူသည်ဟူ၍လည်းကောင်း။

وَاَنَّهٗ خَلَقَ الزَّوْجَيْنِ الذَّكَرَ وَالْاُنْثٰى ۝٤٥

၅၃ : ၄၅ ။ ။ ဧကန်စင်စစ် ထိုအသျှင်မြတ်သည်ပင် ဖိုနှင့် မ နှစ်မျိုးစလုံးကို ဖန်ဆင်းတော်မူခဲ့သည်ဟူ၍လည်းကောင်း။

مِنْ نُطْفَةٍ إِذَا تُمْنَىٰ ﴿٤٦﴾

၅၃ : ၄၆ ။ ။ ကာလလ ရည်ကြည်ဖြင့်၊ ယင်းကာလလ ရည်ကြည်သည် သွန်းလောင်းခြင်း ခံရသောအခါ။

وَأَنَّ عَلَيْهِ النَّشْأَةَ الْأُخْرَىٰ ﴿٤٧﴾

၅၃ : ၄၇ ။ ။ ထို့ပြင် မုချစင်စစ် ဒုတိယအကြိမ် ဖန်ဆင်းမှုသည် ထိုအသျှင်မြတ်၏ တာဝန်ပင် ဖြစ်သည်ဟူ၍လည်းကောင်း။

وَأَنَّهُ هُوَ أَغْنَىٰ وَأَقْنَىٰ ﴿٤٨﴾

၅၃ : ၄၈ ။ ။ စင်စစ်အမှန် ထိုအသျှင်မြတ်သည်သာလျှင် ကုံလုံကြွယ်ဝ ချမ်းသာစေတော်မူသည်။ ဆင်းရဲနွမ်းပါးစေတော်မူသည်။ ဥစ္စာပစ္စည်း ချီးမြှင့်ပေးသနား တည်မြဲစေတော်မူသည်ဟူ၍လည်းကောင်း။

وَأَنَّهُ هُوَ رَبُّ الشِّعْرَىٰ ﴿٤٩﴾

၅၃ : ၄၉ ။ ။ အမှန်စင်စစ် ထိုအသျှင်မြတ်သည်ပင် 'ရှစ်အ်ရာ' (လုဒ္ဒက) ကြယ်ကို ဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်ဟူ၍လည်းကောင်း၊ (မုဆိုးပုံရှိ လုဒ္ဒကကြယ်သည် ကောင်းကင်တွင် အတောက်ပဆုံးဖြစ်၍ မုရှိရစ်က်တို့ ကိုးကွယ်လေ့ ရှိကြသည်။)

وَأَنَّهُ أَهْلَكَ عَادًا الْأُولَىٰ ﴿٥٠﴾

၅၃ : ၅၀ ။ ။ စင်စစ်မလွဲ ထိုအသျှင်မြတ်သည်ပင် ပထမ အားဒ်အမျိုးသားတို့အား ဖျက်ဆီးတော်မူခဲ့သည်ဟူ၍လည်းကောင်း။

وَثَمُودَ فَمَا أَبْقَىٰ ﴿٥١﴾

၅၃ : ၅၁ ။ ။ (ထိုအသျှင်မြတ်သည်ပင်) ဆမူးဒ်အမျိုးသားတို့အားလည်း၊ (ဖျက်ဆီးတော်မူခဲ့ရာ) တစ်ဦးတစ်ယောက်ကိုမျှ ခြွင်းချန်တော်မူခဲ့သည်မဟုတ်ပေ။

وَقَوْمَ نُوحٍ مِنْ قَبْلُ ۖ إِنَّهُمْ كَانُوا هُمْ أَظْلَمَ وَأَطْغَىٰ ﴿٥٢﴾

၅၃ : ၅၂ ။ ။ ထိုနည်းတူစွာ ရှေးအတိတ်ကျော်ကာလ၌ နူးဟ်၏ အမျိုးသားတို့ကိုလည်း (ဖျက်ဆီးတော်မူခဲ့၏။) စင်စစ်စင်စစ် ထိုနူးဟ်၏ အမျိုးသားတို့သည် ပိုမို၍ပင် မတရားသောသူများ၊ ပိုမို၍ပင် ဆိုးသွမ်းသူများ ဖြစ်ခဲ့ကြကုန်၏။

وَالْمُؤْتَفِكَةَ أَهْوَىٰ ﴿٥٣﴾

၅၃ : ၅၃ ။ ။ ၄င်းပြင် ထိုအသျှင်မြတ်သည်ပင် အထက်အောက် ပြောင်းပြန်လှန်ပြီးဖြစ်သော (လူးသ်၏ အမျိုးသားတို့ နေထိုင်ရာ) မြို့ရွာများကိုလည်း ကိုင်ပေါက်တော်မူခဲ့၏။

فَغَشّٰىهَا مَا غَشّٰى ﴿٥٤﴾

၅၃ : ၅၄ ။ ။ ထို့နောက် ယင်းမြို့ရွာများကို ဝန်းဝိုင်း၊ ဖုံးလွှမ်းခဲ့သော အရာသည် ဝန်းဝိုင်းဖုံးလွှမ်းခဲ့၏။

فَبِاَيِّ اٰلَآءِ رَبِّكَ تَتَمَارٰى ﴿٥٥﴾

၅၃ : ၅၅ ။ ။ သို့ဖြစ်ပေရာ (အို, ကြားနာသူ) အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များနှင့် စပ်လျဉ်း၍ သံသယဖြစ်လျက် ရှိကြသနည်း။

هٰذَا نَذِيْرٌ مِّنَ النُّذُرِ الْاُوْلٰى ﴿٥٦﴾

၅၃ : ၅၆ ။ ။ ဤ (တမန်တော်) သည်လည်း ရှေးဟောင်း သတိပေးနှိုးဆော်သူတို့တွင် တစ်ပါးအပါအဝင် ဖြစ်၏။

اَزِفَتِ الْاٰزِفَةُ ﴿٥٧﴾

၅၃ : ၅၇ ။ ။ နီးကပ်၍လာသော အရာသည် နီးကပ်၍ လာခဲ့လေပြီ။

لَيْسَ لَهَا مِنْ دُوْنِ اللّٰهِ كَاشِفَةٌ ﴿٥٨﴾

၅၃ : ၅၈ ။ ။ ထိုနီးကပ်၍ လာသောအရာကို အလ္လာဟ်အသျှင်မြတ်မှတစ်ပါး ဖယ်ရှားမည့်သူဟူ၍ (တစ်ဦးတစ်ယောက်မျှ) အလျဉ်းမရှိပြီ။

اَفَمِنْ هٰذَا الْحَدِيْثِ تَعْجَبُوْنَ ﴿٥٩﴾

၅၃ : ၅၉ ။ ။ သို့ပါလျက် အသင်တို့သည် ဤအာယသ်တော်နှင့် စပ်လျဉ်း၍ အံ့သြ၍ နေကြလေသလော။

وَتَضْحَكُوْنَ وَلَا تَبْكُوْنَ ﴿٦٠﴾

၅၃ : ၆၀ ။ ။ ထို့ပြင် အသင်တို့သည် (မိမိတို့၏ ချို့တဲ့မှုများကြောင့်) ငိုကြွေးခြင်း မရှိသည့်အပြင်၊ ရယ်မော၍ နေကြလေသလော။

وَاَنْتُمْ سٰمِدُوْنَ ﴿٦١﴾

၅၃ : ၆၁ ။ ။ ထို့ပြင် အသင်တို့သည် ဂရုမစိုက်ဘဲ ကစားခုန်စား၊ မာန်မာန ထောင်လွှားလျက် ရှိကြလေသလော။

فَاسْجُدُوْا لِلّٰهِ وَاعْبُدُوْا ﴿٦٢﴾ السجدة

၅၃ : ၆၂ ။ ။ သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်ဝယ် 'စဂျ်ဒဟ်' ပျပ်ဝပ်ဦးချကြလေကုန်။ ထို့ပြင် အသင်တို့သည် (ထိုအသျှင်မြတ်ကိုသာလျှင်) ဆည်းကပ်ကိုးကွယ်ကြလေကုန်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အသင်သည် မှန်ရည်သိမ်မွေ့သော သူတို့၏ ဂုဏ်ထူးဝိသေသ အချက်များကို နားထောင်ခဲ့သည်။ အို၊ နဗီတမန်တော်) အသင်သည် အကြင်သူအား မမြင်ခဲ့လေသလော။ ထိုသူသည် (အလ္လာဟ်အသျှင်မြတ်၏ မှန်ကန်သော သာသနာ့လမ်းစဉ်တော်မှ) မျက်နှာလွှဲသွားခဲ့၏။ (ဆိုလိုသည်မှာ အစ္စလာမ်သာသနာမှ မျက်နှာလွှဲဖယ်ခဲ့သည်။)

၎င်းပြင် ထိုသူသည် အနည်းငယ်မျှ (ပစ္စည်း) ကို ပေး၍ (ယခု) ပိတ်ပင်ခဲ့၏။ (ဆိုလိုသည်မှာ အကြင်သူသည် ပစ္စည်းပေးရန် ကတိကို မိမိ၏ ရည်ရွယ်ချက်အတွက် ပေးခဲ့သည်။ ထိုသို့ ကတိပေးပြီးနောက် ပေးရမည့်အချိန် ရောက်ရှိလာသောအခါ ပြည့်ဝစွာ မပေးခဲ့ပေဟူ၍တည်း။ ထိုအချက်မှ 'ဤသူသည် မိမိအလိုသဘောဆန္ဒ ရည်ရွယ်ချက်အတွက်ပင်လျှင် ပြည့်ဝစွာ မသုံးစွဲခဲ့ရာ အခြားသော သူများအား အကျိုးပြုစေရန်အတွက်၊ မည်သည့်အရာကိုမျှ သုံးစွဲမည်မဟုတ်ကြောင်း၊ ၎င်းသည် စေးနဲတွန့်တိုခြင်း ဖြစ်သည်' ဟူသော အချက်ကိုသာ သိရှိရစေသည်။

၎င်းထံတွင် (မှန်ကန်သော အကြောင်းခံ တစ်စုံတစ်ရာဖြင့်) အကွယ်၌ ရှိသည်တို့ကို သိစွမ်းနိုင်သော အသိပညာရှိနေသောကြောင့် ၎င်းသည် (အဖြစ်မှန်ကို) တွေ့မြင်လေသလော။ (အကြင်အကွယ်၌ရှိသော အသိပညာ၏ အကြောင်းခံဖြင့် 'မည်သူမည်ဝါသည် ကျွန်ုပ်၏ဘက်မှ ကျွန်ုပ်၏ ပြစ်မှုဒုစရိုက်များ၏ ပြစ်ဒဏ်များကို မိမိ၏ ခေါင်းခံ၍ ကျွန်ုပ်အား ပြစ်ဒဏ်မှ ကယ်တင်ပေးလိမ့်မည်'ဟူသော အချက်ကို သိရှိနေပါ၏လော။)

၎င်းသည် တမန်တော်မူစာ (အလိုင်ဟစ်စလာမ်) ၏ ကျမ်းများ၌ လာရှိသည့်အချက်ကိုလည်းကောင်း၊ စူရာဟ် 'အအ်လာ'၏ အကျယ်ဖွင့်ဆိုချက်၌ ဒုရ်ရေမန်စူးရ်ကျမ်း၏ ဆင့်ပြန်ချက်အရ ဟဇရသ်မူစာ (အလိုင်ဟစ်စလာမ်) ၏ ထံတော်ပါးသို့ 'သောင်ရားသ်'ကျမ်းအပြင် ကျမ်းငယ် (၁၀) စောင် ချပေးတော်မူခဲ့ပေသည်။

(အသျှင်မြတ်၏ အမိန့်တော်များကို) ကျေပွန်စွာ ဆောင်ရွက်ခဲ့သော (တမန်တော်) အီဗ်ရာဟီးမ် (အလိုင်ဟစ်စလာမ်) ၏ ကျမ်းတော်များ၊ (စူရာဟ်'အအ်လာ'၌ ကျမ်းငယ်များအကြောင်း တင်ပြပါမည်) ၌ လာရှိသည့်အချက်များကိုလည်းကောင်း သတင်းပေးခြင်း မခံခဲ့ရလေသလော။

(ထိုကျမ်းငယ်များ၌ တင်ပြထားသော စာစဉ် အကြောင်းအရာများမှာ ဤသို့ဖြစ်သည်။) ဧကန်စင်စစ် မည်သည့်သယ်ပိုးသူတစ်ဦး တစ်ယောက်မျှပင် သူတစ်ပါး၏ ဝန်ထုပ်ကို (ပြစ်မှုကျူးလွန်သူ ကင်းလွတ်သွားရန်) သယ်ပိုးဆောင်ရွက်မည် မဟုတ်ဟူ၍လည်းကောင်း (တစ်ဖန် ဤသူသည် 'ကျွန်ုပ်၏ ပြစ်မှုဒုစရိုက်အားလုံးကို ၎င်းသူသည် မိမိ၏ ခေါင်းပေါ်တင်ကာ ဖြေရှင်းပေးမည်ဟု မည်သို့ မှတ်ထင်နေပေသနည်း။')

၎င်းနောက် (ဤစာစဉ်အကြောင်းလည်း ရှိပေသည်။) ဧကန်မလွဲ (အီမာန်နှင့် စပ်လျဉ်း၍) လူသား၌ ၎င်း၏ ကြိုးပမ်းဆောင်ရွက်ချက်သည်သာလျှင် ရှိမည်ဟူ၍လည်းကောင်း (ဆိုလိုသည်မှာ အခြားတစ်ဦး

တစ်ယောက်၏ အီမာန်သည် မိမိအဖို့ အကျိုးပေးမည် မဟုတ်။ သို့ရှိရာ အကယ်၍ ထိုစောင်းချိတ် ကဲ့ရဲ့ ပြစ်တင်သောသူ၏ ထံ၌ အီမာန်ရှိနေသည် ထားဘိဦး။ ၎င်းအဖို့ အသုံးဝင်မည် မဟုတ်ပေ။ ထိုလောက၌ လည်း အီမာန်မရှိဟုဆိုလျှင် ဆိုဖွယ်ရာ မရှိတော့ပြီ။ ၎င်းနောက် (ဤစာစဉ် အကြောင်းအရာသည်လည်း ရှိနေပေသည်။) ဧကန်မုချ ထိုလူသား၏ ကြိုးပမ်းဆောင်ရွက်ချက်သည် မကြာမီပင် တွေ့မြင်ရမည်ဟူ၍ လည်းကောင်း ထို့နောက် ၎င်းလူသားသည် ယင်းကြိုးပမ်းမှုနှင့် စပ်လျဉ်း၍ လွန်စွာ ပြည့်စုံသော အစား ပေးခြင်းကို ခံရမည်ဟူ၍လည်းကောင်း (သတင်းပေးခြင်းကို မခံခဲ့ရလေသလော။ မိမိအောင်မြင်မှု ရရှိရန် ကြိုးပမ်းမှုကို ဤမျှ ကတိတော်ရှိနေပါလျက် အဘယ်ကြောင့် မေ့လျော့နေပေသနည်း။

ဤ (စာစဉ်အကြောင်းအရာသည်လည်း) ရှိပေသည်။ ၎င်းပြင် (အို၊ နဗီတမန်တော်၊ အားလုံးသော သူတို့အဖို့) ဧကန်အမှန် လမ်းဆုံးသည် အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ထံတော်၌ ဖြစ်သည်ဟူ၍လည်းကောင်း (သို့ဆိုလျှင် ၎င်းသည် မည်ကဲ့သို့ မကြောက်မရွံ့ အတင့်ရဲနေရပါသနည်း။)

ထို့ပြင် (ဤစာစဉ်အကြောင်းအရာသည်လည်း တည်ရှိနေပေသည်။) ဧကန်စင်စစ် ထိုအသျှင်မြတ် သည်ပင် ရယ်စေတော်မူသည်။ ငိုကြွေးစေတော်မူသည်ဟူ၍လည်းကောင်း၊ ထိုအသျှင်မြတ်သည် ဧကန် မလွဲ သေစေတော်မူသည်၊ ရှင်စေတော်မူသည်ဟူ၍လည်းကောင်း၊ ဧကန်စင်စစ် ထိုအသျှင်မြတ်သည်ပင် ဖိုနှင့် မ နှစ်မျိုးစလုံးကို ဖန်ဆင်းတော်မူခဲ့သည်ဟူ၍လည်းကောင်း ကာလလရေကြည်ဖြင့် ယင်း (ကာလလ ရေကြည်သည် (သားအိမ်အတွင်းသို့) သွန်းလောင်းခြင်းခံရသောအခါ (ဆိုလိုသည်မှာ ခြယ်လှယ်နိုင်စွမ်း အလုံးစုံကို စိုးပိုင်တော်မူသော အသျှင်မြတ်သည် အလ္လာဟ်အသျှင်မြတ်သည်သာလျှင် ဖြစ်ပေသည်။ အခြား မည်သူတစ်ဦးတစ်ယောက်မျှ မရှိပေ။ တစ်ဖန် ထိုသူသည် 'ကေယာမသ်'နေ့၌ 'ကျွန်ုပ်တို့အား ပြစ်ဒဏ်မှ ကယ်တင်နိုင်စွမ်းသည် အခြားတစ်ဦး၏ လက်ဝယ်၌ ရှိနေမည်'ဟူ၍ မည်သို့ မှတ်ယူခဲ့ပါသနည်း။)

(ဤစာစဉ် အကြောင်းအရာသည်လည်း ရှိပေသည်။) ထို့ပြင် မုချစင်စစ် (ကတိတော်နှင့်အညီ) ဒုတိယ အကြိမ် ဖန်ဆင်းမှုသည် ထိုအသျှင်မြတ်၏ တာဝန်ပင် ဖြစ်သည်ဟူ၍လည်းကောင်း၊ (ဆိုလိုသည်မှာ တာဝန်ရှိသည့် အရာကဲ့သို့ မုချ ဖြစ်ပေါ်မည့်အရာ ဖြစ်ပေသည်။ သို့ပါ၍ 'ကေယာမသ်'ဆိုက်ရောက်မည် မဟုတ်ဟူ၍ အတင့်မရဲသင့်ပေ။)

အမှန်စင်စစ် ထိုအသျှင်မြတ်သည်ပင် 'ရှိအ်ရား'ကြယ်ကို ဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ် တော်မူသည်ဟူ၍လည်းကောင်း (မုဆိုးပုံရှိ လုဒ္ဒကကြယ်သည် ကောင်းကင်တွင် အတောက်ပဆုံး ဖြစ်၍ မုရှ်ရစ်က်တို့ ကိုးကွယ်လေ့ ရှိကြပေသည်။ အကြင်ကြယ်တာရာအား အမိုက်ခေတ်၌ အချို့သော သူတို့ သည် ခဝပ်ကိုးကွယ်လေ့ ရှိကြပေသည်။ ဆိုလိုသည်မှာ ထိုသို့ ခြယ်လှယ်နိုင်စွမ်း ရှိခြင်းများနှင့် အရာဝတ္ထု များ ပစ္စည်းများအား စိုးပိုင်တော်မူသော အသျှင်သည် ထိုအသျှင်မြတ်သည်သာလျှင် ဖြစ်ပေသည်။ ပမာ ဆိုရသော် အစပိုင်းကဏ္ဍာရပ်တို့၌လည်း ခြယ်လှယ်နိုင်စွမ်း ရှိတော်မူသော အသျှင်၊ စိုးပိုင်တော်မူသော အသျှင်သည်လည်း ထိုအသျှင်မြတ်ပင် ဖြစ်တော်မူသည်။ အထက်၌ တင်ပြခဲ့သော အရာများသည် လူသား၏ ကိုယ်ခန္ဓာ၌ ဖြစ်ပေါ်တည်ရှိ မှီခိုနေသော အရာများအပေါ် ခြယ်လှယ်ထိန်းကွပ်ထားနိုင်စွမ်း ရှိခြင်းနှင့်

စပ်လျဉ်း၍ ဖြစ်ပြီး၊ နောက်ပိုင်း၌ တင်ပြခဲ့သော အရာများသည် လူသားတို့နှင့် ပတ်သက်၊ စပ်လျဉ်းသော အချက်များအပေါ် ခြယ်လှယ်နိုင်စွမ်းရှိခြင်းနှင့် စပ်လျဉ်း၍ ဖြစ်ပေသည်။ သို့ရှိရာ ဥစ္စာပစ္စည်းနှင့် ကြယ်တာရာနှစ်မျိုးစလုံးသည် ပြင်ပပိုင်းဆိုင်ရာ ကဏ္ဍာရပ်နှင့် ပတ်သက်ပေသည်။ ထိုအချက်အရာနှစ်ခုကိုသာလျှင် အထူးတင်ပြထားရခြင်း အကြောင်းမှာ 'အသင်တို့သည် မိမိတို့အား အကူအညီပေးမည်' ဟူ၍ ထင်မှတ်ထားရသော အရာများအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည်လည်း ငါအသျှင်မြတ်သည်သာလျှင် ဖြစ်ကြောင်း၊ တစ်ဖန် အခြားသူများကို 'ကေယာမသ်' နေ့၌ အသင်တို့၏ ထင်မြင်ယူဆချက်နှင့် အညီ မည်ကဲ့သို့သော အကျိုးပြုနိုင်ပေမည်နည်း' ဟူသော အချက်တို့၏ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားဟန်တူပေသည်။)

၄င်းပြင် (ဤစာစဉ် အကြောင်းအရာသည်လည်း ပါဝင်ပေသည်။) ကေန်မလွဲ ထိုအသျှင်မြတ်သည်ပင် ပထမ အားဒ်အမျိုးသားတို့အား (၄င်းတို့ 'ကုဖုရ်' သွေဖည်ငြင်းဆိုမှု ပြုသည့်အတွက်ကြောင့်) ဖျက်ဆီးတော်မူခဲ့သည်ဟူ၍လည်းကောင်း၊ (ထိုအသျှင်မြတ်သည်ပင်) စမူးဒ်အမျိုးသားတို့အားလည်း ဖျက်ဆီးတော်မူခဲ့ရာ တစ်ဦးတစ်ယောက်ကိုမျှ ခြွင်းချန်တော်မူခဲ့သည် မဟုတ်ပေ။

ထိုနည်းတူစွာ ရှေးအတိတ်ကျော်ကာလ၌ နူးဟ်၏ အမျိုးသားတို့ကိုလည်း (ဖျက်ဆီးတော်မူခဲ့၏) ကေန်စင်စစ် ထိုနူးဟ်၏ အမျိုးသားတို့သည် ပိုမို၍ပင် မတရားသောသူများ၊ ပိုမို၍ပင် ဆိုးသွမ်းသူများ ဖြစ်ခဲ့ကြကုန်၏။ (အကြောင်းမှာ နှစ်ပေါင်း (၉၅၀) ထိတိုင် ဖိတ်ခေါ်ရာ၌လည်း လမ်းမှန်တရားအပေါ်သို့ မရောက်ရှိလာခဲ့ကြပေ။)

၄င်းပြင် ထိုအသျှင်မြတ်သည်ပင် အထက်အောက် ပြောင်းပြန်လှန်ပြီးဖြစ်သော (လူးသ္ဗ် عليه السلام ၏ အမျိုးသားတို့ နေထိုင်ရာ) မြို့ရွာများကိုလည်း ကိုင်ပေါက်တော်မူခဲ့၏။

ထို့နောက် ယင်းမြို့ရွာများကို ဝန်းဝိုင်း၊ ဖုံးလွှမ်းခဲ့သော အရာသည် ဝန်းဝိုင်း ဖုံးလွှမ်းခဲ့၏။ (အထက်မိုးကောင်းကင်မှ ကျောက်ခဲမိုးများ ရွာသွန်းခဲ့ခြင်းကို ဆိုလိုပေသည်။ သို့ရှိရာ ဤသူသည် အကယ်၍ ထိုဖြစ်အင်များ၌ စဉ်းစားဆင်ခြင် တွေးတောကာ 'ကုဖွရ်' သွေဖည်ငြင်းဆိုမှုပြုခြင်း၏ ပြစ်ဒဏ်ကို ကြောက်ရွံ့ပေမည်။ တစ်ဖန် သောကကင်းမဲ့သည့် အခြေအနေမျိုးသို့လည်း ရောက်ရှိလိမ့်မည် မဟုတ်ပေ)

(ရှေ့၌ အထက်တင်ပြပါ အကြောင်းအရာများအားလုံးအပေါ် ခွဲခြမ်းစိတ်ဖြာကာ မိန့်တော်မူထားပေသည်။ အို၊ လူသား၊ ဤကဲ့သို့သော အကြောင်းအရာများမှ အသင့်အား သတိပေးတော်မူထား ပေသည်။ အကြင်အရာများသည် တရားလမ်းမှန်ကို ညွှန်ပြသော အချက်အကြောင်းများ ဖြစ်သည့် အတွက်ကြောင့် အကြောင်းအရာတိုင်းသည် အလ္လာဟ်အသျှင်မြတ်၏ဘက်တော်မှ ချီးမြှင့်ပေးသနားထား တော်မူသော 'နေအ်မသ်' (စည်းစိမ်တော်) ပင် ဖြစ်ပေသည်။) သို့ဖြစ်ပေရာ (အို၊ ကြားနာသူ) အသင်သည် အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များနှင့် စပ်လျဉ်း၍ သံသယဖြစ် (ငြင်းဆိုလျက် ရှိကြသနည်း။ (ထိုစာစဉ်အကြောင်းအရာများကို လက်ခံယုံကြည်၍ အကျိုးရယူ ခံစားသူ မဖြစ်လိုဘူးလော။)

ဤ (စာမန်တော်) သည်လည်း ရှေးဟောင်း သတိပေးနိုးဆော်သူတို့တွင် တစ်ပါးအပါအဝင် ဖြစ်၏။ (၄င်းအား လက်ခံကြကုန်။)

(အဘယ်ကြောင့်ဆိုသော်) နီးကပ်၍လာသော အရာသည် နီးကပ်၍ လာခဲ့လေပြီ။ (အလိုသဘော မှာ 'ကေယာမသ်'နေ့ ဖြစ်ပေသည်။ ထို 'ကေယာမသ်'ဆိုက်ရောက်လာသောအခါ) ထိုနီးကပ်၍ လာသော အရာကို အလ္လာဟ်အသျှင်မြတ်မှတစ်ပါး ဖယ်ရှားမည့်သူဟူ၍ (တစ်ဦးတစ်ယောက်မျှ) အလျဉ်းမရှိပြီ။ (သို့ရှိရာ တစ်ဦးတစ်ယောက်အား အားကိုးသမှုပြု၍ သောကကင်းမဲ့စွာဖြင့် နေရန် အခွင့်အလမ်းပင် မရှိပေ)

သို့ပါလျက် (ဤသို့ ကြောက်မက်ဖွယ်ရာ အချက်များကို ကြားနာ၍လည်း) အသင်တို့သည် (အလ္လာဟ်သျှင်မြတ်၏) ဤအာယသ်တော်နှင့် စပ်လျဉ်း၍ အံ့သြ၍ နေကြလေသလော။

ထို့ပြင် အသင်တို့သည် (မိမိတို့၏ ချွတ်ချော်မှုများကြောင့် ပြစ်ဒဏ်တော်အား ကြောက်ရွံ့ခြင်းမှ) ငိုကြွေးခြင်း မရှိသည့်အပြင် (နောက်ပြောင်စွာဖြင့်) ရယ်မော၍ နေကြလေသလော။

ထို့ပြင် အသင်တို့သည် (အမိန့်နာခံခြင်းမှ) ဂရုမစိုက်ဘဲ ကစားခုန်စား၊ မာန်မာနထောင်လွှားလျက် ရှိကြလေသလော။

သို့ဖြစ်ပေရာ အသင်တို့သည် (ထိုမာန်မာနထောင်လွှားမှုနှင့် မေ့လျော့မှုတို့မှ ရပ်တန့်က ရပ်ကြ ကုန်။ ညွှန်ကြားမှုနှင့်အညီ ထိုနဗီတမန်တော်၏) အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်ဝယ် 'စဂျ်ဒဟ်' ဦးချကြလေကုန်။ ထို့ပြင် (ထိုအသျှင်မြတ်အား တုဖက်နှိုင်းယှဉ် ခဝပ်ကိုးကွယ်ခြင်းမျိုးများ မပါရှိဘဲ) အသင်တို့သည် (ထိုအသျှင်မြတ်ကိုသာလျှင်) ဆည်းကပ်ကိုးကွယ်ကြလေကုန်။ (သို့မှသာ အသင်တို့သည် လွတ်မြောက်အောင်မြင်မှုကို ရရှိနိုင်ပေလိမ့်မည်။)

အာယသ်တော်များ ကျရောက်လာခြင်း၏ ကျောထောက်နောက်ခံ သမိုင်း

ဒုရ်ရေမန်စူးရ်ကျမ်း၌ အိဗ်နေဂျရီးရ် (ရဟ) သခင်ကြီး၏ ဆင့်ပြန်ချက်ဖြင့် ဤသို့ ဆင့်ပြန်ထား ပေသည်။ တစ်ဦးတစ်ယောက်သောသူသည် အစ္စလာမ်သာသနာကို ယုံကြည်လက်ခံလိုက်ပေသည်။ ၄င်းအား ၄င်း၏ မိတ်ဆွေတစ်ဦးသည် 'အသင် မိမိ၏ ဘိုး၊ ဘေး၊ ဘီ၊ ဘင်တို့၏ ဒီးန်သာသနာကို အဘယ်ကြောင့် စွန့်လွှတ်လိုက်ပေသနည်း' ဟူ၍ ပြစ်တင်ကဲ့ရဲ့ကာ ပြောဆိုပေသည်။ ၄င်းက 'ကျွန်ုပ်သည် အလ္လာဟ် အသျှင်မြတ်၏ 'အဇာဗ်'ပြစ်ဒဏ်တော်အား ကြောက်ရွံ့၍ ဖြစ်ပေသည်' ဟူ၍ ပြန်လည် ဖြေကြားရာ ၄င်း၏ မိတ်ဆွေဖြစ်သူက 'အသင်သည် ကျွန်ုပ်အား တစ်စုံတစ်ရာကို ပေးမည်ဆိုလျှင် ကျွန်ုပ်သည် တမလွန် ဘဝ၌ အသင် ခံရမည်ဖြစ်သော 'အဇာဗ်' အပြစ်ဒဏ်အား ကျွန်ုပ်၏ ဦးခေါင်းအပေါ် တင်ထားလိုက် မည်ဖြစ်သည်။ သို့ဆိုလျှင် အသင်သည် ပြစ်ဒဏ်မှ ကင်းလွတ်ခွင့် ရရှိသွားပေမည်ဟူ၍ ပြောဆိုခဲ့ပေ သည်။ သို့ရှိရာ ၄င်းက တစ်စုံတစ်ရာကို ပေးကမ်းလိုက်ပေသည်။ မိတ်ဆွေဖြစ်သူက ထပ်မံတောင်းခံရာ အနည်းငယ် တိုးပေးပြီးနောက် အနည်းနှင့်အများမဆို ထပ်မံ၍ ပေးအပ်လိုက်ပေသည်။ ကျန်ရှိ ပေးအပ်

ရမည့်အရာကို သက်သေများနှင့်အတူ လက်မှတ်ရေးထိုးပေးလိုက်ပေသည်။ ရှုဟူမအာနီကျမ်း၌ ၎င်း၏ အမည်ကို ဝလီးဒ်ဗင်န်မုဂီရားဟ်ဟူ၍ ရေးသားထားပေသည်။ အကြင်သူသည် အစ္စလာမ်သာသနာတော် ဘက်သို့ ယိမ်းညွတ်လာလေရာ ၎င်း၏ မိတ်ဆွေက စောင်းချိတ်ကဲ့ရဲ့ ပြစ်တင်မှုကို ပြုခဲ့ပေသည်။ ပြစ်ဒဏ် ၏ ဝန်ထုတ်ဝန်ပိုးကို မိမိအပေါ်သို့ ရယူလိုက်မည်ဟု ပြောဆိုခဲ့ပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

اَفَرَأَيْتَ الَّذِىْ تَوَلّٰى

(အို, နဗီတမန်တော်၊ အသင်သည် အကြင်သူအား မမြင်ခဲ့လေသလော။ ထိုသူသည် ထိုအသျှင်မြတ် ၏ လမ်းတော်မှ မျက်နှာလွှဲသွားခဲ့၏။) *[၅၃ : ၃၃]*

تَوَلّٰى ၏ လုံးချင်းကောက်အဓိပ္ပာယ်သည် မျက်နှာလွှဲသွားခြင်း ဖြစ်၏။ 'အလ္လာဟ်အသျှင်မြတ်၏ အမိန့်ကို နာခံခြင်းမှ မျက်နှာလွှဲသွားခြင်းကို ဆိုလိုသည်။

وَاَعْطٰى قَلِيْلًا وَّاَكْدٰى

(၎င်းပြင် ထိုသူသည် အနည်းငယ်မျှပစ္စည်းကို ပေး၍ ယခု ပိတ်ပင်ခဲ့၏။) *[၅၃ : ၃၄]*

اَكْدٰى ဟူသော စကားလုံးသည် **كُدْيَةٌ** ဟူသော စကားလုံးမှ ဆင်းသက်လာပေသည်။ 'အလွန် မာကျောသော ကျောက်' ကို ခေါ်ဆိုပေသည်။ အကြင်ကျောက်သည် ရေတွင်း (သို့မဟုတ်) ဖောင်ဒေးရှင်း အုတ်မြစ်တို့ကို တူးဖော်ချိန်၌ ဆက်လက်တူးဖော်ရန် အဟန့်အတားဖြစ်စေသော မြေကြီးထဲမှ ထွက်ပေါ် လာလေ့ရှိသော ကျောက်တုံးပင် ဖြစ်ပေသည်။ ထို့ကြောင့် **اَكْدٰى** ၏ အဓိပ္ပာယ်မှာ 'ဦးစွာပထမ စူရာဟ်၏ အစပိုင်းတွင် ဖော်ပြထားရာ၌ အနည်းငယ်ပေး၍ တစ်ဖန် ပေးခြင်းမှ ရပ်တန့်လိုက်ပေသည်' ဟူ၍ ဖြစ်သွား၏။ အာယသ်တော်၏ ကျောထောက်နောက်ခံသမိုင်း၌ ဖြစ်အင်တစ်ရပ်အား တင်ပြထားပြီး ဖြစ်ပေသည်။ ထို ဖြစ်အင်ကို ထောက်ရှုကြည့်လျှင် ၎င်း၏ ဤအဓိပ္ပာယ်မှာ ထင်ရှားပေါ်လွင်လှပေသည်။ ထိုအထက်ဖော်ပြပါ ဖြစ်အင်ကို ထောက်ရှုမှုမပြုဘဲ ၎င်း၏ အခြားသော အဓိပ္ပာယ်တစ်ရပ်ကို ကောက်ယူမည်ဆိုပါက 'ထိုသူသည် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ တစ်စုံတစ်ရာ ပေးကမ်းလှူဒါန်းလျက် ရှိခဲ့သည်။ တစ်ဖန် စွန့်လွှတ် လိုက်ပေသည်' ဟူ၍ ဖြစ်မည်။ (သို့မဟုတ်) ဦးစွာပထမ စူရာဟ်၏ အစပိုင်းတွင် ဖော်ပြထားရာ၌ အလ္လာဟ်အသျှင်မြတ်၏ အမိန့်နာခံခြင်းဘက်သို့ အနည်းငယ် ယိမ်းယိုင်ခဲ့ကာ နာခံမှုကို အနည်းနှင့် အများ မဆို ပြုလုပ်ခဲ့သည်။ တစ်ဖန် စွန့်လွှတ်လိုက်သည်ဟူ၍ ဖြစ်မည်။ ထိုစကားလုံး၏ ဤဖွင့်ဆိုချက်သည် ဟဇရသ်မူဂျာဟိဒ် (ရဟ)၊ စအီးဒ်အိဗ်နေဂျုဗိုက်ရ် (ရဟ)၊ အိက်ရိမဟ် (ရဟ)၊ ကသားဒါ (ရဟ) အစ ရှိသော သူတို့ထံမှ ဆင့်ပြန်လျက် လာရှိထားပေသည်။ *[အိဗ်နေကစီးရ်]*

اَعِنْدَهٗ عِلْمُ الْغَيْبِ فَهُوَ يَرٰى

(၄င်း၏ထံတွင် အကွယ်၌ ရှိသည်တို့ကို သိစွမ်းနိုင်သော အသိပညာ ရှိနေသောကြောင့် ၄င်းသည် အဖြစ်မှန်ကို တွေ့မြင်လေသလော။) [၅၃ : ၃၅]

ကျောထောက်နောက်ခံသမိုင်း၌ တင်ပြထားသော ဖြစ်အင်ကို ထောက်ရှုသုံးသပ်လျှင် အာယသ်တော်၏ အလိုသဘောမှာ ဤသို့ ဖြစ်မည်။ အကြင်သူသည် ၄င်း၏ မိတ်ဆွေတစ်ဦးမှ ၄င်းအား 'နောင်တမလွန် 'အာခေရသ်'၌ အသင်၏ ပြစ်ဒဏ်ကို ကျွန်ုပ်သည် မိမိ၏ ဦးခေါင်းအပေါ် ရွက်ယူကာ အသင့်အား လွတ်မြောက်စေပေမည်' ဟူ၍ ပြောဆိုခဲ့သည့်အတွက် အစ္စလာမ်သာသနာကို လက်လွတ် အဆုံးရှုံးခံခဲ့၏။ ထိုအသိဉာဏ်ကင်းမဲ့သော သူသည် ထိုအချက်အား မည်ကဲ့သို့ ယုံကြည်လိုက်ပေသနည်း။ ၄င်းသည် အကွယ်၌ရှိသော 'အီလ်မ်' (အသိပညာ) ကို ရယူထားပါ၏လော့။ အကြင်ပညာဖြင့် ၄င်းသည် 'ကေန်မုချ 'ကုဖွ်ရ်' (သွေဖည်ငြင်းဆိုမှု) အပေါ် ရှိနေ၍ ခံစားရမည်ဖြစ်သော ပြစ်ဒဏ်ကို ဤသူသည် မိမိ၏ ဦးခေါင်းအပေါ် ရွက်ယူကာ ကျွန်ုပ်အား ကယ်တင်ပေးလိမ့်မည်ဟူ၍ မုချ သိရှိခဲ့၍လော။ ဤသည် 'လုံး၀ မှားယွင်းထင်မြင်ခဲ့ခြင်းသာ ဖြစ်ကြောင်းမှာ ထင်ရှားလှပေသည်။ ၄င်းထံ၌ အကွယ်၏ အသိပညာသည်လည်း ရှိသည်မဟုတ်။ မည်သူတစ်ဦးတစ်ယောက်ကမျှလည်း အခြားတစ်ဦးတစ်ယောက်၏ တမလွန်တွင် ခံစားရမည် အပြစ်ဒဏ်ကို မိမိ၏ ဦးခေါင်းထက်ဝယ် ယူဆောင်ကာ ကယ်တင် လွတ်မြောက်စေနိုင်မည် မဟုတ်။ အကယ်၍ အထက်ပါဖြစ်အင်ကို ထောက်ရှုမှုမပြုလျှင် အာယသ်တော်၏ အဓိပ္ပာယ်မှာ 'ထိုသူသည် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ လှူဒါန်းသုံးစွဲလျက် ရှိနေရာမှ ရပ်ဆိုင်းကာ လှူဒါန်းမှုကို စွန့်လွှတ်လိုက်ပေသည်။ ထိုသို့ လှူဒါန်းမှုကို စွန့်လွှတ်လိုက်ခြင်းမှာ 'လက်ဝယ်ရှိ ပစ္စည်းဥစ္စာကို လှူဒါန်းလိုက်မည်ဆိုပါက တစ်ဖန် အဘယ်မှ ပြန်၍ ပစ္စည်းများသည် လာရောက်ပေမည်နည်း' ဟူ၍ စဉ်းစားတွေးတောခဲ့၍သာ ဖြစ်ပေမည်။ ထိုတွေးတောစဉ်းစားမှုကို ချေဖျက်ရင်း မိန့်တော်မူထားသည်မှာ '၄င်းသည် အကွယ်၌ရှိသော 'အီလ်မ်' (အသိပညာ) ကို သိရှိပါ၏လော။ အကြင်ပညာ၏ အကြောင်းခံဖြင့် ၄င်းသည် ဤပစ္စည်းဥစ္စာတို့မှာ ကုန်ဆုံးသွားပေလိမ့်မည်။ ထိုပစ္စည်းများ၏ အစား၌ အခြားပစ္စည်းများ ၄င်းအဖို့ မရရှိနိုင်ပေ' ဟူသော အချက်ကို မြင်တွေ့နေရ၍လော။ ဤသည် မှားယွင်းသော စဉ်းစားတွေးတောချက် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုသူသည် အကွယ်၌ရှိသော အရာများကို မသိရှိသလို ဤအချက်သည်လည်း မမှန်ကန်သောကြောင့် ဖြစ်၏။ အကြောင်းမှာမူ ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ အလ္လာဟ်အသျှင်မြတ်သည် မိန့်မြွက်ထားတော်မူပေသည်။

مَا اَنْفَقْتُمْ مِّنْ شَيْءٍ فَهُوَ يُخْلِفُهٗ وَهُوَ خَيْرُ الرّٰزِقِيْنَ

(၄င်းပြင် အသင်တို့သည် မည်သည့်တစ်စုံတစ်ရာကိုမဆို ထိုအသျှင်မြတ် နှစ်လိုတော်မူရာ၌ သုံးစွဲလှူဒါန်းခဲ့ကြပါလျှင် ထိုအသျှင်မြတ်သည် ၄င်း၏ အစား အကျိုးကို ပေးသနားတော်မူပေမည်။ ၄င်းပြင် ထိုအသျှင်မြတ်သည် စားနပ်ရိက္ခာ ချီးမြှင့်သူတို့ အကောင်းဆုံးပင် ဖြစ်တော်မူပေသည်။) [၃၄ : ၃၉]

လူသားသည် သေချာကျနစွာ စဉ်းစားတွေးဆကြည့်မည်ဆိုလျှင် ကုရ်အာန်ကျမ်းတော်မြတ်၏ ဤမိန့်မြွက်ချက်သည် ငွေကြေးနှင့် ဥစ္စာပစ္စည်းတို့၏ အမှုကိစ္စတို့၌သာလျှင်မက ကမ္ဘာလောက၌ အသုံးပြုလျက် ရှိနေသော အင်အား၊ စွမ်းအင်တိုင်းနှင့် စပ်လျဉ်း၍ ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ ကိုယ်ခန္ဓာအတွင်း၌ ကုန်ခမ်းသွားသော အားအင်များကို ပြန်လည်၍ ဖြည့်ဆည်းပေးတော်မူထားပေသည်။ သို့တည်းမဟုတ်ပါက လူသား၏ ကိုယ်ခန္ဓာ၏ အစိတ်အပိုင်းတစ်ခုချင်းစီကို သံမဏိဖြင့် ပြုလုပ်ပေးထားပါက နှစ်ပေါင်း (၆၀)၊ (၇၀) အသုံးပြုခြင်းဖြင့်လည်း တစ်ချိန် တိုက်စားချို့ဝင်ကာ လုံးပါးပါးသွားမည်သာဖြစ်၏။ အလ္လာဟ်အသျှင်မြတ်သည် လူသား၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများ၌ ကြိုးပမ်းဆောင်ရွက် အသုံးပြုမှု အချို့ကြောင့် ကုန်ခမ်းသွားသော အင်အားများကို အော်တိုစက်ကဲ့သို့ အားဖြည့် ဒြပ်ဝတ္ထုများကို ကိုယ်ခန္ဓာအတွင်းပိုင်းမှပင် ပေါ်ပေါက်ရရှိစေသကဲ့သို့ ပစ္စည်းဥစ္စာ၏ အမှုကိစ္စသည်လည်း ထိုအတိုင်းသာလျှင် ဖြစ်ပေမည်။ လူသားတို့သည် သုံးစွဲလှူဒါန်းလျက် ရှိနေလျှင် ၎င်းပစ္စည်းဥစ္စာများ၏ အစား တစ်ဖက်မှ ဝင်လာနေမည်သာ ဖြစ်ပေသည်။

ဟဒီးစ်တော်တစ်ရပ်အတွင်း၌ တမန်တော်မြတ် ﷺ သည် ဟဇရတ်ဘေလားလ် رضي الله عنه သခင်ကြီးအား

انفق یابلال ولا تخش من ذی العرش اقلالاً

အို၊ ဘေလားလ်၊ လှူဒါန်းသုံးစွဲလျက် ရှိနေကုန်။ 'အရ်ရှ'တော်၏ ပိုင်ရှင်ဖြစ်သော အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ 'ထိုအသျှင်မြတ်သည် အသင့်အား ကြပ်တည်းဆင်းရဲသွားစေမည်' ဟူသော စိုးရိမ်မှုမျိုးကို မထားရှိလေနှင့်။ *[အိဗ်နေကဆီးရ်]*

اَمْ لَمْ يُنَبَّأْ بِمَا فِيْ صُحُفِ مُوْسٰى وَ اِبْرٰهِيْمَ الَّذِيْ وَفّٰى

(၎င်းသည် တမန်တော်မူစာ ﷺ ၏ ကျမ်းများ၌ လာရှိသည့်အချက်ကိုလည်းကောင်း၊ အသျှင်မြတ်၏ အမိန့်တော်များကို ကျေပွန်စွာ ဆောင်ရွက်ခဲ့သော တမန်တော်အိဗ်ရာဟီးမ် ﷺ ၏ ကျမ်းတော်များ၌ လာရှိသည့် အချက်များကိုလည်းကောင်း သတင်းပေးခြင်း မခံခဲ့ရလေသလော။) *[၅၃ : ၃၆- ၃၇]*

ဤအာယသ်တော်အတွင်း၌ ဟဇရတ်အိဗ်ရာဟီးမ် ﷺ ၏ ဂုဏ်ထူးဝိသေသတစ်ရပ်အဖြစ် **وَفّٰى** ဟူ၍ တင်ပြမိန့်မြွက်ထားပေသည်။ **وفاء** အဓိပ္ပာယ်မှာ ကတိတစ်ရပ်ကိုသော်လည်းကောင်း၊ အခိုင်အမာပေးထားသော သစ္စာတရားကိုသော်လည်းကောင်း ပြည့်ဝကျေပွန်စွာ ထမ်းဆောင်ခြင်းဟူ၍ လာရှိထားသည်။

ဟဇရတ်အိဗ်ရာဟီးမ် ﷺ ၏ သီးသန့် ဂုဏ်ရည်တစ်ရပ်ဖြစ်သော ကတိသစ္စာတရားကို ပြည့်ပြည့်ဝဝ ကျေပွန်စွာ ထမ်းဆောင်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ အနည်းငယ် ရှင်းလင်းတင်ပြချက်

အလိုသဘောတရားမှာ ဤသို့တည်း။ ဟဇရတ်အိဗ်ရာဟီးမ် ﷺ သည် အလ္လာဟ်အသျှင်မြတ်ဖြင့် 'မိမိသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို နာခံမည်ဖြစ်ကြောင်းနှင့် ထိုအသျှင်မြတ်၏ တရား

ဒေသနာတော်များကို အသျှင်မြတ်၏ အဖန်ဆင်းခံများထံ ပို့ချပေးမည်ဖြစ်ကြောင်း' ကို ပဋိညာဉ်ပြုထား၏။ ၎င်းနဗီတမန်တော်ကြီးသည် ထိုပဋိညာဉ်ပါ ကတိသစ္စာကို ရှုထောင့်အလုံးစုံမှ ပီပြင်စွာ ဆောင်ရွက်ပြသ တော်မူခဲ့ပေသည်။ ထိုကဲ့သို့ ပီပြင်စွာ ဆောင်ရွက်ပြသရာ၌ ၎င်းသည် လွန်စွာ ပြင်းထန်လှသော စမ်းသပ်မှု တို့ဖြင့် ကြုံကြိုက်ခဲ့ရပေသည်။ وَفّٰى ၏ ဤအကျယ် ဖွင့်ဆိုချက်သဘောတရားကို အိဗ်နေဂျရီးရ် (ရဟ)၊ အိဗ်နေကစီးရ် (ရဟ) အစရှိသော သခင်ကြီးများက ကောက်နုတ်ရွေးချယ် တင်ပြခဲ့ပေသည်။

အချို့သော ဟဒီးစ်ဆင့်ပြန်ချက်များအတွင်း၌ ဟဇရတ်အိဗ်ရာဟီးမ် عليه السلام ၏ အချို့သီးသန့် ပြုမှု ဆောင်ရွက်ချက်များကို وَفّٰى ဟူသော စကားလုံး၏ ဖွင့်ဆိုချက်အကြောင်းခံအဖြစ် တင်ပြထားပေသည်။ ၎င်းဆင့်ပြန်ချက်များသည် အထက်၌ တင်ပြခဲ့သော အချက်နှင့် ငြိစွန်းခြင်း မရှိပေ။ အဘယ်ကြောင့်ဆိုသော် ပဋိညာဉ်ကို ပြည့်ပြည့်ဝဝ ကျေပွန်စွာ ထမ်းဆောင်ခြင်းဟု ဆိုရာ၌ ၎င်းသည် ခြုံငုံလှစွာသော သဘောကို ဆောင်ပေသည်။ ၎င်းမှာ အသျှင်မြတ်၏ ဘက်တော်မှ ချမှတ်ပေးထားသော ပညတ်ချက်များအားလုံးကို လိုက်နာခြင်း ဖြစ်၏၊ ယင်းတွင် မိမိ တစ်ကိုယ်ရေပြုကျင့်ဆောက်တည်သော 'အမလ်အေဗာဒသ်'များလည်း ပါဝင်၏။ နဗီ၊ ရစူလ်ဖြစ်ခြင်းကြောင့် တာဝန်ဝတ္တရားရှိသည်နှင့်အညီ အဖန်ဆင်းခံများအားလုံးကို ပဲ့ပင် ဆုံးမပြုပြင်ပေးမှုကို ပြုခြင်းသည်လည်း ပါဝင်၏။ ထိုနည်းတူစွာ ၎င်းကျင့်မှုဆောင်ရွက်ချက်များနှင့်အတူ ဟဒီးစ်ဆင့်ပြန်ချက်များ၌ တင်ပြလာရှိထားသော 'အအ်မားလ်' (ပြုမှုဆောင်ရွက်ချက်များ) တို့သည်လည်း ပါဝင်ပေသည်။

ဥပမာ- အိဗ်နေအဗီဟာသင်မ်သခင်ကြီးသည် အဗူအိုမာမာဟ် رضي الله عنه သခင်ကြီးထံမှ ဆင့်ပြန်ထားပေ သည်။ တမန်တော်မြတ် ﷺ သည်

وَاِبْرٰهِيْمَ الَّذِىْ وَفّٰى

(အသျှင်မြတ်၏ အမိန့်တော်များကို ကျေပွန်စွာ ဆောင်ရွက်ခဲ့သော တမန်တော်အိဗ်ရာဟီးမ် عليه السلام ၏ ကျမ်းတော်များ၌ လာရှိသည့် အချက်များကိုလည်းကောင်း သတင်းပေးခြင်း မခံခဲ့ရလေသလော။

[၅၃ : ၃၇]

ဟူသော အာယသ်တော်ကို ရွတ်ဖတ်တော်မူခဲ့သည်။ ထို့နောက် ၎င်းအား وَفّٰى ဟူသော စကား လုံးတော်၏ အလိုသဘောကို အသင် သိရှိပါ၏လောဟူ၍ မိန့်တော်မူရာ အဗူအိုမာမဟ် رضي الله عنه က 'အလ္လာဟ် အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်သည်သာလျှင် သာပို၍ သိရှိတော်မူပါ၏' ဟု ပြန်လည် လျှောက် ထားရာ တမန်တော်မြတ် ﷺ သည် ဤသို့ အလိုသဘောကို မိန့်တော်မူလိုက်ပေသည်။

وَفّٰى عَمَلَ يو مه باربع رَكعات فِىْ اَوَّلِ النَّهَار

(၎င်းသည် နေ့၏အစ၌ 'အစ်ရ်ှရားက်' နမာဇ် (၄) ရကအသ်ကို ဝတ်ပြုကာ မိမိ၏ တစ်နေ့တာ ကျင့်ကြံဆောင်ရွက်ချက်များကို ပြီးပြည့်စုံစေတော်မူလိုက်ပေသည်။) *[အိဗ်နေကစီးရ်]*

ထိုအချက်အား သိရ်မေဇီကျမ်း၌ ဟဇရသ်အဗူဇရ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ထားသော ဟဒီးစ် ဆင့်ပြန်ချက်သည် ထောက်ခံမှုပြုလျက် ရှိနေသည်။ တမန်တော်မြတ် ﷺ သည် ဤသို့ မိန့်တော်မူထားသည်။

ابن ادم اركع لى اربع ركعات من اوّل النّهار اكفك اٰخرهٗ

အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်သည် မိန့်မြွက်ထားတော်မူပေသည်။ 'အို၊ အာဒမ်၏ သားသမီး အပေါင်းတို့၊ နေ့၏ အစ၌ အသင်တို့သည် ငါအသျှင်မြတ်အတွက် နမာဇ် (၄) ရကာအသ်ကို ဖတ်လိုက်ပါ။ သို့ဆိုလျှင် ငါအသျှင်မြတ်သည် နေ့၏ နောက်ဆုံးအချိန်ထိတိုင် အသင်တို့၏ လုပ်ငန်းရပ်အားလုံးကို တာဝန်ယူ လုံလောက်စေတော်မူပေမည်ဟူ၍ ဖြစ်၏။ *[အိဗ်နေကဇီးရ်]*

အိဗ်နေအဗီဟာသင်မ် (ရဟ) သခင်ကြီးကပင် ဟဇရသ်မုအားဇ်ဗင်နအနတ်စ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက်တစ်ရပ်ကို ဆင့်ပြန်ထားပေသည်။ တမန်တော်မြတ် ﷺ သည် 'ငါကိုယ်တော်သည် အသင့်တို့အား 'အလ္လာဟ်အသျှင်မြတ်သည် ဟဇရသ်အိဗ်ရာဟီးမ် ﷺ အား اَلَّذِىْ وَفّٰى (အသျှင်မြတ်၏ အမိန့်တော်များကို ကျေပွန်စွာ ဆောင်ရွက်ခဲ့သော သူ) ဟူသော ဂုဏ်ထူးဂုဏ်ပုဒ်ကို အဘယ်ကြောင့် ချီးမြှင့်ခဲ့သနည်း' ဟူသော အကြောင်းအရာနှင့် စပ်လျဉ်း၍ တင်ပြရမည်လော' ဟူ၍ မိန့်ကြားတော်မူပေသည်။ တစ်ဖန် ဆက်လက်၍ မိန့်တော်မူသည်မှာ ထိုဂုဏ်ပုဒ်ကို ချီးမြှင့်ရခြင်းမှာ ၎င်းသည် နေ့စဉ်နေ့တိုင်း နံနက် အချိန်နှင့် ညနေအချိန်၌ ဤအောက်ဖော်ပြပါ စာပိုဒ်များကို ရွတ်ဖတ်လေ့ရှိ၍ ဖြစ်ပေသည် ဟူ၏။ ယင်းဒိုအာစာပိုဒ်မှာ

فَسُبْحَانَ اللهِ حِيْنَ تُمْسُوْنَ وَحِيْنَ تُصْبِحُوْنَ وَلَهُ الْحَمْدُ

فِى السَّمٰوٰتِ وَالْاَرْضِ وَعَشِيًّا وَّحِيْنَ تُظْهِرُوْنَ ဟူ၍ ဖြစ်ပေသည်။

ဟဇရသ်မူစာ ﷺ နှင့် ဟဇရသ်အိဗ်ရာဟီးမ် ﷺ တို့၏ ကျမ်းငယ်များ၌ ပါရှိထားသော အထူးလမ်းညွှန်ချက်များ

အတိတ်ခေတ် နဗီတမန်တော်များထံမှ တစ်ဦးတစ်ယောက်၏ အဆို (သို့မဟုတ်) ညွှန်ကြားသင်ပြမှု တစ်စုံတစ်ရာကို ကုရ်အာန်ကျမ်းတော်မြတ်၌ တင်ပြထားသည်ဆိုပါက ၎င်း၏ အလိုသဘောမှာ ဤအမွှသ် (နောက်လိုက်ထု) တို့အဖို့လည်း ထိုအချက်နှင့် ဆန့်ကျင်သော သာသနာရေးရာ အမိန့်တစ်ရပ်ရပ် မလာရှိထားသမျှ ၎င်းအမိန့်လမ်းညွှန်ချက်များအပေါ် လိုက်နာကျင့်ဆောင်ရန် အရေးကြီးတာဝန်တစ်ရပ်ပင် ဖြစ်သွားသည်ဟူ၍တည်း။ ရှေ့၌ လာရှိသော အာယသ်တော် (၁၈) ပါး၌ ဟဇရသ်မူစာ ﷺ နှင့် ဟဇရသ်အိဗ်ရာဟီးမ် ﷺ တို့၏ ကျမ်းငယ်များ၌ ပါရှိထားသော အထူးညွှန်ကြား၊ သင်ပြမှုများကို တင်ပြထားပေသည်။ ထိုညွှန်ကြားချက်များအတွင်း လွန်လေပြီးသော အာယသ်တော်များနှင့် စပ်လျဉ်းလျက်ရှိသော လက်တွေ့လိုက်နာကျင့်ဆောင်ရမည့် ပညတ်ချက်များသည် (၂) ရပ်သာ ရှိပေသည်။ ကျန်ရှိသော ညွှန်ကြား

ချက်များသည် သံဝေဂတရားရယူရန်နှင့် အလ္လာဟ်အသျှင်မြတ်၏ သက်သေလက္ခဏာ တန်ခိုးတော်များနှင့် ပတ်သက်၍ နေပေသည်။ ထိုပညတ်ချက်တော်နှစ်ရပ်မှာ-

اَلَّا تَزِرُ وَازِرَةٌ وِّزْرَاُخْرٰى

(ကေန်စင်စစ် မည်သည့်သယ်ပိုးသူတစ်ဦးတစ်ယောက်မျှပင် သူတစ်ပါး၏ ဝန်ထုပ်ကို သယ်ပိုး ဆောင်ရွက်မည့်သူ မဟုတ်ဟူ၍လည်းကောင်း။) [၅၃ : ၃၈]

وَاَنْ لَّيْسَ لِلْاِنْسَانِ اِلَّا مَا سَعٰى

(ကေန်မလွဲ လူသား၌ ၎င်း၏ ကြိုးပမ်းဆောင်ရွက်ချက်သည်သာလျှင် ရှိမည်ဟူ၍လည်းကောင်း) [၅၃ : ၃၉]

ဟူသော အာယသ်တော်နှစ်ပါး၌ လာရှိထားသည့် အမိန့်တော်နှစ်ရပ်ပင် ဖြစ်သည်။

وِزْرٌ ၏ အဓိပ္ပာယ်မှာ မူရင်းအဘိဓါန်၌ 'ဝန်ထုပ်ဝန်ပိုး'ဟူ၍ ဖြစ်သည်။ သို့ရှိရာ ပထမအာယသ်တော်၏ အဓိပ္ပာယ်မှာ မည်သည့်ဝန်ထုပ်ဝန်ပိုး ထမ်းထားရမည့် သူတစ်ဦးသည် မိမိမှအပ အခြားသောသူတစ်ဦးတစ်ယောက်၏ ဝန်ထုပ်ဝန်ပိုးကို ထမ်းလိမ့်မည်မဟုတ်ပေ။ ဝန်ထုပ်ဝန်ပိုး၏ အလိုသဘောမှာ ပြစ်မှုဒုစရိုက်များ၏ ဝန်ထုပ်ဝန်ပိုးနှင့် ထိုဒုစရိုက်မှု၏ ပြစ်ဒဏ်သည်သာလျှင် ဖြစ်ပေသည်။ အာယသ်တော်၏ အလိုသဘောမှာ ဤသို့ပင် ဖြစ်သည်။ 'ကေယာမသ်'နေ့၌ တစ်ဦးတစ်ယောက်၏ ပြစ်ဒဏ်သည် အခြားသော သူတစ်ဦးတစ်ယောက်၏ ထက်ဝယ် ချပေးခြင်းခံရမည် မဟုတ်။ 'အခြားသောသူ၏ ပြစ်ဒဏ်ကို မိမိ၏ ဦးခေါင်းပေါ်လွှဲပြောင်းထမ်းဆောင်ခွင့်ကို မည်သူတစ်ဦးတစ်ယောက်မျှ ရရှိလိမ့်မည်မဟုတ်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားသော အာယသ်တော်တစ်ပါး၌ ထိုအကြောင်း ဤသို့ လာရှိထားပေသည်။

وَاِنْ تَدْعُ مُثْقَلَةٌ اِلٰى حِمْلِهَا لَا يُحْمَلْ مِنْهُ شَيْءٌ وَّلَوْ كَانَ ذَا قُرْبٰى

(၎င်းပြင် အကယ်၍ ဝန်ထုပ်ကို ထမ်းဆောင် သယ်ပိုးလျက်ရှိသူ တစ်ဦးတစ်ယောက်သည် တစ်ဦးတစ်ယောက်အား မိမိ၏ ဝန်ထုပ်ကို သယ်ပိုးထမ်းဆောင်ရန်အလို့ငှာ ဟစ်ခေါ်သော်ငြားလည်း ထိုဟစ်ခေါ်ခြင်းခံရသူသည် ၎င်း၏ ဆွေရင်း၊ သားရင်း ဖြစ်ခဲ့သည့်တိုင်အောင် ထိုဝန်ထုပ်မှ အနည်းငယ် စိုးစဉ်းမျှပင် သယ်ပိုးထမ်းဆောင်မည် မဟုတ်ပေ။) [၃၅ : ၁၈]

တစ်ဦးတစ်ယောက် ကျူးလွန်သော ပြစ်မှု၌ အခြားတစ်ဦးတစ်ယောက်အား ဖမ်းဆီး ဒဏ်ခတ်မည် မဟုတ်ခြင်းအကြောင်း

ဤအာယသ်တော်၌ အာယသ်တော်ကျရောက်လာခြင်း၏ ကျောထောက်နောက်ခံ သမိုင်း၌ တင်ပြခဲ့သော သူ၏ တွေးခေါ်မျှော်လင့်ချက်ကိုလည်း တုန့်ပြန် ချေပထားတော်မူပေသည်။ 'ထိုသူသည် မွတ်စ္စလင်မ်ဖြစ်ခဲ့ပေသည်။ သို့မဟုတ် အစ္စလာမ်သာသနာကို လက်ခံမည့်သူ ဖြစ်ပေသည်။ ၎င်းအား ၎င်း၏ မိတ်ဆွေ

အသင်းအပင်းများက စောင်းချိတ် ကဲ့ရဲ့ပြစ်တင် ပြောဆိုခဲ့ကြသည်။ ၄င်းနောက် 'ကေယာမသ်နေ့၌ အသင့်အပေါ် ပြစ်ဒဏ်တစ်စုံတစ်ရာ ကျရောက်လာပါမူ ထိုပြစ်ဒဏ်ကို ကျွန်ုပ်သည် မိမိ၏ ဦးခေါင်းပေါ်သို့ လွှဲပြောင်းယူကာ အသင့်အား ကယ်တင်ပေးမည်' ဟူ၍ အာမခံချက် ပေးလိုက်ပေသည်။ ဤအာယသ်တော်မှ ဤကဲ့သို့သော အမှုကိစ္စနှင့် စပ်လျဉ်း၍ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ 'တစ်ဦးတစ်ယောက် ကျူးလွန်သော ပြစ်မှုဒုစရိုက်၌ အခြားသော သူတစ်ဦးတစ်ယောက်ကို ဖမ်းဆီးဒဏ်ခတ်ခြင်း တစ်စုံတစ်ရာ မဖြစ်တန်ကောင်းရာ' ဟူသော အချက်ကို သိရှိရပေသည်။

ဟဒီးစ်တော်တစ်ရပ်တွင် ဤသို့ လာရှိထားပေသည်။ ပုဂ္ဂိုလ်တစ်ဦးဦး ကွယ်လွန်သေဆုံးသွားသော် ယင်းသေဆုံးသူ၏ သေဆုံးခြင်းကို အခြေခံ၍ ၄င်း၏ အိမ်သူ၊ အိမ်သားတို့သည် မပိုင်သော အော်ဟစ်ငိုယိုခြင်း၊ ဧယင်ကျူးခြင်းတို့ဖြင့် ငိုယိုမည်ဆိုလျှင် ၄င်းတို့၏ ယင်းလုပ်ရပ်ကြောင့် သေဆုံးသူကို ပြစ်ဒဏ် ခံရပေသည်။ (ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်းအတွင်း၌ အိဗ်နေအုမရ် ﷺ သခင်ကြီးထံမှ ဆင့်ပြန် လာရှိထားပေသည်။) ၄င်းမှာ 'ကိုယ်တိုင်သည်လည်း သေဆုံးသူအပေါ် ဧယင်ကျူးခြင်းနှင့် ငိုယို လေ့ရှိသောသူ (သို့မဟုတ်) မိမိ၏ အမွေစား၊ အမွေခံများ အား 'မိမိသေဆုံးသွားပြီးနောက် ငိုယို၊ ဧယင်ကျူးမှုပြုရန်' မှာတမ်းသမှုပြုခဲ့သော သူ' နှင့် စပ်လျဉ်း၍ ဖြစ်သည်။ *[မဇှဟ်ရီကျမ်း]*

ထိုပုံစံ၌ ပြစ်ဒဏ်ကျရောက်ခြင်းသည် မိမိကိုယ်တိုင်၏ လုပ်ရပ်ကြောင့်ဖြစ်ပြီး အခြားသောသူ၏ ပြုမှုဆောင်ရွက်ချက်ကြောင့် မဟုတ်ပေ။

ဒုတိယအမိန့်မှာ-

وَاَنْ لَّيْسَ لِلْاِنْسَانِ اِلَّا مَاسَعٰى

(ဧကန်မလွဲ လူသား၌ ၄င်း၏ ကြိုးပမ်းဆောင်ရွက်ချက်သည်သာလျှင် ရှိမည်ဟူ၍လည်းကောင်း)

[၅၃ : ၃၉]

ဟူသော အာယသ်တော်ပါ ပညတ်ချက် ဖြစ်သည်။ ထိုအာယသ်တော်၏ အချုပ်သဘောရလဒ်မှာ ဤသို့ပင် ဖြစ်သည်။ တစ်ဦးတစ်ယောက်သည် အခြားသောသူတစ်ဦးတစ်ယောက်၏ ပြစ်ဒဏ်ကို မိမိ၏ ဦးခေါင်းအပေါ်သို့ လွှဲပြောင်းယူခွင့် မရရှိနိုင်သကဲ့သို့ တစ်ဦးတစ်ယောက်၏ ကျင့်ကြံပြုမှု ဆောင်ရွက်ရမည့် တာဝန်တစ်ရပ်ရပ်၌ အခြားတစ်ဦးတစ်ယောက်သည် အစားထိုး ပြုမှုဆောင်ရွက်ပေးပြီး တစ်ဦးတစ်ယောက်အပေါ် ရှိသည့် ပြုမှုဆောင်ရွက်ရမည့် တာဝန်မှ ကင်းလွတ်ခွင့် ရရှိစေနိုင်မည်လည်း မဟုတ်ပေ။ ဥပမာ- 'တစ်ဦးတစ်ယောက်သည် အခြားသော သူတစ်ဦးတစ်ယောက်၏ဘက်မှ 'ဖွရဇ်' နမာဇ်ကို ဝတ်ပြုပေးကာ တာဝန်ထမ်းဆောင်ပေးခြင်း၊ (သို့မဟုတ်) လူတစ်ဦးတစ်ယောက်ဘက်မှ 'ဖွရဇ်ရိုဇာဟ်' ကို ထားပေးကာ ထိုဒုတိယအခြားသူသည် နမာဇ်နှင့် 'ရိုဇာဟ်' တို့မှ တာဝန်ကင်းလွတ်ခွင့် ရရှိစေခြင်း (သို့မဟုတ်) တစ်ဦးတစ်ယောက်သည် အခြားသောသူ တစ်ဦးတစ်ယောက်ဘက်မှ အီမာန်ကို လက်ခံရယူခဲ့သော် ထိုသို့ အီမာန် ရယူလက်ခံလိုက်ခြင်းဖြင့် ပထမပုဂ္ဂိုလ်အား အီမာန်ရှင်အဖြစ် သတ်မှတ်ခံရခြင်း' တို့မှာ လုံးဝဖြစ်ရှိမည်မဟုတ်။

တင်ပြလျက်ရှိနေသော အာယသ်တော်၏ ဤအကျယ်ဖွင့်ဆိုချက်အပေါ် အချို့သော ဓမ္မသတ် အဆုံးအဖြတ်လာ မတ်စ်အလာဟ်များဖြင့် စောဒကနှင့် ဇဝေဇဝါဖြစ်ခြင်း တစ်စုံတစ်ရာ မသက်ရောက်သင့်ပေ။ အဘယ်ကြောင့်ဆိုသော် အများဆုံး ဒွိဟသံသယ ဖြစ်နိုင်ချေသည် 'ဟဂ်ျ'နှင့် 'ဇကားသ်'တို့နှင့် စပ်လျဉ်းသော ဓမ္မသတ်များ၌ ဖြစ်နိုင်ပေသည်။ အကြောင်းမှာ လိုအပ်လာသောအချိန်၌ သာသနာတော်အရ တစ်ဦးတစ်ယောက်သည် အခြားသောသူ တစ်ဦးတစ်ယောက်ဘက်မှ အစားထိုး 'ဟဂ်ျ'ကို ပြုပေးနိုင်ပေသည်။ သို့မဟုတ် အခြားသော သူတစ်ဦးတစ်ယောက်၏ 'ဇကားသ်'ကို ၎င်း၏ ခွင့်ပြုချက်ဖြင့် ပေးဆောင်ပေးနိုင်ပေသည်။ သို့ရာတွင် သေချာကျနစွာ စဉ်းစားတွေးတော ကြည့်ရှုမည်ဆိုလျှင် ဤစောဒကသည် တစ်ဦးတစ်ယောက်ကို မိမိကိုယ်စား 'ဟဂ်ျ'ပြုပေးရန်အတွက် စေလွှတ်ခြင်းနှင့် ကုန်ကျစရိတ်များကို မိမိမှ ကျခံသုံးစွဲခြင်း (သို့မဟုတ်) တစ်ဦးတစ်ယောက်ကို မိမိဘက်မှ 'ဇကားသ်'ပေးဆောင်စေရန်အတွက် တာဝန်ပေးလိုက်ခြင်းသည်လည်း စင်စစ်၌ ၎င်းကာယကံရှင်ကိုယ်တိုင်၏ ပြုမူဆောင်ရွက်ချက်နှင့် ကြိုးပမ်းလှုပ်ရှားမှု တစ်စိတ်တစ်ဒေသဖြစ်သည်ကိုသာ တွေ့မြင်ရမည်ဖြစ်၍ မှန်ကန်မှုမရှိ။ ထို့ကြောင့် တင်ပြပါ အာယသ်တော်ဖြစ်သည့်

وَاَنْ لَّيْسَ لِلْاِنْسَانِ اِلَّا مَاسَعٰى

(ကေန်မလွဲ လူသား၌ ၎င်း၏ ကြိုးပမ်းဆောင်ရွက်ချက်သည်သာလျှင် ရှိမည်ဟူ၍လည်းကောင်း)
[၅၃ : ၃၉]

နှင့် ဆန့်ကျင်ဘက် ဖြစ်မနေပေ။

'အီစွာလေ့စဝါးဗ်' (ကုသိုလ်အကျိုး ပို့သခြင်း) ၏ ဓမ္မသတ်

တင်ပြလျက်ရှိနေသော အာယသ်တော်မှ တစ်ဦးတစ်ယောက်သည် အခြားသောသူ တစ်ဦးတစ်ယောက်၏ 'ဖွရ်ဇ်'တာဝန်များဖြစ်သော အီမာန်၊ နမာဇ်နှင့် 'ရိဇာဟ်'တို့ကို ထမ်းဆောင်ပေးခြင်းဖြင့် အခြားသောသူတစ်ဦးယောက်အဖို့ တာဝန်မကင်းလွတ်စေနိုင်ကြောင်း' ဟူသော အလိုသဘောကို အထက်၌ တင်ပြခဲ့ပြီး ဖြစ်သည့်အတွက်ကြောင့် သိရှိပြီးဖြစ်ပေမည်။ သို့သော် ထိုအချက်မှ 'တစ်ဦးတစ်ယောက်၏ 'နဖိလ်' (အပိုပြုသော) ကုသိုလ်ကောင်းမှု၏ အကျိုးကုသိုလ်နှင့် 'စဝါးဗ်' တစ်စုံတစ်ရာသည် အခြားသောသူ တစ်ဦးတစ်ယောက်ထံသို့ မရောက်ရှိနိုင်' ဟူသော အချက်သည် မှုချ မဖြစ်တန်ကောင်းရာ။ တစ်ဦးတစ်ယောက်၏ ဆုမွန်ဒိုအာနှင့် လှူဒါန်းမှု၏ အကျိုးစဝါးဗ်သည် အခြားသောသူ တစ်ဦးတစ်ယောက်ထံသို့ ရောက်ရှိခြင်းသည် သာသနာအထောက်အထားဖြင့် အတည်ပြု သိရှိရပြီးဖြစ်ကာ 'အွမ္မသ်' (နောက်လိုက်ထု) တစ်ရပ်လုံးက တစ်ညီတစ်ညွတ်တည်း ရောက်ရှိသည်ဟူ၍ ဆုံးဖြတ်ချက်ချ ပြဋ္ဌာန်းထားသော ဓမ္မသတ်ပင် ဖြစ်ပေသည်။ [အိဗ်နေကစီးရ်]

သို့သော် 'ကုရ်အာန်ကျမ်းတော်မြတ်ကို ရွတ်ဖတ်ခြင်း၏ အကျိုးစဝါးဗ်ကို အခြားသောသူတစ်ဦး တစ်ယောက်အား ပို့ပေးနိုင်ပါ၏လော။ (သို့မဟုတ်) မပို့ပေးနိုင်ပါ၏လော' ဟူသော ဓမ္မသတ်၌ အေမာမ် ရှာဖေအီ (ရဟ) သခင်ကြီးနှင့် အကွဲအလွဲ ရှိနေသည်။ အေမာမ်ရှာဖေအီ (ရဟ) သခင်ကြီးသည် ထိုအချက် အား ငြင်းဆိုထားပေသည်။ တင်ပြလျက်ရှိသော အာယသ်တော်၏ အလိုသဘောကို အပေါ်ယံအရ ကျယ် ကျယ်ဝန်းဝန်းရှိသော အဓိပ္ပာယ်၌ သတ်မှတ်၍ ၎င်းအလိုသဘောကို အထောက်အထားပေး တင်ပြထား ပေသည်။ အခြားအေမာမ်ကြီးများနှင့် အေမာမ်အဗူဟာနီဖာဟ် (ရဟ) သခင်ကြီးထံ၌ ဒိုအာနှင့် လှူဒါန်း မှု၏ အကျိုးစဝါးဗ်ကို အခြားသောသူ တစ်ဦးတစ်ယောက်အား ပို့ပေးနိုင်သလို ကုရ်အာန်ကျမ်းတော်မြတ် ကို ရွတ်ဖတ်ခြင်း၏ အကျိုးစဝါးဗ်နှင့် 'နဖိလ်' (အပိုပြု ကောင်းမှုကုသိုလ်များ) ၏ အကျိုးစဝါးဗ်တို့ကို လည်း အခြားသောသူ တစ်ဦးတစ်ယောက်အား ပို့ပေးနိုင်ပေသည်။ ထိုအကျိုးစဝါးဗ်ကို အခြားသောသူသည် ရလည်း ရရှိပေမည်။ အေမာမ်ကုရ်သုဗီ (ရဟ) သခင်ကြီးသည် မိမိ၏ အကျယ်ဖွင့်ကျမ်း၌ အမိန့်ရှိ ထားသည်မှာ 'များလှစွာသော ဟဒီးစ်တော်များသည် မုအ်မင်န်တို့အဖို့ အခြားသောတစ်ဦး တစ်ယောက်၏ ဘက်မှ ကောင်းမြတ်သော အကျင့်သီလတို့၏ အကျိုးစဝါးဗ်တို့သည် ရောက်ရှိ၍နေကြောင်း' ကို သက်သေ သာဓကပြ၍ နေပေသည်' ဟူ၏။ သဖ်စီးရေမဇ္ဇဟရီကျမ်း၌ ဤအာယသ်တော်၏ သဖ်စီးရ်အဖွင့်တွင် 'အကျိုးစဝါးဗ် ပို့ပေးခြင်း (အီစွာလေစဝါးဗ်) ၏ အကျိုးသည် အခြားတစ်ဦးတစ်ယောက်ထံ ရောက်ရှိ ကြောင်း အတည်ပြုထားသည့် ဟဒီးစ်တော်များကို စုဆောင်း တင်ပြထားပေသည်။

အထက်၌ ဟဇရသ်မူစာ عليه السلام နှင့် ဟဇရသ်အီဗ်ရာဟီးမ် عليه السلام တို့အပေါ် ကျရောက်ခဲ့သော ကျမ်းငယ်များကို အညွှန်းပြု၍ ဓမ္မသတ်နှစ်ရပ်အား တင်ပြခဲ့ပြီးဖြစ်ပေသည်။ ဓမ္မသတ်တစ်ရပ်မှာ 'တစ်ဦး တစ်ယောက် ကျူးလွန်သော ပြစ်မှုဒုစရိုက်၏ ပြစ်ဒဏ်သည် အခြားသောသူ တစ်ဦးတစ်ယောက်ထံသို့ မရောက်ရှိကြောင်း၊ တစ်ဦးတစ်ယောက် ကျူးလွန်သော ပြစ်မှုဒုစရိုက်နှင့် စပ်လျဉ်း၍ အခြားတစ်ဦးတစ်ယောက် အား ဖမ်းဆီးဒဏ်ခတ်မည်မဟုတ်ကြောင်း၊' ဒုတိယဓမ္မသတ်မှာ 'သာသနာတော်မှ ချမှတ်သတ်မှတ်ပေး ထားသော တာဝန်ကို မိမိကိုယ်တိုင် ထမ်းဆောင်မှသာလျှင် တာဝန်ကျေမည်ဖြစ်ကြောင်း၊ အခြားသောသူ တစ်ဦးတစ်ယောက်က ပြုကျင့်ပေးလိုက်သော ဆောင်ရွက်ချက်သည် မိမိအဖို့ တာဝန်ကျေစေမည် မဟုတ် ကြောင်း' တို့ ဖြစ်ပေသည်။

ဤအထက်တင်ပြပါ ဓမ္မသတ်နှစ်ရပ်စလုံးသည် အခြားသော နဗီတမန်တော်များ၏ သာသနာ တော်များ၌လည်း တည်ရှိနေလင့်ကစား သို့ရာတွင် ဟဇရသ်မူစာ عليه السلام နှင့် ဟဇရသ်အီဗ်ရာဟီးမ် عليه السلام တို့ကို အထူးပြုကာ မိန့်တော်မူထားရခြင်းအကြောင်းမှာ ၎င်းနဗီကြီးတို့၏ ခေတ်ကာလ၌ 'ဖခင်၏ အစား သားကိုသော်လည်းကောင်း၊ သား၏ အစား ဖခင်ကိုသော်လည်းကောင်း၊ (သို့မဟုတ်) ညီအစ်ကို မောင်နှမ တို့ကိုသော်လည်းကောင်း သတ်ဖြတ်လေ့ရှိသော သာသနာ့အသိပညာ ခေါင်းပါးသော သူတို့၏ ဓလေ့ထုံး အစဉ်အလာ ရှိနေပေသည်။ ထိုနဗီတမန်တော်ကြီးနှစ်ပါး၏ သာသနာတော်များသည် ထိုအသိဉာဏ်ခေါင်း

ပါးသူတို့၏ ထုံးဝလေ့ကို ချေဖျက်ပစ်လိုက်သည့်အတွက် ၎င်းအကြောင်းအချက်များအပေါ် အခြေခံ၍ မိန့်တော်မူခြင်း ဖြစ်ကောင်းဖြစ်နိုင်ပေသည်။

وَاَنَّ سَعۡيَهٗ سَوۡفَ يُرٰى

(ကေန်မုချ ထိုလူသား၏ ကြိုးပမ်းဆောင်ရွက်ချက်သည် မကြာမီပင် တွေ့မြင်ရမည်ဟူ၍လည်းကောင်း။) [၅၃ : ၄၀]

ဆိုလိုသည်မှာ လူတို့၏ အပေါ်ယံကြိုးပမ်းမှုသည် လုံလောက်မည်မဟုတ်ပေ။ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် ထိုသူသည် 'အစ်ခ်လားစ်' (စိတ်စေတနာဖြူစင်စွာ) နှင့်အတူ အလ္လာဟ်အသျှင်မြတ်အတွက် ပြုကျင့်နေပါ၏လော။ (သို့မဟုတ်) အခြားသော လောကီရေးရာ ရမ္မက် လောဘလှုံ့ဆော်ချက်များ ပါဝင်နေပါ၏လော' ဟူသော ကြိုးပမ်းမှု၏ အခြေခံဇစ်မြစ်အချက်တို့ကိုလည်း ကြည့်ရှုတော်မူမည် ဖြစ်ပေသည်' ဟူ၍ဟည်း။ ယင်းကို ဟဒီးစ်တော်တစ်ပါး၌ တမန်တော်မြတ် ﷺ သည်

اِنَّمَا الۡاَعۡمَالُ بِالنِّيَات

ဟူ၍ မိန့်တော်မူထားပေသည်။ ဆိုလိုသည်မှာ 'အမလ်'ပြုကျင့်ခြင်း၏ အပေါ်ယံ ပုံပန်း သဏ္ဌာန်သည် မလုံလောက်ပေ။ ကျင့်ကြံပြုမူ ဆောင်ရွက်ချက်၌ 'နီယသ်'သည် သီးသန့် အလ္လာဟ်အသျှင်မြတ် သဘောတူနှစ်မြို့စေရန်နှင့် အမိန့်ကို လိုက်နာခြင်းဖြစ်ရန် အရေးကြီးသည်ဟူ၍ ဖြစ်ပေသည်။

وَاَنَّ اِلٰى رَبِّكَ الۡمُنۡتَهٰى

(၎င်းပြင် အို၊ နဗီတမန်တော်၊ ကေန်အမှန် လမ်းဆုံးသည် အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ထံတော်၌ ဖြစ်သည်ဟူ၍လည်းကောင်း။) [၅၃ : ၄၂]

ဆိုလိုသည်မှာ 'နောက်ဆုံး၌ အားလုံးသောသူတို့သည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်သို့သာလျှင် ပြန်လည်၍ သွားရောက်ရမည်သာ ဖြစ်ပေသည်။ ထို့နောက် ကျင့်ကြံပြုမူဆောင်ရွက်ချက်များအား စာရင်းအင်း ပေးအပ်ရန် ဖြစ်ပေသည်'ဟူ၍ ဖြစ်သည်။

အချို့သော အဖွင့်ရှင်များသည် ထိုဝါကျ၏ အလိုသဘောကို အောက်ဖော်ပြပါအတိုင်း ဤသို့လည်းကောက်နုတ် တင်ပြထားပေသည်။ လူသားတို့၏ ဆက်စပ် စဉ်းစားတွေးခေါ်ခြင်းများသည် အလ္လာဟ်အသျှင်မြတ်၏ 'ဇားသ်' (ပင်ကိုယ်ဇာတိတော်) ထိတိုင် ရောက်ရှိသွားသော် အဆုံးသတ် ပြတ်တောက်သွားရပေသည် ဟူ၍ ဖြစ်၏။ ထိုအသျှင်မြတ်၏ 'ဇားသ်' (ပင်ကိုယ်ဇာတိတော်) နှင့် ဂုဏ်တော်များ၏ အခြေခံဇစ်မြစ်အချက်များကို မည်သို့မျှ စဉ်းစားတွေးခေါ်ခြင်းဖြင့် မရရှိနိုင်ပေ။ စဉ်းစားတွေးတောခွင့်လည်း မရှိပေ။ ပမာဆိုရသော် အချို့သော ဆင့်ပြန်ချက်များ၌ 'အလ္လာဟ်အသျှင်မြတ် ချီးမြှင့်ပေးသနားထားတော်မူသော 'နေအ်မသ်' (စည်းစိမ်တော်များ) ၌ စဉ်းစားတွေးခေါ်မှုကို ပြုရန်နှင့် ထိုအသျှင်မြတ်၏ 'ဇားသ်'တော်၌ စဉ်းစားတွေးခေါ်မှုကို မပြုရန် (သို့သာမက ထိုအချက်ကို အလ္လာဟ်အသျှင်မြတ်၏ 'အိလ်မ်' (အသိဂုဏ်တော်) ဘက်သို့ အပ်နှင်းရန် နှင့် ထိုအချက်သည် အသင်တို့အဖို့ စွမ်းဆောင်နိုင်သော အချက်မဟုတ်ကြောင်း' ဟူ၍ လာရှိထားပေသည်။

وَاَنَّهٗ هُوَ اَضْحَكَ وَاَبْكٰى

(ကေန်စင်စစ် ထိုအသျှင်မြတ်သည်ပင် ရယ်စေတော်မူသည်။ ငိုကြွေးစေတော်မူသည်ဟူ၍လည်း ကောင်း။) [၅၃ : ၄၃]

လူ့ဘောင်အသိုင်းအဝိုင်း၌ လူသားတို့၏ ဝမ်းနည်းခြင်းနှင့် ဝမ်းသာခြင်းတို့၏ နောက်ဆုံး ကြောင်းကျိုးဆက်တရားတွင် ရယ်ခြင်းနှင့် ငိုခြင်းကို လူတိုင်း တွေ့မြင်နေပေသည်။ ထိုအချက်နှစ်ရပ်စလုံးကို ၄င်းတို့အား အပေါ်ယံအမြင်ဖြင့် သက်ရောက်စေသော အကြောင်းခံများဘက်သို့ ဆက်နွယ်ကာ တင်ပြကြပေသည်။ ဤနေရာသည် စဉ်းစားချင့်ချိန်ရန် နေရာဖြစ်ပေသည်။ လေးနက်သော ရှုမြင်ခြင်းမျိုးဖြင့် ရှုမြင်တွေးတောမည်ဆိုပါက 'တစ်ဦးတစ်ယောက်၏ ပျော်ရွှင်ခြင်းနှင့် ဝမ်းနည်းခြင်း၊ ရယ်ခြင်း၊ ငိုခြင်းသည် ၄င်းကိုယ်တိုင်နှင့် (သို့မဟုတ်) အခြားသောသူ တစ်ဦးတစ်ယောက်၏ ပိုင်ဆိုင်မှုအတွင်း၌ မရှိကြောင်း၊ ဤအချက်နှစ်ရပ်စလုံးသည် အလ္လာဟ်အသျှင်မြတ်၏ ဘက်မှသာလျှင် ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ထိုအသျှင်မြတ်သည်သာလျှင် အကြောင်းခံများကို ဖန်ဆင်းတော်မူထားသည်ဖြစ်ကြောင်း၊ ထိုအသျှင်မြတ်သာလျှင် အကြောင်းခံများအတွင်းဝယ် အစွမ်းသတ္တိများကို ထည့်သွင်းပေးသနားတော်မူကြောင်း၊ အကယ်၍ ထိုအသျှင်မြတ်အနေနှင့် လိုလားတော်မူသည်ဆိုလျှင် ငိုယိုနေသောသူများကို တစ်ခဏလေးအတွင်းမှာပင် ရယ်ရွှင်စေတော်မူ၍ ရယ်ရွှင်လျက်ရှိနေသော သူများကိုလည်း မိနစ်ပိုင်းအတွင်းမှာပင် ငိုစေတော်မူနိုင်သော အသျှင်ဖြစ်ကြောင်းကို တွေ့မြင်ရပေမည်။

وَاَنَّهٗ هُوَ اَغْنٰى وَاَقْنٰى

(ကေန်အမှန် ထိုအသျှင်မြတ်သည်သာလျှင် ကုံလုံကြွယ်ဝချမ်းသာစေတော်မူသည်။ ဥစ္စာပစ္စည်း ချီးမြှင့်ပေးသနား တည်မြဲစေတော်မူသည်ဟူ၍လည်းကောင်း။) [၅၃ : ၄၈]

غَنٰى ၏ အဓိပ္ပာယ်မှာ ကုံလုံကြွယ်ဝချမ်းသာခြင်းဟူ၍ ကျော်ကြား၏။ اغناء ၏ အဓိပ္ပာယ်မှာ အခြားသောသူများကို ဥစ္စာရှင်အဖြစ် ပြုပေးလိုက်ခြင်းဟူ၍ လာရှိပေသည်။ اَقْنٰى ဟူသော စကားလုံးသည် قنية ဟူသော စကားလုံးမှ ခွဲထွက်ပေါ်ပေါက်လာခြင်း ဖြစ်သည်။ အဓိပ္ပာယ်မှာ 'ထိန်းသိမ်းစောင့်ရှောက်ခြင်း ခံရသောအရာနှင့် တည်မြဲစေသော အရင်းအနှီးကို ပေးသနားခြင်း' ဟူ၍ ရရှိသည်။ အာယသ်တော်၏ အလိုသဘောမှာ ဤသို့ပင် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည်သာလျှင် လူသားတို့ကို ချမ်းသာကြွယ်ဝအောင် ပြုလုပ်ပေးတော်မူကာ ထိုအသျှင်မြတ်သည်သာလျှင် မိမိလိုလားနှစ်သက်တော်မူသော သူတို့အား နှစ်သက်သည့် အတိုင်းအတာခန့် ချီးမြှင့်ကာ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခွင့်ကို ပေးသနားတော်မူနိုင်ပေသည်။

وَاَنَّهٗ هُوَ رَبُّ الشِّعْرٰى

(အမှန်စင်စစ် ထိုအသျှင်မြတ်သည်ပင် 'ရှိအ်ရာ' ကြယ်ကို ဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်ဟူ၍ လည်းကောင်း။) [၅၃ : ၄၉]

شِعْرٰى စကားလုံးရှိ 'ရှီးန်' အက္ခရာကို —— 'ဇေးရ်'ဖြင့် ဖတ်ရမည်။ ၎င်းသည် جوزا ၏ ဂြိုဟ်၏နောက်၌ ရှိသော ကြယ်တာရာ၏ အမည်ဖြစ်ပေသည်။ အာရဗ်နိုင်ငံရှိ အချို့သော မျိုးနွယ်အုပ်စုတို့သည် ထိုကြယ်တာရာအား ခဝပ်ကိုးကွယ်မှုကို ပြုကြပေသည်။ ထို့ကြောင့် သီးသန့်သော သဘောမျိုးဖြင့် ထိုကြယ်တာရာ၏ အမည်ကို ယူကာ 'အားလုံးသော ကြယ်တာရာများ၊ မိုးကောင်းကင်များနှင့် မြေပထဝီများအားလုံးကို ဖန်ဆင်း၊ စိုးပိုင်၊ ထိန်းသိမ်း မွေးမြူစောင့်ရှောက်တော်မူသော အသျှင်မြတ်သည် အလ္လာဟ် အသျှင်မြတ်သည်သာလျှင် ဖြစ်ပြီး၊ ထိုကြယ်တာရာအား စိုးပိုင်၊ မွေးမြူထိန်းသိမ်းစောင့်ရှောက်တော်မူသော အသျှင်မြတ်သည်လည်း ထိုအသျှင်မြတ်သည်သာလျှင် ဖြစ်ကြောင်း' ကို တင်ပြထားပေသည်။

وَاَنَّهٗٓ اَهْلَكَ عَادَ ا۟لْاُوْلٰىۙ وَثَمُوْدَا۟ فَمَآ اَبْقٰى

(ဧကန်မလွဲ ထိုအသျှင်မြတ်သည်ပင် ပထမအားဒ်အမျိုးသားတို့အား ဖျက်ဆီးတော်မူခဲ့သည် ဟူ၍လည်းကောင်း၊ ထိုအသျှင်မြတ်သည်ပင် 'စမူးဒ်'အမျိုးသားတို့အားလည်း ဖျက်ဆီးတော်မူခဲ့ရာ တစ်ဦးတစ်ယောက်ကိုမျှ ချွင်းချန်တော်မူခဲ့သည် မဟုတ်ပေ။) *[၅၃ : ၅၀-၅၁]*

အားဒ်အမျိုးသားတို့သည် ကမ္ဘာလောက၌ ရှိသော မျိုးနွယ်အုပ်စုအားလုံးတို့ထက် အင်အားအရာ၌ အတောင့်တင်း၊ အခိုင်မာဆုံးသော မျိုးနွယ်အုပ်စု ဖြစ်ပေသည်။ ၎င်းတို့တွင် လူတန်းစားနှစ်ရပ်ရှိသည်။ လူတန်းစားတစ်ရပ်ကို اولى ဟူ၍လည်းကောင်း၊ နောက်လူတန်းစားတစ်ရပ်ကို اخرى ဟူ၍လည်းကောင်း ကင်ပွန်းတပ်ထားသည်။ ၎င်းတို့ရှိရာဆီသို့ ဟဇရသ်ဟူးဒ် ﷺ အား နဗီအဖြစ် စေလွှတ်တော်မူခဲ့သည်။ အမိန့်မနာခံခြင်းကြောင့် လေမုန်တိုင်း၏ 'အဇားဗ်'အပြစ်ဒဏ်သည် ၎င်းတို့၏ အပေါ်သို့ ကျရောက်ခဲ့ပေသည်။ ၎င်းမျိုးနွယ်စုတစ်ခုလုံး ပျက်စီးသွားရပေသည်။ ဟဇရသ်နူးဟ် ﷺ ၏ မျိုးနွယ်အုပ်စု၏ နောက် ပြစ်ဒဏ်တော်ဖြင့် ဖျက်ဆီးခြင်းခံရသော မျိုးနွယ်သည် ဤအားဒ်မျိုးနွယ်အုပ်စုသာလျှင် ဖြစ်ပေသည်။
[မဇ္ဇဟရီး]

စမူးဒ်မျိုးနွယ်အုပ်စုသည်လည်း ၎င်းအားဒ်အမျိုးသားတို့၏ အခြားသော မျိုးနွယ်တူ လက်တက်ခွဲ မျိုးနွယ်စုတစ်ရပ် ဖြစ်ပေသည်။ အကြင်သူတို့ရှိရာထံသို့ ဟဇရသ်စွာလေးဟ် ﷺ အား စေလွှတ်တော်မူလိုက်ပေသည်။ ဟဇရသ်စွာလေးဟ် ﷺ ၏ အမိန့်ကို မနာခံသည့်အပေါ် ပြင်းထန်လှစွာသော ကြောက်မက်ဖွယ်အသံ၏ ပြစ်ဒဏ်သည် ၎င်းတို့အပေါ် ကျရောက်ခဲ့ပေသည်။ ယင်းအသံကြောင့် ၎င်းတို့၏ အသည်းနှလုံးများ ကြေမွပျက်စီးကာ သေကြေပျက်စီးကြရကုန်၏။

وَالْمُؤْتَفِكَةَ اَهْوٰى

(၎င်းပြင် ထိုအသျှင်မြတ်သည်ပင် အထက်အောက် ပြောင်းပြန်လှန်ပြီး ဖြစ်သော လူးသ်၏ အမျိုးသားတို့ နေထိုင်ရာ မြို့ရွာများကိုလည်း ကိုင်ပေါက်တော်မူခဲ့၏။) *[၅၃ : ၅၃]*

مؤتفكة 'မူအ်သဖိကား'၏ အဓိပ္ပာယ်သည် ပျက်စီးစေတော်မူခဲ့သည့်အရာဟူ၍ ဖြစ်သည်။ ဤသည် ရွာများအချို့နှင့် မြို့နှင့် ဆက်စပ်လျက်ရှိနေသော အရပ်ဒေသများ ဖြစ်ပေသည်။ ဟဇရတ်လူးသွ ﷺ သည် ၎င်းတို့၏ဘက်သို့ စေလွှတ်တော်မူခြင်း ခံခဲ့ရပေသည်။ မနာခံခြင်းနှင့် အရှက်တရားကင်းမဲ့သော ပြုမူဆောင်ရွက်ချက်တို့၏ အစား၌ ၎င်းတို့နေထိုင်ရာ မြို့ပြတည်နေရာ ရပ်ရွာဒေသများကို ဟဇရတ်ဂျိဗ်ရာအီးလ် ﷺ သည် ပြောင်းပြန်လှန်ပစ်တော်မူခဲ့ပေသည်။

فَغَشّٰهَا مَاغَشّٰى

(ထို့နောက် ယင်းမြို့ရွာများကို ဝန်းဝိုင်း၊ ဖုံးလွှမ်းခဲ့သော အရာသည် ဝန်းဝိုင်းဖုံးလွှမ်းခဲ့၏။) *[၅၃ : ၅၄]*

အလိုသဘောမှာ 'ရွာများကို ပြောင်းပြန်လှန်ပြီးနောက် ကျရောက်လာသော ကျောက်ခဲမိုးဖြစ်သည်' ဤနေရာထိတိုင် ဟဇရတ်မူစာ ﷺ နှင့် ဟဇရတ်အီဗ်ရာဟီးမ် ﷺ တို့ထံ ကျရောက်လာခဲ့သော ကျမ်းငယ်များ၏ အညွှန်းဖြင့် ညွှန်ကြားပြသထားသော အချက်အလက်များ ပြီးဆုံးသွားပေပြီ။

فَبِاَیِّ اٰلَآءِ رَبِّكَ تَتَمَارٰی

(သို့ဖြစ်ရာ အို၊ ကြားနာသူ၊ အသင်သည် အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များနှင့် စပ်လျဉ်း၍ သံသယဖြစ်လျက် ရှိကြသနည်း။) *[၅၃ : ၅၅]*

تمارى ၏ အဓိပ္ပာယ်မှာ 'ငြင်းခုံပြသနာပြုခြင်းနှင့် ဆန့်ကျင်ဘက်ပြုခြင်း' ဟူ၍ အဓိပ္ပာယ်ရရှိ၏။ ဟဇရတ်အိမ်နေအဗ္ဗားစ် ﷺ သခင်ကြီးက မိန့်တော်မူသည်မှာ 'ဤမိန့်မြွက်ချက်သည် လူသားတိုင်းအဖို့ ဖြစ်ပေသည်။ အကြောင်းမှာ လွန်လေပြီးသော အာယသ်တော်များနှင့် ဟဇရတ်မူစာ ﷺ နှင့် အီဗ်ရာဟီးမ် ﷺ အပေါ် ကျရောက်ခဲ့သော ကျမ်းငယ်များအတွင်း၌ လာရှိထားသော မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ အာယသ်တော်များအား အနည်းငယ်မျှပင် စဉ်းစားတွေးတောလိုက်မည်ဆိုလျှင် ထိုအာယသ်တော်၏ အချက်အလက်များမှ တမန်တော်မြတ် ﷺ ၊ တမန်တော်မြတ် ﷺ အပေါ် ကျရောက်ခဲ့သော 'ဝဟီ'ဗျာဒိတ်တော်များနှင့် ညွှန်ကြားပြသမှုများ မှန်ကန်ခြင်းအရာ၌ ဒွိဟသံသယဖြစ်ရန် အကြောင်းတစ်စုံတစ်ရာမျှ မကျန်ရှိနိုင်တော့ပေ။ လွန်လေပြီးသော အတိတ်ခေတ်ကာလ၏ မျိုးနွယ်အုပ်စုများ ပျက်စီးသွားခြင်းနှင့် ပြစ်ဒဏ်ခံရခြင်း၏ ဖြစ်အင်များကို ကြားနာကာ ဆန့်ကျင်ဘက်ပြုခြင်းမှ ရပ်တန့်က ရပ်လိုက်ကြရန် အလွန်ကောင်းသည့် အခွင့်အရေးတစ်ရပ်ကိုလည်း ရရှိနေပေသည်။ ယင်းသည် အလ္လာဟ်အသျှင်မြတ်၏ 'နေ့အ်မသ်' (စည်းစိမ်တော်) တစ်ရပ်ပင် ဖြစ်ပေသည်။ ထိုအချက်များကို သိရှိနေသည့် ကြားကပင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ မည်သည့် 'နေ့အ်မသ်' စည်းစိမ်တော်များ၌ ငြင်းခုံပြသနာပြု ဆန့်ကျင်၍ နေမည်နည်း။'

هٰذَا نَذِيْرٌ مِّنَ النُّذُرِ الْاُوْلٰى

(ဤတမန်တော်သည်လည်း ရှေးဟောင်းသတိပေး နှိုးဆော်သူတို့တွင် တစ်ပါးအပါအဝင် ဖြစ်၏) *[၅၃ : ၅၆]*

هٰذَا (ဤအရာ) ဟူသော အညွှန်းနာမ်သည် တမန်တော်မြတ် ﷺ (သို့မဟုတ်) ကုရ်အာန် ကျမ်းတော်မြတ်၏ဘက်သို့ ညွှန်းဆိုနေပေသည်။ အဘယ်ကြောင့်ဆိုသော် ဤနဗီတမန်တော်နှင့် ကျမ်းမြတ်ကုရ်အာန်သည်လည်း အတိတ်ခေတ် ရစူလ်တမန်တော်များနှင့် အတိတ်ခေတ် ကျမ်းဂန်များကဲ့သို့ အလ္လာဟ်အသျှင်မြတ်၏ဘက်တော်မှ သတိပေးနှိုးဆော်သူအဖြစ် ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်နှင့် လောကီ၊ လောကုတ္တရာ နှစ်ဘဝစလုံး၏ အောင်မြင်မှုများ ပါဝင်သော လမ်းညွှန်ချက်များကို တစ်ပါတည်း ယူဆောင်လာခြင်း ခံရသော နဗီနှင့် ကျမ်းမြတ်ဖြစ်ပေသည်။ ၎င်းနောက် ထိုနဗီနှင့် ကျမ်းမြတ်အား ဆန့်ကျင်ဘက်ပြုလုပ်သောသူများကို အလ္လာဟ်အသျှင်မြတ်၏ ပြစ်ဒဏ်တော်မှ ခြိမ်းခြောက်မှု ပြုထားသောကြောင့် ဖြစ်ပေသည်။

أَزِفَتِ الْآزِفَةُ لَيْسَ لَهَا مِنْ دُوْنِ اللّٰهِ كَاشِفَةٌ

(နီးကပ်၍ လာသော အရာသည် နီးကပ်၍ လာခဲ့လေပြီ။ ထိုနီးကပ်၍ လာသော အရာကို အလ္လာဟ်အသျှင်မြတ်မှတစ်ပါး ဖယ်ရှားမည့်သူဟူ၍ တစ်ဦးတစ်ယောက်မျှ အလျဉ်းမရှိပြီ။) *[၅၃ : ၅၇-၅၈]*

أَزِفَ ဟူသော စကားလုံး၏ အဓိပ္ပာယ်သည် 'နီးကပ်ခြင်း' ဟူ၍ ရ၏။ အဓိပ္ပာယ်မှာ 'နီးကပ်၍ လာရောက်လျက်ရှိနေသော အရာသည် နီးနီးကပ်ကပ် ရောက်ရှိခဲ့ပေပြီ။ ၎င်းအရာကို အလ္လာဟ်အသျှင်မြတ်မှအပ ဖယ်ရှားပေးနိုင်မည့်သူဟူ၍ မရှိပြီ' ဟူ၍ ရရှိသည်။ ထိုအာယသ်တော်၏ အလိုသဘောမှာ 'ကေယာမသ်' နေ့ ဖြစ်သည်။ ထို 'ကေယာမသ်' နီးကပ်စွာ ဆိုက်ရောက်လာခြင်းသည် စကြဝဠာ ကမ္ဘာကြီးတစ်ခုလုံး၏ သက်တမ်းကို ထောက်ရှု၍ ဖြစ်ပေသည်။ အကြောင်းမှာ တမန်တော်မြတ် ﷺ ၏ အွမ္မသ်သူ၊ အွမ္မသ်သားများသည် ကမ္ဘာလောကကြီး၏ သက်တမ်း နောက်ဆုံးပိုင်း 'ကေယာမသ်' နီးကပ်သော အချိန်၌ ပွင့်ပေါ်လာခြင်း ဖြစ်၍သာတည်း။

أَفَمِنْ هٰذَا الْحَدِيْثِ تَعْجَبُوْنَ وَتَضْحَكُوْنَ وَلَا تَبْكُوْنَ

(သို့ပါလျက် အသင်တို့သည် ဤအာယသ်တော်နှင့် စပ်လျဉ်း၍ အံ့သြ၍ နေကြလေသလော။ ထို့ပြင် အသင်တို့သည် မိမိတို့၏ ချို့တဲ့မှုများကြောင့် ငိုကြွေးခြင်းမရှိသည့်အပြင် ရယ်မော၍ နေကြလေသလော။) *[၅၃ : ၅၉-၆၀]*

هٰذَا الْحَدِيْثِ ဟူသော စကားလုံးတော်၏ အလိုသဘောသည် ကုရ်အာန်ကျမ်းတော်မြတ် ဖြစ်ပေသည်။ အာယသ်တော်၏ အဓိပ္ပာယ်မှာ 'ကုရ်အာန်ကျမ်းတော်မြတ်ကဲ့သို့သော အလ္လာဟ်အသျှင်မြတ်၏ မုဂ္ဂပါဋ္ဌ်တော် 'ယင်းကုရ်အာန်ကျမ်းမြတ်သည်ပင်လျှင် 'မုအ်ဂျေဇာဟ်' (အံ့မခန်း ဆန်းကြယ်လှသော အရာ) တစ်ခု ဖြစ်ပေသည်။' အသင်တို့၏ ရှေ့မှောက်၌ ရောက်ရှိခဲ့ပြီး ဖြစ်သည်။ ထိုသို့ ရောက်ရှိလာပြီး ဖြစ်သည့်တိုင်အောင် အသင်တို့သည် အံ့သြ၍ နေကြကာ နောက်ပြောင်သည့် အသွင်မျိုးဖြင့် ရယ်မောနေကြပေသလော။ မိမိတို့၏ ပြစ်မှုဒုစရိုက် (သို့မဟုတ်) ကျင်ကြံဆောင်ရွက်ချက်တို့၌ တည်ရှိသော ချို့တဲ့မှုအပေါ် ငိုကြွေးခြင်း မပြုကြလေသလော' ဟူ၍တည်း။

وَاَنۡتُمۡ سَامِدُوۡنَ

(ထို့ပြင် အသင်တို့သည် ဂရုမစိုက်ဘဲ ကစားခုန်စား၊ မာန်မာထောင်လွှားလျက် ရှိကြလေသလော)
[၅၃ : ၆၁]

سمود ၏ လုံးချင်းကောက်အဓိပ္ပာယ်သည် 'မေ့လျော့မှုနှင့် သောကကင်းမဲ့ခြင်း' ဟူ၍ ဖြစ်ပေသည်။ **سَامِدُوۡنَ** ၏ အဓိပ္ပာယ်သည် **غَافِلُوۡنَ** 'မေ့လျော့သောသူများ' ဟူ၍ ဖြစ်ပေသည်။ **سمود** ၏ အခြားသော အဓိပ္ပာယ်တစ်ရပ်မှာ 'သီဆိုတီးမှုတ်ခြင်း' ဟူ၍လည်း ရရှိပေသည်။ ၎င်းအဓိပ္ပာယ်ကိုလည်း ဤနေရာ၌ ကောက်ယူနိုင်ပေသည်။(အချို့သော အဖွင့်ပညာရှင်များသည် ဤအတိုင်း အဓိပ္ပာယ်ရှိထားကြသည်လည်း ရှိပေသည်။)

فَاسۡجُدُوۡا لِلّٰهِ وَاعۡبُدُوۡا

(သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်ဝယ် 'စဂျ်ဒဟ်' ပျပ်ဝပ်ဦးချကြလေကုန်။ ထို့ပြင် အသင်တို့သည် ထိုအသျှင်မြတ်ကိုသာလျှင် ဆည်းကပ်ကိုးကွယ်ကြလေကုန်။)
[၅၃ : ၆၂]

အထက်တွင် တင်ပြခဲ့သော အာယသ်တော်များသည် ဆင်ခြင်တွေးတော စဉ်းစားတတ်သော လူသားတို့အဖို့ တရားဒေသနာနှင့် သံဝေဂတရားရယူရန် သင်ခန်းစာများကို ပေးနေပေသည်။ သတိသံဝေဂတရား ရယူခြင်း၏ လိုလားချက်မှာ 'အသင်တို့အားလုံးသည် အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်၌ ရိုကျိုးစွာနှင့်အတူ ဦးညွှတ်၍ 'စဂျ်ဒဟ်' ပျပ်ဝပ်ဦးချကာ ထိုအသျှင်မြတ်ကိုသာလျှင် ခဝပ်ကိုးကွယ်ကြခြင်းပင်ဖြစ်သည်။

ဆွဟီးဟ်ဘိုခါရီကျမ်းအတွင်း၌ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားပေသည်။ စူရာဟ်နဂျမ်း၏ ဤအာယသ်တော်အပေါ် တမန်တော်မြတ် ﷺ သည် 'စဂျ်ဒဟ်' ပြုတော်မူခဲ့သည်။ တမန်တော်မြတ် ﷺ နှင့်အတူ အားလုံးသော မွတ်စ္စလင်မ်များ၊ မုရှ်ရစ်ကဲများ၊ 'ဂျင်န်' များနှင့် လူသားတို့အားလုံးသည် 'စဂျ်ဒဟ်' ဦးချမှုကို ပြုခဲ့ကြပေသည်။ ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်းအတွင်းရှိ ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်မတ်စ်အူးဒ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက်အဖြစ် လာရှိထားသော အခြားသော ဆင့်ပြန်ချက်တစ်ရပ်၌ တမန်တော်မြတ် ﷺ သည် စူရာဟ်နဂျမ်းကို ရွတ်ဖတ်တော်မူရာ ထိုသို့ ရွတ်ဖတ်တော်မူရာတွင် 'စဂျ်ဒဟ်' ကို ပြုတော်မူပေသည်။ တမန်တော်မြတ် ﷺ နှင့်အတူ (ကုရိုက်ရှ်အဘိုးအိုတစ်ဦးမှအပ ၎င်းသူသည် မြေပြင်ထက်မှ လက်တစ်ဆုပ်စာ မြေကြီးကို ကောက်ယူ၍ နဖူး၌ လူးထိလိုက်ပေသည်။ ထို့နောက် ၎င်းက 'ကျွန်ုပ်အဖို့ ဤသည့်အချက်သည် လုံလောက်ပေသည်' ဟူ၍ ပြောဆိုခဲ့ပေသည်။) ထိုင်ဝိုင်း၌ ရှိနေကြသော မွတ်စ္စလင်မ်၊ မုအ်မင်န်၊ မုရှ်ရစ်ကဲတို့အားလုံးသည် 'စဂျ်ဒဟ်' ဦးချမှုကို ပြုကြပေသည်။ ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်မတ်စ်အူးဒ် ﷺ သခင်ကြီးက ဆက်လက်၍ အမိန့်ရှိသည်မှာ

'တစ်ဖန် ကျွန်ုပ်သည် ၎င်းအား 'ကုဖွရ်' (သွေဖည်ငြင်းပယ်သော) အခြေအနေ၌ အသတ်ခံခဲ့ရသော အဖြစ်နှင့် သေဆုံးခဲ့သည်ကို တွေ့မြင်ခဲ့ရပေသည်' ဟူ၏။ ထိုသို့ အားလုံး 'စဂျ်ဒဟ်' ဦးချရာတွင် 'ထိုအချိန်၌ မွတ်စ္စလင်မ်များအတွက်မူ တမန်တော်မြတ် ﷺ အား နောက်လိုက်သမှု ပြု၍ 'စဂျ်ဒဟ်'ပြုရန်သာ ဖြစ်သည်။ ထိုအချိန်၌ အသင့်ရှိနေသော မုရှ်ရစ်က်များအပေါ်ဝယ် အလ္လာဟ်အသျှင်မြတ်သည် 'မတတ်သာသော အခြေအနေမျိုးဖြင့် 'စဂျ်ဒဟ်'ပြုရန် အခြေအနေမျိုးကို လွှမ်းမိုးစေတော်မူလိုက်ပေသည်။ ထိုအချိန်၌ ၎င်းတို့ ပျပ်ဝပ်ဦးချသော 'စဂျ်ဒဟ်'သည် 'ကုဖွရ်' (သွေဖည်) ငြင်းဆိုမှု ပြုထားကြသည့်အတွက်ကြောင့် အကျိုးစဝါးဗ် တစ်စုံတစ်ရာကိုမျှပင် မရရှိလင့်ကစား သို့ရာတွင် ထိုသို့ 'စဂျ်ဒဟ်'ပျပ်ဝပ်ဦးချလိုက်ခြင်း သည် ၎င်းတို့အတွက် ဤသို့ အကျိုးဆက် ကို ဖြစ်ပေါ်စေခဲ့သည်။ ထိုသူတို့သည် နောက်ပိုင်း၌ အစ္စလာမ် နှင့် အီမာန်ကို ရယူခဲ့သည့် 'သောင်ဖီးက်' (စွမ်းအား) ကို ရရှိသွားကြပေသည်။ လူတစ်ဦးသည်သာ လျှင် 'စဂျ်ဒဟ်' ပြုခြင်းမှ ရှောင်ရှားခဲ့ခြင်းကြောင့် 'ကုဖွရ်'(သွေဖည်ငြင်းဆိုမှု) အပေါ်၌ သေဆုံးသွားပေ သည်' ဟူသော အချက်အလက်တို့ကို ရည်ညွှန်းဖော်ထုတ်ထားဟန်တူပေသည်။

ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်းအတွင်းဝယ် ဟဇရသ်ဇိုက်ဒ်ဗင်နိစာဗိသ် ؓ သခင်ကြီးထံမှ ဆင့်ပြန် ထားသော ဆင့်ပြန်ချက်၌ ဤသို့ လာရှိထားသည်။ ၎င်းသည် တမန်တော်မြတ် ﷺ ၏ ရှေ့တော်မှောက် ဝယ် စူရာဟ်နဂျမ်းတစ်ပုဒ်လုံးကို ရွတ်ဖတ်ခဲ့ပေသည်။ သို့ရာတွင် တမန်တော်မြတ် ﷺ သည် 'စဂျ်ဒဟ်' ဦးချမှုကို မပြုပေဟူ၍ ဖြစ်၏။ ထိုသို့ တမန်တော်မြတ် ﷺ 'စဂျ်ဒဟ်'မပြုခဲ့ခြင်းကြောင့် ဤအာယသ် တော်၌ 'စဂျ်ဒဟ်'ပြုရန်သည် 'ဝါဂျိဗ်' မဟုတ်ကြောင်း၊ အရေးမကြီးကြောင်း' မုချ မဖြစ်တန်ကောင်းရာ။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ သည် ထိုအချိန်၌ 'ဝူဇူ'မဲ့သော အချိန်၌ ဖြစ်ကောင်းဖြစ်နိုင် ခြင်း (သို့မဟုတ်) 'စဂျ်ဒဟ်'ပြုနိုင်ခြင်းကို တားမြစ်ထားသော အကြောင်းပြချက် တစ်စုံတစ်ရာ ရှိကောင်း ရှိနေနိုင်သောကြောင့် ဖြစ်ပေသည်။ ဤကဲ့သို့သော အခြေအနေမျိုး၌ ချက်ချင်း'စဂျ်ဒဟ်'ပြုရန်သည် အရေး မကြီးပေ။ နောက်ပိုင်း၌လည်း ပြုနိုင်ပေသည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော် မူပေသည်။)

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

ၥူရာဟ်ကမရ်

စန်းသော်ဏာလ ကဏ္ဍ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

اِقۡتَرَبَتِ السَّاعَةُ وَانۡشَقَّ الۡقَمَرُ ①

၅၄ : ၁ ။ ။ 'ကေယာမသ်' ရှင်ပြန်ထရန် အချိန်ကာလသည် နီးကပ်၍ လာခဲ့ချေပြီ။ ၎င်းပြင် လသည် (နှစ်ခြမ်း) ကွဲသွားခဲ့လေပြီ။

وَاِنۡ يَّرَوۡا اٰيَةً يُّعۡرِضُوۡا وَيَقُوۡلُوۡا سِحۡرٌ مُّسۡتَمِرٌّ ②

၅၄ : ၂ ။ ။ သို့ရာတွင် ၎င်းတို့သည် သက်သေလက္ခဏာ တန်ခိုးတော် တစ်စုံတစ်ရာကို တွေ့မြင်ကြလျှင် ကျောခိုင်း၍ သွားကြ သည့်အပြင် (ဤသည်) အစွန့်ရှည်သော (ရှေးအစဉ်အလာဖြစ်သည့်) ပဉ္စလက် (စုန်း) အတတ်ပညာဖြစ်သည်' ဟူ၍ ပြောဆို လေ့ရှိခဲ့ကြကုန်၏။

وَكَذَّبُوۡا وَاتَّبَعُوۡۤا اَهۡوَآءَهُمۡ وَكُلُّ اَمۡرٍ مُّسۡتَقِرٌّ ③

၅၄ : ၃ ။ ။ ထို့ပြင် ၎င်းတို့သည် (ဤတန်ခိုးတော်ကိုလည်း) မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကာ၊ မိမိတို့၏ စိတ်အလိုဆန္ဒများကိုသာ လိုက်နာခဲ့ကြကုန်၏။ စင်စစ် အရေးကိစ္စတိုင်းသည် (သတ်မှတ်ထားသော အချိန်ကာလတွင်) ဆုံးဖြတ်ပြီး ဖြစ်၏။

وَلَقَدۡ جَآءَهُمۡ مِّنَ الۡاَنۡۢبَآءِ مَا فِيۡهِ مُزۡدَجَرٌ ④

၅၄ : ၄ ။ ။ ထို့ပြင် ၎င်းတို့ထံ ဧကန်မလွဲ (ရှေးလူမျိုးတို့၏) သင်ခန်းစာလုံလောက်စွာ ပါရှိသော သတင်းများသည် ရောက်ရှိခဲ့လေပြီ။

حِكۡمَةٌۢ بَالِغَةٌ فَمَا تُغۡنِ النُّذُرُ ⑤

၅၄ : ၅ ။ ။ ဤ (ကုရ်အာန်) ကျမ်းတော်မြတ်သည် ပြည့်စုံသော နက်နဲသိမ်မွေ့သည့် ဉာဏ်ပညာပင် ဖြစ်ချေသည်။ သို့တစေလည်း (ယင်းသို့သော သူများအား) သတိပေးနှိုးဆော်သော အကြောင်းအရာများသည် အကျိုးရှိစေမည် မဟုတ်ပေ။

فَتَوَلَّ عَنْهُمْ يَوْمَ يَدْعُ الدَّاعِ إِلَىٰ شَيْءٍ نُّكُرٍ ﴿٦﴾

၅၄ း ၆ ။ ။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် ၎င်းတို့ဘက်မှ မျက်နှာလွှဲ၍ နေပါလေ။ အကြင်နေ့တွင် ဆင့်ခေါ်သူ (ကောင်းကင်တမန်) သည် (၎င်းတို့အား) မနှစ်မြို့ဖွယ်ဖြစ်သော ကိစ္စတစ်ခုသို့ ဆင့်ခေါ်ပေမည်။

خُشَّعًا أَبْصَارُهُمْ يَخْرُجُونَ مِنَ الْأَجْدَاثِ كَأَنَّهُمْ جَرَادٌ مُّنتَشِرٌ ﴿٧﴾

၅၄ း ၇ ။ ။ (ထိုနေ့တွင်) ၎င်းတို့၏ မျက်စိများသည် အောက်သို့ စိုက်လျက် ရှိကြပေမည်။ ၎င်းတို့သည် (ကစဉ့်ကရဲ ဖရိုဖရဲဖြစ်၍) ပြန့်နှံ့လျက်ရှိသော ကျိုင်းကောင်များကဲ့သို့ပင် (မိမိတို့၏) သင်္ချိုင်းများမှ ထွက်လာကြပေမည်။

مُّهْطِعِينَ إِلَى الدَّاعِ ۖ يَقُولُ الْكَافِرُونَ هَٰذَا يَوْمٌ عَسِرٌ ﴿٨﴾

၅၄ း ၈ ။ ။ ဆင့်ခေါ်သူ (ကောင်းကင်တမန်ရှိရာ) သို့ ပြေးလျက် လာကြပေမည်။ ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့မှာ 'ဤနေ့သည် လွန်စွာ ခက်ထန်သော နေ့ဖြစ်သည်' ဟု ပြောဆိုလျက် ရှိကြကုန်ပေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ထိုကာဖိရ်များအား ခြိမ်းခြောက်မှုပြုမည့် အရာ (သို့) မှားယွင်းမှုများအပေါ် သတိပေးမည့် အမှုကိစ္စသည် အလွန့်အလွန် နီးကပ်စွာဖြင့် တည်ရှိနေပေသည်။ သို့ရှိရာ) 'ကေယာမသ်' ရှင်ပြန်ထရန် အချိန်သည် နီးကပ်လာခဲ့ချေပြီ။ (အကြင်နေ့၌ မှသားနှင့် မတရားဖွပ်ဖွဲ ပြောဆိုပြုခဲ့ခြင်းအပေါ် ကြီးမားလှစွာသော ဘေးဒုက္ခသည် ဆိုက်ရောက်လာပေလိမ့်မည်။) ၎င်းပြင် ('ကေယာမသ်' ရှင်ပြန်ထရန် အချိန်သည် နီးကပ်လာခဲ့ချေပြီ' ဟု ပြောဆို သတင်းပေးထားချက်သည် မှန်ကန်တိကျသော သတင်းဖြစ်ခဲ့ချေပြီ။ ၎င်းမှာ) 'လသည် (နှစ်ခြမ်း) ကွဲသွားခဲ့လေပြီ။ (ယင်းသို့ 'လ' နှစ်ခြမ်းကွဲသွားခြင်းဖြင့် 'ကေယာမသ်' နီးကပ်လာချေပြီ' ဟု သတင်းပေး ပြောကြားချက် မှန်ကန်မှုကို ဤသို့ နားလည်သိရှိနိုင်၏။ 'လ' ကို နှစ်ခြမ်းခွဲပြုခြင်းသည် တမန်တော်မြတ် ﷺ ၏ 'မုအ်ဂျေဇာဟ်' တန်ခိုးတော်တစ်ရပ် ဖြစ်သည်။ ယင်း 'မုအ်ဂျေဇာဟ်' တန်ခိုးတော်ကြောင့် တမန်တော်မြတ် ﷺ နဗီဖြစ်ကြောင်းကို အတည်ပြု သိရှိရပေသည်။ နဗီ၏ ပြောဆိုမှုတိုင်းသည် မှန်ကန်သော အကြောင်းအရာ၊ အချက်များသာ ဖြစ်ပေသည်။ ထို့ကြောင့် 'ကေယာမသ်' နီးကပ်လာသည့်အကြောင်း တမန်တော်မြတ် ﷺ က သတင်းပေးခြင်းသည်လည်း မှန်ကန်သော သတင်းပင် ဖြစ်ပေသည်ဟူသော အသွင်မျိုးဖြင့် ဖြစ်ပေသည်။ ထိုအချက်မှ ခြိမ်းခြောက်သတိပေးမည့် အရာ တည်ရှိခဲ့ပြီးဖြစ်ကြောင်းကို သတ်မှတ်အတည်ပြု၍ ရပေသည်။

သို့ရာတွင် (ယင်းခြိမ်းခြောက် သတိပေးခဲ့မှု၏ လိုလားချက်မှာ) ၎င်းတို့သည် (ထိုလအား နှစ်ခြမ်းခွဲပြုခြင်းအချက်မှ သတိတရား ရယူကာ သံဝေဂတရားနှင့် စူးရှသက်ရောက်မှု ရယူသင့်ပေသည်။ သို့ရာတွင်

၄င်းတို့၏ အခြေအနေမှာ) သက်သေလက္ခဏာ တန်ခိုးတော် တစ်စုံတစ်ရာကို တွေ့မြင်ကြလျှင် ကျောခိုင်း၍ သွားကြသည့် အပြင် (ဤသည်) အစွန့်ရှည်သော (ရှေးအစဉ်အလာဖြစ်သည့်) ပဉ္စလက် (စုန်း) အတတ်ပညာ (ဖြစ်သည်) ဟူ၍ ပြောဆိုလေ့ ရှိခဲ့ကြကုန်၏။

၄င်းပြောကြားချက်သည် 'မုအ်ဂျေဇာဟ်' တန်ခိုးတော် မဟုတ်မမှန်ကြောင်းကို သွယ်ဝိုက်ကာ ပြောဆိုနေခြင်းပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မဟုတ်မမှန်သော အရာ၌ တည်မြဲမှုမရှိ၍ ဖြစ်သည်။ ယင်းကို

وَمَايُبْدِئُ الْبَاطِلُ وَمَا يُعِيدُ

(စင်စစ် အမှားသည် (တစ်စုံတစ်ရာကို) ဖြစ်ပါစေသည်လည်း မဟုတ်ပေ။ (တစ်စုံတစ်ရာကို) ပြန်၍ ယူလာသည်လည်း မဟုတ်ပေ။ (ယိုယွင်းပျက်စီးချေပြီ။) *[၃၄ : ၄၉]*

ဟူ၍ အလ္လာဟ်အသျှင်မြတ်သည် မိန့်တော်မူထားသည်။ အလိုသဘောအချုပ်မှာ 'ကေယာမသ်' နီးကပ်လာပြီဟူသော သတင်းမှ အဆုံးအမ သံဝေဂတရား ရယူနိုင်ရန်မှာ တမန်တော်မြတ် ﷺ ၏ နဗီ တမန်တော်ဖြစ်ကြောင်းကို လက်ခံယုံကြည်မှုအပေါ် မူတည်နေ၏။ ယင်းသူတို့သည် တမန်တော်မြတ် ﷺ ၏ နဗီဖြစ်ခြင်းအပေါ် ထောက်ခံသမှုပြုသော အထောက်အထားကို စေ့စေ့စပ်စပ် လေ့လာသုံးသပ် စဉ်းစား ဆင်ခြင်သော အရှုအမြင်ဖြင့် မကြည့်ဘဲ ၄င်းကို မှားယွင်းသော သတင်းပေးပြောကြားချက်ဟု မှတ်ယူ သဘောပေါက်ခဲ့ကြသည်။ သို့ရှိရာ ထိုအချက်အလက်မှ ၄င်းတို့အပေါ် အဘယ်ကဲ့သို့သော ကြောင်းကျိုးဆက် တရား ဖြစ်ပေါ်တည်ရှိနိုင်အံ့နည်း။ ၄င်းနောက် ထိုမျက်နှာလွှဲကျောခိုင်းခြင်းနှင့်အတူ 'မုအ်ဂျေဇာဟ်' ဖြစ်ကြောင်း ကြွေးကြော်မှုကို မှားယွင်းသော ကြွေးကြော်မှုဟု ပြောဆိုရာတွင်) ၄င်းတို့သည် (အမှားအပေါ် ၌ မျက်စိစုံမှိတ် ရပ်တည်၍ အမှန်တရား ဤ 'မုအ်ဂျေဇာဟ်' တန်ခိုးတော်ကိုလည်း) မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကာ မိမိစိတ်ရိုင်း၏ အလိုဆန္ဒများကိုသာ လိုက်နာခဲ့ကြကုန်၏။ (ဆိုလိုရင်းမှာ ၄င်းတို့ ၏ မျက်နှာလွှဲ ကျောခိုင်းခြင်းသည် မှန်ကန်နိုင်လုံသော အထောက်အထား တစ်စုံတစ်ရာကြောင့် မဟုတ်။ သို့သာမက ၄င်းတို့၏ မျက်နှာလွှဲကျောခိုင်းခဲ့ခြင်း၏ အကြောင်းခံအမှန်မှာ မိမိတို့၏ စိတ်အလိုဆန္ဒများ ကိုသာ လိုက်နာခဲ့ခြင်းနှင့် အမှန်းတရားထား ဆန့်ကျင်၍ အမှန်တရားကို လိမ်လည်စွပ်စွဲ ပြောဆိုခဲ့ခြင်း သာလျှင် ဖြစ်ပေသည်။) ၄င်းနောက် (ယင်းသူတို့သည် 'မုအ်ဂျေဇာဟ်'တန်ခိုးတော်ကို အစွမ်းသက်ရောက် မှု အလျင်အမြန်ပင် ပျောက်ကွယ်သွားမည့် 'ဂျာဒူ'ပဉ္စလက် (စုန်း) အတတ်ပညာဟု စွပ်စွဲပြောဆိုခဲ့ကြ သည်။ သို့ရှိရာ ဥပဒေသတစ်ရပ် ဤသို့ ရှိ၏။)

စင်စစ် အရေးကိစ္စတိုင်းသည် (အချိန်အခိုက်အတန့် ကြာမြင့်သွားပြီးသည့်နောက် မိမိ၏ မူရင်း အခြေအနေသို့ ရောက်ရှိလာကာ) ဆုံးဖြတ်ပြီးဖြစ်၏။ (ဆိုလိုရင်းမှာ အမှန်တရား၏ မှန်ကန်ကြောင်း၊ အမှားတရား၏ မှားယွင်းကြောင်းသည် များသောအားဖြင့် အကြောင်းခံအချက်အလက်များနှင့် လက္ခဏာ များဖြင့် ကွဲကွဲပြားပြား ပေါ်လွင်ခဲ့သည်သာ ဖြစ်ပေသည်။ အလိုသဘောမှာ 'အမှန်စင်စစ် ယခု လက်ရှိ

အခြေအနေ၌လည်း အမှန်တရားသည် ရှင်းရှင်းလင်းလင်း ကွဲကွဲပြားပြား ပေါ်လွင်ခဲ့ပြီး ဖြစ်နေလင့်ကစား သို့ရာတွင် အသိတရား နည်းပါးသော သူတို့၏ ဦးနှောက်အသိဉာဏ်အတွင်း၌ အကယ်၍ ယခု သဘော မပေါက်ပါမူ အချိန်အခိုက်အတန့် ကြာမြင့်ပြီးနောက်၊ ၎င်းတို့အပေါ်၌လည်း အကယ်၍ ၎င်းတို့သည် 'ဤသည် ပျက်သုဉ်းသွားမည့် ပဥ္စလက် စုန်းအတတ်ပညာ ဖြစ်ပါ၏လော။ (သို့) အစဉ်ထင်ကျန်နေမည် ဖြစ်သော အမှန်တရားဖြစ်၏လော' ဟူ၍ စဉ်းစားဆင်ခြင် တွေးတောကာ ဦးနှောက်ဉာဏ်ကို အသုံးချ ခဲ့ပါမူ ပေါ်လွင်ထင်ရှား ရှင်းလင်းသွားပေလိမ့်မည် ဟူ၍တည်း။

ထို့ပြင် (အထက်တင်ပြပါ သတိပေးသော အရာအပြင်) ၎င်းတို့ထံ (ဝယ် အတိတ်ခေတ် မျိုးနွယ်အုပ်စု များ၏) သင်ခန်းစာ လုံလောက်စွာ ပါရှိသော သတင်းများသည် ရောက်ရှိခဲ့လေပြီ။ (ယင်းမှ (လုံလောက် သော) သံဝေဂတရား (သို့) အဆင့်အတန်း အမြင့်မားဆုံးသော အသိပညာ ဉာဏ်အမြော်အမြင်ကို ရရှိနိုင် ပေသည်။ သို့တစေလည်း (ယင်းသူတို့၏ အခြေအနေမှာ) သတိပေးနှိုးဆော်သော အကြောင်းအရာများ သည် ယင်းသူတို့ကို အကျိုးရှိစေမည် မဟုတ်ပေ။

သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်၊ ဤသို့သော အခြေအနေဖြစ်ရှိနေပါမူ) အသင်သည် ၎င်းတို့ဘက် မှ မျက်နှာလွှဲ၍ နေပါလေ။ (၎င်းတို့အား သတိပေးခြိမ်းခြောက်မူ ပြုထားသော 'ကေယာမသ်'နေ့နှင့် ပြစ်ဒဏ်ပေးခြင်းခံရမည့် အချိန် ဆိုက်ရောက်လာသောအခါဝယ် ၎င်းတို့သည် ကိုယ်တိုင်ကိုယ်ကျ သဘော ပေါက် သိမြင်သွားပေလိမ့်မည်။)

(ရှေ့၌ ထိုနေ့၏ အကြောင်းကို တင်ပြထားပေသည်။) အကြင်နေ့တွင် ဆင့်ခေါ်သူ (ကောင်းကင် တမန်တော်) သည် (၎င်းတို့အား) မနှစ်မြို့ဖွယ်ဖြစ်သော ကိစ္စတစ်ခုသို့ ဆင့်ခေါ်ပေမည်။

(ထိုနေ့တွင်) ၎င်းတို့၏ မျက်စိများသည် (သေးသိမ် ကြောက်ရွံ့စွာဖြင့်) အောက်သို့ စိုက်လျက် ရှိကြပေမည်။ ၎င်းတို့သည် (ကစဉ့်ကလျား ဖရိုဖရဲဖြစ်၍) ပြန့်နှံ့လျက် ရှိနေသောကျိုင်းကောင်များကဲ့သို့ ပင် (မိမိတို့၏) သင်္ချိုင်းများမှ ထွက်လာကြပေမည်။

ဆင့်ခေါ်သူ (ကောင်းကင်တမန်ရှိရာ) သို့ (လူများအားလုံးကို စုရုံးရန် ဆင့်ခေါ်သူမှ ဆင့်ခေါ်ရာ နေရာ၊ စာရင်းစစ်ဆေးမည့် နေရာသို့) ပြေးလျက် လာကြပေမည်။ (၎င်းနောက် ထိုနေ့၏ ဒုက္ခအခက်အခဲ ပြင်းထန်မှုများကို တွေ့မြင်ကာ) ကာဖိရ် သွေဖည်ငြင်းပယ်သောသူတို့မှာ 'ဤနေ့သည် လွန်စွာ ခက်ထန် သောနေ့ ဖြစ်သည်' ဟု ပြောဆိုလျက် ရှိကြကုန်ပေမည်။

သိမှတ်ဖွယ်ရာများနှင့် မေးသတ်များ

လွန်ခဲ့သော စူရာဟ်နဂျမ်းသည်

أَزِفَتِ الْآزِفَةُ (နီးကပ်၍လာသော အရာသည် နီးကပ်၍ လာခဲ့လေပြီ။) [၅၃ : ၅၇]

ဟူသောအချက်အပေါ် အဆုံးသတ် နိဂုံးချုပ်ခဲ့သည်။ ယင်းအာယသ်တော်အတွင်း၌ 'ကေယာမသ်' နေ့ နီးကပ်လာပြီးဖြစ်သည့် အကြောင်းကို တင်ပြထားပေသည်။ ဤစူရာဟ်တော်၏ အစကို ထိုစာစဉ် အကြောင်းအရာနှင့်ပင် အစပြုထားပေသည်။

اِقْتَرَبَتِ السَّاعَةُ

('ကေယာမသ်' ရှင်ပြန်ထရမည့် အချိန်သည် နီးကပ်၍ လာခဲ့ချေပြီ။) *[၅၄ : ၁]*

ရှေ့၌ 'ကေယာမသ်' နီးကပ်လာပြီဖြစ်ခြင်းအပေါ် အထောက်အထားတစ်ရပ်ဖြစ်သော 'လအား နှစ်ခြမ်း ခွဲပြသည့်' 'မုအ်ဂျေဇာဟ်' (အံ့ဖွယ်တန်ခိုးတော်ဖြစ်ရပ်) အကြောင်းကို တင်ပြ မိန့်မြွက်ထားပေသည်။ အဘယ်ကြောင့်ဆိုသော် 'ကေယာမသ်'နီးကပ်လာပြီဖြစ်ကြောင်းကို ကြိုတင်သတင်းပေးသော ရှေ့ပြေး လက္ခဏာ နိမိတ်များသည် အလွန် များပြားလှပေသည်။ ထိုလက္ခဏာများထဲမှ ကြီးကျယ်လှစွာသော လက္ခဏာတစ်ရပ်မှာ နဗီတမန်တော်ချုပ် တမန်တော်မြတ် ﷺ နဗီဖြစ်ကာ ပွင့်ပေါ်လာခြင်း ဖြစ်ပေသည်။ ၄င်းကို ဟဒီးစ်တော်တစ်ရပ်၌ တမန်တော်မြတ် ﷺ သည် 'ငါကိုယ်တော် ပွင့်ပေါ်လာခြင်းနှင့် 'ကေယာမသ်' နေ့သည် လက်ညှိုးနှင့် လက်ခလယ် ပူးကပ်၊ နီးကပ်စွာ တည်ရှိနေသကဲ့သို့ ဖြစ်ပေသည်'ဟူ၍ မိန့်တော်မူထားပေသည်။ နောက်ထပ် အချို့သော ဟဒီးစ် ဆင့်ပြန်ချက်များ အတွင်း၌လည်း 'ကေယာမသ်' နီးကပ်လာပြီဖြစ်သော ခေတ်အခါ၌ ပွင့်ပေါ်တော်မူခြင်းဖြစ်ကြောင်းကို တင်ပြထားပေသည်။ ဤကဲ့သို့ပင် 'ကေယာမသ်'နေ့ နီးကပ်လာပြီဖြစ်ကြောင်းအပေါ် ကြီးမားသော လက္ခဏာတစ်ရပ်မှာ 'တမန်တော်မြတ် ﷺ ၏ 'မုအ်ဂျေဇာဟ်' (တန်ခိုးတော်) ဖြင့် လသည် နှစ်ခြမ်းကွဲသွားကာ တစ်ခြမ်း၊ တစ်ခြမ်းစီ သီးခြား ဖြစ်သွားခဲ့ပြီး၊ ထို့နောက်တစ်ဖန် ပြန်လည်၍ ဆက်သွားခဲ့ခြင်း ဖြစ်ပေသည်။ ထို့ပြင် လအား နှစ်ခြမ်းခွဲပြ ခြင်း၏ 'မုအ်ဂျေဇာဟ်' တန်ခိုးတော်သည် 'ထိုအချိန်၌ လနှစ်ခြမ်းကွဲသွားခြင်းသည် အလ္လာဟ်အသျှင် မြတ်၏ 'ကွဒ်ရသ်' တန်ခိုးတော်ကြောင့် ဖြစ်သကဲ့သို့ 'ကေယာမသ်'နေ့၌ ဂြိုလ်၊ နက္ခတ်တာရာများအားလုံး အစိတ်စိတ်အမွှာမွှာ ဖြစ်သွားမည်ဖြစ်ခြင်းသည် ဉာဏ်မမီ၊ နားလည်သိရှိနိုင်ရန် ခဲယဉ်းလှစွာသော အချက် မဟုတ်ကြောင်း' ဟူသော ရှုထောင့်အသွင်မျိုးဖြင့်လည်း 'ကေယာမသ်'၏ လက္ခဏာဖြစ်ပေသည်။

လအား နှစ်ခြမ်းခွဲပြခြင်း၏ 'မုအ်ဂျေဇာဟ်' (တန်ခိုးတော်) အကြောင်း

မက္ကာဟ်မြို့နေ ကာဖိရ်များသည် တမန်တော်မြတ် ﷺ ၏ ထံတော်ပါးမှ တမန်တော်မြတ် ﷺ ၏ နဗီဖြစ်ခြင်းနှင့် ရစူလ်ဖြစ်ခြင်း မှန်ကန်ကြောင်းကို အထောက်အထားပြမည့် 'မုအ်ဂျေဇာဟ်' (တန်ခိုးတော်) လက္ခဏာတော် တစ်ရပ်အား တောင်းဆိုခဲ့ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် တမန်တော်မြတ် ﷺ ၏ နဗီဖြစ်ခြင်း၊ ရစူလ်ဖြစ်ခြင်း မှန်ကန်ကြောင်းကို အထောက်အထားပြု အတည်ပြုရန်အတွက် ဤ 'လအား နှစ်ခြမ်းခွဲပြပေးစေလိုက်ခြင်း' ၏ 'မုအ်ဂျေဇာဟ်' တန်ခိုးတော်ကို ဖြစ်ပေါ်စေတော်မူခဲ့ပေသည်။

ထို 'မုအ်ဂျေဇာဟ်'တန်ခိုးတော် ဖြစ်ရှိ ပေါ်ပေါက်ခဲ့ကြောင်း ကုရ်အာန်ကျမ်းတော်မြတ်၏

وَانْشَقَّ الْقَمَرُ

(၄င်းပြင် လသည် နှစ်ခြမ်းကွဲသွားခဲ့လေပြီ။) ဟူသော အာယသ်တော်မြတ်၌လည်း လာရှိထားပေသည်။ ထို့ပြင် မြောက်မြားစွာသော ဆွဟာဗာအုပ်စုကြီးတစ်စုမှ ဆင့်ပြန် တင်ပြခဲ့သော 'ဆွဟီးဟ်' (စစ်မှန်နိုင်လုံသော အဆင့်ရှိ ဆင့်ပြန်ချက်) ဟဒီးစ်ဆင့်ပြန်ချက်များ၌လည်း လာရှိထားပေသည်။ ယင်းဆွဟာဗာကြီးများထဲတွင် ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်နိမတ်စ်အူးဒ် ၊ ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်နိအုမရ် ၊ ဟဇရသ်ဂျုဗိုင်ရ်ဗင်နိမုသ္ဒအင်မ် ၊ ဟဇရသ်အိဗ်နေအဗ္ဗာစ် သခင်နှင့် ဟဇရသ်အနတ်စ်ဗင်နိမာလစ်က် စသော ဆွဟာဗာကြီးများ ပါဝင်နေပေသည်။ ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်နိမတ်စ်အူးဒ် သခင်ကြီးသည် မိမိကိုယ်တိုင် ထိုအချိန်၌ ရှိနေကြောင်းနှင့် 'မုအ်ဂျေဇာဟ်' တန်ခိုးတော်အား ကိုယ်တိုင်ကိုယ်ကျ မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရကြောင်းကိုလည်း တင်ပြထားပေသည်။ အေမာမ်သွဟာဝီ (ရဟ) သခင်ကြီးနှင့် အိဗ်နေကစီးရ် (ရဟ) သခင်ကြီးတို့သည် လအား နှစ်ခြမ်းခွဲပြခြင်း 'မုအ်ဂျေဇာဟ်' ဖြစ်အင်ပါ ဆင့်ပြန်ချက်များကို 'မုသဝါသိရ်' (ငြင်းမရသော အဆင့်အမျိုးအစားရှိ ဆင့်ပြန်ချက်) ဖြစ်ကြောင်း သတ်မှတ်အတည်ပြုထားပေသည်။ ထို့ကြောင့် ဤတမန်တော်မြတ် ၏ 'မုအ်ဂျေဇာဟ်'တန်ခိုးတော် ဖြစ်ရှိ ပေါ်ပေါက်ခဲ့ခြင်းသည် ငြင်းမရသော အထောက်အထားတို့ဖြင့် အတည်ပြု သိရှိရပြီး ဖြစ်ပေသည်။

ဖြစ်အင်အကျဉ်းချုပ်မှာ ဤသို့တည်း။ တမန်တော်မြတ် သည် မက္ကာဟ်ရွှေမြို့တော်၏ 'မေနာ' အရပ်ဒေသ၌ ရှိနေတော်မူစဉ် မက္ကာဟ်မြို့နေ မုရှ်ရစ်က်တို့သည် တမန်တော်မြတ် ၏ ထံတော်ပါးမှ နဗီဖြစ်ကြောင်း အထောက်အထားကို တောင်းဆိုခဲ့ပေသည်။ ဤဖြစ်အင်သည် လသာသော ညဥ့်တစ်ညဥ့်၌ ဖြစ်ပေါ်ခဲ့သည်။ အလ္လာဟ်အသျှင်မြတ်သည် 'လသည် နှစ်ခြမ်းဖြစ်သွားကာ တစ်ခြမ်းသည် အရှေ့ဘက်အရပ်သို့ ရောက်ရှိပြီး ဒုတိယအခြမ်းသည် အနောက်ဘက်သို့ ရောက်ရှိသွားကာ အခြမ်းနှစ်ခြမ်း၏ ကြား၌ တောင်ခြားကာ မြင်တွေ့နေရလောက်အောင်သော ရှင်းလင်းလှသည့် 'မုအ်ဂျေဇာဟ်'တန်ခိုးတော်ကို တွေ့မြင်စေခဲ့ပေသည်။ တမန်တော်မြတ် သည် မိမိရှေ့မှောက်၌ ရှိနေသူများအားလုံးအား 'ကြည့်ရှုကြကုန်လော။ ၄င်းနောက် ဝန်ခံထွက်ဆို လက်ခံကြကုန်လော'ဟူ၍ မိန့်တော်မူလိုက်ပေသည်။ လူအားလုံးတို့သည် ရှင်းလင်းလှစွာဖြင့် ဤ 'မုအ်ဂျေဇာဟ်' (တန်ခိုးတော်) ကို တွေ့မြင်ခဲ့ပြီးဖြစ်သောခါ တစ်ခြမ်း တစ်ခြမ်းစီ ဖြစ်နေသော လခြမ်း နှစ်ခြမ်းစလုံးသည် ပြန်ဆက်သွားခဲ့ပေသည်။ ထိုရှင်းလင်းလှစွာသော 'မုအ်ဂျေဇာဟ်'တန်ခိုးတော်အား ငြင်းဆိုရန်သည် မျက်လုံးရှိသောသူ တစ်ဦးတစ်ယောက်အဖို့ မဖြစ်နိုင်သော အချက်ပင် ဖြစ်ပေသည်။ သို့ရာတွင် မုရှ်ရစ်က်တို့သည် 'မိုဟမ္မဒ် သည် စကြာဝဠာအားလုံးတို့အပေါ် မှော်အတတ်ပညာဖြင့် မပြုစားနိုင်ပေ။ တိုင်းပြည်၊ နယ်ပယ်ဒေသအသီးသီးမှ လာရောက်ကြကုန်သော သူတို့ကို စောင့်ဆိုင်း၍ ၄င်းတို့ မည်သည့်အကြောင်းအရာ၊ အချက်အလက်ကို ပြောဆိုသည်ကို စောင့်ကြည့်ရပေမည်'ဟူ၍ ပြောဆိုခဲ့ကြပေသည်။ ဗိုင်ဟကီကျမ်း၊ အဗူဒါဝူးဒ် သွယာလိစီးကျမ်း၏ ဆင့်ပြန်ချက်တွင် ဟဇရသ်အဗ်ဒုလ္လာဟ်

ဗင်နမတ်စ်အူးဒ် ﷺ သခင်ကြီးထံမှ ဆင့်ဆိုချက် လာရှိထားသည်မှာ 'နောက်ပိုင်း၌ နယ်ပယ်ဒေသ အသီးသီး အားလုံးတို့မှ လာရောက်ကြကုန်သော ဧည့်သည်များအား ၎င်းတို့သည် စုံစမ်းလေ့လာမှုကို ပြုသော အခါ ဝယ် အားလုံးသော သူတို့သည် အထက်ဖော်ပြပါအတိုင်း လသည် နှစ်ခြမ်းကွဲသွားကြောင်း မြင်တွေ့ခဲ့ခြင်း ကို ဝန်ခံခဲ့ကြပေသည်' ဟူ၍ ဖြစ်သည်။

အချို့သော ဆင့်ပြန်ချက်များ၌ 'ဤသို့ လသည် နှစ်ခြမ်းကွဲသွားခြင်း'၏ 'မုအ်ဂျေဇာဟ်' တန်ခိုး တော်သည် မက္ကာဟ်ရွှေမြို့တော်၌ နှစ်ကြိမ်ဖြစ်ပေါ်ခဲ့ကြောင်း လာရှိထားပေသည်။ သို့ရာတွင် မှန်ကန်သော ဆင့်ပြန်ချက်များမှ တစ်ကြိမ်သာလျှင် ဖြစ်ပေါ်ခဲ့ခြင်း၏ အထောက်အထားကို ရရှိပေသည်။

[ဗယားနုလ်ကုရ်အာန်]

ထိုအမှုကိစ္စနှင့် စပ်လျဉ်း၍ ဟဒီးစ်ဆင့်ပြန်ချက်အချို့ကို တင်ပြအပ်ပေသည်။ (သဖ်စီးရေအိဗ်နေ့ ကစီးရ်ကျမ်းမှ ကောက်နုတ်တင်ပြသည်။)

(၁) 'ဆွဟီးဟ်' ဘိုခါရီကျမ်း၌ ဟဇရသ်အနတ်စ်ဗင်နမာလစ်က် ﷺ သခင်ကြီးထံမှ ဆင့်ပြန် ချက် လာရှိထားသည်မှာ-

إنَّ اهل مكّة سألوا رسول الله ﷺ ان يُّريهم ايةً فاراهم القمر شِقَّين حتّى رأوا حراء بينهما

(မက္ကာဟ်မြို့သူမြို့သားတို့သည် တမန်တော်မြတ် ﷺ အား 'မိမိနဗီဖြစ်ကြောင်း အထောက်အထား ပြရန်အတွက် လက္ခဏာတန်ခိုးတော်တစ်ရပ်ကို ပြသကုန်'ဟူ၍ တောင်းဆိုခဲ့ကြပေသည်။ သို့ရှိရာ အလ္လာဟ် အသျှင်မြတ်သည် ၎င်းတို့အား လအား နှစ်ခြမ်းခွဲ၍ ပြလိုက်ပေသည်။ ထိုလခြမ်းနှစ်ခြမ်း၏ ကြား၌ 'ဟေရာ'တောင်ကို မြင်တွေ့ရသည့် အတိုင်းအတာထိတိုင်အောင် မြင်တွေ့ခဲ့ရပေသည်။)

(၂) ဆွဟီးဟ်ဘိုခါရီကျမ်း၊ ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်းနှင့် မွစ်နဒ်အဟ်မဒ်ကျမ်း၌ ဟဇရသ် အဗ်ဒွလ္လာဟ်ဗင်နမတ်စ်အူးဒ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားသည်မှာ-

انشقّ القمر على عهد رسول الله ﷺ شقّين حتّى نظروا اليه فقال رسول الله ﷺ اشهدوا

(တမန်တော်မြတ် ﷺ ၏ ခေတ်အခါသမယ၌ လသည် ကွဲကာ နှစ်ခြမ်းဖြစ်သွားပေသည်။ ယင်းကဲ့ သို့သော နှစ်ခြမ်းကွဲသွားခြင်းကို အားလုံးသော သူတို့သည် ရှင်းလင်းစွာဖြင့် မြင်တွေ့ခဲ့ရပေသည်။ ထို့နောက် တမန်တော်မြတ် ﷺ သည် လူတို့အား 'ကြည့်ရှုကြကုန်။ ထို့နောက် ဝန်ခံထွက်ဆို လက်ခံကြကုန်' ဟူ၍ မိန့်တော်မူခဲ့ပေသည်။)

အိဗ်နေဂျရီးရ် (ရဟ) သခင်ကြီးသည်လည်း မိမိ၏ 'စနဒ်' (ဆင့်ကဲဆင့်ပြန်မှု ဖယားဖြင့်) ထိုဟဒီးစ် တော်ကို ဆင့်ပြန်ထားပေသည်။ ထိုဟဒီးစ်တော်အတွင်း၌ ဤသည့် စာသားများလည်း ပါရှိထားပေသည်။

كنّامع رسول الله ﷺ بمنى فانشقّ القمر فاخذت فرقة خلف
الجبل فقال رسول الله ﷺ اشهدوا اشهدوا

အဗ်ဒုလ္လာဟ်ဗင်နိမတ်စ်အူးဒ် ﷺ သခင်ကြီးက မိန့်ဆိုသည်မှာ 'ကျွန်ုပ်တို့သည် မီနာမည်သော အရပ်ဒေသ၌ တမန်တော်မြတ် ﷺ နှင့်အတူ ရှိနေကြစဉ် ရုတ်တရက် လသည် နှစ်ခြမ်းကွဲသွားပေသည်။ တစ်ခြမ်းသည် တောင်၏ အနောက်သို့ ရောက်ရှိသွားခဲ့၏။ ထိုအခါ တမန်တော်မြတ် ﷺ သည် 'ဝန်ခံထွက်ဆိုလက်ခံကြကုန်' ဟူ၍ မိန့်ဆိုတော်မူခဲ့ပေသည်။

(၃) အိဗ်ဒုလ္လာဟ်ဗင်နိမတ်စ်အူးဒ်သခင်ကြီး၏ ဆင့်ပြန်ချက်ဖြင့် အဗူဒါဝူးဒ်သွိယာလီးစီး (ရဟ) သခင်ကြီးသည်လည်းကောင်း၊ ဗိုင်ဟကီ (ရဟ) သခင်ကြီးသည်လည်းကောင်း ဤဆင့်ပြန်ချက်ကိုလည်း ဆင့်ပြန်တင်ပြထားပေသည်။

انشقّ القمر بمكّة حتى صار فرقتين فقال كفّار قريش اهل مكّة هذا سحرٌ سحركم به
ابن ابى كبشة انظروا السّفّار فان كانوا رأوا ما رأيتم فقد صدق وان كانوا لم يروا مثل
ما رأيتم فهو سحرٌ سحركم به فسئل السّفّار قال وقدموا من كلّ جهة فقالوا رأينا

မက္ကာဟ်ရွှေမြို့တော်၌ နေထိုင်တော်မူစဉ် ကာလ၌ လသည် ကွဲသွားကာ နှစ်ခြမ်းဖြစ်သွားပေသည်။ ကာဖိရ်ကုရိုက်ရှ်တို့က "ဤသည် ပဥ္စလက်စုန်းအတတ်ပညာ ဖြစ်သည်။ အိဗ်နေအဗီကဗ်ရှား (မိုဟမ္မဒ် ﷺ) သည် အသင်တို့အား စုန်းအတတ်ပညာဖြင့် ပြုစားလိုက်ခြင်း ဖြစ်ပေသည်။ ထို့ကြောင့် အသင်တို့သည် ပြင်ပအရပ်ဒေသများမှ လာရောက်ကြကုန်သော သူတို့အား စောင့်မျှော်ကြလေကုန်။ အကယ်၍ ၄င်းတို့သည်လည်း ကွဲသွားသော လနှစ်ခြမ်းစလုံးကို တွေ့မြင်ခဲ့ရသည်ဆိုလျှင် ၄င်း (မိုဟမ္မဒ် ﷺ) သည် မှန်ကန်စွာ ပြောဆိုခြင်းဖြစ်သည်။ အကယ်၍ ပြင်ပအရပ်ဒေသများမှ လာရောက်သော သူတို့သည် ဤကဲ့သို့ မတွေ့မြင်ခဲ့ပါမူ တစ်ဖန် ကေန်မုချ ဤသည် ပဥ္စလက်စုန်းအတတ်ပညာသည်သာလျှင် ဖြစ်ပေသည်ဟု ပြောဆိုခဲ့ကြသည်။ သို့ရှိရာ အနယ်နယ်အရပ်ရပ် ဒေသအသီးသီးမှ လာရောက်ကြကုန်သော ဧည့်သည်ခရီးသည်များအား စုံစမ်းလေ့လာမှုပြုသောအခါ အားလုံးသော သူတို့က 'ကျွန်ုပ်တို့သည် လနှစ်ခြမ်းကွဲသွားသည်' ကို တွေ့မြင်ခဲ့ပါသည်" ဟု ဝန်ခံထွက်ဆိုခဲ့ကြပေသည်။

လနှစ်ခြမ်းကွဲသွားခြင်း၏ ဖြစ်အင်အပေါ် စောဒကသံသယအချို့နှင့် ၄င်း၏ အဖြေများ

ထိုဖြစ်အင်အပေါ် စောဒကတစ်ရပ်သည်မှု ဒဿနိက ပညာရပ်ဥပဒေတစ်ခုအပေါ် မူတည်၍ ပြုထားပေသည်။ ယင်းစောဒက၏ အချုပ်သဘောတရားမှာ 'မိုးကောင်းကင်နှင့် ဂြိုဟ်များ၌ ကွဲခြင်းနှင့် ဆက်ခြင်းသည် မဖြစ်နိုင်သော အချက်ပင် ဖြစ်၏' ဟူ၍တည်း။ သို့ရာတွင် ဤသည် ၄င်းတို့၏ ကြွေးကြော်မှု

သက်သက်သာ ဖြစ်ပေသည်။ ထိုကြွေးကြော်မှုအပေါ် တင်ပြလာသော အထောက်အထားများ အားလုံးသည် လက်ခံထိုက်ဖွယ်မရှိသော အခြေအမြစ်မဲ့သော အချက်များသာ ဖြစ်ပေသည်။ ထိုအချက်အလက်များ အထောက်အထားမဖြစ်နိုင်ကြောင်းနှင့် မှားယွင်းကြောင်းကို အစ္စလာမ်သာသနာ၏ ယုံကြည်ချက်ပိုင်းဆိုင်ရာ ကဏ္ဍရပ်၏ ကဝိပညာရှင် အေမာမ်အကြီးအကဲများသည် အလွန် ရှင်းရှင်းလင်းလင်း တင်ပြထားပေသည်။ ယနေ့ထိတိုင် ဦးနှောက်အသိဉာဏ်ပိုင်းဆိုင်ရာ အထောက်အထား တစ်စုံတစ်ရာဖြင့် လနှစ်ခြမ်းကွဲသွားခြင်း မဖြစ်နိုင်ကြောင်းကို အတည်ပြု၍ မတင်ပြနိုင်ခဲ့ချေ။ မသိနားမလည်သော သာမန်ပုဂ္ဂိုလ်တို့သည် ဖြစ်နိုင်ရန် ခက်ခဲလှသော အချက်ကိစ္စတိုင်းကို မဖြစ်နိုင်ဟူ၍ ပြောဆိုခဲ့ကြသည်ဖြစ်၏။ သို့ရာတွင် 'မုအ်ဂျေဇာဟ်' (တန်ခိုးတော်) ဟူသည် (သဘာဝလွန်) ဖြစ်လေ့ဖြစ်ထရှိသော အချက် ကိစ္စကို ကျော်လွန်၍ အများသူငှာတို့ စွမ်းဆောင်နိုင်ခြင်း မရှိသော မှင်သက်ငေးမောရလောက်အောင်နှင့် ဖြစ်နိုင်ရန် ခဲယဉ်း၊ ဝေးလံလှစွာသော ကိစ္စရပ်ကိုပင် ခေါ်ဆိုကြောင်းမှာ ပေါ်လွင်လှပေသည်။ သို့တည်းမဟုတ်က အချိန်တိုင်း၌ ဖြစ်ပေါ်နိုင်သော အမှုကိစ္စကို 'မုအ်ဂျေဇာဟ်' (တန်ခိုးတော်) ဟူ၍ မည်သို့ ခေါ်ဆိုနိုင်မည်နည်း။

သာမန်အဆင့် အသိကင်းမဲ့သော ဉာဏ်ဖြင့် တက်လာသော ဒုတိယစောဒကမှာ အကယ်၍ ဤသို့သော ကြီးကျယ်လှစွာသော ဖြစ်အင်ကြီး ဖြစ်ပေါ်လာပါမူ ကမ္ဘာ့တဝှမ်းရှိ နိုင်ငံသမိုင်းများ၌ တင်ပြထားပေမည်ဟူ၍တည်း။ သို့ရာတွင် စဉ်းစားတွေးတောစရာ အချက်မှာ ဤဖြစ်အင်သည် မက္ကာဟ်ရွှေမြို့တော်၌ ညဥ့်အချိန်တွင် ပေါ်ပေါက်ခဲ့ပေသည်။ ထိုအချိန်တွင် များစွာသော တိုင်းပြည်နိုင်ငံများ၌ နေ့အချိန် ဖြစ်နေပေမည်။ ထိုတိုင်းပြည်နိုင်ငံများ၌ ယင်းဖြစ်အင် ထင်ထပ်၊ ပေါ်လွင်ခံခြင်းနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ ပြောဆိုဖွယ်ရာ မရှိတော့ချေ။ အချို့သော နိုင်ငံများတွင် ညဥ့်တစ်ဝက်၌ ဖြစ်နေ၍ အချို့သော တိုင်းပြည်များတွင် ညဥ့်၏ နောက်ဆုံးယံ၌ ဖြစ်နေနိုင်ပေသည်။ ယင်းအချိန်များ၌ ကမ္ဘာလောက တစ်ဝှမ်းလုံးရှိ လူသူတို့သည် အိပ်စက်လျက်ပင် ရှိနေကြပေမည်။ နိုးကြားလျက်ရှိနေသော သူတို့သည်လည်း အချိန်တိုင်း၌ လကို ငေးမောကြည့်ရှု၍ မနေပေ။ ကမ္ဘာမြေပေါ်၌ ပြန့်နှံ့စွာ ကျရောက်လျက်ရှိနေသော လရောင်၌ လနှစ်ခြမ်းကွဲသွားခြင်းကြောင့် တစ်ဦးတစ်ယောက်သည် ထိုဘက်သို့ အထူးတလည် အာရုံရောက်မည် မဟုတ်ပေ။ တစ်ဖန် ဤသည် အချိန်အနည်းငယ်အတွင်း ဖြစ်ပေါ်ခဲ့သော ဖြစ်အင် ဖြစ်ပေသည်။ နေ့စဉ်နှင့်အမျှ တွေ့မြင်ကြားသိနေရသည်မှာ တိုင်းပြည်နိုင်ငံတစ်ခု၌ လကြပ်၍နေသည်။ ယနေ့မျက်မှောက်ခေတ်၌မူ အစကနဦးကတည်းက ယိုအချက်အား ကြေညာအသိပေးခြင်းများလည်း ရှိသည်။ သို့တိုင်အောင် တိုင်း၊ ပြည်၊ နိုင်ငံရှိ ထောင်ပေါင်း၊ သိန်းပေါင်းများစွာသော ပြည်သူလူထုတို့သည် ထိုအချက်အား လုံးဝ မသိရှိဘဲ နေကြပေသည်။ ၎င်းတို့အနေဖြင့် တစ်စုံတစ်ရာကိုမျှပင် သိပင် မသိရှိပေ။ သို့ရှိရာ ထိုအချက်မှ 'လကြပ်ခြင်း လုံးဝ မဖြစ်ခဲ့ပေ' ဟူ၍ အထောက်အထား ပြုနိုင်ပါမည်လော။ ထိုကြောင့် ကမ္ဘာ့နိုင်ငံအသီးသီး၏ သမိုင်းများ၌ မတင်ပြထားခြင်းဖြင့် ထိုဖြစ်အင်အား မဟုတ်မမှန်ဟူ၍ စွပ်စွဲမပြောဆိုနိုင်ပေ။

ထို့ပြင် အိန္ဒိယနိုင်ငံ၏ ခိုင်လုံကျော်ကြားသော 'သာရီခေ့ဖရစ်ရှ်သာ' စာအုပ်၌ ထိုအကြောင်းအရာ အချက်အလက်အား တင်ပြထားသည်မှာ အိန္ဒိယနိုင်ငံ၌ 'မဟာရာဂျာမာလီဗားရ်' သည် ဤလနှစ်ခြမ်းကွဲ

သွားခြင်း၏ ဖြစ်အင်ကို မိမိ၏ မျက်လုံးအစုံဖြင့် ကိုယ်တိုင်ကိုယ်ကျဖြင့် တွေ့မြင်ခဲ့၍ ၎င်းဖြစ်ရပ်အား မိမိ၏ နေ့စဉ်မှတ်တမ်း၌ ရေးသားစေခဲ့ပေသည်ဟူ၍တည်း။ ဤဖြစ်အင်သည်သာလျှင် ၎င်းဘုရင် မွတ်စလင်မ် ဖြစ်လာခြင်း၏ အကြောင်းခံဖြစ်ပေသည်။ အထက်၌ တင်ပြထားသော အဗူဒါဝူးဒ်သွယာလိစီးနှင့် ဗိုင်ဟကီ ကျမ်းတို့၏ ဆင့်ပြန်ချက်များမှ 'မက္ကာဟ်မြို့၌ရှိသော သူတို့ကိုယ်တိုင်သည်လည်း ပြင်ပအရပ်ဒေသများမှ လာရောက်ကြကုန်သော သူတို့ထံမှ စုံစမ်းမှုပြုရာ ထိုနယ်အသီးသီးမှ လာရောက်ကြကုန်သော သူတို့သည် ဤဖြစ်အင်ကို တွေ့မြင်ခဲ့ကြောင်း ထောက်ခံကြပေသည်ဟူသော အချက်တို့ကို အတည်ပြုထားပြီး ဖြစ်ပေသည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေသည်။)

وَاِنۡ يَّرَوۡا اٰيَةً يُّعۡرِضُوۡا وَيَقُوۡلُوۡا سِحۡرٌ مُّسۡتَمِرٌّ

(သို့ရာတွင် ၎င်းတို့သည် သက်သေလက္ခဏာ တန်ခိုးတော်တစ်စုံတစ်ရာကို တွေ့မြင်ကြလျက် ကျောခိုင်း၍ သွားကြသည့်အပြင် ဤသည် အစွန့်ရှည်သော ရှေးအစဉ်အလာဖြစ်သည့် ပဉ္စလက် စုန်းအတတ် ပညာဖြစ်သည်'ဟူ၍ ပြောဆိုလေ့ ရှိခဲ့ကြကုန်၏။) [၅၄ း ၂]

مُسۡتَمِر ၏ ကျော်ကြားသော အဓိပ္ပာယ်မှာ ဖာရစီဘာသာ၊ ဒူရ်ဒူဘာသာတို့၌လည်း ကျော်ကြား သော အဓိပ္ပာယ်ဖြစ်သည့် 'ကြာမြင့်စွာ တည်ရှိခြင်း'ဟူ၍ အဓိပ္ပာယ်ရပေသည်။ သို့ရာတွင် အာရဗီစာပေ၊ ဘာသာစကား၌ مَرَّ (မရ်ရ) နှင့် اِسۡتَمَرَّ ဟူသော စကားလုံးတို့သည် တစ်ခါတစ်ရံ 'ကျော်လွန်ခဲ့ခြင်းနှင့် အဆုံးသတ်ခဲ့ခြင်း' ၏ အနက်အဓိပ္ပာယ်ကိုလည်း ပေးပေသည်။ အကျယ်ဖွင့်ဆိုသော အေမာမ်ကြီးများထံမှ မုဂျာဟိဒ် (ရဟ) နှင့် ဟဇရတ် ကသာဒါသခင်ကြီးတို့သည် ဤနေရာ၌ ယခုတင်ပြပါ အဓိပ္ပာယ်ကိုသာလျှင် ကောက်နုတ် တင်ပြထားပေသည်။ ဤကဲ့သို့သော အဓိပ္ပာယ်ကို ရယူလိုက်သည့်အပေါ် အာယသ်တော်၏ အလိုသဘောမှာ 'ဤပဉ္စလက် စုန်းအတတ်ပညာ၏ အကျိုးဆက်သဘောတရားမှာ ကြာရှည်စွာ တည်ရှိ နေမည်မဟုတ်ဘဲ ကိုယ်တိုင် အလိုအလျောက် နိဂုံးချုပ် ပပျောက်သွားမည် ဖြစ်ပေသည်'ဟူ၍ ဖြစ်သည်။

مُسۡتَمِر ၏ အခြားသော အဓိပ္ပာယ်တစ်ရပ်မှာ အားအင်တောင့်တင်းခိုင်မာခြင်းဟူ၍ ရ၏။ အဗူလ်အာလိယား (ရဟ) နှင့် သွဟ်ဟာက် (ရဟ) သခင်ကြီးတို့သည် ဤအာယသ်တော်အတွင်း၌ 'မွစ်သမိရ်'ဟူသော စကားလုံးကို ဤဒုတိယအဓိပ္ပာယ်အရ သာလျှင် ဖွင့်ဆိုထားပေသည်။ အလိုသဘောမှာ 'ဤသည် အလွန် အားအင်တောင့်တင်း ခိုင်မာလှစွာသော ပဉ္စလက်စုန်းအတတ်ပညာ ဖြစ်ပေသည်' ဟူ၍ ဖြစ်သည်။

မက္ကာဟ်မြို့သားတို့သည် ထိုမျက်ဝါးထင်ထင် တွေ့မြင်ခဲ့မှုအား လိမ်ညာမှုပြုရန် မစွမ်းနိုင်သောအခါ ယင်းအချက်ကို ပဉ္စလက်အတတ်ပညာ (သို့မဟုတ်) လွန်စွာ ဆိုးယုတ်သော 'ဂျာဒူ'(အတတ်ပညာ) ဟူ၍ ပြောဆိုကာ မိမိတို့၏ နှလုံးသားများကို ဖြေသိမ့်မှု ပြုခဲ့ပေသည်။

وَكُلُّ اَمۡرٍ مُّسۡتَقِرٌّ

(စင်စစ် အရေးကိစ္စတိုင်းသည် သတ်မှတ်ထားသော အချိန်ကာလတွင် ဆုံးဖြတ်ပြီးဖြစ်၏။) *[၅၄ : ၃]*

استقرار ၏ အဘိဓါန်အဓိပ္ပာယ်သည် တည်တည်ကျကျ နေထိုင်ခြင်းဟူ၍ ဖြစ်ပေသည်။ အာယသ်တော်၏ အလိုသဘောမှာ အလုပ်တိုင်းနှင့် အချက်အလက် အရာတိုင်းသည် မိမိ၏ နောက်ဆုံးအဆင့်အထိ ရောက်ရှိကာ နောက်ဆုံးအဆင့် အတိုင်းအတာ၌ ရှင်းလင်းပြတ်သား ပေါ်လွင်ခဲ့သည်သာ ဖြစ်သည်။ လုပ်ကြံဖန်တီးမှုအဖုံးဖြင့် ဖြစ်ရပ်အမှန်ကို ဖုံးကွယ်ထားခဲ့သည်ဆိုလျှင်လည်း နောက်ဆုံး၌ ကွက်ကွက်ကွင်းကွင်း ရှင်းလင်းစွာဖြင့် ပေါ်လွင်လာမည်သာ ဖြစ်ပေသည်။ အမှန်တရား၏ အမှန်ဖြစ်ခြင်းနှင့် မှားယွင်းခြင်းတရား၏ မှားယွင်းခြင်းသည် ပေါ်လွင် ရှင်းလင်းသွားပေမည်ဟူ၍တည်း။

مُّهۡطِعِيۡنَ اِلَى الدَّاعِ

(ဆင့်ခေါ်သူ ကောင်းကင်တမန်ရှိရာဆီသို့ ပြေးလျက် လာကြပေမည်။) *[၅၄ : ၈]*

مُهۡطِعِيۡنَ ၏ လုံးချင်းအဓိပ္ပာယ်သည် 'ဦးခေါင်းကို မော့လျက် ရှိနေသည်' ဟူ၍ ဖြစ်ပေသည်။ အာယသ်တော်၏ အဓိပ္ပာယ်မှာ 'ဆင့်ခေါ်သောသူ၏ အသံရှိရာဘက်သို့ ကြည့်ရှုရင်း 'ဟရှ်ရ်' ကွင်းပြင်ရှိရာဆီသို့ ပြေးလျက် ရှိကြကုန်၏' ဟူ၍ ဖြစ်သည်။ ဤအာယသ်တော်၏ အလျင် အာယသ်တော်အတွင်း၌

خُشَّعًا اَبۡصَارُهُمۡ

(၎င်းတို့၏ မျက်စိများသည် အောက်သို့ စိုက်လျက် ရှိကြပေမည်။) *[၅၄ : ၇]*

ဟူ၍လည်း လာရှိထားပေသည်။ အာယသ်တော်နှစ်ပိုဒ်၏ အကြား ညှိနှိုင်းပေးခြင်းကို ဤသို့ ပြုပေးနိုင်၏။ ၎င်းမှာ ''ဟရှ်ရ်ကွင်းပြင်အတွင်း စုရုံးရောက်ရှိရမည့် နေရာသည် အမျိုးမျိုး ရှိနေပေရာ ထိုနေရာများထဲမှ နေရာတစ်ခုတွင် အားလုံးသော သူတို့၏ အရှုများသည် အောက်သို့ စိုက်လျက် ရှိနေကြမည့် သူများ၏ နေရာတစ်ခုလည်း ပါဝင်ပေသည်'' ဟူ၍ ဖြစ်သည်။

❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖

كَذَّبَتۡ قَبۡلَهُمۡ قَوۡمُ نُوۡحٍ فَكَذَّبُوۡا عَبۡدَنَا وَقَالُوۡا مَجۡنُوۡنٌ وَّازۡدُجِرَ ⑨

၅၄ : ၉ ။ ။ ၎င်းတို့အလျင် (တမန်တော်) နူးဟ်၏ အမျိုးသားတို့သည်လည်း ('ကေယာမသ်' ဖြစ်မည်ကို) မဟုတ်မမှန်ဟူ၍ စွပ်စွဲ၊ ငြင်းပယ်ခဲ့ကြသည့်အပြင် သူရူး၊ ဖြစ်သည်ဟူ၍လည်း ပြောဆိုခဲ့ကြကုန်၏။ ထို့ပြင် ၎င်း (နူးဟ်) သည် ခြိမ်းခြောက်မှုကိုလည်း ခံခဲ့ရလေ၏။

فَدَعَا رَبَّهُۥٓ أَنِّى مَغْلُوبٌ فَٱنتَصِرْ ﴿١٠﴾

၅၄ : ၁၀ ။ ။ နောက်ဆုံးတွင် ၎င်း (နူးဟ်) သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်ထံတော်၌ (အို, အရှင်) 'ကျွန်ုပ်သည် စင်စစ် ကျွန်ုပ်တော်မျိုးသည် အရေးမလှသူ (ဖိနှိပ်ခြင်းခံရသူ) ဖြစ်နေပါသည်။ သို့ဖြစ်ပါ၍ အရှင်မြတ်သည် (၎င်းတို့အား) လက်စားချေတော်မူပါ' ဟု ပန်ကြားခဲ့လေ၏။

فَفَتَحْنَآ أَبْوَٰبَ ٱلسَّمَآءِ بِمَآءٍ مُّنْهَمِرٍ ﴿١١﴾

၅၄ : ၁၁ ။ ။ ထိုအခါ ငါအရှင်မြတ်သည် မိုးကောင်းကင်၏ တံခါးများကို ဖွင့်၍ မိုးသည်းထန်စွာ ရွာသွန်းစေတော်မူ၏။

وَفَجَّرْنَا ٱلْأَرْضَ عُيُونًا فَٱلْتَقَى ٱلْمَآءُ عَلَىٰٓ أَمْرٍ قَدْ قُدِرَ ﴿١٢﴾

၅၄ : ၁၂ ။ ။ ၎င်းပြင် ငါအရှင်မြတ်သည် ပထဝီမြေမှ စမ်း (ရေ) များကို ပန်း၍ ထွက်စေတော်မူခဲ့ရာ (အထက်၊ အောက်) ရေများသည် ကြိုတင်စီမံထားသော အရေးကိစ္စ (ပြည့်ဝစေရန်) ရောစပ်၍ သွားခဲ့လေသည်။

وَحَمَلْنَٰهُ عَلَىٰ ذَاتِ أَلْوَٰحٍ وَدُسُرٍ ﴿١٣﴾

၅၄ : ၁၃ ။ ။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်း (နူးဟ်) အား ပျဉ်ချပ်များဖြင့်လည်းကောင်း၊ သံများဖြင့်လည်းကောင်း ပြုလုပ်၍ ထားသောအရာ (သင်္ဘော) ပေါ်သို့ စီးနင်းစေတော်မူခဲ့၏။

تَجْرِى بِأَعْيُنِنَا جَزَآءً لِّمَن كَانَ كُفِرَ ﴿١٤﴾

၅၄ : ၁၄ ။ ။ ယင်း (သင်္ဘော) သည် ငါအရှင်မြတ်၏ စောင့်ရှောက်မှုအောက်တွင် သွားလာလှုပ်ရှားလျက် ရှိနေခဲ့၏။ (ဤသည်မှာ) ငြင်းပယ်ခြင်းခံခဲ့ရသော သူ (နူးဟ်) နှင့် ပတ်သက်၍ လက်စားချေတော်မူခြင်းပင် ဖြစ်ခဲ့ပေသည်။

وَلَقَد تَّرَكْنَٰهَآ ءَايَةً فَهَلْ مِن مُّدَّكِرٍ ﴿١٥﴾

၅၄ : ၁၅ ။ ။ ထို့ပြင် ဧကန်မလွဲ ငါအရှင်မြတ်သည် ယင်းအဖြစ်အပျက်ကို (သင်ခန်းစာရယူနိုင်ရန်) သက်သေ လက္ခဏာတစ်ရပ်အဖြစ် ကျန်ရစ်စေတော်မူခဲ့ရာ သင်ခန်းစာရယူမည့်သူ တစ်ဦးတစ်ယောက် ရှိလေသလော။

فَكَيْفَ كَانَ عَذَابِى وَنُذُرِ ﴿١٦﴾

၅၄ : ၁၆ ။ ။ သို့ဖြစ်ပေရာ ငါအရှင်မြတ်၏ ပြစ်ဒဏ်သည်လည်းကောင်း၊ ငါအရှင်မြတ်၏ သတိပေးနှိုးဆော်ချက်များသည်လည်းကောင်း မည်သို့မည်ပုံ ရှိခဲ့သည်ကို (ဆင်ခြင်သုံးသပ်ကြလေကုန်။)

وَلَقَدْ يَسَّرْنَا الْقُرْاٰنَ لِلذِّكْرِ فَهَلْ مِنْ مُّدَّكِرٍ ﴿١٧﴾

၅၄ း ၁၇ ။ ။ ထို့ပြင် ဧကန်မလွဲ ငါအသျှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို ကျက်မှတ်တရားရယူနိုင်ရန် အလို့ငှာ လွယ်ကူစေတော်မူခဲ့ရာ၊ ကျက်မှတ် တရားရယူမည့်သူ တစ်ဦးတစ်ယောက် ရှိလေသလော။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငှင်းတို့အလျှင် (တမန်တော်) နူးဟ် ﷺ ၏ အမျိုးသားတို့သည်လည်း ('ကေယာမသ်'ဖြစ်မည်ကို သော်လည်းကောင်း၊ ငါအသျှင်မြတ်၏ အထူးကျေးကျွန်ဖြစ်သော ဟဇရသ်နူးဟ် ﷺ အား) မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြသည့်အပြင် သူရူးဖြစ်သည်ဟူ၍လည်း ပြောဆိုခဲ့ကြကုန်၏။ ထို့ပြင် (ထိုသို့ အချည်းနှီး အဓိပ္ပာယ်မရှိသော စကားကိုသာလျှင် ပြောဆိုရုံသာမက ငှင်းတို့ဘက်မှ ကာယကံမြောက် အဓိပ္ပာယ်မရှိသော အပြုအမူတစ်ခုကိုလည်း ပြုခဲ့ကြပေသည်။ ဆိုလိုသည်မှာ) ငှင်းနူးဟ် ﷺ သည် (ငှင်းတို့၏ဘက်မှ) ခြိမ်းခြောက်မှုကိုလည်း ခံခဲ့ရလေ၏။ ငှင်းအကြောင်းအရာသည် 'ရှုရာဟ်ရှုအ်ရားအ်'အတွင်း

لَئِنْ لَّمْ تَنْتَهِ يٰنُوْحُ لَتَكُوْنَنَّ مِنَ الْمَرْجُوْمِيْنَ

(အို၊ နူးဟ်၊ အကယ်၍ အသင်သည် မိမိ၏ အဆုံးအမတရားတော်ပေးခြင်းကို မရပ်တန့်ခဲ့ပါလျှင် ဧကန်မလွဲ အသင်သည် ခဲဖြင့် ပစ်ပေါက်သတ်ဖြတ်ခြင်းကို ခံရသူတို့တွင် အပါအဝင် ဖြစ်ပေမည်။)

[၂၆ : ၁၁၆]

ဟူသော အာယသ်တော်၌ လာရှိထားသည်။ နောက်ဆုံးတွင် ငှင်း (နူးဟ်) သည် မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ထံတော်၌ (အို၊ အသျှင်) 'ဧကန်စင်စစ် ကျွန်တော်မျိုးသည် အရေးမလှသူ (ဖိနှိပ်ခြင်းခံရသူ) သာလျှင် ဖြစ်နေပါသည်။ (ငှင်းတို့နှင့် ရင်ဆိုင်နိုင်စွမ်းလည်း မရှိပါ။) သို့ဖြစ်ပါ၍ အသျှင်မြတ်သည် (ငှင်းတို့အား) လက်စားချေတော်မူပါ'ဟု ပန်ကြားခဲ့လေ၏။ (ဆိုလိုသည်မှာ ငှင်းတို့အား ဖျက်ဆီးတော်မူပါ'ဟူ၍ ဖြစ်သည်။ ငှင်းမှာ ကုရ်အာန်ကျမ်းတော်မြတ်ပါ အလ္လာဟ်အသျှင်မြတ်၏ မိန့်မြွက်ချက်

رَبِّ لَا تَذَرْ عَلَى الْاَرْضِ مِنَ الْكٰفِرِيْنَ دَيَّارًا

(အို၊ ကျွန်တော်မျိုးအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ပထဝီမြေဝယ် ကာဖိရ် သွေဖည်ငြင်းပယ်သော သူတို့အနက် မည်သည့်နေထိုင်သူတစ်ဦးတစ်ယောက်ကိုမျှ ချန်ထားတော်မမူပါနှင့်) ဟူသော အာယသ်တော်တွင် လာရှိထားပြီးသည့်အတိုင်း ဖြစ်သည်။ *[၇၁ : ၂၆]*

ထိုအခါ ငါအသျှင်မြတ်သည် မိုးကောင်းကင်၏ တံခါးများကို ဖွင့်၍ မိုးသည်းထန်စွာ ရွာသွန်းစေတော်မူ၏။

ငှင်းပြင် ငါအသျှင်မြတ်သည် ပထဝီမြေမှ စမ်း (ရေ) များကို ပန်း၍ ထွက်စေတော်မူခဲ့ရာ (အထက်၊ အောက်) ရေများသည် အသျှင်မြတ်၏ အသိတော်အတွင်း ကြိုတင်စီမံထားသော အရေးကိစ္စ (ပြည့်ဝစေ

ရန်) ရောစပ်၍ သွားခဲ့လေသည်။ (ထိုမုက္ခပါဌ်တော်၏ အလိုသဘောမှာ ဤကဲ့သို့ စီမံပြုလုပ်ခြင်းဖြင့် ကာဖိရ်များ ပျက်စီးသွားစေရန် ဖြစ်ပေသည်။ ဆိုလိုသည်မှာ ရေနှစ်သွယ်ပေါင်းစပ်ကာ ရေမုန်တိုင်းဖြစ်သွားပြီး အားလုံး နစ်မြုပ် ပျက်စီးခဲ့ကြပေသည်ဟူ၏။)

ထို့ပြင် ငါအသျှင်မြတ်သည် ၎င်း (နူးဟ် عليه السلام) အား (မုန်တိုင်းဘေးမှ ရှောင်ရှားလွတ်မြောက်စေရန်အတွက်) ပျဉ်ချပ်များဖြင့်လည်းကောင်း၊ သံများဖြင့်လည်းကောင်း ပြုလုပ်၍ ထားသော အရာ (သင်္ဘော) ပေါ်သို့ (အီမာန်ရှင်များ အပါအဝင်) စီးနင်းစေတော်မူခဲ့၏။

ယင်း (သင်္ဘော) သည် ငါအသျှင်မြတ်၏ စောင့်ရှောက်မှုအောက်တွင် (ရေပြင်ထက်ဝယ်) သွားလာလှုပ်ရှားလျက် ရှိနေခဲ့၏။ (ဤသည်မှာ) ငြင်းပယ်ခြင်းခံခဲ့ရသော သူ (နူးဟ်) နှင့်ပတ်သက်၍ လက်စားချေတော်မူခြင်းပင် ဖြစ်ခဲ့ပေသည်။ (အလိုသဘောမှာ ဟဇရသ်နူးဟ် عليه الصلاة والسلام ဖြစ်ပေသည်။ သို့ရှိရာ ရစူလ်တမန်တော်၏ ဝတ္တရားများနှင့် အလ္လာဟ်အသျှင်မြတ်၏ ဝတ္တရားများတွင် တစ်ခုအတွက် တစ်ခုမှာ လိုအပ်စပ်ဆက်နေသည့်အတွက်ကြောင့် ရစူလ်တမန်တော်အား ငြင်းဆိုခြင်းသည် အလ္လာဟ်အသျှင်မြတ်အားလည်း ငြင်းဆိုရာကျရောက်ပေသည်။ သို့ဆိုလျှင် 'အလ္လာဟ်အသျှင်မြတ်အား ငြင်းဆိုမှုပြုခြင်းကြောင့် နစ်မြုပ်ပျက်စီးခဲ့ရခြင်း မဟုတ်' ဟူသော တွေးထင်ယူဆမှု မပြုနိုင်တော့ပေ။)

ထို့ပြင် စကန်မလွဲ ငါအသျှင်မြတ်သည် ယင်းအဖြစ်အပျက်ကို (သင်ခန်းစာရယူနိုင်ရန်) သက်သေလက္ခဏာ (သမိုင်းဖြစ်ရပ်များ) အဖြစ် ကျန်ရစ်စေတော်မူခဲ့ရာ သင်ခန်းစာရယူမည့်သူ တစ်ဦးတစ်ယောက် ရှိလေသလော။ (ထိုတင်ပြချက်၏ အဓိကရည်ရွယ်ချက်မှာ သတိတရား ရယူရန်အတွက် နှိုးဆော်တိုက်တွန်းရန် ဖြစ်ပေသည်။)

သို့ဖြစ်ပေရာ ငါအသျှင်မြတ်၏ ပြစ်ဒဏ်သည်လည်းကောင်း၊ ငါအသျှင်မြတ်၏ သတိပေးနှိုးဆော်ချက်များသည်လည်းကောင်း မည်သို့မည်ပုံ ရှိခဲ့သည်ကို (ကြည့်ရှုကြလေကုန်။ ဆင်ခြင်သုံးသပ်ကြလေကုန်။ ဆိုလိုသည်မှာ သတိပေးနှိုးဆော်မှု ပြုထားသော အရာသည် ဖြစ်ပေါ်တည်ရှိလာမည်ဟု ဆိုထားရာ ထိုအရာသည် မည်ကဲ့သို့ ပြည့်ဝစွာ ဖြစ်ပေါ်တည်ရှိခဲ့သည်ကို ကြည့်ရှုကြကုန်ဟူ၍ ဖြစ်၏။ သို့ရှိရာ ထိုသတိပေးနှိုးဆော်ချက်၏ အချုပ်ရလဒ် သဘောတရားသည်လည်း ပြစ်ဒဏ်ခတ်ခြင်းသည်သာလျှင် ဖြစ်ပေသည်။ အချုပ်ဆိုရသော် အလ္လာဟ်အသျှင်မြတ်၏ ပြစ်ဒဏ်တော်၌ အသွင်ခေါင်းစီးသဏ္ဌာန်နှစ်ရပ် ရှိသည်။ ပထမတစ်ရပ်မှာ 'အဇားဗ်' အပြစ်ဒဏ် ကျရောက်စေခြင်းပင်ဖြစ်ပြီး၊ ဒုတိယပုံစံမှာ အလ္လာဟ်အသျှင်မြတ်၏ ကတိတော် ပြည့်ဝစွာ ဖြစ်ပေါ်တည်ရှိခဲ့ခြင်း ဖြစ်ပေသည်။)

ထို့ပြင် စကန်မလွဲ ငါအသျှင်မြတ်သည် (ဤကဲ့သို့သော တင်ပြပါဖြစ်အင်များ ပါဝင်လျက် ရှိနေသော) ဤကုရ်အာန်ကျမ်းတော်မြတ်ကို ကျက်မှတ်တရားရယူနိုင်ရန်အလို့ငှာ လွယ်ကူစေတော်မူခဲ့ရာ (ယေဘုယျအားဖြင့် အားလုံးသော သူတို့အဖို့ ရှင်းလင်းလှစွာသော တင်ပြချက်တို့ကြောင့်သော်လည်းကောင်း၊ အာရဗ်လူမျိုးတို့အဖို့ အာရဗီစာပေဘာသာစကားဖြစ်ခြင်းကြောင့် အထူးပြု၍ လည်းကောင်း) သို့ရှိရာ ကျက်မှတ်

တရားရယူမည့်သူ တစ်ဦးတစ်ယောက် ရှိလေသလော။ (ထိုကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ ဤကဲ့သို့သော ဆုံးမသြဝါဒတရားများ ပေးထားသည့် အကြောင်းအရာများကို ကြည့်ရှုကာ ကျက်မှတ် တရားရယူမည့်သူ တစ်ဦးတစ်ယောက် ရှိလေသလော။ မက္ကာဟ်မြို့ရှိ ကာဖိရ်များကိုမူ ထိုဖြစ်အင်များမှ ပို၍ပင် အကြောက်တရား ရယူသင့်ပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

مَجْنُونٌ وَّازْدُجِرَ

(သူရူးဖြစ်သည်ဟူ၍လည်း ပြောဆိုခဲ့ကြကုန်၏။ ထို့ပြင် ၎င်း (နူးဟ်) သည် ခြိမ်းခြောက်မှုကိုလည်း ခံခဲ့ရလေ၏။) *[၅၄ : ၉]*

وَازْدُجِرَ ၏ လုံးချင်းကောက်အဓိပ္ပာယ်မှာ ခြိမ်းခြောက်ခြင်းခံခဲ့ရသည်' ဟူ၍ ရရှိပေသည်။ (၎င်းစကားလုံး၏ **عطف** ဆက်စပ်မှုသည် قَالُوْا ဟူသော စကားလုံးအပေါ်၌ ဖြစ်ရှိနေသောကြောင့်) အလိုသဘောမှာ "၎င်းတို့သည် ဟဇရသ်နူးဟ် ﷺ ကို အရူး'ဟူ၍လည်း ပြောဆိုခဲ့ပေသည်။ တစ်ဖန် ခြိမ်းခြောက်မှုပြုကာ ရစူလ်တမန်တော်ဖြစ်သည့်အလျောက် ရောက်ရှိလာသော တာဝန်များ ပို့ချဖြန့်ဖြူးခြင်းမှ တားမြစ်ရန်ကိုလည်း လိုလား ကြိုးစားခဲ့ကြပေသည်ဟူ၍ ဖြစ်သည်။ ပမာတင်ပြရမည်ဆိုသော် အခြားသော အာယသ်တော်တစ်ပါး၌ '၎င်းတို့သည် ဟဇရသ်နူးဟ် ﷺ အား အကယ်၍ အသင်သည် မိမိ၏ သာသနာဖြန့်ဖြူးရေးလုပ်ငန်းစဉ်မှ ရပ်တန့်က မရပ်တန့်ပါမူ ကျွန်ုပ်တို့သည် အသင့်အား ကျောက်ခဲဖြင့် ပစ်ပေါက်၍ သတ်မည်' ဟူ၍ ခြိမ်းခြောက်မှု ပြုခဲ့ကြပေသည်''ဟူ၍ လာရှိထားပေသည်။

အဗ်ဒ်ဗင်န်ဟိုမိုက်ဒ် (ရဟ) သခင်ကြီးသည် မုဂျာဟိဒ် (ရဟ) သခင်ကြီးထံမှ ဆင့်ပြန်ထားပေသည်။ ဟဇရသ်နူးဟ် ﷺ ၏ မျိုးနွယ်အုပ်စုရှိ အချို့သော သူတို့သည် ဟဇရသ်နူးဟ် ﷺ ကို တစ်နေရာ၌ တွေ့မြင်ပါမူ အချို့သော အချိန်အခါမျိုး၌ 'ဟဇရသ်နူးဟ် ﷺ သတိမေ့သွားလောက်သည့် အတိုင်းအတာထိတိုင်အောင် လည်ပင်းကို ညှစ်ခဲ့ကြပေသည်။ ဟဇရသ်နူးဟ် ﷺ သည် သတိပြန်လည် ရရှိလာသောအခါ 'အို၊ အလ္လာဟ်အသျှင်မြတ်၊ ကျွန်တော်မျိုး၏ မျိုးနွယ်အုပ်စုကို ခွင့်လွှတ်တော်မူပါ။ ၎င်းတို့သည် အမှန်ကို မသိနားမလည်သောသူများ ဖြစ်ပါသည်'ဟူ၍ ဒိုအာပြုပေးပေသည်။ နှစ်ပေါင်း (၉၅၀) ထိတိုင်အောင် မျိုးနွယ်အုပ်စု၏ ဘက်မှ ပေးသော ဒုက္ခများအား ဒိုအာပြန်လည် ပြုပေးခြင်းဖြင့် တုန့်ပြန်ခဲ့သည်သာ ဖြစ်၏။ နောက်ဆုံးတွင် မတတ်သာတော့၍ မကောင်းဆုတောင်းခြင်းကို ပြုခဲ့ပေသည်။ ယင်းအကြောင်းအရာမှာ ရှေ့တွင် လာရှိမည့် အာယသ်တော်အတွင်း၌ လာရှိနေပေသည်။ ယင်းမကောင်းဆုတောင်းခြင်း၏ အကျိုးဆက်တရား၌ မျိုးနွယ်အုပ်စုတစ်အုပ်စုလုံးသည် ရေနစ်သေဆုံးသွားခဲ့ကြရပေသည်။

فَالۡتَقَى الۡمَآءُ عَلٰۤى اَمۡرٍ قَدۡ قُدِرَ

(အထက် (အောက်) ရေများသည် ကြိုတင်စီမံထားသော အရေးကိစ္စ ပြည့်ဝစေရန် ရောစပ်၍ သွားခဲ့လေသည်။) [၅၄ : ၁၂]

ဆိုလိုသည်မှာ မြေပထဝီမှ စိမ့်ထွက်၊ ပန်းထွက်သော ရေများနှင့် မိုးကောင်းကင်မှ ရွာချသော ရေများ နှစ်ရပ်စလုံးသည် ဤမျှ အတိုင်းအတာထိ ရောနှောပူးပေါင်း ရောက်ရှိသွားပေသည်။ ဤသို့ဖြင့် 'မျိုးနွယ်အုပ်စုတစ်အုပ်စုလုံး ရေနစ်မြုပ် ပျက်စီးသွားစေရန်' အတည်ပြု ပြဋ္ဌာန်း သတ်မှတ်ထားသည့် အတိုင်း တောင်ထိပ်ဖျားထိပ်တွင် ရှိနေသူ မည်သူတစ်ဦးတစ်ယောက်ကိုမျှပင် ချမ်းသာခွင့် မပေးခဲ့ပေ။

ذَاتِ اَلۡوَاحٍ وَّ دُسُرٍ

(ပျဉ်ချပ်များဖြင့်လည်းကောင်း၊ သံများဖြင့်လည်းကောင်း ပြုလုပ်ထားသောအရာ) [၅၄ : ၁၃]

اَلۡوَاحٌ ဟူသော စကားလုံးသည် لَوۡحٌ ဟူသော စကားလုံး၏ အများကိန်းဖြစ်ပေသည်။ အဓိပ္ပာယ်မှာ 'ပျဉ်ချပ်'ဟူ၍ ရရှိ၏။ دُسُرٌ ဟူသော စကားလုံးသည် دِسَارٌ ဟူသော စကားလုံး၏ အများကိန်း ဖြစ်ပေသည်။ 'သံထည်၊ သံပြား'ဟူ၍ အဓိပ္ပာယ်ရရှိပေသည်။ သင်္ဘော၏ ပျဉ်၊ သံချပ်များကို တွယ်ဆက်ပေးထားသော ကြိုးကိုလည်း ခေါ်ဆိုပေသည်။

وَلَقَدۡ يَسَّرۡنَا الۡقُرۡاٰنَ لِلذِّكۡرِ فَهَلۡ مِنۡ مُّدَّكِرٍ

(ထို့ပြင် စကန်မလွဲ ငါအသျှင်မြတ်သည် ဤကုရ်အာန်ကျမ်းတော်မြတ်ကို ကျက်မှတ်တရားရယူနိုင်ရန်အလို့ငှာ လွယ်ကူစေတော်မူခဲ့ရာ ကျက်မှတ်တရားရယူမည့်သူ တစ်ဦးတစ်ယောက် ရှိလေသလော) [၅၄ : ၁၇]

لِلذِّكۡرِ ၌ ذكر ၏ အဓိပ္ပာယ်သည် 'အလွတ်ကျက်မှတ်ခြင်း' ဟူ၍ ဖြစ်ပေသည်။ 'မုဗ္ဗပါဠ်တော် တစ်ရပ်ရပ်မှ ဆုံးမဩဝါဒတရားနှင့် သံဝေဂတရား ရယူခြင်း' ဟူသော အဓိပ္ပာယ်လည်း ရရှိပေသည်။ ဤနေရာ၌ ယခု အထက်တင်ပြပါ အဓိပ္ပာယ်နှစ်မျိုးစလုံး ကောက်ယူနိုင်ပေသည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို အလွတ်ကျက်မှတ်ရန်အတွက် လွယ်ကူမှုကို ပြုပေးထားတော်မူပေသည်။ ဤအချက်သည် ကုရ်အာန်ကျမ်းတော်မြတ်အလျှင် မည်သည့်ကျမ်းစာအုပ် တစ်အုပ်အုပ်ကိုမျှပင် မရရှိခဲ့ပေ။ 'သောင်ရားသ်'၊ 'ဇဗူးရ်'နှင့် 'အင်န်ဂျီးလ်'ကျမ်းတစ်အုပ်လုံးကို နှုတ်တိုက်အလွတ်ရခြင်းမျိုး မရှိခဲ့ပေ။ ဤသည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ချီးမြှင့်ပေးသနားထားတော်မူသော လွယ်ကူမှု ပြုပေးထားခြင်း၏ အကျိုးဆက်တရားသာလျှင် ဖြစ်ပေသည်။ မွတ်စ္စလင်မ်ကလေးငယ်များသည် ကုရ်အာန်ကျမ်းတော်မြတ်တစ်အုပ်လုံးကို 'ဇေရ်'၊ 'ဇဗရ်'မှအစ မမှားဘဲ အလွတ်ကျက်မှတ်ကာ မှတ်သားထားကြပေသည်။ လွန်ခဲ့သော နှစ်ပေါင်း (၁၄၀၀) ကျော်ကတည်းက ခေတ်တိုင်း၊ လူ့အလွှာ

တိုင်း၊ နေရာဒေသအသီးသီးတိုင်း၌ ထောင်ပေါင်း၊ သိန်းပေါင်းများစွာသော ဟာဖိဇ်တို့၏ နှလုံးသားများအတွင်း၀ယ် ဤအလ္လာဟ်အသျှင်မြတ်၏ ကျမ်းတော်မြတ်သည် ထိန်းသိမ်းစောင့်ရှောက်ခြင်းကို ခံထားရပေသည်။

ဤအောက်ဖော်ပြမည့် အဓိပ္ပာယ်မျိုးလည်း ဖြစ်နိုင်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် သံ၀ေဂတရားနှင့် ဆိုဆုံးမတရားပါ အကြောင်းအရာများကို 'အလွန်ကြီးကျယ်လှစွာသော အာလင်မ်သာသနာ့ပညာရှင်များ၊ ကျွမ်းကျင်သူများ၊ ပဏ္ဍိတ်ဖက်ဆာ ပါမောက္ခများနှင့် အမြော်အမြင်ရှိသော သူတို့သည် ထိုကျမ်းမြတ်မှ အကျိုးရယူ ခံစားနိုင်သလို 'အိလ်မ်' (အသိပညာများ) နှင့် ဆက်စပ်၊ ဆက်နွယ်မှုမရှိသော အများပြည်သူတိုင်းတို့သည်လည်း သံ၀ေဂတရားနှင့် ဆိုဆုံးမတရားများပါ ကုရ်အာန်ကျမ်းမြတ်လာ စာစဉ်အကြောင်းအရာများကို သိနားလည်ကာ ထိုပညတ်ချက်များမှ စူးရှသက်ရောက်မှုနှင့် အကျိုးတရားများကို ရယူနိုင်သည့် အတိုင်းအတာထိတိုင်အောင် လွယ်ကူမှုဖြစ်စေကာ တင်ပြထားပေသည်။

အလွတ်ကျက်မှတ်ရန်နှင့် ဆိုဆုံးမမှုတရား ရယူရန်အတွက် ကုရ်အာန်ကျမ်းတော်မြတ်ကို လွယ်ကူမှု ပြုထားခြင်းအကြောင်း၊ ထိုးထွင်းကြံဆမှု ဉာဏ်ဖြင့် အမိန့်ပညတ်ချက်များကို ကောက်နုတ်ရွေးချယ်တင်ပြရန်အတွက် လွယ်ကူမှု ပြုပေးမထားခြင်းအကြောင်း

ဤအထက်ဖော်ပြပါ အာယသ်တော်အတွင်း၌ يَسَّرْنَا (ငါအသျှင်မြတ်သည် လွယ်ကူမှု ပြုပေးထားတော်မူပေသည်။) *[၅၄ : ၁၇]*

ဟူသော စကားလုံးတော်နှင့်အတူ لِلذِّكْرِ (ကျက်မှတ်တရားရယူနိုင်ရန်အလို့ငှာ) ဟူသော စည်းကမ်းချက်ပုဒ်ကို ထည့်သွင်းအမိန့်ရှိကာ ကုရ်အာန်ကျမ်းတော်မြတ်ကို အလွတ်ကျက်မှတ်ရန်နှင့် ထိုကျမ်းမြတ်လာ စာစဉ်အကြောင်းအရာများမှ သံ၀ေဂတရားနှင့် ဆုံးမဩ၀ါဒတရားကို ရယူနိုင်သော အတိုင်းအတာထိတိုင်အောင်သာ 'လွယ်ကူမှုကို ပေးသနားထားတော်မူကြောင်း' ကို ပြဆိုထားပေသည်။ အကြင်ကဲ့သို့ ဆိုဆုံးမမှုတရားတော်ကို ရယူနိုင်ခြင်းအချက်အား အာလင်မ်တိုင်း၊ 'ဂျဟိလ်' တိုင်း (မသိရှိသောသူတိုင်း)၊ ကြီးသူနှင့် ငယ်ရွယ်သူတိုင်းတို့သည် တစ်သမတ်တည်း အကျိုးခံစားနိုင်ကြပေသည်။ ထိုသို့ သိရှိအကျိုးခံစားနိုင်ခြင်းမှ 'ကုရ်အာန်ကျမ်းတော်မြတ်လာ ဓမ္မသတ်များနှင့် ပညတ်ချက်များအား ထုတ်ယူကောက်နုတ်တင်ပြခြင်းသည်လည်း ဤကဲ့သို့ပင် လွယ်ကူသည်' ဟု မုချ မဖြစ်တန်ကောင်းရာ။ မုချ မသက်ရောက်ပေ။ ထိုအချက်သည် မိမိ၏ နေရာ၌ သီးသန့်ခဲယဉ်း၊ ခက်ခဲသော ဘာသာရပ်တစ်ရပ် ဖြစ်ပေသည်။ အကြင်ဘာသာရပ်ကို လိုက်စားရာ၌ မိမိတို့၏ ဘ၀တစ်ခုလုံးကို ရင်းနှီးမြုပ်နှံခဲ့ကြကုန်သော ကျွမ်းကျင်သော အာလင်မ်သာသနာ့ပညာရှင်ကြီးများသာလျှင် ၄င်းကိစ္စရပ်၌ ကျွမ်းကျင် အောင်မြင်နိုင်ပေသည်။ လူတိုင်းအဖို့ ရရှိနိုင်သော အချက်မျိုးမဟုတ်ပေ။

အထက်တင်ပြပါ ရှင်းလင်းချက်မှ 'ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအထက်တင်ပြပါ ဝါကျတော်ကို အထောက်အထားယူကာ ကုရ်အာန်ကျမ်းတော်မြတ်ကို နားလည်သဘောပေါက်ပြီး ဓမ္မသတ်ပညတ်ချက်များ ထုတ်ယူနိုင်ရန်အတွက် ပြဋ္ဌာန်းသတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ မသင်ကြား၊ မရယူထားဘဲနှင့် မိမိကိုယ်ကို မိမိ ထိုးထွင်း ကြံဆဉာဏ်ရှိသူ 'မုဂ်ျသဟီးဒ်' (အေမာမ်) ဖြစ်နိုင်ပြီးဟု ယူဆကာ မိမိအတွေး၊ မိမိဉာဏ်တို့ဖြင့် ပညတ်ချက်များနှင့် ဓမ္မသတ်တို့ကို ထုတ်နှုတ်တင်ပြရန် ကြိုးစားနေသော သူတို့၏ မှားယွင်းကြောင်းသည်လည်း ထင်ရှားနေပေသည်။ အကြောင်းမှာ ထိုအထက်တင်ပြပါ လမ်းစဉ်သည် ရှင်းလင်းလှစွာသော လမ်းလွဲလမ်းမှားခြင်း၏ လမ်းစဉ်ပင် ဖြစ်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

كَذَّبَتْ عَادٌ فَكَيْفَ كَانَ عَذَابِي وَنُذُرِ ﴿١٨﴾

၅၄ : ၁၈ ။ ။ အာဒ်အမျိုးသားတို့သည်လည်း (သတိပေးနိုးဆော်ချက်များကို) မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြပေရာ ငါအသျှင်မြတ်၏ ပြစ်ဒဏ်နှင့် ငါအသျှင်မြတ်၏ သတိပေးနိုးဆော်မှုများသည် မည်သို့ ရှိခဲ့ပေသနည်း။

إِنَّا أَرْسَلْنَا عَلَيْهِمْ رِيحًا صَرْصَرًا فِي يَوْمِ نَحْسٍ مُسْتَمِرٍّ ﴿١٩﴾

၅၄ : ၁၉ ။ ။ ကေန်စင်စစ် ငါအသျှင်မြတ်သည် ၎င်းတို့အပေါ်ဝယ် အစွန့်ရှည်စွာ မင်္ဂလာကင်းမဲ့သော နေ့တွင် ပြင်းထန်လှစွာသော လေပြင်းမုန်တိုင်းကို စေလွှတ်တော်မူခဲ့၏။

تَنْزِعُ النَّاسَ كَأَنَّهُمْ أَعْجَازُ نَخْلٍ مُنْقَعِرٍ ﴿٢٠﴾

၅၄ : ၂၀ ။ ။ ယင်းလေပြင်းမုန်တိုင်းသည် လူတို့အား ဆွဲနှုတ်ခဲ့ရာ ၎င်းတို့သည် အမြစ်မှ ပြုတ်ထွက်ပြိုလဲကျနေသော စွန်ပလွံပင်၏ ပင်မကြီးများကဲ့သို့ ဖြစ်သွားခဲ့ကြ၏။

فَكَيْفَ كَانَ عَذَابِي وَنُذُرِ ﴿٢١﴾

၅၄ : ၂၁ ။ ။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်၏ ပြစ်ဒဏ်သည်လည်းကောင်း၊ ငါအသျှင်မြတ်၏ သတိပေးနိုးဆော်ချက်များသည်လည်းကောင်း မည်သို့ ရှိခဲ့သနည်း။

وَلَقَدْ يَسَّرْنَا الْقُرْآنَ لِلذِّكْرِ فَهَلْ مِنْ مُدَّكِرٍ ﴿٢٢﴾

၅၄ : ၂၂ ။ ။ ထို့ပြင် ကေန်မလွဲ ငါအသျှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို ကျက်မှတ်တရား ရယူရန်အလို့ငှာ လွယ်ကူစေတော်မူခဲ့ရာ၊ ကျက်မှတ်တရား ရယူမည့်သူ တစ်ဦးတစ်ယောက် ရှိလေသလော။

كَذَّبَتْ ثَمُوْدُ بِالنُّذُرِ ﴿٢٣﴾

၅၄ : ၂၃ ။ ။ ဆမူဒ်အမျိုးသားတို့သည်လည်း သတိပေးနှိုးဆော်သူတို့အား မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။

فَقَالُوْٓا اَبَشَرًا مِّنَّا وَاحِدًا نَّتَّبِعُهٗٓ ۙ اِنَّآ اِذًا لَّفِيْ ضَلٰلٍ وَّسُعُرٍ ﴿٢٤﴾

၅၄ : ၂၄ ။ ။ ထို့ပြင် ၎င်းတို့က 'ကျွန်ုပ်တို့သည် မိမိတို့၏ အမျိုးအစားထဲမှဖြစ်သော လူသားတစ်ဦး၏ နောက်သို့ လိုက်ကြရမည်လော။ သို့ဖြစ်လျှင် ဧကန်မလွဲ ကျွန်ုပ်တို့သည် လမ်းလွဲမှု၌ ထို့ပြင် ရူးသွပ်မှု၌ ကျရောက်သွားကြပေမည်။'

ءَاُلْقِيَ الذِّكْرُ عَلَيْهِ مِنْۢ بَيْنِنَا بَلْ هُوَ كَذَّابٌ اَشِرٌ ﴿٢٥﴾

၅၄ : ၂၅ ။ ။ 'ကျွန်ုပ်တို့အနက်မှ ၎င်း (တစ်ဦးတည်း) ၏ အပေါ်၌သာ (ရွေးကောက်၍) 'ဝဟီ'အမိန့်တော် အဆုံးအမတရားတော်ကို ချပေးခြင်း ခံခဲ့ရလေသလော။ ထိုသို့ အလျှင်းမဟုတ်။ စင်စစ်မှာ ၎င်းသည် လွန်စွာ မုသားပြောဆိုသူ၊ လွန်စွာ ဝင့်ကြွားသူပင် ဖြစ်ချေသည်။'

سَيَعْلَمُوْنَ غَدًا مَّنِ الْكَذَّابُ الْاَشِرُ ﴿٢٦﴾

၅၄ : ၂၆ ။ ။ ၎င်းတို့သည် မည်သူ လွန်စွာ မုသားပြောဆိုသူ၊ ဝင့်ကြွားသူဖြစ်ကြောင်း မကြာမီ နက်ဖြန်ပင် သိရှိကြ ရပေမည်။'

اِنَّا مُرْسِلُوا النَّاقَةِ فِتْنَةً لَّهُمْ فَارْتَقِبْهُمْ وَاصْطَبِرْ ﴿٢٧﴾

၅၄ : ၂၇ ။ ။ ဧကန်အမှန် ငါအသျှင်မြတ်သည် ၎င်းတို့အား စမ်းသပ်တော်မူရန် ကုလားအုတ်မကို စေလွှတ်တော်မူမည်။ သို့ဖြစ်ပေရာ (အို, နဗီတမန်တော် ဆွာလိဟ်) 'အသင်သည် ၎င်းတို့အား သည်းခံ၍ စောင့်စားပါလေ။'

وَنَبِّئْهُمْ اَنَّ الْمَآءَ قِسْمَةٌۢ بَيْنَهُمْ ۚ كُلُّ شِرْبٍ مُّحْتَضَرٌ ﴿٢٨﴾

၅၄ : ၂၈ ။ ။ ထို့ပြင် အသင်သည် ၎င်းတို့အား ၎င်းတို့ (၏ တိရစ္ဆာန်များနှင့် ကုလားအုတ်မ) ၏ အကြား၌ (အလှည့်ကျ သောက်သုံးရန်) ရေခွဲဝေပြီးဖြစ်ကြောင်း၊ အလှည့်အတိုင်း အသီးသီး လာရောက်ကြရမည်ဖြစ်ကြောင်း သတင်း ပေးပါလေ။

فَنَادَوْا صَاحِبَهُمْ فَتَعَاطٰى فَعَقَرَ ﴿٢٩﴾

၅၄ : ၂၉ ။ ။ ထိုအခါ ၎င်းတို့သည် မိမိတို့၏ အဖော် (တစ်ဦး) အား ဟစ်ခေါ်ခဲ့ရာ ၎င်း (အဖော်) သည် လာရောက် ပြီးလျှင် ကုလားအုတ်မ၏ ခြေများကို ဖြတ်တောက် (သတ်ဖြတ်) ခဲ့လေ၏။

فَكَيْفَ كَانَ عَذَابِي وَنُذُرِ ﴿٣٠﴾

၅၄ : ၃၀ ။ ။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်၏ ပြစ်ဒဏ်နှင့် ငါအသျှင်မြတ်၏ သတိပေးနှိုးဆော်မှုများသည် မည်သို့ ရှိခဲ့ပေသနည်း။

إِنَّا أَرْسَلْنَا عَلَيْهِمْ صَيْحَةً وَاحِدَةً فَكَانُوا كَهَشِيمِ الْمُحْتَظِرِ ﴿٣١﴾

၅၄ : ၃၁ ။ ။ ဧကန်စင်စစ် ငါအသျှင်မြတ်သည် ၎င်းတို့အပေါ်၌ ပြင်းထန်လှစွာသော အသံတစ်ခုကိုသာလျှင် စေလွှတ်တော်မူခဲ့ရာ ၎င်းတို့သည် ကျွဲ၊ နွားတိရစ္ဆာန်များ နေထိုင်ရန် ခြံခတ်သူ၏ ခြောက်သွေ့ကြေမွနေသော သစ်ကိုင်းသစ်လက်များကဲ့သို့ ဖြစ်သွားခဲ့ကြကုန်၏။

وَلَقَدْ يَسَّرْنَا الْقُرْآنَ لِلذِّكْرِ فَهَلْ مِن مُّدَّكِرٍ ﴿٣٢﴾

၅၄ : ၃၂ ။ ။ ၎င်းပြင် ဧကန်မလွဲ ငါအသျှင်မြတ်သည် ဤကုရ်အာန်ကျမ်းတော်မြတ်ကို ကျက်မှတ်တရားရယူနိုင်ရန် အလို့ငှာ လွယ်ကူစေတော်မူခဲ့ရာ ကျက်မှတ်တရားရယူမည့်သူ တစ်ဦးတစ်ယောက် ရှိလေသလော။

كَذَّبَتْ قَوْمُ لُوطٍ بِالنُّذُرِ ﴿٣٣﴾

၅၄ : ၃၃ ။ ။ လူးသ်၏ အမျိုးသားတို့သည် (လည်း) သတိပေးနှိုးဆော်သူတို့အား မဟုတ်မမှန်ဟူ၍ ပြောဆိုစွပ်စွဲ ငြင်းပယ်ခဲ့ကြကုန်၏။

إِنَّا أَرْسَلْنَا عَلَيْهِمْ حَاصِبًا إِلَّا آلَ لُوطٍ نَّجَّيْنَاهُم بِسَحَرٍ ﴿٣٤﴾

၅၄ : ၃၄ ။ ။ ဧကန်အမှန် ငါအသျှင်မြတ်သည် ၎င်းတို့အပေါ်၌ ခဲမိုးကို ရွာသွန်းစေတော်မူခဲ့၏။ သို့ရာတွင် (တမန်တော်) လူးသ်၏ နောက်လိုက်တပည့်သား မျိုးနွယ်တို့ကိုမူ ငါအသျှင်မြတ်သည် ညဥ့်၏ နောက်ဆုံးယံ၌ပင် လွတ်ကင်းစေတော်မူခဲ့၏။

نِّعْمَةً مِّنْ عِندِنَا كَذَٰلِكَ نَجْزِي مَن شَكَرَ ﴿٣٥﴾

၅၄ : ၃၅ ။ ။ ငါအသျှင်မြတ်ထံတော်မှ ကျေးဇူးပြုတော်မူသောအားဖြင့်၊ ကျေးဇူးသိတတ်သော သူအား ငါအသျှင်မြတ်သည် ထိုနည်းအတိုင်းပင် အစားပေးလေ့ ရှိတော်မူ၏။

وَلَقَدْ أَنذَرَهُم بَطْشَتَنَا فَتَمَارَوْا بِالنُّذُرِ ﴿٣٦﴾

၅၄ : ၃၆ ။ ။ စင်စစ် ဧကန်မလွဲ ၎င်း (လူးသ်) သည် ငါအသျှင်မြတ် ဖမ်းဆီးအရေးယူတော်မူမည်ဖြစ်ကြောင်း၊ ၎င်းတို့အား သတိပေးနှိုးဆော်ခဲ့သော်လည်း ၎င်းတို့မှာ (ယင်း) သတိပေးနှိုးဆော်မှုများနှင့် စပ်လျဉ်း၍ အငြင်းအခုံ ပြုခဲ့ကြကုန်၏။

وَلَقَدْ رَاوَدُوهُ عَن ضَيْفِهِۦ فَطَمَسْنَآ أَعْيُنَهُمْ فَذُوقُوا۟ عَذَابِى وَنُذُرِ ﴿٣٧﴾

၅၄ : ၃၇ ॥ ॥ ထို့ပြင် ၎င်းတို့သည် ယင်း (လူ့သ်) ၏ ဧည့်သည်များကို ၎င်း၏ထံ၌ (မကောင်းသော ရည်ရွယ်ချက်နှင့်) တောင်းဆိုခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ (ငါအသျှင်မြတ်သည် ၎င်းတို့၏ မျက်စိများကို ကန်းစေတော်မူခဲ့၏။ ထို့နောက် ၎င်းတို့အား) 'အသင်တို့သည် ငါအသျှင်မြတ်၏ ပြစ်ဒဏ်၏ အရသာကိုလည်းကောင်း၊ ငါအသျှင်မြတ်၏ သတိပေးနှိုးဆော်မှုများ (ကို မယုံသကာဖြစ်ခြင်း) ၏ အရသာကိုလည်းကောင်း မြည်းစမ်းကြလေကုန်' (ဟု မိန့်ကြားတော်မူခဲ့လေ၏။)

وَلَقَدْ صَبَّحَهُم بُكْرَةً عَذَابٌ مُّسْتَقِرٌّ ﴿٣٨﴾

၅၄ : ၃၈ ॥ ॥ ထို့ပြင် ကေန်မလွဲ အခွန့်ရှည်စွာ တည်မြဲမည်ဖြစ်သော ပြစ်ဒဏ်သည် ၎င်းတို့တွင် နံနက်စောစောအချိန်၌ပင် သက်ရောက်ခဲ့လေ၏။

فَذُوقُوا۟ عَذَابِى وَنُذُرِ ﴿٣٩﴾

၅၄ : ၃၉ ॥ ॥ 'သို့ဖြစ်ပေရာ အသင်တို့သည် ငါအသျှင်မြတ်၏ ပြစ်ဒဏ်ကိုလည်းကောင်း၊ ငါအသျှင်မြတ်၏ သတိပေးနှိုးဆော်မှုများ (ကို မယုံသကာ ဖြစ်ခဲ့ခြင်း) ၏ အရသာကို မြည်းစမ်းကြလေကုန်' (ဟု မိန့်ကြားတော်မူခဲ့သည်။)

وَلَقَدْ يَسَّرْنَا ٱلْقُرْءَانَ لِلذِّكْرِ فَهَلْ مِن مُّدَّكِرٍ ﴿٤٠﴾

၅၄ : ၄၀ ॥ ॥ ကေန်မလွဲ ငါအသျှင်မြတ်သည် ဤကုရ်အာန်ကျမ်းတော်မြတ်ကို ကျက်မှတ်တရားရယူနိုင်ရန် အလို့ငှာ လွယ်ကူစေတော်မူခဲ့ပေရာ ကျက်မှတ်တရားရယူမည့်သူ တစ်ဦးတစ်ယောက် ရှိလေသလော။

وَلَقَدْ جَآءَ ءَالَ فِرْعَوْنَ ٱلنُّذُرُ ﴿٤١﴾

၅၄ : ၄၁ ॥ ॥ ထို့ပြင် ကေန်မုချ ဖိရ်အောင်န်၏ ခြွေရံသင်းပင်းတို့ထံလည်း သတိပေးနှိုးဆော်ချက်များ ရောက်ရှိလာခဲ့၏။

كَذَّبُوا۟ بِـَٔايَٰتِنَا كُلِّهَا فَأَخَذْنَٰهُمْ أَخْذَ عَزِيزٍ مُّقْتَدِرٍ ﴿٤٢﴾

၅၄ : ၄၂ ॥ ॥ ၎င်းတို့သည် ငါအသျှင်မြတ်၏ သက်သေလက္ခဏာအလုံးစုံတို့ကို မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် ၎င်းတို့အား နိုင်နင်းလွှမ်းမိုးတော်မူသော၊ တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော အသျှင်မြတ်၏ ဖမ်းဆီးပုံမျိုးနှင့် ဖမ်းဆီးအရေးယူတော်မူခဲ့သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အားဒ်အမျိုးသားတို့သည်လည်း (သက်ဆိုင်ရာ နဗီတမန်တော်၏ သတိပေးနှိုးဆော်ချက်များကို) မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြလေရာ (၎င်းတို့၏ ဖြစ်အင်ကို နားထောင်ကြကုန်။) ငါအသျှင်မြတ်၏ ပြစ်ဒဏ်နှင့် ငါအသျှင်မြတ်၏ သတိပေးနှိုးဆော်မှုများသည် မည်သို့ ရှိခဲ့ပေသနည်း။

(ထိုဖြစ်အင်မှာ ဤသို့တည်း) စေကန်စင်စစ် ငါအသျှင်မြတ်သည် ၎င်းတို့အပေါ်ဝယ် အစွန့်ရှည်စွာ မင်္ဂလာကင်းမဲ့သော နေ့တွင် (ဆိုလိုသည်မှာ ထိုနေ့ရက်ကာလသည် ၎င်းတို့နှင့် စပ်လျဉ်း၍ အမြဲတမ်းအတွက် အမင်္ဂလာအဖြစ် တည်ရှိနေရခြင်း အကြောင်းမှာ ထိုသို့ ပြစ်ဒဏ်ကျရောက်လာသော နေ့သည် ၎င်းတို့ကို 'ဗရ်ဇခ်' ('ကဗရ်'လောက) ၏ ပြစ်ဒဏ်ဖြင့် နီးစပ်စေလိုက်ပေသည်။ တစ်ဖန် နောင်တမလွန် 'အာခေရသ်'၏ ပြစ်ဒဏ်သည် ထို 'ကဗရ်'လောက 'အဇားဗ်'ပြစ်ဒဏ်နှင့် နီးကပ်လျက် ရှိနေပေသည်။ ယင်းပြစ်ဒဏ်သည် ၎င်းတို့ထံမှ မည်သည့်အခါမျှ ခွဲခွာ ပြတ်တောက်သွားမည် မဟုတ်ပေ။) ပြင်းထန်လှစွာသော လေပြင်းမုန်တိုင်းကို စေလွှတ်တော်မူခဲ့၏။

ယင်းလေပြင်းမုန်တိုင်းသည် လူတို့အား (၎င်းတို့ တည်ရှိနေသည့် နေရာများမှ) ဆွဲနှုတ်ခဲ့ရာ ၎င်းတို့သည် အမြစ်မှ ပြုတ်ထွက်ပြိုလဲနေသော စွန်ပလွံပင်၏ ပင်မကြီးကဲ့သို့ ဖြစ်သွားခဲ့ကြ၏။ (ထိုသို့ ပုံဆောင်ခိုင်းနှိုင်းမှုကို တင်ပြပေးထားရာ၌ လွင့်ပစ်ခြင်းခံရသော အချက်ဘက်သို့ ညွှန်ပြထားခြင်းနှင့်အတူ ၎င်းတို့၏ ကိုယ်ခန္ဓာ အရပ်အမောင်း၊ ထုထည်ကြီးမားခြင်း၏ ဘက်သို့လည်း ရည်ညွှန်း ဖော်ထုတ်ထားခြင်း ပါဝင်နေပေသည်။)

သို့ဖြစ်ပေရာ (ကြည့်ရှုကြကုန်) ငါအသျှင်မြတ်၏ ပြစ်ဒဏ်သည်လည်းကောင်း၊ ငါအသျှင်မြတ်၏ သတိပေးနှိုးဆော်ချက်များသည်လည်းကောင်း မည်သို့ (ကြောက်မက်ဖွယ်ရာအဖြစ်) ရှိခဲ့သနည်း။

ထို့ပြင် စေကန်မလွဲ ငါအသျှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို ကျက်မှတ်တရားရယူရန် အလို့ငှာ လွယ်ကူစေတော်မူခဲ့ရာ ကျက်မှတ်ရားရယူမည့်သူ တစ်ဦးတစ်ယောက်ရှိလေသလော။

စမူးဒ်အမျိုးသားတို့သည်လည်း သတိပေးနှိုးဆော်သူ (နဗီတမန်တော်များအား) မဟုတ်မမှန်ဟူ၍ စွပ်စွဲ ငြင်းပယ်ခဲ့ကြကုန်၏။ (အဘယ်ကြောင့်ဆိုသော် နဗီတမန်တော်တစ်ပါးအား မဟုတ်မမှန်ဟူ၍ စွပ်စွဲ ငြင်းပယ်ခြင်းသည် အားလုံးသော နဗီတမန်တော်တို့အား စွပ်စွဲငြင်းဆိုရာ ရောက်သောကြောင့်ပင် ဖြစ်ပေသည်။)

ထို့ပြင် ၎င်းတို့က 'ကျွန်ုပ်တို့သည် မိမိတို့၏ အမျိုးအစားထဲမှဖြစ်သော လူသားတစ်ဦး၏ နောက်သို့ လိုက်ကြရမည်လော။' (အခြွေအရံများလည်းမရှိဘဲ တစ်ဦးတည်းသာ ဖြစ်သည်။ ဆိုလိုသည်မှာ ကောင်းကင်တမန်တော်ဖြစ်ပါမူ ကျွန်ုပ်တို့သည် ဒီးန်သာသနာ၏ အရေးကိစ္စတို့၌ နောက်လိုက်သမှု ပြုပေမည်။ သို့မဟုတ် အခြွေအရံ ရှိမည်ဆိုပါက လောကီရေးရာ၏ အမှုကိစ္စ၌ နောက်လိုက်သမှု ပြုပေမည်။ စင်စစ် ၎င်းသည် လူသားစင်စစ် ဖြစ်နေသည်။ ထို့နောက် အခြွေအရံမရှိ၊ တစ်ဦးတည်း ဖြစ်သည့်အတွက်ကြောင့် လောကီရေးရာ၏ အမှုကိစ္စ၌လည်း နောက်လိုက်သမှုပြုရန် ထိုက်လောက်သော အချက်မရှိသလို ဒီးန် သာသနာရေးရာ အမှုကိစ္စတို့၌လည်း နောက်လိုက်သမှု ပြုရန်လည်း ထိုက်လောက်သော အချက်မရှိပေ။ အကယ်၍ ကျွန်ုပ်တို့သည် ဤကဲ့သို့သော အခြေအနေ၌ နောက်လိုက်သမှု ပြုမည်ဆိုလျှင်) သို့ဖြစ်လျှင် စေကန်မလွဲ ကျွန်ုပ်တို့သည် (အလွန်မှားယွင်းသော) လမ်းလွဲမှု၌ ထိုမှုမက ရူးသွပ်မှု၌ ကျရောက်သွားပေမည်။

ကျွန်ုပ်တို့အနက်မှ ၎င်း (တစ်ဦးတည်း) ၏ အပေါ်၌သာ (ရွေးကောက်၍) 'ဝဟီ' အမိန့်တော် အဆုံးအမတရားတော်ကို ချပေးခြင်းခံခဲ့ရလေသလော။ (လုံးဝ ဤသို့ ဖြစ်နိုင်မည်မဟုတ်။) စင်စစ်မှာ ၎င်းသည် လွန်စွာ မုသားပြောဆိုသူ၊ လွန်စွာ ဝင့်ကြွားသူပင် ဖြစ်ချေသည်။ (ဝင့်ကြွားခြင်း (သို့) ဂုဏ်မောက်ခြင်းကြောင့် လူတို့သည် ငါ့အား အကြီးအကဲ ခေါင်းဆောင်အဖြစ် သတ်မှတ်ကြရန်ဟူ၍ စကားကြီး၊ စကားကျယ်ကို ပြောဆိုလျက် ရှိနေပေသည်။)

(အလ္လာဟ်အသျှင်မြတ်သည် ဟဇရသ်ဆွာလေဟ် ﷺ အား မိန့်ကြားခဲ့သည်မှာ '၎င်းတို့ ပြောဆိုသည့် အချက်များအပေါ် သောကမပွားများလေနှင့်။') ၎င်းတို့သည် မည်သူ လွန်စွာ မုသားပြောဆိုသူ၊ ဝင့်ကြွားသူဖြစ်ကြောင်း (ကွယ်လွန်သည်နှင့်) မကြာမီ နက်ဖြန်ပင် သိရှိကြရပေမည်။ (ဆိုလိုသည်မှာ ဤသူတို့သည်သာလျှင် နဗီတမန်တော်တစ်ပါး၏ နဗီဖြစ်ခြင်းကို ငြင်းဆိုလေ့ရှိသော လူလိမ်လူညာများသည်သာလျှင် ဖြစ်ပေသည်။ ဂုဏ်မောက် ဝင့်ကြွားနေ၍သာ နဗီ၏ လမ်းစဉ်ကို လိုက်နာခြင်းမှ ရက်ရွံ့နေပေသည်ဟူ၏။)

(ဤသူတို့သည် ကုလားအုတ်မ၏ 'မုအ်ဂျေဇာဟ်' တန်ခိုးတော်ကို တောင်းခံခဲ့ကြလေရာ) ဧကန်အမှန် ငါအသျှင်မြတ်သည် (၎င်းတို့၏ ပန်ကြားချက်နှင့်အညီ ကျောက်ဆောင်၊ ကျောက်သားအတွင်းမှ) ၎င်းတို့အား (အီမာန်နှင့် စပ်လျဉ်း၍) စမ်းသပ်တော်မူရန် ကုလားအုတ်မကို စေလွှတ်တော်မူမည်။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်ဆွာလေဟ်) အသင်သည် ၎င်းတို့ (၏ ပြုမူဆောင်ရွက်ချက် လှုပ်ရှားမှုတို့အား) သည်းခံ၍ စောင့်စားပါလေ။

ထို့ပြင် (ကုလားအုတ်မ ထွက်ပေါ်လာသောအခါ) အသင်သည် ၎င်းတို့အား ၎င်းတို့ (၏ တိရစ္ဆာန်များနှင့် ကုလားအုတ်မ) ၏ ကြား၌ (အလှည့်ကျသောက်သုံးရန်) ရေ ခွဲဝေပြီးဖြစ်ကြောင်း၊ အလှည့်အတိုင်း အသီးသီး လာရောက်ကြရမည်ဖြစ်ကြောင်း သတင်းပေးပါလေ။ (ဆိုလိုသည်မှာ ကုလားအုတ်မသည် မိမိအလှည့်ကျသော အချိန်၌ ရေကို သောက်သုံး၍ ၎င်းတို့၏ တိရစ္ဆာန်များသည် မိမိတို့အလှည့် ကျရောက်သော အချိန်၌ ရေကို သောက်သုံးရမည် ဟူ၍ ဖြစ်သည်။)

(ဤသို့ဖြင့် ကုလားအုတ်မသည် မွေးဖွား ပေါ်ပေါက်လာခဲ့ပေသည်။ သို့ရှိရာ ဟဇရသ်ဆွာလေဟ် ﷺ ကလည်း အထက်ပါအတိုင်း တင်ပြသတင်းပေး မိန့်တော်မူခဲ့ပေသည်။) ထိုအခါ (ယင်းသို့ အလှည့်ကျ ရေသောက်သုံးစေခြင်းအပေါ် ၎င်းတို့သည် ကြပ်တည်း ကျဉ်းမြောင်းသည်ဟု ခံစားရပြီး မကျေမနပ်ဖြစ်လာကာ) ၎င်းတို့သည် မိမိတို့၏ အဖော်တစ်ဦး (ကုဒါးဒ်) အား (ထိုကုလားအုတ်မကို သတ်ဖြတ်ပေးရန်ဟူသော ရည်ရွယ်ချက် ဆန္ဒမျိုးဖြင့်) ဟစ်ခေါ်ခဲ့ရာ ၎င်း (အဖော်) သည် လာရောက်ကာ (ကုလားအုတ်မ) ကို တိုက်ခိုက်ပြီးလျှင် ၎င်း၏ ခြေများကို ဖြတ်တောက် (သတ်ဖြတ်) ခဲ့လေ၏။

သို့ဖြစ်ပေရာ (ကြည့်ရှုကြလေကုန်။) ငါအသျှင်မြတ်၏ ပြစ်ဒဏ်နှင့် ငါအသျှင်မြတ်၏ သတိပေးနှိုးဆော်မှုများသည် မည်သို့ ရှိခဲ့ပေသနည်း။

(ယင်းပြစ်ဒဏ်၏ အကြောင်း တင်ပြချက် ရှေ့၌ လာရှိနေပေသည်။ ထိုပြစ်ဒဏ်မှာ ဤသို့ပင် ဖြစ်သည်။) စေကန်စင်စစ် ငါအသျှင်မြတ်သည် ၎င်းတို့အပေါ်၌ (ကောင်းကင်တမန်တော်၏) ပြင်းထန်လှစွာသော အသံတစ်ခုကိုသာလျှင် စေလွှတ်တော်မူခဲ့ရာ ၎င်းတို့သည် (ထိုအသံကြောင့်) ကျွဲ၊ နွားတိရစ္ဆာန်များ နေထိုင်ရန် ခြံခတ်သူ၏ ခြောက်သွေ့ ကြေမွနေသော သစ်ကိုင်း၊ သစ်လက်များကဲ့သို့ ဖြစ်သွားခဲ့ကြကုန်၏။ (လယ်ယာကိုင်းကျွန်း (သို့မဟုတ်) တိရစ္ဆာန်များ အစရှိသည်တို့အား ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ဆူးခက် အစရှိသော အရာများဖြင့် ခြံခတ်လေ့ ရှိကြပေသည်။ ၎င်းဆူးခက်များသည် ရက်အချို့ကြာမြင့်ပြီးနောက် ခြောက်သွေ့ကာ ကြေမွသွားကြပေသည်။ ဤနည်းနှင်နှင် ၎င်းတို့သည် သေကြေပျက်စီးသွားခဲ့ကြကုန်သည် ဟူ၏။ အာရပ်နိုင်ငံရှိ သူတို့သည် ထိုအနိုင်းခံပြ အရာ (တစ်နည်း) လယ်ကွင်း၏ လေးဘက်လေးရံအား ခြံခတ်၊ ဘောင်ခတ်ထားခြင်းကို နေ့ရောညပါ အမြဲ မြင်တွေ့နေကြသည်ဖြစ်ရာ ၎င်းတို့သည် ထိုပမာခိုင်းနှိုင်း တင်ပြမှုကို ကောင်းစွာ သဘောပေါက်ကြပေသည်။)

၎င်းပြင် စေကန်မလွဲ ငါအသျှင်မြတ်သည် ဤကုရ်အာန်ကျမ်းတော်မြတ်ကို ကျက်မှတ် တရားရယူနိုင်ရန်အလို့ငှာ လွယ်ကူစေတော်မူခဲ့ရာ ကျက်မှတ်တရားရယူမည့်သူ တစ်ဦးတစ်ယောက် ရှိလေသလော။

လူးသ္၏ အမျိုးသားတို့သည် (လည်း) သတိပေးနှိုးဆော်သူ (နဗီတမန်တော်) တို့အား မဟုတ်မမှန်ဟူ၍ ပြောဆို စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။ (အဘယ်ကြောင့်ဆိုသော် နဗီတမန်တော်တစ်ပါးအား စွပ်စွဲပြောဆို ငြင်းဆိုခြင်းသည် အားလုံးသော နဗီတမန်တော်များအား စွပ်စွဲငြင်းပယ်ရာ ရောက်ပေသည်။)

စေကန်အမှန် ငါအသျှင်မြတ်သည် ၎င်းတို့အပေါ်၌ ခဲမိုးကို ရွာသွန်းစေတော်မူခဲ့၏။ သို့ရာတွင် (တမန်တော်) လူးသ္၏ နောက်လိုက် တပည့်သားမျိုးနွယ် (မုအ်မင်န်) တို့ကိုမူ ငါအသျှင်မြတ်သည် ညဉ့်၏ နောက်ဆုံးယံ၌ပင် (ရွာမှ အပြင်သို့ ထွက်စေကာ ပြစ်ဒဏ်တော်မှ) လွတ်ကင်းစေတော်မူခဲ့၏။

ငါအသျှင်မြတ်ထံတော်မှ ကျေးဇူးပြုတော်မူသောအားဖြင့် ကျေးဇူးသိတတ်သော သူအား (ဆိုလိုသည်မှာ အီမာန်ကို ရယူလက်ခံသော သူများအား) ငါအသျှင်မြတ်သည် ထိုနည်းအတိုင်းပင် ပြစ်ဒဏ်မှ ဖယ်ရှားလွတ်ကင်းစေတော်မူကာ) အစားပေးလေ့ ရှိတော်မူ၏။

စင်စစ် စေကန်မလွဲ ၎င်း (လူးသ္ ﷺ) သည် ငါအသျှင်မြတ် ဖမ်းဆီး အရေးယူတော်မူမည်ဖြစ်ကြောင်း (မကျရောက်လာမီ အလျှင်ကပင်) ၎င်းတို့အား သတိပေးနှိုးဆော်ခဲ့သော်လည်း ၎င်းတို့မှာ (ယင်း) သတိပေးနှိုးဆော်မှုများနှင့် စပ်လျဉ်း၍ အငြင်းအခုံပြုခဲ့ကြကုန်၏။ (ဆိုလိုသည်မှာ မယုံကြည်ကြပေ။)

ထို့ပြင် (ဟဇရသ်လူးသ္ ﷺ ၏ ထံတော်ပါးသို့ ငါအသျှင်မြတ်၏ ကောင်းကင်တမန်တော်များသည် လူသားတစ်ဦးအသွင် ဧည့်သည်ပုံစံမျိုးဖြင့် လာရောက်ခဲ့စဉ် ၎င်းတို့သည် ချောမောလှပသော ယောကျ်ားကလေးများ လာရောက်ကြောင်းကို သိရှိသွားကြသောအခါ ဟဇရသ်လူးသ္ ﷺ ရှိရာ နေရာဆီသို့ လာရောက်ကြကာ) ၎င်းတို့သည် ယင်းလူးသ္ ﷺ ၏ ဧည့်သည်များကို ၎င်း (လူးသ္ ﷺ) ထံမှ (မကောင်းသော ရည်ရွယ်ချက်နှင့်) တောင်းဆိုခဲ့ကြကုန်၏။ (ထိုသို့ တောင်းဆိုသည့်အပေါ် ဦးစွာပထမ ဟဇရသ်

လူးသွ် عليه السلام သည် စိုးရိမ်သွားပေသည်။ သို့ရာတွင် ထိုဧည့်သည်များသည် ကောင်းကင်တမန်တော်များ ဖြစ်ပေသည်။) သို့ဖြစ်ပေရာ (ငါအသျှင်မြတ်သည် ထိုကောင်းကင်တမန်တော်များကို အမိန့်ပေးကာ) ၎င်းတို့၏ မျက်စိများကို ကန်းစေတော်မူခဲ့၏။ (ဆိုလိုသည်မှာ ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام သည် ၎င်းတို့၏ မျက်စိများအပေါ်ဝယ် မိမိ၏ တောင်ပံဖြင့် ခတ်လိုက်ရာ မျက်ကန်းများ ဖြစ်သွားကြပေသည်။ ဒုရ်ရေမန်စူးရ် ကျမ်း၌ ကသာဒဟ် (ရဟ) သခင်ကြီးများထံမှ တစ်ဆင့် ဆင့်ပြန်တင်ပြထားသည်။ ထို့နောက် နူတ်အရာ အရသော်လည်းကောင်း၊ (သို့မဟုတ်) အခြေအနေ အမူအရာအရသော်လည်းကောင်း၊ ၎င်းတို့အား) အသင်တို့သည် ငါအသျှင်မြတ်၏ ပြစ်ဒဏ်၏ အရသာကိုလည်းကောင်း၊ ငါအသျှင်မြတ်၏ သတိပေးနှိုးဆော်မှုများ (ကို မယုံသင်္ကာဖြစ်ခြင်း) ၏ အရသာကိုလည်းကောင်း မြည်းစမ်းကြလေကုန် (ဟု မိန့်ကြားတော်မူခဲ့၏။ 'အဇားဗ်' ပေး ဒဏ်ခတ်ရာ၌ ဦးစွာပထမ ၎င်းတို့အား မျက်ကန်းဖြစ်စေခြင်း ဖြစ်အင်ကို ဖြစ်ပေါ်စေခဲ့ပေသည်။)

ထို့ပြင် (တစ်ဖန်) ဧကန်မလွဲ အခွန့်ရှည်စွာ တည်မြဲမည်ဖြစ်သော ပြစ်ဒဏ်သည် ၎င်းတို့တွင် နံနက်စောစောအချိန်၌ပင် သက်ရောက်ခဲ့လေ၏။

သို့ဖြစ်ပေရာ အသင်တို့သည် ငါအသျှင်မြတ်၏ ပြစ်ဒဏ်ကိုလည်းကောင်း၊ ငါအသျှင်မြတ်၏ သတိပေးနှိုးဆော်မှုများ (ကို မယုံသင်္ကာဖြစ်ခဲ့ခြင်း) ၏ အရသာကို မြည်းစမ်းကြလေကုန် (ဟု မိန့်ကြားတော်မူခဲ့သည်။ ဤဝါကျတော်ကို အထက်၌ မျက်ကန်းဖြစ်စေခြင်း၏ ပြစ်ဒဏ်တော်၌လည်း မိန့်မြွက်တော်မူခဲ့ပေသည်။ ဤနေရာ၌မူ ပျက်စီးသေကြေသွားသည့် ပြစ်ဒဏ်အပေါ် အမိန့်ရှိထားသည့်အတွက်ကြောင့် စာစဉ်အကြောင်းအရာ ထပ်နေသည်ဟု မဆိုနိုင်တော့ပေ။) ဧကန်မလွဲ ငါအသျှင်မြတ်သည် ဤကုရ်အာန်ကျမ်းတော်မြတ်ကို ကျက်မှတ်တရားရယူနိုင်ရန်အလို့ငှာ လွယ်ကူစေတော်မူခဲ့ပေရာ ကျက်မှတ်တရားရယူမည့်သူ တစ်ဦးတစ်ယောက် ရှိလေသလော။

ထို့ပြင် ဧကန်မုချ (ဖိရ်အောင်န်နှင့်) ဖိရ်အောင်န်၏ ခြွေရံသင်းပင်းတို့ထံလည်း သတိပေးနှိုးဆော်ချက်များ ရောက်ရှိလာခဲ့၏။ (အလိုသဘောမှာ သာသနာ့အမိန့်ပညတ်ချက်များဖြစ်သော ဟဇရသ်မူစာ عليه السلام ၏ အဆိုအမိန့် လမ်းညွှန်းချက်များနှင့် အပေါ်ယံ သဘာဝ ဗီဇအရပင် အသိတရား ရရှိစေနိုင်သော ဟဇရသ်မူစာ عليه السلام ၏ 'မုအ်ဂျေဇာဟ်' တန်ခိုးတော်များဖြင့် ၎င်းတို့အား ခြိမ်းခြောက်သတိပေးတော်မူခဲ့ပြီး ဖြစ်ပေသည်ဟူ၏။ သို့ရာတွင်) ၎င်းတို့သည် ငါအသျှင်မြတ်၏ (ဗျာဒိတ်တော် (၉) ပါးဟူ၍ ထင်ရှားကျော်ကြားသော သက်သေလက္ခဏာ တန်ခိုးတော်များ ၎င်းတို့ထံ ဆိုက်ရောက်လာသော်လည်းကောင်း) သက်သေလက္ခဏာ တန်ခိုးတော်အလုံးစုံတို့ကို မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်။ (ဆိုလိုသည်မှာ ၎င်းသက်သေလက္ခဏာ တန်ခိုးတော်များမှ ညွှန်ပြတောင်းဆိုလျက်ရှိသော 'သောင်ဟီးဒ်' ကိုးကွယ်ခံထိုက်တော်မူသောအသျှင်၊ အလ္လာဟ် အသျှင်မြတ်တစ်ပါးတည်းသာ တည်ရှိခြင်းတရားနှင့် ဟဇရသ်မူစာ عليه السلام ၏ နဗီဖြစ်ခြင်းအချက်တို့ကို လက်ခံယုံကြည်ရန်အချက်ကို မဟုတ်မမှန်ဟူ၍ စွပ်စွဲ ငြင်းပယ်ခဲ့ကြသည်ဟူ၍ ဖြစ်ပေသည်။ သို့တည်းမဟုတ် ပါက ဖြစ်အင်များ ဖြစ်ပေါ်တည်ရှိခဲ့ခြင်းများကို ငြင်းဆို၍ မရနိုင်ပေ။) သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည်

၎င်းတို့အား နိုင်နင်းလွှမ်းမိုးတော်မူသော တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော အသျှင်မြတ်၏ ဖမ်းဆီးပုံမျိုးနှင့် ဖမ်းဆီးအရေးယူတော်မူခဲ့သည်။ (ဆိုလိုသည်မှာ ငါအသျှင်မြတ်သည် မိမိ၏ အမျက်တော်ဖြင့် ဖမ်းဆီးကွပ်မျက်တော်မူသောအခါ ထိုဖမ်းဆီးကွပ်မျက်ခြင်းအား ဝေးကွာ၊ ဖယ်ရှားပေးနိုင်စွမ်းရှိသူ တစ်ဦးတစ်ယောက်မျှမရှိပေ။ သို့ရှိရာ နိုင်နင်းလွှမ်းမိုးတော်မူသော အသျှင်မြတ်နှင့် တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော အသျှင်မြတ်၏ အလိုသဘောသည် အလ္လာဟ်အသျှင်မြတ်သည်သာလျှင် ဖြစ်ပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အချို့သော ခက်ဆစ်စကားလုံးများအား ရှင်းလင်းဖွင့်ဆိုခြင်း

سُعُر ဤစကားလုံးသည် တင်ပြလျက်ရှိနေသော အာယသ်တော်အတွင်းတွင် နှစ်နေရာ၌ လာရှိထားပေသည်။

(၁) စမူဒ်မျိုးနွယ်အုပ်စု၏ အကြောင်းကို တင်ပြရာ၌ ၎င်းမျိုးနွယ်အုပ်စု၏ ပြောကြားချက်အဖြစ် လာရှိထားသည်။ ထိုအာယသ်တော်၌ سُعُر ဟူသော စကားလုံး၏ အဓိပ္ပာယ်မှာ 'သူရူး'ဟူ၍ဖြစ်၏။

(၂) ဤစကားလုံးတော်သည် တင်ပြလျက်ရှိနေသော အာယသ်တော်အတွင်း၌ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ အပြစ်ရှိသော သူတို့အား ပြစ်ဒဏ်ပေးခြင်း၏ အကြောင်းကို တင်ပြရာတွင် فِى ضَلٰلٍ وَّسُعُرٍ ဟူသော အာယသ်တော်အတွင်း၌ လာရှိနေပေသည်။

ဤနေရာ၌ سُعُر ၏ အဓိပ္ပာယ်သည် 'ဂျဟန္နမ်၏ မီး'ဟူ၍ ဖြစ်ပေသည်။ အဘိဓါန်ကျမ်းရှင်တို့၏ ရှင်းလင်းတင်ပြချက်နှင့်အညီ سُعُر ဟူသော စကားလုံးသည် ထိုအထက်တင်ပြပါ အဓိပ္ပာယ်နှစ်မျိုးစလုံးအတွက် အသုံးပြုပေသည်။

رَاوَدُوْهُ عَنْ ضَيْفِهٖ

(၎င်းတို့သည် ယင်းလူးသ္ ﷺ ၏ ဧည့်သည်များကို ၎င်းထံ၌ မကောင်းသော ရည်ရွယ်ချက်နှင့် တောင်းဆိုခဲ့ကြကုန်၏။) *[၅၄ : ၃၇]*

مراودت ၏ အဓိပ္ပာယ်မှာ 'တစ်ဦးတစ်ယောက်ကို မိမိ၏ စိတ်ရိုင်းတပ်မက်မှုကို ဖြည့်ဆည်းပေး ရန်အတွက် ဖြားယောင်းသွေးဆောင်ခြင်း' ဟူ၍ ဖြစ်ပေသည်။ အလိုသဘောမှာ ဤသို့ပင် ဖြစ်သည်။ ဟဇရသ်လူးသ္ ﷺ ၏ မျိုးနွယ်အုပ်စု၌ မိမိတို့၏ ညစ်ညမ်းသော ဓလေ့ဆိုးကြောင့် ယောက်ျားကလေးငယ်များနှင့်အတူ မကောင်းသော အမှုကိစ္စများအား ပြုကျင့်ခြင်း၏ ဓလေ့သည် စွဲနေပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား စမ်းသပ်ရန်အတွက် ကောင်းကင်တမန်တော်များကို လှပသော ယောက်ျားကလေးများ၏ အသွင်များဖြင့် စေလွှတ်တော်မူခဲ့ပေသည်။ ဤဆိုးသွမ်းယုတ်မာသော သူတို့သည် ထိုကောင်း

ကင်တမန်တော်များကို မိမိတို့ တပ်မက်မှု၏ ပစ်မှတ်အဖြစ် ထားရှိကာ ဟဇရတ်လူးသ် عليه السلام ၏ အိမ်ရှိရာဆီသို့ ချီတက် ရောက်ရှိလာကြပေသည်။ ဟဇရတ်လူးသ် عليه السلام သည် တံခါးကို ပိတ်ထားရာ ၄င်းတို့သည် တံခါးကို ချိုးဖျက်၍လည်းကောင်း၊ အပေါ်မှ ကျော်လွှား၍လည်းကောင်း အိမ်အတွင်းသို့ ဝင်ရောက်ခဲ့ကြပေသည်။ ဟဇရတ်လူးသ် عليه السلام သည် သောကဝေဖြာသွားရာ ထိုအချိန်၌ ကောင်းကင်တမန်တော်တို့သည် 'အသင်သည် တစ်စုံတစ်ရာကိုမျှ သောကဝေဖြာမှု မဖြစ်ပါလေနှင့်။ ဤသူတို့သည် ကျွနု်ပ်တို့အား တစ်စုံတစ်ရာကိုမျှ မကောင်းပြုနိုင်စွမ်းမရှိကြောင်း၊ ကျွန်ုပ်တို့သည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ စေလွှတ်ထားတော်မူသော ကောင်းကင်တမန်တော်များဖြစ်ကြောင်း၊ ၄င်းတို့အား 'အဇားဗ်'ပြစ်ဒဏ်ပေးရန်အတွက် လာရောက်ခြင်းဖြစ်ကြောင်း' ဟူသော မိမိတို့၏ အတွင်း လျှို့ဝှက်ချက်ကို ထုတ်ဖော်ပြဆိုလိုက်ပေသည်။

ဤစူရာဟ်ကမရ်ကို 'ကေယာမသ်'နီးကပ်လာပြီဖြစ်ခြင်းအကြောင်းနှင့် အစပြုထားပေသည်။ သို့မှသာ ကာဖိရ်နှင့် မုရှ်ရစ်က်တို့သည် လောကီရေးရာ၏ ရမ္မက်အတွင်း နစ်မွန်း၍ နောင်တမလွန် 'အာခေရသ်'အား မေ့လျော့မှုမှ အသိပြန်လည် နိုးကြားလာစေရန် ဖြစ်ပေသည်။ ဦးစွာပထမ 'ကေယာမသ်'နေ့၏ ပြစ်ဒဏ်အကြောင်းကို တင်ပြထားပေသည်။ ထို့နောက် ကမ္ဘာလောက၌လည်း ၄င်းတို့၏ ဇာတ်သိမ်းမလှ ဖြစ်မည့်အကြောင်းကို တင်ပြရန်အတွက် ကမ္ဘာ့သမိုင်း၌ ထင်ရှားကျော်ကြားသော မျိုးနွယ်အုပ်စု (၅) စု၏ အခြေအနေများနှင့် နဗီတမန်တော်များအား ဆန့်ကျင်ဘက်ပြုခြင်းအပေါ် ၄င်းတို့၏ ဇာတ်သိမ်းမလှခြင်းနှင့် ကမ္ဘာလောက၌လည်း အမျိုးမျိုးသော ပြစ်ဒဏ်များအတွင်း၌ နစ်မွန်းခဲ့ရခြင်းအကြောင်းကို တင်ပြထားပေသည်။

ဦးစွာပထမ ဟဇရတ်နူးဟ် عليه السلام ၏ မျိုးနွယ်အုပ်စု၏ အကြောင်းကို တင်ပြထားပေသည်။ အဘယ်ကြောင့်ဆိုသော် ၄င်းမျိုးနွယ်အုပ်စုသည်သာလျှင် ကမ္ဘာလောက၌ ဦးစွာပထမ အလ္လာဟ်အသျှင်မြတ်၏ ပြစ်ဒဏ်တော်ကို ခံခဲ့ရသော မျိုးနွယ်အုပ်စုဖြစ်ပေသည်။ ဤဖြစ်အင်သည် လွန်လေပြီးသော အာယသ်တော်များအတွင်း၌ လာရှိထားပြီးဖြစ်သည်။ အထက်၌ တင်ပြထားသော အာယသ်တော်များအတွင်း၌ မျိုးနွယ်အုပ်စု (၄) စုအကြောင်းကို တင်ပြထားပေသည်။ အားဒ်မျိုးနွယ်အုပ်စု၊ စမူးဒ်မျိုးနွယ်အုပ်စု၊ ဟဇရတ်လူးသ် عليه السلام မျိုးနွယ်အုပ်စုနှင့် ဖိရ်အောင်န်၏ မျိုးနွယ်အုပ်စုတို့ ဖြစ်ပေသည်။ ၄င်းတို့၏ ဖြစ်အင်အကျယ်တဝင့်အကြောင်းများကို ကုရ်အာန်ကျမ်းတော်မြတ်၏ နေရာများစွာ၌ တင်ပြထားပေသည်။ ဤနေရာ၌ ၄င်းတို့၏ အကျဉ်းချုပ်အကြောင်းကိုသာ တင်ပြထားပေသည်။

ဤအထက်တင်ပြပါ မျိုးနွယ်အုပ်စု (၅) စုစလုံးသည် ကမ္ဘာလောကရှိ အင်အား အကြီးမားဆုံးသော မျိုးနွယ်အုပ်စုများ ဖြစ်ပေသည်။ ယင်းမျိုးနွယ်အုပ်စုများကို မည်သည့်အင်အား တစ်ရပ်ရပ်ဖြင့်သော်လည်းကောင်း၊ မေးမှိန်လျော့ကျအောင် ပြုခြင်းသည် မည်သူတစ်ဦးတစ်ယောက်အဖို့မျှ မလွယ်ကူလှပေ။ တင်ပြလျက်ရှိနေသော အာယသ်တော်များအတွင်း၌ ၄င်းတို့အပေါ် ပြစ်ဒဏ်ကျရောက်လာခြင်း အကြောင်းကို တင်ပြထားပေသည်။ မျိုးနွယ်အုပ်စုတိုင်း၏ နောက်ဆုံး ဇာတ်သိမ်းမလှခြင်းအပေါ် ကုရ်အာန်ကျမ်းတော်မြတ်သည် ဝါကျတစ်ခုကို မိန့်မြွက်ထားတော်မူပေသည်။

فَكَيْفَ كَانَ عَذَابِي وَنُذُرِ

(သို့ဖြစ်ပေရာ ငါအသျှင်မြတ်၏ ပြစ်ဒဏ်သည်လည်းကောင်း၊ ငါအသျှင်မြတ်၏ သတိပေးနှိုးဆော် ချက်များသည်လည်းကောင်း မည်သို့မည်ပုံ ရှိခဲ့သည်ကို ဆင်ခြင်သုံးသပ်ကြလေကုန်။) *[၅၄ : ၁၆]*

ဆိုလိုသည်မှာ ဤမျှခန့် အင်အားကြီးမား၍ အရေးအတွက်များပြားစွာ တည်ရှိသော မျိုးနွယ်အုပ်စု အပေါ် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ပြစ်ဒဏ်ကျရောက်လာသောအခါ ၄င်းတို့သည် မည်ကဲ့သို့ ယင်းပြစ်ဒဏ်၏ ရှေ့မှောက်ဝယ် ယင်ကောင်များ၊ ခြင်ကောင်များကဲ့သို့ မျိုးဖြုတ်ခြင်း ခံခဲ့ရသည်ကို ရှုမြင်သံဝေဂတရား ရယူကြကုန်လောဟူ၍ ဖြစ်သည်။ ယင်းအချက်နှင့် တစ်ဆက်တည်းမှာပင် မုအ်မင်န်၊ ကာဖိရ်အားလုံးသော သူတို့ကို ခြုံငုံလှစွာသော ဆုံးမစကားကို မိန့်မြွက်ရန်အတွက်

وَلَقَدْ يَسَّرْنَا الْقُرْآنَ لِلذِّكْرِ فَهَلْ مِن مُّدَّكِرٍ

(ထို့အပြင် ဧကန်မလွဲ ငါအသျှင်မြတ်သည် ဤကုရ်အာန်ကျမ်းတော်မြတ်ကို ကျက်မှတ်တရား ရယူနိုင်ရန်အလို့ငှာ လွယ်ကူစေတော်မူခဲ့ရာ ကျက်မှတ်တရား ရယူမည့်သူတစ်ဦးတစ်ယောက် ရှိလေသလော) *[၅၄ : ၁၇]*

ဟူသော ဝါကျတော်ကို ထပ်ဖန်တလဲလဲ တင်ပြထားပေသည်။

၄င်း၏ အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်၏ ထိုကြီးမားပြင်းထန်လှစွာသော ပြစ်ဒဏ်မှ ရှောင်ရှား လွတ်မြောက်ရန် လမ်းစဉ်သည် ကုရ်အာန်ကျမ်းတော်မြတ်ပင် ဖြစ်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်ကို ဆိုဆုံးမတရားနှင့် သံဝေဂတရား ရယူရန် အတိုင်းအတာထိတိုင် ငါအသျှင်မြတ်သည် လွန်စွာ လွယ်ကူမှုကို ပြုပေးထားပေသည်။ ထိုကျမ်းမြတ်မှ အကျိုးတရား မရယူသောသူသည် လွန်စွာ လက်မဲ့ဖြစ်သောသူ ဖြစ်ပေသည်ဟူ၍တည်း။ ရှေ့၌ တင်ပြလျက်ရှိနေသော အာယသ်တော်များအတွင်းဝယ် တမန်တော်မြတ် ﷺ ၏ ခေတ်ကာလ၌ရှိသော သူများကို 'ဤမျက်မှောက်ကာလရှိ ငြင်းဆိုသောသူများနှင့် ကာဖိရ်များသည် ဥစ္စာဓန စည်းစိမ်၊ အရေအတွက်နှင့် စွမ်းအင်၊ အင်အားတို့၌ အားဒ်မျိုးနွယ်အုပ်စု၊ စမူဒ်မျိုးနွယ်အုပ်စုနှင့် ဖိရ်အောင်န်၏ မျိုးနွယ်အုပ်စု အစရှိသောသူတို့ထက် တစ်စုံတစ်ရာ တိုးပွားများပြားမှုမရှိရာ တစ်ဖန် ၄င်းတို့ သည် အဘယ်ကြောင့် သောကကင်းမဲ့လျက် ရှိနေကြပေသနည်း' ဟူသော အချက်ကို တင်ပြထားပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

أَكُفَّارُكُمْ خَيْرٌ مِّنْ أُولَٰئِكُمْ أَمْ لَكُم بَرَاءَةٌ فِي الزُّبُرِ ﴿٤٣﴾

၅၄ : ၄၃ ॥ ॥ အသင်တို့ခေတ်၌ ရှိကြကုန်သော ကာဖိရ်သွေးဖည်ငြင်းပယ်သော သူတို့သည် ၄င်းတို့ထက် အလွန် မြင့်မြတ်ကြလေသလော။ သို့တည်းမဟုတ် ကျမ်းဂန်များ၌ အသင်တို့အဖို့ လွတ်ငြိမ်းခွင့် ရှိသည်ဟူ၍ လာရှိလေသလော။

أَمْ يَقُولُونَ نَحْنُ جَمِيعٌ مُّنتَصِرٌ ﴿٤٤﴾

၅၄ : ၄၄ ။ ။ သို့တည်းမဟုတ် ၎င်းတို့က ကျွန်ုပ်တို့သည် အောင်နိုင်မှု ရရှိမည့် (တစ်နည်း) လက်စားချေမည့် အုပ်စု ဖြစ်သည်ဟု ပြောဆိုကြလေသလော။

سَيُهْزَمُ الْجَمْعُ وَيُوَلُّونَ الدُّبُرَ ﴿٤٥﴾

၅၄ : ၄၅ ။ ။ မကြာမီပင် ယင်းအုပ်စုသည် အရေးရှုံးနိမ့်ကြပြီး ကျောခိုင်း၍ ထွက်ပြေးကြရပေမည်။

بَلِ السَّاعَةُ مَوْعِدُهُمْ وَالسَّاعَةُ أَدْهَىٰ وَأَمَرُّ ﴿٤٦﴾

၅၄ : ၄၆ ။ ။ အမှန်စင်စစ် 'ကေယာမသ်' ရှင်ပြန်ထရမည့် အချိန်ကာလသည် ၎င်းတို့အား ချိန်းချက်ထားသော ချိန်းချက်မှု (အစစ်အမှန်ပင်) ဖြစ်၏။ ထို့ပြင် 'ကေယာမသ်' ရှင်ပြန်ထရမည့် အချိန်ကာလသည် ပို၍ပင် ပြင်းထန်သည့်အပြင်၊ ပို၍ပင် နာကျည်းဖွယ်ရာ မနှစ်မြို့ဖွယ်ရာ ဖြစ်ပေသည်။

إِنَّ الْمُجْرِمِينَ فِي ضَلَالٍ وَسُعُرٍ ﴿٤٧﴾

၅၄ : ၄၇ ။ ။ စင်စစ်အမှန် ပြစ်မှုကျူးလွန်သော သူတို့သည် လမ်းလွဲမှု၌လည်းကောင်း၊ အသိဉာဏ်ကင်းမဲ့မှု၌လည်း ကောင်း (နစ်မွန်း၍) ရှိနေကြကုန်သည်။

يَوْمَ يُسْحَبُونَ فِي النَّارِ عَلَىٰ وُجُوهِهِمْ ذُوقُوا مَسَّ سَقَرَ ﴿٤٨﴾

၅၄ : ၄၈ ။ ။ ၎င်းတို့သည် မှောက်လျက် 'ဂျဟန္နမ်' ငရဲမီးထဲသို့ ဒရွတ်တိုက် ဆွဲချခြင်းကို ခံကြရသောနေ့တွင် အသင်တို့သည် ငရဲမီးထိရောက်ခြင်း၏ အရသာကို မြည်းစမ်းကြလေကုန် (ဟု မိန့်ကြားတော်မူခြင်းကို ခံကြရပေမည်။)

إِنَّا كُلَّ شَيْءٍ خَلَقْنَاهُ بِقَدَرٍ ﴿٤٩﴾

၅၄ : ၄၉ ။ ။ စင်စစ်မလွဲ ငါအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို ချင့်ချိန်၍ ဖန်ဆင်းတော်မူခဲ့၏။

وَمَا أَمْرُنَا إِلَّا وَاحِدَةٌ كَلَمْحٍ بِالْبَصَرِ ﴿٥٠﴾

၅၄ : ၅၀ ။ ။ စင်စစ် ငါအသျှင်မြတ်၏ အမိန့်တော်သည် တစ်ကြိမ်တည်း အမိန့်ပေးရုံမျှဖြင့် မျက်စိတစ်မှိတ်အတွင်း ဖြစ်မြောက်သွားပေမည်။

وَلَقَدْ أَهْلَكْنَا أَشْيَاعَكُمْ فَهَلْ مِن مُّدَّكِرٍ ﴿٥١﴾

၅၄ : ၅၁ ။ ။ စင်စစ် ငါအသျှင်မြတ်သည် (အသင်တို့အလျင်) အသင်တို့နှင့် ဝါဒချင်းတူသူတို့အား ကွပ်မျက် ဖျက်ဆီးတော်မူခဲ့ရာ တရားရယူမည့်သူများဟူ၍ (တစ်ဦးတစ်ယောက်မျှ) ရှိကြပါသလော။

وَكُلُّ شَيْءٍ فَعَلُوهُ فِي الزُّبُرِ ﴿٥٢﴾

၅၄ : ၅၂ ။ ။ စင်စစ် ၎င်းတို့ ပြုမူခဲ့သမျှတို့သည် မှတ်တမ်းများ၌လည်း ရှိကုန်၏။

وَكُلُّ صَغِيرٍ وَكَبِيرٍ مُّسْتَطَرٌ ﴿٥٣﴾

၅၄ : ၅၃ ။ ။ ထို့ပြင် အကြီးအသေးဟူသမျှတို့သည် ရေးသား၍ ထားရှိပြီးဖြစ်သည်။

إِنَّ الْمُتَّقِينَ فِي جَنَّاتٍ وَنَهَرٍ ﴿٥٤﴾

၅၄ : ၅၄ ။ ။ ကေန်မလွဲ (ပြစ်မှုဒုစရိုက်များမှ ရှောင်ကြဉ်ကြကုန်သော) 'မွတ်သက္ကီ'သူတော်ကောင်းတို့သည် ဥယျာဉ်များ၌လည်းကောင်း၊ စမ်းချောင်းများ၌လည်းကောင်း ရှိကြပေလိမ့်မည်။

فِي مَقْعَدِ صِدْقٍ عِندَ مَلِيكٍ مُّقْتَدِرٍ ﴿٥٥﴾

၅၄ : ၅၅ ။ ။ တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော ဘုရင်မင်းမြတ်၏ ထံတော်ပါး၌ မြင့်မြတ်မှန်ကန်သော နေရာဌာနတွင် ရှိကြပေလိမ့်မည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ဤကာဖိရ်များ၏ ဖြစ်အင်များကို၊ ၎င်းနောက် 'ကုဖွရ်' (သွေဖည်ငြင်းဆိုမှု) ကို ပြုကြသောကြောင့် ၎င်းတို့ အပေါ် ပြစ်ဒဏ်သက်ရောက်လာခြင်း၏ ဖြစ်အင်များကိုမူ အသင်တို့သည် ကြားနာခဲ့ပြီး ဖြစ်၏။ ယခု အသင်တို့သည်လည်း ထိုသွေဖည်ငြင်းဆိုမှု (ကုဖွရ်) ၏ ပြစ်ချက်ကို ကျူးလွန်လိုက်မည်ဆိုပါက အသင်တို့အနေဖြင့် ပြစ်ဒဏ်မှ လွတ်မြောက်ရန် အကြောင်းတစ်စုံတစ်ရာမျှ မရှိပေ။)

အသင်တို့ခေတ်၌ ရှိကြကုန်သော ကာဖိရ် (သွေဖည်ငြင်းဆိုသောသူ) တို့သည် ၎င်း (တင်ပြပါ အတိတ်ခေတ်ကာလ၌ ရှိကြကုန်သော)သူတို့ထက် အလွန် မြင့်မြတ်ကြလေသလော။ (ထိုသို့ မြင့်မြတ်ခြင်း၏ အကြောင်းခံကြောင့် အသင်တို့သည် ပြစ်မှုကို ကျူးလွန်လျက် ရှိနေသည့်ကြားကပင် အပြစ်ဒဏ်ကို ခံစားရမည် မဟုတ်ဟု ဆိုရလောက်အောင် ရှိနေပါ၏လော။) သို့တည်းမဟုတ် ကောင်းကင်ကျမ်းဂန်များ၌ အသင်တို့အဖို့ (မြင့်မြတ်မှု တစ်စုံတစ်ရာမျှ မရှိနေလင့်ကစား) လွတ်ငြိမ်းခွင့်ရှိသည်ဟူ၍ လာရှိလေသလော။

သို့တည်းမဟုတ် (၎င်းတို့အတွင်း၌ ပြစ်ဒဏ်တော်မှ ကယ်တင် လွတ်မြောက် စေနိုင်လောက်အောင် စွမ်းအင်၊ အင်အား ရှိနေပါ၏လော။ ပမာတင်ပြရမည်ဆိုသော်) ၎င်းတို့က ကျွန်ုပ်တို့သည် အောင်နိုင်မှု ရရှိမည့် (တစ်နည်း) လက်စားချေမည့် အုပ်စုဖြစ်သည်ဟု ပြောဆိုကြလေသလော။ (၎င်းတို့ အရေးနိမ့်ခဲ့ကြောင်းအပေါ် ရှင်းလင်းလှစွာသော အထောက်အထားများ ရှိနေပေသည်။ ၎င်းတို့ကိုယ်တိုင်သည်လည်း မိမိတို့ အရေးနိမ့်ခဲ့ကြောင်းကို လက်ခံထားပြီး ဖြစ်ပေသည်။ သို့ပါလျက် ၎င်းတို့၏ အထက်ပြောကြားချက်

မှမူ တစ်ဖန် 'ငှင်းတို့အတွင်းဝယ် ပြစ်ဒဏ်တော်ကို တားမြစ်နိုင်စွမ်းရှိသည့် အင်အားတစ်စုံတစ်ရာ ရှိနေ၏' ဟူသော အချက်ကို ညွှန်းဆိုဖော်ပြနေ၏။

ဤသည် ပြစ်ဒဏ်မှ ရှောင်ရှားလွတ်မြောက်နိုင်ရန် ဖြစ်နိုင်ချေ ရှိသည့် အချက် (၃) ရပ် ဖြစ်ပေသည်။ ထို (၃) ရပ်အတွင်းထဲမှ မည်သည့်ပုံစံ အမှန်တကယ် ဖြစ်ပေါ်ခဲ့သည်ကို ပြောဆိုကြကုန်။ ဖြစ်နိုင်ချေ ရှိသော အချက်များအနက် ပထမအချက်နှစ်ရပ် မဖြစ်နိုင်၊ မရှိခဲ့ကြောင်းမှာ ထင်ရှားလှပေသည်။ တတိယ အချက်နှင့် စပ်လျဉ်းသော အမှုကိစ္စသည် ကျန်ရှိနေပေသည်။ ငှင်းအချက်သည် ဓလေ့သဘာဝ အကြောင်းခံ များအား ထောက်ရှု၍ အမှန်တကယ်ဖြစ်နိုင်ချေရှိ နေလင့်ကစား သို့ရာတွင် အထောက်အထားများ၏ ညွှန်ပြမှုအရ အမှန်တကယ် ဖြစ်ပေါ် တည်ရှိလိမ့်မည်မဟုတ်။ သို့သာမက ငှင်း၏ ပြောင်းပြန်ဖြစ်ပေါ်သွား ခြင်းဖြင့် ငှင်းတို့၏ ငြင်းဆိုမှုသည် ထင်ရှားသွားပေလိမ့်မည်။ ငှင်းပြောင်း ပြန်ဖြစ်ပေါ်မှုသည် ဤသို့ ဖြစ်ပေါ်လာပေလိမ့်မည်။)

မကြာမီပင် (ငှင်းတို့၏) ယင်းအုပ်စုသည် အရေးရှုံးနိမ့်ကြပြီး ကျောခိုင်း၍ ထွက်ပြေးကြရပေမည်။ (ဤကြိုတင်ဟောကိန်းသည် 'ဗဒရ်'စစ်ပွဲနှင့် 'အဟ်ဇာဗ်' စစ်ပွဲ အစရှိသော စစ်ပွဲတို့၌ ဖြစ်ပေါ်ခဲ့သည်။ ဤလောကီရေးရာ သက်တမ်း၌သာလျှင် ပြစ်ဒဏ်ခံရမည် မဟုတ်ရုံသာမက) အမှန်စင်စစ် (ကြီးမား သော ပြစ်ဒဏ်သည်) 'ကေယာမသ်' ရှင်ပြန်ထမည့်အချိန်၌ (ဖြစ်ပေါ်တည်ရှိလာပေလိမ့်မည်။ ယင်း) 'ကေယာမသ်' ရှင်ပြန်ထရမည့်အချိန် ကာလသည် ငှင်းတို့အား ချိန်းချက်ထားသော ချိန်းချက်မှု (အစစ် အမှန်ပင်) ဖြစ်၏။ ထို့ပြင် 'ကေယာမသ်'ရှင်ပြန်ထရမည့် အချိန်ကာလသည် (လွယ်ကူပေါ့ပါးသော အရာဟူ၍ မမှတ်ယူလေနှင့်။ သို့သာမက ထိုနေ့သည်) ပို၍ပင် ပြင်းထန်သည့်အပြင်၊ ပို၍ပင် နာကျည်း ဖွယ်ရာ မနှစ်မြို့ဖွယ်ရာ ဖြစ်ပေသည်။ (ဤသို့ ချိန်းဆိုထားသော 'ကေယာမသ်' နေ့သည် ပြင်းထန် နာကျည်းဖွယ်ကောင်းသော ပုံစံမျိုးဖြင့် မုချ ဖြစ်ပေါ်တည်ရှိလာပေလိမ့်မည်။)

(ထိုသို့ 'ကေယာမသ်'ဖြစ်ပေါ် တည်ရှိလာမည်ကို ငြင်းဆိုရာ၌) ဧကန်အမှန် ပြစ်မှုကျူးလွန်သော (ကာဖိရ်တို့) သည် လမ်းလွဲမှု၌လည်းကောင်း၊ အသိဉာဏ်ကင်းမဲ့မှု၌လည်းကောင်း (နစ်မွန်း၍) ရှိနေကြ ကုန်၏။ (ထိုလမ်းလွဲမှားမှုသည် ငှင်းတို့ကို များမကြာမီ အချိန်အတွင်း၌ 'အိလ်မုလ်ယကီးန်' (တတ်အပ် သေချာစွာ သိခြင်းမျိုး) မှ 'အိုင်နုလ်ယကီးန်' (မျက်လုံးဖြင့် မြင်တွေ့ဘိအလား သိခြင်းမျိုး) အဖြစ်သို့ ပြောင်းလွဲကာ ထင်ရှားပေါ်လွင်သွားပေလိမ့်မည်။ ထိုအချက်သည် ဤသို့ ဖြစ်ပေါ်သွားပေလိမ့်မည်။)

ငှင်းတို့သည် မှောက်လျက် 'ဂျဟန္နမ်' ၏ ငရဲမီးထဲသို့ ဒရွတ်တိုက် ဆွဲချခြင်းကို ခံကြရသော နေ့တွင် အသင်တို့သည် (ဂျဟန္နမ်) ငရဲမီး၏ ထိရောက်ခြင်း၏ အရသာကို မြည်းစမ်းကြလေကုန် (ဟု မိန့်ကြားတော်မူခြင်းကို ခံကြရပေမည်။ အကယ်၍ ငှင်းတို့သည် 'ကေယာမသ်သည် ယခုအချိန်ထိတိုင် အဘယ်ကြောင့် မဖြစ်ပေါ်သနည်း' ဟူ၍ ဒွိဟသံသယ စောဒကဖြစ်ပေါ်လာသော် ထိုသို့ မဖြစ်ပေါ်လာရ ခြင်း၏ အကြောင်းမှာ) ဧကန်မလွဲ ငါအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို (ခေတ်ကာလ အစရှိသော အချက်တို့ကို ထောက်ရှု၍ အထူး) ချင့်ချိန်၍ ဖန်ဆင်းတော်မူခဲ့၏။ (ယင်း၏ အသိပညာတော်သည် ငါအသျှင်

မြတ်၏ ထံတော်ပါး၌ ရှိပေသည်။ ဆိုလိုသည်မှာ ခေတ်ကာလ အစရှိသော အချက်အလက်များသည် ငါ အသျှင်မြတ်၏ 'အိလ်မ်' (အသိပညာတော်) အတွင်း၌ အတည်ပြု သတ်မှတ်ထားပြီးဖြစ်ပေသည်။ ဤကဲ့သို့ပင် 'ကေယာမသ်'နေ့ ဖြစ်ပေါ် တည်ရှိလာခြင်းအတွက်လည်း အချိန်တစ်ချိန်ကို သတ်မှတ်ထားတော်မူပေသည်။ သို့ရှိရာ 'ကေယာမသ်' ယခုအချိန်ထိတိုင် မဖြစ်ပေါ်လာခြင်းသည် လာရောက်ချိန် မတန်သေးသောကြောင့် ဖြစ်ပေသည်။ 'ကေယာမသ်ဖြစ်ပေါ်လာမည် မဟုတ်ပေ' ဟူ၍ ဖြားယောင်းသွေးဆောင်မှု အတွင်းသို့ မနစ်မွန်းသွားသင့်ပေ။)

စင်စစ် ('ကေယာမသ်' ဆိုက်ရောက်လာမည့်အချိန် ရောက်ရှိလာသောအခါ ထိုသို့ ဖြစ်ပေါ်လာမှုနှင့် စပ်လျဉ်း၍) ငါအသျှင်မြတ်၏ အမိန့်တော်သည် တစ်ကြိမ်တည်း အမိန့်ပေးရုံမျှဖြင့် (ပမာဆိုရသော်) မျက်စိတစ်မှိတ်အတွင်း ဖြစ်မြောက်သွားပေမည်။ (အချုပ်ဆိုရသော် 'ကေယာမသ်'၏ ဖြစ်ပေါ်မှုကို ငြင်းဆိုခြင်းသည် လုံး၀ မှားယွင်းပေသည်။)

(အကယ်၍ အသင်တို့သည် ကျွန်ုပ်တို့၏ နည်းစနစ်သည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ မနှစ်မြို့ဖွယ်ရာနှင့် မုန်းတီးဖွယ်ရာ မဟုတ်သည့်အတွက် အကယ်၍ 'ကေယာမသ်'နေ့သည်လည်း ဆိုက်ရောက်လာစေပါမူ ကျွန်ုပ်တို့သည် တစ်စုံတစ်ရာ ပူဆွေးသောကမရှိပါဟူ၍ တွေးတောနေခဲ့သည်ရှိသော် ထိုအချက်နှင့် စပ်လျဉ်း၍ နားထောင်ကြကုန်။) စင်စစ် (ငါအသျှင်မြတ်သည် အသင်တို့အလျှင်) အသင်တို့နှင့် ဝါဒချင်းတူသူတို့အား (မိမိ၏ ပြစ်ဒဏ်တော်ဖြင့်) ကွပ်မျက်ဖျက်ဆီးတော်မူခဲ့ရာ (ယင်းကဲ့သို့ ဖျက်ဆီးခံရခြင်းသည် ၎င်းလမ်းစဉ်သည် အလ္လာဟ်အသျှင်မြတ် ရွံရှာမုန်းတီးသော လမ်းစဉ်ဖြစ်ခြင်း၏ အထောက်အထားပင် ဖြစ်ပေသည်။ အသင်တို့သည်လည်း ထိုလမ်းစဉ်အပေါ်၌ ရှိနေကြရာ အမျက်တော်ရခြင်းကို ခံရသူများပင် ဖြစ်ပေသည်။ ဤအထောက်အထားသည် အလွန် ရှင်းလင်းလှပေသည်။) သို့ရှိရာ (ထိုအထောက်အထားမှ) တရားရယူမည့်သူများဟူ၍ (တစ်ဦးတစ်ယောက်မျှ) ရှိကြပါသလော။

စင်စစ် (အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ ၎င်းတို့၏ လမ်းစဉ်သည် ရွံရှာမုန်းတီးဖွယ်ရာ အဖြစ် ရှိနေသည့်ကြားကပင် ၎င်းတို့၏ ပြုမူဆောင်ရွက်ချက်များသည် အလ္လာဟ်အသျှင်မြတ်၏ 'အိလ်မ်' (အသိပညာတော်) အတွင်းမှ ပျောက်ကွယ်လျက်ရှိနေခြင်းကြောင့် ပြစ်ဒဏ်မှ လွတ်မြောက်ကောင်း၊ လွတ်မြောက်နိုင်ပေသည်' ဟူသော အချက်သည်လည်း မဖြစ်နိုင်။ သို့သာမက) ၎င်းတို့ ပြုမူခဲ့သမျှတို့သည် မှတ်တမ်းများ၌လည်း ရှိကုန်၏။ (အလ္လာဟ်အသျှင်မြတ်၏ 'အိလ်မ်' (အသိပညာတော်) အတွင်း၌ မှတ်တမ်းတင်ထားပြီး ဖြစ်ပေသည်။)

ထို့ပြင် ('မှတ်တမ်းတင် ရေးသားရာ၌ အချို့သော အချက်အလက်များသည် ကျန်ရှိကောင်း ကျန်ရှိနိုင်ပေသည်'ဟူသော အချက်သည် မဖြစ်နိုင်။ သို့သာမက) အကြီးအသေးဟူသရွေ့တို့သည် (ထိုမှတ်တမ်း၌) ရေးသားထားရှိပြီး ဖြစ်ကုန်၏။ (သို့ဆိုလျှင် ပြစ်ဒဏ်ကျရောက်လာမည် ဖြစ်ခြင်းနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာမျှ စောဒက၊ သံသယ မရှိအပ်တော့ပေ။ ဤသည်မူ ကာဖိရ်တို့၏ အခြေအနေဖြစ်သည်။)

ကေန်မလွဲ (ပြစ်မှုဒုစရိုက်များမှ ရှောင်ကြဉ်ကြကုန်သော) သူတော်ကောင်းတို့သည် (ဂျန္နသ်၏) ဥယျာဉ်များ၌လည်းကောင်း၊ စမ်းချောင်းများ၌လည်းကောင်း ရှိကြပေလိမ့်မည်။ တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော ဘုရင်မင်းမြတ်၏ ထံတော်ပါး၌ မြင့်မြတ်မှန်ကန်သော နေရာဌာနတွင် ရှိကြပေလိမ့်မည်။ (အလိုသဘောမှာ 'ဂျန္နသ်'၏ စည်းစိမ်များနှင့်အတူ အလ္လာဟ်အသျှင်မြတ်၏ နီးကပ်၊ နီးစပ်မှုကိုလည်း ရရှိပေလိမ့်မည်ဟူ၏။)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

အချို့သော ခက်ဆစ်စကားလုံးများအား ရှင်းလင်းဖွင့်ဆိုခြင်း

زُبُر ဟူသော စကားလုံးသည် အဘိဓါန်၌ ရေးသားထားပြီးဖြစ်သော ကျမ်းစာအုပ်ကို ခေါ်ဆိုကာ زَبُوْر ၏ အများကိန်းဖြစ်သည်။ ဟဇရသ်ဒါဝူးဒ် ﷺ ၏ အပေါ်သို့ သီးသန့် ကျရောက်ခဲ့သော ကျမ်းကိုလည်း 'ဇဗူးရ်'ကျမ်းဟု ခေါ်ဆိုပေသည်။

وَالسَّاعة اَدْهٰى وَامَرُّ

(ထို့ပြင် 'ကေယာမသ်' ရှင်ပြန်ထရမည့်အချိန်ကာလသည် ပို၍ပင် ပြင်းထန်သည့်အပြင်၊ ပို၍ပင် နာကျည်းဖွယ်ရာ မနှစ်မြို့ဖွယ်ရာ ဖြစ်သည်။) [၅၄ : ၄၆]

اَدْهٰى ၏ အဓိပ္ပာယ်သည် 'အလွန်ကြောက်မက်ဖွယ်ကောင်းသော အရာ'ဟူ၍ဖြစ်ပြီး اَمَرُّ သည် مُرٌّ ဟူသော စကားလုံးမှ ဆင်းသက်လာကာ အဘိဓါန်အဓိပ္ပာယ်မှာ 'ခါးသော အရသာရှိသော အရာ'ဟူ၍ ဖြစ်ပေသည်။ လွန်စွာ ခက်ခဲကြမ်းတမ်းသော၊ ဒုက္ခဖြစ်စေသော အရာအားလုံးကို مُرٌّ ، اَمَرُّ ဟူ၍ ပြောဆိုတင်ပြကြပေသည်။

فِىْ ضَلٰلٍ وَّسُعُرٍ ဟူသော အာယသ်တော်၌ ضلال ၏ ထင်ရှားကျော်ကြားသော အဓိပ္ပာယ်မှာ 'လမ်းလွဲလမ်းမှားခြင်း' ပင် ဖြစ်သည်။ سُعُر ၏ အဓိပ္ပာယ်မှာ ဤနေရာ၌ 'ဂျဟန္နမ်မီး'ဟူ၍ ဖြစ်သည်။

اَشْيَاعَكُمْ ၌ اَشْيَاع ဟူသော စကားလုံးသည် شِيْعَةٌ ဟူသော စကားလုံး၏ အများကိန်း ဖြစ်သည်။ 'နောက်လိုက်သမှု ပြုသောသူ' ဟူ၍ အဓိပ္ပာယ်ရရှိ၏။ ကျင့်ကြံပြုမူ ဆောင်ရွက်ချက်များ၌ ၎င်းတို့၏ နောက်လိုက်သမှု ပြုသောသူ (သို့မဟုတ်) ၎င်းတို့ကဲ့သို့ ပြုမူဆောင်ရွက်ခဲ့ကြသော သူတို့ကို ဆိုလိုပေသည်။

مَقْعَدِ صِدْقٍ ၌ مَقْعَد ၏ အဓိပ္ပာယ်သည် 'ထိုင်ဝိုင်းနေရာ'ဟူ၍ ဖြစ်၏။ صِدْقٍ ၏ အဓိပ္ပာယ်သည် 'မှန်ကန်မှုရှိခြင်း' ဟူ၍ ဖြစ်ပေသည်။ အလိုသဘောမှာ 'ဤထိုင်ဝိုင်းသည် မှန်ကန်သော ထိုင်ဝိုင်း ဖြစ်ပေမည်။ ယင်းထိုင်ဝိုင်း၌ အကျိုးမဲ့၊ အလဟဿ တစ်စုံတစ်ရာဖြစ်စေသော အကြောင်းအရာ၊ အချက်အလက် စကားမျိုး ရှိမည်မဟုတ်ပေ' ဟူ၍ ဖြစ်သည်။

اِنَّا كُلَّ شَيْءٍ خَلَقْنَاهُ بِقَدَرٍ

(ကေန်မလွဲ ငါအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို ချင့်ချိန်၍ ဖန်ဆင်းတော်မူခဲ့၏။)

[၅၄ : ၄၉]

قَدَرٌ သည် 'ခန့်မှန်းချက်၊ လျာထားချက်'ဟူ၍လည်းကောင်း၊ အရာတစ်ခုကို အမြော်အမြင်တော် အရသော်လည်းကောင်း၊ ကြောင်းကျိုး၊ ကောင်းဆိုးအရသော်လည်းကောင်း လျော်ညီသော အခြေအနေ၊ ပုံစံဖြင့် ပြုလုပ်ဖန်ဆင်းခြင်း'ဟူ၍ အဓိပ္ပာယ် ရရှိသည်။ ဤအာယသ်တော်တွင် ဤသို့ အောက်ဖော်ပြပါ အတိုင်း အာဘိဓါန်အဓိပ္ပာယ်မျိုးကိုလည်း ကောက်ယူနိုင်ပေသည်။ ၎င်းမှာ အလ္လာဟ်အသျှင်မြတ်သည် စကြဝဠာ ကမ္ဘာလောကအတွင်းရှိ အဖန်ဆင်းခံများအားလုံးကိုသော်လည်းကောင်း၊ ထိုအဖန်ဆင်းခံများ၏ အမျိုးအစား အလုံးစုံကိုသော်လည်းကောင်း အမြော်အမြင်နှင့် ပြည့်စုံတော်မူသော၊ အမြော်အမြင်နှင့် စီမံမှုမျိုးဖြင့် အရာဝတ္ထု၊ သတ္တဝါ အကြီးအသေးဟူသရွေ့တို့ကို ပုံစံအမျိုးမျိုး၊ အသွင်သဏ္ဍာန်အမျိုးမျိုးဖြင့် ဖန်ဆင်းထားတော်မူပေသည်။ တစ်ဖန် အမျိုးအစားတိုင်း၏ တစ်ခု၊ တစ်ကောင်၊ တစ်ယောက်ချင်းစီတို့ကို ဖန်ဆင်းရာ၌လည်း အမြော်အမြင်နှင့် ပြည့်စုံတော်မူသော စီမံမှုဖြင့် ကြီးကျယ်လှစွာသော အမြော်အမြင်တော်နှင့်အတူ ဖန်ဆင်းထားရှိပေသည်။ လက်ချောင်းကလေးများ အားလုံးကို တန်းတူမရှိသော ပုံစံမျိုးဖြင့် ဖန်ဆင်းပေးထားပေသည်။ လက်ချောင်းကလေးများ၏ အရှည်၌ ခြားနားစွာ ထားရှိထားပေသည်။ လက်နှင့် ခြေများ၏ အလျား၊ အနံ၊ ထိုလက်နှင့် ခြေထောက်တို့အား ချဲနိုင်၊ စိနိုင်ရန်အတွက်လည်းကာင်း၊ ဆုပ်နိုင်၊ ဖြန့်နိုင်ရန်အတွက်လည်းကောင်း၊ စပရိန်များကို တပ်ဆင်ပေးထားပေသည်။ အစိတ်အပိုင်း တစ်ခုချင်းစီ၏ အသေးစိတ်၊ အနုစိတ်၊ ကဏ္ဍာရပ်တစ်ခုချင်းကို ကြည့်ရှုပါမူ၊ အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်နှင့် အမြော်အမြင်တော်တို့၏ အံ့ဖွယ်ကောင်းသော တံခါးများ ဖွင့်လှစ်ထားလျက် ရှိသည်ကို မြင်တွေ့ရပေမည်။

သာသနာတော်၏ အသုံးအနှုန်း ဝေါဟာရ၌ قدر 'ကဒရ်'ဟူသော စကားလုံး၏ အဓိပ္ပာယ်ကို 'အလ္လာဟ်အသျှင်မြတ်၏ သတ်မှတ်ချက်အဖြစ်လည်း အသုံးပြုပေသည်။ မြောက်မြားစွာသော အကျယ်ဖွင့် ပညာရှင်အမောမ်ကြီးများသည် အချို့သော ဟဒီးစ်၏ ဆင့်ပြန်ချက်များကို ထောက်ရှု၍ ဤအာယသ်တော် အတွင်း ပါရှိသော 'ကဒ်ရ်' ဟူသော စကားလုံး၏ အဓိပ္ပာယ်ကို 'သပ်က်ဒီရေအေလာဟီး' (အလ္လာဟ် အသျှင်မြတ်၏ သတ်မှတ်ချက် (နဖူးစာကံ) ဟူသော အလိုသဘောကို ကောက်ယူထားကြပေသည်။

မွတ်စ်နဒ်အဟ်မဒ်ကျမ်း၊ မွတ်စ္စလင်မ်ကျမ်းနှင့် သိရ်မေဇီကျမ်းတို့၌ ဟဇရေသ်အဗူဟူရိုင်ရာဟ် (ရဟ) ၏ ဆင့်ပြန်ချက်၌ ဤသို့ လာရှိထားပေသည်။ တစ်ကြိမ်တစ်ခါက ကုရိုက်ရှ်အမျိုးသား မုရှ်ရစ်က်တို့သည် တမန်တော်မြတ် ﷺ အား 'သပ်က်ဒီးရ်' (နဖူးစာကံ) ၏ ဓမ္မသတ်နှင့် စပ်လျဉ်း၍ အငြင်းအခုံ ပြုလေရာ ဤအထက်ဖော်ပြပါ အာယသ်တော် ကျရောက်လာပေသည်။

ဤအဓိပ္ပာယ်ကို ထောက်ရှု၍ အာယသ်တော်၏ အလိုသဘောမှာ 'ငါအသျှင်မြတ်သည် ခပ်သိမ်း ကုန်သော စကြဝဠာအတွင်းရှိ အရာတစ်ခုချင်းစီကို အတိတ်မရှိသော အတိတ်ခေတ်ကာလကပင် သတ်မှတ် ထားသော မိမိ၏ သတ်မှတ်အတည်ပြုချက်နှင့် အညီ ဖန်ဆင်းထားတော်မူပေသည် ဟူ၏။ ဆိုလိုသည် မှာ အစမရှိသော အတိတ်ခေတ် ကာလကတည်းက ပေါ်ပေါက်လာမည့် အရာဝတ္ထုများ၊ ၎င်းတို့၏ အတိုင်း အတာ၊ ကာလ်ဒေသ်နှင့် တိုးခြင်း၊ ဆုတ်ခြင်းတို့၏ အတိုင်းအတာတို့ကို စကြဝဠာ ကမ္ဘာလောကကြီး တည်ရှိ ဖြစ်ပေါ်ခဲ့ခြင်း မရှိမီကပင် ရေးသားသတ်မှတ်ထားပြီး ဖြစ်၏။ စကြဝဠာ ကမ္ဘာလောကကြီး အတွင်း၌ ဖြစ်ပေါ်တည်ရှိနေသော အရာများသည် ထိုအစမရှိသော အတိတ်ခေတ်ကာလ၏ လျာထား အတည်ပြုချက်နှင့်အညီ ဖြစ်ပေါ်တည်ရှိရပေသည် ဟူ၏။

'သပ်က်ဒီးရ်'၏ ဤဓမ္မသတ်သည် အစ္စလာမ်သာသနာအတွင်းဝယ် ငြင်းမရသော ခံယူချက်ပိုင်း ဆိုင်ရာ ကဏ္ဍရပ်ဖြစ်ပေသည်။

ဤယုံကြည်ချက်အား ငြင်းဆိုသူသည် ကာဖိရ်ဖြစ်၍ ကောက်ချက်အမျိုးမျိုးချ၍ ငြင်းဆိုသူတို့မှာ ဖာစိက် (မသူတော်) ဖြစ်၏။ အေမာမ်အဟ်မဒ် (ရဟ)၊ အေမာမ်အာဘူဒါဝူးဒ် (ရဟ) နှင့် အေမာမ်သွဗ်ရာနီ (ရဟ) တို့ကဟဇရေသ်အဗ်ဒွလ္လာဟ်ဗင်န်အုမရ် ﷺ သခင်ထံတွင် ရိဝါယသ်ဆင့်ပြန်ချက်ကို ဆင့်ပြန်တင်ပြ ခဲ့သည်။ တမန်တော်မြတ် ﷺ အမိန့်တော် ရှိသည်မှာ အုမ္မသ်တိုင်းအုမ္မသ်တိုင်းတွင် အချို့သူတို့မှာ မဂျူစီများ ဖြစ်ကြသည်။ ဤအုမ္မသ်သေမုဟမ္မဒီယာ (တမန်တော်မြတ် ﷺ ၏ အုမ္မသ်) အတွင်း၌ မဂျူစီဖြစ်ကြသူ တို့မှာ 'သပ်က်ဒီးရ်' (နဖူးစာကံတရား) ကို ငြင်းဆိုကြသူများပင် ဖြစ်သည်။ ယင်းသူများ မမာမကျန်း ဖြစ်သော် ၎င်းတို့ထံ လူမမာမေး မသွားရ။ သေဆုံးသွားသော် ကဖန်၊ ဒဖန်၌ မပါဝင်ရဟူ၍ ဖြစ်သည်။

[ရှုဟုလ်မအာနီကျမ်း]

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်ရဟ်မာန်

အနန္တကရုဏာတော်ရှင် ကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

اَلرَّحْمٰنُ ۝١

၅၅ : ၁ ။ ။ 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်သည်ပင်။

عَلَّمَ الْقُرْاٰنَ ۝٢

၅၅ : ၂ ။ ။ (ဤ) ကုရ်အာန်ကျမ်းတော်မြတ်ကို သင်ကြားပို့ချ၍ ပေးတော်မူခဲ့၏။

خَلَقَ الْاِنْسَانَ ۝٣

၅၅ : ၃ ။ ။ ထိုအသျှင်မြတ်သည်ပင် လူသားအား ဖန်ဆင်းတော်မူခဲ့၏။

عَلَّمَهُ الْبَيَانَ ۝٤

၅၅ : ၄ ။ ။ ထိုအသျှင်မြတ်သည်ပင် ၎င်းလူသားအား စကားပြောဆိုမှုကို သင်ကြားပေးတော်မူ၏။

اَلشَّمْسُ وَالْقَمَرُ بِحُسْبَانٍ ۝٥

၅၅ : ၅ ။ ။ နေသည်လည်းကောင်း၊ လသည်လည်းကောင်း အတွက်အချက် အချိန်နှင့် ကိုက်ညီစွာ (သွားလာလှုပ်ရှားလျက်) ရှိကြ၏။

وَّالنَّجْمُ وَالشَّجَرُ يَسْجُدٰنِ ۝٦

၅၅ : ၆ ။ ။ အမြစ်၊ ပင်စည်မပါသော အပင်ငယ်များသည်လည်းကောင်း၊ ပင်စည်ပါသော အပင်ငယ်များသည်လည်းကောင်း (အသျှင်မြတ်အား) အမိန့်နာခံ ပျပ်ဝပ်ဦးချလျက် ရှိကြကုန်၏။

وَالسَّمَاءَ رَفَعَهَا وَوَضَعَ الْمِيزَانَ ﴿٧﴾

၅၅ : ၇ ။ ။ ထိုအသျှင်မြတ်သည်ပင် မိုးကောင်းကင်ကို မြင့်စွင့်စေတော်မူခဲ့၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် ချိန်ခွင် ကို တီထွင်စီစဉ်၍ ပေးတော်မူခဲ့၏။

أَلَّا تَطْغَوْا فِي الْمِيزَانِ ﴿٨﴾

၅၅ : ၈ ။ ။ အသင်တို့သည် ချိန်တွယ်ရာ၌ မတရားမှု မပြုကြရန်လည်းကောင်း။

وَأَقِيمُوا الْوَزْنَ بِالْقِسْطِ وَلَا تُخْسِرُوا الْمِيزَانَ ﴿٩﴾

၅၅ : ၉ ။ ။ ထို့ပြင် အသင်တို့သည် ချိန်တွယ်မှုကို တရားမျှတစွာ စောင့်ထိန်းကြရန်လည်းကောင်း၊ ချိန်တွယ်ရာ၌ ယုတ်လျော့စေခြင်း မရှိကြစေရန်လည်းကောင်း။

وَالْأَرْضَ وَضَعَهَا لِلْأَنَامِ ﴿١٠﴾

၅၅ : ၁၀ ။ ။ ၎င်းပြင် ပထဝီမြေကို ထိုအသျှင်မြတ်သည်ပင် အဖန်ဆင်းခံတို့၏ အကျိုးငှာ ပြုလုပ်ဖန်ဆင်းထား ရှိတော်မူ၏။

فِيهَا فَاكِهَةٌ وَالنَّخْلُ ذَاتُ الْأَكْمَامِ ﴿١١﴾

၅၅ : ၁၁ ။ ။ ယင်းပထဝီမြေ၌ သစ်သီးဝလံများသည်လည်းကောင်း၊ အစွပ်များဖြင့် ငုံ၊ အညှာတံများဖြင့် အုပ်လျက် ရှိသော စွန်ပလွံပင်များသည်လည်းကောင်း။

وَالْحَبُّ ذُو الْعَصْفِ وَالرَّيْحَانُ ﴿١٢﴾

၅၅ : ၁၂ ။ ။ ၎င်းပြင် ဖွဲနုပါသော ကောက်ပဲသီးနှံများသည်လည်းကောင်း (အရွက်ရှိသော အစေ့များသည်လည်းကောင်း) မွှေးကြိုင်လျက်ရှိသော ပန်းများ၊ အစာအဟာရများသည်လည်းကောင်း ရှိကြကုန်၏။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿١٣﴾

၅၅ : ၁၃ ။ ။ သို့ပါလျက် (အို၊ 'ဂျင်န်'နှင့် လူသတ္တဝါအပေါင်းတို့) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော် မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

خَلَقَ الْإِنسَانَ مِن صَلْصَالٍ كَالْفَخَّارِ ﴿١٤﴾

၅၅ : ၁၄ ။ ။ ထိုအသျှင်မြတ်သည်ပင် လူသားအား မြေအိုး၊ အိုးခြမ်းကွဲပမာ အသံမြည်သော ရွှံ့ခြောက်ဖြင့် ဖန်ဆင်း တော်မူခဲ့၏။

وَخَلَقَ الْجَآنَّ مِنْ مَّارِجٍ مِّنْ نَّارٍ ﴿١٥﴾

၅၅ : ၁၅ ။ ။ ၎င်းပြင် ထိုအသျှင်မြတ်သည်ပင် 'ဂျင်န်'တို့ကို 'ဂျင်န်'သတ္တဝါတို့၏ ဖခင် (အီဗ်လီးစ်) ကို မီးခဲ၊ မီးခိုးမရှိသော မီးတောက်ဖြင့် ဖန်ဆင်းတော်မူခဲ့၏။

فَبِاَیِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿١٦﴾

၅၅ : ၁၆ ။ ။ သို့ပါလျက် (အို၊ 'ဂျင်န်'နှင့် လူသတ္တဝါအပေါင်းတို့) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

رَبُّ الْمَشْرِقَيْنِ وَرَبُّ الْمَغْرِبَيْنِ ﴿١٧﴾

၅၅ : ၁၇ ။ ။ (ထိုအသျှင်မြတ်သည်ပင်) နေထွက်ရာ အရပ်နှစ်ခုလုံးကို ဖန်ဆင်းတော်မူသော အသျှင်၊ နေဝင်ရာ အရပ်နှစ်ခုစလုံးကို ဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

فَبِاَیِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿١٨﴾

၅၅ : ၁၈ ။ ။ သို့ပါလျက် (အို၊ 'ဂျင်န်'နှင့် လူသတ္တဝါအပေါင်းတို့) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

مَرَجَ الْبَحْرَيْنِ يَلْتَقِيٰنِ ﴿١٩﴾

၅၅ : ၁၉ ။ ။ ထိုအသျှင်မြတ်သည် ပင်လယ်သမုဒ္ဒရာနှစ်ခုကို လွှတ်တော်မူခဲ့ရာ ထိုသမုဒ္ဒရာ ပင်လယ်နှစ်ခုသည် ဆုံစည်းဆက်စပ်လျက် ရှိ၏။ (တစ်နည်း) ထိုအသျှင်မြတ်သည်ပင် ဆက်စပ်စီးဆင်းလျက်ရှိသော သမုဒ္ဒရာ ပင်လယ်နှစ်ခုကို လွှတ်တော်မူခဲ့၏။

بَيْنَهُمَا بَرْزَخٌ لَّا يَبْغِيٰنِ ﴿٢٠﴾

၅၅ : ၂၀ ။ ။ ယင်းပင်လယ်နှစ်ခု၏ အကြား၌ အတားအဆီးတစ်ခု ရှိနေပေရာ ၎င်းတို့နှစ်ခုစလုံးမှာ ဗိုင်နက်ကျူးလွန်နိုင်ကြသည် မရှိပေ။

فَبِاَیِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿٢١﴾

၅၅ : ၂၁ ။ ။ သို့ပါလျက် (အို၊ 'ဂျင်န်'နှင့် လူသတ္တဝါအပေါင်းတို့) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

يَخْرُجُ مِنْهُمَا اللُّؤْلُؤُ وَالْمَرْجَانُ ﴿٢٢﴾

၅၅ : ၂၂ ။ ။ ယင်းပင်လယ်နှစ်ခုမှ ပုလဲရတနာများသည်လည်းကောင်း၊ သန္တာ (ပင်လယ်ထွက် ကျောက်နီ) များသည်လည်းကောင်း ထွက်ကြပေသည်။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٢٣﴾

၅၅ : ၂၃ ။ ။ သို့ပါလျက် (အို၊ 'ဂျင်န်'နှင့် လူသတ္တဝါအပေါင်းတို့) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

وَلَهُ الْجَوَارِ الْمُنْشَآتُ فِي الْبَحْرِ كَالْأَعْلَامِ ﴿٢٤﴾

၅၅ : ၂၄ ။ ။ ၄င်းပြင် ပင်လယ်သမုဒ္ဒရာ၌ တောင်များပမာ (မားမားမတ်မတ်) ရပ်နေကြသော၊ အထင်အရှား ရှိနေကြသော သင်္ဘောများမှာလည်း ထိုအသျှင်မြတ်၏ အာဏာစက်အတွင်း၌ ရှိနေကြကုန်၏။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٢٥﴾

၅၅ : ၂၅ ။ ။ သို့ပါလျက် (အို၊ 'ဂျင်န်'နှင့် လူသတ္တဝါအပေါင်းတို့) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

'ရဟ်မာန်' အနန္တကရုဏာတော်ရှင်သည်ပင် (ထိုအသျှင်မြတ် ချီးမြှင့် ပေးသနားတော်မူထားသည့် မရေမတွက်နိုင်လောက်အောင်သော 'နေ့အ်မသ်' စည်းစိမ်တော်များ ရှိပေသည်။ ထိုစည်းစိမ်တော်များအနက်မှ ဝိညာဉ်ပိုင်း၊ နာမ်ပိုင်းဆိုင်ရာ 'နေ့အ်မသ်'(စည်းစိမ်တော်) တစ်ရပ်မှာ ဤသို့တည်း။ ထိုအသျှင်မြတ်သည်ပင် ဤ) ကုရ်အာန်ကျမ်းတော်မြတ်၏ (ပညတ်ချက်များ) ကို (မိမိ၏ ကျေးကျွန်များအား) သင်ကြားပို့ချ၍ ပေးတော်မူခဲ့၏။ (ဆိုလိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်ကို ချပေးတော်မူခဲ့သည်။ ထိုသို့ချပေးတော်မူခဲ့ခြင်းမှာ ထိုအသျှင်မြတ်၏ ကျေးကျွန်များသည် ယင်းကျမ်းမြတ်အပေါ် အီမာန်ရယူ၍ ကျမ်းမြတ်လာ ပညတ်ချက်များကို လိုက်နာဆောက်တည်၍ ထာဝစဉ်၊ ထာဝရ၏ အေးချမ်းသာယာမှု၊ ပျော်ရွှင်ကြည်နူးဖွယ်ရာများကို ရယူနိုင်ရန် အလို့ငှာ ဖြစ်ပေသည်။ ထို့ပြင် ထိုအသျှင်မြတ်၏ ချီးမြှင့်ပေးသနားတော်မူထားသည့် ရုပ်ပိုင်းဆိုင်ရာ 'နေ့အ်မသ်' (စည်းစိမ်တော်) တစ်ရပ်မှာ ဤသို့တည်း။)

ထိုအသျှင်မြတ်သည်ပင် လူသားအား ဖန်ဆင်းတော်မူခဲ့၏။ (တစ်ဖန်) ထိုအသျှင်မြတ်သည်ပင် ၄င်းလူသားအား စကားပြောဆိုမှုကို သင်ကြားပေးတော်မူ၏။ (အကြင်ကဲ့သို့ သင်ကြားပေးခြင်းအပေါ် ထောင်ပေါင်းများစွာသော အကျိုးတရားများ တည်ရှိနေပေသည်။ ထိုအကျိုးပြုသော အချက်များထဲမှ

အချက်တစ်ချက်မှာ ကုရ်အာန်ကျမ်းတော်မြတ်ကို အခြားသော ဘာသာစကားဖြင့် ဘာသာပြန်ဆိုနိုင်ခြင်းနှင့် အခြားသောသူတို့ကို ပို့ချပေးနိုင်ခြင်းတို့ ဖြစ်ပေသည်။)

(ထို့ပြင် အာကာသကောင်းကင်ပိုင်းနှင့် စပ်လျဉ်း၍ အပေါ်ယံ ရုပ်ပိုင်းဆိုင်ရာ 'နေ့အ်မသ်' (စည်းစိမ်တော်) တစ်ရပ်မှာ ထိုအသျှင်မြတ်၏ အမိန့်တော်ဖြင့်) နေသည်လည်းကောင်း၊ လသည်လည်းကောင်း အတွက်အချက်၊ အချိန်နှင့် ကိုက်ညီစွာ (သွားလာလှုပ်ရှားလျက်) ရှိကြ၏။

အမြစ်၊ ပင်စည် မပါသော အပင်ငယ်များသည်လည်းကောင်း၊ ပင်စည်ပါသော အပင်ငယ်များသည်လည်းကောင်း (အသျှင်မြတ်အား) အမိန့်နာခံ ပျပ်ဝပ်ဦးချလျက် ရှိကြကုန်၏။ (နေနှင့်လ၏ လှုပ်ရှားသွားလာခြင်း၊ 'နေ့အ်မသ်' (စည်းစိမ်တော်) ဖြစ်ရခြင်းအကြောင်းမှာ ယင်းအရာနှစ်ခု၏ လှုပ်ရှားသွားလာခြင်းအပေါ် နေ့နှင့် ည ဖြစ်ပေါ်လာပေသည်။ အေးခြင်း၊ ပူအွေးခြင်းများ ဖြစ်ပေါ်လာပေသည်။ လနှင့်နှစ်တို့ကို ရေတွက်၍ ရခြင်းဟူသော အကျိုးတရားများ ဖြစ်ပေါ်လာပေသည်။ ထိုသို့ အချိန်ဇယားများကြည့်ရှု၍ရခြင်း၊ အကျိုးတရားဖြစ်ခြင်းအချက်မှာ ထင်ရှားလှပေသည်။ သစ်ပင်များ ပျပ်ဝပ်ဦးချနေခြင်း 'နေ့အ်မသ်' (စည်းစိမ်တော်များ) ဖြစ်ခြင်းအကြောင်းမှာ အလ္လာဟ်အသျှင်မြတ်သည် ထိုသစ်ပင်များအတွင်း ဝယ် လူသားတို့အဖို့ မရေမတွက်နိုင်လောက်အောင်သော အကျိုးပြုသည့် အရာများကို ဖန်ဆင်းပေးသနားထားတော်မူ၍ ဖြစ်ပေသည်။

(ထို့ပြင် 'နေ့အ်မသ်' စည်းစိမ်တော်တစ်ရပ်မှာ) ထိုအသျှင်မြတ်သည်ပင် မိုးကောင်းကင်ကို မြင့်စွင့်စေတော်မူခဲ့၏။ (ယင်းကဲ့သို့ မြင့်စွင့်စွာ ဖန်ဆင်းထားခြင်းဖြင့် မိုးကောင်းကင်နှင့် စပ်လျဉ်း၍ အခြားသော အကျိုးပြုသည့် အချက်များအပြင် ကြီးမားလှစွာသော အကျိုးတစ်ရပ်မှာ ထိုမိုးကောင်းကင်ကို ကြည့်ရှုကာ လူသားသည် ထိုမိုးကောင်းကင်ကို ဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ကြီးကျယ် လှစွာသော ဂုဏ်ရှိန်၊ ဂုဏ်ဝါတော်အပေါ် အထောက်အထားအဖြစ် ရယူနိုင်ခြင်းပင် ဖြစ်ပေသည်။

၎င်းမှာ အလ္လာဟ်အသျှင်မြတ်သည် အာယသ်တော်တစ်ပါးဖြစ်သော

وَيَتَفَكَّرُوْنَ فِىْ خَلْقِ السَّمٰوٰتِ ــ الخ

(ထိုသူတို့သည် အာကာသကောင်းကင်ဘုံများနှင့် ကမ္ဘာမြေပြင်ကို ဖန်ဆင်းခြင်းနှင့် စပ်လျဉ်း၍ စဉ်းစားဆင်ခြင်ကြ၏) ဟု မိန့်တော်မူထားသည့်အတိုင်းပင် ဖြစ်ပေသည်။ [၃ း ၁၉၁]

ထို့ပြင် 'နေ့အ်မသ်' (စည်းစိမ်) တော်တစ်ရပ်မှာ ၎င်းပြင် ထိုအသျှင်မြတ်သည် (ကမ္ဘာလောက၌) ချိန်ခွင်ကို တီထွင်စီစဉ်၍ ပေးတော်မူခဲ့၏။ အသင်တို့သည် ချိန်တွယ်ရာ၌ မတရားမှု မပြုကြရန် ဖြစ်သည်။ (ဤချိန်ခွင်သည် အပြန်အလှန် ရပိုင်ခွင့်များကို ပြည့်ဝစွာ ပေးဆပ်စေသော ကိရိယာဖြစ်၍ ကြီးကျယ် လှစွာသော အကျိုးပြုသည့်အရာ ဖြစ်သောကြောင့် ထောင်ပေါင်းများစွာသော အတွင်းပိုင်းဆိုင်ရာနှင့် အပြင်ပိုင်းဆိုင်ရာ ပျက်စီးဆုံးရှုံးမှု ဖြစ်ရှိစေခြင်းတို့အား ဝေးကွာပပျောက်စေပေသည်။ သို့ရှိရာ အသင်တို့သည် ထိုစည်းစိမ်တော်အား အထူးတလည် ကျေးဇူးတင်ရှိကြကုန်။)

ထို့ပြင် (ယင်းကျေးဇူးတော်အပေါ် ကျေးဇူးတရား ထားရှိခြင်းအချက်ထဲမှ အချက်တစ်ရပ်မှာ) အသင်တို့သည် ချိန်တွယ်မှုကို တရားမျှတစွာ (မှန်ကန်စွာ) စောင့်ထိန်းကြရန်လည်းကောင်း၊ ချိန်တွယ်ရာ၌ ယုတ်လျော့စေ ခြင်း မရှိကြစေရန်လည်းကောင်း (ဖြစ်သည်။)

၎င်းပြင် (စည်းစိမ်တော်တစ်ရပ်မှာ) ပထဝီမြေကို ထိုအသျှင်မြတ်သည်ပင် အဖန်ဆင်းခံတို့၏ အကျိုး ၄ာ (ထိုနေရာ၌) ပြုလုပ် ဖန်ဆင်းထားရှိတော်မူခဲ့၏။

ယင်းပထဝီမြေ၌ သစ်သီးဝလံများသည်လည်းကောင်း၊ အစွပ်များဖြင့် ၎င်း၊ အညှာတံများဖြင့် အုပ်လျက် ရှိသော စွန်ပလွံပင်များသည်လည်းကောင်း၊ ၎င်းပြင် ဖွဲနုပါသော ကောက်ပဲသီးနှံများသည်လည်းကောင်း၊ (အရွက်ရှိသော အစေ့များသည်လည်းကောင်း) မွှေးကြိုင်လျက်ရှိသော ပန်းများ၊ (ဟင်းလျာ) အစာအဟာရ များ (စသည်တို့) သည်လည်းကောင်း ရှိကြကုန်၏။

သို့ပါလျက် (အို၊ ဂျင်န်နှင့် လူသတ္တဝါအပေါင်းတို့၊ 'နေအ်မသ်' စည်းစိမ်တော်များ ဤမျှခန့် များပြား၊ ကြီးကျယ်စွာ တည်ရှိနေသည့် ကြားကပင်) အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော် မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။ (ငြင်းဆို ခြင်းသည် အလွန်တရာ တရားမျှတမှု ကင်းမဲ့ခြင်းနှင့် စဉ်းစားတွေးခေါ်မှုပြုရန် မလိုအပ်သော အချက်များ ဖြစ်ရုံသာမက မျက်ဝါးထင်ထင် တွေ့မြင်ရဘိအလား ရှိသော အချက်များအား ငြင်းဆိုခြင်းဖြစ်သည်။)

(ထို့ပြင် 'နေအ်မသ်'စည်းစိမ်တော်တစ်ရပ်မှာ) ထိုအသျှင်မြတ်သည်ပင် (ကမ္ဘာဦး) လူသား (ဟဇရသ် အာဒမ် ﷺ) အား မြေအိုး၊ အိုးခြမ်းကွဲပမာ (တဒေါင်ဒေါင်) အသံမြည်သော ရွှံ့ခြောက်ဖြင့် ဖန်ဆင်း တော်မူခဲ့၏။ (ယင်း၏ အကျဉ်းချုပ်အကြောင်း အထက်တွင် အချို့သော အာယသ်တော်များအတွင်း၌ လာရှိထားပြီး ဖြစ်ပေသည်။ ၎င်းပြင် ထိုအသျှင်မြတ်သည်ပင် 'ဂျင်န်'တို့ကို၊ (ဂျင်န်သတ္တဝါတို့၏ ဖခင် (အိဗ်လီးစ်) ကို) မီးခဲ (မီးခိုးမရှိသော) မီးတောက်ဖြင့် ဖန်ဆင်းတော်မူခဲ့၏။ (ထိုနောက်တစ်ဖန် ယင်းအတန်း အစား နှစ်ရပ်စလုံးအတွင်း၌ သားဖွားခြင်း၏ အကြောင်းခံဖြင့် မျိုးဆက်များ ပြန့်ပွားလာခဲ့ပေသည်။ ယင်း အချက်၏ အကျယ်တဝင့်အကြောင်း စူရာဟ် 'ဟဂျ်ရ်'၏ ရုကူအ် နံပါတ် (၂) ၌ တင်ပြထားပြီး ဖြစ်ပေသည်)

သို့ပါလျက် (အို၊ ဂျင်န်နှင့် လူသတ္တဝါအပေါင်းတို့၊ 'နေအ်မသ်'စည်းစိမ်တော်များ ဤမျှခန့် များပြား ကြီးကျယ်စွာ တည်ရှိနေပါလျက်နှင့်) အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင် မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။ (အလိုသဘောကို အထက်၌ တင်ပြထားပြီး ဖြစ်ပေသည်။)

(ထိုအသျှင်မြတ်သည်ပင်)နေထွက်ရာအရပ်နှစ်ခုစလုံးကို (အစစ်အမှန်) ဖန်ဆင်းတော်မူသော အသျှင်၊ နေဝင်ရာအရပ်နှစ်ခုစလုံးကို (အစစ်အမှန်) ဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ (ထိုအချက် အကြောင်း အရာ၏ အလိုသဘောမှာ နေမင်းနှင့် လမင်း ထွက်ပေါ်၊ ဝင်ရောက် ပျောက်ကွယ်သွားလေ့ ရှိသော မိုးကုတ်စက်ဝိုင်း တည်နေရာကို ဆိုလိုခြင်းဖြစ်သည်။၎င်းတို့၏ 'နေအ်မသ်'စည်းစိမ်တော် ဖြစ်ရခြင်း

အကြောင်းမှာ 'နေ့နှင့် ညဏ် အစနှင့် အဆုံးနှင့်အတူ များစွာသော အဓိကကျသည့်အချက်များ ဆက်နွယ်နေခြင်းတို့ကြောင့်' ဖြစ်ကြောင်းမှာ ထင်ရှားလှပေသည်။)

သို့ပါလျက် (အို၊ ဂျင်န်နှင့် လူသတ္တဝါအပေါင်းတို့၊ 'နေ့အ်မသ်'စည်းစိမ်တော်များ ဤမျှခန့် များပြားကြီးကျယ်စွာ တည်ရှိနေပါလျက်နှင့်) အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။)

(ထို့ပြင် 'နေ့အ်မသ်' စည်းစိမ်တော်တစ်ရပ်မှာ) ထိုအသျှင်မြတ်သည် ပင်လယ်သမုဒ္ဒရာနှစ်ခုကို လွှတ်တော်မူခဲ့ရာ ထိုပင်လယ်သမုဒ္ဒရာနှစ်ခုသည် (ပုံပန်းသဏ္ဌာန်၊ ပြင်ပသဏ္ဌာန်အားဖြင့်) ဆုံစည်းဆက်စပ်လျက် ရှိ၏။ (တစ်နည်း) ထိုအသျှင်မြတ်သည်ပင် ဆက်စပ်စီးဆင်းလျက်ရှိသော သမုဒ္ဒရာ ပင်လယ်နှစ်ခုကို လွှတ်တော်မူခဲ့၏။

(အမှန်တကယ်တွင်) ယင်းပင်လယ်နှစ်ခု၏ အကြား၌ (တန်ခိုးတော်အသျှင်မြတ်၏ ပြယုဂ်ဖြစ်သော) အတားအဆီးတစ်ခု ရှိနေပေရာ (ယင်းသို့ အတားအဆီး ရှိနေခြင်းကြောင့်) ၎င်းတို့နှစ်ခုစလုံးမှာ (မိမိတို့ တည်ရှိရာ နေရာများမှ) ပိုင်နက်ကျူးလွန်နိုင်ကြသည် မရှိပေ။ (ယင်းအချက်နှင့် စပ်လျဉ်းသော အကျယ်တဝင့် အကြောင်းအရာကို စူရာဟ် 'ဖုရ်ကာန်' မဆုံးမီအလျင် တစ်ရုကူအ်ခွဲအလျင်၌ တင်ပြခဲ့ပြီး ဖြစ်သည်။ ရေချိုနှင့် ရေငန် နှစ်မျိုးစလုံးအား ဖန်ဆင်းပေးထားရာ၌ အကျိုးဖြစ်စေသော အချက်များရှိကြောင်း' မှာ ထင်ရှားလှပေသည်။ ယင်းပင်လယ်နှစ်ခုစလုံးကို ထိတွေ့စေထားရာ၌ အလ္လာဟ်အသျှင်မြတ်၏ 'ကွဒ်ရသ်' တန်ခိုးတော်အပေါ် အထောက်အထားရယူနိုင်သော 'နေ့အ်မသ်' စည်းစိမ်တော်သည်လည်း တည်ရှိနေပေသည်။

သို့ပါလျက် (အို၊ ဂျင်န်နှင့် လူသတ္တဝါအပေါင်းတို့၊ 'နေ့အ်မသ်'စည်းစိမ်တော်များ ဤမျှခန့် များပြားကြီးကျယ်စွာ တည်ရှိနေပါလျက်နှင့်) အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။)

(ပင်လယ်သမုဒ္ဒရာနှစ်စင်းနှင့် စပ်လျဉ်း၍ အခြားသော 'နေ့အ်မသ်' စည်းစိမ်တော်တစ်ရပ်မှာ) ယင်းပင်လယ်သမုဒ္ဒရာနှစ်စင်းမှ ပုလဲရတနာများသည်လည်းကောင်း၊ သန္တာ (ပင်လယ်ထွက် ကျောက်နီ) များသည်လည်းကောင်း ထွက်ကြပေသည်။ (ယင်းပုလဲနှင့် သန္တာကျောက်တို့သည် 'နေ့အ်မသ်' စည်းစိမ်တော်ဖြစ်ကြောင်း' မှာ ထင်ရှားလှပေသည်။

သို့ပါလျက် (အို၊ ဂျင်န်နှင့် လူသတ္တဝါအပေါင်းတို့၊ 'နေ့အ်မသ်'စည်းစိမ်တော်များ ဤမျှခန့် များပြားကြီးကျယ်စွာ တည်ရှိနေပါလျက်နှင့်) အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။)

(ထို့ပြင် အခြားသော 'နေ့အ်မသ်'စည်းစိမ်တော်တစ်ရပ်မှာ) ၎င်းပြင် ပင်လယ်သမုဒ္ဒရာ၌ တောင်များပမာ (မားမားမတ်မတ်) ရပ်နေကြသော (အထင်အရှား တွေ့မြင်နေရသော) သင်္ဘောများမှာလည်း ထိုအသျှင်မြတ်၏ (စီမံမှု၊ ခြယ်လှယ်မှု၏) အာဏာစက်အတွင်း၌ ရှိနေကြကုန်၏။ ထိုသို့ သင်္ဘောများ

လှုပ်ရှားသွားလာနေခြင်း 'နေအ်မသ်'စည်းစိမ်တော်ဖြစ်ခြင်း၊ အကျိုးပြုစေသော အချက် ဖြစ်ခြင်းမှာ ထင်ရှား ရှံသာမက အထင်ရှားဆုံးသော အချက်ပင် ဖြစ်ပေသည်။)

သို့ပါလျက် (အို၊ ဂျင်န်နှင့် လူသတ္တဝါအပေါင်းတို့၊ 'နေအ်မသ်'စည်းစိမ်တော်များ ဤမျှခန့် များပြား ကြီးကျယ်စွာ တည်ရှိနေပါလျက်နှင့်) အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင် မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

ဆူရာဟ်တော်များကြား ဆက်စပ်မှုနှင့် فَبِاَيِّ اٰلَاۤءِ رَبِّكُمَا تُكَذِّبٰنِ ဟူသော အာယသ်တော်ကို အကြိမ်ကြိမ်အခါခါ တင်ပြရခြင်း၏ အမြော်အမြင်တော်

ဤစူရာဟ်တော်၏အလျင် တင်ပြပြီးခဲ့သော စူရာဟ်ဖြစ်သည့် စူရာဟ် 'ကမရ်'အတွင်း လာရှိထား သော အကြောင်းအရာအများစုသည် ဆိုးသွမ်းယုတ်မာသော မျိုးနွယ်အုပ်စုများအပေါ် အလ္လာဟ်အသျှင်မြတ် ၏ ပြစ်ဒဏ်ကျရောက်လာခြင်းနှင့် ဆက်စပ်နေပေသည်။ ထို့ကြောင့် ပြစ်ဒဏ်တစ်ရပ်ချင်းစီကို တင်ပြပြီး သည့်နောက် လူတို့အား သတိပေးရန်အတွက် သီးသန့်ဝါကျတော်တစ်ခုဖြစ်သော

فَكَيْفَ كَانَ عَذَابِىْ وَنُذُرِ

(သို့ဖြစ်ပေရာ ငါအသျှင်မြတ်၏ ပြစ်ဒဏ်သည်လည်းကောင်း၊ ငါအသျှင်မြတ်၏ သတိပေး နှိုးဆော် ချက်များသည်လည်းကောင်း မည်သို့မည်ပုံ ရှိခဲ့သည်ကို ဆင်ခြင်သုံးသပ်ကြလေကုန်။) *[၅၄ : ၁၆]*

ဟူသော အာယသ်တော်ကို အကြိမ်ကြိမ်အခါခါ အသုံးပြု အမိန့်ရှိထားတော်မူပေသည်။ ထိုအထက် ဖော်ပြပါ အာယသ်တော်နှင့် တစ်ဆက်တည်းမှာပင် အီမာန်ရယူခြင်းတရားနှင့် အမိန့်နာခံခြင်းတရားကို တိုက်တွန်းနှိုးဆော်မှုပြုရန်အတွက် ဒုတိယဝါကျအဖြစ်

وَلَقَدْ يَسَّرْنَا الْقُرْاٰنَ لِلذِّكْرِ فَهَلْ مِنْ مُّدَّكِرٍ

(ထို့ပြင် ဧကန်မလွဲ ငါအသျှင်မြတ်သည် ဤကုရ်အာန်ကျမ်းတော်မြတ်ကို ကျက်မှတ်တရား ရယူ နိုင်ရန်အလို့ငှာ လွယ်ကူစေတော်မူခဲ့ရာ ကျက်မှတ်တရားရယူမည့်သူ တစ်ဦးတစ်ယောက် ရှိလေသလော) *[၅၄ : ၁၇]*

ဟူသော အာယသ်တော်ကို အကြိမ်ကြိမ်အခါခါ တင်ပြထားတော်မူပေသည်။

စူရာဟ်ရဟ်မာန်တော်အတွင်း၌ အထက်တင်ပြပါ စာစဉ်အကြောင်းအရာများနှင့် ဆန့်ကျင်စွာ များစွာ သော စာစဉ်အကြောင်းအရာများသည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ချီးမြှင့်ပေးသနားထားတော် မူသော လောကီရေးရာ၊ လောကုတ္တရာရေးရာတို့နှင့် ဆက်နွယ်လျက်ရှိသော 'နေအ်မသ်'စည်းစိမ်တော်များကို တင်ပြရာ၌ လာရှိထားပေသည်။ ထို့ကြောင့် သီးသန့် 'နေအ်မသ်' (စည်းစိမ်တော်) တစ်ရပ်အား တင်ပြ

ပြီးတိုင်း ဝါကျတော်တစ်ရပ်ကို လူတို့အား သတိပေးရန်နှင့် 'နေအ်မသ်' စည်းစိမ်တော်အပေါ် ကျေးဇူးတရားထားရှိရန် တိုက်တွန်းနှိုးဆော်မှုပြုရန်အတွက်

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبَانِ

ဟူသော အာယသ်တော်ကို မိန့်တော်မူထားပေသည်။ စူရာဟ်တစ်ပုဒ်လုံး၌ ဤဝါကျတော်ကို (၂၁) ကြိမ် တင်ပြထားပေသည်။ ယင်းကဲ့သို့ တင်ပြထားခြင်းကို အပေါ်ယံ ပြင်ပသဏ္ဍာန်အားဖြင့် ရှုမြင်သုံးသပ်မည်ဆိုလျှင် စာစဉ်အကြောင်းအရာ ထပ်နေသည်ဟူ၍ နားလည်မှတ်ယူမည်သာ ဖြစ်ပေသည်။ စကားလုံးတစ်လုံးကိုသော်လည်းကောင်း၊ (သို့မဟုတ်) ဝါကျတစ်ရပ်ကိုသော်လည်းကောင်း ထပ်ဖန်တလဲလဲ တင်ပြထားခြင်းသည် သာပို လေးနက်စေခြင်း၏ အကျိုးကို ပေးသောကြောင့် ထိုသို့ အကြိမ်ကြိမ်အခါခါ တင်ပြထားခြင်းသည် ဝါကျကျစ်လစ်မှုရှိခြင်း၊ ကာရံနဘေ ပြောင်မြောက်ခြင်း၏ အချက်နှင့် ဆန့်ကျင်ဘက် ဖြစ်မနေပေ။ အထူးသဖြင့် ကုရ်အာန်ကျမ်းတော်မြတ်အတွင်းရှိ ထိုစူရာဟ်နှစ်ပုဒ်အတွင်း၌ ထပ်ဖန်တလဲလဲ လာရှိထားသော ဝါကျတော်များသည် အပေါ်ယံ အသွင်သဏ္ဍာန်အရမူ စာစဉ်အကြောင်းအရာ ထပ်နေသည်ဟု ထင်မြင်ယူဆနိုင်ပါသော်လည်း အခြေခံဇစ်မြစ်အချက်ကို ထောက်ရှု၍ကြည့်လျှင်မူ ဝါကျတစ်ခုချင်းစီသည် အကြောင်းအရာ အသစ်တစ်ရပ်စီနှင့် စပ်လျဉ်းနေသည့်အတွက်ကြောင့် ထပ်ချည်းတလဲလဲသာ ဟူ၍ မဆိုနိုင်ချေ။ အဘယ်ကြောင့်ဆိုသော် စူရာဟ်ကမရ်အတွင်း၌ သီးခြား ပြစ်ဒဏ်အသစ်တစ်ရပ်ကို တင်ပြပြီးနောက် ၎င်းနှင့် စပ်လျဉ်း၍

فَكَيْفَ كَانَ عَذَابِىْ

(သို့ဖြစ်ပေရာ ငါအသျှင်မြတ်၏ ပြစ်ဒဏ်သည် မည်သို့မည်ပုံ ရှိခဲ့သည်ကို ဆင်ခြင်သုံးသပ်ကြလေကုန်။) *[၅၄ း ၁၆]*

ဟူ၍ လာရှိထားပေသည်။ ဤကဲ့သို့ပင် စူရာဟ်ရဟ်မာန်အတွင်း၌ 'နေအ်မသ်' (စည်းစိမ်တော်) အသစ်တစ်ရပ်ကို တင်ပြပြီးနောက် فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبَانِ ဟူသော အာယသ်တော်ကို ထပ်ခါထပ်ခါ မိန့်မြွက်ထားတော်မူပေသည်။ ယင်းကဲ့သို့ ထပ်ခါထပ်ခါ မိန့်မြွက်ထားခြင်းသည် အကြောင်းအရာအသစ်တစ်ခုချင်းစီနှင့် စပ်လျဉ်းနေသည့်အတွက်ကြောင့် ထပ်ချည်းတစ်ဖန်ဖန် ဖြစ်နေခြင်းမျိုး မဟုတ်တော့ချေ။ အလ္လာမဟ်စုယူသွီး (ရဟ) သခင်ကြီးသည် ထိုကဲ့သို့သော ပုံစံမျိုးဖြင့် ထပ်ချည်းတလဲလဲ ဖြစ်နေခြင်းကို 'သရ်ဒီးဒ်'ဟူ၍ တင်ပြထားပေသည်။ ၎င်းကို စကား၊ ဝါကျ ကျစ်လစ် ပြေပြစ် လှပ ပြောင်မြောက်စွာဖြင့် ပြောဆိုနိုင်ကြသော အာရဗ်လူမျိုး ပညာရှိတို့၏ စာပေစကားဟန်၌ ချီးကျူးဖွယ်ကောင်း၍ နဝင်ချိုမြသော စကားအမျိုးအစားဖြင့် မှတ်ယူထားကြပေသည်။ ကဗျာနှင့် စကားပြေနှစ်မျိုးစလုံး၌ သုံးနှုန်းကြပေသည်။ အာရဗီစာပေဘာသာစကားကို မဆိုထားဘိဦး။ အငြင်းပွားဖွယ်မရှိ၊ ကျော်ကြားလက်ခံခြင်းခံရ

သော ဖာရစီ၊ အူရ်ဒူ အစရှိသော စာပေဘာသာစကားရပ်တို့ဖြင့် ကဗျာစပ်ဆိုသော ကဗျာဆရာတို့၏ လက်ာ စာသားများ၌လည်း ၎င်းနှင့် အလားတူ အချက်များကို တွေ့ရှိရပေသည်။ ဤနေရာသည် ယင်းအချက်များအား စုဆောင်းတင်ပြရန် နေရာမဟုတ်ပေ။ သဖ်စီးရေရှုဟုလ်မအာနီ စသော ကျမ်းများ၌ ဤနေရာတွင် များစွာသော အလားတူ အချက်များကိုလည်း တင်ပြထားပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

စူရာဟ်ရဟ်မာန်သည် မက္ကာဟ်မြို့တော်၌ ကျရောက်ခဲ့သော စူရာဟ်ဖြစ်ပါ၏လော။ (သို့မဟုတ်) မဒီနာမြို့တော်၌ ကျရောက်ခဲ့သော စူရာဟ်ဖြစ်ပါ၏လော။ ယင်းအချက်နှင့် စပ်လျဉ်း၍ အကွဲအလွဲ ရှိပေသည်။ အေမာမ်ကုရ်သုဗီး (ရဟ) သခင်ကြီးသည် အချို့သော ဟဒီးစ်ဆင့်ပြန်ချက်များကြောင့် မက္ကာဟ်မြို့ကျ စူရာဟ်ဖြစ်ကြောင်းကို အသာပေးထားပေသည်။ သိရ်မေဇီကျမ်း၌ ဟဇရသ်ဂျာဗိရ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားသည်မှာ တမန်တော်မြတ် ﷺ သည် လူအချို့၏ ရှေ့မှောက်ဝယ် စူရာဟ်ရဟ်မာန်းကို အပြည့်အဝ ဖတ်ရွတ်ပြတော်မူခဲ့ပေသည်။ ဤသူတို့သည် ငြိမ်သက်စွာဖြင့် နားထောင်တော်မူရာ တမန်တော်မြတ် ﷺ သည် 'ငါကိုယ်တော်သည် 'လိုင်လသုလ်ဂျင်န်' 'ဂျင်န်'များထံသို့ သွားရောက်ကာ 'ဒအ်ဝသ်' ပေးသောည၌) ၌ ၎င်းတို့၏ ရှေ့မှောက်ဝယ် ဤစူရာဟ်တော်ကို ရွတ်ဖတ်ပြတော်မူခဲ့ရာ အကျိုးတရားနာယူလက်ခံခြင်းကို ထောက်ရှု၍ ၎င်းတို့သည် အသင်တို့ထက် သာပို၍ ကောင်းမွန်ပေသည်။ အဘယ်ကြောင့်ဆိုသော် ငါကိုယ်တော်သည် ကုရ်အာန်ကျမ်းတော်မြတ်၏

فَبِاَيِّ اٰلَاۤءِ رَبِّكُمَا تُكَذِّبٰنِ

(သို့ပါလျက် (အို၊ ဂျင်န်နှင့် လူသတ္တဝါအပေါင်းတို့၊ 'နေအ်မသ်'စည်းစိမ်တော်များ ဤမျှခန့် များပြားကြီးကျယ်စွာ တည်ရှိနေပါလျက်နှင့်) အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။) *[၅၅ : ၁၃]*

ဟူသော ဝါကျသို့ ရောက်ရှိလေတိုင်း 'ဂျင်န်နာသ်' များအားလုံးသည်

لَا بِشَيْءٍ مِنْ نِّعَمِكَ رَبَّنَا نُكَذِّبُ فَلَكَ الْحَمْدُ

'အို၊ ကျွန်တော်မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ ကျွန်တော်မျိုးတို့သည် အသင်အသျှင်မြတ်၏ မည်သည့် 'နေအ်မသ်'စည်းစိမ်တော်တစ်ရပ်ကိုမျှပင် မဟုတ်မမှန်ဟူ၍ ငြင်းဆိုမှု ပြုကြမည်မဟုတ်ပေ။ ချီးမွမ်းထောပနာပြုခြင်း အားလုံးသည် အသင်အသျှင်မြတ်အဖို့သာလျှင် ဖြစ်ပေသည်' ဟူ၍ အားလုံး ဝန်ခံပြောဆိုကြပေသည်။

အထက်တင်ပြပါဟဒီးစ်တော်မှ 'ဤစူရာဟ်တော်သည် မက္ကာဟ်မြို့ကျ စူရာဟ်တော်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် 'ဂျင်န်နာသ်'များအား သာသနာဖြန့်ချီ ပို့ဆောင်ခြင်းနှင့် လမ်းညွှန်သင်ကြားပေး

ခြင်းကို ပြုတော်မူခဲ့သည့် ဖြစ်ရပ်ညဥ့်သည် မက္ကာဟ်မြို့တော်၌သာ ရှိစဉ် ညဥ့်တစ်ညဥ့်၌ ဖြစ်ခဲ့သော ကြောင့် ဤစူရာဟ်တော်သည် မက္ကာဟ်မြို့၌ ရှိစဉ် ကျရောက်ခဲ့သော စူရာဟ်တော်ဖြစ်ကြောင်းကို သိရှိရပေသည်။

ဤကဲ့သို့ပင် အခြားသော ဆင့်ပြန်ချက်အချို့တို့ကိုလည်း အေမာမ်ကုရ်သုဗီး (ရဟ) သခင်ကြီးသည် ဆင့်ပြန် တင်ပြထားပေသည်။ ယင်းဆင့်ပြန်ချက်များကြောင့် ဤစူရာဟ်တော်သည် မက္ကာဟ်မြို့၌ ကျရောက်ခဲ့သော စူရာဟ်တော်ဖြစ်ကြောင်းကို သိရှိရပေသည်။

ဤစူရာဟ်တော်ကို 'ရဟ်မားန်' ဟူသော စကားလုံးဖြင့် အစပြုထားပေသည်။ ထိုသို့ အစပြုထားရာ၌ အမြော်အမြင်တော်တစ်ရပ် ဤသို့လည်း ရှိပေသည်။ မက္ကာဟ်မြို့နေ ကာဖိရ်များသည် အလ္လာဟ်အသျှင်မြတ်၏ နာမတော်များထဲမှ 'ရဟ်မားန်'ဟူသော နာမတော်ကို အကျွမ်းတဝင် မသိရှိကြချေ။ ထို့ကြောင့် ၎င်းတို့သည် وَمَا الرَّحْمٰنُ ('ရဟ်မာန်း'ဟူသည် အဘယ်နည်း) ဟူ၍ မေးမြန်းလေ့ ရှိ၏။ ၎င်းတို့အား ထိုဂုဏ်တော်၊ နာမတော်ကို အကျွမ်းတဝင် သိရှိသွားရန်အတွက် အလ္လာဟ်အသျှင်မြတ်၏ နာမတော်များထဲမှ ဤနေရာတွင် 'ရဟ်မာန်း'ဟူသော ဂုဏ်တော်ကို ရွေးချယ်တင်ပြပေးထားခြင်း ဖြစ်ပေသည်။

ဒုတိယအကြောင်းတစ်ရပ် ဤသို့လည်း ရှိသည်။ ရှေ့၌ 'ရဟ်မားန်'ဟူသော အနန္တကရုဏာတော်ရှင် ပြုမူဆောင်ရွက်သော 'ကုရ်အာန်ကျမ်းတော်မြတ်အား သင်ကြားပေးခြင်း' ဟူသော လုပ်ရပ်၊ အချက်ကို တင်ပြထားပေသည်။ ယင်းသို့ ကုရ်အာန်ကျမ်းတော်မြတ်ကို သင်ကြားပေးခြင်း အချက်နှင့် အကြောင်းခံဖြစ်စေသော အချက်မှာ အလ္လာဟ်အသျှင်မြတ်၏ ကရုဏာတရားတော်ကြောင့်သာလျှင် ဖြစ်ကြောင်း၊ သို့တည်းမဟုတ်က ထိုအသျှင်မြတ်ထံတော်မှ အဖြေတောင်းနိုင်ရလောက်အောင် မည်သည့်အမှုကိစ္စ တစ်စုံတစ်ရာမျှ အလ္လာဟ်အသျှင်မြတ်အဖို့ အရေးကြီးတာဝန်အဖြစ် ရှိနေသည်မဟုတ်ကြောင်း၊ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ လိုလားတောင့်တသော အသျှင် မဟုတ်ကြောင်း'ဟူသော အချက်တို့ကို ဖော်ကျူးရန် ဖြစ်ပေသည်။

ရှေ့တွင် စူရာဟ်တော်တစ်ပုဒ်လုံး၌ အလ္လာဟ်အသျှင်မြတ်၏ လောကီရေးရာအရလည်းကောင်း၊ လောကုတ္တရာရေးရာအရလည်းကောင်း၊ ဆက်နွယ်ကာ ချီးမြှင့်ပေးသနားထားတော်မူသော 'နေ့အ်မသ်' စည်းစိမ်တော်များအကြောင်းကို ဆင့်ကာဆင့်ကာ တင်ပြထားပေသည်။

عَلَّمَ الْقُرْاٰنَ (ဤကုရ်အာန်ကျမ်းတော်မြတ်ကို သင်ကြားပို့ချ၍ ပေးတော်မူခဲ့၏။) *[၅၅ : ၂]*

ဤအာယသ်တော်အတွင်း၌ အလ္လာဟ်အသျှင်မြတ်၏ 'နေ့အ်မသ်'(စည်းစိမ်တော်များ) ထဲမှ အကြီးမားဆုံးသော 'နေ့အ်မသ်' (စည်းစိမ်တော်) ကို တင်ပြရင်း အစပြုထားပေသည်။ အကြီးမားဆုံးသော 'နေ့အ်မသ်' (စည်းစိမ်တော်) မှာ ကုရ်အာန်ကျမ်းတော်မြတ် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းတော်မြတ်သည် လူသားတို့၏ အသက်ရှင်နေထိုင်ခြင်း၊ နောက်ဆုံး လှည့်ပြန်ရမည့် အရပ် ဌာနေနှင့် လောကီ၊ လောကုတ္တရာ နှစ်ဘဝနှစ်ဌာနစလုံး၏ ကောင်းချီးမင်္ဂလာ အဖြာဖြာတို့ကို ပြည့်ပြည့်ဝဝ ရရှိစေသော ကျမ်းမြတ်

ဖြစ်ပေသည်။ အကြင်သူတို့သည် ကုရ်အာန်ကျမ်းတော်မြတ်ကို လက်ဝယ် ရယူကာ ထိုကျမ်းမြတ်၏ ဝတ္တရားကို ကျေပွန်ခဲ့သည်။ ပမာတင်ပြရမည်ဆိုသော် ဆွဟာဗာကြီးများ ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား နောင်တမလွန် 'အာခေရသ်'၏ မြင့်မားသော အဆင့်အတန်းများနှင့် စည်းစိမ်တော်များကိုမူ ချီးမြှင့်တော်မူမည်မှာ ဧကန်မလွဲ ဖြစ်ပါသော်လည်း ကမ္ဘာလောက၌လည်း ကြီးကျယ်လှစွာသော ဘုရင်များပင် မရရှိသည့် အဆင့်အတန်းကို ချီးမြှင့်ပေးသနားတော်မူခဲ့ပေသည်။

ဥပဒေအရဆိုလျှင်မူ عَلَّمَ (သင်ကြားပို့ချ၍ ပေးတော်မူခဲ့၏) ဟူသော ကြိယာသည် ကံပုဒ်နှစ်ခုကို လိုအပ်ပေသည်။ ကံပုဒ်တစ်ခုမှ သင်ကြားပို့ချခြင်းခံရသော အရာနှင့် ဒုတိယကံပုဒ်မှာ သင်ကြားပို့ချခြင်းခံရသောသူ ဟူ၍ ရှိရမည်။ ဤအာယသ်တော်၌ တင်ပြပို့ချခြင်းခံရသော အရာ ကုရ်အာန်ကိုမူ တင်ပြထားပြီး ဒုတိယကံပုဒ်ဖြစ်သော ကုရ်အာန်ကျမ်းမြတ်အား 'မည်သူ့ကို သင်ကြားပို့ချခြင်း ခံရသနည်း' ဟူသော ကံပုဒ်ကို မတင်ပြထားပေ။ အချို့သော အဖွင့်ရှင်များက ၎င်းဒုတိယကံပုဒ်မှာ 'အလ္လာဟ်အသျှင်မြတ်မှ တိုက်ရိုက် သင်ကြားပို့ချခြင်းကို ခံရတော်မူသော တမန်တော်မြတ် ﷺ ဖြစ်၏' ဟု အမိန့်ရှိထားကြသည်။ တစ်ဖန် 'တမန်တော်မြတ် ﷺ ၏ တစ်ဆင့်ခံဖြင့် အဖန်ဆင်းခံများအားလုံးသည် ပါဝင်နေပေသည်' ဟု အလိုသဘော တင်ပြကြသည်။ 'ကုရ်အာန်ကျမ်းတော်မြတ်အား ချပေးတော်မူရခြင်း၏ ရည်ရွယ်ချက်သည် အလ္လာဟ်အသျှင်မြတ်၏ အဖန်ဆင်းခံများအားလုံးကို တရားလမ်းမှန်၏ လမ်းစဉ်ကို ပြသရန်နှင့် အားလုံးသော သူတို့ကို မှန်ရည်သော စာရိတ္တများနှင့် ကောင်းမြတ်သော အကျင့်သီလတို့ကို လမ်းညွှန်ပြသရန်' ဖြစ်သည့်အတွက်ကြောင့် မည်သည့်သီးသန့် ကံပုဒ်ကိုမှ သီးခြား မတင်ပြခဲ့ခြင်းလည်း ဖြစ်နိုင်သည်။ ဤကဲ့သို့ ဒုတိယကံပုဒ်ကို မတင်ပြထားခြင်းမှ ထိုသို့ ခြုံငုံလှစွာသော အချက်ဘက်သို့ ရည်ညွှန်းဖော်ထုတ်ခြင်းလည်း ဖြစ်နိုင်ပေသည်။

خَلَقَ الْاِنْسَانَ عَلَّمَهُ الْبَيَانَ

(ထိုအသျှင်မြတ်သည်ပင် လူသားအား ဖန်ဆင်းတော်မူခဲ့၏။ ထိုအသျှင်မြတ်သည်ပင် ၎င်းလူသားအား စကားပြောဆိုမှုကို သင်ကြားပေးတော်၏။) *[၅၅ ႏ ၃-၄]*

လူသားတို့အား ဖန်ဆင်းတော်မူခြင်းသည် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ကြီးကျယ်လှစွာသော 'နေအ်မသ် စည်းစိမ်တော်တစ်ရပ် ဖြစ်ပေသည်။ မူရင်းဖန်ဆင်းမှုကို ထောက်ရှု၍ ကြည့်မည်ဆိုလျှင် ထိုလူသားတို့အား ဖန်ဆင်းခြင်း 'နေအ်မသ်'တော်သည် အခြားသော 'နေအ်မသ်'တော်များ၏ အလျင် ဖြစ်ခဲ့သည်။ ဦးစွာပထမ တင်ပြထားသော ကုရ်အာန်ကျမ်းတော်မြတ်ကို သင်ကြားပို့ချပေးခြင်းသည်လည်း လူသားတို့အား ဖန်ဆင်းခြင်း 'နေအ်မသ်' တော်၏ နောက်မှသာ ဖြစ်နိုင်ကြောင်း' မှာ ထင်ရှားလှပေသည်။ သို့ရာတွင် အမြော်အမြင်နှင့် ပြည့်စုံတော်မူသော ကုရ်အာန်ကျမ်းတော်မြတ်သည် ကုရ်အာန်ကျမ်းတော်အား သင်ကြားပို့ချပေးခြင်း၏ 'နေအ်မသ်'စည်းစိမ်တော်ကို ဦးစွာတင်ပြ၍ လူသားတို့အား ဖန်ဆင်းတော်မူခဲ့ကြောင်းကို အနောက်မှ တင်ပြကာ 'လူသားတို့အား အဓိက ဖန်ဆင်းခြင်း၏ ရည်ရွယ်ချက်သည်ပင်

လျှင် ကုရ်အာန်ကျမ်းတော်မြတ်အား သင်ကြားပို့ချခြင်းနှင့် ထိုကျမ်းမြတ်က ညွှန်ပြသော လမ်းညွှန်ချက်အပေါ် လျှောက်လှမ်းရန်ဖြစ်ကြောင်း' ဘက်သို့ ရည်ညွှန်း ဖော်ထုတ်ထားဟန်တူပေသည်။ ယင်းကို အခြားအာယသ်တော်အတွင်း၌ အလ္လာဟ်အသျှင်မြတ်သည် ဤသို့ မိန့်မြွက်ထားတော်မူပေသည်။

وَمَا خَلَقْتُ الْجِنَّ وَ الْاِنْسَ اِلَّا لِيَعْبُدُوْنِ

(စင်စစ် ငါအသျှင်မြတ်သည် ဂျင်န်သတ္တဝါတို့အားလည်းကောင်း၊ လူသားတို့အားလည်းကောင်း ငါအသျှင်မြတ်အား ခဝပ်ကိုးကွယ် ဆည်းကပ်ကြရန်သာလျှင် ဖန်ဆင်းတော်မူခဲ့၏။) *[၅၁ : ၅၆]*

'အေဗာဒသ်' (ခဝပ်ကိုးကွယ်မှု) သည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ညွှန်ကြားသင်ပြမှု မပါဘဲ မမှန်ကန်နိုင်ကြောင်း၊ ၎င်းညွှန်ကြား၊ သင်ပြမှုအတွက် အကြောင်းခံ၊ ကြားခံအရာသည် ကုရ်အာန်ကျမ်းတော်မြတ်သည်သာလျှင် ဖြစ်ကြောင်း'မှာ ထင်ရှားလှပေသည်။ ထို့ကြောင့် ဤအထက်ဖော်ပြပါ ရှုထောင့်အရ ကုရ်အာန်ကျမ်းတော်မြတ်အား သင်ကြားမှုသည် လူသားတို့အား ဖန်ဆင်းခြင်းထက်ပင် ဦးစားပေးရသောအချက် ဖြစ်သွားပေသည်။

လူသားတို့အား ဖန်ဆင်းပေးပြီးနောက် ၎င်းတို့အား ချီးမြှင့်ပေးသနားထားတော်မူသော 'နေ့အ်မသ်' စည်းစိမ်တော်များသည် များပြားလှပေသည်။ ထိုစည်းစိမ်တော်များအတွင်း အထူးသဖြင့် ပညာသင်ကြားရေးအကြောင်းကို ဤနေရာ၌ အမိန့်ရှိထားခြင်း၏ အမြော်အမြင်တော်အချက်ကို ဤသို့ ဖြစ်နိုင်ကြောင်း သိရှိရပေသည်။ လူသားတို့အဖို့ ရှင်သန်ကြီးထွား ဖွံ့ဖြိုးမှုနှင့် ဆက်လက် အသက်ရှင်သန် နေထိုင်ရန် ဖြစ်သော စည်းစိမ်တော်များဖြစ်သည့် စားခြင်း၊ သောက်ခြင်း၊ အပူဒဏ်၊ အအေးဒဏ်ခံနိုင်ရန် ပစ္စည်းများနှင့် ရှင်သန်နေထိုင်ရန် စီမံမှုများ အစရှိသည်တို့နှင့် စပ်လျဉ်းသော 'နေ့အ်မသ်' စည်းစိမ်တော်များသည်မူ သက်ရှိသတ္တဝါတိုင်း၊ လူသူ၊ တိရစ္ဆာန် အားလုံးတို့သည် ပူးတွဲ ရရှိကာ အကျိုးခံစားရသည့် အရာများ ဖြစ်နေသောကြောင့် ဖြစ်ပေသည်။ လူသားတို့အဖို့ အထူးချီးမြှင့်ထားသော 'နေ့အ်မသ်' စည်းစိမ်တော်များထဲမှ ပထမဦးဆုံး စည်းစိမ်တော်ကို 'ကုရ်အာန်ကျမ်းတော်မြတ်အား သင်ကြားပို့ချပေးထားခြင်း' အချက်ကို တင်ပြထားပေသည်။ ထို့နောက် 'ပြောဆိုနိုင်စွမ်း' ရှိကြောင်း အချက်ကို တင်ပြထားပေသည်။ အဘယ်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းတော်မြတ်အား သင်ကြားပို့ချ ပေးခြင်း၏ အကျိုးပြုမှုနှင့် ရယူမှုသည် စကားပြောဆိုနိုင်စွမ်း ရှိခြင်းအပေါ် မူတည်နေ၍ ဖြစ်ပေသည်။

'ပြောဆိုမှု'ဟူ၍ မိန့်မြွက်ထားရာ၌ နှုတ်လျှာဖြင့် ပြောဆိုသော အချက်သည်လည်း ပါဝင်သလို ရေးသားထားမှုနှင့် သဘောပေါက်နားလည်စေရန်အတွက် အလ္လာဟ်အသျှင်မြတ် ဖန်ဆင်းပေးထားသမျှသော အကြောင်းခံများအားလုံးသည် ယင်းအချက်အတွင်း၌ ပါဝင်နေပေသည်။ တစ်ဖန် နယ်ပယ်ဒေသအမျိုးမျိုး၊ အမျိုးမျိုးသော မျိုးနွယ်အုပ်စု၏ အမျိုးမျိုးသော ဘာသာစကားများနှင့် ၎င်းတို့၏ အသုံးအနှုန်း ဝေါဟာရများအားလုံးသည် ထိုသို့ ပြောဆိုနိုင်စွမ်း ချီးမြှင့်ပေးသနားထားတော်မူခြင်း၏ အစိတ်အပိုင်းကဏ္ဍရပ်များ ဖြစ်ပေသည်။ ယင်းသည်

عَلَّمَ اٰدَمَ الْاَ سْمَاءَ كُلَّهَا

(အလ္လာဟ်အသျှင်မြတ်သည် ကမ္ဘာဦးဖခင် အာဒမ် ﷺ အား အရာဝတ္ထုများ၏ အမည်နာမအားလုံးတို့ကို သင်ကြားပေးသနားတော်မူသည်။) [၂ : ၃၁]

ဟူသော အာယသ်တော်၏ လက်တွေ့ကျကျ အကျယ်ဖွင့်ဆိုချက်ကို ပြသလိုက်ခြင်းဖြစ်ပေသည်။

فَتَبَارَكَ اللّٰهُ اَحْسَنُ الْخَالِقِيْنَ

(သို့ဖြစ်ပေရာ အကောင်းဆုံး ဖန်ဆင်းတော်မူသော အလ္လာဟ်အသျှင်မြတ်သည် အဘယ်မျှ ထူးကဲမြင့်မြတ်လှပါဘိသနည်း။) [၂၃ : ၁၄]

اَلشَّمْسُ وَالْقَمَرُ بِحُسْبَانٍ

(နေသည်လည်းကောင်း၊ လသည်လည်းကောင်း အတွက်အချက်နှင့် ကိုက်ညီစွာ သွားလာလှုပ်ရှားလျက် ရှိနေကြ၏။) [၅၅ : ၅]

လူသားတို့အဖို့ အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်နှင့် မြေပထဝီ၌ 'နေ့အိမ်သယ်' စည်းစိမ်တော်များကို ဖန်ဆင်းပေးသနားထားတော်မူပေသည်။ ဤအာယသ်တော်အတွင်း၌ အာကာသကောင်းကင် လောကနှင့် စပ်လျဉ်းသော 'နေ့အိမ်သယ်' စည်းစိမ်တော်များအနက်မှ နေမင်းနှင့် လမင်းအကြောင်းကို အထူးပြုမိန့်မြွက်ရခြင်းအကြောင်းမှာ 'ကမ္ဘာလောကကြီးတစ်ခု လုံးအတွင်း၌ ရှိသော စီမံကိန်းအလုံးစုံသည် ထိုနေ၊ လ၊ ဂြိုဟ်ကြီးနှစ်လုံး၏ လှုပ်ရှားမှုများနှင့် ၎င်းတို့၏ အလင်းရောင်များဖြင့် ဆက်နွယ်ပတ်သက်လျက်ရှိခြင်း' ဟက်သို့ ရည်ညွှန်းဖော်ထုတ်ထားဟန်တူပေသည်။ 'ဟာ' အက္ခရာအပေါ်၌ 'ပေးရှ်' နှင့် လာသော حُسْبَان 'ဟုစ်ဗာန်' ဟူသော စကားလုံးကို အချို့သော အာလင်မ်သာသနာ့ပညာရှင်များက حِسَاب 'စာရင်းအင်း' ၏ အဓိပ္ပာယ်ကို ပေးသော ခွဲထွက်ခံ နာမ်ဖြစ်သည်ဟု မိန့်ဆိုထားကြပေသည်။ ပမာအားဖြင့် ဆိုရမူ غفران 'ဂုဖ်ရာန်'၊ سبحان 'စုဗ်ဟာန်' နှင့် قرآن 'ကုရ်အာန်' ဟူသော စကားလုံးများကဲ့သို့ဖြစ်ပေသည်။ အချို့သော အာလင်မ်သာသနာ့ပညာရှင်များက حِسَاب (စာရင်းအင်း) ဟူသော စကားလုံး၏ အများကိန်း ဖြစ်သည်ဟု တင်ပြကြပေသည်။

အာယသ်တော်၏ အလိုသဘောမှာ ဤသို့တည်း။ လူသားတို့ အသက်ရှင်နေထိုင်ခြင်း၏ အမှုကိစ္စအလုံးစုံအပေါ် အခြေခံမူတည်လျက် ရှိနေသော 'နေနှင့် လ၏ လှုပ်ရှားမှုများ၊ နေ့နှင့် ည၏ ပြောင်းလဲမှုများ၊ ရာသီဥတုများ၏ ပြောင်းလဲမှုများ၊ နှစ်နှင့် လများအား အတည်ပြု သတ်မှတ်မှုနှင့် ၎င်းတို့၏ လှုပ်ရှားမှုအလုံးစုံ၊ လှည့်ပတ်ရာ လမ်းကြောင်းများ၏ တိကျပြတ်သား လှစွာသော စီမံကိန်းတို့သည် သီးသန့်အချိုးအစား ကျနစွာ၊ သီးသန့်အသွင်နှင့် ကိုက်ညီစွာ လှုပ်ရှားသွားလာလျက် ရှိနေပေသည်။

အကယ်၍ حُسْبَان ဟူသော စကားလုံးကို حِسَاب ဟူသော စကားလုံး၏ အများကိန်းအဖြစ် သတ်မှတ်အတည်ပြုလိုက်မည်ဆိုလျှင် အဓိပ္ပာယ်မှာ ဤသို့ပင် ဖြစ်သည်။ '၎င်းတို့အတွင်းမှ တစ်ခုချင်းစီ၏

လှည့်ပတ်ရာ လမ်းကြောင်းသည် သီးခြားစွာသော စာရင်း၊ အင်း၊ လမ်းကြောင်းတို့ဖြင့် လှည့်ပတ်သွားလာနေကြပြီး အမျိုးမျိုးသော အတွက်အချက်အပေါ် ဤနေနှင့် လ၏ စီမံကန်းတို့သည် လှုပ်ရှားသွားလာလျက်ရှိနေပေသည်။ စာရင်းအင်း တွက်ချက်ကိုက်ညီမှုသည် 'လွန်ခဲ့သော နှစ်ပေါင်း၊ သိန်းပေါင်းများစွာကတည်းက တစ်မိနစ်၊ တစ်စက္ကန့်မျှပင် ကွဲပြားခြားနားမှုမရှိဘဲ ခိုင်မာကျစ်လစ်သော စီမံမှုအတွင်းဝယ် လှည့်ပတ်သွားလာလျက် ရှိနေပေသည်။

ဤမျက်မှောက်ခေတ်ကာလကို တိုးတက်သော သိပ္ပံခေတ်ဟူ၍ ခေါ်ဆိုကြပေသည်။ ဤခေတ်၏ အံ့ဖွယ်ကောင်းလောက်အောင်သော အသစ်တီထွင်မှုများသည် ဉာဏ်ကြီးရှင်များကိုပင် မှင်သက် မိစွာဖြင့် အံ့သြစေရလေသည်။ သို့ရာတွင် လူသားတို့၏ တီထွင်ဖန်တီးမှုများနှင့် အလ္လာဟ်အသျှင်မြတ်၏ ဖန်ဆင်းမှု၏ ပြယုဂ်များအတွင်းဝယ် ရှင်းလင်းလှစွာသော ကွဲပြားခြားနားချက်ကို ရှုမြင်သူတိုင်း တွေ့နိုင်ပေသည်။ လူသားတိုင်း၏ ဖန်တီးတီထွင်မှုတိုင်း၌ 'ပျက်၊ ပြင်၊ ပျက်၊ ပြင်' ခြင်း၏ ကွင်းဆက်တရားသည် မုချဖြစ်ပေါ်လျက်ရှိနေသော အမှုကိစ္စတစ်ရပ်ပင် ဖြစ်ပေသည်။ စက်ယန္တရားသည် အဘယ်မျှခန့်ပင် ခိုင်ခန့်သော စက်ဖြစ်နေလင့်ကစား 'အချိန်အခိုက်အတန့် ကြာမြင့်ပြီးနောက် ၎င်းအား ပြန်လည်ပြင်ဆင်·မွမ်းမံခြယ်သရန်နှင့် အနိမ့်ဆုံးအဆင့်အနေဖြင့် အင်ဂျင်ဝိုင် အစရှိသော ဆီများ လိုအပ်နေပေသည်။ ထိုသို့ လိုအပ်ချက်များ မဖြည့်ဆည်းပေးသေးသရွေ့ ကာလအထိတိုင် ထိုစက်သည် အကျိုးမဲ့ အလဟဿအဖြစ် တည်ရှိနေပေသည်။ ,အလ္လာဟ်အသျှင်မြတ်၏ ဖန်ဆင်းပေးသနားထားတော်မူသော တန်ခိုးတော်၏ ပြယုဂ်ဖြစ်သည့် ဤကြီးကျယ်လှစွာသော အဖန်ဆင်းခံကြီးများသည် မည်သည့်အခါမျှပင် ပြင်ဆင်မွမ်းမံရန် မလိုအပ်သလို ၎င်းတို့၏ ရွေ့လျားမှု၊ သွားနှုန်း၌လည်း တစ်စုံတစ်ရာ ကွဲပြားခြားနားသွားသည်ဟူ၍လည်း မရှိပေ။

وَالنَّجْمُ وَ الشَّجَرُ يَسْجُدَانِ

(အမြစ်၊ ပင်စည်မပါသော အပင်ငယ်များသည်လည်းကောင်း၊ ပင်စည်ပါသော အပင်ငယ်များသည်လည်းကောင်း အသျှင်မြတ်အား အမိန့်နာခံ ပျပ်ဝပ်ဦးချလျက် ရှိကြကုန်၏။) [၅၅ : ၆]

نَجْمُ ဟူသော စကားလုံးသည် ပင်စည်မပါသော အမြစ်မှ ထိုးထောင် ပေါက်ရောက်ရှင်သန်လျက်ရှိနေသော အပင်များကို ခေါ်ဆိုပေသည်။ شَجَر သည် ပင်စည်ပါသော သစ်ပင်ကို ခေါ်ဆိုပေသည်။ ဆိုလိုသည်မှာ ပင်စည်ပါသော အပင်ဖြစ်စေ၊ မပါသောအပင်ဖြစ်စေ၊ အခက်အလက်ရှိသော အပင်ဖြစ်စေ စသော အပင်အမျိုးအစားအားလုံးသည် အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်၌ ပျပ်ဝပ်စွာ 'စဂျ်ဒဟ်' ဦးချလျက် ရှိနေကြပေသည်။ 'စဂျ်ဒဟ်'ပြု ဦးချခြင်းသည် အဆုံးစွန်သော အရိုအသေပေးမှုနှင့် နာခံခြင်း၏ လက္ခဏာဖြစ်ပေသည်။ ယင်း၏ အလိုသဘောမှာ ဤနေရာ၌ ဤသို့တည်း။ သစ်ပင်တစ်ပင်ချင်းစီ၊ ပျိုးပင်ပေါက်ပင် တစ်ပင်ချင်းစီနှင့် ၎င်းတို့၏ အသီးအပွင့်နှင့် အခက်များကို အလ္လာဟ်အသျှင်မြတ်သည် သီးသန့်အကျိုးပြုကိစ္စများနှင့် လူသားတို့၏ အကျိုးအတွက် ဖန်ဆင်းပေးထားပေသည်။ ပြောဆိုရမည်

သော် အစိတ်အပိုင်းတစ်ခုချင်းစီသည် 'အဘယ်အစိတ်အပိုင်းသည် အဘယ်အလုပ်ကို လုပ်ဆောင်ရမည်နည်း' ဟူသော တာဝန်အား သတ်မှတ်ပေးခြင်း ခံထားရပေသည်။ ၎င်းအရာများထဲမှ အစိတ်အပိုင်း အမျိုးအစား တစ်ခုချင်းစီသည် မိမိတို့၏ သက်ဆိုင်ရာ တာဝန်အပေါ် ခန့်အပ်ခြင်း ခံထားရပေသည်။ ထို့နောက် အလ္လာဟ် အသျှင်မြတ်၏ အမိန့်အာဏာစက်အောက်ဝယ် အသျှင်မြတ်၏ ဘက်တော်မှ ထားရှိပေးထားသော အကျိုးများ နှင့် ဝိသေသအချက်များကို လူတို့အား အကျိုးပြုလျက် ရှိနေသည်။ ထိုသို့ ဖန်ဆင်းချိန်ကာလမှပင် ထည့် သွင်းထားခြင်းခံရသော အသျှင်မြတ်၏ အမိန့်ကို မလွဲမရှောင်နိုင်စွာဖြင့် လိုက်နာနေရခြင်းကို ဤအာယသ်တော် အတွင်း၌ 'စဂျ်ဒဟ်' ဟူသော စကားလုံးဖြင့် သုံးနှုန်းအမိန့်ရှိထားခြင်း ဖြစ်ပေသည်။ *[ရူးဟ်၊ မဇ္ဇဟရီး]*

وَالسَّمَاءَ رَفَعَهَا وَ وَضَعَ الْمِيْزَانَ

(ထိုအသျှင်မြတ်သည်ပင် မိုးကောင်းကင်ကို မြင့်စွင့်စေတော်မူခဲ့၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် ချိန်ခွင်ကို တီထွင်စီစဉ် ပေးတော်မူခဲ့၏။) *[၅၅ : ၇]*

رَفَعَ နှင့် وَضَعَ ဟူသော စကားလုံးနှစ်လုံးသည် ဆန့်ကျင်ဘက် အနက်သဘောတရားကို ဆောင်သော စာလုံးနှစ်လုံးဖြစ်သည်။ رَفَعَ ၏ အဓိပ္ပာယ်မှာ 'အမြင့်၊ မြင့်မားခြင်း' ဟူ၍ အဓိပ္ပာယ်ရရှိ၍ وَضَعَ ၏ အနက်အဓိပ္ပာယ်မှာ 'အနိမ့်၊ အောက်' ဟူ၍ အဓိပ္ပာယ်ရရှိသည်။ ဤအာယသ်တော်အတွင်း၌ ဦးစွာပထမ မိုးကောင်းကင်ကို မြင့်မားစွာဖြင့် ဖန်ဆင်းထားရှိခြင်းအကြောင်းကို တင်ပြထားပေသည်။ အကြင်ကဲ့သို့ တင်ပြရာ၌ အပေါ်ယံသဏ္ဍာန်အသွင်အားဖြင့်လည်း မြင့်မားစွာ ထားရှိထားခြင်းအချက် လည်း ပါဝင်သလို 'မြေပထဝီနှင့် နှိုင်းယှဉ်လျှင် မိုးကောင်းကင်သည် အဆင့်အတန်းအရ မြင့်မြတ်စွာ တည်ရှိနေကြောင်း' ဟူသော အသိဉာဏ်ဖြင့် နားလည်သိရှိရသော မြင့်မားခြင်းအချက်လည်း ပါဝင်ပေ သည်။ မိုးကောင်းကင်နှင့် နှိုင်းယှဉ်ဖွယ်ရာ ဆန့်ကျင်ဘက် အဖန်ဆင်းခံကို မြေပထဝီဟူ၍ မှတ်ယူ၍ ရရှိပေမည်။ ကုရ်အာန်ကျမ်းတော်မြတ်တစ်အုပ်လုံး၌ ထိုဆန့်ကျင်ဘက် သဘောတရားနှင့်အတူ မိုးကောင်း ကင်နှင့် မြေပထဝီကို ဒွန်တွဲကာ အမိန့်ရှိထားပေသည်။ ဤအထက်ဖော်ပြပါ အာယသ်တော်အတွင်း၌ မိုး ကောင်းကင်ကို မြင့်မားစွာ တည်ရှိထားပေးခြင်းကို တင်ပြပြီးနောက် ယင်းမိုးကောင်းကင်နှင့် ဆန့်ကျင်ဘက် အရာကို တင်ပြရာ၌ ဒွန်တွဲဘက်မဟုတ်သော ချိန်ခွင်အား ထားရှိပေးခြင်း အကြောင်းကို တင်ပြထား ပေသည်။ သေချာကျနစွာ စဉ်းစားဆင်ခြင် တွေးတောခြင်းဖြင့် 'စင်စစ် ဤနေရာ၌လည်း မိုးကောင်းကင် ၏ ဆန့်ကျင်ဘက်အရာဖြစ်သော မြေပထဝီအကြောင်းကို တင်ပြထားကြောင်း' သိရှိရပေသည်။ ပမာဆို ရသော် အာယသ်တော် (၃) ပိုဒ်နောက်၌

وَالْاَرْضَ وَضَعَهَا لِلْاَنَامِ

(၎င်းပြင် ပထဝီမြေကို ထိုအသျှင်မြတ်သည်ပင် အဖန်ဆင်းခံတို့၏ အကျိုးငှာ ပြုလုပ်ဖန်ဆင်းထား ရှိတော်မူခဲ့၏။) *[၅၅ : ၁၀]*

ဟူ၍ လာရှိထား၏။ သို့ရှိရာ စင်စစ် ဤသည် မိုးကောင်းကင်ကို မြင့်မားစွာ ထားရှိခြင်းနှင့် မြေပထဝီကို အနိမ့်အောက်၌ ထားရှိခြင်း၏ ဆန့်ကျင်ဘက် သဘောတရားပင် ဖြစ်ပေသည်။ သို့ရာတွင် ထိုအချက်အကြောင်းအရာ နှစ်ခု၏ ကြား၌ တတိယအချက်အကြောင်းအရာတစ်ခု ဖြစ်သော 'မီဇာန်' ချိန်ခွင်ကို တီထွင်စီစဉ်ပေးခြင်း အကြောင်းကို သီးသန့်အမြော်အမြင်တစ်ရပ်ကြောင့် တင်ပြထားခြင်း ဖြစ်ပေသည်။ 'မီဇာန်' ချိန်ခွင်ကို စီမံတီထွင်ပေးခြင်း၊ ထို့နောက်တစ်ဖန် နောက်ပိုင်း (၃) အာယသ်၏ နောက် 'မီဇာန်' ချိန်ခွင်အား မှန်ကန်စွာ အသုံးချရန် အမိန့်လာရှိထားပေသည်။ ထိုအချက်များအားလုံး၏ အချုပ်သဘောတရားသည် တရားမျှတမှုကို တည်ထောင်ရန် ဖြစ်သည်။ 'တစ်ဦးတစ်ယောက်၏ ရယူပိုင်ဆိုင်ခွင့်ရှိသော အခွင့်အရေးကို ချိုးဖောက်ခြင်း၊ ညဉ်းပန်းနှိပ်စက် ခံနေရခြင်းမှ ဖယ်ရှားကယ်တင်ရန်' ဟူသော အမြော်အမြင်တော်ကို သိရှိရပေသည်။ ဤနေရာ၌လည်း မိုးကောင်းကင်ကို မြင့်မားစွာ ဖန်ဆင်းထားခြင်းနှင့် မြေပထဝီကို အနိမ့်အောက်ပိုင်း၌ ဖြန့်ခင်းကာ ဖန်ဆင်းထားခြင်းတို့၏ ကြား၌ 'မီဇာန်' ချိန်ခွင်၏ အာယသ်တော်များကို တင်ပြရာ၌ 'မိုးကောင်းကင်နှင့် မြေပထဝီကို ဖန်ဆင်းခြင်း၏ အဓိကရည်ရွယ်ချက်သည်လည်း စကြဝဠာကမ္ဘာလောကကြီးအတွင်း၌ တရားမျှတမှုကို တည်တံ့မြဲမြံစေရန်' ဟူသော အချက်ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားဟန် တူပေသည်။ ကမ္ဘာမြေပထဝီပေါ်၌ အေးချမ်းသာယာမှုသည် တရားမျှတခြင်းဟူသော အချက်နှင့်သာ တည်တံ့မြဲမြံစွာ ရှိနိုင်မည် ဖြစ်သည်။ သို့တည်းမဟုတ်ပါက ပျက်စီးရာပျက်စီးကြောင်းချည်းသာ ဖြစ်ပေါ်နေပေမည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေသည်။)

مِيزَانْ ဟူသော စကားလုံးကို ဤအာယသ်တော်အတွင်းဝယ် အကျယ်ဖွင့်ဆိုရာ၌ ဟဇရသ်ကသာဒဟ် (ရဟ)၊ မုဂျာဟိဒ် (ရဟ) နှင့် စူဒီး (ရဟ) အစရှိသော သခင်ကြီးများသည် 'တရားမျှတခြင်း' ဟူ၍ ဖွင့်ဆိုထားကြပေသည်။ အဘယ်ကြောင့်ဆိုသော် 'မီဇာန်' ချိန်ခွင်၏ အဓိကရည်ရွယ်ချက်သည် တရားမျှတမှုပေးရန်သာလျှင် ဖြစ်ပေသည်။ အချို့အကျယ်ဖွင့်ဆိုသော ပညာရှင်ကြီးများသည် ဤနေရာ၌ 'မီဇာန်' ချိန်ခွင်ကို အဓိပ္ပာယ်ကောက်ယူရာ၌ ၎င်း၏ ကျော်ကြားသော အဓိပ္ပာယ်ဖြစ်သည့် 'ချိန်ခွင်' ဟူသည့် အဓိပ္ပာယ်ကို ကောက်ယူထားပေသည်။ ၎င်း၏ အချုပ်သဘောတရားသည်လည်း ရယူပိုင်ဆိုင်ခွင့်ရှိသော အခွင့်အရေးများ၌ တရားမျှတစွာဖြင့် ဆုံးဖြတ်သတ်မှတ်ရန်' ဟူသော အချက်သည်သာလျှင် ဖြစ်ပေသည်။ 'မီဇာန်' ဟူသော စကားလုံး၏ အဓိပ္ပာယ်၌ 'ချိန်ခွင်နှစ်ဖက်ပါသော ကိရိယာဖြစ်စေ၊ (သို့မဟုတ်) ခေတ်သစ်တီထွင်မှုဖြစ်သော တိုင်းထွာသော ကိရိယာဖြစ်စေ' အရာတစ်ခု၏ အတိုင်းအတာကို တိုင်းထွာ၍ ရရှိသော ကိရိယာများအားလုံး ပါဝင်ပေသည်။

أَلَّا تَطْغَوْا فِي الْمِيزَانِ

(အသင်တို့သည် ချိန်တွယ်ရာ၌ မတရားမှု မပြုကြရန်လည်းကောင်း။) *[၅၅ : ၈]*

ပထမအာယသ်တော်အတွင်း၌ 'မီဇာန်' ချိန်ခွင်အား တီထွင်ပေးခြင်းအကြောင်း ပါရှိထားပေသည်။ ဤအာယသ်တော်အတွင်း၌ ယင်းကိရိယာအား တီထွင်ပေးခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းစွာ မိန့်မြွက်တင်ပြထားပေသည်။

تَطْغَوْا ہူသော စကားလုံးသည် طُغْيَانْ 'သုဂ်ယားန်' ဟူသော စကားလုံးမှ ဆင်းသက်လာခြင်းဖြစ်ပေသည်။ 'တရားမျှတမှု မရှိခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း' ဟူ၍ အဓိပ္ပာယ်ရရှိ၏။ အလိုသဘောမှာ 'မီဇာန်' ချိန်ခွင်ကို အလ္လာဟ်အသျှင်မြတ် ဖန်ဆင်းပေးသနားထားတော်မူရခြင်း အကြောင်းမှာ 'အသင်တို့သည် ချိန်တွယ်၊ ခြင်တွယ်ရာ၌ အတိုးအလျှော့ပြုကာ မတရားသမှုအတွင်း၌ မနစ်မွန်းသွားစေရန်' အတွက်ပင် ဖြစ်ပေသည်ဟူ၍တည်း။

وَاَقِيْمُوا الْوَزْنَ بِالْقِسْطِ

(ထို့ပြင် အသင်တို့သည် ချိန်တွယ်မှုကို တရားမျှတစွာ စောင့်ထိန်းကြရန်လည်းကောင်း။)

[၅၅ : ၉]

قِسْطٌ ၏ လုံးချင်းကောက်အဓိပ္ပာယ်သည် တရားမျှတခြင်းဖြစ်သည်။ အလိုသဘောမှာ 'ချိန်တွယ်၊ ချင်တွယ်ရာ၌ တရားမျှတမှုနှင့်အတူ တိကျမှန်ကန် ပြည့်ဝစွာ ချိန်ပေးကုန်' ဟူ၍ ဖြစ်ကြောင်းမှာ ထင်ရှားလှပေသည်။

وَلَاتُخْسِرُوا الْمِيْزَانَ

(ချိန်တွယ်ရာ၌ ယုတ်လျော့စေခြင်း မရှိကြစေရန်လည်းကောင်း။))[၅၅ : ၉]

خُسْرٌ ၏ အဓိပ္ပာယ်သည် 'ချိန်တွယ်၊ ခြင်တွယ်ရာ၌ လျှော့၍ ချိန်ပေးခြင်း' ဟူ၍ ဖြစ်သည်။ ယင်းအချက်ကို اَقِيْمُوا الْوَزْنَ ဟူသော ပထမဝါကျ၌ အတည်ပြု အမိန့်ပေးဝါကျ ပုံစံမျိုးဖြင့် တင်ပြထား၍ ဤနေရာ၌မူ 'ချိန်တွယ်၊ ခြင်တွယ်ပေးရာ၌ လျှော့၍ ခြင်တွယ်၊ ချိန်တွယ်ပေးခြင်းသည် 'ဟရာမ်' ဖြစ်ကြောင်း' ကို အငြင်းဝါကျ အသွင်မျိုးဖြင့် တင်ပြထားပေသည်။

وَالْاَرْضَ وَضَعَهَا لِلْاَنَامِ

(၎င်းပြင် ပထဝီမြေကို ထိုအသျှင်မြတ်သည်ပင် အဖန်ဆင်းခံတို့၏ အကျိုးငှာ ပြုလုပ်ဖန်ဆင်းထားရှိတော်မူခဲ့၏။)

[၅၅ : ၁၀]

اَنَامٌ ဟူသော စကားလုံးသည် 'ဇဗရ်' နှင့် ဖြစ်၍ سَحَابٌ ဟူသော စကားလုံး၏ ပုံစွက်အပေါ်၌ လာရှိထားကာ မြေပထဝီပေါ်၌ နေထိုင်သွားလာလှုပ်ရှားသော သက်ရှိသတ္တဝါတိုင်းကို ခေါ်ဆိုပေသည်။

[ကာမူးစ်]

မိုင်သွာဝီး (ရဟ) သခင်ကြီးသည် 'အသက်ဇီဝိန် ဝိညာဉ်ရှိသောအရာတိုင်း' ဟူ၍ ဘာသာပြန်ဆို တင်ပြထားပေသည်။ 'ဤအာယသ်တော်အတွင်း၌ أنَام ၏ အလိုသဘောသည် လူသားများနှင့် 'ဂျင်န်နှားသ်' များဖြစ်ကြောင်း' မှာ ထင်ရှားလှပေသည်။ အဘယ်ကြောင့်ဆိုသော် အသက်ဇီဝိန် ဝိညာဉ်ရှိသော သတ္တဝါ များထဲမှ ဤအဖန်ဆင်းခံ နှစ်မျိုးနှစ်စားသည်သာ သာသနာ့ပညတ်ချက် အမိန့်များအား လိုက်နာရန် တာဝန်ရှိ အဖန်ဆင်းခံများနှင့် အမိန့်ပေးခြင်းခံထားရသော အဖန်ဆင်းခံများ ဖြစ်ပေသည်။ ဤစူရာဟ်တော်အတွင်း၌ အကြိမ်ကြိမ်အခါခါ ထိုအဖန်ဆင်းခံ အမျိုးအစားနှစ်ရပ်ကိုသာလျှင် မိန့်တော်မူထားပေသည်။

فَبِاَيِّ اٰلَاۤءِ رَبِّكُمَا تُكَذِّبَانِ

(သို့ပါလျက် (အို၊ ဂျင်န်နှင့် လူသတ္တဝါအပေါင်းတို့၊ 'နေ့အ်မသ်'စည်းစိမ်တော်များ ဤမျှခန့် များပြား ကြီးကျယ်စွာ တည်ရှိနေပါလျက်နှင့်) အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင် မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။) *[၅၅ : ၁၃]*

ဟူသော အာယသ်တော်အတွင်း၌လည်း ဤ 'ဂျင်န်' နှင့် လူသားဟူသော အဖန်ဆင်းခံ နှစ်မျိုးနှစ်စား ကိုသာလျှင် ရည်ညွှန်းမိန့်ခြွေထားတော်မူပေသည်။

فِيْهَا فَاكِهَةٌ

(ယင်းပထဝီမြေ၌ သစ်သီးဝလံများသည်လည်းကောင်း။) *[၅၅ : ၁၁]*

فَاكِهَة ဟူသည် စားသောက်ပြီးနောက် ဖိမ်ခံ၊ အရသာခံ ပုံစံမျိုးဖြင့် စားသုံးကြလေ့ရှိသော သစ်သီး ဝလံတိုင်းကို ခေါ်ဆိုပေသည်။

وَالنَّخْلُ ذَاتُ الْاَكْمَامِ

(အစွပ်များဖြင့် ငုံ၊ အညှာတံများဖြင့် အုပ်လျက်ရှိသော စွန်ပလွံပင်များသည်လည်းကောင်း။)

[၅၅ : ၁၁]

اَكْمَام သည် كِمٌّ ဟူသော စကားလုံး၏ အများကိန်းဖြစ်သည်။ 'စွန်ပလွံသီး အစရှိသော အသီး များအပေါ် ကနဦးပိုင်းကာလ၌ ဖုံးအုပ်လျက်ရှိနေသော အခွံ၊ အဖုံး' ဟူ၍ အဓိပ္ပာယ်ရရှိ၏။

وَالْحَبُّ ذُوالْعَصْفِ

(ငှင်းပြင် ဖွဲနုပါသော ကောက်ပဲသီးနှံများသည်လည်းကောင်း။) *[၅၅ : ၁၂]*

ح အက္ခရာ၌ 'ဇဗရ်'နှင့် ب အက္ခရာအပေါ်၌ 'သရှ်ဒီးဒ်'နှင့် လာသော حَبٌّ ဟူသော စကားလုံး သည် သီးနှံမျိုးစေ့ကို ခေါ်ဆိုပေသည်။ ဥပမာ- ဂျုံစေ၊ ပဲစေ့၊ ဆန်၊ မတ်ပဲနှင့် ပဲနီလေး အစရှိသည်တို့ ဖြစ်ပေသည်။ عَصْف ဆိုသည်မှာ ထိုအခွံကို ခေါ်ဆိုပေသည်။ အကြင်အခွံ၏ အတွင်း၌ အလ္လာဟ်အသျှင်

မြတ်၏ တန်ခိုးတော်နှင့် ရင့်ကျက်လှတော်မူသော အမြော်အမြင်ဖြင့် အစေ့သည် တွယ်ကပ်၍ ဖြစ်ပေါ်ကြီးထွားပေသည်။ အစေ့သည် အပေါ်ယံအဖုံးအခွံဖြင့် တွယ်ကပ် ဖုံးအုပ်နေသည့်အတွက် မသန့်ရှင်းသော လေနှင့် ခြင်၊ ယင် အစရှိသော တိရစ္ဆာန်တို့၏ အန္တရာယ်ပေးမှုတို့မှ ကင်းရှင်းလေသည်။ သီးနှံ၊ မျိုးစေ့ကို ဖန်ဆင်းပေးခြင်းနှင့်အတူ ذُو الْعَصْفِ ဟူသော စကားလုံးကို သာပို၍ တိုးထည့်ပေးရာ၌ မေ့မေ့လျော့လျော့ ဖြစ်နေသော လူသားတို့ကို 'ဤသို့ နေ့စဉ်နေ့တိုင်း ကြိမ်ဖန်များစွာ စားသုံး လျက်ရှိနေသော မုန့်၊ ပဲ အစရှိသော သီးနှံမျိုးစေ့ တစ်ခုချင်းစီအား စိုးပိုင်တော်မူသော၊ ဖန်ဆင်းတော်မူသော အသျှင်မြတ်သည် အဘယ်ကဲ့သို့ အံ့ဖွယ်ကောင်းသော လက်ရာတော်နှင့်အတူ မြေကြီးနှင့် ရေအတွင်းမှ ဖန်ဆင်းထားပေးသနည်း။ တစ်ဖန် အဘယ်ကဲ့သို့ ၎င်းအရာများကို ပိုးမွှားတိရစ္ဆာန်တို့၏ အန္တရာယ်မှ ကင်းလွတ်စေရန်အတွက် မျိုးစေ့တစ်ခုချင်းစီအပေါ် အခွံကို ဖုံးအုပ်ပေးထားပေးသနည်း။ သို့မှသာ အသင်တို့ စားသုံးရန် အစာလုပ် ဖြစ်ပေါ်သွားပေသည်' ဟူသော အချက်ဘက်သို့ သတိတရား ပေးထားပေသည်။ ထိုစကားလုံးတော်နှင့်အတူ عَصْفٌ ဟူသော စကားလုံးကို တင်ပြခြင်းဖြင့် 'ဤ عَصْفٌ (အခွံ) သည် အသင်တို့ မွေးမြူထားသော တိရစ္ဆာန်'များ၏ အစားအစာဖြစ်ခြင်း၊ အကြင်တိရစ္ဆာန်များမှ အသင်တို့သည် သောက်သုံးရန် နို့ကို ရရှိခြင်း၊ စီးနင်းခြင်းနှင့် ဝန်စည်စလယ် သယ်ဆောင်ခြင်း၏ အလုပ်အကျွေး ပြုစုမှုကို အသင်တို့ ရယူနေခြင်း' ဟူသော ဒုတိယအခြားသော 'နေ့အ်မသ်'စည်းစိမ်တော်ဘက်သို့ ရည်ညွှန်း ဖော်ထုတ်ထားဟန်တူပေသည်။

وَالرَّيْحَانُ

(မွှေးကြိုင်လျက်ရှိသော ပန်းများ၊ အစာအဟာရများသည်လည်းကောင်း ရှိကြကုန်၏။)*[၅၅ း ၁၂]*

رَيْحَان ၏ ထင်ရှားကျော်ကြားသော အဓိပ္ပာယ်မှာ 'အမွှေးအကြိုင်' ဟူ၍ ဖြစ်၏။ အိဗ်နေ ဇိုက်ဒ် (ရဟ) သခင်ကြီးသည် ဤအဓိပ္ပာယ်ကိုသာလျှင် အာယသ်တော်အတွင်း၌ ကောက်ယူထားပေသည်။ ထိုအသျှင်မြတ်သည် မြေကြီးမှ ပေါက်ရောက်လာသော သစ်ပင်များမှ အမျိုးမျိုးသော မွှေးရနံ့များနှင့် သင်းပျံ့မွှေးကြိုင်သော ပန်းပွင့်များကို ပေါ်ပေါက်စေပေသည်။ တစ်ခါတစ်ရံ رَيْحَان ဟူသော စကားလုံးကို 'ဦးနှောက်'နှင့် 'စားနပ်ရိက္ခာ'၏ အနက်အဓိပ္ပာယ်၌လည်း အသုံးပြုကြပေသည်။

خَرَجْتُ اَطْلُبُ رَيْحَانَ اللهِ

(ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်၏ စားနပ်ရိက္ခာကို ရှာဖွေရန်အတွက် ထွက်လာခဲ့ပေသည်) ဟူ၍ အသုံးပြုသည့် သာဓကများရှိသည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးသည် ဤအာယသ်တော်အတွင်း၌ رَيْحَان ဟူသော စကားလုံး၏ အကျယ်ဖွင့်ဆိုချက်ကို 'စားနပ်ရိက္ခာ'ဟူ၍ ဖွင့်ဆိုထားပေသည်။

فَبِاَيِّ اٰلَاۤءِ رَبِّكُمَا تُكَذِّبٰنِ

(သို့ပါလျက် (အို၊ ဂျင်န်နှင့် လူသတ္တဝါအပေါင်းတို့၊ 'နေအ်မသ်'စည်းစိမ်တော်များ ဤမျှခန့် များပြားကြီးကျယ်စွာ တည်ရှိနေပါလျက်နှင့်) အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။) [၅၅ : ၁၃]

آلاء ဟူသော စကားလုံးသည် အများကိန်းဖြစ်၍ ('နေအ်မသ်'စည်းစိမ်တော်များ) ဟူ၍ အဓိပ္ပာယ်ရရှိပေသည်။ မြွက်ကြားခြင်းခံရသူတို့မှာ 'ဂျင်န်'များနှင့် လူသားတို့ ဖြစ်ပေသည်။ ယင်းကဲ့သို့ ကောက်ယူပြောဆိုရခြင်းမှာ စူရာဟ်ရဟ်မာန်၏ များစွာသော အာယသ်တော်များအတွင်း၌ 'ဂျင်န်'များ၏ အကြောင်းလာရှိထား၍ ဖြစ်ပေသည်။

خَلَقَ الْاِنْسَانَ مِنْ صَلْصَالٍ كَالْفَخَّارِ

(ထိုအသျှင်မြတ်သည်ပင် လူသားတို့အား မြေအိုး၊ အိုးခြမ်းကွဲပမာ အသံမြည်သော ရွှံ့ခြောက်ဖြင့် ဖန်ဆင်းတော်မူခဲ့၏။) [၅၅ : ၁၄]

ဤနေရာ၌ اِنْسَان (လူသား) ၏ အလိုသဘောမှာ ဟဇရသ်အာဒမ် عليه السلام ဖြစ်ကြောင်း အာလင်မ်ပညာရှင်များအားလုံးသည် တစ်စုတစ်စည်းတည်း မိန့်ဆိုထားကြပေသည်။ ၎င်းနဗီကြီးအား ဖန်ဆင်းမှုသည် မြေကြီးဖြင့် ဖြစ်ပေသည်။ صَلْصَال ၏ အဓိပ္ပာယ်သည် 'ရေနှင့် ရောနှောကာ ခြောက်သွေ့သွားသော မြေကြီး' ဟူ၍ ဖြစ်ပေသည်။ فَخَّار ဟူသည် 'မီးဖြင့် အပူပေးထားသော ရေနှင့် ပေါင်းစပ်ကာ ခြောက်သွေ့သွားသော မြေကြီး' ကို ခေါ်ဆိုပေသည်။

وَخَلَقَ الْجَاۤنَّ مِنْ مَّارِجٍ مِّنْ نَّارٍ

(၎င်းပြင် ထိုအသျှင်မြတ်သည်ပင် 'ဂျင်န်'တို့ကို 'ဂျင်န်'သတ္တဝါ၏ ဖခင် အီဗ်လီးစ်ကို မီးခဲ၊ မီးခိုး မရှိသော မီးတောက်ဖြင့် ဖန်ဆင်းတော်မူခဲ့၏။) [၅၅ : ၁၅]

جَاۤنّ ဟူသော စကားလုံးသည် 'နူးန်'အက္ခရာအပေါ်၌ 'သရှ်ဒီးဒ်'ပါရှိပေသည်။ 'ဂျင်န်နားသ်' အမျိုးအစားတို့ကို ခေါ်ဆိုပေသည်။ مَارِجٌ ၏ အဓိပ္ပာယ်မှာ 'မီးတောက်မီးလျှံ'ဟူ၍ ဖြစ်ပေသည်။ ပမာဆိုရသော် လူသားတို့အား ဖန်ဆင်းရာ၌ အကြီးမားဆုံးသော အစိတ်အပိုင်းသည် မြေကြီးဖြစ်သကဲ့သို့ 'ဂျင်န်နားသ်' တို့အား ဖန်ဆင်းခြင်း၏ အကြီးမားဆုံးသော ဓါတ်သည် အခိုးအငွေ့မရှိသော မီးတောက်မီးလျှံ ဖြစ်ပေသည်။

رَبُّ الْمَشْرِقَيْنِ وَرَبُّ الْمَغْرِبَيْنِ

(ထိုအသျှင်မြတ်သည်ပင် နေထွက်ရာ အရပ်နှစ်ခုစလုံးကို ဖန်ဆင်းတော်မူသော အသျှင်၊ နေဝင်ရာ အရပ်နှစ်ခုစလုံးကို ဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။) [၅၅ : ၁၇]

ဆောင်းရာသီနှင့် နွေရာသီ၌ နေထွက်ရာအရပ်သည် ပြောင်းလဲလျက်ရှိနေပေသည်။ ထို့ကြောင့် ဆောင်း ရာသီ၌ နေထွက်ရာအရပ်ဒေသသည် တစ်နေရာဖြစ်၍ နွေရာသီ၌ အခြားတစ်နေရာဖြစ်ပေသည်။ ထိုအရပ်ဒေသနှစ်ခုအား ထောက်ရှု၍ အာယသ်တော်အတွင်း၌ مَشۡرِقَيۡنِ (အရှေ့ဘက်နှစ်ရပ်) ဟူ၍ သုံးနှုန်း ဖော်ပြထားခြင်း ဖြစ်ပေသည်။ ဤကဲ့သို့ပင် ယင်းအချက်နှင့် ဆန့်ကျင်စွာ ဆောင်းရာသီ၌ နေဝင်ရာ အရပ် ဒေသသည် တစ်နေရာဖြစ်၍ နွေရာသီ၌ တစ်နေရာဖြစ်ခြင်းတို့ကြောင့် مَغۡرِبَيۡنِ (နေဝင်ရာ အရပ်ဒေသ နှစ်ရပ်) ဟူ၍ သုံးနှုန်းဖော်ပြထားပေသည်။

مَرَجَ الۡبَحۡرَيۡنِ يَلۡتَقِيٰنِ

(ထိုအသျှင်မြတ်သည် ပင်လယ်သမုဒ္ဒရာနှစ်ခုကို လွှတ်တော်မူခဲ့ရာ ထိုသမုဒ္ဒရာပင်လယ်နှစ်ခုသည် ဆုံစည်းဆက်စပ်လျက်ရှိ၏။) [၅၅ : ၁၉]

مَرَجَ ၏ အဘိဓါန်အဓိပ္ပာယ်မှာ 'အချုပ်နှောင်ကင်းမဲ့ လွတ်လပ်စွာဖြင့် လွှတ်လိုက်ခြင်း' ဟူ၍ရ၏။ ပင်လယ်သမုဒ္ဒရာနှစ်ခု၏ ဖွင့်ဆိုချက်၌ ရေချိုပင်လယ်နှင့် ရေငန်ပင်လယ်ဟူသော အလိုသဘောကို ယူဆ တင်ပြထားပေသည်။ မြေပြင်ပေါ်တွင် အလ္လာဟ်အသျှင်မြတ်သည် နှစ်မျိုးစလုံးသော ပင်လယ်သမုဒ္ဒရာ ကို ဖန်ဆင်း ပေးသနားထားတော်မူပေသည်။ အချို့သော နေရာများ၌ ဤသို့သော ပင်လယ်သမုဒ္ဒရာ နှစ်စင်းသည် ပေါင်းစပ်သွားခြင်းရှိသည်။ ယင်း၏ သာဓကကို ကမ္ဘာလောက၏ အရပ်ဒေသတိုင်း၌ တွေ့မြင် နိုင်ပေသည်။ သို့ရာတွင် ရေချို ရေငန် ပင်လယ်သမုဒ္ဒရာနှစ်စင်းလုံးသည် ယှဉ်ကာ အတူ စီးဆင်းနေသည့် နေရာများလည်း ရှိပေသည်။ ထိုနေရာမျိုးတွင် အကျာအဝေးခပ်လှမ်းလှမ်းထိတိုင် နှစ်မျိုးစလုံး၏ ရေသည် သီးခြားစွာ ကွဲကွဲပြားပြား စီးဆင်းနေလေ့ ရှိပေသည်။ ထို့ကြောင့် တစ်ဘက်၌ ရေချိုရှိကာ အခြားတစ်ဘက် ၌ ရေငန်ရှိနေပေသည်။ အချို့သော နေရာမျိုး၌ ဤပုံစံသည် အထက်၊ အောက် ပုံစံမျိုးလည်း ဖြစ်ပေါ်နေ တတ်ပေသည်။ ရေငန်ပင်လယ်ရှိ ရေသည် ရေချိုပင်လယ်ရှိရာဆီသို့ တက်သွားသောအခါ ထိုနေရာ၌ အောက်ဘက်ပိုင်း၌ ရှိသော ရေသည် မိမိ၏ ရှိရင်းအတိုင်း ရေချိုအဖြစ်သာ တည်ရှိနေပေသည်။ အပေါ်ယံ အလွှာရေသည် ရေငန်အဖြစ် ဖြစ်ပေါ်တည်ရှိနေပေသည်။ ရေသည် ကျဲကာ ထုထည်၊ ခန္ဓာမဲ့အရာ ဖြစ်နေ သည့်တိုင် အတိုင်းအတာ၊ အကွာအဝေးတစ်ခု ထိတိုင် ရေတစ်ခုသည် အခြားသော ရေနှင့် ရောနှောသွား ခြင်းမျိုးမရှိဘဲ သီးခြားစွာ မိမိ၏ အရသာနှင့်အတူ စီးဆင်းနေပေသည်။ ထိုအလ္လာဟ်အသျှင်မြတ်၏ တန်ခိုး တော်ကို တင်ပြရန်အတွက် ဤသို့ မိန့်မြွက်တော်မူထားပေသည်။

مَرَجَ الۡبَحۡرَيۡنِ يَلۡتَقِيٰنِ بَيۡنَهُمَا بَرۡزَخٌ لَّا يَبۡغِيٰنِ

(ထိုအသျှင်မြတ်သည်ပင် ဆက်စပ် စီးဆင်းလျက်ရှိသော သမုဒ္ဒရာ ပင်လယ်နှစ်ခုကို လွှတ်တော် မူခဲ့ရာ ထိုသမုဒ္ဒရာပင်လယ်နှစ်ခုသည် ဆုံစည်းဆက်စပ်လျက် ရှိ၏။ ယင်းပင်လယ်နှစ်ခု၏ ကြား၌ အတား အဆီးတစ်ခု ရှိနေပေရာ ၎င်းတို့နှစ်ခုလုံးမှာ ပိုင်နက်ကျူးလွန်နိုင်ကြသည်မရှိပေ။) [၅၅ : ၁၉-၂၀]

ဆိုလိုသည်မှာ 'ပင်လယ်နှစ်ခုသည် ဆက်စပ်ကာ ထိတွေ့လျက် ရှိပေသည်။ သို့ရာတွင် ၎င်းတို့နှစ်ခု၏ ကြားဝယ် အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်၏ အတားအဆီးတစ်ခုသည် ခြားနားပေးလျက် ရှိနေသောကြောင့် ယင်းအတားအဆီးသည် ခပ်လှမ်းလှမ်း အကွာအဝေးထိတိုင် ၎င်းတို့ကို ရောနှောပေါင်းစပ်ခွင့် မပေးပေ'ဟူ၍ ဖြစ်သည်။

يَخْرُجُ مِنْهُمَا اللُّؤْلُؤُ وَالْمَرْجَانُ

(ယင်းပင်လယ်နှစ်ခုမှ ပုလဲရတနာများသည်လည်းကောင်း၊ သန္တာ (ပင်လယ်ထွက်) ကျောက်နီများသည်လည်းကောင်း ထွက်ကြပေသည်။) *[၅၅ ː ၂၂]*

لُؤْلُؤ ၏ အဓိပ္ပာယ်သည် ပုလဲဖြစ်၍ مَرْجَانٌ ၏ အဓိပ္ပာယ်သည် 'သန္တာကျောက်နီ' ဖြစ်ပေသည်။ ဤသည်လည်း အဖိုးတန်သော ကျောက်မျက်ရတနာများထဲမှ ဖြစ်ပေသည်။ ထိုသန္တာကျောက်နီ၌ သစ်ပင်၏ အခက်၊ အလက်များကဲ့သို့ အခက်အလက်များ ပါရှိပေသည်။ ဤအရာနှစ်ခုစလုံးသည် ပင်လယ်သမုဒ္ဒရာအတွင်းမှ ထွက်ရှိပေသည်။ သို့ရာတွင် ပုလဲနှင့် ကျောက်မျက်ရတနာများသည် ရေငန်ပင်လယ်မှသာ ထွက်သည်။ ရေချိုပင်လယ်မှ မထွက်ပေါ်ပေဟူ၍ ကျော်ကြား၏။ သို့သော် ဤအာယသ်တော်အတွင်း၌ ပင်လယ်နှစ်မျိုးစလုံးမှ ထွက်ပေါ်ကြောင်းကို မိန့်မြွက်ထားပေသည်။ ၎င်းမှာ 'ပုလဲရတနာသည် ပင်လယ်သမုဒ္ဒရာ နှစ်ခုစလုံးအတွင်း၌ ဖြစ်ပေါ်တည်ရှိပေသည်။ သို့ရာတွင် ရေချိုပင်လယ်ရေများ အားလုံးသည် စီးတွေ၊ စီးဆင်းလျက် ရှိနေပေရာ ထိုပင်လယ်မှ ပုလဲကို ထုတ်ယူရန်သည် မလွယ်ကူလှပေ။ ရေချိုပင်လယ်များအားလုံးသည် ရေငန်များရှိဆီသို့ စီးဆင်းဝင်ရောက်ကြသည်ဖြစ်ရာ ထိုရေငန်ပင်လယ်မှ ပုလဲများကို ထုတ်ဖော်ရယူကြပေသည်။ ထို့ကြောင့် ပုလဲများ ထွက်ပေါ်ရာနေရာကို ပင်လယ်ရေငန် ဟူ၍ ဆိုစမှတ်ပြုခဲ့ခြင်း ဖြစ်ကောင်းဖြစ်နိုင်ပေသည်' ဟူသော အကြောင်းမျိုးကြောင့်လည်း ဖြစ်နိုင်ပေသည်။

وَلَهُ الْجَوَارِ الْمُنْشَآتُ فِي الْبَحْرِ كَالْأَعْلَامِ

(၎င်းပြင် ပင်လယ်သမုဒ္ဒရာ၌ တောင်များပမာ မားမားမတ်မတ်ရပ်နေကြသော အထင်အရှား ရှိနေကြသော သင်္ဘောများမှာလည်း ထိုအသျှင်မြတ်၏ အာဏာစက်အတွင်း၌ ရှိနေကြကုန်၏။) *[၅၅ ː ၂၄]*

جَوَارٌ သည် جَارِيَةٌ ၏ အများကိန်းဖြစ်ပေသည်။ ၎င်း၏ အဓိပ္ပာယ်တစ်မျိုးမှာ 'လှေ၊ သင်္ဘော' ဖြစ်၍ ဤနေရာ၌ ယင်းအဓိပ္ပာယ်ကိုသာလျှင် ကောက်ယူထားပေသည်။ مُنْشَآتٌ ဟူသော စကားလုံးသည် نَشَأَ ဟူသော စကားလုံးမှ ဆင်းသက်လာခြင်း ဖြစ်ပေသည်။ အဓိပ္ပာယ်မှာ 'ဖောင်းထွက်လာခြင်း၊ မြင့်မားခြင်း'ဟူ၍ ရရှိ၏။ အလံများကဲ့သို့ မြင့်မား၍ ထီးထီးတည်ရှိနေသော 'လှေ၊ သင်္ဘောများ၏ ရွက်များကို ဆိုလိုခြင်းဖြစ်ပေသည်။ ထိုသို့ မိန့်မြွက်ရာ၌ လှေ၊ သင်္ဘောအား ပြုလုပ်ဖန်တီးပုံနှင့် ၎င်းလှေ၊ သင်္ဘောများ ရေပေါ်၌ သွားလာနိုင်ခြင်း၏ အခြေခံအရာကိုလည်း တင်ပြထားပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

كُلُّ مَنْ عَلَيْهَا فَانٍ ﴿٢٦﴾

၅၅ : ၂၆ ။ ။ ဤပထဝီမြေပေါ်၌ ရှိသမျှတို့သည် ပျက်စီးဆုံးပါး၍ ဆိတ်သုဉ်းမည်ဖြစ်သော အရာများပင် ဖြစ်ကြကုန်၏။

وَيَبْقَىٰ وَجْهُ رَبِّكَ ذُو الْجَلَالِ وَالْإِكْرَامِ ﴿٢٧﴾

၅၅ : ၂၇ ။ ။ စင်စစ် (အို, နဗီတမန်တော်) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော၊ တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော၊ ကျေးဇူးတော်ရှင် ဖြစ်တော်မူသော အသျှင်မြတ် (တစ်ဆူတည်း) သာလျှင် (ထာဝရ) ကျန်ရှိတော်မူပေမည်။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٢٨﴾

၅၅ : ၂၈ ။ ။ သို့ပါလျက် (အို, 'ဂျင်န်' နှင့် လူသတ္တဝါအပေါင်းတို့) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

يَسْأَلُهُ مَن فِي السَّمَاوَاتِ وَالْأَرْضِ ۚ كُلَّ يَوْمٍ هُوَ فِي شَأْنٍ ﴿٢٩﴾

၅၅ : ၂၉ ။ ။ မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိရှိသမျှတို့သည် (မိမိတို့၏ လိုအင်ဆန္ဒများကို) ထိုအသျှင်မြတ်၏ ထံတော်၌သာလျှင် တောင်းခံကြကုန်၏။ ထိုအသျှင်မြတ်သည် နေ့စဉ် (အချိန်ရှိသရွေ့) အရေးကိစ္စတစ်ခုခုကို ဆောင်ရွက်လျက် ရှိနေတော်မူ၏။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٣٠﴾

၅၅ : ၃၀ ။ ။ သို့ပါလျက် (အို, 'ဂျင်န်' နှင့် လူသတ္တဝါအပေါင်းတို့) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

سَنَفْرُغُ لَكُمْ أَيُّهَ الثَّقَلَانِ ﴿٣١﴾

၅၅ : ၃၁ ။ ။ အို, 'ဂျင်န်' နှင့် လူသတ္တဝါအပေါင်းတို့၊ မကြာမီပင် (အသင်တို့အား စစ်ဆေးတော်မူရန်) ငါအသျှင်မြတ်သည် အသင်ဘက်သို့ လှည့်တော်မူပေမည်။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٣٢﴾

၅၅ : ၃၂ ။ ။ သို့ပါလျက် (အို, 'ဂျင်န်' နှင့် လူသတ္တဝါအပေါင်းတို့) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

يَٰمَعۡشَرَ ٱلۡجِنِّ وَٱلۡإِنسِ إِنِ ٱسۡتَطَعۡتُمۡ أَن تَنفُذُواْ مِنۡ أَقۡطَارِ ٱلسَّمَٰوَٰتِ
وَٱلۡأَرۡضِ فَٱنفُذُواْۚ لَا تَنفُذُونَ إِلَّا بِسُلۡطَٰنٖ ۝٣٣

၅၅ : ၃၃ ॥ ॥ အို့ 'ဂျင်န်'နှင့် လူပရိသတ်အပေါင်းတို့၊ အကယ်၍ အသင်တို့သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေ၏ နယ်နိမိတ် များအတွင်းမှ (ဖောက်ထွင်း) ထွက်သွားနိုင်ကြပါလျှင်၊ ထွက်သွားကြကုန်လော့။ (စင်စစ်) စွမ်းအားမရှိဘဲလျက် အသင်တို့ သည် ထွက်သွားနိုင်ကြမည် မဟုတ်ပေ။

فَبِأَيِّ ءَالَآءِ رَبِّكُمَا تُكَذِّبَانِ ۝٣٤

၅၅ : ၃၄ ॥ ॥ သို့ပါလျက် (အို့ 'ဂျင်န်'နှင့် လူသတ္တဝါအပေါင်းတို့) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

يُرۡسَلُ عَلَيۡكُمَا شُوَاظٞ مِّن نَّارٖ وَنُحَاسٞ فَلَا تَنتَصِرَانِ ۝٣٥

၅၅ : ၃၅ ॥ ॥ (ထွက်ပြေးရန် ကြံရွယ်ကြပါလျှင်) အသင်တို့နှစ်ဦး၏ အပေါ်ဝယ် မီးခိုးမပါသော မီးတောက်မီးလျှံနှင့် (မီးတောက်မပါသော) အခိုးများအား စေလွှတ်ခြင်း ခံရပေလိမ့်မည်။ ထိုအခါ အသင်တို့သည် တွန်းလှန်ဖယ်ရှားနိုင်ကြမည်မဟုတ်ပေ။

فَبِأَيِّ ءَالَآءِ رَبِّكُمَا تُكَذِّبَانِ ۝٣٦

၅၅ : ၃၆ ॥ ॥ သို့ပါလျက် (အို့ 'ဂျင်န်'နှင့် လူသတ္တဝါအပေါင်းတို့) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

فَإِذَا ٱنشَقَّتِ ٱلسَّمَآءُ فَكَانَتۡ وَرۡدَةٗ كَٱلدِّهَانِ ۝٣٧

၅၅ : ၃၇ ॥ ॥ စင်စစ် အကြင်အခါဝယ် မိုးကောင်းကင်သည် အက်ကွဲ၍ အသားနီကဲ့သို့ နီရဲလာပေမည်။

فَبِأَيِّ ءَالَآءِ رَبِّكُمَا تُكَذِّبَانِ ۝٣٨

၅၅ : ၃၈ ॥ ॥ သို့ပါလျက် (အို့ 'ဂျင်န်'နှင့် လူသတ္တဝါအပေါင်းတို့) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

فَيَوۡمَئِذٖ لَّا يُسۡـَٔلُ عَن ذَنۢبِهِۦٓ إِنسٞ وَلَا جَآنّٞ ۝٣٩

၅၅ : ၃၉ ॥ ॥ စင်စစ် ထိုနေ့တွင် မည်သည့်လူသား တစ်ဦးတစ်ယောက်နှင့် မည်သည့် 'ဂျင်န်' တစ်ဦးတစ်ယောက်မျှပင် မိမိ၏ ပြစ်မှုနှင့်စပ်လျဉ်း၍ မေးမြန်းခြင်းကို ခံရမည်မဟုတ်ပေ။ [ဖြစ်ရပ်မှန်ကို သိရှိရန်အတွက် မည်သူ့ကိုမျှ မေးမြန်းစုံစမ်းတော်မူမည် မဟုတ်ပေ။]

فَبِاَيِّ اٰلَاۗءِ رَبِّكُمَا تُكَذِّبٰنِ ۝٦١

၅၅ : ၆၀ ။ ။ သို့ပါလျက် (အို၊ 'ဂျင်န်'နှင့် လူသတ္တဝါအပေါင်းတို့) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

يُعْرَفُ الْمُجْرِمُوْنَ بِسِيْمٰهُمْ فَيُؤْخَذُ بِالنَّوَاصِيْ وَالْاَقْدَامِ ۝٤١

၅၅ : ၆၁ ။ ။ (ထိုနေ့တွင်) အပြစ်ရှိသူတို့သည် မိမိတို့၏ ရုပ်ရည်လက္ခဏာဖြင့် သိရှိခြင်း ခံကြရပေမည်။ ထိုအခါ ၎င်းတို့သည် (နဖူးများ) ဦးထိပ်များနှင့် ခြေများကို (တရွတ်တိုက်) ဆွဲကိုင်၍ ဖမ်းဆီးခြင်းကို ခံကြရပေမည်။

فَبِاَيِّ اٰلَاۗءِ رَبِّكُمَا تُكَذِّبٰنِ ۝٤٢

၅၅ : ၆၂ ။ ။ သို့ပါလျက် (အို၊ 'ဂျင်န်'နှင့် လူသတ္တဝါအပေါင်းတို့) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

هٰذِهٖ جَهَنَّمُ الَّتِيْ يُكَذِّبُ بِهَا الْمُجْرِمُوْنَ ۝٤٣

၅၅ : ၆၃ ။ ။ (ထို့ပြင် ၎င်းတို့သည် မိန့်ကြားတော်မူခြင်းကို ခံကြရပေမည်။) ဤသည်ပင်လျှင် အပြစ်ရှိသူတို့သည် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်လေ့ ရှိခဲ့ကြသော 'ဂျဟန္နမ်'ငရဲဘုံပင် ဖြစ်သည်။

يَطُوْفُوْنَ بَيْنَهَا وَبَيْنَ حَمِيْمٍ اٰنٍ ۝٤٤

၅၅ : ၆၄ ။ ။ ထိုအပြစ်ရှိသူတို့သည် ယင်း 'ဂျဟန္နမ်'ငရဲဘုံနှင့် ပွက်ပွက်ဆူလျက် ရှိနေသော ရေနွေးပူ၏ အကြား၌ လှည့်ပတ်လျက် ရှိနေကြပေမည်။

فَبِاَيِّ اٰلَاۗءِ رَبِّكُمَا تُكَذِّبٰنِ ۝٤٥

၅၅ : ၆၅ ။ ။ သို့ပါလျက် (အို၊ 'ဂျင်န်'နှင့် လူသတ္တဝါအပေါင်းတို့) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

('နေ့အ်မသ်'စည်းစိမ်တော်အမြောက်အမြားကို အသင်တို့ ကြားနာခဲ့ရပေသည်။ အသင်တို့သည် 'သောင်ဟီးဒ်' (ကိုးကွယ်ခံထိုက်တော်မူသော အသျှင် အလ္လာဟ်အသျှင်မြတ် တစ်ပါးတည်း တည်ရှိခြင်းတရား) ကို လက်ခံယုံကြည်၍ အမိန့်နာခံမှုတို့ဖြင့် ထိုကျေးဇူးတရားများ၏ တန်ဖိုးကို သိသင့်ပေသည်။

ကျေးဇူးဆပ်သင့်ပေသည်။ 'ကုဖွရ်' (သွေဖည်ငြင်းဆိုမှု) နှင့် ပြစ်မှုဒုစရိုက်တို့ကို ကျူးလွန်ခြင်းဖြင့် ကျေးဇူး တရား မကန်းသင့်ပေ။ အဘယ်ကြောင့်ဆိုသော် ဤစကြဝဠာကမ္ဘာလောကကြီး ပျက်သုဉ်းသွားပြီးသည့် နောက် အခြားသော လောကတစ်ခု ရောက်ရှိလာပေလိမ့်မည်။ ယင်းလောက၌ အီမာန်နှင့် 'ကုဖွရ်' (သွေဖည် ငြင်းဆိုခြင်း) အပေါ် ကြောင်းကျိုးပြစ်ဒဏ်ကို အမှန်တကယ် စံစား၊ ခံစားရပေလိမ့်မည်။ ယင်းအချက် များကို အရှေ့၌ တင်ပြလျက်ရှိသော အာယသ်တော်များအတွင်း ကွင်းဆက်တစ်ဆက်တည်းအနေဖြင့် ထည်သွင်းအမိန့်ရှိထားပေသည်။ သို့ရှိရာ မိန့်တော်မူထားသည်မှာ) ဤပထဝီမြေပေါ်၌ ရှိသမျှ (သော 'ဂျင်န်'နှင့် လူသား) တို့သည် ပျက်စီးဆုံးပါး၍ ဆိတ်သုဉ်းမည်ဖြစ်သော အရာများပင် ဖြစ်ကြကုန်၏။

စင်စစ် (အို၊ နဗီတမန်တော်) အသင့်အား မွေးမြူဖန်ဆင်းတော်မူသော၊ တန်ခိုးတော် (ကြီးမြတ် မှု) နှင့် ပြည့်စုံတော်မူသော (ယင်းကဲ့သို့ ကြီးကျယ်မြင့်မြတ်မှု တည်ရှိနေသည် ကြားကပင်) ကျေးဇူးတော် ရှင် ဖြစ်တော်မူသော အသျှင်မြတ် (တစ်ဆူတည်း) သာလျှင် (ထာဝရ) ကျန်ရှိတော်မူပေမည်။ (ဤသည်မှ အဓိကရည်ရွယ်ချက်မှာ မြေပထဝီ၌ နေထိုင်ကြကုန်သော 'ဂျင်န်'နှင့် လူသားတို့အား သတိပေးရန် ဖြစ်ပေ သည်။ ထို့ကြောင့် ပျက်သုဉ်းမည်ဟူ၍ မိန့်တော်မူထားရာ၌ မြေပထဝီတွင် နေထိုင်သူတို့ကို အထူးထည့် သွင်း မိန့်တော်မူထားပေသည်။ ယင်းသို့ သီးသန့် အထူးပြုကာ တင်ပြ မိန့်မြွက်လိုက်ခြင်းဖြင့် အခြားသော အရာများ 'မပျက်သုဉ်းပေ' ဟူ၍ အလိုသဘောမျိုးလည်း မသက်ရောက်ပေ။ ဤနေရာ၌ အလ္လာဟ်အသျှင် မြတ်၏ ဂုဏ်တော်နှစ်ပါးဖြစ်သော တန်ခိုးတော်ရှင်ဟူသော ဂုဏ်တော်နှင့် ကျေးဇူးတော်ရှင်ဟူသော ဂုဏ်တော် ကို တင်ပြရခြင်းအကြောင်းမှာ အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်တော်များ၌ ဂုဏ်တော်တစ်ရပ်သည် ဇာတိ တော်ပါ ဂုဏ်တော်ဖြစ်၍ ဒုတိယဂုဏ်တော်တစ်ရပ်မှာ ဆက်နွှယ်ဖြစ်ပေါ်စေသော ဂုဏ်တော်ဟူ၍ ရှိလေ သည်။ ထိုတင်ပြချက်၏ အချုပ်သဘောတရား ရလဒ်မှာ 'များစွာသော ဂုဏ်ဒြပ်ကြီးမြင့်သော သူတို့သည် အခြားသောသူများ၏ အခြေအနေအပေါ် အလေးထား ဂရုစိုက်မှု မရှိတတ်ကြပေ။ သို့ရာတွင် အလ္လာဟ် အသျှင်မြတ်သည် ထိုသို့ ဂုဏ်အင်ဒြပ်နှင့် ကြီးမား မြတ်ထွတ်တော်မူသော အသျှင်မြတ် ဖြစ်နေသည့် ကြားကပင် မိမိ၏ ကျေးကျွန်များအပေါ် ကျေးဇူးတရား၊ ကရုဏာ ထားတော်မူပေသည်။ သို့ရှိရာ ဤသို့ ပျက်သုဉ်းသွားမည်ဖြစ်သော ကမ္ဘာလောကအကြောင်းနှင့် ၎င်း၏နောက် လာမည့် ကြောင်းကျိုး ပြစ်ဒဏ် စံစား၊ ခံစားရမည်ဟူသော သတင်းကို ပေးခြင်းသည် လူသားတို့အား တန်ဖိုးမဖြတ်နိုင်သော အီမာန်ကို ရရှိစေပေသည်။)

(ထို့ကြောင့် ဤမည်သော အချက်သည်လည်း အလွန်ကြီးမားသော 'နေ့အ်မသ်' စည်းစိမ်တော် တစ်ရပ်ပင် ဖြစ်ပေသည်။ ထို့ကြောင့် မိန့်တော်မူထားသည်မှာ) သို့ပါလျက် (အို၊ ဂျင်န်နှင့် လူသတ္တဝါ အပေါင်းတို့၊ 'နေ့အ်မသ်'စည်းစိမ်တော်များ ဤမျှခန့် များပြားကြီးကျယ်စွာ တည်ရှိနေပါလျက်နှင့်) အသင် တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန် ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

(ရှေ့၌ ဆက်လက်၍ သီးသန့်အသွင်ဖြင့် ထိုအသျှင်မြတ်၏ ကြီးကျယ်မြတ်ထွတ်ခြင်းနှင့် ချီးမြှင့်ရက်ရောတော်မူခြင်းတို့နှင့် စပ်လျဉ်းသော စာစဉ်အကြောင်းအရာကို တင်ပြထားပေသည်။ ဆိုလိုသည်မှာ ထိုအသျှင်မြတ် သည် ဤသို့ ကြီးကျယ်မြင့်မြတ်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ ၄င်းမှာ) မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိရှိသမျှတို့သည် (မိမိတို့၏ လိုအင်ဆန္ဒများကို) ထိုအသျှင်မြတ်၏ ထံတော်၌သာလျှင် တောင်းခံကြကုန်၏။ (မြေပေါ်ရှိ အဖန်ဆင်းခံများ၌ လိုအပ်ချက်များ ရှိကြောင်းမှာ ထင်ရှားလှပေသည်။ ကောင်းကင်ရှိ အဖန်ဆင်းခံများသည် စားသောက်ခြင်းကို မလိုအပ်ကြပေ။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်၏ 'ရဟ်မသ်'ကရုဏာတော်နှင့် ရက်ရောမှုကို အားလုံးသောသူတို့က လိုလားတောင့်တရသည်သာ ဖြစ်ပေသည်။)

(ရှေ့၌ အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးအသနားတော်နှင့် ကရုဏာကျေးဇူးတော်ကို အခြားသော ခေါင်းစဉ်တစ်မျိုးဖြင့် တင်ပြထားပေသည်။) ထိုအသျှင်မြတ်သည် နေ့စဉ် (အချိန်ရှိသရွေ့) အရေးကိစ္စတစ်ခုခုကို ဆောင်ရွက်လျက် ရှိနေတော်မူ၏။ (အရေးကိစ္စများ ဆောင်ရွက်ဖြစ်ပေါ်ခြင်းသည် ထိုအသျှင်မြတ်၏ 'ဇာသ်'တော်အတွက် တာဝန်အဖြစ် အရေးကြီးသော အချက်များထဲမှ ဖြစ်သည်'ဟူသော အလိုသဘောမျိုး မဟုတ်ပေ။ သို့တည်းမဟုတ်ပါက حارث ကနဦးအစက တည်ရှိမှု မရှိသော အရာသည် قديم ကနဦးကပင် တည်ရှိနေသော အရာဟူသော အလိုသဘောမျိုး သက်ရောက်သွားပေလိမ့်မည်။ သို့သာမက အာယသ်တော်၏ အလိုသဘောမှာ ဤသို့တည်း။ ကမ္ဘာလောကကြီးအတွင်း၌ ဖြစ်ပေါ်တည်ရှိလျက်ရှိနေသော အရာများသည် ထိုအသျှင်မြတ်၏ စိုးမိုးခြယ်လှယ်မှုအတွင်း၌ ဖြစ်ပေါ်တည်ရှိနေပေသည်။ ယင်းခြယ်လှယ်မှုအတွင်း၌ ထိုအသျှင်မြတ်၏ ပေးကမ်းချီးမြှင့်မှုများနှင့် ကျေးဇူးအသနားတော်တို့သည်လည်း ပါဝင်နေပေသည်။ ဥပမာ- တီထွင်ပေါ်ပေါက်စေခြင်းနှင့် ကျန်ရှိ မြဲမြံစေခြင်းတို့သည် ထိုအသျှင်မြတ်၏ အားလုံးအား ချီးမြှင့်ထားသော ကရုဏာတရားတော်အတွင်း၌ ပါဝင်နေပေသည်။ စားနပ်ရိက္ခာနှင့် သားသမီးများကို ချီးမြှင့်ခြင်းအားလုံးသည် လောကီရေးရာ၏ ကရုဏာတရားတော်များ ဖြစ်ပေသည်။ 'ဟေဒါယသ်' (တရားလမ်းမှန်) နှင့် 'အိလ်မ်' (အသိပညာ) တို့ကို ချီးမြှင့်ခြင်းနှင့် 'အမလ်' (ကုသိုလ်အကျိုး) ပြုနိုင်စွမ်း ချီးမြှင့်ခြင်းသည် 'ဒီးန်' သာသနာရေးရာ 'နေ့အ်မသ်' စည်းစိမ်တော်များ ဖြစ်ပေသည်။)

(သို့ရှိရာ ဤမျှခန့် ကြီးကျယ်လှစွာသော အသျှင်မြတ်ဖြစ်တော်မူသည့် ကြားကပင် ဤသို့ ရက်ရောစွာ ကျေးဇူးအသနားတော် ထားရှိခြင်းသည်လည်း ကြီးကျယ်လှစွာသော 'နေ့အ်မသ်' စည်းစိမ်တော် ဖြစ်ပေသည်။) သို့ပါလျက် (အို, ဂျင်န်နှင့် လူသတ္တဝါအပေါင်းတို့၊ 'နေ့အ်မသ်'စည်းစိမ်တော်များ ဤမျှခန့်များပြားကြီးကျယ်စွာ တည်ရှိနေပါလျက်နှင့်) အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။(ဤသို့ တန်ခိုးတော်အသျှင်မြတ် ဖြစ်တော်မူသော၊ ဖန်ဆင်းတော်မူသော အသျှင်မြတ်သည်သာ ထာဝရ ကျန်ရှိနေတော်မူမည်ဖြစ်ကြောင်း စာစဉ်အကြောင်းအရာနှင့် ဆက်စပ်၍ ရှေ့၌ အဖန်ဆင်းခံများ ပျက်စီးဆုံးပါးကာ ဆိတ်သုဉ်း

သွားမည်ဖြစ်ကြောင်းနှင့် စပ်လျဉ်း၍ မိန့်တော်မူထားပေသည်။ အသင်တို့သည် 'ထိုသို့ ပျက်သုဉ်းခြင်းသည် အစဉ်အမြဲ ဖြစ်နေမည်။ ကြောင်းကျိုးပြစ်ဒဏ် မခံစားရတော့ပြီ' ဟူ၍လည်း မမှတ်ယူထားလေနှင့်။ သို့သာမက ငါအသျှင်မြတ်သည် အသင်တို့အား ဒုတိယအကြိမ် ရှင်ပြန်ထစေကာ ကြောင်းကျိုး ပြစ်ဒဏ်ကို ပေးတော်မူပေလိမ့်မည်။ ထိုအချက်ကို ဤသို့ အောက်ဖော်ပြပါအတိုင်း မိန့်တော်မူထားပေသည်)

'အို၊ ဂျင်န်နှင့် လူသတ္တဝါအပေါင်းတို့၊ မကြာမီပင် (အသင်တို့အား စစ်ဆေးတော်မူရန်) ငါအသျှင်မြတ်သည် လုံးဝ အားလပ်သွားပေလိမ့်မည်။ အသင်တို့ဘက်သို့ လှည့်တော်မူပေမည်။ (ဆိုလိုသည်မှာ 'စာရင်းအင်း စစ်ဆေးတော်မူမည့် အသျှင် ဖြစ်တော်မူပေသည်' ဟူ၏။ သွယ်ဝိုက်၍ အတိသယဝုတ္တိ အလင်္ကာမြောက်စွာဖြင့် 'အားလပ်ခြင်း' ဟူ၍ သုံးနှုန်းမိန့်ဆိုထားခြင်း ဖြစ်ပေသည်။ အတိသယဝုတ္တိ အလင်္ကာမြောက်ခြင်းမှာ ဤသို့သော ပုံစံမျိုးဖြင့် ဖြစ်ပေသည်။ လူသားသည် အလုပ်အားလုံးမှ ပြီးဆုံးအားလပ်ကာ အရာတစ်ခုဘက်သို့ အာရုံစူးစိုက်လိုက်သည်ဆိုလျှင် လုံးလုံးလျားလျား အာရုံစူးစိုက်လိုက်သည်ဟူ၍ မှတ်ယူရပေသည်။ လူသားတို့ သိမြင်သဘောပေါက်နိုင်သည့် အချက်နှင့် လျော်ညီစွာ ဤစာစဉ်ကို ရွေးချယ်တင်ပြထားခြင်း ဖြစ်ပေသည်။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်ရှိန်၊ ဂုဏ်ဝါတော်မှာ အရာတစ်ခု၌ နစ်မွန်းနေသည်ဆိုလျှင် အခြားအရာတစ်ခုအတွင်း နစ်မွန်း စူးစိုက်ရန်အတွက် ၄င်းအချက်သည် အဟန့်အတား မဖြစ်နိုင်ခြင်း၊ အကြင် မည်သည့်အရာတစ်ခုဘက်သို့မဆို အာရုံစူးစိုက်လိုက်သည်ဆိုလျှင် ထိုသို့ အာရုံစူးစိုက်ခြင်းသည် လုံးဝ ပြီးပြည့်စုံစွာ အာရုံစူးစိုက်ခြင်းဖြစ်ခြင်း၊ ထိုအသျှင်မြတ်အဖို့ အာရုံစူးစိုက်မှု နည်းပါးခြင်းသည် လုံးဝ မဖြစ်နိုင်ခြင်း' ဟူ၍ ဖြစ်သည်။)

(အထက်၌ တင်ပြပြီး၊ ထိုနည်းတူ ရှေ့၌ ဆက်လက်၍ မိန့်တော်မူထားသည်မှာ ဤသို့ စာရင်းအင်းစစ်ဆေးမည်ဟု မိန့်တော်မူထားခြင်းသည်လည်း ကြီးမားလှစွာသော 'နေ့အ်မသ်' စည်းစိမ်တော် ဖြစ်ပေသည်။)

သို့ပါလျက် (အို၊ ဂျင်န်နှင့် လူသတ္တဝါအပေါင်းတို့၊ 'နေ့အ်မသ်'စည်းစိမ်တော်များ ဤမျှခန့် များပြားကြီးကျယ်စွာ တည်ရှိနေပါလျက်နှင့်) အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

(ရှေ့၌ စာရင်းအင်း စစ်ဆေးမည့်အကြောင်းကို သာပိုလေးနက်စေရန်အတွက် 'ထိုအချိန်၌ တစ်ဦးတစ်ယောက်သည် တစ်နေရာသို့ ရှောင်ထွက်သွားကာ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကို ရှာဖွေမည်ဆိုပါကလည်း ရှာဖွေရရှိနိုင်မည်မဟုတ်ကြောင်း' ကို တင်ပြထားပေသည်။ သို့ရှိရာ မိန့်တော်မူထားသည်မှာ) 'အို၊ ဂျင်န်နှင့် လူ ပရိသတ်အပေါင်းတို့၊ အကယ်၍ အသင်တို့သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေ၏ နယ်နိမိတ်များအတွင်းမှ (ဖောက်ထွင်း) ထွက်သွားနိုင်ကြပါလျှင် ထွက်သွားကြကုန်လော။ (ငါအသျှင်မြတ်သည် ယင်းသို့ ထွက်သွားခြင်းကို ကြည့်ရှုတော်မူမည် ဖြစ်သည်။ စင်စစ်) စွမ်းအားမရှိဘဲလျက် အသင်တို့သည် ထွက်သွားနိုင်မည် မဟုတ်ပေ။ (စွမ်းအား၊ အင်အား မရှိရာ ထွက်ပြေးလွတ်မြောက်ရန်သည် လုံးဝ မဖြစ်နိုင်ပေ။ ဤအခြေအနေမျိုး ထပ်တူထပ်မျှသည် 'ကေယာမသ်'နေ့၌လည်း ဖြစ်ပေမည်။ သို့ရာတွင်

ထို 'ကေယာမသ်'နေ့၏ လောကနှင့် ဤကမ္ဘာလောကထက်ပင် သာပို၍ အားအင်ချည့်နဲ့ကာ မစွမ်းနိုင်ဘဲ ရှိနေပေမည်။ အချုပ်သဘောမှာ ထွက်ပြေးလွတ်မြောက်ရန်သည် လုံး၀ မဖြစ်နိုင်သော အချက်သာ ဖြစ်ပေသည်ဟူ၏။ ဤအထက်တင်ပြပါ အချက်ကို တင်ပြထားခြင်းသည်လည်း မုချ တရားလမ်းမှန် ရရှိစေနိုင်သော အချက်ဖြစ်၍ ကြီးကျယ်လှစွာသော 'နေအ်မသ်'စည်းစိမ်တော်တစ်ရပ်ပင် ဖြစ်ပေသည်။)

သို့ပါလျက် (အို၊ ဂျင်နှင့် လူသတ္တဝါအပေါင်းတို့၊ 'နေအ်မသ်'စည်းစိမ်တော်များ ဤမျှခန့် များပြားကြီးကျယ်စွာ တည်ရှိနေပါလျက်နှင့်) အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

(ရှေ့၌ 'အဇားဗ်'ပြစ်ဒဏ်ခံရသည့်အချိန်၌ လူသားတို့အနေဖြင့် မတတ်နိုင်ကာ၊ မစွမ်းသာဘဲ ရှိမည်ဖြစ်ကြောင်းကို မိန့်တော်မူထားပေသည်။ ပမာတင်ပြရမည်ဆိုသော် အထက်၌ စာရင်းအင်း၊ စစ်ဆေးချိန် ၎င်းလူသားတို့အနေဖြင့် မတတ်စွမ်းနိုင်ကြောင်းကို တင်ပြခဲ့ပြီး ဖြစ်ပေသည်။)

(ဆိုလိုသည်မှာ အို၊ ဂျင်နှင့် လူသတ္တဝါတရားခံအပေါင်းတို့) အသင်တို့နှစ်ဦးအပေါ်ဝယ် ('ကေယာမသ်'နေ့၌ ထွက်ပြေးရန် ကြံရွယ်ကြပါလျှင်) မီးခိုးမပါသော မီးတောက်မီးလျှံနှင့် (မီးတောက်မပါသော) အခိုးများအား စေလွှတ်ခြင်းခံရပေလိမ့်မည်။ ထိုအခါ အသင်တို့သည် (ယင်းမီးတောက်၊ မီးလျှံကို) တွန်းလှန်ဖယ်ရှားနိုင်ကြမည် မဟုတ်ပေ။ (ဤမီးတောက်မီးလျှံနှင့် မီးခိုးသည် စူရာဟ် 'မုရ်စလားသ်' အတွင်း၌ တင်ပြထားသော မီးတောက်မီးလျှံ၊ မီးခိုးများ ဖြစ်နိုင်ပေသည်။ ၎င်းမှာ-

انْطَلِقُوْا اِلٰى ظِلٍّ ذِيْ ثَلٰثِ شُعَبٍ لَّاظَلِيْلٍ وَلَا يُغْنِيْ

مِنَ اللَّهَبِ اِنَّهَا تَرْمِيْ بِشَرَرٍ كَالْقَصْرِ

(အသင်တို့သည် အကိုင်းသုံးကိုင်း ခွဲထွက်သော အရိပ်အောက်သို့ လျှောက်သွားကြလေကုန်။ 'ကေယာမသ်'နေ့တွင် ကာဖိရ်တို့အား ငရဲမီးခိုးအစုသုံးစုသည် ၎င်းတို့၏ ဦးခေါင်းနှင့် လက်ဝဲ၊ လက်ယာ သုံးဘက်သုံးတန်မှ ဝိုင်းရံလျက်ရှိပြီး စစ်ဆေးမေးမြန်းခြင်း ပြီးဆုံးသည်အထိ ၎င်းမီးခိုး၏ အရိပ်အောက်တွင် နေကြရပေမည်။ (ယင်းအရိပ်တွင်) သက်သာမှုလည်း ရှိမည်မဟုတ်ပေ။ မီးတောက်မီးလျှံ၏ အရှိန်မှ ကာကွယ်မည်လည်း မဟုတ်ပေ။ စင်စစ်အမှန် ယင်းမီးသည် အဆောက်အဦးကြီးများပမာ ရှိသော မီးပွင့် မီးပွားများကို ပေါက်ထွက်စေမည်။) *[၇၇ : ၃၀၊ ၃၁၊ ၃၂]*

ဟူသော အာယသ်တော်သည်သာ ဖြစ်၏။ ၎င်းအာယသ်တော်ရှိ ظِلٍّ ဟူသည်မှာ မီးခိုးကို ဆိုလိုသည်။ شَرَرٍ မှ မီးတောက်မီးလျှံကို ဆိုလိုသည်။ အထက်တင်ပြပါ အချက်အား ပြဆိုထားခြင်းသည်လည်း 'ဟေဒါယသ်' (တရားလမ်းမှန်) ရရှိရန်အတွက် အကြောင်းခံ ဖြစ်စေနိုင်သည့်အတွက်ကြောင့် ကြီးမားလှစွာသော 'နေအ်မသ်'စည်းစိမ်တော် ဖြစ်ပေသည်။)

သို့ပါလျက် (အို၊ ဂျင်န်နှင့် လူသတ္တဝါအပေါင်းတို့၊ 'နေ့အ်မသ်'စည်းစိမ်တော်များ ဤမျှခန့် များပြားကြီးကျယ်စွာ တည်ရှိနေပါလျက်နှင့်) အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

(အချုပ်မှာ ငါအသျှင်မြတ်၏ ဘက်တော်မှ စာရင်းအင်း စစ်ဆေးမည်ဖြစ်ခြင်းနှင့် အသင်တို့အနေဖြင့် စာရင်းအင်းစစ်ဆေးခံရချိန်၌ မစွမ်းနိုင်ဘဲ ရှိနေမည့် အချက်ကို သိရှိသွားပေရာ ယင်းမှ 'ကေယာမသ်' နေ့၌ စာရင်းအင်းစစ်ဆေးမှု ခံယူရမည်ဖြစ်ခြင်းသည် အမှန်တကယ် ဖြစ်ပေါ်လာမည့် အရေးကိစ္စဖြစ်ကြောင်းကို အတည်ပြု၍ ရရှိပေသည်။ ယင်း၏ အကြောင်းမှာ ဤသို့တည်း။) စင်စစ် အကြင်အခါဝယ် ('ကေယာမသ်'ဆိုက်ရောက်လာချိန်၌) မိုးကောင်းကင်သည် အက်ကွဲ၍ အသားနီကဲ့သို့ နီရဲလာပေမည်။ (အသားအရေနီမြန်းသကဲ့သို့ နီမြန်းလာမည်ကို ဆိုလိုပေသည်။ ဤသို့ နီမြန်းခြင်းသည် 'အမျက်ဒေါသထွက်ခြင်း'၏ လက္ခဏာဖြစ်နိုင်ပေသည်။ အကြောင်းမှာ ဒေါသထွက်ချိန်၌ မျက်နှာသည် နီမြန်းသွားလေ့ရှိသောကြောင့် ဖြစ်ပေသည်။ မိုးကောင်းကင် အက်ကွဲခြင်းဟု ဆိုရာ၌

وَيَوْمَ تَشَقَّقُ السَّمَآءُ بِالْغَمَامِ

(၄င်းပြင် အကြင်နေ့တွင် မိုးကောင်းကင်သည် မိုးတိမ်နှင့်တကွ အက်ကွဲ၍ မိုးတိမ် ထွက်ပေါ်လာသည့်အတွက် ပွင့်သွားပေမည်။) *[၂၅ : ၂၅]*

ဟူသော အာယသ်တော်တွင် လာရှိထားသော အက်ကွဲခြင်းကို ဆိုလိုပေသည်။ ဤသို့ သတင်းပေးခြင်းသည်လည်း 'နေ့အ်မသ်' စည်းစိမ်တော်တစ်ရပ်ပင် ဖြစ်ပေသည်။)

သို့ပါလျက် (အို၊ဂျင်န်နှင့် လူသတ္တဝါအပေါင်းတို့၊ 'နေ့အ်မသ်'စည်းစိမ်တော်များ ဤမျှခန့် များပြားကြီးကျယ်စွာ တည်ရှိနေပါလျက်နှင့်) အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

စင်စစ် ထိုနေ့တွင် မည်သည့်လူသားတစ်ဦးတစ်ယောက်နှင့် မည်သည့်ဂျင်န် တစ်ဦးတစ်ယောက်မျှပင် မိမိ၏ ပြစ်မှုနှင့် စပ်လျဉ်း၍ မေးမြန်းခြင်းကို ခံရမည်မဟုတ်ပေ။ (ဖြစ်ရပ်အမှန်ကို သိရှိရန်အတွက် မည်သူ့ကိုမျှ မေးမြန်းစုံစမ်းတော်မူမည် မဟုတ်ပေ။ ဤသည်မှ စာရင်းအင်း စစ်ဆေးမည့် ပုံပန်းသဏ္ဌာန်သည် သေချာခိုင်လုံရန်ဟူသော စစ်ဆေးခြင်းမျိုးမဟုတ်ဘဲ ခြိမ်းခြောက်ခြင်း၏ အသွင်သဘောမျိုးဖြင့် ဖြစ်မည့်အကြောင်းကို တင်ပြထားခြင်း ဖြစ်ပေသည်။)

(ရှေ့၌ အလ္လာဟ်အသျှင်မြတ်သည် ပြစ်မှုဒုစရိုက်များနှင့် တရားခံများကို တိတိကျကျ သိရှိသည်ဖြစ်သည့်အတွက် အလ္လာဟ်အသျှင်မြတ်အဖို့ စီစစ်သုတေသနပြုရန် မလိုအပ်ပေ။ သို့ရာတွင် ကောင်းကင်တမန်တော်များသည် တရားခံများအား မည်သို့ သတ်မှတ်သိရှိမည်နည်း။ ၄င်းနှင့် စပ်လျဉ်း၍ မိန့်တော်မူထားသည်မှာ ထိုနေ့တွင်) အပြစ်ရှိသူတို့သည် မိမိတို့၏ ရုပ်ရည်လက္ခဏာဖြင့် (မျက်နှာသည် မည်းနက်၍ မျက်လုံးတို့မှာ ပြာနေပေမည်။ ပမာဆိုရသော် အလ္လာဟ်အသျှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်၌

تَسْوَدُّ وُجُوهٌ

(သို့ရာတွင် များစွာသောသူတို့၏ မျက်နှာများမှာမူကား အိန္ဒြေကင်းမဲ့လျက် မည်းနက်စွာ ရှိကြကုန်မည်။) [၃ ; ၁၀၆]

ဟူသော အာယသ်တော်နှင့်

وَنَحْشُرُ الْمُجْرِمِينَ يَوْمَئِذٍ زُرْقًا

(၄င်းပြင် ငါအသျှင်မြတ်သည် ထိုနေ့တွင် အပြစ်ရှိသူတို့အား ပြာလဲသော မျက်စိရှိသူများအဖြစ် စုရုံးစေတော်မူမည်။) [၂၀ ; ၁၀၂]

ဟူသော အာယသ်တော်များ၌ မိန့်တော်မူထားသည့်အတိုင်း ဖြစ်ပေသည်။) သိရှိခြင်းခံကြရပေမည်။ ထိုအခါ ၎င်းတို့သည် (နဖူးများ) ဦးထိပ်များနှင့် ခြေများကို (တရွတ်တိုက်) ဆွဲကိုင်၍ ဖမ်းဆီးခြင်းကို ခံကြရပေမည်။ (၎င်းတို့အား တရွတ်တိုက်ဆွဲ၍ အပယ်ငရဲဘုံအတွင်းသို့ ပစ်ချပေလိမ့်မည်။ ဆိုလိုသည်မှာ ၎င်းတို့၏ ကျင့်ကြံဆောင်ရွက်ချက်များအပေါ် မူတည်ကာ အချို့သောသူများကို ဦးခေါင်း၊ အချို့သောသူများကို ခြေထောက်ဖြင့် တရွတ်တိုက်ဆွဲကာ ပစ်ချခြင်းကို ခံကြရပေမည်။ (သို့မဟုတ်) တစ်ခါတစ်ရံ ဦးခေါင်း၊ တစ်ခါတစ်ရံ ခြေထောက်တို့မှ အပြစ်ဒဏ် အမျိုးအစားများကို စုပေါင်း၍ ပေးရန် ရည်ရွယ်ချက်ဖြင့် တရွတ်တိုက်ဆွဲကာ 'ဂျဟန္နမ်'အပယ်ငရဲဘုံအတွင်းသို့ ပစ်ချခြင်း ခံရပေလိမ့်မည်ဟူ၍ တည်း။ ဤသို့ သတင်းပေးခြင်းသည်လည်း 'နေ့အ်မသ်'စည်းစိမ်တော်တစ်ရပ်ပင် ဖြစ်ပေသည်။)

သို့ပါလျက် (အို၊ဂျင်န်နှင့် လူသတ္တဝါအပေါင်းတို့၊ 'နေ့အ်မသ်'စည်းစိမ်တော်များ ဤမျှခန့် များပြားကြီးကျယ်စွာ တည်ရှိနေပါလျက်နှင့်) အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

(ရှေ့၌ ပြစ်ဒဏ်အကြောင်း ဆက်လက်တင်ပြထားပေသည်။ ၎င်းတို့သည် မိန့်ကြားတော်မူခြင်းကို ခံကြရပေမည်။) ဤသည်ပင်လျှင် အပြစ်ရှိသူ (အသင်) တို့သည် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်လေ့ရှိခဲ့ကြသော 'ဂျဟန္နမ်'ငရဲဘုံပင် ဖြစ်၏။

ထိုအပြစ်ရှိသူတို့သည် ယင်း 'ဂျဟန္နမ်'ငရဲဘုံနှင့် ပွက်ပွက်ဆူလျက် ရှိနေသော ရေနွေးပူ၏ အကြား၌ လှည့်ပတ်လျက် ရှိနေကြပေမည်။ (တစ်ခါတစ်ရံ မီး၏ ပြစ်ဒဏ်ကို ခံစားရမည်ဖြစ်ပြီး တစ်ခါတစ်ရံ ပွက်ပွက်ဆူနေသော ရေနွေး၏ ပြစ်ဒဏ်ကို ခံစားရပေမည်။ ယင်းအချက်အား စိစစ်သုတေသနပြုထားချက်ကို စူရာဟ်မုအ်မင်န်၏ ရူကူအ်နံပါတ် (၈) ၌ တင်ပြထားပြီး ဖြစ်ပေသည်။ ဤသို့ သတင်းပေးခြင်းသည်လည်း 'နေ့အ်မသ်'စည်းစိမ်တော်တစ်ရပ်ပင် ဖြစ်ပေသည်။)

သို့ပါလျက် (အို၊ဂျင်န်နှင့် လူသတ္တဝါအပေါင်းတို့၊ 'နေ့အ်မသ်'စည်းစိမ်တော်များ ဤမျှခန့် များပြားကြီးကျယ်စွာ တည်ရှိနေပါလျက်နှင့်) အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

كُلُّ مَنْ عَلَيْهَا فَانٍ وَّ يَبْقٰى وَجْهُ رَبِّكَ ذُوا الْجَلَالِ وَالْاِكْرَامِ

(ဤပထဝီမြေပေါ်၌ ရှိသမျှတို့သည် ပျက်စီးဆုံးပါးသွား၍ ဆိတ်သုဉ်းမည်ဖြစ်သော အရာများပင် ဖြစ်ကြကုန်၏။ စင်စစ် အို, နဗီတမန်တော်၊ အသင့်အား မွေးမြူဖန်ဆင်းတော်မူသော တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော ကျေးဇူးတော်ရှင် ဖြစ်တော်မူသော အသျှင်မြတ် (တစ်ဆူတည်း) သာလျှင် (ထာဝရ) ကျန်ရှိတော်မူပေမည်။) [၅၅ : ၂၆-၂၇]

عَلَيْهَا ဟူသော စကားလုံး၌ ပါရှိသည့် هَا (ထို) ဟူသော နာမ်စားသည် ကမ္ဘာမြေပထဝီ၏ဘက်သို့ အညွှန်းပြုနေပေသည်။ ၎င်းမှာ-

وَالْاَرْضَ وَضَعَهَا لِلْاَنَامِ

(၎င်းပြင် ပထဝီမြေကို ထိုအသျှင်မြတ်သည်ပင် အဖန်ဆင်းခံတို့၏ အကျိုးငှာ ပြုလုပ်ဖန်ဆင်းထားရှိတော်မူခဲ့၏။) [၅၅ : ၁၀]

ဟူသော အာယသ်တော်၌ အရှေ့တွင် လာရှိထားပြီးဖြစ်သည်။ ထို့ပြင် မြေပထဝီသည် ၎င်း၏ဘက်သို့ ပြန်ညွှန်းရန်အတွက် နာမ်စား၏ အညွှန်းပုဒ်အား အရှေ့၌ တင်ပြထားရန် အရေးမကြီးသော၊ အလွန်ကျယ်ဝန်းသော အလိုသဘောဆောင်သည့် အရာများအနက်မှ ဖြစ်ပေသည်။ အာယသ်တော်၏ အဓိပ္ပာယ်မှာ ဤသို့တည်း။ ကမ္ဘာမြေပထဝီပေါ်၌ နေထိုင်ကြကုန်သော 'ဂျင်န်'များနှင့် လူသားတို့အားလုံးသည် ပျက်သုဉ်းသွားမည့်သူများ ဖြစ်ပေသည်။ ထိုအချက်အတွင်း၌ လူသားနှင့် 'ဂျင်န်'တို့ကိုသာလျှင် အထူးပြု၍ သုံးထားရခြင်းအကြောင်းမှာ 'ဤစူရာဟ်တော်အတွင်း၌ မိန့်မြွက်ချက်များကို မြွက်ကြားခြင်းခံရသော သူတို့မှာ ဤအဖန်ဆင်းခံနှစ်ရပ်တို့သည်သာလျှင် ဖြစ်ခြင်းကြောင့် ဖြစ်ပေသည်။ ထိုအထက်တင်ပြပါအချက်ကြောင့် 'မိုးကောင်းကင်နှင့် ကောင်းကင်ရှိ အဖန်ဆင်းခံများ မပျက်စီးကြောင်း' ဟူ၍ အလိုသဘောမျိုး မသက်ရောက်ပေ။ အဘယ်ကြောင့်ဆိုသော် အခြားသော အာယသ်တော်၌ အလ္လာဟ်အသျှင်မြတ်သည် ခြုံငုံ၊ ကျယ်ဝန်းလှစွာသော စကားလုံးများဖြင့် အဖန်ဆင်းခံများအားလုံး ပျက်သုဉ်းသွားမည့်အကြောင်းကို ရှင်းလင်းစွာဖြင့် မိန့်မြွက်တော်မူထားပေသည်။

كُلُّ شَيْءٍ هَالِكٌ اِلَّا وَجْهَهٗ

(ထိုအသျှင်မြတ်မှတစ်ပါး အခြားအရာခပ်သိမ်းတို့သည် ပျက်စီးဆုံးပါးမည်ဖြစ်သော အရာချည်းသာ ဖြစ်ကြကုန်၏။) [၂၈ : ၈၈]

ဟူ၍ လာရှိထားသည်။

وَجْهُ رَبِّكَ (အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ မျက်နှာတော်) ဟူသော အာယသ်တော်ရှိ وَجْه (မျက်နှာ) ဟူသော စကားလုံး၏ အလိုသဘောမှာ နှောင်းပိုင်းခေတ် အဖွင့်ရှင်များ အားလုံးက တစ်ညီတစ်ညွတ်တည်း 'အလ္လာဟ်အသျှင်မြတ်၏ 'ဇားသ်' (ပင်ကိုယ်တော်) ဖြစ်သည်' ဟု မိန့်ဆိုထားကြပေသည်။ رَبِّكَ (အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်) ဟူသော စကားလုံးတော်၌ ပါရှိသည့် كَ (အသင်) နာမ်စားသည် တမန်တော်မြတ် ﷺ ၏ ဘက်သို့ ရည်ညွှန်းနေပေသည်။ ဤသည် တမန်တော်မြတ် ﷺ အား သီးသန့် ဂုဏ်ပြုချီးမြှောက်ထားခြင်း ဖြစ်ပေသည်။ အကြောင်းမှာ တမန်တော်မြတ် ﷺ အား သီးသန့် ချီးမွမ်းခန်းဖွင့်ဆိုသော နေရာ၌ အချို့သော နေရာတွင် عَبْدِهٖ (ထိုအသျှင်မြတ်၏ ကျေးကျွန်အစေတော်) ဟူ၍ မိန့်ဆိုထားကာ အချို့သော နေရာမျိုးများတွင် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ 'ဇားသ်' (ပင်ကိုယ်တော်) အား တမန်တော်မြတ် ﷺ ၏ ဘက်တော်သို့ ဆက်နွယ်ကာ رَبِّكَ (အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်) ဟူ၍ မိန့်ခြွေထားတော်မူပေသည်။

ထင်ရှားကျော်ကြားသော အကျယ်ဖွင့်ဆိုချက်နှင့်အညီ အာယသ်တော်၏ အဓိပ္ပာယ်မှာ ဤသို့ပင် ဖြစ်သည်။ 'ဂျင်န်နှင့် လူသားများအပါအဝင် ကမ္ဘာမြေပထဝီ၌ ရှိရှိသမျှသော အရာများအားလုံးသည် ပျက်သုဉ်းသွားမည့် အရာများ ဖြစ်ပေသည်။ ကျန်ရှိနေမည်ဖြစ်သော အရာသည် တစ်ဆူတည်းသော အလ္လာဟ်အသျှင်မြတ်၏ 'ဇားသ်' (ပင်ကိုယ်တော်) သည်သာလျှင် ဖြစ်ပေမည်။

ပျက်သုဉ်းသွားမည်ဟု ဆိုရာ၌ ၎င်းအရာများအားလုံးသည် မိမိတို့၏ နဂိုမူလဗီဇအရပင် ၎င်းတို့၌ တည်မြဲကျန်ရှိမှု အချင်းအရာ မရှိသည့်အတွက် ယခုအချိန်၌လည်း ပျက်သုဉ်းသွားမည့်အရာချည်းများသာ ဖြစ်သည်ဟူ၍လည်း ဆိုလိုခြင်းဖြစ်နိုင်သလို 'ကေယာမသ်' ဆိုက်ရောက်လာသော နေ့၌ ၎င်းအရာအားလုံး ပျက်သုဉ်းသွားမည်ဟူသည်ကို ဆိုလိုခြင်းလည်း ဖြစ်နိုင်ပေသည်။

အချို့သော အဖွင့်ရှင်များသည် وَجْهُ رَبِّكَ ဟူသော စကားလုံးတော်ကို 'အရပ်မျက်နှာ၊ ဘက်' ဟူ၍ ဖွင့်ဆိုထားကြပေသည်။ ထိုသို့သော ပုံစံ၌ အာယသ်တော်၏ အဓိပ္ပာယ်မှာ ဤသို့ ဖြစ်ရှိသွားပေမည်။ ဖြစ်ပေါ်တည်ရှိနေသော အရာများ၌ 'အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်၌ တည်ရှိနေသော အရာများသည်သာလျှင် ကျန်ရှိနေမည်ဖြစ်ပေသည်။ ထိုသို့ ကျန်ရှိနေသော အရာများ၌ ထိုအသျှင်မြတ်၏ 'ဇားသ်' (ပင်ကိုယ်တော်) နှင့် ဂုဏ်တော်များလည်း ပါဝင်ပေသည်။ အလ္လာဟ်အသျှင်မြတ်နှင့် ဆက်နွယ်၊ ပတ်သက်လျက်ရှိသော အဖန်ဆင်းခံများ၏ ကျင့်ကြံပြုမူ ဆောင်ရွက်ချက်များနှင့် အခြေအနေများသည်လည်း ပါဝင်နေပေသည်။ ယင်းတင်ပြပါ ရှင်းလင်းချက်၏ အချုပ်သဘောရလဒ်မှာ 'လူသားများ 'ဂျင်န်'များနှင့် ကောင်းကင်တမန်တော်များအနေနှင့် အလ္လာဟ်အသျှင်မြတ်အတွက် ပြုလုပ်သော ကျင့်ကြံပြုမူမှု ဆောင်ရွက်ချက်များသည်လည်း ကျန်ရှိနေကာ ထိုအရာများသည် ပျက်သုဉ်းသွားမည်မဟုတ်' ဟူ၍ ဖြစ်သည်။

[မဇှ်ဟရီး၊ ကုရ်သုဗီး၊ ရူးဟ်။]

ထိုတင်ပြပါ အလိုသဘောအား အောက်ဖော်ပြပါ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်သည် ထောက်ခံမှု ပြုလျက် ရှိနေပေသည်။ ၎င်းအာယသ်တော်မှာ-

مَا عِندَكُمْ يَنفَدُ وَمَا عِندَ اللَّهِ بَاقٍ

(အသင်တို့ထံ၌ ရှိသော အရာများသည် ကုန်ခမ်းသွားမည်သာ ဖြစ်၏။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်ထံတော်၌ ရှိသော အရာများသည် အမြဲ ရှိနေမည့်အရာများပင် ဖြစ်ကုန်သည်။) *[၁၆ : ၉၆]*

ဟူ၍ ဖြစ်၏။ ဆိုလိုသည်မှာ အသင်တို့၌ရှိသော အရာများဖြစ်သည့် ဥစ္စာပစ္စည်းဖြစ်စေ၊ စွမ်းအားဖြစ်စေ၊ အင်အားဖြစ်စေ၊ သက်တောင့်သက်သာဖြစ်မှုဖြစ်စေ၊ တစ်ဦးတစ်ယောက် ချစ်ခင်မှု (သို့မဟုတ်) မုန်းတီးမှု စသော အရာများသည် ပျက်သုဉ်းသွားမည့်အရာများ ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ တည်ရှိသော အရာများသည် ကျန်ရစ်နေမည့် အရာများ ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်နှင့် ပတ်သက်ဆက်နွယ်ကာ ရှိသော လူသားတို့၏ ကျင့်ကြံပြုမူ ဆောင်ရွက်ချက်များနှင့် အခြေအနေတို့သည် တည်ရှိနေကာ ထိုအရာများသည် ပျက်သုဉ်းသွားမည် မဟုတ်ပေ ဟူ၍တည်း။ (အလ္လာဟ်သျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေ၏။)

ذُوا الْجَلَالِ وَالْإِكْرَامِ

(တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော၊ ကျေးဇူးတော်ရှင် ဖြစ်တော်မူသော။) *[၅၅ : ၂၇]*

ဆိုလိုသည်မှာ ထိုမွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် တန်ခိုးတော်နှင့် ပြည့်စုံတော်မူ၍ မြင့်မြတ်ထူးကဲတော်မူသော အသျှင်မြတ်လည်း ဖြစ်သလို၊ ကျေးဇူးတော်ရှင်လည်း ဖြစ်တော်မူပေသည်။ ကျေးဇူးတော်ရှင် ဖြစ်ခြင်း၏ အလိုသဘောမှာ 'စင်စစ် ဂုဏ်ပေးကြည်ညိုထိုက်ဖွယ် ကောင်းခြင်းတိုင်းသည် ထိုအသျှင်မြတ်တစ်ပါးတည်းအဖို့သာ ထိုက်တန်ကြောင်း' ဟူ၍လည်း ဖြစ်နိုင်သလို 'ထိုအသျှင်မြတ်ကိုယ်တော်တိုင်သည် တန်ခိုးတော်နှင့် ပြည့်စုံ၍ ကျေးဇူးတော်ရှင် ဖြစ်နေသည့် ကြားကပင် လောက၌ရှိသော အခြားသော ဘုရင်များနှင့် ဂုဏ်ကျက်သရေရှိသော သူတို့ကဲ့သို့ 'အခြားသော သူများနှင့် သူဆင်းရဲတို့၏ဘက်သို့ အာရုံစူးစိုက်မှု မရှိခြင်းမျိုး' မရှိဘဲ ထိုအသျှင်မြတ်သည် ကြီးကျယ်ထွတ်မြတ်ခြင်းနှင့်အတူ မိမိ၏ အဖန်ဆင်းခံများအားလည်း '၎င်းတို့အား မတည်ရှိခြင်း၏ ဘဝမှ တည်ရှိခြင်း၏ ဘဝသို့ ဖန်ဆင်းပေးပြီးနောက် အမျိုးမျိုးသော 'နေ့အိမ်မသ်' စည်းစိမ်တော်များကို ချီးမြှင့်ပေးကာ ၎င်းတို့၏ လျှောက်ထားပန်ကြားချက်များနှင့် ဆုမွန်ဒိုအာကိုလည်း ကြားနာတော်မူခြင်း' ဟူသော အသွင်မျိုးဖြင့်လည်း ဂုဏ်ပေးထားတော်မူသည်ဟူသော အလိုသဘောလည်း ဖြစ်နိုင်ပေသည်။ အရှေ့၌ လာရှိနေသော အာယသ်တော်မြတ်သည် ထိုဒုတိယအဓိပ္ပာယ်ကို ထွက်ဆိုပေးလျက် ရှိနေပေသည်။

ذُوا الْجَلَالِ وَالْإِكْرَامِ

ဟူသော စကားလုံးတော်များသည် 'ထိုစကားလုံးတော်များကို တင်ပြ၍ ဆုမွန်ဒိုအာ တောင်းခံလျှင် လက်ခံခြင်းခံရသော' အလ္လာဟ်အသျှင်မြတ်၏ သီးသန့် ဂုဏ်တော်များအနက်မှ ဂုဏ်တော်တစ်ခု ဖြစ်ပေသည်။

သိရ်မေဇီး၊ နစာအီနှင့် မွတ်စ်နဒ်အဟ်မဒ်ကျမ်း၌ ရဗီအားအိဗ်နေအာမိရ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားပေသည်။ တမန်တော်မြတ် ﷺ သည် ဤသို့ အောက်ဖော်ပြပါအတိုင်း အမိန့်ရှိထားတော်မူပေသည်။

اَلِظُّوْا بِيَاذَا الْجَلَالِ وَالْاِكْرَام

اَلِظُّوْا ဟူသော စကားလုံးသည် اَلْظَاظْ ဟူသော စားလုံးမှ ဆင်းသက်လာ၍ 'ခိုင်မြဲစွာ ဖမ်းဆုပ် ထားခြင်း' ဟူ၍ အဓိပ္ပာယ်ရရှိပေသည်။ ဟဒီးစ်တော်၏ အလိုသဘောမှာ ဤသို့တည်း။ 'မိမိတို့၏ တောင်း ဆုဒိုအာများအတွင်း၀ယ် 'ယားဇလ်ဂျလားလိဝလ်အိကရားမ်' ဟူသော စကားလုံးတော်များကို သတိရ တသ ၍ ထိုစကားများနှင့်အတူ ဆုမွန်ဒိုအာကို တောင်းခံကြကုန်။ (အဘယ်ကြောင့်ဆိုသော် ထိုစကားလုံးတော် များကို အမှီသဟဲပြုကာ တောင်းခံသော ဆုမွန်ဒိုအာများသည် လက်ခံခြင်းခံရရန် နီးစပ်သောကြောင့် ဖြစ်ပေသည်။) *[မဇ္ဇဟရီး]*

يَسْئَلُهٗ مَنْ فِى السَّمٰوٰتِ وَالْاَرْضِ كُلَّ يَوْمٍ هُوَ فِىْ شَاْنٍ

(မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိရှိသမျှတို့သည် မိမိတို့၏ လိုအင်ဆန္ဒများကို ထိုအသျှင်မြတ်၏ ထံတော်၌သာလျှင် တောင်းခံကြကုန်၏။ ထိုအသျှင်မြတ်သည် နေ့စဉ် အချိန်ရှိသရွေ့ အရေးကိစ္စတစ်ခုခုကို ဆောင်ရွက်လျက် ရှိနေတော်မူ၏။) *[၅၅ : ၂၉]*

ဆိုလိုသည်မှာ မိုးကောင်းကင်များနှင့် မြေပထဝီ အဖန်ဆင်းခံများအားလုံးသည် အလ္လာဟ်အသျှင်မြတ် အား လိုလားတော်မူလျက် ရှိနေပေသည်။ ထိုအသျှင်မြတ်၏ ထံတော်ပါးမှသာ မိမိတို့၏ လိုအပ်ချက်များကို တောင်းခံလျက် ရှိနေပေသည်။ မြေပထဝီရှိသူတို့သည် မိမိတို့နှင့် သင့်တော်လျောက်ပတ်စွာ လိုအပ်ချက်များ၊ စားနပ်ရိက္ခာ၊ ကျန်းမာရေးနှင့် သက်တောင့်သက်သာ ဖြစ်မှုတို့ကိုလည်းကောင်း၊ တစ်ဖန် နောင်တမလွန် 'အာခေရသ်'၏ လွတ်ငြိမ်းချမ်းသာခွင့်၊ ကရုဏာတော်နှင့် 'ဂျန္နသ်' ကို တောင်းခံကြပေသည်။ ကောင်းကင် တမန် အဖန်ဆင်းခံများသည် မစားမသောက်နေကြလင့်ကစား သို့ရာတွင် အလ္လာဟ်အသျှင်မြတ်၏ ကရုဏာ တော်နှင့် ရက်ရောမှုကို အချိန်တိုင်း၌ လိုလားနေကြပေသည်။ ၎င်းတို့သည်လည်း သနားကရုဏာတော်နှင့် လွတ်ငြိမ်းချမ်းသာခွင့် အစရှိသော အချက်အလက်တို့ဖြစ်သည့် လိုအပ်ချက်များကို တောင်းခံနေသောသူများ ဖြစ်ကြပေသည်။ ရှေ့၌ كُلَّ يَوْمٍ (နေ့စဉ်) သည် ထို يَسْئَلُ (တောင်းခံကြကုန်သည်) ၏ ظرف (တည်ရှိဖြစ်ပေါ်မည့် အချိန်ပြနာမ်) ဖြစ်ပေသည်။ ဆိုလိုသည်မှာ ၎င်းတို့၏ တောင်းခံမှုများနှင့် လျှောက်ထား ချက်များသည် အလ္လာဟ်အသျှင်မြတ်ထံတော်ပါးမှ နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်တည်ရှိနေပေသည်။ 'နေ့'၏ အလိုသဘောသည်လည်း မျက်မှောက်ခေတ်ရှိ ကျော်ကြားလျက်ရှိနေသော 'နေ့'၏ အလိုသဘောမျိုး မဟုတ်ဘဲ သို့သာမက ခြုံငုံလှစွာသော သဘောမျိုးဖြင့် 'အချိန်' ဟူသော အလိုသဘောမျိုး၌ ဖြစ်ပေသည်။ ယင်း အထက်တင်ပြပါ အချက်၏ အချုပ်သဘောတရားမှာ 'အဖန်ဆင်းခံများအားလုံးသည် အမျိုးမျိုးသော နယ်ပယ် ဒေသများ၌ ဘာသာစကားမျိုးစုံဖြင့် ထိုအသျှင်မြတ်၏ ထံတော်ပါးမှ မိမိတို့၏ လိုအပ်ချက်များကို အချိန်

တိုင်း၌ တောင်းခံလျက်ရှိသည်' ဟူ၍ ဖြစ်ပေသည်။ 'မိုးကောင်းကင်နှင့် မြေပထဝီရှိ အဖန်ဆင်းခံများ အားလုံး၊ ၎င်းတို့တစ်ဦးချင်း၊ တစ်ခုချင်းစီ၏ မရေမတွက်နိုင်လောက်အောင်သော လိုအပ်ချက်များ၊ ထို လိုအပ်ချက်များသည်လည်း အချိန်တိုင်း၊ နာရီတိုင်း၌ တောင်းခံလျက်ရှိနေရာ ထိုကြီးကျယ်မွန်မြတ်တော်မူ သော၊ သနားကရုဏာထားတော်မူသော၊ အရာရာကို စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ်မှအပ အခြား မည်သူတစ်ဦးတစ်ယောက်မျှ မကြားနားနိုင်ကြောင်းနှင့် ပြည့်ဝအောင် မဖြည့်ဆည်းပေးနိုင်ကြောင်း' မှာ ထင်ရှားလှပေသည်။ ထို့ကြောင့် كُلَّ يَوْمٍ (နေ့စဉ်) ဟူသော စကားလုံးနှင့်အတူ

هُوَ فِي شَأْنٍ

(အရေးကိစ္စ တစ်ခုခုကို ဆောင်ရွက်လျက်ရှိနေတော်မူ၏။) [၅၅ : ၂၉]

ဟူသော စကားလုံးတော်တို့ကိုလည်း ထည့်သွင်း မိန့်မြွက်တော်မူထားခြင်း ဖြစ်ပေသည်။ ဆိုလို သည်မှာ အချိန်တိုင်း၌ အလ္လာဟ်အသျှင်မြတ်၏ သီးသန့် ဂုဏ်ရှိန်ဂုဏ်ဝါတော်တစ်ရပ်သည် ဖြစ်ပေါ်တည်ရှိ နေပေသည်။ ထိုအသျှင်မြတ်သည် တစ်ဦးတစ်ယောက်သောသူကို ရှင်စေတော်မူ၍ တစ်ဦးတစ်ယောက်သော သူကို သေစေတော်မူပေသည်။ တစ်ဦးတစ်ယောက်သောသူကို သိက္ခာမြှင့်ပေးတော်မူ၍ တစ်ဦးတစ်ယောက် သော သူကို သိက္ခာကျစေတော်မူပေသည်။ ကျန်းမာရေး ကောင်းမွန်နေသောသူ တစ်ဦးတစ်ယောက်ကို ရောဂါဖြစ်အောင် ပြုတော်မူ၍ ရောဂါဖြစ်နေသောသူ တစ်ဦးတစ်ယောက်ကို ကျန်းမာရေးကောင်းမွန်အောင် ပြုပေးတော်မူပေသည်။ ဒုက္ခရောက်နေသောသူ တစ်ဦးတစ်ယောက်ကို ယင်းဒုက္ခမှ လွတ်မြောက်မှုကို ပေးတော်မူ၍ ဝမ်းနည်းပူဆွေး သောကရောက်နေသောသူ တစ်ဦးတစ်ယောက်ကို ဝမ်းသာပျော်ရွှင်အောင် ပြုပေးတော်မူပေသည်။ တောင်းခံနေသောသူ တစ်ဦးတစ်ယောက်အား ၎င်း၏ တောင်းခံချက်များကို ချီးမြှင့် ၍ တစ်ဦးတစ်ယောက်၏ ပြစ်မှုဒုစရိုက်ကို ချမ်းသာပလပ်ခွင့်ပေးကာ 'ဂျန္နသ်'သုခဘုံအတွင်းသို့ ဝင်ရောက် ထိုက်သူအဖြစ် ပြုပေးသနားတော်မူလိုက်ပေသည်။ မျိုးနွယ်အုပ်စုတစ်အုပ်စုကို အုပ်ချုပ်မှုရေးရာဆိုင်ရာ ခေါင်းဆောင်မှုကို ချီးမြှင့်တော်မူ၍ အချို့သော မျိုးနွယ်အုပ်စုကို သေးသိမ်၊ နိမ့်ကျစေတော်မူလိုက်ပေသည်။ အချုပ်သဘောတရားမှာ အချိန်တိုင်း၊ အချိန်ရှိသရွေ့ ထိုအသျှင်မြတ်၏ သီးသန့်ဂုဏ်ရှိန်၊ ဂုဏ်ဝါတော် တစ်ရပ်သည် ဖြစ်ပေါ်တည်ရှိနေပေသည်ဟူ၏။

سَنَفْرُغُ لَكُمْ اَيُّهَا الثَّقَلَانِ

(အို၊ ဂျင်န်နှင့် လူသတ္တဝါအပေါင်းတို့၊ မကြာမီပင် အသင်တို့အား စစ်ဆေးတော်မူရန် ငါအသျှင် မြတ်သည် အသင်တို့ဘက်သို့ လှည့်တော်မူပေမည်။) [၅၅ : ၃၀]

ثَقَلَانِ သည် ثَقَلٌ ဟူသော ပုဒ်၏ နှစ်ခုကိန်းဖြစ်သည်။ 'အလေးချိန်၊ ဝန်ထုတ်ဝန်ပိုး' ဟူ၍ အဓိပ္ပာယ်ရ၏။ ثَقَلَانِ သည် ဝန်ထုတ်နှစ်ထုတ်ဟူ၍ အဓိပ္ပာယ်ရကာ 'လူသားနှင့် ဂျင်န်'များဟူ၍ အလို

သဘောရပေသည်။ ثَقَلاَنِ ဟူသော စကားလုံးသည် အာရဗီ စာပေဘာသာစကား၌ အချိန်စီးပြီး တန်ဖိုးကြီးမားသော အရာတိုင်းကို ခေါ်ဆိုပေသည်။ ထို့ကြောင့် ဟဒီးစ်တော်အတွင်း၌ တမန်တော်မြတ် ﷺ သည် ဤသို့ မိန့်တော်မူထားပေသည်။

اِنِّى تَارِكٌ فِيْكُمُ الثَّقَلَيْنِ

ဆိုလိုသည်မှာ (ငါကိုယ်တော်သည် မိမိ၏ 'ဝဖားသ်' ဖြစ်သွားပြီးနောက် အလေးချိန်စီး၍ အလွန်တန်ဖိုးရှိသော အရာနှစ်ခုကို ချန်ထားရစ်ခဲ့ပေမည်။ ယင်းအရာနှစ်ခုသည် အသင်တို့အား တရားလမ်းမှန်ပြ၍ ပြုပြင်မှုကို ရရှိစေမည့် အကြောင်းခံ ဖြစ်ပေမည်) ဟူ၏။ ထိုအရာနှစ်ခုနှင့် စပ်လျဉ်း၍ အချို့သော ဆင့်ပြန်ချက်များအတွင်း၌ 'ကုရ်အာန်ကျမ်းတော်မြတ်' နှင့် 'ငါကိုယ်တော်၏ အိမ်သူအိမ်သားများ' ဟူ၍ လာရှိထားကာ အချို့သော ဆင့်ပြန်ချက်များတွင် 'ကုရ်အာန်ကျမ်းတော်မြတ်' နှင့် 'ငါကိုယ်တော်၏ စွန္နသ်ဓလေ့တော်' ဟူ၍ လာရှိထားပေသည်။ နှစ်မျိုးစလုံး၏ အချုပ်သဘောရလဒ်မှာ တစ်ခုတည်း ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် 'အိမ်သူ၊ အိမ်သား' ဟူသော စကားလုံး၏ အလိုသဘောအတွင်း၌ ဆွေမျိုးအရတော်စပ်သောသူများ သား၊ သမီး၊ မြေး၊ မြစ်များ ပါဝင်သလို နာမ်ပိုင်းဆိုင်ရာ ဝိညာဉ်ပိုင်းဆိုင်ရာ သား၊ သမီး၊ မြေး၊ မြစ်များလည်း ပါဝင်ပေသည်။ ထို့ကြောင့် အလိုသဘော၌ 'ဆွဟာဗာသာဝကကြီးများ' အားလုံး ပါဝင်သွားပေသည်။ သို့ဆိုလျှင် ဟဒီးစ်တော်၏ အဓိပ္ပာယ်မှာ ဤသို့တည်း။ တမန်တော်မြတ် ﷺ 'ဝဖားသ်' (ကွယ်လွန်) ဖြစ်သွားပြီးနောက် အရာနှစ်ခုသည် မွတ်စ္စလင်မ်တို့အား လမ်းမှန်တရားနှင့် ပြုပြင်မှု ရရှိစေရန် အကြောင်းခံအဖြစ် တည်ရှိနေပေလိမ့်မည်။ တစ်ခုမှာ 'အလ္လာဟ်အသျှင်မြတ်၏ ကုရ်အာန်ကျမ်းတော်မြတ်' နှင့် ဒုတိယတစ်ခုမှာ 'တမန်တော်မြတ် ﷺ ၏ ဆွဟာဗာသာဝကကြီးများနှင့် ပညတ်ချက်များနှင့် အမူကိစ္စများ၌ ၎င်းတို့၏ ကျင့်မူပုံများ' ဖြစ်သည်။ 'အိမ်သူ၊ အိမ်သားများ' ၏ နေရာ၌ 'စွန္နသ်' တော် ဟူ၍ လာရှိထားသော ဆင့်ပြန်ချက်များ၏ အလိုသဘော အနှစ်ချုပ်မှာ 'ဆွဟာဗာသာဝကကြီးများ၏ အကြောင်းခံဖြင့် မွတ်စ္စလင်မ်တို့၏ထံ ရောက်ရှိသော တမန်တော်မြတ် ﷺ ၏ သင်ကြားညွှန်ပြမှုများ' ဟူ၍ ဖြစ်ပေသည်။

မည်သို့ပင်ဆိုစေ ထိုအထက်တင်ပြပါဟဒီးစ်တော်၌ ثقلين ၏ အလိုသဘောကို 'အလေးချိန်စီး၍ တန်ဖိုးထိုက်သောအရာ' ဟူ၍ အလိုသဘောကို ကောက်ယူထားပေသည်။ တင်ပြလျက်ရှိနေသော အာယသ်တော်အတွင်း၌လည်း 'ဂျင်န်' နှင့် လူသား' နှစ်ရပ်စလုံးကို ثقلين ဟူ၍ သုံးနှုန်းထားရာ၌ အထက်ဖော်ပြပါ အလိုသဘောကို ထောက်ရှု၍ ခေါ်ဆိုထားခြင်း ဖြစ်ပေသည်။ အကြောင်းမှာ ကမ္ဘာမြေပထဝီပေါ်တွင် ကျင်လည်ကျက်စားလျက် ရှိနေသော အသက်ဇီဝိန်ရှိသော အရာများအတွင်း၌ 'ဂျင်န်' များနှင့် လူသားတို့သည် အားလုံးသော သတ္တဝါတို့ထက် တန်ဖိုးရှိ အသာစီးသော အရာများဖြစ်ပေသည်။

سَنَفْرُغُ ဟူသော စကားလုံးသည် فراغ ဟူသော စကားလုံးမှ ဆင်းသက်လာကာ 'အလုပ်ကိစ္စတစ်ရပ်မှ ပြီးမြောက်သွားခြင်း' ဟူ၍ အဓိပ္ပာယ်ရရှိပေသည်။ فراغ ၏ ဆန့်ကျင်ဘက်စကားလုံးမှာ

အဘိဓါန်၌ شُغُلٌ ဟူ၍ လာရှိထားပေသည်။ فَرَاغٌ ဟူသော စကားလုံးသည် အချက် (၂) ရပ်အား ဖော်ကျူးနေပေသည်။

ပထမအချက် မှာ 'ကိစ္စရပ်တစ်ခုအတွင်း၌ နစ်မွန်းခဲ့ခြင်း ဖြစ်သည်။'

ဒုတိယအချက် မှာ 'ထိုဆောင်ရွက်နစ်မွန်းမှု၌ အဆုံးသတ်ကာ ပြီးဆုံးသွားပြီ ဖြစ်ပေသည်။'

ဤအချက်နှစ်ရပ်စလုံးသည်မှု အဖန်ဆင်းခံများအတွင်း၌မှု ဖြစ်လေ့ဖြစ်ထရှိသည်မှာ ထင်ရှား ကျော်ကြားပေသည်။ လူသားတို့သည် တစ်ခါတစ်ရံ ကိစ္စရပ်တစ်ခုအတွင်း၌ နစ်မွန်းကာ တစ်ဖန် ထိုအလုပ် ကိစ္စရပ်မှ ပြီးဆုံးသွားခြင်းမျိုးလည်း ရှိပေသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် ထိုအလုပ်ကိစ္စ နှစ်ရပ်စလုံးမှ ကင်းရှင်းတော်မူပေသည်။ ထိုအသျှင်မြတ်အဖို့ ကိစ္စရပ်တစ်စုံတစ်ရာကို စီမံဆောင်ရွက်နေ ခြင်းသည် အခြားသော ကိစ္စရပ်တစ်စုံတစ်ရာကို စီမံဆောင်ရွက်နေခြင်းမှ အဟန့်အတားမဖြစ်ဘဲ ထိုအသျှင် မြတ်အဖို့ မည်သည့်အခါမျှ လူသားတို့ ပြီးဆုံးခြင်းကဲ့သို့ ပြီးဆုံးသည်မဟုတ်ပေ။

ဤအတွက်ကြောင့် တင်ပြလျက်ရှိသော အာယသ်တော်အတွင်း၌ سَنَفْرُغُ ဟူသော စကား လုံးကို စကားအရာနယ်ပယ်၌ အများသူငှာ အသုံးပြုလေ့ပြုထရှိသော အသွင်ဆောင်အငှားစာလုံးဖြင့် တင်ပြ အသုံး ပြုထားခြင်း ဖြစ်ပေသည်။ ကိစ္စရပ်တစ်စုံတစ်ရာ အရေးကြီးကြောင်းကို ပြဆိုရန်အတွက် 'ကျွန်ုပ်တို့သည် ထိုကိစ္စရပ်အတွက် အားလပ်လျက် ရှိပေသည်' ဟူ၍ ဆိုစမှတ်ပြုကြပေသည်။ အလိုသဘောမှာ 'ယခု အာရုံစူးစိုက်မှုအလုံးစုံသည် ထိုကိစ္စရပ်အပေါ်၌သာ ရှိပေသည်' ဟူ၏။ တစ်ဦးတစ်ယောက်သည် အလုပ်ကိစ္စရပ် တစ်စုံတစ်ရာ အပေါ်ဝယ် မိမိ၏ အာရုံစူးစိုက်မှုအလုံးစုံဖြင့် လုံးပမ်းလျက်ရှိသော အများသုံးဓလေ့ ဝေါဟာရ၌ ၎င်းအား 'ဤသူ့ထံတွင် ထိုအလုပ်အပြင် အခြားမည်သည့်အလုပ်မှ မရှိပေ' ဟူ၍ ပြောဆိုလေ့ ရှိကြပေသည်။

ဤအာယသ်တော်မြတ်၏အလျင် ရှေးအာယသ်တော်မြတ်အတွင်း၌ 'မိုးကောင်းကင်နှင့် မြေပထဝီ ရှိ အဖန်ဆင်းခံများအားလုံးနှင့် ထိုအဖန်ဆင်းခံများအတွင်းမှ တစ်ခု၊ တစ်ကောင်၊ တစ်ယောက်ချင်းစီ သည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ မိမိတို့၏ လိုအပ်ချက်များကို တောင်းခံလျက် ရှိနေကြကြောင်း နှင့် အလ္လာဟ်အသျှင်မြတ်သည် အခြေအနေနှင့် အချိန်အခါတိုင်း၌ ၎င်းတို့၏ လျှောက်ထားအသနားခံချက် များကို ပြည့်ပြည့်ဝဝ ဖြည့်ဆည်းပေးရာ၌ သီးသန့်ဂုဏ်ရှိန်၊ ဂုဏ်ဝါတော်တစ်ရပ်အတွင်း၌ တည်ရှိနေ ကြောင်း' ကို တင်ပြထားပေသည်။

سَنَفْرُغُ لَكُمْ اَيُّهَا الثَّقَلَانِ

(အို၊ ဂျင်န်နှင့် လူသတ္တဝါအပေါင်းတို့၊ မကြာမီပင် အသင်တို့အား စစ်ဆေးတော်မူရန် ငါအသျှင် မြတ်သည် လှည့်တော်မူပေမည်။) *[၅၅ : ၃၁]*

ဟူသော အာယသ်တော်အတွင်း၌ 'ကေယာမသ်' နေ့၌ လျှောက်ထားပန်ကြားမှုများ၊ ထိုအသနား ခံမှုများကို လက်ခံအတည်ပြုခြင်းနှင့် ၎င်းအချက်အပေါ်၌ ဆုံးဖြတ်စီမံဆောင်ရွက်ခြင်းများအားလုံး ရပ်

တန်သွားမည် ဖြစ်ကြောင်းနှင့် အမည်မည်သော အရှိန်အဝါတော်များထဲမှ 'စာရင်းအင်း စစ်ဆေးခြင်းနှင့် တရားမျှတစွာ စီရင်ဆုံးဖြတ်ခြင်း' ၏ အရှိန်အဝါတော်တစ်ရပ်သာ ကျန်ရှိနေမည် ဖြစ်ကြောင်းကို တင်ပြထားပေသည်။ [ရှုးဟ်]

يٰمَعْشَرَ الْجِنِّ وَالْاِنْسِ اِنِ اسْتَطَعْتُمْ اَنْ تَنْفُذُوْا

مِنْ اَقْطَارِ السَّمٰوٰتِ وَالْاَرْضِ فَانْفُذُوْا لَا تَنْفُذُوْنَ اِلَّا بِسُلْطٰنٍ

(အို၊ ဂျင်န်နှင့် လူပရိသတ်အပေါင်းတို့၊ အကယ်၍ အသင်တို့သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေ၏ နယ်နိမိတ်များအတွင်းမှ ဖောက်ထွင်းထွက်သွားနိုင်ကြပါလျှင် ထွက်သွားကြကုန်လော့။ စင်စစ် စွမ်းအားမရှိဘဲလျက် အသင်တို့သည် ထွက်သွားနိုင်ကြမည်မဟုတ်ပေ။) [၅၅ : ၃၃]

လွန်လေပြီးသော အာယသ်တော်အတွင်း၌ 'ဂျင်န်' နှင့် လူသားတို့ကို ثَقَلَيْنِ ဟူသော စကားလုံးဖြင့် 'ကေယာမသ်' နေ့၌ ရင်ဆိုင်တွေ့ကြုံရမည့် ကိစ္စရပ်တစ်ရပ်မှာ အားလုံးသော 'ဂျင်န်' များနှင့် လူသားများ၏ ကျင့်ကြံ ဆောင်ရွက်ချက်များအား စမ်းစစ်ကြည့်ရှုမည် ဖြစ်ခြင်းအကြောင်း၊ မြူမှုန်ခန့်မျှ ရှိသော ပြုမှု ဆောင်ရွက်ချက်အပေါ်လျှင်ပင် ကြောင်းကျိုးတရား ပေးတော်မူမည်ဖြစ်ခြင်းအကြောင်းကို ပြဆိုထားပေသည်။ ဤအာယသ်တော်အတွင်း၌ 'ကေယာမသ်' (အစားပေးမည့်) နေ့မှသော်လည်းကောင်း၊ မိမိတို့ ကျင့်ကြံဆောင်ရွက်ချက်များ စာရင်းအင်းစစ်ဆေးခြင်း ခံယူရမည့် အချက်မှသော်လည်းကောင်း၊ မည်သူတစ်ဦး တစ်ယောက်မျှ ထွက်ပြေးလွတ်မြောက်နိုင်မည် မဟုတ်ကြောင်း၊ သေခြင်းတရားမှသော်လည်းကောင်း၊ (သို့မဟုတ်) 'ကေယာမသ်' နေ့၏ စာရင်းစစ်ဆေးခြင်းမှ သော်လည်းကောင်း တစ်နေရာသို့ ထွက်ပြေးသွားကာ ရှောင်ရှားလွတ်မြောက်နိုင်ရန် မည်သူတစ်ဦးတစ်ယောက်မှ စွမ်းဆောင်နိုင်မည်မဟုတ်ပေ' ဟူသော အကြောင်းတို့ကို ပြဆိုထားပေသည်။

ယခုလက်ရှိ တင်ပြလျက်ရှိနေသော အာယသ်တော်အတွင်း၌ ثَقَلَيْنِ ဟူသော စကားလုံး၏အစား يٰمَعْشَرَ الْجِنِّ وَالْاِنْسِ ဟူ၍ မူရင်းအမည်နာမဖြင့် တင်ပြထားပေသည်။ 'ဂျင်န်' သတ္တဝါများကို လူသားများ၏ ရှေ့၌ ထားကာ တင်ပြထားရခြင်းအကြောင်းမှာ 'မိုးကောင်းကင်နှင့် မြေပထဝီ၏ နယ်နိမိတ်အတွင်းမှ ဖောက်ထွင်းထွက်ခွာသွားနိုင်ရန် ကြီးမားလှစွာသော အစွမ်းကို လိုအပ်လျက်ရှိကြောင်း၊ 'ဂျင်န်' များကို အလ္လာဟ်အသျှင်မြတ်သည် လူသားများထက် သာပိုသော အစွမ်းများကို ချီးမြှင့်ထားသည်ဖြစ်ကြောင်း' ဟူသော အချက်များဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားဟန် တူပေသည်။ ဤအတွက်ကြောင့် 'ဂျင်န်' များကို လူသားများထက် ဦးစွာ တင်ပြထားခြင်း ဖြစ်ပေသည်။ အာယသ်တော်၏ အလိုသဘောမှာ ဤသို့ပင် ဖြစ်သည်။ 'အို၊ ဂျင်န်နှားသ်နှင့် လူသားအပေါင်းတို့၊ အကယ်၍ အသင်တို့သည် 'ကျွန်ုပ်တို့ သေမင်းတမန်၏ ဖမ်းဆီးချုပ်ကိုင်ခြင်းမှ ရှောင်တိမ်းလွတ်မြောက်နိုင်ရန် တစ်နေရာရာသို့

ထွက်ပြေးတိမ်းရှောင်လိုက်မည် (သို့မဟုတ်) စာရင်းအင်းစစ်ဆေးခြင်းမှ ရှောင်တိမ်းလွတ်မြောက် နိုင်ရန် တစ်နေရာရာသို့ ထွက်ပြေးတိမ်းရှောင်လိုက်မည်ဟူ၍ စဉ်းစားတွေးတော မျှော်မှန်းထားပါလျှင် မိမိတို့၏ စွမ်းအား၊ အင်အားကို စမ်းစစ်ကြကုန်။ အကယ်၍ အသင်တို့သည် စွမ်းနိုင်ပါလျှင် မိုးကောင်းကင်များနှင့် မြေပထဝီ၏ နယ်နိမိတ်များ၏ အပြင်ဘက်သို့ ဖောက်ထွက်သွားနိုင်သည်ဆိုပါက ဖောက်ထွက်ပြကုန်။ ဤသည် လွယ်ကူသောကိစ္စရပ် မဟုတ်ပေ။ ထိုကိစ္စရပ်အတွက် အလွန်ကြီးမားလှစွာသော စွမ်းအား၊ အင်အားကို လိုအပ်ပေသည်။ ယင်းစွမ်းအားကို လူသားနှင့် ဂျင်န်နားသ်တို့သည် မရရှိပေ။ အာယသ်တော် ၏ အချုပ်သဘောတရားမှာ ယင်း 'ဂျင်န်'နှင့် လူသားတို့သည် မိုးကောင်းကင်များနှင့် မြေပထဝီ၏ နယ်နိမိတ်အတွင်းမှ အပြင်သို့ ထွက်ခွာသွားနိုင်ချေ ရှိခြင်း၏ အချက်ကို ပြဆိုရန်မဟုတ်ဘဲ ၄င်းတို့ မစွမ်းနိုင်ကြောင်းကို၊ ဖြစ်နိုင်ချေမရှိသော အရာကို ဖြစ်နိုင်ချေရှိသော အရာကဲ့သို့ သတ်မှတ်တင်ပြကာ ပြုစွမ်းနိုင်က ဆောင်ရွက်ပြကုန်ဟူသော အချက်ကို ပြဆိုရန်ဖြစ်ပေသည်။

အာယသ်တော်၏ အလိုသဘောမှာ သေခြင်းတရားမှ ထွက်ပြေးတိမ်းရှောင်ခြင်းကို ဆိုလိုခြင်း ဖြစ်ပါက ထိုအာယသ်တော်၏ မိန့်မြွက်ချက်သည် ဤဒွန္နယာလောကနှင့် ဆက်နွယ်လျက် တင်ပြခြင်း ဖြစ်မည်။ အကြောင်းမှာ 'ကမ္ဘာမြေပထဝီမှ မိုးကောင်းကင်ထိတိုင် နယ်နိမိတ်များကို ကျော်လွှားထိုးဖောက်ကာ သေခြင်းတရားမှ တိမ်းရှောင်ထွက်ပြေးခြင်းသည်' မည်သူတစ်ဦးတစ်ယောက်အဖို့မျှ မဖြစ်နိုင်၍ပင် ဖြစ်သည်။ ထိုနယ်နိမိတ်အတိုင်းအတာများကို ထိုးဖောက်ကာ တိမ်းရှောင်ထွက်ပြေးခြင်း ဟူသည့် အချက်ကိုလည်း လူသားတို့၏ စဉ်းစားတွေးတော မျှော်မှန်းချက်ကို အခြေခံ၍ တင်ပြထားခြင်းဖြစ်ပေသည်။ သို့တည်းမဟုတ်က ဥပမာအနေဖြင့် အကယ်၍ ထိုနယ်နိမိတ်များကို ထိုးဖောက်ကာ သွားနိုင်သည်ဟု ထားဘိဦး။ အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်၏ နယ်နိမိတ်ဘောင် အပြင်ရှိရာဆီသို့ သွားနိုင်မည် မဟုတ်ပေ။

အကယ်၍ အာယသ်တော်၏ အလိုသဘောသည် 'ဟရှရ်'နေ့၏ စာရင်းအင်း စစ်ဆေးခံရမည် ဖြစ်ခြင်းနှင့် အဖြေပေးရမည်ဖြစ်ခြင်းမှ တိမ်းရှောင်ထွက်ပြေးရန် မဖြစ်နိုင်ခြင်းကို ဆိုလိုခြင်းဖြစ်ပါက ၄င်းအချက်၏ လက်တွေ့ကျကျ ဖြစ်ရပ်မြင်ကွင်းကို ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားသော အာယသ်တော်များနှင့် ဟဒီးစ်တော်များ၏ ဆင့်ပြန်ချက်များ၌ ဤသို့ တင်ပြလာရှိထားပေသည်။ ၄င်းမှာ 'ကေယာမသ်' နေ့၌ မိုးကောင်းကင်သည် ကွဲအက်၊ ပေါက်ပြဲကာ ကောင်းကင်တမန်တော်များ အားလုံးသည် မြေပထဝီ၏ နယ်နိမိတ်အဆုံး အစွန်အဖျားများသို့ ရောက်ရှိလာကြကာ အဘက်ဘက်မှ ဝိုင်းရံထားပေလိမ့်မည်။ 'ဂျင်န်'များနှင့် လူသားတို့သည် 'ကေယာမသ်' နေ့၏ ထိတ်လန့်ဖွယ် မြင်ကွင်းများကို ကြည့်ရှုကာ အရပ်မျက်နှာ အသီးသီးဘက်သို့ ထွက်ပြေးသွားကြပေလိမ့်မည်။ အရပ်မျက်နှာတိုင်း၌ ကောင်းကင်တမန်တော်များ ဝိုင်းရံထားလျက်ရှိနေသည်ကို တွေ့မြင်ကာ တစ်ဖန် မိမိတို့၏ မူရင်းနေရာများရှိရာဆီသို့ ပြန်လည် လှည့်ပြန်လာကြပေလိမ့်မည် ဟူ၍တည်း။ *[ရှုဟ်]*

မျက်မှောက်ခေတ်၏ တီထွင်ဖန်တီးမှုဖြစ်သော ယာဉ်ပျံ၊ ဂြိုဟ်တုများဖြင့် လိုက်ပါစီးနင်း၍ သွားလာနေကြသော အာကာသခရီးစဉ်များသည် ဤအထက်ဖော်ပြပါ အာယသ်တော်ဖြင့် တစ်စုံတစ်ရာမျှ ပတ်သက်ခြင်းမရှိခြင်းအကြောင်း

ဤမျက်မှောက်ခေတ်ကာလ၌ ကမ္ဘာမြေကြီး၏ ဆွဲအားကို တွန်းလှန်နိုင်ရန် အာကာသဟင်းလင်းပြင်အတွင်းဝယ် ယာဉ်ပျံများ ရောက်ရှိပျံသန်းနိုင်ရန် စမ်းသပ်မှုများ၊ လေ့လာမှုများ ပြုလုပ်လျက် ရှိနေပေသည်။ ထိုအချက်များအားလုံးသည် မိုးကောင်းကင်များ၏ နယ်နိမိတ်အပြင်ဘက်သို့ ရောက်ရှိ၍ မနေကြောင်းမှာ ထင်ရှားလှပေသည်။ သို့သာမက ကောင်းကင်ယံလွှာ၏ လွန်စွာ နိမ့်သော နေရာများထိသာ ရောက်ရှိနိုင်ခဲ့ခြင်း ဖြစ်ပေသည်။ မိုးကောင်းကင်များ၏ နယ်နိမိတ်များ၏ အပြင်ဘက်ထိတိုင် ထိုးဖောက်သွားရန်ဟူသည် တစ်စုံတစ်ရာ ဆက်စပ်၊ ပတ်သက်မှုမရှိသော ကိစ္စရပ်သာလျှင် ဖြစ်ပေသည်။ မျက်မှောက်ခေတ်၌ လှုပ်ရှားသွားလာလျက်ရှိသော ယာဉ်ပျံများသည် ထိုးဖောက်သွား ရောက်နိုင်သည်ကို မဆိုထားဘိဦး။ ကောင်းကင်များ၏ နယ်နိမိတ်အနီးသို့ပင် မရောက်ရှိကြပေ။ ထို့ကြောင့် အာယသ်တော်၏ အလိုသဘောနှင့် 'ထိုအာကာသဟင်းလင်းပြင် ခရီးစဉ်များနှင့် ဂြိုဟ်များအပေါ် ရောက်ရှိခြင်း၏ ဖြစ်အင်များသည် တစ်စုံတစ်ရာမျှ ပတ်သက်ခြင်းမရှိကြောင်းကို သိရှိရပေသည်။ အသိပညာနည်းပါးသူ အချို့တို့သည် ဤအထက်ဖော်ပြပါ အာယသ်တော်ကိုပင်လျှင် အာကာသဟင်းလင်းပြင်ဆိုင်ရာ ခရီးစဉ်များ ဖြစ်နိုင်ဖွယ်ရှိကြောင်းအပေါ် အကိုးအကားဖြင့် တင်ပြနေကြပေသည်။ ယင်းကဲ့သို့ တင်ပြခြင်းသည် ကုရ်အာန်ကျမ်းတော် မြတ်၏ အဓိပ္ပာယ်အလိုသဘော များကို လုံးဝနားမလည်ခြင်း၏ အထောက်အထားသာဓကသာ ဖြစ်သည်။

يُرْسَلُ عَلَيْكُمَاشُوَاظٌ مِّنْ نَّارٍوَّنُحَاسٌ فَلَا تَنْتَصِرَانِ

(ထွက်ပြေးရန် ကြံရွယ်ပါလျှင် အသင်တို့နှစ်ဦး၏ အပေါ်ဝယ် မီးခိုးမပါသော မီးတောက်မီးလျှံနှင့် မီးတောက်မပါသော အခိုးများ စေလွှတ်ခြင်းခံရပေလိမ့်မည်။ ထိုအခါ အသင်တို့သည် တွန်းလှံဖယ်ရှားနိုင်ကြမည်မဟုတ်ပေ။) *[၅၅ : ၃၅]*

ဟဇရသ်အိဗ်နေအဗ္ဗာစ် ﷺ သခင်ကြီးနှင့် အခြားအကျယ်ဖွင့် ပညာရှင်ကြီးများသည် شُوَاظٌ (ရှိုးနံအက္ခအပေါ်၌ 'ပေးရှ) ဟူသော အရာသည် 'အခိုးမပါသော မီးတောက်မီးလျှံ' ဖြစ်၍ نُحَاسٌ သည် 'အလင်းရောင်မပါသော မီးခိုး'ကို ခေါ်ဆိုကြောင်း အမိန့်ရှိထားကြပေသည်။ ဤအာယသ်တော်အတွင်း၌လည်း 'ဂျင်န်'နှင့် လူသားတို့အား ဦးတည်ကာ 'ၶင်းတို့အပေါ် မီးတောက်မီးလျှံနှင့် မီးခိုးများ လွှတ်ပေးတော်မူမည့်အကြောင်း' တင်ပြထားပေသည်။ အာယသ်တော်၏ အလိုသဘောမှာ ဤသို့လည်း ဖြစ်နိုင်ပေသည်။ စာရင်းအင်းစစ်ဆေးပြီးနောက် တရားခံများ 'ဂျဟန္နမ်'ငရဲဘုံသို့ ချခြင်းခံရမည်။ 'ဂျဟန္နမ်' အတွင်းဝယ် ပုံစံနှစ်မျိုးဖြင့် ပြစ်ဒဏ်ပေးခြင်း ခံရပေလိမ့်မည်။ ပထမအမျိုးအစားမှာ အခိုးအငွေ့ လုံးဝမပါရှိသော မီးတောက်ချည်းသာဖြစ်၍ ဒုတိယအမျိုးအစားမှာ အလင်းရောင်မပါရှိသော အခိုးအငွေ့ချည်းသာ

ဖြစ်ပေသည်။ အချို့သော အကျယ်ဖွင့်ပညာရှင်များသည် ဤအာယသ်တော်ကို လွန်လေပြီးသော အာယသ်တော်၏ အဖြည့်ခံအာယသ်တော်ဖြင့် သတ်မှတ်ပေးကာ 'အို၊ ဂျင်န်နှင့် လူသားတို့ မိုးကောင်းကင်များ၏ နယ်နိမိတ်များအပြင်သို့ ထွက်ရန်သည် အသင်တို့အဖို့ လုံးဝ မဖြစ်နိုင်ပေ။ ထွက်ပြေးရန် ရည်ရွယ်၍ ထွက်ပြေးခဲ့မည်ဆိုလျှင်လည်း ထွက်ပြေးသည့် ဘက်တိုင်း၌ မီးနှင့် အခိုးအငွေ့များသည် အသင်တို့အား ဝိုင်းရံထားပေလိမ့်မည်' ဟူ၍ မိန့်ဆိုထားပေသည်။ *[အိဗ်နေကဆီးရ်]*

فَلَاتَنْتَصِرَانِ သည် انتصار ဟူသော ပုဒ်မှ ဆင်းသက်လာသောပုဒ် ဖြစ်ပေသည်။ 'တစ်ဦးတစ်ယောက်အား ကယ်တင်ကာ ဒုက္ခမှ လွတ်မြောက်စေခြင်း' ဟူ၍ အဓိပ္ပာယ်ရရှိ၏။ အလိုသဘောမှာ ဤသို့ပင် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ ပြစ်ဒဏ်တော်မှ ရှောင်ရှားရန်အတွက် အသင်တို့ 'ဂျင်န်များနှင့် လူသားများအကြား၌ တစ်ဦးသည် အခြားတစ်ဦးတစ်ယောက်အား ပြစ်ဒဏ်မှ ကင်းလွတ်ရန် ကူညီနိုင်ကြမည် မဟုတ်ပေ။

فَيَوْمَئِذٍ لَّا يُسْـَٔلُ عَن ذَنۢبِهِۦٓ إِنسٌ وَلَا جَآنٌّ

(စင်စစ် ထိုနေ့တွင် မည်သည့်လူသားတစ်ဦးတစ်ယောက်နှင့် မည်သည့်ဂျင်န် တစ်ဦးတစ်ယောက်မျှပင် မိမိ၏ ပြစ်မှုနှင့် စပ်လျဉ်း၍ မေးမြန်းခြင်းကို ခံရမည်မဟုတ်ပေ။) *[၅၅ : ၃၉]*

အာယသ်တော်၏ အလိုသဘောတစ်ရပ်မှာ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်၌ တင်ပြထားပြီး ဖြစ်သကဲ့သို့ပင် 'အသင်သည် မည်သည့်ပြစ်မှုဒုစရိုက် ပြုကျင့်ခဲ့ပါ၏လော။ (သို့မဟုတ်) မပြုကျင့်ပါ၏လော' ဟူ၍ 'ကေယာမသ်'နေ့၌ မေးမြန်းတော်မူမည် မဟုတ်ပေ။ ထိုအချက်များသည်မူ ကောင်းကင်တမန်တော်များ ရေးသားထားသော ပြုမူဆောင်ရွက်ချက် မှတ်တမ်းများ၌ ထိန်းသိမ်းထားရှိပြီးဖြစ်၏။ ၎င်းနောက် အလ္လာဟ်အသျှင်မြတ်၏ ကနဦးအသိပညာတော်အတွင်း၌ အစကတည်းက တည်ရှိခဲ့ပေသည်။ သို့သာမက 'အသင်သည် မည်သည့်ဒုစရိုက်ကို အဘယ်ကြောင့် ကျူးလွန်ခဲ့ပေသနည်း' ဟူသော မေးခွန်းကိုသာ မေးမြန်းခြင်း ခံရပေလိမ့်မည်။ ဤအကျယ်ဖွင့်ဆိုချက်သည် အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီး၏ အကျယ်ဖွင့်ဆိုချက် ဖြစ်ပေသည်။ ဟဇရသ်မုဂျာဟိဒ် (ရဟ) သခင်ကြီးက 'အသင်တို့သည် ဤပြစ်မှုကို ကျူးလွန်ခဲ့ပါ၏လော။ သို့မဟုတ် မကျူးလွန်ခဲ့ပါ၏လော' ဟူသော မေးခွန်းကို တရားခံများအား ပြစ်ဒဏ်ပေးရန် တာဝန်ပေးခြင်းခံရသော ကောင်းကင်တမန်တော်များသည် မေးမြန်းရန် လိုအပ်မည်မဟုတ်ကြောင်း၊ သို့သာမက ပြစ်မှုတိုင်း၏ သီးသန့်လက္ခဏာတစ်ရပ်ရပ်သည် တရားခံများ၏ မျက်နှာများအပေါ်၌ ထင်ဟပ်၍ ရှိနေမည်ဖြစ်ကြောင်း၊ ကောင်းကင်တမန်များသည် ထိုလက္ခဏာများကို ကြည့်ရှုကာ ၎င်းတို့အား 'ဂျဟန္နမ်' ငရဲဘုံအတွင်းသို့ ပစ်ချလိုက်မည်ဖြစ်ကြောင်း' ကို မိန့်ဆိုထားပေသည်။ အရှေ့၌ တင်ပြလျက်ရှိနေသော အာယသ်တော်ဖြစ်သည့်

يُعْرَفُ الْمُجْرِمُوْنَ بِسِيْمَاهُمْ

(ထိုနေ့တွင် အပြစ်ရှိသူတို့သည် မိမိတို့၏ ရုပ်ရည်လက္ခဏာဖြင့် သိရှိခြင်းခံရပေမည်။) *[၅၅ : ၄၁]*

အတွင်း၌ ဤအကြောင်းအရာသည်သာလျှင် လာရှိနေပေသည်။

အထက်တင်ပြပါ အကျယ်ဖွင့်ဆိုချက်နှစ်ရပ်၏ အချုပ်သဘောတရား ရလဒ်မှာ 'ဤဖြစ်အင်သည် 'ဟရှရ်'ကွင်းပြင်၌ စာရင်းအင်းစစ်ဆေးပြီးနောက် တရားခံများအား 'ဂျဟန္နမ်'အတွင်းသို့ ပစ်ချရန် ဆုံးဖြတ်ချက်ချပြီးသော အချိန်၌ ဖြစ်ပေါ်မည့်ဖြစ်အင် ဖြစ်ကြောင်း၊ သို့ရှိရာ ယခု ၎င်းတို့အား မိမိတို့၏ ပြစ်မှုဒုစရိုက်များနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာမျှ ပြောဆိုမေးမြန်းမည်မဟုတ်ကြောင်း။ ၎င်းကောင်းကင်တမန်များသည် လက္ခဏာများကို ကြည့်ရှုသိမြင်ကာ တရားခံများကို ငရဲဘုံအတွင်းသို့ ပစ်ချမည်ဖြစ်ကြောင်း' ဟူ၍တည်း။

ဟဇရသ်ကသာဒဟ် (ရဟ) သခင်ကြီးက ဤသို့ အမိန့်ရှိထားပေသည်။ ဤသည် '၎င်းတို့အား ယင်းသူတို့၏ ပြစ်မှုများကို မေးမြန်းရာ ၎င်းတို့က ငြင်းဆိုကာ 'ကစမ်'ကျိန်ဆို၍ပင် နေကြပေမည်။ ထိုအခါ ၎င်းတို့၏ ပါးစပ်များနှင့် နှုတ်လျှာများကို တံဆိပ်ခတ်နှိပ်လိုက်ပေမည်။ လက်များနှင့် ခြေထောက်များက သက်သေများ ပေးကြပေလိမ့်မည်'ဟူသော အချိန်၏ အခြေအနေပင် ဖြစ်ပေသည်။ ဤဖွင့်ဆိုချက် (၃) ရပ်စလုံးကို အိဗ်နေကစီးရ် (ရဟ) သခင်ကြီးက ဆင့်ပြန်ထားပေသည်။ အဆို (၃) ရပ်စလုံး၏ အလိုသဘောသည် နီးစပ်ကာ ကွဲပြားမှု တစ်စုံတစ်ရာမျှ မရှိပေ။

يُعْرَفُ الْمُجْرِمُوْنَ بِسِيْمَاهُمْ فَيُؤْخَذُ بِالنَّوَاصِىْ وَالْاَقْدَامِ

(ထိုနေ့တွင် အပြစ်ရှိသူတို့သည် မိမိတို့၏ ရုပ်ရည်လက္ခဏာဖြင့် သိရှိခြင်းခံကြရပေမည်။ ထိုအခါ ၎င်းတို့သည် နဖူးများ၊ ဦးထိပ်များနှင့် ခြေများကို တရွတ်တိုက်ဆွဲကိုင်၍ ဖမ်းဆီးခြင်းကို ခံကြရပေမည်) [၅၅ : ၄၁]

سِيْمَاء ၏ အဓိပ္ပာယ်မှာ လက္ခဏာ၊ အမှတ်အသားဟူ၍ အဓိပ္ပာယ်ရ၏။ ဟစ်ဖဆွိရီး (ရဟ) သခင်ကြီးက မိန့်တော်မူသည်မှာ 'ထိုနေ့တွင် 'ဂျဟန္နမ်'ငရဲဘုံအတွင်းသို့ ပစ်ချရန် ဆုံးဖြတ်ချက်ချခြင်း ခံရသော အပြစ်ရှိသူတို့၏ လက္ခဏာမှာ မျက်နှာများသည် မဲနက်၍ မျက်လုံးများသည် ပြာ၍ နေပေလိမ့်မည်။ သောကဗျာပါဒတို့ကြောင့် မျက်စိမျက်နှာပျက်၍ နေပေလိမ့်မည်။ ကောင်းကင်တမန်များသည် ထိုလက္ခဏာများ၏ အကြောင်းခံဖြင့် ၎င်းတို့အား ဖမ်းပေလိမ့်မည်ဟူ၏။

نَوَاصِىْ သည် نَاصِيَةٌ ၏ အများကိန်းဖြစ်ပေသည်။ နဖူးဆံစကို ခေါ်ဆိုပေသည်။ نواصى နဖူးများနှင့် اقدام ခြေများကို ဖမ်းဆီးခြင်း၏ အလိုသဘောမှာ 'အချို့သောသူများကို နဖူးများ ဆွဲကိုင်ကာ၊ အချို့သောသူများကို ခြေထောက်များ ဆွဲကိုင်ကာ၊ (သို့မဟုတ်) တစ်ခါတစ်ရံ နဖူးများ ဆွဲကိုင်၍၊ တစ်ခါတစ်ရံ ခြေထောက်များ စွဲကိုင်ကာ တရွတ်တိုက်ဆွဲ ဖမ်းဆီးခြင်းခံရပေမည်ဟူ၍ ဖြစ်သည်။ နဖူးဆံစ၏ အမွေးမျှင်များနှင့် ခြေထောက်များကို တစ်နေရာတည်း၌ စု၍ ချုပ်နှောင်၊ ချည်နှောင်၍ တရွတ်တိုက်ဆွဲ ဖမ်းဆီးခြင်းမျိုးလည်း ဖြစ်နိုင်ပေသည်။ သွားဟ်ဟားက် (ရဟ) သခင်ကြီးနှင့် ရှုဟုလ်မအာနီကျမ်းရှင်သည် ဤအတိုင်း အမိန့်ရှိထားပေသည်။ (အလ္လာဟ်အသျှင်မြတ်သည် အသိရှိဆုံးဖြစ်တော်မူပေ၏။)

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَلِمَنْ خَافَ مَقَامَ رَبِّهِۦ جَنَّتَانِ ﴿٤٦﴾

၅၅ : ၄၆ ။ ။ ထို့ပြင် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ရှေ့တော်မှောက်၌ မတ်တတ်ရပ် (အစစ်ဆေးခံရန်) ကြောင့်ကြစိုးရိမ်သော သူ၏အဖို့ (ဂျန္နသ်သုခဘုံ၌) ဥယျာဉ်နှစ်ခု ရှိပေမည်။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٢١﴾

၅၅ : ၄၇ ။ ။ သို့ပါလျက် (အို၊ 'ဂျင်န်'နှင့် လူသတ္တဝါအပေါင်းတို့) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

ذَوَاتَا أَفْنَانٍ ﴿٤٨﴾

၅၅ : ၄၈ ။ ။ (ယင်းဥယျာဉ်နှစ်ခု၌ စိမ်းစိုသော) အကိုင်းအလက်များ ပေါများဝေဆာလျက် ရှိကြပေမည်။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٢١﴾

၅၅ : ၄၉ ။ ။ သို့ပါလျက် (အို၊ 'ဂျင်န်'နှင့် လူသတ္တဝါအပေါင်းတို့) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

فِيهِمَا عَيْنَانِ تَجْرِيَانِ ﴿٥٠﴾

၅၅ : ၅၀ ။ ။ ယင်းဥယျာဉ်နှစ်ခုလုံး၌ စမ်းချောင်းနှစ်သွယ်သည် စီးတွေလျက် ရှိကြပေမည်။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٢١﴾

၅၅ : ၅၁ ။ ။ သို့ပါလျက် (အို၊ 'ဂျင်န်'နှင့် လူသတ္တဝါအပေါင်းတို့) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

فِيهِمَا مِن كُلِّ فَاكِهَةٍ زَوْجَانِ ﴿٥٢﴾

၅၅ : ၅၂ ။ ။ ယင်းဥယျာဉ်နှစ်ခုစလုံးတွင် သစ်သီးတိုင်းသည် နှစ်မျိုးနှစ်စား ရှိကြပေမည်။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٢١﴾

၅၅ : ၅၃ ။ ။ သို့ပါလျက် (အို၊ 'ဂျင်န်'နှင့် လူသတ္တဝါအပေါင်းတို့) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

مُتَّكِـِٔينَ عَلَىٰ فُرُشٍۭ بَطَآئِنُهَا مِنْ إِسْتَبْرَقٍ ۚ وَجَنَى ٱلْجَنَّتَيْنِ دَانٍ ﴿٥٤﴾

၅၅ : ၅၄ ။ ။ (၎င်းတို့သည်) ရွှေချည်များဖြင့် ပန်းထိုးထားသော ပိုးဖဲအတွင်းခံထားသည့် (မွေ့ရာ) အခင်းအကျင်းများအပေါ်၌ (မှီအုံးများကို) မှီလျက် ထိုင်နေကြမည်။ ထို့ပြင် ၎င်းဥယျာဉ်နှစ်လုံး၏ အသီးများမှာလည်း (၎င်းတို့နှင့်) နီးကပ်စွာပင် ရှိကြမည်။

فَبِأَىِّ ءَالَآءِ رَبِّكُمَا تُكَذِّبَانِ ﴿٥٥﴾

၅၅ : ၅၅ ။ ။ သို့ပါလျက် (အို၊ 'ဂျင်န်' နှင့် လူသတ္တဝါအပေါင်းတို့) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

فِيهِنَّ قَٰصِرَٰتُ ٱلطَّرْفِ لَمْ يَطْمِثْهُنَّ إِنسٌ قَبْلَهُمْ وَلَا جَآنٌّ ﴿٥٦﴾

၅၅ : ၅၆ ။ ။ ယင်း (ဥယျာဉ်များနှင့် ဥယျာဉ်များရှိ အဆောက်အဦ) တို့တွင် မျက်စိကို အောက်သို့ နှိမ့်ချထားသော မိန်းမပျိုများလည်း ရှိကြမည်။ ၎င်းတို့အလျင် မည်သည့်လူသား တစ်ဦးတစ်ယောက်မျှလည်း ထိတွေ့ခဲ့ဖူးသည် မရှိချေ။ မည်သည့် 'ဂျင်န်' တစ်ဦးတစ်ယောက်မျှလည်း ထိတွေ့ခဲ့ဖူးသည် မရှိပေ။

فَبِأَىِّ ءَالَآءِ رَبِّكُمَا تُكَذِّبَانِ ﴿٥٧﴾

၅၅ : ၅၇ ။ ။ သို့ပါလျက် (အို၊ 'ဂျင်န်' နှင့် လူသတ္တဝါအပေါင်းတို့) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

كَأَنَّهُنَّ ٱلْيَاقُوتُ وَٱلْمَرْجَانُ ﴿٥٨﴾

၅၅ : ၅၈ ။ ။ ထိုမိန်းမပျိုတို့သည် ပတ္တမြားကဲ့သို့လည်းကောင်း၊ သန္တာကျောက်နီကဲ့သို့လည်းကောင်း (လှပစွာ) ရှိကြပေမည်။

فَبِأَىِّ ءَالَآءِ رَبِّكُمَا تُكَذِّبَانِ ﴿٥٩﴾

၅၅ : ၅၉ ။ ။ သို့ပါလျက် (အို၊ 'ဂျင်န်' နှင့် လူသတ္တဝါအပေါင်းတို့) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

هَلْ جَزَآءُ ٱلْإِحْسَٰنِ إِلَّا ٱلْإِحْسَٰنُ ﴿٦٠﴾

၅၅ : ၆၀ ။ ။ အမိန့်တော်ကို ကြည်ညိုလေးမြတ်စွာ နာခံခြင်း၏ အကျိုးသည် ကျေးဇူးပြုတော်မူခြင်းမှအပ အခြားမရှိပြီ။

فَبِأَىِّ ءَالَآءِ رَبِّكُمَا تُكَذِّبَانِ ﴿٦١﴾

၅၅ : ၆၁ ။ ။ သို့ပါလျက် (အို၊ 'ဂျင်န်' နှင့် လူသတ္တဝါအပေါင်းတို့) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

وَمِن دُونِهِمَا جَنَّتَانِ ﴿٦٢﴾

၅၅ : ၆၂ ။ ။ ထို့ပြင် ယင်းဥယျာဉ်နှစ်ခုအပြင်လည်း ဥယျာဉ်နှစ်ခု ရှိသေး၏။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٦٣﴾

၅၅ : ၆၃ ။ ။ သို့ပါလျက် (အို၊ 'ဂျင်န်'နှင့် လူသတ္တဝါအပေါင်းတို့) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

مُدْهَامَّتَانِ ﴿٦٤﴾

၅၅ : ၆၄ ။ ။ ယင်း (ဥယျာဉ်) နှစ်ခုလုံးသည် အစိမ်းရင့် ကျောက်မီးသွေးနုရောင် ဖြစ်ကြ၏။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٦٥﴾

၅၅ : ၆၅ ။ ။ သို့ပါလျက် (အို၊ 'ဂျင်န်'နှင့် လူသတ္တဝါအပေါင်းတို့) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

فِيهِمَا عَيْنَانِ نَضَّاخَتَانِ ﴿٦٦﴾

၅၅ : ၆၆ ။ ။ ယင်းဥယျာဉ်နှစ်ခု၌ (ရေများ) ပန်းထွက်လျက်ရှိသော စမ်းချောင်းနှစ်ခုသည် ရှိကြပေမည်။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٦٧﴾

၅၅ : ၆၇ ။ ။ သို့ပါလျက် (အို၊ 'ဂျင်န်'နှင့် လူသတ္တဝါအပေါင်းတို့) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

فِيهِمَا فَاكِهَةٌ وَنَخْلٌ وَرُمَّانٌ ﴿٦٨﴾

၅၅ : ၆၈ ။ ။ ယင်းဥယျာဉ်နှစ်ခု၌ သစ်သီးဝလံများသည်လည်းကောင်း၊ စွန်ပလွံပင်များသည်လည်းကောင်း၊ သလဲသီးများသည်လည်းကောင်း ရှိကြပေမည်။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٦٩﴾

၅၅ : ၆၉ ။ ။ သို့ပါလျက် (အို၊ 'ဂျင်န်'နှင့် လူသတ္တဝါအပေါင်းတို့) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

فِيهِنَّ خَيْرَاتٌ حِسَانٌ ﴿٧٠﴾

၅၅ : ၇၀ ။ ။ ထို (ဥယျာဉ်များနှင့် ဥယျာဉ်များရှိ အဆောက်အဦး) တို့တွင် အကျင့်စာရိတ္တအားဖြင့် ဖန်ဆင်းမွေးမြူတော်မူသော လှပတင့်တယ်သော မိန်းမပျိုများ (လည်း) ရှိကြပေမည်။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٧١﴾

၅၅ : ၇၁ ။ ။ သို့ပါလျက် (အို၊ 'ဂျင်န်' နှင့် လူသတ္တဝါအပေါင်းတို့) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

حُورٌ مَقْصُورَاتٌ فِي الْخِيَامِ ﴿٧٢﴾

၅၅ : ၇၂ ။ ။ လွန်စွာ ဖြူ၍ လှပသော မဏ္ဍပ်၊ ကနားဖျင်း (ယာယီအဆောက်အဦး) များတွင် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းခံကြရသော မိန်းမပျိုများသည် ရှိကြပေမည်။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٧٣﴾

၅၅ : ၇၃ ။ ။ သို့ပါလျက် (အို၊ 'ဂျင်န်' နှင့် လူသတ္တဝါအပေါင်းတို့) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

لَمْ يَطْمِثْهُنَّ إِنْسٌ قَبْلَهُمْ وَلَا جَانٌّ ﴿٧٤﴾

၅၅ : ၇၄ ။ ။ ၎င်းတို့အလျင် ထိုမိန်းမပျိုတို့အား မည်သည့်လူသား တစ်ဦးတစ်ယောက်မျှလည်းကောင်း၊ မည်သည့် 'ဂျင်န်' တစ်ဦးတစ်ယောက်မျှလည်းကောင်း ထိတွေ့ခဲ့ဖူးသည် မရှိပြီ။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٧٥﴾

၅၅ : ၇၅ ။ ။ သို့ပါလျက် (အို၊ 'ဂျင်န်' နှင့် လူသတ္တဝါအပေါင်းတို့) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

مُتَّكِئِينَ عَلَىٰ رَفْرَفٍ خُضْرٍ وَعَبْقَرِيٍّ حِسَانٍ ﴿٧٦﴾

၅၅ : ၇၆ ။ ။ (၎င်းတို့သည်) အစိမ်းရောင်ကော်ဇောများအပေါ်၌လည်းကောင်း၊ လွန်စွာ အံ့ဖွယ်ကောင်းသော အခင်းအကျင်းများအပေါ်၌လည်းကောင်း (ထိုင်၍ မှီအုံးများကို) မှီလျက် ရှိကြပေမည်။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٧٧﴾

၅၅ : ၇၇ ။ ။ သို့ပါလျက် (အို၊ 'ဂျင်န်'နှင့် လူသတ္တဝါအပေါင်းတို့) အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

تَبَارَكَ اسْمُ رَبِّكَ ذِي الْجَلَالِ وَالْإِكْرَامِ ﴿٧٨﴾

၅၅ : ၇၈ ။ ။ (အို၊ နဗီတမန်တော်) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော တန်ခိုးတော်ရှင်၊ ကျေးဇူးတော်ရှင်၏ နာမတော်သည် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံလှပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ဤအာယသ်တော်များအတွင်း၌ ဥယျာဉ်နှစ်ခု၏ အကြောင်းတင်ပြချက်ကို وَلِمَنْ خَافَ ဖြင့် အစပြုထားပေသည်။ ထို့ပြင် အခြားဥယျာဉ်နှစ်ခုအကြောင်းတင်ပြချက်ကို وَمِنْ دُوْنِهِمَا ဖြင့် အစပြုထားပေသည်။ ပထမဥယျာဉ်နှစ်ခုမှာ အသျှင်မြတ်နှင့် နီးကပ်သောသူတို့အဖို့ သီးသန့်ဖြစ်ပြီး အနောက်၌ တင်ပြထားသော ဥယျာဉ်နှစ်ခုမှာ အများသူငှာ မုအ်မင်န်တို့အတွက် ဖြစ်ပေသည်။ ထိုသို့ သတ်မှတ် ခွဲဝေပေးခြင်း၏ အထောက်အထားများကို ရှေ့၌ ရေးသားတင်ပြပါမည်။ ဤနေရာ၌ ၎င်း၏ အကျယ်ဖွင့်ဆိုချက်ကိုသာလျှင် ရေးသားဖော်ပြပေမည်။ လွန်လေပြီးသော အာယသ်တော်များအတွင်း၌ တရားခံများပြစ်ဒဏ်ခံရမည့်အကြောင်းများကို တင်ပြထား၏။ ဤနေရာမှစ၍ မွန်မြတ်သူ မုအ်မင်န်များ အကျိုးခံစားရမည့်အကြောင်းများကို စတင် တင်ပြနေပေသည်။) ထို့ပြင် (ဂျန္နသ်သူဂျန္နသ် သားတို့၏ အခြေအနေမှာ အထူးသီးသန့်ပုဂ္ဂိုလ်များနှင့် သာမန်ပုဂ္ဂိုလ်များဟူ၍ နှစ်မျိုးနှစ်စား ရှိပေသည်။ အထူး၊ သီးသန့်ပုဂ္ဂိုလ်များ အမျိုးအစားထဲမှ ဖြစ်သူများမှာ) မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ရှေ့တော်မှောက်၌ မတ်တတ်ရပ် (အစစ်ဆေးခံ) ရန် (အမြဲတစေ) ကြောင့်ကြစိုးရိမ်သောသူ၊ (ကြောက်ရွံ့၍ စိတ်ရိုင်း၏ တပ်မက်တောင်းဆိုမှုများနှင့် ပြစ်မှုဒုစရိုက်များမှ ရှောင်ရှားသောသူများကို ဆိုလိုပေသည်။ ဤဂုဏ်အင်သည် အထူးပုဂ္ဂိုလ်မွန်တို့၏ ဂုဏ်အင်ပင် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် သာမန်ပုဂ္ဂိုလ်တို့သည် တစ်ခါတစ်ရံ အကြောက်တရား ထားရှိကြသည်လည်း ရှိ၏။ တစ်ခါတစ်ရံ ပြစ်မှုဒုစရိုက်ကို 'သောင်ဗာဟ်' ပြုခဲ့လင့်ကစား ပြုမိတတ်သည်လည်း ရှိကြပေသည်။ အချုပ်မှာ အကြင်သူသည် ဤသို့ အတိုင်းအတာထိတိုင် ရှောင်ကြဉ်သောသူ ဖြစ်ပေသည်) ၏အဖို့ ('ဂျန္နသ်'၌) ဥယျာဉ်နှစ်ခုရှိပေမည်။ (ရှောင်ကြဉ်သော သူတိုင်းအဖို့ ဥယျာဉ်နှစ်ခုစီရှိမည်။ ထိုသို့ နှစ်ခု ချီးမြှင့်ခြင်း၏ အမြော်အမြင်တော်မှာ ၎င်းတို့အား ဂုဏ်ပေးရန်နှင့် ချီးမြှင့်ခြင်းကို ဖော်ထုတ်ရန်အတွက် ဖြစ်နိုင်ချေ အလွန်ရှိပေသည်။ ကမ္ဘာလောက၌ စည်းစိမ်ခံ လူကုံတံများထံတွင် ရွှေ့ပြောင်းနိုင်သော ပစ္စည်းဖြစ်စေ၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းဖြစ်စေ များသောအားဖြင့် နှစ်ခု၊ သုံးခု အရေအတွက် များပြားစွာနှင့် ရှိသကဲ့သို့ပင် ဖြစ်သည်။

သို့ပါလျက် (အို,ဂျင်န်နှင့် လူသတ္တဝါအပေါင်းတို့၊ 'နေ့အ်မသ်' စည်းစိမ်တော်များ ဤမျှခန့် များပြားကြီးကျယ်စွာ တည်ရှိနေပါလျက်နှင့်) အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

(ယင်းဥယျာဉ်နှစ်ခုၡ စိမ်းစိုသော) အကိုင်းအလက်များ ပေါများဝေဆာလျက် ရှိကြပေသည်။ (ဤမိန့်မြွက်ချက်၌ 'အရိပ်များထူထပ်၍ သစ်သီးဝလံများ များပြားစွာ ရှိမည်ဖြစ်ခြင်း' ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားပေသည်။)

သို့ပါလျက် (အို,ဂျင်န်နှင့် လူသတ္တဝါအပေါင်းတို့၊ 'နေ့အ်မသ်' စည်းစိမ်တော်များ ဤမျှခန့် များပြားကြီးကျယ်စွာ တည်ရှိနေပါလျက်နှင့်) အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

ယင်းဥယျာဉ်နှစ်ခုစလုံး၌ စမ်းချောင်းနှစ်သွယ်သည် (အလွန်ရှည်လျား၍) စီးတွေလျက် ရှိကြပေမည်။

သို့ပါလျက် (အို,ဂျင်န်နှင့် လူသတ္တဝါအပေါင်းတို့၊ 'နေ့အ်မသ်' စည်းစိမ်တော်များ ဤမျှခန့် များပြားကြီးကျယ်စွာ တည်ရှိနေပါလျက်နှင့်) အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

ယင်းဥယျာဉ်နှစ်ခုစလုံးတွင် သစ်သီးတိုင်းသည် နှစ်မျိုးနှစ်စား ရှိကြပေသည်။ (ဤသို့ ရှိခြင်း၌ ပို၍ အရသာရှိ ခံစားရပေမည်။ တစ်ခါတစ်ရံ အရသာတစ်မျိုး ရရှိခံစားပြီး၊ တစ်ခါတစ်ရံ နောက်အရသာတစ်မျိုး ရရှိခံစားနိုင်၏။)

သို့ပါလျက် (အို,ဂျင်န်နှင့် လူသတ္တဝါအပေါင်းတို့၊ 'နေ့အ်မသ်' စည်းစိမ်တော်များ ဤမျှခန့် များပြားကြီးကျယ်စွာ တည်ရှိနေပါလျက်နှင့်) အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

(၎င်းတို့သည်) ရွှေချည်များဖြင့် ပန်းထိုးထားသော ပိုးဖဲအတွင်းခံထားသည့် (မွေ့ရာ) အခင်းအကျင်းများအပေါ်၌ (မှီအုံးများကို) မှီလျက် ထိုင်နေကြပေမည်။ (အပေါ်ယံ အသား (အခင်း၊ အစွပ်) သည် အတွင်းခံ အသားထက် နှိုင်းယှဉ်လျှင် သာပို၍ ကောင်းရမည်ဖြစ်ခြင်းမှာ အားလုံး လက်ခံထားသော နိယာမတရားပင် ဖြစ်ပေသည်။ သို့ရှိရာ အတွင်းခံအသားသည် ပိုးဖဲဖြစ်လျှင်မူ အပေါ်ယံအသားသည် အဘယ်မျှ ရှိမည်နည်း။) ထို့ပြင် ၎င်းဥယျာဉ်နှစ်ခုစလုံး၏ အသီးများမှာလည်း (၎င်းတို့နှင့်) နီးကပ်စွာပင် ရှိကြပေမည်။ (ရပ်လျက်၊ ထိုင်လျက်၊ လှဲလျက်၊ အခြေအနေအမျိုးမျိုး၌ အခက်အခဲ မရှိ၊ လက်ဖြင့်ခူး၍ ရနိုင်ပေမည်။)

သို့ပါလျက် (အို, ဂျင်န်နှင့် လူသတ္တဝါအပေါင်းတို့၊ 'နေ့အ်မသ်' စည်းစိမ်တော်များ ဤမျှခန့် များပြားကြီးကျယ်စွာ တည်ရှိနေပါလျက်နှင့်) အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

ယင်း (ဥယျာဉ်ရှိ စံအိမ်များနှင့် အဆောက်အဦး) တို့တွင် မျက်စိကို အောက်သို့ နှိမ့်ချထားသော ('ဟူးရ်') မိန်းမပျိုများလည်း ရှိကြမည်။ ၎င်း (ဂျန္နသ်သီ) တို့အလျင် မည်သည့်လူသား တစ်ဦးတစ်ယောက်မျှလည်း ထိတွေ့ခဲ့ဘူးသည် မရှိချေ။ မည်သည့်ဂျင်န်တစ်ဦးတစ်ယောက်မျှလည်း ထိတွေ့ခဲ့ဘူးသည်လည်း မရှိချေ။ (ပကတိမူလ ကာအိန္ဒြေအတိုင်း၊ ချွတ်ယွင်းမှုကင်းစွာဖြင့် ထိန်းသိမ်းစောင့်ရှောက်ထားခြင်း ခံရသော (ဟူရ်) မိန်းမပျိုများ ဖြစ်သည်။)

သို့ပါလျက် (အို့ဂျင်န်နှင့် လူသတ္တဝါအပေါင်းတို့၊ 'နေ့အ်မသ်'စည်းစိမ်တော်များ ဤမျှခန့် များပြားကြီးကျယ်စွာ တည်ရှိနေပါလျက်နှင့်) အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

(အသားအရေ၊ အရောင်အဆင်းသည် ဤမျှခန့် ကြည်လင်တောက်ပနေမည်။) ထိုမိန်းမပျိုတို့သည် ပတ္တမြားကဲ့သို့လည်းကောင်း၊ သန္တာကျောက်နီကဲ့သို့လည်းကောင်း (လှပစွာ) ရှိကြပေမည်။ (အနီရောင်အသားအရေရှိခြင်း၌ ပုံဆောင်ခိုင်းနှိုင်း တင်ပြခြင်းလည်း ဖြစ်နိုင်ပေသည်။ ရတနာနှစ်ခုဖြင့် ပုံဆောင်ခိုင်းနှိုင်းထားခြင်းမှာ အထူး ဖန်ဆင်းထားခြင်းကို တင်ပြရန်အတွက်ဖြစ်ကြောင်း အလွန် ဖြစ်နိုင်ချေရှိသည်။

သို့ပါလျက် (အို့ဂျင်န်နှင့် လူသတ္တဝါအပေါင်းတို့၊ 'နေ့အ်မသ်'စည်းစိမ်တော်များ ဤမျှခန့် များပြားကြီးကျယ်စွာ တည်ရှိနေပါလျက်နှင့်) အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

(ရှေ့၌ တင်ပြမည့် စာစဉ်အကြောင်းအရာသည် တင်ပြခဲ့သော စာစဉ်အကြောင်းအရာအား လေးနက်စေရန်နှင့် နောက်တစ်ဖန် ကျော့ကာ တင်ပြထားခြင်း ဖြစ်ပေသည်။) အမိန့်တော်ကို ကြည်ညိုလေးမြတ်စွာ နာခံခြင်း၏ အကျိုးသည် ကျေးဇူးပြုတော်မူခြင်းမှအပ အခြားမရှိပြီ။ (၎င်းတို့သည် အမိန့်တော်ကို ကြည်ညိုလေးမြတ်စွာ နာခံခဲ့ခြင်းအတွက်ကြောင့် အလွန် ပြည့်ဝစွာ အကျိုးအစားပေးခြင်းဖြင့် ကျေးဇူးပြုတော်မူခြင်းကို ခံခဲ့ကြရပေသည်ဟူ၏။)

သို့ပါလျက် (အို့ဂျင်န်နှင့် လူသတ္တဝါအပေါင်းတို့၊ 'နေ့အ်မသ်'စည်းစိမ်တော်များ ဤမျှခန့် များပြားကြီးကျယ်စွာ တည်ရှိနေပါလျက်နှင့်) အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။ (ဤသည် သီးသန့်ပုဂ္ဂိုလ်များအား ချီးမြှင့်တော်မူမည်ဖြစ်သော ဥယျာဉ်များ၏ ဂုဏ်ထူးဝိသေသအချက်ပင် ဖြစ်ပေသည်။ ရှေ့၌ သာမန်မုအ်မင်န်တို့အား ချီးမြှင့်တော်မူမည်ဖြစ်သော ဥယျာဉ်များ၏ အကြောင်းကို တင်ပြထားပေသည်။)

ထို့ပြင် ယင်း (အထက်တင်ပြပါ) ဥယျာဉ်နှစ်ခုထက် အဆင့်အတန်းနိမ့်သော ဥယျာဉ်နှစ်ခု (လည်း) ရှိသေး၏။ (ယင်းဥယျာဉ်များသည် မုအ်မင်န်တို့အတွက် ဖြစ်ပေသည်။ တစ်ဦးချင်းစီကို ဥယျာဉ်နှစ်ခုကျစီ ရရှိမည် ဖြစ်ပေသည်။)

သို့ပါလျက် (အို,ဂျင်န်နှင့် လူသတ္တဝါအပေါင်းတို့၊ 'နေ့အ်မသ်'စည်းစိမ်တော်များ ဤမျှခန့် များပြားကြီးကျယ်စွာ တည်ရှိနေပါလျက်နှင့်) အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

(ရှေ့၌ ယင်းဥယျာဉ်တော်များ၏ ဂုဏ်အရည်အချင်းကို တင်ပြထားပေသည်။) ယင်း (ဥယျာဉ်) နှစ်ခုစလုံးသည် အစိမ်းရင့်ကျောက်မီးသွေးနှရောင် ဖြစ်ကြ၏။

သို့ပါလျက် (အို,ဂျင်န်နှင့် လူသတ္တဝါအပေါင်းတို့၊ 'နေ့အ်မသ်'စည်းစိမ်တော်များ ဤမျှခန့် များပြားကြီးကျယ်စွာ တည်ရှိနေပါလျက်နှင့်) အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

ယင်းဥယျာဉ်နှစ်ခု၌ (ရေများ) ပန်းထွက်လျက်ရှိသော စမ်းချောင်းနှစ်ခုသည် ရှိကြပေမည်။

သို့ပါလျက် (အို,ဂျင်န်နှင့် လူသတ္တဝါအပေါင်းတို့၊ 'နေ့အ်မသ်'စည်းစိမ်တော်များ ဤမျှခန့် များပြားကြီးကျယ်စွာ တည်ရှိနေပါလျက်နှင့်) အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။ (ပန်းထွက်လျက်ရှိခြင်းသည် စမ်းချောင်းတိုင်း၌ ရှိကို ရှိသော အချက်များထဲမှ အချက်တစ်ရပ် ဖြစ်ပေသည်။ အထက် (သီးသန့် အထူးပုဂ္ဂိုလ်မွန်များ၏ အကြောင်း) ၌ တင်ပြခဲ့သော စမ်းချောင်းများ၌လည်း ဤအချင်းအရာသည် ဒွန်တွဲပါဝင် ရှိနေပေသည်။ ထိုစမ်းချောင်းများ၌ تَجْرِيٰنِ (စီးတွေလျက် ရှိကြပေမည်) ဟူသော အချင်းအရာကိုလည်း တင်ပြထားပေသည်။ ဤနေရာ၌ ၄င်းအချင်းအရာကို မတင်ပြထားပေ။ သို့ရှိရာ ဤသည် ယခု တင်ပြလျက်ရှိနေသော စမ်းချောင်းများ၏ စီးတွေခြင်း အချင်းအရာသည် ပထမစမ်းချောင်းနှစ်ချောင်းထက် နည်းပါးလျက် ရှိနေကြောင်းနှင့် ဤဥယျာဉ်များသည် ထိုဥယျာဉ်များထက် သေးငယ်သည်ဟူသော အချက်အပေါ် ရည်ညွှန်းသော အကြောင်းအချက် ဖြစ်နေပေသည်။)

ယင်းဥယျာဉ်နှစ်ခု၌ သစ်သီးဝလံများသည်လည်းကောင်း၊ စွန်ပလွံပင်များသည်လည်းကောင်း၊ သလဲသီးများသည်လည်းကောင်း ရှိကြပေမည်။

သို့ပါလျက် (အို,ဂျင်န်နှင့် လူသတ္တဝါအပေါင်းတို့၊ 'နေ့အ်မသ်'စည်းစိမ်တော်များ ဤမျှခန့် များပြားကြီးကျယ်စွာ တည်ရှိနေပါလျက်နှင့်) အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။ (ဤနေရာ၌ ခြုံငုံလှစွာသော သဘောမျိုးဖြင့် 'သစ်သီးဝလံများ'ဟူ၍ မိန့်ခြွေထားခြင်း၊ တစ်ဖန် ၄င်းသစ်သီးဝလံများသည် မည်သည့်သစ်သီးဝလံများနည်းသော အချက်ကို အကျယ်ချဲ့ တင်ပြမိန့်မြွက်ရာ၌ 'စွန်ပလွံပင်၊ သလဲပင်' ဟူသော အမျိုးအစားကိုသာလျှင် တင်ပြမိန့်ခြွေထားခြင်းနှင့် အရှေ့၌ အထူးပုဂ္ဂိုလ်မွန်တို့၏ အကြောင်း၌ တင်ပြခဲ့ပြီးဖြစ်သော ဥယျာဉ်နှစ်ခုနှင့် စပ်လျဉ်း၍ كُلِّ (အားလုံး) ဟူသော စကားလုံးမှ အမျိုးမျိုးသော သစ်သီးဝလံများ ရရှိမည့်အကြောင်းကို ရှင်းလင်းစွာ မိန့်မြွက်ထား၍ တစ်ဖန် زَوْجَانِ (နှစ်မျိုးနှစ်မျိုးစီ)

ဟူသော စကားလုံးမှ အရသာအမျိုးမျိုးရှိမည်ဖြစ်ကြောင်းကို မိန့်ထားပေသည်။ ယင်းကဲ့သို့ တင်ပြထားခြင်းအားဖြင့် သစ်သီးဝလံများ ပေါများကြွယ်ဝစွာ တည်ရှိကြောင်းကို သိရှိရပေသည်။ ဤအထက်တင်ပြပါ အရာများအားလုံးသည် ပထမတင်ပြထားသော ဥယျာဉ်နှစ်ခုသည် ဒုတိယတင်ပြထားသော ဥယျာဉ်နှစ်ခု ထက် သာပိုမွန်မြတ်ကြောင်းကို ရည်ညွှန်းသော အကြောင်းအချက်များ ဖြစ်ပေသည်။

ထို (ဥယျာဉ်များနှင့် ဥယျာဉ်များရှိ အဆောက်အဦး) တို့တွင် အကျင့်စာရိတ္တအားဖြင့် မွန်မြတ်၍ ရုပ်ရည်လှပတင့်တယ်သော (‘ဟူရ်’ကညာ) မိန်းမပျိုများ (လည်း) ရှိကြပေမည်။

သို့ပါလျက် (အို့ဂျင်န်နှင့် လူသတ္တဝါအပေါင်းတို့၊ ‘နေ့အ်မသ်’စည်းစိမ်တော်များ ဤမျှခန့် များပြားကြီးကျယ်စွာ တည်ရှိနေပါလျက်နှင့်) အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

လွန်စွာ ဖြူ၍ လှပသော မဏ္ဍပ်ကနားဖျဉ်း (ယာယီအဆောက်အဦး) များတွင် ထိန်းသိမ်းစောင့်ရှောက်ထားခြင်း ခံကြရသော မိန်းမပျိုများသည် ရှိကြပေမည်။

သို့ပါလျက် (အို့ဂျင်န်နှင့် လူသတ္တဝါအပေါင်းတို့၊ ‘နေ့အ်မသ်’စည်းစိမ်တော်များ ဤမျှခန့် များပြားကြီးကျယ်စွာ တည်ရှိနေပါလျက်နှင့်) အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။

၎င်းတို့အလျင် ထိုမိန်းမပျိုတို့အား မည်သည့်လူသား တစ်ဦးတစ်ယောက်ကမျှလည်းကောင်း၊ မည်သည့် ‘ဂျင်န်’တစ်ဦးတစ်ယောက်မျှလည်းကောင်း ထိတွေ့ခဲ့ဖူးသည် မရှိပြီ။ (ပကတိမူလ ကာအိန္ဒြေအတိုင်း၊ ချွတ်ယွင်းမှုကင်းစွာဖြင့် ထိန်းသိမ်းစောင့်ရှောက် ခံထားရခြင်းမရှိသော သူပျိုမများ မဟုတ်ပေ။)

(သို့ပါလျက် (အို့ဂျင်န်နှင့် လူသတ္တဝါအပေါင်းတို့၊ ‘နေ့အ်မသ်’စည်းစိမ်တော်များ ဤမျှခန့် များပြားကြီးကျယ်စွာ တည်ရှိနေပါလျက်နှင့်) အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။)

(အထက်၌ အထူးပုဂ္ဂိုလ်မွန်တို့၏ အကြောင်း၌ တင်ပြခဲ့သော အာယသ်တော်တွင် တင်းစား၍ ပတ္တမြား၊ ကျောက်နီတို့ဖြင့် ခိုင်းနှိုင်းဖော်ပြထားခြင်းနှင့် ဤနေရာ၌ حسان (လှပသော သူပျိုမများ) ဟူသော စကားလုံးကိုသာလျှင် အမိန့်ရှိထားခြင်းသည် ပထမဥယျာဉ်နှစ်ခုသည် ဒုတိယဥယျာဉ်နှစ်ခုထက် သာပို မွန်မြတ်ကြောင်း’ ကို ပြဆို ရည်ညွှန်းသော အကြောင်းအချက်များ ဖြစ်ပေသည်။ ဤတင်ပြပါ ဥယျာဉ်နှစ်ခုနှင့် စပ်လျဉ်း၍ တင်ပြထားသော ဂုဏ်အင် အချင်းအရာများအားလုံးသည် အထက်၌ အထူးပုဂ္ဂိုလ်မွန်တို့နှင့် စပ်လျဉ်း၍ တင်ပြထားသော ဥယျာဉ်နှစ်ခုစလုံး၌ ရှင်းလင်းစွာဖြင့်လည်းကောင်း၊ (သို့မဟုတ်) အရိပ်အမြွက်ဖြင့်လည်းကောင်း တည်ရှိ ပြီး ဖြစ်ထားပေသည်။ ဥပမာ- မွန်ရည်သော စာရိတ္တ ပိုင်ရှင်များဖြစ်ကြောင်းကို قٰصِرٰتُ الطَّرْفِ (မျက်စိကို အောက်သို့ နှိမ့်ချထားသော မိန်းမပျိုများလည်း

ရှိကြမည်) မှ ၎င်းအလိုသဘောကို ကောက်ယူ၍ ရရှိကာ 'ဟူရ်' ကညာများ ရှိမည်ဖြစ်ကြောင်းကို စာစဉ်တင်ပြမှုအရာဖြင့် သိရှိရသည်။

مَقْصُوْرَاتٌ (မက္ဆူရာတ်၊ ကနားဖျဉ်း၊ (ယာယီအဆောက်အဦး) များတွင် ထိန်းသိမ်းစောင့်ရှောက်ထားခြင်း ခံကြရသူမများ) တွင် ပါရှိသော အရှက်အိန္ဒြေရှိထက် သာပိုများပြားစွာ အရှက်အိန္ဒြေရှိကြောင်းကို قٰصِرَاتُ الطَّرْفِ ဟူသော အာယသ်တော်၏ စကားလုံးတော်များမှ ညွှန်ပြလျက် ရှိ၍နေပေသည်။ အဘယ်ကြောင့်ဆိုသော် အရှက်အိန္ဒြေရှိသော သူမများသည် မုချ အိမ်များအတွင်း၌သာ နေထိုင်သော သူမများသာလျှင် ဖြစ်သည် ဟူ၍ပင်တည်း။)

(၎င်းတို့သည်) အစိမ်းရောင်ကော်ဇောများအပေါ်၌လည်းကောင်း၊ လွန်စွာ အံ့ဖွယ်ကောင်းသော အခင်းအကျင်းများပေါ်၌လည်းကောင်း (ထိုင်၍ မှီအုံးများကို) မှီလျက် ရှိကြပေမည်။

သို့ပါလျက် (အို၊ဂျင်န်နှင့် လူသတ္တဝါအပေါင်းတို့၊ 'နေအ်မသ်' စည်းစိမ်တော်များ ဤမျှခန့် များပြားကြီးကျယ်စွာ တည်ရှိနေပါလျက်နှင့်) အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြကုန်သနည်း။ (ထိုအာယသ်တော်အား သေချာကျနစွာ ကြည့်ရှုလေ့လာခြင်းဖြင့် 'ဤဥယျာဉ်နှစ်ခုစလုံး၌ ရှိသော အခင်းအကျင်းများသည် အထက်၌ အထူးပုဂ္ဂိုလ်မွန်တို့နှင့် စပ်လျဉ်း၍ တင်ပြထားပြီးဖြစ်သော အခင်းအကျင်းများနှင့် နှိုင်းယှဉ်လျှင် အဆင့်နိမ့်ကြောင်း' ကို သိရှိရပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုအထက်ဖော်ပြပါ ဥယျာဉ်နှစ်ခုအတွင်း၌ ရှိမည့် မွေ့ယာအခင်းအကျင်းမှာ 'ပိုးထည်' သားများနှင့် ရှိမည်ဖြစ်ကြောင်း၊ တစ်ဖန် နှစ်ထပ်ဖြစ်ကြောင်းကိုလည်း ရှင်းလင်းစွာ အမိန့်ရှိထားပေသည်။ ဤအောက်ဖော်ပြပါ ဥယျာဉ်နှစ်ခု၌မူ ဤသို့တင်ပြထားခြင်း မရှိပေ။ အရှေ့တွင် အလ္လာဟ်အသျှင်မြတ်အား ချီးမွမ်းထောပနာပြုကာ အဆုံးသတ်ထားပေသည်။ ယင်းချီးမွမ်းခန်းအတွင်းတွင် စူရာဟ်ရဟ်မာန်၌ အကျယ်တဝင့် တင်ပြထားသော အချက်များအား အကျဉ်းပြု၊ လေးနက်စေခြင်း ပါရှိပေသည်။)

(အို၊ နဗီတမန်တော်) အသင့်အား မွေးမြူဖန်ဆင်းတော်မူသော တန်ခိုးတော်ရှင်၊ ကျေးဇူးတော်ရှင်၏ နာမတော်သည် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံလှပေသည်။ (နာမတော်၏ အလိုသဘောသည် ဇာတိတော်နှင့် ကင်းကွာခြင်းမရှိသော ဂုဏ်တော်များသာလျှင် ဖြစ်ပေသည်။ သို့ရှိရာ ဝါကျတော်၏ အချုပ်သဘောတရား ရလဒ်မှာ ပြည့်ဝစုံလင်လှစွာသော ဇာတိတော်နှင့် ဂုဏ်တော်များနှင့်အတူ ချီးမွမ်းထောပနာပြုပြီး ဖြစ်ကြောင်းဟူ၍ပင် ဖြစ်ပေသည်။ اسم ဟူသော စကားလုံးကို သာပို၍ ထည့်ထားရခြင်းအကြောင်းမှာ 'နာမတော်နှင့် လိုက်ဖက်တော်မူသော အသျှင်မြတ်သည် အဘယ်မျှခန့် ပြည့်စုံကာ မင်္ဂလာတရားရှိသော အသျှင်မြတ်ဖြစ်သည်ဆိုလျှင် ထိုအသျှင်မြတ်၏ အမည်နာမတော်များသည်ပင် မင်္ဂလာတရားနှင့် ပြည့်စုံ၍ ပြီးပြည့်စုံတော်မူသော နာမတော်များဖြစ်ကြောင်းကို အတိသယဝုတ္တိအလင်္ကာ မြောက်စေရန်အတွက်ဖြစ်ကြောင်း' ဟူ၍ပင် ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် စမ္ဗသတ်များ

လွန်လေပြီးသော အာယသ်တော်များအတွင်း၌ တရားခံများကို ပြင်းထန်လှစွာသော ပြစ်ဒဏ်များဖြင့် ဒဏ်ခတ်မည့် အကြောင်းများကို တင်ပြခဲ့သည်။ ယခု အာယသ်တော်များအတွင်း၌ ၄င်းတို့နှင့် ဆန့်ကျင်ဘက် မုအ်မင်န်သူမွန်သူမြတ်များကို အကျိုးအစားများနှင့် စည်းစိမ်တော်များ ချီးမြှင့်မည့်အကြောင်းကို တင်ပြထားပေသည်။ ၄င်းအကြောင်းအရာကို တင်ပြရာ၌ 'ဂျန္နသ်'သူ၊ 'ဂျန္နသ်'သားတို့၏ ပထမဥယျာဉ်နှစ်ခုအကြောင်းနှင့် ထိုဥယျာဉ်နှစ်ခုအတွင်းရှိ စည်းစိမ်တော်များအကြောင်း၊ ထို့နောက် ဒုတိယဥယျာဉ်နှစ်ခုနှင့် ၄င်းဥယျာဉ်နှစ်ခုအတွင်း၌ အသင့်စီမံထားသော စည်းစိမ်တော်များအကြောင်းကို တင်ပြထားပေသည်။

ပထမဥယျာဉ်နှစ်ခုကို ချီးမြှင့်မည်ဖြစ်သော သီးသန့် သူထူးသူမြတ်တို့ကို لِمَنْ خَافَ مَقَامَ رَبِّهٖ (ထို့ပြင် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအသျှင်မြတ်၏ ရှေ့တော်မှောက်၌ မတ်တတ်ရပ် (အစစ်ဆေးခံရန်) ကြောင့်ကြစိုးရိမ်သောသူ) ဟူသော ဂုဏ်အင်ရှိသူများဟူ၍ သတ်သတ်မှတ်မှတ် တင်ပြထားပေသည်။ ဆိုလိုသည်မှာ ယင်းဥယျာဉ်နှစ်ခုနှင့် ထိုက်တန်သော သူတို့သည် အချိန်တိုင်း၊ အခြေအနေတိုင်း၌ အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်ဝယ် 'ကေယာမသ်'နေ့၌ စာရင်းအင်း စစ်ဆေးခြင်းခံရမည်ကို ကြောက်ရွံ့လျက် ရှိနေသူများ၊ ထိုသို့ ကြောက်ရွံ့နေခြင်း၏ အကျိုးဆက်တရားကြောင့် မည်သည့် ပြစ်မှုဒုစရိုက်၏ အနီးအပါးသို့ပင် မသွားရောက်ကြသူများပင် ဖြစ်ပေသည်။ ဤသို့သောသူများသည် ဂျန္နသ်သုခဘုံသို့ ကနဦးဆုံး ဝင်ရောက်ရမည့်သူများနှင့် သီးသန့်နီးကပ်မှု ရရှိသောသူများ ဖြစ်ကြောင်းမှာ ထင်ရှားလှပေသည်။

ဒုတိယဥယျာဉ်နှစ်ခုနှင့် ထိုက်တန်သောသူများမှာ မည်သူနည်း။ ထိုအချက်နှင့်စပ်လျဉ်းသော ရှင်းလင်းချက်ကို တင်ပြလျက်ရှိနေသော အာယသ်တော်များအတွင်း၌ မဖော်ပြထားပေ။ သို့ရာတွင် ဥယျာဉ်နှစ်ခုသည် ပထမဥယျာဉ်နှစ်ခုနှင့် နှိုင်းယှဉ်လျှင် အဆင့်အတန်းနိမ့်ကြောင်းကို

وَمِنْ دُوْنِهِمَا جَنَّتٰنِ

(ထို့ပြင် ယင်းဥယျာဉ်နှစ်ခုအပြင်လည်း ဥယျာဉ်နှစ်ခု ရှိသေး၏။) *[၅၅ : ၆၂]*

ဟူသော အာယသ်တော်ဖြင့် တင်ပြထားပေသည်။ ဆိုလိုသည်မှာ 'ပထမဥယျာဉ်နှစ်ခုထက် အဆင့်အတန်းနိမ့်သော အခြားသော ဥယျာဉ်နှစ်ခု ရှိနေပေသည်' ဟူ၏။ 'ထိုဥယျာဉ်နှစ်ခုနှင့် ထိုက်တန်သောသူတို့သည် **مقربين** (အလ္လာဟ်အသျှင်မြတ်နှင့် အထူးနီးကပ်မှု ရရှိထားသော သူတို့) ထက် အဆင့်အတန်းနိမ့်သော အများသာမန် မုအ်မင်န်တို့သည်သာ ဖြစ်ကြောင်း'ကို သိရှိရပေသည်။

ပထမဥယျာဉ်နှစ်ခုနှင့် ဒုတိယဥယျာဉ်နှစ်ခုတို့အား အကျယ်ဖွင့်ဆိုရာ၌ အကျယ်ဖွင့်ဆိုသော ပညာရှင်များသည် အခြားသော တင်ပြချက်များကိုလည်း တင်ပြ မိန့်ဆိုထားပေသည်။ ဤနေရာ၌ ရွေးချယ်

တင်ပြပေးထားသော 'ပထမဥယျာဉ်နှစ်ခုမှာ سابقين اوّلين ('ဂျန္နသ်'သုခဘုံသို့ ကနဦးဆုံး ဝင်ရောက်ရမည့်သူများနှင့် အလ္လာဟ်အသျှင်မြတ်နှင့် အထူးနီးကပ်မှု ရရှိထားသူတို့အဖို့သာ သီးသန့်ဖြစ်ကြောင်း၊ ဒုတိယဥယျာဉ်နှစ်ခုမှာ အများ၊ သာမန် မုအ်မင်န်တို့ အဖို့ဖြစ်ကြောင်း၊ ထို့ပြင် ဤဒုတိယဥယျာဉ်နှစ်ခုသည် ပထမဥယျာဉ်နှစ်ခုထက် အဆင့်အတန်းအရာ၌ နိမ့်ကြောင်း' ဟူသော အကျယ်ဖွင့်ဆို တင်ပြချက်တို့မှာ ဟဒီးစ်တော်၏ ဆင့်ပြန်ချက်များဖြင့်လည်း သိရှိရပေသည်။ ပမာတင်ပြရမည်ဆိုသော် ဗယာနုလ်ကုရ်အာန်ကျမ်းအတွင်း၌ ဒုရ်ရေမန်စူးရ်ကျမ်း၏ အညွှန်းဖြင့် ဤမရ်ဖူးအ်ဟဒီးစ် (ဆင့်ပြန်သူများ၏ ဆင့်ကဲဇယားပြတ်တောက်မှုမရှိဘဲ တမန်တော်မြတ် ﷺ ထံတော်မှ တိုက်ရိုက် ဆင့်ပြန်လာရှိထားသော ဟဒီးစ်ဆင့်ပြန်ချက်)ကို ဆင့်ပြန်ထားပေသည်။ တမန်တော်မြတ် ﷺ သည်

وَمِن دُونِهِمَا جَنَّتَانِ နှင့် لِمَنْ خَافَ مَقَامَ رَبِّهِ جَنَّتَانِ

ဟူသော အာယသ်တော်နှစ်ပါးကို အကျယ်ဖွင့်ဆိုတင်ပြရာ၌

جَنَّتَانِ مِنْ ذَهَبٍ لِلْمُقَرَّبِينَ وَجَنَّتَانِ من ورقٍ لِأَصْحَابِ الْيَمِينِ

(ဆိုလိုသည်မှာ ရွှေဖြင့် ပြုလုပ်ထားသော ဥယျာဉ်နှစ်ခုမှာ အလ္လာဟ်အသျှင်မြတ်နှင့် အထူးနီးကပ်မှုရရှိထားသူတို့အဖို့ ဖြစ်ပြီး ငွေဖြင့် ပြုလုပ်ထားသော ဥယျာဉ်နှစ်ခုမှာ အခြားသော အများမွန်ရည်သော မုအ်မင်န်တို့အဖို့ ဖြစ်ပေသည်) ဟူ၍ အမိန့်ရှိထားသည်။ ထို့ပြင် ဒုရ်ရေမန်စူရ်ကျမ်း၌ ဟဇရသ်ဗရားအ်အိဗ်နေ့အာဇိဗ် ﷺ သခင်ကြီးထံမှ ဤအောက်ဖော်ပြပါ 'မောင်ကူးဖ်' (ဆွဟာဗာကြီး၏ မိမိဘက်မှ တင်ပြသော တင်ပြချက်) ဆင့်ပြန်ချက်ကိုလည်း ဆင့်ဆိုထားပေသည်။

اَلْعَيْنَانِ الَّتِى تَجْرِ يَانِ خَيْرٌ مِّنَ النَّضَّاخَتَنِ

ဆိုလိုသည်မှာ (စီးတွေလျက်ရှိနေသည်ဟူ၍ မိန့်ဆိုထားသောဥယျာဉ်များနှစ်ခုသည် اَلنَّضَّاخَتَنِ (ပန်းထွက်လျက်ရှိနေသော) ဟူ၍ မိန့်ဆိုထားသော ဥယျာဉ်နှစ်ခုထက် သာပို၍ ကောင်းမွန်ပေသည်။) အဘယ်ကြောင့်ဆိုသော် نَضَّاخَتَنِ ၏ အဓိပ္ပာယ်မှာ 'ပန်းထွက်လျက်ရှိနေသော စမ်းချောင်းများ' ဟူ၍ အဓိပ္ပာယ်ရရှိ၏။ ဤဂုဏ်အရည်အချင်းသည် စမ်းချောင်းတိုင်း၌ ရှိနေပေသည်။ သို့ရာတွင် تَجْرِيَانِ ဟူသော စာစဉ်အရာဖြင့် တင်ပြထားသော စမ်းချောင်းနှစ်ခု၌ ပန်းထွက်ခြင်းဟူသော အချက်နှင့်အတူ အလှမ်းအလွန်ဝေးကွာလှစွာသော အရပ်ဒေသထိတိုင် စီးတွေနေသည်ဟူသော ဂုဏ်အင်အရည်အချင်းသည် သာပိုကာ ပါရှိနေပေသည်။

ဤသည် အကျဉ်းချုပ်တင်ပြချက် ဖြစ်ပေသည်။ 'ဂျန္နသ်'သု 'ဂျန္နသ်'သားများ ရရှိမည်ဖြစ်သော စမ်းချောင်း (၄) ချောင်းနှင့် စပ်လျဉ်း၍ ယခုအာယသ်တော်များ၏ စကားလုံးတော်များနှင့်အတူ ၄င်းတို့၏ အဓိပ္ပာယ်များကို လေ့လာကြည့်ရှုပါစို့။

وَلِمَنْ خَافَ مَقَامَ رَبِّهِ

(ထို့ပြင် မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ရှေ့တော်မှောက်၌ မတ်တတ်ရပ် အစစ်ဆေးခံရန် ကြောင့်ကြစိုးရိမ်သောသူ၏အဖို့။) [၅၅ : ၄၆]

مقام ربه (မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ရှေ့တော်မှောက်၌) ဟူသော စကားလုံးတော်၏ အလိုသဘောမှာ များစွာသော အကျယ်ဖွင့်ပညာရှင်များ၏ထံ၌ 'ကေယာမသ်နေ့၌ အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်ဝယ် စာရင်းအင်းစစ်ဆေးခြင်းခံရန်အတွက် အခစားတော်သို့ ဝင်ရောက်ရခြင်းဖြစ်ပေသည်' ဟူ၍ပင် ဖြစ်သည်။ ထိုနေ့အား ကြောက်ရွံ့စိုးရိမ်ခြင်း၏ အဓိပ္ပာယ်မှာ 'အများပရိသတ်ရှေ့မှောက်၊ အသိုင်းအဝိုင်း၌ ရှိနေချိန်၌သော်လည်းကောင်း၊ တစ်ကိုယ်ရည်တစ်ကာယတည်း ရှိနေချိန်၌လည်းကောင်း၊ အတွင်းအပြင်ဆိုင်ရာ အခြေအနေအလုံးစုံတို့နှင့် စပ်လျဉ်း၍ 'ကျွန်ုပ်တို့သည် တစ်နေ့ အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်သို့ အခစားတော် ဝင်ရောက်ရကာ ကျင့်ကြံဆောင်ရွက်ချက်များအား စာရင်းအင်း ပေးအပ်ရမည်' ဟူသော မျက်မှောက်ပြု စဉ်းစားမှု အစဉ်အမြဲ ရှိနေခြင်းကို ဆိုလိုပေသည်။ 'ဤသို့သော မျက်မှောက်ပြု စဉ်းစားမှု အစဉ်အမြဲ ရှိနေသောသူသည် ပြစ်မှုဒုစရိုက်၏ အပါးသို့ပင် ချဉ်းကပ်ဝံ့မည် မဟုတ်ကြောင်းမှာ ထင်ရှားလှပေသည်။

ကုရ်သုဗီး (ရဟ) အစရှိသော အကျယ်ဖွင့် ပညာရှင်ကြီးများသည် **مقام ربه** ဟူသော စကားလုံးကို အကျယ်ဖွင့်ဆို တင်ပြရာ၌ 'အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့၏ ပြောဆိုလှုပ်ရှားမှုတိုင်း၊ ကွယ်ဝှက်စွာ ပြုလုပ်သော အလုပ်တိုင်းနှင့် ထင်ရှားစွာ ပြုလုပ်သော အလုပ်တိုင်းတို့ကို စောင့်ကြပ်ကြည့်ရှုလျက် ရှိနေပေသည်။ ကျွန်ုပ်တို့၏ လှုပ်ရှားမှုအလုံးစုံသည် ထိုအသျှင်မြတ်၏ ရှေ့တော်မှောက်၌ အသင့် ရှိနေပေသည်' ဟူ၍ အမိန့်ရှိထားကြပေသည်။

၎င်း၏ အချုပ်သဘောရလဒ်မှာလည်း အထက်ဖော်ပြပါအတိုင်းပင် 'အလ္လာဟ်အသျှင်မြတ်အား ဤသို့ အာရုံစူးစိုက် မျက်မှောက်ပြုကာ စဉ်းစားမှုပြုခြင်းသည် ၎င်းအား ပြစ်မှုဒုစရိုက်တို့မှ ရှောင်ရှားစေလိမ့်မည်' ဟူ၍ ဖြစ်သည်။

ذَوَاتَا أَفْنَانٍ (ယင်းဉယျာဉ်နှစ်ခု၌ စိမ်းစိုသော အကိုင်းအလက်များ ပေါများဝေဆာလျက် ရှိကြပေမည်။) ဤသည်မှာ ပထမဉယျာဉ်နှစ်ခု၏ နာမဝိသေသနပြပုဒ်ပင် ဖြစ်ပေသည်။ ၎င်းအကိုင်းအလက်များ ပေါများဝေဆာခြင်း၏ မုချဖြစ်ရမည်ဖြစ်သော အကျိုးဆက်တရားမှာ အရိပ်များသည်လည်း ထူထူထပ်ထပ်ရှိမည်ဖြစ်ကာ အသီးများလည်း ပေါများဝေဆာခြင်းပင် ဖြစ်သည်။ အရှေ့၌ တင်ပြမည်ဖြစ်သော အခြားဉယျာဉ်နှစ်ခု၌ ဤနာမဝိသေသနပြပုဒ်ကို မတင်ပြထားပေ။ ထိုကဲ့သို့ မတင်ပြခြင်းဖြင့် ယင်းဉယျာဉ်နှစ်ခု အဆင့်အတန်းနိမ့်ခြင်း၏ ဘက်သို့ ရည်ညွှန်းဖော်ထုတ်လျက် ရှိနေပေသည်။

فِيهِمَا مِن كُلِّ فَاكِهَةٍ زَوْجَانِ

(ယင်းဥယျာဉ်နှစ်ခုလုံးတွင် သစ်သီးတိုင်းသည် နှစ်မျိုးနှစ်စား ရှိကြပေမည်။) [၅၅ : ၅၂]

ပထမဥယျာဉ်နှစ်ခု၏ နာမဝိသေသနၥ် مِن كُلِّ فَاكِهَةٍ ဟူသော စကားလုံးတော်များကို မိန့်မြွက်ကာ အမျိုးမျိုးအမည်မည်သော သစ်သီးဝလံများ ရှိမည်ဖြစ်ကြောင်းကို တင်ပြထားပေသည်။ ဒုတိယဥယျာဉ်နှစ်ခုနှင့် စပ်လျဉ်း၍ အထက်တင်ပြပါ ဥယျာဉ်နှစ်ခု၏ နာမဝိသေသနဖြစ်သော كُلِّ فَاكِهَةٍ (အမျိုးမျိုးသော သစ်သီးဝလံများ) ဟူသော စကားလုံးတော်ကို မိန့်မြွက်တော်မမူထားဘဲ فَاكِهَةٌ (သစ်သီးဝလံများ) ဟူသော စကားလုံးကိုသာ မိန့်မြွက်ထားပေသည်။ زَوْجَانِ ၏ အလိုသဘောမှာ 'သစ်သီးဝလံတိုင်းသည် နှစ်မျိုးနှစ်စားစီ ရှိနေပေသည်' ဟူ၍ ဖြစ်သည်။ ဤသို့ နှစ်မျိုးနှစ်စားရှိသည်ဟု ဆိုရာၥ် အစိုနှင့် အခြောက်ဟူကာ နှစ်မျိုးနှစ်စား ရှိခြင်းလည်း ဖြစ်နိုင်သလို အခြားအလိုသဘောတစ်မျိုးမှာ သစ်သီးဝလံများ၏ ပင်ကိုယ်၊ သာမန်အရသာရှိသော သစ်သီးဝလံများနှင့် ပင်ကိုယ် သာမန်အရသာထက် ထူးသော အရသာရှိသည့် သစ်သီးဝလံများဟူ၍ နှစ်မျိုးနှစ်စားရှိခြင်းလည်း ဖြစ်နိုင်ပေသည်။ [မဇ္ဇဟရီကျမ်း]

لَمْ يَطْمِثْهُنَّ إِنسٌ قَبْلَهُمْ وَلَا جَانٌّ

(၎င်းတို့အလျင် ထိုမိန်းမပျိုတို့အား မည်သည့်လူသား တစ်ဦးတစ်ယောက်မျှလည်းကောင်း၊ မည်သည့် 'ဂျင်န်' တစ်ဦးတစ်ယောက်မျှလည်းကောင်း ထိတွေ့ခဲ့ဘူးသည်မရှိချေ။) [၅၅ : ၅၆]

طَمْثٌ ဟူသော ပုဒ်သည် အဓိပ္ပာယ်အမျိုးမျိုးအတွက် အသုံးပြုပေသည်။ ဓမ္မတာသွေးကို طَمْثٌ ဟူ၍ ခေါ်ဆိုကာ ဓမ္မတာရာသီသွေးလာနေသော အမျိုးသမီးကို طَامِثٌ ဟူ၍ ခေါ်ဆိုခြင်းလည်း ရှိပေသည်။ အပျိုစစ်စစ် အမျိုးသမီးဖြင့် ပေါင်းသင်းဆက်ဆံခြင်းကိုလည်း طَمْثٌ ဟူသော စကားလုံးဖြင့် ပြောဆိုတင်ပြပေသည်။ ဤနေရာၥ် ယင်းအလိုသဘောကိုသာလျှင် ကောက်ယူထားပေသည်။ အာယသ်တော်အတွင်းၥ် လာရှိထားသော 'ဂျန္နသ်' သားတို့အဖို့ သတ်မှတ်ထားသော 'ဟူရ်' ကညာပျိုများကို ၎င်းတို့အလျင် မည်သည့်လူသား တစ်ဦးတစ်ယောက်မျှသော်လည်းကောင်း၊ မည်သည့် 'ဂျင်န်' တစ်ဦးတစ်ယောက်မျှသော်လည်းကောင်း ထိတွေ့ခဲ့ဖူးခြင်းမရှိ' ဟူ၍ ငြင်းချက်ထုတ်ထားခြင်း၏ အလိုသဘောမှာ 'လူသားတို့အဖို့ သတ်မှတ်ထားသော 'ဟူရ်' ကညာပျိုများကို မည်သည့်လူသား တစ်ဦးတစ်ယောက်ကမျှသော်လည်းကောင်း၊ မွန်မြတ်သော 'ဂျင်န်' များအဖို့ သတ်မှတ်ထားသော 'ဟူရ်' ကညာများကို မည်သည့် 'ဂျင်န်' တစ်ဦးတစ်ယောက်ကမျှသော်လည်းကောင်း ထိတွေ့ဖူးထားခြင်းမရှိ' ဟူ၍ စကားပြေအကျဉ်းချုပ်ၥ် တင်ပြထားသော အလိုသဘောမျိုးလည်း ဖြစ်နိုင်ပေသည်။ နောက်ထပ်ဖြစ်နိုင်သော အလိုသဘောတစ်မျိုးမှာ ကမ္ဘာလောကၥ် လူအမျိုးသမီးများအပေါ် 'ဂျင်န်' များ ဝင်ရောက်စီးခြင်းများ ရှိကြသလို ထို 'ဂျန္နသ်' သုခဘုံၥ် ထိုကဲ့သို့သော အပြုအမူမျိုး လုံးဝ မဖြစ်တန်ကောင်းရာ' ဟူ၍ ဖြစ်ပေသည်။

هَلْ جَزَآءُ الْاِحْسَانِ اِلَّا الْاِحْسَانُ

(အမိန့်တော်ကို ကြည်ညိုလေးမြတ်စွာ နာခံခြင်း၏ အကျိုးသည် ကျေးဇူးပြုတော်မူခြင်းမှအပ အခြား မရှိပြီ။) *[၅၅ : ၆၀]*

အလ္လာဟ်အသျှင်မြတ်နှင့် အထူးသီးသန့်နီးကပ်မှုကို ရရှိထားသူတို့အဖို့ ဥယျာဉ်နှစ်ခုကို ချီးမြှင့်ခြင်း ခံရမည်ဖြစ်ကြောင်းကို တင်ပြပြီးနောက် အမိန့်တော်ကို ကြည်ညိုလေးမြတ်စွာ နာခံခြင်း၏ အကျိုးသည် ကျေးဇူးပြုတော်မူခြင်းမှအပ အခြားမရှိပြီ' ဟူ၍ မိန့်မြွက်ထားတော်မူပေသည်။ ထိုသူမွန်သူမြတ်တို့သည် အမိန့်တော်ကို ကြည်ညိုလေးမြတ်စွာ နာခံခြင်း၊ ဆိုလိုသည်မှာ ထာဝစဉ်အမြဲ ကောင်းမြတ်သော အကျင့် သီလတို့ကို လေးနက်စွာ ဆောက်တည်နေသည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှလည်း ၎င်းတို့ အဖို့ ကောင်းမွန်သော အကျိုးအစားကိုသာလျှင် ချီးမြှင့်ခြင်းခံသင့်သလို ယင်းသို့ ချီးမြှင့်ခြင်းကို ပေးသနား တော်မူခြင်း ခံခဲ့ရလေပြီဟူ၏။

مُدْهَآمَّتَانِ အစိမ်းရင့်သည့်အတွက်ကြောင့် အနက်ရောင်သန်းသွားခြင်းကို اِدْهمام ဟူ၍ ခေါ်ဆိုပေသည်။ 'ထိုဥယျာဉ်နှစ်ခုလုံး၏ အလွန် စိမ်းလန်းစိုပြေနေခြင်းသည် ယင်းဥယျာဉ်နှစ်ခုစလုံး အနက် ရောင်သန်းသွားခြင်း၏ အကြောင်းခံ ဖြစ်နေပေသည်' ဟူသော အလိုသဘောမျိုးသာ ဖြစ်ပေသည်။ ဤနာမ ဝိသေသနအချက်ကို ပထမဥယျာဉ်နှစ်ခု၌ မတင်ပြထားပေ။ သို့ရာတွင် ယင်းသို့ မတင်ပြထားသည့်အတွက် ကြောင့် ပထမဥယျာဉ်နှစ်ခု၌ ဤသို့သော ဝိသေသအချက် မရှိဟူ၍ မုချ ပြောဆို၍ မရပေ။ သို့သာမက ذَوَاتَآ اَفْنَانٍ (ယင်းဥယျာဉ်နှစ်ခု၌ စမ်းစိုသော အကိုင်းအလက်များ ပေါများဝေဆာလျက် ရှိကြပေမည်) ဟူ၍ မိန့်မြွက်ထားသော နာမဝိသေသနအချက်အတွင်း၌ مُدْهَآمَّتَانِ ၏ နာမဝိသေသနအချက်သည် လည်း ပါဝင်နေပေသည်။

فِيْهِنَّ خَيْرٰتٌ حِسَانٌ

(ထိုဥယျာဉ်များနှင့် ဥယျာဉ်များရှိ အဆောက်အဦးတို့တွင် အကျင့်စာရိတ္တအားဖြင့် မွန်မြတ်၍ ရုပ်ရည် လှပတင့်တယ်သော မိန်းမပျိုများလည်း ရှိကြပေမည်။) *[၅၅ : ၇၀]*

خَيْرَاتٌ ၏ အလိုသဘောမှာ 'ပြုမူဆောင်ရွက်ချက်၊ စာရိတ္တကောင်းမွန်ခြင်း' ဟူသော အလို သဘောဖြစ်၍ حِسَانٌ ၏ အလိုသဘောမှာ 'ရုပ်ရည်၊ လှပတင့်တယ်ခြင်း' ဟူ၍ ဖြစ်ပေသည်။ ဤအချက် သည်လည်း ဥယျာဉ်နှစ်မျိုးစလုံးရှိ 'ဟူရ်' ကညာပျိုများအတွင်း၌ ဖက်စပ်ပါဝင်သော အချက်ဖြစ်ပေသည်။ ၎င်းအချက်ဘက်သို့ ညွှန်းဆိုချက်များသည် လွန်လေပြီးသော အာယသ်တော်များအတွင်း၌ ရှိနေပေသည်။

مُتَّكِـِٕيْنَ عَلٰى رَفْرَفٍ خُضْرٍ وَّعَبْقَرِيٍّ حِسَانٍ

(၄င်းတို့သည် အစိမ်းရောင်ကော်ဇောများအပေါ်၌လည်းကောင်း၊ လွန်စွာ အံ့ဖွယ်ကောင်းသော အခင်းအကျင်းများအပေါ်၌လည်းကောင်း ထိုင်၍ မှီအုံးများကို မှီလျက် ရှိကြပေမည်။) *[၅၅ : ၇၆]*

'ကာမူးစ်'ကျမ်း၌ ရေးသားထားသည်မှာ **رَفْرَفٌ** သည် အစိမ်းရောင်ပိုးထည်တစ်မျိုး ဖြစ်ပေသည်။ ၄င်းပိုးထည်ဖြင့် အခင်း၊ မှီအုံးများနှင့် အခြားရှုချင်စဖွယ် အရာများကို ပြုလုပ်ကြပေသည် ဟူ၏။ ဇွေဟားဟ်ကျမ်း၌ အပင်များနှင့် ပန်းပွင့်ပုံများ ပါရှိသော ပိုးသားဖြင့် ပြုလုပ်ထားသော အထည်ဖြစ်ကြောင်း' လာရှိထားပေသည်။ ယင်းကဲ့သို့ အပင်၊ အပွင့်များ ပါရှိခြင်းကို အရဗ်ဒူ စာပေဘာသာစကား၌ **مُشَجَّرٌ** ဟု ခေါ်ဆိုပေသည်။ **عَبْقَرِيٌّ** ဟူသည် ကောင်းမွန်၊ လှပသော အဝတ်တိုင်းကို ခေါ်ဆိုပေသည်။ **حِسَانٌ** ဟူသော စာလုံးမှ ထိုအဝတ်၏ လှပကြောင်း ဝိသေသအချက်ကို တင်ပြထားပေသည်။

تَبٰرَكَ اسْمُ رَبِّكَ ذِى الْجَلٰلِ وَالْاِكْرَامِ

(အို၊ နဗီတမန်တော်၊ အသင့်အား မွေးမြူဖန်ဆင်းတော်မူသော တန်ခိုးတော်ရှင်၊ ကျေးဇူးတော်ရှင်၏ နာမတော်သည် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံလှပေသည်။) *[၅၅ : ၇၈]*

စူရာဟ်ရဟ်မာန်အတွင်း၌ များသောအားဖြင့် အလ္လာဟ်အသျှင်မြတ်၏ စည်းစိမ်တော်များနှင့် လူသားတို့အပေါ် ကျေးဇူးတရားများ ပြုထားသည့်အကြောင်း တင်ပြထားပေသည်။ စူရာဟ်တော်၏ နိဂုံးချုပ်၌ အချုပ်သဘောမျိုးဖြင့် 'ထိုအသျှင်မြတ်၏ 'ဇားသ်' (ဇာတိတော်) ကို မဆိုထားဘိဦး။ ထိုအသျှင်မြတ်၏ နာမတော်ပင်လျှင် အလွန် 'ဗရ်ကသ်'မင်္ဂလာတရားနှင့် ပြည့်စုံလှပေသည်။ ထိုအသျှင်မြတ်၏ နာမတော်ဖြင့်သာလျှင် ဤစည်းစိမ်တော်များအားလုံးသည် တည်တံ့နေပေသည်'ဟူသော ဝါကျတော်ကို မိန့်မြွက်ထားပေသည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူ၏။)

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရဟ်ဝါကိအဟ်

အဖြစ်အပျက်ကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

إِذَا وَقَعَتِ الْوَاقِعَةُ ①

၅၆ : ၁ ။ ။ အကြင်အခါဝယ် အဖြစ်အပျက် ('ကေယာမသ်' ရှင်ပြန်ထရမည့်နေ့) သည် ဖြစ်လာသောအခါ။

لَيْسَ لِوَقْعَتِهَا كَاذِبَةٌ ②

၅၆ : ၂ ။ ။ ယင်းအဖြစ်အပျက် (ကေယာမသ်) ဖြစ်ပျက်မှုနှင့် စပ်လျဉ်း၍ မမှန်ဟူ၍ မရှိပေ။

خَافِضَةٌ رَّافِعَةٌ ③

၅၆ : ၃ ။ ။ ယင်း (အဖြစ်အပျက်) သည် (အချို့အား) နိမ့်ကျစေ၍ (အချို့ကိုမူ) မြင့်စေမည်။

إِذَا رُجَّتِ الْأَرْضُ رَجًّا ④

၅၆ : ၄ ။ ။ အကြင်အခါဝယ် ကမ္ဘာမြေသည် ပြင်းထန်စွာ တုန်လှုပ်စေခြင်းကို ခံရပေမည်။

وَّبُسَّتِ الْجِبَالُ بَسًّا ⑤

၅၆ : ၅ ။ ။ ထို့ပြင် တောင်များသည် ညက်ညက်ကြေအောင် ကြေမွစေခြင်းကို ခံကြရပေမည်။

فَكَانَتْ هَبَاءً مُّنْبَثًّا ⑥

၅၆ : ၆ ။ ။ ထို့နောက် ယင်းတောင်များသည် ဖြန့်ကြဲထားသော (လေ၌ လွင့်ပါးသည့်) မြူမှုန့် ဖြစ်သွားကြပေမည်။

وَكُنْتُمْ أَزْوَاجًا ثَلَاثَةً ۝٧

၅၆ : ၇ ။ ။ ထို့ပြင် အသင်တို့ (လူသားအားလုံး) သည် သုံးမျိုးသုံးစား ဖြစ်သွားကြပေမည်။

فَأَصْحَابُ الْمَيْمَنَةِ مَا أَصْحَابُ الْمَيْمَنَةِ ۝٨

၅၆ : ၈ ။ ။ မည်သို့ပင်ဖြစ်စေ (ပထမအမျိုးအစားများ ဖြစ်ကြသော) လက်ျာဘက်သားတို့သည် စင်စစ် ထိုလက်ျာဘက်သားတို့သည် အဘယ်မျှလောက် ကောင်းမြတ်ပေသနည်း။

وَأَصْحَابُ الْمَشْأَمَةِ مَا أَصْحَابُ الْمَشْأَمَةِ ۝٩

၅၆ : ၉ ။ ။ သို့ရာတွင် (ဒုတိယအမျိုးအစားများ ဖြစ်ကြသော) လက်ဝဲဘက်သားတို့မှာမူ၊ စင်စစ် ထိုလက်ဝဲဘက်သားတို့သည် အဘယ်မျှလောက် ဆိုးရွားလှဘိသနည်း။

وَالسَّابِقُونَ السَّابِقُونَ ۝١٠

၅၆ : ၁၀ ။ ။ ထို့ပြင် (တတိယအမျိုးအစားများဖြစ်ကြသော) အသာဆုံး (အရှေ့ဆုံး၊ အမြင့်မြတ်ဆုံး) သော သူတို့သည် အသာဆုံး (အရှေ့ဆုံး၊ အမြင့်မြတ်ဆုံး) သော သူများပင် ဖြစ်ကြကုန်၏။

أُولَٰئِكَ الْمُقَرَّبُونَ ۝١١

၅၆ : ၁၁ ။ ။ ထိုသူတို့သည်ပင်လျှင် (အလ္လာဟ်အသျှင်မြတ်နှင့်) အထူးနီးစပ်သော သူများပင် ဖြစ်ကြ၏။

فِي جَنَّاتِ النَّعِيمِ ۝١٢

၅၆ : ၁၂ ။ ။ (ဤသူတို့သည်) ထာဝရ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသော ဥယျာဉ်များ၌ ရှိကြကုန်ပေလိမ့်မည်။

ثُلَّةٌ مِنَ الْأَوَّلِينَ ۝١٣

၅၆ : ၁၃ ။ ။ (ယင်းဥယျာဉ်များတွင်) ရှေးသူဟောင်းတို့အနက်မှ အလွန်ကြီးမား များပြားလှသော အုပ်စုကြီးတစ်ခု ရှိပေမည်။

وَقَلِيلٌ مِنَ الْآخِرِينَ ۝١٤

၅၆ : ၁၄ ။ ။ ၎င်းပြင် နောင်လာနောက်သားတို့အနက်မှာမူ အနည်းငယ်သာ ရှိကြပေမည်။

عَلَىٰ سُرُرٍ مَوْضُونَةٍ ۝١٥

၅၆ : ၁၅ ။ ။ (၎င်းတို့သည်) ကျောက်သံပတ္တမြားစီ၍ မြုပ်ထားသော သလွန်များထက်ဝယ်။

مُّتَّكِـِٔينَ عَلَيۡهَا مُتَقَٰبِلِينَ ﴿١٦﴾

၅၆ : ၁၆ ။ ။ (မှီအုံးများကို) မှီလျက် မျက်နှာချင်းဆိုင် ထိုင်လျက် ရှိနေကြပေမည်။

يَطُوفُ عَلَيۡهِمۡ وِلۡدَٰنٞ مُّخَلَّدُونَ ﴿١٧﴾

၅၆ : ၁၇ ။ ။ ၎င်းတို့ထံ အသက်သေဆုံးခြင်းမရှိဘဲ အမြဲထာဝရ နငယ်လျက် ရှိနေကြရမည်ဖြစ်သော သူငယ်တို့သည် လှည့်ပတ်သွားလာလျက် ရှိကြပေမည်။

بِأَكۡوَابٖ وَأَبَارِيقَ وَكَأۡسٖ مِّن مَّعِينٖ ﴿١٨﴾

၅၆ : ၁၈ ။ ။ [၎င်းတို့သည်] သောက်ရေဖလားများ၊ ရေတကောင်းများနှင့် တသွင်သွင်စီးသော အရက်ဖြင့် ပြည့်လျှံလျက် ရှိသော ခွက်များကို ယူဆောင်၍ [လှည့်ပတ်သွားလာလျက် ရှိကြပေမည်။]

لَّا يُصَدَّعُونَ عَنۡهَا وَلَا يُنزِفُونَ ﴿١٩﴾

၅၆ : ၁၉ ။ ။ ၎င်းတို့သည် ထိုအရက် (ကို သောက်သုံးခြင်း) ကြောင့် ခေါင်းခဲခြင်းကိုလည်း ခံစားကြရမည် မဟုတ်ပေ။ သတိလစ်ကြမည်လည်း မဟုတ်ချေ။

وَفَٰكِهَةٖ مِّمَّا يَتَخَيَّرُونَ ﴿٢٠﴾

၅၆ : ၂၀ ။ ။ ထို့ပြင် ၎င်းတို့ ကြိုက်နှစ်သက်ကြသော သစ်သီးဝလံများ (ကို ယူဆောင်၍။)

وَلَحۡمِ طَيۡرٖ مِّمَّا يَشۡتَهُونَ ﴿٢١﴾

၅၆ : ၂၁ ။ ။ ၎င်းတို့ ကြိုက်နှစ်သက်ကြသော ငှက်သားများ (ကို ယူဆောင်၍ တင်ဆက်ကြပေမည်။)

وَحُورٌ عِينٞ ﴿٢٢﴾

၅၆ : ၂၂ ။ ။ ထို့ပြင် (၎င်းတို့အဖို့) လွန်စွာ ဖြူပြီးတင့်တယ်ကာ မျက်စိပြူး၍ လှပသော မိန်းမပျိုများလည်း ရှိကြပေမည်။

كَأَمۡثَٰلِ ٱللُّؤۡلُوِٕ ٱلۡمَكۡنُونِ ﴿٢٣﴾

၅၆ : ၂၃ ။ ။ လုံခြုံစွာ လျှို့ဝှက်၍ ထားရှိသော ပုလဲလုံးများပမာ (ရှိကြပေမည်။)

جَزَآءَۢ بِمَا كَانُواْ يَعۡمَلُونَ ﴿٢٤﴾

၅၆ : ၂၄ ။ ။ (ဤသည်) ၎င်းတို့ (လူ့လောက၌) မိမိတို့ ကျင့်မူဆောက်တည်လျက် ရှိခဲ့ကြလေသော ကောင်းမှုများ၏ အကျိုးအားဖြင့် အစားပေး (ချီးမြှင့်) တော်မူခြင်းပင် ဖြစ်၏။

لَا يَسْمَعُونَ فِيهَا لَغْوًا وَلَا تَأْثِيمًا ﴿٢٥﴾

၅၆ : ၂၅ ။ ။ ထိုသူတို့သည် ယင်းဥယျာဉ်များ၌ မည်သည့်မရေမရာသော စကားများကိုလည်းကောင်း၊ မည်သည့် အပြစ်ဖြစ်စေသော စကားကိုမျှလည်းကောင်း ကြားကြရမည်မဟုတ်ပေ။

إِلَّا قِيلًا سَلَامًا سَلَامًا ﴿٢٦﴾

၅၆ : ၂၆ ။ ။ 'စလာမ်'၊ 'စလာမ်' (ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေ။ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေ) ဟူ၍ ပြောဆိုခြင်းကိုသာလျှင် (ကြားကြရပေလိမ့်မည်။)

وَأَصْحَابُ الْيَمِينِ مَا أَصْحَابُ الْيَمِينِ ﴿٢٧﴾

၅၆ : ၂၇ ။ ။ ထို့ပြင် လက်ျာဘက်သားတို့သည် စင်စစ် ထိုလက်ျာဘက်သားတို့မှာ အဘယ်မျှလောက် ကောင်းမြတ်ကြပေသနည်း။

فِي سِدْرٍ مَخْضُودٍ ﴿٢٨﴾

၅၆ : ၂၈ ။ ။ (၎င်းတို့မှာ) ဆူးများ ရှင်းထားပြီးဖြစ်သော ဆီးပင်များရှိရာ၌ ရှိကြပေမည်။

وَطَلْحٍ مَنْضُودٍ ﴿٢٩﴾

၅၆ : ၂၉ ။ ။ ၎င်းပြင် အခိုင်လိုက်သီးသော ငှက်ပျောပင်များ ရှိရာ၌ ရှိကြပေမည်။

وَظِلٍّ مَمْدُودٍ ﴿٣٠﴾

၅၆ : ၃၀ ။ ။ ထို့ပြင် ကျယ်ဝန်းပြန့်ပြူး၍ မြဲသော အရိပ်အာဝါသ၌ ရှိကြပေမည်။

وَمَاءٍ مَسْكُوبٍ ﴿٣١﴾

၅၆ : ၃၁ ။ ။ ထို့ပြင် (မြေပေါ်၌) အမြဲစီးတွေလျက်ရှိသော ရေရှိရာ၌ ရှိကြပေမည်။

وَفَاكِهَةٍ كَثِيرَةٍ ﴿٣٢﴾

၅၆ : ၃၂ ။ ။ ထို့ပြင် မြောက်မြားစွာသော သစ်သီးဝလံများ ရှိရာ၌ ရှိနေကြပေမည်။

لَا مَقْطُوعَةٍ وَلَا مَمْنُوعَةٍ ﴿٣٣﴾

၅၆ : ၃၃ ။ ။ (ထိုသစ်သီးဝလံများသည် မည်သည့်ရာသီဥတု၌မျှ) ကုန်ခန်းသော သစ်သီးဝလံများလည်း မဟုတ်ပေ။ (မည်သို့မျှ) ပိတ်ပင်တားမြစ်ခြင်း ခံရမည်ဖြစ်သော သစ်သီးဝလံများလည်း မဟုတ်ချေ။

وَّ فُرُشٍ مَّرْفُوْعَةٍ ﴿٣٤﴾

၅၆ : ၃၄ ။ ။ ထို့ပြင် (၎င်းတို့သည်) မြင့်စွင့်လှစွာသော သလွန်များ၊ အခင်းအကျင်းများ၊ မွေ့ရာများအပေါ်၌ ရှိနေ
ကြပေမည်။

اِنَّاۤ اَنْشَاْنٰهُنَّ اِنْشَآءً ﴿٣٥﴾

၅၆ : ၃၅ ။ ။ ဧကန်မလွဲ ငါအသျှင်မြတ်သည် ('ဂျန္နသ်'သုခဘုံ၌ ရှိကြကုန်သော) ထိုမိန်းမပျိုတို့အား အထူး ဖန်ဆင်း
တော်မူခဲ့၏။

فَجَعَلْنٰهُنَّ اَبْكَارًا ﴿٣٦﴾

၅၆ : ၃၆ ။ ။ တစ်ဖန် ငါအသျှင်မြတ်သည် ၎င်းတို့အား ပျိုကညာများ ပြုလုပ်တော်မူခဲ့၏။

عُرُبًا اَتْرَابًا ﴿٣٧﴾

၅၆ : ၃၇ ။ ။ (လင်ယောကျ်ားတို့အား) ချစ်ခင်စုံမက်ကြသော၊ သက်တူ၊ ရွယ်တူများအဖြစ် (ပြုလုပ်တော်မူခဲ့၏။)

لِّاَصْحٰبِ الْيَمِيْنِ ﴿٣٨﴾

၅၆ : ၃၈ ။ ။ ဤသည်တို့မှာ လက်ျာဘက်သားတို့အဖို့ ဖြစ်ကြ၏။

ثُلَّةٌ مِّنَ الْاَوَّلِيْنَ ﴿٣٩﴾

၅၆ : ၃၉ ။ ။ ၎င်း (လက်ျာဘက်သား) တို့တွင် ရှေးသူဟောင်းတို့အနက်မှ ကြီးကျယ်လှစွာသော အုပ်စုကြီးတစ်စု
သည်လည်းကောင်း။

وَ ثُلَّةٌ مِّنَ الْاٰخِرِيْنَ ﴿٤٠﴾

၅၆ : ၄၀ ။ ။ နောက်လာနောက်သားတို့အနက်မှ ကြီးကျယ်လှစွာသော အုပ်စုကြီးတစ်စုသည်လည်းကောင်း ပါဝင်ကြ
ကုန်ပေလိမ့်မည်။

وَ اَصْحٰبُ الشِّمَالِ ۙ۬ مَاۤ اَصْحٰبُ الشِّمَالِ ﴿٤١﴾

၅၆ : ၄၁ ။ ။ သို့ရာတွင် လက်ဝဲဘက်သားတို့မှာမူ၊ စင်စစ် ထိုလက်ဝဲဘက်သားတို့သည် အဘယ်မျှလောက် ဆိုးရွား
လှပေသနည်း။

فِیْ سَمُوْمٍ وَّ حَمِيْمٍ ﴿٤٢﴾

၅၆ : ၄၂ ။ ။ (ထိုလက်ဝဲဘက်သားတို့မှာ) ခြစ်ခြစ်ပူလောင်သော လေပူ၌လည်းကောင်း၊ ပွက်ပွက်ဆူလျက်ရှိသော
ရေနွေးပူ၌လည်းကောင်း။

وَظِلٍّ مِّن يَحْمُومٍ ﴿٤٣﴾

၅၆ : ၄၃ ။ ။ လွန်စွာ နက်မှောင်သော အခိုးအငွေ့၏ အရိပ်၌လည်းကောင်း ရှိကြပေမည်။

لَّا بَارِدٍ وَلَا كَرِيمٍ ﴿٤٤﴾

၅၆ : ၄၄ ။ ။ (ယင်းအရိပ်မှာ) အေးမြသည်လည်း မဟုတ်ပေ။ (အမောပြေ) ပြန်၍ လန်းဆန်းစေသည်လည်း မရှိချေ။

إِنَّهُمْ كَانُوا قَبْلَ ذَٰلِكَ مُتْرَفِينَ ﴿٤٥﴾

၅၆ : ၄၅ ။ ။ စေန်စင်စစ် ၎င်းတို့သည် ထိုသည့်အလျင် စည်းစိမ်ကြီးသူများပင် ဖြစ်ခဲ့ကြကုန်၏။

وَكَانُوا يُصِرُّونَ عَلَى الْحِنثِ الْعَظِيمِ ﴿٤٦﴾

၅၆ : ၄၆ ။ ။ ထို့ပြင် အလွန်အမင်း ကြီးလေးသော ပြစ်မှုဒုစရိုက်ကို ဇွတ်တိုး၍ ကျူးလွန်လျက် ရှိခဲ့ကြကုန်၏။

وَكَانُوا يَقُولُونَ أَئِذَا مِتْنَا وَكُنَّا تُرَابًا وَعِظَامًا أَإِنَّا لَمَبْعُوثُونَ ﴿٤٧﴾

၅၆ : ၄၇ ။ ။ ထို့ပြင် ၎င်းတို့သည် (ဤသို့) ပြောဆိုလျက် ရှိခဲ့ကြကုန်၏။ 'ကျွန်ုပ်တို့သည် သေဆုံးပြီးနောက် အရိုးများ ဖြစ် (၍ ကျန်ရစ်) ခဲ့ကြသောအခါ (အမှန်ပင်) ရှင်ပြန်ထစေခြင်းကို ခံကြရဦးမည်လော။'

أَوَآبَاؤُنَا الْأَوَّلُونَ ﴿٤٨﴾

၅၆ : ၄၈ ။ ။ '၎င်းပြင် ရှေးသူဟောင်းများ ဖြစ်ကြသော ကျွန်ုပ်တို့၏ အဘ၊ ဘိုး၊ ဘေးတို့သည်လည်း (ရှင်ပြန်ထကြရဦးမည်လော။)'

قُلْ إِنَّ الْأَوَّلِينَ وَالْآخِرِينَ ﴿٤٩﴾

၅၆ : ၄၉ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား) ပြောကြားပါလေ။ (အချင်းတို့) စေန်မလွဲ ရှေးလူဟောင်းတို့သည်လည်းကောင်း၊ နောင်လာနောက်သားတို့သည်လည်းကောင်း။

لَمَجْمُوعُونَ إِلَىٰ مِيقَاتِ يَوْمٍ مَّعْلُومٍ ﴿٥٠﴾

၅၆ : ၅၀ ။ ။ အမှန်ပင် သတ်မှတ်ပြီးဖြစ်သော နေ့ ဆိုက်ရောက်လာသော အချိန်တွင် စုရုံးခြင်းကို ခံကြရပေမည်။

ثُمَّ إِنَّكُمْ أَيُّهَا الضَّالُّونَ الْمُكَذِّبُونَ ﴿٥١﴾

၅၆ : ၅၁ ။ ။ ထို့နောက် အို၊ လမ်းမှားသူတို့၊ မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်သော သူတို့၊ အသင်တို့သည် စေန်မလွဲ (ပင်။)

لَاٰكِلُوْنَ مِنْ شَجَرٍ مِّنْ زَقُّوْمٍ ﴿٥٢﴾

၅၆ : ၅၂ ။ ။ 'ဇက္ကူမ်' ရှားစောင်းခါးပင် (ကို) စားကြရမည် ဖြစ်၏။

فَمَالِـُٔوْنَ مِنْهَا الْبُطُوْنَ ﴿٥٣﴾

၅၆ : ၅၃ ။ ။ တစ်ဖန် (အသင်တို့သည်) ယင်းရှားစောင်းခါးပင် (မှ စားသုံးခြင်းအား) ဖြင့် ဝမ်းဗိုက်များကို ဖြည့်ကြရမည်ဖြစ်၏။

فَشٰرِبُوْنَ عَلَيْهِ مِنَ الْحَمِيْمِ ﴿٥٤﴾

၅၆ : ၅၄ ။ ။ တစ်ဖန် (အသင်တို့သည်) ယင်းရှားစောင်းခါးပင် စားပြီးနောက် ပွက်ပွက်ဆူလျက်ရှိသော ရေနွေးပူကို သောက်သုံးကြရမည် ဖြစ်၏။

فَشٰرِبُوْنَ شُرْبَ الْهِيْمِ ﴿٥٥﴾

၅၆ : ၅၅ ။ ။ ထိုအခါ (အသင်တို့သည် ထိုပွက်ပွက်ဆူလျက်ရှိသော ရေနွေးပူကို) လွန်စွာ ရေမွတ်သိပ်လျက် ရှိကြကုန်သော ကုလားအုတ်များ သောက်သကဲ့သို့ပင် သောက်သုံးကြရပေမည်။

هٰذَا نُزُلُهُمْ يَوْمَ الدِّيْنِ ﴿٥٦﴾

၅၆ : ၅၆ ။ ။ ဤသည် ၎င်းတို့အား အစားပေးသော နေ့တွင် ဧည့်ခံကျွေးမွေးခြင်းပင် ဖြစ်ပေလိမ့်မည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အကြင်အခါဝယ် အဖြစ်အပျက် ('ကေယာမသ်' ရှင်ပြန်ထရမည့်နေ့) သည် ဖြစ်လာသောအခါ။ ယင်းအဖြစ်အပျက် (ကေယာမသ်) ဖြစ်ပျက်မှုနှင့် စပ်လျဉ်း၍ မမှန်ဟူ၍ မရှိပေ။ (သို့သာမက 'ကေယာမသ်' ဖြစ်ပေါ်လာမည်ဖြစ်ခြင်းသည် လုံးဝ မှန်ကန်သော အမှန်တရားပင် ဖြစ်ပေသည်။)

ယင်း (အဖြစ်အပျက်) သည် (အချို့အား) နိမ့်ကျစေ၍ (အချို့ကိုမူ) မြင့်စေမည်။ (ကာဖိရ်များအဖို့ သေးသိမ်ခြင်းနှင့် မုအ်မင်န်တို့အဖို့ အဆင့်အတန်းမြင့်မားခြင်းသည် ထိုနေ့၌ ထင်ရှားပေါ်လွင်လာပေလိမ့်မည်။) အကြင်အခါဝယ် ကမ္ဘာမြေပြင်သည် ပြင်းထန်စွာ တုန်လှုပ်စေခြင်းကို ခံရပေမည်။ ထို့ပြင် တောင်များသည် ညက်ညက်ကြေအောင် ကြေမွစေခြင်းကို ခံကြရပေမည်။

ထို့နောက် ယင်းတောင်များသည် ဖြန့်ကြဲထားသော (လေ၌ လွင့်ပါးသည့်) မြူမှုန့်ဖြစ်သွားကြပေမည်။ ထို့ပြင် အသင်တို့ (လူသားအားလုံး) သည် (မျက်မှောက်ခေတ်ရှိနေသူများ၊ ကွယ်လွန်သွားကြပြီးဖြစ်သော သူများနှင့် နောင်ပေါ်ပေါက် မွေးဖွားလာမည့်သူများဟူ၍) သုံးမျိုးသုံးစား ဖြစ်သွားကြပေမည်။ (ယင်းနှင့် စပ်လျဉ်းသော အကျယ်တဝင့်အကြောင်းကို ရှေ့၌ တင်ပြပေမည်။ အထူးသီးသန့် မုအ်မင်န်

များ၊ သာမန်မုအ်မင်န် များနှင့် ကာဖိရ်များဟူ၍ စူရာဟ်ရဟ်မာန်းအတွင်း၌လည်း ဤအထက်တင်ပြပါ လူတန်းစား (၃) ရပ်၏ အကြောင်းကိုသာလျှင် တင်ပြထားပေသည်။ တင်ပြလျက်ရှိနေသော အာယသ်တော် များအတွင်း၌ အထူးသီးသန့်မုအ်မင်န်များကို مقربين (အလ္လာဟ်အသျှင်မြတ်နှင့် အထူးနီးကပ်မှု ရရှိထား သူများ) နှင့် سابقين ('ဂျန္နသ်'သုခဘုံသို့ ပထမဦးဆုံး ဝင်ရောက်ကြရမည့်သူများ) ဟူ၍ ခေါ်ဝေါ် မိန့်ခြွေထားပေသည်။ သာမန်မုအ်မင်န်များကို اَصۡحَابُ الۡيَمِيۡنِ (လက်ယာဘက်သားများ) ဟူ၍ ကာဖိရ် များကို اَصۡحَابُ الشِّمَالِ ဟူ၍ ခေါ်ဝေါ်မိန့်ခြွေထားပေသည်။ အာယသ်တော် (၁) မှ (၁၃) ထိတိုင် တွင် လာရှိထားသော အချို့ဖြစ်အင်များသည် ပထမ'စူရ်'တံပိုးမှုတ်သည့် အချိန်၌ ဖြစ်ပေါ်မည့် ဖြစ်အင် များ ဖြစ်ပေသည်။ ပမာဆိုရသော رَجَّتْ (မြေငလျင်လှုပ်ခြင်း) စူရာဟ်ဟိဂျ်ရ်၏ အစ၌ လာရှိထား သကဲ့သို့ ဖြစ်အင်နှင့် بُسَّتْ (တောင်များ ညက်ညက်ကြေအောင် ကြေမွစေခြင်း) ဖြစ်အင်များ ဖြစ်ပေ သည်။ အချို့သော ဖြစ်အင်များသည် ဒုတိယ 'စူရ်'တံပိုးမှုတ်သော အချိန်၌ ဖြစ်ပေါ်မည့် အဖြစ်အပျက်များ ဖြစ်ပေသည်။ ဥပမာ- အာယသ်တော် (၃) နှင့် (၇) တို့ ဖြစ်ပေသည်။ အချို့သော ဖြစ်အင်များသည် တံပိုးမှုတ်ချိန် နှစ်ချိန်စလုံး၌ ဖြစ်ပေါ်မည့် ဖြစ်အင်များ ဖြစ်ပေသည်။ ဥပမာ- အာယသ်တော် (၁) နှင့် (၂) တို့ ဖြစ်ပေသည်။ အကြောင်းမှာ ပထမတံပိုးမှုတ်ချိန်မှ ဒုတိယတံပိုးမှုတ်ချိန်ထိတိုင် အချိန်အားလုံးသည် အချိန်တစ်ချိန်တည်း၏ အမိန့်အတွင်း၌ ပါဝင်ပေသည်။ ထို့ကြောင့် အချိန်၏ အစိတ်အပိုင်းတိုင်းကို ဖြစ်အင် တိုင်း၏ ဖြစ်ပေါ်ခဲ့သည့် အချိန်ဟူ၍ သတ်မှတ်နိုင်ပေသည်။ ရှေ့၌ လူသားများ သုံးမျိုးသုံးစား ဖြစ်သွား ခြင်းကို တင်ပြပြီးနောက် ယင်းလူတန်းစား (၃) ရပ်နှင့် ပတ်သက် ဆက်နွှယ်သော အချက်အလက်များကို သီးခြားသီးခြားစီ တင်ပြထားပေသည်။ ပထမအကျဉ်းချုပ်အနေဖြင့် တင်ပြ၍ တစ်ဖန် အကျယ်တဝင့် တင်ပြပေမည်။)

မည်သို့ပင်ဖြစ်စေ (သုံးမျိုးသုံးစား လူသားများအချက်မှ လူတန်းစားတစ်ရပ် ဖြစ်ကြသော) လက်ကျာ ဘက်တော်သားတို့သည် စင်စစ် ထိုလက်ျာဘက်သားတို့သည် အဘယ်မျှလောက် ကောင်းမြတ်ပေသနည်း။ (အလိုသဘောမှာ ကျင့်စဉ် ဆောင်ရွက်ချက်မှတ်တမ်းကို လက်ကျာဘက်မှ ချီးမြှင့်ခြင်းခံရသော သူတို့ ဖြစ်ပေသည်။ ဤအလိုသဘောသည် အလ္လာဟ်အသျှင်မြတ်နှင့် အထူးနီးကပ်မှု ရရှိထားသူများ مقربين တို့ထံ၌လည်း ရှိနေလင့်ကစား သို့ရာတွင် ထိုဝိသေသအချက်ကိုသာလျှင် တင်ပြခြင်းသည် 'ၾင်းတို့ထံ၌ လက်ယာဘက်သားများ ဖြစ်ခြင်းထက် သာပိုသော အခြားနီးစပ်မှုရှိသည့် မည်သည့်ဂုဏ်အရည်အချင်း တစ်ခုခုမျှ မရှိကြောင်း' ၏ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားဟန် တူပေသည်။ ဤသို့ဖြင့် ဤအာယသ် တော်၏ ဆိုလိုရင်းသည် သာမန်မုအ်မင်န်များကို ဆိုလိုခြင်း ဖြစ်သွားပေသည်။ ဤအာယသ်တော်အတွင်း၌ အကျဉ်းချုပ်သဘောမျိုးဖြင့် ၎င်းတို့၏ အခြေအနေ ကောင်းမွန်မည်ဖြစ်ကြောင်းကို တင်ပြထားပေသည်။ ရှေ့၌ فِيۡ سِدۡرٍ مَّخۡضُوۡدٍ (၅၆:၂၈) မှစ၍ ၎င်း၏ အကျယ်တဝင့်အကြောင်းကို တင်ပြထားပေသည်။)

သို့ရာတွင် (နောက်လူတန်းစားတစ်ရပ် ဖြစ်ကြသော) လက်ဝဲဘက်သားတို့မှာမူ၊ စင်စစ် ထိုလက်ဝဲဘက်သားတို့သည် အဘယ်မျှလောက် ဆိုးရွားလှဘိသနည်း။ (အလိုသဘောမှာ ကျင့်စဉ်၊ ဆောင်ရွက်ချက်မှတ်တမ်းကို ဝဲဘက်မှ ပေးခြင်းခံရသော သူတို့ ဖြစ်ပေသည်။ ဆိုလိုသည်မှာ ကာဖိရ်များ ဖြစ်ပေသည်။ ဤအာယသ်တော်အတွင်း၌ အကျဉ်းချုပ်သဘောမျိုးဖြင့် ၎င်းတို့၏ အခြေအနေဆိုးရွားမည် ဖြစ်ကြောင်းကို တင်ပြထားပေသည်။ ရှေ့၌ လာရှိသော فِي سَمُومٍ အာယသ်တော် (၅၆:၄၂) ၌ ၎င်း၏ အကျယ်တဝင့် အကြောင်းကို တင်ပြထားပေသည်။)

ထို့ပြင် (တတိယအမျိုးအစားများဖြစ်ကြသော) အသာဆုံး (အရှေ့ဆုံး၊ အမြင့်မြတ်ဆုံး) သောသူတို့သည် အသာဆုံး (အရှေ့ဆုံး၊ အမြင့်မြတ်ဆုံး) သော သူများပင် ဖြစ်ကြကုန်၏။ ထိုသူတို့သည်ပင်လျှင် (အလ္လာဟ်အသျှင်မြတ်နှင့်) အထူးနီးစပ်သော သူများပင် ဖြစ်ကြ၏။ (ထိုအမျိုးအစားအတွင်း၌ အဆင့်အတန်းအမြင့်မားဆုံးသော အသျှင်မြတ်၏ ကျေးကျွန်ပီသသူများ ပါဝင်ပေသည်။ နဗီတမန်တော်များ၊ ဝလီသူတော်စင်များ၊ သစ္စာဝါဒီရှင်များနှင့် ပြစ်မှုဒုစရိုက်များကို ပြည့်ဝစွာ ရှောင်ကြဉ်သောသူများ ပါဝင်ပေသည်။ ဤအထက်တင်ပြပါ အာယသ်တော်အတွင်း၌ ၎င်းတို့၏ အခြေအနေ၊ အဆင့်အတန်း မြင့်မားကြောင်းကို တင်ပြထားပေသည်။ ရှေ့၌ လာရှိနေသော فِي جَنَّاتِ النَّعِيمِ ဟူသည့် အာယသ်တော် (၅၆:၁၂) မှစ၍ ၎င်း၏ အကျယ်တဝင့်အကြောင်းကို တင်ပြမိန့်မြွက်ထားပေသည်။)

(ဤသို့ အလ္လာဟ်အသျှင်မြတ်နှင့် နီးကပ်မှု ရရှိထားသူတို့သည်) ထာဝရ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသော ဥယျာဉ်များ၌ ရှိကြကုန်ပေလိမ့်မည်။ (ယင်းဥယျာဉ်တော်၏ အကျယ်တဝင့် အကြောင်းကို عَلَىٰ سُرُرٍ ဟူသော (၅၆:၁၅) အာယသ်တော်မှစ၍ လာရှိပေလိမ့်မည်။ ကြားအလယ်၌ ထိုအထူးသီးသန့် နီးကပ်မှု ရရှိထားသူများ၌ များစွာသော အုပ်စုအဖွဲ့များ ပါဝင်ကြောင်းကို တင်ပြထားပေသည်။)

(ယင်းဥယျာဉ်များတွင်) ရှေးသူဟောင်းတို့အနက်မှ အလွန်ကြီးမား များပြားလှသော အုပ်စုကြီးတစ်ခု ရှိပေမည်။ ၎င်းပြင် နောင်လာနောက်သားတို့အနက်မှာမူ အနည်းငယ်သာ ရှိကြပေမည်။ (ရှေးသူဟောင်းအုပ်စု၏ အလိုသဘောသည် ဟဇရသ်အာဒမ် عليه السلام မှစ၍ တမန်တော်မြတ် ﷺ မပွင့်ပေါ်မီထိတိုင် ရှိခဲ့ကြသောသူများ ဖြစ်ပေသည်။ နောင်လာနောက်သားတို့၏ အလိုသဘောသည် တမန်တော်မြတ် ﷺ ၏ ခေတ်အခါသယမမှစ၍ 'ကေယာမသ်'ထိတိုင် ပေါက်ဖွားလာသူများ ဖြစ်ကြပေသည်။ ဒုရ်ရေမန်စူးရ်ကျမ်း၌ ဆင့်ပြန်တင်ပြထားသော ဟဇရသ်ဂျာဗိရ် رضي الله عنه သခင်ကြီးမှတစ်ဆင့် တမန်တော်မြတ် ﷺ ထံတော်မှ ဆင့်ပြန်လာရှိထားသော ဆင့်ပြန်ချက်၌ လာရှိထားပေသည်။ ရှေးသူဟောင်းတို့အနက် အသာမြတ်ဆုံးသောသူများ များပြား၍ နောင်လာနောက်သားတို့တွင် နည်းပါးရခြင်း၏ အကြောင်းမှာ သီးသန့် ပုဂ္ဂိုလ်မွန်များသည် ခေတ်ကာလတိုင်း၌ နည်းပါးစွာသာ ရှိနေပေသည်။ ရှေးသူဟောင်းများ (ဆိုလိုသည်မှာ ဟဇရသ်အာဒမ် عليه السلام မှစ၍ တမန်တော်မြတ် ﷺ ၏ခေတ်ကာလ မရောက်မီထိတိုင် ရှိသော ခေတ်ကာလသည် 'ကေယာမသ်' နီးကပ်ချိန်၌ ပွင့်ပေါ်လာသော တမန်တော်မြတ် ﷺ ၏ နောက်လိုက်သားတို့၏ ခေတ်ကာလနှင့် နှိုင်းယှဉ်

လျှင် အလွန် ရှည်လျားလှစွာသော ခေတ်ကာလ ဖြစ်ပေသည်။ သို့ရှိရာ ခေတ်ကာလ၏ သဘောသဘာဝ အရ ထိုရှည်လျားလှစွာသော ခေတ်ကာလ၏ ပုဂ္ဂိုလ်မြတ်တို့နှင့် နှိုင်းယှဉ်လျှင် တမန်တော်မြတ် ﷺ ၏ နောက်လိုက်ထုတို့၏ တိုတောင်းလှစွာသော ခေတ်ကာလ၏ ပုဂ္ဂိုလ်မွန်၊ ပုဂ္ဂိုလ်မြတ်တို့သည် နည်းပါး ပေမည်သာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုရှည်လျားလှစွာသော ခေတ်ကာလ၌ နှစ်သိန်းခန့်သော နဗီတမန်တော်များ ရှိခဲ့သည်။ တမန်တော်မြတ် ﷺ ၏ ခေတ်ကာလ၌ နဗီတမန်တော်တစ်ပါးမျှ မရှိပေ။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်နှင့် အထူးသီးသန့် နီးကပ်မှုရရှိမည့် များပြားလှစွာသော အုပ်စုအဖွဲ့ကြီး သည် ရှေးသူဟောင်းတို့၏ အဖွဲ့အစည်းတွင်းမှသာ ဖြစ်ပေလိမ့်မည်။ နောင်လာနောက်သား (ဝါ) တမန်တော်မြတ် ﷺ ၏ နောက်လိုက်ထုအတွင်း၌မူ ထို့ထက် နည်းပါးပေမည်သာ ဖြစ်၏။)

(ရှေ့၌ အလ္လာဟ်အသျှင်မြတ်၏ အထူး သီးသန့် နီးကပ်မှု ရရှိသူတို့အဖို့ ချီးမြှင့်ပေးထားသော စည်းစိမ်တော်များအား အကျယ်တဝင့် တင်ပြနေပေသည်။) ၎င်း (ထိုသို့ နီးစပ်မှုရရှိသော သူ) တို့သည် ရွှေချည် ရွှေမျှင်များဖြင့် ရက်လုပ်ထားသော သလွန်များထက်ဝယ် (မှီအုံးများကို) မှီလျက် မျက်နှာချင်းဆိုင်ထိုင် လျက် ရှိနေကြပေမည်။ (ဒုရ်ရေမန်စူးရ်ကျမ်း၌ ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးထံမှ مَوْضُونَةٌ ဟူသော စကားလုံး၏ အကျယ်ဖွင့်ဆိုချက်ကို အထက်ဖော်ပြပါအတိုင်း ဆင့်ပြန်တင်ပြထားပေသည်။) ၎င်းတို့ထံ အသက်သေဆုံးခြင်းမရှိဘဲ အမြဲထာဝရ နုငယ်လျက် ရှိနေကြရမည်ဖြစ်သော သူငယ်တို့သည် လှည့်ပတ်သွားလာလျက် ရှိကြပေမည်။

(၎င်းတို့သည်) သောက်ရေဖလားများ၊ ရေတကောင်းများနှင့် တသွင်သွင်စီးသော အရက်ဖြင့် ပြည့်လျှံလျက် ရှိသော ခွက်များကို ယူဆောင်၍ (လှည့်ပတ်သွားလာလျက် ရှိကြပေမည်။) (ထိုအချက် နှင့် စပ်လျဉ်း၍ စိစစ်တင်ပြချက်ကို 'စူရာဟ်စွားဖ်ဖားသ်'၌ တင်ပြခဲ့ပြီး ဖြစ်ပေသည်။) ၎င်းတို့သည် ထို အရက် (ကို သောက်သုံးခြင်း) ကြောင့် ခေါင်းခဲခြင်းကိုလည်း ခံစားကြရမည် မဟုတ်ပေ။ သတိလစ်ကြ မည်လည်း မဟုတ်ချေ။ (ဤအချက်သည်လည်း 'စူရာဟ်စွားဖ်ဖားသ်'၌ လာရှိထားပြီး ဖြစ်ပေသည်။) ထို့ပြင် ၎င်းတို့ ကြိုက်နှစ်သက်ကြသော သစ်သီးဝံများ (ကို ယူဆောင်၍) ၎င်းတို့ ကြိုက်နှစ်သက်ကြ သော ငှက်သားများ (ကို ယူဆောင်၍ တင်ဆက်ကြပေမည်။)

ထို့ပြင် (၎င်းတို့အဖို့) လွန်စွာ ဖြူပြီးတင့်တယ်ကာ မျက်စိပြူး၍ လှပသော မိန်းမပျိုများလည်း ရှိကြပေမည်။ (အလိုသဘောမှာ 'ဟူရ်'ကညာပျိုများ ဖြစ်ပေသည်။ ယင်း 'ဟူရ်'ကညာပျိုများ၏ အသားအရေ အရောင်အသွေးသည် ဤမျှခန့်ထိတိုင် သန့်ရှင်းပြောင်လက်နေမည်။ ထိန်းသိမ်း၍) လုံခြုံစွာ လျှို့ဝှက်၍ ထားရှိသော ပုလဲလုံးများပမာ (ရှိကြပေမည်။)

(ဤသည်) ၎င်းတို့ (လူ့လောက၌) မိမိတို့ ကျင့်မူဆောက်တည်လျက် ရှိခဲ့ကြလေသော ကောင်းမှု များ၏ အကျိုးအားဖြင့် အစားပေး (ချီးမြှင့်) တော်မူခြင်းပင် ဖြစ်၏။ (ထို့ပြင်) ထိုသူတို့သည် ယင်းဥယျာဉ် များ၌ မည်သည့်မရေမရာသော စကားများကိုလည်းကောင်း၊ မည်သည့်အပြစ်ဖြစ်စေသော စကားကိုမျှ

လည်းကောင်း ကြားကြရမည်မဟုတ်ပေ။ (ပျော်ရွှင်မှုကို ညစ်ထေးမှုဖြစ်စေသော အရက်သောက်၍ ဖြစ်စေ၊ အရက်မသောက်၍ ဖြစ်စေ အရာများ တွေ့ရှိရမည် မဟုတ်ပေ။)

'စလာမ်'၊ 'စလာမ်' (ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေ။ ဘေးရန်ခပ်သိမ်းကင်းငြိမ်းပါစေ) ဟူ၍ ပြောဆိုခြင်းကိုသာလျှင် (ကြားကြရပေလိမ့်မည်။)

وَالْمَلٰئِكَةُ يَدْخُلُوْنَ عَلَيْهِمْ مِّنْ كُلِّ بَابٍ سَلَامٌ عَلَيْكُمْ

(၎င်းပြင် ကောင်းကင်တမန်တော်များသည် ထိုသူတို့ထံသို့ တံခါးပေါက်တိုင်းမှ ဝင်ရောက်ကြပေမည်။ ထိုသို့ ဝင်ရောက်သောအခါ အသင်တို့အပေါ် ငြိမ်းချမ်းသာယာမှုသည် ကျရောက်ပါစေ' ဟု နှုတ်ခွန်းဆက်သပေမည်။) *[၁၃ : ၂၄]*

ဟူသော အာယသ်တော်နှင့် تَحِيَّتُهُمْ فِيهَا سَلَامٌ

(ထို့ပြင် ၎င်းသူတို့၏ နှုတ်ခွန်းဆက်သခြင်းမှာ 'စလာမ်'ဟူ၍ပင်ဖြစ်မည်။) *[၁၀ : ၁၀]*

ဟူသော အာယသ်တော်များ၌ အလ္လာဟ်အသျှင်မြတ် မိန့်ကြားတော်မူထားသည့်အတိုင်း ဖြစ်ပေသည်။ ယင်းမိန့်ကြားချက်များသည် ဂုဏ်ပေးချီးမြှင့်ခြင်း၏ အထောက်အထားပင် ဖြစ်ပေသည်။ အချုပ်ဆိုရသော် နာမ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာတို့နှင့် စပ်လျဉ်းသော ပျော်ရွှင်မှု အရသာတို့ကို အဆင့်အတန်း အမြင့်မားဆုံးဖြင့် ရရှိနေပေလိမ့်မည်။ ဤသည် အသာဆုံးသော သူတို့အား ချီးမြှင့်ခြင်းအကြောင်း ဖြစ်ပေသည်။)

ထို့ပြင် (ရှေ့၌ လကျ်ာဘက်သားတို့အား ချီးမြှင့်မည့် အကျိုးအစားအကြောင်းကို အကျယ်တဝင့် တင်ပြထားပေသည်။ ဆိုလိုသည်မှာ) လကျ်ာဘက်သားတို့သည် စင်စစ် ထိုလကျ်ာဘက်သားတို့မှာ အဘယ်မျှလောက် ကောင်းမြတ်ကြပေသနည်း။ (ထိုအကျဉ်းချုပ်အချက်အား အကျယ်တဝင့် အကြောင်းအရာ၏ အလျင် တစ်ဖန် ပြန်လည်တင်ပြရသည့်အကြောင်းမှာ 'ထိုအကျဉ်းချုပ်အချက်သည် ကြား၌ အခြားအရာများကို တင်ပြခဲ့သည့်အတွက် ယခု တင်ပြမည့် အကျယ်တဝင့် အကြောင်းအရာနှင့် ကွာခြားသွားသည့်အတွက်ကြောင့် ဖြစ်ပေသည်။ ရှေ့၌ ၎င်းတို့၏ ကောင်းမွန်သော အခြေအနေများအကြောင်းကို တင်ပြထားပေသည်။)

(၎င်းတို့မှာ) ဆူးများ ရှင်းထားပြီးဖြစ်သော ဆီးပင်များရှိရာ၌ ရှိကြပေမည်။ ၎င်းပြင် အခိုင်လိုက်သီးသော ငှက်ပျောပင်များ ရှိရာ၌ ရှိကြပေမည်။ ထို့ပြင် ကျယ်ဝန်းပြန့်ပြူး၍ မြဲသော အရိပ်အာဝါသ၌ ရှိကြပေမည်။ ထို့ပြင် (မြေပေါ်၌) အမြဲစီးတွေလျက်ရှိသော ရေရှိရာ၌ ရှိကြပေမည်။ ထို့ပြင် မြောက်မြားစွာသော သစ်သီးဝလံများ ရှိရာ၌ ရှိနေကြပေမည်။ (ထိုသစ်သီးဝလံများသည် မည်သည့်ရာသီဥတု၌မျှ) ကုန်ခန်းသော သစ်သီးဝလံများလည်း မဟုတ်ပေ။ (ကမ္ဘာလောက၌ ရှိသော သစ်သီးဝလံများသည် ရာသီကုန်ဆုံးချိန်၌ ကုန်ဆုံးသွားသည်သာဖြစ်ပေသည်။ မည်သို့မျှ) ပိတ်ပင်တားမြစ်ခြင်း ခံရမည်ဖြစ်သော သစ်သီးဝလံများလည်း မဟုတ်ချေ။ ကမ္ဘာလောက၌မူ ဥယျာဉ်ပိုင်ရှင်များသည် သစ်သီးဝလံများအား ထိန်းချုပ်ခြင်းများ ရှိသကဲ့သို့ မဟုတ်ပေ။)

ထို့ပြင် (၎င်းတို့သည်) မြင့်စွင့်လှစွာသော သလွန်များ၊ အခင်းအကျင်းများ၊ မွေ့ရာများအပေါ်၌ ရှိနေကြပေမည်။ (အဘယ်ကြောင့်ဆိုသော် အခင်းအကျင်းများ ခင်းကျင်းထားသော်၊ ၎င်းအဆင့်သည် မြင့်စွင့်သွားမည်သာ ဖြစ်၍ပင်တည်း။ တည်ရှိရာနေရာသည် စည်းစိမ်ခံရန် နေရာဖြစ်ပေသည်။ စည်းစိမ်ချမ်းသာခံစားခြင်းသည် အမျိုးသမီးများမပါဘဲ ပြည့်စုံမည်မဟုတ်ပေ။ ဤသဘောတရားကို ထောက်ရှု၍ ထိုဇိမ်ခံပစ္စည်းများကို တင်ပြလိုက်သည်နှင့် အမျိုးသမီးများလည်း ပါမည်ဖြစ်ကြောင်းကို သိရှိရပြီး ဖြစ်ပေသည်။ ဤအတွက်ကြောင့်ပင် ရှေ့၌ 'ဂျန္နသ်သီ'အမျိုးသမီးများဘက်သို့ اَنْشَاْنٰهُنَّ ဟူသော အာယသ်တော်အတွင်း၌ هُنَّ (ထိုသူမများ) နာမ်စားအား လှည့်ပြည့်ပြကာ ၎င်းတို့၏ အကြောင်းကို တင်ပြထားပေသည်။)

ဧကန်မလွဲ ငါအသျှင်မြတ်သည် ('ဂျန္နသ်' သုခဘုံ၌ ရှိကြကုန်သော) ထိုမိန်းမပျိုတို့အား အထူးဖန်ဆင်းတော်မူခဲ့၏။ (ယင်းအမျိုးသမီးများအတွင်း၌ 'ဂျန္နသ်'၏ ဟူရ်ကညာပျိုများလည်း ပါဝင်သလို ကမ္ဘာလောကရှိ အမျိုးသမီးများလည်း ပါဝင်ပေသည်။ ပမာဆိုရသော် ရူဟုလ်မအာနီကျမ်းအတွင်း၌ သိရ်မေဇီကျမ်း၏ အကိုးအကားဖြင့် ဤဟဒီးစ်စေ့မရ်ဖူးအ် (တမန်တော်မြတ် ﷺ ထံမှ ဆင့်ပြန်လာရှိထားသော ဟဒီးစ်ဆင့်ပြန်ချက်) ကို တင်ပြထားပေသည်။ ဤအာယသ်တော်အတွင်း၌ အသစ်၊ အထူး အဖန်ဆင်းထားတော်မူသော အမျိုးသမီးများ၏ အလိုသဘောမှာ 'ကမ္ဘာလောက၌ အိုမင်းရင့်ရော်သွားသော (သို့မဟုတ်) အကျည်းတန်သော အမျိုးသမီးများနှင့် စပ်လျဉ်း၍ 'ငါအသျှင်မြတ်သည် ထိုအမျိုးသမီးတို့အား အထူးဖန်ဆင်းတော်မူခဲ့၏' ဟူ၍ မိန့်တော်မူထားပေသည်။ အကျယ်တဝင့် တင်ပြချက်ကို ရှေ့၌ တင်ပြပေမည်။)

တစ်ဖန် ငါအသျှင်မြတ်သည် ၎င်းတို့အား ပျိုကညာများ ပြုလုပ်တော်မူခဲ့၏။ (ဆိုလိုသည်မှာ ပေါင်းသင်းဆက်ဆံ ကိုယ်လက်နှီးနှောပြီးနောက်၌လည်း အပျိုစင်အဖြစ်သာ တည်ရှိနေပေမည် ဖြစ်သည် ဟူ၏။ ပမာတင်ပြရမည်ဆိုသော် ဒုရ်ရေမန်စူးရ်ကျမ်း၌ ဆင့်ပြန်တင်ပြခဲ့သော ဟဇရသ်အဗူစအီးဒ်ခွဒ်ရီး ؓ သခင်ကြီးထံမှ 'မရ်ဖူးအ်' ဟဒီးစ်တော်တစ်ရပ်ဖြင့် အတည်ပြု သိရှိရပေသည်။)

(လင်ယောကျ်ားတို့အား) ချစ်ခင်စုံမက်ကြသော (လှုပ်ရှားမှုဟန်ပန်၊ အမူအယာ၊ ချောမောပြေပြစ်လှပသော ရူပကာ၊ စာရိတ္တ အလှရှိရှိသမျှတို့သည် ယင်းယောကျ်ားတို့၏ စိတ်နှလုံးသားကို ဆွဲဆောင်လျက်ရှိမည်။ 'ဂျန္နသ်'သားတို့နှင့်) သက်တူ၊ ရွယ်တူများအဖြစ် (ပြုလုပ်တော်မူခဲ့၏။ ထိုအချက်နှင့် စပ်လျဉ်း၍ စီစစ်တင်ပြချက်ကို 'စူရာဟ်ဝါးဒ်'၌ တင်ပြခဲ့ပြီးဖြစ်သည်။) ဤသည်တို့မှာ လက်ျာဘက်သားတို့အဖို့ ဖြစ်ကြ၏။

(ရှေ့၌ လက်ျာဘက်သားတို့တွင်လည်း များစွာသော အုပ်စုအဖွဲ့များ ရှိကြောင်းကို တင်ပြထားပေသည်။ ဆိုလိုသည်မှာ) ၎င်း (လက်ျာဘက်သား) တို့တွင် ရှေးသူဟောင်းတို့အနက်မှ ကြီးကျယ်လှစွာသော အုပ်စုကြီးတစ်စုသည်လည်းကောင်း၊ နောက်လာနောက်သားတို့အနက်မှ ကြီးကျယ်လှစွာသော အုပ်စုကြီး

တစ်စုသည်လည်းကောင်း ပါဝင်ကြကုန်ပေလိမ့်မည်။ (သို့သာမက နောင်လာနောက်သားတို့အနက်၌ လက်ျာဘက်သားတို့သည် ရှေးသူဟောင်းတို့နှင့် နှိုင်းယှဉ်လျှင် အရေအတွက်၌ သာပို၍ များပြားပေလိမ့်မည်။ ဟဒီးစ်တော်များ၌ ရှင်းလင်းစွာဖြင့် လာရှိထားသည်မှာ ဤအွမ္မသ်၌ ရှိသော မုအ်မင်န်များ၏ စုစုပေါင်း အရေအတွက်မှာ အတိတ်ခေတ်၏ အွမ္မသ်များ၏ မုအ်မင်န်တို့၏ အရေအတွက်ထက် များပြားပေလိမ့်မည် ဟူ၏။ ဤသည်မှာ 'လက်ျာဘက်သားတို့သည် ဤအွမ္မသ်၌ များပြားစွာ ရှိနေခြင်းသည်' ဟူသော သဘောမျိုး၊ ပုံစံမျိုး၌သာလျှင် ဖြစ်နိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်နှင့် သီးသန့် နီးစပ်မှု ရရှိထားသောသူများ အများစုသည် ရှေးသူဟောင်းတို့အနက်မှ ဖြစ်မည့်အကြောင်း အထက်ဖော်ပြပါ အာယသ်တော်ဖြင့် အတည်ဖြစ် သိရှိခဲ့ပြီးဖြစ်ပေသည်။ လက်ျာဘက်သားတို့သည် အဆင့်အတန်းသည် အသျှင်မြတ်နှင့် အထူးသီးသန့် နီးကပ်မှု ရရှိသော သူတို့၏ အဆင်အတန်းအရာနှင့် နှိုင်းယှဉ်လျှင် နိမ့်ပါးလေရာ ၎င်းတို့၏ အကျိုး အစားသည်လည်း နည်းပါးပေလိမ့်မည်။ သို့ရှိရာ ယင်းနှင့် စပ်လျဉ်းသော တင်ပြချက်ကို အလ္လာဟ် အသျှင်မြတ်နှင့် နီးကပ်မှု ရရှိသော သူတို့အား အကျိုးအစားချီးမြှင့်ရာ၌ မြို့သားများ သာပို နှစ်သက်သော ဇိမ်ခံအရာ ဝတ္ထုပစ္စည်းများကို များစွာ တင်ပြထားပေသည်။ လက်ျာဘက်သားတို့အား အကျိုးအစားချီးမြှင့်ရာ၌ ရွာသားများ သာပို နှစ်သက်သော အရာများကို များစွာ တင်ပြထားပေသည်။ ယင်းသို့ တင်ပြထားခြင်းသည် 'ထိုလူတန်းစားနှစ်ရပ်၌ မြို့သားနှင့် ရွာသားတို့ ကွာခြားသကဲ့သို့ ကွာခြားကြောင်း' ၏ ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားဟန် တူပေသည်။ ရူဟုလ်မအာနီကျမ်း၌ ဤအတိုင်း တင်ပြထားပေသည်။)

သို့ရာတွင် (ရှေ့၌ ကာဖိရ်များနှင့် ၎င်းတို့ ခံစားရမည့် ပြစ်ဒဏ်အကြောင်းကို တင်ပြထားပေသည်။ ဆိုလိုသည်မှာ) လက်ဝဲဘက်သားတို့မှာမူ၊ စင်စစ် ထိုလက်ဝဲဘက်သားတို့သည် အဘယ်မျှလောက် ဆိုးရွားလှပေသနည်း။ (ထိုအကျဉ်းချုပ်၏ အကျယ်တဝင့် တင်ပြချက်မှာ ထိုလက်ဝဲဘက်သားတို့မှာ) ခြစ်ခြစ်ပူလောင်သော လေပူ၌လည်းကောင်း၊ ပွက်ပွက်ဆူလျက်ရှိသော ရေနွေးပူ၌လည်းကောင်း၊ လွန်စွာ နက်မှောင်သော အခိုးအငွေ့၏ အရိပ်၌လည်းကောင်း ရှိကြပေမည်။ (ယင်းအရိပ်မှာ) အေးမြသည်လည်း မဟုတ်ပေ။ (အမောပြေ) ပြန်၍ လန်းဆန်းစေသည်လည်း မရှိချေ။ (အရိပ်ကြောင့် ကိုယ်ခန္ဓာရေးရာဆိုင်ရာ အကျိုးဖြစ်သော သက်တောင့်သက်သာနှင့် အေးမြမှုကို ရရှိပေသည်။ ဇိမ်ခံမှုနှင့် ပျော်ရွှင်မှုဟူသော နာမ်ပိုင်းဆိုင်ရာ အကျိုးကိုလည်း ရရှိပေသည်။ ထိုနေရာ၌ ယင်းအရာနှစ်ခုစလုံး ရှိမည်မဟုတ်ပေ။ ဤအခိုးအငွေ့သည် အထက် စူရာဟ်တော်ဖြစ်သည့် စူရာဟ်ရဟ်မာန်အတွင်း လာရှိထားသော نُحَاسٌ ဟူသော စကားလုံးဖြင့် လာရှိထားပေသည်။)

(ရှေ့၌ ထိုသို့ ပြစ်ဒဏ်ပေးရခြင်းအကြောင်းကို တင်ပြထားပေသည်။) ဧကန်စင်စစ် ၎င်းတို့သည် ထိုသည့်အလျှင် (ကမ္ဘာလောက၌) စည်းစိမ်ကြီးသူများပင် ဖြစ်ခဲ့ကြကုန်၏။ ထို့ပြင် (ထိုစည်းစိမ်ကြီးမှု အပေါ် မာန်တက်ရာ၌) အလွန်အမင်း ကြီးလေးသော ပြစ်မှုဒုစရိုက်ကို ဇွတ်တိုး၍ ကျူးလွန်လျက် ရှိခဲ့ကြကုန်၏။ (အလိုသဘောမှာ ၎င်းတို့သည် အီမာန်ကို လက်မခံခဲ့ကြပေဟူ၏။)

(ရှေ့၌ ၄င်းတို့၏ 'ကုဖွရ်' သွေဖည်ငြင်းဆိုမှုပြုခြင်း အကြောင်းကို တင်ပြထားပေသည်။) ယင်းသို့ ငြင်းဆိုမှုပြုရာ၌ များစွာ ပါဝင်ပတ်သက်၊ အဓိကကျသော အရာမှာ 'အမှန်တရားကို မရှာဖွေခြင်းပင် ဖြစ်သည်။ ထို့ပြင် ၄င်းတို့သည် ဤသို့ ပြောဆိုလျက် ရှိခဲ့ကြကုန်၏။ 'ကျွန်ုပ်တို့သည် သေဆုံးပြီးနောက် မြေကြီးနှင့် အရိုးများဖြစ် (၍ ကျန်ရစ်) ခဲ့ကြလေသောအခါ (အမှန်ပင် ထို့နောက်) ရှင်ပြန်ထစေခြင်းကို ခံကြရဦးမည်လော။ '၄င်းပြင် ရှေးသူဟောင်းများ ဖြစ်ကြသော ကျွန်ုပ်တို့၏ အဘ၊ ဘိုး၊ ဘေးတို့သည်လည်း (ရှင်ပြန်ထကြရဦးမည်လော။)' (အကြောင်းမှာ 'ကေယာမသ်'နေ့ကို ငြင်းဆိုသောသူများ၌ အချို့သော ကာဖိရ်ငြင်းဆိုသောသူများသည် တမန်တော်မြတ် ﷺ ၏ ခေတ်ကာလ၌လည်း ရှိကြပေသည်။ ထို့ကြောင့် ၄င်းတို့ နှင့် စပ်လျဉ်း၍ မိန့်တော်မူထားသည်မှာ အို၊ နဗီတမန်တော်) အသင်သည် (၄င်းတို့အား) ပြောကြားပါလေ။ (အချင်းတို့) ဧကန်မလွဲ ရှေးလူဟောင်းတို့သည်လည်းကောင်း၊ နောင်လာနောက်သားတို့သည်လည်းကောင်း၊ အမှန်ပင် သတ်မှတ်ပြီးဖြစ်သောနေ့ ဆိုက်ရောက်လာသော အချိန်တွင် စုရုံးခြင်းကို ခံကြရပေမည်။

ထို (သို့ စုရုံးရောက်ရှိစေပြီး) နောက် အို၊ လမ်းမှားသူတို့၊ မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်သော သူတို့၊ အသင်တို့သည် ဧကန်မလွဲ (ပင်) 'ဇက္ကူမ်' ရှားစောင်းခါးပင် (ကို) စားကြရမည် ဖြစ်၏။ တစ်ဖန် (အသင်တို့သည်) ယင်းရှားစောင်းခါးပင် (မှ စားသုံးခြင်းအား) ဖြင့် ဝမ်းဗိုက်များကို ဖြည့်ကြရမည်ဖြစ်၏။ တစ်ဖန် (အသင်တို့သည်) ယင်းရှားစောင်းခါးပင် စားပြီးနောက် ပွက်ပွက်ဆူလျက်ရှိသော ရေနွေးပူကို သောက်သုံးကြရမည် ဖြစ်၏။ ထိုအခါ (အသင်တို့သည် ထိုပွက်ပွက်ဆူလျက်ရှိသော ရေနွေးကို) လွန်စွာ ရေမွတ်သိပ်လျက် ရှိကြ ကုန်သော ကုလားအုတ်များ သောက်သကဲ့သို့ပင် သောက်သုံးကြရပေမည်။ (အချုပ်မှာ) ဤသည် ၄င်းတို့အား အစားပေးသော နေ့တွင် ဧည့်ခံကျွေးမွေးခြင်းပင် ဖြစ်ပေလိမ့်မည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

'စူရာဟ်ဝါကေအာ' ၏ ထူးမြတ်မှုနှင့် ကွယ်လွန်အံ့ဆဲဆဲအချိန် ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န် မတ်စ်အူးဒ် رضي الله عنه သခင်ကြီး၏ သင်ခန်းစာ ရယူထိုက်ဖွယ် ဆုံးမလမ်းညွှန်မှုများ

အိဗ်နေကစီးရ် (ရဟ) သခင်ကြီးသည် အိဗ်နေအစာကိရ်ကျမ်း၏ အညွှန်းဖြင့် အဗူဇွဗီယား (ရဟ) သခင်ကြီးထံမှ ဤအောက်ဖော်ပြပါဖြစ်အင်ကို ဆင့်ပြန်ထားပေသည်။ ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န် မတ်စ်အူးဒ် رضي الله عنه သခင်ကြီး ကွယ်လွန်အံ့ဆဲဆဲ ရောဂါခံစားရနေချိန်၌ ဟဇရသ်အွတ်စ်မာန်ဂနီ رضي الله عنه သခင်ကြီးသည် ၄င်းအား လူမမာအခြေအနေသတင်း မေးမြန်းရန်အတွက် ကြွမြန်းသွားတော်မူခဲ့သည်။

ဟဇရသ်အွတ်စ်မာန်း رضي الله عنه သခင်ကြီးသည် مَا تَشْتَكِي (မည်သည့်ဒုက္ခ၊ ခံစားမှုကို ခံစားနေရပေသနည်း) ဟူ၍ မေးမြန်းရာ ذُنُوبِي (မိမိ၏ ပြစ်မှုဒုစရိုက်များနှင့် စပ်လျဉ်း၍ ဝေဒနာခံစားမှု ဒုက္ခကို

ခံစားနေရပေသည်) ဟူ၍ ပြန်လည်ဖြေကြားခဲ့ပေသည်။ တစ်ဖန် مَاتَشْتَهِي (မည်သည့်အရာကို လိုလားနေပေသနည်း) ဟူ၍ ဟဇရသ်အွတ်စ်မာန်း ﷺ သခင်ကြီးက တစ်ဖန် မေးမြန်းရာ رَحْمَةَ رَبِّي 'မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ကရုဏာတော်) ကို လိုလားနေပေသည်' ဟူ၍ ပြန်လည်ဖြေကြားခဲ့ပေသည်။ တစ်ဖန် ဟဇရသ်အွတ်စ်မာန်း ﷺ သခင်ကြီးက 'အသင့်အတွက် ဆေးဆရာတစ်ဦးကို ကျွန်ုပ် ခေါ်ပေးမည်'ဟူ၍ မေးမြန်းရာ اَلطَّبِيْبُ اَمْرَضَنِي (ဆေးဆရာသည်ပင်လျှင် ကျွန်ုပ်အား ရောဂါဖြစ်စေထားပေ သည်) ဟူ၍ ပြန်လည် ဖြေကြားခဲ့ပေသည်။ တစ်ဖန် ဟဇရသ်အွတ်စ်မာန်ဂနီ ﷺ သခင်ကြီးသည် 'အသင့်အတွက် အစိုးရဘဏ္ဍာတိုက် တစ်စုံတစ်ရာ လက်ဆောင်အဖြစ် ပေးပို့ရမည်လော' ဟူ၍ မေးမြန်းရာ لَاحَاجَةَ لِي فِيْهَا (ယင်းအရာနှင့် စပ်လျဉ်း၍ ကျွန်ုပ်အဖို့ တစ်စုံတစ်ရာ မလိုအပ်ပေ) ဟူ၍ ပြန်လည်ဖြေကြားခဲ့ပေသည်။ ဟဇရသ်အွတ်စ်မာန် ﷺ သခင်ကြီးသည် 'အသင် လက်ဆောင်ငွေကြေးကို ရယူလိုက်ပါ။ အသင် ကွယ်လွန်သွားပြီးနောက် အသင်၏ သမီးမိန်းကလေးများအဖို့ အသုံးဝင်ပေလိမ့်မည်' ဟူ၍ မိန့်ဆိုရာ ၎င်းက 'အသင်သည် ကျွန်ုပ်၏ သမီးများနှင့် စပ်လျဉ်း၍ ဆင်းရဲငတ်ပြတ်မှု အတွင်း၌ ကျဆုံးသွားမည်ကို စိုးရိမ်နေပေသည်။ ကျွန်ုပ်သည် ယင်းအချက်နှင့် စပ်လျဉ်း၍ သောကတစ်စုံတစ်ရာ မရှိရခြင်းအကြောင်းမှာ ကျွန်ုပ်သည် မိမိ၏ သမီးများကို ညစဉ်ညတိုင်း စူရာဟ်ဝါကေအာဖတ်ရန် လေးလေးနက်နက် မှာကြားထားပြီး ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် တမန်တော်မြတ် ﷺ ထံတော်မှ

من قرأ سورة الواقعة كلّ ليلة لم تصبه فاقة ابدا

(အကြင်သူသည် ညစဉ်ညတိုင်း စူရာဟ်ဝါကေအာကို ဖတ်ရွတ်မည်ဆိုလျှင် မည်သည့်အခါမျှ ဆင်းရဲမွဲတေမှုအတွင်း၌ ကျဆုံးမည်မဟုတ်) ဟူသော ဟဒီးစ်တော်ကို ကြားနာခဲ့ရ၍ ဖြစ်သည်' ဟု ပြန်လည်ဖြေကြားခဲ့ပေသည်။ *[အိဗ်နေကစီးရ်]*

အိဗ်နေကစီးရ် (ရဟ) သခင်ကြီးသည် အိဗ်နေအစာကိရ်သခင်ကြီး၏ စနဒ် ဆင့်ကဲဆင့်ပြန်သူများဖယားဖြင့် ဤဆင့်ပြန် ချက်ကို တင်ပြပြီးနောက် ယင်းဆင့်ပြန်ချက်အား အထောက်အကူပြု ခိုင်လုံစေသည့် ဆင့်ပြန်ချက်များကို အခြားသော ဆင့်ကဲဆင့်ပြန်မှုများနှင့် အခြားသော စာအုပ်များမှလည်း ဆင့်ပြန်တင်ပြထားပေသည်။

إِذَا وَقَعَتِ الْوَاقِعَةُ

(အကြင်အခါဝယ် အဖြစ်အပျက် 'ကေယာမသ်'ရှင်ပြန်ထရမည့်နေသည် ဖြစ်လာသောအခါ။)

[၅၆ : ၁]

အိဗ်နေကစီးရ် (ရဟ) သခင်ကြီးက အမိန့်ရှိသည်မှာ واقعة ဟူသည် 'ကေယာမသ်'နေ့၏ အမည်များထဲမှ အမည်နာမတစ်ခု ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ထို 'ကေယာမသ်'ဆိုက်ရောက်လာခြင်းနှင့် စပ်လျဉ်း၍ ဒွိဟသံသယဖြစ်ရန် အကြောင်းတစ်စုံတစ်ရာမျှ မရှိအပ်သောကြောင့်ပင် ဖြစ်သည်ဟူ၏။

لَيۡسَ لِوَقۡعَتِهَا كَاذِبَةٌ

(ယင်းအဖြစ်အပျက် 'ကေယာမသ်'ဖြစ်ပျက်စပ်လျဉ်း၍ မဟုတ်မမှန်ဟူ၍မရှိပေ။) [၅၆ : ၂]

كَاذِبَةٌ ဟူသော စာလုံးသည် عَافِيَة ၊ عَاقِبَة ဟူသော စကားလုံးမျိုး များကဲ့သို့ နာမ်ပုဒ် ဖြစ်သည်။ ၄င်း၏ အာယသ်တော်၏ အလိုသဘောမှာ '၄င်းအရာ ဆိုက်ရောက်လာခြင်းနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ မဟုတ်မမှန်ဟူ၍ မဖြစ်နိုင်'ဟူ၍ ဖြစ်၏။ အချို့သော အာလင်မ်သာသာနာ့ ပညာရှင်ကြီးများသည် كَاذِبَةٌ ဟူသော စကားလုံးကို تَكۡذِيۡب 'ငြင်းဆိုခြင်း'၏ အဓိပ္ပာယ်၌ ဖြစ်သည်ဟူ၍ သတ်မှတ် တင်ပြကြပေသည်။ ထို 'ကေယာမသ်'နေ့အား ငြင်းဆိုခြင်းသည် မဖြစ်နိုင်ဟူ၍ ယင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ ပေါ်လွင်လှပေသည်။

خَافِضَةٌ رَّافِعَةٌ

(ယင်းအဖြစ်အပျက်သည် အချို့အား နိမ့်ကျစေ၍ အချို့ကိုမူ မြင့်စေမည်။) [၅၆ : ၃]

ဆိုလိုသည်မှာ 'ကေယာမသ်'နေ့ ဆိုက်ရောက် ဖြစ်ပေါ်လာခြင်းသည် များစွာသော အဆင့်အတန်း မြင့်မားသည့် မျိုးနွယ်အုပ်စုများနှင့် ပုဂ္ဂိုလ်များကို အဆင့်အတန်းနိမ့်ကျ၊ သေးသိမ်စေ၍ အဆင့်အတန်းနိမ့်၊ မပြောပလောက်သော မျိုးနွယ်အုပ်စုများနှင့် ပုဂ္ဂိုလ်များကို အဆင့်အတန်း မြင့်မားစေတော်မူပေမည်ဟူ၍ တည်း။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးထံမှ ထိုဝါကျ၏ အကျယ်ဖွင့်ဆိုချက်ကို ဤအထက်ဖော်ပြပါ အတိုင်းပင် ဆင့်ပြန်လာရှိထားပေသည်။ ထိုဝါကျတော်ကို တင်ပြခြင်းဖြင့် ရည်ရွယ်ချက်မှာ 'ထိုနေ့၏ ကြောက်မက်ဖွယ်ကောင်းခြင်းနှင့် ထိုနေ့တွင် အံ့ဖွယ်ကောင်းသော အပြောင်းအလဲများနှင့် ရင်ဆိုင်ရမည့် အကြောင်း'ကို တင်ပြရန်ဖြစ်ပေသည်။ ပမာဆိုရသော် မင်းပြောင်း၊ မင်းလွဲများဖြစ်သော အချိန်၌ 'အထက်မှ ရှိသော သူတို့သည် အောက်သို့ ကျ၍၊ အောက်အဆင့်၌ ရှိသော သူတို့သည် အထက်အဆင့်သို့ ရောက်ရှိ သွားခြင်းနှင့် ဆင်းရဲသောသူတို့သည် ချမ်းသာသွား၍ ချမ်းသာသော သူတို့သည် ဆင်းရဲသွားခြင်း' ကို မျက်ဝါးထင်ထင် တွေ့မြင်ရသကဲ့သို့ပင် ဖြစ်ချေမည်။ [ရူးဟ်]

'ကေယာမသ်' ကွင်းပြင်၌ စုရုံးရောက်ရှိနေသူများတွင် လူတန်းစား (၃) ရပ်

وَكُنۡتُمۡ اَزۡوَاجًا ثَلٰثَةً

(ထို့ပြင် အသင်တို့ လူသားအားလုံးသည် (၃) မျိုး (၃) စား ဖြစ်သွားကြပေမည်။) [၅၆ : ၇]

အိဗ်နေကစီးရ် (ရဟ) သခင်ကြီးက အမိန့်ရှိသည်မှာ 'ကေယာမသ်'နေ့၌ ကမ္ဘာ့လူသားထုတစ်ရပ်လုံး သည် အုပ်စု (၃) စုအတွင်း၌ ကွဲသွားမည်ဖြစ်ပေသည်။ ပထမအုပ်စုမှာ 'အရရှ်'တော်၏ လက်ယာဘက်၌ တည်ရှိကြပေမည်။ ဤသူတို့သည် ဟဇရသ်အာဒမ် ﷺ ၏ လက်ယာဘက်မှ ပေါက်ဖွားလာကြသော

သူများ ဖြစ်မည်။ ၎င်းတို့၏ ဆောင်ရွက်ချက်၊ ကျင့်စဉ်မှတ်တမ်းသည် ၎င်းတို့၏ လက်ယာဘက်လက်၌ ချီးမြှင့်ခြင်း ခံရပေလိမ့်မည်။ ၎င်းတို့အား 'အရှ်'တော်၏ လက်ယာဘက်၌ စုရုံးထားရှိပေလိမ့်မည်။ ဤသူများအားလုံးသည် 'ဂျန္နသ်'သားများ ဖြစ်ကြပေလိမ့်မည်။

ဒုတိယအုပ်စုမှာ 'အရှ်'တော်၏ လက်ဝဲဘက်၌ စုရုံးစေခြင်းကို ခံရပေလိမ့်မ်။ ယင်းသူတို့သည် ဟဇရသ်အာဒမ် ﷺ ၏ လက်ဝဲဘက်မှ ပေါက်ဖွားလာကြသူများ ဖြစ်မည်။ ၎င်းတို့၏ ဆောင်ရွက်ချက်၊ ကျင့်စဉ်မှတ်တမ်းကို ၎င်းတို့၏ ဝဲဘက်လက်၌ ပေးအပ်ခြင်း ခံရပေလိမ့်မည်။ ၎င်းတို့အားလုံးကို ဝဲဘက်၌ စုရုံးစေခြင်းကို ခံရပေလိမ့်မည်။ ဤသူများ အားလုံးသည် ငရဲဘုံသားများ ဖြစ်ကြပေလိမ့်မည်။ (ငရဲဘုံမှ လွတ်ကင်းရန် အလ္လာဟ်အသျှင်မြတ်ထံ ခိုလှုံခွင့်ကို တောင်းခံပါ၏။)

တတိယအုပ်စုမှာ سابقين အသာဆုံးသော သူတို့ပင် ဖြစ်သည်။ ယင်းသူတို့သည် 'အရှ်'တော်အား ဖန်ဆင်းစိုးပိုင်တော်မူသော အသျှင်မြတ်၏ ရှေ့တော်မှောက်တွင် အထူးသီးသန့် နီးကပ်သော နေရာ၌ ရှိနေကြပေလိမ့်မည်။ ယင်းသူများတွင်း နဗီ၊ ရစူလ်တမန်တော်များ၊ သစ္စာဝါဒီရှင်များ၊ အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်တွင် တိုက်ခိုက်ရင်း အသက်စတေး ကျဆုံးသွားသူများနှင့် 'ဝလီ'သူတော်စင်များ ပါဝင်ကြပေလိမ့်မည်။ ၎င်းတို့၏ အရေအတွက်သည် လက်ျာဘက်သားတို့၏ အရေအတွက်နှင့် နှိုင်းယှဉ်လျှင် နည်းပေလိမ့်မည်ဟူ၍တည်း။

စူရာဟ်တော်၏ နောက်ဆုံးပိုင်း၌ ထိုအုပ်စု (၃) စုစလုံး၏ အကြောင်းသည် 'လူသားတို့ ကွယ်လွန်သေဆုံးခါနီးအချိန်မှစ၍ မည်သူသည် မည်သည့်အုပ်စုအတွင်း၌ ပါဝင်သည်ဟု ခံစားနားလည် သိရှိနိုင်မည့် လက္ခဏာ၊ သက်သေများ ထင်ဟပ်လာမည်' ဟူသော အချက်အပေါ် အခြေခံကာ လာရှိပေဦးမည်။

وَالسّٰبِقُوْنَ السّٰبِقُوْنَ

(ထို့ပြင် တတိယအမျိုးအစားများဖြစ်ကြသော အသာဆုံး၊ အရှေ့ဆုံး၊ အမြင့်မြတ်ဆုံးသော သူတို့သည် အသာဆုံး၊ အရှေ့ဆုံး၊ အမြင့်မြတ်ဆုံးသော သူများပင် ဖြစ်ကြကုန်၏။) *[၅၆ : ၁၀]*

အေမာမ်အဟ်မဒ် (ရဟ) သခင်ကြီးသည် ဟဇရသ်အာအေရှားဟ် ﷺ သခင်မကြီးထံမှ ဆင့်ပြန်ထားပေသည်။ တမန်တော်မြတ် ﷺ သည် ဆွဟာဗာကြီးများအား 'ကေယာမသ်နေ့၌ အလ္လာဟ်အသျှင်မြတ်၏ အရိပ်တော်ထားရှိရာ ဘက်သို့ ဦးစွာပထမ ရောက်ရှိမည့်သူများ မည်သူများဖြစ်ကြောင်း အသင်တို့ သိရှိပါ၏လော့'ဟူ၍ မေးမြန်းရာ၊ ၎င်းတို့က 'အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေ၏' ဟူ၍ ပြန်လည် လျှောက်ထားကြပေသည်။ တမန်တော်မြတ် ﷺ သည် 'ထိုသူတို့သည် အမှန်တရားဘက်သို့ ဖိတ်ခေါ်သောအခါ လက်ခံပြီး ၎င်းတို့ထံ ရပိုင်ခွင့်များကို တောင်းခံသောအခါ ပေးဆပ်၍ လူတို့၏ အမှုကိစ္စအား မိမိနှင့် နှိုင်း၍ ဆုံးဖြတ်ပေးကြသောသူများ ဖြစ်၏' ဟူ၍ ပြန်လည် မိန့်ကြားတော်မူလိုက်ပေသည်။

မူဂျာဟိဒ် (ရဟ) သခင်ကြီးသည် **سابقين** ၏ အလိုသဘောကို 'နဗီတမန်တော်များ ဖြစ်သည်' ဟူ၍ မိန့်ဆိုထားပေသည်။ အိမ်နေစီရီးန် (ရဟ) သခင်ကြီးက 'ဗိုက်သုလ်မုကဒ်ဒဒ်စ်' နှင့် 'ကအ်ဗာဟ်' ဟူသော 'ကိဗ်လာဟ်' နှစ်ခုစလုံးဘက်၌ နမာဇ်ဖတ်ဘူးသော သူများဟူ၍ မိန့်ဆိုထားပေသည်။ ဟဇရသ် ဟစံ (ရဟ) နှင့် ကသာဒဟ် (ရဟ) သခင်ကြီးတို့က 'အွမ္မသ်တိုင်းတွင် **سابقين** များရှိသည်' ဟူ၍ မိန့်ဆိုထားကြလေသည်။ အချို့သော အဖွင့်ရှင်များက 'ဗလီဝတ်ကျောင်းတော်သို့ ဦးစွာပထမ ရောက်ရှိသော သူတို့သည် **سابقين** များဖြစ်သည်' ဟူ၍ မိန့်ထားကြပေသည်။

အိဗ်နေကစီးရ် (ရဟ) သခင်ကြီးသည် ထိုအဆိုများအားလုံးကို တင်ပြပြီးနောက် 'ဤအဆိုများ အားလုံးသည် မိမိတို့၏ သက်ဆိုင်ရာ နေရာများ၌ အားလုံး မှန်ကန်ကြပေသည်။ ထိုအဆိုများအတွင်း တစ်စုံတစ်ရာ အကွဲအလွဲမရှိပေ။ အဘယ်ကြောင့်ဆိုသော် **سابقين** ဟူသည် ထိုသူတို့သည်သာလျှင် ဖြစ်ပေသည်။ အကြင်သူတို့သည် ကမ္ဘာလောက၌ ကုသိုလ်အကျိုးလုပ်ငန်းများဘက်သို့ ဦးစွာ ရောက်ရှိနှင့်သူများ ဖြစ်ပေသည်။ သို့ရှိရာ အကြင်သူသည် ဤကမ္ဘာလောက၌ ကုသိုလ်အကျိုးလုပ်ငန်းများတွင် အခြားသော သူများထက် သာနေမည်ဆိုပါက ထိုသူသည် နောင် 'အာခေရသ်'၌လည်း **سابقين** ဟူသော အသာဆုံး လူတန်းစားအတွင်းထဲမှ ဖြစ်ပေမည်။ အဘယ်ကြောင့်ဆိုသော် နောင် 'အာခေရသ်' ၏ အကျိုးအစားသည် ကျင့်ကြံချက်နှင့်အညီ ချီးမြှင့်ခြင်းခံရသောကြောင့်ပင် ဖြစ်၏' ဟူ၍ မိန့်ဆိုတင်ပြခဲ့ပေသည်။

ثُلَّةٌ مِّنَ الْاَوَّلِيْنَ وَقَلِيْلٌ مِّنَ الْاٰخِرِيْنَ

(ယင်းဥယျာဉ်များတွင် ရှေးသူဟောင်းတို့အနက်မှ အလွန် ကြီးမားများပြားလှသော အုပ်စုကြီးတစ်စု ရှိပေမည်။ ၄င်းပြင် နောင်လာနောက်သားတို့အနက်မှာမူ အနည်းငယ်သာ ရှိကြပေမည်။)*[၅၆ : ၁၃-၁၄]*

ثاء 'ဗာ' အက္ခရာပေါ်၌ 'ပေးရှ်'နှင့် လာသည့် **ثُلَّةٌ** ဟူသော စကားလုံး၏ အဓိပ္ပာယ်သည် 'အသင်းအဖွဲ့'ဟူ၍ ဖြစ်ပေသည်။ ဇမခ်ရှရီး (ရဟ) သခင်ကြီးက အလွန်ကြီးမားသော အသင်းအဖွဲ့ကို ခေါ်ဆိုသည်ဟူ၍ မိန့်ကြားထားပေသည်။ *[ရူးဟ်]*

اولين (ရှေးသူဟောင်းများ) နှင့် اخرين (နောင်လာနောက်သားများ) ၏ အလိုသဘော

ဤနေရာ၌ ရှေးသူဟောင်းများနှင့် နောင်လာနောက်သားများဟူ၍ အုပ်စုနှစ်ခု ရှိနေကြောင်းကို နှစ်နေရာ၌ တင်ပြထားပေသည်။ ပထမနေရာမှာ **سابقين مقربين** (အသာဆုံးသောသူများ အလ္လာဟ်အသျှင်မြတ်နှင့် အထူးသီးသန့် နီးကပ်မှု ရရှိသော သူများနှင့် စပ်လျဉ်း၍ တင်ပြထားရာ၌ ဒုတိယနေရာမှာ **اصحاب اليمين** လက်ယာဘက်သားများ) ဖြစ်သော သာမန်မုအ်မင်န်တို့နှင့် စပ်လျဉ်း

ကာ တင်ပြထားရာ၌ ဖြစ်ပေသည်။ ပထမနေရာ၌ ဆိုလိုသည်မှာ سابقين (အသာဆုံးသော သူများ) နှင့် စပ်လျဉ်း၍ တင်ပြရာ၌ 'ဤအသာဆုံးအသျှင်မြတ်နှင့် နီးကပ်မှုရရှိသော သူတို့သည် ရှေးသူဟောင်းတို့အတွင်းဝယ် ကြီးမားသော အဖွဲ့အစည်းအဖြစ် တည်ရှိပြီး နောင်လာနောက်သားတို့တွင် နည်းပါးကြောင်း' ဟူသော ခြားနားချက်ကို တင်ပြထားပေသည်။ တင်ပြလျက်ရှိနေသော အာယသ်တော်အတွင်း၌ လာရှိထားပြီး ဖြစ်ပေသည်။ ဒုတိယနေရာ၌ ဆိုလိုသည်မှာ اصحاب اليمين (လက်ယာဘက်သားများ) နှင့်စပ်လျဉ်း၍ တင်ပြရာ၌ اوّلين (ရှေးသူဟောင်းများ) နှင့် اخرين (နောင်လာနောက်သားများ) နှစ်အုပ်စုစလုံးတွင် ثُلَّةٌ (အဖွဲ့အစည်းကြီး) ဟူသော စကားလုံးသည် လာရှိနေပေသည်။ အဓိပ္ပာယ်မှာ 'လက်ယာဘက်သားတို့သည် ရှေးသူဟောင်းတို့အထဲတွင်လည်း ကြီးမားလှစွာသော အဖွဲ့အစည်းကြီးအဖြစ် တည်ရှိနေပြီး နောင်လာနောက်သားတို့တွင်လည်း ကြီးမားလှစွာသော အဖွဲ့အစည်းကြီးအဖြစ် တည်ရှိနေပေသည်ဟူ၍။ ယင်းကို

ثُلَّةٌ مِّنَ الْاَوَّلِيْنَ وَ ثُلَّةٌ مِّنَ الْاٰخِرِيْنَ

(၄င်း (လက်ျာဘက်သား) တို့တွင် ရှေးသူဟောင်းတို့အနက်မှ အလွန် ကြီးမား များပြားလှစွာသော အုပ်စုကြီးတစ်စုသည်လည်းကောင်း၊ နောင်လာနောက်သားတို့အနက်မှ အလွန် ကြီးမား များပြားလှစွာသော အုပ်စုကြီးတစ်စုသည်လည်းကောင်း ပါဝင်ကြကုန်ပေလိမ့်မည်။) *[၅၆ : ၃၉-၄၀]*

ဟူသော အာယသ်တော်နှစ်ပုဒ်တွင် တင်ပြထားသည်။ ယခု သေချာကျနစွာ စဉ်းစားလေ့လာသုံးသပ်ရမည့် အချက်မှာ اولين (ရှေးသူဟောင်းများ) နှင့် اخرين (နောင်လာနောက်သားများ) ၏ အလိုသဘောမှာ မည်သို့သောသူများ ဖြစ်ပေသနည်း' ဟူသော အချက်သာ ဖြစ်သည်။ ထိုအချက်နှင့် စပ်လျဉ်း၍ အဖွင့်ရှင်များ၏ အဆိုနှစ်ရပ် ရှိပေသည်။

(၁) ဟဇရသ်အာဒမ် عليه السلام ၏ ခေတ်ကာလမှ စ၍ နဗီတမန်တော်များ၏ အချုပ် ဦးသျှောင် တမန်တော်မြတ် ﷺ မပွင့်ပေါ်မီ ခေတ်ကာလထိတိုင် ရှိခဲ့သော အဖန်ဆင်းခံများသည် اوّلين (ရှေးသူဟောင်းများ) အတွင်း၌ ပါဝင်၍ တမန်တော်မြတ် ﷺ ခေတ်အခါသမယမှစ၍ 'ကေယာမသ်' ထိတိုင် ပေါက်ဖွားလာမည်ဖြစ်သော အဖန်ဆင်းခံများသည် اخرين နောင်လာနောက်သားများ၏ အတွင်း၌ ပါဝင်ပေသည်။ ဤဖွင့်ဆိုချက်ကို မူဂျာဟိဒ် (ရဟ) သခင်ကြီးနှင့် ဟစ်ဗဆွ်ရီ (ရဟ) သခင်ကြီးနှစ်ပါးထံမှ အိဗ်နေအဗီဟာသင်မ် (ရဟ) သခင်ကြီးသည် စနဒ်ဆင့်ကဲဆင့်ပြန်သူများ ကွင်းဆက်ဇယားနှင့်တကွ ဆင်ပြန်တင်ပြထားပေသည်။ အိဗ်နေဂျရီးရ် (ရဟ) သခင်ကြီးသည်လည်း ထိုဖွင့်ဆိုချက်ကိုပင် ရွေးချယ်တင်ပြထားပေသည်။ ဗယာနုလ်ကုရ်အာန်ကျမ်း၏ စကားပြေအကျဉ်းချုပ်ဖွင့်ဆိုချက်၌လည်း ထိုအဆိုကိုပင် ရွေးချယ်တင်ပြထားပေသည်။ ယင်းဖွင့်ဆိုချက်ကို အထက်၌ တင်ပြခဲ့ပြီး ဖြစ်ပေသည်။ ထိုအချက်အပေါ် အထောက်အထားတင်ပြရာ၌ ဟဇရသ်ဂျာဗိရ် رضي الله عنه သခင်ကြီး၏ 'မရ်ဖူးအ်' ဟဒီးစ် (တမန်တော်မြတ် ﷺ မှ ဆင့်ဆိုသော

ဟဒီးစ်ဆင့်ပြန်ချက်) တော်ကို ဆင့်ပြန်ထားပေသည်။ ၎င်းဟဒီးစ်တော်ကို အိဗ်နေအစာကိရ် (ရဟ) သခင်ကြီးသည် မိမိ၏ ဆင့်ကဲဆင့်ပြန်မှု စနဒ်နှင့်အတူ ဤသို့ ဆင့်ပြန်ထားပေသည်။ **سابقين اوّلين** အသာဆုံးသော နီးစပ်မှု ရရှိသောသူတို့နှင့် စပ်လျဉ်း၍ ကျရောက်သည့် ပထမဆုံးသော အာယသ်တော်ဖြစ်သည့်

ثُلَّةٌ مِّنَ الْاَوَّلِيْنَ وَ قَلِيْلٌ مِّنَ الْاٰخِرِيْنَ

(ယင်းဥယျာဉ်များတွင် ရှေးသူဟောင်းတို့အနက်မှ အလွန်ကြီးမား များပြားလှစွာသော အုပ်စုကြီး တစ်စု ရှိပေသည်။ ၎င်းပြင် နောင်လာနောက်သားတို့အနက်မှာမူ အနည်းငယ်သာ ရှိကြပေမည်။)

[၅၆ : ၁၃-၁၄]

ဟူသော အာယသ်တော် ကျရောက်လာသောအခါဝယ် ဟဇရသ်အုမရ် ﷺ သခင်ကြီးသည် အံ့သြစွာနှင့်အတူ 'ရှေးသူဟောင်းတို့တွင် အသာဆုံးသောသူများသည် များပြား၍ ကျွန်ုပ်တို့အတွင်း၌မူ နည်းပါးနေပေမည်၏လော' ဟု လျှောက်ထားခဲ့သည်။

ထို့နောက် နှစ်ပတ်လည်သည့်တိုင် ရှေ့၌ တင်ပြမည့် အာယသ်တော်သည် မကျရောက်ဘဲ ရှိနေခဲ့၏။ ဤသို့ဖြင့် တစ်နှစ်ပြည့်သည့်နောက်၌

ثُلَّةٌ مِّنَ الْاَوَّلِيْنَ وَثُلَّةٌ مِّنَ الْاٰخِرِيْنَ

(၎င်းလက်ယာဘက်သားတို့တွင် ရှေးသူဟောင်းတို့အနက်မှ ကြီးကျယ်လှစွာသော အုပ်စုကြီးတစ်စုသည်လည်းကောင်း၊ နောင်လာနောက်သားတို့အနက်မှ အုပ်စုကြီးတစ်စုသည်လည်းကောင်း ပါဝင်ကြကုန်ပေလိမ့်မည်။)

[၅၆ : ၃၉-၄၀]

ဟူသော အာယသ်တော် ကျရောက်လာ၏။ ထိုအခါဝယ် တမန်တော်မြတ် ﷺ သည်

اسمع يا عمرُ ما قَدْانزل الله ثُلَّةٌ مِّنَ الْاَوّلِيْنَ وَثُلَّةٌ مِّنَ الْاٰخِرِيْنَ اَلَا انّ من اٰدم اليّ ثلّة وامّتى ثلة ـــ الحديث (ابن يشير)

'အို၊ အုမရ်၊ အသင်နားထောင်ကုန်။ အလ္လာဟ်အသျှင်မြတ်သည်

ثُلَّةٌ مِّنَ الْاَوَّلِيْنَ وَثُلَّةٌ مِّنَ الْاٰخِرِيْنَ

ဟူသော အာယသ်တော်၌ ရှေးသူဟောင်းတို့အနက်မှလည်း အလွန် ကြီးမား များပြားလှစွာသော အုပ်စုကြီး တစ်စု ရှိမည်။ နောင်လာနောက်သားတို့အနက်မှလည်း အုပ်စုကြီးတစ်စု ရှိမည်ဟူ၍ ချပေးတော်မူခဲ့ရာ မှတ်သားကုန်။ ဟဇရသ်အာဒမ် ﷺ မှစ၍ ငါကိုယ်တော်ထိတိုင်သည် **ثُلّة** ဟု ခေါ်ဆိုသော အုပ်စုကြီးတစ်အုပ်စု ဖြစ်၍ ငါကိုယ်တော်၏ အုမ္မသ်သည် အုပ်စုကြီးတစ်အုပ်စု ဖြစ်ပေသည်။)

[အိဗ်နေကာစီးရ်]

ဤအထက်တင်ပြပါ စာစဉ်အကြောင်းအရာအား အေမာမ်အဟ်မဒ် (ရဟ) သခင်ကြီးနှင့် အိဗ်နေ့အဗီ ဟာသင်မ် (ရဟ) သခင်ကြီးနှစ်ပါးတို့၏ ဟဇရသ်အဗူဟုရိုက်ရားဟ် ﷺ သခင်ကြီးမှ ဆင့်ပြန်ထားသော ဟဒီးစ်တော်နှင့်လည်း အတည်ပြု ထောက်ခံမှု ရရှိပေသည်။

ثُلَّةٌ مِّنَ الْاَ وَّلِيْنَ وَ قَلِيْلٌ مِّنَ الْاٰخِرِيْنَ

(ယင်းဥယျာဉ်များတွင် ရှေးသူဟောင်းတို့အနက်မှ အလွန်ကြီးမား များပြားလှစွာသော အုပ်စုကြီးတစ်စု ရှိပေမည်။ ၎င်းပြင် နောင်လာနောက်သားတို့အနက်မှာမူ အနည်းငယ်သာ ရှိကြပေမည်။) *[၅၆ း ၁၃-၁၄]*

ဟူသော အာယသ်တော် ကျရောက်လာသောအခါ ဆွဟာဗာသာဝကကြီးများသည် 'ကျွန်ုပ်တို့သည် ရှေးသူဟောင်းတို့နှင့် နှိုင်းယှဉ်လျှင် နည်းပါးလျက် ရှိနေမည်' ဟူသော အချက်အပေါ် မချိမခံသာ ခံစားခဲ့ရပေသည်။ ထိုအချိန်၌

ثُلَّةٌ مِّنَ الْاَ وَّلِيْنَ وَ ثُلَّةٌ مِّنَ الْاٰخِرِيْنَ

(၎င်းလက်ျာဘက်သားတို့တွင် ရှေးသူဟောင်းတို့အနက်မှ အလွန်ကြီးမား များပြားလှစွာသော အုပ်စုကြီးတစ်စုသည်လည်းကောင်း၊ နောင်လာနောက်သားတို့အနက်မှလည်း အုပ်စုကြီးတစ်စုသည်လည်းကောင်း ပါဝင်ကြကုန်ပေလိမ့်မည်။) *[၅၆ း ၃၉-၄၀]*

ဟူသော အာယသ်တော် ကျရောက်လာခဲ့ပေသည်။ ထိုအချိန်၌ တမန်တော်မြတ် ﷺ သည် 'ငါကိုယ်တော်မြတ် မျှော်လင့်မိသော အချက်မှာ အသင်တို့သည် (ငါ) ကိုယ်တော်မြတ် မိုဟမ္မဒ် ﷺ ၏ အွမ္မသ်သူ၊ အွမ္မသ်သားတို့သည် 'ဂျန္နသ်' သုခဘုံတွင် အဖန်ဆင်းခံများအားလုံးနှင့် နှိုင်းယှဉ်လျှင် လေးပုံတစ်ပုံ (သို့) 'ဂျန္နသ်' သူ၊ 'ဂျန္နသ်' သားတို့၏ တစ်ဝက်မျှ ရှိပေမည်။ ကျန်ရှိသော တစ်ဝက်တွင်လည်း အနည်းနှင့်အများ မဆို အသင်တို့၏ ဝေစုဝေပုံလည်း ပါဝင်နေပေလိမ့်မည်' ဟူ၍ မိန့်တော်မူခဲ့ပေသည်။ *[အိဗ်နေ့ကစီးရ်]*

ယင်းဟဒီးစ်တော်၏ အချုပ်သဘောတရားမှာ 'ဂျန္နသ်' သူ 'ဂျန္နသ်' သားများအတွင်း၌ အများစုသည် တမန်တော်မြတ် ﷺ ၏ အွမ္မသ်သူအွမ္မသ်သားများ ဖြစ်နေပေမည်' ဟူ၍ ခြုံငုံသိရှိ နားလည်ရ၏။

သို့ရာတွင် ထိုဟဒီးစ်တော်နှစ်ရပ်အား အထောက်အထားဖြင့် ရယူတင်ပြရာ၌ قَلِيْلٌ مِّنَ الْاٰخِرِيْنَ (နောင်လာနောက်သားတို့အနက်မှာမူ အနည်းငယ်သာ ရှိကြပေမည်) ဟူသည် سابقين مقربين (အသျှင်မြတ်နှင့် နီးစပ်မှုအသာဆုံး ရရှိသောသူများ) နှင့် စပ်လျဉ်း၍ လာရှိထားပေသည်။ ဒုတိယအာယသ်တော် အတွင်း၌ ثُلَّةٌ مِّنَ الْاٰخِرِيْنَ (နောင်လာနောက်သားတို့တွင် အုပ်စုကြီးတစ်အုပ်စုသည်လည်းကောင်း) သည် အသျှင်မြတ်နှင့် နီးစပ်မှုအသာဆုံး ရရှိထားသောသူတို့နှင့်စပ်လျဉ်း၍ မဟုတ်ဘဲ اَصْحٰبُ الْيَمِيْنِ (လက်ယာဘက်သားများ) နှင့်စပ်လျဉ်း၍ ကျရောက်လာခြင်းဖြစ်သည်' ဟူသော စာဒကတစ်ရပ် ဝင်ရောက်လာပေသည်။

ထိုစောဒကၡ၏ အဖြေကို ရုဟုလ်မအာနီကျမ်း၌ ဤသို့ တင်ပြထားပေသည်။ ပထမကျရောက်လာသော အာယသ်တော်ကြောင့် ဆွဟာဗာကြီးများနှင့် ဟဇရသ်အုမရ် ﷺ သခင်ကြီးတို့သည် ပူဆွေးဝမ်းနည်းရပေသည်။ ထိုသို့ ဖြစ်ရခြင်းအကြောင်းမှာ 'ၾင်းတို့သည် سابقين အသျှင်မြတ်နှင့် နီးစပ်မှု အသာဆုံးရရှိသော သူများအတွင်း၌ရှိသော ဤသတ်မှတ်ချက်သည် လက်ယာဘက်သားတို့နှင့် အခြားသော 'ဂျန္နသ်' သား များအတွင်း၌ ထိုနည်းတူစွာသာ ရှိနေမည်။ 'စုစုပေါင်း 'ဂျန္နသ်' သူ၊ 'ဂျန္နသ်' သားများအတွင်း၌ ကျွန်ုပ်တို့ နဗီတမန်တော်မြတ် ﷺ ၏ အွမ္မသ်အရေအတွက်သည် နည်းပါး၍ နေပေလိမ့်မည်' ဟူ၍ တွေးထင်ယူဆမိခဲ့သောကြောင့် ဖြစ်ကောင်းဖြစ်နိုင်ပေသည်။ သို့ဆိုလျှင် လက်ယာဘက်သားတို့ကို ရှင်းလင်းတင်ပြရာတွင် اوّلين (ရှေးသူဟောင်းများ) နှင့် اخرين (နောင်လာနောက်သားများ) နှစ်အုပ်စုစလုံးနှင့် စပ်လျဉ်း၍ ثُلَّةٌ (အုပ်စုကြီးတစ်စု) ဟူသော စကားလုံး ကျရောက်လာသောအခါ ခြုံငုံသောအားဖြင့် 'ဂျန္နသ်' သူ၊ 'ဂျန္နသ်' သားများတွင် တမန်တော်မြတ်၏ အွမ္မသ်သားများသည် အများဆုံး ရှိနေပေမည်ဟူသော အချက်အပေါ် ဖြစ်ပေါ်ခဲ့သော စောဒကအချက်သည် ဝေးကွာ ရှင်းလင်းသွားပေသည်။ سابقين اوّلين အတိတ်ခေတ် လူမျိုး ရှေးသူဟောင်းတို့နှင့် နှိုင်းယှဉ်လျှင် တမန်တော်မြတ် ﷺ ၏ အွမ္မသ်သားများအတွင်း၌ အသျှင်မြတ်နှင့် နီးစပ်မှု အသာဆုံးရရှိသော သူတို့၏ အရေအတွက်သည် နည်းပါးနေလင့်ကစား ဤအွမ္မသ်သည် အများစုအဖြစ်နှင့် တည်ရှိနေပေလိမ့်မည်။ တစ်ဖန် အတိတ်ခေတ် မျိုးနွယ်အုပ်စုများအတွင်း၌ များပြားလှစွာသော အရေအတွက်သည် နဗီတမန်တော်များဖြစ်ပေသည်။ ၎င်းနဗီတမန်တော်များနှင့် နှိုင်းယှဉ်လျှင် ဤအွမ္မသ်အတွင်း၌ရှိသော သူတို့သည် နည်းပါးစွာ တည်ရှိနေခြင်းမှာ ဝမ်းနည်းစရာ အကြောင်းတစ်စုံတစ်ရာမျှ မဟုတ်' ဟူ၍ ဖြစ်ပေသည်။

သို့ရာတွင် အိဗ်နေကစီးရ်၊ အဗူဟိုက်ယာန်၊ ကုရ်သုဗီ၊ ရူဟုလ်မအာနီ၊ မဇ္ဇဟရီး အစရှိသော ကျမ်းများ၏ အကျယ်ဖွင့်ဆိုချက်များ၌ ဒုတိယအကျယ်ဖွင့်ဆိုချက်ကို အသာပေးထားပေသည်။ အကြင်အချက်၏ အချုပ်သဘောတရားမှာ ဤသို့ပင် ဖြစ်သည်။ ဤ اوّلين (ရှေးသူဟောင်းများ) နှင့် اخرين (နောင်လာနောက်သားများ) ဟူသည့် လူတန်းစားနှစ်ရပ်စလုံးသည် ဤအွမ္မသ်ကိုသာ ရည်ရွယ်ဆိုလိုခြင်း ဖြစ်ပေသည်။ ဤအွမ္မသ်၏ اوّلين ရှေးသူဟောင်းတို့သည် 'ကုရူးနေ့အူလာ' (ပထမဦးဆုံးသော ခေတ်ကာလ) ၌ ရှိခဲ့သူများ၊ ဆွဟာဗာသခင်ကြီးများနှင့် သာဗေ့အီးန် အစရှိသော သခင်ကြီးများ ဖြစ်ပေသည်။ ယင်းခေတ်ကို ဟဒီးစ်တော်မြတ်အတွင်း၌ အကောင်းဆုံးခေတ်ဟူ၍ မိန့်ခြွေထားပေသည်။ اخرين နောင်လာနောက်သားတို့သည် အကောင်းဆုံးခေတ်၏နောက် ပေါ်ပေါက်လာသောသူတို့ ဖြစ်ပေသည်။

အိဗ်နေကစီးရ် (ရဟ) သခင်ကြီးသည် ပထမဖွင့်ဆိုချက်ကို ထောက်ခံမှုပြုသော ဟဇရသ်ဂျာဗိရ် ﷺ သခင်ကြီး၏ 'မရ်ဖူးအ်' ဟဒီးစ်တော်ကို အထက်၌ ရေးသားဖော်ပြခဲ့ပေပြီ။ ထိုဟဒီးစ်တော်၏ ဆင့်ကဲဆင့်ပြန်မှုနှင့် စပ်လျဉ်း၍ ولكن فى اسناده نظر (ဤဟဒီးစ်တော်၏ စနဒ်ဆင့်ကဲ ဆင့်ပြန်သူများ ဇယား၌

စာဒကတင်ပြချက်များ ရှိပေသည်) ဟူ၍ ရေးသားထားပေသည်။ ဒုတိယ ဖွင့်ဆိုချက်အပေါ် အထောက်အထားအဖြစ် ရယူတင်ပြရာ၌ 'တမန်တော်မြတ် ﷺ ၏ အုမ္မသ်သူ၊ အုမ္မသ်သားများသည် အကောင်းဆုံး အုမ္မသ်ဖြစ်ကြောင်း' ဟူသော အာယသ်တော်များကို တင်ပြထားပေသည်။ ဥပမာ- كُنْتُمْ خَيْرَ اُمَّةٍ ဟူသော အစရှိသည့် အာယသ်တော်များ ဖြစ်ပေသည်။ ထို့နောက် 'အလ္လာဟ်အသျှင်မြတ်နှင့် နီးစပ်မှု အသာဆုံးရရှိသော သူတို့၏ အရေအတွက်သည် အကောင်း ဆုံးသော အုမ္မသ်သားများအတွင်း၌ အခြားသော အုမ္မသ်သူ၊ အုမ္မသ်သားများနှင့် နှိုင်းယှဉ်လျှင် နည်းပါးမည်'ဟူသော အချက်မှာ လက်ခံဖို့ရန် ခဲယဉ်းဝေးကွာလှစွာသော အချက်သည်သာ ဖြစ်၏။ ထို့ကြောင့်

ثُلَّةٌ مِّنَ الْاَوَّلِيْنَ

(ယင်းဥယျာဉ်များတွင် ရှေးသူဟောင်းတို့အနက်မှ အလွန် ကြီးမားများပြားလှစွာသော အုပ်စုကြီး တစ်စု ရှိပေမည်။) *[၅၆ : ၃၉]*

ဟူသော အာယသ်တော်၏ အလိုသဘောမှာ ဤအုမ္မသ်၏ အကောင်းဆုံးခေတ် (ပထမခေတ်) ၌ ရှိသော သူတို့ကို ဆိုလိုသည်။ ၎င်းနောက်

قَلِيْلٌ مِّنَ الْاٰخِرِيْنَ

(၎င်းပြင် နောင်လာနောက်သားတို့အနက်မှာမူ အနည်းငယ်သာ ရှိကြပေမည်။) *[၅၆ : ၁၄]*

ဟူသော အာယသ်တော်၏ အလိုသဘောမှာ ထိုအကောင်းဆုံးခေတ်၏ နောက်ပိုင်း၌ ပေါက်ဖွားလာကြသောသူတို့ကို ဆိုလိုသည်။ ၎င်းတို့အတွင်းတွင် အသျှင်မြတ်နှင့် နီးစပ်မှု အသာဆုံးရရှိသော သူတို့၏ အရေအတွက်သည် နည်းပါးနေပေလိမ့်မည်ဟူသော ဖွင့်ဆိုချက်သည်သာ ဦးစားပေးထိုက်သော အဆိုဖြစ်သည်ဟူ၍ အမိန့်ရှိထားလေသည်။

ထိုအဆိုအား ခိုင်မာလေးနက်စေရန်အတွက် အိဗ်နေကဆီးရ် (ရဟ) သခင်ကြီးသည် ဟဇရသ်ဟစ်ဗဆွရီး (ရဟ) သခင်ကြီး၏ မိန့်မြွက်ချက်ကို အိဗ်နေအဗီဟာသင်မ် (ရဟ) သခင်ကြီး၏ ဆင့်ပြန်ချက်ဖြင့် တင်ပြထားပေသည်။ ဟဇရသ်ဟစ်ဗဆွရီ (ရဟ) သခင်ကြီးသည်

اَلسَّابِقُوْنَ السَّابِقُوْنَ

(အသာဆုံးသော သူတို့သည် အသာဆုံးသောသူများပင် ဖြစ်ကြကုန်၏။) *[၅၆ : ၁၀]*

ဟူသော အာယသ်တော်ကို ဖတ်ရွတ်ကာ 'အသာဆုံးသော သူတို့သည်မူ ကျွန်ုပ်တို့၏အလျင် ကွယ်လွန်သွားပြီး ဖြစ်ကြပေသည်။ သို့ရာတွင် 'အို၊ အသျှင်မြတ်၊ ကျွန်တော်မျိုးတို့အား လက်ယာဘက်သားများအတွင်းတွင် ထည့်ပေးတော်မူပါ' ဟူ၍ ဒိုအာတောင်းတော်မူခဲ့ပေသည်။ ဟဇရသ်ဟစ်ဗဆွရီး (ရဟ) သခင်ကြီးထံမှ ဆင့်ပြန်လာရှိထားသော ဒုတိယဆင့်ပြန်ချက်တွင် ဤအောက်ဖော်ပြပါ စကားလုံးများဖြင့် ဆင့်ပြန်လာရှိထားပေသည်။ ၎င်းသည်

ثُلَّةٌ مِّنَ الْاَ وَّلِيْنَ

(ယင်းဥယျာဉ်တွင် ရှေးသူဟောင်းတို့အနက်မှ အလွန်ကြီးမားများပြားလှသော အုပ်စုကြီးတစ်စု ရှိပေမည်။) [၅၆ : ၁၃]

ဟူသော အာယသ်တော်ကို အကျယ်ဖွင့်ဆိုရင်း မိန့်တော်မူသည်မှာ-

ثلة ممّن مّضى من هذه الا مّة

(ရှေးသူဟောင်းတို့၏ အလိုသဘောသည် ဤအွမ္မသ်၏ အသာဆုံး၊ ရှေးအကျဆုံးသော သူတို့ပင် ဖြစ်ပေသည်) ဟူ၍ပင် ဖြစ်သည်။ ဤကဲ့သို့ပင် မိုဟမ္မဒ်ဗင်န်စီရင်းန် (ရဟ) သခင်ကြီးက အမိန့်ရှိသည်မှာ

ثُلَّةٌ مِّنَ الْاَ وَّلِيْنَ وَقَلِيْلٌ مِّنَ الْاٰخِرِيْنَ

(ယင်းဥယျာဉ်တွင် ရှေးသူဟောင်းတို့အနက်မှ အလွန်ကြီးမားများပြားသော အုပ်စုကြီးတစ်စု ရှိပေမည်။ ၄င်းပြင် နောင်လာနောက်သားတို့အနက်မှာမူ အနည်းငယ်သာ ရှိကြပေမည်။) [၅၆ : ၁၃-၁၄]

ဟူသော အာယသ်တော်နှင့် စပ်လျဉ်း၍ အာလင်မ်သာသနာ့ပညာရှင်ကြီးများသည် 'ဤရှေးသူဟောင်းနှင့် နောင်လာနောက်သား အားလုံးသောသူတို့သည် ဤအွမ္မသ်အတွင်းမှဖြစ်ကြောင်း' ဟူ၍ မျှော်လင့် မိန့်ကြားကြပေသည်ဟူ၏။ [အိဗ်နေကစီးရ်]

ရှုဟုလ်မအာနီကျမ်းအတွင်း၌ ဤဒုတိယအဆို ဖွင့်ဆိုချက်အား ထောက်ခံ အတည်ပြုရန်အတွက် 'မရ်ဖူးအ်' ဟဒီးစ် (တမန်တော်မြတ် ﷺ ထံမှ ဆင့်ပြန်တင်ပြထားသော ဟဒီးစ်) တော်တစ်ပုဒ်ကို **حسن** (ကောင်း၏၊ မှန်၏) အဆင့်ရှိ စနဒ် (ဆင့်ပြန်သူများ၏ ဆင့်ကဲဆင့်ပြန်မှု ဇယား) ဖြင့် ဟဇရသ်အဗူဘာကရ်ထံမှ တစ်ဆင့် ဤသို့ ဆင့်ပြန်တင်ပြထားပေသည်။

اخرج مسدّ د فى مسنده وابن المندر والطّبرانى وابن مر دو يه بسند حسن عن ابى بكرة عن النّبى ﷺ فى قو له سجانه ثُلَّةٌ مِّنَ الْاَ وَّلِيْنَ وَثُلَّةٌ مِّنَ الْاٰخِرِيْنَ قال هما جميعا مّن هذه الأمّة

မုစဒ်ဒဒ် (ရဟ) သခင်ကြီးသည် မိမိ၏ မတ်စ်နဒ်ကျမ်း၌သော်လည်းကောင်း၊ အိဗ်နုလ်မွန်ဇိရ် (ရဟ) သခင်ကြီး၊ သွဗ်ရာနီ (ရဟ) သခင်ကြီးနှင့် အိဗ်နေ့မရ်ဒွဝီယဟ် (ရဟ) သခင်ကြီးတို့သည် **حسن** ကောင်းမွန်လှစွာသော ဆင့်ကဲဆင့်ပြန်ထားသည်မှာ တမန်တော်မြတ် ﷺ သည်

ثُلَّةٌ مِّنَ الْاَوَّلِيْنَ وَ ثُلَّةٌ مِّنَ الْاٰخِرِيْنَ

(၄င်းလက်ျာဘက်သားတို့တွင် ရှေးသူဟောင်းတို့အနက်မှ ကြီးကျယ်လှစွာသော အုပ်စုကြီးတစ်စုသည် လည်းကောင်း၊ နောင်လာနောက်သားတို့အနက်မှ ကြီးကျယ်လှစွာသော အုပ်စုကြီးတစ်စုသည်လည်းကောင်း ပါဝင်ကြကုန်ပေလိမ့်မည်။) [၅၆-၃၉-၄၀]

ဟူသော အာယသ်တော်အား အကျယ်ဖွင့်ဆိုရာ၌ 'ဤအသင်းအဖွဲ့နှစ်ရပ်စလုံးသည် ဤ 'အွမ္မသ် သေမုဟမ္မဒီယာ' ထဲမှသာ ဖြစ်မည်' ဟူ၍ မိန့်တော်မူခဲ့ပေသည်ဟူ၏။

ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးထံမှလည်း **ضعيف** အားပျော့သော ဆင့်ကဲဆင့်ပြန်သူများ ဖယားဖြင့် 'ဟဒီးစ်စေ့မရ်ဖူးအ်' (တမန်တော်မြတ် ﷺ ထံမှ ဆင့်ပြန်လာရှိထားသော ဟဒီးစ်ဆင့်ပြန်ချက်) တစ်ရပ်ကို များစွာသော ဟဒီးစ်ပညာရှင်ကြီးများသည် ဆင့်ပြန်ထားပေသည်။ ယင်းဟဒီးစ်တော်၏ စကား လုံးတော်များမှာ ဤသို့ပင် ဖြစ်သည်။

هماجميعامّن امّتى

(ဤရှေးသူဟောင်းနှင့် နောင်လာနောက်သား လူတန်းစားနှစ်ရပ်စလုံးသည် ငါကိုယ်တော်၏ အွမ္မသ် နောက်လိုက်ထုအတွင်း၌သာ ဖြစ်ပေါ်ပေလိမ့်မည်။)

ဤအထက်ဖော်ပြပါ အကျယ်ဖွင့်ဆိုချက်ကို ထောက်ရှုလျှင် စူရာဟ်အစ အာယသ်တော်အတွင်း၌ လာရှိသော

كُنتُمْ اَزْوَاجًا ثَلٰثَةً

(အသင်တို့လူသားအားလုံးသည် သုံးမျိုးသုံးစား ဖြစ်သွားကြပေမည်။) [၅၆ : ၇]

ဟူသော အာယသ်တော်၏ တိုက်ရိုက်အညွှန်းခံ ပုဂ္ဂိုလ်တို့သည် တမန်တော်မြတ် ﷺ ၏ အွမ္မသ်သူ၊ အွမ္မသ်သားတို့သာ ဖြစ်ပေသည်။ ထို့ကြောင့် ယင်းလူတန်းစား (၃) ရပ်စလုံးသည်လည်း ဤအွမ္မသ် အတွင်းမှသာ ဖြစ်ပေါ်ပေလိမ့်မည်။ *[ရူဟုလ်မအာနီးကျမ်း]*

မဇ္ဇဟရီအဖွင့်ကျမ်း၌ 'ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များသည် 'တမန်တော်မြတ် ﷺ ၏ အွမ္မသ် (နောက်လိုက်ထု) သည် အတိတ်ခေတ် အွမ္မသ်များအားလုံးထက် အမွန်မြတ်ဆုံးသော အွမ္မဖြစ်ကြောင်း ကို ရှင်းလင်းစွာဖြင့် ညွှန်ပြလျက် ရှိနေပေသည်။ 'အွမ္မသ်' (နောက်လိုက်ထု) တစ်ရပ်၏ မွန်မြတ်ခြင်းသည် ထိုနောက်လိုက်ထုအတွင်း၌ အမြင့်မားဆုံး၊ အသာမြတ်ဆုံးသော လူတန်းစားများ၏ အရေအတွက် များပြား ခြင်း' ကြောင့်သာ ဖြစ်ကြောင်းမှာ ထင်ရှားလှပေသည်။ ထို့ကြောင့် 'အမွန်မြတ်ဆုံးသော အွမ္မသ် (နောက်လိုက် ထု) ၏ အတွင်း၌ အသျှင်မြတ်နှင့် နီးစပ်မှုရရှိသော ရှေးသူဟောင်းတို့၏ အရေအတွက်နည်းပါးခြင်း' မှာ လက်ခံရန် ဝေးကွာလှစွာသော အချက် ဖြစ်ပေသည်' ဟူ၍ ပထမဖွင့်ဆိုချက်ကို လက်ခံရန် မဖြစ်နိုင်သော အလွန် ခဲယဉ်း၊ အလွန်ဝေးကွာလှသော ဖွင့်ဆိုချက်ဟူ၍ သတ်မှတ်တင်ပြထားပေသည်။ ကုရ်အာန်ကျမ်း တော်မြတ်၏ အာယသ်တော်များဖြစ်သော

كُنتُمْ خَيْرَ اُمَّةٍ اُخْرِجَتْ لِلنَّاسِ

(အသင်တို့သည် လူခပ်သိမ်းတို့အဖို့ တရားလမ်းမှန် ညွှန်ကြားရန်အလို့ငှာ ထွက်ပေါ်လာကြကုန် သော အကောင်းဆုံးသော သာသနာဝင်လူစုပင် ဖြစ်၏။) [၃ : ၁၁၀]

لِتَكُونُوا شُهَدَآءَ عَلَى النَّاسِ وَيَكُونَ الرَّسُولُ عَلَيْكُمْ شَهِيدًا နှင့်

(သို့မှသာလျှင် အသင်တို့သည် လူခပ်သိမ်းတို့အပေါ်၌ သက်သေများဖြစ်ကြကုန်အံ့။ ထို့ပြင် ရစူလ်တမန်တော်မိုဟမ္မဒ်သခင်သည်လည်း အသင်တို့အပေါ်၌ သက်သေဖြစ်အံ့။) *[၂ း ၁၄၃]*

ဟူသော အာယသ်တော်များမှ တမန်တော်မြတ် ﷺ ၏ အုမ္မသ် (နောက်လိုက်ထု) သည် အမွန်မြတ်ဆုံး အုမ္မသ်ဖြစ်ကြောင်းကို အတည်ပြု သိရှိရပေသည်။ အေမာမ်သိရ်မေဇီ (ရဟ)၊ အိဗ်နေမာဂျာဟ် (ရဟ) နှင့် ဒါရိမီ (ရဟ) သခင်ကြီးတို့သည် ဟဇရသ်ဗဟဇ်ဗင်န်ဟကီးမ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက်တစ်ရပ်ကို ဆင့်ပြန်ထားပေသည်။ အေမာမ်သိရ်မေဇီသခင်ကြီးသည် ထိုဆင့်ပြန်ချက်၏ ဆင့်ကဲဆင့်ပြန်မှု ကွင်းဆက်ဇယားကို ကောင်းသော ကွင်းဆက်ဇယားဟူ၍ အတည်ပြု ထားပေသည်။ ဟဒီးစ်တော်၏ စကားလုံးတော်များမှာ ဤသို့တည်း။

انتم تتمّون سبعين امّة انتم اخيرها واكرمها على الله تعالى

(အသင်တို့သည် အတိတ်ခေတ်မျိုးနွယ်အုပ်စု (၇၀) ၏ အချုပ်အုမ္မသ်ဖြစ်ပေသည်။ အကြင်အုပ်စုများအတွင်း၌ အသင်တို့သည် အားလုံးသော မျိုးနွယ်အုပ်စုများထက် နောက်ဆုံးမှ ပေါ်ပေါက်လာသည့် အုပ်စုဖြစ်ပြီး အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ အကောင်းဆုံး အမွန်မြတ်ဆုံး အုမ္မသ် (နောက်လိုက်ထု) ဖြစ်ပေသည်။)

အေမာမ်ဘိုခါရီ (ရဟ) သခင်ကြီးသည် ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်မတ်စ်အူးဒ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ထားပေသည်။ 'တမန်တော်မြတ် ﷺ သည် 'ဂျန္နသ်'သူ၊ 'ဂျန္နသ်'သားများ၏ လေးပုံတစ်ပုံသည် အသင်တို့ ဖြစ်ရှိနေမည်ကို လိုလားနှစ်သက်ပါ၏လော' ဟူ၍ မိန့်တော်မူရာ ကျွန်ုပ်တို့က 'မှချ ကျွန်တော်မျိုးတို့ လိုလားနှစ်သက်ပါ၏'ဟူ၍ ပြန်လည်လျှောက်ထားခဲ့ကြပေသည်။ သို့ရှိရာ တမန်တော်မြတ် ﷺ သည်

والّذى نفسى بيده انّى لأرجوان تكونو انصف اهل الجنّة

(ငါကိုယ်တော်၏ အသက်ဇီဝိန်ကို စိုးပိုင်တော်မူသော အသျှင်မြတ်၏ ကစမ်၊ အသင်တို့သည် (တမန်တော်မြတ် ﷺ ၏ အုမ္မသ် (နောက်လိုက်ထု) သည်) 'ဂျန္နသ်'သူ၊ 'ဂျန္နသ်'သားတို့၏ တစ်ဝက်ခန့်မျှ ရှိနေမည်ဖြစ်ကြောင်းကို ငါကိုယ်တော် မျှော်လင့်မိပေသည်။) *[မဇ္ဇဟရီကျမ်း]*

ဟူ၍ မိန့်ကြားတော်မူခဲ့ပေသည်။ အေမာမ်သိရ်မေဇီ (ရဟ)၊ ဟာကင်မ် (ရဟ) နှင့် ဗိုင်ဟကီ (ရဟ) သခင်ကြီးတို့သည် ဟဇရသ်ဗုရိုက်ဒါး (ရဟ) သခင်ကြီးထံမှ ဆင့်ပြန်ခဲ့သည်။ အေမာမ်သိရ်မေဇီ (ရဟ) သခင်ကြီးသည် ထိုဆင့်ပြန်ချက်၏ ဆင့်ကဲဆင့်ပြန်မှုဇယားကို ကောင်းသော ကွင်းဆက်ဇယား ဟူ၍လည်းကောင်း၊ ဟာကင်မ် (ရဟ) သခင်ကြီးသည် မှန်ကန်သော ကွင်းဆက်ဇယားဟူ၍လည်းကောင်း အမိန့်ရှိထားကြပေသည်။ တမန်တော်မြတ် ﷺ ၏ မိန့်မြွက်ချက် ဟဒီးစ်တော်၏ စကားလုံးတော်များမှာ ဤသို့တည်း။

اهلُ الجنّةِ ماة وّعشرون صفًا ثمانون منها من هذه الامّة واربعُونَ مِنْ سَائِرِ الامم

(ဂျန္နသ်သူ၊ ဂျန္နသ်သားတို့သည် စုစုပေါင်း အတန်း (၁၂၀) ရှိပေမည်။ ယင်းအတန်း (၁၂၀) ထဲမှ အတန်း (၈၀) သည် ဤအုမ္မသ် (နောက်လိုက်ထု) အတွင်းထဲမှ ဖြစ်၍ ကျန်ရှိသော အတန်း (၄၀) သည် အခြားကျန်ရှိသော အုမ္မသ်သားများ ရောနှောပါဝင်ပေမည်။) *[မဇ္ဇဟရီးကျမ်း]*

အထက်တင်ပြပါ ဆင့်ပြန်ချက်များအတွင်း၌ ဤအုမ္မသ် (နောက်လိုက်ထု) ၏ 'ဂျန္နသ်'သူ၊ 'ဂျန္နသ်' သားတို့သည် အခြားသော မျိုးနွယ်အုပ်စု၏ ဂျန္နသ်သူ၊ ဂျန္နသ်သားတို့နှင့် နှိုင်းယှဉ်လျှင် အချို့သော ဆင့်ပြန်ချက်များအတွင်း၌ လေးပုံတစ်ပုံဟူ၍လည်းကောင်း၊ အချို့သော ဆင့်ပြန်ချက်များတွင် တစ်ဝက်ဟူ၍လည်းကောင်း၊ ဤနောက်ဆုံးဆင့်ပြန်ချက်အတွင်း၌ သုံးပုံနှစ်ပုံဟူ၍လည်းကောင်း လာရှိထားပေသည်။ ဤဆင့်ပြန်ချက်များကြား၌ ဆန့်ကျင်ဘက်ဖြစ်ခြင်း တစ်စုံတစ်ရာမျှ မရှိပေ။ အကြောင်းမှာ ဤသည့် အကြောင်းအရာတို့ကို တမန်တော်မြတ် ﷺ သည် ခန့်မှန်းခြေဖြင့် တင်ပြထားခြင်း ဖြစ်ပေသည်။ ထိုကဲ့သို့ ခန့်မှန်း တင်ပြရာ၌ အချိန်အခါအမျိုးမျိုးတွင် တိုးတိုးလာခြင်းများ ရှိလာခဲ့၍ ဖြစ်ပေမည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူ၏။)

عَلٰى سُرُرٍ مَّوْضُوْنَةٍ

(၎င်းတို့သည် ကျောက်သံပတ္တမြားစီ၍ မြှုပ်ထားသော သလွန်များထက်ဝယ် ရှိနေကြပေမည်။) *[၅၆ : ၁၅]*

مَّوْضُوْنَةٍ ဟူသော စကားလုံးနှင့် စပ်လျဉ်း၍ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးထံမှ အိဗ်နေဂျရီးရ် (ရဟ) သခင်ကြီးသည်လည်းကောင်း၊ အိဗ်နေအဗီဟာသင်မ် (ရဟ) သခင်ကြီးနှင့် မိုင်ဟကီး (ရဟ) အစရှိသော သခင်ကြီးများသည်လည်းကောင်း 'ရွှေချည်ထိုးထားသော ဖျာစဖြစ်သည်ဟူ၍ ဆင့်ပြန် တင်ပြထားပေသည်။

يَطُوْفُ عَلَيْهِمْ وِلْدَانٌ مُّخَلَّدُوْنَ

(၎င်းတို့ထံ အသက်သေဆုံးခြင်း မရှိဘဲ၊ အမြဲထာဝရ နုနယ်လျက် ရှိနေကြရမည်ဖြစ်သော သူငယ်တို့သည် လှည့်ပတ်သွားလာလျက် ရှိကြပေမည်။) *[၅၆ : ၁၇]*

အာယသ်တော်၏ အလိုသဘောမှာ 'ဤသူငယ်တို့သည် ထာဝစဉ်၊ ထာဝရ ယင်းသူငယ်ပုံစံ၌သာ ရှိနေကြမည် ဖြစ်သည်။ အသက်အရွယ် ပြောင်းလဲကြီးပြင်းသွားခြင်း အစရှိသော အချက်တစ်ချက်မျှပင် ရှိမည်မဟုတ်ပေ'ဟူ၍ ဖြစ်သည်။ ထို 'ဂျန္နသ်'၏ သူငယ်များနှင့် စပ်လျဉ်း၍ ဦးစားပေးခံရသော စိစစ်တင်ပြချက်မှာ 'ဟူရ်ကညာပျိုများကဲ့သို့ ဤသူငယ်တို့သည်လည်း 'ဂျန္နသ်'အတွင်း၌မှာပင် ဖန်ဆင်းတော်မူခြင်း ခံရကာ ဤသူငယ်များအားလုံးတို့သည် ဂျန္နသ်သူ၊ ဂျန္နသ်သားတို့၏ အခိုင်းအစေများ ဖြစ်ကြပေလိမ့်မည်' ဟူ၍တည်း။ ဟဒီးစ်တော်၏ ဆင့်ပြန်ချက်များဖြင့် 'ဂျန္နသီတစ်ဦးတစ်ယောက်ချင်းစီအဖို့ ထောင်ပေါင်းများစွာသော အခိုင်းအစေများ ရှိပေလိမ့်မည်' ဟူ၍ အတည်ပြု သိရှိရပြီး ဖြစ်ပေသည်။ *[မဇ္ဇဟရီကျမ်း]*

بِاَكۡوَابٍ وَّاَبَارِيۡقَ وَكَاۡسٍ مِّنۡ مَّعِيۡنٍ

(၄င်းတို့သည် သောက်ရေဖလားများ၊ ရေတကောင်းများနှင့် တသွင်သွင်စီးသော အရက်မြစ်မှ ပြည့်လျှံ လျက်ရှိသော ခွက်များကို ယူဆောင်၍ လှည့်ပတ်သွားလာလျက်ရှိကြမည်။) *[၅၆ : ၁၈]*

اَكۡوَابٌ သည် كوب ၏ အများကိန်းဖြစ်ပေသည်။ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်သုံး အများသုံး ဝေါဟာရ၌ 'ရေခွက်' ဟု ခေါ်တွင်သော ရေအစရှိသော အရာများ သောက်သုံးရန်အတွက် အသုံးပြုသည့် ခွက်ကို ခေါ်ဆိုပေသည်။ اَبَارِيۡقٌ သည် اِبۡرِيۡقٌ ဟူသော စကားလုံး၏ အများကိန်းဖြစ်ပေသည်။ 'နှုတ်ခမ်းရှိသောရေတကောင်း၊ ခွက်၊ ခရား' ကို ခေါ်ဆိုပေသည်။ كَأۡسٌ သီးသန့်အရက်ခွက်ကို ခေါ်ဆို ပေသည်။ 'မအီးန်'ဟူသော စကားလုံး၏ အလိုသဘောမှာ 'ယင်းခွက်အတွင်းရှိ အရက်ကို စီးတွေနေသော ချောင်းတစ်ချောင်းမှ ယူဆောင်လာခြင်း ဖြစ်ပေသည်' ဟူ၍ ဖြစ်သည်။

لَّا يُصَدَّعُوۡنَ

(၄င်းတို့သည် ထိုအရက်ကို သောက်သုံးခြင်းဖြင့် ခေါင်းခဲခြင်းကိုလည်း ခံစားကြရမည် မဟုတ် ပေ။) *[၅၆ : ၁၉]*

صُدَاعٌ ဟူသော စကားလုံးမှ ဆင်းသက်လာသော စကားလုံးဖြစ်၍ 'ခေါင်းကိုက်၊ ခေါင်းခဲ ခြင်း' ဟူ၍ အဓိပ္ပာယ်ရရှိ၏။ ကမ္ဘာလောက၌မူ အရက်ကို များစွာ သောက်သုံးခြင်းဖြင့် ဦးခေါင်း၌ မူးဝေ၊ ကိုက်ခဲခြင်းကဲ့သို့ ဖြစ်ပေါ်ခံစားရလေ့ ရှိပေသည်။ 'ဂျန္နသ်'၏ ယင်းအရက်သည်မူ ထိုအချက် များမှ ကင်းရှင်းနေပေလိမ့်မည်။

وَلَا يُنۡزِفُوۡنَ (သတိလစ်ကြမည်လည်း မဟုတ်ပေ။) *[၅၆ : ၁၉]*

نزف ၏ မူရင်းအဓိပ္ပာယ်မှာ ရေတွင်းမှ ရေအားလုံးကို ငင်ယူလိုက်ခြင်း ဖြစ်ပေသည်။ ဤနေရာ၌ ဆိုလိုရင်းသဘောမှာ 'စဉ်းစားတွေးခေါ်မှုစွမ်းအား ကင်းလွတ်နေခြင်း' ဟူ၍ ဖြစ်ပေသည်။

وَلَحۡمِ طَيۡرٍ مِّمَّا يَشۡتَهُوۡنَ

(၄င်းတို့ကြိုက်နှစ်သက်ကြသော ငှက်သားများကို ယူဆောင်၍ တင်ဆက်ကြပေမည်။) *[၅၆ : ၂၁]*

ဆိုလိုသည်မှာ 'ငှက်သားများကို ၄င်းတို့ မည်သို့မည်ပုံ တပ်မက်လိုလား စားသောက်လိုမည် နည်း။ ထိုဆန္ဒနှင့်အညီ ငှက်သားများကို ယူဆောင်၍ တင်ဆက်ကြပေမည်'ဟူ၍ ဖြစ်သည်။ ဟဒီးစ်တော် အတွင်း၌ လာရှိသည်မှာ ဂျန္နသ်သူ ဂျန္နသ်သားတို့သည် အကြင်မည်သည့်အချိန်၌မဆို ငှက်သားတစ်ခုခု ကို စားလိုစိတ် ဖြစ်ပေါ်လာမည်ဆိုလျှင် ထိုငှက်၏ အသားကို စိတ်အတွင်းမှ မည်သို့မည်ပုံ စားလိုသနည်း။ လိုလားနှစ်ခြိုက်သည့်အတိုင်း 'ကင်ထားသည်ကို စားလိုသည်ဆိုက ကင်စားပြီး၊ အသား ချက်ထားသည်

ကို စားလိုသည်ဆိုပါက ချက်ထားပြီး အသား၊ ကဗာဗ် အသားလုံးကျော် စားလိုသည်ဆိုပါက အသားလုံးကြော်' ချက်ချင်း အသင့်အနေအထားဖြင့် ရှေ့မှောက်သို့ ရောက်ရှိလာပေလိမ့်မည်' ဟူ၍တည်း။ *[မဇ္ဇဟရီး]*

وَاَصۡحٰبُ الۡيَمِيۡنِ مَاۤ اَصۡحٰبُ الۡيَمِيۡنِ

(ထို့ပြင် လက်ယာဘက်သားတို့သည်၊ စင်စစ် ထိုလက်ယာဘက်သားတို့မှာ အဘယ်မျှလောက်ကောင်းမြတ်ကြပေသနည်း။) *[၅၆ : ၂၇]*

လက်ယာဘက်သားတို့ဟူသည် စင်စစ်၌ ပြစ်မှုဒုစရိုက်ကင်းသော မုအ်မင်န်များနှင့် အလ္လာဟ်အသျှင်မြတ်၏ အချစ်တော်များ ဖြစ်ပေသည်။ ပြစ်မှုဒုစရိုက်ကျူးလွန်သော မွတ်စ္စလင်မ်များသည်လည်း ၎င်းတို့နှင့်အတူ သွားရောက်ပူးပေါင်း ပါဝင်ခွင့် ရရှိကာ အတူဖြစ်သွားပေလိမ့်မည်။ အချို့သည်မူ အလ္လာဟ်အသျှင်မြတ် ကျေးဇူးအသနားတော် သက်သက်ဖြင့်လည်းကောင်း၊ အချို့သည် နဗီ၊ ဝလီတစ်ပါးပါး၏ ကြားဝင်အသနားခံပေးမှုကြောင့် လွတ်ငြိမ်းချမ်းသာခွင့်ကို ရရှိပြီးနောက်၌လည်းကောင်း၊ အချို့သည် ပြစ်ဒဏ်ခံရမည်။ သို့ရာတွင် ပြစ်မှုဒုစရိုက်၏ ပြစ်ဒဏ်ကို ခံရပြီးနောက် ဤသူတို့သည်လည်း ပြစ်မှုဒုစရိုက်များမှ ကင်းရှင်းကာ လက်ယာဘက်သားတို့၏ အဖွဲ့၊ အုပ်စုအတွင်း၌ ပါဝင်သွားကြပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ပြစ်မှုဒုစရိုက် ကျူးလွန်ခဲ့ကြသော မုအ်မင်န်တို့အဖို့ ငရဲမီးသည် စင်စစ် ပြစ်ဒဏ်ပေးရန်အတွက် မဟုတ်။ သို့သာမက ချေးညှော်၊ အညစ်အကြေးများမှ ကင်းစင် သန့်ရှင်းရန်အတွက် အစီအမံတစ်ရပ်သာ ဖြစ်ပေသည်။ *[မဇ္ဇဟရီးကျမ်း]*

فِيۡ سِدۡرٍ مَّخۡضُوۡدٍ ۙ وَّطَلۡحٍ مَّنۡضُوۡدٍ ۙ وَّظِلٍّ مَّمۡدُوۡدٍ ۙ وَّمَآءٍ مَّسۡكُوۡبٍ

(၎င်းတို့သည် ဆူးများ ရှင်းထားပြီးဖြစ်သော ဆီးပင်များရှိရာ၌ ရှိကြပေမည်။ ၎င်းပြင် အခိုင်လိုက်သီးသော ငှက်ပျောပင်များရှိရာ၌ ရှိကြပေမည်။ ထို့ပြင် ကျယ်ဝန်းပြန့်ပြူးသော မြသည့် အရိပ်အာဝါသ၌ ရှိကြပေမည်။ ထို့ပြင် မြေပေါ်၌ အမြဲစီးတွေလျက်ရှိသော ရေရှိရာ၌ ရှိကြပေမည်။) *[၅၆ : ၂၈-၃၁]*

'ဂျန္နသ်'၏ စည်းစိမ်တော်များသည် မရေမတွက်နိုင်လောက်အောင် ရှိ၍ အနိုင်းမဲ့ဖြစ်ကာ တွေးတောစဉ်းစား၍ ခံစားသိရှိနိုင်သော အရာများ မဟုတ်ပေ။ ထိုစည်းစိမ်တော်များအတွင်းမှ ကုရ်အာန်ကျမ်းတော်မြတ်အတွင်းတွင် တင်ပြထားသော စည်းစိမ်တော်များကို စာရှု၊ ကြားနာသူများ၏ တွေးတောမျှော်မှန်းသည်များကို ထောက်ရှု၍ ထို့နောက် ၎င်းတို့ နှစ်သက်လိုလားခဲ့မင်သော အရာများကို ထောက်ရှု၍ တင်ပြထားခြင်း ဖြစ်ပေသည်။ အာရဗ်နိုင်ငံသား များ အပန်းဖြေရာတွင် ခုံမင်နှစ်သက်သော အရာများနှင့် နှစ်နှစ်ခြိုက်ခြိုက် မှီဝဲသော သစ်သီးဝလံအချို့ကို ဤနေရာ၌ တင်ပြထားပေသည်။

فِيۡ سِدۡرٍ مَّخۡضُوۡدٍ

(ဆူးများ ရှင်းထားပြီးဖြစ်သော ဆီးပင်များ၌ ရှိကြပေမည်။) *[၅၆ : ၂၈]*

سِدْرٌ သည် 'ဆီးပင်'ကို ခေါ်ဆိုပေသည်။ مَخْضُوْدٌ သည် ဆူးများရှင်းထားပြီးဖြစ်သော အသီးများ၏ လေးလံမှုကြောင့် အကိုင်းများ ညွှတ်ကျ၍ နေသော ဆီးပင်ကို ခေါ်ဆိုပေသည်။ 'ဂျန္နသ်'၏ ဆီးသီးများသည် ကမ္ဘာလောကၥ်ရှိသော ဆီးသီးများကဲ့သို့ မဟုတ်ပေ။ ထိုဆီးသီးသည် ရေတကောင်း များအလား ကြီးမားကာ အရသာမှာလည်း လောက၏ ဆီးသီးနှင့် မည်သို့မျှ နှိုင်းယှဉ်၍ ရမည်မဟုတ်ပေ။ (ဟဒီးစ်တော်အတွင်း၌ ဤအတိုင်း လာရှိထားပေသည်။)

طَلْحٍ مَّنْضُوْدٍ (၄င်းပြင် အခိုင်လိုက်သီးသော ငှက်ပျောပင်များ ရှိရာ၌ ရှိကြပေမည်။) *[၅၆ : ၂၉]*

طَلْحٌ သည် ငှက်ပျောပင်ကို ခေါ်ဆို၍ مَنْضُوْدٌ ဟူသည် အခိုင်လိုက် ပြွတ်သိပ်ကာ သီးနေခြင်းကို ခေါ်ဆိုပေသည်။ ငှက်ပျောခိုင်များ၌ ပမာအားဖြင့် တွေ့မြင်နိုင်ပေသည်။

ظِلٍّ مَّمْدُوْدٍ (ထို့ပြင် ကျယ်ဝန်းပြန့်ပြူး၍ မြဲသော အရိပ်အာဝါသ၌ ရှိကြပေမည်။) *[၅၆ : ၃၀]*

ရှည်လျားစွာသော အရိပ်အာဝါသ ရှိမည့် သစ်ပင်ကို ဆိုလိုပေသည်။ ဗိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်းတို့၌ ပါရှိသည်မှာ 'ဂျန္နသ်'ရှိ အချို့သော သစ်ပင်များ၏ အရိပ်မှာ 'မြင်းစီးသူရဲကောင်းသည် နှစ်ပေါင်း (၁၀၀) ထိတိုင် မဖြတ်ကျော် နိုင်လောက်အောင် ရှည်လျားသော အရိပ်' ရှိပေမည် ဟူ၍တည်း။

وَمَآءٍ مَّسْكُوْبٍ

(ထို့ပြင် မြေပေါ်၌ အမြဲစီးတွေလျက်ရှိသော ရေရှိရာ၌ ရှိကြပေမည်။) *[၅၆ : ၃၁]*
အပေါ်ယံမြေမျက်နှာပြင်၌ စီးတွေနေသော ရေကို ဆိုလိုပေသည်။

وَفَاكِهَةٍ كَثِيْرَةٍ

(ထို့ပြင် မြောက်မြားစွာသော သစ်သီးဝလံများရှိရာ၌ ရှိနေကြပေမည်။) *[၅၆ : ၃၂]*

كَثِيْرَةٌ (မြောက်မြားစွာသော) ဟု ဆိုရာ၌ အသီးအနှံအရေအတွက် များပြားခြင်းလည်း ပါဝင်သလို၊ အမျိုးအစား အမျိုးမျိုးအမည်မည် မရေမတွက်နိုင်အောင် များပြားစွာ ရှိခြင်းလည်း ပါဝင်ပေသည်။

لَّا مَقْطُوْعَةٍ وَّ لَا مَمْنُوْعَةٍ

(ထိုသစ်သီးဝလံများသည် မည်သည့်ရာသီဥတု၌မျှ ကုန်ခန်းသော သစ်သီးဝလံများလည်း မဟုတ်ပေ။ မည်သို့မျှ ပိတ်ပင်တားမြစ်ခြင်း ခံရမည်ဖြစ်သော သစ်သီးဝလံများလည်း မဟုတ်ချေ။) *[၅၆ : ၃၃]*

مَقْطُوْعَةٍ ၏ အလိုသဘောမှာ ရာသီကုန်ဆုံးသွားချိန်၌ ကုန်ဆုံးပပျောက်သွားသော သစ်သီး ဝလံများဟူ၍ ဖြစ်သည်။ ပမာဆိုရသော် ကမ္ဘာလောက၌ များစွာသော သီးနှံများသည် ဤအခြေအနေ

အတိုင်းသာလျှင် ရှိပေသည်။ အချို့သော သီးနှံများသည် နွေရာသီ၌ ပေါ်၏။ ရာသီကုန်ဆုံးသွားသည်နှင့် ၎င်းသစ်သီးဝလံများသည်လည်း ပပျောက်ကုန်ဆုံးသွားကြသည်။ အချို့သော သစ်သီးဝလံများသည် ဆောင်းရာသီ၌၊ အချို့သည် မိုးရာသီ၌ သီး၍ ရာသီကုန်ဆုံးသွားချိန်၌ ၎င်းသီးနှံတို့သည်လည်း ပပျောက်ကုန်ဆုံးသွားကြသည်။ အစအနမျှပင် မကျန်ရှိတော့ချေ။ 'ဂျန္နသ်'၏ အသီးအနှံတိုင်းသည်မူ အမြဲတစေ အချိန်တိုင်း၊ ရာသီတိုင်း၌ တည်ရှိနေပေမည်။ **مَمْنُوعَةٍ** ၏ အလိုသဘောမှာ 'ကမ္ဘာလောက၌ အပင်များတွင် သီးနေသော သစ်သီးများကို စောင့်ကြပ်နေသောသူတို့သည် ထိုအသီးများကို ခူးဆွတ်ခြင်းမှ တားမြစ်ဟန့်တားခြင်းများ ရှိ၏။ 'ဂျန္နသ်'၏ အသီးများသည် ထိုအချက်မှ ကင်းလွတ်၍ နေပေလိမ့်မည်။ ထို 'ဂျန္နသ်'၏ အသီးအနှံများကို ခူးဆွတ်ရာ၌ အဟန့်အတား တစ်စုံတစ်ရာမျှ ရှိလိမ့်မည်မဟုတ်ပေ' ဟူ၍ဖြစ်၏။

وَفُرُشٍ مَّرْفُوعَةٍ

(ထို့ပြင် ၎င်းတို့သည် မြင့်စွင့်လှစွာသော သလွန်များ၊ အခင်းအကျင်းများ၊ မွေ့ရာများအပေါ်၌ ရှိနေကြပေမည်။) *[၅၆ : ၃၄]*

فُرُشٍ သည် **فَرْشٌ** ၏ အများကိန်းဖြစ်ပေသည်။ အဓိပ္ပာယ်မှာ 'အခင်း၊ အိပ်ယာ'ဟူ၍ ဖြစ်၏။ 'မြင့်စွင့်လှစွာသော အခင်းများ၌ ရှိမည်' ဟူ၍ မိန့်တော်မူထားရခြင်း အကြောင်းမှာ ပထမအချက်သည်မူ ဤနေရာဌာနသည်ပင်လျှင် မြင့်မားလှစွာသော တည်နေရာဌာန၌ ရှိနေသောကြောင့် ဖြစ်သည်။ ဒုတိယအချက်မှာ ဤအခင်းများကိုယ်တိုင်သည် မြေကြီးအပေါ်၌ မဟုတ်ဘဲ သလွန်များနှင့် ကုတင်များ၏အပေါ်၌ ရှိနေသောကြောင့် ဖြစ်သည်။ တတိယအချက်မှာ ထိုအခင်းများ၏ ပင်ကိုယ်သည်လည်း ထူထဲသော အခင်းများ ဖြစ်သောကြောင့် ဖြစ်သည်။ အချို့သော အဖွင့်ပညာရှင်များသည် ဤနေရာ၌ အခင်းအကျင်း၏ အလိုသဘောကို အမျိုးသမီးများ ဖြစ်သည်ဟူ၍ အလိုသဘောကို ကောက်ယူထားကြပေသည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသမီးများကိုလည်း **فِرَاش** (အခင်း) ဟူသော စကားလုံးဖြင့် သုံးနှုန်းလေ့ရှိကြပေသည်။ ဟဒီးစ်တော်၌ **اَلْوَلَدُ لِلْفِرَاشِ** (ကလေးသည် ကာမပိုင်ယောကျ်ား၊ ခင်ပွန်း၏ သားသမီးသာ ဖြစ်ပေမည်) ဟူ၍ လာရှိထားရာ ဟဒီးစ်တော်တွင် ပါရှိသော **فِرَاشٌ** ဟူသော စကားလုံး၏ အလိုသဘောမှာ ဇနီးကြင်ယာဟူ၍ ဖြစ်ပေသည်။ အရှေ့၌ လာရှိခဲ့သော အာယသ်တော်များအတွင်း၌ 'ဂျန္နသီ'အမျိုးသမီးများ၏ ဂုဏ်အရည်အချင်းများကို တင်ပြထားပေသည်။ ထိုအချက်များသည်လည်း ဤအထက်ဖော်ပြပါ အဓိပ္ပာယ်ကို ရယူရခြင်း၏ အကြောင်းခံဖြစ်ပေသည်။ *[မဇ္ဇဟရီကျမ်း]*

ဤပုံစံ၌ **مَرْفُوعَةٍ** ဟူသော စကားလုံးသည် အဆင့်အတန်းအရ မြင့်မားသော သူမများဟူ၍ ဖြစ်ပေမည်။ အလိုသဘောမှာ အလွန် အဆင့်အတန်းမြင့်မားလှသော အမျိုးသမီးများသည်လည်း ရှိပေမည် ဟူ၍တည်း။

اِنَّا اَنْشَاْنٰهُنَّ اِنْشَآءً

(ကေန်မလွဲ ငါအသျှင်မြတ်သည် ထိုမိန်းမပျိုတို့အား အထူးဖန်ဆင်းတော်မူခဲ့၏။) *[၅၆ : ၃၅]*

اِنْشَاءٌ ၏ အဓိပ္ပာယ်မှာ 'ဖန်ဆင်းတော်မူခြင်း' ဟူ၏။ **هُنَّ** (ထိုအမျိုးသမီးများ) ဟူသော နာမ်စားမှာ 'ဂျန္နသ်' အမျိုးသမီးများ၏ဘက်သို့ ရည်ညွှန်းသည်။ နီးစပ်မှုရှိသော အထက်ပါအာယသ်တော်များအတွင်း၌ ၎င်းတို့၏ အကြောင်းကို မတင်ပြထားနေလင့်ကစား သို့ရာတွင် အနည်းငယ်လှမ်းသော (အလ္လာဟ်အသျှင်မြတ်နှင့် နီးကပ်မှု ရရှိသော အသာဆုံးသောသူများ) ၏ အကြောင်းကို တင်ပြရာတွင် ၎င်းတို့၏ အကြောင်းကို တင်ပြပြီး ဖြစ်ပေသည်။ ထို့ကြောင့် ယင်းနာမ်စားကို 'ဂျန္နသ်' ရှိ အမျိုးသမီးတို့၏ဘက်သို့ ရည်ညွှန်းဖော်ပြနိုင်ပေသည်။ အထက်အာယသ်တော်ပါ (အခင်းအကျင်း) ၏ အလိုသဘောကို 'ဂျန္နသ်' ၏ အမျိုးသမီးများဖြစ်သည် ဟူသော အလိုသဘော ကောက်ယူပါမှ ယင်းနာမ်စားသည် ၎င်းသူမတို့၏ဘက်သို့ ရည်ညွှန်းကြောင်းမှာ ထင်ရှားလာပေသည်။ ထို့ပြင် အခင်း၊ အကျင်း အစရှိသော ဇိမ်ခံပစ္စည်းများအကြောင်းကို တင်ပြရာ၌ အမျိုးသမီးများဘက်သို့ ညွှန်ပြခြင်းလည်း ပါရှိပေသည်။ ထို့ကြောင့်လည်း ယင်းနာမ်စားကို 'ဂျန္နသ်' ရှိ အမျိုးသမီးများဘက်သို့လည်း ရည်ညွှန်းဖော်ပြနိုင်ပေသည်။

အာယသ်တော်၏ အဓိပ္ပာယ်မှာ ဤသို့ပင် ဖြစ်သည်။ ငါအသျှင်မြတ်သည် 'ဂျန္နသ်' ၏ အမျိုးသမီးများကို အထူးသီးသန့်အသွင်မျိုးဖြင့် ဖန်ဆင်းတော်မူခဲ့၏။ ထိုသို့ အထူးသီးသန့် ဖန်ဆင်းခြင်းသည် 'ဟူရ်' ကညာပျိုများနှင့် စပ်လျဉ်း၍မူ 'ဂျန္နသ်' ၌မှာပင် မီးဖွားသန့်စင်ခြင်း မခံရဘဲ ဖန်ဆင်းတော်မူထားရန် ဖြစ်ပေသည်။ 'ဂျန္နသ်' သို့ ဝင်ရောက်ရမည့် ကမ္ဘာလောကသား အမျိုးသမီးများအား အထူးသီးသန့် ဖန်ဆင်းတော်မူခြင်း၏ အလိုသဘောမှာ 'အကြင်အမျိုးသမီးများသည် ကမ္ဘာလောက၌ အသားမွဲ၊ အရုပ်ဆိုး အကျည်းတန်ကာ အိုမင်းရင့်ရော်၍ နေပေသည်။ ယခု ထိုအမျိုးသမီးများကို လှပသော ပျိုရွယ်သူများအဖြစ် ဖန်ဆင်းပေးတော်မည်ဟူ၍ ဖြစ်ပေသည်။ ပမာဆိုရသော် သိရ်မေဇီကျမ်းနှင့် ဗိုင်ဟကီကျမ်း၌ ဟဇရသ်အနတ်စ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ထားသော ဆင့်ပြန်ချက်တစ်ရပ် လာရှိထားပေသည်။ ထိုဆင့်ပြန်ချက်အတွင်း၌ တမန်တော်မြတ် ﷺ သည် **اِنَّا اَنْشَاْنٰهُنَّ اِنْشَآءً** အာယသ်တော်ကို အကျယ်ဖွင့်ဆိုရာ၌ 'ကမ္ဘာလောက၌ အိုမင်းရင့်ရော်ကာ ဆံဖြူ၍ အရုပ်ဆိုး၊ အကျည်းတန်သော အမယ်အိုများကို လှပသော သူပျိုအရွယ် လုံမပျိုများအဖြစ် အသစ်တစ်ဖန် ပြန်လည် ဖန်ဆင်းပေးတော်မူပေလိမ့်မည်' ဟူ၍ မိန့်ခြွေထားပေသည်။ ဗိုင်ဟကီ (ရဟ) သခင်ကြီးသည် ဟဇရသ်အာအေရှာဟ် ﷺ သခင်မကြီးထံမှ ဆင့်ပြန်ချက်တစ်ရပ် တင်ပြထားသည်မှာ တစ်နေ့ တမန်တော်မြတ် ﷺ သည် အိမ်တော်သို့ ကြွမြန်းလာတော်မူပေသည်။ ကျွန်မ၏ထံပါး၌ အဖွားအိုတစ်ဦး ထိုင်နေပေသည်။ တမန်တော်မြတ် ﷺ သည် 'ဤအဖွားအိုသည် မည်သူနည်း' ဟူ၍ မေးမြန်းတော်မူရာ ကျွန်မသည် မိမိ၏အဒေါ် တော်စပ်ကြောင်း' ပြန်လည် လျှောက်ထားလိုက်ပေသည်။ တမန်တော်မြတ် ﷺ သည် ကျီစယ်လိုသော ဆန္ဒတော်မျိုးဖြင့် **لَا تَدْخُلُ الْجَنَّـةَ عَجُوْزٌ** ('ဂျန္နသ်'

သုခဘုံသို့ မည်သည့်အဘွားအို တစ်ဦးတစ်ယောက်မျှ ဝင်ရောက်ရလိမ့်မည် မဟုတ်) ဟူ၍ မိန့်တော်မူလိုက်ပေသည်။ ယင်းအမျိုးသမီးကြီးသည် အလွန်ဝမ်းနည်း သောကပွားသွားပေသည်။ အချို့သော ဆင့်ပြန်ချက်များ၌ ငိုယိုသွားသည်ဟူ၍လည်း လာရှိထားပေသည်။ ထိုအခါ တမန်တော်မြတ် ﷺ သည် ထိုအမျိုးသမီးကြီးကို ပြန်လည် ဖြေသိမ့်မှုပေးလေသည်။ ဤအမျိုးသမီးကြီးအား 'ဂျန္နသ်'သုခဘုံသို့ ဝင်ရောက်သော အချိန်၌ အိုမင်းရင့်ရော်သော အသွင်မျိုးဖြင့် ဝင်ရောက်ရမည်မဟုတ်ဘဲ သူပျို၊ လုံမပျိုအသွင်မျိုးဖြင့် ဝင်ရောက်ရမည်ဖြစ်ကြောင်း မိန့်တော်မူ၍ မိမိပြောကြားချက်၏ ဆိုလိုရင်းအချက်ကို တင်ပြလိုက်ပေသည်။ ၎င်းနောက် ဤတင်ပြပါအာယသ်တော်ကို ရွတ်ဖတ်တော်မူခဲ့ပေသည်ဟူ၏။ *[မဇ္ဇ်ဟရီ၊ကျမ်း]*

اَبۡكَارًا (ပျိုကညာများ) **بِكۡرٌ** 'ဗာ'အက္ခရာ၌ 'ဇေးရ်'ဖြင့် လာရှိသော စကားလုံး၏ အများကိန်း ဖြစ်ပေသည်။ ပျိုကညာကို ခေါ်ဆိုခြင်း ဖြစ်ပေသည်။ အလိုသဘောမှာ ဤသို့ပင် ဖြစ်သည်။ 'ဂျန္နသ်'ရှိ အမျိုးသမီးများကို 'ပေါင်းသင်းဆက်ဆံခြင်းကို ခံရပြီးနောက်ပိုင်းတိုင်း၌လည်း ပျိုရွယ်ဝင် အသွင်မျိုး အဖြစ်သာ ရှိမည့်' အသွင်မျိုးဖြင့် ဖန်ဆင်းပေးထားတော်မူပေသည်။

عُرُبًا (လင်ယောကျာ်းတို့အား ချစ်ခင်စုံမက်ကြသော။) *[၃၆ : ၃၇]*

'အိုင်' အက္ခရာနှင့် 'ရာ'အက္ခရာအပေါ်၌ 'ပေးရှ်'ဖြင့် လာရှိသော ဤစကားလုံးသည် **عروبة** ဟူသော စကားလုံး၏ အများကိန်း ဖြစ်ပေသည်။ 'မိမိ၏ ခင်ပွန်းအား စွဲစွဲလမ်းလမ်း ချစ်သော သူမ၊ ခင်ပွန်း၏ စိတ်တိုင်းကျ ကျေနပ်နှစ်မြို့ ချစ်ခင်မှုကို ရရှိသော အမျိုးသမီး' ကို ခေါ်ဆိုပေသည်။

اَتۡرَابًا (သက်တူရွယ်တူများအဖြစ်။) *[၃၆ : ၃၇]*

تِرۡبٌ ဟူသော စကားလုံး၏ အများကိန်းဖြစ်ပေသည်။ ၎င်း၏ အဓိပ္ပာယ်မှာ 'သက်တူရွယ်တူ ရှိခြင်း'ဟူ၍ ရ၏။ 'ဂျန္နသ်'၌ အမျိုးသား၊ အမျိုးသမီးအားလုံးတို့သည် သက်တူရွယ်တူများအဖြစ် ပြုလုပ်ပေးခြင်း ခံရပေလိမ့်မည်။ အချို့သော ဟဒီးစ်တော်၏ ဆင့်ပြန်ချက်များ၌ လာရှိထားသည်မှာ အားလုံးသော သူတို့၏ အသက်မှာ (၃၃) နှစ်မည်ဟူ၏။ *[မဇ္ဇ်ဟရီ]*

ثُلَّةٌ مِّنَ الْاَوَّلِيۡنَ وَثُلَّةٌ مِّنَ الۡاٰخِرِيۡنَ

(၎င်းတို့တွင် ရှေးသူဟောင်းတို့အနက်မှ ကြီးကျယ်လှစွာသော အုပ်စုကြီးတစ်စုသည်လည်းကောင်း၊ နောင်လာနောက်သားတို့အနက်မှ အုပ်စုကြီးတစ်စုသည်လည်းကောင်း ပါဝင်ကြကုန်ပေလိမ့်မည်။)

[၅၆ : ၃၉-၄၀]

ثُلَّةٌ ၏ အဓိပ္ပာယ်မှာ 'ကြီးမားသော အုပ်စုအဖွဲ့'ဟူ၍ ဖြစ်ပေသည်။ **اوّلين** (ရှေးသူဟောင်းများ) နှင့် **اٰخرين** (နောင်လာနောက်သားများ) တို့ကို အကျယ်ဖွင့်ဆိုရာ၌ အဖွင့်ရှင်များ၏ အဆိုနှစ်ရပ်ကို

سابقون ဟုခေါ်ဆိုသော (အသာဆုံးသော အလ္လာဟ်အသျှင်မြတ်နှင့် နီးစပ်မှုရရှိသော သူများ) ၏ အကြောင်း၌ တင်ပြခဲ့ပြီး ဖြစ်ပေသည်။

အချို့သော အဖွင့်ရှင်များ တင်ပြထားသကဲ့သို့ အကယ်၍ اوّلين ရှေးသူဟောင်းတို့၏ အလိုသဘောသည် ဟဇရတ်အာဒမ် عليه السلام မှစ၍ တမန်တော်မြတ် ﷺ ခေတ်ထိတိုင် ရှိသောသူများဖြစ်၍ اخرين နောင်လာနောက်သားတို့၏ အလိုသဘောမှာ 'ကေယာမသ်'ထိတိုင် ပေါက်ဖွားလာကြမည်ဖြစ်သော တမန်တော်မြတ် ﷺ ၏ အုမ္မသ် (နောက်လိုက်ထု) တစ်ရပ်လုံးဟူ၍ ကောက်ယူမည်ဆိုလျှင် အာယသ်တော်မြတ်၏ အချုပ်သဘောတရားမှာ ဤသို့ပင် ဖြစ်သည်။ ပြစ်မှုဒုစရိုက်များကို ရှောင်ကြဉ်သော မုအ်မင်န်များဖြစ်သည့် လက်ျာဘက်သားတို့၏ အရေအတွက်သည် အတိတ်ခေတ် မျိုးနွယ်အုပ်စုများ စုစုပေါင်းမှ အလွန်ကြီးမားသော အသင်းအဖွဲ့တစ်ရပ်အဖြစ် တည်ရှိနေပေလိမ့်မည်။ တမန်တော်မြတ် ﷺ ၏ အုမ္မသ် (နောက်လိုက်ထု) တစ်ရပ်တည်းကမူ သီးခြားကြီးမားသော အသင်းအဖွဲ့စည်းကြီးတစ်ရပ်အဖြစ် တည်ရှိ နေပေလိမ့်မည်။ ဤပုံစံ၌ ပထမအချက်သည်မူ ခေတ်အချိန်ကာလ အလွန် တိုတောင်းစွာ ရရှိထားသော ဤတမန်တော်မြတ် ﷺ ၏ အုမ္မသ် (နောက်လိုက် ထု) ၏ အကျိုးထူးမြတ်မှုရှိခြင်းအတွက် 'အတိတ်ခေတ်၏ သိန်းပေါင်းများစွာသော နဗီတမန်တော်များ၏ အုမ္မသ် (နောက်လိုက်ထု) များနှင့် တန်းတူ ဤအုမ္မသ် နောက်လိုက်ထု တည်ရှိနေခြင်း' သည်လည်း တစ်စုံတစ်ရာ နည်းပါးသော အချက်မဟုတ်ပေ။ ထို့ပြင်တဝ ثُلَّة ဟူသော စကားလုံးအတွင်း၌ 'ဤနောင်လာနောက်သား အသင်းအဖွဲ့ကြီးသည် အရေအတွက်၏ အရာ၌ ရှေးသူဟောင်းတို့ အရေအတွက်ထက် တိုးပွားများပြားလိမ့်မည်'ဟူသော အချက်ကိုလည်း ကောက်ချက်ချနိုင်ပေသည်။

ဟဇရတ်အိဗ်နေအဗ္ဗာစ် ﷺ သခင်ကြီးထံမှ အေမာမ်ဗဂဝီ (ရဟ) သည်လည်းကောင်း၊ ဟဇရတ်အဗူဗကရ် ﷺ သခင်ကြီးထံမှ မုစဒ်ဒဒ် (ရဟ) သခင်ကြီး၊ သွဗ်ရာနီ (ရဟ) သခင်ကြီးနှင့် အိဗ်နေမရ်ဒဝီယား (ရဟ) သခင်ကြီးတို့သည်လည်းကောင်း ဆင့်ပြန်တင်ပြထားသည့်အတိုင်း اوّلين 'ရှေးသူဟောင်းနှင့် اخرين နောင်လာနောက်သားတို့ လူတန်းစားနှစ်ရပ်စလုံးသည် ဤအုမ္မသ် (နောက်လိုက်ထု) အတွင်းမှသာ ဖြစ်မည်ဟူသော ဒုတိယအဖွင့်ဆိုချက်ကို အကယ်၍ အာယသ်တော်၏ အလိုသဘောအဖြစ် ကောက်ယူမည်ဆိုလျှင် ဆင့်ပြန်ချက်အတွင်း၌ တမန်တော်မြတ် ﷺ သည် ဤအထက်တင်ပြပါ အာယသ်တော်အား အကျယ်ဖွင့်ဆိုရင်း هُمَا مِنْ اُمَّتِي (ဤရှေးသူဟောင်းနှင့် နောင်လာနောက်သား လူတန်းစားနှစ်ရပ်စလုံးသည် ဤငါကိုယ်တော်၏ အုမ္မသ် (နောက်လိုက်ထု) အတွင်း၌ရှိသော လူတန်းစားနှစ်ရပ်သာလျှင်ဖြစ်သည်) ဟူ၍ မိန့်တော်မူထားသည်။

ဤအထက်တင်ပြပါ အဓိပ္ပာယ်ကို ထောက်ရှုလျှင် 'နောက်ဆုံးပိုင်း ခေတ်ကာလတွင် အသာဆုံးသော အလ္လာဟ်အသျှင်မြတ်နှင့် နီးကပ်မှုရရှိသော သူတို့သည် နည်းပါးနေလင့်ကစား ဤလူတန်းစားမျိုးတို့သည်

ဆွဟာဗာနှင့် သာဗေအီးန် အစရှိသောသူတို့ လက်ထက်မှစ၍ ဤအွမ္မသ်၏ နောက်ဆုံးပိုင်း ခေတ်ကာလ အထိတိုင် လုံးဝ လက်မဲ့ဖြစ်မည် မဟုတ်ကြောင်း' ကို အတည်ပြု၍ ရရှိပေသည်။ မုအ်မင်န်များ၊ ပြစ်မှု ဒုစရိုက်ကို ရှောင်ကြဉ်သောသူများနှင့် အလ္လာဟ်အသျှင်မြတ်၏ အချစ်တော်များသည်မှု ဤအွမ္မသ်၏ နောက်လိုက်ထုအတွင်း၌ အစောပိုင်းနှင့် နှောင်းပိုင်းခေတ်တို့တွင် အလွန်များပြားလှစွာသော အရေအတွက် တို့ဖြင့် တည်ရှိနေပေသည်။ ဤအွမ္မသ်၏ မည်သည့်ခေတ်ကာလတစ်ခု၌မဆို လက်ယာဘက်သား လူတန်းစား အဖွဲ့သည် ကင်းလွတ်၍ နေမည်မဟုတ်ပေ။ ယင်းအချက်ကို ဖော်ပြပါ ဟဒီးစ်တော်က သက်သေပြုလျက် ရှိပေသည်။ ယင်းဆင့်ပြန်ချက်သည် ဆွဟီးဟ်ဘိုခါရီကျမ်းနှင့် ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်းတို့၌ ဟဇရသ် မုအာဝေယား (ရဟ) သခင်ကြီးထံမှ ဆင့်ပြန်လာရှိထားပေသည်။ တမန်တော်မြတ် ﷺ သည် ဤသို့ အောက် ဖော်ပြပါအတိုင်း မိန့်တော်မူထားပေသည်။

'ငါကိုယ်တော်၏ အွမ္မသ်နောက်လိုက်ထုအတွင်း၌ အဖွဲ့အစည်းတစ်ရပ်သည် ထာဝစဉ်အမှန်တရား အပေါ်၌ တည်ရှိနေပေလိမ့်မည်။ ထောင်ပေါင်းများစွာသော ဆန့်ကျင်ဘက်များအတွင်းမှာပင် ၄င်းတို့သည် မိမိတို့၏ လမ်းမှန်ပြရမည့် ကိစ္စရပ်ကိုသာလျှင် ဆောင်ရွက်လျက် ရှိနေပေသည်။ ၄င်းတို့ကို မည်သူတစ်ဦး တစ်ယောက်၏ ဆန့်ကျင်ဘက် အချက်သည်လည်း ဆိုးကျိုးပြုနိုင်မည် မဟုတ်ပေ။ နောက်ဆုံးအနေဖြင့် 'ကေယာမသ်' ရောက်ရှိမည်ထိတိုင် ၄င်းတို့သည် မိမိတို့၏ အလုပ်ကိုသာ မိမိတို့ ဆောင်ရွက်လျက်ရှိနေပေမည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

نَحْنُ خَلَقْنٰكُمْ فَلَوْلَا تُصَدِّقُوْنَ ﴿٥٧﴾

၅၆ : ၅၇ ။ ။ ငါအသျှင်မြတ်သည်ပင်လျှင် အသင်တို့အား ဖန်ဆင်းတော်မူခဲ့၏။ သို့ပါလျက် အသင်တို့သည် မည်သည့် အတွက်ကြောင့် ဟုတ်မှန်ကြောင်း ဝန်မခံကြလေသနည်း။

اَفَرَءَيْتُمْ مَّا تُمْنُوْنَ ﴿٥٨﴾

၅၆ : ၅၈ ။ ။ အသင်တို့ ပြောပြကြလေကုန်။ အသင်တို့သည် မိမိတို့ (ဇနီးများ၏ သားအိမ်များတွင်) သုက်ရည်ကို အစက်ချကြသည်။

ءَاَنْتُمْ تَخْلُقُوْنَهٗٓ اَمْ نَحْنُ الْخٰلِقُوْنَ ﴿٥٩﴾

၅၆ : ၅၉ ။ ။ ယင်း (အစက်ချသော) သုက်ရည်ကို အသင်တို့ကိုယ်တိုင် (လူဖြစ်အောင်) ဖန်ဆင်းကြလေသလော။ သို့တည်းမဟုတ် ငါအသျှင်မြတ်သည်ပင် ဖန်ဆင်းတော်မူပါသလော။

نَحْنُ قَدَّرْنَا بَيْنَكُمُ الْمَوْتَ وَمَا نَحْنُ بِمَسْبُوقِينَ ﴿٦٠﴾

၅၆ : ၆၀ ။ ။ ငါအသျှင်မြတ်သည်ပင်လျှင် အသင်တို့အကြား၌ အသက်သေဆုံးခြင်းကို ကြိုတင်စီမံတော်မူခဲ့၏။ ထို့ပြင် ငါအသျှင်မြတ်သည် မပြုစွမ်းနိုင်တော်မူသော အသျှင်မြတ် မဟုတ်ပေ။

عَلَىٰ أَن نُّبَدِّلَ أَمْثَالَكُمْ وَنُنشِئَكُمْ فِي مَا لَا تَعْلَمُونَ ﴿٦١﴾

၅၆ : ၆၁ ။ ။ ငါအသျှင်မြတ်သည် အသင်တို့ကဲ့သို့သော (အခြား) သူတို့အား ပြောင်းလဲ (ဖန်ဆင်းတော်မူ) ရန်လည်းကောင်း၊ အသင်တို့အား အသင်တို့ပင် မသိကြသော အခြေအနေမျိုး၌ ဖန်ဆင်းတော်မရန်လည်းကောင်း။

وَلَقَدْ عَلِمْتُمُ النَّشْأَةَ الْأُولَىٰ فَلَوْلَا تَذَكَّرُونَ ﴿٦٢﴾

၅၆ : ၆၂ ။ ။ ထို့ပြင် စေကန်စင်စစ် အသင်တို့သည် ပထမအကြိမ် ဖန်ဆင်းတော်မူခြင်းကို ကောင်းမွန်စွာ သိရှိပြီးဖြစ်ကြလျက် မည်သည့်အတွက်ကြောင့် နားမလည်ကြသနည်း။

أَفَرَأَيْتُم مَّا تَحْرُثُونَ ﴿٦٣﴾

၅၆ : ၆၃ ။ ။ အသင်တို့သည် မိမိတို့ စိုက်ပျိုးကြသည်များကို မြင်ခဲ့ကြလေသလော။

أَأَنتُمْ تَزْرَعُونَهُ أَمْ نَحْنُ الزَّارِعُونَ ﴿٦٤﴾

၅၆ : ၆၄ ။ ။ ထိုစိုက်ပျိုးထားကြသည့် မျိုးစေ့ကို အသင်တို့ကိုယ်တိုင် ပေါက်ရောက်စေကြလေသလော။ သို့တည်းမဟုတ် ငါအသျှင်မြတ်သည်ပင် ပေါက်ရောက်စေတော်မူသော အသျှင်မြတ် ဖြစ်တော်မူပါသလော။

لَوْ نَشَاءُ لَجَعَلْنَاهُ حُطَامًا فَظَلْتُمْ تَفَكَّهُونَ ﴿٦٥﴾

၅၆ : ၆၅ ။ ။ အကယ်၍သာ ငါအသျှင်မြတ်သည် အလိုရှိတော်မူပါလျှင် ယင်းစိုက်ပျိုးခင်းကို စဉ်းထားသော ကောက်ရိုးများ၊ မြက်ခြောက်များ ဖြစ်စေတော်မူပေမည်။ ထိုအခါ အသင်တို့သည် တွေဝေငေးမှိုင်လျက် ရှိကြပေမည်။

إِنَّا لَمُغْرَمُونَ ﴿٦٦﴾

၅၆ : ၆၆ ။ ။ စေကန်စင်စစ် ကျွန်ုပ်တို့သည် ကြွေးမြီတင်ခြင်း၊ ဒဏ်ဆောင်စေခြင်း ခံကြရလေပြီ။

بَلْ نَحْنُ مَحْرُومُونَ ﴿٦٧﴾

၅၆ : ၆၇ ။ ။ ထိုသို့ အလျဉ်းမဟုတ်။ စင်စစ် ကျွန်ုပ်တို့သည် လက်မဲ့ဖြစ်စေခြင်းကိုပင် ခံကြရလေပြီ (ဟု ပြောဆိုညည်းညူကြပေမည်။)

أَفَرَءَيْتُمُ الْمَاءَ الَّذِي تَشْرَبُونَ ﴿٦٨﴾

၅၆ : ၆၈ ။ ။ အသင်တို့သည် မိမိတို့ သောက်သုံးကြသော ရေကို မြင်ခဲ့ကြလေသလော။

ءَأَنتُمْ أَنزَلْتُمُوهُ مِنَ الْمُزْنِ أَمْ نَحْنُ الْمُنزِلُونَ ﴿٦٩﴾

၅၆ : ၆၉ ။ ။ ထိုရေကို အသင်တို့ကိုယ်တိုင် မိုးတိမ်မှ ရွာသွန်းစေကြလေသလော။ သို့တည်းမဟုတ် ငါအသျှင်မြတ်ပင် ရွာသွန်းစေတော်မူသော အသျှင်မြတ် ဖြစ်တော်မူပါသလော။

لَوْ نَشَاءُ جَعَلْنَاهُ أُجَاجًا فَلَوْلَا تَشْكُرُونَ ﴿٧٠﴾

၅၆ : ၇၀ ။ ။ အကယ်၍သာ ငါအသျှင်မြတ်သည် အလိုရှိတော်မူပါလျှင်၊ ထိုရေကို အမှန်ပင် ရေငန်၊ ရေခါး ပြုလုပ်တော်မူမည်သာ (ဖြစ်၏။) သို့ပါလျက် အသင်တို့သည် မည်သည့်အတွက်ကြောင့် ကျေးဇူးမတင်ကြလေသနည်း။

أَفَرَءَيْتُمُ النَّارَ الَّتِي تُورُونَ ﴿٧١﴾

၅၆ : ၇၁ ။ ။ အသင်တို့သည် မိမိတို့ မွေးကြသော မီးကို မြင်ခဲ့ကြလေသလော။

ءَأَنتُمْ أَنشَأْتُمْ شَجَرَتَهَا أَمْ نَحْنُ الْمُنشِئُونَ ﴿٧٢﴾

၅၆ : ၇၂ ။ ။ ထိုမီးထွက်သော သစ်ပင်ကို အသင်တို့ကိုယ်တိုင် ပေါက်ရောက်စေခဲ့ကြလေသလော။ သို့တည်းမဟုတ် ငါအသျှင်မြတ်သည်ပင် ပေါက်ရောက်စေတော်မူသော အသျှင်မြတ် ဖြစ်တော်မူပါသလော။

نَحْنُ جَعَلْنَاهَا تَذْكِرَةً وَمَتَاعًا لِّلْمُقْوِينَ ﴿٧٣﴾

၅၆ : ၇၃ ။ ။ ငါအသျှင်မြတ်သည်ပင် ထိုသစ်ပင်ကို သတိရစေသော၊ တရားရစေသော အရာအဖြစ်လည်းကောင်း၊ ခရီးသည်တို့အဖို့ အကျိုးကျေးဇူးရှိစေသော အရာအဖြစ်လည်းကောင်း ပြုလုပ်တော်မူခဲ့၏။

فَسَبِّحْ بِاسْمِ رَبِّكَ الْعَظِيمِ ﴿٧٤﴾

၅၆ : ၇၄ ။ ။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော၊ ကြီးကျယ်မြင့်မြတ်လှတော်မူသော အသျှင်မြတ်၏ နာမတော် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို (ချီးမွမ်း) မြွက်ဆိုပါလေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငါအသျှင်မြတ်သည်ပင်လျှင် အသင်တို့အား (ပထမအကြိမ်) ဖန်ဆင်းတော်မူခဲ့၏။ (ယင်းအချက်ကို အသင်တို့သည်လည်း လက်ခံကြကုန်၏။) သို့ပါလျက် အသင်တို့သည် (၄င်းသည် 'နေ့အ်မသ်'စည်းစိမ်

တစ်ရပ်ပင် 'သောင်ဟီးဒ်' ဟူသော ကိုးကွယ်ခံထိုက်တော်မူသော အသျှင်၊ အလ္လာဟ်အသျှင်မြတ် တစ်ပါးတည်း တည်ရှိခြင်း တရားကိုသော်လည်းကောင်း၊ ၎င်းနောက် ဤသည် တစ်ဖန်ပြန်လည် ဖန်ဆင်းနိုင်စွမ်း ရှိကြောင်းအပေါ် အထောက်အထားအဖြစ် ရှိနေပါလျက် 'ကေယာမသ်'နေ့ကိုသော်လည်းကောင်း) မည်သည့် အတွက်ကြောင့် ဟုတ်မှန်ကြောင်း ဝန်မခံကြလေသနည်း။

(ရှေ့၌ ယင်းသို့ ဖန်ဆင်းတော်မူခြင်း၊ တစ်ဖန် ဆက်လက်ရှင်သန်နေထိုင်နိုင်စေသော အကြောင်း ခံများအကြောင်းကို အကျယ်ချဲ့အချက်များဖြင့် တင်ပြထားပေသည်။ ဆိုလိုသည်မှာ) အသင်တို့ ပြောပြကြ လေကုန်။ အသင်တို့သည် မိမိတို့ (ဇနီးများ၏ သားအိမ်များတွင်) သုက်ရည်ကို အစက်ချကြသည်။

ယင်း (အစက်ချသော) သုက်ရည်ကို အသင်တို့ကိုယ်တိုင် (လူဖြစ်အောင်) ဖန်ဆင်းကြလေသလော။ သို့တည်းမဟုတ် ငါအသျှင်မြတ်သည်ပင် ဖန်ဆင်းတော်မူပါသလော။ (အသျှင်မြတ်သည်ပင်လျှင် ဖန်ဆင်း တော်မူထားကြောင်းမှာ ထင်ရှားလှပေသည်။)

ငါအသျှင်မြတ်သည်ပင်လျှင် အသင်တို့အကြား (သတ်မှတ်ထားသော အချိန်) ၌ အသက်သေဆုံး ခြင်းကို ကြိုတင်စီမံတော်မူခဲ့၏။ (အလိုသဘောမှာ ဖန်ဆင်းခြင်းနှင့် ဖန်ဆင်းပြီးသားအရာတို့အား သီးသန့် အချိန်တစ်ခုထိတိုင် တည်တံ့စွာ ထားရှိစေထားခြင်း လုပ်ရပ်အလုံးစုံကို ပြုလုပ်တော်မူခြင်းသည် ငါအသျှင် မြတ်၏ အလုပ်သည်သာလျှင် ဖြစ်သည်ဟူ၍ ဖြစ်၏။)

(ရှေ့၌ လူသား၏ ပင်ကိုယ် 'ဇားသ်'ကို ဖန်ဆင်းခြင်းနှင့် ဆက်လက် ရှင်သန်တည်တံ့ထားစေ ခြင်းသည် ငါအသျှင်မြတ်၏ ပြုမူဆောင်ရွက်ချက်ဖြစ်သကဲ့သို့ အသင်တို့၏ လက်ရှိရူပကာ အသွင်ကို ဆက်လက်ထားရှိစေခြင်းသည်လည်း ငါအသျှင်မြတ်၏ ပြုမူဆောင်ရွက်ချက်သာလျှင် ဖြစ်ပေသည်ဟူသော အချက်ကို ဆက်လက်၍ တင်ပြထားသည်မှာ) ထို့ပြင် ငါအသျှင်မြတ်သည် မပြုစွမ်းနိုင်တော်မူသော အသျှင်မြတ် မဟုတ်ပေ။ ငါအသျှင်မြတ်သည် အသင်တို့ကဲ့သို့သော (အခြား) သူတို့အား ပြောင်းလွဲ (ဖန်ဆင်း တော်မူ) ရန်လည်းကောင်း၊ အသင်တို့အား အသင်တို့ပင် မသိကြသော အခြေအနေမျိုး၌ ဖန်ဆင်းတော်မူ ရန်လည်းကောင်း၊ (ဥပမာ- အတွေး၌ပင် မရှိသော လုံးဝ မျှော်လင့်မထားသော လူစင်စစ်မှ တိရစ္ဆာန် အသွင်သို့ ရုပ်ပြောင်းရုပ်လွဲ ဖြစ်စေခြင်း) ရှေ့၌ တင်ပြပါအချက်အပေါ် အထောက်အထားပေး သတိပေး ထားတော်မူခြင်းဖြစ်သည်။) ထို့ပြင် ဧကန်စင်စစ် အသင်တို့သည် ပထမအကြိမ် (ငါအသျှင်မြတ်သည် မိမိ၏ တန်ခိုးတော်ဖြင့်) ဖန်ဆင်းတော်မူခြင်းကို ကောင်းမွန်စွာ သိရှိပြီး ဖြစ်ကြလျက် မည်သည့်အတွက် ကြောင့် နားမလည်ကြသနည်း။ (သဘောပေါက်နားလည်ကာ ထို 'နေ့အ်မသ်' စည်းစိမ်တော်အား ကျေးဇူး တင်ရှိကုန်။ 'သောင်ဟီးဒ်' ကိုးကွယ်ခံထိုက်တော်မူသော အသျှင်၊ အလ္လာဟ်အသျှင်မြတ် တစ်ပါးတည်း တည်ရှိခြင်းတရားအား ဝန်ခံ လက်ခံကြကုန်။ 'ကေယာမသ်'နေ့၌ ဒုတိယအကြိမ် ပြန်လည်ရှင်ပြန်ထရ မည့် အချက်အပေါ် အထောက်အထားအဖြစ် ရယူကြကုန်။)

(ရှေ့၌ ဒုတိယအချက်တစ်ရပ်အား သတိပေးထားပြန်ပေသည်။) အသင်တို့သည် မိမိတို့ စိုက်ပျိုး ကြသည်များ (သီးနှံ၊ မျိုးစေ့၊ ပျိုးပင်၊ ပေါက်ပင် အစရှိသော အရာ) များကို မြင်ခဲ့ကြလေသလော။

ထိုစိုက်ပျိုးထားကြသည့် မျိုးစေ့ကို အသင်တို့ကိုယ်တိုင် ပေါက်ရောက်စေကြလေသလော။ သို့တည်းမဟုတ် ငါအသျှင်မြတ်သည်ပင် ပေါက်ရောက်စေတော်မူသော အသျှင်မြတ် ဖြစ်တော်မူပါ၏လော။ (မြေကြီးအတွင်းသို့ သီးနှံ၊ မျိုးစေ့စိုက်ပျိုးခြင်းနှင့် စပ်လျဉ်း၍မူ အသင်တို့၏ ပြုမှုဆောင်ရွက်ချက် အနည်းနှင့်အများမဆို ပါဝင်နေပေသည်။ သို့ရာတွင် ထိုမျိုးစေ့များကို မြေကြီးမှ ထွက်ပေါ် ပေါက်ရောက်စေခြင်းသည် မည်သူ၏ ပြုမှုဆောင်ရွက်ချက် ဖြစ်ပေသနည်း။

(ရှေ့၌ 'မြေကြီးအတွင်းမှ အပင်များကို ပေါက်ရောက်စေခြင်းသည် ငါအသျှင်မြတ်၏ လက်ရာတော်ဖြစ်သကဲ့သို့ ဆက်လက်၍ ထိုအပင်မှ အသင်တို့ အကျိုးတရားကို ရယူခြင်းသည်လည်း ငါအသျှင်မြတ်၏ တန်ခိုးတော်နှင့် အမြော်အမြင်တော်အပေါ်၌ မူတည်နေကြောင်း'ကို တင်ပြထားပေသည်။ ပမာဆိုရသော် အထက်၌လည်း တင်ပြခဲ့ပြီးဖြစ်သည်။ ဆိုလိုသည်မှာ) အကယ်၍သာ ငါအသျှင်မြတ်သည် အလိုရှိတော်မူပါလျှင် ယင်းစိုက်ပျိုးခင်း (ပေါ်ထွက်သီးနှံများ) ကို စဉ်းထားသော ကောက်ရိုးများ၊ မြက်ခြောက်များ ဖြစ်စေတော်မူခဲ့ပေမည်။ (ဆိုလိုသည်မှာ သီးနှံတစ်စုံတစ်ရာ ဖူးပွင့်ခြင်းမရှိဘဲ၊ အသီးမသီးဘဲ သစ်ရွက်များသည် ခြောက်သွေ့ကာ အပိုင်းပိုင်းအစစ ဖြစ်သွား၍ နေပေမည်။) ထိုအခါ အသင်တို့သည် တွေဝေငေးမှိုင်လျက် ရှိကြပေမည်။

(ယခုမူ) ကေန်စင်စစ် ကျွန်ုပ်တို့သည် ကြွေးမြီတင်ခြင်း၊ ဒဏ်ဆောင်ခြင်း ခံကြရလေပြီ။ (ဆိုလိုသည်မှာ ရင်းနှီးမြှုပ်မှုအတွင်း၌ ဆုံးရှုံးမှု ပေါ်ပေါက်လာခဲ့လေပြီ။)

(ဆုံးရှုံးမှု ပေါ်ပေါက်ရုံတင်မက) ထိုသို့ အလျဉ်းမဟုတ်။ စင်စစ် ကျွန်ုပ်တို့သည် လက်မဲ့ဖြစ်စေခြင်းကိုပင် ခံကြရလေပြီ (ဟု ပြောဆိုညည်းညူကြပေမည်။ ဆိုလိုသည်မှာ ရင်းနှီးမြှုပ်နှံမှုအလုံးစုံ ဆုံးရှုံးခဲ့ရလေပြီဟု ပြောဆိုညည်းညူကြပေမည် ဟူ၏။)

(ရှေ့၌ တတိယအချက်တစ်ရပ်အား သတိပေးလေသည်။ ဆိုလိုသည်မှာ) အသင်တို့သည် မိမိတို့ သောက်သုံးကြသော ရေကို မြင်ခဲ့ကြလေသလော။

ထိုရေကို အသင်တို့ကိုယ်တိုင် မိုးတိမ်မှ ရွာသွန်းစေကြလေသလော။ သို့တည်းမဟုတ် ငါအသျှင်မြတ်ပင် ရွာသွန်းစေတော်မူသော အသျှင်မြတ် ဖြစ်တော်မူပါသလော။

(တစ်ဖန် ထိုရေကို သောက်သုံးထိုက်သော ရေအဖြစ် ပြုလုပ်ထားခြင်းသည် ငါအသျှင်မြတ်၏ အခြားသော 'နေ့အ်မသ်'စည်းစိမ်တော်တစ်ရပ် ဖြစ်ပေသည်။ အကြောင်းမှာ) အကယ်၍သာ ငါအသျှင်မြတ်သည် အလိုရှိတော်မူပါလျှင် ထိုရေကို အမှန်ပင် ရေငန်၊ ရေခါး ပြုလုပ်တော်မူမည်သာ (ဖြစ်၏။) သို့ပါလျက် အသင်တို့သည် မည်သည့်အတွက်ကြောင့် ကျေးဇူးမတင်ကြလေသနည်း။ (အကြီးမားဆုံးသော ကျေးဇူးတင်ရှိခြင်းသည် 'သောင်ဟီး'ဒ်' ဟူသော ကိုးကွယ်ခံထိုက်တော်မူသော အသျှင်၊ အလ္လာဟ်အသျှင်မြတ် တစ်ပါးတည်း တည်ရှိခြင်းတရားကို လက်ခံယုံကြည်၍ 'ကုဖ္ဖရ်' ဟူသော သွေဖည်ငြင်းဆန်ခြင်းကို စွန့်လွှတ်ခြင်း ဖြစ်ပေသည်။)

(ရှေ့၌ စတုတ္ထအချက်တစ်ရပ်အား သတိပေးထားလေသည်။ ဆိုလိုသည်မှာ) အသင်တို့သည် မိမိတို့ မွေးကြသော မီးကို မြင်ခဲ့ကြလေသလော။ (မီးထွက်သော မီးဖြစ်နိုင်သည့် အပင်အကြောင်းကို စူရာဟ် 'ယာစီးန်'၏ နိဂုံးအဆုံးပိုင်း၌ တင်ပြခဲ့ပြီး ဖြစ်သည်။)

(ဤကဲ့သို့ပင် မီးကို ရရှိစေသော အကြောင်းခံများကို) ထိုမီးထွက်သော သစ်ပင်ကို အသင်တို့ ကိုယ်တိုင် ပေါက်ရောက်စေခဲ့ကြလေသလော။ သို့တည်းမဟုတ် ငါအသျှင်မြတ်သည်ပင် ပေါက်ရောက်စေ တော်မူသော အသျှင်မြတ် ဖြစ်တော်မူပါသလော။

ငါအသျှင်မြတ်သည်ပင် ထိုသစ်ပင်ကို (အပယ်ငရဲ၏ မီး (သို့မဟုတ်) မိမိ၏ အံ့ဖွယ်ကောင်းသော တန်ခိုးတော်ကို) သတိရစေသော၊ တရားရစေသော အရာအဖြစ်လည်းကောင်း၊ ခရီးသည်တို့အဖို့ အကျိုးကျေးဇူးရှိစေသော အရာအဖြစ်လည်းကောင်း ပြုလုပ်တော်မူခဲ့၏။ ('ဂျဟန္နမ်'ငရဲမီးကို သတိရစေခြင်းသည် သာသနာရေးဆိုင်ရာ အကျိုးပြုခြင်းဖြစ်၍ ဒုတိယအချက်အနေဖြင့် လောကီရေးရာ အကျိုးတစ်ရပ်မှာ မီးဖြင့် အစားအစာကို ချက်ပြုတ်စားသောက်နိုင်ခြင်း ဖြစ်သည်။ ခရီးသည်တို့အဖို့ 'အကျိုးကျေးဇူးရှိစေသော အရာအဖြစ်လည်းကောင်း' ဟုဆိုရာ၌ 'ခရီးသည်' ဟူ၍ အထူးပြုထားခြင်းသည် ၎င်းတို့အဖို့သာလျှင် အထူးရရှိမည်။ အခြားသူများမပါဟူသော အလိုသဘော မဟုတ်ရုံသာမက ခရီး၌ မီးသည် ရှားပါးသည့်အရာ ဖြစ်သည့်အတွက်ကြောင့် အံ့ဖွယ်အရာအဖြစ်ရှိ၍ နေသောကြာင့် ဖြစ်သည်။ مَتَاعًا (အကျိုးကျေးဇူး) ဟူ၍ မိန့်မြွက်ရာ၌ 'မီးမှ အကျိုးတရားရယူနိုင်စွမ်းသည်လည်း ငါအသျှင်မြတ်၏ တန်ခိုးတော်အတွင်းထဲမှ ဖြစ်ခြင်း' ၏ ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားဟန် တူပေသည်။)

သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်၊ အကြင်အသျှင်မြတ်သည် ဤသို့ စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေရာ) အသင်သည် (ထို) မိမိအား မွေးမြူဖန်ဆင်းတော်မူသော၊ ကြီးကျယ်မြင့်မြတ်လှတော်မူသော အသျှင်မြတ်၏ နာမတော် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို (ချီးမွမ်း) မြွက်ဆိုပါလေ။ (ပြည့်ဝကုံလုံသော 'ဓားသ်'ပင်ကိုယ်တော်နှင့် ဂုဏ်တော်များ၏ လိုလားချက်မှာ ချီးမွမ်းခံထိုက်ဖွယ်ဖြစ်ခြင်း ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်၏ အမည်နာမတော်အား ရွတ်ဆိုတသခြင်းဟူသည် သုတေသနပြုချက်ကို စူရာဟ်'အရ်ရဟ်မာန်း'၏ နောက်ဆုံးအာယသ်တော်အတွင်း၌ တင်ပြခဲ့ပြီး ဖြစ်ပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

စူရာဟ်တော်၏ အစမှ ဤနေရာထိတိုင်တွင် 'ဟရှရ်'ကွင်းပြင်၌ လူတန်းစား (၃) ရပ် ရှိမည်ဖြစ်ခြင်းအကြောင်း၊ ယင်းလူတန်းစား (၃) ရပ်စလုံး၏ အမိန့်ပညတ်ချက်များနှင့် ကောင်းကျိုးခံစားရမည် ဖြစ်ခြင်းနှင့် ဆိုးကျိုးပြစ်ဒဏ် ခံရမည့်အကြောင်းကို တင်ပြထားပေသည်။ ယခု တင်ပြလျက်ရှိနေသော အာယသ် တော်၏ ကနဦးပိုင်း အာယသ်တော်များအတွင်း၌ 'အစကတည်းက 'ကေယာမသ်'ဖြစ်ပေါ်ခြင်းနှင့် တစ်ဖန် ပြန်လည်ရှင်ပြန်ထရမည်ဖြစ်ခြင်း' ကို မယုံကြည်သောသူများ (သို့မဟုတ်) အလ္လာဟ်အသျှင်မြတ်

နှင့်အတူ အခြားသော အရာများကို ဖက်စပ် ခဝပ်ကိုးကွယ်မှုပြုကြသော လမ်းလွဲလမ်းမှားနေသော သူများအား သတိပေးထားတော်မူခြင်း ဖြစ်သည်။ လူသားတို့အား မေ့လျော့မှုအတွင်း၌ ထားရှိထားသော မသိမိုက်မဲခြင်း၏ အတားအဆီးကို ထိုးဖောက်ဖွင့်ဟပြရန် ဖြစ်သည်။ တင်ပြပါအချက်၏ ရှင်းလင်းချက်မှာ ဤသို့ပင် ဖြစ်သည်။ ဤကမ္ဘာလောကကြီးအတွင်း၌ရှိသော တည်ရှိပြီးသား အရာများ၊ လက်ရှိ ဖြစ်ပေါ်တည်ရှိလျက် ရှိနေသော အရာများနှင့် (သို့မဟုတ်) နောင်အနာဂတ်ကာလ၌ ဖြစ်ပေါ်လာမည့် အရာများကို ဖန်ဆင်းတော်မူခြင်း၊ တစ်ဖန် ထိုအရာများကို ဆက်လက် ထားရှိစေခြင်း၊ တစ်ဖန် ထိုအရာများကို လူသားတို့၏ အလုပ်အမျိုးမျိုးအတွင်း၌ ထားရှိစေထားခြင်းအချက် အလုံးစုံတို့သည် စင်စစ်၌ အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်၊ အမြော်အမြင်တော်၏ လက်ရာတော်များသာလျှင် ဖြစ်ပေသည်။ အကယ်၍ အကြောင်းခံများ၏ လိုက်ကာများကို ကြား၌ မထားရှိလျှင်သော်လည်းကောင်း၊ ထို့ပြင် လူသားတို့သည် ထိုအရာအားလုံးအား ဖန်ဆင်းခြင်းကို ကြားခံအကြောင်းခံများ မပါဝင်ဘဲ တိုက်ရိုက် မြင်တွေ့ရမည်ဆိုလျှင် မလွဲမရှောင်သာ အီမာန်ရယူကြမည်သာ ဖြစ်ပေမည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် ကမ္ဘာလောကကြီးကို စမ်းစစ်ရာဌာနအဖြစ် ပြုလုပ်ထားသည့်အတွက်ကြောင့် ဤကမ္ဘာလောကကြီးအတွင်း၌ ဖြစ်ပေါ်တည်ရှိလျက် ရှိနေသော အရာများသည် အကြောင်းခံများကို ကြား၌ ထားရှိကာ ဖြစ်ပေါ် တည်ရှိစေပေသည်။

အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ပြည့်ဝကုံလုံလှစွာသော တန်ခိုးတော်နှင့် ရင့်ကျက်လွန်းလှစွာသော အမြော်အမြင်တော်ဖြင့် ထိုအကြောင်းခံများနှင့် ကြောင်းကျိုးတရား သက်ရောက်စေသော အရာများကြားဝယ်၊ အကြောင်းခံတည်ရှိနေသော အချိန်၌ ကြောင်းကျိုးတရား သက်ရောက်စေခြင်းဟူသော အချက်အား တစ်ပြိုင်တည်း ထားရှိစေခြင်း'ဟူသော ပတ်သက်ဆက်နွယ်မှုမျိုးများကို ထားရှိထားပေသည်။ ယင်းအချက်ကို တွေ့မြင်သောသူသည် 'မှချ ဖြစ်တန်ကောင်းသော အရာ'ဟူ၍ သဘောပေါက်မှတ်ယူကြပေသည်။ အပေါ်ယံဝါဒီကိုသာ ရှုမြင်တတ်သော သူတို့သည် ထိုအကြောင်းခံများ၏ ကွင်းဆက်ဇယားအတွင်း၌သာလျှင် တွေဝေစွာဖြင့် ကျန်ရစ်၍နေပြီး စကြဝဠာကြီး၏ ဖြစ်ပေါ်တည်ရှိနေမှုကို ထိုအကြောင်းခံများ၏ ဘက်သို့သာ ဆက်နွယ်တင်ပြလျက် ရှိနေပေသည်။ ထိုအကြောင်းခံများနှင့် ကြောင်းကျိုးတရားများကို သက်ရောက်စေကာ ခြယ်လှယ်မှုကို ပြုပေးသနားတော်မူသော မူရင်းတန်ခိုးတော်ရှင်နှင့် အမှန်တကယ် ပြုနိုင်စွမ်းရှိသော အသျှင်မြတ်၏ ဘက်တော်သို့ အာရုံမရောက်ကြဘဲ ရှိနေ၏။

တင်ပြလျက်ရှိနေသော အာယသ်တော်များအတွင်း၌ အလ္လာဟ်အသျှင်မြတ်သည် ဦးစွာပထမ လူသားတို့အား ဖန်ဆင်းတော်မူခြင်း၏ အခြေခံအချက်ကို ရှင်းလင်းစွာ မိန့်ဆိုထားပေသည်။ တစ်ဖန် လူသားတို့၏ လိုအပ်ချက်ရေးဆိုင်ရာတို့အား ဖန်ဆင်းခြင်း၏ ဇစ်မြစ်အချက်များကို ဖွင့်ဟကာ ပြဆိုထားပေသည်။ လူသားတို့အား တိုက်ရိုက်ဦးတည်၍ မေးခွန်းများကို မေးမြန်းထားပေသည်။ ယင်းမေးခွန်းများကို အကြောင်းခံ၍ မူရင်းအဖြေဘက်သို့ လမ်းညွှန် မိန့်မြွက်ထားပေသည်။ အဘယ်ကြောင့်ဆိုသော် မေးခွန်းများအတွင်း၌

ထိုအကြောင်းခံများ၏ အားနည်းချက်နှင့် ဖန်ဆင်းပေါ်ပေါက်ရာတွင် အကြောင်းခံအချက် မဟုတ်ကြောင်းကို ရှင်းလင်းစွာ မိန့်ဆိုထားပေသည်။

တင်ပြလျက်ရှိနေသော အာယသ်တော်များအတွင်းရှိ ပထမအာယသ်တော် نَحْنُ خَلَقْنَاكُمْ

(ငါအလ္လာဟ်မြတ်သည်ပင်လျှင် အသင်တို့အား ဖန်ဆင်းတော်မူခဲ့၏။) [၅၆ : ၅၇]

သည် ကြွေးကြော်မှုတစ်ရပ် ဖြစ်ပေသည်။ ယင်းအာယသ်တော်၏ ရှေ့၌ လာရှိနေသော အာယသ်တော်များသည် ထိုအချက်၏ အထောက်အထားများ ဖြစ်ပေသည်။

အားလုံး၏အလျှင် လူသားတို့ကိုယ်တိုင်အား ဖန်ဆင်းခြင်းအပေါ် မေးခွန်းတစ်ရပ်ကို မေးမြန်းထားပေသည်။ အဘယ်ကြောင့်ဆိုသော် မေ့လျော့သော လူသားသည် နေ့ရောညပါ 'အမျိုးသားနှင့် အမျိုးသမီး ပေါင်းသင်းခြင်းဖြင့် ကိုယ်ဝန်ရှိသွားခြင်း၊ တစ်ဖန် မိခင်၏ သားအိမ်အတွင်း၌ တည်ရှိကာ ကြီးထွားလာလျက် ရှိခြင်းအကြောင်း၊ (၉) လကြာမြင့်ပြီးသည့်နောက် ပြည့်ဝသော လူသားတစ်ဦးတစ်ယောက်၏ အသွင်ဖြင့် မွေးဖွားလာကြောင်း'ကို မြင်တွေ့လျက် ရှိနေပေသည်။ ထိုနေ့စဉ် မြင်တွေ့နေကျအချက်မှ အမှန်တကယ် ဖန်ဆင်းရှင်အား မေ့လျော့နေသော လူသား၏ အမြင်၌ 'အမျိုးသားနှင့် အမျိုးသမီးအချင်းချင်း ပေါင်းစပ်ခြင်းကိုသာလျှင် လူသား ပေါက်ဖွားလာရခြင်း၏ အဓိကအကြောင်းခံအချက်ဟူ၍ မှတ်ယူသွားပေသည်။ ထို့ကြောင့် ဤမေးခွန်းကို မေးမြန်းထားပေသည်။

أَفَرَأَيْتُم مَّا تُمْنُونَ ۝ أَأَنتُمْ تَخْلُقُونَهُ أَمْ نَحْنُ الْخَالِقُونَ

(အသင်တို့ ပြောပြလေကုန်။ အသင်တို့သည် မိမိတို့ဇနီးများ၏ သားအိမ်များတွင် သုက်ရည်ကို အစက်ချကြသည်။ ယင်းအစက်ချသော သုက်ရည်ကို အသင်တို့ကိုယ်တိုင် လူဖြစ်အောင် ဖန်ဆင်းကြလေသလော။ သို့တည်းမဟုတ် ငါအလ္လာဟ်မြတ်သည်ပင် ဖန်ဆင်းတော်မူပါ၏လော။) [၅၆ : ၅၈-၅၉]

ဆိုလိုသည်မှာ (အို၊ လူသား၊ အနည်းငယ်စဉ်းစား၍ ပြောကုန်။ ကလေးအား မွေးဖွား ပေါ်ပေါက်စေရာ၌ 'အသင်သည် သုက်ရည်တစ်စက်ကို သီးသန့် နေရာတစ်ခု၌ ထည့်ပေးလိုက်ခြင်း' မှအပ အသင်သည် အခြားမည်သည့် ဖက်စပ်ပါဝင်မှုမျိုး ရှိနေပေသနည်း။ ထို့နောက်ပိုင်း ဆင့်ကဲဖြစ်စဉ်ကို အသင်သိရှိပါ၏လော။ ထိုသုက်ရည်စက်သည် အဘယ်၊ အဘယ်ကဲ့သို့သော အဆင့်များကို ဖြတ်သန်းခဲ့ရပေသနည်း။ အဘယ်ကဲ့သို့သော ပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့ရပေသနည်း။ ထိုအရာအတွင်း၌ 'အဘယ်ကဲ့သို့ အရိုးများ၊ အသားများနှင့် အရေပြားများ' ဖြစ်ပေါ်၍ လာပေသနည်း။ ထိုကမ္ဘာငယ်လေး ဖြစ်ပေါ်တည်ရှိရာ၌ အဘယ်ကဲ့သို့သော အချက်များ၊ အဘယ်ကဲ့သို့သော နူးညံ့သိမ်မွေ့သည့် စက်ယန္တယားများသည် အစာအဟာရတို့ကို ရယူရန်အတွက်လည်းကောင်း၊ သွေးများကို ဖြစ်ပေါ်တည်ရှိရန် အတွက်လည်းကောင်းနှင့် သတ္တဝါပိုင်းဆိုင်ရာ ဝိညာဉ်ကို ပေါ်ပေါက်စေခြင်းသော်လည်းကောင်း၊ တစ်ဖန် ကြည့်ရှုရန်၊ ပြောဆိုရန်၊ နားထောင်ရန် မြည်းစမ်းရန်နှင့် စဉ်းစားဆင်ခြင် သုံးသပ်ခြင်း၏ စွမ်းအားတို့ကို ၎င်း၏ တည်ရှိမှုအတွင်း၌ ထည့်သွင်းပေးထားပေရာ လူသားတစ်ဦး၏ ဖြစ်ပေါ်တည်ရှိမှုသည်' လှုပ်ရှားသော စက်ယန္တယား

တစ်ခုပမာ ဖြစ်ရှိနေပေသည်။ ဖခင်လည်း မသိရှိပေ။ ဝမ်းဗိုက်အတွင်း၌ ၎င်းအချက်များ ဖြစ်ပေါ်တည်ရှိနေသည်ကို မိခင်ကိုယ်တိုင်လည်း မသိရှိပေ။ နောက်ဆုံးအဆင့်အနေဖြင့် ဦးနှောက်အသိဉာဏ်သည် ကမ္ဘာလောက၌ တန်ဖိုးမဖြတ်နိုင်သော အရာတစ်ခုဖြစ်ရာ 'အံ့ဖွယ်ကောင်းသော အမြော်အမြင်အချက်များ ပါဝင်နေသော လူသား၏ တည်ရှိမှုသည် အလိုအလျောက် တစ်ဦးတစ်ယောက်၏ ဖန်ဆင်းပေးခြင်းမပါဘဲ ဖြစ်ပေါ်လာသည်' ဟု မည်ကဲ့သို့ မှတ်ယူလိုက်ပေသနည်း။ အကယ်၍ ပြုလုပ်ဖန်ဆင်းပေးသူ ရှိသည်ဟု ဆိုပါလျှင် ၎င်းမှာ မည်သူနည်း။ မိဘနှစ်ပါးသည်မူ 'အဘယ်အရာများ၊ အဘယ်ကဲ့သို့ ဖြစ်ပေါ်နေသည်' ကို သိပင်မသိရှိပေ။ ၎င်းတို့သည်မူ ကိုယ်ဝန်တည်နေချိန်ကာလမှာပင် 'ယောက်ျားလေးလော၊ (သို့မဟုတ်) မိန်းကလေးလော' ဟူ၍ပင် မသိရှိကြပေ။ သို့ဆိုလျှင် တစ်ဖန် နောက်ဆုံးအဆင့်အနေဖြင့် မည်သည့်စွမ်းအားတန်ခိုးတော်အရှင် ဖြစ်ပေသနည်း။ အကြင်တန်ခိုးတော် အရှင်မြတ်သည် ဝမ်းဗိုက်၊ သားအိမ်နှင့် အချင်းဟူသော အမှောင်ထု (၃) ထုအတွင်း၌ ဤသို့ ချောမောလှပကာ၊ ကြားနိုင်၊ မြင်နိုင်၊ တွေးတောနိုင်စွမ်းရှိသော အရာတစ်ခုကို အသင့်ပြုပေးတော်မူလိုက်ပေသည်။ ဤနေရာ၌ အလ္လာဟ်အရှင်မြတ်သာလျှင် ဖြစ်ကြောင်း ပြောဆိုရန်အပေါ် မစွမ်းသာ၊ မတတ်သာဘဲ ရှိနေသောသူသည် ဦးနှောက်အသိဉာဏ် ယို့ယွင်းချို့တဲ့သော သူသာလျှင် ဖြစ်နိုင်ပေသည်။

ထိုအာယသ်တော်မြတ်၏ နောက်ပိုင်းအာယသ်တော်များအတွင်း၌ 'အို၊ လူသားတို့၊ အသင်တို့သည် မွေးဖွားပေါ်ပေါက်လာ၍၊ လှုပ်ရှားသွားလာနိုင်သော လူသားတစ်ဦး ဖြစ်ပေါ်ပြီးသည့် နောက်၌လည်း မိမိတို့ ဆက်လက်တည်ရှိ ရှင်သန်ရန်နှင့် အမှုကိစ္စအလုံးစုံတို့၌ ငါအရှင်မြတ်ကိုသာလျှင် လိုလားတောင့်တလျက် ရှိနေရမည်ဖြစ်ကြောင်း၊ ငါအရှင်မြတ်သည် ယခုအချိန်ကတည်းကစ၍ အသင် သေဆုံးရမည့်အချိန်တစ်ချိန်ချိန်ကို သတ်မှတ်ပေးထားကြောင်း၊ သတ်မှတ်ချိန်မရောက်မီအလျှင် ရရှိထားသော သက်တမ်းအတွင်း၌ မိမိတို့ကိုယ်ကို မိမိတို့ လွတ်လပ်သူဟူ၍ မှတ်ယူထားခြင်းသည်လည်း အသင်တို့၏ မှားယွင်းသော တွေးခေါ်မှုသာဖြစ်ခြင်းအကြောင်း၊ ယခုတစ်ခဏလေးအတွင်းမှာပင် အသင်တို့ကို ဖျက်ဆီး၍ အသင်တို့၏ နေရာ၌ အခြားသော မျိုးနွယ်အုပ်စု တစ်အုပ်စုအား ပေါ်ပေါက်စေခြင်းကိုလည်း စွမ်းဆောင်နိုင်တော်မူကြောင်း၊ အသင်တို့ကို ဖျက်ဆီးပစ်လိုက်မည့်အစား အခြားသော ပုံပန်းသဏ္ဌာန်ဖြစ်သော တိရစ္ဆာန်၏ အသွင်အဖြစ်သို့လည်းကောင်း၊ (သို့မဟုတ်) ကျောက်တုံး၊ ကျောက်ခဲတို့၏ အသွင်အဖြစ်သော်လည်းကောင်း ပြောင်းလွဲပေးလိုက်ခြင်းကိုလည်း စွမ်းဆောင်နိုင်တော်မူသော အရှင်ဖြစ်ကြောင်း' ဟူသော အချက်များကို ပြဆိုထားပေသည်။

ဤစာစဉ်အကြောင်းအရာများသည်

نَحۡنُ قَدَّرۡنَا بَيۡنَكُمُ الۡمَوۡتَ وَمَا نَحۡنُ بِمَسۡبُوۡقِيۡنَ عَلٰٓى اَنۡ نُّبَدِّلَ
اَمۡثَالَكُمۡ وَنُنۡشِئَكُمۡ فِىۡ مَا لَا تَعۡلَمُوۡنَ

ဟူသည့် အာယသ်တော်များတွင် ပါရှိသော အကြောင်းအရာများပင် ဖြစ်ပေသည်။

(သေခြင်းတရား သတ်မှတ်ချိန်၌ ရောက်ရှိလာမည်ဟု ဆိုရာ၌ 'အသင်တို့သည် မိမိတို့၏ ရှင်သန်တည်ရှိနေရာ၌ လွတ်လပ်သူများ မဟုတ်ကြောင်း၊ မိမိ စိတ်စေရာအတိုင်း လုပ်နိုင်ခွင့်ရှိသူများ မဟုတ်ကြောင်း၊ သို့သာမက အသင်တို့၏ တည်ရှိမှုသည် သတ်မှတ်ချိန်တစ်ခုထိသာဖြစ်ကြောင်း၊ အသင်တို့အား အသျှင်မြတ်သည် သီးသန့်စွမ်းအား၊ အင်အား၊ ဦးနှောက်အသိဉာဏ်နှင့် အမြော်အမြင်ပိုင်ရှင်အဖြစ် ဖန်ဆင်းပေးထားရာ ထိုအရာများကို အသုံးချကာ အသင်တို့သည် အကျိုးများစွာ ရယူနိုင်ကြောင်း' ဟူသော အချက်များ၏ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားဟန် တူပေသည်။

مَا نَحۡنُ بِمَسۡبُوۡقِيۡنَ

(ထို့ပြင် ငါအသျှင်မြတ်သည် မပြုစွမ်းနိုင်တော်မူသော အသျှင်မြတ် မဟုတ်ပေ။) [၅၆ : ၆၀]

ဟူသော အာယသ်တော်၏ အချုပ်ရလဒ်မှာ 'ငါအသျှင်မြတ်၏ အလိုသဘောဆန္ဒကို ကျော်လွန်ကာ ပြုစွမ်းနိုင်သူနှင့် ငါအသျှင်မြတ်၏ သတ်မှတ်ချက်အပေါ် လွှမ်းမိုးနိုင်သူ တစ်ဦးတစ်ယောက်မျှ မရှိပေ' ဟူ၍ ဖြစ်သည်။ ငါအသျှင်မြတ်သည် ဤအချိန်၌လည်း ပြုချင်သည့်အရာကို ပြုစွမ်းနိုင်ပေသည်။

အကြောင်းမှာ- اَنۡ نُّبَدِّلَ اَمۡثَالَكُمۡ (ငါအသျှင်မြတ်သည် အသင်တို့ကဲ့သို့သော အခြားသူတို့အား ပြောင်းလွဲ ဖန်ဆင်းတော်မူရန်လည်းကောင်း။) وَنُنۡشِئَكُمۡ فِيۡمَا لَا تَعۡلَمُوۡنَ (အသင်တို့အား အသင်တို့သည် မသိကြသော အခြေအနေမျိုး၌ ဖန်ဆင်းတော်မူရန်လည်းကောင်း။) [၅၆ : ၆၁]

စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ် ဖြစ်၍သာတည်း။

အာယသ်တော်၏ အလိုသဘောမှာ 'သေဆုံးကာ မြေကြီးဖြစ်သွားခြင်း' ဟူသော ပုံစံမျိုးလည်း ဖြစ်နိုင်သလို 'တိရစ္ဆာန်တစ်ကောင်ကောင်၏ အသွင်မျိုးသို့လည်း ပြောင်းလွဲသွားအောင် ပြုစွမ်းနိုင်ခြင်း' ၏ ပုံစံမျိုးလည်း ဖြစ်နိုင်ပေသည်။ ပမာတင်ပြရမည်ဆိုသော် အတိတ်ခေတ် မျိုးနွယ်အုပ်စုများအပေါ် ရုပ်အသွင်သဏ္ဍာန်များကို ဝက်နှင့် မျောက်တိရစ္ဆာန်များအဖြစ်သို့ ပြောင်းလွဲလိုက်စေသော ဖြစ်ဒဏ်များ ကျရောက်ခဲ့ဘူးပေသည်။ ဤကဲ့သို့ပင် 'အသင်တို့အား ကျောက်တုံး၊ ကျောက်ခဲများအသွင်သို့ ပြောင်းလွဲစေလိုက်ခြင်း' ၏ ပုံသဏ္ဍာန်မျိုးလည်း ဖြစ်နိုင်ပေသည်ဟူ၏။

اَفَرَاَيۡتُمۡ مَّا تَحۡرُثُوۡنَ

(အသင်တို့သည် မိမိတို့ စိုက်ပျိုးကြသည်များကို မြင်ခဲ့ကြလေသလော။) [၅၆ : ၆၃]

လူသားတို့အား ဖန်ဆင်းခြင်း၏ အမှုကိစ္စ၌ လူသားတို့၏ မေ့လျော့မှုနှင့် သဘာဝအကြောင်းခံများ အတွင်း၌ သပ္ပတ်အူလိုက်ကာ မူရင်းဖန်ဆင်းရှင်နှင့် စိုးပိုင်တော်မူသော အသျှင်မြတ်ကို မေ့လျော့ နေခြင်း၏ အတားအဆီးကို ဖယ်ရှားပြီးနောက် သက်တမ်းရှင်သန်နေထိုင်ရခြင်း၏ အခြေခံ ရေသောက် မြစ်ဖြစ်သော အစာအဟာရ၏ အခြေခံဇစ်မြစ်အချက်ကို ဤအောက်ဖော်ပြပါ အသွင်သဏ္ဍာန်မျိုးဖြင့် ဖော်ထုတ် မိန့်မြွက်လိုက်ပေသည်။ မေးမြန်းထားသည်မှာ 'အသင်တို့ မြေကြီးအတွင်း၌ ထည့်သွင်း စိုက်ပျိုးထားသော

မျိုးစေ့များနှင့် စပ်လျဉ်း၍ အနည်းငယ် စဉ်းစားကုန်။ ထိုမျိုးစေ့မှ အပင်ပေါက်ရောက်ရာတွင် အသင်တို့၏ ပြုမူဆောင်ရွက်ချက်သည် အဘယ်အရာနည်း။ အဘယ်မျှခန့် ပါဝင်ပတ်သက်နေပေသနည်း။ သေချာကျနစွာ စဉ်းစားတွေးခေါ်ကြည့်ရှုမည်ဆိုလျှင် ဤအောက်ဖော်ပြပါ အချက်အပြင် အခြားအဖြေကို တွေ့မြင်မည်မဟုတ်ပေ။ လယ်သမား၏ ပြုမူဆောင်ရွက်ချက်သည် 'ၾင်းသည် မြေကြီးကို ထွန်ယက်ကာ မြေသြဇာထည့်၍ မြေကြီးကို နူးညံ့အောင် ပြုရပေသည်။ ထိုသို့ ပြုရခြင်း၏ အကြောင်းမှာ ထိုမျိုးစေ့မှ နုနယ်သော အညှောင့်သည် အပေါ်သို့ ထိုးထောင်ထွက်လာရန် ရှိရာ ထိုထိုးထောင်ထွက်လာခြင်း၏ လမ်းကြောင်း၌ မြေကြီး၏ မာကျောမှုသည် အဟန့်အတားအဖြစ် မရှိစေရန် ဖြစ်သည်။ စိုက်ပျိုးသော လူသား၏ ကြိုးပမ်းမှုအားလုံးသည် ထိုအချက်တစ်ရပ်အတွင်း၌သာ ရှိနေပေသည်။ သစ်ပင်အသွင် ရုပ်လုံး ပေါ်လာသောအခါဝယ် ထိုအပင်အား စောင့်ရှောက်ရန်အတွက် ကြိုးပမ်းကြသည်။ သို့ရာတွင် သီးနှံ၊ မျိုးစေ့အတွင်းမှ သစ်ပင်ကို ထွက်ပေါ်လာအောင် ပြုခြင်း၌ ၎င်း၏ အင်အားအစွမ်းမပါ။ ၎င်းနောက် 'ကျွန်ုပ်သည် ဤအပင်ကို ပြုလုပ် ပေါက်ရောက်စေသည်ဟူ၍လည်း ကြွေးကြော်မှု မပြုနိုင်ပေ။ သို့ဆိုလျှင် တစ်ဖန် 'အလေးချိန်ပေါင်းများစွာရှိသော မြေကြီးထုအတွင်း၌ တည်ရှိနေသော သီးနှံ၊ မျိုးစေ့၏ အတွင်းမှ ဤသို့ လှပသော ထောင်ပေါင်းများစွာ အကျိုးပြုမှုများ ပါဝင်နေသော အပင်ကို မည်သူပြုလုပ်ဖန်ဆင်းပေသနည်း' ဟူသော မေးခွန်းမျိုးကိုသာလျှင် မေးမြန်းရပေမည်။ 'ထိုအရာအား ပြုလုပ်ဖန်ဆင်းတော်မူသော အသျှင်သည် စိုးပိုင်တော်မူသော၊ စကြဝဠာများအား ဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ပြည့်စုံသော တန်ခိုးတော်နှင့် အံ့ဖွယ်ကောင်းသော လက်ရာတော်' အချက် ဖြစ်သည်ဟူသော အဖြေအပြင် အခြားမည်သည့် အဖြေရှိပေမည်နည်း။

ထို့နောက် ဤကဲ့သို့ပင် လူသားတို့ သောက်သုံးကာ အသက်ရှင်နေထိုင်လျက်ရှိ သော ရေ၊ မိမိတို့၏ အစားအစာများကို ချက်ပြုတ်၍ စားရသော မီး၊ ၎င်းနောက် မိမိတို့၏ အတတ် လက်မှုပညာရပ်များကို လည်ပတ်စေသော မီး စသော အရာများအား ဖန်ဆင်းထားခြင်းအပေါ် ဤကဲ့သို့ပင် အမေး၊ အဖြေကို တင်ပြထားပေသည်။ နောက်ဆုံးတွင် အားလုံး၏ အချုပ်သဘော တရားကို ဤသို့ တင်ပြထားပေသည်။

نَحْنُ جَعَلْنٰهَا تَذْكِرَةً وَّمَتَاعًا لِّلْمُقْوِيْنَ

(ငါအသျှင်မြတ်သည် ထိုသစ်ပင်ကို သတိရစေသော၊ တရားရစေသော အရာအဖြစ်လည်းကောင်း၊ ခရီးသည်တို့အဖို့ အကျိုးကျေးဇူးရှိစေသော အရာအဖြစ်လည်းကောင်း ပြုလုပ်တော်မူခဲ့၏။) */၅၆ : ၇၃ /*

مُقْوِيْنَ ဟူသော စကားလုံးသည် **اقواء** ဟူသော စကားလုံးမှ ဆင်းသက်လာပြီး ၎င်းသည် **صحراء** (တော၊ တောင်) ဟူသော အဓိပ္ပာယ်ရသည့် **اقواء** စကားလုံးမှ ဆင်းသက်လာပေသည်။ သို့ဆိုလျှင် **مُقْوِيْنَ** ၏ အဓိပ္ပာယ်မှာ 'ကန္တာရခရီးအတွင်းသို့ သက်ရောက်သူ' ဟူ၍ အဓိပ္ပာယ်ရရှိကာ အလိုသဘောမှာ 'တောခရီး၌ ခရီးတစ်ထောက် ရပ်နားကာ မိမိစားသောက်ရန် အစီအမံကို ပြုလုပ်သော ခရီးသည်' ဟူ၍

ဖြစ်သည်။ အာယသ်တော်၏ အလိုသဘောမှာ 'ဤအရာများအားလုံးအား ဖန်ဆင်းတော်မူခြင်းသည် ငါအသျှင်မြတ်၏ တန်ခိုးတော်နှင့် အမြော်အမြင်တော်၏ နောက်ဆက်တွဲအချက်သာလျှင် ဖြစ်ပေ၏' ဟူ၍ ဖြစ်၏။

فَسَبِّحْ بِاسْمِ رَبِّكَ الْعَظِيمِ

(သို့ဖြစ်ပေရာ အို၊ နဗီတမန်တော်၊ အသင်သည် မိမိအား မွေးမြူဖန်ဆင်းတော်မူသော၊ ကြီးကျယ်မြင့်မြတ်တော်မူလှသော အသျှင်မြတ်၏ နာမတော် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို ချီးမွမ်းမြွက်ဆိုပါလေ။) [၅၆ : ၇၄]

ယင်းအချက်၏ မုချ ဖြစ်တန်ကောင်းရသော၊ ဦးနှောက်အသိဉာဏ်အရ ထွက်ပေါ်လာသော အချုပ်သဘောတရားသည် 'လူသားသည် အလ္လာဟ်အသျှင်မြတ်၏ ပြည့်ဝကုံလုံလှစွာသော တန်ခိုးတော်နှင့် 'သောင်ဟီးဒ်' ကိုးကွယ်ခံထိုက်တော်မူသော အသျှင်၊ အလ္လာဟ်အသျှင်မြတ် တစ်ပါးတည်း တည်ရှိခြင်း တရားအပေါ် အီမာန်ကို ရယူ၍ မိမိအား မွေးမြူဖန်ဆင်းတော်မူသော ကြီးကျယ်မြင့်မြတ်သည့် အသျှင်မြတ်အား မြွက်ဆိုတသသင့်ပေသည်။ ဤသည်သာလျှင် ထိုအသျှင် မြတ် ချီးမြှင့် ပေးသနားထားတော်မူသော 'နေအ်မသ်'စည်းစိမ်တော်များအား ကျေးဇူးတရား သိခြင်းပင် ဖြစ်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

فَلَآ أُقْسِمُ بِمَوَٰقِعِ ٱلنُّجُومِ ﴿٧٥﴾

၅၆ : ၇၅ ။ ။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် ကြယ်၊ နက္ခတ်တာရာတို့၏ ဝင်ရာ၊ စခန်းချရာများကို သက်သေထူ (ကျိန်ဆို) တော်မူ၏။

وَإِنَّهُۥ لَقَسَمٌ لَّوْ تَعْلَمُونَ عَظِيمٌ ﴿٧٦﴾

၅၆ : ၇၆ ။ ။ စင်စစ် ယင်းသို့ သက်သေထူ (ကျိန်ဆို) ခြင်းသည် အကယ်၍ အသင်တို့သည် သိရှိကြပါလျှင် ဤသက်သေထူမှုသည် ကြီးကျယ်လှစွာ (သော ကျိန်ဆိုမှုပင်) ဖြစ်၏။

إِنَّهُۥ لَقُرْءَانٌ كَرِيمٌ ﴿٧٧﴾

၅၆ : ၇၇ ။ ။ ကေန်မလွဲ ယင်းသည် ဂုဏ်ကျက်သရေနှင့် ပြည့်စုံသော ကုရ်အာန်ကျမ်းတော်မြတ်ပင် (ဖြစ်၏။)

فِى كِتَٰبٍ مَّكْنُونٍ ﴿٧٨﴾

၅၆ : ၇၈ ။ ။ မှတ်တမ်းစာအုပ်တစ်ခု (လောင်ဟေမဟ်ဖူဇ်) ၌ ထိန်းသိမ်းစောင့်ရှောက်၍ ထားရှိပြီးဖြစ်သော။

لَّا يَمَسُّهُۥٓ إِلَّا ٱلْمُطَهَّرُونَ ٧٩

၅၆ : ၇၉ ။ ။ ယင်းမှတ်တမ်းစာအုပ်ကို (ပြစ်မှုဒုစရိုက် ကျူးလွန်ခြင်းမှ လုံး၀) သန့်ရှင်းစင်ကြယ်သူများ (ဖြစ်ကြသော 'မလာအေကာဟ်' ကောင်းကင်တမန်များ) မှအပ မည်သူတစ်ဦးတစ်ယောက်မျှပင် ထိတွေ့ကိုင်တွယ်ခြင်း မရှိပေ။

تَنزِيلٌ مِّن رَّبِّ ٱلْعَٰلَمِينَ ٨٠

၅၆ : ၈၀ ။ ။ (ဤသည်) စကြ၀ဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ ချပေးတော်မူခြင်း ခံရလေသော (ကျမ်းဂန်ပင် ဖြစ်၏။)

أَفَبِهَٰذَا ٱلْحَدِيثِ أَنتُم مُّدْهِنُونَ ٨١

၅၆ : ၈၁ ။ ။ သို့ပါလျက် အသင်တို့သည် ဤအာယသ်တော်ကို မထီမဲ့မြင် ပြုကြလေသလော။ ပျင်းရိနေကြလေသလော။

وَتَجْعَلُونَ رِزْقَكُمْ أَنَّكُمْ تُكَذِّبُونَ ٨٢

၅၆ : ၈၂ ။ ။ ၎င်းပြင် အသင်တို့သည် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်မှုကိုပင် မိမိတို့၏ အစားအစာ ပြုလုပ်ကြလေသလော။ (တစ်နည်း) ထို့ပြင် အသင်တို့သည် မိမိတို့၏ စားနပ်ရိက္ခာနှင့် စပ်လျဉ်း၍ ကျေးဇူးတင်ကြမည့်အစား မဟုတ်မမှန် ဟူ၍ စွပ်စွဲငြင်းပယ်ကြလေသလော။

فَلَوْلَآ إِذَا بَلَغَتِ ٱلْحُلْقُومَ ٨٣

၅၆ : ၈၃ ။ ။ သို့ဖြစ်လျှင် အသက်ဇီ၀ိန်သည် လည်မျိုသို့ ရောက်ရှိလာသောအခါ၊ အသင်တို့သည် မည်သည့်အတွက်ကြောင့် (မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခြင်း) မပြုကြသနည်း။

وَأَنتُمْ حِينَئِذٍ تَنظُرُونَ ٨٤

၅၆ : ၈၄ ။ ။ စင်စစ် အသင်တို့သည် ထိုရောအခါ၀ယ် ကြည့်၍ နေကြကုန်၏။

وَنَحْنُ أَقْرَبُ إِلَيْهِ مِنكُمْ وَلَٰكِن لَّا تُبْصِرُونَ ٨٥

၅၆ : ၈၅ ။ ။ စင်စစ် ငါအသျှင်မြတ်သည် အသင်တို့ထက် ပိုမို၍ပင် ထိုသူနှင့် နီးကပ်လျက် ရှိနေတော်မူ၏။ သို့ရာတွင် အသင်တို့သည် မြင်ကြသည်မဟုတ်ပေ။

فَلَوْلَآ إِن كُنتُمْ غَيْرَ مَدِينِينَ ٨٦

၅၆ : ၈၆ ။ ။ သို့ဖြစ်ပေရာ အသင်တို့သည် အစားပေးခြင်း ခံရမည့်သူများ မဟုတ် (ဟု ဆိုရာ၌) အမှန်ကို ပြောဆိုသူများ ဖြစ်ကြလျှင် မည်သည့်အတွက်ကြောင့်။

تَرْجِعُونَهَآ إِن كُنتُمْ صَٰدِقِينَ ﴿٨٧﴾

၅၆ : ၈၇ ။ ။ ယင်းအသက်ဇီဝိန်ကို ပြန်လည်၍ ယူမထားကြလေသနည်း။

فَأَمَّآ إِن كَانَ مِنَ ٱلْمُقَرَّبِينَ ﴿٨٨﴾

၅၆ : ၈၈ ။ ။ တစ်ဖန် မည်သို့ပင်ဖြစ်စေ၊ အကယ်၍ ထို (သေဆုံးသော) သူသည် နီးကပ်သော သူတို့တွင် ပါဝင်ခဲ့သည်ရှိသော်။

فَرَوْحٌ وَرَيْحَانٌ وَجَنَّتُ نَعِيمٍ ﴿٨٩﴾

၅၆ : ၈၉ ။ ။ သို့ဖြစ်လျှင် (ထိုသူ၏အဖို့) ချမ်းသာမှုသည်လည်းကောင်း၊ အစားအစာသည်လည်းကောင်း၊ မွေ့လျော် စံပျော်ရာ 'ဂျန္နသ်' သုခဘုံသည်လည်းကောင်း ရှိချေမည်။

وَأَمَّآ إِن كَانَ مِنْ أَصْحَٰبِ ٱلْيَمِينِ ﴿٩٠﴾

၅၆ : ၉၀ ။ ။ ၄င်းပြင် အကယ်၍ ထိုသူသည် လက်ျာဘက်သားတို့တွင် ပါဝင်ခဲ့သူ။

فَسَلَٰمٌ لَّكَ مِنْ أَصْحَٰبِ ٱلْيَمِينِ ﴿٩١﴾

၅၆ : ၉၁ ။ ။ သို့ဖြစ်လျှင် (အသင်သည်) လက်ျာဘက်သားတို့တွင် ပါဝင်သောကြောင့် အသင့်အဖို့ ငြိမ်းချမ်းမှုသည် ရှိပေမည် (ဟု သတင်းပြောကြားခြင်းကို ခံရပေမည်။)

وَأَمَّآ إِن كَانَ مِنَ ٱلْمُكَذِّبِينَ ٱلضَّآلِّينَ ﴿٩٢﴾

၅၆ : ၉၂ ။ ။ သို့ရာတွင် အကယ်၍ ထိုသူသည် လမ်းမှားကြကုန်သော၊ မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြကုန်သော သူတို့အနက်တွင် အပါအဝင် ဖြစ်ခဲ့သည်ရှိသော်။

فَنُزُلٌ مِّنْ حَمِيمٍ ﴿٩٣﴾

၅၆ : ၉၃ ။ ။ (ထိုသူ့အား) ပွက်ပွက်ဆူ၍ နေသော ရေနွေးပူဖြင့် ဧည့်ခံခြင်းသည်လည်းကောင်း။

وَتَصْلِيَةُ جَحِيمٍ ﴿٩٤﴾

၅၆ : ၉၄ ။ ။ အလျှံပြောင်ပြောင် တောက်လောင်လျက်ရှိသော မီးထဲသို့ ဝင်ရောက်စေခြင်းသည်လည်းကောင်း ရှိပေမည်။

إِنَّ هَٰذَا لَهُوَ حَقُّ ٱلْيَقِينِ ﴿٩٥﴾

၅၆ : ၉၅ ။ ။ ဧကန်မလွဲ ဤသည် ထင်ရှားသော အမှန် (တရား) ပင် ဖြစ်၏။

فَسَبِّحْ بِاسْمِ رَبِّكَ الْعَظِيْمِ ﴿٩٦﴾

၅၆ : ၉၆ ။ ။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ နာမတော် သန့်ရှင်းစင်ကြယ်တော်မူကြောင်း (ချီးမွမ်း) မြွက်ဆိုပါလေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ဦးနှောက်အသိဉာဏ်အရ စဉ်းစားသိမြင်နိုင်သော အထောက်အထားများဖြင့် သေပြီးတစ်ဖန် ပြန်လည်ရှင်ပြန်ထနိုင်ခြင်း ဖြစ်နိုင်ကြောင်းကို အတည်ပြု တင်ပြပြီးနောက် ယင်းကိစ္စရပ် အမှန်တကယ် ဖြစ်ပေါ်လာမည့် အကြောင်းကို ကုရ်အာန်ကျမ်းတော်မြတ်ဖြင့် အတည်ပြုထားပေသည်။ အသင်တို့သည် ထိုကုရ်အာန်ကျမ်းတော်မြတ်ကို မယုံကြည်ကြဘဲ ရှိနေကြ၏။) သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် ကြယ်၊ နက္ခတ်တာရာတို့၏ ဝင်ရာ၊ စခန်းချရာများကို သက်သေထူ (ကျိန်ဆို) တော်မူပေ၏။

စင်စစ် ယင်းသို့ သက်သေထူ (ကျိန်ဆို) ခြင်းသည် အကယ်၍ အသင်တို့သည် သိရှိကြပါလျှင် ကြီးကျယ်လှစွာ (သော ကျိန်ဆိုမှု) ပင် ဖြစ်၏။

(သက်သေထူ ကျိန်ဆိုတင်ပြနေသည့် အရာသည် ဤသည်သာ ဖြစ်ပေသည်။) စင်စစ်မလွဲ ယင်းသည် (တမန်တော်မြတ် ﷺ ၏ အပေါ်သို့ ကျရောက်လာတော်မူသော ကုရ်အာန်ကျမ်းတော်မြတ်ပင် ဖြစ်တော်မူပေသည်။ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ကျရောက်လာတော်မူသော ကျမ်းဖြစ်သည့်အတွက်ကြောင့်) ဂုဏ်ကျက်သရေနှင့် ပြည့်စုံသော ကုရ်အာန်ကျမ်းတော်မြတ်ပင် (ဖြစ်၏။)

မှတ်တမ်းစာအုပ်တစ်ခုဖြစ်သော၊ 'လောင်ဟေမဟ်ဖူးဇ်' ၌ (အစကတည်းက) ထိန်းသိမ်းစောင့်ရှောက်၍ ထားရှိပြီးဖြစ်သော

ယင်းမှတ်တမ်းစာအုပ်ကို (ပြစ်မှုဒုစရိုက် ကျူးလွန်ခြင်းမှ လုံးဝ) သန့်ရှင်းစင်ကြယ်သူများ (ဖြစ်ကြသော ကောင်းကင်တမန်တော်များ) မှအပ မည်သူတစ်ဦးတစ်ယောက် (ရှိက်သွာန် အစရှိသောသူတစ်ဦး) မျှပင် ထိတွေ့ကိုင်တွယ်ခြင်း မရှိပေ။ (ထိုကျမ်းမြတ်၏ စာစဉ်အကြောင်းအရာများအပေါ် သိရှိရန်သည် အလွန် အလှမ်းဝေးကွာလှသော အချက်ဖြစ်ပေသည်။ သို့ရှိရာ ထို 'လောင်ဟေမဟ်ဖူးဇ်' မှ ဤကမ္ဘာလောက ထိတိုင် သီးသန့်ပုံစံမျိုးဖြင့် ယူလာခြင်းသည် ကောင်းကင်တမန်များ၏ အကြောင်းခံဖြင့်သာ ဖြစ်နိုင်ပေသည်။ ဤအချက်သည်သာလျှင် နဗီတမန်တော်၏ နဗီတမန်တော်ဖြစ်ခြင်း ဖြစ်ပေသည်။ နဗီဖြစ်ခြင်း၌ ယုံမှားသံသယ ဖြစ်ရလောက်အောင် ပမာဆိုရသော် အလ္လာဟ်အသျှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌

نَزَلَ بِهِ الرُّوْحُ الْاَمِيْنُ

(ကောင်းကင်တမန်တော် ဂျိဗ်ရာအီးလ် ယုံကြည်စိတ်ချအပ်သော ဝိညာဉ်တော်သည် ယင်းကျမ်းကို ယူဆောင် ချပေးခဲ့လေသည်။) [၂၆ : ၁၉၃]

وَمَاتَنَزَّلَتْ بِهِ الشَّيٰطِيْنُ နှင့်

(စင်စစ် ဤကျမ်းကို ရှိက်သွာန်များ ဆောင်ကြဉ်းခဲ့ကြသည် မဟုတ်ပေ။) [၂၆ : ၂၁၀]

ဟူ၍ မိန့်တော်မူထားပေသည်။ (အထက်တင်ပြပါအချက်မှ အတည်ပြု၍ ရရှိသည်မှာ ဤသည်) စကြဝဠာခပ်သိမ်းတို့ကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ထံတော်မှ ချပေးတော်မူခြင်း ခံရလေသော (ကျမ်းဂန်ပင်ဖြစ်၏။ ယင်းအချက်သည် كريم (ဂုဏ်ကျက်သရေနှင့် ပြည့်စုံသော) ဟူသည့် 'စကားလုံးတော်မှ အညွှန်းပြုသော အထောက်အထားပြု စာကို ညွှန်ပြခြင်းခံရသော အရိပ်ပင် ဖြစ်သည်။

ဤနေရာ၌ ကြယ်တာရာများ ဝင်ရာ၊ စခန်းများကို သက်သေထူ ကျိန်ဆိုထားခြင်းသည် စူရာဟ်နဂျမ်၏ အစ၌ မိမိ၏ အလိုသဘောနှင့် ရည်ရွယ်ချက်အတိုင်းပင် ဖြစ်သည်။ ပမာဆိုရသော် တင်ပြထားပြီးဖြစ်သော ထိုနေရာ၌ ကြယ်တာရာများ ဝင်ရောက် ပျောက်ကွယ်သွားချိန်ကို 'ကစမ်' (သက်သေထူ) ကျိန်ဆိုတင်ပြ၍ တမန်တော်မြတ် ﷺ ၏ နဗီတမန်တော်ဖြစ်ခြင်း၊ တရားလမ်းမှန်ပြ မီးရှူးတန်ဆောင်ဖြစ်ခြင်းကို ၄င်းကြယ်တာရာ ဝင်ရောက် ပျောက်ကွယ်သွားတော့မည့် အချိန်၊ ၄င်းအား တန်ဖိုးထားအကျိုးရှိရှိ အသုံးချသကဲ့သို့ တန်ဖိုးထားလေးမြတ်မှု ထားရမည့်အချက်ဖြစ်ကြောင်းကို တင်ပြထားပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ ပါရှိသမျှသော 'ကစမ်'ကျိန်ဆိုတင်ပြထားသည့် အရာများသည် အဓိကရည်ရွယ် တင်ပြလိုသော အချက်ကို ညွှန်ပြသည့်အတွက်ကြောင့် အားလုံးသော အရာများသည် ကြီးကျယ်မြင့်မြတ်သော အရာများ ဖြစ်ပေသည်။ သို့ရာတွင် အချို့သော နေရာများတွင် အဓိကရည်ရွယ် တင်ပြလိုသော အချက်အား သီးသန့်အလေးအနက်ထားရှိရန်နှင့် ထိုအချက်အပေါ် သာပို၍ သတိပေးနှိုးဆော်ရန်အတွက် ၄င်းအရာ၏ ကြီးကျယ်မြင့်မြတ်ကြောင်းကို ရှင်းလင်းစွာဖြင့် မိန့်ဆိုထားသည်များလည်း ရှိပေသည်။ ပမာဆိုရသော် ဤနေရာနှင့် စူရာဟ်'ဖွဂျရ်'၌ ဖြစ်ပေသည်။ ဤနေရာ၌ တင်ပြလိုသည့် အချုပ်သဘောတရားမှာ စူရာဟ် 'ရှုအ်ရားအ်'၏ နောက်ဆုံးရုကူအ်၌ တင်ပြခဲ့သည့်အတိုင်းပင် ဖြစ်ပေသည်။)

သို့ပါလျက် (ထိုကျမ်းမြတ် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ကျရောက်လာကြောင်း အတည်ပြု သိရှိရပြီးဖြစ်ပေရာ) အသင်တို့သည် ဤအာယသ်တော်ကို မထီမဲ့မြင် ပြုကြလေသလော။ ပျင်းရိနေကြလေသလော။ (ဆိုလိုသည်မှာ ထိုကျမ်းမြတ်ကို မှုချ ထောက်ခံယုံကြည်ထိုက်သည့် ကျမ်းဟူ၍ မမှတ်ယူကြပေ၏လော။) ၄င်းပြင် (ထိုသို့ မထီမဲ့မြင် ပြုခြင်းအပြင် ထိုထက်မက) အသင်တို့သည် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်မှုကိုပင် မိမိတို့၏ အစားအစာ ပြုလုပ်ကြလေသလော။ (ထို့ကြောင့် ကိုးကွယ်ခံထိုက်တော်မူသော အသျှင်၊ အလ္လာဟ်အသျှင်မြတ် တစ်ပါးတည်း တည်ရှိခြင်းတရားနှင့် 'ကေယာမသ်'ဖြစ်ပေါ်ဆိုက်ရောက်လာမည့်အချက်ကိုပင် ငြင်းဆို၍ နေသော်) သို့ဖြစ်လျှင် (အကယ်၍ ဤသူတို့သည် ငြင်းဆိုခြင်းသည် မှန်ကန်ပါမူ ကွယ်လွန်ခါနီးသူ တစ်ဦး၏) အသက်ဇီဝိန်သည် လည်မျိုသို့ ရောက်ရှိလာသောအခါ အသင်တို့သည် မည်သည့်အတွက်ကြောင့် (မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခြင်း) မပြုကြပေသနည်း။ စင်စစ် အသင်တို့သည် ထိုရောအခါဝယ် (ဝမ်းနည်းယူကျုံးမရ မျက်ဝန်းအစုံဖြင့် လက်မှိုင်ချ) ကြည့်နေကြကုန်၏။

စင်စစ် ငါအသျှင်မြတ်သည် (ထိုအချိန်) အသင်တို့ထက် ပိုမို၍ပင် ထို (ကွယ်လွန်ခါနီး) သူနှင့် နီးစပ်လျက်ရှိနေတော်မူ၏။ (ဆိုလိုသည်မှာ အသင်တို့ထက်ပင် သာပို၍ ထိုသူ၏ အခြေအနေအား သိနားလည်တော်မူပေ၏။ အဘယ်ကြောင့်ဆိုသော် အသင်တို့သည် အပေါ်ယံအခြေအနေကိုသာလျှင် တွေ့မြင်ကြပြီး ငါအသျှင်မြတ်သည် ၎င်း၏ အတွင်းပိုင်းအခြေအနေကိုပင်လျှင် သိရှိတွေ့မြင်တော်မူပေ၏။) သို့ရာတွင် (ငါအသျှင်မြတ်၏ အိလ်မ် (အသိ) တော် နီးနီးကပ်ကပ် ရှိနေသည်ကို မမိတို့၏ မသိမိုက်မဲမှုနှင့် ငြင်းဆိုမှုတို့ကြောင့်) အသင်တို့သည် မြင်ကြသည်မဟုတ်ပေ။

သို့ဖြစ်ပေရာ (အမှန်တကယ်) အသင်တို့သည် (မိမိတို့တွေးထင်ထားသကဲ့သို့) အစားပေးခြင်းခံရမည့်သူများမဟုတ်။ ('ကေယာမသ်'နှင့် အစားပေးခြင်းကို မဟုတ်မမှန်) ဟု ဆိုရာ၌ အမှန်ကို ပြောဆိုသူများ ဖြစ်ကြလျှင် မည်သည့်အတွက်ကြောင့် ယင်းအသက်ဇီဝိန်ကို (ကိုယ်ခန္ဓာအတွင်းရှိရာဆီသို့) ပြန်လည်၍ ယူမထားကြလေသနည်း။ (ယင်းအသက်ဇီဝိန်ကို ထိုအချိန်၌ အသင်တို့သည် တောင့်တလျက်ရှိနေသည်လည်း ဖြစ်၏။ အလိုသဘောမှာ ကုရ်အာန်ကျမ်းတော်မြတ်သည် မှန်ကန်စွာ မိန့်ဆိုတော်မူသော ကျမ်းဖြစ်ပေသည်။ ၎င်းနောက် ယင်းကျမ်းမြတ်ကုရ်အာန်သည် သေပြီးနောက် ပြန်လည် ရှင်ပြန်ထရမည်ဟူသော ကိစ္စမှာ အမှန်တကယ် ဖြစ်ပေါ် ဆိုက်ရောက်လာမည်ဟု အတိအလင်း မိန့်ဆိုထားသည်။ သို့ရှိရာ ၎င်းသေပြီးနောက် ပြန်လည်ရှင်ပြန်ထရမည့်အချက် မုချ ဆိုက်ရောက်လာမည့် အကြောင်းကို ထောက်ခံရည်ညွှန်းသော အချက်အလက်များသည်လည်း ခိုင်ခိုင်လုံလုံ တည်ရှိနေ၏။ အဟာန့်အတား ဖြစ်စေသော အချက်တစ်စုံတစ်ရာမျှ မရှိ။ သို့ရှိရာ 'ကေယာမသ်' (ခေါ်) ကမ္ဘာပျက် သေဆုံးကွယ်လွန်ပြီးနောက် ပြန်လည်ရှင်ပြန်ထရမည်ဟူသည့် အမှန်တကယ် ဖြစ်ပေါ်ဆိုက်ရောက်လာမည့်အကြောင်းကို အတည်ပြုသိရှိရပြီးဖြစ်သည်။ ထိုသို့ အမှန်တကယ်ဖြစ်ပေါ်မည့် အချက်အပေါ် အသင်တို့အနေနှင့် ငြင်းဆိုမှုပြုနေခြင်းသည် ဟန်အမူအယာ အပေါ်ယံအသွင်သဏ္ဍာန်အရ 'အသင်တို့သည် အသက်ဇီဝိန်ကို မိမိတို့၏ လက်ဝယ်အတွင်းဝယ် ရှိနေသည်ဟူ၍ မှတ်ယူ၍ နေကြခြင်း၊ ကျမ်းမြတ်ကုရ်အာန်မှ လမ်းညွှန်တောင်းဆို မိန့်မြွက်ထားသော 'ကေယာမသ်'နေ့တွင် အလ္လာဟ်အသျှင်မြတ်သည် ဒုတိယအကြိမ် အသက်ဇီဝိန်ကို ထည့်သွင်းပေးတော်မူမည်ဟူသည့် အချက်ကိစ္စရပ်၌ အကယ်၍ အလ္လာဟ်အသျှင်မြတ်မှ ဒုတိယအကြိမ် အသက်ဇီဝိန်ကို ထည့်သွင်းပေးလိုတော်မူလျှင်လည်း ကျွန်ုပ်တို့သည် ထည့်ခွင့်ပေးမည်မဟုတ်။ ပြန်လည်ရှင်ပြန်ထခွင့် ပေးမည်မဟုတ်' ဟူသော အချက်ကို မုချ ညွှန်ပြလျက် ရှိနေပေသည်။ ယင်းကဲ့သို့ မှတ်ယူထားသည့်အတွက်ကြောင့်သာ ဤသို့ ပြင်းထန်စွာ ငြင်းဆိုနေခြင်း ဖြစ်ပေသည်။ သို့တည်းမဟုတ်ပါက မိမိကိုယ်ကို မိမိ အားအင်ချည့်နဲ့သူဟူ၍ သဘောပေါက်မှတ်ယူထားပါက ၎င်းတို့သည် အထောက်အထားများနှင့်တကွ အမှန်တကယ် ဖြစ်ပေါ်ဆိုက်ရောက်လာမည်ဖြစ်သော အကြောင်းကိစ္စကို ဤသို့ ပြင်းထန်လှစွာသော ငြင်းဆိုမှုမျိုးဖြင့် မည်သို့ ပြောဆိုငြင်းပယ်နိုင်အံ့နည်း။

သို့ရှိရာ အကယ်၍ အသင်တို့သည် မိမိတို့၏ စွမ်းဆောင်နိုင်မှုအတွင်း၌ ရှိသည်ဟူ၍ သဘောပေါက် မှတ်ယူထားပါမူ အနည်းငယ် မိမိတို့၏ အင်အားကို 'ကွယ်လွန်သေဆုံးအံ့ဆဲဆဲ လူတစ်ဦး ဆက်လက်

ရှင်သန် နေထိုင်ရရန် အသင်တို့လိုလား၍ နေချိန်၊ ကြည့်ကာကြည့်ကာ ကရုဏာကာလည်းသက်၍ နေချိန်၊ စိတ်ကြေကွဲမှုလည်း ဖြစ်နေချိန်တို့၌ 'အသင်တို့သည် ထိုအသက်ဇီဝိန်ကို ထုတ်ခွင့်မပေးဘဲ ကိုယ်ခန္ဓာအတွင်းသို့ ပြန်ထည့်၍ အနည်းငယ်ပြသကုန်။ 'အသက်ဇီဝိန်ကို ကိုယ်ခန္ဓာမှ ထွက်ခွင့်မပေးခြင်းကို မစွမ်းနိုင်ပါမူ' ထိုအသက်ဇီဝိန်ကို ဒုတိယအကြိမ် ပြန်လည်ဖန်ဆင်းခြင်းကို တားမြစ်နိုင်စွမ်း မည်သို့ရှိမည်နည်း။ သို့ရှိရာ ဤသို့ အမြီး၊ ခေါင်းမပါသော အဓိပ္ပာယ်မဲ့သည့် ကြွေးကြော်မှုမျိုးကို အဘယ်ကြောင့် ပြုနေကြပေသနည်း။

ဤနေရာ၌ ၎င်းတို့ စွမ်းဆောင်နိုင်စွမ်း မရှိခြင်းကို ဖော်ကျူးတင်ပြနေခြင်း ဖြစ်၏။ အရာတစ်ခုနှင့် စပ်လျဉ်း၍ အသိပညာရှိမထားမူ ၎င်းအရာအပေါ် မစွမ်းနိုင်ခြင်းကို မီးမောင်းထိုးပြလိုက်ခြင်းသာ ဖြစ်၏။

نَحْنُ اَقْرَبُ لِيْهِ مِنْكُمْ

(စင်စစ် ငါအသျှင်မြတ်သည် အသင်တို့ထက် ပိုမို၍ပင် ထိုသူနှင့် နီးကပ်လျက်ရှိနေတော်မူ၏။)

[၅၆ : ၈၅]

ဟူသော သီးခြားဝါကျတော်ကို ယူလာကာ ၎င်းတို့၌ ပြည့်ဝမှန်ကန်သော အသိပညာ မရှိကြောင်းကို မိန့်မြွက်တင်ပြထား၏။ တစ်ဖန် အထက်ပါအထောက်အထားသည် ပြည့်စုံသော အထောက်အထား ဖြစ်ပါသော်လည်း ၎င်းတို့အတွက် လုံလောက်မှု မရှိဖြစ်နေရာ ရှေ့၌ **لَا تُبْصِرُوْنَ** (သို့ရာတွင် အသင်တို့သည် မြင်ကြသည် မဟုတ်ပေ) ဟူ၍ ဟိန်းဟောက်ခြိမ်းခြောက်မှု ပြုထား၏။

သို့ရှိရာ ဤသည့် တင်ပြချက်ဖြင့် အလ္လာဟ်အသျှင်မြတ်၏ 'ကုဒ်ရသ်'တန်ခိုးတော် စွမ်းဆောင်နိုင်ခြင်း ဂုဏ်တော်ကိုလည်း အကည်ပြု သိရှိရ၏။ ထို့ကြောင့်တစ်ဖန် ပြန်လည် ရှင်ပြန်ထရမည်ဖြစ်ခြင်း၏ အချက်နှင့်အတူ ဤသည့် မိန့်မြွက်ချက်သည် တစ်ပါးတည်း တည်ရှိခြင်း၏ အထောက်အထားလည်း ဖြစ်ရှိသွားပေသည်။)

(ရှေ့၌ အကျိုးအစား ချီးမြှင့်ပေးမည့် ပုံစံကို တင်ပြထားပေသည်။ ဆိုလိုသည်မှာ 'ကေယာမသ်' နေ့သည် မိမိ၏ အချိန်၌ မုချ ဆိုက်ရောက်လာမည်ဖြစ်ကြောင်း' ကို အတည်ပြု သိရှိရပြီးဖြစ်ရာ) တစ်ဖန် ('ကေယာမသ်' ဖြစ်ပေါ်တည်ရှိလာသော အခါဝယ်) မည်သို့ပင်ဖြစ်စေ၊ အကယ်၍ ထို (သေဆုံးသော) သူသည် နီးကပ်သောသူတို့တွင် ပါဝင်ခဲ့သည်ရှိသော် (ယင်းသူတို့၏ အကြောင်း အထက်၌

وَالسّٰبِقُوْنَ السّٰبِقُوْنَ

ထို့ပြင် (တတိယအမျိုးအစားများဖြစ်ကြသော) အသာဆုံး (အရှေ့ဆုံး၊ အမြင့်မြတ်ဆုံး) သော သူတို့သည် အသာဆုံး (အရှေ့ဆုံး၊ အမြင့်မြတ်ဆုံး) သော သူများပင် ဖြစ်ကြကုန်၏။ *[၅၆ : ၁၀]*

ဟူသော) အာယသ်တော်၌ လာရှိပြီးဖြစ်သည်။

သို့ဖြစ်လျှင် (ထိုသူ၏အဖို့) ချမ်းသာမှုသည်လည်းကောင်း၊ (တည်ငြိမ်အေးချမ်းစွာဖြင့် ရရှိသော) အစားအစာသည်လည်းကောင်း မွှေးလျော်စံပျော်ရာ 'ဂျန္နသ်'သုခဘုံသည်လည်းကောင်း ရှိချေမည်။

၎င်းအပြင် အကယ်၍ ထိုသူသည် လက်ယာဘက်သားတို့တွင် ပါဝင်ခဲ့သူ (ယင်းသူတို့၏အကြောင်း အထက်၌

وَاَصۡحٰبُ الۡيَمِيۡنِ مَاۤ اَصۡحٰبُ الۡيَمِيۡنِ

(ထို့ပြင် လက်ျာဘက်သားတို့သည် စင်စစ် ထိုလက်ျာဘက်သားတို့မှာ အဘယ်မျှလောက် ကောင်းမြတ်ကြပေသနည်း။) [၅၆ : ၂၇]

ဟူသော) အာယသ်တော်၌ လာရှိပြီးဖြစ်သည်။ သို့ဖြစ်လျှင် (အသင်သည်) လက်ယာဘက်သားတို့တွင် ပါဝင်သောကြောင့် အသင့်အဖို့ (ဘေးဒုက္ခနှင့် စိုးရိမ်မှုအန္တရာယ်အပေါင်းမှ) ငြိမ်းချမ်းမှုသည် ရှိပေမည် (ဟု သတင်းပြောကြားခြင်းကို ခံရပေမည်။ အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးအသနားတော် (သို့မဟုတ်) 'သောင်ဖာဟ်'၏ အကြောင်းခံကြောင့် အစကနဦးကတည်းကပင် လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း ခံရ၍ဖြစ်စေ၊ (သို့မဟုတ်) အပြစ်ဒဏ်ကို ခံရပြီးနောက် လွတ်ငြိမ်းချမ်းသာခွင့်ရကာ နောက်ဆုံး၌ ယင်းသို့ လက်ယာဘက်သားဟူ၍ မိန့်ဆိုခြင်းခံရသည် ဖြစ်စေ၊ ဤနေရာ၌ رَوۡحٌ 'စိတ်ချမ်းသာမှု' နှင့် رَيۡحَانٌ 'အစားအစာ'ဟူသည်တို့ကို မတင်ပြထားခြင်းသည် ယင်းအရာများ ရှိမည် မဟုတ်။ ၎င်းလက်ယာဘက်သားတို့အဖို့ ဤစည်းစိမ်တော်များသည် سابقين ဟူသော အသာဆုံးသောသူတို့ ရရှိသည့် စည်းစိမ်နှင့် နှိုင်းယှဉ်လျှင် နည်းပါးမည်' ဟူသော အချက်ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားဟန် တူပေသည်။

သို့ရာတွင် အကယ်၍ ထိုသူသည် လမ်းမှားကြကုန်သော၊ မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြကုန်သော သူတို့အနက်တွင် အပါအဝင် ဖြစ်ခဲ့သည်ရှိသော် (ထိုသူ့အား) ပွက်ပွက်ဆူ၍ နေသော ရေနွေးပူဖြင့် ဧည့်ခံခြင်းသည်လည်းကောင်း၊ အလျှံပြောင်ပြောင် တောက်လောင်လျက်ရှိသော မီးထဲသို့ ဝင်ရောက်စေခြင်းသည်လည်းကောင်း ရှိပေမည်။ ဧကန်မလွဲ ဤ (သို့ အထက်တင်ပြပြီးဖြစ်သော အချက်များ) သည် ထင်ရှားသော အမှန် (တကယ် အသေအချာ ဖြစ်ပေါ်ရရှိစေမည့် အချက်များ) ပင် ဖြစ်၏။

သို့ဖြစ်ပေရာ (ဤသို့ စိုးမိုးခြယ်လှယ်နိုင်စွမ်းရှိသော အသျှင်မြတ် ဖြစ်ပေရာ အို၊ နဗီတမန်တော်) အသင်သည် မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ နာမတော် သန့်ရှင်းစင်ကြယ်တော်မူကြောင်း (ချီးမွမ်း) မြွက်ဆိုပါလေ။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

လွန်လေပြီးသော အာယသ်တော်များအတွင်း၌ ဦးနှောက်အသိဉာဏ်ပိုင်းဆိုင်ရာ အထောက်အထားတို့ဖြင့် 'ကေယာမသ်'နေ့၌ ဒုတိယအကြိမ် ရှင်ပြန်ထရမည်ဖြစ်ခြင်း၏ အတည်ပြုချက်ကို အလ္လာဟ်အသျှင်

မြတ်၏ ပြည့်ဝစုံလင်လှစွာသော တန်ခိုးတော်နှင့် ဤလောကီရေးရာဆိုင်ရာတို့အား ဖန်ဆင်းခြင်း၏ အကြောင်းခံဖြင့် ပေးထားခဲ့ပေပြီ။ ရှေ့၌ သာသနာရေးဆိုင်ရာ အထောက်အထားအပေါ် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ 'ကစမ်' ကျိန်ဆိုခြင်းနှင့်အတူ ပေးထားပေသည်။

فَلَا أُقْسِمُ بِمَوَاقِعِ النُّجُومِ

(သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် ကြယ်၊ နက္ခတ်တာရာတို့၏ ဝင်ရာ၊ စခန်းချရာများကို သက်သေထူကျိန်ဆိုတော်မူ၏။) *[၅၆ : ၇၅]*

'ကစမ်' ကျိန်ဆို သက်သေထူရာ၌ 'လား' ဟူသော စကားလုံးသည် 'ကစမ်' ၏ အစ၌ လာရောက်ခြင်းသည် အသုံးများသော ဝေါဟာရတစ်ခု ဖြစ်ပေသည်။ ဥပမာ- لَا وَاللهِ ဟူ၍ ဖြစ်သည်။ အမိုက်ခေတ်ကာလ၏ ကျိန်ဆိုမှုများတွင် لَا وَ اَبِيْكَ ဟူသော ပုံစံမျိုးသည် ထင်ရှားကျော်ကြားလှပေသည်။ အချို့သော ပညာရှင်များသည် ထို لا ဟူသော အက္ခရာကို အပိုအက္ခရာစာလုံးဟူ၍ သတ်မှတ်ထားကြပေသည်။ အချို့သော အာလင်မ်သာသနာ့ပညာရှင်များသည် ထိုသို့သော စကားလုံး လာရှိခြင်းကို ဤနေရာ၌ لا ဟူသော စကားလုံးလာရှိခြင်းသည် 'မိန့်မြွက်ခံရသူတို့၏ တွေးခေါ်မှုကို ငြင်းဆိုချက်ထုတ်ရန်အတွက် ဖြစ်ကြောင်း' ဟူသော ပြဆိုချက်ဖြစ်ကြောင်း အမိန့်ရှိထားကြပေသည်။ ဆိုလိုသည်မှာ-

لَيْسَ كَمَا تَقُوْلُ

(အသင်တို့ တွေးထင်ပြောဆိုမှုမျိုးကဲ့သို့ မဟုတ်ပေ) ဟူ၍ ဖြစ်သည်။ သို့သာမက အခြေခံဇစ်မြစ်အချက်မှာ ရှေ့၌ 'ကစမ်' ကျိန်ဆိုကာ ပြဆိုထားပေသည်။

مَوَاقِع 'မဝါကေအ်' သည် مَوْقَعٌ 'မောင်ကအုန်' ဟူသော စကားလုံး၏ အများကိန်း ဖြစ်ပေသည်။ 'ကြယ်တာရာများ ဝင်ရောက် ပျောက်ကွယ်သွားသည့် နေရာ၊ အချိန်' ဟူ၍ အဓိပ္ပာယ် ရရှိ၏။ ဤအာယသ်တော်အတွင်း၌ ကြယ်တာရာများအား 'ကစမ်' ကျိန်ဆိုခြင်းကို ပျောက်ကွယ် ဝင်ရောက်သွားသော အချိန်ဖြင့် အထူးပြုထားပေသည်။ ပမာဆိုရသော် ဆူရာဟ်နဂျမ်းအတွင်း၌လည်း

وَالنَّجْمِ اِذَا هَوٰى

ဟူသော အာယသ်တော်အတွင်း၌လည်း ဝင်ရောက်ပျောက်ကွယ်သွားသည့် အချိန်ဖြင့် အထူးပြုထားပေသည်။ ထိုသို့ အထူးပြုထားခြင်း၏ အမြော်အမြင်တော်မှာ ဝင်ရောက်ပျောက်ကွယ်သွားသော အချိန်၌ ကြယ်တာရာတိုင်း၏ ဆောင်ရွက်ချက်သည် ထိုမိုးကုတ်စက်ဝိုင်းမှ ပြတ်တောက်သွားသည်ကို မြင်တွေ့ရကာ ထိုကြယ်တာရာတို့၏ နိမိတ်လက္ခဏာများ ပပျောက်သွားခြင်းကို မြင်တွေ့ရပေသည်။ အကြင်အချက်မှ ၄င်းတို့ ပျက်သုဉ်းခြင်းနှင့် အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်အား လိုလားလျက်ရှိကြောင်းကို အတည်ပြု၍ ရရှိပေသည်။

إِنَّهُ لَقُرْآنٌ كَرِيمٌ فِي كِتَابٍ مَّكْنُونٍ لَا يَمَسُّهُ إِلَّا الْمُطَهَّرُونَ

(ဧကန်မလွဲ ယင်းသည် ဂုဏ်ကျက်သရေနှင့် ပြည့်စုံသော ကုရ်အာန်ကျမ်းတော်မြတ်ပင်ဖြစ်၏။ မှတ်တမ်းစာအုပ်တစ်ခု 'လောင်ဟေမဟ်ဖူးဇ်'၌ ထိန်းသိမ်းစောင့်ရှောက်၍ ထားရှိပြီးဖြစ်သော ယင်းမှတ်တမ်းစာအုပ်ကို ပြစ်မှုဒုစရိုက်ကျူးလွန်ခြင်းမှ လုံးဝ သန့်ရှင်းစင်ကြယ်သူများဖြစ်ကြသော ကောင်းကင် တမန်တော်များမှအပ မည်သူတစ်ဦးတစ်ယောက်မျှပင် ထိတွေ့ကိုင်တွယ်ခြင်း မရှိပေ။) *[၅၆ : ၇၇-၇၉]*

လွန်လေပြီးသော အာယသ်တော်များအတွင်း၌ ကြယ်တာရာများ ဝင်ရောက်ပျောက်ကွယ်သွားသည့် အချိန်ကို 'ကစမ်'ကျိန်ဆိုကာ 'ကစမ်အဖြေ'၏ စာစဉ်အကြောင်းအရာကို ဤအာယသ်တော်များအတွင်း၌ တင်ပြထားပေသည်။ အကြင် 'ကစမ်၏ အဖြေ' ရလဒ်အချုပ်မှာ ကုရ်အာန်ကျမ်းတော်မြတ်သည် ဂုဏ်ကျက်သရေနှင့် ပြည့်စုံသော ကျမ်းဖြစ်ကြောင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း ခံထားရသော ကျမ်းဖြစ်ကြောင်းနှင့် ဤကျမ်းသည် လူတစ်ဦးတစ်ယောက် ပြုလုပ်ဖန်တီးထားခြင်း၊ (သို့မဟုတ် မပြောကောင်း မဆိုအပ်) ရှိုက်သွာန်ဘက်မှ ထုတ်ပြန်ပို့ချထားပေးသော အရာဖြစ်သည်'ဟူ၍ မုရှ်ရစ်က်တို့ တွေးခေါ်ထားသော တွေးခေါ်ချက်ကို ချေပမှု ပြုထားပေသည်။

كِتَابٌ مَّكْنُونٌ

(မှတ်တမ်းစာအုပ်တစ်ခု၌ ထိန်းသိမ်းစောင့်ရှောက်၍ ထားပြီးဖြစ်သော။) *[၅၆ : ၇၈]*

ထိုစကားလုံးတော်များ၏ လုံးချင်းကောက်အဓိပ္ပာယ်မှာ 'လုံခြုံစွာ ထိန်းသိမ်းစောင့်ရှောက်ထားခြင်းခံရသော စာအုပ်ဖြစ်၍ အလိုသဘောမှာ 'လောင်ဟေမဟ်ဖူးဇ်' ဖြစ်ပေသည်။

لَا يَمَسُّهُ إِلَّا الْمُطَهَّرُونَ

(ယင်းမှတ်တမ်းစာအုပ်ကို ပြစ်မှုဒုစရိုက် ကျူးလွန်ခြင်းမှ လုံးဝ သန့်ရှင်းစင်ကြယ်သူများ ဖြစ်ကြသော ကောင်းကင်တမန်တော်များမှအပ မည်သူတစ်ဦးတစ်ယောက်မျှပင် ထိတွေ့ကိုင်တွယ်ခြင်း မရှိပေ။) *[၅၆ : ၇၉]*

ဤနေရာ၌ ဓမ္မသတ်နှစ်ရပ်ကို စဉ်းစားတွေးခေါ်၍ အကျယ်ချဲ့ဖွင့်ဆိုသော အေမာမ်ကြီးများကြား၌ အကွဲလွဲရှိသော ဓမ္မသတ်ပင် ဖြစ်ပေသည်။ ပထမအချက်မှာ သဒ္ဒါသဘောတရားအရ ဝါကျတည်ဆောက်ခြင်းကို ထောက်ရှု၍ ထိုဝါကျ၌ ဖြစ်နိုင်ချေ (၂) ရပ် ရှိပေသည်။ ဖြစ်နိုင်ချေတစ်ရပ်မှာ အကြင်ကျမ်းမြတ်၏ နာမဝိသေသနတစ်ရပ်မှာ مَكْنُونٌ (ထိန်းသိမ်းစောင့်ရှောက်ခြင်းခံထားရခြင်း) ဟူ၍ လာရှိထားကာ ဤအထက်တင်ပြပါ ဝါကျသည် ကျမ်းမြတ်၏ ဒုတိယနာမဝိသေသန ဖြစ်ပေသည်။

لَا يَمَسُّهُ ၌ ရှိသော (ہ) ဟူသော (ထို) အညွှန်းနာမ်စားသည် ကျမ်းမြတ်ဘက်သို့ ညွှန်ပြ၍ နေပေသည်။ ထိုပုံစံကို ကောက်ယူမည်ဆိုလျှင် အာယသ်တော်၏ အဓိပ္ပာယ်မှာ **كِتَابٌ مَّكْنُونٌ** (ထိန်းသိမ်း

စောင့်ရှောက်ခြင်း ခံထားရသော ကျမ်းစာအုပ်) ဆိုလိုသည်မှာ 'လောင်ဟေမဟ်ဖူးဇွ်'ကို သန့်ရှင်းစင်ကြယ်သော သူတို့မှအပ အခြားမည်သူတစ်ဦးတစ်ယောက်မျှ ထိတွေ့ကိုင်တွယ်ခြင်း၏ အလိုသဘောမျိုးကို မကောက်ယူနိုင်သလို တစ်ဆင့်ခံသွယ်ဝိုက်၍ မုချ ကောက်ယူသင့်သော 'ထိုသင်ပုန်းတော်ကြီး၌ ရေးသားထားသော စာစဉ်အကြောင်းအရာများကို သိရှိခြင်း'ဟူသော သဘောမျိုးကိုသာ ကောက်ယူရပေမည်။ အဘယ်ကြောင့်ဆိုသော် 'လောင်ယေမဟ်ဖူးဇွ်'ကို လက်ဖြင့် ထိတွေ့ကိုင်တွယ်ခြင်းသည် အဖန်ဆင်းခံအမျိုးမျိုးဖြစ်သော ကောင်းကင်တမန်တော်၏ လုပ်ရပ်မျိုးမဟုတ်ပေ။ */ ကုရ်သုဗီး /*

ဗယာနုလ်ကုရ်အာန်ကျမ်း၌ အထက်တင်ပြပါ စကားပြေအကျဉ်းချုပ်၌ ဤဝါကျတည်ဆောက်ခြင်းနှင့် အလိုသဘောကိုသာ ကောက်နုတ်ရွေးချယ်ကာ အကျယ်ချဲ့ဖွင့်ဆိုထားပေသည်။

ဒုတိယဖြစ်နိုင်ချေအချက်မှာ ဤဝါကျအား သဒ္ဒါအရ ဝါကျတည်ဆောက်ခြင်း၌ ကုရ်အာန်ကျမ်းတော်မြတ်၏ နာမဝိသေသနအဖြစ်လည်း ပြုနိုင်ပေသည်။ အကြင်ကျမ်းတော်မြတ်နှင့် စပ်လျဉ်း၍ အထက်တင်ပြပါဝါကျတော်အတွင်း၌ **وَإِنَّهُ لَقُرْآنٌ كَرِيمٌ** ဟူ၍ တင်ပြပေးထားတော်မူထားပေသည်။

ထိုပုံစံ၌ **لَا يَمَسُّهُ** ဟူသော စကားလုံးတော်အတွင်း၌ ပါရှိသော (ه ထို) ဟူသော အညွှန်းနာမ်စားသည် ကုရ်အာန်ကျမ်းတော်မြတ်၏ ဘက်သို့ လှည့်နေပေသည်။ သို့ဆိုလျှင် အလိုသဘောမှာ 'ကုရ်အာန်ကျမ်းတော်မြတ် ရေးသားထားပြီးဖြစ်သော 'စွဟီဖာ'ကျမ်းသည်သာလျှင် ဖြစ်ပေသည်။ 'မပ်စ်စ' ဟူသော စကားလုံးတော်သည် မိမိ၏ မူရင်းအဓိပ္ပာယ်ဖြစ်သော လက်ဖြင့် ထိတွေ့ခြင်းဖြစ်သော အလိုသဘောအတွင်း၌သာ တည်ရှိနေပေလိမ့်မည်။ တစ်ဆင့်ခံ သွယ်ဝိုက်၍ ကောက်ယူရန် မလိုအပ်တော့ပေ။ ထို့ကြောင့် ကုရ်သုဗီး အစရှိသော အကျယ်ချဲ့ဖွင့်ဆိုသော ကျမ်းများသည် ထိုအကျယ်ချဲ့ဖွင့်ဆိုချက်ကို အသာပေးထားပေသည်။ အေမာမ်မာလိက်စ် (ရဟ) သခင်ကြီးက မိန့်သည်မှာ-

لَا يَمَسُّهُ إِلَّا الْمُطَهَّرُونَ

(၅၆း၇၉) ဟူသော အာယသ်တော်မြတ်ကို အကျယ်ချဲ့ဖွင့်ဆိုရာ ကျွန်ုပ်ကြားသိခဲ့ရသော အကောင်းဆုံးသော အလိုသဘောမှာ စူရာဟ်အဗ်ပ်စ်၏ အာယသ်တော်များ ဖြစ်သည်။

فِي صُحُفٍ مُّكَرَّمَةٍ مَّرْفُوعَةٍ بِأَيْدِي سَفَرَةٍ كِرَامٍ بَرَرَةٍ

(ဂုဏ်ကျက်သရေနှင့် ပြည့်စုံသော အရွက်များပေါ်၌ ရေးသားပြီးဖြစ်၏။ အရွက်များထက် ရေးတင်လျက်ရှိ၏။ မြင့်မြတ်သန့်ရှင်းစင်ကြယ်သော အရွက်များဖြစ်သည်။ ရေးသားကြသော ကောင်းကင်တမန်တော်တို့၏ လက်တွင်း၌ ရှိ၏။ ဂုဏ်အင်ဒြပ်ထူးကဲကြသော သူတော်စင်များ ဖြစ်ကြ၏။) */ ၈၀ : ၁၃-၁၆ /*

ဟူသော အာယသ်တော်များ၏ အလိုသဘောမျိုးကဲ့သို့ ဖြစ်ပေသည်။ */ ကုရ်သုဗီး၊ ရူဟူးလ်မအာနီ /*

ထိုအာယသ်တော်များ၏ အချုပ်သဘောတရား ရလဒ်မှာ 'ဤဝါကျတော်များသည် كِتَابٌ مَّكْنُوْنٌ ၏ နာမဝိသေသနမဟုတ်ဘဲ ကုရ်အာန်ကျမ်းတော်မြတ်၏ နာမဝိသေသန ဖြစ်ပေသည်။ ကုရ်အာန်၏ အလိုသဘောမှာ 'ဝဟီ'ဗျာဒိတ်တော်ကို ယူဆောင်လာသော ကောင်းကင်တမန် တော်၏ လက်ဝယ်အတွင်း ပေးအပ်ခြင်းခံထားရသော ဆွဟီဖာများ ဖြစ်ပေသည်'ဟူ၍ ဖြစ်ပေသည်။

ဒုတိယသေချာကျနစွာ လေ့လာကြည့်ရှုသင့်သော ဓမ္မသတ်မှာ အာယသ်တော်အတွင်း၌ ပါရှိသော مُطَهَّرُوْنَ (သန့်ရှင်းစင်ကြယ်သော သူတို့၏ အလိုသဘောမှာ မည်သူများ ဖြစ်ပေသနည်း။ ဆွဟာဗာကြီးများ၊ သာဗေအီးန်ကြီးများနှင့် အကျယ်ချဲ့ဖွင့်ဆိုသော အာလင်မ်ပညာရှင် အဖွဲ့အစည်းကြီးတစ်ရပ်၌ အလိုသဘောသည် ပြစ်မှုဒုစရိုက်နှင့် အကျင့်ဆိုးမှ သန့်ရှင်းကင်းစင်သော ကောင်းကင်တမန်တော်များ ဖြစ်ပေသည်။ ဤအဆိုသည် ဟဇရသ်အနတ်စ် ﷺ သခင်နှင့် စအီးဒ်ဗင်န်ဂျုဗိုက်ရ် ﷺ သခင်တို့ထံမှ ဆင့်ပြန်၍ လာရှိထားခြင်း ဖြစ်ပေသည်။ *[ကုရ်သုဗီး]*

အချို့အကျယ်ချဲ့ဖွင့်ဆိုသော ပညာရှင်ကြီးများသည် ကုရ်အာန်ကျမ်းတော်မြတ်၏ အလိုသဘောသည် 'ကျွန်ုပ်တို့၏ လက်ဝယ်အတွင်း၌ ရှိသော အရာကို အလိုသဘောကောက်ယူထားကြောင်း'ဟူ၍ မိန့်ဆိုထားကြပေသည်။

مُطَهَّرُوْنَ (ကင်းစင်သန့်ရှင်းသူများ) ၏ အလိုသဘောသည် ပြင်ပပိုင်းဆိုင်ရာ မသန့်ဖြစ်သော အရာနှင့် အတွင်းပိုင်းဆိုင်ရာ မသန့်တို့မှ (ဝါ) 'ဟဒစေအစ္စဂရ်'နှင့် 'အပ်ကဗ်ဗရ်'တို့မှ ကင်းရှင်းနေခြင်း ဖြစ်ပေသည်။ 'ဟဒစေအစ္စဂရ်'၏ အဓိပ္ပာယ်မှာ 'ဝူဇူ'မဲ့ခြင်းဖြစ်၍ ၄င်းအား ဝေးကွာ သန့်ရှင်းအောင် ပြုခြင်းသည် 'ဝူဇူ'ပြုလုပ်လိုက်ခြင်း ဖြစ်ပေသည်။ 'ဟဒစေအပ်ကဗ်ဗရ်'ဟူသည် 'ဂျနာဗသ်'၊ 'ဟိုက်ဇ်' (ဓမ္မတာသွေး) နှင့် 'နေဖားစ်' (မီးတွင်းသွေး) တို့ကို ခေါ်ဆိုခြင်း ဖြစ်ပေသည်။ အကြင်အရာများမှ သန့်ရှင်းမှုရယူရန်အတွက် ရေချိုးရန် အရေးကြီးသည်။ ဤဖွင့်ဆိုချက်သည် ဟဇရသ်အသွာအ်ဒ် ﷺ၊ သွာအူးစ် ﷺ၊ စာလင်မ် ﷺ နှင့် ဟဇရသ်မိုဟမ္မဒ်ဗာကိရ် ﷺ သခင်ကြီးတို့ထံမှ ဆင့်ပြန်မှု လာရှိထားခြင်း ဖြစ်ပေသည်။ *[ရူးဟ်]*

ထိုပုံစံ၌ لَا يَمَسُّهٗ သည် သတင်းပေးဝါကျ ဖြစ်နေလင့်ကစား ထိုသတင်းကို 'အင်န်ရှာအ်' (အရာတစ်ခုကို ပေါ်ပေါက်စေခြင်း) ၏ အမိန့်ဆိုလိုသည်မှာ တားမြစ်ခြင်း၏ အဓိပ္ပာယ်အဖြစ် သတ်မှတ်ပေးလိုက်ပေသည်။ အာယသ်တော်၏ အလိုသဘောမှာ 'ကုရ်အာန်ကျမ်းတော်မြတ် ရေးသားပါရှိထားသော အရာကို သန့်ရှင်းမှုမရှိဘဲ ကိုင်တွယ်ခြင်းမပိုင်' ဟူ၍ ဖြစ်ပေသည်။ သန့်ရှင်းမှုရှိခြင်း၏ အလိုသဘော အနက်အတွင်း၌ '၄င်း၏ လက်သည်လည်း သန့်ရှင်း၍ 'ဝူဇူ'မဲ့သော အခြေအနေမျိုး၌လည်း မဖြစ်စေရ။ ထို့ပြင် 'ဟဒစေအပ်ကဗ်ဗရ်'ဖြစ်သော (ဝါ) 'ဂျနာဗသ်'၏ အခြေအနေမျိုး၌လည်း မဖြစ်စေရ'ဟူသော အချက်များအားလုံး အကျုံးဝင်၍ နေပေသည်။ ကုရ်သုဗီးသခင်ကြီးသည် ထိုအကျယ်ချဲ့ဖွင့်ဆိုချက်ကို

အထင်အရှား၊ အပေါ်လွင်ဆုံးသော အချက် 'အစ္စဟာရ်' ဟူ၍ မိန့်ဆိုထားကာ 'မဖွဟာရီ' ကျမ်း၌ ထိုအချက်ကို အလေးအနက်ထားရှိစေရန် အားပေးထားပေသည်။

ဟဇရတ်ဥမရ် ﷺ သခင်ကြီး အစ္စလာမ်သာသနာကို လက်ခံလာသော ဖြစ်အင်၌ အကြောင်းအချက်ကို တင်ပြထားပေသည်။ ၎င်းသည် မိမိ၏ ညီမဖြစ်သူ ကုရ်အာန်ကျမ်းတော်မြတ် ရွတ်ဖတ်နေသည်ကို တွေ့မြင်သောအခါဝယ် ကုရ်အာန်ကျမ်းတော်မြတ်၏ စာရွက်များကို ကြည့်ရန် လိုလား၍နေပေသည်။ ၎င်း၏ ညီမဖြစ်သူသည် ဤအထက်ဖော်ပြပါ အာယသ်တော်မြတ်ကိုသာလျှင် ဖတ်ကာ ကုရ်အာန်ကျမ်းတော်မြတ်၏ စာရွက်ကို ၎င်း၏ လက်အတွင်းသို့ ထည့်ပေးခြင်းအား တားမြစ်လိုက်ပေသည်။ အကြောင်းမှာ 'ထိုစာရွက်များကို သန့်ရှင်းသောသူတို့မှအပ အခြားမည်သူတစ်ဦးတစ်ယောက်မျှ မထိတွေ့နိုင်ခြင်း' အချက်ကြောင့် ဖြစ်ပေသည်။ ဟဇရတ်ဥမရ်သခင်ကြီးသည် မတတ်သာ၍ ရေချိုးလိုက်ရကာ တစ်ဖန် ဤစာရွက်တော်များကို ရွတ်ဖတ်ပေသည်။ ဤဖြစ်အင်မှလည်း ထိုနောက်ဆုံး အကျယ်ချဲ့ဖွင့်ဆိုချက်ကို အသာပေးထားပေသည်။ ဟဒီးစ်တော်၏ ဆင့်ပြန်ချက်များအတွင်း၌လည်း မသန့်သော သူကို ကုရ်အာန်ကျမ်းတော်မြတ်အား ထိတွေ့ကိုင်တွယ်ခြင်းမှ တားမြစ်ထားပေသည်။ ထိုဆင့်ပြန်ချက်များကိုလည်း အချို့သော အာလင်မ်သာသနာ့ပညာရှင်များသည် ထိုနောက်ဆုံး အကျယ်ချဲ့ဖွင့်ဆိုချက်အား အသာပေးရန်အတွက် တင်ပြထားပေသည်။

သို့ရာတွင် ဤဓမ္မသတ်နှင့် စပ်လျဉ်း၍ အထက်၌ တင်ပြထားပြီးဖြစ်သကဲ့သို့ ဟဇရတ်အိဗ်နေ အဗ္ဗာ်စ် ﷺ သခင်ကြီးနှင့် ဟဇရတ်အနတ်စ် ﷺ သခင်ကြီးတို့ကြား၌ အကွဲအလွဲရှိနေပေသည်။ ထို့ကြောင့် များစွာသော ပညာရှင်များသည် 'ဝုဇူ' မဲ့ ကုရ်အာန်ကျမ်းတော်မြတ်ကို လက်နှင့် ထိခြင်းအား တားမြစ်မှု၏ ဓမ္မသတ်နှင့်ပတ်သက်၍ တင်ပြပါအာယသ်တော်အား အထောက်အထားအဖြစ် ရယူခြင်းကို စွန့်လွှတ်၍ ဟဒီးစ်တော်၏ ဆင့်ပြန်ချက်များကိုသာလျှင် တင်ပြထားကြပေသည်။ *[ရူဟုလ်မအာနီကျမ်း]*

ထိုဟဒီးစ်တော်များမှာ ဤသို့ ဖြစ်ပေသည်။ အေမာမ်မာလစ်က်သခင်ကြီးသည် မုအသ္တဲသွာကျမ်း၌ တမန်တော်မြတ် ﷺ အနေနှင့် ဟဇရတ်အမရ် ဗင်န်ဟပ်ဇ်ဂျ် ﷺ သခင်ကြီးထံ ပေးပို့သော သဝဏ်လွှာတော်ကို ဆင့်ပြန်ထားပေသည်။ ယင်းသဝဏ် လွှာအတွင်း၌ ဝါကျတစ်ခုသည် ဤသို့ ပါရှိထားပေသည်။

لَا يَمَسُّ الْقُرْاٰنَ اِلَّا طَاهِرٌ

ဆိုလိုသည်မှာ 'ကုရ်အာန်ကျမ်းတော်မြတ်ကို သန့်ရှင်းမှုမရှိသောသူ မကိုင်လေ' ဟူ၍ ဖြစ်သည်။
[အိဗ်နေကစီးရ်]

ရူးဟူလ်မအာနီကျမ်း၌ ဤဆင့်ပြန်ချက်ကို မပ်စ်နဒ်အဗ်ဒုရ်ရပ်က်ဇားက်၊ အိဗ်နေအဗီဒါဂူးဒ်နှင့် အိဗ်နေမွန်ဇိရ်သခင်ကြီးများထံမှလည်း ဆင့်ပြန်ထားပေသည်။ ထို့ပြင် သွဗ်ရာနီးနှင့် အိဗ်နေမရ်ဒဝီယာ သခင်ကြီးတို့သည် ဟဇရတ်အဗ်ဒွလ္လာဟ်ဗင်န်အုမရ် ﷺ သခင်ကြီးထံမှ တမန်တော်မြတ် ﷺ ၏ ဤမိန့်မြွက်ချက်ကို ဆင့်ပြန်ထားပေသည်။

لَا يَمَسُّ الْقُرْآنَ اِلَّا طَاهِرٌ

ဆိုလိုသည်မှာ (ကုရ်အာန်ကျမ်းတော်မြတ်ကို သန့်သောသူတို့မှအပ မည်သူမျှ မကိုင်ရပေ) ဟူ၍ ဖြစ်သည်။
[ရှုးဟူးလ်မအာနီကျမ်း]

ဓမ္မသတ် ။ ။ တင်ပြပါဆင့်ပြန်ချက်များကို ထောက်ရှု၍ ကုရ်အာန်ကျမ်းတော်မြတ်ကို လက်ဖြင့် ထိတွေ့ကိုင်တွယ်ရန်အတွက် သန့်ရှင်းစင်ကြယ်မှုသည် စည်းကမ်းချက်ဖြစ်ခြင်းအကြောင်း၊ ယင်းအချက်နှင့် ဆန့်ကျင်စွာ ပြုလုပ်ခြင်းသည် ပြစ်မှုဒုစရိုက်ဖြစ်ကြောင်း'ကို နှောင်းပိုင်းခေတ်ရှိ အာလင်မ်များအားလုံးနှင့် အေမာမ်ကြီးလေးပါးသည် ယင်းအချက်အပေါ် တစ်ညီတစ်ညွှတ်တည်း ဟုတ်မှန်ကြောင်း အတည်ပြုထားကြပေသည်။ ပေါ်လွင်ထင်ရှားသော မသန့်တို့မှ လက်သည် သန့်ရှင်း၍ နေခြင်း၊ 'ဝူဇူ'ရှိနေခြင်းနှင့် 'ဂျနာဗသ်'၏ အခြေအနေ၌ မဟုတ်ခြင်းတို့အားလုံးသည် ထိုအမိန့်အတွင်း၌ အကျုံးဝင်နေပေသည်။ ဟဇရသ် အလီအိဗ်နေမတ်စ်အူးဒ် ﷺ သခင်၊ စအဒ်ဗင်န်အဘီဝပ်က်ကားစ္စ် ﷺ သခင်၊ စအီးဒ်အိဗ်နေဇိုက်ဒ် ﷺ သခင်၊ အသွအ် ﷺ သခင်၊ ဇိုဟ်ရီး၊ နပ်ခ်အီး၊ ဟေကမ်း၊ ဟမ်မားဒ်၊ အေမာမ်မာလစ်က် (ရဟ)၊ ရှာဖေအီ (ရဟ) နှင့် အဗူဟနီဖာသခင်ကြီးများအားလုံးတို့၏ လမ်းစဉ်သည်လည်း ဤအထက်ဖော်ပြပါအတိုင်းပင် ဖြစ်ပေသည်။

အထက်၌ တင်ပြထားသော အဆိုအမျိုးမျိုး ဆင့်ပြန်မှုအနေဖြင့် လာရှိထားခြင်းမှာ တင်ပြပါ ဟဒီးစ်တော်နှင့် အတည်ပြုထား၍ နှောင်းပိုင်းခေတ်ရှိ အာလင်မ်များ လက်ခံထားသော 'ဤဓမ္မသတ်သည် ကုရ်အာန်ကျမ်းတော်မြတ်၏ တင်ပြပါအာယသ်တော်မြတ်နှင့် အတည်ပြုထားပါ၏လော။' (သို့မဟုတ်) အတည်မပြုထားပါ၏လော'ဟူသော အချက်၌သာလျှင် အကွဲအလွဲဖြစ်နေခြင်း ဖြစ်ပေသည်။ အချို့သော ပညာရှင်များသည် ဤအာယသ်တော်၏ လိုရင်းသဘောနှင့် ဟဒီးစ်တော်၏ လိုရင်းသဘောကို တစ်မျိုးတည်းဖြစ်သည်ဟူ၍ သတ်မှတ်ထားကြပေသည်။ ဤတင်ပြပါ အာယသ်တော်နှင့် ဟဒီးစ်တော်ဘို့ကို ပေါင်းစည်းကာ ဓမ္မသတ်ကို အတည်ပြုထားခြင်းဖြစ်သည်ဟု ဆိုကြပေသည်။ အခြားသော ပညာရှင်များသည် အာယသ်တော်ကို အထောက်အထားဖြစ် တင်ပြရန်ကို ဆွဟာဗာကြီးများကြား အဆိုကွဲလွဲနေခြင်းကြောင့် ရှောင်ကြဉ်သည့်အနေဖြင့် မတင်ပြခြင်းဖြစ်သည်။ သို့ရာတွင် တင်ပြပါ ဟဒီးစ်တော်များကို ထောက်ရှု၍၊ 'အခြေခံ၍ 'ဝူဇူ'မဲ့သူနှင့် မသန့်ရှင်းသူသည် ကုရ်အာန်ကျမ်းတော်မြတ်ကို မပိုင်'ဟူသော အချက်ကိုသာလျှင် အားလုံး ရွေးချယ်ထားကြပေသည်။ ထို့ကြောင့် ဆန့်ကျင်ဘက်သဘော ဖြစ်နေခြင်းသည် ဓမ္မသတ်၏ အရာ၌မဟုတ်ဘဲ ၎င်း၏ အထောက်အထား၌ ဖြစ်နေခြင်း ဖြစ်သည်။

ဓမ္မသတ် ။ ။ ကုရ်အာန်ကျမ်းတော်မြတ်၏ အဖုံးကို သားရေစက္ကူ (အဝတ်) တို့ဖြင့် တွဲချုပ်ထားပါမူ၊ ထိုအရာသည်လည်း ကုရ်အာန်ကျမ်းတော်မြတ်၏ အမိန့်အတွင်း၌ ပါဝင်ပေသည်။ ထိုအရာကိုလည်း 'ဝူဇူ'နှင့် သန့်ရှင်းမှုမရှိဘဲ လက်ဖြင့် ကိုင်တွယ်ခြင်းသည် အေမာမ်ကြီးလေးပါးစလုံးသည် 'မပိုင်' ဟူ၍

တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ချက်ချထားကြပေသည်။ သို့သာမက သီးခြားသော အဝတ်ဖြင့် ချုပ်လုပ်ထားသော အဖုံးအိတ် ရှိသည်။ အကြင်အဖုံးအိတ်နှင့်အတူ ကုရ်အာန်ကျမ်းတော်မြတ်ကို 'ဝူဇူ'မပါဘဲ လက်ဖြင့် တို့ထိခြင်း အေမာမ်အဗူဟာနီဖာ (ရဟ) သခင်ကြီးထံ၌ ပိုင်ပေသည်။ သို့ရာတွင် အေမာမ်မာလစ်က် (ရဟ) သခင်ကြီးနှင့် ရှာဖေအီသခင်ကြီးတို့ထံ၌ ဤအချက်သည်လည်း မပိုင်ပေ။ *[မဇ္ဇဟရီး]*

ဓမ္မသတ် ။ ။ လူသားဝတ်ဆင်ထားသော အင်္ကျီ၏ လက်အနားစ (သို့မဟုတ်) အောက်အနားစဖြင့် ကုရ်အာန်ကျမ်းတော်မြတ်ကို 'ဝူဇူ'မဲ့ ကိုင်ခြင်းသည်လည်း မပိုင်ပေ။ သို့ရာတွင် သီးခြားပုဝါ (သို့မဟုတ်) စောင်ဖြင့် ကိုင်ပိုင်ခွင့် ရှိပေသည်။ *[မဇ္ဇဟရီး]*

ဓမ္မသတ် ။ ။ အာလင်မ်သာသနာ့ပညာရှင်များက မိန့်ဆိုထားကြသည်မှာ ဤအာယသ်တော်မှ 'ရေမချိုးသေးသရွေ့ ကာလပတ်လုံး 'ဂျနာဗသ်' (ကိုယ်မသန့်ချိန်) သို့မဟုတ် ဓမ္မတာသွေးလာချိန်နှင့် မီးတွင်းသွေးဆင်းချိန်၌ ကုရ်အာန်ကျမ်းတော်မြတ်ကို ရွတ်ဖတ်ပိုင်ခွင့် မရှိကြောင်း' သာပို၍ပင် အတည်ပြု၍ ရရှိပေသည်။ အဘယ်ကြောင့်ဆိုသော် စာအုပ်တော်အတွင်း၌ ရေးသားထားသော အက္ခရာစာသားများအား အရိုအသေပေးရန်မှာ 'ဝါဂျိဗ်'ဖြစ်သည်ဆိုလျှင် နှုတ်လျှာမှ ရွတ်ဆိုရမည်ဖြစ်သော အဓိကအက္ခရာများကို အရိုအသေပေးရန်သည် ထို့ထက် သာပို၍ အရေးပါကာ 'ဝါဂျိဗ်'ဖြစ်သင့်ပေသည်။ ယင်းအချက်၏ လိုလားချက်မှာ 'ဝူဇူ'မဲ့သူသည်လည်း ကုရ်အာန်ကျမ်းတော်မြတ်ကို ရွတ်ဖတ်ခြင်း မပိုင်သင့်ပေ။ သို့ရာတွင် ဘိုခါရီကျမ်းနှင့် မွတ်စ္စလင်မ်ကျမ်း၌ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﵄ သခင်ကြီး၏ ဟဒီးစ်တော်သည်လည်းကောင်း၊ ယင်းဟဒီးစ်တော်များဖြင့် 'ဝူဇူ'မဲ့ အခြေအနေဖြင့် တမန်တော်မြတ် ﷺ သည် ကုရ်အာန်ကျမ်းတော်မြတ်ကို ရွတ်ဖတ်တော်မူထားကြောင်း' အတည်ပြုထားပေသည်။ ထို့ကြောင့် ဓမ္မသတ်ပညာရှင်များသည် 'ဝူဇူ'မဲ့သော အခြေအနေဖြင့် ကုရ်အာန်ကျမ်းတော်မြတ်ကို ရွတ်ဖတ်ခွင့် ပြုထားပေသည်။ *[သဖ်စီးရ်ရေမဇ္ဇဟရီး]*

أَفَبِهَٰذَا الْحَدِيثِ أَنتُم مُّدْهِنُونَ

(သို့ပါလျက် အသင်တို့သည် ဤအာယသ်တော်ကို မထီမဲ့မြင် ပြုကြလေသလော။ ပျင်းရိနေကြလေသလော။) *[၅၆ : ၈၁]*

'မုဒ်ဟိနူးန်'ဟူသော စကားလုံးသည် 'အိဒ်ဟားန်'ဟူသော ပုဒ်မှ ဆင်းသက်လာခြင်း ဖြစ်ပေသည်။ အဘိဓါန်အဓိပ္ပာယ်မှာ ဆီဖြင့် ပွတ်သပ်ခြင်းဖြစ်ပေသည်။ ဆီဖြင့် ပွတ်သပ်လိမ်းနယ်ခြင်းကြောင့် အစိတ်အပိုင်းများသည် ပြေလျော့နူးညံ့သွားပေသည်။ ထို့ကြောင့် နူးညံ့အောင် ပြုခြင်းနှင့် မပိုင်သော နေရာများ၌ နူးညံ့စွာ ပြုမူဆက်ဆံခြင်းကို 'နေဖားက်'ဟု ခေါ်ဆိုသော အသွင်ဆောင်ခြင်း၏ အလိုသဘော၌ အသုံးပြုလာကြပေတော့သည်။ တင်ပြလျက်ရှိနေသော အာယသ်တော်အတွင်း၌ ဤစကားလုံးတော်ကို အလ္လာဟ်အသျှင်မြတ်၏ သက်သေလက္ခဏာတော်များအား ထောက်ခံအတည်ပြုရာ၌ 'နေဖားက်' (အသွင်ဆောင်ခြင်း) နှင့် လိမ်လည်စွပ်စွဲ ပြောဆိုခြင်းအနက် အသုံးပြုကြပေသည်။

فَلَوْلَاۤ اِذَا بَلَغَتِ الْحُلْقُوْمَ وَاَنْتُمْ حِيْنَئِذٍ تَنْظُرُوْنَ وَنَحْنُ اَقْرَبُ اِلَيْهِ مِنْكُمْ
وَلٰكِنْ لَّا تُبْصِرُوْنَ فَلَوْلَاۤ اِنْ كُنْتُمْ غَيْرَ مَدِيْنِيْنَ تَرْجِعُوْنَهَاۤ اِنْ كُنْتُمْ صَادِقِيْنَ

(သို့ဖြစ်လျှင် အသက်ဇီဝိန်သည် လည်မျိုသို့ ရောက်ရှိလာသောအခါ အသင်တို့သည် မည်သည့်အတွက်ကြောင့် မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခြင်း မပြုကြသနည်း။ စင်စစ် အသင်တို့သည် ထိုရောအခါဝယ် ကြည့်နေကြကုန်၏။ စင်စစ် ငါအသျှင်မြတ်သည် အသင်တို့ထက် ပိုမို၍ပင် ထိုသူနှင့် နီးကပ်လျက် ရှိနေတော်မူ၏။ သို့ရာတွင် အသင်တို့သည် မြင်ကြသည်မဟုတ်ပေ။ သို့ဖြစ်ပေရာ အသင်တို့သည် အစားပေးခြင်းခံရမည့်သူများ မဟုတ်ဟုဆိုရာ၌ အမှန်ကို ပြောဆိုသူများ ဖြစ်ကြလျှင် မည်သည့်အတွက်ကြောင့် ယင်းအသက်ဇီဝိန်ကို ပြန်လည်၍ ယူမထားကြလေသနည်း။) [၅၆ :၈၃-၈၇]

လွန်လေပြီးသော အာယသ်တော်များအတွင်း၌ ဦးစွာပထမ ဦးနှောက်အသိဉာဏ်အရ စဉ်းစားတွေးခေါ်၍ ရနိုင်သော အထောက်အထားများဖြစ်၍လည်းကောင်း၊ တစ်ဖန် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ကြယ်တာရာများအား 'ကစမ်'ကျိန်ဆိုကာ ယင်းကြယ်တာရာများ အဖိနိုပ်၊ အချုပ်ချယ်ခံရခြင်း၏ အခြေအနေဘက်သို့ အရိပ်အမြွက်ပြကာ အချက်နှစ်ချက်ကို အတည်ပြုလိုက်ပေသည်။ ပထမအချက်မှာ ကုရ်အာန်ကျမ်းတော်မြတ်သည် အလ္လာဟ်အသျှင်မြတ်၏ မုဣဇ္ဇပါင်္ဂတော်ဖြစ်ခြင်းအကြောင်း၊ ထိုမုဣဇ္ဇပါင်္ဂတော်အတွင်း၌ မည်သည့်ရှိုက်သွာန်နှင့် 'ဂျင်န်'တစ်ဦးဦး၏ လွှမ်းမိုးခြယ်လှယ်နိုင်စွမ်း တစ်စုံတစ်ရာ မရှိခြင်းအကြောင်းနှင့် ထိုမုဣဇ္ဇပါင်္ဂတော်အတွင်း ပါရှိသော အရာများအားလုံးသည် မှန်ကန်သော အရာများဖြစ်ကြောင်း ဖြစ်ပေသည်။ ဒုတိယအချက်မှာ ကုရ်အာန်ကျမ်းတော်မြတ်၏ ဓမ္မသတ်များ၌ သီးသန့်အလေးအနက်ထားရမည်ဖြစ်သော ဓမ္မသတ်ဖြစ်ပေသည်။ ထိုဓမ္မသတ်မှာ 'ကေယာမသ်'သည် ဆိုက်ရောက်လာမည်ဖြစ်ခြင်းအကြောင်း၊ သေဆုံးသူအားလုံးသည် ရှင်ပြန်ထကာ အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်၌ စာရင်းအင်းစစ်ဆေးခြင်းခံရရန်အတွက် အခစားတော်သို့ ဝင်ရောက်ရမည်ဖြစ်ခြင်းအကြောင်းတို့ ဖြစ်ပေသည်။ နောက်ဆုံးပိုင်းအတွင်း၌ ထိုရှင်းလင်းလှစွာသော အထောက်အထားများအားလုံးနှင့် ဆန့်ကျင်စွာ ကာဖိရ်များနှင့် မုရှ်ရစ်က်တို့၏ ကုရ်အာန်ကျမ်းတော်မြတ်၏ မှန်ကန်ခြင်းနှင့် 'ကေယာမသ်'နေ့၌ သေသူများ ရှင်ပြန်ထလာရမည့်အချက်အား ငြင်းဆိုထားကြကြောင်းကို တင်ပြထားပေသည်။

'ကေယာမသ်'နေ့နှင့် သေပြီးနောက် ရှင်ပြန်ထခြင်းအား ငြင်းဆိုခြင်းသည် ပြောဆိုရမည်ဆိုသော် ၎င်းတို့ဘက်မှ 'မိမိတို့၏ အသက်နှင့် ဝိညာဉ်သည် မိမိတို့၏ ပင်ကိုယ်ထိန်းချုပ်မှုအတွင်း၌ ရှိကြောင်းနှင့် မိမိတို့၏ သက်တမ်းအတွင်း၌ မိမိတို့အဖို့လည်း တစ်စုံတစ်ရာ ခြယ်လှယ်နိုင်စွမ်းရှိကြောင်း' ဟူသော အချက်တို့ကို ကြွေးကြော်သကဲ့သို့ ဖြစ်ပေသည်။ ၎င်းတို့၏ ထိုမှားယွင်းသော တွေးခေါ်ချက်များအား ချေပရန်အတွက် တင်ပြလျက်ရှိနေသော အာယသ်တော်အတွင်း၌ ကွယ်လွန်အံ့ဆဲဆဲ သူတစ်ယောက်ကို ပုံဆောင်ခိုင်းနှိုင်းကာ ပြဆိုထားပေသည်။ ၎င်း၏ အသက်ဇီဝိန်သည် လည်မျိုသို့ ရောက်ရှိလာသောအခါ အသင်တို့သည် (ဝါ) ကွယ်လွန်မည့်သူ၏ မိတ်ဆွေအပေါင်းအသင်းများအားလုံးသည် ၎င်း၏ အခြေအနေကို တွေ့မြင်လျက် ရှိနေပေသည်။ ချင်ခင်ပတ်သက်မှု၏ တောင့်တချက်အရ '၎င်း၏ ဇီဝိန် မချုပ်ငြိမ်းရန်နှင့်

ရှင်သန်၍ နေရန်' ကို လိုလားနေပေသည်။ သို့ရာတွင် ထိုအချိန်၌ အားလုံးသည် မိမိတို့ အားအင်ချည့်နဲ့ကြောင်းကို ခံစားလာကာ ဝန်ခံမှုကို ပြုရပေတော့သည်။ အကြောင်းမှာ မည်သူတစ်ဦးတစ်ယောက်မျှ ထိုကွယ်လွန်အံ့ဆဲဆဲ ဖြစ်သူ၏ အသက်ကို မကယ်တင်နိုင်ပေ။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်သည် ဤသို့ အမိန့်ရှိတော်မူလိုက်ပေသည်။ ထိုအချိန်၌ မိမိ၏ 'အိလ်မ်' (အသိတော်) နှင့် တန်ခိုးတော်ကို ထောက်ရှု၍ ငါအသျှင်မြတ်သည် အသင်တို့နှင့် နှိုင်းယှဉ်လျှင် ထိုကွယ်လွန်အံ့ဆဲဆဲသူနှင့် သာပို၍ နီးကပ်စွာ ရှိနေပေသည်။ နီးစပ်မှုရှိခြင်း၏ အလိုသဘောမှာ ၎င်း၏ အတွင်းပိုင်းနှင့် အပြင်ပိုင်း အခြေအနေတို့အား သိရှိတော်မူ၍ ၎င်းအပေါ် ပြည့်ဝစွာ နားလည် စွမ်းဆောင်နိုင်တော်မူပေသည်။ ထို့နောက် ဆက်လက် အမိန့်ရှိထားတော်မူသည်မှာ သို့ရာတွင် အသင်တို့သည် ငါအသျှင်မြတ်၏ ထိုသို့ နီးစပ်မှုနှင့် ကွယ်လွန်အံ့ဆဲဆဲသူအပေါ် စိုးမိုးခြယ်လှယ်နိုင်စွမ်း ရှိကြောင်းကို မျက်လုံးများဖြင့် မတွေ့မြင်နိုင်ကြပေ။

အချုပ်သဘောတရားမှာ ဤသို့ပင် ဖြစ်ပေသည်။ အသင်တို့အားလုံး ပူးပေါင်းကာ ၎င်း၏ သက်တမ်း ရှင်သန်ခြင်းနှင့် ဝိညာဉ်ကို ထိန်းသိမ်းရန် လိုလားပါမူလည်း သို့ရာတွင် အသင်တို့၏ စီမံကိန်းသည် အကောင်အထည်ပေါ်၍နေမည် မဟုတ်ပေ။ ငါအသျှင်မြတ်သည် မိမိ၏ 'အိလ်မ်' (အသိတော်) နှင့် စွမ်းဆောင်နိုင်မှုကို ထောက်ရှု၍ ၎င်းနှင့် သာပို၍ နီးကပ်မှု ရရှိနေပေသည်။ ၎င်းသည် ငါအသျှင်မြတ်၏ ခြယ်လှယ်နိုင်စွမ်း၏ အောက်၊ အလိုဆန္ဒနှင့် အမိန့်အာဏာစက်အား နောက်လိုက်သမူ ပြုနေရသူသာ ဖြစ်ပေသည်။ ၎င်း၏ အသက်ဇီဝိန်ကို ထုတ်ယူရန် ငါအသျှင်မြတ်၏ ဘက်တော်မှ ဆုံးဖြတ်ချက်ချလိုက်သော အချိန်ကာလ၌ ထိုသို့ ထုတ်ယူလိုက်ခြင်းကို မည်သူတစ်ဦးတစ်ယောက်မျှ တားမြစ်နိုင်စွမ်း မရှိပေ။ ထိုပုံပမာ ခိုင်းနှိုင်းချက်ကို ရှေ့ဝယ်ထား၍ မိန့်တော်မူထားသည်မှာ 'သေဆုံးပြီးနောက် အသင်တို့သည် ပြန်လည်ရှင်ပြန်ထနိုင်ခြင်း မရှိ' ဟူ၍ မှတ်ယူထားကြပါမူ၊ ထို့ပြင် အသင်တို့သည် 'အလ္လာဟ်အသျှင်မြတ်၏ ဖမ်းဆီးအရေးယူမှုမှ လွတ်ကင်းအောင် ပြုခြင်း' ၏ အင်အားစွမ်းအား ရှိပါမူ၊ ထိုကွယ်လွန်အံ့ဆဲဆဲသူ၏ အသက်ဇီဝိန်ကို ထုတ်ယူစေခြင်းမှ ကယ်တင်ကုန်။ (သို့မဟုတ်) ထွက်သွားပြီးနောက် ပြန်လည် သွင်းကုန်' ဟူသော မိမိတို့၏ အစွမ်းအစ၏ စမ်းစစ်မှုကို ဤလောက၌မှာပင် ပြသကြကုန်။ အသင်တို့သည် ဤမျှခန့် အချက်ကလေးကိုပင် ပြုစွမ်းနိုင်မှု မရှိပါမူ၊ တစ်ဖန် မိမိကိုယ်ကို မိမိ အလ္လာဟ်အသျှင်မြတ်၏ ဖမ်းဆီး အရေးယူမှုမှ ရှောင်ရှားနိုင်သည်ဟု မှတ်ယူထားခြင်းနှင့် သေပြီးနောက် ဒုတိယအကြိမ် ပြန်လည်ရှင်ပြန် ထခြင်းအား ငြင်းဆိုခြင်းသည် အဘယ်မျှခန့် တွေးခေါ်မှုဉာဏ်ကင်းမဲ့ခြင်း၏ လက္ခဏာဖြစ်ပေသနည်း။

فَأَمَّا إِن كَانَ مِنَ الْمُقَرَّبِينَ

(တစ်ဖန် မည်သို့ပင်ဖြစ်စေ အကယ်၍ ထိုသေဆုံးသောသူသည် နီးကပ်သော သူတို့တွင် ပါဝင်ခဲ့သည်ရှိသော်။) [၅၆ : ၈၈]

လွန်လေပြီးသော အာယသ်တော်များအတွင်း၌ အထောက်အထား၊ ခေါင်းစဉ်အမျိုးမျိုးဖြင့် ဤအောက်ဖော်ပြပါ အချက်တို့အား ရှင်းလင်းစွာ မိန့်ဆိုထားပေသည်။ ကမ္ဘာလောက၏ လက်ရှိသက်တမ်းသည် တစ်နေ့ ကုန်ဆုံးသွားမည်ဖြစ်ကြောင်း၊ ကွယ်လွန်ပြီးနောက် မိတ်ဆွေများအားလုံးနှင့် ဆွေးဆရာများအားလုံး

မစွမ်းနိုင်ဘဲ ရှိကြောင်းကို နေ့စဉ်နှင့်အမျှ မြင်တွေ့နေရကြောင်း၊ ဤကဲ့သို့ပင် သေဆုံးပြီးနောက် ဒုတိယအကြိမ် ပြန်လည်ရှင်ပြန်ထရကာ မိမိတို့၏ ဆောင်ရွက်ချက်များကို တင်ပြရမည်ဖြစ်ကြောင်း၊ စာရင်းအင်း စစ်ဆေးခြင်း ခံရပြီးနောက် ကြောင်းကျိုး၊ ကောင်းဆိုး ပြစ်ဒဏ်များ ခံစားရမည်ဖြစ်ခြင်းအကြောင်း၊ အကြောင်းအကျိုး၊ အကောင်းအဆိုး ခံစား၊ စံစားခြင်းနှင့် စပ်လျဉ်း၍ အဖန်ဆင်းခံများအတွင်းဝယ် အုပ်စု (၃) အုပ်စု ကွဲသွားမည်ဖြစ်ခြင်းအကြောင်း၊ အုပ်စုတစ်အုပ်စုချင်းစီ၏ ခံစားစံစားရခြင်းသည်လည်း သီးခြားစွာ ဖြစ်ခြင်းအကြောင်းကို စူရာဟ်တော်၏အစ၌ တင်ပြထားပြီးဖြစ်ကြောင်းဟူသော အချက်များကိုလည်း မှုချ ယုံကြည်ကြကုန်။ ထိုအချက်များ၏ အကျဉ်းချုပ်အချက်ကို တစ်ဖန် ဤနေရာ၌ တင်ပြထားပြန်ပေသည်။ ကွယ်လွန်ပြီးနောက် အကယ်၍ ဤသူသည် အနီးစပ်ဆုံး၊ အသာဆုံးနှင့် ရှေးအကျဆုံးသော အုပ်စုအတွင်းမှ ဖြစ်မူ၊ ချမ်းသာမှုနှင့် မွေ့လျော်စံပျော်မှုချည်းသာ ဖြစ်ပေမည်။ အကယ်၍ နီးကပ်မှုရှိသောသူများ အုပ်စုအတွင်း၌ မပါမူလည်း လက်ယာဘက်သားများဖြစ်သော (ဝါ) မွန်မြတ်သော အများပြည်သူ မုအ်မင်န်များထဲမှ ဖြစ်မူလည်း 'ဂျန္နသ်'၏ စည်းစိမ်တော်များဖြင့် ချီးမြှင့်ခြင်းခံရကာ စံပျော်ရပေလိမ့်မည်။ အကယ်၍ တတိယ အုပ်စုဖြစ်သော ဆိုလိုသည်မှာ လက်ဝဲဘက်သား ကာဖိရ်၊ မုရှ်ရစ်က်များထဲမှ ဖြစ်ပါမူ 'ဂျဟန္နမ်'ငရဲမီးနှင့် ပွက်ပွက်ဆူနေသော ရေတို့နှင့် ၄င်းသည် ရင်ဆိုင်ရပေလိမ့်မည်။

اِنَّ هٰذَا لَهُوَ حَقُّ الْيَقِيْنِ

(ဧကန်မလွဲ ဤသည် ထင်ရှားသော အမှန်တရားပင် ဖြစ်၏။) *[၅၆ : ၉၅]*

အထက်၌ တင်ပြထားပေးပြီးဖြစ်သော ခံစား၊ စံစားရခြင်းနှင့် ကြောင်းကျိုးပြစ်ဒဏ်တို့သည် လုံးဝ မှန်ကန်၍ လုံးဝ အမှန်တကယ် ဖြစ်လာမည့် အမှုကိစ္စ ဖြစ်ပေသည်။ ယင်းအချက်နှင့် စပ်လျဉ်း၍ ဒွိဟသံသယဖြစ်ရန်အကြောင်း အလျဉ်းမရှိပေ။

فَسَبِّحْ بِاسْمِ رَبِّكَ الْعَظِيْمِ

(သို့ဖြစ်ပေရာ အို, နဗီတမန်တော်၊ အသင်သည် မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ နာမတော် သန့်ရှင်းစင်ကြယ်တော်မူကြောင်း ချီးမွမ်း မြွက်ဆိုပါလေ။) *[၅၆ : ၉၆]*

စူရာဟ်တော်၏ နောက်ဆုံး၌ တမန်တော်မြတ် ﷺ အား 'အသင်သည် မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်အား ချီးမွမ်းထောပနာမြွက်ဆိုရန်အကြောင်း' ကို မိန့်မြွက်ထားတော်မူပေသည်။ ဆိုလိုသည်မှာ ထိုအသျှင်မြတ်၏ ဂုဏ်ရှိန်ဂုဏ်ဝါတော်နှင့် ထိုက်တန်သော သန့်ရှင်းစင်ကြယ်မှု အလုံးစုံကို မြွက်ဆိုတမ်းတလျက် ရှိနေပါစေ။ ထိုအချက်အတွင်း၌ နမာဇ်အတွင်း၌ ရွတ်ဆိုရသည့် 'သတ်စ်ဗီးဟ်'များအားလုံးသည်လည်း ပါဝင်ပေသည်။ နမာဇ်အပြင်၌ ရွတ်ဆိုလျက်ရှိနေသည့် 'သတ်စ်ဗီးဟ်'များလည်း အကျုံးဝင်သည်။ နမာဇ်ကိုလည်း အချို့သော အချိန်အခါများ၌ 'သတ်စ်ဗီးဟ်'ဖြင့် သုံးနှုန်းမိန့်ဆိုထားပေရာ ဤပညတ်ချက်တော်သည် နမာဇ်ကို အလေးထားရန်လည်း ပါဝင်သွားပေသည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေသည်။)

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

စူရာဟ်ဟဒီဒ်

သံ ကဏ္ဍ

بِسۡمِ ٱللَّهِ ٱلرَّحۡمَٰنِ ٱلرَّحِيمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

سَبَّحَ لِلَّهِ مَا فِي ٱلسَّمَٰوَٰتِ وَٱلۡأَرۡضِۖ وَهُوَ ٱلۡعَزِيزُ ٱلۡحَكِيمُ ①

၅၇ : ၁ ။ ။ မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိသမျှတို့သည် အလ္လာဟ်အသျှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မြွက်ဆိုချီးမွမ်းကြကုန်၏။ ၎င်းပြင် ထိုအသျှင်မြတ်သည်ပင်လျှင် အလွန်တရာ နိုင်နင်းလွှမ်းမိုးတော်မူသော အသျှင်၊ လွန်စွာ နူးညံ့သိမ်မွေ့တော်မူသော၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

لَهُۥ مُلۡكُ ٱلسَّمَٰوَٰتِ وَٱلۡأَرۡضِۖ يُحۡيِۦ وَيُمِيتُۖ وَهُوَ عَلَىٰ كُلِّ شَيۡءٖ قَدِيرٌ ②

၅၇ : ၂ ။ ။ မိုးကောင်းကင်များနှင့် ပထဝီမြေကို စိုးမိုးအုပ်ချုပ်မှုအာဏာသည် ထိုအသျှင်မြတ်၌သာ ရှိ၏။ ထိုအသျှင်မြတ်သည်ပင် အသက်ရှင်စေတော်မူ၏။ ထို့နည်းတူစွာ ထိုအသျှင်မြတ်သည်ပင် အသက်သေဆုံးစေတော်မူ၏။ ၎င်းပြင် ထိုအသျှင်မြတ်သည်ပင် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

هُوَ ٱلۡأَوَّلُ وَٱلۡأٓخِرُ وَٱلظَّٰهِرُ وَٱلۡبَاطِنُۖ وَهُوَ بِكُلِّ شَيۡءٍ عَلِيمٌ ③

၅၇ : ၃ ။ ။ ထိုအသျှင်မြတ်သည်ပင် အဦးဆုံး ဖြစ်တော်မူ၏။ နောက်ဆုံးလည်း ဖြစ်တော်မူ၏။ ထင်ရှားစွာ ရှိနေတော်မူသော အသျှင်မြတ်လည်း ဖြစ်တော်မူ၏။ ကွယ်၍ နေတော်မူသော အသျှင်မြတ်လည်း ဖြစ်တော်မူ၏။ ၎င်းပြင် ထိုအသျှင်မြတ်သည်ပင် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

هُوَ ٱلَّذِي خَلَقَ ٱلسَّمَٰوَٰتِ وَٱلۡأَرۡضَ فِي سِتَّةِ أَيَّامٖ ثُمَّ ٱسۡتَوَىٰ
عَلَى ٱلۡعَرۡشِۖ يَعۡلَمُ مَا يَلِجُ فِي ٱلۡأَرۡضِ وَمَا يَخۡرُجُ مِنۡهَا وَمَا يَنزِلُ
مِنَ ٱلسَّمَآءِ وَمَا يَعۡرُجُ فِيهَاۖ وَهُوَ مَعَكُمۡ أَيۡنَ مَا كُنتُمۡۚ وَٱللَّهُ بِمَا تَعۡمَلُونَ بَصِيرٞ ④

၅၇ : ၄ ။ ။ ထိုအသျှင်မြတ်သည်ပင် မိုးကောင်းကင်များနှင့် ပထဝီမြေကို ခြောက်ရက်မျှ (ကာလ) အတွင်း ဖန်ဆင်းတော်မူခဲ့သော အသျှင်မြတ် ဖြစ်တော်မူ၏။ ထို့နောက် ထိုအသျှင်မြတ်သည် 'အရ်ရှ်' ပလ္လင်တော်ထက်ဝယ် စံမြန်း

တော်မူခဲ့၏။ ထိုအသျှင်မြတ်သည် ပထဝီမြေသို့ ဝင်သောအရာကိုလည်းကောင်း၊ ယင်းပထဝီမြေမှ ထွက်သော အရာကိုလည်းကောင်း၊ မိုးကောင်းကင်မှ ဆင်းသက်သော အရာကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်သို့ တက်သော အရာကိုလည်းကောင်း၊ (အလုံးစုံတို့ကို) သိရှိတော်မူ၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့ရှိကြသော မည်သည့်နေရာ၌မဆို အသင်တို့နှင့်အတူ ရှိနေတော်မူ၏။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ကျင့်မူသမျှတို့ကို အကြွင်းမဲ့ သိမြင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

لَهٗ مُلْكُ السَّمٰوٰتِ وَالْاَرْضِ ۭ وَاِلَى اللّٰهِ تُرْجَعُ الْاُمُوْرُ ۝

၅၇ : ၅ ။ ။ မိုးကောင်းကင်များနှင့် ပထဝီမြေကို စိုးမိုးအုပ်ချုပ်မှု အာဏာသည် ထိုအသျှင်မြတ်၌သာ ရှိ၏။ ထို့ပြင် အရေးကိစ္စ အလုံးစုံတို့သည် ထိုအသျှင်မြတ်ထံတော်သို့သာလျှင် ပြန်လည်ရောက်ရှိကြရပေမည်။

يُوْلِجُ الَّيْلَ فِي النَّهَارِ وَيُوْلِجُ النَّهَارَ فِي الَّيْلِ ۭ وَهُوَ عَلِيْمٌۢ بِذَاتِ الصُّدُوْرِ ۝

၅၇ : ၆ ။ ။ ထိုအသျှင်မြတ်သည်ပင် (အချို့သော ရာသီဥတု၌) ညဉ့် (၏ အစိတ်အပိုင်းအချို့) ကို နေ့၏ အတွင်းဝယ် ထည့်သွင်းတော်မူ၏။ ထိုနည်းတူစွာ ထိုအသျှင်မြတ်သည်ပင် (အချို့သော ရာသီဥတု၌) နေ့ (၏ အစိတ်အပိုင်းအချို့) ကို ညဉ့်၏ အတွင်းဝယ် ထည့်သွင်းတော်မူ၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် စိတ်နှလုံးများအတွင်း၌ ရှိသည်တို့ကိုပင် အကြွင်းမဲ့ သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိသမျှ (သော အဖန်ဆင်းခံ) တို့သည် အလ္လာဟ်အသျှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို (နှုတ်လျှာဖြင့် ဖြစ်စေ၊ ဟန်ပန် အသွင်အရဖြစ်စေ) မြွက်ဆိုချီးမွမ်းကြကုန်၏။ ၎င်းပြင် ထိုအသျှင်မြတ်သည်ပင်လျှင် အလွန်တရာ နိုင်နင်းလွှမ်းမိုးတော်မူသော အသျှင်၊ လွန်စွာ နူးညံ့သိမ်မွေ့တော်မူသော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

မိုးကောင်းကင်များနှင့် ပထဝီမြေကို စိုးမိုးအုပ်ချုပ်မှုအာဏာသည် ထိုအသျှင်မြတ်၌သာလျှင် ရှိ၏။ ထိုအသျှင်မြတ်သည်ပင် (လျှင်) အသက်ရှင်စေတော်မူ၏။ ထိုနည်းတူစွာ ထိုအသျှင်မြတ်သည်ပင်လျှင် အသက်သေဆုံးတော်မူ၏။ ၎င်းပြင် ထိုအသျှင်မြတ်သည်ပင် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

ထိုအသျှင်မြတ်သည်ပင် (အဖန်ဆင်းခံများ၏ အလျင်) အဦးဆုံး ဖြစ်တော်မူ၏။ (အားလုံးသော အရာများ၏ ကတိတော်များနှင့် ဂုဏ်အရည်အချင်းများ ပျက်သုဉ်းပြီးနောက်၌လည်း) နောက်ဆုံး ဖြစ်တော်မူ၏။ (ဆိုလိုသည်မှာ ထိုအသျှင်မြတ်အပေါ် ပထမအတိတ်ခေတ်ကာလကတည်းက မတည်ရှိခြင်းသည် မရှိသလို နောင်အနာဂတ်ကာလ၌လည်း မည်သည့်အဆင့်ပုံသဏ္ဍာန်မျိုးနှင့်မျှ မတည်ရှိခြင်းသည် မဖြစ်နိုင်ပေ။

ထို့ကြောင့် အားလုံး၏ နောက်ဆုံးသည်လည်း ထိုအသျှင်မြတ်သည်သာလျှင် ဖြစ်တော်မူ၏။ (အထောက်အထားများ၏ ရှုထောင့်အရ မုချ တည်ရှိခြင်းကို ထောက်ရှု၍ အလွန်) ထင်ရှားစွာ ရှိနေတော်မူသော အသျှင်မြတ်သည်လည်း ဖြစ်တော်မူ၏။ (မိမိ၏ ဇာတိတော်ကို ထောက်ရှု၍လည်း အလွန်) ကွယ်၍ နေတော်မူသော အသျှင်မြတ်လည်း ဖြစ်တော်မူ၏။ (ဆိုလိုသည်မှာ မည်သူတစ်ဦးတစ်ယောက်မျှ ထိုအသျှင်မြတ်၏ ဇာတိတော်အား ထိတွေ့ခံစားရယူ မြင်နိုင်စွမ်း မရှိပေ။ (ထိုအသျှင်မြတ်ကိုယ်တော်တိုင်သည် ဤသို့သော အသျှင်မြတ် ဖြစ်နေလင့်ကစား အဖန်ဆင်းခံများသည် ရှုထောင့်တစ်ရပ်အရ ထိုအသျှင်မြတ်အား သိရှိတော်မူ၍ အခြားသော ရှုထောင့်တစ်ရပ်အရ မသိရှိပေ။ သို့ရာတွင် အဖန်ဆင်းခံများအားလုံးကို ရှုထောင့်များအလုံးစုံအရ ထိုအသျှင်မြတ်သည် သိရှိတော်မူပေသည်။) ၄င်းပြင် ထိုအသျှင်မြတ်သည်ပင် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

ထိုအသျှင်မြတ်သည်ပင် မိုးကောင်းကင်များနှင့် ပထဝီမြေကို ခြောက်ရက် (ကာလ) အတွင်း ဖန်ဆင်းတော်မူခဲ့သော (စွမ်းဆောင်နိုင်တော်မူသည့်) အသျှင်မြတ် ဖြစ်တော်မူ၏။ ထို့နောက် ထိုအသျှင်မြတ်သည် (အုပ်ချုပ်မှု၏ ရာဇပလ္လင်နှင့် တူဆင်သော) 'အရ္ရှ်'ပလ္လင်တော်ထက်ဝယ် (ထိုအသျှင်မြတ်၏ ဂုဏ်ရှိန်၊ ဂုဏ်ဝါတော်နှင့် လျော်ညီစွာ) စံမြန်းတော်မူခဲ့၏။ ထိုအသျှင်မြတ်သည် ပထဝီမြေသို့ ဝင်သော အရာ မိုး (ရေ) ကိုလည်းကောင်း၊ ယင်းပထဝီမြေမှ ထွက်သော အရာ၊ ပျိုးပင်ပေါက် (ပေါက်ပင်) ကိုလည်းကောင်း၊ မိုးကောင်းကင်မှ ဆင်းသက်သော အရာကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်သို့ တက်သော အရာကိုလည်းကောင်း (ဥပမာ- ကောင်းကင်တမန်တော်များသည် ဆင်းလေ့၊ တက်လေ့ ရှိကြပေသည်။ ဥပမာ- ပညတ်ချက်များသည် ဆင်းသက်လာ၍ ကျေးကျွန်များ၏ ပြုမူဆောင်ရွက်ချက်များသည် တက်လေ့ ရှိကြပေသည်။ အလုံးစုံတို့ကို) သိရှိတော်မူ၏။ ၄င်းပြင် (ထိုအရာများအားလုံးအား သိရှိသလို အသင်တို့၏ အခြေအနေအားလုံးအားလည်း သိရှိတော်မူပေသည်။ သို့ရှိရာ) ထိုအသျှင်မြတ်သည် (ထိုသို့ ကြားတော်မူခြင်းကို ထောက်ရှု၍) အသင်တို့ ရှိကြသော မည်သည့်နေရာ၌မှာပင် ထိုအသျှင်မြတ်မှ ဖုံးကွယ်၍ မရနိုင်ပေ။) ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ကျင့်မူသမျှတို့ကို အကြွင်းမဲ့ သိမြင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

မိုးကောင်းကင်များနှင့် ပထဝီမြေကို စိုးမိုးအုပ်ချုပ်မှုအာဏာသည် ထိုအသျှင်မြတ်၌သာ ရှိ၏။ ထို့ပြင် အရေးကိစ္စအလုံးစုံ (ရုပ်ပိုင်းဆိုင်ရာ တွေ့မြင်ရသောအရာဖြစ်စေ၊ နာမ်ပိုင်းဆိုင်ရာ မတွေ့မြင်ရသော အရာဖြစ်စေ) တို့သည် ထိုအသျှင်မြတ်ထံတော်သို့သာလျှင် ပြန်လည်ရောက်ရှိကြရပေမည်။ (ဆိုလိုသည်မှာ 'ကေယာမသ်'နေ့၌ အခစားတော်သို့ တင်ဆက်ကြရပေလိမ့်မည်။ ထိုအချက်အတွင်း၌ 'သောင်ဟီးဒ်'နှင့် အတူ 'ကေယာမသ်'နေ့ဖြစ်ပေါ်မှုကိုလည်း တစ်ပါတည်း အတည်ပြုပေးလိုက်ပေသည်။)

ထိုအသျှင်မြတ်သည်ပင် (အချို့သော ရာသီဥတု၌) ညဉ့် (၏ အစိတ်အပိုင်းအချို့) ထိုနေ့၏ အတွင်းဝယ် ထည့်သွင်းတော်မူ၏။ (အကြင်သို့ ပြုလုပ်ပေးလိုက်ခြင်းဖြင့် နေ့တာသည် ရှည်သွားပေသည်။) ထိုနည်း

တူစွာ ထိုအသျှင်မြတ်သည်ပင် (အချို့သော ရာသီဥတု၌) နေ့ (၏ အစိတ်အပိုင်းအချို့ကို) ည၌၏ အတွင်း ဝယ် ထည့်သွင်းတော်မူ၏။ (အကြင်သို့ ပြုပေးလိုက်ခြင်းဖြင့် ည၌တာသည် ရှည်သွားပေသည်။ ၎င်းပြင် ထိုအသျှင်မြတ်သည် (ထိုစွမ်းဆောင်နိုင်ခြင်း၏ အချက်နှင့်အတူ ထိုအသျှင်မြတ်၏ အသိတော်သည်) စိတ်နှလုံး သားများအတွင်း၌ ရှိသည်တို့ကိုပင် အကြွင်းမဲ့ သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

စူရာဟ်ဟဒီးဒ်၏ အချို့သော အကျိုးထူးဝိသေသများ

စူရာဟ်တော် (၅) ပုဒ်ကို ဟဒီးစ်တော်၌ 'မုစဗ်ဗေဟားသ်' ဟူ၍ သုံးနှုန်းမိန့်ဆိုထားပေသည်။ အကြင်စူရာဟ်တော်၏ အစ၌ سَبَّحَ (သို့မဟုတ်) يُسَبِّحُ တို့သည် လာရှိထားပေသည်။ ထိုစူရာဟ် တော်များထဲမှ ပထမစူရာဟ်တော်သည် ဤစူရာဟ် 'ဟဒီးဒ်'ပင် ဖြစ်သည်။ ဒုတိယစူရာဟ် 'ဟရှရ်'၊ တတိယစူရာဟ် 'စွာဖ်'၊ စတုတ္ထစူရာဟ် 'ဂျုမုအာဟ်' နှင့် ပဉ္စမစူရာဟ် 'သဂါဗုးန်'တို့ ဖြစ်ပေသည်။ အဗူဒါဝူးဒ်၊ သိရ်မေဇီနှင့် နစာအီကျမ်း၌ ဟဇရသ်အိရ်ဗားသ်ဗင်န်စာရိယားသခင်ကြီးထံမှ 'တမန် တော်မြတ် ﷺ သည် ည၌မအိပ်စက်မီအလျှင် ဤစူရာဟ်တော်များကို ဖတ်ရွတ်လေ့ ရှိကြောင်း'ကို ဆင့်ပြန် ထားပေသည်။ ထို့နောက် တမန်တော်မြတ် ﷺ သည် 'ထိုစူရာဟ်တော်အတွင်း အာယသ်တော်တစ်အာယသ် သည် အခြားသော အာယသ်တော်များ (၁၀၀၀) ထက် သာပိုမြင့်မြတ်ပေသည်'ဟူ၍လည်း မိန့်တော်မူ ထားပေသည်။ အိဗ်နေကစီးရ်သခင်ကြီးသည် ယင်းဆင့်ပြန်ချက်ကို ဆင့်ပြန်ပြီးနောက် စူရာဟ်ဟဒီးဒ်ကို အမွန်မြတ်ဆုံးသော အာယသ်တော်မှာ

هُوَالاَوَّلُ وَ الْاٰخِرُ وَ الظَّاهِرُوَالْبَاطِنُ وَهُوَبِكُلِّ شَيْءٍ عَلِيْمٌ

ဟူသော အာယသ်တော်မြတ် ဖြစ်ပေသည်။ ထိုစူရာဟ်တော် (၅) ပုဒ်အတွင်းထဲမှ စူရာဟ် 'ဟဒီးဒ်'၊ စူရာဟ် 'ဟရှရ်'နှင့် စူရာဟ် 'စွာဖ်'တို့၌မူ سَبَّحَ ဟူ၍ အတိတ်ကာလဖြင့် လာရှိကာ နောက်ဆုံး စူရာဟ် နှစ်ပုဒ်ဖြစ်သော စူရာဟ် 'ဂျုမုအာဟ်' နှင့် စူရာဟ်'သဂါဗုးန်'၌ يُسَبِّحُ လက်ရှိကာလနှင့် လာရှိထားပေ သည်။ ယင်းသို့ မြွက်ကြားထားခြင်းသည် 'အလ္လာဟ်အသျှင်မြတ်အား ချီးမွမ်းထောပနာပြု တသရန်သည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူ၍ အချိန်တိုင်း၌ ပြုသင့်ပေသည်' ဟူသော အချက်၏ဘက်သို့ ရည်ညွှန်း ဖော်ထုတ်ထားဟန်တူပေသည်။ *[မဇ္ဇဟရီ]*

ရှိုက်သွာန်၏ မကောင်းသော အကြံအစည်အား ထည့်သွင်းခြင်းဆိုင်ရာ အား ကုသချက်

ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးက အမိန့်ရှိသည်မှာ အကယ်၍ တစ်ခါတစ်ရံ အသင်တို့၏ စိတ်နှလုံးသားအတွင်း၌ အလ္လာဟ်အသျှင်မြတ်နှင့် သာသနာရေးဆိုင်ရာ အမှုကိစ္စတို့၌ ရှိုက်သွာန်သည်

မကောင်းသော အကြံအစည်တစ်ရပ်ရပ်ကို ထည့်လိုက်ပါမူ (၅၇း၃) ဟူသော အာယသ်တော်ကို တိုးညှင်းစွာဖြင့် ရွတ်ဆိုကြကုန်။ *[အိဗ်နေကဆီးရ်]*

ဤအာယသ်တော်မြတ်အား အကျယ်ချဲ့ဖွင့်ဆိုခြင်း၊ 'အလ်အောင်ဝလု'၊ 'အလ်အားခိရု'၊ 'အဇ္ဇဖွား ဟိရု' နှင့် 'အလ်ဗားသွိနု' တို့၏ အနက်အဓိပ္ပာယ်အတွင်း၌ အဖွင့်ရှင်များ၏ အဆိုသည် (၁၀) မျိုးထက် ပိုကာ ဆင့်ပြန်ချက် လာရှိထားပေသည်။ အကြင်အဆိုများအတွင်း ဆန့်ကျင်ဘက် တစ်စုံတစ်ရာမျှ မရှိပေ။ အားလုံးသည် ဖြစ်တန်ကောင်းရာသော အချက်များ ဖြစ်ပေသည်။ 'အောင်ဝ်ဝလ်' ဟူသော စကားလုံး၏ အဓိပ္ပာယ်ကို အနီးစပ်ဆုံးအရ သတ်မှတ်အတည်ပြုထားပြီးဖြစ်သည်။ ဆိုလိုသည်မှာ တည်ရှိမှုကို ထောက်ရှု၍ တည်ရှိဖြစ်ပေါ်နေသည့် အရာများနှင့် စကြဝဠာများအားလုံးထက် ဦးစွာ တည်ရှိနေသော အသျှင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တည်ရှိဖြစ်ပေါ်နေသော အရာများအားလုံးသည် ထိုအသျှင်မြတ် ဖန်ဆင်းပေးသနားထားတော်မူသော အရာများ ဖြစ်ပေသည်။ ဤအတွက်ကြောင့် ထိုအသျှင်မြတ်သည် ကနဦးဆုံးသော အသျှင်မြတ် ဖြစ်ပေသည်။ 'အလ်အားခိရု'၏ အဓိပ္ပာယ်ကို အချို့သော ပညာရှင်များသည် 'တည်ရှိသမျှသော အရာများအားလုံး ပျက်ပြုန်းပြီးနောက် တည်ရှိနေတော်မူမည့် အသျှင်ဖြစ်ကြောင်း' ဟူ၍ သတ်မှတ် မိန့်ဆိုထားကြပေသည်။ ပမာဆိုရသော်

كُلُّ شَيْءٍ هَالِكٌ اِلَّا وَجْهَهُ

(ထိုအသျှင်မြတ်မှတစ်ပါး အခြားအရာခပ်သိမ်းတို့သည် ပျက်စီးဆုံးပါးမည်ဖြစ်သော အရာချည်းသာ ဖြစ်ကုန်၏။) *[၂၈ : ၈၈]*

ဟူသော အာယသ်တော်အတွင်း၌ ယင်းအချက်အား ရှင်းလင်းစွာ မိန့်တော်မူထားပေသည်။ ပျက်သုဉ်းခြင်း၏ အလိုသဘောသည် 'ပျက်သုဉ်းပျက်စီးသွားမည့် ကိန်း ဆိုက်ရောက်လာသည်ဖြစ်စေ၊ ပမာဆိုရသော် 'ကေယာမသ်' နေ့၌ အဖန်ဆင်းခံများအားလုံးသည် ပျက်စီးပျက်သုဉ်းသွားကြမည် ဖြစ်သည်။ သို့မဟုတ် ပျက်သုဉ်းမှု မရောက်ရှိသေးဘဲ ပျက်စီးပျက်သုဉ်းခြင်း ဖြစ်နိုင်သည်ဖြစ်စေ' ဟူ၍ ကျယ်ဝန်းကျယ်ပြန့်လှပေသည်။ ထုအရာများသည် မိမိတို့၏ ဇာတိတော်များနှင့် စပ်လျဉ်း၍ ပပျောက်မတည်ရှိရန် စိုးရိမ်ဖွယ် အချက်မှ ကင်းလွတ်၍ မနေဘဲ ထိုအရာများ စတင်ဖြစ်ပေါ်တည်ရှိချိန်၌လည်း ပျက်သုဉ်းမည့်အရာဟူ၍ ခေါ်ဆိုနိုင်ပေသည်။ ယင်းအချက်၏ ပုံဆောင်ခိုင်းနှိုင်းချက်သည် 'ဂျန္နသ်'၊ 'ဂျဟန္နမ်' နှင့် ၎င်းတို့နှစ်ခု အတွင်းဝယ် ထည့်သွင်းခြင်း ခံရမည်ဖြစ်သော လူကောင်း၊ လူဆိုးတို့ ဖြစ်ပေသည်။ အကြောင်းမှာ ထိုသူတို့၏ တည်ရှိမှုသည် ပျက်သုဉ်းသွားမည် မဟုတ်ပေ။ သို့ရာတွင် အမှန်တကယ် မပျက်သုဉ်းနေမည့် ကြားကပင် ပျက်စီးသွားနိုင်ခြင်းဟူသော အချက်မှ ကင်းလွတ်၍ မနေပေ။ အလ္လာဟ်အသျှင်မြတ်၏ ဇာတိတော်သည် သာလျှင် မည်သည့်ရှုထောင့်တစ်ရပ်နှင့် အလိုသဘောပုံစံမျိုးမဆို ကနဦး အတိတ်ကာလ၌လည်း မည်သည့် အခါမျှ မတည်ရှိခြင်းသည် မဖြစ်နိုင်သလို နောက်နောင် မည်သည့်အခါမျှ ပျက်သုဉ်းရန်သည် မဖြစ်နိုင်ပေ။ ဤအတွက်ကြောင့် ထိုအသျှင်မြတ်ကို အားလုံးထက် နောက်ဆုံး တည်ရှိနေမည့် 'အလ်အာခိရု' ဟု ခေါ်ဆိုနိုင်ခြင်း ဖြစ်သည်။

အေမာမ်ဂဇာလီသခင်ကြီးက အမိန့်ရှိသည်မှာ အလ္လာဟ်အသျှင်မြတ်ကို 'အာခိရ်'ဟူ၍ ပရမတ္တအတွင်းလမ်းစဉ်ကို ထောက်ရှု၍ ခေါ်ဆိုခြင်းဖြစ်သည်။ အကြောင်းမှာ နောက်ဆုံးအတွင်းလမ်းစဉ်အရ သိရှိခြင်းသည် ထိုအသျှင်မြတ်ကိုသာလျှင် ဖြစ်ပေသည်။ လူသားသည် 'အိလ်မ်' (အသိပညာ) နှင့် 'မအ်ရေဖသ်' (အတွင်းလမ်းစဉ်အရ သိရှိခြင်း) အတွင်း၌ တိုးတက်မှုဖြစ်ရှိ၍ နေပေသည်။ သို့ရာတွင် ၎င်းအဖို့ ရရှိသော အဆင့်အတန်းများအားလုံးသည် လမ်းခရီး၏ အမျိုးမျိုးသော စခန်းများဖြစ်ပေသည်။ ၎င်း၏ အဆုံးအတိုင်းအတာသည် အလ္လာဟ်အသျှင်မြတ်အား အတွင်းလမ်းစဉ်အရ သိရှိခြင်းပင် ဖြစ်သည်။

[ရုဟုလ်မအာနီကျမ်းမှ ကောက်နုတ်ချက်]

'ဇွာဟိရ်'ဟူသော စကားလုံး၏ အလိုသဘောမှာ 'မိမိ၏ ထင်ဟပ်ပေါ်ပေါက် တည်ရှိမှုအတွင်းဝယ် အရာအားလုံးထက် သာပို မွန်မြတ်၊ မြင့်မြတ်စွာ တည်ရှိနေသော' ဇာတိတော်ဖြစ်ပေသည်။ ပေါ်ပေါက်ထင်ဟပ်ခြင်းသည် တည်ရှိခြင်း၏ အကိုင်းအခက်တစ်ရပ် ဖြစ်ပေရာ အလ္လာဟ်အသျှင်မြတ်၏ တည်ရှိမှုသည်လည်း တည်ရှိဖြစ်ပေါ်နေသော အရာများအားလုံးထက်ဝယ် သာပိုမွန်မြတ် ထူးကဲတည်ရှိဖြစ်ပေါ်နေသော အရာများအားလုံးထက်ဝယ် သာပို မွန်မြတ်ထူးကဲကာ တည်ရှိနေပေသည်။ ထိုအသျှင်မြတ်၏ ထင်ဟပ်တည်ရှိလာမှုသည်လည်း အားလုံးသော အရာများအပေါ် သာပို မြင့်မြတ်နေပေသည်။ အကြောင်းမှာ ထိုအသျှင်မြတ်၏ အမြော်အမြင်တော်နှင့် တန်ခိုးတော်၏ ပြယုဂ်လက်ရာတော်များသည် ကမ္ဘာလောက၏ မြူမှုန့်၊ ဖုန်မှုန့်တိုင်းအတွင်း၌မှာဝယ်ပင် ထင်ဟပ်တည်ရှိနေသည့် အကြောင်းတို့ကြောင့် ထိုအသျှင်မြတ်ထက် သာပို၍ ဤကမ္ဘာလောကကြီး၌ မည်သည့်အရာတစ်ခုမျှ (ဇွာဟိရ်) ပေါ်လွင်ထင်ရှားနေသည်ဟူ၍ မရှိပေ။

'ဗာသွင်း'ဟူသည် မိမိ၏ ဇာတိတော်၏ အခြေခံဇစ်မြစ်အချက်ကို ထောက်ရှု၍ ခေါ်ဆိုခြင်းဖြစ်ပေသည်။ အဘယ်ကြောင့်ဟူမူ ထိုအသျှင်မြတ်၏ အခြေခံဇစ်မြစ်အချက်ထိတိုင် မည်သူတစ်ဦးတစ်ယောက်ဦးနှောက်အသိဉာဏ်နှင့် တွေးခေါ်မှုသည် မရောက်ရှိနိုင်ပေ။

وَهُوَ مَعَكُمْ اَيْنَمَا كُنْتُمْ

(၎င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့ သိရှိကြသော မည်သည့်နေရာ၌မဆို အသင်တို့နှင့်အတူ ရှိနေတော်မူ၏။) *[၅၇ : ၄]*

ထိုသို့ အတူတကွ တည်ရှိတော်မူခြင်း၏ အခြေခံဇစ်မြစ်အချက်နှင့် ပုံပန်းသဏ္ဍာန်သည် မည်သည့် အဖန်ဆင်းခံ တစ်ဦးတစ်ယောက်၏ သိမြင်မှု၏ ဘောင်အတွင်းသို့ မရောက်ရှိနိုင်ပေ။ သို့ရာတွင် ထိုအသျှင်မြတ်၏ တည်ရှိမှုသည် မုချ ဖြစ်ပေသည်။ ထိုအသျှင်မြတ်၏ တည်ရှိမှုမရှိဘဲ လူသားတို့၏ တည်တံ့ရပ်တည်မှုသည်လည်း မရှိနိုင်သလို ၎င်းတို့ထံမှ မည်သည့်အလုပ်တစ်စုံတစ်ရာမျှလည်း ပေါ်ပေါက်လာနိုင်မည် မဟုတ်ပေ။ ထိုအသျှင်မြတ်၏ အလိုသဘောဆန္ဒတော်နှင့် တန်ခိုးတော်ကြောင့်သာလျှင် အရာအားလုံး သည် ဖြစ်ပေါ်တည်ရှိနေပေသည်။ အကြင်အသျှင်မြတ်သည် အခြေအနေတိုင်းနှင့် နေရာတိုင်းတို့၌ လူသားတိုင်းတို့နှင့်အတူ တည်ရှိနေပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

آمِنُوا بِاللَّهِ وَرَسُولِهِ وَأَنفِقُوا مِمَّا جَعَلَكُم مُّسْتَخْلَفِينَ
فِيهِ ۖ فَالَّذِينَ آمَنُوا مِنكُمْ وَأَنفَقُوا لَهُمْ أَجْرٌ كَبِيرٌ ⑦

၅၇ : ၇ ။ ။ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အား လည်းကောင်း၊ သက်ဝင်ယုံကြည်ကြလေကုန်။ ထို့ပြင် အသင်တို့ သည် အကြင်ဥစ္စာပစ္စည်းများအနက်မှ သုံးစွဲလှူဒါန်းကြလေကုန်။ ထိုအသျှင်မြတ်သည် အသင်တို့အား ယင်းဥစ္စာပစ္စည်းများ နှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်များအဖြစ် ခန့်အပ်တော်မူခဲ့၏။ စင်စစ် အသင်တို့အနက်မှ အကြင်သူတို့သည် အီမာန်သက်ဝင် ယုံကြည်ခဲ့ကြကုန်၏။ ၄င်းပြင် ထိုသူတို့သည် သုံးစွဲလှူဒါန်းခဲ့ကြကုန်၏။ ထိုသူတို့အဖို့ ကြီးလေးလှစွာသော အကျိုးသည် ရှိပေမည်။

وَمَا لَكُمْ لَا تُؤْمِنُونَ بِاللَّهِ ۙ وَالرَّسُولُ يَدْعُوكُمْ
لِتُؤْمِنُوا بِرَبِّكُمْ وَقَدْ أَخَذَ مِيثَاقَكُمْ إِن كُنتُم مُّؤْمِنِينَ ⑧

၅၇ : ၈ ။ ။ စင်စစ် အသင်တို့ သက်ဝင်ယုံကြည်ခြင်း မရှိကြသည်မှာ အသင်တို့၌ မည်သည့်အကြောင်း ရှိပေသနည်း။ အမှန်စင်စစ် အသင်တို့သည် မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား သက်ဝင်ယုံကြည်ကြရန် ရစူလ်တမန် တော် မြတ်သည် အသင်တို့အား ဖိတ်ခေါ်လျက်ရှိပေသည်။ ၄င်းပြင် ဧကန်မလွဲ ထိုအသျှင်မြတ်ကိုယ်တော်တိုင်ပင် အသင်တို့ ထံမှ ပဋိညာဉ် ကတိခံဝန်ချက်ကို ယူထားတော်မူပြီးဖြစ်ပေသည်။ အကယ်၍ အသင်တို့သည် သက်ဝင်ယုံကြည်ကြမည့် သူများ၊ ဖြစ်ကြပါလျှင်။

الظُّلُمَاتِ إِلَى النُّورِ ۚ وَإِنَّ اللَّهَ بِكُمْ لَرَءُوفٌ رَّحِيمٌ ⑨

၅၇ : ၉ ။ ။ ထိုအသျှင်မြတ်သည် အကြင်အသျှင်မြတ်ပင် (ဖြစ်၏။) ထိုအသျှင်မြတ်သည် အသင်တို့အား အမှောင်ထုမှ အလင်းသို့ ထုတ်ဆောင်တော်မူရန်အလို့ငှာ၊ မိမိကျွန် (တမန်တော်မြတ်မိုဟမ္မဒ်) ၏အပေါ်၌ ထင်ရှားစွာသော အာယသ်တော် များကို ချပေးသနားတော်မူ၏။ စင်စစ် ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အပေါ်ဝယ် အလွန်တရာ နူးညံ့သိမ်မွေ့ တော်မူသော၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

وَمَا لَكُمْ أَلَّا تُنفِقُوا فِي سَبِيلِ اللَّهِ وَلِلَّهِ مِيرَاثُ السَّمَاوَاتِ وَ
الْأَرْضِ ۚ لَا يَسْتَوِي مِنكُم مَّنْ أَنفَقَ مِن قَبْلِ الْفَتْحِ وَقَاتَلَ ۚ
أُولَٰئِكَ أَعْظَمُ دَرَجَةً مِّنَ الَّذِينَ أَنفَقُوا مِن بَعْدُ وَقَاتَلُوا ۚ
وَكُلًّا وَعَدَ اللَّهُ الْحُسْنَىٰ ۚ وَاللَّهُ بِمَا تَعْمَلُونَ خَبِيرٌ ⑩

၅၇ : ၁၀ ။ ။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ သုံးစွဲလှူဒါန်းခြင်း မပြုကြရန် အသင်တို့၌ မည်သည့်အကြောင်း ရှိချေသနည်း။ စင်စစ် မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိကြကုန်သော ဥစ္စာပစ္စည်း အလုံးစုံတို့သည်

အလ္လာဟ်အသျှင်မြတ်နှင့်သာ သက်ဆိုင်ပေသည်။ အသင်တို့အနက် (မက္ကာဟ်မြို့တော်ကို) မအောင်မြင်မီ သုံးစွဲလှူဒါန်းခဲ့ကြသော၊ ပြိုင်ဆိုင်တိုက်ခိုက်ခဲ့ကြသော သူတို့သည် (မက္ကာဟ်မြို့တော်ကို အောင်မြင်ပြီးနောက်တွင် သုံးစွဲလှူဒါန်းခြင်း၊ ပြိုင်ဆိုင်တိုက်ခိုက်ခြင်း ပြုခဲ့ကြသော သူတို့နှင့်) တူကြသည်မဟုတ်ပေ။ ထို (မအောင်မြင်မီ လှူဒါန်းတိုက်ခိုက်ခဲ့ကြသော) သူတို့သည် နောက်ပိုင်းတွင် သုံးစွဲလှူဒါန်းခြင်း၊ ပြိုင်ဆိုင်တိုက်ခိုက်ခြင်း ပြုခဲ့ကြသော သူတို့ထက် ဂုဏ်ရည်အဆင့်အတန်းအားဖြင့် ထူးကဲမြင့်မြတ်ကြကုန်၏။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အားလုံးကိုပင် ကောင်းကျိုးပေးတော်မူရန် ကတိပေးတော်မူခဲ့၏။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ ကျင့်မူသမျှတို့ကို စုံလင်စွာ သိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

مَنْ ذَا الَّذِىْ يُقْرِضُ اللّٰهَ قَرْضًا حَسَنًا فَيُضٰعِفَهٗ لَهٗ وَلَهٗۤ اَجْرٌ كَرِيْمٌ ⑪

၅၇ : ၁၁ ။ ။ အလ္လာဟ်အသျှင်မြတ်အား ကောင်းမြတ်သော (စေတနာနှင့်) ကြွေးမြီချေးငှားမည့်သူ မည်သူရှိသနည်း။ ထိုသို့ ချေးငှားခဲ့သည်ရှိသော်၊ ထိုအသျှင်မြတ်သည် ယင်းကြွေးမြီကို ထိုသူ၏အဖို့ ဆထက်ထမ်းပိုး တိုးပွားစေတော်မူသည့်အပြင် ထိုသူ၏ အဖို့ မြင့်မြတ်လှစွာသော အကျိုးသည်လည်း ရှိချေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အားလည်းလည်းကောင်း သက်ဝင်ယုံကြည်ကြလေကုန်။ ထို့ပြင် အသင်တို့သည် (ဤသို့ အီမာန်သက်ဝင်ယုံကြည်ပြီးနောက်) အကြင်ဥစ္စာပစ္စည်းများအနက်မှ (ထိုအသျှင်မြတ်၏ လမ်းတော်တွင် လှူဒါန်းသုံးစွဲကြလေကုန်။ ထိုအသျှင်မြတ်သည် အသင်တို့အား ယင်းဥစ္စာပစ္စည်းများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်များအဖြစ် ခန့်အပ်တော်မူခဲ့၏။ (ထိုသို့ ကိုယ်စားလှယ်ခြင်းဟူသော ခေါင်းစဉ်ကို ရွေးချယ်မိန့်မြွက်ရာ၌ 'ဤဥစ္စာပစ္စည်းသည် အသင့်အလျင် အခြားတစ်ဦး၏ လက်ဝယ်အတွင်း တည်ရှိခဲ့၍ အသင့်နောက် အခြားတစ်ယောက်ထံသို့ ရောက်ရှိသွားမည်ဖြစ်ခြင်း၊ သို့ရှိရာ ဤဥစ္စာပစ္စည်းသည် ထာဝစဉ် တည်ရှိနေမည့်အရာ မဟုတ်ရာ ထိုပစ္စည်းဥစ္စာကို 'အရေးကြီးလိုအပ်သော ကိစ္စရပ်များ၌ မသုံးစွဲခြင်းပြုက' စုဆောင်း၍ထားခြင်းသည် အသိဉာဏ်ကင်းမဲ့သော အချက်မှအပ အခြားမည်သည့်အချက် ဖြစ်ပေသနည်း'ဟူသော အချက်များ၏ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားဟန် တူပေသည်။) စင်စစ် (ထိုပညတ်ချက်နှင့်အညီ) အသင်တို့အနက်မှ အကြင်သူတို့သည် အီမာန်သက်ဝင် ယုံကြည်ခဲ့ကြကုန်၏။ ၎င်းပြင် (အီမာန်ကို သက်ဝင်ယုံကြည့်ကာ အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌) လှူဒါန်းသုံးစွဲခဲ့ကြကုန်၏။ ထိုသူတို့အဖို့ ကြီးလေးလှစွာသော အကျိုးသည် ရှိပေမည်။

စင်စစ် (အီမာန်မယုံကြည်သော သူတို့အား ငါအသျှင်မြတ် မေးမြန်းတော်မူလိုသည်မှာ) အသင်တို့ သက်ဝင်ယုံကြည်ကြခြင်း မရှိသည်မှာ အသင်တို့၌ မည်သည့်အကြောင်း ရှိပေသနည်း။ (ထိုမေးမြန်းချက်အတွင်း၌ ရစူလ်တမန်တော်များအပေါ် အီမာန်ယုံကြည်ခြင်းလည်း ပါဝင်သွားပေသည်။) အမှန်စင်စစ်

(အီမာန်ရယူရန် ခိုင်မာသော တိုက်တွန်းကြွေးကြော်ချက်များ ရှိနေပေသည်။ ထိုအချက်များမှာ) အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်အား (ထိုအသျှင်မြတ် ညွှန်ကြားထားတော်မူသော နည်းလမ်းနှင့် ကိုက်ညီစွာ) သက်ဝင်ယုံကြည်ကြရန် (အကြင်သူ ရစူလ်တမန်တော်ဖြစ်ကြောင်း အထောက်အထားများဖြင့် အတည်ပြုထားပေသည်။) ရစူလ်တမန်တော်မြတ်သည် အသင်တို့အား ဖိတ်ခေါ်လျက်ရှိပေသည်။ (ဖိတ်ခေါ်ချက်တစ်ရပ်သည်မူ ဤသို့ ဖြစ်ပေသည်။) ၎င်းအပြင် (ဒုတိယဖိတ်ခေါ်ချက်တစ်ရပ်မှာ) ဧကန်မလွဲ ထိုအသျှင်မြတ်ကိုယ်တော်တိုင်ပင် အသင်တို့ထံမှ (အီမာန်ရယူရန် ပဋိညာဉ်ကို اَلَسۡتُ بِرَبِّكُمۡ (၇း၁၇၂) ယူထားတော်မူပြီး ဖြစ်ပေသည်။ (အကြင်ပဋိညာဉ်၏ အချုပ်သဘောတရားအရ ရုံးရှုမှုသည် အသင်တို့၏ ဗီဇအတွင်း၌ တည်ရှိနေပေသည်။ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်သည် 'မုအ်ဂျေဇာဟ်' တန်ခိုးတော်များနှင့် အထောက်အထားများကို ယူဆောင်ကာ ကြွမြန်းလာတော်မူပေသည်။ ၎င်းသည်လည်း ယင်းအချက်များကို ယူဆောင်ကာ ကြွမြန်းလာတော်မူပေသည်။ ၎င်းသည်လည်း ယင်းအချက်များကို ပြန်လည်၍ သတိပေးတော်မူလျက် ရှိနေပေသည်။ သို့ဖြစ်ပေရာ) အကယ်၍ အသင်တို့သည် သက်ပင်ယုံကြည်သူများ ဖြစ်ကြပါလျှင် (သို့ရှိရာ ဤသို့ ဖိတ်ခေါ်မှုများသည် လုံလောက်ပေသည်။ သို့တည်း မဟုတ်ပါက တစ်ဖန် အီမာန်ရယူရန် မည်သို့ ဖိတ်ခေါ်မှုမျိုးများကို စောင့်ဆိုင်းနေပေသနည်း။ ပမာဆိုရသော် အလ္လာဟ်အသျှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌

فَبِاَيِّ حَدِيۡثٍ بَعۡدَ اللّٰهِ وَ اٰيَاتِهٖ يُؤۡمِنُوۡنَ

(သို့ဖြစ်ပေရာ ၎င်းတို့သည် ထိုအသျှင်မြတ်၏ အာယသ်တော်များကို စွန့်၍ မည်သည့်စကားကို ယုံကြည်ကြပေသနည်း။) [၄၅ : ၆]

ဟူ၍ မိန့်တော်မူထားပေသည်။ (ရှေ့၌ တစ်ဖန် (၅၇း၈) နှင့် စပ်လျဉ်း၍ စာစဉ်အကြောင်းကို ထပ်မံ ရှင်းလင်းတင်ပြထားပြန်ပေသည်။

ထိုအသျှင်မြတ်သည် (ဤသို့ သနားကြင်နာတော်မူသော) အကြင်အသျှင်မြတ်ပင် (ဖြစ်၏။) ထိုအသျှင်မြတ်သည် အသင်တို့အား (သွေဖည်ငြင်းဆိုခြင်းနှင့် မသိမိုက်မဲခြင်းတို့) ၏ အမှောင်ထုမှ (အီမာန်နှင့် အတွင်းပိုင်းဆိုင်ရာ နက်နဲသော အိလ်မ်အသိပညာ) ၏ အလင်းသို့ ထုတ်ဆောင်တော်မူရန်အလို့ငှာ (ပမာဆိုရသော် အလ္လာဟ်အသျှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ ဤသို့ မိန့်တော်မူထားပေသည်။

لِتُخۡرِجَ النَّاسَ مِنَ الظُّلُمٰتِ اِلَى النُّوۡرِ بِاِذۡنِ رَبِّهِمۡ

(အသင်သည် လူသားတို့အားလုံးကို ၎င်းတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ အမိန့်တော်နှင့် အမိုက်မှောင်ထုမှ အလင်းသို့ ထုတ်ဆောင်ရန်အလို့ငှာ။) [၁၄ : ၁]

မိမိကျွန် (သီးသန့် တမန်တော်မြတ် ﷺ ၏ အပေါ်၌ (လှပကောင်းမွန်သော အပိုဒ်များနှင့် သီးသန့်အံ့ဖွယ်ကောင်းသော အချက်တို့ကြောင့် အဓိကအချက်ကို ရှင်းလင်းစွာ ညွှန်ကြားပြသသော) ထင်ရှားစွာသည့်

အာယသ်တော်များကို ချပေးသနားတော်မူ၏။ စင်စစ် ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အပေါ်ဝယ် အလွန်တရာ နူးညံ့သိမ်မွေ့တော်မူသော၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ်ဖြစ်တော်မူ၏။ (အကြောင်းမှာ ထိုအသျှင်မြတ်သည် ဤသို့သော အမှောင်ထုများကို ဖြိုခွင်းမည့်သူကို အသင်တို့ရှိရာဆီသို့ စေလွှတ်ပေးတော်မူလိုက်ပေသည်။)

ထို့ပြင် (ယင်းစာစဉ်အကြောင်းအရာ၌မူ အီမာန်ရယူရန်အပေါ် မေးမြန်းထားခြင်း ဖြစ်ပေသည်။ ယခု အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ မပေးကမ်းခြင်းအပေါ် ငါအသျှင်မြတ် မေးမြန်းလိုသော အချက်မှာ) အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ လှူဒါန်းသုံးစွဲခြင်း မပြုကြရန် အသင်တို့၌ မည်သည့်အကြောင်း ရှိချေသနည်း။ စင်စစ် (ထိုအချက်နှင့် စပ်လျဉ်း၍ ခိုင်မာသော ဖိတ်ခေါ်ချက်တစ်ရပ်ရှိသည်မှာ) မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိကြကုန်သော ဥစ္စာပစ္စည်းအလုံးစုံတို့သည် အလ္လာဟ်အသျှင်မြတ်နှင့်သာ သက်ဆိုင်ပေသည်။ (အားလုံးသော ပိုင်ရှင်များ ကွယ်လွန်သေဆုံးမည်ဖြစ်၍ ထိုအသျှင်မြတ်သည်သာလျှင် ကျန်ရှိနေပေမည်။ သို့ရှိရာ အားလုံးသော ပစ္စည်းဥစ္စာများကို တစ်နေ့ စွန့်လွှတ်ရန် ရှိပေရာ အကျိုးစဝါးဗ် ရရှိစေရန် ပျော်ရွှင်စွာဖြင့် အလှူကိုသဲလှိုက် အဘယ်ကြောင့် မပေးကမ်းကြပေသနည်း။ မိုးကောင်းကင်များအကြောင်းကို တင်ပြခြင်းသည် ထိုအရာများအား ပိုင်ဆိုင်သည့်သူတစ်ဦးမျှ မရှိနေသည့်ကြားကပင် တင်ပြထားခြင်းမှာ 'ပမာဆိုရသော် မိုးကောင်းကင်များသည် ဖက်စပ်ပိုင်ဆိုင်မှုမရှိဘဲ ထိုအသျှင်မြတ်၏ ပိုင်ဆိုင်မှုအတွင်း၌သာ ရှိကြောင်း၊ ဤကဲ့သို့ပင် မြေပထဝီသည်လည်း စင်စစ် သဘောကိုထောက်ရှု၍ ယခုအချိန်၌လည်း ထိုအသျှင်မြတ်၏ ပိုင်ဆိုင်မှုအတွင်း၌သာ ရှိကြောင်းဖြစ်ခြင်း၊ နောက်ဆုံးထင်ရှားစွာသော ပုံသဏ္ဍာန်မျိုးဖြင့်လည်း ထိုအသျှင်မြတ်၏ ပိုင်ဆိုင်မှုအတွင်း၌သာ ရှိခြင်းဖြစ်ကြောင်း' ဟူသော ပဟေဠိဆန်သော အချက်များ၏ ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားဟန် တူပေသည်။ ဤစာစဉ်အကြောင်းအရာသည် 'ကိုယ်စားလှယ်ခန့်အပ်ခြင်း' ကို ရှင်းလင်းပေးခြင်း၏ အသွင်မျိုးကို ဆောင်နေပေသည်။

ရှေ့၌ လှူဒါန်းသုံးစွဲသော သူတို့၏ အဆင့်အတန်းများ ကွာခြားခြင်းအကြောင်းကို တင်ပြထားပေသည်။ လှူဒါန်းရန် အမိန့်ပေးထားသည့်အတွက်ကြောင့် အီမာန်ရယူကာ လှူဒါန်းမှုပြုသူတိုင်းအဖို့ မုချအကျိုးစဝါးဗ် ရရှိနေလင့်ကစား သို့တစေလည်း အဆင့်အတန်းများ ကွာခြားမှု ရှိပေသည်။) အသင်တို့အနက် (မက္ကာဟ်မြို့တော်ကို) မအောင်မြင်မီ (အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌) လှူဒါန်းသုံးစွဲခဲ့ကြသော (အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌) ပြိုင်ဆိုင်တိုက်ခိုက်ခဲ့ကြသော သူတို့သည် (မက္ကာဟ်မြို့တော်ကို အောင်မြင်ပြီးနောက်တွင် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ လှူဒါန်းသုံးစွဲခြင်းနှင့် ပြိုင်ဆိုင်တိုက်ခိုက်ခြင်း ပြုခဲ့ကြသော သူတို့နှင့်) တူကြသည်မဟုတ်ပေ။ (သို့သာမက) ထို (မအောင်မြင်မီ လှူဒါန်းတိုက်ခိုက်ခဲ့ကြသော) သူတို့သည် နောက်ပိုင်းတွင် လှူဒါန်းသုံးစွဲခြင်း ပြိုင်ဆိုင်တိုက်ခိုက်ခဲ့ကြသော သူတို့ထက် ဂုဏ်ရည်အဆင့်အတန်းဖြင့် ထူးကဲမြင့်မြတ်ကြကုန်၏။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အားလုံးကို (စဝါးဗ်) ကောင်းကျိုးပေးတော်မူရန် ကတိပေးတော်မူခဲ့၏။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့ကျင့်မူသမျှတို့ကို စုံလင်စွာ သိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ (ထို့ကြောင့် အကျိုးစဝါးဗ်ကို

နှစ်ချိန်စလုံး၏ ကျင့်မှုချက်ကို ကြည့်၍ ပေးသနားတော်မူပေလိမ့်မည်။ ဤအတွက်ကြောင့် မက္ကာဟ်မြို့ကို မအောင်မီအလျင် မလှူဒါန်းလိုက်ရသော သူတို့အဖို့လည်း ငါအသျှင်မြတ်သည် တိုက်တွန်းလိုတော်မူသည်မှာ) အလ္လာဟ်အသျှင်မြတ်အား ကောင်းမြတ်သော (စိတ်စေတနာဖြူစင်စွာနှင့်) ကြွေးမြီချေးငှားမည့်သူမည်သူ ရှိပေသနည်း။ ထိုသို့ ချေးငှားခဲ့သည်ရှိသော် ထိုအသျှင်မြတ်သည် ယင်းကြွေးမြီကို ထိုသူ (၏ ပေးကမ်းခြင်းခံရသော အကျိုးစဝါးဗ်) အဖို့ ဆထက်ထမ်းပိုး တိုးပွားစေတော်မူမည့်အပြင် ထိုသူအဖို့ မြင့်မြတ်လှစွာသော အကျိုးသည်လည်း ရှိချေမည်။ ('မုသွာအဖ်'ဟူသော စကားဖြင့် ဆထက်ထမ်းပိုး ချီးမြှင့်မည်ဖြစ်ကြောင်းကို တင်ပြ၍ 'ကရီးမ်'ဟူသော စကားလုံးမှ ထိုအကျိုးစဝါးဗ် အခြေအနေ ပုံပန်းသဏ္ဌာန် ကောင်းမွန်ခြင်းဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားပေသည်။)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

وَقَدْ اَخَذَ مِيْثَاقَكُمْ

(၎င်းပြင် ဧကန်မလွဲ ထိုအသျှင်မြတ်ကိုယ်တော်တိုင်ပင် အသင်တို့ထံမှ ကတိဝန်ခံချက်ကို ယူတော်မူထားပြီး ဖြစ်ပေသည်။) [၅၇ : ၈]

ထိုပဋိညာဉ်တော်၏ အလိုသဘောသည် ရှေးပဝေသဏီ အတိတ်ခေတ်ကာလက ရယူခဲ့သော ပဋိညာဉ်လည်း ဖြစ်နိုင်ပေသည်။ အကြင်အခါဝယ် အလ္လာဟ်အသျှင်မြတ်သည် အဖန်ဆင်းခံများအား မဖန်ဆင်းမီအလျင် ဖြစ်ပေါ်တည်ရှိလာမည်ဖြစ်သော ဝိညာဉ်များအားလုံးကို စုရုံးတော်မူ၍ ၎င်းတို့အား မွေးမြူဖန်ဆင်းတော်မူခြင်း ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် စကြဝဠာအပေါင်းအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်ဖြစ်ကြောင်း ပဋိညာဉ်ခံဝန်ကတိကို ရယူတော်မူခဲ့သည်။ အကြင်အချက်၏ အကြောင်း ကုရ်အာန်ကျမ်းတော်မြတ်အတွင်း

اَلَسْتُ رَبِّكُمْ قَا لُوَا بَلٰى شَهِدْنَا

(ငါအသျှင်မြတ်သည် အသင်တို့အား ဖန်ဆင်းတော်မူသော အသျှင် မဟုတ်ပါလော'ဟု မေးမြန်းရာ ၎င်းတို့က 'အမှန်ပင် ဟုတ်ပါသည်။ ကျွန်တော်မျိုးတို့သည် သက်သေခံကြပါသည်'ဟု လျှောက်ထားဝန်ခံခဲ့ကြကုန်သည်။) [၇ : ၁၇၂]

ဟူသော စကားလုံးများဖြင့် လာရှိထားပေသည်။ ထို့ပြင် ဤပဋိညာဉ်၏ အလိုသဘောသည် 'အတိတ်ခေတ် နဗီတမန်တော်များနှင့် ၎င်းတို့၏ မျိုးနွယ်အုပ်စုများထံမှ တမန်တော်မြတ် ﷺ ၏အပေါ် အီမာန်ရယူရန်နှင့် ကူညီရန်တို့နှင့် စပ်လျဉ်း၍ ရယူထားသော ခံဝန်ကတိမျိုးလည်း ဖြစ်နိုင်ပေသည်။ အကြင်အချက်၏ အကြောင်း ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအောက်ဖော်ပြပါ အာယသ်တော်မြတ်အတွင်း၌ လာရှိထားပေသည်။

ثُمَّ جَآءَكُمْ رَسُوْلٌ مُّصَدِّقٌ لِّمَا مَعَكُمْ لَتُؤْمِنُنَّ بِهٖ وَلَتَنْصُرُنَّهٗ قَالَ ءَاَقْرَرْتُمْ وَاَخَذْتُمْ عَلٰى ذٰلِكُمْ اِصْرِىْ قَالُوْا اَقْرَرْنَا قَالَ فَاشْهَدُوْا وَاَنَا مَعَكُمْ مِّنَ الشّٰهِدِيْنَ

(အသင်တို့လက်ဝယ် ရှိနှင့်ပြီးဖြစ်သော ကျမ်းဂန်များကို ထောက်ခံသော ရစူလ်တမန်တော်တစ်ပါးပါးသည် အသင်တို့ထံ ရောက်ရှိလာသော် အသင်တို့သည် ထိုရစူလ်တမန်တော်ကို မိမိတို့စိတ်တွင်းမှ မုချယုံကြည်ကြပေအံ့။ ၎င်းအပြင် ထိုရစူလ်တမန်တော်ကို စိတ်ရောကိုယ်ပါ အားပေးကူညီကြမည့်သူများလည်းဖြစ်အံ့။ ထို့နောက် အလ္လာဟ်အသျှင်မြတ်က 'အို၊ နဗီတမန်တော်အပေါင်းတို့၊ အသင်တို့သည် ဝန်ခံကြပြီလော။ ယင်းကိစ္စနှင့် စပ်လျဉ်း၍ အသင်တို့သည် ငါအသျှင်မြတ်၏ ပဋိညာဉ်ခံဝန်ချက်ကိုလည်း လက်ခံကြပြီလော' ဟူ၍ မေးမြန်းတော်မူခဲ့၏။ ထိုအခါ နဗီတမန်တော်အပေါင်းတို့က 'ကျွန်တော်မျိုးတို့သည် အသျှင်မြတ် ပြဋ္ဌာန်းတော်မူသည်ကို လက်ခံသဘောတူ ဝန်ခံကြပါပြီ' ဟု လျှောက်တင်ကြလေသည်။ ထိုအခါ အလ္လာဟ်အသျှင်မြတ်က သို့ဖြစ်လျှင် အသင်တို့သည် ဤပဋိညာဉ်ခံဝန်ချက်နှင့် စပ်လျဉ်း၍ အသိသက်သေများ ဖြစ်ကြလေကုန်။ (ငါအသျှင်မြတ်သည်လည်း အသင်တို့နှင့်အတူ အသိသက်သေများအနက် အပါအဝင် ဖြစ်တော်မူသည်ဟု မိန့်ကြားတော်မူလေသည်။ [၃ : ၈၁]

اِنْ كُنْتُمْ مُّؤْمِنِيْنَ

(အကယ်၍ အသင်တို့သည် သက်ဝင်ယုံကြည်ကြမည့်သူများ ဖြစ်ကြပါလျှင်။) [၅၇ : ၈]

ဤမုက္ခပါဌ်တော်သည် မုအ်မင်နိမဟုတ်သည့်အပေါ် အစကတည်းက

وَمَا لَكُمْ لَا تُؤْمِنُوْنَ بِاللّٰهِ

(စင်စစ် အသင်တို့သည် သက်ဝင်ယုံကြည်ကြခြင်း မရှိကြသည်မှာ အသင်တို့၌ မည်သည့်အကြောင်း ရှိပေသနည်း။) [၅၇ : ၈]

ဟူ၍ သတိပေးထားပြီးဖြစ်သော ကာဖိရ်များအတွက် ဖြစ်ပေသည်။ တစ်ဖန် ၎င်းတို့အား 'အကယ်၍ အသင်တို့သည် သက်ဝင်ယုံကြည်ကြမည့်သူများ ဖြစ်ကြပါလျှင်' ဟူ၍ ပြောဆိုခြင်း မည်ကဲ့သို့ မှန်ကန်နိုင်အံ့နည်း' ဟူသော မေးစရာမေးခွန်း ပေါ်ပေါက်လာပေသည်။

အဖြေမှာ ဤသို့တည်း။ ကာဖိရ်များနှင့် မုရှ်ရစ်က်များသည်လည်း အလ္လာဟ်အသျှင်မြတ်အပေါ် အီမာန်ရယူထားကြောင်းကို ကြွေးကြော်သူများ ဖြစ်ပေသည်။ ရုပ်တုဆင်းတုများနှင့် စပ်လျဉ်း၍ 'ကျွန်ုပ်တို့သည် ထိုအရာများအား ခဝပ်ကိုးကွယ်နေကြသည့် အကြောင်းမှာ ဤအရာများသည် အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်ဝယ် ကျွန်ုပ်တို့အား ကြားဝင် အသနားခံပေးကြပေလိမ့်မည်။

مَا نَعْبُدُهُمْ اِلَّا لِيُقَرِّبُوْنَا اِلَى اللّٰهِ زُلْفٰى

(၎င်းတို့သည် ကျွန်ုပ်တို့အား အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးသို့ နီးကပ်ကြစေရန်သာလျှင် ကျွန်ုပ်တို့သည် ကိုးကွယ်ကြသည်။) [၃၉ : ၃]

ဟူ၍ ပြောဆိုလေ့ ရှိကြပေသည်။ သို့ဆိုလျှင် အာယသ်တော်၏ အလိုသဘောမှာ ဤသို့ ဖြစ်သည်။ 'အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အပေါ် အီမာန်ရယူထားကြောင်း ကြွေးကြော်မှုကို ပြုနေပေသည်။ အကယ်၍ အသင်တို့၏ ဤကြွေးကြော်မှုသည် မှန်ကန်သော ကြွေးကြော်မှုမျိုး ဖြစ်ပါမူ အလ္လာဟ်အသျှင်မြတ်အပေါ် အီမာန်ရယူခြင်း၏ မှန်ကန်၍ အတည်ပြုခြင်းခံရသော ပုံစံကို ရွေးချယ်ကုန်။ အကြင်အချက်ပုံစံသည် 'အလ္လာဟ်အသျှင်မြတ်အပေါ် အီမာန်ရယူခြင်းနှင့်အတူ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်အပေါ် သို့လည်း အီမာန်ရယူကုန်' ဟူ၍ ဖြစ်သည်။

وَلِلّٰهِ مِيْرَاثُ السَّمٰوٰتِ وَالْاَرْضِ

(စင်စစ် မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိကြကုန်သော ဥစ္စာပစ္စည်းအလုံးစုံတို့သည် အလ္လာဟ်အသျှင်မြတ်နှင့်သာ သက်ဆိုင်ပေသည်။) *[၅၇ : ၁၀]*

'မီရားစ်' သည် စင်စစ်၌ 'ပိုင်ရှင်ဟောင်း ကွယ်လွန်ပြီးနောက် ၎င်း၏နောက် ရှင်နေသော အမွေစားများရရှိသော ပိုင်ဆိုင်မှု' ကို ခေါ်ဆိုပေသည်။ ဤပိုင်ဆိုင်မှုသည် အတင်းအဓမ္မ အနေအထားအသွင်မျိုးဖြင့် ပိုင်ဆိုင်လာသော ပိုင်ဆိုင်မှုမျိုး ဖြစ်ပေသည်။

ကွယ်လွန်သူနှစ်မြို့သည်ဖြစ်စေ၊ မနှစ်မြို့သည်ဖြစ်စေ၊ အမွေစား၊ အမွေခံဘက်သို့ ပြောင်းလွဲကာ ရရှိလာသော ပိုင်ဆိုင်မှုမျိုး ဖြစ်ပေသည်။ ဤနေရာ၌ မိုးကောင်းကင်များနှင့် မြေပထဝီကို အလ္လာဟ်အသျှင်မြတ်အဖို့ ပိုင်ဆိုင်ခြင်းကို 'မီရားစ်' ဟူသော စကားလုံးဖြင့် သုံးနှုန်းဖွဲ့ဆိုထားရာ၌ 'အသင်တို့လိုလားသည်ဖြစ်စေ၊ မလိုလားသည်ဖြစ်စေ အကြင်အကြောင်းအရာများကို ယနေ့ အသင်တို့သည် မိမိတို့အဖို့ ပိုင်ရှင်များဟူ၍ မှတ်ယူထားရာ ထိုအရာများအားလုံးသည် နောက်ဆုံး၌ အလ္လာဟ်အသျှင်မြတ်၏ သီးသန့်ပိုင်ဆိုင်မှုအတွင်းသို့ ပြောင်းလွဲရောက်ရှိသွားပေမည်' ဟူသော အမြော်အမြင်တော် ရှိနေပေသည်။ အလိုသဘောမှာ ဤသို့ပင် ဖြစ်သည်။ ကမ္ဘာလောက၌ရှိသော အရာဝတ္ထုအလုံးစုံ၏ ပိုင်ရှင်အစစ်သည် အစပထမကတည်းက အလ္လာဟ်အသျှင်မြတ် ဖြစ်နေလင့်ကစား သို့ရာတွင် ထိုအသျှင်မြတ်သည် မိမိ၏ ကျေးဇူးအသနားတော်ဖြင့် အရာဝတ္ထုအချို့၏ ပိုင်ဆိုင်မှုကို အသင်တို့၏ အမည်ဖြင့် ပြုပေးထားတော်မူပေသည်။ ယခု ထိုအပေါ်ယံပိုင်ဆိုင်မှုသည်လည်း အသင်တို့အဖို့ ကျန်ရှိတော့မည်မဟုတ်ပေ။ သို့သာမက အမှန်တကယ် ထင်ရှားစွာနည်းအမျိုးမျိုး ပုံစံအဖုံဖုံဖြင့် အလ္လာဟ်အသျှင်မြတ်၏ ပိုင်ဆိုင်မှုသာ ဖြစ်ရှိသွားပေလိမ့်မည်။ ထို့ကြောင့် ဤအချိန်၌ အသင်တို့အဖို့ အပေါ်ယံပိုင်ဆိုင်မှု ရရှိထားနေလင့်ကစား အကယ်၍ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ လှူဒါန်းသုံးစွဲလိုက်သော အရာ၏ ပိုင်ဆိုင်မှုသည် အသင်တို့၏ ပိုင်ဆိုင်မှုအတွင်း၌ ထာဝစဉ် တည်ရှိသွားခြင်း၏ ပုံစံမျိုးဟူ၍ ပြောဆို၍ ရရှိပေသည်။

သိရ်မေဇီကျမ်း၌ ဟဇရသ်အာအေရှာဟ် ﷺ သခင်မကြီးထံမှ ဆင့်ပြန်ချက် လာရှိထားပေသည်။ 'တစ်နေ့တွင် ကျွန်မတို့သည် ဆိတ်မတစ်ကောင်ကို လှီးဖြတ်လိုက်ပေသည်။ အကြင်ဆိတ်မ၏ များစွာသော

အစိတ်အပိုင်းကို ခွဲဝေလိုက်ပေသည်။ လက်တစ်ချောင်းကိုသာလျှင် အိမ်အတွက် ချန်ထားပေသည်။ တမန်တော်မြတ် ﷺ သည် ကျွန်မအား 'ထိုဆိတ်မ၏ အသားကို ခွဲဝေပြီးနောက် မည်သည့်အရာ ကျန်ရစ်ပေသနည်း' ဟူ၍ မေးမြန်းရာ 'လက်တစ်ချောင်း ကျန်ရစ်ကြောင်း' လျှောက်ထားလိုက်ပေသည်။ သို့ဆိုလျှင် တမန်တော်မြတ် ﷺ သည် 'ဤဆိတ်မတစ်ကောင်လုံးသည် ကျန်ရစ်နေ၍ အသင်မကျန်ရစ်သည်ဟု ထင်ထားသော လက်တစ်ချောင်းသာလျှင် မကျန်ရစ်ပေ။ အဘယ်ကြောင့်ဆိုသော် ဆိတ်တစ်ကောင်လုံးကို အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ လှူဒါန်းသုံးစွဲလိုက်ပေသည်။ ထိုဆိတ်မသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ အသင်မတို့အဖို့ ကျန်ရစ်နေပေမည်။ မိမိတို့ စားသုံးရန်အတွက် ချန်ထားရစ်သော ဤလက်သည် 'အာခိရသ်' ၌ အကျိုးအစား ချီးမြှင့်ခြင်း ခံရမည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ဤလက်သည် ဤလောက၌မှာပင် ပျက်သုဉ်းသွားချေပြီ။ *[မဇ္ဇဟရီး]*

လွန်လေပြီးသော အာယသ်တော်များ၌ အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်တွင် လှူဒါန်းသုံးစွဲရန် နှိုးဆော်တိုက်တွန်းချက်များကို တင်ပြပြီးနောက် တင်ပြလျက်ရှိသော အာယသ်တော်အတွင်း၌ 'အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ မည်သည့်အချိန်၌မှာပင် မည်သည့်အရာကိုမဆို လှူဒါန်းသုံးစွဲမည်ဆိုပါက တစ်ဦးတစ်ယောက်ချင်းတိုင်းအဖို့ အခြေအနေတိုင်းတွင် အကျိုးစဝါးဗ်သည် ရရှိနေမည်သာ ဖြစ်ကြောင်း၊ သို့သော် အကျိုးစဝါးဗ်၏ အဆင့်အတန်းများသည် အီမာန်၊ စေတနာဖြူစင်ခြင်းနှင့် လက်ဦးမှု ရယူမှုတို့ကို ထောက်ရှု၍ ကွာခြားလျက်ရှိနေကြောင်း' တို့ကို ပြဆိုထားပေသည်။ ထို့ကြောင့် မိန့်တော်မူထားသည်မှာ-

لَا يَسْتَوِي مِنكُم مَّنْ أَنفَقَ مِن قَبْلِ الْفَتْحِ وَقَاتَلَ

(အသင်တို့အနက် မအောင်မြင်မီ လှူဒါန်းသုံးစွဲခဲ့ကြသော ပြိုင်ဆိုင်တိုက်ခိုက်ခဲ့ကြသော သူတို့သည် ၎င်း၏နောက် ပြုခဲ့ကြသော သူတို့နှင့် တူကြသည်မဟုတ်ပေ။) *[၅၇ : ၁၀]*

ဆိုလိုသည်မှာ မွတ်စ္စလင်မ်များ၌ အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်တွင် ဥစ္စာပစ္စည်းများကို လှူဒါန်းသုံးစွဲကြသော အတန်းအစား (၂) ရပ် ရှိပေသည်။ ပထမအတန်းအစားတစ်ရပ်မှာ မက္ကာဟ်မြို့တော်ကို မအောင်မီအလျင် အီမာန်ကို ရယူကြ၍ မုအ်မင်န်ဖြစ်ကာ အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ လှူဒါန်းခဲ့ကြပေသည်။ ဒုတိယအတန်းအစားမှာ မက္ကာဟ်မြို့တော်ကို အောင်နိုင်ပြီးနောက် တိုက်ခိုက်ရေး၌ ပါဝင်ဆင်နွှဲကာ အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ လှူဒါန်းမှုကို ပြုခဲ့ပေသည်။ ဤအတန်းအစားနှစ်ရပ်စလုံးသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ တန်းတူမဖြစ်ရှိပေ။ သို့သာမက စဝါးဗ်၏ အဆင့်အတန်းများကို ထောက်ရှု၍ ၎င်းတို့ကြား၌ ကွာခြားမှု ရှိပေသည်။ မက္ကာဟ်မြို့တော်ကို အောင်နိုင်ပြီးနောက် အစ္စလာမ်သာသနာရေးရာဆိုင်ရာ ကိစ္စရပ်တို့အား အလုပ်အကျွေးပြုစုမှု၌ အတူပါဝင်သော ဒုတိယလူတန်းစားထက် မက္ကာဟ်မြို့တော်ကို မအောင်မီအလျင် တိုက်ခိုက်လှူဒါန်းကြသော သူတို့သည် အကျိုးစဝါးဗ်၏ အဆင့်အတန်းကို ထောက်ရှု၍ သာပိုထူးကဲနေပေသည်။

မက္ကာဟ်မြို့တော်ကို အောင်နိုင်ခြင်းအား စံထား၍ ဆွဟာဗာများအကြား အဆင့်အတန်း ကွာခြားချက်မှု ကို ဘောင်သတ်မှတ်ပေးခြင်း၏ အမြော်အမြင်

အကြင်သူတို့သည် မက္ကာဟ်မြို့တော်ကို မအောင်မီအလျင် မွတ်စ္စလင်မ်ဖြစ်ကာ အစ္စလာမ်ရေးရာ အလုပ်အကျွေးပြုစုမှုတို့၌ ဝေစုဝေပုံကို ရယူခဲ့ပေသည်။ ဒုတိယသူတို့မှာ မက္ကာဟ်မြို့တော်ကို အောင်နိုင်ပြီး နောက်မှ ဤအလုပ်ကို ပြုခဲ့ပေသည်။ ပထမသူတို့၏ အဆင့်အတန်းသည် ဒုတိယလူတို့ထက် နှိုင်းယှဉ်လျှင် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ သာပိုထူးကဲကြောင်း ကြေညာချက်ကို ဤအာယသ်တော်အတွင်း၌ မိန့်ထားပေသည်။

မက္ကာဟ်မြို့တော်ကို အောင်နိုင်ခြင်းနှင့် စပ်လျဉ်း၍ ထိုအတန်းအစားနှစ်ရပ်စလုံး၌ ဘောင်အတိုင်း အတာ သတ်မှတ်ပေးခြင်း၏ အလွန်ကြီးမားသော အမြော်အမြင်တော်တစ်ရပ်မှာ ဤသို့ပင် ဖြစ်သည်။ မက္ကာဟ်မြို့တော်ကို မအောင်မီအလျင် နိုင်ငံရေးအခြေအနေများနှင့် အပေါ်ယံအကြောင်းခံများကို ထောက်ရှု၍ မွတ်စ္စလင်မ်တို့၏ ကျန်ရှိခြင်း၊ ပျက်စီးခြင်း၊ အစ္စလာမ်သာသနာ တိုးတက်ပြန့်ပြူးရေးနှင့် များစွာသော လှုပ်ရှားမှုများသည် တိမ်မြုပ်ပျောက်ကွယ်သွားနိုင်ချေ ရှိသော အချက်များသည် အပေါ်ယံဝါဒီကိုသာ ကြည့်ရှုသောသူတို့အဖို့ တစ်သမတ်တည်းသော ပုံစံဖြင့် လည်ပတ်နေပေသည်။ ရှုံးနိမ့်ခြင်း၊ (သို့မဟုတ်) ပပျောက်သွားရန် စိုးရိမ်ဖွယ်အချက်ရှိသော အသင်းအဖွဲ့၊ (သို့မဟုတ်) လှုပ်ရှားမှုတို့၌ ကမ္ဘာလောက၏ အသိဉာဏ်ရှိသော သူတို့သည် ဝင်ရောက်ပါဝင်ကြမည်မဟုတ်ပေ။ အောင်မြင်မှု၏ ဖြစ်နိုင်ချေရှိသော အချက်များ ထင်ဟပ်လာချိန်ဝယ် ပါဝင်မှုကို ပြုကြပေသည်။ အချို့သော သူတို့သည် ထိုလှုပ်ရှားမှုကို မှန်ကန်သည်ဟူ၍ မှတ်ယူထားနေလင့်ကစား ဆန့်ကျင်သူများ၏ ဒုက္ခပေးမှုကို ကြောက်ရွံ့ခြင်းနှင့် မိမိတို့ ချည့်နဲ့ခြင်း၏ အကြောင်းခံကြောင့် ဝင်ရောက် မပါဝင်ကြပေ။ သို့ရာတွင် ဖွဲ့သတ္တိခိုင်မာသော သူတို့သည် ယုံကြည်ချက်နှင့် သီအိုရီတစ်ရပ်ကို မှန်ကန်သည်ဟု မှတ်ယူကာ လက်ခံကြပေသည်။ ၎င်းတို့သည် အောင်မြင်ခြင်း၊ ရှုံးနိမ့်ခြင်းနှင့် အသင်းအဖွဲ့၏ နည်းပါးခြင်း၊ များပြားခြင်းကို မကြည့်ရှုဘဲ ယင်းအချက်အား လက်ခံခြင်း ဘက်သို့ ပြေးသွားကြပေသည်။

မက္ကာဟ်မြို့တော်ကို မအောင်မီအလျင် အီမာန်ကို ရယူထားသော သူတို့၏ ရှေ့ဝယ် မွတ်စ္စလင်မ်တို့၏ နည်းပါး၊ ချည့်နဲ့ခြင်း၏ အကြောင်းကြောင့် မုရှရစ်က်တို့၏ ဒုက္ခပေးမှုသည် စဉ်ဆက်မပြတ် ရှိနေခဲ့သည်။ အထူးသဖြင့် အစ္စလာမ်သာသနာ ပေါ်ထွန်းခါစ၌ အစ္စလာမ်နှင့် အီမာန်ကို ထုတ်ဖော်ခြင်းသည် အသက်ကို ဖက်နှင့် ကစားသလို ဖြစ်ခြင်းနှင့် အိုးအိမ်ပစ္စည်းများကို ဖျက်ဆီးပစ်ရန်အတွက် ပေးအပ်လိုက်ခြင်းနှင့် ထပ်တူထပ်မျှ ဖြစ်နေပေသည်။

'ထိုသို့သော အခြေအနေများ၌ အစ္စလာမ်သာသနာကို လက်ခံ၍ မိမိတို့၏ အသက်များကို စိုးရိမ်မှုများအတွင်းသို့ သွတ်သွင်းကာ တမန်တော်မြတ် ﷺ နှင့် သာသနာအား အလုပ်အကျွေးပြုစုပေးရာ၌ မိမိတို့၏ အသက်နှင့် ပစ္စည်းကို လှူဒါန်းစတေးပေးဝံ့သော သူတို့၏ အီမာန်စွမ်းအားနှင့် ဖြူစင်သော ကျင့်ကြံချက်ကို အခြားသောသူတို့ မရောက်ရှိနိုင်ကြောင်း' မှာ ထင်ရှားလှပေသည်။

တစ်ဖြေးဖြေး အခြေအနေများ ပြောင်းလဲလာပေသည်။ မက္ကာဟ်မြို့တော်ကို အောင်နိုင်ကာ အာရပ်အမျိုးသားတစ်ရပ်လုံးအပေါ် အစ္စလာမ်၏ စိုးမိုးအုပ်ချုပ်မှုသည် ရပ်တည်လာနိုင်မှု၏ အခြေအနေထိတိုင် မွတ်စ္စလင်မ်တို့သည် အင်အား ရရှိလာပေသည်။ ပမာတင်ပြထားပေသည်။

يَدْخُلُوْنَ فِيْ دِيْنِ اللهِ اَفْوَاجًا

(အလ္လာဟ်အသျှင်မြတ်၏ သာသနာ၌ အသင်းလိုက်၊ အဖွဲ့လိုက် ဝင်ရောက်လျက် ရှိသည်ကို။)

[၁၁၀ : ၂]

ယင်းအာယသ်တော်၏ ပေါ်ပေါက်မှု၊ လက်တွေ့ ဤအချက်သည် ထင်ဟပ်လာပေသည်။ အဘယ်ကြောင့်ဆိုသော် များစွာသော သူတို့၏ အားနည်းချက်၊ အစ္စလာမ်သာသနာအား ဆန့်ကျင်မှု ပြုနေကြသော သူတို့၏ အားအင်အရှိန်အဝါနှင့် ၎င်းတို့ ဒုက္ခပေးခြင်းကို ကြောက်ရွံ့မှုတို့ကြောင့် အစ္စလာမ်နှင့် အီမာန်ကို ထုတ်ဖော်ရန် တွန့်ဆုတ်နေပေသည်။ ယခု ထိုသူတို့၏ လမ်းကြောင်းမှ ဤအတားအဆီးသည် ဝေးကွာသွားခဲ့ပေပြီ။ သို့ရှိရာ အုပ်စုလိုက်၊ အဖွဲ့လိုက် အစ္စလာမ့်ဘောင်အတွင်းသို့ ဝင်ရောက်ခဲ့ကြပေသည်။ ကုရ်အာန်ကျမ်းမြတ်၏ ဤအာယသ်တော်သည် ၎င်းတို့အားလည်း ဂုဏ်ပေးကာ လွတ်ငြိမ်းချမ်းသာခွင့်နှင့် ကရုဏာတော် ရရှိရန် ကတိပြုထားတော်မူပေသည်။ သို့ရာတွင် ၎င်းတို့၏ အဆင့်အတန်း နေရာသည် 'ဖွဲ့သတ္တိနှလုံးရည်နှင့် အီမာန်၏ အင်အား၏ အကြောင်းခံကြောင့် ဆန့်ကျင်မှုများနှင့် ဒုက္ခတို့၏ စိုးရိမ်ကြောင့်ကြမှုကို ကျော်ဖြတ်ကာ အစ္စလာမ်ကို ကြွေးကြော်၍ အခက်အခဲ ကြုံကြိုက်နေသော အချိန်၌လည်း အစ္စလာမ်အား အကျိုးပြုသောသူတို့၏ အဆင့်အတန်းနေရာများနှင့် တန်းတူ မရှိနိုင်ပေ။

အချုပ်သဘောတရားမှာ ခိုင်မာသော ယတိပြတ် ဆုံးဖြတ်ချက်၊ ဇွဲ၊ လုံ့လနှင့် အီမာန်၏ စွမ်းအား၏ အဆင့်အတန်းများကို သတ်မှတ်ပေးရန်အတွက် မက္ကာဟ်မြို့တော် မအောင်နိုင်မီနှင့် အောင်နိုင်ခြင်း၏ နောက်ပိုင်း၏ အခြေအနေများသည် အတိုင်းအတာ ဘောင်တစ်ခုအသွင် တည်ရှိ၍ နေပေသည်။ ထို့ကြောင့် တင်ပြလျက်ရှိနေသော အာယသ်တော်အတွင်း၌ 'ဤအတန်းအစား နှစ်ရပ်စလုံးသည် တန်းတူမရှိပေ' ဟူ၍ မိန့်တော်မူထားပေသည်။

ဆွဟာဗာများအားလုံးအတွက် လွတ်ငြိမ်းချမ်းသာခွင့်နှင့် ကရုဏာတော်၏ သတင်းကောင်းပေးခြင်း၊ ဆွဟာဗာများသည် ကျန်ရှိသော အွမ္မသ်ထုတစ်ရပ်လုံးထက် ထူးကဲစွာ ရှိခြင်းအကြောင်း

တင်ပြလျက်ရှိနေသော အာယသ်တော်အတွင်း၌ ဆွဟာဗာသာဝကကြီးများကြား အဆင့်အတန်းများ ကွာခြားချက်ကို တင်ပြထားနေလင့်ကစား သို့ရာတွင် နောက်ဆုံး၌

وَكُلًّا وَّعَدَ اللهُ الْحُسْنٰى

(စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အားလုံးကို ကောင်းကျိုးပေးရန် ကတိပေးတော်မူခဲ့၏။)

[၅၇ : ၁၀]

ဆိုလိုသည်မှာ မိမိတို့အချင်းချင်း ကြား၌ အဆင့်အတန်းများ ကွာခြားနေသည့် ကြားကပင် အလ္လာဟ် အသျှင်မြတ်သည် 'ဟုစ်နား' 'ဂျန္နသ်'နှင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် ကတိတော်ကို အားလုံးတို့အား ပြုပေးထားတော်မူပေသည်။ ဤကတိတော်သည် ဆွဟာဗာကြီးများ၏ ထိုအတန်းအစားနှစ်ရပ်အတွက် ဖြစ်ပေသည်။ အကြင်သူတို့သည် မက္ကာဟ်မြို့တော်ကို မအောင်နိုင်မီနှင့် အောင်နိုင်ပြီးနောက် အလ္လာဟ် အသျှင်မြတ်၏ လမ်းတော်၌ လှူဒါန်းကာ အစ္စလာမ်အား ဆန့်ကျင်သောသူတို့နှင့် တိုက်ခိုက်ခဲ့ပေသည်။ ထိုအတန်းအစားနှစ်ရပ်စလုံးအတွင်း၌ အနီးစပ်ဆုံးအားဖြင့် ဆွဟာဗာကြီးများ၏ အဖွဲ့အစည်းတစ်ရပ်လုံး ပါဝင်သွားပေသည်။ အဘယ်ကြောင့်ဆိုသော် 'မွတ်စ္စလင်မ်များဖြစ်နေသည့်ကြားကပင် အလ္လာဟ်အသျှင်မြတ်အတွက် တစ်စုံတစ်ရာ လှူဒါန်းမှုမပြု၍ အစ္စလာမ်သာသနာအား ဆန့်ကျင်သော သူတို့နှင့်လည်း တိုက်ခိုက်ယှဉ်ပြိုင်ရာ၌ မပါဝင်သော သူတို့' သည် အလွန်နည်းပါးနိုင်မည်သာ ဖြစ်သည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်၏ ဤလွတ်ငြိမ်းချမ်းသာခွင့် ပေးခြင်းနှင့် ကရုဏာတော်ပေးရန် ကတိတော်သည် ဆွဟာဗာသာဝကကြီးများတစ်အုပ်စုလုံးတို့အဖို့ ခြုံငုံကာ ပါဝင်နေပေသည်။

အိဗ်နေဟပ်ဇ်မ် (ရဟ) သခင်ကြီးက အမိန့်ရှိသည်မှာ ထိုအချက်နှင့်အတူ ကုရ်အာန်ကျမ်းတော် မြတ်၏ အခြားသော စူရာဟ်အမ်ဗိယာ၏ အာယသ်တော်အား ပေါင်းစပ်ကုန်။ အကြင်အာယသ်တော်အတွင်း ၌ အမိန့်ရှိထားပေသည်မှာ-

إِنَّ الَّذِينَ سَبَقَتْ لَهُم مِّنَّا الْحُسْنَىٰ أُولَٰئِكَ عَنْهَا مُبْعَدُونَ ﴿١٠١﴾
لَا يَسْمَعُونَ حَسِيسَهَا ۖ وَهُمْ فِي مَا اشْتَهَتْ أَنفُسُهُمْ خَالِدُونَ ﴿١٠٢﴾

(ဧကန်စင်စစ် အကြင်သူတို့သည် ငါအသျှင်မြတ်ထံတော်မှ မူလကပင် ထိုသူတို့အဖို့ ကောင်းကျိုး ကို ပြဋ္ဌာန်းပြီးဖြစ်၏။ ထိုသူတို့သည် ယင်းငရဲဘုံမှ ဝေးလံစွာ ထားစေခြင်းကို ခံကြရမည့်သူများပင် ဖြစ်ကြပေမည်။ ၎င်းတို့သည် ယင်းငရဲဘုံ၏ လေသံကိုမျှပင် ကြားကြရလိမ့်မည်မဟုတ်ပေ။ စင်စစ် ၎င်းတို့ သည် မိမိတို့စိတ်ကြိုက် စည်းစိမ်များတွင် ထာဝစဉ်မွေ့လျော်စံစားသူများပင် ဖြစ်ကြပေမည်။)

[၂၁ : ၁၀၁-၁၀၂]

အာယသ်တော်များ၏ ဆွေးနွေးချက်အောက်၌

كُلًّا وَّعَدَ اللّٰهُ الْحُسْنٰى

(စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အားလုံးကို ကောင်းကျိုးပေးတော်မူရန် ကတိပေးတော်မူ ခဲ့၏။) *[၅၇ : ၁၀]*

ဟူ၍ တင်ပြထားပေသည်။ ဤအာယသ်တော်အတွင်း၌ အကြင်သူတို့အဖို့ 'ဟုစ်နာ'၏ ကတိကို ပြုပေးထားပေသည်။ ၎င်းတို့အဖို့ ငရဲမီးဘုံမှ လွန်စွာ ဝေးကွာစွာ နေထိုင်ရန် ကြေညာချက်ထုတ်ပေးထား တော်မူပေသည်။ အာယသ်တော်၏ အချုပ်သဘောတရား ရလဒ်မှာ ဤသို့ပင် ဖြစ်သည်။ ကုရ်အာန်ကျမ်း တော်မြတ်သည် 'ဆွဟာဗာအဟောင်းအသစ်များထဲမှ မည်သူတစ်ဦးမဆို အကယ်၍ သက်တမ်းတွင် ပြစ်မှု

ဒုစရိုက် တစ်စုံတစ်ရာကို ကျူးလွန်မိခဲ့သည်ရှိသော် ၎င်းသည် ထိုပြစ်မှုအပေါ်၌ တည်တံ့စွာ ရှိနေမည် မဟုတ်ကြောင်း၊ 'သောင်ဗာဟ်' ပြုလိုက်မည်ဖြစ်ကြောင်း၊ (သို့မဟုတ်) တမန်တော်မြတ် ﷺ ၏ ထိုင်ဝိုင်း၏ 'ဗရ်ကသ်'၊ ကူညီမှု၊ သာသနာအား ကြီးမားစွာသော အလုပ်အကျွေးပြုစုမှုနှင့် ၎င်း၏ များစွာသော ကုသိုလ်များကြောင့် အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ ပြစ်မှုဒုစရိုက် ခွင့်လွှတ်တော်မူမည်ဖြစ်ကြောင်း၊ ၎င်း၏ ပြစ်မှုဒုစရိုက်သည် ပလပ်ပေးခြင်း ခံရကာ မရှင်းလင်းသေးသရွေ့ ကာလပတ်လုံး ၎င်း၏ ထံသို့ သေခြင်းတရားသည် ဆိုက်ရောက်လာမည်မဟုတ်ကြောင်း၊ (သို့မဟုတ်) ကမ္ဘာလောက၏ ဘေးဒုက္ခများ နှင့် အများဆုံးအဆင့်အနေနှင့် 'ကဗရ်'လောက၌ ဒုက္ခဒဏ်အချို့ ခံစားရခြင်းသည် ၎င်း၏ ဒုစရိုက်အမှု၏ လျော်ကြေး၊ ချေဖျက်လိုက်မည့်အရာ ဖြစ်ကြောင်း' ကို အာမခံချက် ပေးထားပေသည်။

('အချို့သော ဆွဟာဗာကြီးများ ကွယ်လွန်ပြီးနောက် ပြစ်ဒဏ်ခံရမည်ဖြစ်ကြောင်း' ဟူသော ဟဒီးစ်တော်များ လာရှိထားပေသည်။ ထိုပြစ်ဒဏ်သည် နောင်တမလွန် 'အာခေရသ်'နှင့် 'ဂျဟန္နမ်'၏ ပြစ်ဒဏ်မဟုတ်ပေ။ ကာဖိရ်၏ ပြစ်ဒဏ်သာလျှင် ဖြစ်ပေသည်။ 'ဆွဟာဗာကြီးများထဲမှ အကယ်၍ တစ်ဦး တစ်ယောက်သည် ပြစ်မှုဒုစရိုက်တစ်ခုကို ပြုကျင့်မိ၍ ရုတ်တရက် 'သောင်ဗာဟ်'ပြုကာ ပြစ်မှုကို ချွတ်ကယ် လိုက်ခြင်း၏ အခွင့်ကောင်းမျိုးမရရှိခဲ့ပါက နောင်တမလွန်ပြစ်ဒဏ်သည် ၎င်းအပေါ် မကျန်ရှိစေရန် 'ကဗရ်' ပြစ်ဒဏ်၏ အကြောင်းခံဖြင့် သန့်ရှင်းအောင် ပြုပေးလိုက်မည်'ဟူသော အချက်သည် တွေးခေါ်ရန် ဝေးလံ ခဲယဉ်းလှစွာသော အချက်မဟုတ်ပေ။

ဆွဟာဗာသာဝကကြီးများ၏ အဆင့်အတန်းကို ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်များမှ သိရှိရန်ဖြစ်ပြီး ရာဇဝင်ဆင့်ပြန်ချက်များမှ ကြည့်ရှုရမည်မဟုတ်ခြင်းအကြောင်း

အချုပ်သဘောတရားမှာ ဤသို့ပင် ဖြစ်သည်။ ဆွဟာဗာသာဝကကြီးများသည် အုမ္မသ်၏ အများ ပြည်သူတို့ကဲ့သို့ မဟုတ်ဘဲ ၎င်းတို့သည် တမန်တော်မြတ် ﷺ နှင့် အုမ္မသ်၏ ပြည်သူတို့ကြားဝယ် အလ္လာဟ် အသျှင်မြတ်၏ ဘက်တော်မှ ဖန်ဆင်းပေးထားတော်မူသော ကြားခံတစ်ရပ် ဖြစ်ပေသည်။ ၎င်းတို့မပါရှိဘဲ အုမ္မသ်၏ ထံသို့ ကုရ်အာန်ကျမ်းတော်မြတ်၊ ထိုကျမ်းတော်မြတ်၏ အဓိပ္ပာယ်များနှင့် တမန်တော်မြတ် ﷺ ၏ ညွှန်ကြားပြသမှုများ ရောက်ရှိရန် လမ်းကြောင်းတစ်စုံတစ်ရာမျှ ရှိမည်မဟုတ်ပေ။ ထို့ကြောင့် အစ္စလာမ် သာသနာတော်၌ ၎င်းတို့အဖို့ သီးသန့်အဆင့်အတန်း ရှိပေသည်။ ၎င်းတို့၏ ဂုဏ်၊ အဆင့်အတန်းများကို ရာဇဝင်၏ စာအုပ်အဟောင်း၊ အသစ်များ၏ ဆင့်ပြန်ချက်များမှ သိရှိရယူရန်မဟုတ်ဘဲ ကုရ်အာန်ကျမ်းတော် မြတ်နှင့် စွန္နသ်တော်ကို အကြောင်းခံကာ သိရှိနားလည်မှုကို ရယူရပေလိမ့်မည်။

၎င်းတို့အတွင်းထဲမှ အကယ်၍ တစ်ဦးတစ်ယောက်သည် ချွတ်ချော်များယွင်းမှု တစ်စုံတစ်ရာကို ပြုမိသွားပါမူ ထိုချွတ်ချော်မှုသည် များသောအားဖြင့် ထိုးထွင်းကြံဆမှုအရ မှားယွင်းခြင်း ဖြစ်ပေသည်။ အကြင်အချက်အပေါ် ပြစ်မှုဒုစရိုက်တစ်စုံတစ်ရာ သတ်မှတ်ခြင်း ခံရမည်မဟုတ်ဘဲ မှန်ကန်သော ဟဒီးစ် တော်များ၏ ရှင်းလင်းချက်အရ ကုသိုလ်အကျိုးတစ်ခုကျစီ ရရှိ၍ နေပေမည်။ ထို့ပြင် အကယ်၍ အမှန်တကယ်

ဖြစ်မှုဒုစရိုက် တစ်စုံတစ်ရာကို ပြုမိသွားပါမူ ပထမ ၄င်း၏ သက်တမ်းတစ်လျှောက် ပြုကျင့်ခဲ့သော ကောင်းမြတ်သော အကျင့်သီလ၊ တမန်တော်မြတ် ﷺ နှင့် အစ္စလာမ်သာသနာအား ရိုင်းပင်းမှု၊ အလုပ်အကျွေး ပြုမှုတို့နှင့် နှိုင်းယှဉ်လျှင် သုည၏ အသွင်သာ ဆောင်၍ နေမည်။ တစ်ဖန် ၄င်းတို့အတွင်းဝယ် 'သာမန် ဖြစ်မှုပြုလုပ်မိလိုက်ခြင်းဖြင့်လည်း တုန်လှုပ်ချောက်ခြားသွားခြင်း၊ ချက်ချင်း 'သောင်ဗာဟ်'ပြုလိုက်ခြင်း နှင့် မိမိ၏ စိတ်ရိုင်းအား ဒဏ်ခတ်ရန်အတွက် တစ်စိုက်မတ်မတ် ဆောင်ရွက်လျက် ရှိနေခြင်း' ထိတိုင် အလ္လာဟ်အသျှင်မြတ်အား ကြောက်စိတ်သည် ဖြစ်ပေါ်တည်ရှိနေပေသည်။ အချို့သောသူတို့သည် မိမိတို့ ကိုယ်ကို မိမိ ဗလီကျောင်းတော်၏ တိုင်၌ တုပ်နှောင်ထားပေသည်။ 'သောင်ဗာဟ်'လက်ခံရခြင်း၏ အတတ် မသိရှိသရွေ့ ကာလပတ်လုံး ယင်းသို့ တုပ်နှောင်ကာ ရပ်လျက်ရှိနေပေသည်။ တစ်ဖန် ၄င်းတို့အတွင်းထဲမှ တစ်ဦးချင်းစီ၏ ကုသိုလ်အကျိုးများသည် ဖြစ်မှုများကို လျော်ကြေးအဖြစ် ပယ်ဖျက်ပေးလိုက်ခြင်း၏ အတိုင်း အတာထိတိုင် ရောက်ရှိနေပေသည်။ ထိုအထက်တင်ပြပါ အချက်များထက် နောက်ထပ် သာပိုသော အချက် တစ်ရပ်မှာ အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့၏ မသိမှားယွင်းမှုတို့ကို ပလပ်ခွင့်ပေးလိုက်ခြင်း၏ ကျယ်ပြန့် သော ကြေညာချက်ကို ဤအာယသ်တော်နှင့် အခြားသော အာယသ်တော်များအတွင်း၌ မိန့်ဆိုထားပေ သည်။ လွတ်ငြိမ်းခွင့်ကို ပေးရုံသာမက

رَضِيَ اللَّهُ عَنْهُمْ وَرَضُوا عَنْهُ

(အလ္လာဟ်အသျှင်မြတ်သည်လည်း ၄င်းတို့အပေါ်၌ ကျေနပ်တော်မူမည်။ ၄င်းတို့သည်လည်း ထိုအသျှင် မြတ်အပေါ်၌ ကျေနပ်ကြပေမည်။) [၉၈ : ၈]

ဟူ၍ မိန့်ကြားကာ မိမိသဘောတူ နှစ်မြို့တော်မူခြင်း၏ ဘွဲ့ထူးအား ချီးမြှင့်လိုက်ပေသည်။ ထို့ကြောင့် ၄င်းတို့၏ ကြားဝယ် ဖြစ်ပေါ်ခဲ့ကြသော အကွဲအလွဲများနှင့် မတိုက်ဆိုင်မှုများကြောင့် ၄င်းတို့အတွင်းမှ တစ်ဦးတစ်ယောက်ကိုပင် မကောင်းပြောဆိုခြင်း၊ (သို့မဟုတ်) ၄င်းတို့အား ပြစ်တင်ဝေဖန်ခြင်းသည် လုံးဝ 'ဟရာမ်'ဖြစ်၍ တမန်တော်မြတ် ﷺ ၏ မိန့်မြွက်ချက်နှင့်အတူ 'မုချ 'လအ်နသ်'ကျထိုက်ဖွယ်အချက်နှင့် မိမိ၏ အီမာန်ကို စိုးရိမ်မှုအတွင်းသို့ ပစ်ထည့်လိုက်ခြင်း'ပင် ဖြစ်သည်။ (ထိုအချက်မျိုးများမှ ကင်းလွတ်ရန် အလ္လာဟ်အသျှင်မြတ်ထံ ခိုလှုံခွင့် တောင်းခံပါ၏။)

ယနေ့ မျက်မှောက်ခေတ်၌ ရာဇဝင်သမိုင်း၏ အမှန်၊ အမှား၊ အားနည်း၊ အားသာသော ဆင့်ပြန်ချက် များအပေါ် အခြေခံမှုတည်၍ အချို့သောသူတို့သည် အချို့သော ဆွဟာဗာသာဝကကြီးများကို ဝေဖန်ကဲ့ရဲ့ စွပ်စွဲပြောဆိုလာကြပေသည်။ ပထမအချက်သည်မှု ရာဇဝင်သမိုင်း၏ အခြေခံအုတ်မြစ်သည်ပင်လျှင် ယိုင်လဲ ပြိုကျလျက် ရှိနေသော မဏ္ဍိုင်များ ဖြစ်ပေသည်။ ထို့ပြင် အကယ်၍ အဆင့်အခြေအနေတစ်ရပ်အရ ထိုဆင့်ပြန်ချက်များကို ကြည့်ထိုက်ဖွယ် အရာများဟူ၍ လက်ခံရမည်ဆိုပါကလည်း ကုရ်အာန်ကျမ်းတော် မြတ်နှင့် ဟဒီးစ်တော်၏ ရှင်းလင်းလှစွာသော ပညတ်ချက်များနှင့် ဆန့်ကျင်စွာ ထိုဆင့်ပြန်ချက်များသည် အဆင့်တစ်စုံတစ်ရာမျှ မရှိပေ။ ထိုဆွဟာဗာကြီးများအားလုံးသည် လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း ခံရပြီး သော သူများဖြစ်ပေသည်။

ဆွဟာဗာကြီးများနှင့် စပ်လျဉ်း၍ အစ္စလာမ်ထုံးတမ်းစဉ်လာ၏ ယုံကြည်ချက်အချုပ်

ထိုယုံကြည်ချက်မှာ ဤသို့ပင် ဖြစ်သည်။ ဆွဟာဗာကြီးများအားလုံးကို ဂုဏ်ပေးလေးစားခြင်း၊ ၎င်းတို့အား ချစ်ခင်မှုထားရှိခြင်းနှင့် ၎င်းတို့အား ချီးမွမ်းမှုပြုခြင်းသည် 'ဝါဂျိဗ်'အရေးကြီးပေသည်။ ၎င်းတို့ အချင်းချင်းကြားဝယ် ဖြစ်ပေါ်ခဲ့သော အကွဲအလွဲများနှင့် မတိုက်ဆိုင်သော အမှုကိစ္စများနှင့် စပ်လျဉ်း၍ ဆိတ်ဆိတ်နေခြင်းနှင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဝေဖန်ပြစ်တင်ကဲ့ရဲ့မှု မပြုရန် အရေးကြီးပေသည်။ အစ္စလာမ်သာသနာရေးဆိုင်ရာ၊ ယုံကြည်ချက်ပိုင်းဆိုင်ရာ စာအုပ်များအားလုံး၌ ထိုယုံကြည်ချက်အချုပ်၏ ရှင်းလင်းချက်များ လာရှိထားပေသည်။ အပ်စ္စ်သွာခ်ရီးထဲမှ ဆင့်ပြန်ချက် လာရှိထားသော အေမာမ်အဟ်မဒ် (ရဟ) သခင်ကြီး၏ စာစောင်ငယ်သည် ထင်ရှားလှပေသည်။ ထိုစာစောင်ငယ်၏ စကားလုံးအချို့မှာ ဤသို့ ဖြစ်သည်။

لا يجوز لاحدان يّذكر شيئًا مّن مّساويهم ولا يطعن
علىٰ احد مّنهم بعيب ولانقص فمن فعل ذٰلك وجب تأديبه

(ဆွဟာဗာသာဝကကြီးများထဲမှ မကောင်းမှုတစ်စုံတစ်ရာကို ထုတ်ဖော်ခြင်း၊ (သို့မဟုတ်) ၎င်းတို့ အတွင်းမှ တစ်ဦးတစ်ယောက်ကို ဝေဖန်ကဲ့ရဲ့ခြင်း၊ (သို့မဟုတ်) ချွင်းချက်ယို့ယွင်းမှု တစ်စုံတစ်ရာကို ၎င်းတို့ဘက်သို့ ဆက်နွယ်ခြင်း မည်သူတစ်ဦးတစ်ယောက်အတွက်မျှ မပိုင်ပေ။ ဤသို့ပြုသူ ရှိပါက ၎င်းအား ဒဏ်ခတ်ရန် 'ဝါဂျိဗ်ဖြစ်သည်။) *[အပ်ဒ်ဒုရ်ရှုလ်မဓီယား၊ စာ-၃၈၉။]*

အိဗ်နေ့သိုက်မီယားသခင်ကြီးသည် 'အစ္စ်ွာရိမုလ်မပ်စ်လူးလ်' စာအုပ်၌ ဆွဟာဗာကြီးများ၏ အကြောင်းနှင့် စပ်လျဉ်း၍ အကျိုးထူးဝိသေသအချက်များ၏ များစွာသော အာယသ်တော်များနှင့် ဟဒီးစ်တော်၏ ဆင့်ပြန်ချက်များကို ရေးသားပြီးနောက် ဤသို့ ရေးသားထားပေသည်။

وهٰذا ممّالانعل فيه خلافابين اهل الفقه العيم من اصحاب رسول الله ﷺ والتّابعين لهم باحسان وسائر اهل السّنّة والجماعة فانّهم محبعون على انّ الواجب الثّناء عليهم والاستغفا رلهم والتّرحم عليهم والترّضى عنهم واعتقا د محبّتهم وموالاتهم وعقوبة من اساء فيهم القول

(ထိုအမှုကိစ္စနှင့် စပ်လျဉ်း၍ ကျွန်ုပ် သိရှိသမျှ အတိုင်းအတာမှာ အာလင်မ်များ၊ ဓမ္မသတ်ပညာရှင်များ၊ ဆွဟာဗာများ၊ သာဗေ့အီးန်များနှင့် အဲဟ်လေ့စွန္နသ်ဝလ်ဂျမာအသ်တို့၏ ကြား၌ အကွဲအလွဲ တစ်စုံတစ်ရာမျှ မရှိပေ။ အဘယ်ကြောင့်ဆိုသော် အားလုံးသည် အောက်ဖော်ပြပါအချက်အပေါ် ဟုတ်မှန်ကြောင်း တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ထားကြပေသည်။ ဆွဟာဗာများအား ချီးမွမ်းမှုကို ပြုရပေမည်။ ၎င်းတို့

အဖို့ ‘အစ်သစ်ဂ်ဖာရ်’ ပြုပေးရပေမည်။ ၎င်းတို့ကို အလ္လာဟ်အသျှင်မြတ်၏ ကရုဏာတော်၊ သဘောတူနှစ်သက်သော အချက်နှင့်အတူ သတိရပေမည်။ ၎င်းတို့၏ ချစ်ခင်မှုနှင့် အဆွေခင်ပွန်း ဖြစ်ခြင်းအပေါ် အိမာန်ယူရပေမည်။ ထိုအမှုကိစ္စ၌ ယဉ်ကျေးမှုမဲ့ ပြုသော သူကို ဒဏ်ခတ်ရပေမည်’ ဟူသော အချက်သည် အွမ္မသ်ထုတစ်ရပ်လုံးအပေါ်၌ ‘ဝါဂျိဗ်’ဖြစ်ပေသည်။)

အိဗ်နေသိုက်မီးယားသခင်ကြီးသည် ‘ရှရစ်အကီဒါအေဝါစေသွီယား’ စာအုပ်၌ အွမ္မသ်ထုတစ်ရပ်လုံး၏ ‘အဲဟ်လေ့စွန္နသ်ဝလ်ဂျမာအသ်’ တို့၏ ယုံကြည်ချက်ကို တင်ပြလျက် ဆွဟာဗာများ၏ သဘောထားများ မတိုက်ဆိုင်မှုနှင့် စပ်လျဉ်း၍ ဤသို့ ရေးသားထားပေသည်။

ويمسكون عمّاشجربين الصحابة ويقولون هذه الاثارالمروية فىمساوبهم منها ماهوكذب ومنهامازِيدفيها ونص وغُيّروجهه والصّحيح منه هم فيه معذورون امّامجتهدونمصيبون وامّامجتهدونمخطؤنوهم معذلك لايعتقدونانّكلّ واحد من الصحابة معصوم من كبائرالاثم وصغائره بليجوز عليهم الذنوب فى الجملةولهم من الفضائل والسّوابق مايوجب مغفرة مايصد رمنهم حتّىانّهم يغفرلهم منالسيّات مالايغفر لمن بعدهم

(ဆွဟာဗာသာဝကကြီးများကြား ဖြစ်ပေါ်ခဲ့သော သဘောထား မတိုက်ဆိုင်သည့် အမှုကိစ္စများနှင့် စပ်လျဉ်း၍ ‘အဲဟ်လေ့စွန္နသ်ဝလ်ဂျမာအသ်’တို့သည် ဆိတ်ဆိတ်နေကြပေသည်။ ထို့နောက် ဤသို့ တင်ပြကြပေသည်။ ၎င်းတို့ထဲမှ တစ်ပါးပါးအပေါ် ပြစ်ချက်တင်ခြင်း၏ ဆင့်ပြန်ချက်များ၏ အခြေခံဇစ်မြစ်အချက်သည် အချို့မှု လုံးဝ မှားယွင်းသော ဆင့်ပြန်ချက်များဖြစ်၍ အချို့ဆင့်ပြန်ချက်အား လိုတိုးပိုလျှော့ပြု၍ ရွေးချယ်ကောက်ယူကာ မူရင်းဇစ်မြစ်အချက်ကို ဖျက်ဆီးပစ်လိုက်ပေသည်။ မှန်ကန်သော ဆင့်ပြန်ချက်များတွင် ၎င်းတို့သည် ‘မအ်ဇူးရ်’ (တရားတော်အရ ချွင်းချက်အဖြစ်) လက်ခံရမည့်သူများ ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် (၎င်းတို့ ပြုကြသော အချို့သော ဆောင်ရွက်ချက်များသည် အလ္လာဟ်အသျှင်မြတ်အတွက်သာ ပြုကြခြင်း ဖြစ်ပေသည်။) ထိုသို့ ထိုးထွင်းကြံဆမှုအရ ပြုကျင့်ပေးသော အမှုကိစ္စ၌ မှန်ကန်သော အချက်အပေါ်၌ တည်ရှိပါမူ (စဝါးဗ်နှစ်ထပ်ကွမ်း ထိုက်တန်သောသူများ ဖြစ်ပေသည်။) မှားယွင်းသွားပါက (တရားတော်အရ ချွင်းချက်ရှိသည့်အတွက် အကျိုးစဝါးဗ်တစ်ခုကို ထိုက်တန်ပေမည်။) ထိုအထက်တင်ပြပါ အချက်များအားလုံးနှင့်အတူ ‘ဆွဟာဗာတိုင်းသည် ပြစ်မှုအကြီး၊ အသေးအားလုံးတို့မှ ကင်းစင်နေကြောင်း မမှတ်ယူ၊ မယုံကြည်ထားကြဘဲ ပြစ်မှုဒုစရိုက်သည် ၎င်းတို့ထံမှ ဖြစ်ပေါ်သွားနိုင်ပေသည်။ သို့ရာတွင် ၎င်းတို့၏ ထူးကဲသော အကျိုးများနှင့် အစွလာမ်သာသနာအား အလွန်အကျိုးပြုကာ စတေးခဲ့သော အလုပ်

အကျွေးပြုစုမှုတို့သည် ၎င်းတို့အားလုံးအား လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်ရန် အချက်ကို လိုလားနေပေသည်။ အွမ္မသ်၏ အခြားသော သူများအဖို့ မရရှိနိုင်လောက်အောင်သော ကျယ်ဝန်းလှစွာသည့် လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပလပ်ခွင့် ရရှိသွားသည့် အတိုင်းအတာထိတိုင်အောင် ရရှိသွားခဲ့ကြပေသည်။

ဆွဟာဗာသာဝကကြီးများ၏ အဆင့်များ၊ နေရာများနှင့် အကျိုးထူးများအပေါ် အကျယ်ချဲ့ အခြေအတင်၊ ဆွေးနွေးချက်ကို စူရာဟ် 'ဖသဟ်'၏ အာယသ်တော် (၂၉) ၌ ရေးသားထားပေသည်။ သီးသန့်ထုတ်ဝေဖြန့်ချိပြီး ဖြစ်ပေသည်။ အကြင်စာစောင်ငယ်အတွင်း၌ ဆွဟာဗာကြီးများ၏ တရားမျှတမှု၊ ၎င်းတို့၏ သဘောထားမတိုက်ဆိုင်မှုများနှင့် ၎င်းတို့နှင့် စပ်လျဉ်း၍ ရာဇဝင်သမိုင်းလာ ဆင့်ပြန်ချက်များ၏ အဆင့်အခြေအနေတို့အား ပြည့်စုံစွာ သုတေသနပြုထားပေသည်။ ထိုစာစောင်ငယ်အား ကြည့်ရှုကုန်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

يَوْمَ تَرَى الْمُؤْمِنِينَ وَالْمُؤْمِنَاتِ يَسْعَىٰ نُورُهُم
بَيْنَ أَيْدِيهِمْ وَبِأَيْمَانِهِم بُشْرَاكُمُ الْيَوْمَ جَنَّاتٌ تَجْرِي مِن تَحْتِهَا
الْأَنْهَارُ خَالِدِينَ فِيهَا ذَٰلِكَ هُوَ الْفَوْزُ الْعَظِيمُ ﴿١٢﴾

၅၇ : ၁၂ ။ ။ (အို, နဗီတမန်တော်) အကြင်နေ့တွင် အသင်သည် မုအ်မင်န်သက်ဝင်ယုံကြည်သူ ယောကျ်ား၊ မိန်းမတို့အား တွေ့မြင်ရပေမည်။ ထိုသူတို့၏ ရောင်ခြည်သည် ထိုသူတို့၏ ရှေ့၌လည်းကောင်း၊ ထိုသူတို့၏ လက်ျာဘက်၌လည်းကောင်း ပြေးလျက် ရှိပေမည်။ (၎င်းတို့သည် ဤသို့ ပြောကြားခြင်းကို ခံကြရပေမည်။) ယနေ့ အသင်တို့အဖို့ သတင်းကောင်းပင် (ဖြစ်၏။ အသင်တို့အဖို့) အကြင်ဥယျာဉ်များ ရှိကြပေသည်။ ယင်းဥယျာဉ်များ၏ အောက်မှ စမ်းချောင်းများသည် စီးတွေလျက် ရှိကြပေသည်။ ယင်းဥယျာဉ်များဝယ် (အသင်တို့သည်) အမြဲထာဝစဉ် နေထိုင်ကြရပေမည်။ ဤသည် ပင်လျှင် ကြီးကျယ်လှစွာသော အောင်မြင်မှုပင် (ဖြစ်၏။)

يَوْمَ يَقُولُ الْمُنَافِقُونَ وَالْمُنَافِقَاتُ لِلَّذِينَ آمَنُوا انظُرُونَا نَقْتَبِسْ
مِن نُّورِكُمْ قِيلَ ارْجِعُوا وَرَاءَكُمْ فَالْتَمِسُوا نُورًا فَضُرِبَ بَيْنَهُم
بِسُورٍ لَّهُ بَابٌ بَاطِنُهُ فِيهِ الرَّحْمَةُ وَظَاهِرُهُ مِن قِبَلِهِ الْعَذَابُ ﴿١٣﴾

၅၇ : ၁၃ ။ ။ အကြင်နေ့တွင် 'မုနာဖစ်က်' အယောင်ဆောင်မွတ်စ္စလင်မ် ယောကျ်ား၊ မိန်းမတို့သည် [အီမာန်ယုံကြည်မှု မရှိသည့်အတွက် လင်းရောင်ခြည်ပျောက်၍ အမှောင်ထုတွင် ကျန်ရစ်ခဲ့ကြသောအခါ] မုအ်မင်န်သက်ဝင် ယုံကြည်သူတို့အား

(ဤသို့) ပြောဆိုကြပေမည်။ (အချင်းတို့) 'အသင်တို့၏ အလင်းရောင်မှ (အနည်းငယ်မျှ) ရယူနိုင်ကြရန် အသင်တို့သည် ကျွန်ုပ်တို့အား လှည့်၍ ကြည့်ကြလေကုန်။ စောင့်ဆိုင်းကြလေကုန်။' (ထိုအခါ ၎င်းတို့သည် ဤသို့) ပြောဆိုပြန်ကြားခြင်းကို ခံကြရပေမည်။ 'အသင်တို့သည် နောက်သို့ ပြန်သွားကြပြီးလျှင် အလင်းရောင်ကို ရှာဖွေကြလေကုန်။' ထိုအချိန်၌ပင် ၎င်းတို့၏ အကြား၌ တံတိုင်းတစ်ခုကို စိုက်ထူလိုက်ပေမည်။ ယင်းတံတိုင်းတွင် တံခါးပေါက်တစ်ခု ရှိပေမည်။ ယင်းတံခါး၏ အတွင်းဘက်၌ ကရုဏာတော်သည် ရှိ၍၊ ၎င်း၏ အပြင်ဘက်၌မူ ပြစ်ဒဏ်သည် ရှိပေမည်။

يُنَادُونَهُمْ أَلَمْ نَكُن مَّعَكُمْ قَالُوا بَلَىٰ وَلَٰكِنَّكُمْ فَتَنتُمْ أَنفُسَكُمْ وَ
تَرَبَّصْتُمْ وَارْتَبْتُمْ وَغَرَّتْكُمُ الْأَمَانِيُّ حَتَّىٰ جَاءَ أَمْرُ اللَّهِ وَ
غَرَّكُم بِاللَّهِ الْغَرُورُ ﴿١٤﴾

၅၇ ： ၁၄ ။ ။ ထို 'မုနာဖစ်က်' အယောင်ဆောင်မွတ်စ်လင်မ်တို့သည် ထိုမုအ်မင်န်သက်ဝင်ယုံကြည်သူတို့အား 'ကျွန်ုပ်တို့သည် (လောကီဘဝတွင်) အသင်တို့နှင့်အတူ ရှိခဲ့ကြသည်မဟုတ်ပေ' ဟု ဟစ်အော် ပြောဆိုကြပေမည်။ (ထိုအခါ) ၎င်းမုအ်မင်န်သက်ဝင်ယုံကြည်သူတို့သည် (ဤသို့) ပြောဆို ဖြေကြားကြပေမည်။ 'အဘယ်ကြောင့် မဟုတ်ပါသနည်း။ (အမှန်ပင် အတူ ရှိခဲ့ပေသည်။) သို့ရာတွင် အသင်တို့သည် မိမိတို့ကိုယ်ကို ဖြားယောင်းခဲ့ကြပေသည်။ ၎င်းပြင် အသင်တို့သည် (အစ္စလာမ် သာသနာတော် ပျက်စီးရန်) စောင့်စား၍ နေခဲ့ကြပေသည်။ ထို့ပြင် အသင်တို့သည် အစ္စလာမ်သာသနာတော်နှင့် စပ်လျဉ်း၍ သံသယဖြစ်နေခဲ့ကြပေသည်။ အချည်းနှီးသော အာသာဆန္ဒများသည်လည်း အသင်တို့အား သွေးဆောင်ဖြားယောင်းခဲ့ပေသည်။ နောက်ဆုံးတွင် (သေခြင်းတရားဟူသော) အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်သည် ရောက်ရှိ၍ လာခဲ့ပေသည်။ ထို့ပြင် လွန်စွာ ဖြားယောင်းသူ (ဖြစ်သော ရှိုက်သွာန်) သည် အသင်တို့အား အလ္လာဟ်အသျှင်မြတ်နှင့် ပတ်သက်၍ သွေးဆောင်ဖြားယောင်းခဲ့ပေသည်။'

فَالْيَوْمَ لَا يُؤْخَذُ مِنكُمْ فِدْيَةٌ وَلَا مِنَ
الَّذِينَ كَفَرُوا مَأْوَاكُمُ النَّارُ هِيَ مَوْلَاكُمْ وَبِئْسَ الْمَصِيرُ ﴿١٥﴾

၅၇ ： ၁၅ ။ ။ သို့ဖြစ်ပေရာ ယနေ့၊ အသင်တို့ထံမှလည်း မည်သည့်လျော်ကြေးမျှ လက်ခံယူမည် မဟုတ်ပေ။ ကာဖိရ် သွေဖည်ငြင်းပယ်သူတို့ထံမှလည်း လက်ခံယူမည် မဟုတ်ပေ။ အသင်တို့ (အားလုံးတို့) ၏ နေရာထိုင်ခင်းသည် ('ဂျဟန္နမ်' ငရဲ) မီးဘုံပင် ဖြစ်၏။ ယင်း ('ဂျဟန္နမ်' ငရဲ) မီးသည်ပင်လျှင် အသင်တို့၏ အဆွေခင်ပွန်း ဖြစ်၏။ စင်စစ် ယင်းပြန်လည်ရာ စခန်းသည် ဆိုးယုတ်လှပေသည်။

أَلَمْ يَأْنِ لِلَّذِينَ آمَنُوا أَن تَخْشَعَ قُلُوبُهُمْ لِذِكْرِ اللَّهِ وَمَا نَزَلَ
مِنَ الْحَقِّ وَلَا يَكُونُوا كَالَّذِينَ أُوتُوا الْكِتَابَ مِن قَبْلُ فَطَالَ
عَلَيْهِمُ الْأَمَدُ فَقَسَتْ قُلُوبُهُمْ وَكَثِيرٌ مِّنْهُمْ فَاسِقُونَ ﴿١٦﴾

၅၇ : ၁၆ ။ ။ မုအ်မင်န်သက်ဝင်ယုံကြည်သူတို့အဖို့ အလ္လာဟ်အသျှင်မြတ်၏ အဆုံးအမတရားတော်၏ သတိပေးနှိုးဆော်ချက်၏ ရှေ့ဝယ်လည်းကောင်း၊ ကျရောက်လာပြီးဖြစ်သော အမှန်တရား၏ ရှေ့ဝယ်လည်းကောင်း၊ စိတ်နှလုံးများ ကိုင်းညွတ်ရန် အချိန်တန်ပြီမဟုတ်လော။ ထို့ပြင် ၎င်းတို့သည် အကြင်သူတို့ကဲ့သို့ မဖြစ်ကြရန် ထိုသူတို့သည် ကျမ်းဂန်ကို ချီးမြှင့်ပေးသနားတော်မူခြင်း ခံခဲ့ရလေ၏။ သို့ရာတွင် ၎င်းတို့အပေါ်ဝယ် အချိန်နှစ်ကာလသည် အခွန့်ရှည် ကြာညောင်းခဲ့သောအခါ၊ ၎င်းတို့၏ စိတ်နှလုံးများသည် ခက်ထန်မာကျော၍ လာခဲ့လေ၏။ ထို့ပြင် ၎င်းတို့တွင် မြောက်မြားစွာသော သူတို့သည် သွေဖည်ငြင်းပယ်သူများပင် ဖြစ်ကြကုန်၏။

اِعْلَمُوْٓا اَنَّ اللّٰهَ يُحْيِ الْاَرْضَ بَعْدَ مَوْتِهَا ۭ قَدْ بَيَّنَّا لَكُمُ الْاٰيٰتِ لَعَلَّكُمْ تَعْقِلُوْنَ ﴿١٧﴾

၅၇ : ၁၇ ။ ။ စေန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် ပထဝီမြေကို သေလွန်ခြောက်သွေ့ပြီးနောက်၊ ပြန်လည်၍ (စိမ်းလန်းစိုပြေ) ရှင်သန်စေတော်မူကြောင်းကို အသင်တို့သည် ကောင်းစွာ သိထားကြလေကုန်။ စေန်စင်စစ် ငါအသျှင်မြတ်သည် အသင်တို့ သိနားလည်ကြရန်အလို့ငှာ သက်သေလက္ခဏာတော်များကို ရှင်းလင်းဖော်ပြတော်မူခဲ့ပြီး ဖြစ်ပေသည်။

اِنَّ الْمُصَّدِّقِيْنَ وَالْمُصَّدِّقٰتِ وَاَقْرَضُوا اللّٰهَ قَرْضًا حَسَنًا يُّضٰعَفُ لَهُمْ وَلَهُمْ اَجْرٌ كَرِيْمٌ ﴿١٨﴾

၅၇ : ၁၈ ။ ။ စေန်စင်စစ် လှူဒါန်းကြကုန်သော ယောကျ်ား၊ မိန်းမတို့သည် အလ္လာဟ်အသျှင်မြတ်အား ကောင်းမြတ်သော (စေတနာနှင့်) ကြွေးမြီချေးငှားခဲ့ကြကုန်၏။ ယင်းအလှူဒါနသည် ၎င်းတို့အဖို့ ဆထက်တိုးစေခြင်းကို ခံရသည့်အပြင် ၎င်းတို့အဖို့ မြင့်မြတ်လှစွာသော အကျိုးသည်လည်း ရှိချေလိမ့်မည်။

وَالَّذِيْنَ اٰمَنُوْا بِاللّٰهِ وَرُسُلِهٖٓ اُولٰۗىِٕكَ هُمُ
الصِّدِّيْقُوْنَ ڰ وَالشُّهَدَاۗءُ عِنْدَ رَبِّهِمْ ۭ لَهُمْ اَجْرُهُمْ وَنُوْرُهُمْ ۭ وَ
الَّذِيْنَ كَفَرُوْا وَكَذَّبُوْا بِاٰيٰتِنَآ اُولٰۗىِٕكَ اَصْحٰبُ الْجَحِيْمِ ﴿١٩﴾

၅၇ : ၁၉ ။ ။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အားလည်းကောင်း ယုံကြည်ကြကုန်သော သူတို့သည်ပင်လျှင် ထိုသူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်၌ သစ္စာဝါဒီများသည်လည်းကောင်း၊ 'ရှဟီးဒ်' အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ အသက်စွန့်ခဲ့သော သူများသည်လည်းကောင်း ဖြစ်ခဲ့ကြကုန်၏။ ထိုသူတို့အဖို့ ထိုသူတို့၏ (ထူးကဲသော) အကျိုးသည်လည်းကောင်း၊ ထိုသူတို့၏ (ထူးကဲသော) ရောင်ခြည်သည်လည်းကောင်း ရှိပေမည်။ သို့ရာတွင် အကြင်သူသည် သွေဖည်ငြင်းပယ်ကြကုန်၏။ ၎င်းပြင် ငါအသျှင်မြတ်၏ သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြကုန်၏။ ထိုသူတို့မှာမူ 'ဂျဟန္နမ်' ငရဲဘုံသားများပင် ဖြစ်ကြကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ထိုနေ့သည် အောက်မေ့သတိရထိုက်ဖွယ် ကောင်းပေသည်။ အို၊ နဗီတမန်တော်) အကြင်နေ့တွင် အသင်သည် မုအ်မင်န်သက်ဝင်ယုံကြည်သူ ယောကျ်ား၊ မိန်းမတို့အား တွေ့မြင်ရပေမည်။ ထိုသူတို့၏ ရောင်ခြည်သည် ထိုသူတို့၏ ရှေ့၌လည်းကောင်း၊ ထိုသူတို့၏ လက်ယာဘက်၌လည်းကောင်း ပြေးလျက် ရှိပေမည်။ (ဤရောင်ခြည်သည် 'ပွလ်စွေရားသ်'တံတားပေါ်မှ ဖြတ်သန်းရန်အတွက် ၎င်းတို့နှင့်အတူ ရှိကြပေလိမ့်မည်။ ဆင့်ပြန်ချက်တစ်ရပ်၌ 'လက်ဝဲဘက်၌လည်း ရှိနေပေမည်'ဟူ၍လည်းကောင်း လာရှိထားပေသည်။ *[ဒုရ်ရေမန်ဆူးရ်ကျမ်း]*

'လက်ယာဘက်အရပ်၌'ဟူ၍ အထူးပြု၍ သုံးနှုန်းထားခြင်းအကြောင်းမှာ 'ထိုဘက်အရပ်၌ ရောင်ခြည်များစွာ ရှိနေပေမည်'ဟူသော အချက်ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားဟန် တူပေသည်။ ထို့ပြင် ယင်းသို့ 'လက်ယာဘက်အရပ်' ဟူ၍ အထူးပြုထားခြင်း၏ ပဟေဠိဆန်သောအချက်မှာ '၎င်းတို့၏ ကျင့်စဉ်မှတ်တမ်းသည် လက်ယာဘက်မှ ပေးအပ်ခြင်း ခံရမည်ဟူသော နိမိတ်လက္ခဏာ'ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားဟန် တူပေသည်။ အရှေ့ဘက်မှ ရောင်ခြည်ရှိခြင်းသည် ဤသို့သော အချိန်အခါမျိုး၌ အများသိသော ဓလေ့တစ်ရပ်ပင် ဖြစ်သည်။ ၎င်းတို့သည် ဤသို့ ပြောကြားခြင်းကို ခံကြရပေမည်။) ယနေ့ အသင်တို့အဖို့ သတင်းကောင်းပင် (ဖြစ်၏။ အသင်တို့အဖို့) အကြင်ဥယျာဉ်များ ရှိကြပေသည်။ ယင်းဥယျာဉ်များ၏ အောက်မှ စမ်းချောင်းများသည် စီးတွေလျက်ရှိကြပေသည်။ ယင်းဥယျာဉ်များဝယ် (အသင်တို့သည်) အမြဲထာဝစဉ် နေထိုင်ကြရပေမည်။ ဤသည်ပင်လျှင် ကြီးကျယ်လှစွာသော အောင်မြင်မှုပင် (ဖြစ်၏။) 'ဤအချက်ကိုလည်း သတင်းပေးသော ပုံစံမျိုးဖြင့် ထိုအချိန်၌ ပြောဆိုခြင်း ခံကြရပေမည်။ သတင်းကောင်းပေးသောသူများသည် များသောအားဖြင့် ကောင်းကင်တမန်တော်များသာ ဖြစ်ပေမည်။ အဘယ်ကြောင့် ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌

تَتَنَزَّلُ عَلَيْهِمُ الْمَلٰٓئِكَةُ اَلَّا تَخَافُوْا وَلَا تَحْزَنُوْا وَاَبْشِرُوْا

(ကောင်းကင်တမန်တော်များသည် ထိုသူတို့ထံ ဆင်းသက်လာ၍ ဤသို့ ပြောဆိုနှစ်သိမ့်စေကြပေမည်။ အသင်တို့သည် စိုးရိမ်ခြင်းလည်း မရှိကြကုန်လင့်။ ပူဆွေးခြင်းလည်း မရှိကြကုန်လင့်။ ထို့ပြင် အသင်တို့သည် မိမိတို့ ကတိပေးခြင်း ခံခဲ့ကြရသော သုခဘုံရရှိသည့်အတွက် ဝမ်းမြောက်ကြလေကုန်။)
[၄၁ : ၃၀]

ဟူ၍ မိန့်တော်မူထားပေသည်။ သို့မဟုတ် အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် ၎င်းတို့အား မိန့်တော်မူပေလိမ့်မည်။)

(ဤနေ့သည် ထိုကဲ့သို့သော နေ့ဖြစ်ပေသည်။) အကြင်နေ့တွင် 'မုနာဖစ်က်'(မှတ်စွလင်မ်အယောင်ဆောင်) ယောကျ်ား၊ မိန်းမတို့သည် (အီမာန်သက်ဝင် ယုံကြည်မှုမရှိသည့်အတွက် လင်းရောင်ခြည်ပျောက်၍

အမှောင်ထုတွင် ကျန်ရစ်ခဲ့ကြသောအခါ မုအ်မင်န်) သက်ဝင်ယုံကြည်သူတို့အား (‘ပွလ်စေရားသ်’တံတား ပေါ်ဝယ် ဤသို့) ပြောဆိုကြပေမည်။ (အချင်းတို့) အသင်တို့၏ အလင်းရောင်မှ (အနည်းငယ်မျှ) ရယူနိုင်ကြရန် အသင်တို့သည် ကျွန်ုပ်တို့အား လှည့်၍ ကြည့်ကြလေကုန်။ စောင့်ဆိုင်းကြလေကုန်။ (ဤသည် ထိုအချိန်၌ ဖြစ်ပေါ်လာပေလိမ့်မည်။ မွတ်စ္စလင်မ်တို့သည် မိမိတို့၏ ကျင့်ကြံပြုမူမှုများနှင့် အီမာန်၏ ‘ဗရ်ကသ်’ မင်္ဂလာတော်ကြောင့် ရှေ့သို့ တိုးသွားကြကာ ‘ပွလ်စွေရားသ်’တံတားပေါ်တွင် မုနာဖစ်က်တို့သည်လည်း မွတ်စ္စလင်မ်များနှင့်အတူ တက်ရောက်ကြပေလိမ့်မည်။ အနောက်အမှောင်ထုအတွင်း၌ ကျန်ရစ်၍ နေကြပေလိမ့်မည်။ ၎င်းတို့၏ထံ၌ လင်းရောင်ခြည်အနည်းငယ် ရှိပေမည်။ တစ်ဖန် ထိုလင်းရောင်ခြည်သည် ငြိမ်းသွားလိမ့်မည်။ လင်းရောင်ခြည်အား ချီးမြှင့်ခြင်း၏ အမြော်အမြင်မှာ ဤသို့သော အကြောင်းကြောင့် ဖြစ်ပေသည်။ ကမ္ဘာလောက၌ အပေါ်ယံကျင့်ကြံပြုမူမှုများကို ထောက်ရှု၍ ၎င်းတို့သည် မွတ်စ္စလင်မ်တို့နှင့်အတူ နေထိုင်လေ့ရှိကြပေသည်။ ဤအတွက်ကြောင့် ၎င်းတို့အဖို့ ဦးစွာပထမ ထိုအပေါ်ယံ ကျင့်ကြံဆောင်ရွက်ချက်များ၏ အကြောင်းကြောင့် လင်းရောင်ခြည်ကို ရရှိကြပေလိမ့်မည်။ တစ်ဖန် နှလုံးသား၌ အီမာန်နှင့် ထောက်ခံမှုကို မပြုသည့်အကြောင်းခံကြောင့် ထိုလင်းရောင်ခြည်သည် ပပျောက်သွားပေလိမ့်မည်။ ထို့ပြင် ၎င်းတို့၏ ဖြားယောင်းသွေးဆောင်မှု၏ ပြစ်ဒဏ်သည်လည်း ဤသို့သာလျှင် ဖြစ်သည်။ အကြောင်းမှာ ဦးစွာပထမ ၎င်းတို့သည် လင်းရောင်ခြည်ကို ရရှိပေလိမ့်မည်။ တစ်ဖန် တွေးခေါ်မှုနှင့် ဆန့်ကျင်စွာ ပပျောက်သွားပေလိမ့်မည်။ အချုပ်မှာ ၎င်းတို့သည် မွတ်စ္စလင်မ်တို့အား စောင့်ဆိုင်းရန် ပြောဆိုကြပေလိမ့်မည်။ (ထိုအခါ ၎င်းတို့သည် ဤသို့) ပြောဆိုပြန်ကြားခြင်းကို ခံကြရပေမည်။ (ဤသို့ ပြောဆိုပြန်ကြားသော သူတို့သည် ကောင်းကင်တမန်တော်များ ဖြစ်သည်ဖြစ်စေ၊ (သို့မဟုတ်) မုအ်မင်န်များဖြစ်သည်ဖြစ်စေ) အသင်တို့သည် နောက်သို့ ပြန်သွားကြပြီးလျှင် (ထိုနေရာမှ) အလင်းရောင်ကို ရှာဖွေကြလေကုန်။

ဒုရ်မန်စူးရ်၏ ဆင့်ပြန်ချက်နှင့်အညီ ယင်းနောက်၏ အလိုသဘောမှာ ထိုနေရာဖြစ်သည်။ အကြင်နေရာသည် လွန်စွာ မှောင်မိုက်ပြီးသည့်နောက် ‘ပွလ်စွေရားသ်’တံတားပေါ် တက်ရောက်ချိန်၌ လင်းရောင်ခြည်ကို ခွဲဝေပေးလိမ့်မည်။ ဆိုလိုသည်မှာ လင်းရောင်ခြည်ခွဲဝေသည့် နေရာသို့ သွားရောက်ကာ ရယူကြကုန်။ သို့ရှိရာ ၎င်းတို့သည် ထိုနေရာသို့ သွားရောက်ကြပေမည်။ ထိုနေရာ၌လည်း မည်သည့်အရာကိုမျှ မရရှိပါမူ တစ်ဖန် ဤနေရာသို့ ပြန်လာလိမ့်မည်။ တစ်ဖန် မွတ်စ္စလင်မ်တို့ထံသို့ မရောက်ရှိနိုင်ကြဘဲ သို့သာမက) ထိုအချိန်၌မှာပင် ၎င်းတို့ (နှစ်ဖွဲ့) ၏ အကြား၌ တံတိုင်းတစ်ခုကို စိုက်ထူလိုက်ပေမည်။ ယင်းတံတိုင်းတွင် တံခါးပေါက်တစ်ခု (လည်း) ရှိပေမည်။ (အကြင်တံခါးပေါက်၏ အခြေအနေသဏ္ဌာန်မှာ ဤသို့ပင် ဖြစ်သည်။) ယင်းတံခါး၏ အတွင်းဘက်၌ ကရုဏာသည် ရှိ၍ ၎င်း၏ အပြင်ဘက်၌မူ ပြစ်ဒဏ်သည် ရှိပေမည်။ (ဒုရ်ရေမန်းစူးရ်ကျမ်း၏ ဆင့်ပြန်ချက်နှင့်အညီ ဤတံတိုင်းကြီးသည် ‘အအ်ရားဖ်’ (ကြဝှန်းများ) ဖြစ်ပေသည်။ အတွင်းဘက်ပိုင်း၏ အလိုသဘောသည် မုအ်မင်န်တို့အား ညွှန်ပြသော ဘက်ဖြစ်၍ အပြင်ဘက်၏ အလိုသဘောသည် ကာဖိရ်များ၏ ဘက်သို့ ညွှန်ပြသော ဘက်ဖြစ်ပေသည်။ ‘ရဟ်မသ်’ ကရုဏာတော်၏ အလိုသဘောသည် ‘ဂျန္နသ်’ဖြစ်၍ ပြစ်ဒဏ်တော်၏ အလိုသဘောသည် ‘ဂျဟန္နမ်’

ဖြစ်ပေသည်။ ဤတံခါးပေါက်သည် စကားပြောဆိုရန်အတွက်လည်း ဖြစ်တန်ကောင်းသလို။ (သို့တည်း မဟုတ်) ထိုတံခါးမှ 'ဂျန္နသ်'၏ လမ်းသည် တည်ရှိနေပေသည်။ 'အအ်ရားဖ်' (ကြငှားနံများ) ၏ သုတေသန ပြုချက်ကို စူရာဟ် 'အအ်ရားဖ်' ရုကူအ် (၅) ၌ လွန်ခဲ့ပြီးဖြစ်ပေသည်။)

(အချုပ်မှာ ၎င်းတို့နှင့် မွတ်စ္စလင်မ်များကြားဝယ် တံတိုင်းကြီး ကွာခြားသွားသောအခါဝယ် ဤသူတို့ ကိုယ်တိုင်သည် အမှောင်ထုအတွင်း၌ ကျန်ရှိလျက်ရှိသောအခါဝယ် ထိုအချိန်၌) ထိုမုနာဖစ်က် အယောင်ဆောင် မွတ်စ္စလင်မ်တို့သည် ထိုမုအ်မင်န်သက်ဝင်ယုံကြည်သူတို့အား 'ကျွန်ုပ်တို့သည် (လောကီဘဝတွင်) အသင်တို့ နှင့်အတူ ရှိခဲ့ကြသည်မဟုတ်လော'ဟု ဟစ်အော်ပြောဆိုကြပေမည်။ (ကျင့်ကြံပြုမူဆောင်ရွက်ချက်များနှင့် နာခံမှုများ၌ အသင်တို့နှင့်အတူ အတူတကွ တည်ရှိနေခဲ့ကြသည်။ သို့ရှိရာ ယနေ့၌လည်း အတူတကွ တည်ရှိနေသင့်သည်။ ထိုအခါ) ၎င်းမုအ်မင်န်သက်ဝင် ယုံကြည်သူတို့သည် (ဤသို့) ပြောဆိုဖြေကြားကြ ပေမည်။ 'မှန်ပါသည်။ အဘယ်ကြောင့် မဟုတ်ပါသနည်း။ (အမှန်ပင် အတူရှိနေခဲ့ကြပါသည်။) သို့ရာတွင် (ဤသို့ ဖြစ်သွားခြင်းသည် မည်သူ့ကြောင့်နည်း။ အဘယ်ကြောင့်ဆိုသော် အပေါ်ယံ၌သာလျှင် အတူတကွ နေခဲ့ကြလေ့ ရှိသည်။ အသင်တို့၏ အတွင်းပိုင်း အခြေအနေသည်မှု) အသင်တို့သည် မိမိတို့ကိုယ်ကို ဖြားယောင်းခဲ့ကြပေသည်။ (ထိုဖြားယောင်းသွေးဆောင်မှုမှာ အသင်တို့သည် နဗီတမန်တော်မြတ် ﷺ နှင့် မွတ်စ္စလင်မ်တို့အား ရန်ငြိုးထားခဲ့ကြပေသည်။ ၎င်းတို့အပေါ် ဘေးဒုက္ခများ သက်ရောက်စေရန်၊ အစ္စလာမ် သာသနာတော် ပျက်စီးရန်) စောင့်စား၍ နေခဲ့ကြပေသည်။ (တောင့်တလျက် ရှိနေခဲ့ကြပေသည်။) ထို့ပြင် အသင်တို့သည် အစ္စလာမ်သာသနာတော် (မှန်ကန်ခြင်းနှင့်) စပ်လျဉ်း၍ သံသယဖြစ်နေခဲ့ကြပေသည်။

အချည်းနှီးသော အာသာဆန္ဒများသည်လည်း အသင်တို့အား ဖြားယောင်းသွေးဆောင်ခဲ့ပေသည်။ နောက်ဆုံးတွင် (သေခြင်းတရား) ဟူသော အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်သည် ရောက်ရှိ၍ လာခဲ့ ပေသည်။ (အချည်းနှီးသော အာသာဆန္ဒများ၏ အလိုသဘောမှာ အစ္စလာမ်သာသနာတော် တိမ်မြုပ်ပျောက် ကွယ်သွား၍ ကျွန်ုပ်တို့၏ ဘာသာသာသနာသည် မှန်ကန်ကာ မုချ လွတ်မြောက်အောင်မြင်မှုပေးမည့် အရာ ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်၏ အလိုသဘောမှာ သေခြင်းတရားဖြစ်ပြီး သက်တမ်း တစ်လျှောက်လုံး 'ကုဖ္ဖရ်'တည်းဟူသော သွေဖည်ငြင်းဆိုခြင်းအပေါ်၌သာလျှင် ဖွတ်မိတ်ကာ တည်ရှိနေ ပြီး 'သောင်ဗာဟ်' (အမှားဝန်ခံမှု) ကို မပြုခဲ့ကြပေ။) ထို့ပြင် လွန်စွာ ဖြားယောင်းသူ (ဖြစ်သော ရှိုက်သွာန်) သည် အသင်တို့အား အလ္လာဟ်အသျှင်မြတ်နှင့် ပတ်သက်၍ ဖြားယောင်းသွေးဆောင်ခဲ့ပေသည်။ (ထိုဖြားယောင်းသွေးဆောင်မှုမှာ အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့အား အရေးယူတော်မူမည် မဟုတ် ဟူ၍ ဖြစ်သည်။ တင်ပြချက်များအားလုံး၏ အချုပ်သဘောတရားမှာ ထိုသို့ ငြင်းဆိုမှုများကို ပြုသည့် အတွက်ကြောင့် အသင်တို့၏ အပေါ်ယံ အတူတကွရှိနေခြင်းသည် လွတ်မြောက်မှု ရရှိရန်အတွက် မလုံ လောက်ပေ။)

သို့ဖြစ်ပေရာ ယနေ့ အသင်တို့ထံမှလည်း မည်သည့်လျော်ကြေးမှ လက်ခံယူမည်မဟုတ်ပေ။ ကာဖိရ် သွေဖည်ငြင်းပယ်သော သူတို့ထံမှလည်း လက်ခံယူမည်မဟုတ်ပေ။ (ဆိုလိုသည်မှာ ပဌမအချက်သည်မှု

လျော်ကြေးပေးရန်အတွက် အသင်တို့ထံ၌ တစ်စုံတစ်ရာပူ၍မျှပင် မရှိပေ။ သို့ရာတွင် အကယ်၍ ရှိသည်ဟု ထားဘိဦး။ သို့တစေပြားလည်း လက်ခံခြင်းခံရမည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ဤဌာနေသည် အကျိုးအစားပေးသော လောကဖြစ်၍ ကျင့်ကြံဆောင်ရွက်ရမည့် လောကဌာနမဟုတ်ပေ။ ထို့နောက်) အသင်တို့ (အားလုံးတို့) ၏ နေရာထိုင်းခင်းသည် ('ဂျဟန္နမ်' ငရဲမီးဘုံပင်ဖြစ်၏။ ယင်း (ဂျဟန္နမ်ငရဲ) မီးသည်ပင်လျှင် အသင်တို့၏ (အဖို့ ထာဝရ) အဆွေခင်ပွန်းဖြစ်၏။ စင်စစ် ယင်းပြန်လည်ရာ စခန်းသည် (အမှန်တကယ်ပင်) ဆိုးယုတ်လှပေသည်။ (ဤ 'ဖလ်ယောင်းမ' ဟူသော ပြောကြားချက်သည် မုအ်မင်န်တို့၏ ပြောဆိုချက်လည်း ဖြစ်နိုင်သလို သို့တည်းမဟုတ် အလ္လာဟ်အသျှင်မြတ်၏ မိန့်ကြားချက်လည်း ဖြစ်နိုင်ပေသည်။ ဤအထက်တင်ပြပါ အချက်များအားလုံးမှ 'အကြင်အီမာန်၌ အရေးကြီးလိုအပ်သော နာခံမှုများ နည်းပါးနေမည်ဆိုပါက အီမာန်မရှိသည့်အလား ဖြစ်သည်။ သို့ရာတွင် ပြည့်လည်း မပြည့်စုံပေ' ဟူသော အချက်ကို အတည်ပြု၍ ရရှိပေသည်။)

(ထို့ကြောင့် တင်ပြလျက်ရှိသော အာယသ်တော်အတွင်း၌ ထိုအချက်အား ပြီးပြည့်စုံရန်အတွက် ခြိမ်းခြောက်သော အသွင်သဏ္ဍာန်မျိုးဖြင့် မွတ်စ္စလင်မ်) တို့အား မိန့်မြွက်ထားသည်မှာ) မုအ်မင်န်သက်ဝင်ယုံကြည်သူ (တို့ထဲမှ အကြင်သူတို့သည် အရေးကြီးသော နာခံမှုများကို နည်းပါးစွာ ဆောင်ရွက်ကြပေသည်။ ပမာဆိုရသော် ပြစ်မှုဒုစရိုက်ကို ကျူးလွန်သော မွတ်စ္စလင်မ်တို့၏ အခြေအနေဖြစ်ပေသည်။ သို့ရှိရာမည်ကဲ့သို့နည်း။ ၎င်းတို့) အဖို့ (ယခုအချိန်၌လည်း) အလ္လာဟ်အသျှင်မြတ်၏ အဆုံးအမတရားတော်၏ သတိပေးနှိုးဆော်ချက်၏ ရှေ့ဝယ်လည်းကောင်း၊ (အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ) ကျရောက်လာပြီးဖြစ်သော အမှန်တရား၏ရှေ့ဝယ်လည်းကောင်း (အကြောင်းမှာ ထိုအရာသည်သာလျှင် အလ္လာဟ်အသျှင်မြတ်၏ အဆုံးအမတရား ဖြစ်ပေသည်။) စိတ်နှလုံးများ ကိုင်းညွတ်ရန် အချိန်တန်ပြီ မဟုတ်ပါလော။ (ဆိုလိုသည်မှာ နှလုံးသားမှ ခိုင်မာသော ယတိပြတ် ဆုံးဖြတ်ချက်ဖြင့် အရေးကြီးသော နာခံမှုများကို ပြုကျင့်မည်ဖြစ်ကြောင်းနှင့် ပြစ်မှုဒုစရိုက်များကို စွန့်လွှတ်ရန် ဖြစ်ပေသည်။ ထိုအချက်ကို 'ခုရှူအ်' (တည်ငြိမ်ရိုကျိုး ကိုင်းညွတ်ခြင်း) ဟူ၍ ခေါ်ဆိုရခြင်း အကြောင်းမှာမှာ နှလုံးသည် သာသနာတော်၏ ဘက်မှ လိုလားလျက် ရှိနေသော အခြေအနေပေါ်၌ တည်ရှိနေခြင်းကို ရိုကျိုးခြင်းဟု ခေါ်ဆိုပေသည်။ ပြစ်မှုဒုစရိုက်၏ ဘက်သို့ သွားရောက်ခြင်းသည် လှုပ်ရှားနေခြင်းနှင့် အလားသဏ္ဍာန်တူပေသည်။) ထို့ပြင် ('ခုရှူအ်' ဟူသော တင်ပြပါအဓိပ္ပာယ်အား နှောင့်ဆိုင်းစွာ ဆောင်ရွက်ခြင်းသည် အမှားဝန်ခံမှုကို ပြုရာ၌ နှောင့်ဆိုင်းနေခြင်းပင် ဖြစ်သည်။ ထိုသူတို့သည်) အကြင်သူတို့ကဲ့သို့ မဖြစ်ကြရန်၊ ထိုသူတို့သည် (မိုးကောင်းကင်ကျ) ကျမ်းဂန်ကို ချီးမြှင့်ပေးသနားတော်မူခြင်း ခံခဲ့ရလေ၏။ (ဆိုလိုသည်မှာ ယဟူဒီတို့နှင့် နစ္စရာနီတို့ ဖြစ်ပေသည်။ အကြောင်းမှာ ၎င်းတို့သည်လည်း မိမိတို့ သက်ဆိုင်ရာ ကျမ်းဂန်များ၏ လိုလားချက်များနှင့် ဆန့်ကျင်စွာ စိတ်ရိုင်း၏ အလိုကို လိုက်ခြင်းနှင့် ပြစ်မှုဒုစရိုက်များကို ကျူးလွန်မှုပြုရန် စတင်လာကြပေသည်။) သို့ရာတွင် (တစ်ဖန် ထိုအခြေအနေ၌မှာပင်) ၎င်းတို့အပေါ်ဝယ် အချိန်နှင့် ကာလသည် အခွန့်ရှည် ကြာညောင်းလာသောအခါ (ထို့နောက် 'သောင်ဗာဟ်' အမှားဝန်ခံမှုကို မပြုကြလေရာ တစ်ဖန် ထိုသို့ 'သောင်ဗာဟ်'

အမှားဝန်ခံမှုကို မပြုကြခြင်းဖြင့်) ၎င်းတို့၏ စိတ်နှလုံးသားများသည် (ကောင်းစွာ) ခက်ထန်မာကျော၍ လာခဲ့လေ၏။ (နူးညံ့သိမ်မွေ့မှုနှင့် ပျော့ပြောင်းမှုတို့သည်လည်း မရှိပေ။) ထို့ပြင် (၎င်း၏ အခြေအနေသည် ဤမျှခန့် အတိုင်းအတာထိတိုင် ရောက်ရှိသွားပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုမာကျောခြင်း၏ အကြောင်းခံကြောင့်) ၎င်းတို့တွင် မြောက်မြားစွာသော သူတို့သည် (ယနေ့) သွေဖည်ငြင်းပယ်သူများ ဖြစ်ကြကုန်၏။ (အဘယ်ကြောင့်ဆိုသော် ပြစ်မှုဒုစရိုက်ပြုခြင်းအပေါ် ဖွတ်မိုတ်ကာ တည်ရှိနေခြင်း၊ ထိုအရာကို ကောင်းသည်ဟု မှတ်ယူထားခြင်း၊ ထို့ပြင် မှန်ကန်သော နဗီတမန်တော်မြတ် ﷺ အား ရန်ငြိုးထားခြင်းသည် များသော အားဖြင့် 'ကုဖွရ်' သွေဖည်ငြင်းဆိုရန် အကြောင်းခံ ဖြစ်သွားပေသည်။ အလိုသဘောမှာ မွတ်စ္စလင်မ်တို့အဖို့ လျှင်မြန်စွာ 'သောင်ဗာဟ်'အမှားဝန်ခံမှုပြုရန် သင့်ပေသည်။ အဘယ်ကြောင့်ဆိုသော် အချို့သော အချိန်အခါမျိုး၌ 'သောင်ဗာဟ်' (အမှားဝန်ခံမှု) ပြုရန် စွမ်းအားပင် တစ်ဖန် ရရှိနိုင်စွမ်း မရှိတော့ပေ။ အချို့သော အချိန်အခါမျိုးတွင် 'ကုဖွရ်' သွေဖည်ငြင်းဆိုမှု၏ အဆင့်ထိတိုင် ရောက်ရှိသွားပေသည်။)

(ရှေ့၌ ဆက်လက်မိန့်မြွက်ထားသည်မှာ အကယ်၍ အသင်တို့၏ နှလုံးသားများအတွင်းဝယ် ပြစ်မှုဒုစရိုက်ကြောင့် ယို့ယွင်းမှုတစ်စုံတစ်ရာ အနည်းနှင့်အများမဆို ပေါ်ပေါက်လာပါမူ ယင်းသို့ ပေါ်ပေါက်လာခြင်းကို 'ယခု 'သောင်ဗာဟ်'ပြုခြင်းဖြင့် မည်သို့သော ပြုပြင်မှုများ ရရှိပေမည်နည်း'ဟူသော ထင်ယောင်ထင်မှားသော အချက်ကို မှတည်၍ 'သောင်ဗာဟ်'ပြုခြင်းမှ အဟန့်အတားဖြစ်နေသော အရာဟူ၍ မမှတ်ယူလေနှင့်။ သို့သာမက) ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် (ဤသို့ ဂုဏ်ရှိန်ဂုဏ်ဝါတော် အသျှင်မြတ်ဖြစ်တော်မူပေသည်။ အကြင်အသျှင်မြတ်သည်) ပထဝီမြေကို ခြောက်သွေ့ပြီးနောက် ပြန်လည်၍ (စိမ်းလန်းစိုပြေ) ရှင်သန်စေတော်မူကြောင်းကို အသင်တို့သည် ကောင်းစွာ သိထားကြလေကုန်။ (သို့ရှိရာ ဤနည်းနှင်နှင် 'သောင်ဗာဟ်'အမှားဝန်ခံမှုကို ပြုလိုက်သည့်အပေါ် မိမိ၏ ကရုဏာတော်ဖြင့် သေနေသော စိတ်နှလုံးသားကို ရှင်သန်ကောင်းမွန်အောင် ပြုပေးသနားတော်မူပေသည်။ သို့ရှိရာ မျှော်လင့်ချက်ကင်းမဲ့မှုကို မပြုသင့်ပေ။ အဘယ်ကြောင့်ဆိုသော်) ကေန်စင်စစ် ငါအသျှင်မြတ်သည် အသင်တို့ သိနားလည်ကြရန်အလို့ငှာ (ယင်းအချက်နှင့် စပ်လျဉ်း၍) သက်သေလက္ခာတော်များကို ရှင်းလင်းဖော်ပြတော်မူခဲ့ပြီး ဖြစ်ပေသည်။ (သက်သေလက္ခဏာတော်၏ အလိုသဘောမှာ ခံစားသိမြင် တွေ့ရှိနိုင်သော အချက်များထဲမှ ပထဝီမြေကို ရှင်သန်အောင် ပြုပေးလိုက်ခြင်းအချက် ဖြစ်ပေသည်။ အများကိန်းကို သုံးထားရခြင်းအကြောင်းမှာ ထပ်ဖန်တလဲလဲ ဖြစ်ပေါ်တည်ရှိနေခြင်းကြောင့် ဖြစ်ပေသည်။)

(ရှေ့၌ တင်ပြပါလှူဒါန်းသုံးစွဲမှု၏ အကျိုးထူးနှင့် စပ်လျဉ်း၍ မိန့်တော်မူထားပေသည်။ ဆိုလိုသည်မှာ) ကေန်စင်စစ် လှူဒါန်းကြကုန်သော ယောကျာ်း၊ မိန်းမတို့သည် (ဤသို့ လှူဒါန်းသောသူတို့သည်) အလ္လာဟ်အသျှင်မြတ်အား ကောင်းမြတ်သော (စေတနာနှင့်) ကြွေးမြီချေးငှားခဲ့ကြကုန်၏။ ယင်းအလှူဒါနသည် (အကျိုးစဝါးဗ်ကို ထောက်ရှု၍) ၎င်းတို့အဖို့ အထက်တိုးစေခြင်းကို ခံရသည့်အပြင် (ဆထက်ထမ်းပိုး တိုးပွားလာခြင်းနှင့်အတူ) ၎င်းတို့အဖို့ မြင့်မြတ်လှစွာသော အကျိုးသည်လည်း (စီမံပြီးသား) ရှိချေလိမ့်မည်။ (ယင်းအချက်၏ အကျယ်ချဲ့ဖွင့်ဆိုချက်ကို တင်ပြပြီးဖြစ်ပေသည်။)

ထို့ပြင် (ရှေ့၌ အထက်တင်ပြပါ အီမာန်၏ အကျိုးကျေးဇူးနှင့် စပ်လျဉ်း၍ မိန့်မြွက်ထားတော်မူပေသည်။) အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အားလည်းကောင်း (ပြည့်ဝစွာ) ယုံကြည်ကြကုန်သော သူတို့သည်ပင်လျှင် (ဆိုလိုသည်မှာ ယင်းမိန့်မြွက်ချက်အတွင်း၌ အီမာန်နှင့် တစ်စိုက်မတ်မတ် နာခံမှုကို အဆင့်အတန်း ပြည့်ပြည့်ဝဝဖြင့် လိုက်နာသောသူတို့ ဖြစ်သည်။) ထိုသူတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ထံတော်၌ သစ္စာဝါဒီများသည်လည်းကောင်း၊ 'ရှဟီးဒ်' အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ အသက်စွန့်ခဲ့သော သူများသည်လည်းကောင်း ဖြစ်ခဲ့ကြကုန်၏။ (အကြင်အချက်၏ အကြောင်း စူရာဟ် 'နေဆာအ်'၏ ရူကူအ်နံပါတ် (၉) ၌ တင်ပြခဲ့ပြီး ဖြစ်သည်။ ဆိုလိုသည်မှာ ဤပြည့်ဝသော အဆင့်အတန်းများသည် ပြည့်ဝသော အီမာန်၏ အကြောင်းခံကြောင့်သာလျှင် ရရှိပေသည်။ 'ရှဟီးဒ်'၏ ရလဒ်မှာ အလ္လာဟ်အသျှင်မြတ်နှင့် စပ်လျဉ်း၍ မိမိ၏ 'နဖ်စ်'စိတ်ရိုင်းကို ချိုးနှိမ်ခြင်း ဖြစ်ပေသည်။ ဆိုလိုသည်မှာ အကြင်သူသည် မိမိ၏ အသက်ကို အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ အသတ်မခံရနေလင့်ကစား အပ်နှင်းထားလိုက်ပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုအချက်သည် မိမိရွေးချယ်ပိုင်ခွင့်ရှိခြင်း၏ ပြင်ပသို့ ရောက်ရှိနေသော အချက် ဖြစ်ပေသည်။) ထိုသူတို့အဖို့ ('ဂျန္နသ်' ၌) ထိုသူတို့၏ (ထူးကဲသော) အကျိုးသည်လည်းကောင်း၊ 'ပွလ်စွေရားသ်' တံတားပေါ်၌) ထိုသူတို့၏ (ထူးကဲသော) ရောင်ခြည်သည်လည်းကောင်း ရှိပေမည်။ (ရှေ့၌ ကာဖိရ်များ၏ အကြောင်းကို တင်ပြထားပေသည်။)'သို့ရာတွင် အကြင်သူတို့သည် သွေဖည်ငြင်းပယ်ကြကုန်၏။ ၎င်းပြင် ငါအသျှင်မြတ်၏ သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။ ထိုသူတို့မှာမူ 'ဂျဟန္နမ်'ငရဲဘုံသားများပင် ဖြစ်ကြကုန်သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

يَوْمَ تَرَى الْمُؤْمِنِينَ وَالْمُؤْمِنَاتِ يَسْعَى نُورُهُم بَيْنَ أَيْدِيهِمْ وَبِأَيْمَانِهِم

(အကြင်နေ့တွင် အသင်သည် မုအ်မင်န်ယောကျ်ား၊ မိန်းမတို့အား တွေ့မြင်ရပေမည်။ ထိုသူတို့၏ ရောင်ခြည်သည် ထိုသူတို့၏ ရှေ့၌လည်းကောင်း၊ ထိုသူတို့၏ လက်ယာဘက်၌လည်းကောင်း ပြေးလျက်ရှိပေမည်။) *[၅၇ : ၁၂]*

ထိုနေ့၏ အလိုသဘောမှာ 'ကေယာမသ်'နေ့ ဖြစ်ပေသည်။ ဤသို့ လင်းရောင်ခြည် ချီးမြှင့်ခြင်း၏ အမှုကိစ္စမှာ 'ပွလ်စွေရားသ်'တံတားပေါ် မကူးဖြတ်မီ အချိန်အနည်းငယ်အလျှင် ဖြစ်ပေါ်လာမည့် အမှုကိစ္စဖြစ်ပေသည်။ ယင်းအချက်၏ အကျယ်ချဲ့ဖွင့်ဆိုချက်သည် ဟဒီးစ်တော်တစ်ရပ်တွင် ပါရှိထားပေသည်။ အကြင်ဟဒီးစ်တော်သည် အဗူအိုမာမား (ရဟ) သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားပေသည်။ အိဗ်နေကစီးရ် (ရဟ) သခင်ကြီးသည် ထိုဟဒီးစ်တော်ကို အိဗ်နေ့အဗီဟာသင်မ် (ရဟ) ၏ အကိုးအကားဖြင့်

ဆင့်ပြန်ထားပေသည်။ ဟဒီးစ်တော်သည် ရှည်လျားလှပေသည်။ အကြင်ဟဒီးစ်တော်အတွင်း၌ အဗူအိုမာမား (ရဟ) သခင်ကြီးသည် 'ဒမရှ်က်'မြို့ရှိ 'ဂျနာဇာဟ်'တစ်ခု၌ ပါဝင်ခြင်း၊ ထို 'ဂျနာဇာဟ်'မှ ပြီးဆုံးပြီးနောက် လူတို့ကို သေခြင်းတရားနှင့် တမလွန် 'အာခေရသ်'အား သတိရစေရန်အတွက် သေခြင်းတရား၊ 'ကဗရ်' နှင့် 'ဟရှရ်'၏ အချို့သော အခြေအနေများကို တင်ပြထားကြောင်းကို တင်ပြထားပေသည်။ ထိုပြောကြားချက်၏ အချို့သော ဝါကျများ၏ ဘာသာပြန်မှာ ဤသို့ပင် ဖြစ်သည်။

'အသင်တို့သည် 'ကဗရ်'များမှ 'ဟရှရ်'ကွင်းပြင်ထိတိုင် ရွှေ့ပြောင်းခြင်းကို ခံရပေလိမ့်မည်။ အကြင်ကွင်းပြင်၌ အခြေအနေစခန်းနှင့် ရပ်နားရာ ဌာနများ အမျိုးမျိုး ရှိပေမည်။ အချိန်အခြေအနေတစ်ရပ် ဤသို့ ဆိုက်ရောက်လာပေမည်။ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် အချို့သော မျက်နှာများသည် လင်းဝင်းဖြူစင်စွာပြုခြင်း ခံရ၍ အချို့သော မျက်နှာများ မှောင်မိုက်မဲနက်ကာ ပြုခြင်းခံရပေမည်။ တစ်ဖန် ဤသို့သော အချိန်အခြေအနေတစ်ရပ်မှာ ဤသို့လည်း ရောက်ရှိလာပေမည်။ 'ဟရှရ်'ကွင်းပြင်၌ ရောက်ရှိနေကြကုန်သော မုအ်မင်န်နှင့် ကာဖိရ်များအားလုံးတို့အပေါ်၌ လွန်စွာ မဲနက်သော အမှောင်ထုတစ်ရပ် လွှမ်းမိုးလာပေလိမ့်မည်။ မည်သူတစ်ဦးတစ်ယောက်မျှ အခြားတစ်စုံတစ်ရာကို တွေ့မြင်ရမည် မဟုတ်ပေ။ ထို့နောက် လင်းရောင်ခြည်ခွဲဝေခြင်းကို ခံရပေလိမ့်မည်။ မုအ်မင်န်တိုင်းအဖို့ လင်းရောင်ခြည် ချီးမြှင့်ခြင်း ခံရပေလိမ့်မည်။ အိဗ်နေအဗီဟာသင်မ် (ရဟ) သခင်ကြီး၏ အခြားသော ဆင့်ပြန်ချက် တစ်ရပ်အတွင်း၌ ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်မတ်စ်အူးဒ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားသည်မှာ မုအ်မင်န်များအဖို့ ဤရောင်ခြည်သည် ၎င်းတို့၏ ကျင့်ကြံဆောင်ရွက်ချက်နှင့်အညီ ချီးမြှင့်ခြင်းခံရပေမည်။ အချို့သော သူများ၏ လင်းရောင်ခြည်သည် တောင်ကဲ့သို့ဖြစ်ပြီး အချို့သည် စွန်ပလွံပင်ကဲ့သို့ဖြစ်ကာ အချို့သည် လူတစ်ရပ်စာ ဖြစ်လိမ့်မည်။ အနည်းဆုံးသော လင်းရောင်ခြည်မှာ ထိုသူ့အဖို့ ဖြစ်မည်။ အကြင်သူ၏ လက်မ၌ လင်းရောင်ခြည်ရှိနေပြီး ထိုရောင်ခြည်သည်လည်း တစ်ခါတစ်ရံ ထွန်းလင်း၍ တစ်တစ်ရံ ငြိမ်းသွားပေလိမ့်မည်။' *[အိဗ်နေကာဗီးရ်]*

တစ်ဖန် အဗူအိုမာမားဗါဟေလီ (ရဟ) သခင်ကြီးသည် 'မုနာဖစ်က်များနှင့် ကာဖိရ်များအဖို့ လင်းရောင်ခြည် ချီးမြှင့်ခြင်းခံရမည်မဟုတ်ကြောင်း' ကို မိန့်တော်မူလိုက်ပေသည်။ ဆက်လက်၍ မိန့်တော်မူသည်မှာ ယင်းဖြစ်အင်ကို ကုရ်အာန်ကျမ်းတော်မြတ်သည် ဥပမာတစ်ခု၏ ခေါင်းစီးဖြင့် ဤအောက်ဖော်ပြပါ အာယသ်တော်မြတ်အတွင်း၌ တင်ပြမိန့်မြွက်ထားပေသည်။

أَوْ كَظُلُمَٰتٍ فِى بَحْرٍ لُّجِّىٍّ يَغْشَىٰهُ مَوْجٌ مِّن فَوْقِهِۦ مَوْجٌ مِّن فَوْقِهِۦ سَحَابٌ ظُلُمَٰتٌۢ بَعْضُهَا فَوْقَ بَعْضٍ إِذَآ أَخْرَجَ يَدَهُۥ لَمْ يَكَدْ يَرَىٰهَا وَمَن لَّمْ يَجْعَلِ ٱللَّهُ لَهُۥ نُورًا فَمَا لَهُۥ مِن نُّورٍ

(သို့တည်းမဟုတ် ထိုကာဖိရ်သွေဖည်ငြင်းပယ်သောသူတို့၏ မကောင်းမှုများသည် အကြင်နက်ရှိုင်းသော ပင်လယ်သမုဒ္ဒရာအတွင်းရှိ အမိုက်မှောင်များနှင့် ပမာတူ၏။ ထိုပင်လယ်သမုဒ္ဒရာကို လှိုင်းတံပိုး

လွှမ်းမိုးလျက် ရှိ၏။ တစ်ဖန် ထိုလှိုင်းတံပိုး၏ ထက်ဝယ် အခြားသော လှိုင်းတံပိုးတစ်ခုလည်း ရှိပြန်၏။ တစ်ဖန် ထိုလှိုင်းတံပိုး၏ အထက်၌ မိုးတိမ်များလည်း ရှိနေပြန်၏။ (အချုပ်မှာ) အမိုက်မှောင်များအပေါ်၌ အမိုက်မှောင်ထပ်လျက်ပင် ရှိနေပေရာ (အမိုက်မှောင်အထပ်ထပ်၌ ရှိနေသော) အကြင်သူတစ်ဦးတစ်ယောက်သည် မိမိ၏လက်ကို ထုတ် (၍ ကြည့်) သောအခါ မြင်နိုင်ရန် လက္ခဏာမရှိချေ။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အလင်းရောင် ချီးမြှင့်တော်မမူတော့လျှင် အလင်းရောင် စိုးစဉ်းမျှကိုပင် ရရှိနိုင်မည်မဟုတ်ပေ။)

[၂၄ : ၄၀]

ထိုလင်းရောင်ခြည်၏ အခြေအနေသည် ကမ္ဘာလောက အလင်းရောင်ကဲ့သို့ မဟုတ်ပေ။ အကြင် ကမ္ဘာလောက၌ အလင်းရောင် မည်သည့်နေရာ၌မဆို ရှိသည်ဆိုလျှင် အနီးရှိသူတို့သည် ထိုအလင်းရောင်မှ အကျိုးကို ရယူခံစားကြပေသည်။ သို့သာမက အကန်းတစ်ဦးသည် မြင်သူတစ်ဦး၏ စက္ခုအလင်းဖြင့် မကြည့်ရှုနိုင်သလို မုအ်မင်န်သည် ထိုလင်းရောင်ခြည်ဖြင့် မည်သည့်ကာဖိရ်တစ်ဦး (သို့မဟုတ်) ဖာစစ်က် တစ်ဦးသည် အကျိုးရယူ မခံစားနိုင်ကြပေ။ *[အိဗ်နေကာစီးရ်]*

ဟာဇရသ်အဗူအိုမာမား (ရဟ) သခင်ကြီး၏ ထိုဟာဒီးစ်တော်မှ 'အကြင်နေရာဌာန၌ အလွန် မှောင်မိုက်သော အမှောင်ထု ရောက်ရှိလာပြီးနောက် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ မုအ်မင်န်အမျိုးသားနှင့် အမျိုးသမီးများကြားဝယ် လင်းရောင်ခြည်ကို ခွဲဝေပေးကြပေလိမ့်မည်။ ထိုအချိန်မှစ၍ ကာဖိရ်များနှင့် မုနာဖစ်က်တို့သည် ထိုလင်းရောင်ခြည်မှ လက်မဲ့ ဖြစ်နေကြပေလိမ့်မည်။ ၎င်းတို့အဖို့ မည်သည့်အမျိုးအစား လင်းရောင်ခြည်ကိုမျှပင် ရရှိမည်မဟုတ်ကြောင်း' ကို သိရှိရပေသည်။

သို့ရာတွင် သွဗ်ရာနီသခင်ကြီးသည် အိဗ်နေအဗ္ဗားစ် ﵄ သခင်ကြီးထံမှ မရ်ဖူးအ် ဆင့်ပြန်ချက် တစ်ရပ်ကို ဆင့်ပြန်ထားပေသည်။ တမန်တော်မြတ် ﷺ သည် ဤသို့ အောက်ဖော်ပြပါအတိုင်း မိန့်မြွက် ထားတော်မူပေသည်။

'ပွလ်စွေရားသ်' တံတားအနီး၌ အလ္လာဟ်အသျှင်မြတ်သည် မုအ်မင်န်တိုင်းအား လင်းရောင်ခြည်ကို ချီးမြှင့်ပေလိမ့်မည်။ မုနာဖစ်က်တိုင်းကိုလည်း ချီးမြှင့်ပေလိမ့်မည်။ သို့ရာတွင် ဤမုနာဖစ်က်တို့သည် 'စွေရားသ်' တံတားပေါ်သို့ ရောက်ရှိသွားကြသောအခါ မုနာဖစ်က်တို့၏ လင်းရောင်ခြည်သည် ရုပ်သိမ်းခြင်းကို ခံရပေလိမ့်မည်။ *[အိဗ်နေကာစီးရ်]*

အထက်ပါဟာဒီးစ်တော်မှ မုနာဖစ်က်တို့အဖို့လည်း ကနဦး၌ လင်းရောင်ခြည်ကို ပေးအပ်ခြင်း ခံရပေလိမ့်မည်။ သို့ရာတွင် 'စွေရားသ်'တံတားပေါ်သို့ ရောက်ရှိမှသာ ဤလင်းရောင်ခြည်သည် ရုပ်သိမ်းယူတော်မူခြင်း ခံရပေလိမ့်မည်။ အစကတည်းကပင် ၎င်းတို့အဖို့ လင်းရောင်ခြည်ကို ပေးအပ်ခြင်း မခံရသည် ဖြစ်စေ၊ (သို့မဟုတ်) ရရှိကာ ငြိမ်းသွားသည်ဖြစ်စေ၊ မည်သို့သော အခြေအနေ၌မှာပင်မဆို ထိုအချိန်၌ ၎င်းတို့သည် မုအ်မင်န်တို့အား 'အနည်းငယ် ရပ်တန့်ကြကုန်။ ကျွန်ုပ်တို့သည်လည်း အသင်တို့၏ လင်းရောင်ခြည်မှ အကျိုးအချို့ကို ရယူခံစားကြမည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ကမ္ဘာလောက၌လည်း နမာဇ်၊ 'ဇကားသ်'၊ 'ဟဂျ်' နှင့် 'ဂျီဟားဒ်' တို့ အားလုံး၌ အသင်တို့နှင့် ပူးပေါင်းကာ ပါဝင်

ခဲ့ပေသည်’ဟူ၍ အသနားခံကာ ပြောဆိုကြပေလိမ့်မည်။ သို့ရှိရာ ယင်းမုနာဖစ်က်တို့ကို ထိုအသနားခံ တင်ပြချက်၏ တုန့်ပြန်မှုကို မနှစ်မြို့သော အသွင်သဏ္ဍာန်ဖြင့် ပြန်လည်၍ ဖြေကြားခြင်းကို ခံကြရပေမည်။ အကြင်အချက်၏ အကြောင်း ရှေ့၌ တင်ပြထားပေသည်။ မုနာဖစ်က်တို့အဖို့ သင့်တော်သော အခြေအနေမှာ လည်း ‘ဦးစွာပထမ ၄င်းတို့အဖို့လည်း မွတ်စ္စလင်မ်များကဲ့သို့ပင် လင်းရောင်ခြည်ကို ရရှိကာ တစ်ဖန် ရုပ်သိမ်းခြင်း ခံသင့်ပေသည်’ဟူ၍ ဖြစ်သည်။ ၄င်းတို့သည် ကမ္ဘာလောက၌ အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ်တမန်တော်မြတ်ကို ဖြားယောင်းသွေးဆောင်မှုပြုရန် အပတ်တကုတ် ကြိုးစားကြသကဲ့သို့ ၄င်းတို့ အားလည်း ‘ကေယာမသ်’နေ့တွင် ‘တစ်ဦးတစ်ယောက်အား ဖြားယောင်းသွေးဆောင်ရန်အတွက် အလင်း ရောင်အချို့ကို ပြကာ ငြိမ်းသတ်စေလိုက်သည်’ ဟူသော အပြုအမူမျိုးကဲ့သို့ပင် ပြန်လည်ပြုတော်မူခြင်း ခံရပေလိမ့်မည်။ ပမာဆိုရသော် ၄င်းတို့နှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ ဤသို့ မိန့်တော် မူထားပေသည်။

يُخٰدِعُوْنَ اللّٰهَ وَهُوَ خَادِعُهُمْ

(အလ္လာဟ်အသျှင်မြတ်အား လိမ်လည် လှည့်ဖြားကြကုန်၏။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ် သည်ပင် ၄င်းတို့အား လှည့်ဖြားထားတော်မူပေသည်။) [၄ ; ၁၄၂]

အေမာမ်ဗဂဝီ (ရဟ) သခင်ကြီးက အမိန့်ရှိသည်မှာ ထိုလှည့်ဖြားခြင်း၏ အလိုသဘောမှာ ‘ပထမ ရောင်ခြည်တော် ပေးအပ်ခြင်းခံရ၍ လုံးဝ ထိုရောင်ခြည်အား လိုအပ်ချက်ရှိနေသော အချိန်၌ ရုပ်သိမ်းခြင်း ခံရပေလိမ့်မည်’ဟူ၍ ဖြစ်သည်။ ဤအချိန်သည် ‘မုအ်မင်န်များမှာလည်း ကျွန်ုပ်တို့၏ လင်းရောင်ခြည် အား ရုပ်သိမ်းခြင်းခံရမည်လော’ဟူ၍ စိုးရိမ်မကင်း ဖြစ်မိနေသော အချိန်သည်သာလျှင် ဖြစ်ပေသည်။ ထို့ကြောင့် ယင်းမုအ်မင်န်တို့သည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ ‘ကျွန်ုပ်တို့၏ လင်းရောင်ခြည် ကို အဆုံးထိတိုင် ပြည့်ဝစွာ ချီးမြှင့်ပေးသနားတော်မူပါ’ဟူ၍ ဆုမွန်တောင်းခံကြပေလိမ့်မည်။ အကြင်အချက် ၏ အကြောင်း ဤအာယသ်တော်တွင် တင်ပြထားပေသည်။

يَوْمَ لَا يُخْزِي اللّٰهُ النَّبِيَّ وَالَّذِيْنَ اٰمَنُوْا مَعَهٗ نُوْرُهُمْ يَسْعٰى بَيْنَ
اَيْدِيْهِمْ وَبِاَيْمَانِهِمْ يَقُوْلُوْنَ رَبَّنَآ اَتْمِمْ لَنَا نُوْرَنَا

(ထိုနေ့တွင် အလ္လာဟ်အသျှင်မြတ်သည် နဗီတမန်တော်မြတ်အားလည်းကောင်း၊ ထိုနဗီတမန်တော် မြတ်နှင့်အတူ သက်ဝင်ယုံကြည်ခဲ့ကြသော သူတို့အားလည်းကောင်း အကျိုးယုတ်အရှက်ရ ဖြစ်စေတော်မူမည် မဟုတ်ပေ။ ၄င်းတို့၏ အလင်းရောင်မှာ ၄င်းတို့၏ ရှေ့၌လည်းကောင်း၊ လက်ယာဘက်၌လည်းကောင်း ပြေးလျက် ရှိပေမည်။ ၄င်းတို့မှာ ဤသို့ လျှောက်ထားပန်ကြားလျက် ရှိကြမည်။ ‘အို၊ ကျွန်တော်မျိုးတို့ အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အဖို့ ကျွန်တော်မျိုးတို့၏ အလင်းရောင် ကို အဆုံးတိုင်အောင် ထားရှိတော်မူပါ။’) [၆၆ ; ၈]

မွတ်စ္စလင်မ်ကျမ်း၊ အဟ်မဒ်ကျမ်းနှင့် ဒါးရေကွသ္ဒ်နီကျမ်း၌ ဟဇရသ်ဂျာဗိရ်ဗင်န်အဗ်ဒွလ္လာဟ် (ရဟ) သခင်ကြီးထံမှ ဆင့်ပြန်ထားသော မရ်ဖူးအ် ဟဒီးစ်တော်တစ်ရပ် လာရှိထားပေသည်။ အစကနဦး၌ မုအ်မင်န် နှင့် မုနာဖစ်က် လူတန်းစားနှစ်ရပ်စလုံးတို့အဖို့ လင်းရောင်ခြည် ပေးအပ်ခြင်းခံရပေလိမ့်မည်။ တစ်ဖန် 'စွေရားသ်'တံတားပေါ်သို့ ရောက်ရှိကာ မုနာဖစ်က်တို့၏ လင်းရောင်ခြည်သည် ရုပ်သိမ်းခြင်းကို ခံရပေလိမ့်မည်။

သဖ်စီးရေမဇ္ဖ်ဟရီကျမ်း၌ ထိုဆင့်ပြန်ချက်နှစ်ရပ်စလုံးအား ဤသို့ ညှိနိုင်းချက်ကို အောက်ဖော်ပြပါအတိုင်း တင်ပြထားပေသည်။ မုနာဖစ်က် အစစ်အမှန်တို့သည် တမန်တော်မြတ် ﷺ ၏ ခေတ်ကာလ၌ ရှိခဲ့ကြပေသည်။ ၎င်းတို့အဖို့ ကနဦးကတည်းကပင် ကာဖိရ်များကဲ့သို့ လင်းရောင်ခြည်သည် ရရှိမည်မဟုတ်ပေ။ သို့ရာတွင် တမန်တော်မြတ် ﷺ 'ဝဖားသ်'ဖြစ်သွားပြီးနောက် အွမ္မသ်ထုအတွင်း၌ ပေါ်ပေါက်လာသော မုနာဖစ်က်တို့ကို မုနာဖစ်က်ဟူ၍ အမည်မပေးထားရခြင်းအကြောင်းမှာ တမန်တော်မြတ် ﷺ အပေါ် 'ဝဟီ' ဗျာဒိတ်တော် ကျရောက်ခြင်း၏ ကွင်းဆက်ဇယားသည် ကုန်ဆုံးသွားပေသည်။ ငြင်းမရသော ဗျာဒိတ်တော်၏ အမိန့်မရှိဘဲ 'တစ်ဦးတစ်ယောက်နှင့် စပ်လျဉ်း၍' ထိုသူသည် နှလုံးသားမှ မယုံကြည်၍ နှုတ်လျှာဖြင့်သာ ဝန်ခံသည်ဟူ၍ အမိန့်ချ၍ မရရှိပေ။ ထို့ကြောင့် အွမ္မသ်ထုအတွင်း၌ 'တစ်ဦးတစ်ယောက်ကို မုနာဖစ်က်' ဟူ၍ ခေါ်ဆိုရန် မည်သူတစ်ဦးတစ်ယောက်အဖို့မျှ အခွင့်အရေးမရှိပေ။ သို့ရာတွင် 'မည်သူ၏ နှလုံးသားအတွင်း၌ အီမာန်ရှိ၍ မည်သူ၏ နှလုံးသား၌ အီမာန်မရှိသည်'ကို အလ္လာဟ်အသျှင်မြတ်သည် သိရှိတော်မူပေသည်။ သို့ရှိရာ ၎င်းတို့ထဲမှ အလ္လာဟ်အသျှင်မြတ်၏ အသိတော်တွင် မုနာဖစ်က်ဖြစ်ပြီး အပေါ်ယံတွင် မုနာဖစ်က်ဟူ၍ မထင်မှတ်ရသော သူတို့အား 'အစကနဦး၌ ၎င်းတို့ကို အလင်းရောင်ပေးအပ်၍ နောက်ပိုင်းတွင် ပြန်လည်၍ ရုပ်သိမ်းစေခြင်း' ၏ အမှုကို တစ်ပါတည်း ပြုမူဆောင်ရွက်တော်မူပေလိမ့်မည်။

ထိုအထက်တင်ပြပါ အမျိုးအစား မုနာဖစ်က်တို့သည် အွမ္မသ်ထုအတွင်း၌ 'ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်များတွင် ပြောင်းလွဲမှုကို ပြု၍ အဓိပ္ပာယ်များကို ဖျက်ဆီးပြောင်းလွဲကာ မိမိတို့၏ လိုရာသဘောကို ဆွဲယူမှု ပြုကြသော' သူများ ဖြစ်ကြပေသည်။ (ထိုအချက်များမှ ကင်းလွတ်ရန် အလ္လာဟ်အသျှင်မြတ်ထံ ခိုလှုံခွင့်ကို တောင်းခံပါ၏။)

'ဟရှ်ရ်' ကွင်းပြင်၌ လင်းရောင်ခြည်နှင့် အမှောင်ထုဖြစ်စေခြင်း၏ အကြောင်းခံများ

သဖ်စီးရေမဇ္ဖ်ဟရီကျမ်းတွင် ဤနေရာ၌ ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်တို့မှ 'ဟရှ်ရ်' ကွင်းပြင်၏ လင်းရောင်ခြည်နှင့် အမှောင်ထုဖြစ်စေခြင်း၏ အကြောင်းခံများကိုလည်း တင်ပြထားပေသည်။ အကြင်အချက်များသည် အသိပညာပိုင်းဆိုင်ရာ စိစစ်သုတေသနပြုခြင်းတို့ထက် သာပို၍ အရေးပါပေသည်။ ထိုအချက်များကို ဆင့်ပြန်ပေးမည်ဖြစ်သည်။ (သို့မှသာ အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့အဖို့လည်း ထိုရောင်ခြည်တော်အား ချီးမြှင့်ပေးသနားတော်မူရန် ဖြစ်ပေသည်။)

(၁) အဗူဒါဝူးဒ် (ရဟ) သခင်ကြီးနှင့် သိရ်မေဇီသခင်ကြီးတို့သည် ဟဇရသ်ဗုရိုက်ဒါး (ရဟ) သခင်ထံမှလည်းကောင်း၊ အိဗ်နေမာဂျာ (ရဟ) သခင်ကြီးသည် ဟဇရသ်အနတ်စ် (ရဟ) သခင်ကြီးထံမှ လည်းကောင်း ဤ 'မရ်ဖူးအ်'ဟဒီးစ်တော်ကို ဆင့်ပြန်ထားပေသည်။ တမန်တော်မြတ် ﷺ က 'ညဉ့်အမှောင်ထုအတွင်း၌ ဗလီဝတ်ကျောင်းတော်ရှိရာသို့ သွားသောသူတို့သည် 'ကေယာမသ်'နေ့၌ လင်းရောင်ခြည်ပြည့်စုံစွာ ရရှိမည်ဖြစ်ကြောင်းကို သတင်းကောင်းရယူကုန်လော့'ဟူ၍ မိန့်တော်မူပေသည်။ ယင်းစာစဉ်အကြောင်းအရာ ပါရှိသော ဆင့်ပြန်ချက်များသည် ဟဇရသ်စဟလ်ဗင်န်စအဒ်၊ ဇိုက်ဒ်ဗင်နှဟာရေစား၊ အိဗ်နေအဗ္ဗားစ်၊ အိဗ်နေအုမရ်၊ ဟာရေစားဗင်နှ်ဝဟဗ်၊ အဗူအိုမာမား၊ အဗူရ်ဒရ်ဒါး၊ အဗူစအီးဒ်၊ အဗူမူစာ၊ အဗူဟူရိုက်ရားနှင့် အာအေရှာဟ်သခင်မ အစရှိသော ဆွဟာဗာကြီးများထံမှလည်း ဆင့်ပြန်ချက် လာရှိထားပေသည်။ *[မဇ္ဇဟရီကျမ်း]*

(၂) မွတ်နဒ်အဟ်မဒ်ကျမ်းနှင့် သွာဗ်ရာနီကျမ်းတို့၌ ဟဇရသ်အိဗ်နေအုမရ် ؓ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားပေသည်။ တမန်တော်မြတ် ﷺ သည် ဤသို့ အောက်ဖော်ပြပါအတိုင်း မိန့်တော်မူထားပေသည်။

مَنْ حَافَظَ عَلَى الصَّلَوٰاتِ كانت لهٗ نوراً وّبرهاناً وّنجاةً يوم القيامة ومن لّم يحافظ عليها لم يكن لّهٗ نورٌ اوّلا برهاناً وّ لا نجاةً وّكان يوم القيامة مع قارون وهامان وفرعون

အကြင်သူသည် (၅) ကြိမ်နမာဇ်ကို တစ်စိုက်မတ်မတ် လေးစားစွာ ဆောက်တည်ပေသည်။ (ဆိုလိုသည်မှာ ထိုနမာဇ်များ၏ အချိန်များနှင့် အကျိုးပို၍ ရရှိသော အချက်များကို တစ်စိုက်မတ်မတ် သေဝပ်စွာဖြင့် ဆောက်တည်ပေမည်။)

၎င်းတို့အဖို့ ဤနမာဇ်သည် 'ကေယာမသ်'နေ့၌ 'နူးရ်'ရောင်ခြည် အထောက်အထားနှင့် လွတ်မြောက်မှု ရရှိအောင် ပြုပေးမည့်အရာ ဖြစ်ပေသည်။ အကြင်သူသည် ထိုနမာဇ်အပေါ် ထိန်းသိမ်းစောင့်ရှောက်မှု မပြုပါက ၎င်းအဖို့ လင်းရောင်ခြည် အထောက်အထားနှင့် လွတ်မြောက်အောင်မြင်မှု ရရှိမည်မဟုတ်ပေ။ ထို့ပြင် ၎င်းသည် ကာရူးန်၊ ဟာမာန်းနှင့် ဖိရ်အောင်နဲတို့နှင့်အတူ ရှိနေပေလိမ့်မည်။

(၃) သွဗ်ရာနီးသခင်ကြီးသည် အဗူစအီးဒ်သခင်ကြီးထံမှ ဆင့်ပြန်ထားသည်မှာ တမန်တော်မြတ် ﷺ သည် 'အကြင်မည်သူမဆို စူရာဟ် 'ကဟဖ်'ကို ဖတ်ရွတ်မည်ဆိုပါက 'ကေယာမသ်'နေ့တွင် ၎င်းအဖို့ မိမိ၏ နေရာမှ မက္ကာဟ်မြို့တော်အထိတိုင် ကျယ်ဝန်းလျက် ရှိနေမည့် အတိုင်းအတာထိတိုင် 'နူးရ်'ရောင်ခြည်ကို ရရှိပေလိမ့်မည်။ ဆင့်ပြန်ချက်တစ်ရပ်၌ လာရှိထားပြန်သည်မှာ 'အကြင်မည်သူမဆို သောကြာနေ့တွင် စူရာဟ် 'ကဟဖ်'ကို ဖတ်မည်ဆိုပါက 'ကေယာမသ်'နေ့တွင် ၎င်း၏ ခြေဖဝါးများမှ မိုးကောင်းကင်၏ အမြင့်ထိတိုင် 'နူးရ်'ရောင်ခြည်သည် လင်းဝင်းတောက်ပ၍ နေပေလိမ့်မည်။

(၄) အေမာမ်အဟ်မဒ် (ရဟ) သခင်ကြီးသည် ဟဇရသ်အဗူဟူရိုင်ရာဟ် ؓ သခင်ကြီးထံမှ ဆင့်ပြန်ထားသည်မှာ တမန်တော်မြတ် ﷺ သည် 'အကြင်သူသည် ကုရ်အာန်ကျမ်းတော်မြတ်၏ တစ်အာယသ်

တော်ကိုပင် ရွတ်ဖတ်မည်ဆိုပါက ထိုအာယသ်တော်မြတ်သည် ၄င်းအဖို့ 'ကေယာမသ်'နေ့၌ 'နူးရ်'ရောင်ခြည် အဖြစ် တည်ရှိနေပေလိမ့်မည်'ဟူ၍ အမိန့်ရှိထားပေသည်။

(၅) ဒိုင်လမီသခင်ကြီးသည် အဗူဟူရိုင်ရာဟ် ﷺ သခင်ကြီးထံမှ တမန်တော်မြတ် ﷺ ထိတိုင် ဆင့်ကဲဆင့်ကဲ ဆင့်ပြန်မှု ကွင်းဆက်ဇယား ရောက်ရှိသော ဆင့်ပြန်ချက်ဖြင့် ဆင့်ပြန်ထားသည်မှာ 'ငါကိုယ်တော့်အပေါ် 'ဒရူးဒ်'မေတ္တာ ပို့သခြင်းသည် 'ပွလ်ဆွေရားသ်'တံတားအပေါ် 'နူးရ်'ရောင်ခြည် ရရှိမည့်အကြောင်းခံ ဖြစ်ပေသည်'ဟူသော မိန့်မြွက်ချက်ပင် ဖြစ်ပေသည်။

(၆) သွဗ်ရာနီး (ရဟ) သခင်ကြီးသည် ဟဇရသ်အိုဗာဒါဗင်နဆ်စွာမိသ် ﷺ သခင်ကြီးထံမှ ဤဟဒီးစ်တော်ကို ဆင့်ပြန်ထားပေသည်။ တမန်တော်မြတ် ﷺ သည် 'ဟဂ်ျ'၏ ပညတ်ချက်များကို တင်ပြရင်း 'ဟဂ်ျ'နှင့် အွမ်ရာ'၏ 'အဲဟ်ရာမ်'မှ ပြီးဆုံးစေရန်အတွက် ခေါင်းတုံးပါမှု မြေကြီးပေါ်ကျရောက်သော ဆံခြည်မျှင်သည် 'ကေယာမသ်'နေ့၌ 'နူးရ်'ရောင်ခြည်အဖြစ် ဖြစ်ပေါ်တည်ရှိနေပေလိမ့်မည်။

(၇) မွစ်နဒ်ဗဇ်ဇားဇ်ကျမ်း၌ ဟဇရသ်အိဗ်နေမတ်စ်အူးဒ် ﷺ သခင်ကြီးထံမှ တမန်တော်မြတ် ﷺ ထိတိုင် ရောက်ရှိသော ဆင့်ကဲဆင့်ပြန်ချက်ဖြင့် ဆင့်ပြန်ထားသည်မှာ 'မီနာ၌ ခဲပေါက်ခြင်းသည် 'ကေယာမသ်'နေ့၌ 'နူးရ်'လင်းရောင်ခြည်အဖြစ် လင်းဝင်းနေပေလိမ့်မည်'ဟူ၍ ဖြစ်သည်။

(၈) သွဗ်ရာနီ (ရဟ) သခင်ကြီးသည် ကောင်းမွန်သော ဆင့်ကဲဆင့်ပြန်ချက်နှင့်အညီ ဟဇရသ် အဗူဟူရိုင်ရာဟ် ﷺ သခင်ကြီးမှ တမန်တော်မြတ် ﷺ ထိတိုင် ရောက်ရှိသော ဆင့်ကဲမှုနှင့် ဆင့်ပြန်ထား သည်မှာ 'အကြင်သူ၏ ဆံခြည်မျှင်သည် အစ္စလာမ်သာသနာတော်၏ အခြေအနေ၌မှာပင် ဖြူသွားသည် ဆိုပါက ထိုအရာများသည် ၄င်းအဖို့ 'ကေယာမသ်'နေ့တွင် 'နူးရ်'ရောင်ခြည် ဖြစ်ပေါ်နေပေလမ့်မည်'ဟူ၍ ဖြစ်သည်။

(၉) ဗဇ်ဇားဇ်သခင်ကြီးသည် ကောင်းမွန်သော ဆင့်ကဲဆင့်ပြန်ချက်နှင့်အတူ ဟဇရသ်အဗူ ဟူရိုင်ရာဟ် ﷺ သခင်ကြီးထံမှ တမန်တော်မြတ် ﷺ ထိတိုင် ရောက်ရှိသော ဆင့်ပြန်မှုနှင့်အတူ ဆင့်ပြန် ထားသည်မှာ 'အကြင်သူသည် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ သာသနာရေးစစ်ပွဲဆင်နွဲလျက် မြား တစ်ချောင်းပင် ပစ်မည်ဆိုပါက ၄င်းအတွက် 'ကေယာမသ်'နေ့တွင် 'နူးရ်'လင်းရောင်ခြည်အဖြစ် ဖြစ်ပေါ် နေလိမ့်မည်'ဟူ၍ ဖြစ်သည်။

(၁၀) ဗိုက်ဟကီးသခင်ကြီးသည် ရှုဗ်အုလ်အီမာန်းကျမ်း၌ ပြတ်တောက်မှုရှိသော ဆင့်ကဲဆင့်ပြန် မှု ကွင်းဆက်ဇယားနှင့်အတူ ဟဇရသ်အိဗ်နေအုမရ် ﷺ သခင်ကြီးထံမှ တမန်တော်မြတ် ﷺ ထိတိုင် ရောက်ရှိ သော ဆင့်ပြန်မှုနှင့်အတူ ဆင့်ပြန်ထားသည်မှာ 'ဈေးထဲ၌ အလ္လာဟ်အသျှင်မြတ်အား 'ဇိကိရ်'သတိရ တသသောသူတို့အဖို့ ၄င်းတို့၏ အမွေးအမျှင်တို့၏ အရေအတွက်နှင့်အမျှ 'ကေယာမသ်'နေ့တွင် ရောင်ခြည် တစ်ခုစီသည် ရှိနေပေမည်'ဟူ၍ ဖြစ်သည်။

(၁၁) သွဗ်ရာနီသခင်ကြီးသည် ဟဇရသ်အဗူဟူရိုင်ရာဟ် ﷺ သခင်ကြီးထံမှ တမန်တော်မြတ် ﷺ ထိတိုင် ရောက်ရှိသော ဆင့်ကဲဆင့်ပြန်ချက်ဖြင့် ဆင့်ပြန်ထားသည်မှာ 'အကြင်မည်သူ တစ်ဦးတစ်ယောက်မဆို

မွတ်စ္စလင်မ်တစ်ဦးတစ်ယောက်၏ ဘေးဒုက္ခကို ကင်းဝေးအောင် ပြုလိုက်မည်ဆိုပါက အလ္လာဟ်အသျှင်မြတ်သည် ၎င်းအဖို့ 'ပွလ်စွေရားသ်'တံတားအပေါ် 'နူးရ်'ရောင်ခြည်တော်၏ အစိတ်အပိုင်းနှစ်ရပ်အား ပြုပေးတော်မူပေလိမ့်မည်။ အကြင်ရောင်ခြည်တော်ဖြင့် အလ္လာဟ်အသျှင်မြတ်မှအပ အခြားမည်သူတစ်ဦးတစ်ယောက်မျှ မသိရှိသော အရေအတွက်ရှိသည့် စကြဝဠာကြီးတစ်ခုကို လင်းဝင်းတောက်ပစေလိမ့်မည်' ဟူ၍ ဖြစ်သည်။

(၅) ဗိုခါရီနှင့် မွတ်စ္စလင်မ်သခင်ကြီးသည် ဟဇရသ်အိဗ်နေအုမရ် ﷺ သခင်ကြီးထံမှသော်လည်းကောင်း၊ မွတ်စ္စလင်မ်သခင်ကြီးသည် ဟဇရသ်ဂျာဗိရ်သခင်ကြီးထံမှသော်လည်းကောင်း၊ ဟာကင်မ်သခင်ကြီးသည် ဟဇရသ်အဗူဟုရိုက်ရားနှင့် အိဗ်နေအုမရ်သခင်ကြီးထံမှသော်လည်းကောင်း၊ သွဗ်ရာနီးသခင်ကြီးသည် အိဗ်နေအဇေယားဒ်သခင်ကြီးထံမှသော်လည်းကောင်း ၎င်းတို့အားလုံးက ဆင့်ပြန့်ထားသည်မှာ တမန်တော်မြတ် ﷺ သည် ဤသို့ အမိန့်ရှိထားပေသည်။

اِيَّاكُمْ وَالظُّلْمَ فَاِنَّهٗ هُوَالظُّلُمٰتُ يَوْمَ الْقِيَامَةِ

(အသင်တို့သည် ညှဉ်းပန်းနှိပ်စက်ခြင်း၊ မတရားသမှုပြုခြင်းတို့မှ ရှောင်ရှားကြကုန်။ အဘယ်ကြောင့်ဆိုသော် မတရားသမှုပြုခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းသည်သာလျှင် 'ကေယာမသ်'နေ့၌ အမှောင်ထုအဖြစ် ဖြစ်ပေါ်နေပေလိမ့်မည်။)

(ထိုသို့သော အမှောင်ထုမျိုးများမှ ကင်းလွတ်ရန် အလ္လာဟ်အသျှင်မြတ် ခိုလှုံခွင့်ကို တောင်းဆို၍ 'ကေယာမသ်'နေ့တွင် ပြည့်ဝသော 'နူးရ်'ရောင်ခြည်တော် ရရှိရန် အလ္လာဟ်အသျှင်မြတ်ထံ တောင်းခံပါ၏။)

يَوْمَ يَقُوْلُ الْمُنٰفِقُوْنَ وَالْمُنٰفِقٰتُ لِلَّذِيْنَ اٰمَنُوا انْظُرُوْنَا نَقْتَبِسْ مِنْ نُّوْرِكُمْ

အကြင်နေ့တွင် 'မုနာဖစ်က်' အယောင်ဆောင်မွတ်စ္စလင်မ် ယောက်ျား၊ မိန်းမတို့သည် မုအ်မင်န်သက်ဝင်ယုံကြည်သူတို့အား ဤသို့ ပြောဆိုကြပေမည်။ အချင်းတို့ 'အသင်တို့၏ အလင်းရောင်မှ အနည်းငယ်မျှ ရယူနိုင်ကြရန် အသင်တို့သည် ကျွန်ုပ်တို့အား လှည့်၍ ကြည့်ကြလေကုန်။ စောင့်ဆိုင်းကြလေကုန်။)

[၅၇ : ၁၃]

قِيْلَ ارْجِعُوْا وَرَآءَكُمْ فَالْتَمِسُوْا نُوْرًا

(ထိုအခါ ၎င်းတို့သည် ဤသို့ ပြောဆိုပြန်ကြားခြင်းကို ခံကြပေမည်။ အသင်တို့သည် နောက်သို့ပြန်သွားကြပြီးလျှင် အလင်းရောင်ကို ရှာဖွေလေကုန်။) *[၅၇ : ၁၃]*

ဤပြောဆိုချက်ကို မုအ်မင်တို့က ဖြေကြားသည်လည်း ဖြစ်နိုင်သလို၊ သို့တည်းမဟုတ် ကောင်းကင်တမန်များကလည်း ဖြေကြားသည်လည်း ဖြစ်နိုင်ပေသည်။ ပမာဆိုရသော် အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးနှင့် ကသာဒဟ်သခင်ကြီးတို့ထံမှ ဆင့်ပြန့်ချက်နှစ်ရပ် ဆင့်ပြန့်ချက်အဖြစ် လာရှိထားပေသည်။)

فَضُرِبَ بَيْنَهُمْ بِسُوْرٍ لَّهُ بَابٌ بَاطِنُهُ فِيْهِ الرَّحْمَةُ وَظَاهِرُهُ مِنْ قِبَلِهِ الْعَذَابُ

(ထိုအချိန်၌ပင် ၎င်းတို့၏ အကြား၌ တံတိုင်းတစ်ခုကို စိုက်ထူလိုက်ပေမည်။ ယင်းတံတိုင်းတွင် တံခါးပေါက်တစ်ခု ရှိပေသည်။ ယင်းတံခါး၏ အတွင်းဘက်၌ ကရုဏာသည် ရှိ၍ ၎င်း၏ အပြင်ဘက်၌မူ ပြစ်ဒဏ်သည် ရှိပေမည်။) *[၅၇ : ၁၃]*

ဆိုလိုသည်မှာ မုအ်မင်န်များ၊ (သို့မဟုတ်) ကောင်းကင်တမန်တော်များ၏ ဖြေကြားချက်ကို ကြားသိ၍ မုနာဖစ်က်တို့သည် လင်းရောင်ခြည်ခွဲဝေပေးရာ နေရာဘက်ဆီသို့ ပြန်သွားကြပေလိမ့်မည်။ ထိုနေရာ၌ မည်သည့်အရာတစ်စုံတစ်ရာကိုမျှ မရရှိပါမူ တစ်ဖန် မုအ်မင်န်များရှိရာဆီသို့ ပြန်လာကြသောအခါ ဤသူတို့သည် မုအ်မင်န်များရှိရာဆီသို့ မရောက်ရှိကြတော့ပေ။ သို့သာမက ၎င်းတို့နှင့် မုအ်မင်န်တို့၏ ကြားဝယ် တံတိုင်းကြီးတစ်ခု စိုက်ထူခြင်းကို ခံရပေလိမ့်မည်။ မုအ်မင်န်များရှိနေသော ဘက်သည် ကရုဏာတော်ရှိ၍ မုနာဖစ်က်များရှိသော ဘက်သည် ပြစ်ဒဏ်တော်ရှိနေပေလိမ့်မည်။

ရဟုလ်မအာနီကျမ်းအတွင်း၌ အိဗ်နေဇိုက်ဒ်၏ အဆိုကို ဆင့်ပြန်ထားပေသည်။ ဤတံတိုင်းကြီးသည် မုအ်မင်န်များနှင့် ကာဖိရ်များ၏ ကြား၌ အဟန့်အတားမဖြစ် ပြုခြင်းခံထားရသော 'အအ်ရားဖ်' (ကြဋ္ဌာန်ဘုံ) တံတိုင်းကြီး ဖြစ်ပေသည်။ 'အအ်ရားဖ်'တံတိုင်းကြီးအပြင် အခြားသော တံတိုင်းတစ်ခု ဖြစ်ကြောင်းကိုလည်း အချို့သော အဖွင့်ရှင်များက သတ်မှတ်အတည်ပြုပေးထားကြပေသည်။ ထိုတံတိုင်း၌ တံခါးအားထားပေးထားရခြင်းအကြောင်းမှာ ထိုတံတိုင်း၏ တံခါးလမ်းကြောင်းမှ မုအ်မင်န်များနှင့် ကာဖိရ်များအကြား၌ အချင်းချင်း စကားပြောဆိုနိုင်ရန်အတွက်လည်း ဖြစ်နိုင်သလို သို့မဟုတ် မုအ်မင်န်များသည် ထိုလမ်းကြောင်းမှ ဖြတ်ကျော်ပြီးနောက် ပိတ်ခြင်း ခံရလိုက်သည်လည်း ဖြစ်နိုင်ပေသည်။

အကျိုးထူး ။ ။ ထိုလင်းရောင်ခြည်၏ အမှုကိစ္စနှင့် စပ်လျဉ်း၍ ကာဖိရ်များနှင့် ပတ်သက်ကာ မည်သည့်နေရာတစ်နေရာ၌မှာပင် မတင်ပြထားပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ထံဝယ် လင်းရောင်ခြည်ရထိုက်ဖွယ်ရာသည် တစ်စုံတစ်ရာမျှပင် မရှိပေ။ မုနာဖစ်က်တို့အဖို့ လင်းရောင်ခြည်နှင့် စပ်လျဉ်း၍ ဆင့်ပြန်ချက်နှစ်ရပ် လာရှိထားပေသည်။ ကနဦးကတည်းကပင် ၎င်းတို့အဖို့ လင်းရောင်ခြည် ရရှိမည်မဟုတ်ကြောင်း (သို့မဟုတ်) ရရှိပြီးနောက် 'ပွလ်စွေရားသ်'တံတားအပေါ် ဖြတ်သန်းသွားသောအချိန်၌ ငြိမ်းသတ်စေခြင်းကို ခံရပေမည်။ ၎င်းတို့နှင့် မုအ်မင်န်တို့၏ ကြားဝယ် တံတိုင်းကြီးတစ်ခု ခြားထားခြင်းကို ခံရပေလိမ့်မည်။ အထက်တင်ပြပါ စုစုပေါင်းအချက်မှ 'ပွလ်စွေရားသ်'တံတားကို အကြောင်းခံ၍ 'ဂျဟန္နမ်'၏ ကို ဖြတ်ခြင်းသည် မုအ်မင်န်တို့အတွက်သာ ဖြစ်ပြီး ကာဖိရ်များနှင့် မုရှ်ရစ်က်များသည် 'ပွလ်စွေရားသ်'တံတားအပေါ် တက်ရောက်ကြမည်မဟုတ်ကြောင်း၊ ၎င်းတို့သည် 'ဂျဟန္နမ်'၏ တံခါးလမ်းကြောင်းများမှ 'ဂျဟန္နမ်' အတွင်းသို့ ပစ်ချခြင်းခံရမည်ဖြစ်ကြောင်း၊ မုအ်မင်န်တို့သည် 'ပွလ်စွေရားသ်'တံတားအပေါ်မှ ဖြတ်သန်းသွားကြမည်ဖြစ်ခြင်းအကြောင်း၊ မိမိတို့၏ ပြစ်မှုဒုစရိုက်အချို့ကြောင့် 'ဂျဟန္နမ်'၌ ရက်အချို့နေရမည်ဖြစ်သော

အပြစ်ရှိသည့် မုအ်မင်န်တို့သည် ထိုတံတားအပေါ်မှ ကျကာ 'ဂျဟန္နမ်'သို့ ရောက်ရှိသွားမည်ဖြစ်ကြောင်း နှင့် ကျန်ရှိသော မုအ်မင်န်တို့သည် ငြိမ်းချမ်းစွာ ဖြတ်သန်းသွားလာကြကာ 'ဂျန္နသ်'သို့ ရောက်ရှိမည် ဖြစ်ကြောင်း'ဟူသော အချက်တို့ကို သိရှိရပေသည်။ ထိုအချက်အလက်တို့အား ရှားဟ်အဗ်ဒုလ်ဒေဟ်လဝီး သခင်ကြီးသည် ရှင်းလင်းစွာ တင်ပြထား၍ ဤနေရာ၏ ဖွင့်ဆိုချက်နှင့် စပ်လျဉ်း၍ ဒုရ်ရေမန်ဆူးရ်ကျမ်း အတွင်း၌လည်း ယင်းအချက်များကိုပင် အသာပေးကာ ဖော်ပြထားပေသည်။ (အလ္လာဟ်အသျှင်မြတ်သည် သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေ၏။)

اَلَمْ يَأْنِ لِلَّذِيْنَ اٰمَنُوْا اَنْ تَخْشَعَ قُلُوْبُهُمْ لِذِكْرِ اللّٰهِ وَمَا نَزَلَ مِنَ الْحَقِّ

(မုအ်မင်န်တို့အဖို့ အလ္လာဟ်အသျှင်မြတ်၏ အဆုံးအမတရားတော်၏ သတိပေးနှိုးဆော်ချက်၏ ရှေ့ဝယ် လည်းကောင်း၊ ကျရောက်လာပြီးဖြစ်သော အမှန်တရား၏ ရှေ့ဝယ်လည်းကောင်း စိတ်နှလုံးများ ကိုင်းညွတ် ရန် အချိန်တန်ပြီမဟုတ်လော။) *[၅၇ : ၁၆]*

နှလုံးသားရိုကျို့၊ ကိုင်းညွတ်ခြင်း၏ အလိုသဘောသည် စိတ်နှလုံးသားနူးညံ့ပျော့ပြောင်းခြင်း၊ တရားဒေသနာ ဆုံးမစကားများကို လက်ခံခြင်းနှင့် ထိုဒေသနာပါ အချက်အလက်တို့အား နာခံခြင်း ဖြစ်ပေသည်။ *[အိဗ်နေကဆီးရ်]*

ကုရ်အာန်ကျမ်းတော်မြတ်အဖို့ ရိုကျိုး၊ ကိုင်းညွတ်ခြင်းမှာ ထိုကျမ်းလာ ပညတ်ချက်များနှင့် ရှောင်ရန် ဆောင်ရန်တို့အား ပြည့်စုံစွာ လိုက်နာရန်အတွက် အသင့်ဖြစ်ခြင်း၊ ပညတ်ချက်အပေါ် လက်တွေ့ကျကျ ဆောင်ရွက်ရာ၌ မည်သည့်ပျင်းရိ၊ ပေါ့လျော့ချည့်နဲ့မှု၏ လမ်းကိုမျှ မရွေးချယ်ရန်ဖြစ်သည်။

[ရှုဟုလ်မအာနီ]

ဤသို့ ခြိမ်းခြောက်သတိပေးမှုသည် မုအ်မင်န်များအဖို့ ဖြစ်ပေသည်။ ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န် အဗ္ဗားစ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် အချို့သော မုအ်မင်န်များ၏ နှလုံးသားများအတွင်း၌ 'အမလ်' (ကျင့် ဆောက်တည်မှု) ကို ထောက်ရှု၍ ပျင်းရိမှု တစ်စုံတစ်ရာ ဖြစ်ပေါ်တည်ရှိလာသည်ကို သိမြင်လာသည့်အပေါ် ဤအထက်ဖော်ပြပါ အာယသ်တော်ကို ချပေးသနားတော်မူလိုက်ပေသည်' ဟူ၍ ဖြစ်သည်။ *[အိဗ်နေကဆီးရ်]*

အေမာမ်အအ်မရ်သခင်ကြီးက ဤသို့ အမိန့်ရှိထားပေသည်။ မဒီနာရွှေမြို့တော်သို့ ရောက်ရှိပြီးနောက် ဆွဟာဗာသာဝကကြီးများသည် ဝမ်းစာရှာဖွေရာတွင် အနည်းငယ် လွယ်ကူမှုများနှင့် သက်တောင့်သက်သာ ဖြစ်မှုများကို ရရှိလာကြပေသည်။ သို့ရှိရာ ကျင့်ကြံအားထုတ်မှု ဓလေ့အဖြစ် ရှိကြသော အချို့သောသူများ၏ ကျင့်ကြံဆောက်တည်မှုများ၌ လျော့နည်းပျင်းရိမှု တစ်စုံတစ်ရာကို မြင်တွေ့လာသောအခါဝယ် ဤအာယသ် တော်မြတ် ကျရောက်လာပေသည်။ *[ရှုဟုလ်မအာနီ]*

ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီး၏ တင်ပြပါ ဆင့်ပြန်ချက်အတွင်း၌ 'ဤခြိမ်းခြောက်သတိပေး ထားတော်မူသော အာယသ်တော်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ် ကျရောက်ပြီး (၁၃) နှစ် ကြာမြင့်ပြီး

သည့်နောက်မှ ကျရောက်လာတော်မူသော အာယသ်တော်ဖြစ်ကြောင်း'လည်း ပါရှိထားပေသည်။ (၎င်း၏ ထံမှ အိဗ်နေအဗီဟာသင်မ်သခင်ကြီးသည် ဆင့်ပြန်ထားပေသည်။) မှန်ကန်သော မွတ်စွလင်မ်ကျမ်းတွင် ဟဇရသ်အိဗ်နေမတ်စ်အူးဒ် (ရဟ) သခင်ကြီး၏ ဆင့်ပြန်ချက်မှာ ဤသို့ ဖြစ်သည်။ 'ကျွန်ုပ်တို့ အစ္စလာမ် သာသနာကို လက်ခံပြီး (၄) နှစ်ကြာမြင့်ပြီးနောက် ဤအာယသ်တော်ကို အကြောင်းခံ၍ ကျွန်ုပ်တို့အား ခြိမ်းခြောက်၊ သတိပေးတော်မူလိုက်ပေသည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော် မူပေသည်။)

မည်သို့ပင်ဖြစ်စေကာမူ မုအ်မင်န်တို့အား ဤသို့ ခြိမ်းခြောက်သတိပေးထားတော်မူခြင်း၏ အချုပ် သဘောတရားမှာ ၎င်းတို့အား ပြည့်စုံသော ရိုကျိုးယိမ်းယိုင်မှုနှင့် ကောင်းမြတ်သော အကျင့်သီလတို့ကို စောင့်ထိန်းရန်အတွက် အသင့်ရှိနေခြင်းအား သင်ကြားညွှန်ပြထားခြင်း ဖြစ်ပေသည်။ နှလုံးသား ရိုကျိုးမှု ရှိခြင်းသည်သာလျှင် အမှုကိစ္စ ကျင့်ကြံမှုအလုံးစုံတို့၏ အခြေခံမူတည်ချက် ဖြစ်ပေသည်။

ဟဇရသ်ရှဒ်ဒါးဒ်ဗင်န် အောက်စ်သခင်ကြီး၏ ဆင့်ပြန်ချက်၌ တမန်တော်မြတ် ﷺ သည် 'လူတို့ ထံမှ ပထမဦးဆုံး ရုပ်သိမ်းခြင်းခံရမည်ဖြစ်သော အရာမှာ ရိုကျိုးမှုဖြစ်ကြောင်း' ကို မိန့်ခွေထားပေသည်။

[အိဗ်နေကဆီးရ်]

မုအ်မင်န်တိုင်း သစ္စာရှင်နှင့် အသျှင်မြတ်လမ်းတော်၌ အသက်စွန့်လှူသော သူများ ဖြစ်ကြ ပါ၏လော

وَالَّذِينَ اٰمَنُوا بِاللّٰهِ وَرُسُلِهٖ اُولٰٓئِكَ هُمُ الصِّدِّيْقُوْنَ وَالشُّهَدَاءُ

(ထို့ပြင် အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အား လည်းကောင်း ယုံကြည်ကြကုန်သော သူတို့သည်ပင်လျှင် ထိုသူတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင် မြတ်ထံတော်၌ သစ္စာဝါဒီများသည်လည်းကောင်း 'ရှဟီးဒ်'အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ အသက်စွန့် ခဲ့သော သူများသည်လည်းကောင်း ဖြစ်ခဲ့ကြကုန်၏။) *[၅၇ : ၁၉]*

ဤအာယသ်တော်မြတ်မှ 'မုအ်မင်န်တိုင်းကို 'စွစ်ဒီးက်' (သစ္စာဝါဒီရှင်) နှင့် 'ရှဟီးဒ်' (အသျှင်မြတ် ၏ လမ်းတော်၌ အသက်ပေး စွန့်လှူသူ) ဟူ၍ ခေါ်ဆိုနိုင်ကြောင်း' ကို သိရှိရပေသည်။ ဟဇရသ်ကသာဒဟ် နှင့် အမရ်အိဗ်နေမိုင်မူးန်သခင်ကြီးတို့သည် ဤအာယသ်တော်ကို အခြေခံ၍ 'အလ္လာဟ်အသျှင်မြတ်နှင့် တမန်တော်မြတ် ﷺ ၏ အပေါ် အီမာန်ယူသော သူတိုင်းကို 'စွစ်ဒီးက်' (သစ္စာဝါဒီရှင်) နှင့် 'ရှဟီးဒ်' (အသျှင်မြတ်လမ်းတော်၌ အသက်ပေးစွန့်လှူသူ) ဖြစ်ကြောင်း' ကို မိန့်မြွက်ထားကြပေသည်။

အိဗ်နေဂျရီးရ်သခင်ကြီးသည် ဟဇရသ်ဗရာအ်အိဗ်နေအာဇိဗ်သခင်ကြီးထံမှ ဆင့်ပြန်ထားပေသည်။ တမန်တော်မြတ် ﷺ သခင်ကြီးသည် ဤသို့ အမိန့်ရှိထားပေသည်။

مُؤْمِنِي أُمَّتِي شَهَدَاءُ

(ငါကိုယ်တော်၏ အွမ္မသ်ရှိ မုအ်မင်န်တိုင်းသည် 'ရှဟီဒ်' များ (အလ္လာဟ်အသျှင်မြတ် လမ်းတော်၌ အသက်ပေးစွန့်လှူသူများ) ဖြစ်သည်။) အထောက်အထားအဖြစ် တမန်တော်မြတ် ﷺ သည် တင်ပြပါ အာယသ်တော်မြတ်ကို ရွတ်ဖတ်ပြတော်မူပေသည်။

အိဗ်နေအဗီဟာသင်မ်သခင်ကြီးသည် ဟဇရသ်အဗူဟူရိုင်ရားသခင်ကြီးထံမှ ဆင့်ပြန်ထားပေသည်။ တစ်နေ့ ၎င်း၏ထံသို့ ဆွဟာဗာများအချို့ စုရုံးရောက်ရှိလာကြပေသည်။ ၎င်း (အဗူဟူရိုင်ရာ) သည်

كلّكم صدّيق وّشهيد

(အသင်တို့အတွင်းရှိ သူတိုင်းသည် သစ္စာဝါဒီရှင်များလည်းဖြစ်၊ ရှဟီဒ်များလည်း ဖြစ်ကြပေသည်) ဟူ၍ မိန့်ကြားလိုက်ပေသည်။ လူတို့သည် 'အို၊ အဗူဟုရိုင်ရာ၊ အသင် အဘယ်သို့ ပြောဆိုနေပေသနည်း' ဟူ၍ အံ့သြစွာဖြင့် မေးမြန်းရာ ၎င်းက 'ကျွန်ုပ် တင်ပြသော အချက်ကို မယုံကြည်ကြပါမူ ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအာယသ်တော်မြတ်ကို ဖတ်ကြကုန်။

وَالَّذِينَ اٰمَنُوْا بِاللهِ وَرُسُلِه اُولٰٓئِكَ هُمُ الصِّدِّيْقُوْنَ وَالشُّهَدَآءُ

(ထို့ပြင် အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အားလည်းကောင်း ယုံကြည်ကြကုန်သော သူတို့သည်ပင်လျှင် ထိုသူတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ထံတော်၌ သစ္စာဝါဒီများသည်လည်းကောင်း၊ 'ရှဟီဒ်' အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ အသက်စွန့်ခဲ့သော သူများသည်လည်းကောင်း ဖြစ်ခဲ့ကြကုန်၏။) *[၅၇ : ၁၉]*

သို့ရာတွင် ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားသော အာယသ်တော်တစ်ပုဒ်မှ အပေါ်ယံအားဖြင့် 'စွစ္စ်ဒီးက်' (သစ္စာဝါဒီရှင်) နှင့် 'ရှဟီဒ်' (အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ အသက်ပေးစွန့်လှူသူ) တို့သည် မုအ်မင်န်တိုင်းမဟုတ်ဘဲ သို့သာမက မုအ်မင်န်များထဲမှ အဆင့်အတန်းမြင့်သော လူတန်းစားတို့ကိုသာလျှင် 'စွစ္စ်ဒီးက်' နှင့် 'ရှဟီဒ်' ဟူ၍ ခေါ်ဆိုနိုင်ကြောင်းကို အကျိုးထုတ်ယူနိုင်ပေသည်။ အာယသ်တော်မှာ-

فَاُولٰٓئِكَ مَعَ الَّذِيْنَ اَنْعَمَ اللهُ عَلَيْهِمْ مِّنَ النَّبِيّٖنَ وَالصِّدِّيْقِيْنَ وَالشُّهَدَآءِ وَالصّٰلِحِيْنَ

(ယင်းကဲ့သို့သော သူတို့သည်သာလျှင် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးပြုခြင်း ခံကြရကုန်သော နဗီတမန်တော်များ၊ 'စွစ္စ်ဒီးက်' (တိကျမှန်ကန်စွာ ပြေဆိုကျင့်ဆောင်သူများ)၊ 'ရှဟီဒ်' (အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ အသက်ပေးစွန့်ခဲ့သူများ၊ 'စွာလေဟ်' (သူတော်စင်၊ သူတော်ကောင်းများ) နှင့် အတူတကွ ရှိကြပေလိမ့်မည်။) *[၄ : ၆၉]*

ဟူ၍ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုအာယသ်တော်အတွင်း၌ နဗီတမန်တော်များနှင့်အတူ အများမွတ်စ္စလင်မ်များထဲမှ လူတန်းစား (၃) ရပ်ကို အထူးပြုစွာဖြင့် ဖော်ပြထားပေသည်။ 'စွစ္စ်ဒီးက်' (သစ္စာဝါဒီရှင်) များ၊ 'ရှဟီးဒ်' (အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ အသက်ပေးစွန့်လှူသူ) များနှင့် 'စွာလေဟ်' (သူတော်စင်၊ သူတော်ကောင်း) များဟူ၍ ဖြစ်သည်။ ယင်းသို့ အထူးပြု တင်ပြခြင်းမှ 'ထိုလူတန်းစား (၃) ရပ်၏ အလိုသဘောနှင့် အခြေခံရပ်တည်ချက်တို့၌ ကွဲပြားကြောင်း' မှာ ထင်ရှားလှပေသည်။ သို့တည်းမဟုတ် (၃) ရပ်စလုံးကို သီးခြားစွာ မိန့်မြွက်ပြောဆိုရန် မလိုအပ်ပေ။ ထို့ကြောင့် အချို့သော အာလင်မ်သာသနာ့ပညာရှင်များသည် 'စွစ္စ်ဒီးက်' (သစ္စာဝါဒီရှင်များ) နှင့် 'ရှဟီဒ်' များသည် စင်စစ် မုအ်မင်န်များထဲမှ ကြီးကျယ်မြင့်မားသော ဂုဏ်တော်များကို ပိုင်ဆိုင်သော သီးသန့် အဆင့်မြင့်မားသော လူတန်းစားတို့ဖြစ်ကြောင်း' ကို မိန့်ဆိုထားကြပေသည်။ ဤနေရာ၌ မုအ်မင်န်များအားလုံးကို 'စွစ္စ်ဒီးက်' (သစ္စာဝါဒီရှင်) နှင့် 'ရှဟီးဒ်' (အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ အသက်ပေးစွန့်လှူသူ) ဟူ၍ မိန့်မြွက်ရခြင်း၏ အချုပ်သဘောတရား ရလဒ်မှာ 'မုအ်မင်န်တိုင်းသည်လည်း ရှုထောင့်တစ်ရပ်အရ 'စွစ္စ်ဒီးက်' (သစ္စာဝါဒီရှင်) များနှင့် 'ရှဟီးဒ်' (အလ္လာဟ်အသျှင်မြတ်လမ်းတော်၌ အသက်ပေးစွန့်လှူသောသူ) များ၏ အမိန့်အတွင်း၌ ပါဝင်ပေသည်။ ထိုသူတို့၏ အုပ်စုအဖွဲ့အတွင်း၌ ထိုက်တန်စွာ ပါဝင်နေသည်ဟူ၍ မှတ်ယူရပေလိမ့်မည်' ဟူ၍ ဖြစ်သည်။

ရှုဟုလ်မအာနီကျမ်းအတွင်း၌ ဤအာယသ်တော်အတွင်းရှိ اَلَّذِيْنَ اٰمَنُوْا (ယုံကြည်ကြကုန်သောသူများ) ၏ အလိုသဘောသည် 'ပြည့်ဝသော အီမာန်ရှင်များနှင့် တစ်စိုက်မတ်မတ် ဆောက်တည်လိုက်နာသော မုအ်မင်န်များဟူ၍ အလိုသဘောမျိုးကို ကောက်ယူခြင်းမှသာလျှင် သင့်မြတ်လှသော အချက်ဖြစ်ပေသည်။ သို့တည်းမဟုတ်ပါက စိတ်ရိုင်းနှင့် မေ့လျော့မှုအတွင်း၌ နစ်မွန်းနေသောသူများကို 'စွစ္စ်ဒီးက် (သစ္စာဝါဒီရှင်) နှင့် 'ရှဟီးဒ်' (အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ အသက်ပေးစွန့်လှူသူ) ဟူ၍ မခေါ်ဆိုနိုင်ပေ။

ထိုအချက်အား အားဖြည့်ပေးခြင်းသည် ဤဟဒီးစ်တော်ထက်မှလည်း ရရှိပေသည်။ အကြင်ဟဒီးစ်တော်မြတ်အတွင်း၌ တမန်တော်မြတ် ﷺ သည်

اَللَّعَّانُوْنَ لَا يَكُوْنُوْنَ شُهَدَآءَ

(လူတို့အပေါ် ကျိန်ဆဲသော သူတို့သည် 'ရှဟီဒ်' များအတွင်း၌ ပါဝင်လိမ့်မည်မဟုတ်) ဟူ၍ မိန့်တော်မူထားပေသည်။

ဖာရူကေ့အအ်ဇွားမ်သခင်ကြီးသည် တစ်ကြိမ်တစ်ခါက လူတို့အား 'လူတစ်ဦးသည် အခြားသောသူတို့၏ ဂုဏ်သိက္ခာအား ထိခိုက်စော်ကားမှုကို ပြုနေပေရာ အသင်တို့သည် ၎င်းအား မြင်တွေ့လျက်ပင် တားမြစ်မှုကိုလည်း မပြု၊ မကောင်းသောသူဟူ၍ မမှတ်ယူကြရလေအောင် အသင်တို့သည် မည်သို့ ဖြစ်သွားကြပေသနည်း' ဟူ၍ မိန့်ကြားလိုက်ပေသည်။ ၎င်းတို့က 'ကျွန်ုပ်တို့ ပြောဆိုမည်ဆိုပါကလည်း ကျွန်ုပ်တို့၏ ဂုဏ်သိက္ခာကိုပါ ထိပါးလာစေမည်ဖြစ်သော ၎င်း၏ နှုတ်ကြမ်းတမ်းမှုကို ကြောက်ရွံ့မိပါသည်' ဟူ၍

ပြန်လည် ဖြေကြားရာ 'အကယ်၍ ဤသို့ဆိုလျှင် အသင်တို့သည် 'ရှဟီဒ်'များအတွင်း၌ မပါဝင်နိုင်' ဟူ၍ ပြန်လည်မိန့်မြွက်လိုက်ပေသည်။ အိဗ်နေကစီးရ်သခင်ကြီးသည် ဤဆင့်ပြန်ချက်ကို ဆင့်ပြန်၍ အလိုသဘောကို ဤသို့ ပြဆိုလိုက်ပေသည်။ ဤသို့ သူတို့သည် 'ကေယာမသ်'နေ့ အတိတ်ခေတ် နဗီတမန်တော်များ၏ အွမ္မသ်ထုများနှင့် နှိုင်းယှဉ်ရာ၌ သက်သေခံပေးမည့် 'ရှဟီဒ်'များအတွင်း၌ မပါဝင်ကြပေ။

[ရှုဟုလ်မအာနီ]

သဖ်စီရေမဇ္ဓဟရီကျမ်း၌ ဤအာယသ်တော်အတွင်း ပါရှိသည့် اَلَّذِيْنَ اٰمَنُوْا (ယုံကြည်ကြကုန်သော) ၏ အလိုသဘောကို 'တမန်တော်မြတ် ﷺ ၏ မင်္ဂလာရှိသော ခေတ်ကာလ၌ အီမာန်ရယူကြကာ တမန်တော်မြတ် ﷺ ၏ ထိုင်ဝိုင်းတော်၌ ထိုင်ခွင့်ရရှိသော သူတို့သာဖြစ်ကြောင်း'ကို အလိုသဘော ကောက်ယူထားပေသည်။

အာယသ်တော်အတွင်း ပါရှိသည့် هُمُ الصِّدِّيْقُوْنَ ဟူသော စကားလုံးသည် 'ဟစ္စ်ရ်' (သာလျှင်) ဟူသော အကျိုးကို ပေးသည့် စကားလုံးမျိုးဖြစ်ပေသည်။ ဤသည် 'သစ္စာဝါဒီဖြစ်ခြင်းသည် ဆွဟာဗာများသာလျှင် တည်ရှိနေကြောင်း' ကို ညွှန်ပြလျက် ရှိနေပေသည်။ ဟဇရသ်မုဂျဒ်ဒိဒ်အလ်ဖေ့စာနီးသခင်ကြီးက ဤသို့ အမိန့်ရှိထားပေသည်။ ဆွဟာဗာသာဝကကြီးများအားလုံးသည် နဗီဖြစ်ခြင်း၏ အရည်အချင်းများအား ထမ်းရွက်နိုင်သူများ ဖြစ်ကြပေသည်။ အကြင်သူသည် တစ်ကြိမ်တစ်ခါမျှပင် အီမာန်နှင့်အတူ တမန်တော်မြတ် ﷺ အား ဖူးမျှော်လိုက်ပါက ထိုသူသည် နဗီဖြစ်ခြင်း၏ ပြည့်စုံသော အရည်အချင်းများအတွင်း၌ နစ်မွန်းသွားပေမည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေသည်။)

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

اِعْلَمُوْٓا اَنَّمَا الْحَيٰوةُ الدُّنْيَا لَعِبٌ وَّلَهْوٌ وَّزِيْنَةٌ وَّتَفَاخُرٌۢ بَيْنَكُمْ وَتَكَاثُرٌ
فِى الْاَمْوَالِ وَالْاَوْلَادِ ۗ كَمَثَلِ غَيْثٍ اَعْجَبَ الْكُفَّارَ نَبَاتُهٗ ثُمَّ يَهِيْجُ
فَتَرٰىهُ مُصْفَرًّا ثُمَّ يَكُوْنُ حُطَامًا ۗ وَفِى الْاٰخِرَةِ عَذَابٌ شَدِيْدٌ ۙ وَّمَغْفِرَةٌ
مِّنَ اللّٰهِ وَرِضْوَانٌ ۗ وَمَا الْحَيٰوةُ الدُّنْيَآ اِلَّا مَتَاعُ الْغُرُوْرِ ۝٢٠

၅၇ : ၂၀ ။ ။ အသင်တို့သည် ကောင်းစွာ သိထားကြလေကုန်။ လောကီဘဝသည် ကစားခုန်စားမှု သက်သက်သည်လည်းကောင်း၊ အလဟဿ (ပျော်ရွှင်ခြင်းအားဖြင့်) အချိန်ဖြုန်းတီးမှုသည်လည်းကောင်း၊ မျက်စိပသာဒ ဖြစ်ခြင်းသည်လည်းကောင်း၊ အသင်တို့အချင်းချင်း တစ်ဦးနှင့်တစ်ဦး ဂုဏ်ပြိုင်ခြင်းသည်လည်းကောင်း ပစ္စည်းဥစ္စာနှင့် သားသမီး၊ ပေါများမှုနှင့် စပ်လျဉ်း၍ အချင်းချင်း ဂုဏ်တုဂုဏ်ပြိုင်ခြင်းသည်လည်းကောင်း ဖြစ်ပေသည်။ အကြင်မိုးရေကဲ့သို့ပင် (ဖြစ်၏။)

ထိုမိုးရေကြောင့် ပေါက်ရောက်သော ပျိုးပင်များသည် တောင်သူလယ်သမားတို့အား နှစ်သက်ပျော်ရွှင်စေ၏။ ထို့နောက် ယင်းပျိုးပင်များသည် ခြောက်သွေ့၍ သွားလေသောအခါ၊ အသင်သည် ယင်းပျိုးပင်များ ဝါ၍ နေသည်ကို တွေ့မြင်ရ၏။ ထို့နောက် ယင်းပျိုးပင်များသည် အစိတ်စိတ်အမွှာမွှာ ဖြစ်သွားလေ၏။ သို့ရာတွင် 'အာခိရသ်' တမလွန်ဘဝ၌မူ ပြင်းထန်လှစွာသော ပြစ်ဒဏ်သည်လည်း ရှိ၏။ အလ္လာဟ်အသျှင်မြတ်ထံတော်မှ လွတ်ငြိမ်းချမ်းသာခွင့်နှင့် နှစ်မြို့မှုလည်း ရှိပေသည်။ စင်စစ် လောကီဘဝသည် အမြင် (၌) မှောက်မှားစေသော ဝတ္ထုပစ္စည်းမျှသာ ဖြစ်ပေသည်။

سَابِقُوٓا۟ إِلَىٰ مَغْفِرَةٍ مِّن رَّبِّكُمْ وَجَنَّةٍ عَرْضُهَا كَعَرْضِ ٱلسَّمَآءِ وَ
ٱلْأَرْضِ أُعِدَّتْ لِلَّذِينَ ءَامَنُوا۟ بِٱللَّهِ وَرُسُلِهِۦ ۚ ذَٰلِكَ فَضْلُ ٱللَّهِ
يُؤْتِيهِ مَن يَشَآءُ ۚ وَٱللَّهُ ذُو ٱلْفَضْلِ ٱلْعَظِيمِ ﴿٢١﴾

၅၇ : ၂၁ ။ ။ အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ လွတ်ငြိမ်းချမ်းသာမှုသို့လည်းကောင်း၊ မိုးနှင့် မြေ အကျယ်အဝန်းပမာ ကျယ်ဝန်းသော 'ဂျန္နသ်' သုခဘုံသို့လည်းကောင်း၊ အပြိုင်အဆိုင် ပြေးကြလေကုန်။ ယင်း 'ဂျန္နသ်' သုခဘုံမှာ အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်တို့အားလည်းကောင်း သက်ဝင်ယုံကြည်ကြကုန်သော သူတို့အဖို့ အဆင်သင့် ပြုလုပ်၍ ထားရှိတော်မူပြီး ဖြစ်သည်။ ဤသည် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်ပင် (ဖြစ်၏။) ထိုအသျှင်မြတ်သည် ယင်းကျေးဇူးတော်ကို မိမိအလိုရှိတော်မူသော သူအား ချီးမြှင့်ပေးသနားတော်မူ၏။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ကြီးကျယ်လှစွာသော ကျေးဇူးတော်ရှင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အသင်တို့ ကောင်းစွာ သိထားကြလေကုန်။ (နောင်တမလွန် 'အာခိရသ်'နှင့် နှိုင်းယှဉ်လျှင်) လောကီဘဝသည် (လုံးဝ နှစ်မွှန်းထိုက်ဖွယ်ကောင်းသော အရာမဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုလောကီဘဝသည်) ကစားခုန်စားမှု သက်သက်သည်လည်းကောင်း၊ အလဟဿ (ပျော်ရွှင်ခြင်းအားဖြင့်) အချိန်ဖြုန်းတီးမှုသည်လည်းကောင်း၊ (အပေါ်ယံ) မျက်စိပသာဒဖြစ်ခြင်းသည်လည်းကောင်း၊ အသင်တို့ အချင်းချင်း တစ်ဦးနှင့်တစ်ဦး (အင်အား၊ စွမ်းအား၊ အလှအပ၊ လောကီရေးရာ အတတ်ပညာနှင့် အရည်အချင်းတို့နှင့် စပ်လျဉ်း၍ ဂုဏ်ပြိုင်ခြင်းသည်လည်းကောင်း၊ ပစ္စည်းဥစ္စာနှင့် သားသမီးပေါများမှုနှင့် စပ်လျဉ်း၍ အချင်းချင်း ဂုဏ်တုဂုဏ်ပြိုင်ခြင်းသည်လည်းကောင်း ဖြစ်ပေသည်။ (ဆိုလိုသည်မှာ လောကီရေးရာ၏ အဓိက ရည်ရွယ်ချက်များသည် ကလေးဘဝ၌ ခုန်ပေါက်ဆော့ကစားခြင်းသည် လွှမ်းမိုးနေပေသည်။ သူပျို အရွယ်၌ အလှအပနှင့် ဂုဏ်တုဂုဏ်ပြိုင်ဖြစ်ကာ သူအိုအရွယ်၌ ဥစ္စာပစ္စည်းနှင့် သားသမီးများ ပေါများကြွယ်ဝခြင်းတို့ကို ပြိုင်ဆိုင်ရေတွက်ခြင်းသည် လွှမ်းမိုးနေပေသည်။ ဤရည်ရွယ်ချက်များအားလုံးသည်

ပျက်သုဉ်းပျက်စီးသွားစေမည့် အချက်များနှင့် အိပ်မက်ဆန်ဆန် တွေးခေါ်ခြင်းအဆင့်ရှိသော အရာများသာ လျှင် ဖြစ်ပေသည်။ အကြင်အချက်၏ ဥပမာသည် ဤသို့တည်း။) အကြင် (ရွာချသော) မိုးရေကဲ့သို့ပင် (ဖြစ်၏) ထိုမိုးရေကြောင့် ပေါက်ရောက်သော (လယ်ယာထွက်) ပျိုးပင်များသည် တောင်သူလယ်သမား တို့အား နှစ်သက်ပျော်ရွှင်စေ၏။ ထို့နောက် ယင်း (လယ်ယာ၊ ဥယျာဉ်ထွက်) ပျိုးပင်များသည် ခြောက်သွေ့၍ သွားလေသောအခါ အသင်သည် ယင်းပျိုးပင်ပေါက်ပင်များ ဝါ၍နေသည်ကို တွေ့မြင်ရ၏။ ထို့နောက် ယင်းပျိုးပင်များသည် အစိတ်စိတ်အမွှာမွှာ ဖြစ်သွားလေ၏။ (ဤကဲ့သို့ပင် လောကီရေးရာ၏ ရက်အချို့ သည် သာယာလှပ၍ တစ်ဖန် ပြောင်းလဲမေးမှိန်သွားပေမည်။ ဤသည်မှု လောကီရေးရာ၏ အခြေအနေပင် ဖြစ်ပေသည်။) သို့ရာတွင် 'အာခေရသ်'တမလွန်ဘဝ (၏ အခြေအနေသည် ဤသို့တည်း။ ထို 'အာခေရသ်' တမလွန်ဘဝ) ၌မူ (အချုပ်နှစ်ရပ် ရှိပေသည်။ အချက်တစ်ရပ်မူ ကာဖိရ်များအတွက်) ပြင်းထန်လှစွာသော ပြစ်ဒဏ်သည်လည်း ရှိ၏။ (ဒုတိယအချက်တစ်ရပ်ဖြစ်သော အရာသည် အီမာန်ရှင်များအတွက်) အလ္လာဟ် အသျှင်မြတ်၏ ထံတော်မှ လွတ်ငြိမ်းချမ်းသာခွင့်နှင့် နှစ်မြို့မှုလည်း ရှိပေသည်။ (ဤအချက်နှစ်ရပ်စလုံး သည် ကျန်ရစ်တည်ရှိနေမည့်အရာ ဖြစ်ပေသည်။ သို့ရှိရာ နောင်တမလွန် 'အာခေရသ်'သည် ကျန်ရစ်တည်ရှိ နေမည့်အရာ ဖြစ်ပေသည်။) စင်စစ် လောကီဘဝသည် (ပျက်စီးသွားမည့်အရာမျှသာလျှင် ဖြစ်ပေသည်။ ဥပမာအရ ဆိုကြပါစို့။ အမြင်၌) မှောက်မှားစေသော ဝတ္ထုပစ္စည်းမျှသာ ဖြစ်ပေသည်။ (ယင်းအချက်နှင့် စပ်လျဉ်းသော အကျယ်ချဲ့ဖွင့်ဆိုချက်သည် အနီးစပ်ဆုံးအားဖြင့် စူရာဟ် 'အာလေ့အင်မ်ရာန်'၏ နောက်ဆုံး ပိုင်း၌ တင်ပြထားပြီး ဖြစ်ပေသည်။)

(သို့ရှိရာ လောကီရေးရာ၏ ဥစ္စာပစ္စည်းများသည် ပျက်စီးသွားမည့်အရာများဖြစ်၍ အီမာန်၏ အကြောင်းခံဖြင့် ရရှိမည်ဖြစ်သော နောင်တမလွန် 'အာခေရသ်'သည် တည်ရှိနေပေရာ အသင်တို့အဖို့ ပြုသင့်သော အချက်မှာ) အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ လွတ်ငြိမ်း ချမ်းသာမှုသို့လည်းကောင်း၊ မိုးနှင့်မြေ အကျယ်အဝန်းပမာ ကျယ်ဝန်းသော (ဆိုလိုသည်မှာ ထိုအကျယ်အဝန်း ထက် နည်းပါးခြင်းကို ငြင်းချက်ထုတ်ထား၍ များပြားခြင်းကို ငြင်းချက် မထုတ်ထားပေ။) 'ဂျန္နသ်' သုခဘုံသို့လည်းကောင်း အပြိုင်အဆိုင် ပြေးကြလေကုန်။ ယင်း 'ဂျန္နသ်'သုခဘုံမှာ အလ္လာဟ်အသျှင်မြတ် အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်တို့အားလည်းကောင်း သက်ဝင်ယုံကြည်ကြကုန် သော သူတို့အဖို့ အဆင်သင့် ပြုလုပ်၍ ထားရှိတော်မူပြီး ဖြစ်သည်။ ဤ (သို့ လွတ်ငြိမ်းချမ်းသာခွင့် ပေးခြင်းနှင့် သဘောတူနှစ်မြို့ခြင်း) သည် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်ပင် ဖြစ်၏။ ထိုအသျှင်မြတ် သည် ယင်းကျေးဇူးတော်ကို မိမိအလိုရှိတော်မူသောသူအား ချီးမြှင့်ပေးသနားတော်မူ၏။ စင်စစ် အလ္လာဟ် အသျှင်မြတ်သည် ကြီးကျယ်လှစွာသော ကျေးဇူးတော်ရှင် ဖြစ်တော်မူပေသည်။ (ထိုအာယသ်တော်တွင် မိမိတို့၏ ကျင့်ကြံဆောင်ရွက်ချက်များအပေါ် ဂုဏ်မောက်မှု မပြုရန်အကြောင်း၊ မိမိတို့၏ ကျင့်ကြံဆောင်ရွက် ချက်များအား 'ဂျန္နသ်'နှင့် ထိုက်တန်သည်ဟူ၍ မမှန်ယူထားသင့်ကြောင်း၊ ဤသည် ငါအသျှင်မြတ်၏ အလိုသဘော ဆန္ဒတော်အပေါ်၌သာ မူတည်၍ နေသော ကျေးဇူးအသနားတော်သာ ဖြစ်ပေသည်။ သို့ရာတွင်

ငါအသျှင်မြတ်သည် မိမိ၏ ကရုဏာတော်ဖြင့် ထိုသို့ ကျင့်ကြံဆောင်ရွက်သော သူတို့နှင့်အတူ သဘောဆန္ဒတော်ကို ဆက်နွယ်ပေးထားပေသည်။ အကယ်၍ ငါအသျှင်မြတ် လိုလားတော်မူပါက သဘောဆန္ဒတော်ကို ပိုက်တော်မူမည်မဟုတ်ပေ။

القدرة تتعلّق بِالضِّدَّيْن

(စွမ်းဆောင်နိုင်ခြင်းသည် ဆန့်ကျင်ဘက်သဘောရှိသည့် အရာနှစ်ခုနှင့်စပ်လျဉ်း၍ နေပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ခမ္မသတ်များ

လွန်လေပြီးသော အာယသ်တော်များအတွင်း၌ နောင်တမလွန်တွင် ထာဝရ ကြုံတွေ့ရမည်ဖြစ်သော 'ဂျန္နသ်'သူ'ဂျန္နသ်'သားတို့နှင့် ငရဲဘုံသားတို့၏ အခြေအနေများကို တင်ပြထားပေသည်။ 'အာခေရသ်' နောင်တမလွန်၏ 'နေ့အ်မသ်' (စည်းစိမ်တော်များမှ) လက်မဲ့ဖြစ်ကာ ပြစ်ဒဏ်တော်အတွင်း၌ ဖမ်းဆီးခြင်း ခံရခြင်း၏ ကြီးမားသော အကြောင်းခံမှာ လူသားတို့အဖို့ ကမ္ဘာလောက၏ ပျက်သုဉ်းသွားမည်ဖြစ်သော ဇိမ်ခံမှုများနှင့် ထိုအရာများအတွင်း၌ နစ်မွန်းကာ 'အာခေရသ်'တမလွန်အား မေ့လျော့နေခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ဤအာယသ်တော်များအတွင်း၌ ကမ္ဘာလောက၏ ပျက်သုဉ်းသွားမည်ဖြစ်သော ကမ္ဘာလောကအား မယုံကြည်ထိုက်ခြင်း၏ အကြောင်းအား တင်ပြထားပေသည်။

ဦးစွာပထမ သက်တမ်း၏ အစမှ ကမ္ဘာလောက၌ ဖြစ်ပေါ်နေသော အရာများအတွင်းဝယ် လောကီသားကောင်သည် နစ်မွန်း၊ တိမ်မြုပ်ကာ ပျော်ရွှင်လျက် ရှိနေပေသည်။ အစဉ်လိုက် ထိုအချက်အကြောင်းအရာများမှာ ဤသို့တည်း။ လောကီရေးရာသက်တမ်း၏ အစဉ်လိုက် အချုပ်သဘောတရားမှာ အချို့အချက်အကြောင်းအရာ အခြေအနေများသာ ဖြစ်ပေသည်။ ပထမ 'လအိဗ်' (ရည်ရွယ်ချက်မဲ့ စောဒကထားခြင်း)၊ တစ်နံ 'လဟ်ဝ်' (ရည်ရွယ်ချက်ရှိ ခုန်ပေါက်ဆော့ကစားခြင်း)၊ တစ်ဖန် အလှအပ၊ တစ်ဖန် ဂုဏ်တုဂုဏ်ပြိုင်မှု၊ တစ်ဖန် ပစ္စည်းဥစ္စာနှင့် သားသမီးများ များပြားခြင်းအပေါ် ဂုဏ်ျမောက်ကြွားဝါခြင်းတို့ ဖြစ်ပေသည်။

'လအိဗ်'ဆိုသည်မှာ လုံးလုံးလျားလျား အကျိုးပြုမှုကို မမြင်တွေ့ရသော ဆော့ကစားခြင်း ဖြစ်ပေသည်။ ဥပမာ- လွန်စွာ ငယ်ရွယ်သော ကလေးများ၏ လှုပ်ရှားမှုများတို့ ဖြစ်ပေသည်။ 'လဟ်ဝ်' သည် ထိုကဲ့သို့သော ဆော့ကစားနည်းမျိုးကို ခေါ်ဆိုပေသည်။ အကြင်ဆော့ကစားခြင်း၏ အဓိကရည်ရွယ်ချက်မှာ 'ပျော်ရွှင်မှုကိုပြုခြင်း၊ စိတ်ဖြေခြင်းနှင့် အချိန်ကုန်ဆုံးစေသော နစ်မွန်းမှုမျိုးများ' ဖြစ်ပေသည်။ တစ်ဆက်တည်းမှာပင် ကာယလေ့ကျင့်ခြင်း၊ (သို့မဟုတ်) အခြားသော အကျိုးပြုမှုများလည်း ထိုဆော့ကစားမှုအတွင်း၌ ပါဝင်နေပေသည်။ ဥပမာ- အနည်းငယ်ကြီးသော ကလေးများ၏ ဆော့ကစားမှု၊ ဘောလုံးကစားခြင်း၊ ရေးကူးခတ်ခြင်း၊ (သို့မဟုတ်) မြားပစ်လေ့ကျင့်ခြင်း အစရှိသည်တို့ ဖြစ်ပေသည်။ ဟဒီးစ်တော်အတွင်း၌ ပစ်မှတ်ကို တည့်အောင် ပစ်ခြင်းနှင့် မြားပစ်လေ့ကျင့်ခြင်းတို့ကို ကောင်းသော ကစားနည်းဟူ၍ အမိန့်ရှိထားပေသည်။ ခန္ဓာကိုယ်အလှနှင့် အဝတ်အစား အလှအပ စသော အချက်များသည်

ထင်ရှားလှပေသည်။ လူသားတိုင်းသည် သက်တမ်း၏ လုံး၀ အစပိုင်းကာလကို ကျော်ဖြတ်လာမည်ဆိုပါက သီးသန့်ရည်ရွယ်ချက်မဲ့ ဆော့ကစားမှုဖြစ်သည့် 'လအိဗ်'အတွင်းမှသာ ကျော်ဖြတ်လာပေမည်။ ထို့နောက် ဂုည်ရွယ်ချက်၊ အနိုင်၊ အရှုံးရှိသည့် (လဟ်၀်) (ဆော့ကစားနည်း) ကို စတင်ပြုလုပ်ပေသည်။ ထို့နောက် ၎င်းသည် ကိုယ်ခန္ဓာနှင့် အ၀တ်အစားအား ပြင်ဆင်ခြယ်သရန် သောကပွား၍ နေပေသည်။ ထို့နောက် မိမိ၏ သက်တူ၊ ရွယ်တူများထက် ရှေ့သို့ ကျော်တက်ရန်နှင့် ၎င်းတို့အပေါ် ဂုဏ်မောက်ကြွား၀ါမှုပြုရန် နှိုးဆော်စိတ်များ ပေါ်ပေါက်လာပေသည်။

လူသားတို့အပေါ် ကျော်ဖြတ်လာခဲ့သော တင်ပြပါ အစဉ်လိုက်ခေတ်ကာလတို့၏ သေချာကျနစွာ စမ်းစစ်လေ့လာ ကြည့်ရှုမည်ဆိုလျှင် ထိုကလေးလူကြီးတို့သည် မိမိတို့ ထိုအခြေအနေအပေါ် တင်းတိမ်ရောင့်ရဲ၍ ထိုအချက်၌ နစ်မွန်းနေခြင်းကိုပင် အကောင်းဆုံးသော အရာဟူ၍ မှတ်ယူထားပေသည်။ ခေတ်ကာလ အချိန်၏ဘက်သို့ ကူးပြောင်းကာ ရောက်ရှိသွားပါမူ လွန်လေခဲ့သော ခေတ်ကာလအချိန်၏ အားနည်းချက်နှင့် အလဟဿဖြစ်ခြင်း ရှေ့သို့ ရောက်ရှိလာပေသည်။ ကလေးငယ်၏ ကနဦးကလေးဘ၀၌ အကြင်ဆော့စရာများကို မိမိသက်တမ်း၏ ဥစ္စာပစ္စည်းနှင့် အကြီးကျယ်ဆုံးသော စည်းစိမ်ရတနာများဟူ၍ မှတ်ယူထားပေသည်။ တစ်ဦးတစ်ယောက်သည် ထိုကလေးငယ်ထံမှ လုယူလိုက်ပါမူ 'လူကြီးတစ်ဦးထံမှ ဥစ္စာပစ္စည်းအရင်းအနှီးနှင့် အဆောက်အဦးများကို လုယူခြင်းအား ခံစားရသကဲ့သို့ ထိုကလေးငယ်သည်လည်း စိတ်ဒုက္ခရောက်ရှိသွားပေသည်။ သို့ရာတွင် ထိုခေတ်ကာလအချိန် ကျော်လွန်သွားပြီးနောက် 'အကြင်အချက်အလက်အကြောင်းအရာများကို ကျွန်ုပ်သည် ထိုအချိန်၌ သက်တမ်း၏ ရည်ရွယ်ချက်အဖြစ် ပြုထားပေရာ ထိုအရာများသည် တစ်စုံတစ်ရာမျှ မဟုတ်ဘဲ အားလုံး ပျက်စီးဆုံးရှုံးသွားရမည့်အရာများ ဖြစ်ခြင်း'၏ အခြေခံဇစ်မြစ်အချက်ကို သိရှိသဘောပေါက်သွားပေသည်။ ကလေးဘ၀၌ 'လအဗ်' (ရည်ရွယ်ချက်မဲ့ ဆော့ကစားမှု) တစ်ဖန် 'လဟ်၀်' (ရည်ရွယ်ချက်ရှိ ဆော့ကစားမှု) တို့၌ နစ်မွန်းနေပေသည်။ သူပျိုအရွယ်အချိန်၌ ပြင်ဆင်ခြယ်သမှုနှင့် ဂုဏ်တုဂုဏ်ပြိုင်ခြင်း၏ နစ်မွန်းမှုသည် ရည်ရွယ်ချက်တစ်ရပ်အဖြစ် တည်ရှိနေပေသည်။ အိုမင်းရင့်ရော်သောအချိန်သို့ ရောက်ရှိလာပါမူ ယခု မိမိ၏ ဥစ္စာပစ္စည်း၊ ခနစည်းစိမ်တို့၏ အရေအတွက်နှင့် သားသမီး၊ မြေး၊ မြစ်၊ ဆွေမျိုးသားချင်းတို့ များပြားခြင်းအပေါ် ပျော်ရွှင်ကာ ရေတွက်နေခြင်း'ဟူသော ပစ္စည်းဥစ္စာနှင့် သားသမီးများပြားမှုအပေါ် မွေ့လျော်နေခြင်း၊ နစ်မွန်းမှုအတွင်း တည်ရှိနေပေသည်။ သို့ရာတွင် သူပျိုအရွယ်ကာလ၌ ကလေးဘ၀၏ လှုပ်ရှားမှုများကို အလဟဿဟူ၍ မှတ်ယူထားသကဲ့သို့ အိုမင်းသော အချိန်အခါသို့ ရောက်ရှိကာ သူပျိုအရွယ်၏ လှုပ်ရှားမှုများကို အလဟဿနှင့် စူးစိုက်ကြည့်ရှုရန် မထိုက်တန်သော အရာများဟူ၍ မြင်တွေ့နေရပေသည်။

ယခု အဘိုးကြီး၏ နောက်ဆုံးစခန်း အချိန်အခါသို့ ဆိုက်ရောက်လာပေသည်။ ထိုအချိန်ကာလ၌ ဥစ္စာပစ္စည်း၏ များပြားမှု၊ သားသမီးများ၏ များပြားမှုနှင့် အင်အား၊ ထို့ပြင် ၎င်း၏ ရာထူးအဆင့်အတန်းအပေါ် ဂုဏ်မောက်စွာဖြင့် တည်ရှိနေခြင်းကို သက်တမ်း၏ အရင်းအနှီးနှင့် ကြီးမားသော ရည်ရွယ်ချက်အဖြစ် ပြုထားတော်မူပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် မိန့်တော်မူထားသည့် အချက်မှာ 'ဤအခြေအနေ

သည်လည်း ကုန်လွန်ကာ ပျက်သုဉ်းသွားမည်ဖြစ်သော အခြေအနေဖြစ်ကြောင်းနှင့် မှုရင်းရည်ရွယ်ချက်ဖြစ်သော 'ကဗရ်'၏ သက်တမ်း၊ တစ်ဖန် 'ကေယာမသ်' နေ့၏ သောကကို ပြနေရန်အကြောင်း' ဟူ၍ ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် ဤသို့ အစဉ်လိုက်နှင့်အတူ ထိုနှစ်မွန်းမှုများအားလုံးနှင့် လောကီရေးရာ၏ ရည်ရွယ်ချက်များအားလုံး ပပျောက်ပျက်သုဉ်းကာ ပြည့်စုံမှုမရှိဘဲ လျော့နည်းလျက် ရှိနေပြီး သကာလ ယုံကြည်ထိုက်ဖွယ်မရှိသော အချက်ဖြစ်ကြောင်းကို တင်ပြ မိန့်မြွက်ထားပေသည်။ ရှေ့၌ ထိုအချက်ကို လယ်ယာမြေတစ်ခု၏ ဥပမာဖြင့် ရှင်းလင်းချက် ထုတ်ပေးထားပေသည်။

كَمَثَلِ غَيْثٍ اَعْجَبَ الْكُفَّارَ نَبَاتُهٗ ثُمَّ يَهِيْجُ فَتَرَاهُ مُصْفَرًّا ثُمَّ يَكُوْنُ حُطَامًا

(အကြင်မိုးရေကဲ့သို့ပင် ဖြစ်၏။ ထိုမိုးရေကြောင့် ပေါက်ရောက်သော ပျိုးပင်များသည် တောင်သူလယ်သမားတို့အား နှစ်သက်ပျော်ရွှင်စေ၏။ ထို့နောက် ယင်းပျိုးပင်များသည် ခြောက်သွေ့၍ သွားလေသောအခါ အသင်သည် ယင်းပျိုးပင်များ ဝါ၍နေသည်ကို တွေ့မြင်ရ၏။ ထို့နောက် ယင်းပျိုးပင်များသည် အစိတ်စိတ်အမွှာမွှာ ဖြစ်သွားလေ၏။) *[၅၇ : ၂၀].*

'ဂိုက်စ်'၏ အဓိပ္ပာယ်သည် 'မိုးရေ' ဟူ၍ အဓိပ္ပာယ်ရ၏။ မုအ်မင်န်များ၏ ဆန့်ကျင်ဘက်ပုဒ်အဖြစ်လာရှိသော ကာဖိရ်များဟူသည့် စကားလုံး၏ အဓိပ္ပာယ်ကို အားလုံး သိရှိကြသည့်အတိုင်း ကျော်ကြားပေသည်။ ထိုစကားလုံး၏ ဒုတိယအခြားသော အဘိဓါန်အဓိပ္ပာယ်မှာ 'လယ်သမား' ဟူ၍လည်း ရရှိ၏။ အချို့သော သာသနာ့ပညာရှင်များသည် ဤအာယသ်တော်အတွင်း ပါရှိသည့် 'ကုဖ်ဖားရ်' ဟူသော စကားလုံး၏ အဓိပ္ပာယ်ကို ဤအထက်ဖော်ပြပါ အဓိပ္ပာယ်ကိုသာလျှင် ကောက်ယူထားပေ၏။ 'မိုးရေဖြင့် လယ်ယာကိုင်းကျွန်းနှင့် အမျိုးမျိုးသော ပျိုးပင်ပေါက်ပင်များ ပေါက်ရောက်ကာ စိမ်းလန်းစိုပြေလျက် ရှိနေသည်ကို တွေ့မြင်ကာ တောင်သူလယ်သမားတို့သည် ပျော်ရွှင်သကဲ့သို့' ဟူ၍ အချို့သော အဖွင့်ရှင်များသည် အာယသ်တော်၏ အလိုသဘောကို အတည်ပြုပြဋ္ဌာန်းကြပေသည်။

အချို့သော အဖွင့်ရှင်များသည်မူ 'ကာဖိရ်' ဟူသော စကားလုံးကို ဤနေရာ၌လည်း ကျော်ကြားသော အဓိပ္ပာယ်ကိုသာလျှင် ကောက်ယူထားကြပေသည်။ 'ကာဖိရ်တို့သည် ထိုအခြေအနေမြင်ကွင်းအား တွေ့မြင်ကာ ပျော်ရွှင်ဝမ်းသာလျက် ရှိကြကုန်၏။ လယ်ယာကိုင်းကျွန်း စိမ်းလန်းစိုပြေနေသည်ကို တွေ့မြင်ကာ စိတ်ချမ်းသာပျော်ရွှင်ခြင်းသည် ကာဖိရ်များအဖို့သာလျှင် သီးသန့်မဟုတ်ဘဲ မွတ်စ္စလင်မ်တို့သည်လည်း ဝမ်းသာပျော်ရွှင်လျက် ရှိကြပေသည်ဟူသော စောဒကတစ်ရပ် ဝင်လာပေသည်။ ထိုစောဒက၏ အဖြေကို အချို့သော အဖွင့်ရှင်များသည် ဤသို့ ပေးထားပေသည်။ မုအ်မင်န်များ၏ ပျော်ရွှင်ခြင်းနှင့် ကာဖိရ်များ၏ ပျော်ရွှင်ခြင်းတို့၌ လွန်စွာ ကွာခြားကြပေသည်။ မုအ်မင်န်သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရှိသွားပါမူ၊ ၎င်း၏ သောကထားရှိခြင်း၏ မျက်နှာမူရာ အရပ်သည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်သို့ သွားရောက်ပေသည်။ ၎င်းသည် 'ဤအချက်အလက်များအားလုံးသည် ထိုအသျှင်မြတ်၏ တန်ခိုးတော်၊ အမြော်အမြင်တော်နှင့် ကရုဏာတော်၏ အကျိုးဆက်တရားသာဖြစ်ကြောင်း' ကို ယုံကြည်ထားပေသည်။ (၎င်းမုအ်မင်န်သည်

ထိုအချက်ကို သက်တမ်း၏ ရည်ရွယ်ချက်အဖြစ် မမှတ်ယူထားဘဲ၊ တစ်ဖန် ထိုပျော်ရွှင်မှုနှင့်အတူ ၎င်းသည် 'အာခိရသ်'၏ သောကကိုလည်း အချိန်တိုင်း နှလုံးမူ၍ နေပေသည်။ ထို့ကြောင့် မုအ်မင်န်သည် အီမာန်၏ လိုလားချက်ကို ပြည့်ဝစွာ ဖြည့်ဆည်းပေးသည်။ ကမ္ဘာလောက၏ ကြီးမားသည်ထက် ကြီးမားသော စည်းစိမ်များ ရရှိသည့်အပေါ်၌လည်း ကာဖိရ်များကဲ့သို့ မိန်းမူ၍ နေမည်မဟုတ်ပေ။ ဤအတွက်ကြောင့် ဤနေရာ၌ 'ပျော်ရွှင်ဝမ်းမြောက်ကြောင်း' အား ဖော်ထုတ်မှုကို ကာဖိရ်များ၏ဘက်သို့ ဆက်နွယ်ကာ မိန့်မြွက်ထားပေသည်။

ရှေ့၌ ထိုဥပမာ၏ အချုပ်သဘောတရားအချက်မှာ ဤသို့တည်း။ ဤစိုက်ခင်း၊ ယာခင်း၊ ပျိုးပင်ပေါက်ပင်များ၊ ပန်းများနှင့် ပန်းဥယျာဉ်များသည် သာယာကာ စိမ်းလန်းစိုပြေလျက် ရှိလာကာ တွေ့မြင်သူတို့အဖို့ အထူးသဖြင့် ကာဖိရ်များသည် အလွန်ပျော်ရွှင်ကာ မိန်းမောတောဝေလျက် ရှိနေသည်ကို တွေ့မြင်ရပေသည်။ တစ်ဖန် နောက်ဆုံး ထိုအပင်များသည် ခြောက်သွေ့မှုဖြစ်ရန် စတင်လာပေသည်။ ပထမ အဝါရောင်သန်းလာကာ၊ တစ်ဖန် လုံးဝ ခြောက်သွေ့ပြီး အစိတ်စိတ်အမွှာမွှာ ဖြစ်သွားပေသည်။ လူသားတို့သည်လည်း ဤဥပမာအတိုင်းကဲ့သို့ပင် ဖြစ်သည်။ အစကာလ၌ စိုပြေလန်းဆန်း ချောမောလှပသော အသွင်မျိုးဖြင့် ရှိနေပေသည်။ ကလေးဘဝမှ သူပျိုအရွယ်ထိတိုင် ဖြတ်သန်းလာရသော စခန်းများသည် ထိုအခြေအနေမျိုးကိုသာလျှင် ရရှိကာ ကျော်ဖြတ်၍ လာပေသည်။ သို့ရာတွင် နောက်ဆုံး အိုမင်းရင့်ရော်သော အချိန်ကာလသို့ ဆိုက်ရောက်လာပေသည်။ အကြင်အိုမင်းရင့်ရော်မှုသည် တစ်ဖြေးဖြေး ကိုယ်ခန္ဓာ၏ စိုပြေလန်းဆန်း၊ လှပမှုများအားလုံးကို ကုန်ဆုံးပပျောက်ထားစေလိုက်ပေသည်။ နောက်ဆုံး သေဆုံးကာ မြေကြီးဖြစ်သွားပေသည်။ ကမ္ဘာလောက၏ မတည်မြဲမှုနှင့် ယို့ယွင်းပြောင်းလွဲလာမည်ဖြစ်ခြင်းအကြောင်းကို တင်ပြပြီးနောက် တစ်ဖန် အဓိကရည်ရွယ်ချက်ဖြစ်သော နောင်တမလွန် 'အာခိရသ်'အား သောကထားရန်ကို နှလုံးမူစေရန်အတွက် နောင်တမလွန် 'အာခိရသ်'၏ အခြေအနေ၏ အကြောင်းကို မိန့်မြွက်ထားပေသည်။

وَفِى الْاٰخِرَةِ عَذَابٌ شَدِيْدٌ وَّمَغْفِرَةٌ مِّنَ اللّٰهِ وَرِضْوَانٌ

(သို့ရာတွင် တမလွန်ဘဝ၌မူ ပြင်းထန်လှစွာသော ပြစ်ဒဏ်သည်လည်း ရှိ၏။ အလ္လာဟ်အသျှင်မြတ်ထံတော်မှ လွတ်ငြိမ်းချမ်းသာခွင့်နှင့် နှစ်မြို့မှုလည်း ရှိပေသည်။) [၅၇ : ၂၀]

ဆိုလိုသည်မှာ နောင်တမလွန် 'အာခိရသ်'တွင် လူသားသည် အခြေအနေနှစ်မျိုးထဲမှ တစ်မျိုးမျိုး ရှိရာဆီသို့ မုချ ရောက်ရှိပေလိမ့်မည်။ အခြေအနေတစ်မျိုးမှာ ကာဖိရ်များတို့အဖို့ ဖြစ်ပြီး ၎င်းတို့အတွက် ပြင်းထန်လှစွာသော ပြစ်ဒဏ်သည် ရှိပေသည်။ ဒုတိယအခြေအနေမှာ မုအ်မင်န်တို့အဖို့ ဖြစ်ပေသည်။ ၎င်းတို့အဖို့ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ 'မဂ်ဖိရသ်' (လွတ်ငြိမ်းချမ်းသာခွင့်) နှင့် 'ရဟ်မသ်' ကရုဏာတော်ပင် ဖြစ်ပေသည်။

ဤနေရာ၌ ပြစ်ဒဏ်၏ အကြောင်းကို ဦးစွာ တင်ပြထားပေသည်။ အဘယ်ကြောင့်ဆိုသော် ပထမ အာယသ်တော်များအတွင်း၌ တင်ပြထားပြီးဖြစ်သော လောက၌ ယစ်မူးမိန်းမောကာ၊ ဂုဏ်မောက်

နေသောသူတို့၏ ဇာတ်သိမ်းသည်လည်း ပြင်းထန်လှစွာသော ပြစ်ဒဏ်ပင် ဖြစ်ပေသည်။ ပြင်းထန်လှစွာသော ပြစ်ဒဏ်နှင့် နှိုင်းယှဉ်ရာတွင် အချက်နှစ်ရပ်ကို တင်ပြထားပေသည်။ 'မဂ်ဖေရသ်' (လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း) နှင့် သဘောတူ နှစ်မြို့ခြင်း ဖြစ်ပေသည်။ အကြင်ကဲ့သို့ တင်ပြရာ၌ 'ပြစ်မှုများနှင့် အမိုက်များတို့အား ပလပ်ခွင့်ပေးခြင်းသည် 'နေ့အ်မသ်' (စည်းစိမ်တော်) တစ်ပ်ဖြစ်၍ အကြင်အချက်၏ အကျိုးဆက်တရား၌ လူသားသည် ပြစ်ဒဏ်မှ ကင်းလတ်ခွင့် ရရှိသွားကြောင်း၊ သို့ရာတွင် ဤနေရာတွင် ဤမျှခန့်သာလျှင် မဟုတ်ရုံသာမက ပြစ်ဒဏ်မှ ကင်းလွတ်ကာ တစ်ဖန် 'ဂျန္နသ်'၏ ထာဝရ စည်းစိမ်တော်များအား စံစားစေခြင်းကိုခံရကာ အကြင်ကဲ့သို့ ခံစားစေခြင်းအချက်၏ အကြောင်းခံသည် အလ္လာဟ်အသျှင်မြတ်၏ သဘောတူ နှစ်မြို့မှုဖြစ်ခြင်းဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားဟန် တူပေသည်။

ထို့နောက် ကမ္ဘာလောက၏ အခြေခံဇစ်မြစ်အချက်ကို ဤအတိုချုပ် စကားလုံးများအတွင်း၌ တင်ပြထားပေသည်။

وَمَالْحَيٰوةُ الدُّنْيَا اِلَّا مَتَاعُ الْغُرُوْرُ

(စင်စစ် လောကီဘဝသည် အမြင်၌ မောက်မှားစေသော ပစ္စည်းမျှသာ ဖြစ်ပေသည်။)/ ၅၇ : ၂၀ /

ထိုအချက်များအားလုံးကို တွေ့မြင်သဘောပေါက်ပြီးနောက် သိမြင်တွေးတောတတ်သော သူများအဖို့ 'ထိုကမ္ဘာလောကသည် ဖြားယောင်းသွေးဆောင်သော ဌာနတစ်ခုဖြစ်ကြောင်းနှင့် ဒုက္ခနှင့် အခက်အခဲကြုံတွေ့လာရချိန် အသုံးဝင်နိုင်လောက်အောင် မူရင်းအရင်းအနှီးမရှိသော ဌာနတစ်ခုဖြစ်ကြောင်းမှအပ အခြားမည်သည့် အချုပ်သဘောတရားတစ်ရပ်ကိုမျှ ရရှိမည်မဟုတ်ပေ။ တစ်ဖန် နောင်တမလွန် 'အာခေရသ်'၏ ပြစ်ဒဏ်နှင့် အကျိုးအစား၊ ကမ္ဘာလောက၏ မတည်မြဲခြင်းအကြောင်းကို တင်ပြပေးလိုက်ရခြင်း၏ မုချ ရှုးရှသက်ရောက်စေသင့်သော အချက်မှာ 'လူသားတို့သည် လောကီရေးရာ၏ ဓိမ်ခံမှုများအတွင်း၌သာ နစ်မြုပ်၍ မနေသင့်ဘဲ နောင်တမလွန် 'အာခေရသ်'၏ စည်းစိမ်များကို သာပို၍ သောကထားရမည့်အကြောင်း' ဟူ၍ ဖြစ်သည်။ ထိုအချက်အကြောင်း၏ တင်ပြချက်ကို တင်ပြလျက်ရှိသော အာယသ်တော်များအတွင်း၌ ဤသို့ တင်ပြထားပေသည်။

سَابِقُوْا اِلٰى مَغْفِرَةٍ مِّنْ رَبِّكُمْ وَجَنَّةٍ عَرْضُهَا كَعَرْضِ السَّمَآءِ وَ الْاَرْضِ

(အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ လွတ်ငြိမ်းချမ်းသာမှုသို့လည်းကောင်း၊ မိုးနှင့် မြေအကျယ်အဝန်းပမာ ကျယ်ဝန်းသော 'ဂျန္နသ်'သုခဘုံသို့လည်းကောင်း အပြိုင်အဆိုင် ပြေးကြလေကုန်။) / ၅၇ : ၂၀ /

'အပြိုင်ပြေးကြလေကုန်' ဟူသော 'မုစာဗကာ' ၏ အလိုသဘောသည် 'အသက်၊ ကျန်းမာရေးနှင့် မိမိ၏ စွမ်းဆောင်နိုင်ခြင်းသည် တစ်စုံတစ်ရာအားကိုးထိုက်ဖွယ်ကောင်းသော အချက်မျိုးမဟုတ်ပေ။ မွန်မြတ်သော အကျင့်စဉ်များအား ပြုကျင့်ရာ၌ ပျင်းရိမှုနှင့် 'ဒီနေ့၊ ဟိုနေ့' ဟူ၍ လွှဲပြောင်းမှုမျိုးကို မပြုလေနှင့်။ တစ်ဖန် ရောဂါတစ်စုံတစ်ရာ (သို့မဟုတ်) ချွင်းချက်တစ်စုံတစ်ရာ ဆိုက်ရောက်လာကာ အသင့်အား ထိုအလုပ်

မျိုးများအား ပြုထိုက်ခြင်းမှ စွန့်လွှတ်လိုက်စေခြင်းဟူသော ကိန်းမျိုး ဆိုက်ရောက်ကောင်း ဆိုက်ရောက်လာနိုင်ပေသည်'ဟူ၍ ဖြစ်နိုင်ပေသည်။ သို့တည်းမဟုတ် သေခြင်းတရားသည် ဆိုက်ရောက်ကောင်း ဆိုက်ရောက်လာနိုင်ပေသည်။ သို့ဆိုလျှင် အပြိုင်ပြုခြင်း 'မုစာဗကာ'၏ အချုပ်သဘောတရား ရလဒ်မှာ 'ချည့်နဲ့ခြင်းနှင့် သေခြင်းတရားတို့ဖြင့် ပြိုင်ဆိုင်ကြကုန်။ အကြောင်းမှာ ထိုအရာများ မဆိုက်ရောက်လာမီအလျင် 'ဂျန္နသ်'သို့ ရောက်ရှိရန် အကြောင်းခံ ဖြစ်နိုင်သော ကုသိုလ်ကောင်းမှုတို့၏ အစုအပုံကို စုဆောင်းကြကုန်' ဟူ၍ ဖြစ်သည်။

ထို့ပြင် 'မုစာဗကာ' ၏ အဓိပ္ပာယ်မှာ 'ကုသိုလ်များကို ပြုကျင့်ရာ၌ အခြားသော သူများထက်သာပိုအောင် ကြိုးစားကြကုန်'ဟူ၍လည်း ဖြစ်နိုင်ပေသည်။ ပမာဆိုရသော် ဟဇရသ်အလီ ﷺ သခင်ကြီးသည် မိမိ၏ 'နစွာအိဟ်' (ဆုံးမစကားများ) ၌ 'အသင်တို့သည် ဗလီဝတ်ကျောင်းတော်သို့ အားလုံးထက်အလျင် ဦးစွာ သွားရောက်သောသူများနှင့် နောက်ဆုံးမှ ထွက်သောသူများ ဖြစ်ကုန်'ဟူ၍ အမိန့်ရှိထားပေသည်။ ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န်မတ်စ်အူဒ် ﷺ သခင်ကြီးသည် 'ဂျေဟားဒ်' ဆင်နွှဲရန် အတန်းများကို စီရာတွင် ပထမဆုံးအတန်း၌ နေရာရရှိရန်အတွက် တိုးကြကုန်'ဟူ၍ မိန့်ခြွေထားပေသည်။ ဟဇရသ်အနတ်စ် ﷺ သခင်ကြီးကလည်း 'ဂျမာအသ်'နှင့် နမာဇ်ဝတ်ပြုရာ၌ ပထမ 'သက်ဗီးရ်'ကို အသင့်ရရှိအောင် ကြိုးစားကြကုန်'ဟူ၍ အမိန့်ရှိထားပေသည်။ *[ရူးဟ်]*

'ဂျန္နသ်' အား အဓိပ္ပာယ်ဖွင့်ဆိုရာ၌ 'ၾင်း၏ ကျယ်ဝန်းမှုသည် မိုးကောင်းကင်၊ မြေပထဝီနှင့်အမျှ' ဟူ၍ မိန့်မြွက်ထားပေသည်။ စူရာဟ် 'အာလေ့အင်မ်ရားန်'အတွင်း၌လည်း ထိုစာစဉ်အကြောင်းအရာ၏ အာယသ်တော်ကို ကနဦး၌လည်း တင်ပြခဲ့ပြီးဖြစ်ပေသည်။ ထိုအာယသ်တော်အတွင်း၌ 'စမာဝါးသ်'ဟူ၍ အများကိန်းကို အသုံးပြုတင်ပြထားရာ မိုးကောင်းကင်၏ အလိုသဘောသည် 'မိုး (၇) ထပ်စလုံး ဖြစ်ပေသည်'ဟူသော အချက်ကို သိရှိရပေသည်။ 'မိုး (၇) ထပ်နှင့် မြေကြီး၏ အကျယ်အဝန်းကို တစ်နေရာ၌ စုဆောင်းထားပါမူ ထိုအတိုင်းအတာ၊ အကျာအဝေးသည် 'ဂျန္နသ်'၏ အကျယ်အဝန်းပင် ဖြစ်ပေသည်'ဟူ၍ ဖြစ်သည်။ အရာတိုင်းသည် အနံနှင့် နှိုင်းယှဉ်လျှင် အလျားမှာ ပိုကြောင်းမှာ ထင်ရှားသော အချက်ဖြစ်ပေသည်။ အထက်ပါတင်ပြချက်မှ 'ဂျန္နသ်'၏ အကျယ်အဝန်းသည် မိုး (၇) ထပ်နှင့် မြေကြီးထက် သာပိုကြောင်း'ကို အတည်ပြု၍ ရရှိပေသည်။ 'အရ်ည္ဖ်'ဟူသော စကားလုံးသည် တစ်ခါတစ်ရံ ခြုံငုံလှစွာသော သဘောမျိုးဖြင့် ကျယ်ဝန်းခြင်း၏ အနက်၌လည်း အသုံးပြုကြပေသည်။ ထိုသို့ အသုံးပြု ရာ၌ အလျားနှင့် နှိုင်းယှဉ်ခြင်းကို ရည်ရွယ်ချက်အဖြစ် မထားရှိတော့ပေ။ ပုံစံနှစ်ခုစလုံး၌ 'ဂျန္နသ်'၏ အလွန်ကြီးမားကျယ်ဝန်းကြောင်းကို တင်ပြလိုက်ခြင်း ဖြစ်ပေသည်။

ذٰلِكَ فَضۡلُ اللّٰهِ يُؤۡتِيۡهِ مَنۡ يَّشَآءُ وَاللّٰهُ ذُو الۡفَضۡلِ الۡعَظِيۡمِ

(ထိုအသျှင်မြတ်သည် ယင်းကျေးဇူးတော်ကို မိမိအလိုရှိတော်မူသော သူအား ချီးမြှင့်ပေးသနားတော်မူ၏။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ကြီးကျယ်လှစွာသော ကျေးဇူးတော်ရှင် ဖြစ်တော်မူပေသည်။)

[၅၇ : ၂၁]

ဤအာယသ်တော်၏အလျင် ပထမအာယသ်တော်အတွင်း၌ 'ဂျန္နသ်'နှင့် ထို 'ဂျန္နသ်'၏ စည်းစိမ်တော်များကို ရယူရန်အတွက် ပြိုင်ဆိုင်ရယူရန်အတွက် မိန့်တော်မူထားကြောင်းကို တင်ပြထားပေသည်။ ထိုအာယသ်တော်မြတ်မှ 'လူတစ်ဦးတစ်ယောက် 'ဂျန္နသ်'နှင့် ၄င်း၏ မကုန်ဆုံးနိုင်သော စည်းစိမ်တော်များသည် ကျွန်ုပ်တို့ ကျင့်ကြံပြုမူဆောင်ရွက်သော ကုသိုလ်ကောင်းမှု၏ အကျိုးအစားနှင့် ကျွန်ုပ်တို့ ကုသိုလ်ကောင်းမှုသည် ထို 'ဂျန္နသ်'ကို ရယူရန်အတွက် လုံလောက်ပေသည်'ဟူ၍ တွေးထင်ကောင်း၊ တွေးထင်နိုင်ပေသည်။ ဤအာယသ်တော်အတွင်း၌ အလ္လာဟ်အသျှင်မြတ်သည် ဤသို့ မိန့်ဆိုထားပေသည်။ အသင်တို့၏ ကျင့်ကြံပြုမူဆောင်ရွက်ချက်များသည် 'ဂျန္နသ်သ်'အား ရယူရန်အတွက် မုချ အကျိုးဆက်တရားအဖြစ် 'ဂျန္နသ်'ချီးမြှင့်ခြင်းခံရရန် ပြည့်စုံလုံလောက်သော အကြောင်းခံမဟုတ်ပေ။ လူသားတို့ သက်တမ်းတစ်လျှောက်လုံး ပြုကျင့်ခဲ့သော ကောင်းမှုများသည် ကမ္ဘာလောက၌ ၄င်းတို့ ရရှိပြီးသော စည်းစိမ်တော်များ၏ တန်ပြန်အကျိုးအစားကိုပင် မရောက်ရှိနိုင်ပေ။ ကျွန်ုပ်တို့၏ ဤကုသိုလ်ကောင်းမှုများသည် 'ဂျန္နသ်'၏ ထာဝရစည်းစိမ်တော်များ၏ တန်ဖိုးအရာ မဖြစ်နိုင်ပေ။ 'ဂျန္နသ်'သို့ ဝင်ရောက်သူတိုင်းသည် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးအသနားတော်ဖြင့်သာ ဝင်ရောက်ရခြင်း ဖြစ်ပေသည်။ ပမာဆိုရသော် ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်း၌ ဟဇရသ်အဗူဟူရိုင်ရာဟ် ﵁ သခင်ကြီး၏ 'မရ်ဖူးအ်' (တမန်တော်မြတ် ﷺ ထိတိုင်ရောက်ရှိသော ဆင့်ကဲဆင့်ပြန်မှု) ဟဒီးစ်တော်အတွင်း၌ ပါရှိထားပေသည်။ တမန်တော်မြတ် ﷺ သည် အသင်တို့အတွင်းရှိ မည်သူတစ်ဦးတစ်ယောက်မဆို ၄င်း၏ ကုသိုလ်သာလျှင် ၄င်းအား လွတ်မြောက်အောင်မြင်မှု မပေးနိုင်ပေ'ဟူ၍ မိန့်မြွက်ရာ ဆွဟာဗာကြီးများက 'ကိုယ်တော်မြတ်သည်လည်း ဤသို့ပင် ဖြစ်ပါ၏လော'ဟူ၍ ပြန်လည် လျှောက်ထားကြပေသည်။ 'ငါကိုယ်တော်သည်လည်း မိမိ၏ ကျင့်ကြံပြုမူဆောင်ရွက်ချက်ဖြင့် 'ဂျန္နသ်'ကို မရရှိနိုင်ပေ။ 'ဂျန္နသ်'ကို ရရှိရန်အတွက် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးအသနားတော်မှအပ အခြားမည်သည့်အရာမျှ မရှိပြီ'ဟူ၍ ပြန်လည်မိန့်ကြားလိုက်ပေသည်။

[မဇ္ဈဟရီကျမ်း]

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

مَا أَصَابَ مِن مُّصِيبَةٍ فِي الْأَرْضِ وَلَا فِي أَنفُسِكُمْ إِلَّا فِي كِتَابٍ
مِّن قَبْلِ أَن نَّبْرَأَهَا ۚ إِنَّ ذَٰلِكَ عَلَى اللَّهِ يَسِيرٌ ﴿٢٢﴾

၅၇ : ၂၂ ॥ ॥ မည်သည့်ဘေးဒုက္ခမျှပင် ကမ္ဘာမြေ၌လည်းကောင်း၊ အသင်တို့ကိုယ်၌လည်းကောင်း ဆိုက်ရောက်သည် မဟုတ်ပေ။ သို့ရာတွင် ငါအသျှင်မြတ်သည် ယင်းဘေးဒုက္ခအား ကမ္ဘာမြေနှင့် အသင်တို့၏ ဇီဝိန်များကို ဖန်ဆင်းတော်မမူမီကပင်လျှင် မှတ်တမ်းစာအုပ်တွင် (ရေးသား၍ ထားတော်မူပြီး ဖြစ်၏။) ကေန်အမှန် ဤသည် အလ္လာဟ်အသျှင်မြတ်၌ အလွန်တရာ လွယ်ကူလှပေသည်။

لِّكَيْلَا تَأْسَوْا عَلَىٰ مَا فَاتَكُمْ وَلَا تَفْرَحُوا بِمَا آتَاكُمْ ۗ وَاللَّهُ لَا يُحِبُّ كُلَّ مُخْتَالٍ فَخُورٍ ﴿٢٣﴾

၅၇ : ၂၃ ။ ။ အသင်တို့သည် မိမိတို့ထံမှ လွတ်သွားသော အရာနှင့် စပ်လျဉ်း၍ ပူဆွေးခြင်း မရှိကြရန်လည်းကောင်း၊ မိမိတို့အား ထိုအသျှင်မြတ်က ချီးမြှင့်ပေးသနားတော်မူသော အရာနှင့် စပ်လျဉ်း၍ ဝမ်းမြောက်မော်ကြွားခြင်း မပြုကြရန်လည်းကောင်း (ထိုအသျှင်မြတ်သည် အသင်တို့အား ဤသည်ကို သိစေတော်မူခြင်း ဖြစ်သည်။) အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မည်သည့်မာန ထောင်လွှားသူ၊ ဂုဏ်မောက်သူကိုမျှ နှစ်သက်တော်မူသည် မဟုတ်ပေ။

الَّذِينَ يَبْخَلُونَ وَيَأْمُرُونَ
النَّاسَ بِالْبُخْلِ ۗ وَمَن يَتَوَلَّ فَإِنَّ اللَّهَ هُوَ الْغَنِيُّ الْحَمِيدُ ﴿٢٤﴾

၅၇ : ၂၄ ။ ။ (၎င်းတို့သည်) အကြင်သူများပင် (ဖြစ်၏။) ထိုသူတို့သည် မိမိတို့ကိုယ်တိုင် စေးနဲကြသည်သာမက တစ်ပါးသူတို့အားလည်း စေးနဲကြရန် အမိန့်ပေးကြကုန်၏။ စင်စစ် မည်သူမဆို (သုံးစွဲလှူဒါန်းခြင်း မပြုဘဲ) မျက်နှာလွှဲ၍ ထွက်သွားကြပါလျှင် ဧကန်အမှန် အလ္လာဟ်အသျှင်မြတ်သည် လိုလားတောင့်တခြင်း ကင်းမဲ့တော်မူသော အသျှင်၊ ချီးမွမ်းအပ်သော ဝိသေသ ဂုဏ်ထူးအပေါင်းတို့နှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

မည်သည့်ဘေးဒုက္ခ (အလုံးစုံ) မျှပင် ကမ္ဘာမြေ၌လည်းကောင်း၊ အသင်တို့ကိုယ်၌လည်းကောင်း ဆိုက်ရောက်သည်မဟုတ်ပေ။ သို့ရာတွင် (ငါအသျှင်မြတ်သည် ယင်းဘေးဒုက္ခ (များ) အား ကမ္ဘာမြေနှင့် အသင်တို့၏ ဇီဝိန်များကို ဖန်ဆင်းတော်မမူမီကပင်လျှင် (လောင်ဟေမဟ်ဖူးဇ်) မှတ်တမ်းစာအုပ်တွင် (ရေးသား၍ ထားတော်မူပြီးဖြစ်၏။ အပြင်ဒုက္ခများနှင့် အတွင်းဒုက္ခများအားလုံးသည် သတ်မှတ်ထားပြီး ဖြစ်၏။) ဧကန်အမှန် ဤသည် အလ္လာဟ်အသျှင်မြတ်၌ အလွန် လွယ်ကူလှပေသည်။ (အကြောင်းမှာ မဖြစ်ပေါ်မီအလျင်ကပင် ရေးသားထားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ထိုအသျှင်မြတ်သည် အကွယ်၌ ရှိသော အရာများကို သိနားလည်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။)

(ငါအသျှင်မြတ်သည် ဤအချက်ကို ပြဆိုထားရခြင်းအကြောင်းမှာ) အသင်တို့သည် မိမိတို့ထံမှ (ကျန်းမာရေး (သို့မဟုတ်) သားသမီး၊ (သို့မဟုတ်) ပစ္စည်းဥစ္စာမဆို) လွတ်သွားသော အရာနှင့် စပ်လျဉ်း၍ (ဤမျှခန့်) ပူဆွေးခြင်းမရှိကြရန်လည်းကောင်း (အလ္လာဟ်အသျှင်မြတ်၏ သဘောတူနှစ်မြို့မှုကို ရှာဖွေရန်နှင့် နောင်တမလွန်၏ အရေးကိစ္စများ၌ နစ်မွန်းရာဝယ် အဟန့်အတားဖြစ်ရှိသွားနိုင်လောက်အောင် ဝမ်းနည်းမှု မပြုကြလေနှင့်။) သဘာဝအရ ဒုက္ခပူဆွေးမှုသည် အကြောင်းမဟုတ်ပေ။) ထိုအသျှင်မြတ်က မိမိတို့အား ချီးမြှင့်ပေးသနားတော်မူသော အရာနှင့် စပ်လျဉ်း၍ (လည်း အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ကရုဏာ အသနားတော်နှင့် ချီးမြှင့်ပေးသနားတော်မူရန် စီမံထားပေးပြီးဖြစ်ကြောင်းကို သဘောပေါက်မှတ်ယူကာ

ထိုအသျှင်မြတ်သည်ပင် ကျွန်ုပ်တို့အား ချီးမြှင့်ပေးထားကြောင်းဟူသော အချက်အပေါ်) ဝမ်းမြောက်မော်ကြွားခြင်း မပြုကြရန်လည်းကောင်း (အဘယ်ကြောင့်ဆိုသော် မော်ကြွားခြင်းသည် ပင်ကိုယ်ပိုင်ဆိုင်သော သူတို့အဖို့သာလျှင် ဖြစ်ပေသည်။ ထိုအသျှင်မြတ်သည် အသင်တို့အား ဤသည်ကို သိစေတော်မူခြင်း (ဖြစ်၏) အခြားသော သူ၏ ဆန္ဒ၊ အမိန့်ဖြင့် အရာတစ်ခုကို ရလိုက်သည့်အပေါ်) အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မည်သည့်မာနထောင်လွှားသူ၊ ဂုဏ်မောက်သူကိုမျှ နှစ်သက်တော်မူသည် မဟုတ်ပေ။

('အိပ်ဟ်သိယားလ်'ဟူသော စကားလုံးကို များသောအားဖြင့် အတွင်းပိုင်းဆိုင်ရာ ရာထူးကဲသော အရည်အချင်းများအပေါ် ဂုဏ်မောက်ကြွားဝါခြင်းတို့၌ အသုံးပြု၍ 'ဖခရ်'ဟူသော စကားလုံးကို ပြင်ပရုပ်ဝတ္ထုပစ္စည်းများ၊ အဆင့်အတန်း အစရှိသော အရာများအပေါ် ဂုဏ်မောက်ကြွားဝါခြင်း၌ အသုံးပြုကြပေသည်။)

(ရှေ့၌ တွန့်တိုခြင်း၏ ကဲ့ရဲ့ထိုက်ဖွယ်အချက် လာရှိထားပေသည်။ ၎င်းတို့သည်) အကြင်သူများပင် (ဖြစ်၏။) ထိုသူတို့သည် (လောကီရေးရာ၏ ခင်တွယ်မှုအတွက်ကြောင့်) မိမိတို့ကိုယ်တိုင် (မိမိတို့ စိတ်ရိုင်း၏ အလိုလိုက်ခြင်းများနှင့် ပြစ်မှုဒုစရိုက်ဖြစ်စေသော အမှုကိစ္စများ၌ အဘယ်မျှခန့်ပင် သုံးဖြုန်းနေလင့်ကစား၊ စေးနဲကြသည်သာမက အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ နှစ်မြို့သော အမှုကိစ္စများတွင် သုံးစွဲခြင်းမှ) သူတစ်ပါးတို့အားလည်း စေးနဲကြရန် အမိန့်ပေးကြကုန်၏။ (ပြစ်မှုဒုစရိုက်ကို ကိုယ်တိုင်ကျူးလွန်၍ အခြားသူများ စေးနဲတွန့်တိုရန် ညွှန်ကြားကြပေသည်။ ('အလ္လာဗီးန'မှ အဆုံးထိတိုင်သည် ဝါကျတည်ဆောက်မှု၌ 'ဗဒလ်'ဖြစ်ကာ အဓိကမကျပေ။ အကြောင်းမှာ ခြိမ်းခြောက်မှုသည် ထိုကြိယာများအားလုံး ပေါင်းစပ်ခြင်းနှင့် ဆက်နွယ်နေပေသည်။ အဘယ်ကြောင့်ဆိုသော် 'မကောင်းသော အကျင့်စလေ့အပေါ် ခြိမ်းခြောက်မှုရှိခြင်း' မှာ ထင်ရှားလှပေသည်။ သို့သာမက 'လောကီရေးရာ၏ ချစ်ခင်မှုသည် ဤသို့ ဖြစ်သည်။ အကြင်ချစ်ခင်မှုကြောင့် များစွာသော စလေ့ဆိုးတို့သည် ပေါင်းစည်းလျက်သာရှိနေကြောင်း' ၏ ဘက်သို့ ရည်ညွှန်းဖော်ထုတ်လျက် ရှိနေပေသည်။) စင်စစ် (ဤလောကီရေးရာအား ချစ်ခင်တွယ်တာခြင်းသည် တစ်ခါတစ်ရံ အမှန်တရားအား မျက်နှာလွှဲလိုက်သည့် အတိုင်းအတာထိတိုင်ပို့ဆောင်တတ်ပေသည်။ အကြင်ကဲ့သို့သောသူနှင့် စပ်လျဉ်း၍ ဤသို့ ခြိမ်းခြောက်ချက် လာရှိထားပေသည်။) မည်သူမဆို (မှန်ကန်သော သာသနာမှ အကြင်သာသနာ၏ ပညတ်ချက် အစိတ်အပိုင်းတစ်ရပ်သည် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ လှူဒါန်းသုံးစွဲခြင်းလည်း ပါဝင်ပေသည်။ ထိုသို့ လှူဒါန်းသုံးစွဲခြင်းမပြုဘဲ) မျက်နှာလွှဲ၍ ထွက်သွားကြပါလျှင်) ဧကန်အမှန် အလ္လာဟ်အသျှင်မြတ် (အဖို့ ထိခိုက်ဆုံးရှုံးမှုတစ်စုံတစ်ရာမျှ ရှိမည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုအသျှင်မြတ်သည်) အားလုံးသော သူတို့၏ ခဝပ်ကိုးကွယ်မှုများနှင့် ပစ္စည်းဥစ္စာတို့အား) လိုလားတောင့်တခြင်း ကင်းမဲ့တော်မူသော အသျှင်၊ (မိမိ၏ ဇာတိတော်နှင့် ဂုဏ်တော်များ၌ ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၍) ချီးမွမ်းအပ်သော ဝိသေသဂုဏ်ထူးအပေါင်းတို့နှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ကမ္ဘာလောက၌ ရှိသော အချက်နှစ်ရပ်သည် လူသားတို့ကို အလ္လာဟ်အသျှင်မြတ်အား သတိရတာသခြင်းနှင့် နောင်တမလွန် 'အာခိရတ်' ကို သောကထားခြင်းမှ မေ့လျော့စေသော အရာဖြစ်ပေသည်။ တစ်မျိုးမှာ သက်တောင့်သက်သာနှင့် ဇိမ်ခံကာ နေထိုင်ခြင်းဖြစ်သည်။ အကြင်အချက်အတွင်း၌ နစ်မွန်းကာ လူသားသည် အလ္လာဟ်အသျှင်မြတ်အား မေ့လျော့သွားပေသည်။ ထိုအခါကျမှ ရှောင်ရှားရန် လမ်းညွှန်ချက်ကို လွန်လေပြီးသော အာယသ်တော်များအတွင်း၌ တင်ပြပြီးဖြစ်ပေသည်။ ဒုတိယအချက်မှာ ဘေးဒုက္ခနှင့် ဝမ်းနည်းပူဆွေးမှုဖြစ်ပေသည်။ ထိုအချက်အတွင်း၌ နစ်မွန်းကာ ရှိနေသည်ဆိုလျှင်လည်း အချို့သော အချိန်အခါမျိုး၌ လူသားသည် မျှော်လင့်ချက်ကင်းမဲ့ကာ အလ္လာဟ်အသျှင်မြတ်အား သတိရတာသခြင်းမှ မေ့လျော့သောသူ ဖြစ်သွားပေသည်။ တင်ပြလျက်ရှိနေသော အာယသ်တော်များအတွင်း၌ ထိုအချက်၏ အကြောင်းကို တင်ပြထားပေသည်။

مَآاَصَابَكُمْ مِّنْ مُّصِيْبَةٍ فِى الْاَرْضِ وَلَا فِىْٓ اَنْفُسِكُمْ اِلَّا فِىْ كِتٰبٍ مِّنْ قَبْلِ اَنْ نَّبْرَاَهَا

(မည်သည့်ဘေးဒုက္ခမျှပင် ကမ္ဘာမြေ၌လည်းကောင်း၊ အသင်တို့ကိုယ်၌လည်းကောင်း ဆိုက်ရောက်သည်မဟုတ်ပေ။ သို့ရာတွင် ငါအသျှင်မြတ်သည် ယင်းဘေးဒုက္ခအား ကမ္ဘာမြေနှင့် အသင်တို့၏ ဇီဝိန်များကို ဖန်ဆင်းတော်မမူမီကပင်လျှင် မှတ်တမ်းစာအုပ်တွင် ရေးသား၍ ထားတော်မူပြီးဖြစ်၏။) [၅၇ : ၂၂]

ဆိုလိုသည်မှာ အကြင်မည်သည့်ဘေးဒုက္ခမဆို အသင်တို့ထံ ကမ္ဘာမြေပထဝီ၌သော်လည်းကောင်း၊ (သို့မဟုတ်) အသင်တို့၏ အသက်ဇီဝိန်များအတွင်းဝယ် ရောက်ရှိလာပါက ထိုဘေးဒုက္ခအလုံးစုံကို ငါအသျှင်မြတ်သည် 'လောင်ဟေ့မဟ်ဖူးဇ်' ၌ အဖန်ဆင်းခံများကို မဖန်ဆင်းမီအလျင်ကတည်းက ရေးသားထားပြီးဖြစ်တော်မူပေသည်။ ကမ္ဘာမြေပထဝီပေါ်၌ ဆိုက်ရောက်လာသော ဘေးဒုက္ခ၏ အလိုသ? ဘာသည် ကပ်ဆိုက်ခြင်း၊ မြေငလျင်လှုပ်ခြင်း၊ လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်များမှ အထွက်တိုးနည်းကာ ဆုံးရှုံးခြင်း၊ အရောင်းအဝယ်၌ ဆုံးရှုံးခြင်း၊ ပစ္စည်းဥစ္စာများ ဆုံးရှုံးပျက်စီးသွားခြင်းနှင့် မိတ်ဆွေအပေါင်းအသင်းများ၏ ကွယ်လွန်သေဆုံးခြင်း စသော အချက်များအားလုံး ပါဝင်ပေသည်။ အသက်ဇီဝိန်များအပေါ် ဆိုက်ရောက်လာသော ဘေးဒုက္ခများ၏ အလိုသဘောသည် အမျိုးမျိုးအချက်များအားလုံး ပါဝင်ပေသည်။

لِكَيْلَا تَاْسَوْا عَلٰى مَافَاتَكُمْ وَلَا تَفْرَحُوْا بِمَآ اٰتٰكُمْ

(အသင်တို့သည် မိမိတို့ထံမှ လွတ်သွားသော အရာနှင့် စပ်လျဉ်း၍ ပူဆွေးခြင်းမရှိကြရန်လည်းကောင်း၊ မိမိတို့အား ထိုအသျှင်မြတ် ချီးမြှင့်ပေးသနားတော်မူသော အရာနှင့် စပ်လျဉ်း၍ ဝမ်းမြောက်မော်ကြွားခြင်း မပြုကြရန်လည်းကောင်း ထိုအသျှင်မြတ်သည် အသင်တို့အား ဤသည်ကို သိစေတော်မူခြင်း (ဖြစ်၏။)
[၅၇ : ၂၃]

အာယသ်တော်၏ အလိုသဘောမှာ ဤသို့တည်း။ ကမ္ဘာလောက၌ လူသားတို့အဖို့ တွေ့ကြုံရလာသောအခါ ဘေးဒုက္ခ၊ (သို့မဟုတ်) သက်တောင့်သက်သာ ရရှိမှုနှင့် ဝမ်းနည်း၊ ဝမ်းသာခြင်းအချက်များအားလုံး အလ္လာဟ်အသျှင်မြတ်သည် 'လောင်ဟေမဟ်ဖူး၌' ၌ ၎င်းတို့အား မဖန်ဆင်းမီအလျင်ကတည်းကပင် ရေးသားထားတော်မူပေသည်။ ထိုအချက်အား အသင်တို့ကို အသိပေးတော်မူထားရခြင်းအကြောင်းမှာ 'အသင်တို့သည် ကမ္ဘာလောက၌ ကြုံတွေ့ရသော ကောင်းသော၊ ဆိုးသော အခြေအနေများအပေါ် များပြားစွာ အာရုံသောကမထားရရန်၊ ဤကမ္ဘာလောက၏ ဘေးဒုက္ခ၊ ထိခိုက်၊ ဆုံးရှုံးမှုတို့သည် များပြားစွာ ဝမ်းနည်းပူဆွေးရမည့်အချက်များ မဟုတ်သလို သက်တောင့်သက်သာ၊ ဇိမ်ခံမှုနှင့် ဓနအင်အား ရှိခြင်းတို့သည်လည်း များပြားစွာ ဝမ်းမြောက်ပျော်ရွှင်၍ မိန်းမောနေရလောက်အောင် ကောင်းသော အရာများ မဟုတ်ကြောင်းနှင့် အကြင်အချက်များအတွင်း နစ်မွန်းကာ အလ္လာဟ်အသျှင်မြတ်အား သတိရတသခြင်းနှင့် နောင်တလွန် 'အာခေရသ်'အား မေ့လျော့သွားလောက်အောင် ကောင်းသောအရာများ မဟုတ်ကြောင်း' ဟူသော အကြောင်းတို့ကြောင့် ဖြစ်သည်။

ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်အဗ္ဗားစ် ﷺ သခင်ကြီးက မိန့်ဆိုသည်မှာ 'လူသားတိုင်းသည် ဗီဇသဘာဝအရ အချို့သော အချက်အကြောင်းအရာတို့ကြောင့် ဝမ်းသာကာ အချို့သော အချက်အကြောင်းတို့ကြောင့် ဝမ်းနည်းကြတတ်ပေသည်။ သို့ရာတွင် အကြင်သူတစ်ဦးတစ်ယောက်ထံ ဘေးဒုက္ခတစ်စုံတစ်ရာ ဆိုက်ရောက်လာပါကလည်း ထိုအက္ခရာအပေါ် သည်းခံကာ 'အာခေရသ်' ၏ အကျိုးစဝါးဗ်ကို ရှာဖွေရန် သင့်ပြီး၊ သက်တောင့်သက်သာနှင့် ဝမ်းသာမှုနှင့် ကြုံကြိုက်လာပါကလည်း ထိုအချက်အပေါ် ကျေးဇူးတင်ရှိကာ အကျိုးစဝါးဗ်ကို ရယူရပေမည်'ဟူ၍ ဖြစ်သည်။ *[ဟာကင်မ်]*

တင်ပြလျက်ရှိသော အာယသ်တော်အတွင်း၌ သက်တောင့်သက်သာရရှိမှုနှင့် ဥစ္စာပစ္စည်း၊ ဓနစည်းစိမ်အပေါ် ဂုဏ်မောက်၊ ကြွားဝါသောသူတို့အား ပြစ်တင်ကဲ့ရဲ့ထားတော်မူပေသည်။

وَاللّٰهُ لَا يُحِبُّ كُلَّ مُخْتَالٍ فَخُوْرٍ

(အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မည်သည့်မာနထောင်လွှားသူ၊ ဂုဏ်မောက်သူကိုမျှ နှစ်သက်တော်မူသည် မဟုတ်ပေ။) *[၅၇ ׃ ၂၃]*

'မနှစ်မြို့သောသူကို မုန်းတီးမှုထားရှိခြင်း' မှာ ထင်ရှားလှပေသည်။ အလိုသဘောမှာ 'လောကီရေးရာ၏ စည်းစိမ်များအပေါ် ဂုဏ်မောက်ကြွားဝါသော သူတို့သည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ မုန်းတီးခြင်းခံရသောသူများ ဖြစ်ပေသည်'ဟူ၍ ဖြစ်သည်။ သို့ရာတွင် 'နှစ်မြို့တော်မမူပေ'ဟူသော ခေါင်းစီးကို ရွေးချယ်တင်ပြရာ၌ 'ဦးနှောက်အသိဉာဏ်ရှိ၍ အဝေးသို့ ရှုမြင်တတ်သော လူသားသည် မိမိ၏ လုပ်ငန်းဆောင်တာတိုင်း၌ အသျှင်မြတ် နှစ်မြို့ခြင်း၊ (သို့မဟုတ်) မနှစ်မြို့ခြင်းဟူသော သောကကို မဖြစ်မနေထားလိုက်ခြင်း ဖြစ်သင့်သည်'ဟူသော အချက်ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားဟန် တူပေသည်။ ထို့နောက် ဤနေရာ၌ 'မနှစ်မြို့ပေ'ဟူသော အချက်ကို တင်ပြထားခြင်း ဖြစ်ပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

لَقَدْ اَرْسَلْنَا رُسُلَنَا بِالْبَيِّنٰتِ وَاَنْزَلْنَا مَعَهُمُ الْكِتٰبَ
وَالْمِيْزَانَ لِيَقُوْمَ النَّاسُ بِالْقِسْطِ ۚ وَاَنْزَلْنَا الْحَدِيْدَ فِيْهِ
بَاْسٌ شَدِيْدٌ وَّمَنَافِعُ لِلنَّاسِ وَلِيَعْلَمَ اللّٰهُ مَنْ يَّنْصُرُهٗ وَ
رُسُلَهٗ بِالْغَيْبِ ۗ اِنَّ اللّٰهَ قَوِيٌّ عَزِيْزٌ ﴿٢٥﴾

၅၇ း ၂၅ ။ ။ ကေန်မလွဲ ငါအသျှင်မြတ်သည် မိမိစူလ်တမန်တော်များအား ထင်ရှားစွာသော သက်သေလက္ခဏာများနှင့် အတူတကွ စေလွှတ်တော်မူခဲ့၏။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းရစူလ်တမန်တော်များနှင့်အတူ လူတို့သည် တရားမျှတမှုအပေါ်၌ ရပ်တည်ကြရန်အလို့ငှာ ကျမ်းဂန်ကိုလည်းကောင်း၊ တရားမျှတမှုကိုလည်းကောင်း ချပေးသနားတော်မူခဲ့၏။ ထို့ပြင် ငါအသျှင်မြတ်သည် သံသတ္တုကိုလည်း ချပေးသနားတော်မူခဲ့၏။ ယင်းသံသတ္တု၌ အကြီးအကျယ် ပြင်းထန်လှသော စွမ်းအင်ရှိပေသည်။ လူသားတို့အဖို့ အကျိုးကျေးဇူးများလည်း ရှိသည်။ ထို့ပြင် မည်သူသည် [အသျှင်မြတ်အား မဖူး၊ မတွေ့] မမြင်ဘဲလျက် အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်များအားလည်းကောင်း ကူညီသည်ကို အလ္လာဟ်အသျှင်မြတ်သည် သိတော်မူရန်အလို့ငှာ (သံ၊ သတ္တုကို ချပေးသနားတော်မူခြင်း ဖြစ်၏။) ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်မှာမူ အလွန်တရာ အားအင်နှင့် ပြည့်စုံတော်မူသောအသျှင်၊ အလွန်တရာ နိုင်နင်းလွှမ်းမိုးတော်မူသော အသျှင်မြတ်ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ကေန်မလွဲ ငါအသျှင်မြတ်သည် (ဤသို့ 'အာခေရသ်'အား ပြုပြင်ရန်အတွက်) မိမိ၏ ရစူလ်တမန်တော်များအား ထင်ရှားစွာသော သက်သေလက္ခဏာတော်များနှင့် အတူတကွ စေလွှတ်တော်မူခဲ့၏။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းရစူလ်တမန်တော်များနှင့်အတူ လူတို့သည် (အထူးသဖြင့်) တရားမျှတမှုအပေါ်၌ ရပ်တည်ကြရန်အလို့ငှာ ကျမ်းဂန်ကိုလည်းကောင်း၊ (အဖန်ဆင်းခံများ၏ ဝတ္တရားများ၌) တရားမျှတမှုကိုလည်းကောင်း (အလ္လာဟ်အသျှင်မြတ်၏ ဝတ္တရားနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဖန်ဆင်းခံများအချင်းချင်း ဝတ္တရားနှင့် စပ်လျဉ်း၍သော်လည်းကောင်း အမိန့်တော်များကို) ချပေးသနားတော်မူခဲ့၏။ (ထိုအချက်အတွင်း၌ အတိုင်းထက်အလွန် တိုးခြင်း၊ လျော့ခြင်း မရှိသော တရားမျှတမှုရှိသော သာသနာတော်တစ်ရပ်လုံး ပါဝင်သွားပေသည်။) ထို့ပြင် ငါအသျှင်မြတ်သည် သံသတ္တုကိုလည်း ချပေးသနားတော်မူခဲ့၏။ ယင်းသံသတ္တု၌ အကြီးအကျယ် ပြင်းထန်လှသော စွမ်းအင်ရှိပေသည်။ (သို့မှသာ ထိုသံသတ္တုကို အကြောင်းခံ၍ ကြောက်ရွံ့စွာ ကမ္ဘာလောကကြီး၏ စီမံကိန်းသည် ငြိမ်းချမ်းမှုသည် လည်ပတ်နေပြီ။ များစွာသော ဆူပူမှုများ ပိတ်ပင်သွားပေမည်။ ထို့ပြင်) လူသားတို့အဖို့ (အမျိုးမျိုးသော) အကျိုးကျေးဇူးများ

လည်း ရှိသည်။ (သို့ရှိရာ များစွာသော ကိရိယာများကို သံဖြင့်သာ ပြုလုပ်ကြပေသည်။) ထို့ပြင် မည်သူသည် အသျှင်မြတ်အား (မဖူးမတွေ့) မမြင်ဘဲလျက် (အပေါ်ယံအသွင်မျိုးဖြင့်) အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်များအားလည်းကောင်း၊ (သို့မဟုတ် သာသနာတော်ကိုလည်းကောင်း) ကူညီသည်ကို အလ္လာဟ်အသျှင်မြတ်သည် သိတော်မူရန်အလို့ငှာ (သံသတ္တုကို ချပေးသနားတော်မူခြင်း ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် 'ဂျီဟားဒ်' သာသနာရေးစစ်ပွဲဆင်နွှဲရာ၌လည်းအ သုံးဝင်ပေသည်။ သို့ရှိရာ ဤသည်လည်း လောကုတ္တရာရေးဆိုင်ရာ အကျိုးပင် ဖြစ်သည်။ 'ဂျီဟားဒ်' သာသနာရေးစစ်ပွဲကို ဆင်နွှဲရန် အမိန့်ပေးရခြင်းအကြောင်းမှာ အလ္လာဟ်အသျှင်မြတ်သည် ထိုအရာကို လိုလားနေတော်မူသော အကြောင်းကြောင့် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော်) ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်မှာမူ အလွန်တရာ အားအင်နှင့် ပြည့်စုံတော်မူသော အသျှင်၊ (အလွန်တရာ နိုင်နင်းလွှမ်းမိုးတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ (သို့သာမက အသင်တို့ 'စဝါးဗ်' ရရှိရန်အတွက် သတ်မှတ်ထားတော်မူခြင်း ဖြစ်ပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

မိုးကောင်းကင်ကျမ်းဂန်များနှင့် နဗီတမန်တော်များအား စေလွှတ်တော်မူခြင်း၏ အဓိကရည်ရွယ်ချက်သည် လူသားတို့ကို တရားမျှတခြင်းအပေါ် ရပ်တည်နေနိုင်စေရန်ဖြစ်ခြင်း အကြောင်းခံ

لَقَدْ أَرْسَلْنَا رُسُلَنَا بِالْبَيِّنٰتِ وَأَنْزَلْنَا مَعَهُمُ الْكِتٰبَ وَالْمِيزَانَ لِيَقُومَ النَّاسُ بِالْقِسْطِ وَأَنْزَلْنَا الْحَدِيدَ فِيهِ بَأْسٌ شَدِيدٌ

(ဧကန်မလွဲ ငါအသျှင်မြတ်သည် မိမိရစူလ်တမန်တော်များအား ထင်ရှားစွာသော သက်သေလက္ခဏာများနှင့် အတူတကွ စေလွှတ်တော်မူခဲ့၏။ ထို့ပြင် ငါအသျှင်မြတ်သည်လည်းကောင်း၊ ရစူလ်တမန်တော်များနှင့်အတူ လူတို့သည် တရားမျှတမှုအပေါ်၌ ရပ်တည်ကြရန်အလို့ငှာ ကျမ်းဂန်ကိုလည်းကောင်း၊ တရားမျှတမှုကိုလည်းကောင်း ချပေးသနားတော်မူခဲ့၏။ ထို့ပြင် ငါအသျှင်မြတ်သည် သံသတ္တုကိုလည်း ချပေးသနားတော်မူခဲ့၏။ ယင်းသံသတ္တု၌ အကြီးအကျယ် ပြင်းထန်လှစွာသော ပညတ်ချက်များဟူ၍ အလိုသဘောကို ကောက်ယူနိုင်ပေသည်။ ပမာဆိုရသော် စကားပြေအကျဉ်း၌ ဤဘာသာပြန်မှုကိုသာလျှင် ကောက်နုတ်တင်ပြထားပေသည်။ 'မုအ်ဂျေဇာဟ်' (တန်ခိုးတော်) များ၊ နဗီတမန်တော်၏ နဗီဖြစ်ခြင်းနှင့် ရစူလ်တမန်တော်၏ ရစူလ်ဖြစ်ခြင်းအပေါ် ရှင်းလင်းစွာသော သက်သေလက္ခဏာတော်များဟူ၍လည်း အလိုသဘောကို ကောက်ယူနိုင်ပေသည်။ (ပမာဆိုရသော် အိဗ်နေကစီးရ်သခင်ကြီးနှင့် အိဗ်နေဟိဗ်ဗားန်သခင်ကြီးတို့သည် အကျယ်ချဲ့ ဖွင့်ဆိုထားကြပေသည်။)

'ဗိုက်ယေနားသ်'ဟူသော စကားလုံး၏ နောက် اَنْزَلْنَا مَعَهُمُ الْكِتَابَ တွင် ကျမ်းဂန်ကို ချပေးတော်မူခြင်းကို သီးခြားစွာ ဖော်ပြထားသည် အပေါ်ယံဝါဒီအားဖြင့် ထိုဖွင့်ဆိုချက်အား အထောက်အကူပြုလျက် ရှိနေပေသည်။ အဘယ်ကြောင့်ဆိုသော် 'ဗိုက်ယေနားသ်'၏ အလိုသဘောသည် 'မုအ်ဂျေဇာဟ်' တန်ခိုးတော်များနှင့် အထောက်အထားများဖြစ်ပြီး ပညတ်ချက်များအား အကျယ်ချဲ့တင်ပြရန်အတွက် ကျမ်းဂန်အား ချပေးခြင်းအကြောင်းကို တင်ပြထားပေသည်။

ကျမ်းဂန်နှင့်အတူ အခြားသော အရာတစ်ခုဖြစ်သော 'မီဇာန်'ကို ချပေးတော်မူထားကြောင်းကိုလည်း တင်ပြထားပေသည်။ 'မီဇာန်'သည် စင်စစ်၌ အရာတစ်ခုအား ချိန်တွယ်ခြင်း၏ ကိရိယာကို ခေါ်ဆိုပေသည်။ အများအရှု၌ ချိန်ခွင်၏ ပုံစံဖြစ်သည်။ မြင်တွေ့နေကျ ရေပန်းစားလျက်ရှိသော ချိန်ခွင်အပြင် အမျိုးမျိုးသော အရာများအား ချိန်တွယ်ရန်အတွက် အခြားအမျိုးမျိုးသော ကိရိယာများကို တီထွင်ထားကြပေသည်။

ဤအာယသ်တော်အတွင်း၌ ကျမ်းဂန်ကဲ့သို့ 'မီဇာန်'ချိန်ခွင်ကိုလည်း ချပေးထားတော်မူကြောင်းကို မိန့်တော်မူထားပေသည်။ ကျမ်းဂန်သည် မိုးကောင်းကင်မှ ကျရောက်တော်မူကာ ကောင်းကင်တမန်တော်များ၏ အမှီသဟဲဖြင့် နဗီတမန်တော်ထိတိုင် ရောက်ရှိခြင်းမှာ သိရှိနားလည်ရပေသည်။ 'မီဇာန်'ချိန်ခွင်ကို ချပေးလိုက်ခြင်း၏ အလိုသဘောမှာ မည်သို့နည်း။ ထိုအချက်နှင့် စပ်လျဉ်း၍ ရုဟုလ်မအာနီကျမ်းနှင့် မဇ္ဇဟရီကျမ်း အစရှိသော ကျမ်းများ၌ ဤသို့ လာရှိထားပေသည်။ 'မီဇာန်'ချိန်ခွင်အား ချပေးတော်မူခြင်း၏ အလိုသဘောမှာ 'ချိန်ခွင်အသုံးပြုခြင်းနှင့် တရားမျှတမှုတို့နှင့် စပ်လျဉ်းသော 'ပညတ်ချက်များကို ချပေးတော်မူခြင်းကို ဆိုလိုခြင်းဖြစ်ပေသည်။ ကုရ်သုဗီး (ရဟ) သခင်ကြီးက 'စင်စစ် ချပေးတော်မူခြင်းသည် ကျမ်းဂန်ဖြစ်ကာ တစ်ပါတည်း ချိန်ခွင်ကို တီထွင်ပေးခြင်းကို တွဲထားပေးလိုက်ခြင်းဖြစ်သည်' ဟူ၍ အမိန့်ရှိထားပေသည်။ ပမာဆိုရသော် အာရဗ်လူမျိုးတို့ သုံးနှုန်းကြသော ဝေါဟာရ၌ ထိုအချက်၏ ပုံဆောင်ခိုင်းနှိုင်းချက်များ ရှိပေသည်။ သို့ဆိုလျှင် မုက္ခပါဌ်တော်၏ အလိုသဘောမှာ-

اَنْزَلْنَا الْكِتَابَ وَوَضَعْنَا الْمِيْزَانَ

(ငါအသျှင်မြတ်သည် ကျမ်းဂန်ကို ချပေးတော်မူ၍ ချိန်ခွင်ကို တီထွင်ပေးလိုက်သည်) ဟူသော သဘောကဲ့သို့ ဖြစ်သွားပေသည်။ ထိုတင်ပြချက်အား အထောက်အကူပြုမှုသည် စူရာဟ်'ရဟ်မာန်း'၏

وَالسَّمَآءَ رَفَعَهَا وَوَضَعَ الْمِيْزَانَ

(ထိုအသျှင်မြတ်သည်ပင် မိုးကောင်းကင် မြင့်စွင်စေတော်မူခဲ့၏။ ၎င်းပြင် ထိုအသျှင်မြတ်သည် ချိန်ခွင်ကို တီထွင်စီစဉ်၍ ပေးတော်မူခဲ့၏။) *[၅၅ : ၇]*

ဟူသော အာယသ်တော်မြတ်ဖြင့်လည်း ဖြစ်နေပေသည်။ အကြောင်းမှာ ထိုအာယသ်တော်အတွင်း၌ 'မီဇာန်'ချိန်ခွင်ဟူသော စကားလုံးနှင့်အတူ 'သသွာအ်' (တီထွင်ပေးခြင်း) ဟူသော စကားလုံးကို အသုံးပြုထားပေသည်။

အချို့သော ဆင့်ပြန်ချက်များအတွင်း၌ ဟဇရသ်နူးဟ် ﷺ အပါ 'တကယ်အစစ်အမှန် ချိန်ခွင်ကို မိုးကောင်းကင်မှ ချပေးတော်မူခဲ့သည်'ဟူ၍ လာရှိထားပေသည်။ 'ထိုချိန်ခွင်ဖြင့် ချိန်တွယ်ကာ အခွင့်အရေးများကို ပြည့်ဝစွာ ပေးသင့်ပေသည်'ဟူ၍လည်း မိန့်တော်မူထားပေသည်။

ကျမ်းဂန်နှင့် 'မီဇာန်' (ချိန်ခွင်) ၏ နောက် တတိယအရာတစ်ခု မှချ ပေးထားကြောင်းကိုလည်း ဖော်ပြထားပေသည်။ ဆိုလိုသည်မှာ 'သံသတ္တု' ဖြစ်ပေသည်။ ၄င်းအား ချပေးခြင်း၏ အလိုသဘောသည်လည်း ဖန်ဆင်းပေးတော်မူထားခြင်း ဖြစ်ပေသည်။ ပမာဆိုရသော် ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်တစ်ပိုဒ်အတွင်း၌ ခြေလေးချောင်းသတ္တဝါများနှင့် စပ်လျဉ်း၍ 'အင်နီဇာလ်' (ချပေးခြင်း) ဟူသော စကားလုံးကို အသုံးပြုထားပေသည်။ အမှန်တကယ်ဆိုလျှင် ထိုအရာသည် မည်သည့်မိုးကောင်းကင်တစ်ခုခုမှ ကျရောက်လာသည်မဟုတ်ဘဲ မြေကြီးမှ ထွက်လာသော တွင်းထွက်ပစ္စည်းဖြစ်ပေသည်။ အာယသ်တော်မှာ-

وَاَنْزَلَ لَكُمْ مِّنَ الْاَنْعَامِ ثَمَانِيَةَ اَزْوَاجٍ

(၄င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့အကျိုးငှာ ခြေလေးချောင်းတိရစ္ဆာန်များမှ အထီး၊ အမရှစ်မျိုးကို ချပေးတော်မူခဲ့၏။) *[၃၉ : ၆]*

ဤနေရာတွင် အဖွင့်ပညာရှင်များအားလုံးသည် اَنْزَلْنَا (ချပေးတော်မူခဲ့သည်) ၏ အလိုသဘောကို خَلَقْنَا (ဖန်ဆင်းတော်မူခဲ့သည်) ဟူ၍ တစ်ညီတစ်ညွတ်တည်း ကောက်ယူ ဆုံးဖြတ်ချက်ချပေးထားကြပေသည်။ ဆိုလိုသည်မှာ 'ဖန်ဆင်းခြင်း' ကို 'ချပေးခြင်း'ဟူ၍ သုံးနှုန်းဖွဲ့နွဲ့ကာ တင်ပြထားပေသည်။ အကြင်ကဲ့သို့ သုံးနှုန်းဖွဲ့ဆိုတင်ပြရာ၌ 'ကမ္ဘာလောက၌ ရှိသော အရာများအားလုံးသည် ယင်းအရာများအား မဖန်ဆင်းမီအလျင်ကတည်းက 'လောင်ဟေမဟ်ဖူးဇ်'၌ ရေးသားထားခြင်းကို ထောက်ရှု၍ မိုးကောင်းကင်မှ ကျရောက်လာခြင်းဖြစ်ကြောင်း' ဟူသော အချက်၏ ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားပေသည်။ *[ရူးဟ်]*

သံသတ္တုအား ချပေးတော်မူခြင်း၏ အမြော်အမြင်နှစ်ရပ်ကို အာယသ်တော်အတွင်း၌ တင်ပြထားပေသည်။ ပထမအမြော်အမြင်တော်မှာ ဆန့်ကျင်မှုပြုသောသူများအပေါ် ထိုအရာ၏ ထိတ်လန့်မှု အရှိန်အဝါသည် ရှိနေပေသည်။ ဆူပူသောင်းကျန်းသောသူများကို ထိုအရာ၏ အကြောင်းခံဖြင့် အလ္လာဟ်အသျှင်မြတ်၏ အမိန့်ပညတ်ချက်များနှင့် တရားမျှတမှု၏ ပညတ်ချက်တော်များအား လိုက်နာဆောက်တည်ရန် ပြုစွမ်းနိုင်ပေသည်။ ဒုတိယအမြော်အမြင်တော်မှာ သံသတ္တုအတွင်း၌ လူသားတို့အဖို့ များစွာသော အကျိုးများကို အလ္လာဟ်အသျှင်မြတ်သည် ထားရှိထားတော်မူပေသည်။ အဘယ်ကြောင့်ဆိုသော် 'ကမ္ဘာလောက၌ ဖြစ်ပေါ်ပြီး (သို့မဟုတ်) ဖြစ်ပေါ်လာမည့် လက်မှုအတတ်ပညာများနှင့် တီထွင်ဖန်တီးမှုများတွင် ရှိမလာဘဲ သံသတ္တုကို လိုအပ်ပေရာ ထိုအရာမပါရှိဘဲ မည်သည့်အတတ်ပညာရပ်တစ်ခုမျှ မပြုစွမ်းနိုင်ပေ။

အကျိုးထူး ၁

ဤနေရာတွင် အောက်ဖော်ပြပါအချက်ကိုလည်း သေချာကျနစွာ စမ်းစစ်လေ့လာကြည့်ရှုသင့်ပေသည်။ အာယသ်တော်မြတ်အတွင်း နဗီတမန်တော်များနှင့် ကျမ်းဂန်များကို ချပေးသနားတော်မူခြင်းနှင့် တရားမျှတခြင်း၏ ချိန်ခွင်ကို တီထွင်ပေးကာ အသုံးပြုရန်အကြောင်းကို

لِيَقُومَ النَّاسُ بِالْقِسْطِ (လူတို့သည် တရားမျှတမှုအပေါ်၌ ရပ်တည်ကြရန်အလို့ငှာ။)*[၅၇ : ၂၅]*

ဟူ၍ တင်ပြထားပေသည်။ ထို့နောက် တတိယအရာတစ်ခုဖြစ်သော သံသတ္တုကို ချပေးတော်မူခြင်း (ဝါ) တီထွင်ပေးခြင်းအကြောင်းကိုလည်း တင်ပြထားပေသည်။ ဤသို့ တီထွင်ပေးခြင်းသည်လည်း စင်စစ်၌ 'နဗီတမန်တော်များနှင့် ကျမ်းဂန်ကို၏ ရည်ရွယ်ချက်ဖြစ်သော တရားမျှတမှု' ကို နောက်ဆက်တွဲအဆုံးသတ်ပေးသည့် အသွင်မျိုး ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် နဗီတမန်တော်များနှင့် ကျမ်းဂန်များသည် တရားမျှတမှုကို ရပ်တည်ခြင်းအပေါ် ရှင်းလင်းလှစွာသော အထောက်အထားများကို ပေးထားပေသည်။ မပြုမှုခြင်း၏ ပုံစံ၌ နောင်တမလွန် 'အာခေရသ်'၏ ပြစ်ဒဏ်တော်အား ခြိမ်းခြောက်ထားပေသည်။ 'မီဇာန်' (ချိန်ခွင်) သည် တရားမျှတမှုကို ပြုသော အတိုင်းအတာများကို ပြသထားပေသည်။ သို့ရာတွင် မည်သည့် အထောက်အထား တစ်စုံတစ်ရာကိုမျှ မယုံကြည်သလို 'မီဇာန်'(ချိန်ခွင်) ၏ ချိန်ခွဲမှုနှင့်အညီ ကျင့်ကြံရန် အသင့်မရှိသော ဆိုးသွမ်းသော ရန်မူသူများကို အကယ်၍ လွတ်လပ်စွာ လွတ်ထားမည်ဆိုပါက ကမ္ဘာလောက၌ တရားမျှတမှုကို ရပ်တည်စေမည် မဟုတ်ပေ။ ၎င်းတို့ကို ဖြောင့်မတ်တည်ကြည်အောင် ပြုရန်သည် သံနှင့်ဓါးတို့၏ အလုပ်ဖြစ်ပေသည်။ အကြွင်လက်နက်ကိရိယာများကို အုပ်ချုပ်မှုကို အစိုးရသောသူတို့သည် နောက်ဆုံး၌ မတတ်သော အဆင့်တွင် အသုံးပြုကြရပေသည်။

အကျိုးထူး ၂

ဤနေရာ၌ ထပ်မံ၍ အောက်ဖော်ပြပါအချက်ကို သေချာကျနစွာ စမ်းစစ်လေ့လာ ကြည့်ရှုသင့်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် ကမ္ဘာလောက၌ တရားမျှတမှု ရှိစေရန်အတွက် အချက်နှစ်ရပ်ကို မူရင်းအဖြစ် သတ်မှတ်ပေးထားတော်မူပေသည်။ ပထမတစ်ရပ်မှာ ကုရ်အာန်ကျမ်းတော်မြတ်ဖြစ်၍ ဒုတိယတစ်ရပ်မှာ 'မီဇာန်' (ချိန်ခွင်) ဖြစ်ပေသည်။ ကုရ်အာန်ကျမ်းဂန်မှ ဝတ္တရားများအား ထမ်းဆောင်မှုနှင့် ထိုဝတ္တရားများကြားဝယ် လိုတိုး၊ ပိုလျှော့ပြုခြင်း၏ တားမြစ်ချက်၏ အမိန့်များကို သိရှိရပေသည်။ 'မီဇာန်' (ချိန်ခွင်) မှ အခြားသောသူတို့၏ အခွင့်အရေး ဝတ္တရားများအား သတ်မှတ်ပေးထားတော်မူပေသည်။ ထိုအရာနှစ်ခုကို ချပေးထားတော်မူခြင်း၏ ရည်ရွယ်ချက်မှာ-

لِيَقُومَ اللنَّاسُ بِالْقِسْطِ (လူတို့သည် တရားမျှတမှုအပေါ်၌ ရပ်တည်ကြရန်အလို့ငှာ။)

[၅၇ : ၂၅]

ဟူသော အချက်ကို သတ်မှတ်ပေးထားပေသည်။ သံ၏ အကြောင်းကို ထိုအချက်နောက်၊ နောက်ပိုင်း၌ တင်ပြထားပေသည်။ အကြင်ကဲ့သို့ တင်ပြရာ၌ 'တရားမျှတမှုကို ရပ်တည်စေရန်အတွက် သံအားအသုံးပြုခြင်းသည် မတတ်သော အဆင့်၌သာ ဖြစ်ကြောင်းနှင့် တရားမျှတမှုကို တည်တံ့စေရန် အဓိကအချက်မဟုတ်ကြောင်း' ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားဟန် တူပေသည်။

အထက်ပါအချက်မှ အတည်ပြု၍ ရသည်မှာ အလ္လာဟ်အသျှင်မြတ်၏ အဖန်ဆင်းခံများအား အဓိကပြုပြင်ရန်နှင့် တရားမျှတမှုအပေါ်၌ ရပ်တည်စေရန်သည် စင်စစ်၌ တွေးခေါ်မှု၏ အသိဉာဏ်အား ဆင့်ကဲပြုပြင်ပြောင်းလဲပေးမှုနှင့် ပညာရပ်များကို သင်ယူခြင်းဖြစ်သည်။ အာဏာပိုင် အစိုးရ၏ အုပ်ချုပ်၏ အင်အားသည် စင်စစ် ထိုအလုပ်ကိစ္စအတွက် မဟုတ်ရုံသာမက လမ်းမှ အတားအဆီးကို ဝေးကွာစေရန်အတွက် မတတ်သာသော အဆင့်၌သာ ဖြစ်ပေသည်။ အဓိကမူရင်းအချက်မှာ တွေးခေါ်မှုပိုင်းဆိုင်ရာ ဦးနှောက်အသိဉာဏ်အား ဆင့်ကဲပြုပြင် ပြောင်းလဲပေးမှုနှင့် ညွှန်ကြားသင်ကြားမှုကို ရယူခြင်းပင် ဖြစ်သည်။

وَلِيَعْلَمَ اللهُ مَنْ يَّنْصُرُهٗ وَرُسُلَهٗ بِالْغَيْبِ

(ထို့ပြင် မည်သူသည် မမြင်ဘဲလျက် အလ္လာဟ်အသျှင်မြတ်အားလည်းကောင်း၊ ထိုအသျှင်မြတ်၏ ရဆူလ်တမန်တော်များအားလည်းကောင်း ကူညီသည်ကို အလ္လာဟ်အသျှင်မြတ်သည် သိတော်မူရန်အလို့ငှာ သံသတ္တုကို ချပေးသနားတော်မူခြင်း ဖြစ်၏။) *[၅၇ : ၂၅]*

ဤနေရာ၌ وَلِيَعْلَمَ (ဝလိယအ်လမ) ဟူသော စကားလုံးသည် တွယ်ဆက်ပေးသော အက္ခရာနှင့်အတူ လာရှိထားပေသည်။ ရှဟူလ်မအာနီကျမ်း၌ ဤတွယ်ပေးသော အက္ခရာသည် မြုပ်နေသော ဝါကျတစ်ခုအပေါ်၌ လာရှိထားပေသည်။ ဆိုလိုသည်မှာ لِيَنْفَعَهُمْ ဟူ၍ ဖြစ်သည်။ အာယသ်တော်၏ အလိုသဘောမှာ 'ငါအသျှင်မြတ်သည် သံသတ္တုကို ဖန်ဆင်းပေးထားတော်မူရခြင်းအကြောင်းမှာ ဆန့်ကျင်သူများအပေါ် ၎င်း၏ အရှိန်အဝါ သက်ရောက်စေရန်နှင့် လူတို့သည် ထိုအရာများမှ လက်မှုအတတ်ပညာရပ်များဝယ် အကျိုးရယူခံစားစေရန်အတွက် ဖြစ်ပေသည်'ဟူ၍တည်း။ ဤအတွက်ကြောင့် ဥပဒေနှင့် အပေါ်ယံရှုထောင့်အရ အလ္လာဟ်အသျှင်မြတ်သည် မည်သူတို့သည် သံ၏ စစ်ရေးဆိုင်ရာ ကိရိယာများ၏ အကြောင်းခံဖြင့် အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရဆူလ်တမန်တော်အား ကူညီမည့်သူဖြစ်ကြောင်းနှင့် ဒီးန်သာသနာအတွက် စစ်ဆင်နွှဲမည့်သူ ဖြစ်သူဖြစ်ကြောင်းဟူသော အချက်ကို သိစေတော်မူရန်အတွက် ဖြစ်ပေသည်။ ဥပဒေနှင့် အပေါ်ယံရှုထောင့်ဟူ၍ ပြောဆိုရခြင်းအကြောင်းမှာ အမှန်တကယ်မှု အလ္လာဟ်အသျှင်မြတ်သည် ပင်ကိုယ်အစကတည်းကပင် အရာအားလုံးကို သိရှိတော်မူပေသည်။ သို့ရာတွင် လူသားသည် ကျင့်ကြံပြုမူ ဆောင်ရွက်ချက်ကို ပြုသောအခါဝယ် ထိုအရာသည် ၎င်း၏ ကျင့်စဉ်မှတ်တမ်း၌ ရေးသားခြင်းခံလိုက်ရပေသည်။ ၎င်းအဖို့ ဥပဒေရှုထောင့်၏ ထင်ဟပ်ပေါ်လွင်လာမှုသည် ထိုသူ၏ ကျင့်စဉ်မှသာလျှင် ဖြစ်ပေါ်တည်ရှိ၍ နေပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلَقَدْ أَرْسَلْنَا نُوحًا وَإِبْرَاهِيمَ وَجَعَلْنَا فِي ذُرِّيَّتِهِمَا النُّبُوَّةَ
وَالْكِتَابَ ۖ فَمِنْهُم مُّهْتَدٍ ۖ وَكَثِيرٌ مِّنْهُمْ فَاسِقُونَ ﴿٢٦﴾

၅၇ : ၂၆ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် (နဗီတမန်တော်) နူးဟ်အားလည်းကောင်း၊ (နဗီတမန်တော်) အိဗ်ရာဟီမ် အားလည်းကောင်း စေလွှတ်တော်မူခဲ့၏။ ၎င်းပြင် ငါအသျှင်မြတ်သည် ၎င်း (နဗီတမန်တော်နူးဟ်နှင့် အိဗ်ရာဟီမ်) နှစ်ပါး တို့၏ သားမြေးတို့၌ နဗီတမန်တော်ဖြစ်မှုကိုလည်းကောင်း ကျမ်းဂန်ကိုလည်းကောင်း သတ်မှတ်၍ ချပေးသနားတော်မူခဲ့ရာ ၎င်းတို့တွင် တရားလမ်းမှန် ရရှိသူများလည်း ရှိခဲ့ကြကုန်၏။ သို့ရာတွင် ၎င်းတို့အနက် မြောက်မြားစွာသော သူတို့မှာ သွေဖည်သူများပင် ဖြစ်ကြပေသည်။

ثُمَّ قَفَّيْنَا عَلَىٰ آثَارِهِم بِرُسُلِنَا وَقَفَّيْنَا
بِعِيسَى ابْنِ مَرْيَمَ وَآتَيْنَاهُ الْإِنجِيلَ وَجَعَلْنَا فِي قُلُوبِ الَّذِينَ
اتَّبَعُوهُ رَأْفَةً وَرَحْمَةً وَرَهْبَانِيَّةً ابْتَدَعُوهَا مَا كَتَبْنَاهَا
عَلَيْهِمْ إِلَّا ابْتِغَاءَ رِضْوَانِ اللَّهِ فَمَا رَعَوْهَا حَقَّ رِعَايَتِهَا ۖ
فَآتَيْنَا الَّذِينَ آمَنُوا مِنْهُمْ أَجْرَهُمْ ۖ وَكَثِيرٌ مِّنْهُمْ فَاسِقُونَ ﴿٢٧﴾

၅၇ : ၂၇ ။ ။ ထို့နောက် ငါအသျှင်မြတ်သည် ၎င်း (တမန်တော်) တို့၏ နောက်ဆုံးတွင် မိမိ ရစူလ်တမန်တော်များ အား (တစ်ပါးပြီးတစ်ပါး) အဆက်မပြတ် စေလွှတ်တော်မူခဲ့၏။ ထို့နောက် ငါအသျှင်မြတ်သည် 'မရ်ယမ်'၏ သားတော် (နဗီတမန်တော်) အီစာအား စေလွှတ်တော်မူခဲ့၏။ ၎င်းပြင် ငါအသျှင်မြတ်သည် ယင်း (အီစာ) အား 'အိန်ဂျီလ်' ကျမ်းတော် ကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ ထို့ပြင် ငါအသျှင်မြတ်သည် ယင်း (အီစာ) ၏ နောက်သို့ လိုက်ခဲ့ကြသော သူတို့၏ စိတ် နှလုံးများတွင် နူးညံ့သိမ်မွေ့မှုကိုလည်းကောင်း၊ ကရုဏာတရားကိုလည်းကောင်း ထည့်သွင်းပေးတော်မူခဲ့၏။ သို့ရာတွင် ဘုန်း ကြီးရဟန်း ပြုလုပ်ခြင်း စနစ်ကိုမူ ၎င်းတို့သည် အသစ်ထွင်ခဲ့ကြကုန်၏။ ငါအသျှင်မြတ်သည် ယင်းဘုန်းကြီးရဟန်း ပြုလုပ်ခြင်း စနစ်ကို ၎င်းတို့အပေါ်၌ သတ်မှတ်ပြဋ္ဌာန်းတော်မူခဲ့သည် မဟုတ်ပေ။ သို့ရာတွင် (၎င်းတို့ကိုယ်တိုင်) အလ္လာဟ်အသျှင်မြတ် ၏ နှစ်မြို့မှုကို ရှာဖွေရန်အလို့ငှာ (ယင်းစနစ်ကို လိုက်နာကျင့်သုံးခဲ့ကြကုန်၏။) သို့ပါသော်လည်း ၎င်းတို့သည် ယင်းစနစ်ကို စောင့်စည်းအပ်သော ဝတ္တရားနှင့်အညီ စောင့်စည်းနိုင်ခဲ့ကြသည် မရှိချေ။ မည်သို့ပင်ဖြစ်စေ။ ငါအသျှင်မြတ်သည် ၎င်းတို့ အနက် အီမာန်သက်ဝင် ယုံကြည်ခဲ့ကြသော သူတို့အား ၎င်းတို့၏ အကျိုးကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ သို့ရာတွင် ၎င်းတို့အနက် မြောက်မြားစွာသော သူတို့သည် သွေဖည်သူများပင် ဖြစ်ကြကုန်သည်။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ ٱتَّقُوا۟ ٱللَّهَ وَءَامِنُوا۟ بِرَسُولِهِۦ يُؤْتِكُمْ كِفْلَيْنِ مِن رَّحْمَتِهِۦ وَيَجْعَل لَّكُمْ نُورًا تَمْشُونَ بِهِۦ وَيَغْفِرْ لَكُمْ ۚ وَٱللَّهُ غَفُورٌ رَّحِيمٌ ﴿٢٨﴾

၅၇ : ၂၈ ။ ။ အိုး, မုအ်မင်န်သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ၎င်းပြင် အသင်တို့သည် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်မြတ်အား ယုံကြည်ကြလေကုန်။ ထိုအသျှင်မြတ်သည် အသင်တို့အား မိမိ၏ ကရုဏာတော်မှ နှစ်ဆ ချီးမြှင့်ပေးသနားတော်မူမည့်အပြင်၊ အသင်တို့အဖို့ အကြင်အလင်းရောင်ကို ဖန်ဆင်း၍ ပေးသနားတော်မူပေမည်။ အသင်တို့သည် ယင်းအလင်းရောင်ဖြင့် လျှောက်သွားကြပေမည်။ ထို့ပြင် အသင်တို့အား ခွင့်လွှတ်ချမ်းသာခွင့် ပေးသနားတော်မူပေမည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာပေးတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာ ကရုဏာပြုတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

لِّئَلَّا يَعْلَمَ أَهْلُ ٱلْكِتَٰبِ أَلَّا يَقْدِرُونَ عَلَىٰ شَىْءٍ مِّن فَضْلِ ٱللَّهِ ۙ وَأَنَّ ٱلْفَضْلَ بِيَدِ ٱللَّهِ يُؤْتِيهِ مَن يَشَآءُ ۚ وَٱللَّهُ ذُو ٱلْفَضْلِ ٱلْعَظِيمِ ﴿٢٩﴾

၅၇ : ၂၉ ။ ။ (ယင်းကို ချီးမြှင့်ပေးသနားတော်မူမည့် အကြောင်းမှာ) ရေးကျမ်းဂန်များကို ရရှိခဲ့ကြသော သူတို့သည် မိမိတို့မှာ အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်အနက်၊ အနည်းငယ်မျှကိုပင် (ရယူ) နိုင်ကြမည် မဟုတ်ကြောင်းကိုလည်းကောင်း၊ ကျေးဇူးတော်မှာ အလ္လာဟ်အသျှင်မြတ်၏ လက်တော်တွင်း၌သာ ရှိ၍ ထိုအသျှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား ယင်းကျေးဇူးတော်ကို ချီးမြှင့်ပေးသနားတော်မူကြောင်းကိုလည်းကောင်း သိရှိရန်အလို့ငှာ ဖြစ်၏။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ကြီးကျယ်လှစွာသော ကျေးဇူးတော်ကို ပိုင်ဆိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် ငါအသျှင်မြတ်သည် (အဖန်ဆင်းခံများ၏ ထိုတမလွန် 'အာခေရသ်' ရေးရာအား ပြုပြင်မှုပြုရန်အတွက် နဗီတမန်တော်) နူးဟ် عليه السلام အားလည်းကောင်း၊ (နဗီတမန်တော်) အိဗ်ရာဟီးမ် عليه السلام အားလည်းကောင်း စေလွှတ်တော်မူခဲ့၏။ ၎င်းပြင် ငါအသျှင်မြတ်သည် ၎င်း (နဗီတမန်တော်နူးဟ်နှင့် နဗီတမန်တော် အိဗ်ရာဟီးမ်) နှစ်ပါး၏ သားမြေးတို့၌ နဗီတမန်တော်ဖြစ်မှုကိုလည်းကောင်း၊ ကျမ်းဂန်ကိုလည်းကောင်း သတ်မှတ်၍ ချပေးသနားတော်မူခဲ့ရာ (ဆိုလိုသည်မှာ ၎င်းတို့၏ သားစဉ်မြေးဆက်ထဲမှလည်း အချို့သောသူတို့ကို နဗီတမန်တော်အဖြစ်နှင့် အချို့ကို ကျမ်းရပုဂ္ဂိုလ်များအဖြစ် ပြုတော်မူခဲ့ပေသည်။ သို့ဆိုလျှင် အကြင်သူတို့၏ထံသို့ ဤနဗီတမန်တော်များ ကြွရောက်လာကြပေရာ) ၎င်းတို့တွင် တရားလမ်းမှန် ရရှိသူ

များလည်း ရှိခဲ့ကြကုန်၏။ သို့ရာတွင် ၎င်းတို့အနက် မြောက်မြားစွာသော သူတို့မှာ သွေဖည်သူများပင် ဖြစ်ခဲ့ကြပေသည်။ (တင်ပြပါ နဗီတမန်တော်နှစ်ပါးသည် သာသနာတော် သီးသန့်ရရှိသော သူများ ဖြစ်ပေသည်။ အချို့သည် ကျမ်းရပုဂ္ဂိုလ်များ ဖြစ်ကြပေသည်။ ဥပမာ- ဟဇရတ်မူစာ عليه السلام ဖြစ်ပေသည်။ အကြင် ရဆူလ်သည် ဟဇရတ်နူးဟ် عليه السلام နှင့် ဟဇရတ်အိဗ်ရာဟီးမ် عليه السلام ဟူသော နဗီတမန်တော်နှစ်ပါး၏ သားစဉ် မြေးဆက်ထဲမှ ဖြစ်ပေသည်။ ဟဇရတ်ဟူးဒ် عليه السلام နှင့် ဟဇရတ်စွာလေဟ် عليه السلام တို့သည် ၎င်းတို့ ကျမ်းဂန်ရ ပုဂ္ဂိုလ်များဖြစ်ကြောင်း ဆင့်ပြန်ချက်များ၌ မလာရှိထား၍ ကျမ်းရပုဂ္ဂိုလ်များ မဖြစ်နေလင့်ကစား သို့ရာတွင် ၎င်းတို့သည် သီးသန့် သာသနာကို ပိုင်ဆိုင်သောသူများ ဖြစ်ကြပေသည်။ မည်သည့်အခြေအနေ၌မှာပင် ပြစ်မှုများစွာသော နဗီတမန်တော်များကိုမူ သီးသန့်သာသနာတော်ကို ပိုင်ဆိုင်သောသူများအဖြစ် စေလွှတ် တော်မူထားပေသည်။)

ထို့နောက် ငါအသျှင်မြတ်သည် ၎င်း (နဗီတမန်တော်) တို့၏ နောက် (သီးသန့်သာသနာတော်ကို မရရှိသော သူများအား တစ်ပါးပြီးတစ်ပါး) အဆက်မပြတ် စေလွှတ်တော်မူခဲ့၏။ (ပမာဆိုရသော် ဟဇရတ် မူစာ عليه السلام ၏ နောက် 'သောင်ရားသ်'ကျမ်း၏ ပညတ်ချက်များအား လိုက်နာရန်အတွက် များစွာသော နဗီတမန်တော်များ ကြွမြန်းလာပေသည်။) ထို့နောက် ငါအသျှင်မြတ်သည် (သီးသန့်သာသနာတော်ကို ရရှိသော) မရ်ယမ်၏ သားတော် (နဗီတမန်တော်) အီဆာ عليه السلام အား စေလွှတ်တော်မူခဲ့၏။ ၎င်းအပြင် ငါအသျှင်မြတ်သည် ယင်း (အီဆာ) အား 'အင်န်ဂျီးလ်'ကျမ်းတော်ကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ (ထို့နောက် ၎င်း၏ အွမ္မသ် (နောက်လိုက်ထု) အတွင်းဝယ် လူတန်းစားနှစ်ရပ် ကွဲသွားပေသည်။ တစ်တန်းစားသည် ၎င်း၏ နောက်လိုက်သမူပြုသောသူများ (ဝါ) အီမာန်ရှင်များနှင့် ဒုတိယအတန်းစားမှာ ငြင်းဆိုသောသူများ ဖြစ်ပေသည်။) ထို့ပြင် ငါအသျှင်မြတ်သည် (ပထမလူတန်းစားများဖြစ်သော) ယင်း (အီဆာ) ၏ နောက်သို့ လိုက်ခဲ့ကြသောသူတို့၏ စိတ်နှလုံးများတွင် (မွန်ရည်သော စလေ့စရိုက်များထဲမှ သိမ်မွေ့သော စာရိတ္တ များဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်) နူးညံ့သိမ်မွေ့မှုကိုလည်းကောင်း၊ ကရုဏာတရားကိုလည်း ကောင်း ထည့်သွင်းပေးတော်မူခဲ့၏။ ပမာတင်ပြရမည်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် ဆွဟာဗာများနှင့် စပ်လျဉ်း၍

رُحَمَآءُ بَيۡنَهُمۡ (မိမိတို့အချင်းချင်း ဆက်ဆံရာတွင် သနားကြင်နာသူများပင် ဖြစ်ကြကုန်၏။)
[၄၈ : ၂၉]

ဟူ၍ မိန့်တော်မူထားပေသည်။ ထိုသို့ မိန့်တော်မူထားရခြင်းအကြောင်းမှာ အထက်ဖော်ပြပါအချက် နှင့် ဆန့်ကျင်ဘက် အရည်အချင်းဖြစ်သော

اَشِدَّآءُ عَلَى الۡكُفَّارِ (ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့နှင့် ပတ်သက်၍ ပြင်းထန်သောသူများ ဖြစ်ကြပြီး။)
[၄၈ : ၂၉]

ဟူသော အချက်ကို မတင်ပြထားခြင်းကြောင့် ၄င်းတို့၏ သာသနာတွင် 'ဂျိဟားဒ်' သာသနာရေး စစ်ပွဲ မရှိခြင်း၏ ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားဟန် တူပေသည်။ အချုပ်ဆိုရသော် ၄င်းတို့၏ အပေါ်၌ နူးညံ့သိမ်မွေ့မှုနှင့် ကရုဏာတရားသည် လွှမ်းမိုး၍နေပေသည်။)

သို့ရာတွင် (ငါအသျှင်မြတ်၏ ဘက်မှမူ ၄င်းတို့အဖို့ ပညတ်တော်များ၌သာ နောက်လိုက်သမှု ပြုရန် မိန့်တော်မူထားခြင်း ဖြစ်ပေသည်။ သို့ရာတွင် ထိုနောက်လိုက်များထဲမှ အချို့သော သူတို့သည်) လောကီရေးစွန့်ပြီး တစ်ကိုယ်တော်ဘာသာရေး၌ နှစ်မြှုပ်နေလိုက်ခြင်း ပြုလုပ်ခြင်းစနစ်ကိုမူ ၄င်းတို့သည် အသစ်တီထွင်ခဲ့ကြကုန်၏။ ('ရဲဟ်ဗာနီယသ်' အချုပ်သဘောတရားသည် ထိမ်းမြားခြင်း၊ ပိုင်သော အရသာ ခံစားမှုများနှင့် လူတို့နှင့် အလိုက်အထိုက် နေထိုင်ခြင်းကို စွန့်လွှတ်လိုက်ခြင်း ဖြစ်၏။ ထိုအချက်အား ဖန်တီးရခြင်း၏ အကြောင်းခံမှာ ဟဇရသ်အီစာ عليه السلام ၏ နောက် လူတို့သည် အသျှင်မြတ်၏ ပညတ်တော် များကို စွန့်လွှတ်ရန် စတင်လာကြသောအခါ အချို့ မှန်ကန်သူတို့သည် အမှန်တရားကို ဖော်ထုတ်လျက် ရှိနေသည်သာ ဖြစ်ခဲ၏။ ဤအချက်သည် စိတ်ရိုင်း၏ အလိုကို လိုက်နေသောသူတို့အဖို့ ခဲယဉ်းလေးလံ သည်ဟု မှတ်ယူလိုက်ကြပေသည်။ ထိုစိတ်ရိုင်းအလိုကို လိုက်သော သူတို့သည် မိမိတို့၏ ဘုရင်များအား '၄င်းတို့အား မိမိတို့နှင့် တစ်မျိုး၊ တစ်တန်းစားတည်းဖြစ်ရန် အကြပ်ကိုင်ပါ' ဟူ၍ လျှောက်ထားကြရာ ၄င်းမှန်ကန်သူတို့သည် အကြပ်ကိုင်ခြင်းကို ခံကြရပေတော့သည်။ သို့ရှိရာ တစ်ဖန် ၄င်းတို့သည် 'ကျွန်ုပ်တို့သည် ထိုမှန်ကန်သူတို့ဖြင့် တစ်စုံတစ်ရာ ပတ်သက်မှုကို ထားရှိမည်မဟုတ်ကြောင်းနှင့် တောင့်တစ်တောင့်၌ ထိုင်၍ ဖြစ်စေ၊ သို့မဟုတ် ခရီး၌ မိမိ၏ သက်တမ်းကို ကုန်ဆုံးစေကာ လွတ်လပ်စွာ သက်တမ်းကို နေထိုင်ခွင့်ကို ပေးပါ' ဟူ၍ လျှောက်ထားကြပြန်ရာ ထိုအချက် အပေါ် ၄င်းတို့သည် စွန့်ပယ်၊ စွန့်လွှတ်ခြင်း ကို ခံလိုက်ရပေသည်။ (ဒုရ်ရေမန်စူးရ်ကျမ်း၌ ဤအတိုင်း တင်ပြထားပေသည်။)

(၄င်းတို့သည် စွန့်လွှတ်ခြင်းအချက်ကို တီထွင်မှုပြုလိုက်ကြောင်း အချက်ကိုသာလျှင် ဤနေရာ၌ တင်ပြထားပေသည်။) ငါအသျှင်မြတ်သည် ယင်းလောကီစွန့် ဘာသာရေး၌ နှစ်မြှုပ်ထားခြင်း ပြုလုပ်ခြင်း စနစ်ကိုမူ (မုချ ပြုလုပ်ရ မည်ဟု) ၄င်းတို့အပေါ်၌ သတ်မှတ်ပြဋ္ဌာန်းတော်မူခဲ့သည် မဟုတ်ပေ။ သို့ရာတွင် (၄င်းတို့ကိုယ်တိုင် မိမိတို့ သာသနာအား ထိန်းသိမ်းစောင့်ရှောက်ရန်အတွက်) အလ္လာဟ်အသျှင်မြတ်၏ နှစ်မြို့မှုကို ရှာဖွေရန်အလို့ငှာ (ယင်းစနစ်ကို) လိုက်နာကျင့်သုံးခဲ့ကြကုန်၏။ သို့ပါသော်လည်း ၄င်းတို့ထဲမှ များစွာ သော) သူတို့သည် ယင်းစနစ်ကို စောင့်စည်းအပ်သော ဝတ္တရားနှင့်အညီ စောင့်စည်းနိုင်ခဲ့ကြသည် မရှိချေ။ (ဆိုလိုသည်မှာ အသျှင်မြတ် သဘောတူနှစ်မြို့ရန်အတွက် ပြုကျင့်ခဲ့သော ရည်ရွယ်ချက်ကို အပေါ်ယံ အသွင်၌ 'လောကီစွန့် ဘာသာရေး၌ နှစ်မြှုပ်ထားခြင်းအသွင်နှင့် ပညတ်ချက်အား လိုက်နာသည်ဟု ဖော်ထုတ် ပြသနေလင့်ကစား' မူရင်းအမိန့်များကို ဆောက်တည်ရာ၌ အလေးမမူကြတော့ပေ။ ဤသို့သော သူများ အတွင်းဝယ် ပညတ်ချက်ကို ထောက်ရှုသူနှင့် မထောက်ရှုသူဟူ၍ လူတန်းစားနှစ်ရပ် ဖြစ်ပေါ်ခဲ့ပေသည်။ တမန်တော်မြတ် ﷺ နှင့် ခေတ်ပြိုင်အဖြစ် တည်ရှိခဲ့ကြသောသူတို့နှင့် စပ်လျဉ်း၍ 'ထိုတမန်တော်မြတ် ﷺ အပေါ် အီမာန်ရယူရန်' စည်းကမ်းချက်လည်း ရှိပေသည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ ၏ ခေတ်

ကာလ၌ ပညတ်ချက်ကို စောင့်စည်းလိုက်နာသောသူတို့သည် တမန်တော်မြတ် ﷺ အပေါ် အီမာန်ရယူသော သူများ ဖြစ်ကြပေသည်။ တမန်တော်မြတ် ﷺ အပေါ် အီမာန်ရယူရန် အသင့်မရှိသော သူတို့သည် ပညတ်ချက်ကို မစောင့်စည်းသောသူများအတွင်း၌ ပါဝင်သွားပေသည်။) မည်သို့ပင်ဖြစ်စေ ငါအသျှင်မြတ်သည် ၎င်းတို့အနက် (တမန်တော်မြတ် ﷺ အား၀ အီမာန်သက်ဝင် ယုံကြည်ခဲ့ကြသောသူတို့အား ၎င်းတို့၏ အကျိုးကို (ပေးထားသော ကတိနှင့်အညီ) ချီးမြှင့်ပေးသနားတော်မူခဲ့၏။ (သို့ရာတွင် ဤသို့သောသူများသည် နည်းပါးလှပေသည်။) ၎င်းတို့အနက် မြောက်မြားစွာသော သူတို့သည် သွေဖည်သူများပင် ဖြစ်ကြကုန်သည်။ (အကြောင်းမှာ တမန်တော်မြတ် ﷺ အပေါ် အီမာန်မယူကြပေ။ များစွာသော သူတို့သည် သွေဖည်သူများ ဖြစ်ခြင်း၏ အကြောင်းခံကြောင့်

فَمَا رَعَوْهَا (စောင့်စည်းနိုင်ခဲ့ကြသည် မရှိချေ။) [၅၇ : ၂၇]

ဟူ၍ အားလုံးသောသူတို့၏ ဘက်သို့ ဆက်နွယ်ကာ မိန့်ဆိုတော်မူလိုက်ခြင်း ဖြစ်ပေသည်။ 'စောင့်စည်းခြင်းကို အငြင်းဝင်ထားသောသူတို့သည် အများကို ထောက်ရှု၍ ဖြစ်ကြောင်း' အချက်ကို သိရှိရပေသည်။ အီမာန်ရယူကြကုန်သော အနည်းစုအကြောင်းကို အာယသ်တော်၏ နောက်ဆုံးပိုင်းဖြစ်သော

فَاٰتَيْنَا الَّذِيْنَ اٰمَنُوْا مِنْهُمْ اَجْرَهُمْ

ဟူသော အစိတ်အပိုင်း၌ တင်ပြထားပေသည်။ ဤနေရာထိတိုင် အီစာအီ လူမျိုးများထဲမှ အီမာန်ရယူသူ၊ မရယူသူတို့နှင့် စပ်လျဉ်းသော လူတန်းစား နှစ်ရပ်အကြောင်းကို တင်ပြခဲ့ပေသည်။)

(ရှေ့၌ အီမာန်ရယူထားသော သူတို့နှင့် စပ်လျဉ်းသော အမိန့်ဖြစ်ပေသည်။) အို၊ (အီစာနဗီတမန်တော်အပေါ်) သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ၎င်းပြင် (ကြောက်ရွံ့ခြင်းက လိုလားလျက်ရှိနေသော အချက်ကို ကျင့်ကြံဆောင်ရွက်ကုန်။) အသင်တို့သည် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်အား ယုံကြည်ကြလေကုန်။ ထိုအသျှင်မြတ်သည် အသင်တို့အား မိမိ၏ ကရုဏာတော်မှ (အကျိုးစဝါးဗ်) နှစ်ဆ ချီးမြှင့်ပေးသနားတော်မူမည့်အပြင် (ပမာဆိုရသော် စူရာဟ် 'ကစ္စာစ္စ်' ၌

اُولٰئِكَ يُؤْ تَوْنَ اَجْرَ هُمْ مَّرَّتَيْنِ

(မိမိတို့၏ အကျိုးကို နှစ်ဆတိုး၍ ပေးသနားတော်မူခြင်း ခံကြရပေမည်။) [၂၈ : ၅၄]

ဟူ၍ မိန့်မြွက်ထားပေသည်။) အသင်တို့အဖို့ (ဤနေရာမှ 'ပွလ်စွေရားသ်'တံတားထိတိုင် အချိန်တိုင်း အတူတကွ တည်ရှိနေမည့် အီမာန်၏) အကြင်အလင်းရောင်ကို ဖန်ဆင်း၍ ပေးသနားတော်မူပေမည်။ အသင်တို့သည် ယင်းအလင်းရောင်ဖြင့် လျှောက်သွားကြပေမည်။ ထို့ပြင် အသင်တို့အား ခွင့်လွှတ်ချမ်းသာခွင့် ပေးသနားတော်မူပေမည်။ (အဘယ်ကြောင့်ဆိုသော် အစ္စလာမ်သာသနာကြောင့် ကုဖွရ်၏ ဘဝ၌ ပြုလုပ်ခဲ့သော ဒုစရိုက်များအားလုံး လွတ်ငြိမ်းချမ်းသာခွင့် ပေးခြင်းကို ခံရပေမည်။) စင်စစ် အလ္လာဟ်အသျှင်

မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာပေးတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာ ကရုဏာပြုတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

(ယင်းသို့ ချီးမြှင့်ပေးသနားတော်မူမည့်အကြောင်းမှာ ထိုချီးမြှင့်မှုများ ထင်ဟပ်ပေါ်ပေါက်လာမည့်အချိန် (သို့မဟုတ်) 'ကေယာမသ်'နေ့ ဖြစ်ချိန်၌ အီမာန်ကို မရယူခဲ့ကြသည့်) ရှေးကျမ်းဂန်များကို ရရှိခဲ့ကြသော သူတို့သည် မိမိတို့မှာ အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်အနက် (အီမာန်မရယူသည့်အတွက်) အနည်းငယ်မျှကိုပင် (ရယူ) နိုင်ကြသည်မဟုတ်ကြောင်းကိုလည်းကောင်း၊ ထိုအသျှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား ယင်းကျေးဇူးတော်ကို ချီးမြှင့်ပေးသနားတော်မူကြောင်းကိုလည်းကောင်း (ထိုအသျှင်မြတ်၏ အလိုရှိတော်မူခြင်းသည် ထိုအသျှင်မြတ်၏ ကျေးဇူးတော်နှင့်အတူ မွတ်စ္စလင်မ်တို့ဖြင့် စပ်လျဉ်းလျက် ရှိနေပေရာ ၎င်းတို့ကိုသာ ချီးမြှင့်ပေးသနားတော်မူလိုက်ပေသည်။) သိရှိရန်အလို့ငှာဖြစ်၏။ အမှန်စင်စစ်အလ္လာဟ်အသျှင်မြတ်သည် ကြီးကျယ်လှစွာသော ကျေးဇူးတော်ကို ပိုင်ဆိုင်တော်မူသော အသျှင်မြတ်ပင်ဖြစ်တော်မူပေသည်။ (အလိုသဘောမှာ ၎င်းတို့၏ မာန်မာနနှင့် ယတ္တိပြတ် ဆုံးဖြတ်ချက်၊ ပျက်သုဉ်းသွားစေရန်ဖြစ်သည်။ အကြောင်းမှာ ၎င်းတို့သည် လက်ရှိအခြေအနေ၌လည်း မိမိတို့ကိုယ်ကို မိမိတို့ ကျေးဇူးတော် ရရှိမည့်သူများနှင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း ခံထိုက်သူများဟူ၍ မှတ်ယူထားကြပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

လွန်လေပြီးသော အာယသ်တော်များအတွင်း၌ ဤကမ္ဘာလောကကြီး၏ လမ်းမှန်တရားနှင့် ထိုလောကကြီးအတွင်းအဝယ် တရားမျှတမှုကို တည်တံ့မြဲမြံစေရန်အတွက် နဗီ၊ ရစူလ်တမန်တော်များ၊ ၎င်းတို့နှင့်အတူ ကျမ်းဂန်များနှင့် 'မီဇာန်'ချိန်ခွင်ကို ချပေးခြင်းအကြောင်းကို ခြုံငုံထိမိစွာနှင့် တင်ပြထားပေသည်။ တင်ပြလျက်ရှိနေသော အာယသ်တော်များအတွင်း၌ ထိုနဗီတမန်တော်များထဲမှ သီးသန့် နဗီ၊ ရစူလ်တမန်တော်များအကြောင်းကို တင်ပြထားပေသည်။ ဦးစွာပထမ ဒုတိယအာဒမ်ဟူ၍ အမည်တွင်နေသော နူးဟ် عليه السلام ၏ အကြောင်းကို တင်ပြထားပေသည်။ ဟဇရသ်နူးဟ် عليه السلام ၏ ခေတ်အရ လွှမ်းမိုးပြီးနောက် ကမ္ဘာလောက၌ ကျန်ရစ်နေသော အဖန်ဆင်းခံများအားလုံးသည် ၎င်း၏ သားစဉ်မြေးဆက်ထဲမှပင် ဖြစ်ပေသည်။ ဒုတိယမှာ နဗီတမန်တော်များ၏ ဖခင်နှင့် အဖန်ဆင်းခံများ၏ ရှေ့ဆောင်လမ်းပြဖြစ်သော ဟဇရသ်အီဗ်ရာဟီးမ် عليه السلام အကြောင်းအား တင်ပြထားပေသည်။ ၎င်းနှစ်ပါးအကြောင်းအားတင်ပြရင်းနှင့်အတူ 'ကမ္ဘာလောက၌ နောင် ပွင့်ပေါ်လာမည်ဖြစ်ကြောင်းနှင့် ကျရောက်လာမည်ဖြစ်ကြောင်း'ကို ကြေညာထားတော်မူပေသည်။ ဆိုလိုသည်မှာ ဟဇရသ်နူးဟ် عليه السلام ၏ ထိုမျိုးနွယ်လက်ထက်ခွဲကိုအထက်တင်ပြပါ အကျိုးထူးအတွက် သီးသန့်အထူးပြုထားပေသည်။ အကြင်မျိုးနွယ်လက်ထက်အတွင်း၌ ဟဇရသ်အီဗ်ရာဟီးမ် عليه السلام သည် တည်ရှိနေပေသည်။ ဤအတွက်ကြောင့်သာလျှင် နောက်ပိုင်း၌ ပွင့်ပေါ်လာသမျှသော နဗီတမန်တော်များနှင့် ကျရောက်လာသော ကျမ်းဂန်များသည် ဟဇရသ်အီဗ်ရာဟီးမ် عليه السلام ၏ သားစဉ်မြေးဆက်ထဲမှ ဖြစ်ပေသည်။

ထိုသီးသန့်တင်ပြမှုကို တင်ပြပြီးနောက် နဗီတမန်တော်အားလုံးတို့၏ ကွင်းဆက်ဇယားကို တိုတုတ်သော ဝါကျတစ်ခုအတွင်း၌ တင်ပြလိုက်ပေသည်။

ثُمَّ قَفَّيْنَا عَلَىٰٓ اٰثَارِهِمْ بِرُسُلِنَا

(ထို့နောက် ငါအသျှင်မြတ်သည် ၎င်းတို့၏ နောက်တွင် မိမိ၏ ရစူလ်တမန်တော်များအား တစ်ပါးပြီးတစ်ပါး အဆက်မပြတ် စေလွှတ်တော်မူခဲ့၏။) [၅၇ : ၂၇]

နောက်ဆုံး၌ သီးသန့်အသွင်ပုံစံမျိုးဖြင့် ဗနီအိစ်ရာအီးလ်တို့၏ နောက်ဆုံးနဗီဖြစ်သော ဟဇရသ်အီစာ عليه السلام အကြောင်းအား တင်ပြ၍ တမန်တော်မြတ် ﷺ နှင့် တမန်တော်မြတ် ﷺ ၏ သာသနာတော်အကြောင်းအား တင်ပြထားပေသည်။ ဟဇရသ်အီစာ عليه السلام အပေါ် အီမာန်ရယူထားကြသော ၎င်း၏ ဟဝါရိယီးန်တို့၏ သီးသန့်ဂုဏ်အင်ကို ဤသို့ တင်ပြထားပေသည်။

وَجَعَلْنَا فِىْ قُلُوْبِ الَّذِيْنَ اتَّبَعُوْهُ رَاْفَةً وَّرَحْمَةً

(ထို့ပြင် ငါအသျှင်မြတ်သည် ယင်းအီစာ၏ နောက်သို့ လိုက်ခဲ့ကြသော သူတို့၏ စိတ်နှလုံးများတွင် နူးညံ့သိမ်မွေ့မှုကိုလည်းကောင်း၊ ကရုဏာတရားကိုလည်းကောင်း ထည့်သွင်းပေးတော်မူခဲ့၏။) [၅၇ : ၂၇]

ဆိုလိုသည်မှာ ဤသူတို့သည် အချင်းချင်း ကြား၌ တစ်ဦးနှင့် တစ်ဦး အပြန်အလှန် သနားကရုဏာထားရှိကြသောသူများ ဖြစ်ကြပေသည်။ သို့မဟုတ် အလ္လာဟ်အသျှင်မြတ်၏ အဖန်ဆင်းခံများအားလုံးနှင့်အတူ ၎င်းတို့သည် စာနာကရုဏာတရားနှင့်အတူ ဆက်ဆံကြပေသည်။ 'ရအ်ဖသ်' (နူးညံ့သိမ်မွေ့မှု) နှင့် 'ရဟ်မသ်' (ကရုဏာတရား) ဟူသော စာလုံးနှစ်လုံးသည် တစ်လုံးနှင့်တစ်လုံး အဓိပ္ပာယ်တူဆင်ကာ အဓိပ္ပာယ်တူစာလုံး တစ်လုံးတည်းအဖြစ် မှတ်ယူသဘောပေါက်ထားကြပေသည်။ ဤနေရာ၌ ခွဲခြားကာ နှိုင်းယှဉ်သည့် ပုံစံမျိုးဖြင့် တင်ပြမိန့်မြွက်လာသောကြောင့် အချို့သော အာလင်မ်သာသနာ့ပညာရှင်များသည် 'ရအ်ဖသ်'ဟူသော စကားလုံးသည် 'ကရုဏာတရား ပြင်းထန်ခြင်း'ကို ခေါ်ဆိုကြောင်းနှင့် 'သာမန်ထက် သာပို များပြားသော ကရုဏာတော်' ကို ခေါ်ဆိုကြောင်း မိန့်မြွက်ထားကြပေသည်။ အချို့သော အာလင်မ်ပညာရှင်များကလည်း ဤသို့ အောက်ဖော်ပြပါအတိုင်း အဓိပ္ပါယ်ရှိထားကြပေသည်။ တစ်ဦးတစ်ယောက်အပေါ် နူးညံ့သိမ်မွေ့မှုနှင့် သနားကြင်နာမှုထားရှိခြင်း၏ လိုလားချက်နှစ်ရပ်သည် ရှိလေ့ရှိထ ရှိပေသည်။

ပထမတစ်ရပ်မှာ တစ်ဦးတစ်ယောက်သည် ဘေးဒုက္ခတစ်စုံတစ်ရာအတွင်း၌ နစ်မွန်းနေပါမူ ၎င်း၏ ဒုက္ခအား ဝေးကွာအောင် ပြုပေးလိုက်ခြင်းကို 'ရအ်ဖသ်'ဟု ခေါ်ဆိုပေသည်။

ဒုတိယတစ်ရပ်မှာ ၎င်း၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးလိုက်ခြင်းကို 'ရဟ်မသ်'ဟု ခေါ်ဆိုပေသည်။

အချုပ်ဆိုရသော် 'ရအ်ဖသ်'သည် ဆိုးကျိုးကို ဝေးကွာအောင်ပြုခြင်းနှင့် ဆက်နွှယ်နေ၍ 'ရဟ်မသ်' သည် ကောင်းကျိုးကို ရယူခြင်းနှင့် ပတ်သက်နေပေသည်။ သို့ဆိုလျှင် ဆိုးကျိုးကို ဝေးကွာအောင် ပြုခြင်း

သည် ရှုထောင့်တိုင်းအရ ဦးစားပေးရမည့်အချက်ဟူ၍ မှတ်ယူထားရပေသည်။ ဤအတွက်ကြောင့် များသော အားဖြင့် ဤစာလုံးနှစ်လုံးကို တွဲ၍ အသုံးပြုလာသည်ဆိုပါက 'ရအ်ဖသ်ကို 'ရဟ်မသ်'ထက် ဦးစွာ သုံးနှုန်းပြောဆိုလေ့ ရှိကြပေသည်။

ဤနေရာ၌ 'ဟဝါရိယ်းန်' ဟုခေါ်ဆိုသော ဟဇရသ်အီစာ ﷺ ၏ မိတ်ဆွေများ၏ အထူးဂုဏ်အင် ကို 'ရအ်ဖသ်' (နူးညံ့သိမ်မွေ့မှု) နှင့် 'ရဟ်မသ်' (သနားကရုဏာထားမှု) ဖြစ်ကြောင်းကို တင်ပြထားပေ သည်။ ပမာတင်ပြရမည်ဆိုသော် တမန်တော်မြတ် ﷺ ၏ အခွ်ဟားဗ်တော်တို့၏ အချို့သော ဂုဏ်အင် များကို စူရာဟ် 'ဖသဟ်'၌ တင်ပြထားပေသည်။ အကြင်ဂုဏ်အင်များအတွင်း ဂုဏ်အင်တစ်ရပ်မှာ

رُحَمَآءُ بَيۡنَهُمۡ (မိမိတို့အချင်းချင်း ဆက်ဆံရာတွင် သနားကြင်နာသူများ ဖြစ်ကြကုန်၏။)

[၄၈ : ၂၉]

ဟူ၍လည်း လာရှိထားပေသည်။ သို့ရာတွင် ထိုနေရာတွင် ဤအထက်ဖော်ပြပါ ဂုဏ်အင်၏အလျင် ဆွဟာဗာကြီးများ၏ သီးသန့်ဝိသေသတစ်ရပ်ကို

أَشِدَّآءُ عَلَى ٱلۡكُفَّارِ

(ကာဖိရ်သွေဖည်ငြင်းပယ်သောသူတို့နှင့် ပတ်သက်လျှင် ပြင်းထန်သောသူများ ဖြစ်ကြပြီး။)

[၄၈ : ၂၉]

ဟူ၍လည်း မိန့်မြွက်ထားပြန်လေသည်။ ကွဲပြားခြားနားချက်မှာ 'ဟဇရသ်အီစာ ﷺ ၏ သာသနာ ၌ ကာဖိရ်များနှင့် ရင်ဆိုင်ယှဉ်ပြိုင်၊ စစ်ထိုးခြင်း၏ အမိန့်သည် မရှိပေ။ ထို့ကြောင့် ကာဖိရ်များနှင့် စပ်လျဉ်း၍ နှိုင်းယှဉ်တင်ပြရန် ထိုနေရာတွင် အခွင့်အခါ နေရာမရှိကြောင်း'ဟူသော အကြောင်းပင် ဖြစ်သည်။ (အလ္လာဟ်အသျှင်မြတ်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေ၏။)

'ရဲဟ်ဗာနီယသ်' ၏ အလိုသဘောနှင့် အရေးကြီးသော ရှင်းလင်းချက်

وَرَهۡبَانِيَّةً ٱبۡتَدَعُوهَا

(သို့ရာတွင် လောကီစွန့် တစ်ကိုယ်တည်း ဘာသာရေး၌ နှစ်မြုပ်မှု ပြုလုပ်ခြင်းစနစ်ကိုမူ ၎င်းတို့ သည် အသစ်ထွင်ခဲ့ကြကုန်၏။) [၅၇ : ၂၇]

'ရဲဟ်ဗာနီယသ်'သည် 'ရဲဟ်ဗာန်း'ဟူသော စကားလုံးဘက်သို့ ဆက်နွယ်ခြင်းခံထားရသော စာလုံး ဖြစ်ပေသည်။ 'ရာဟိဗ်' နှင့် 'ရဲဟ်ဗာန်'ဟူသော စကားလုံး၏ အဓိပ္ပာယ်မှာ ကြောက်ရွံ့သောသူ ဖြစ်ပေသည်။ ဟဇရသ်အီစာ ﷺ ၏ နောက် ဗနီအီစ်ရာအီးလ်မျိုးနွယ်ဝင်များကြားဝယ် ဆိုးသွမ်းမိုက်မဲ၊ ဒုစရိုက်မှုများ သည် များပြားလာကြပေသည်။ အထူးသဖြင့် ဘုရင်ခံများနှင့် ခေါင်းဆောင်ပိုင်းများသည် 'အင်န်ဂျီးလ်'

ကျမ်း၏ ပညတ်ချက်များအား တိုက်ရိုက်ပုန်ကန်မှုကို စတင်လာကြပေသည်။ ၎င်းမျိုးနွယ်ဝင်ထဲမှ သာသနာ့ ပညာရှင်များနှင့် မွန်ရည်သော သူတို့သည် ထိုအပြုအမူဆိုးတို့အား တားမြစ်ကြသောအခါဝယ် ၎င်းတို့အား သတ်ပစ်ကြပေသည်။ ကျန်ရှိသောသူတို့သည် 'ယခု တားမြစ်ရန်နှင့် ရင်ဆိုင်ရန် စွမ်းအားမရှိတော့ပေ။ အကယ်၍ ကျွန်ုပ်တို့သည် ၎င်းတို့နှင့် ဝင်ရောက်ရောနှောကာ နေထိုင်မည်ဆိုလျှင် ကျွန်ုပ်တို့၏ သာသနာ သည်လည်း ပျက်စီးသွားပေလိမ့်မည်' ဟူသော အချက်ကို တွေ့မြင်လာကြပေသည်။ ထို့ကြောင့် ၎င်းတို့သည် 'ယခု ကမ္ဘာလောက၏ ပိုင်ဆိုင်သော ဇိမ်ခံမှုများအားလုံးနှင့် သက်တောင့်သက်သာ ရယူမှုများကို စွန့်လွှတ်ရန်၊ ထိမ်းမြားခြင်းမပြုရန်၊ စားသောက်ဖွယ်ရာများ စုဆောင်းခြင်းကို သောကမထားရှိရန်၊ နေထိုင်ရန်အတွက် အိမ်၊ နေရာထိုင်ခင်းတို့ကို အလေးအနက် မထားရှိရန်၊ လူတို့နှင့် ဝေးလံစွာ တောတစ်တော၏ ထောင့်၌ သော်လည်းကောင်း၊ (သို့မဟုတ်) လေလွင့်ကာ ခရီးသွားလာနေသော သူ၏ သက်တမ်းမျိုးကဲ့သို့ သက်တမ်းကို မွေးမြူရန်၊ သို့မှသာ သာသနာတော်၏ ပညတ်ချက်အားလုံးကို လွတ်လပ်စွာ လိုက်နာဆောက်တည်ရန်' ဟူသော အချက်တို့ကို မိမိတို့ကိုယ်ပေါ် မိမိတို့ မုချ ပြုကျင့်ရမည် ဟူ၍ အတည်ပြု သတ်မှတ်လိုက်ကြပေသည်။ ၎င်းတို့၏ ဤဆောင်ရွက်ချက်များသည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့သည့်အတွက်ကြောင့် ပြုနေကြခြင်းကြောင့် ၎င်းတို့ကို 'ရာဟိဗ်'၊ 'ရဲဟ်ဗာန်' ဟူ၍ ခေါ်ဆိုကြပေတော့သည်။ ၎င်းတို့၏ ဘက်သို့ ဆက်နွယ်ကာ ၎င်းတို့၏ နည်းစနစ်ကို 'ရဲဟ်ဗာနီယသ်' ဟူ၍ ခေါ်ဝေါ်လာကြပေသည်။

၎င်းတို့၏ ဤနည်းစနစ်သည် အခြေအနေများကြောင့် မတတ်သာကာ မိမိတို့၏ သာသနာအား ထိန်းသိမ်းစောင့်ရှောက်ရန်အတွက်ကြောင့် ဖြစ်ပေသည်။ ထို့ကြောင့် တိုက်ရိုက်သဘောအရ ကဲ့ရဲ့ထိုက်ဖွယ် ကောင်းသော အချက်မဟုတ်ပေ။ သို့ရာတွင် အချက်တစ်ချက်ကို မိမိတို့အပေါ် မုချ ပြုလုပ်ရမည်ဟူ၍ သတ်မှတ်ပြီးနောက် ထိုအချက်အတွင်းဝယ် လျော့နည်းမှု၊ ချို့ယွင်းမှုနှင့် ဆန့်ကျင်မှုကို ပြုခြင်းသည် ကြီးလေး သော ပြစ်မှု ဖြစ်ပေသည်။ ပမာဆိုရသော် ကိုးခြင်း၏ အမိန့်ကဲ့သို့ ဖြစ်ပေသည်။ ထိုအမိန့်သည် စင်စစ်၌မူ မည်သူ၏အပေါ်၌မှာပင်မဆို အရေးကြီးသော တာဝန်မဟုတ်ပေ။ ကိုယ်တိုင် တစ်ဦးတစ်ယောက်သည် မိမိအပေါ် မိမိ အရာတစ်ခုကို တိုး၍ 'ဟရာမ်' (သို့မဟုတ်) 'ဝါဂျိဗ်' အဖြစ် ပြုလိုက်ပေသည်။ သို့ရှိရာ တစ်ဖန် သာသနာ့ရှုထောင့်အရ ထိုအချက်အား လိုက်နာရန်သည် အရေးကြီးသွား၍ ဆန့်ကျင်ဘက်ပြုလုပ် ခြင်းသည် ပြစ်မှုဒုစရိုက်ဖြစ်သွားပေသည်။ သို့ရာတွင် ၎င်းတို့အတွင်းမှ အချို့သောသူတို့သည် 'ရဲဟ်ဗာနီယသ်' ၏ အမည်ကို ထားရှိကာ လောကီစည်းစိမ်အား ရှာဖွေခြင်းနှင့် ဇိမ်ခံမှုပြုရန် အကြောင်းခံအဖြစ် ဖန်တီး လိုက်ပေသည်။ အဘယ်ကြောင့်ဆိုသော် အများသာမန်လူတန်းစားတို့သည် ဤသို့သောသူတို့အား ယုံကြည် သွားကြပေသည်။ လက်ဆောင်ပဏ္ဏာ ပစ္စည်းများကို လာရောက်ပေးဆောင်ကြပေသည်။ လူတို့သည် ၎င်းတို့ ၏ဘက်သို့ ယိမ်းညွှတ်လာကြပါမူ ဒုစရိုက်မှုပြုခြင်း၏ အခြေအနေသို့ ရောက်ရှိလာကြပေသည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ တင်ပြလျက်ရှိနေသော အာယသ်တော်မြတ်သည် 'အလ္လာဟ်အသျှင် မြတ်၏ ဘက်တော်မှ ၎င်းတို့အပေါ် မုချ ပြုရမည်ဟူ၍ မသတ်မှတ်ပေးထားသော အချက်ကို ဇိမ်ခံအရာ များအား စွန့်ပယ်ပါမည်' ဟူ၍ မိမိတို့အပေါ် မိမိကိုယ်တိုင် မုချ ပြုကျင့်ရမည်ဟူ၍ သတ်မှတ်လိုက်သည်

ဆိုလျှင် 'မုချ ထိုနည်းလမ်းအပေါ် တာဝန်ကျေပွန်စွာ ထမ်းဆောင်ရမည်ဖြစ်သင့်ကြောင်းနှင့် တစ်ဖန် ဆန့်ကျင်ဘက် ပြုလုပ်လိုက်ခြင်း' အချက်အား ဝေဖန်ပြစ်တင်ထားပေသည်။

ငင်းတို့၏ ဤနည်းစနစ်သည် အခြေခံမူရင်းသဘောကို ထောက်ရှု၍ ကြည့်မည်ဆိုလျှင် ပြစ်တင် ထိုက်ဖွယ်ကောင်းသော အချက်မဟုတ်ပေ။ ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်မတ်စ်အူဒ် ﷺ သခင်ကြီး၏ ဟဒီးစ် သည် ယင်းအချက်အပေါ် သက်သေသာဓကပြလျက် ရှိနေပေသည်။ အိဗ်နေကစီးရ် (ရဟ) သခင်ကြီးသည် အိဗ်နေဂျရီးရ်နှင့် အိဗ်နေအဗီဟာသင်မ်သခင်ကြီးတို့၏ ဆင့်ပြန်ချက်ဖြင့် ရှည်လျားသော ဟဒီးစ်တော်တစ်ပုဒ် အား တင်ပြထားပေသည်။ အကြင်ဟဒီးစ်တော်အတွင်း၌ တမန်တော်မြတ် ﷺ သည် ဤသို့ မိန့်တော်မူ ထားပေသည်။ ဗနီအိစ်ရာအီးလ်မျိုးနွယ်သည် ၇၂ အုပ်စု ကွဲသွားပေမည်။ (၃) အုပ်စုသည်သာလျှင် ပြစ်ဒဏ် မှ လွတ်ငြိမ်းမှုကို ရရှိပေမည်။ အကြင်သူတို့သည် ဟဇရသ်အီစာ ﷺ ၏နောက် ညှဉ်းပန်းနှိပ်စက်သော ဘုရင်ဆိုးများနှင့် ခနစည်းစိမ် ယစ်မူးကာ ဆိုးသွမ်းသော ခနရှင်တို့အား ငင်းတို့၏ အပြုအမူဆိုးတို့အား တားမြစ်ခဲ့ကြပေသည်။ ငင်းတို့နှင့် ဆန့်ကျင်ရင်ဆိုင်ရာ၌ မှန်ကန်ခြင်း၏ 'ကလေမာဟ်'တော်ကို မြင့်မား စေကာ ဟဇရသ်အီစာ ﷺ ၏ သာသနာတော်ဘက်သို့ ဖိတ်ခေါ်ပေသည်။ ငင်းတို့အတွင်းမှ ပထမအုပ်စု သည် အင်တိုက်အားတိုက်နှင့်အတူ ငင်းတို့အား ရင်ဆိုင်မှုကို ပြုပေသည်။ သို့ရာတွင် ယှဉ်ပြိုင်ရာ၌ အရေးနိမ့်ကာ သတ်ဖြတ်ခြင်း ခံလိုက်ရပေသည်။ သို့ရာတွင် တစ်ဖန် ငင်းတို့၏ အရိုက်အရာအဖြစ် ဒုတိယ အဖွဲ့အစည်းတစ်ရပ်သည် ခေါင်းထောင်ပြန်လာပေသည်။ ငင်းတို့သည် ရင်ဆိုင်ရန် စွမ်းအား ဤမျှခန့် မရှိ နေလင့်ကစား၊ သို့ရာတွင် မှန်ကန်သော စကားလုံးအချက်အလက်တို့ကို ဖြန့်ဖြူးပို့ဆောင်ရန်အတွက် မိမိတို့ ၏ အသက်ဇီဝိန်များကို ပဓါနမထားဘဲ ငင်းတို့ကို အမှန်တရား၏ ဘက်သို့ ဖိတ်ခေါ်ပေသည်။ ငင်းတို့ အားလုံးကိုလည်း သတ်ပစ်လိုက်ကြပေသည်။ အချို့သောသူများကို လွှများဖြင့် ဖြတ်ကာ သတ်၍၊ အချို့ကိုမူ အရှင်လတ်လတ် မီးရှို့သတ်ပစ်ကြပေသည်။ သို့ရာတွင် ငင်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ သဘောတူ နှစ်မြို့မှု ရရှိရန်အတွက် ထိုဒုက္ခများအားလုံးကို ခံစားခဲ့ကြပေသည်။ ဤသူတို့သည်လည်း လွတ်မြောက် အောင်မြင်မှုကို ရရှိသွားခဲ့ကြပေသည်။ တစ်ဖန် ဒုတိယအုပ်စုသည် ငင်းတို့၏ အရိုက်အရာအဖြစ် ရောက်ရှိ ခေါင်းထောင်လာကြပြန်ပေသည်။ အကြင်သူတို့၏ အတွင်းဝယ် ငင်းတို့နှင့် ရင်ဆိုင်ရန် စွမ်းအားမရှိသလို ငင်းတို့နှင့် အတူတကွ နေထိုင်ကာ မိမိတို့၏ သာသနာအပေါ် ကျင့်ကြံဆောင်ရွက်ရန် ပုံစံကိုလည်း မဖန်တီး နိုင်ကြပေ။ ထို့ကြောင့် ငင်းတို့သည် တောတောင်များသို့ သွားခြင်း လမ်းစဉ်ကို ရွေး၍ လောကီစွန့်ပြီး ဘာသာရေးတွင် နှစ်မြုပ်မှု ပြုလိုက်ကြပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ် အတွင်း၌ မိန့်တော်မူထားသည်မှာ အထက်တင်ပြပါ ပုဂ္ဂိုလ်များသာ ဖြစ်ကြပေသည်။

وَرَهْبَانِيَّةً ابْتَدَعُوهَا مَا كَتَبْنَاهَا عَلَيْهِمْ

(သို့ရာတွင် လောကီစွန့်ဘာသာရေး၌ မြုပ်နှံမှု ပြုလုပ်ခြင်းစနစ်ကိုမူ ငင်းတို့သည် အသစ်တီထွင်ခဲ့ ကြကုန်၏။ ငါအသျှင်မြတ်သည် ယင်းသို့ ပြုလုပ်ခြင်းစနစ်ကို ငင်းတို့အပေါ်၌ သတ်မှတ်တော်မူခဲ့သည် မဟုတ်ပေ။) [၅၇ : ၂၇]

အထက်ပါဟဒီးစ်တော်မှ 'ဗနီအီစ်ရာအီးလ်မျိုးနွယ်အုပ်စုအတွင်းမှ မူရင်း လောကီစွန့် ဘာသာရေး၌ မြှုပ်နှံမှု ပြုခြင်း ၏ နည်းစနစ်ကို ရွေးချယ်ကြသော သူတို့သည် ကျင့်စဉ်နည်းလမ်း၏ မုချအရေးကြီးသော အချက်များကို ရွေးချယ်ကာ ဘေးဒုက္ခများကို သည်းခံခဲ့ကြပေသည်။ ထိုသူတို့သည်လည်း လွတ်မြောက် အောင်မြင်သောသူများ ဖြစ်ကြောင်း' ကို သိရှိရပေသည်။

တင်ပြလျက်ရှိနေသော အာယသ်တော်မြတ်၏ ထိုအကျယ်ချဲ့ဖွင့်ဆိုချက်၏ အချုပ်သဘောတရား မှာ ဤသို့တည်း။ တင်ပြပါစနစ်ကို ကနဦးပိုင်း၌ ရွေးချယ်ကြသော သူတို့သည် မိမိတို့၏ ပင်ကိုယ်အရ ထောက်ရှုမည်ဆိုလျှင် မကောင်း၍ ပြစ်တင်ထိုက်ဖွယ်ကောင်းသော အချက်မဟုတ်ပေ။ သို့သာမက ထိုအချက် သည် သာသနာရေးဆိုင်ရာအချက်လည်း မဟုတ်ပေ။ ၄င်းတို့သည် မိမိတို့၏ စိတ်တူ၊ သဘောတူ နှစ်မြို့မှု ကြောင့် ထိုအချက်ကို မိမိတို့ကိုယ်အပေါ် မိမိ မုချ ပြုကျင့်ရမည်ဟူ၍ သတ်မှတ်အတည်ပြုခဲ့ကြပေသည်။ မကောင်းခြင်းနှင့် ပြစ်တင်ရှုတ်ချထိုက်ဖွယ်ကောင်းသော ရှုထောင့်အချက်သည် 'ထိုသို့ မုချ ပြုကျင့်မည် ဟူ၍ သတ်မှတ်ပြီးနောက် အချို့သူတို့သည် ယင်းအချက်ကို မလိုက်နာသောအချိန်မှ 'စတင် ခဲ့ကြပေသည်။ သို့ရာတွင် ထိုကဲ့သို့သော သူတို့၏ အရေအတွက်သည် များပြားလှပေသည်။ ထို့ကြောင့်

للا كثر حكم الكل

(အများစု၏ အမိန့်သည် အားလုံး၏ အမိန့်ကဲ့သို့ပင် ဖြစ်ကြောင်း) ဟူသော အများသူငှာတို့အတွင်း ၌ ထင်ရှားလျက်ရှိနေသော နည်းဥပဒေနှင့်အညီ ကုရ်အာန်ကျမ်းတော်မြတ်သည် များစွာသော ဗနီအီစ်ရာအီးလ် မျိုးနွယ်အုပ်စုတို့၏ ဘက်သို့ ဆက်နွယ်ကာ '၄င်းတို့သည် အကြင် လောကီစွန့် ဘာသာရေး၌ နှစ်မြှုပ်မှု ပြုခြင်းကို မိမိတို့ကိုယ်အပေါ် မိမိ အရေးကြီးသည်ဟူ၍ သတ်မှတ်အတည်ပြုပြီးနောက် ထိုအချက်ကို တာဝန်မကျေပွန်ကာ ထောက်ထားအပ်သော စည်းကမ်းချက်များကို မလိုက်နာကြပေ' ဟူ၍ မိန့်မြွက်တော် မူလိုက်ပေသည်။ ထိုအချက်ကိုပင်

فَمَارَعَوۡهَا حَقَّ رِعَايَتِهَا

(သို့ပါသော်လည်း ၄င်းတို့သည် ယင်းစနစ်ကို စောင့်စည်းအပ်သော ဝတ္တရားနှင့်အညီ စောင့်စည်း နိုင်ခဲ့ကြသည် မရှိချေ။) *[၅၇ : ၂၇]*

ဟူ၍ မိန့်ခြွေထားပေသည်။ အထက်တင်ပြပါအချက်မှ 'ထိုသို့ ပြုခြင်းနှင့် စပ်လျဉ်း၍ ကုရ်အာန် ကျမ်းတော်မြတ်သည် (၄င်းတို့သည် တီထွင်မှုကို ပြုခဲ့ကြပေသည်) ဟူ၍ အမိန့်ရှိထားပေသည်။ ထိုအာယသ် တော်အတွင်း 'အိဗ်သေဒါးအ်'ဟူသော စကားလုံးသည် 'ဗိဒ်အသ်'ဟူသော စကားလုံးမှ ဆင်းသက်လာခြင်း ဖြစ်ပေသည်။ ထိုစကားလုံးကို ဤနေရာ၌ အဘိဓါန်အဓိပ္ပာယ်ဖြစ်သော တီထွင်ဖန်တီးခြင်းဟူ၍ ပြောဆို ရပေမည်။ သာသနာတော်၏ အသုံးအနှုန်း ဝေါဟာရဖြစ်သော ဟဒီးစ်တော်လာ كُلُّ بِدْعَةٍ ضَلَالَةٌ (သာသနာသစ်တီထွင်မှုတိုင်းသည် လမ်းမှားဖြစ်သည်) အသုံးနှုန်းမျိုး မဟုတ်ပေ' ဟူသော အချက်တို့ကို လည်း သိရှိရပေသည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ စာသွား၊ စာလာအား သေချာကျနစွာ စမ်းစစ်လေ့လာ ကြည့်ရှုမည် ဆိုလျှင် ဤအချက်သည် လုံးဝ ရှင်းလင်းသွားပေသည်။ ဦးစွာပထမ

وَجَعَلْنَا فِيْ قُلُوْبِ الَّذِيْنَ اتَّبَعُوْهُ رَاْفَةً وَّرَحْمَةً وَّرَهْبَانِيَّةً

(ထို့ပြင် ငါအသျှင်မြတ်သည် ယင်း၏ နောက်သို့ လိုက်ခဲ့ကြသောသူတို့၏ စိတ်နှလုံးသားများတွင် နူးညံ့သိမ်မွေ့မှုကိုလည်းကောင်း၊ ကရုဏာတရားကိုသော်လည်းကောင်း ထည့်သွင်းပေးတော်မူခဲ့၏။)

[၅၇ : ၂၇]

ဟူသော ဝါကျအပေါ် ကြည့်ရှုလေ့လာသင့်ပေသည်။ အကြင်အာယသ်တော်မြတ်အတွင်း၌ အလ္လာဟ် အသျှင်မြတ်သည် မိမိ၏ စည်းစိမ်တော်ကို ဖော်ထုတ်ပြသခြင်း၏ ကွင်းဆက်ဖယား၌ 'ငါအသျှင်မြတ်သည် ၎င်းတို့၏ နှလုံးသားများအတွင်းဝယ် နူးညံ့သိမ်မွေ့မှုနှင့် ကရုဏာတရားကို ထည့်သွင်းပေးထားသည်' ဟူ၍ မိန့်ထားပေသည်။ စာသွားစာလာအချက်က 'သိမ်မွေ့နူးညံ့ခြင်းနှင့် ကရုဏာတရားသည် ပြစ်တင် ဖွယ်ကောင်းသော အချက်မဟုတ်သလို ၎င်းတို့ ရွေးချယ်ထားကြကုန်သော လောကီစွန့် ဘာသာရေး နှစ်မြှုပ်မှုပြုခြင်း၏ ကျင့်စဉ်များသည်လည်း မိမိ၏ ပင်ကိုယ်အချက်ကို ထောက်ရှု၍ ပြစ်တင်ထိုက်ဖွယ် ကောင်းသောအချက် မဟုတ်ကြောင်း၊ သို့တည်းမဟုတ်ပါက စည်းစိမ်တော်ကို တင်ပြနေသော နေရာမျိုးဝယ် 'ရအ်ဖသ်' (နူးညံ့သိမ်မွေ့မှု) နှင့် 'ရဟ်မသ်' (ကရုဏာတော်) တို့နှင့်အတူ လောကီစွန့် ဘာသာရေး နှစ်မြှုပ်မှုပြုခြင်း အချက်ကို တစ်ဆက်တည်း တင်ပြမည်မဟုတ်ကြောင်း' ကို သိရှိရပေသည်။ ထို့ကြောင့် လောကီစွန့် ဘာသာရေး နှစ်မြှုပ်မှုပြုခြင်းကို လုံးဝ ပြစ်တင်ထိုက်ဖွယ်ကောင်းသော အချက်ဖြစ်ကြောင်း ဟူ၍ မိန့်သော ပညာရှင်များသည် ဤနေရာ၌ 'ရဲဟ်ဗာနီယသ်'နှင့် ဆက်နွယ်ပတ်သက်ကာ 'ထို 'ရဲဟ်ဗာ နီယသ်' ကို 'ရအ်ဖသ်' (နူးညံ့သိမ်မွေ့မှု) နှင့် 'ရဟ်မသ်' (ကရုဏာ) ဟူသော စကားလုံးတို့နှင့် ဆက်နွယ် နေသည်ဟူ၍ မမှတ်ယူကြဘဲ သီးသန့်ဝါကျတစ်ခု မြုပ်နေကြောင်းကို သတ်မှတ်ပေးထားကြပေသည်' ဟူ၍ မလိုအပ်သော တစ်ဆင့်ခံ ကောက်ချက်မျိုးကို ချထားကြပေသည်။ (ကုရ်သုဗီသခင်ကြီးသည်လည်း ဤအတိုင်း ကောက်ချက်ချထားပေသည်။)

သို့ရာတွင် တင်ပြပါ ဖွင့်ဆိုချက်အပေါ် ထိုသို့ တစ်ဆင့်ခံ ကောက်ချက်ချမှုမျိုးကို ကောက်ချက်ချရန် မလိုအပ်ပေ။ ကုရ်အာန်ကျမ်းတော်မြတ်တွင် ရှေ့၌လည်း ယင်းအချက်အသစ်တီထွင်ဖြစ်ကြောင်းကို တစ်စုံ တစ်ရာ ချေဖျက်၊ ပြစ်တင်ချက်ကို မိန့်တော်မမူထားပေ။ ယင်းနည်းစနစ်ကို ကျင့်သုံးပါမည်ဟူ၍ ရွေးချယ် ပြီးနောက် ကျင့်သုံးမှုမပြုခြင်းနှင့် စောင့်စည်းအပ်သော စည်းကမ်းချက်များအား မစောင့်စည်းသည့်အပေါ် ပြစ်တင်ကဲ့ရဲ့ထားပေသည်။ ဤသည် 'အိဗ်သေဒါအ်'ဟူသော စကားလုံးကို အဘိဓါန်အဓိပ္ပာယ်ကို ကောက်ယူ ချိန်မျိုး၌သာလျှင် ဖြစ်ပေသည်။ သာသနာတော်၏ အသုံးအနှုန်း ဝေါဟာရအရ 'ဗိဒ်အသ်'ဖြစ်မည်ဆိုလျှင် ကုရ်အာန်ကျမ်းတော်မြတ်ကိုယ်တော်တိုင်သည် ထိုအချက်အပေါ်၌ ပြစ်တင်ထားပေမည်။ အဘယ်ကြောင့် ဆိုသော် သာသနာတော်၏ အသုံးအနှုန်းဝေါဟာရအရ 'ဗိဒ်အသ်' ကိုယ်တိုင်သည် လမ်းလွဲမှားမှုတစ်ရပ် ဖြစ်ပေသည်။

ဟဇရသ်အဗ်ဒွလ္လာဟ်မတ်စ်အူးဒ် ﷺ သခင်ကြီး၏ တင်ပြပါဟဒီးစ်တော်မှ နောက်ထပ် ဤအောက်ဖော်ပြပါ အချက်တစ်ရပ်ကိုလည်း သိရှိရပေသည်။ လောကီစွန့် ဘာသာရေး နှစ်မြှုပ်မှု ပြုခြင်း၏ ကျင့်စဉ်ကို ရွေးချယ်ကြကုန်သော အဖွဲ့အစည်းကို လွတ်မြောက်အောင်မြင်မှု ရရှိသော အဖွဲ့အစည်းအဖြစ် ရေတွက်ဖော်ပြထား ပေသည်။ အကယ်၍ ဤအဖွဲ့အစည်းသည် သာသနာရေးဆိုင်ရာ၏ အသုံးအနှုန်း ဝေါဟာရအရ တရားခံများ ဖြစ်မှု လွတ်မြောက်အောင်မြင်သော အဖွဲ့အစည်းအဖြစ် ရေတွက်ကြမည်မဟုတ်ဘဲ၊ လမ်းလွဲမှားသော သူများအတွင်း ရေတွက်ကြပေမည်။

လောကီစွန့်ဘာသာရေး၌ နှစ်မြှုပ်မှု ပြုခြင်းသည် လုံးဝမပိုင်၍ ကဲ့ရဲ့ထိုက်ဖွယ်အချက် ဖြစ်ပါ၏လော၊ (သို့မဟုတ်) ထိုအချက်၌ အနည်းငယ် ရှင်းလင်းချက် ရှိပါ၏လော၊

မှန်ကန်သောအချက်မှာ 'ရဲဟ်ဗာနီယသ်'ဟူသော လောကီစွန့် ဘာသာရေး၌ နှစ်မြှုပ်မှု ပြုခြင်းသည် ခြုံငုံ၍ ဖိမ်ခံ အရာများနှင့် ပြုပိုင်ခွင့်ရှိသော အရာအချက်အလက်များကို စွန့်လွှတ်ခြင်းဖြစ်ပေသည်။ ၎င်းနှင့် စပ်လျဉ်း၍ အဆင့်အချို့ ရှိပေသည်။

ပထမအဆင့်တစ်ရပ်မှာ ပြုပိုင်ခွင့် ရှိသော အရာတစ်ခုကို ယုံကြည်ချက်အရသော်လည်းကောင်း၊ (သို့မဟုတ်) လက်တွေ့ကျကျအရသော်လည်းကောင်း 'ဟရာမ်'အဖြစ် ပြုလိုက်ပေသည်။ ဤသည်နှင့် ဒီးန်သာသနာအား ကပြောင်းကပြန် ပြုလိုက်ခြင်းပင် ဖြစ်သည်။ ထိုအဓိပ္ပာယ်ကို ထောက်ရှု၍ 'ရဲဟ်ဗာနီယသ်' သည် လုံးဝ 'ဟရာမ်'ဖြစ်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်ဖြစ်သော

يَاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تُحَرِّمُوْا طَيِّبٰتِ مَآ اَحَلَّ اللّٰهُ لَكُمْ

(အို၊ မုအ်မင်န်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့အဖို့ အသျှင်မြတ် 'ဟလာလ်' ဟူ၍ ခွင့်ပြုတော်မူသော အရာများကို 'ဟရာမ်'ဟူ၍ တားမြစ်ခြင်း မပြုကြကုန်လေနှင့်။) *[၅ : ၈၇]*

ဟူသော အာယသ်တော်နှင့် အလားတူ အာယသ်တော်များအတွင်း၌ ယင်းအချက်အား တားမြစ်ခြင်းနှင့် မပိုင်ကြောင်းကို တင်ပြထားပေသည်။ ဤအထက်ဖော်ပြပါ အာယသ်တော်၏ ခေါင်းစဉ်၌ ပါရှိသော စကားလုံးက တားမြစ်ရခြင်းအကြောင်းကို 'ဤသည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ 'ဟလာလ်'ပြုထားသော အရာများကို ယုံကြည်ချက်ပိုင်းဆိုင်ရာ၌သော်လည်းကောင်း၊ သို့မဟုတ် လက်တွေ့ကျကျ ပြုကျင့်ရာ၌သော်လည်းကောင်း 'ဟရာမ်'အဖြစ် သတ်မှတ်လိုက်ကြောင်း၊ အကြင်ကဲ့သို့ 'ဟရာမ်' အဖြစ် သတ်မှတ်လိုက်ခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်ပညတ်ချက်များအား ကပြောင်းကပြန် ပြုခြင်းနှင့် လုံးဝ ထပ်တူထပ်မျှ ဖြစ်ကြောင်း'ဟူ၍ ပြဆိုထားပေသည်။

ဒုတိယဆင့်တစ်ရပ်မှာ ဤသို့တည်း။ ပြုပိုင်ခွင့်ရှိသော အရာကို ယုံကြည်ချက်အရသော်လည်းကောင်း၊ (သို့မဟုတ်) လက်တွေ့ကျကျ အရသော်လည်းကောင်း 'ဟရာမ်'အဖြစ် မသတ်မှတ်ထားပေ။

သို့ရာတွင် လောကီရေးရာ အမှုကိစ္စ တစ်စုံတစ်ရာကြောင့်သော်လည်းကောင်း၊ (သို့မဟုတ်) သာသနာရေးဆိုင်ရာ လိုအပ်ချက် တစ်စုံတစ်ရာအတွက်သော်လည်းကောင်း ထိုအချက်ကို ခိုင်မာလေးနက်စွာဖြင့် စွန့်လွှတ်ထားပေသည်။ လောကီရေးရာ၏ လိုအပ်ချက်မှာ ရောဂါတစ်စုံတစ်ရာ၏ စိုးရိမ်မှုကြောင့် ပြုပိုင်၊ သုံးပိုင်ခွင့်ရှိသာ အရာအား ရှောင်ကြဉ်၍ နေပေသည်။ သာသနာရေးဆိုင်ရာ လိုအပ်ချက်မှာ 'ကျွန်ုပ်သည် ထိုပြုပိုင်ခွင့်ရှိသော အရာအား ရွေးချယ်ကျင့်သုံးလိုက်လျှင် နောက်ဆုံးပြစ်မှုဒုစရိုက်အတွင်း၌ နစ်မွန်းသွားမိ' ဟူ၍ ခံစားသိမြင်လာသောအချိန် ဖြစ်သည်။ ဥပမာ- လိမ်လည်ခြင်းနှင့် အတင်းပြောဆိုခြင်း အစရှိသော အချက်တို့မှ ရှောင်ရှားရန်အတွက် လူတစ်ဦးသည် ပတ်ဝန်းကျင်ရှိသူတို့ဖြင့် ပြောဆိုဆက်ဆံခြင်းကို စွန့်လွှတ်လိုက်ပေသည်။ သို့မဟုတ် စိတ်ရိုင်း၏ အကျင့်ဆိုးတစ်ရပ်အား ကုသရန်အတွက် ရက်အချို့ ပြုပိုင်ခွင့်ရှိသော အချက်အချို့ကို စွန့်လွှတ်ထားပေသည်။ ထိုသို့ တစိုက်မတ်မတ် စွန့်လွှတ်ထားရှိမှုကို ကုသသည့် အသွင်ပုံစံမျိုးဖြင့် ထိုဓလေ့ဆိုး မပျောက်သရွေ့ ကာလထိတိုင် ပြုကျင့်လျက် ရှိနေပေသည်။ ဥပမာဆိုရသော် ပရမတ္တအတွင်း လမ်းစဉ်ပြသူတော်စင်ကြီးများသည် အစပြိုးလာသောသူတို့ကို အနည်းငယ် လျှော့စားခြင်း၊ အိပ်ခြင်းနှင့် ဆက်ဆံတို့ကို လေးနက်စွာ နှိုးဆော်ထားပေသည်။ အကြောင်းမှာ ဤသို့ ပြုလုပ်ခြင်းသည် စိတ်ရိုင်းကို အလယ်အလတ်အဆင့် ရောက်ရှိရန် ကြိုးပမ်းမှုတစ်ရပ် ဖြစ်ပေသည်။ စိတ်ရိုင်းသည် မပိုင်သော အတိုင်းအတာထိတိုင် ရောက်ရှိခြင်း၏ စိုးရိမ်ဖွယ်အချက် မတည်ရှိနိုင်လောက်အောင် ထိန်းချုပ်နိုင်လာပါက ရှောင်ကြဉ်ခြင်းကို စွန့်လွှတ်လိုက်ကြပေသည်။ ဤသည် စင်စစ်၌ 'ရဲဟ်ဗာနီယသ်' မဟုတ်ပေ။ သာသနာမှ လိုလားလျက်ရှိနေသော 'သက္ကဝါ' တရားနှင့် အတိတ်ခေတ် ဆူဖဟာဗာကြီးများ၊ သာဗေအီးန် သခင်ကြီးများနှင့် သာသနာ့ရှေ့ဆောင်များထံမှလည်း အတည်ပြုထားပေသည်။

တတိယအဆင့်မှာ မည်သည့်ပြုပိုင်ခွင့်ရှိသော အချက်တစ်ရပ်အား 'ဟရာမ်' အဖြစ် အတည်မပြုထားဘဲ၊ ထိုအချက်အား စွန္နသ်တော်အတိုင်း အသုံးမပြုဘဲ 'စဝါးဗ်' နှင့် အမွန်မြတ်ဆုံးအချက်အဖြစ် မှတ်ယူကာ ထိုအချက်အား စွန့်လွှတ်ထားပေသည်။ ဤသည် အယူသည်းမှုတစ်ရပ် ဖြစ်ပေသည်။ အကြင်အချက်အား များစွာသော ဟဒီးစ်တော်များ၌ တမန်တော်မြတ် ﷺ သည် တားမြစ်ထားတော်မူပေသည်။ အကြင်ဟဒီးစ်တော်အတွင်း၌

لَا رَهْبَانِيَّةَ فِي الْإِسْلَامِ

(အစ္စလာမ်သာသနာ၌ 'ရဲဟ်ဗာနီယသ်' မရှိပေ) ဟူ၍ လာရှိကာ အလိုသဘောသည် 'ပြုပိုင်ခွင့်ရှိသော အချက်ကို စွန့်လွှတ်ခြင်းအား အမွန်မြတ်ဆုံး၊ အကျိုးစဝါးဗ် ရရှိမည်ဟု မှတ်ယူသော အချိန်မျိုးဖြစ်သည်' ဟူ၍ ဖြစ်သည်။ ဗနီအိစ်ရာအီးလ်မျိုးနွယ်အုပ်စု၌ ဦးစွာပထမ 'ရဲဟ်ဗာနီယသ်' ကို စတင်လိုက်ပေရာ ထိုအရာသည် အကယ်၍ သာသနာအား ထိန်းသိမ်းရန် လိုအပ်ချက်ကြောင့်ဖြစ်ပါမူ ဒုတိယအဆင့်ဖြစ်သော (သို့မဟုတ်) 'သက္ကဝါ' အတွင်း၌ ပါဝင်သွားပေသည်။ သို့ရာတွင် ကျမ်းဂန်ရသောသူများအတွင်းဝယ် သာသနာ၌ အစွန်းရောက်ခြင်း၏ ဒုက္ခသည်များစွာ ရှိပေသည်။ ထိုသူတို့သည် ယင်းသို့ အယူသည်းရာ၌

ပထမအဆင့်အရ ပြုပိုင်ခွင့်ရှိသော အရာ၊ အချက်ကို ပြုပိုင်ခွင့်မပေးသော အဆင့်ထိတိုင် ပို့ဆောင်လိုက်ပါမူ 'ဟရာမ်'ကို ကျူးလွန်သောသူများ ဖြစ်ပေသည်။ တတိယအဆင့်ထိတိုင် တည်ရှိနေပါကလည်း ပြစ်တင်ထိုက်ဖွယ်ကောင်းသော လုပ်ရပ်ကို ကျူးလွန်သောသူများ ဖြစ်သွားပေမည်။ (အလ္လာဟ်အရှင်မြတ်သည် သာလျှင် အသိရှိဆုံး ဖြစ်တော်မူပါ၏။)

يَآيُّهَا الَّذِيْنَ اٰمَنُوا اتَّقُوا اللّٰهَ وَاٰمِنُوْا بِرَسُوْلِهٖ يُؤْتِكُمْ كِفْلَيْنِ مِنْ رَّحْمَتِهٖ

(အို၊ မုအ်မင်န်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ၎င်းပြင် အသင်တို့သည် ထိုအရှင်မြတ်၏ ရစူလ်တမန်တော်မြတ်အား ယုံကြည်ကြလေကုန်။ ထိုအရှင်မြတ်သည် အသင်တို့အား မိမိ၏ ကရုဏာတော်မှ နှစ်ဆ ချီးမြှင့်ပေးသနားတော်မူမည့်အပြင်။) */ ၅၇ : ၂၈ /*

ဤအာယသ်တော်အတွင်း ပါရှိသည့် အီမာန်သက်ဝင်ယုံကြည်ကြကုန်သော သူတို့၏ အလိုသဘောသည် ဟဇရသ်အီစာ عليه السلام အပေါ် အီမာန်ရယူကြသော ကျမ်းရပုဂ္ဂိုလ်များ ဖြစ်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အသုံးများသော ဓလေ့ထုံးမှာ-

يَآيُّهَا الَّذِيْنَ اٰمَنُوْا

('အလ်လဇီးန အာမနူ) ဟူသော စကားလုံးကို မွတ်စ္စလင်မ်များအတွက် သုံးနှုန်းလေ့ ရှိကြပေသည်။ ယဟူဒီနှင့် နစ္စရာနီများအတွက် ကျမ်းရပုဂ္ဂိုလ်များ (အဲဟ်လေ့ကေသားဗ်) ဟူ၍ လာရှိထားပေသည်။ အဘယ်ကြောင့်ဆိုသော် ဟဇရသ်မူစာ عليه السلام နှင့် ဟဇရသ်အီစာ عليه السلام တို့၏ အပေါ်သာ ရယူထားသော ၎င်းတို့၏ အီမာန်သည် 'တမန်တော်မြတ် ﷺ အပေါ်၌ ထပ်မံ၍ အီမာန်မယူသရွေ့ ကာလပတ်လုံး မလုံလောက်မှုနှင့် အတည်ပြုခြင်း ခံရမည်လည်း မဟုတ်ပေ။ ထို့ကြောင့် ၎င်းတို့အား 'အီမာန်ယုံကြည်သူများ' ဟူ၍ ဆို၍ မရပေ။ သို့ရာတွင် ဤနေရာတွင် အသုံးများသော ဓလေ့နှင့် ဆန့်ကျင်ကာ ဤစကားလုံးကို နစ္စရာနီများအဖို့ ခေါ်ဝေါ်သုံးနှုန်း ထားပေသည်။ ထိုသို့ သုံးနှုန်းရခြင်း၏ အမြော်အမြင်မှာ 'ရှေ့၌ ၎င်းတို့အား တမန်တော်အီစာ عليه السلام အပေါ် မှန်ကန်စွာ အီမာန်ရယူခြင်း၏ လိုလားချက်မှာ နောက်ဆုံးနဗီတမန်တော်အပေါ် အီမာန်ရယူရမည်ဖြစ်ကြောင်း၊ ထိုသို့ အီမာန်ရယူလိုက်မည်ဆိုပါက ၎င်းတို့အဖို့ အီမာန်ရှင် ဟူ၍ ပြောဆိုခံထိုက်ဖွယ်ရှိကြောင်း' အချက်တို့ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားဟန် တူပေသည်။

ရှေ့၌ ထိုသို့ ပြည့်ဝသော အီမာန်ကို ရယူလိုက်သည့်အပေါ် ၎င်းတို့အား အကျိုးစဝါးဗ်နှစ်ဆ ပေးမည်ဖြစ်ကြောင်းကို ကတိပြုထားတော်မူပေသည်။ ပထမတစ်ဆမှာ ဟဇရသ်မူစာ عليه السلام ၊ သို့မဟုတ် ဟဇရသ်အီစာ عليه السلام တို့အပေါ် အီမာန်ရယူကာ ၎င်းတို့၏ သာသနာအပေါ် ကျင့်ကြံဆောင်ရွက်မှုကို ပြုခြင်းနှင့် ဒုတိယတစ်ဆမှာ တမန်တော်မြတ် ﷺ အပေါ် အီမာန်ရယူခြင်းနှင့် ထိုသာသနာအပေါ် ကျင့်ကြံပြုမူဆောင်ရွက်ခြင်းတို့ ဖြစ်ပေသည်။ ယင်းသို့ မိန့်မြွက်ရာ၌ 'ယဟူဒီနှင့် နစ္စရာနီတို့သည် တမန်တော်မြတ် ﷺ အပေါ် အီမာန်မယူ၍ ကာလအချိန်ထိတိုင် ကာဖိရ်များဖြစ်၍၊ ကာဖိရ်တို့၏ မည်သည့်ခဝပ်ကိုးကွယ်မှု

တစ်စုံတစ်ရာသည် လက်ခံခြင်းမခံရနေလင့်ကစား၊ ထိုသို့ အီမာန်မယုံကြည်ခြင်း၏ လိုလားချက်မှာ အတိတ်ခေတ်သာသနာအပေါ်ဝယ် ပြုကျင့်ခဲ့သော ကျင့်ကြံမှုများအားလုံးသည် အလဟဿဖြစ်သွားခြင်း၏ ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားရန် လိုပေသည်။ သို့ရာတွင် ဤအာယသ်တော်မြတ်က 'ကာဖိရ်သည် မွတ်စ္စလင်မ် ဖြစ်သွားသော အခါဝယ် ကုဖွရ်၏ ဘဝ၌ ပြုကျင့်ခဲ့သော ကျင့်ကြံဆောင်ရွက်ချက်များသည်လည်း တစ်ဖန် ထိုရှိရင်းစွဲ အခြေအနေ၌သာလျှင် တည်ရှိနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အကျိုးစဝါးဗ်နှစ် ရရှိမည်ဖြစ်ကြောင်း' ဟူသာ အချက်ကို ပြဆိုထားပေသည်။

لِئَلَّا يَعْلَمَ اَهْلُ الْكِتَابِ

(ရှေးကျမ်းဂန်ကို ရှိခဲ့ကြသော သူတို့သည် သိရှိရန်အလို့ငှာ ဖြစ်၏။) *[၅၇ : ၂၉]*

ထိုအာယသ်တော်အတွင်း ပါရှိသော (ရ-) ဟူသော စကားလုံးသည် အပိုစကားလုံး ဖြစ်ပေသည်။ အဓိပ္ပာယ်မှာ-

لِيَعْلَمَ اَهْلُ الْكِتَابِ

ဟူ၍ ဖြစ်သည်။ အာယသ်တော်၏ အလိုသဘောမှာ ဤသို့တည်း။ တင်ပြပါပညတ်ချက်ကို ထုတ်ပြန်ထားရခြင်းအကြောင်းမှာ ကျမ်းရပုဂ္ဂိုလ်များ၏ ဟဇရသ်အီစာ عليه السلام ၏ အပေါ်၌သာ အီမာန်ကို ရယူ၍ တမန်တော်မြတ် ﷺ အပေါ် အီမာန်မရယူခြင်း၏ လက်ရှိအခြေအနေတွင် ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ မည်သည့်ကျေးဇူး၊ အသနားတော်တစ်စုံတစ်ရာကိုမျှ မခံထိုက်ရကြောင်းနှင့် နောက်ဆုံးနဗီတမန်တော်အပေါ် အီမာန်ရယူမှသာ ခံထိုက်ဖွယ်ဖြစ်ကြောင်း' အချက်ကို ၎င်းတို့ သိရှိနားလည်စေရန်အလို့ငှာ ဖြစ်ပေသည်။

အလ္လာဟ်အသျှင်မြတ်၏ 'သောင်ဖီးက်' စွမ်းအားဖြင့်

မအာရိဖွလ်ကုရ်အာန် မြန်မာဘာသာပြန် အတွဲ [၂၇]

ဤတွင် ပြီးဆုံးပါပြီ။

فَاسْأَلُوا أَهْلَ الذِّكْرِ إِنْ كُنْتُمْ لَا تَعْلَمُونَ ۝

معارف القرآن

''အသင်တို့ မသိကြပါမူ
တတ်သိသူများအား မေးမြန်း ကြလေကုန်။''